
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ






(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိံမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

30 NOV 2013

BURMESE CLASSIC .com

# သုရဋ္ဌ


မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၁)
၂၀၁၄ ခုနှစ် ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ







### ဘာသာရေးဆောင်းပါးများ


၅ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ကြီး၏
အထူးမေတ္တာပို့
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒေယျာဘိဝံသမိထေရ်)**

၆ လူတစ်ထမ်း ရဟန်းတစ်ရွက်
မာနဘိက္ခုနပဿနာကထာ(၁)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒေယျာဘိဝံသမိထေရ်)**

၁၇ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားကြီးသို့
ချာန်ခရီးဖြင့်ဖူးမြော်လာ ရဟန္တာနှင့်
ရဟန္တာဖူးပြီးနောက်
စီးပွားလမ်းဖြောင့်သူ
**ကံဝင်း**

၂၃ ဇေယျာသိဒ္ဓိမဟာဇမ္ဗူလဒီပါစေတီ
**ဝေစည်(ရွှေဘို)**

၂၇ ဝံသကျမ်းများ
**နိုင်ခင်မောင်လေး**

၃၁ ရန်ကုန်မြို့တွင် ရွှေကံကူလေပျံသစ်
တော်ရပ်ရှင်တော်မြတ်အား ရွှေသား
စလွယ်တော်၊ မကိုဋ်တော်လှူဒါန်း
**ဘိုဘို(ရွှေကံကူ)**

၃၄ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၄)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၃၉ မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း
**မြဝင်း(ဒဿန)**

၄၁ ရန်ကာ-ရန်နိုင်ဘုရားများ
**မောင်ကျော်ဇော**

၄၉ ညီတော်၊ နောင်တော်ဘုရားပလ္လင်မှ
ရှေးဟောင်း ရခိုင်ရိုးရာ စိတ္တလက်ာရ
အနုလက်ရာဒီဇိုင်းများ(၈)
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၅၅ ရခိုင်ဘုရင် ကောလိယမင်း
လှူဒါန်းခဲ့သော
အဿဒိဿအလှူတော်ကြီး
**စောထွီးသျှင်(မြောက်ဦး)**

၆၅ သရဏဂုံသုံးပါးနှင့်
သစ္စာအဓိဋ္ဌာန်ပြုနည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၆၆ ဘဝကိုအသေသတ်သောစိတ်(၃)
**မေတ္တာရှင်(ရွှေပြည်သာ)**

၇၃ ဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး
၏ ခယောင်းလမ်းမှသည်
**သုဏေယျ**

၈၅ မဟာလူသားပွင့်ထွန်းတော်မူရာ
မြေမြတ်မဟာသို့(၈)
**မောင်ပွင့်ဉာဏ်(မောရ)**

၁၀၉ ကိုးဂဏန်းတွေနဲ့တိုက်ဆိုင်လွန်းသူ
တည်တဲ့ ပဲခူးရွှေဂူလေးက
ဆုတောင်းပြည့် ကမ္ဘာ့ဓာတ်ပေါင်းစုံလင်
သိဒ္ဓိရှင်ကိုးနဝင်းစေတီတော်
**စိုးကိုကို(လေးမျက်နှာ)**

၁၁၅ ရွှေကံကူလေပျံသစ်တော်
ရပ်ရှင်တော်မြတ်၏
၂၀၁၂-၂၀၁၃ ခုနှစ်
မန္တလေးဗဟိုပြု ဒေသစာရီခရီးစဉ်များမှ
ထူးခြားမှုများ(၂)
**ဘိုဘို(ရွှေကံကူ)**

၁၂၈ ကျွန်တော်ခံစားမိသောတရားရသ
**တက္ကသိုလ်ဝင်းမြင့်**

၁၄၆ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၁၇၈ မြတ်ဗုဒ္ဓကြွရောက်တော်မူရာ
ကေလာသတောင်တော်မဟာ
**ရွှေယဉ်လှိုင်း(စီးပွားရေးတက္ကသိုလ်)**

၂၃၂ တောင်ပုလုဆရာတော်ဘုရားကြီး
ကြည်ညိုဖွယ်ရာပုံရိပ်များ
**မြသက်မောင်(သုံးဆယ်)**


### သုတရသဆောင်းပါး


၅၉ သနားပါ များသတ္တဝါတွေ
**ဦးမင်းဇင်(ရွှေနဝင်း)**

၆၃ ကိုယ့်ဒေါသနဲ့ကိုယ်ခံကြရမှာ
**အောင်ရန်နိုင်(B.Sc)**

၇၁ ချစ်စရာ့ယဉ်ကျေးမှု
**ရှင်ဥတ္တမဓေ(စစ်ကိုင်း-ရွှေဟသ်ာ)**

၈၃ စွယ်စုံကျော်ထင်ကျမ်းနှင့်
ရွှေတိဂုံစေတီတော်သမိုင်းဆိုင်ရာ
အမေးနှင့်အဖြေများ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၉၄ ပယောဂဝေဒနာကိုဘယ်လိုကုမလဲ
**ကောင်းစံသာ(မင်းတုန်း)**

၉၇ သံတွဲမြို့နယ် မော်ရေရွာကမ်းခြေမှ
ကျောက်ဆင်ဖြူတော်နှင့်
စူဠစန္ဒြားမင်းခြေရာ
**ရွှေချိုအောင်(ငပလီ)**

၁၀၃ ကထိန်အလှူတော်
**ဖျာပုံတင်နိုင်ဝင်း**

၁၃၅ ကျွဲ၊ နွား ဝမ်းပျက်ဝမ်းလျှောဖြစ်သော်
**အောင်လံထူ(မြန်မာပြည်)**

၁၃၆ ကျေးဇူးတရားနှင့်အခက်သုံးပါး
**ချောင်းဆုံအုန်းသွင်**

၁၃၉ သံသယစိတ်ကင်းဝေးကြစေဖို့
**လျှမ်းပြည့်ကျော်**

၁၄၂ ပထမံဝိဇ္ဇာခရေ
ထွက်ရပ်ပေါက်လောကီပညာနှင့်
ကျေးဇူးရှင်
စစ်ကွင်းဆရာတော်ကြီး(၁၃)
**ပထမံဆရာဦးအေးရွှေ**

၁၅၀ ထူးထူးဆန်းဆန်း ဇော်စိမ်းပန်း
**သမီး-စောငုဝါ**

၁၅၄ အပြောင်းအလဲမြန်တဲ့ခေတ်
**ဦးတင်ဝင်း(ဆန်းသာပြေ)**

၁၅၉ ဆင်ဂေါင်းတောင်မှကျောက်နဂါး
**ခင်မောင်အေး(မန္တလေး)**

၁၇၄ ပြုတာအသစ်၊ ဖြစ်တာအဟောင်း
**ချောင်းဆုံအုန်းသွင်**

၁၉၇ တိတ်တဆိတ် ခြောက်လှန့်နေသော
ကျိန်စာ
**လျှမ်းထက်**

၂၀၀ တေဇောဓာတ်နှင့်ဒေဝတာပုရာဏ်
**သက်လုံ**

၂၁၉ မနုဟာမင်း၏အဆက်အနွယ်များ
**တင်နိုင်တိုး**

၂၂၉ လူဝင်စားပြဿနာ
**တိုးထက်**

၂၄၀ လေဖြတ်ရောဂါအတွက်
ဆေးဖက်ဝင်ဆေးဝါးများ
**စွမ်းထက်နောင်**


www.burmeseclassic.com

www.burmeseclassic.com


[illegible] အသေရှိရာစကားနှင့်ဓလေ့များ
နိဗ္ဗာန်ဘောင်ဒုတ်
**ဝင်းမြဲအောင်(မြိတ်)**
၂၆၁ ကင်ဆာရောဂါရဲ့သမိုင်းကြောင်းအစ
**ရီရီငွေး**
၂၆၄ မြန်မာမင်းများလက်ထက်က
လယ်ထွန်မင်္ဂလာ(၂)
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**
၂၆၆ မြန်မာ့ရိုးရာ
နတ်ယုံကြည်မှုဓလေ့(၅၇)
**မောင်သန်းဆွေ(ထားဝယ်)**
၂၆၉ မွေးမြူရေးခြံများတွင်
ရောဂါပိုးမွှားကင်းရှင်းစေနည်း
**နတ်မောက်မင်းသန့်နိုင်**
၂၇၈ ပုပ္ပားတောင်ကလပ်တွင်
အဘအောင်မင်းခေါင်နှင့်
ဆုံတွေ့ဖူးသော
ဝဲကြီးဒေါ်ဆရာတော်အကြောင်း
**အဏ္ဏဝါလှိုင်း**
၃၁၀ အဘဘိုးမင်းခေါင်ရဲ့ အံ့စရာ့ကုထုံး
**အောင်သန်းချစ်**
၃၃၀ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**
၃၃၄ လေယာဉ်ရတနာသိုက်များ
**လှမိုး(ပညာရေး)**
၃၆၆ အဖြူနဲ့အမည်း
**ဦးကောဝိဒ(မြိတ်)**


## သုရဿဝတ္ထုတို

၁၅၁ နတ်နှင့်နဂါး
**ရတနာခေဝီ**
၁၆၂ ရေဘေးဒုက္ခသည်ကို ကူညီသည့်
ကြေးစင်တောင်ဘိုးဘိုးကြီး
**ဓာတ်ပုံ-မောင်မောင်အေး**
၁၆၆ ထူးဆန်းသောလူပုဂ္ဂိုလ်များနှင့်
တွေ့ကြုံမှု
**အောင်ဆန်းလင်း**
၁၇၀ ရင်ဖွင့်စကား
**ငွေလသာ(တွံတေး)**
၁၉၀ မသာခေါင်းအဆစ်ပေးသူ
**နေပြည်တော်ကျော်ကျော်စိုး**
၂၀၂ ကျတ်တစ္ဆေရှာ
**ဆရာကြီးနတ်စက်ရောင်**
၂၁၄ ရန်ကုန်မှာနေ၊ ပုပ္ပားတောင်မှာသေပြီး
မိတ္ထီလာမှာလာပြီးဝင်စားတဲ့ လူဝင်စား
**ကိုတင်လှိုင်(မိတ္ထီလာ)**
၂၃၄ တောတိုင်မှားခြင်းနှင့်
ကြမ်းလွန်းသော အင်ပင်သရဲကြီး
**သန့်ဇင်**



၂၄၅ ကျွန်ုပ်နှင့်ရက္ခစိုးမော်ကျင့်စဉ်
**ရီရီငွေး**
၂၅၂ အမျှတောင်းတဲ့သရဲမ
**ကိုကိုလတ်(ဆည်မြောင်း)**
၂၅၆ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
**ပီတာမြဦး**
၂၇၀ လိပ်ခေါင်းအထူးကုသည်
**ရွှေပြည်စိုး(မိုးကုတ်)**
၂၈၂ နေရာအမှန်ပြန်တော့ကွယ်
**အောင်ခြိမ့်မိုး**
၂၉၄ နန်းထိုင်အန္တရာယ်နှင့်
ဟင်းလေးအိုး ဘအောင်စိန်
**မောင်လုယဉ်(မော်လမြိုင်)**
၃၀၀ အကျဉ်းထောင်အရာရှိတစ်ဦး၏
ဘဝမှတ်တမ်း
**ထောင်မှူးကြီးသိန်းဝင်း**
၃၀၆ တစ်ခဏအမှားကြောင့်
ကာလအလျားရှည်ကြာစွာ
ပေးဆပ်ခဲ့ရသူ
**မြောင်းမြ-မြင့်လှိုင်**
၃၁၄ ကားသမားလူမုန်းနှင့်
ဆိတ်ကျောင်းသမားမောင်လူလေး
**မောင်မောင်တိုးမြင့်(မုံရွာ)**
၃၂၀ အဘပြောပြသောဖြစ်ရပ်ဆန်းများ
**ကျော်မိုးလွင်(ဝါးခယ်မ)**
၃၄၂ မယုံမရှိနဲ့ ကွင်းပိုင်တောပိုင်ဆိုတာ
တကယ်ရှိတယ်
**ရသဂမ္ဘီရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**
၃၅၈ တစ်ပြည်သူရဲ့အိပ်မက်ဆန်း
**စိုးထွန်း(ဥပဓေ)**
၃၆၂ တိုက်သစ်ထဲကအဘိုးအို
**ဝင်းထွန်းအောင်(စစ်/ဆေး)**
၃၇၀ ကျွန်ုပ်နှင့်ဘိုးတော်
**ကောင်းသော်**
၃၇၆ ပြီးဆုံးသွားခဲ့ပြီဖြစ်သော
ရေးဟောင်းပန်းချီကားနှစ်ချပ်
**မောင်သင်းထုံ(ကျောက်မဲ)**





BURMESE CLASSIC .com

## သုရဿတိုင်းရင်းဆေး

၁၁၄ သွေးဘယ်လောက်တိုးတိုး
ကြက်သည်းခြေနဲ့ကုမယ်
**ရသဂမ္ဘီရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**
၁၅၈ ဝမ်းလျှောရောဂါဖြစ်ခဲ့သော်
**ခွန်းရီ(မြန်မာစာ)**
၁၆၅ ကြွက်နို့ပျောက်ဆေး သဘော်စေး
**ညွန့်ဝင်း(နတ်တလင်း)**
၁၆၉ ဝမ်းလျှောချက်ချင်းရပ်ဆေးနည်း
**နတ်မောက်မင်းသန့်နိုင်**
၂၁၇ လယ်ကန်စွန်းနှင့်ဝဲနှင်းခူ
**နေပြည်တော်ကျော်ကျော်စိုး**
၃၂၂ မျက်စိနာကျင်ကိုက်ခဲလျှင်
**နတ်မောက်မင်းသန့်နိုင်**
၃၄၁ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၃၅၆ ခေါင်းမူးတတ်သူများအတွက်
**နေပြည်တော်ကျော်ကျော်စိုး**
၃၆၁ ဖောက်သန်းကင်းစင်
စိတ်ကြည်လင်
**ပေါက်ပေါက်(နတ်[illegible])**
၃၇၉ အဖုအကျိတ်ကြေ [illegible]
**ဓာတ်ဝိဇ္ဇာ-[illegible]**

www.burmeseclassic.com

www.burmeseclassic.com



## သုရဋ္ဌ ပညာရပ်


၁၇၆ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအား
ကောင်းစေမည့် ဖုန်းရွှေဖျူဟာ (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၀၇ အလိုရှိရာ
ရက်မြတ်မင်္ဂလာထွက်ယူကာ
ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ
**ဖန်ခါးမောင်မောင်(စား/ထွေ)**

၂၁၀ ထွက်၀င်ခပါဒ်နက္ခတ်
အစင်အကြွယ်ရာနည်း
**ဦးအောင်စောလှိုင်(ပုသိမ်)**

၂၂၀ ရိက္ခာအတွက် ဘယ်မခက်တဲ့
ဗိုလ်လက်ျာနည်း
**ဘဟိန်းဦး-မိုးသည်းမြေ**

၂၂၂ ဥဏ္ဏာလုံမွေးရှင်တော်ဂါထာ
သို့မဟုတ်
ဝိဇ္ဇာမယပညာရှင်တို့၏
လက်စွဲမန္တရားတစ်ပုဒ်
**တြိရတနာ-ဆရာဖေယျာလင်း**

၂၄၂ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၂၈၆ ကျော်ကြားသော
အင်္ဂါရတ်ပညာရှင်အချို့
**ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)**

၃၁၂ စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်
၏ အလွဲသုံးစားမှုကိုဖော်ထုတ်ခြင်း
**မနောသုတေသီ**

၃၂၃ အင်းကောင်းတစ်ကွက်နှင့်
စကြာအင်းများ(၆)
**ဆရာစော(အင်းတစ်ထောင်)**

၃၃၇ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာဓလမင်းခေါင်**

၃၄၆ အတွေ့အမြင်အလင်းအဖွင့်
အင်္ဂဝိဇ္ဇာပညာဉာဏ်ရည်သုံးသပ်ပွဲ
**ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)**

၃၅၄ ကြမ္မာငင်တဲ့လင်ကွန်း
**မောင်ကျောက်တိုင်**

၃၈၁ အေးချမ်းကြည်သာ ချမ်းမြေ့ပါစေ
**သုခစုစ်(ကျိုက်လတ်)**

၃၈၈ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**




## သုရဋ္ဌလက်တွေ့အသုံးချ


၅၄ လာဘ်ခေါ်အင်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၀၆ အန္တော စရေ
ဂြိုဟ်ရစ်ခွင်မေတ္တာကျင့်စဉ်
**ဘုန်းခေါင်**

၁၅၃ လိုသူများအတွက်
ပုံတောင်းစကြာရတနာဂါထာတော်
**မုဒိတာ(ကျိုက်လတ်)**

၁၇၆ ကောင်းကျိုးအနန္တ ဒိဝါတပတိစမ
**သုခစုစ်**

၃၅၇ ထိ
**ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)**

၃၆၉ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၃၉၀ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၃၉၂ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၅ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)**

၃၉၈ ကုန်ပစ္စည်း ရောင်းစွံလိုသူများအတွက်
သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)**


BURMESE CLASSIC .com


**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန်း
ဝေလုံလုံထွဋ်အား

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းသန်းချို
စိုးအောင်
သုရဋ္ဌစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်၊ ဝင်းမြ
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀

**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသား**-ဂါနန်ဒီ၊ မိလျံမှာ
**ပဲခူး**- သဇင်စာပေ
**ပသိဘတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေဇ္ဇာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ အထူးမေတ္တာပို့

နိဋ္ဌံဂတံ ပုညံတဿ ဆန္ဒဗလေန စေဇသာ သဗ္ဗေခေမာ
ဝေရာ ဟောန္တု ဘဝန္တု သုခိတာသဒါ ပညာယ ပဋိဝိဇ္ဈန္တု
ဝိမုစ္စန္တု ဒုဘိန္နရာ ဟိကာလေ ဖုဿ ဓမ္မတာ အဓမ္မကာမ
ဝါဒါပိ ဒါနာဒိ ကမ္မဗီဇကာ ကုသလာ သုဂတော သေဋ္ဌာ
နိဒါပေန္တု အပစ္စက္ခာ ဘုဉ္စယ ဣဓ ပစ္စက္ခာ နရဘာဝေ
နရံစိတ္တံ ဟိပေါ သေန္တု ကမ္မကထာ။

**ပုညံ** - ကောင်းသောအမှု ပြုစုရခြင်းသည်ကား၊ **နိဋ္ဌံ** - ပြီးဆုံးခြင်းသို့၊ **ဂတံ** - ရောက်ခဲ့ရပါချေပြီ။ **တဿ** - ထိုကောင်းမှု၏၊ **ဆန္ဒဗလေန** - ဆန္ဒအားမှဖြစ်သော၊ **စေဇသာ** - အရှိန်အဟုန်ကြောင့်၊ **သဗ္ဗေ** - သုံးဆယ့်တစ်ဘုံသားအားလုံး၊ **ခေမာ** - ဘေးကင်းကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေ။ **အဝေရာ-** ရန်ကင်းကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေ။ **သဒါ** - နေ့, ညဥ့်အရာ ဘယ်ခါမလပ်၊ **သုခိတာ** - ချမ်းသာကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေ။ **ဒုဘိန္နရာ** - မကောင်းမှုကြောင့်ပျက်စီးနေသူများကို၊ **ပညာယ** - ချင့်ချိန်တိုင်းထွာ ဉာဏ်ပညာဖြင့်၊ **ပဋိဝိဇ္ဈန္တု** - ထိုးဖောက်လှစ်ပြု သင်ခန်းစာယူတတ်ကြပါစေ။ **ဟိကာလေ** - ဆုတ်ခေတ်ကာလ၌၊ **ဖုဿဓမ္မတာ** - ကြုံတွေ့ရမြဲဖြစ်ကုန်သော၊ **အဓမ္မကာမဝါဒါပိ** - မတရားလိုချင်ခြင်း၊ မတရားအနိုင်ကျင့်ခြင်းများကိုလည်း၊ **ပညာယ** - ပညာဖြင့်၊ **ဝိမုစ္စန္တု** - အလွတ်ရှောင်ကွင်းကင်းရှင်းကြပါစေ။

**ဣဓပစ္စက္ခာယ** - ဤဘဝ၊ ဤသာသနာတွင်း၌ဖြစ်စေ၊ **အပစ္စက္ခာယံ** - နောင်ဘဝနှင့်သာသနာပကာလမျိုးများ၌ဖြစ်စေ၊ **ဘုဉ္စာယ** - သုံးဆောင် ခံစားနိုင်ရန်အလို့ငှာ၊ **ကုသလာ** - အပြစ်မရှိခြင်း၊ ကောင်းကျိုးကိုသာပေးခြင်းလက္ခဏာရှိကုန်သော၊ **သုဂတော** - လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သို့သွားရန် အလားအလာအပြည့်ရှိပါကုန်သော၊ **သေဋ္ဌာ** - စိတ်ထားမြင့်မြတ် အရင့်ဇာတ်သို့သာ ရောက်စေပါကုန်သော၊ **ဒါနာဒိကမ္မဗီဇကာပိ** - ကောင်းမှု၌ ရက်ရောခြင်း၊ မကောင်းမှု၌ စောင့်စည်းခြင်း၊ အဆင့်မြင့်ဖြစ်က ပွားများခြင်း စသော ကံမျိုးစေ့များကိုလည်း၊ **နိဓာပေန္တု** - မြုပ်နှံသိုမှီး ရနိုင်သမျှ ပွားစီးနိုင်ကြပါစေ။

**သဗ္ဗေနရေ** - လူအားလုံးတို့သည်၊ **နရဘာဝေ** - လူ့ဘဝထဲရောက်ဆဲကာလတွင် (ဝါ) လူဖြစ်ဆဲကာလတွင်၊ **နရံစိတ္တံ ဟိ နရံစိတ္တံ ဝေ** - လူ့စိတ်ကိုချည်းသာ၊ **ကမ္မကထာ** - ကိုယ်လှုပ်နှုတ်ဖွင့် စိတ်ဖြင့်ကြံမိလေတိုင်း၊ **ပေါသေန္တု** - မွေးမြူနိုင်ကြပါစေကုန်သတည်း။ ။





www.burmeseclassic.com

www.burmeseclassic.com

(ဝနဝါသီဥဿျမမွှသာမိထေရ်)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

(၁)

# လူတစ်ထမ်း ရဟန်းတစ်ရွက်

(မာနဘိက္ခုနုပသနာကထာ)

ရဟန်းလူအတူ လမ်းခန်းဖွင့်
ရဟန်းက လမ်းခရီးဖွင့်
ပြီးနှင့်လျှင် ကျင့်နည်းပြန်ပေး . . .
လူကလည်း လျှဒါန်း
သူကမ်းလာ တန်းကာရွက် လမ်းထွက်မနေး
ဖြူစင်သူတို့ရဲ့သဘောမှန်
အကူဝင် အတူဝင် ဇောသန်ခဲ့လျှင်
သောတာပန်က လူမှာတပ်
နတ်ရပ်မှာပဲ အေးအေးဆေးဆေး
အဆုံးလမ်း ရဟန်းခံ
လမ်းမှန် တန်းပြန်ရုံပဲ အေးအေးလေး

ဘဝအနာ လူမမာ ဘာဝနာဆေးချက်သွင်း
မြစ်စွဲအနာ ကူးထနာ ဘာဝနာမှ တတ်နိုင်ခြင်း
တွင်းပြင်အနာ မရင်းသာ ကင်းကွာပါး ပျောက်ကင်း

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊

မင်္ဂလာ မာနု သိက္ခိတာ မေတ္တာပနစ ဘိက္ခုနီ။
တေပိ သိက္ခေ ဗောဇ္ဈင်္ဂေန ဘာဝေယျာသိ ခဏေခဏေ။

**မင်္ဂလာ** - ရှင်တော် ဟောထား မင်္ဂလာတရားတော်ကား၊
**မာနုသာ** - အိမ်ရာတည်ထောင် လူတန်ဆောင်တို့သည်၊
**သိက္ခိတာ** - တစ်ဆင့်ချင်းဆစ်၊ တစ်ထစ်ချင်းဖွင့် ကျင့်သင့်ကြပါကုန်၏။
**ဘိက္ခုနိပန** - သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့မှာမူကား၊
**မေတ္တစ** - မေတ္တာသုတ်ကလာသော



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းပင်လျှင်၊

**သိက္ခိတာ** - ညမအိပ်၊ နေ့မအား တစ်ဟုန်ထိုး အားများဖြင့် ကျင့်ပွားသင့်ကြပါကုန်၏။

**အပိ** - စင်စစ်၊

**တေ** - ထိုလူသား၊ ထိုရဟန်းများတို့သည်၊

**တေ** - ထိုမဂ်လသုတ်၊ ထိုမေတ္တသုတ်လာတို့ကို၊

**ခဏေ ခဏေ** - အချိန်တိုင်း၊ အချိန်တိုင်း၊

**ဗောဇ္ဈင်္ဂေန** - ဗောဇ္ဈင်အပွား ခုနစ်ပါးဖြင့်၊


**ဘာဝေယျာသိ** - ပွားထက်ပွား၊





www.burmeseclassic.com

www.burmeseclassic.com



များထက်များအောင် စွမ်းဆောင်ကြရာသည်တကား။

◉

ရှင်တော်ဟောကြား ပရိတ်တော်အစားစားတို့တွင် မင်္ဂလသုတ်၊ မေတ္တသုတ်၊ ဗောဇ္ဈင်သုတ်ထိုသုံးသုတ်တို့ကား အယွတ်ဖတ်များမဟုတ် (ရွတ်ဖတ်ရုံမျှမဟုတ်) အသားဖတ်များသာ။

ထိုမှကြွင်းသော ရတနသုတ်မှ ပုဗ္ဗဏှသုတ်တိုင်အောင်တို့ကား သဒ္ဓါမွမ်းထုံ စိတ်လုံခြုံရုံမျှသော အယွတ်ဖတ်များချည်းသာ။ ထိုစဉ် မင်္ဂလသုတ်တော်သည် လူသားတို့ တကယ်လိုက်နာကျင့်သုံးကြရမည်ဖြစ်ပြီး ဝိသာခါ၊ အနာထပိဏ် စသူတို့ကဲ့သို့ ဘုံစဉ်ဝေ့ ရွေ့ရွေ့တက် နောက်ဆုံး နိဗ္ဗာန်ဘက်တက်ရန်ပင်။

သို့ကြောင့် ခရီးရှည်၏။ ရှည်သော်မှလည်း ခြေချော်လက်ချော်မရှိ ပကတိလမ်းရိုးအတိုင်း (လူသွားလမ်းအတိုင်း) အဆင့်ဆင့်မြင့်၍ ဝင့်တက်စေ၏။

မေတ္တာသုတ်တော်သည်ကား ရဟန်းတော်များ တကယ် လိုက်နာ ကျင့်ပွားရမည်ဖြစ်ပြီး အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန် စသူတို့ကဲ့သို့ တစ်ဘဝစံ တစ်လမ်းသွားများပင်။

ဘဝကား သည်တစ်ဘဝတည်းသာ။ လမ်းသွားကား နိဗ္ဗာန်မှတစ်ပါး အခြားလမ်းခွဲမရှိ။ သို့ကြောင့် ခရီးတာတို၏။ ကျင့်သည်ကပင် အိပ်စက်ခြင်းအလျှင်း မရှိ။ မည်သည့်ဣရိယာပုတ်ဖြင့်နေနေ စိတ်အနေဝန်မချ။ ထိုသို့ တစ်ဟုန်ထိုး အတင်းထိုးဖောက်နိုင်ခြင်းကြောင့်ပင် ခရီးတာတိုရခြင်းတည်း။

ထိုသို့ ကိုယ့်သုတ်ကိုယ်တိုင် ကိလေသာတို့နှင့် ရင်ဆိုင်ကြရာ၌ မင်္ဂလသုတ်သမားလည်း ဗောဇ္ဈင်ဖြင့်ပွား၊ အဆင့်တွားသွားရမည်သာ။ မေတ္တာသုတ်သမားလည်း ဗောဇ္ဈင်ကိုပင်ပွား အဆင့်တွားရမည်သာ။ သို့ကြောင့် ဗောဇ္ဈင်သုတ်တော်မြတ်သည်လည်း ရွတ်ပွားရုံမျှမဟုတ်။ တကယ့်ပွားများရမည့် သုတ်တည်း။

ထိုသုံးသုတ်တို့တွင် မင်္ဂလသုတ်သည်လည်း သူ့အရှိကြည့် သိနိုင်လောက်ကြပြီ။ မေတ္တာသုတ်သည်လည်း သူ့အရှိကြည့် သိနိုင်လောက်ကြပြီ။ သို့ကြောင့် ဤ၌ ခန်းဖွဲ့ထား ရေးသားမပြသာပြီ။

ဗောဇ္ဈင်သုတ်မှာမူကား သူ့အတွင်းဝယ် -

က။ ဝိပဿနာဉာဏ် အဆင့်ဆင့် အသင့်ပါရှိနေသည်က တစ်ကြောင်း။

ခ။ ဗောဇ္ဈင်များ၏ စွမ်းပကားသတ္တိ အမျိုးမျိုးပါရှိနေသည်က တစ်ကြောင်း။

ဂ။ ဗိုလ်ကြွေ မဂ္ဂင်များတစ်သားတည်း ပါရှိနေသည်က တစ်ကြောင်း၊ ထိုထိုအကြောင်းများကြောင့် အခန်းဖွဲ့ခဲ့ပြတော့မည်။

ထိုခွဲပြခြင်းကလည်း ငါတို့စီရင်ထားသော နိဒါန်းသတိပဋ္ဌာန် မှာထက် ဤ၌ ဗောဇ္ဈင်သွေး ပို၍အရေးပေးမည်။

◉ *ဗောဇ္ဈင်းကား ဗောဓိအတွက် မရှိမဖြစ် မသိမဖြစ်သောတရား။*

◉ *ဗောဇ္ဈင်ကား လောကီရေးရာများအတွက် မပါမဖြစ်သောတရား။*

◉ *ဗောဇ္ဈင်ကား ကျင့်သူ[illegible]အားလုံးအတွက် ပါဝင်ပတ်သက်သောတရား။*

ဤ၌ မာနုဘိက္ခုနုပဿနာ[illegible]ထာ



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ နဖူးစည်းတပ်ပြထားသည်မှာ ရှင်ရှင်လူလူ မည်သူမဆို ခမ္မအပြင် အဆင်ဖြင့် ကိုယ့်တာဝန်ခန်း ကိုယ်ထမ်း ဝင်ရာ၌ ကျိုးသည် အစာကိုလည်းစား ရန်သူကိုလည်း အမြဲကြည့်၊ တစ်ချိတည်း နှစ်လုပ်ပြီး၏ပမာ အလုပ်လည်းမပျက် ခမ္မဘက်ကလည်း အစဉ်အဆက် စိတ်မျက်ခြည်မပြတ် ရှုကြည့်လျက်က နေရမည်ကို ညွှန်းလိုသောကြောင့်ပင်။

မာနဘိက္ခုနုပဿနာ လူလည်းပဲ သတိမပြတ် ရှုမှတ်လျက်က အလုပ်ဝင်။ ရှင်လည်းပဲ သတိတင် အမျှင်မပြတ် စပ်နေအောင် ရှုမှတ်ဟူ၍ပင်။ ထိုအနုပဿနာအမည်ရင်း အစဉ်မပြတ်ရှုကြည့်ခြင်းဖြင့်ပင် လူသည်လည်း မဂ်သုတ်တစ်သုတ်ထမ်း လမ်းလျှောက်ကြကုန်။ ရှင်သည်လည်း မေတ္တာသုတ် တစ်သုတ်ရွက် နိဗ္ဗာန်ခရီးစဉ် တက်ကြကုန်။

*လူမဂ်လာကား*
*ကိုယ်တည်လုံးပန်း ပခုံးထမ်း။*
*ရဟန်းမေတ္တာကား*
*စိတ်ကျောင်းမပျက် ခေါင်းရွက်ဖမ်း။*

၁၃၆၆ ခုနှစ်
နတ်တော်လဆန်းနေ့
အကျွတ်အလွတ်-မဟာမြိုင်

## လူနှင့်ရဟန်း အထမ်းနှစ်ဖက်

*သာဂါရာ အနဂါရာစ၊*
*ဥဘော အညောည နိဿိတာ။*
*အာရာဓယန္တိ သဒ္ဓမ္မံ၊*
*ယောဂက္ခေမ မနုတ္တရံ။*

**သာဂါရစ** - အိမ်ရာတည်ထား လူအများပဲဖြစ်ဖြစ်၊

**အနဂါရာစ** - အိမ်ရာမထား ရဟန်းအများပဲဖြစ်ဖြစ်၊

**ဥဘော** - နှစ်ဖက်စလုံး၊

**အညော** - တစ်ဦးသည်၊

**အညံ** - တစ်ဦးကို၊

**နိဿိတာ** - ရေသည် ကြာရှိမှ မခန်း ကြာရှည်ထမ်းနိုင်သည့်ပမာ၊ ကြာသည်လည်း ရေရှိမှလန်း အဆင့်မြင့်၍ တန်းဖြောင့်သည်ပမာ အချင်းချင်း မှီခိုကြကုန်လျက်က၊

**ယောဂက္ခေမံ** - ကာမနှင့် မစပ်ယှဉ်ခြင်း၊ ဘဝနှင့် မစပ်ယှဉ်ခြင်း၊ ဒိဋ္ဌိနှင့် မစပ်ယှဉ်ခြင်း၊ အဝိဇ္ဇာနှင့် မစပ်ယှဉ်ခြင်းဖြစ်သော၊

**အနုတ္တရံ** - သူ့ထက်မြတ်မရှိ အမြတ်ဆုံး၏အဆုံးဖြစ်သော၊

**သဒ္ဓမ္မံ** - မဂ်လျှင် လေးပါး၊ ဖိုလ်လေးပါးနှင့် နိဗ္ဗာန်တရား တည်းဟူသော လောကုတ္တရာကိုးပါးကို၊

**အာရာဓယန္တိ** - အိမ်ထောင်သားမွေး ရှာဖွေကျွေးရင်းကလည်း ဆောင်ခွင့်ရကြပါကုန်၏။ တောဝင် ကျောင်းကပ်တရားမှတ်ရင်းကလည်း ဆောင်နိုင်ကြပါကုန်၏။

လူတို့သည် မျိုးဆက်တိုးပွားရေး အလေးပေးလျက်ကပင် ဝတ်ထုပ်အမျိုးမျိုး ထမ်းပိုးလျှိုးထိုး၍ သွားလာလှုပ်ရှားနေကြရပါသည်။ အဝတ်ထုပ်များကား တိုင်းပြည်နှင့် လူမျိုးအတွက် တိုးတက်စေမည့် ဝတ္တရားများ၊ ဘာသာနှင့် သာသနာအတွက် အသက်ဆက်ပေးရမည့် ဝတ္တရားများ၊ သည့်အတူ မိဘနှင့်သားသမီး၊ ဇနီးမယားနှင့် လင်သား၊ မိတ်ဆွေနှင့် စီးပွားဘက်များ၊ ဆရာနှင့်တပည့်များ စသည်စသည့် ဝတ္တရားအစားစား အများအပြားပင်။

ဝတ္တရားကျေပွန်ပါက စရဏသီလဖြူစင်သောကြောင့် သီလဖြူစင်လေမှ စိတ်အစဉ် အကြည်ဝင်သောကြောင့်၊ စိတ်ကြည်လင်လေမှ တရားမြင်တတ်သောကြောင့်။ လူသည် ထိုသို့ဝတ္တရားများစွာ ထမ်းရွက်သွားလာနေလျက်ကပင် ကိုယ်ပိုင်ပစ္စည်း၊ လူ့ကိစ္စ၊ လူ့ခရီးကိုလည်း ဖြည့်ဆည်းရသည်သာ။

## အိမ်ထောင်ပြု၏ လူ့တာဝန်

*သာဂါရေသုစ စီဝရံ၊*
*ပစ္စယံ သယနာသနံ*
*အနဂါရာ ပဋိစ္ဆန္တိ၊*
*ပရိဿယ ဝိနောဒနံ။*

**သာဂါရေသု** - လူတို့ထံမှ၊

**အနဂါရာ** - ရဟန်းတော်တို့သည်၊

**စီဝရံစ** - သင်္ကန်းလို သင်္ကန်း၊

**ပစ္စယံစ** - ဆွမ်းလိုဆွမ်း၊ ဆေးလိုဆေး၊

**ပရိဿယ ဝိနောဒနံ** - ချမ်း၊ ပူခြင်၊ မှက် ဘေးရန်ပယ်ဖျက်တတ်သော၊

**သယနာသနံစ** - ကျောင်းလိုကျောင်း၊

**ပဋိဂ္ဂဏှိတုံ** - ခံယူနိုင်ရန်၊

**သာဂါရာ** - လူတို့သည်၊

**အနဂါရာ** - ရဟန်းတော်တို့ကို၊

**ပဋိစ္ဆန္တိ** - ဖုံးလွှမ်းကြည်ဖြူ ပေးလှူကြရကုန်သည်သာ။

သည်စကားကို အထောက်အဖြစ်ထားပါလျှင် လူ့တာဝန်သည် ထောက်ပို့တပ်မှ အရာရှိနှင့် တစ်ထပ်တည်းကျ၏။ ထောက်ပို့တပ်မှ အရာရှိသည် ရှေ့တန်းဝယ် စစ်ဆင်နေသော စစ်သည်တော်များထံသို့ ထိုစစ်သည်တော်များ အားမပြတ်အင်မခန်း စစ်အစွမ်းပြသာကြရန်၊ မိုးဒဏ် လေဒဏ် ခြင် မှက်တို့ဒဏ် တွန်းလှန် ကာကွယ်နိုင်ကြရန် စားနပ်ရိက္ခာများကိုလည်း မပြတ်သွားရောက်ပို့ပေးကြ၏။ ဆေးဝါးအသုံးဆောင်များကိုလည်း မပြတ်သွားရောက်ပို့ပေးကြ၏။ နေစရာတန်းလျားများကိုလည်း အနီးဆုံးနေရာ၌ ဆောက်ပေးကြ၏။

သည့်ပမာ သာသနာ့အရိုက်အရာ ကိုယ်တိုင်ကိုယ်ကျ လိုက်ပါနေကြရသော လူများသည်လည်း အနတ္တသာသနာ အတ္တကြီးစိုးမလာရန် တိုက်ခိုက်ပေးနေသော ရဟန်းများ ဝိဇ္ဇာနိုင်ငံ၊ အဝိဇ္ဇာဝင်မကိုင်ရန် ကာကွယ်ပေးနေသော ရဟန်းများ၊ လွန့်တက်လူသားများ အောက်လက်ပါမသွားရန် ကယ်ဆယ်နေသော ရဟန်းများ ထိုရဟန်းတော်များသို့ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လေးပါးသော ရဟန်းသုံးများကိုထောက်ပံ့ပေးလှူနေကြရမြဲပင်။

သည်မျှနှင့်မပြီးသေး။ စစ်သားမှန်လျှင် ထောက်ပို့ဖြစ်ဖြစ်၊ ရှေ့တန်းဝင်ဝင်ဖြစ်ဖြစ် ရန်သူကား မြင်လျှင် သတ်မှာကေန်ပင်။သို့ကြောင့် ထောက်ပို့ပြန်တမ်းဝင်လူများသည်လည်း ရှေ့တန်းမှီခို၊ ရှေ့တန်းကအပြန် ကြုံဆိုလျက်က ကိုယ့်အသက်ကာကွယ်ရေးအတွက် စစ်ပညာများလည်း သင်ကြားကြရလေဦးတော့မည်။ စစ်ဝတ်စုံ ဝတ်ပြရုံနှင့် စစ်သားမဖြစ်။ စစ်လက်နက် ကိုင်တွယ်အသုံးချ ကိုယ့်ကိုယ်ကိုယ်ကာကွယ်တတ်မှ စစ်သားအစစ်ဖြစ်ကြမည်။ ရိက္ခာပို့ရုံနှင့် ကိစ္စမပြီးစီး။ ကိုယ်ကိုယ်တိုင်ထိုင်စားဖို့လည်း ကြိုးစားရပေဦးမည်။

## သာသနာ့ဝန်ထမ်း ရဟန်းတာဝန်

*သုဂတံပန နိဿာယ၊*
*ဂဟဋ္ဌာ ဃရမေသိနော။*
*သဒ္ဒဟာနာ အရဟတံ၊*
*အရိယ ပညာယ ဈာယိနော။*
*ဣမံ ဓမ္မံ စရိတွာန၊*
*မဂ္ဂံ သုဂတိ ဂါမိနံ။*
*နန္ဒိနော ဒေဝလောကသ္မိံ၊*
*မောဒန္တိ ကာမကာမိနော။*

**ပန** - ရဟန်းတာဝန်က ပြစရာရှိသေး။

www.burmeseclassic.com

**ပညာတံ** - အလားအလာကောင်းရှိ မမှုဦးခေါင်း ခေါင်းဆောင်းမိလျက်သားရှိ ရဟန်းမြတ်ကို၊

**နိဿယ** - သိက္ခာရိပ်မြုံ သူ့ဌရှိ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ၌ ခိုလှုံ၍၊

**ယေရမေသိနော** - အိမ်ရာပစ္စည်း အသီးသီးရှာမှီးကြရပါကုန်သော၊

**အရဟတံ** - အရိယာအစားစား သူတော်ကောင်း အများအပြားတို့ ဆိုစကားကို၊

**သဒ္ဒဟာနာ** - နားမှာလည်းဆင်၊ ရင်မှာလည်းပွား၊ ယုံကြည်အားထားကြကုန်လျက်၊

**အရိယ ပညာယ** - အရိယာဘက် လှမ်း သတိပညာစွမ်းဖြင့်၊

**ဈာယိနော** - ဈာန်ယာဉ်အဟုန်လွန်ပွားထုံကာ၊

**မောဒန္တိ** - နှစ်သက်ကြလေကုန်။

**ဣဓ** - ဤလူ့ပြည်မှနေ၊

**သုဂတိဂါမိနံ** - သုဂတိဘဝ ဘုံဌာနဘက် ဆက်တက်လိုသူတို့၏၊

**မဂ္ဂံ** - သွားရာလမ်းစ ခြေချရာတစ်ဌာန ဖြစ်သော၊

**ဓမ္မံ** - သီလကို အဓိကထား ဒါနဖြင့် ကာမစွန့်ခြားရာ တရားသီလကို အခြေခံထား သမာဓိဖြင့် ဘဝကိုစွန့်ခြားရာ တရား၊ သီလကို အခြေခံထား ပညာဖြင့် ဝိဘဝစွန့်ခြားတရား၊ ကျင့်နည်းအစားစား ထိုဤတရားများကို၊

**စရိတွာန** - သတိမဆိတ်၊ စိတ်လည်းမချ၊ ထိုစိတ် ကိုယ်နှင့်အတူတကွပါစေ၍၊

**ဒေဝလောကသ္မိံ** - နတ်လောကဝယ်၊

**နန္ဒိနော** - နတ်စည်းစိမ် အပုံထက်စုံမက်ကြကုန်လျက်က၊

**မောဒန္တိ** - ဝမ်းမြောက်ကြလေကုန်။

**ကာမကာမိနော** - တစ်လိုပြီးတစ်လို အပိုမရှိ အလိုဖြည့်ကြကုန်လျက်က၊

**မောဒန္တိ** - တစ်ဘုံ တစ်ဂုဏ်တောက်ဖြင့် ဝမ်းမြောက်ကြလေကုန်။

ဤ၌ သိစေလိုရင်းမှာ ရဟန်းဘက်က -

၁။ ပထမ လူတို့ထံမှ အသုံးအဆောင် ရိက္ခာများကို အလှူခံ။

၂။ ထို့နောက် ရဟန်းတရားရွက်ကုန်ကျင့်၊ သုဂတဂုဏ်အဆင့်ထိပွင့်။

လူဘက်က -

၁။ ပထမ ပစ္စည်းရိက္ခာ အပ်စပ်ရာရာ လှူဒါန်း၊

၂။ ထို့နောက် ရဟန်းပေးသောနည်းဖြင့် အရိယာထီးဖြူရိပ်၊ တစ်စိတ်မျှ ခိုဝင်မိစေ။

ဤသူ့ဘက်၊ ကိုယ့်ဘက်တို့၏ နှစ်ခုစီသော တာဝန်ဝတ္တရားများကိုထောက်သော် လူသည် ဆွမ်းလောင်းရုံ၊ ဘုရားကျောင်းကန်သွားရုံနှင့် မလုံလောက်ကြပါ။ ထိုဆွမ်းဒါန၊ ဥပုသ်ယူ သီလပြုကျင့်ပြုရုံသည် ဝတ်ကျေတန်းပွန်းရုံလောက်သာရှိချေသေး၏။ စိတ်တွင်းရှိနေသော ဝမ်းကျင်းဝပ်ကိလေသာအစွန်းအထင်းများ မပျောက်နိုင်ကြသေးပါ။

ရိက္ခာထောက်ပံ့ခြင်းသည် ရဟန်းအသက်ရှည်ရန်မျှမဟုတ်။ ရဟန်းအလုပ် ရဟန်းလုပ်ရာမှ ထုတ်ယူခွင့်ရလာသော လူ့အဆင့်တက်နည်း နိဿရည်းများအတိုင်း လိုက်ပါပြုကျင့် မိမိကိုယ်တိုင်လည်း လူအရာဝင်၊ လူမှ နတ်ဘက်အဆင့်တက်မိကြရန်အထိပင်။

ရဟန်းသည်လည်း ဆွမ်းခံ၊ ဝမ်းကျောင်း၊ ကျောင်းတွင်းအောင်းမှုဖြင့် တာဝန်မကျေသေး။ ယင်းသည် လူတို့ကဲ့သို့ ဝတ်ကျေတန်းပွန်းအထိပင် မရောက်။ ဝတ်မလှန်း၊ တန်းမထိုး၊ အချောင်နေအချောင်စားမျိုးမျှသာ။

တရားကျင့်ခြင်း၊ သိခြင်း၊ အဆင့်ဆင့်ပွင့်ခြင်း၊ နောက်ဆုံး သုဂတဂုဏ်အတွင်း ဆင်းမိသည်အထိ ကိုယ့်ဖို့ရှာရမည်သာ။ ထိုကိုယ့်ဖို့ရှာကလည်း ကိုယ့်တစ်ဖို့ အစိုးတက်မျှသာမဟုတ်။ ရဟန်းမှန်က ခေါင်းတစ်လုံး ပခုံးနှစ်ဖက် ရေသုံးအိုးရွက်တက်ရမည်ဖြစ်ရာ -

၁။ မိမိကြောင့် သာသနာ့အခြေအသရေတိုးစေခဲ့ရဦးမည်။

၂။ မိမိကြောင့် ဒါယကာ့အဆင့်အပွင့်ပျိုးပေးခဲ့ရဦးမည်။

၃။ မိမိလည်း တစ်ဘဝစံတစ်လမ်းသွား ဖဝါးထားပြီး ဖြစ်ရမည်။

သို့ဖြစ်ရာ မိမိအကျင့် သုဂတဂုဏ်အဆင့် ပွင့်စေခဲ့ပြီးနောက် ဘုရားအစထား အရိယာသူတော်ကောင်းကြီးများစကား ဒါယကာတို့နား ဟောကြားပြသ နည်းပေးရဦးမည်။ အရိယာကြီးများအစထား အရိယာအစားစားများနှင့် ဆရာသမားများအဖြစ် မိမိကျက်စားမိခဲ့ရာအကြားမှ စကားများကိုပါ နားသွင်းပေးခဲ့ရဦးမည်။

သို့မှသာ ရှေ့တန်းလည်း ရှေ့တန်းပြန် အောင်လံထူ အောင်ပွဲခံခွင့်ရကြမည်။ ထောက်ပို့လည်း အိုးမကွဲ ဖျာမရွေ့ ထိုင်ရင်းက ရာထူးရွေ့ခွင့်ရကြမည်။

လူဖြစ်က ကိုယ်ပိုင်သဒ္ဓါအားထမ်းပိုးအရာထားကာ ထောက်ပို့ရိက္ခာထုပ်များ နောက်စွန်းဖျားမှ လှူ၊ မိမိသောက်စရာ ရေဘူးအိတ် ရှေ့စွန်းကနေချိတ်။ ဤသည်မှာ ဗုဒ္ဓဝါဒီအမည်ခံထား လူအများ၏ တာဝန်သာ။

ရဟန်းဖြစ်ပါက မိမိအတွက် လက်နက်ကို လက်မှအသင့်ကိုင်ထား။ ဒါယကာများအတွက် ကျောပိုးအိတ်ကို ကျောလွယ်ပိုး၊ ကိုယ်ပိုင်ပညာကား ကျည်တောင့်အရာ ပြောင်းတွင်းထိုး။ ဤသည်မှာ ဘုရားသားအမည်ခံထား ရဟန်းအများ၏ တာဝန်သာ။

ထို...ဝန်နှစ်ထွေ နှစ်ဦးနှစ်ဖက်ထေ ကျေသွားကြပါသော် ဝတ္တရားပြည့်သည်နှင့် သီလစင်ကြယ်ဖို့ မခဲယဉ်းတော့ပါ။ သီလစင်ကြယ်က သမာဓိနယ်အလွယ်ကလေးနှင့် ကူးသာကြပါပြီ။ သမာဓိထက်သော် ပညာလည်း ငွေကြယ်လက်သို့ထွက်သာလာစေပြီ။ သမာဓိဉာဏ်၊ ပညာဉာဏ်များမှနေ နိဗ္ဗာန်ကမ်း ရှာဖွေပါသော် ခိုတစ်မှီး၊ ကျီးတစ်ပြန်စာမျှ လွှတ်တင်ကြည့်ရုံနှင့် နိဗ္ဗာန်ဘုံ ငွေချည်အေး ဖွေးဖွေးဆွတ်ဆွတ် လှမ်းမြင်ပြီ။

### ဗောဓိချင်ခုနစ်မျှင် လူ့ဘက်တွင်ကား

*လူသည် လူလိုသာနေ တစ္ဆေမဖြစ်ပါ။*

*လူသည် လူလိုသာကျင့် အောက်လမ်းမပွင့်စေရပါ။*

### မင်္ဂလာမဖက်၊ ဗောဓိချင် မတက်ကြဲသော်

လူသည် အကျိုးမဲ့ အပြစ်ရှိ ခွဲခြားသိ သိ၏။ သိနိုင်သောဉာဏ် လူ၌ အခံရှိနေလို့ပါ။ လူသည် အကျိုးရှိ၊ အပြစ်မဲ့ကိုလည်း ကြိုသိနေတတ်၏။ သိနိုင်သောပညာ လူ၌မကွာပါနေလို့ပါ။ လူသည် အကြောင်းကွယ်ခြား ကျိုးထင်ရှားကိုလည်း ဒါလုပ်လို့သည်လိုဖြစ်လာတာ ဟိုဟာဆို ဟိုလိုဖြစ်လာမှာ ဟူ၍ပင် သူ့အကြောင်း၊ သူ့အကျိုး ဆက်စပ်ကြည့် တပ်အပ်သိလည်း သိတတ်၏။

အသိပေါ် အမျှော်...ဖော်စပ်တတ်သော ထိုးထွင်းဉာဏ် အခံရှိနေလို့ပါ။ သိရုံနှင့် လူ့အစွမ်းသတ္တိက မ...



www.burmeseclassic.com

www.burmeseclassic.com

သေး။ သိသလောက် ကျင့်နိုင်သော အကျင့် အဆင့်ကုန်အထိ အပြည့်ရှိ၏။ ဘုတထုတ် ရုတ်ဓာတ်များ လူ၌ အထင် အရှားရှိနေလို့ပါ။

သို့ကြောင့် လူဆိုလျှင် သိသလောက် ကျင့်ကိုကျင့်ရမည်သာ။ ဝိဇ္ဇာနောက် စရဏမရောက်၊ ခြေထောက် တစ်ဖက်ကျိုး ဖြစ်နေမှာပါ။ လူဆိုလျှင် ကျင့်ရာတွင် အသိဝင်ပါနေရမည်။ စရဏအရပ် ဝိဇ္ဇာမကပ်လျှင်လည်း မျက်စိတစ်ဖက်လပ်ဖြစ်လာမှာပါ။

ဤ၌ လူစကား ဦးဦးဖျားဖျား သိနှင့်ထားလေဦး။ လူသည် ဉာဏ်တံခွန် အလံထူ လူလူလွှင့်လွှင့်မြင့်တက်ခြင်းကို ဆိုတာပါ။ သည်ဘဝလူ၊ နောက်ဘဝ နတ်ဘက်ချဉ်း နတ်မင်းအထိ အဆင့်မီ ရမှာ။ သည်ဘဝလည်းလူ၊ နောက်ဘဝ လည်း လူဆိုသော်မှ ယခုသင်ခံစားနေသော လူ့စည်းစိမ်များထက် အဆင့် တက်စေရမှာပါ။

အကယ်တိတိ လူ၏နောက် အောက်ဘက် ပြန်ရောက်သွားစေမည့် လမ်းများကျင့် ကျင့်နေမိပါလျှင်ကား လူ့ အရာမဝင်တော့ပါ။ တစ်ဖက်က 'ဟေ့ လူ' ဟူ၍ ခေါ်လိုက်ချိန် သင် 'ဗျာ' မထူး သင့်တော့ပါ။ ထိုစဉ် လူ၏နောက် အောက်ပြန်ရောက်သွားစေသောအကျင့် များမှာ -

(က) အလိုကြီးစိတ်အဆိပ်တက်၊ သူတစ်ဖက်သွားရောက် ဖျက်ဆီးပေးနေခြင်း။

(ခ) အမျက်ကြီးစိတ်ကထိပ်နှက် တစ်ဖက်သွားရောက် ဖျက်ဆီးပေးနေရခြင်း။

(ဂ) မသိစိတ်က ထိပ်တက် မသိမိုက်များခြင်းဖြင့် သူ့အခင်း စီးနင်းပေးရခြင်း။

ဤ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ မှားများကြောင့် ကံသုံးပါး အမှားဖက် လူကိုယ်ကျင့်တရား ပျက်ကွယ်နေခြင်းပါ။

လို၊ မလိုမသိ စိတ်အငြိခံလိုက်ရ ရာမှ ကြိုက်သဖြင့် မလားအပ်သည်သို့ လားသောသင်. . . ထိုစိတ်နှင့် သေမိ လျှင် သေပြီးနောက် ငရဲသို့ ဖြောခေါက် ဝင်ရမှာ။

အာရုံက ညှို့ဆွဲဆွဲ ကိုယ့်အထဲရှိ အသိတွဲများတွင် ခံစားသိကလည်း အသေးစီး အကြီးဖြစ်အောင် ချဲ့ပြပြ၊ မှတ်သားသိကလည်း မရှိ အရှိလုပ်၊ သရုပ်ပေါ်အောင် လုပ်ဖြား၊ ဝိညာဉ် သိကလည်း မလိုတစ်မျိုး၊ လိုတစ်မျိုးများ ဖြင့် လိမ်လည်ခဲ့ခြား။ ထိုအထဲ သင်က ပါ ရောယောင်ပါ သတိပညာကင်းမဲ့စွာ လိုက်စားမိပါသော် ထိုသင်ကား ကြွက် ဖတ်ဝါးရင်းက ကြွက်အစွဲထား ကြွက် အကြားသွားပေဦးတော့၊ ဝက်ဖတ်စား ပြီး ဝက်အစွဲထား ဝက်အကြား တစ်ဘဝ နားပေဦးတော့။

ထိုစိတ်ထားသုံးမျိုးတို့ဖြင့် သင် သည် အာရုံသင်းချင်း ပွဲချိန်းကစား အချိန်ကုန်များနေခဲ့ပါသော် ထိုသင်ကား လူ့အရာမဝင်သာတော့ပါ။ လူဖြစ်ရန် အဆင့်တက် အကျင့်မျိုး မဟုတ်သော ကြောင့်ပါ။ သင်ကား လူ့သရုပ်ဆောင် လည်း မဟုတ်တော့ပါ။ လူဖြစ်ရန် အဆင့်မြင့် အကျင့်မျိုးကျင့်မှ တံခွန်ထူ လူလူလွှင့် အဆင့်မြင့် လူ့အရာဝင်မှာပါ။ ယင်းကား မင်္ဂလာပွဲတက်ဗောဇ္ဈင်ဖြင့် ခန်းဝင်ပြခြင်းပါ။

## လူ့အဖွင့် လူ့ကျင့်မှ တတ်နိုင်

*အောက်လမ်းပေါက်၍ အထက် ရောက်ရိုး ထုံးစံမရှိ။ အထက်လမ်းပွင့်မှသာ အထက် ဝင်ခွင့်ရှိပါသည်။*

## ဗောဇ္ဈင်သည် မင်္ဂလာဘိသိက်ဆရာ

⊛ လူဖြစ်က ကျင့်ရမည့်တရား ကား မင်္ဂလာတရား။

**မင်္** - မကောင်းတပ်မက် စိတ် ပေါင်းမြက်ကို၊

**လာ** - ရိတ်ဖြတ် ပယ်လှီးတတ် သော ဉာဏ်တံစဉ်၊

**မင်္ဂလာ** - မကောင်းစိတ်သက်၊ ကံလက်ဘက်ကို ဉာဏ်ဖြင့် ရိတ်ဖြတ် ပေးခြင်း။ မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလာတဲ့။

သည်စကား အထောက်အဖြစ် ထား၍ လူသားတိုင်း လူ့အရာဝင် လူစဉ် မီချင်ခဲ့ပါလျှင် မင်္ဂလာဆောင်ကြရမှာ ပါ။ ထိုစဉ် အိမ်တည်မယားထား ရှာဖွေ နေသည့်အကြားမှလည်း မင်္ဂလာဆောင် ပါ။ သင့်တစ်နေ့တာ၏အချိန်များသည် မင်္ဂလာရှိသောအချိန်များချည်း ဖြစ်ရမှာ ပါ။ သင့်လတွင်းရှိ နေ့ရက်များလည်း မင်္ဂလာရှိသော နေ့ရက်များချည်း ဖြစ်ရ မှာပါ။

သို့မှသာ မိတ်ဆွေ၊ ဆရာသမား၊ ဆွေမျိုးများနှင့်တွေ့တိုင်း တစ်ဖက်က မင်္ဂလာပါဆို၍ နှုတ်ခွန်းဆက်လိုက်လျှင် သင့်ဘက်ကလည်း 'မင်္ဂလာပါ' ဖြင့်ပင် တုံ့ပြန်ခွင့်ရမှာပါ။ သင်သည် ကျက်သရေ ယုတ် မင်္ဂလာပုပ်နေရာမှနေ 'မင်္ဂလာပါ' ဟူ၍ ပြန်လည် တုံ့ပြန်မိခဲ့လျှင် သင်ကား လူလိမ်လူညာဖြစ်ရတော့မှာ ဧကန်ပါ။

မင်္ဂလာတရားကား လူဖြစ်က မကျင့်မဖြစ်သော တရား။ မင်္ဂလာတရား ကား အစားလည်းစား၊ ရန်သူလည်း ကြည့်၊ နှစ်ဖက်မိသော တရား။ မင်္ဂလာ တို့၏သရုပ်စုံကား ငါတို့ရှေးစီရင်ခဲ့သည့် မင်္ဂလာဓာရဏကထာ၌ ပါပြီးသား ဖြစ် နေသဖြင့် ဤ၌ အသေးစိတ်မပြသာပြီ။ ဤ၌ကား မင်္ဂလာဆောင် လက်ဖွဲ့ဖျသာ ရေးရန်လိုတော့သည်။

အဘဘုရားဟော်ဖော်ကြားသော မင်္ဂလသုတ်တော်မြတ်၌ အသေဝနာစ ပုဒ်မှသည် ဖုဋ္ဌဿပုဒ်အထိ မင်္ဂလာပါ သည် ဆယ်ပုဒ်မျှရှိ၏။ မင်္ဂလာဆောင် အသုတ်များကို ဆယ်သုတ်၊ ဆယ်တွဲ တွဲ ပေးထားသည်ဆိုက မမှား။ မင်္ဂလာ ဆောင်ဖြစ်ကြလျှင် လက်ဖွဲ့ကား ဗောဇ္ဈင်ရတနာခုနစ်ပါး။ ဘိသိက်ဆရာ လည်း ထိုဗောဇ္ဈင်တရားပင်။

ထိုစဉ် သင်ဆိုသော မင်္ဂလာ ကောင်က ဗောဇ္ဈင်ကို လက်ခံပြီး လည် ဆွဲ၊ လက်ဆင်၊ ဦးခေါင်း၊ ရင်၊ တင် ဆင် ယင်ထုံးဖွဲ့ပြရမှာပါ။ ဗောဇ္ဈင်၏ ဘိသိက် မြောက်ကိုလည်း ခံယူရမှာပါ။

မင်္ဂလာခန်းမထဲဝယ် မင်္ဂလာ ကောင်နှင့် ဗောဇ္ဈင် မည်သို့ ပွဲဝင်ပြမည် နည်း။

ဤတွင် -

မင်္ဂလာဆောင် လက်ဦးသုတ်က နေ စတင် စိစစ်ကြည့်ကြရအောင်ပါ။

(၁)လူမိုက်နှင့် မပေါင်းမိခြင်းသည် မင်္ဂလာတစ်ပါး။

(၂) ပညာရှိနှင့် အပေါင်းဝင်ဆုံ ခြင်းသည်လည်း မင်္ဂလာတစ်ပါး။

(၃) ပူဇော်ထိုက်ရာ ပူဇော်ခွင့်သာ ခြင်းသည်လည်းမင်္ဂလာတစ်ပါး။ (ပေါင်း သုံးပါး)

ဤ၌-

(၁)၊ (၂) သတိတွင်တွင်ပွား။ အသိတံရား မဖွားသစ်လျှင် ထိုမင်္ဂလာ များ မည်သို့မျှမဖြစ်ပါ။ တစ်ဖက်ရှိ ပညာ မဲ့လူမိုက်၏ စရိုက်လက္ခဏာ မည်သို့မျှ သင့်အသိ၌ မပေါ်လွင်ပါ။ သင်သည် လူ ရှေ့မရှောင် လူလယ်ခေါင် တစ်ဖက်က ရမ်းကားပြနေမှ သိတော့လျှင်၊ တိတ်တ ခိုး အခိုးအဝှက် ကိုယ်တိုင်ခံရမှ သိတော့ လျှင်၊ လုယက်တိုက်ခိုက် နေရာတော



www.burmeseclassic.com

www.burmeseclassic.com

လူမိုက်လုပ်ပြနေမှ သိတော့လျှင်၊ လူလူချင်းပင် သတ်ဖြတ် အမှုအမျိုးမျိုးထပ်နေမှ သိတော့လျှင် သင်အဖို့ လက်လွန်နေပြီ။ ဆုပ်လျှင်နှောင်၊ ရှောင်လျှင်ခက် ပဒိုင်းသီးလက်တွင်း ထားရသည်ထက် ခက်တော့မည်။

ယင်းအပြုမူမျိုးကား ပေါင်းမိ သင်းမိ အနီးကပ်ချဉ်းမိမှ သိခွင့်ရမျိုး ဖြစ်နေလို့ပါ။ သို့ကြောင့် မပေါင်းမီ အနေဝေး သူ့အမှုအကျင့် စာရင်းမပေးမီကပင် ကြိုတင်၍ သတိထား၊ သတိသမ္မောဇ္ဈင်အားဖြင့် သင်ပွားကြည့်၊ ကြည့်တတ်ဖို့ ဤ၌ လိုရင်းပါ။

လူတစ်ဦးစီတစ်ဦးစီတို့ရှိ ပင်ကိုလက္ခဏာများသည် သူတို့ဉာဉ်၊ စရိုက်၊ ဝါသနာများမှနေ ဇအဖြစ် ထွက်ပြလေ့ရှိချေရာ သင်ကသာ ကြည့်တတ်လျှင် လူမိုက်သည် သူမိုက်သဘော အကြောပေါ်နေသည်သာ။ လူလိမ္မာသည်လည်း သူ့အလိမ္မာသဘော အကြောပေါ်နေသည်သာ။ ယင်းကို သူ့စကား သတိပွား၍နားထောင်ကြည့် သူ့စကားထဲက ဇာတိပြနေမှာပါ။ သူ့လှုပ်ရှားမှုသတိဖြင့် ဖမ်းရှုကြည့် သူ့အမှုအကျင့်ထဲကပွဲပြနေမှာပါ။ သူ့မျက်နှာအကဲကြည့် သူ့စိတ်ထားလည်း ဇာတိပြနေမှာပါ။

သင်ကသာ သတိများများပွား၊ သတိထားမိသလောက် ပွားနေများနေသော် သင့်၌ အသိရောက်လာမှာပါ။ သင်ကသာ သတိပေါ်သတိတင် သူ့ဖြစ်စဉ် ခွင်မိနေလျှင် သင့်၌ အသိရောက်လာမှာပါ။ သတိနောက်နေ အသိက သင့်ကိုယ်ပိုင်သိပါ။ သတိနောက်နေ အသိကသူ့ခွင်ဝင်သိပေးနေမှာပါ။ သည်သို့သာ သတိကို အစဉ်မခြား သမ္မောဇ္ဈင်အဖြစ် စပ်အားတွင် ထပ်အားတင် သင်ပွားများနေပါသော် ထိုသည့်သင် ဤသူကား လူမိုက်ဆိုသော အမြင် အဝေးကပင် မြင်နေတော့မှာပါ။ ဤသူကား ပညာရှိ ဆိုသောအသိ အဝေးကပင် သိသိနေမှာပါ။

ထိုအခါ ထိုသူမှာ လူမိုက်ပါဟု သူ့အထာအညာမိနေတော့ရာ သူနှင့်ပေါင်း သင့်မှာအကျိုးနစ် အပြစ်ချည်းဖြစ်မည်ကိုလည်း သိသိနေပါပြီ။ ကိုယ်ကမှ မဆက်ဆံ လက်တစ်လှန် ကိုယ်တစ်ကွဲ လွှဲပေးထားက သင့်ထဲမှ သူခွဲထွက်သွားမှာ ဧကန်ပါ။ သူဘယ်လောက်ပိရိစေ၊ သူသတိတစ်ချက်အလစ် သူ့ရှိဉာဉ်ဇများက လျှာတစ်လစ်ထုတ်ပြနေမည် ဧကန်ပါ။ သူ ဘယ်လောက် သတိခိုင်ခိုင်ကိုယ့်စိတ်ကိုယ်မပိုင်သေးသူဖြစ်က အာရုံတစ်ချက် အညို့ သူ့ဉာဉ်ဇများက မခို့တရို့ ယို့ကျနေမည်သာပါ။ သင့်မှာသာ သတိအသိအပြည့်ရှိ မသိမရှိ ဧကန်ပါ။

(၃) နောက် မင်္ဂလာအတွဲ အကဲကြည့်ကြရအောင်ပါ။

ပူဇော်ထိုက်သူ ပူဇော်ပါ ဆိုသော မင်္ဂလာဆောင်၌လည်း ကိုယ့်ထက်မြတ်လား၊ ကိုယ်အောက်လူလား၊ တန်းတူလားဆိုသည်မှာ ဗောဇ္ဈင်ရှိ သတိ၊ အသိတို့က ခွဲမပြ သင် မည်သို့မျှ မသိနိုင်ပါ။

**အမြင့်မှန် အကြံမပက်စက်**

ဤ၌ မြင့်မြတ်သူတို့၏နှလုံးသားကို သင်အရင်ချိန်ကြည့်ပါ။

(က) မြင့်မြတ်သူသည် မိမိကိုယ်ကျိုးအတွက် သူတစ်ဖက်အသုံးမချပါ။

(ခ) မြင့်မြတ်သူသည် လောကစံအဆိုးတွေ့ တစ်ဖက်ရွှေ့မထားခဲ့ပါ။ တစ်ဖက်သို့ ထိုးပို့မထားသည့်အပြင် မိမိကပင် ဝင်ခံပေးမှာပါ။

(ဂ) မြင့်မြတ်သူသည် အကျိုးရှိရာကိုသာ တစ်ဖက်အား ညွှန်ပြနေမှာပါ။

(ဃ) တစ်ဖက်က အကျိုးယုတ်အလုပ်လုပ်နေက အမှန်းခံ၍ပင် ပြင်ပေးနေမှာပါ။

သည်အချက်များ သင်အဝေးပေါင်းပေါင်းခွင့်ရစဉ်ကပင် သင့်၌ ဗောဇ္ဈင်ရှိ သတိပွားအားရှိနေက တစ်လွှားချင်း သိသိနေတော့မှာပါ။

အကယ်တိတိ သင့်မှာ အမှုမဲ့အမှတ်မဲ့စိတ်ကို သတိဖြင့် ဖွဲ့ချည်မထားဘဲ စားရင်းမေ့၊ သွားရင်းမေ့၊ ပြောရင်းမေ့ တို့ဖြင့် အစွဲလေမွှေ့ရာ ဝေ့ဝဲဝဲ စိတ်ပြန့်ကျဲနေပါမူ ကိုယ်ထက်မြတ်နှင့် နဖူးတွေ့ဒူးတွေ့ ပေါင်းမိနေသော်မှ အမြတ်အမြတ်မှန်းမသိ၊ အမြတ်ထံမှ ရမည့် အခွင့်ထူး လက်ပူးလက်ကြပ်မိမည်ပင် မဟုတ်တော့ပါ။

သည့်အတူ သူတော်ကောင်းများနှင့် ပေါင်းမိနေလည်း အကောင်းကောင်းမှန်းမသိ မောဟမှိုင်းမိနေတော့မှာပါ။ ဤ၌ အမြင့်ဂုဏ် ပုံဖော်ပြလိုက်သည်နှင့် ယုတ်သော၊ နိမ့်သော အောက်လူ၏ပုံလည်း ပေါ်ပြီးသားဖြစ်နေမှာပါ။ အထက်နှင့်အောက် မိုးလောက်မြေပမာကွာဟနေလို့ပါ။ ကိုယ်နှင့်တန်းတူဆိုပါက ကိုယ့်အရှိလည်း ကိုယ်သိ၊ သူ့အရှိကိုယ်သိပြီးဖြစ်နေမှာပါ။ ထိုအခါ ပူဇော်ထိုက်သူ ပူဇော်ခြင်း မင်္ဂလာဆောင်ပြီးသား ဖြစ်နေတော့မှာပါ။

ထိုစဉ် သူပြုဖူးသော ကျေးဇူးသိ၊ သူ့ဂုဏ်အရှိ အာရုံပြု၍ ပူဇော်ပါ။ သူကြောင့် မိမိအကျိုးဖြစ်ပုံကိုကြည့် သူ့ကျေးဇူးသိသိနေပါ။ သူ့ကြောင့် မိမိအမှား မိမိမြင် မိမိ၌အကျိုးများသည်ကို ဆင်ခြင်ပေးပါ။

ပထမဆုံးသော ဤမင်္ဂလာအတွဲများကို လေ့လာကြည့်စမ်းပါ။ သတိသမ္မောဇ္ဈင်ကပင် ဘိသိက်မြှောက်၊ သတိသမ္မောဇ္ဈင်ကပင် သူ့အရှိ ရတနာလက်ဖွဲ့ ဖွဲ့နေသည်ကို သင်အတိုင်းသား မြင်ခွင့်ရပါပြီ။

## ၂။ ကဲ - ဒုတိယ မင်္ဂလာအသုတ် ပွဲထုတ် ကြည့်ကြဦးစို့

(၁) ဂေဟနှင့်၊ နေရာမှန် ဖြစ်၊ မဖြစ် စိစစ်ရွေးချယ်ခြင်း၊

(၂) မိမိအကျိုးများ တိုးပွားမှု ရှိ၊ မရှိ စိစစ် ရွေးချယ်ခြင်း၊

(၃) ရိုးသားမှု၊ စိတ်ဖြူ၊ မိမိအသက်နှင့်ထပ်တူထားခြင်း (သုံးပါး)

သည်မင်္ဂလာ အုပ်စုကြည့်လျှင် သတိပွားစည်းမှု မရှိ၊ မည်သို့မျှ မင်္ဂလာမဖြစ်သည်ကို သင်သဘောပေါက်ရမှာပါ။

စဉ်းစားကြည့်ပါ။

(၁) ပဋိရူပ မိမိနှင့်လိုက်ဖက်သော နေရာဖြစ်၊ မဖြစ်ကပင် သတိဖြင့်ရွှေ့ပြေးမလေ့လာ၊ သိနိုင်ဖို့ ခဲယဉ်းတော့မှာပါ။ ယင်းမှာ လူလိမ်လူကောက်များပေါများလှသောနေရာ၊ လူဖျင်း၊ လူဖျင်းများကွင်းလုံးပြည့်ရှိသောနေရာ၊ လူရှုပ်လူပွေများခြေချင်းလိမ်နေသောနေရာ၊ သည်နေရာမျိုး သင်စီးပွားရှာအရင်းပြုတ် အနုတ်လက္ခဏာ ပေါ်တော့မှာပါ။

နောက်တစ်ချက် မိမိစီးပွားရေးကဘီး၊ မှန်၊ ခေါင်းလိမ်းဆီမွှေးများ၊ နေရာရထားသည်က ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း အနီးအပါး။ နောက်တစ်ချက် ကုလားတန်း ငါးပိဆိုင်တည်၊ တရုတ်တန်း ဆားဒိုင်ဖွင့်၊ ယင်းတို့သည်လည်း လူမှန်နေရာမှန်မဟုတ်ပြန်သဖြင့် သင့်အတွက် စီးပွားမဖြစ်နိုင်ပါ။

နောက်တစ်ချက် နွားဖြင့် အလုပ်ဝင်နေရာ ကားပစ္စည်းထိုင်ရောင်းကာဖြင့် အသက်မွေးသောနေရာ နွားစားမြက်ချရောင်း။ ယင်းတို့သည်လည်း သင့်အတွက် မည်သို့မျှ စီးပွားမဖြစ်နိုင်ပါ။ သို့ကြောင့် နေရာပိုင်၊ အထိုင်မချမီကပင် ကြိုတင်ရွှေ့ပြေး ဗောဇ္ဈင်အရှုဝင်



www.burmeseclassic.com

www.burmeseclassic.com

သတိ၊ အသိတို့ဖြင့် သင်လေ့လာရေး ကွင်းဆင်းမှသာ မိမိနှင့် လိုက်ဖက်ရာ နေရာမှန် ဧကန်ရမှာပါ။ မယုံလက်တွေ့ စမ်းကြည့်ပါ။

**(၂) နောက် မင်္ဂလာပွဲလည်း အကဲကြည့်ပါဦး**

ပုဗ္ဗေစ ကတပုညတာ မိမိ၌ ရှေးရှေးဘဝက မြှုပ်နှံထားခဲ့သော ရှေးဘုန်း ရှေးကံရှိ နေရာ ဖြစ်, မဖြစ်၊ ထိုက်ထိုက်နေရာလိုက်, မလိုက်များလည်း ရက်တိုင်းစာရင်းလုပ်၊ လတိုင်းစာရင်းချုပ်၊ နှစ်ပြည့်သည်နှင့် အပေါင်း၊ အနုတ်လုပ်ကြည့်တတ်ရမှာပါ။ နောက်တစ်ခု တိုးတက်မှုရှိ၊ မရှိ လ-လချင်းယှဉ်ကြည့်၊ နှစ်-နှစ်ချင်း နှိုင်းချင့်ကြည့်နေမှသာ သင်သိခွင့်ရမှာပါ။ သည်မှာစာရင်းဖွင့်၍တေးတေး၊ အတွေးနှင့်ပဲမှတ်မှတ် ထိုအားလုံး သတိသမ္ပဇဥ်၏ အစည်းအရုံးများချည်းပါ။

သည်နည်းထုံးကို စည်းစနစ်ကောင်းသော စီးပွားရှာ မြန်မာများ အသုံးပြုလျက်ပါ။ ကြီးပွားတိုးတက်နေသော တရုတ်၊ ကုလားများနှင့် အခြားလုပ်ငန်းရှင်ကြီးများ သည်ထုံးလက်မလွှတ်ကြပါ။

သည်မှာ ကြီးပွားတိုးတက်နေသော သယ်န်းကျွန်းဈေးကြီးအတွင်းမှ တရုတ်ဆိုင်ရှင်ကြီးတစ်ဦးက သက်သေပါ။ ယင်းသည် မိမိ၏နေရာမှန် ဟုတ်၊ မဟုတ် တစ်နေရာရာတွင် သုံးနှစ်တိတိ အလုပ်လုပ်ကြည့်လျက်က အတွက်အချက်ဖြင့် စနည်းနာသူပါ။ ထိုအတောအတွင်း အိုးပိုင်အိမ်ပိုင်မထား အငှားနှင့်နေသူပါ။

သို့နှင့်ပင် ငါတို့သယ်န်းကျွန်းဈေးကြီးရောက်လာခဲ့ရာ သူ့အတိတ်က ဒါနထုပ်မြှုပ်ခဲ့ဖူးသော နေရာမှန်ဖြစ်နေသည်ကတစ်ကြောင်း၊ နေရာမှန် ကိုယ့်အထိုင်၊ ကိုယ်ပိုင်ပြန်ရသည်က တစ်ကြောင်း၊ ဒါနပြုစဉ်က ပွဲခံပရိတ်သတ်များက ဝိုင်းအားပေးနေကြသည်က တစ်ကြောင်း။ ထိုအကြောင်းများကြောင့် ရောက်ကတည်းက စိတ်အေးချမ်းမြ စိတ်အထိုင်ကျနေတော့တာပါ။

ဆိုင်ဖွင့်ကတည်းက ဝိုင်းအားပေးကြ၊ ငွေကြေးလည်ပတ်ခွင့်ရနေတော့တာပါ။ မိတ်ဟောင်းဝင်၊ မိတ်သစ်တိုးတစ်ဟုန်ထိုး တိုးတက်လာတော့တာပါ။

သို့ကြောင့် ထိုတရုတ်သည် သည်နေရာသူနှင့် အသင့်တော်ဆုံး ဆုံးဖြတ်ကာ သုံးနှစ်ပြည့်မြောက်သွားသည်နှင့် ကိုယ်ပိုင်အိမ်လည်းဝယ်၊- ဆိုင်ကိုလည်း တိုးချဲ့၊ ဆိုင်ရှင်ဘွဲ့ ခံယူတော့တာပါ။ ကဏန်းကိုင် အပိုင်ထား ကဏန်းသားစားရမှာပါ။ ဂဏန်းပိုင် အကိုင်မတတ် ကဏန်းညှပ်ပင်ခံရမှာပါ။ သတိသမ္ပဇဥ်ဝန်ထမ်း ထိုကဏန်း၏အစွမ်းပါ။

**(၃) နောက်ဆုံး မင်္ဂလာပွဲကိုလည်း အကဲကြည့်ပါဦး**

အတ္တသမာ ပဏိဓိ ကိုယ့်အသက်နှင့်ထပ်တူ မြတ်စိတ်ကို မွေးမြူပါတဲ့။ ဤ၌ မြတ်စိတ်ကို မွေးဖွားပေးသူသည် သတိကပါ။ ထိုစဉ် စွဲစိတ်က ဟိုသည်ကစား သတိက ထိန်းကျောင်းထား။ စွဲစိတ်က အာရုံအထားမှား သတိက အမှန်ဘက် မြားပြပေးထား။ သို့နှင့်ပင် စိတ်ရိုင်းစည်းမချိုး စိတ်ရိုးသားလာခြင်းပါ။

ထိုစိတ်က လူစိတ်နှင့် တိရစ္ဆာန်ဉာဉ်တို့အကြား ရိုးသားထားသည်နှင့် ကြံသောအကြံ တော်တည့်မှန်ကန်ရာကိုသာ အကြံရတော့မှာပါ။ ပြောသမျှအပြော သဘောရိုး မကျော်လွန်တော့ပါ။ လုပ်သမျှအလုပ်လည်း သူ့အကျိုးမယုတ်၊ ကိုယ်လည်း မဆုတ်ယုတ်ရာကိုသာပါ။

ထိုအခါ အများတကာယုံ လူကိုပင် ပုံအပ်ကြတော့မှာပါ။ သည်မင်္ဂလာအုပ်စုမှာ သည်အတ္တသမာပဏိဓိ မင်္ဂလာသည်သာ အညွှာပါ။

စဉ်းစားကြည့်ပါ။ နေရာကလည်း ဘယ်လောက်မှန်မှန်၊ လူခံများကလည်း ဘယ်လောက်မှန်မှန်၊ မိမိကသာ စိတ်ယုတ်ထား ထိုနေရာ ထိုလူများ အလကားဖြစ်မှာပါ။ နောက်ကြောင်းကံက ဘယ်လောက်အကွက်မှန်မှန် မိမိအကျင့်ဖောက်ပြန်နေပါက မည်သို့မျှ ကံထလူမဖြစ်နိုင်ပါ။

အကယ်တိတိ ရိုးသားဖြောင့်မှန်ခြင်း ဤအတ္တသမာပဏိဓိ ကိုယ်ကျင့်သိက္ခာ ကိုယ်၌မကွာ ပါနေပါသော် နေရာခံ လွဲသော်မှ မွဲပြောင်ပြောင် ထောင်မလဲစေရပါ။ နောက်ကြောင်းကံ အခံမပါသော်မှ အောက်စော်ကား မနံစေရပါ။

**၃။ ကဲ - နောက်မင်္ဂလာတစ်သုတ် ပွဲထုတ်ကြဦးစို့**

သည် တတိယမြောက် မင်္ဂလာဆောင်အတွဲများမှာ -

(၁) မျက်စိတံခါး၊ နားတံခါးကြားမှ ပညာသားများများ ရယူထားလိုက်ပါ။

(၂) မိမိနှင့်ဆိုင်ရာအတတ် လက်ထပ် သင်ယူပါ။

(၃) လူ့သိက္ခာဆိုင်ရာအခန်း သင်တန်းသွားတက်ပါ။

(၄) သူတစ်ဖက်၏ နားထွင်း မင်္ဂလာဖြစ်မည့်စကားချည်းသွင်းပေးပါ။ (လေးပါး)

-သည်မင်္ဂလာကောင်များကိုလည်း လေ့လာကြည့်ပါ။

(၁) သတိမပါ၊ သုတ၊ မုတအရာ မည်သို့မျှ မင်္ဂလာမဆောင်သာတော့ပါ။ စဉ်းစားကြည့်ပါ။ မျက်စိလျှင်နားပါး ဘယ်လောက်ပင် အားကောင်းနေပါစေ။ ဆင်ခြင်သိ သတိကင်းမဲ့နေပါက အမြင်သည်အမြင် မည်သို့မျှ ပညာမဝင်လာပါ။ အကြားသည်အကြား မည်သို့မျှ ပညာသားမတက်ပါ။ ဤ၌ လူကြီးနှင့် ကလေးငယ် လူမမည် ထိုနှစ်ဦးတို့ ပွဲအတူကြည့်ကြည့်ပါ။

ထိုစဉ် လူကြီးကသာ ဇာတ်ကောင်၏ဟန်နှင့်အသံကြည့် ဇာတ်ရည် ဇာတ်ကွက်အထိ အသိတိုးမှာပါ။ လူမမည်ကလေးကား သညာမမိ၊ သတိမပါပင်ကိုပါမျက်စိနှင့် နားတို့ဖြင့်သာ အကြည့်ထား အကြားအဝင်ခံသည် ကြောင့် အချို့ကလေး အမြင်နှင့်အကြား နောက် ယောက်ျား၊ မိန်းမလောက်သာ သိမှာပါ။ အချို့ကလေး အမြင်နှင့် အကြား မျက်စိ၊ နား ကစားရုံနှင့်ပြီးမှာပါ။ ဤ၌ သတိသမ္ပဇဉ်ဝင်သူနှင့် မဝင်သူတို့၏ သုတမင်္ဂလာ ထူးခြားချက်ပါ။ သတိသမ္ပဇဉ်ပွားသူများဘက်က အားသာချက်ပါ။

(၂-၄) သည်မှနေ အတတ်ပညာရှာမှီးရာ၊ သိက္ခာတင် သင်တန်းတက်ရာ၊ ချိုသာသောစကားပြောတတ်ရာ ထိုမင်္ဂလာသုံးပါးတို့ကို ဆက်လေ့လာလျှင် သတိမသုံး လုံးလုံးမှ မင်္ဂလာဆောင်မရသည်ကို ဒက်ထိသိရမှာပါ။ စဉ်းစားကြည့်ပါ။

(၂) အတတ်ပညာ သင်ကြားရာမှ သညာအမှတ်ဖြင့်သာ ကျက်ပါက ကျက်တုန်းသာအကျက်၊ ပြီး အစိမ်းပြန်ဖြစ်သွားတာချည်းပါ။ သည်နေရာ သညာအစား သတိကြားဝင်ပြီး အကျက်ခိုင်းကြည့်ပါ။ အမြင်နေသတိက သင်းထင်းမြင်ကြား စာလုံးနှင့် စကားကို မှတ်သားပေး။ အတွင်းကနေ သင်္ခါက ဘာကိုဘယ်လို ဆိုသော သဘောအချက်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်ပေး။ သည်သို့သာ သတိက အပြင်ရော အတွင်းပါ ညှပ်ဖမ်းပေးပါသော် အသိဉာဏ်လည်း အထဲဝင်၊ အပြင်ထွက် အားလုံး အကျက်ချည်း ဖြစ်မှာပါ။

ကျက်တုန်းလည်း စာစကားထွက် အချက်အမိဖမ်းမိနေသဖြင့် အကျက်ပါ။ ပစ်ထားလည်း ဉာဏ်တွင်းကိန်း ထိန်းပြီးဖြစ်နေသဖြင့် အကျက်ပါ။ သည်နည်းကို တိပိဋကဆရာတော်ဦးဝိစိတ္တ အသုံးချသွားတာပါ။ ကြားဖူးသည်မှာ-

ဆရာတော်သည် ပိဋကသုံးပုံ နှုတ်ငုံဆောင်တော်မူရာတွင် သူဆိုလိုချက် အဓိပ္ပာယ်နက်ကို အတွင်းနေသတိက ထင်ထင်ထင်းထင်း ဆင်ခြင်ဉာဏ်ဝင်ပြီး ပေးနေသောကြောင့် ကျက်စာအုပ်ထဲမှ တစ်ရွက်အရကုပ် ထိုစာတစ်ရွက် ဆုတ်ပစ်ထားခဲ့တာပါ။ ဆယ်ရွက်အရကုပ်မိက ထိုဆယ်ရွက်စလုံး ဆုတ်ပစ်ပြီးသားပါ။ တစ်အုပ်လုံးပြီးဆုံး ထိုစာအုပ် ပလ္လင်ဖုံးချည်း ကျန်နေခဲ့တာပါ။

ညီတော် အာနန္ဒာလည်း ဘုရားဟောပြသမျှ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မှတ်သိ ကြံသိ သည်သတိဖြင့် ဆောင်ခဲ့တာပါ။ သည်သို့သာ စာအဖတ်တင် ကျက်ချည်းဝင်နေပါသော် သင်လည်းပဲ စာပေပညာရှင်အဖြစ်ဖြင့် မင်္ဂလာယူခွင့်ရမှာပါ။

(၃) စည်းကမ်းလမ်းကြောင်း ကောင်းကောင်းသင်၊ ဤမင်္ဂလာမှာလည်း မိမိလုပ်မည့်အလုပ်ခွင်စည်းကမ်း သင်ယူခြင်းလည်းပါမှပါ မိမိအတွက် လူ့စည်းကမ်းကျင့်ဝတ်သင်ယူခြင်းက အဓိကပါ။

သည်ပညာသင်ယူခန်းမှာလည်း သညာမှ ပညာ သတိကြားဝင်ပေးမှ တစ်ဖက်ကမ်းခပ်တက်မှာပါ။ သညာက ဝေဒနာနှင့် ဝိညာဉ်ကြား ပေါင်းကူးပေးရုံပါ။ သတိကသာ အမည်နှင့် အဓိပ္ပာယ်နယ် ဖလှယ်ပေးနိုင်တာပါ။ သည်မှာ အပြင်နေ မှတ်ချက်ယူသတိက အမည်ဖော်ပေး ခေါ်ပေးပေး အတွေးနေ ဆင်ခြင်သတိက အဓိပ္ပာယ်ဖော် အခေါ်အဝေါ်နှင့်တွဲပေး။

သို့နှင့်ပင် အချို့ဥပဒေပညာရှင်အဖြစ်ဖြင့် မင်္ဂလာပွဲဝင်နေကြရတာပါ။ အချို့သိက္ခာရှင်အဖြစ်ဖြင့် မင်္ဂလာပွဲဝင်နေကြရတာပါ။ သင်လည်းပဲ သညာအသိ သတိဖြင့် ဖီအားသုံး လုံးပန်းတတ်ခဲ့ပါလျှင် ဥပဒေပညာရှင်၊ သိက္ခာရှင်အဖြစ် ဖြင့် မင်္ဂလာဝင်ခွင့်ရမှာ ဧကန်ပါ။

(၄) ပီယဝါစာ ချိုသာစကား ပြောကြားတတ်ရန်မှာလည်း ဉာဉ်ဇရိုင်းအကြမ်းကြောင့် ပြောနေကျ စကားကြမ်း မထွက်မီ စိတ်ကို သတိက ထိန်းကျောင်း စိတ်အကူးကို ပညာဖြင့် ရေလောင်းပေးထားမှသာ နဂိုဉာဉ်ကွယ်ပျောက် ပညာရှင်ဉာဉ် ဝင်ရောက်လာမှာပါ။

အကယ်၍များ သတိမရှိ လူလုံးချည်း ငုံးတိတိ အမှုမဲ့အမှတ်မဲ့နေပါမူ ဖြုန်းခနဲ ဝင်လာသော သူ့အသံသူဟန်ကို ဖြုန်းခနဲပင် ဆက်ဆံမိတော့ရာ နဂိုဉာဉ်အထားကြမ်းအတိုင်း စကားကြမ်းချည်းထွက်မှာဧကန်ပင်။

ယင်းကို ယနေ့ခေတ်သုံးစကားအရပြောရပါမူ ဘုကျသူ၊ ဆက်ဆံရေးမပြေပြစ်သူ အမင်္ဂလာထဲထိုးကျသွားတော့မှာပါ။ သို့ကြောင့် သည်မင်္ဂလာမှာလည်း သတိသမ္မောဇ္ဈင် အမျှင်တန်းဖြင့် ပါးစပ်ရွှေလမ်းဖောက်၊ မင်္ဂလာပွဲဝင်ရောက်ကြရမှာပါ။ သတိသည် လူ့အသက်၊ သတိသည် စိတ်အစာဆိုသည်ကို မမေ့သင့်ပေ။

## လူ့အသက်သည် သတိ

အကျိုးမရှိ၊ မရှိ သုတတွင် သတိဝင်မကြည့် မည်သို့မျှ မသိနိုင်။

အပြစ်ကင်း၊ မကင်း သုတတွင်း သတိသွင်းမကြည့်၊ မည်သို့မျှ မသိနိုင်။

အကြောင်းခံနှင့် အကျိုးဖြစ် သုတ၌ သတိဆစ်မကြည့် မည်သို့မျှမသိနိုင်။

သည်မှာ စကားမစပ်သော ကြားညှပ်စကား နားသွင်းခွင့်ပြုပါ။ လူသည် တိရစ္ဆာန်ကောင်များကဲ့သို့ ရိုးရာဂတိ၊ သညာသိဖြင့် နေ၍မဖြစ်ပါ။ ဟိုဝေ့သည်နား စိတ်ကစားရာ၌ မလိုက်စားသင့်ပါ။ လိုက်စားနေပါသော် တလူလူဝင့်၊ တလွင့်လွင့်တက်သို့ မည်သို့မျှ ခရီးဆက်မရလို့ပါ။

သို့ကြောင့် လူနှင့်သတိ၊ သတိနှင့်လူ အတူတူရှိနေစေရမှာပါ။ သတိမပါယခုလည်း လူ့အရာမဝင် နောင်တွင်လည်း လူ့အစဉ်တို့ဘက် ဆက်မတက်နိုင်တော့လို့ပါ။ စဉ်းစားကြည့်ပါ။ တိရစ္ဆာန်ဘဝတစ်ရာမှမှ လူ့အဖြစ်က တစ်ဘဝတည်းသာပါ။ ကမ္ဘာမြေ ခြေချစကတည်းက တိရစ္ဆာန်က စခဲ့ရလို့ပါ။

သို့ကြောင့် လူဆိုသော်မှ ယခင်တိရစ္ဆာန်ဉာဉ်လိုက်များက ပါနေမှာပါ။ ကြိုက် ကြိုက်သလိုလိုက်၊ တိရစ္ဆာန်တို့ရဲ့ ဉာဉ်အလိုက်ပါ။ မုန်း မုန်းသလိုတိုက် တိရစ္ဆာန်တို့ရဲ့ဉာဉ်အလိုက်ပါ။ မသိ မသိသလိုမိုက် တိရစ္ဆာန်တို့ရဲ့ ဉာဉ်စရိုက်ပါ။ ထိုစိတ်ရိုင်းသုံးမျိုးသဏ္ဌာန်နှင့် စိတ်အကြား အစွဲအဖြစ် တိုးဝင်လိုက်ပါနေချေရာ သတိနှင့်မှ စိတ်ကို မထိန်းကျောင်း လူ့ဟောင်းလောင်းပါ။ အသိနှင့်မှ စိတ်မပေါင်း လူကောင်းဖြစ်မလာနိုင်လို့ပါ။

ဆိုခဲ့ပြီး မင်္ဂလာပွဲများကြည့် ရိပ်မိကြမှာပါ။ ကျီးတစ်ကောင်သည် စားရာမှာတောင် သတိမလွှတ်မထား၊ စားရင်းကပင် ရန်သူကိုလည်းကြည့်၊ အစာကိုလည်း စား တစ်ခါတည်း နှစ်လုပ်ပြီးသွားသော အကျင့်ကျင့်နေသေးလျှင် သင်ဆိုသောလူသည် ကျီးတိရစ္ဆာန်များထက်ပို၍ပင် သတိရှိနေရမှာပါ။

အကယ်တိတိ သင်သည် သတိအထိန်းမဲ့၊ စိတ်ပေါက်လွှတ်ပဲစား ပစ်ထားမိပါလျှင် ယခုလည်း လူ့စိတ်ရပ်စဲစွဲစိတ်ကသာ သရဲစီးနေတော့မှာပါ။ နောင်တွင်လည်း စွဲရာမှာ ဘဝရ လူ့နောက် အောက်ပြန်ရောက်ရတော့မှာပါ။ မည်သူမျှ ချမ်းသာမဲ့သော ပြိတ္တာဘဝမရလို မရောက်လိုကြပါ။

သို့တစေလည်း ကြိုက်စွဲငြိ ပြိတ္တာအလှည့် ခွဲတန်းကျမှာပါ။ သည့်အတူဒေါသဖမ်း၊ ငရဲခန်းတန်းဝင်ရမှာပါ။ မောဟမဖယ် အစွဲသိဖြင့် အာရုံဖလှယ်မိပါသော် ကြက်စွဲက ကြက်ထဲရောက် ကြက်တော်ကောက်ခံကြရမှာပါ။ ဝက်စွဲက ဝက်ထဲပါ ဝက်အရိုက်အရာ ခံယူကြရမှာပါ။

ဗမာကဗမာလို၊ မွန်ကမွန်လို၊ ရှမ်းက ရှမ်းလို သည့်အတူအခြား အခြားများကလည်း အခြားများလို အခေါ်အဝေါ်မှည့် သညာသိဖြင့်သာ ခရီးဆုံးနေကြပါငြားသော်၊ ထိုအမည်ခံများ၏ ခန္ဓာခင်းအတွင်းထားများကို အကြောင်းမသိတော့သောကြောင့် အကျိုးပေးကားအမည်ဆွဲရာငြိ၊ အစွဲခေါ်ရာပါ။ ထိုသူများ အစာလောက်သာစားသဖြင့် ရန်သူဖမ်းစားခြင်းခံရမှာ ဧကန်ပါ။

ဤ၌ သတိအကွန့်တက် ရေးချက်ဖော်ပြနေခြင်းမှာ ဆိုခဲ့ပြီး မင်္ဂလာများ၌ သတိသမ္မောဇ္ဈင်တစ်ပါးသာ ပွားခွင့်ရသေးသည်ကို သိစေလိုလို့ပါ။ သတိအသက် လူနှင့်မကွာ ဘုရားသွား၊ ကျောင်းတက် နေရာတကာ တွဲဖက်စေလိုလို့ပါ။

ကဲ - ရွှေမင်္ဂလာအသုတ်ပွဲထုတ်ကြရအောင်ပါ။

**၄။ သည်မင်္ဂလာဆောင်ပွဲမှာ -**



www.burmeseclassic.com

www.burmeseclassic.com

(၁) မိအို၊ ဖအိုများကို လုပ်ကျွေးမွေးမြူ။

(၂) သားသမီး၊ ဇနီးမယားများကို ချီးမြှောက်ထောက်ပံ့။

(၃) အရှုပ်အထွေး အငြိအစွန်းမရှိမည့်အလုပ်မျိုး ရွေးလုပ် (၃ ပါး)

သည်မှာလည်း သတိမပါ ပွဲမပြီးပါ။ စဉ်းစားကြည့်ပါ။

(၁) မိအို၊ ဖအိုများ လုပ်ကျွေးမွေးမြူရမည်လို့ သာမန်ဆိုထားသော်မှလည်း လုပ်ကျွေးသင့်ရာ ချိန်အခါကို သတိဖြင့်အမြဲကြည့်နေရမှာပါ။ သင့်၊ မသင့်အစာကိုလည်း သတိဖြင့်အမြဲကြည့်နေရမှာပါ။ တော်၊ မတော် အသုံးအဆောင်များကိုလည်း အမြဲကြည့်ပေးနေရမှာပါ။ လုပ်ကျွေးမွေးမြူမှုများ ပြီးပြီးရောမဟုတ်ကြပါ။ လူအိုလူမင်းများ၌ သွေးကုန် ခြင်ဆီခန်း ကလေးလမ်း ပြန်ဝင်နေကြလို့ပါ။

(၂) သားသမီးများကိုဖြစ်စေ၊ ဇနီးမယားကိုဖြစ်စေ ထောက်ပံ့ရာ၌လည်း အချိန်အခါကြည့် တည့်၊ မတည့်ချိန် သတိအငြိမ်မနေရပါ။ ငိုတိုင်း မုန့်ကျွေး၊ ချွဲတိုင်းလိုက်လုပ် မဟုတ်စေရပါ။ သည်နေရာမှာ စကားညှပ်တစ်ခု ကပ်ပိုးပြောခွင့်ပြုပါ။

သတိသည် လူ့အသက်။

စည်းကမ်းသည် လူ့တန်ဖိုးပါ။

လူတွင် တစ်ပိုင်တစ်နိုင် တစ်ဦးချင်း စည်းကမ်းရှိကြလျှင် တစ်မိသားလုံးစည်းကမ်းရှိလာကြမှာပါ။ မိသားစုတိုင်း စည်းကမ်းရှိနေကြလျှင် တစ်မျိုးလုံး စည်းကမ်းရှိနေကြမှာပါ။

စည်းသည် အပြင်ဒဏ် မဝင်သာရန် အကာအရံပါ။

ကမ်းသည် အတွင်းပေါ် မှန်သမျှ ကမ်းကျော် မတက်ရန်ပါ။

သည်သို့သာအပြင်မချိုး အတွင်းရိုးမကျော် အနေတော်ဖြစ်နေကြပါမူ ရှာသလောက်စုမိ ရှိသလောက်ပင် အဖတ်တင်နေတော့မှာပါ။ ထိုအခါ စီးပွားတောင့်တင်း မင်္ဂလာအခါတွင်း ဝင်ခွင်ရကြမှာ ဧကန်ပါ။ သည်မိသားစုရှိသောနေရာမျိုး ကျက်သရေတိုးမှာ အမှန်ပါ။ သည်လူမျိုးစုများသော တိုင်းပြည်ဂုဏ်သရေတည်နေတော့မှာ အမှန်ပါ။

ယနေ့ ကမ္ဘာကို လှမ်းကြည့်။ သည်စကား ဒဏ်ထိမှန်ကန်နေမှာပါ။ သို့ကြောင့် သားသမီးများ ထောက်ပံ့ရာ၌ အရွယ်နှင့်အလိုက် ထိုက်တန်စွာ ထောက်ပံ့တတ်ကြရမှာပါ။ အချိန်နှင့်ချင့်၍ သင့်တင့်စွာ ထောက်ပံ့တတ်ကြမှာပါ။ ပွဲဝင်နှင့်အိမ်နေ နှစ်ထွေခွဲခြား စည်းထားဆောင်ရွက်ရမှာပါ။ ကျောင်းသုံးနှင့် အိမ်သုံး နှစ်ထုံးစည်းခြားထားတတ်ကြရမှာပါ။ အလုပ်ဝင်နှင့်အပြင်သွား စည်းခြားဆင်ယင်ရမှာပါ။ ဇနီးမယားဝတ္တရားလည်း ထိုနည်းမခြားထားတတ်ရမှာပါ။

ဤဆိုခဲ့ပြီး မိဘလုပ်ကျွေးခြင်းမင်္ဂလာနှင့် သားနှင့် သမီး၊ ဇနီးသည် မိသားစုချီးမြှောက်မှု မင်္ဂလာနှစ်ပါးတို့ကို သတိထားကြည့်ပါ။ သတိလက်တင် သမ္ပဇဉ်မဝင် မည်သို့မျှ မင်္ဂလာမဝင်နိုင်ပါ။ သည်မှာ သတိလက်ပွားသမ္ပဇဉ် စကား ဆက်စဉ်းစားပါ။ ယင်းမှာ -

(၁) အကျိုးရှိ၊ မရှိ ခွဲခွဲခြားခြား သိတတ်နေခြင်းပါ။

(၂) သင့်၊ မသင့် ခွဲခွဲခြားခြား ချင့်ကြည့်နေခြင်းပါ။

(၃) မိဘနှင့် မိသားစုတို့အကြား သတိကျက်စားနေခြင်းပါ။

(၄) အဖြစ်မှန် အတွင်းခင်း ရှင်းရှင်းလင်းလင်း သိသိနေခြင်းပါ။

ယင်းလေးမျိုးတို့ကိုပင် သမ္ပဇညတရားလေးပါး ဆိုတာပါ။

သင်သည် သတိထွတ်တင် ထိုလေးမျိုးတို့ဖြင့် ဓင်္ဂလာမဝင်ပါသော် မိဘတို့ဘက်မှာလည်း ကျေးဇူးသိမင်္ဂလာမဲ့နေတော့မှာပါ။ သားသမီးတို့ဘက်မှာလည်း ကိုယ်ချင်းစာသိမင်္ဂလာမဲ့နေတော့မှာပါ။ ဇနီးမယားဘက်မှာလည်း တန်းတူထား မင်္ဂလာမဲ့နေတော့မှာပါ။ သို့ကြောင့် သည်မင်္ဂလာများမှာလည်း သတိက အခရာပါ။

**(၃) နောက်မင်္ဂလာ အကဲကြည့်ကြရအောင်ပါ။**

ဤမှာလည်း စကားညှပ်တစ်မျိုး ပိုးပြောခဲ့ပါရစေပါ။ ဘဝတစ်ခုတစ်ခုကို အရွယ်ဖြင့် ပိုင်းဆစ်ကြည့်သောအခါ လူမမည်အပိုင်း၊ အရွယ်ရောက်အပိုင်း၊ လူကြီးပိုင်း၊ လူအိုပိုင်းရယ်လို့ လေးပိုင်းတွေ့ကြရမှာပါ။

သည်မှာ ဆယ်နှစ်သက်တမ်းအတွင်းရှိ လူ့ဘဝသည် သွေးသားများ၏ အဆီအနှစ်ဖြစ်သော ခြင်ဆီအားခဲများ ရိုးတွင်းများဝယ် တင်းတင်းပြည့်အထိ မတိုးတက် ရင့်လည်းမရင့်ကျက်သေးပါ။ ဦးခေါင်းပိုင်းရှိ ဦးနှောက်များကလည်း တင်းတင်းပြည့်အထိလည်း မတိုးတက်၊ ရင့်လည်းမရင့်ကျက်သေးပါ။

နောက်တစ်ခု ဘဝကို ပံ့ဖော်ပေးမည့် နှလုံးသားများနှင့် အတွင်းကန့်နေအသည်း၊ သည်းခြေ စသည်များကလည်း အဆီမတက် မရင့်ကျက်သေးပါ။ သို့ဖြစ်ရာ ဘဝအခြေတည်စ ထိုကာလ၏ရုပ်ဓာတ်၊ စိတ်ဓာတ်များ အနှစ်ဗလာ အကာမျှဖြစ်နေချေရာ ယင်းတို့ကို အကာလေးများဆိုရပါမည်ကို သူ့အလုပ်ဖြင့် သရုပ်ထုတ်ကြည့်ပါ။

ထိုအကာလေးများသည် (ထိုကလေးများသည်) စီးပွားဖြစ် အနှစ်မထုတ်၊ ကစားခြင်းအလုပ်ဖြင့်ပင် အချိန်ကုန်တာပါ။ အကျိုးဖြစ်အနှစ်မထုတ်၊ အိပ်စားအလုပ်ဖြင့်ပင် ပြီးစီးကြတာပါ။ စိတ်ကလည်း အတွေးဝင် ထင်ရာတွဲဆွဲရာပါ အကာမျှသာပါ။ သို့ကြောင့် ယင်းကာလများကို ကလေး၊ ကလေးမ (အကာ၊ အကာလေးများ)လို့ပဲ ကင်ပွန်းတပ်ခဲ့ပါ။

တစ်ဖန် အရွယ်ရောက်ပိုင်းတိုးကြည့်ပါ။ ဆယ်နှစ်မှကျော်၊ နှစ်ဆယ်ပေါ် သို့ လျှော်ဝင်လာကြသောအခါ ခြင်ဆီအားကောင်း၊ အနှစ်များ ဦးနှောက်အထိ ဆောင်းလာတော့ရော ကိုယ်နေသွက်လက် စိတ်ကလက်ဖြင့် အပျော်ကူးအမြူးဝင်လာတော့တာပါ။ အပျံသင်၊ အပြေးကြား လွှားကြည့်နေသော အရွယ်မျိုးပါ။

ထိုအခါ သားစားမုဆိုများ အချောင်းမြောင်းခံ၊ အချိန်ခံကြရမှာ ဧကန်ပါ။ အချို့ ပစ်ခတ်ခံရသည်အထိပါ။ သို့ကြောင့် ထိုအရွယ်ရောက်ပိုင်း ဘဝတစ်စိတ်ကို ကာလသား ကောင်လေးများဖြစ်လာကြခြင်းကြောင့် ကောင်လေး၊ ကောင်မလေးများ (သားကောင်လေး၊ သားကောင်မလေးများသို့) အမည်ပေးခဲ့ပါ။

ထိုမှနောက် လူကြီးပိုင်းထဲသို့ ဘဝတစ်စိတ် ကူးဝင်သွားသောအခါ အိမ်ထောင်သည်ဘဝ အခြေကျ ကိုယ်ပိုင်ဘဝ ထူထောင်ခွင့် ရရှိသွားတော့ရာ ကိုယ်ပြုစုခဲ့မိသော အတိတ်ကံပေး အကျိုးများလည်း ကိုယ်ကြိုးစား ကြိုးစားသလောက် တလွင့်လွင့်အောင်လံထူ တလူလူထိုးတက်လာမှာ ဧကန်ပါ။

အိမ်ထောင်သက် ဆယ်နှစ်လွန်မြောက် အိမ်ထောင်ကျကာလ တစ်ဆယ့်ငါး၊ တစ်ဆယ်ခြောက်များအထိ ခရီးပေါက်လာသောအခါ ဘဝအကျိုးပေး အထူးကောင်း၊ စီးပွားရေးလည်းအားလုံး အခြေကောင်းကြောင့် လုပ်ပြမှုနှင့်ပြီးစီး ဘဝခရီးလက်တင်စီး ဖြစ်လာတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် ထိုအိမ်ထောင်သည် အရွယ်ပိုင်းကို လူကြီးလူကောင်းဆိုသော ဘွဲ့ထူးဆွတ်ခူးပြီးသားပါ။ သည်လောက်နှင့် မပြီးသေးပါ။ ထိုသူများ ကိုယ်ပိုင်သော အိမ်ထောင်စုတစ်ခုလုံး၏ ရှေ့သွားဦးစီး ဖြစ်လာသောကြောင့် အိမ်ထောင်ဦးစီးအမည်လည်း ခံယူပြီးသားပါ။ သည်လောက်နှင့်လည်း မပြီးသေးပါ။ ထိုသူများ ထိုအိမ်ထောင်စုတစ်ခုလုံးအပေါ် အစိုးတရ အုပ်စီးခွင့်ရနေသောကြောင့် လူကြီးမင်းအမည်လည်း ထပ်ဆင့်ပါမှာပါ။

သည်အချိန် ဘဉ်ဇများ တစ်ကျော့ပြန် ကာလသား နှစ်ခါပြန်ဖြစ်လာဦးမည်ကို အထူးသတိပြုရမှာပါ။ သည်နေရာ အတိတ်က ကောင်းမှုပြုခဲ့ပုံကို ယခု အကျိုးပေးများနှင့် ဆုံပေးကာ အတွေးတစ်ခု ဝင်ကြည့်ပါ။

လူများ ဒါနကောင်းမှု (သီလကောင်းမှု) ပြုလေ့ရှိကြရာ၌ ဝိပဿနာဉာဏ်၊ လက္ခဏာအမြင်သန်သောဉာဏ်များအထိ မဝင်ရောက် မကျက်စားဘူးသူမှန်သမျှ ကောင်းမှုတော်ပွဲခင်းခန်းစောင့်ဉာဏ်ထားခြင်း အချဉ်းကင်းမဲ့နေတတ်ကြပါရာ ကိုယ်ကိုယ်တိုင်၊ ကိုယ်ပိုင်ကောင်းမှုပြုနေပါလျက်က ဉာဏ်ဖြင့် ဒိဋ္ဌိစွဲ စေတနာထဲ ဝင်ရောက်လာမှာဧကန်ပါ။

ဉာဏ်ဖြင့် ကာမတဏှာကို ဖြတ်တား တားမပေးခြင်းကြောင့်လည်း ပွဲခံလာရောက်သူများက ဘယ်သူတွေ၊ဘယ်သူတွေလည်းပါမှာပါ။ ဘာအသုံးအဆောင်၊ ဘယ်လိုပုံစံဖြင့် ဧည့်ခံလိုက်သည်ဆိုသော ဝတ္ထုအာရုံများအပေါ် တဏှာအလျှော်လည်းပါဦးမှာပါ။

ငါ၊ သူ၊ ကြားဝတ္ထု၊ အာရုံထိုသုံးခုတို့ဆုံမိကြစဉ် ငါ့ဘဝ နောင်ကောင်းစားရေးလိုလားတွေးများလည်း ဝင်လာဦးတော့မှာ ဧကန်ပါ။ အရင်ဘဝက မလှူမိခဲ့လို့ သည်ဘဝဆင်းရဲနေတာ၊ သည်ဘဝလှူမှ နောင်ကောင်းစားမှာ စကားက သက်သေခံပါ။

သည့်နောက်ပွဲဧည့်သည်များကို လိုလိုလားလား ဆီးကြိုဧည့်ခံမှုကလည်း နောက်လိုက်ဝင်လာဦးမှာပါ။ သည့်နောက် ပွဲခံအဖြစ် ပွဲကျင်းပထားသော အသုံးအဆောင်များနှင့် ပွဲကျင်းပပုံ မြင်ကွင်းများကြည့် သာယာနှစ်သက်မိသည်ကလည်း ထပ်တိုးဝင်လာဦးတော့မှာပါ။

စဉ်းစားကြည့်ပါ။ ကုလားသည် အမဲသားဟင်းကို လိုလိုလားလားစားသုံးတတ်ရာ ထိုကုလားအလှူဆိုက အမဲသားဟင်းမပါ ပွဲမဖြစ်ပါ။ တရုတ်သည် ဝက်သားဟင်းကို လိုလားနှစ်သက်တတ်ရာ ထိုတရုတ်အလှူဆိုက ဝက်သားဟင်းက ရှေ့တန်းပါပမာ။

လူတိုင်းလူတိုင်းတို့သည်လည်း ကောင်းမှုပြုတိုင်း ကိုယ်ကြိုက်ရာအကောင်းထင်နှုန်းအတိုင်း ကိုယ်ကြိုက်ရာအသုံးအဆောင်များဖြင့် ကိုယ်ပိုင်ဘဝအဖြစ် ယခုလို အကျိုးပေး အလှည့်ကျရောက်လာသောအခါ ငါ့ဘဝအတွက်ဆို တစ်လိုပြီးတစ်လို အလိုစပ်ထပ်နေမှာဧကန်ပါ။ လူတူ၊ လိင်ကွဲများအပေါ်၌လည်း တစ်လိုပြီးတစ်လို အလိုကွဲဆွဲဆန့်သလောက် ဆုံးမည်မဟုတ်တော့ပါ။

ငါ သူအကြား ဝတ္ထု၊ အာရုံထားများအပေါ်၌လည်း တစ်လိုပြီးတိုင်း တစ်လိုပေါ် တော်ပြီ ဟူ၍ပင် ဆိုမရကြပါ။ ဤသည်မှာ စေတနာအကျိုးပေး ဒိဋ္ဌိတဏှာ့ ထပ်ပိုးကြေးများ ကပ်ပါးပိုးပမာ အဝင်ခံထားခဲ့ကြရာ အလှူပြုစဉ်တုန်းက ဤစေတနာနှင့် ဤစိတ်ထားများအတိုင်းပင် အကျိုးနှင့်အဆိုး ဤ၌ ထမ်းပိုးထမ်းတိုးဝင်လာခြင်းပါ။

ဒါန၏ ပင်ကိုသတ္တိသည် စွန့်လွှတ်ခြင်းပါ။ ပစ္စည်းကိုလည်းစွန့်၊ စိတ်မှ ငါ့ပစ္စည်းစွဲကိုလည်း လွှတ်ချခဲ့ခြင်းပါ။ သို့ပါလျက် စေတနာဉာဏ်စောင့်မကူ၊ ကံသက်သက်ဖြင့်ပင် လှူဒါန်းမိခဲ့ကြရာ ဒိဋ္ဌိတဏှာများ ဆစ်ပိုးကိုက်လိုက်ပါနေခြင်းကတစ်ကြောင်း အကျိုးသတ္တိကပင် ကာမဘုံနှင့်သာ လက်ဆုံခွင့်သာရှိသည်က တစ်ကြောင်း။

ဤအကြောင်းခံ နှစ်ပါးတို့ကြောင့် အကျိုးပေးကလည်း လူ့ဘဝနှင့်နတ်ဘဝ ကာမဘုံမျှသာပါ။ ခံစားရာကျတော့လည်း အလိုပေါ် အလိုတက် ကာမကွက်သက်သက်ပါ။ သို့ကြောင့် ထိုကောင်းမှုကုသိုလ်ကို ကာမာဝစရကုသိုလ် (လိုလားစိတ် ကျက်စားရာကုသိုလ်) အမည်ရခြင်းပါ။ ငါ့လို၊ သူ့လိုအာရုံလိုတို့ မှိုပေါက်လာနေခြင်းကြောင့်လည်း ကာမကုသိုလ်အမည်ရလာခြင်းပါ။

နဂိုကမှ ကာမကျက်စားခွင့်ရအလှူဖြစ်နေရသည့်အထဲ စွန့်လွှတ်မှုအလှူဝယ် ငါသူ ဝတ္ထုအစွဲကြောင့် ဒိဋ္ဌိနှင့် တဏှာတို့ကပါ အကူဝင်လာသောအခါ အကျိုးဘယ်လောက်ပေးပေး အလိုလေး တ,နေဆဲဖြစ်နေတော့မှာပါ။

ခံစားခွင့်ဘယ်လောက်ရရ အားရပြီ၊ တော်ပြီစကားမထွက်တော့ပါ။

သို့ကြောင့် ယခုကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်ခန္ဓာများ လွင့်လွင့်ထူ လူလူအောင်ပွဲခံနေချိန် သူငယ်ပြန်သရုပ်ပျိုး၊ ကာမ ဂျိုထိုးသော ထိုဇာတ်ကလေးတစ်ခု ရုတ်တရက်ဝင်လာတော့မည်မှာ ဧကန်ပါ။ ယင်းမှာ လိင်ရှုပ်ထွေးလာခြင်း၊ လောင်းကစားဖြင့် ရှုပ်ထွေးလာခြင်း၊ အပေါင်းအသင်းများဖြင့် ရှုပ်ထွေးလာခြင်း စသည်များပါ။

သည်နေရာ သတိအခံ၊ ဉာဏ်မရှိသူများ အထိအနာဆုံးပါ။ စိတ်ကို သတိက ကြီးကိုင်၊ အသိဉာဏ် (ဆင်ခြင်ဉာဏ်) က ခြံလှောင်ပေးမရှိသော ထိုစိတ်ပိုင်ရှင် စီးပွားရေး ဒီရေတက် ကမ်းရိုးပျက်တော့မှာပါ။ အခြွေအရံဝိုင်းလည်းတိုး စည်းများပါကျိုးတော့မှာပါ။ အများတကာ ဝိုင်းမြှောက်ပင့် လေထဲလွင့်နေတော့မှာပါ။ သူခမုန်တိုင်းတိုက် စိတ်ပင်စည်မခိုင်သဖြင့် ယိုင်လဲကျမှာပါ။

လူကြီးလူကောင်း အမည်ခံပြီးကာမှ သည်အဖြစ်မျိုး သင်တိုးမိမှားခဲ့ပါသော် စီးပွားရေးလည်း ဆုတ်ယုတ်၊ အများတကာ၏ အပုပ်ချလည်း ဧကန်ခံရမှာပါ။ သည်လောက်နှင့်လည်း မရပ်သေးပါ။ အိမ်တွင်းရေးအငြင်းပွား တကွဲတပြားအထိ အထိနာမှာပါ။ ရင်နှစ်ခုစပ်တူထား မွေးဖွားလာသော သားသမီးများ မျက်နှာငယ်ရမှာပါ။ သည်လောက်နှင့်လည်း မရပ်သေးပါ။ အဖတ်တင်ပြီး စီးပွားတွဲလည်း ကစဥ့်ကလျား ခေါင်းကွဲပျက်ပြားသွားသည်အထိ အထိနာတော့မှာပါ။

ယင်းမှာ သတိသမ္ပဇဉ် မပါ၍ မင်္ဂလာမဲ့သွားခြင်းပါ။ သတိသမ္ပဇဉ်ပါမှ သည်မင်္ဂလာအောင်မှာ ဧကန်ပါ။ သည်နေရာအထိ လူသင်တန်းတက်ဖော်ရွှင် ခုနစ်ပါးထဲက သတိတစ်ခုတည်းဖြင့်ပင် မင်္ဂလာအောင်နေပါသည်ကို သင်သတိပြုပါ။ သတိသည် လူ့အသက်စကား သည်က သက်သေခံနေခြင်းပါ။ လူအိုပိုင်းက ထီဖွင့်ရက်ကုန်သွားသော လက်မှတ်တစ်စောင်မျှသာပါ။

(ဆက်ရန်)

မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥဒ္ဒေသပျံမွေ့သာမိဆောင်၏)



www.burmeseclassic.com


www.burmeseclassic.com


# ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားကြီးသို့ ရှာန်ခရီးဖြင့်ဖူးမြော်လာ ရဟန္တာ နှင့် ရဟန္တာဖူးပြီးနောက် စီးပွားလမ်းပြောင်ခဲ့သူ

ကံဝင်း


ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားကြီး ဆိုသည်ကား စာရေးသူတို့၏ ဆွေဘုရားမျိုးဘုရားကြီးဆိုပါက မမှားပါ။ တစ်နှစ်လျှင် အနည်းဆုံး ငါးခေါက် မဖြစ်မနေရောက်ရပါသည်။ ရောက်ရသော အကြောင်းရင်းများမှာ ရိုးသားစွာဝန်ခံရပါလျှင် စာရေးသူ၏စာပေတိုက်မှ ထွက်ရှိသောစာအုပ်များ အထူးသဖြင့် ကျိုက်ထီးရိုးသမိုင်း၊ ဘုရားသမိုင်းစာအုပ်များကို တောင်တော်ဖွင့်စ သီတင်းကျွတ်ကာလတွင် သွားရောက်ပေးပို့ရပါသည်။ ဘုရားဈေးတန်းစာအုပ်တန်းမှ စာအုပ်မှာလျှင်မှာသကဲ့သို့ ကိုယ်တိုင်သွားပို့ရပါသည်။ ထိုသို့ စာအုပ်စာတမ်းနှင့်ပတ်သက်၍မကြာခဏရောက်ရပြန်ပါသည်။ ရောက်တိုင်းလည်း ဘုရားကြီးကို ရွှေသင်္ကန်းနှင့် လှူဖွယ်များ ကပ်လှူ ရိုသေစွာ ဖူးမြော်ပြီးမှ ပြန်လေ့ရှိပါသည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုသကဲ့သို့ စာအုပ်တွေ အော်ဒါမှာ၍ ပို့ရပြီးသကာလ စာရေးသူ အလွန် ကြည်ညိုတော်မူသော ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားကြီးသို့လည်း အကြိမ်ကြိမ်ဖူးရပါသည်။စာအုပ်အမှာနည်းလွန်းလျှင်လည်း ရောက်အောင်ပို့ပါသည်။ စာအုပ်ရောင်းရငွေသည် တစ်ခါတစ်ရံမှာ လမ်းခရီးစရိတ်စကနှင့် ကုန်ပါလျှင်လည်း ဝမ်းမနည်းပါ။ ဘုရားကြီးဖူးရလျှင် အမြတ်ဟုမှတ်ယူပါသည်။ ဤသို့သောအကြောင်းအရာဖြင့် ကျိုက်ထီးရိုးဘုရားကြီးသို့ အကြိမ်ကြိမ်ရောက်ရသည်။ နောက်ထပ်တစ်နည်းဖြင့် အနည်းဆုံးနှစ်ခေါက်၊ သုံးခေါက်ရောက်ရပြန်ဖါသည်။

စာရေးသူ နိဒါန်း၌ဆိုခဲ့သည့်အတိုင်း စာရေးသူ၏ ဆွေဘုရားမျိုးဘုရားကြီးကို စာရေးသူ အိမ်ထောင်မကျမီကာလ ၁၉၈၆ ခုနှစ်မှ စတင်ကာ ဆီမီး (၁၀၀၀)၊ ပန်း(၁၀၀၀)၊ ဆွမ်း,ရေချမ်း (၁၀၀၀) စီ ကပ်လှူလာခဲ့သည်မှာ လမ်းပန်းဆက်သွယ်ရေးမကောင်းသောကာလ၊ မငြိမ်မသက်ဖြစ်သောကာလများမှ လွဲ၍ နှစ်စဉ်နှစ်တိုင်း တက်ရောက်ပူဇော်ခဲ့ပါသည်။ ယခုအခါ (၂၄) နှစ်၊ (၂၄)





ပန်းစေတီဆီမီးပွဲမှာ ဓမ္မဒါနဝေပါသည်





www.burmeseclassic.com

www.burmeseclassic.com



ကြိမ်တိုင်တိုင် အောင်မြင်ခဲ့ပြီ ဖြစ်ပါသည်။ ယခုနှစ် (၂၅) ကြိမ်မြောက် ဆီမီး (၅၀၀၀)၊ ပန်း (၅၀၀၀) ပန်းစေတီ အလှူပွဲကို ၂၀၁၄ ခု၊ ဇန်နဝါရီလ ၁၀၊ ၁၁၊ ၁၂ ရက်များတွင် ကျိုက်ထီးရိုးရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ဆင်နွှဲကျင်းပဦးမည် ဖြစ်ပါသည်။

ဆီမီး (၅၀၀၀) ပန်းစေတီပွဲကို အကြောင်းပြု၍ ပွဲမစတင်မီ တစ်လကြို၍ တောင်ပေါ်ရောက်ရပြန်ပါသည်။ စည်စည်ကားကားကျင်းပသော ပွဲကြီးဖြစ်၍ ဂေါပကအဖွဲ့သို့ ကြိုတင်လျှောက်ထား တင်ပြရပါသည်။ မိတ္တူများကို ပြည်နယ်အဆင့် အစိုးရအဖွဲ့များသို့လည်း ပေးပို့ရပါသည်။ ထို့ပြင် အဖွဲ့ဝင်အင်အား (၅၀၀) အတွက် တည်းခိုနေရာ ထိုင်ခင်းကိစ္စ ကြိုတင်၍ လျှောက်ထား တင်ပြရပြန်ပါသည်။ ထိုသို့သောကိစ္စရပ်များနှင့်တစ်ခေါက်ရောက်ရ၍ ပန်းစေတီပွဲနီးပါက (၅)ရက်ခန့်ကြိုပြီး ရှေ့ပြေးပြင်ဆင်ဆောင်ရွက်ရပြန်သည်။ ပန်းစေတီအတွက် လိုအပ်သောငွေမ်းများ မှာယူရေး၊ ဆွမ်း (၁၀၀၀) ဆွမ်းချက်ကိစ္စနှင့် အဖွဲ့သားများအတွက် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများအတွက် အနီးကပ်ဆောင်ရွက်ရန် ရောက်ရပြန်ပါသည်။

ဆီမီး (၅၀၀၀) ပန်းစေတီပွဲတော်သို့ အဖွဲ့ဝင်အင်အား (၅၀၀) နှင့် အလှူတော်အနေဖြင့် အပူဇော်တော်ပွဲကျင်းပ




www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးရိုးဘုရားကြီးသို့ ဖူးမြော်လာ ရဟန္တာ



ပထမတွေ့တွေ့ဖူးမြင်ရသည်နှင့် ဓာတ်ပုံရိုက်ရာ မပေါ်ပါ

တဲ့အခါ တစ်ခါထပ်ရောက်ခဲ့ရပြန်ပါသည်။ ဤသို့ဖြင့် တစ်နှစ်လျှင် (၅) ကြိမ်၊ (၆) ကြိမ် ရောက်သည်ဖြစ်၍ တောင်ပေါ်ဘုရားရှိ ဝန်ထမ်းများ၊ ဈေးသည်များ၊ တောင်ပေါ်နေ မိသားစုများနှင့် ရင်းနှီးမှုရရှိလာပါသည်။ ထိုသို့ ကျွမ်းဝင်ရင်းနှီးမှုကို အကြောင်းပြု၍ စာရေးသူသည် စာရေးရန် ကုန်ကြမ်းများစွာ ရရှိလာခဲ့ပါသည်။

ထိုကုန်ကြမ်းများမှထင်ရှားခဲ့သော ဆောင်းပါးများမှာ 'ကျိုက်ထီးရိုးတောင်ပေါ်မှ သိဒ္ဓိရှိသော ဆင်ဖြူတော်'၊ 'သေရွာမှရှင် ဗောဓိပင်'၊ 'ကျိုက်ထီးရိုးတောင်ပေါ်မှ မီးကွင်းဘုရား'၊ 'သိဒ္ဓိရှိသော ကျောက်သေတ္တာကြီး'၊ 'ကျီးပါးစပ်ဂူမှ ဥ(၂)လုံး'၊ 'တိဿရသေ့ကြီး၏ဘဝခရီး လမ်းသမိုင်းမှတ်တမ်း'၊ ဝိဇ္ဇာဆေးဓာတ်ပြာစားရသူ သက်တော်ရှည် ဂေါပကဝန်ထမ်း ဦးမြမောင်'၊ 'တန်ခိုးကြီးတဲ့ ကျိုက်ထီးရိုးဘိုးဘိုးကြီး'၊ 'ကျိုက်ထီးရိုးမှာတည် ပန်းစေတီ'၊ 'ကောင်းကင်ယံမှလာရောက်ဖူးမြော် ဇော်ဂျီသူတော်'၊ 'ဆီမီး (၅၀၀၀) ပူဇော်ပွဲမှ ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်း' စသည်ဖြင့် ဆောင်းပါးပေါင်းမြောက်မြားစွာ စာနယ်ဇင်းမှာ ရေးသားတင်ပြနိုင်ခဲ့ပါသည်။

## ကျိုက်ထီးရိုးမှာ ရဟန္တာဖူးပြီးနောက် စီးပွားလမ်းဖြောင့်သူ


ကိုအေးသွင် ဆိုသူသည် ရန်ကုန်မြို့ (၃၁) လမ်း(အလယ်) မှာရှိ ရွှေစင်ပုံနှိပ်ဖိတ်စာ၊ လိပ်စာကန်၊ ဘောက်ချာ စာအုပ်အထွေထွေပုံနှိပ်ဆိုင်မှ ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ကိုအေးသွင်သည် စာရေးဆရာမဟုတ်သော်လည်း စာအုပ်စာပေနှင့် ဆက်နွှယ်နေသောလုပ်ငန်း လုပ်ကိုင်သူဖြစ်၍ စာရေးသူနှင့် သိကျွမ်းခဲ့သည်မှာ (၆) နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ သို့သော် လွန်ခဲ့သော (၂) နှစ် ၂၀၁၁ ခုနှစ်မှစ၍ ကိုအေးသွင်ကို (၃၁) လမ်းထဲတွင် မတွေ့ရတော့ပါ။ အိမ်ထောင်ကျသွားပြီဟု အီးဂဲ(လ်)ဖလင်အုပ်စုမှ ကိုကျော်စွာပြော၍ သိရပါသည်။ ပြန်ဆုံချင်ပြန်တော့ မမျှော်လင့်ဘဲ (၃၄) လမ်းထဲမှာ ပြန်ဆုံဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလဆန်းက စာရေးဆရာ တင်နိုင်တိုးနှင့် စာရေးသူ နှစ်ဦးပေါင်းထုတ်ဝေသည့် 'ဘုရင့်နောင်မင်းတရားကြီး၏ကျိုက်ထီးရိုးဘုရားဖူးခရီး' စာအုပ်ကိစ္စ (၃၄)လမ်း(အထက်)မှာ သွားရောက် ဆောင်ရွက်စဉ်က ကိုအေးသွင်နှင့် ပြန်ဆုံခဲ့ကြ၏။

ကိုအေးသွင်က ဝမ်းမြောက်ဝမ်းသာစွာ စာရေးသူလက်ကိုဆွဲ၍ လွန်စွာ ခမ်းနားသောဆိုင်ထဲကို ခေါ်ကာ ဆက်



www.burmeseclassic.com

www.burmeseclassic.com



ရှာန်ခရီးမြင့်ဖူးမြော်ကာ
ရယာမျှပုံ

06/12/2011 18:31

www.burmeseclassic.com

www.burmeseclassic.com

တီစားပွဲတွင်ထိုင်စေပါသည်။ခင်သန္တာဦး ဟုခေါ်သော မိန်းကလေးတစ်ယောက်နှင့် မိတ်ဆက်ပေးပါသည်။ သူ၏ဇနီးဟုသိရပါသည်။ ဆိုင်ထဲတွင် အလုပ်သမားသုံး၊ လေးဦးလောက် စက္ကူအိတ်တွေ ခေါက်နေကြလေ၏။ ထိုဆိုင်သည် သူ၏ဆိုင်ဖြစ်ကြောင်း ပြောလာသောအခါ စာရေးသူသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတော့၏။

ကိုအေးသွင်၏ဇနီး ခင်သန္တာဦးမှ အအေးဘူးလာချပေးရင်း -

"ကိုအေးသွင်က ဆရာဦးကံနဲ့ ခင်တယ်လို့ဆိုကတည်းက သမီးက ဆရာဦးကံကို တွေ့ချင်နေတာ"

ဟု အစပြုလျက် စာရေးသူအား ကျိုက်ထီးရိုးမှာတည် ပန်းစေတီဆောင်းပါးဖတ်ပြီးကတည်းက လေးစားနေရပါကြောင်း၊ အထူးသဖြင့် ၂၀၁၂ ခု၊ ဇန်နဝါရီလထုတ် သူရဇ္ဇမဂ္ဂဇင်းမှ အထူးဆောင်းပါးဖြစ်သော 'ကျိုက်ထီးရိုးဘုရားကြီးသို့ ကောင်းကင်ယံမှ လာရောက်ဖူးမြော် ဇော်ဂျီသူတော်' ဆောင်းပါးဖတ်ပြီးကတည်းက စာရေးသူအား တွေ့ဆုံလိုစိတ်များ ပြင်းပြလာသည်မှာ ယခုအခါမှာတော့ အလိုပြည့်ဝခဲ့ပါကြောင်း စာရေးသူအား ရှင်းလင်းပြောပြပါသည်။

ကိုအေးသွင်မှပြောပြသည်မှာ သူနှင့် ခင်သန္တာဦး လက်ထပ်ပြီးနောက် ၂၀၁၁၊ ဇန်နဝါရီလတွင် ကျိုက်ထီးရိုးဘုရား သွားရောက်ဖူးမြော်ရင်း ရဟန္တာမထေရ်ဖူးခဲ့ရပါကြောင်း၊ ရင်ပြင်တော်မှ ရှေးဟောင်းရဟန္တာသိမ်တော်ကြီးရှေ့မှ ကျိုက်ထီးရိုးဘုရားကြီးလှမ်းဖူးရာ ခန့်မှန်းအားဖြင့် ကျိုးပါးစပ်ဂူဘက်ခြမ်းဆီမှ ဝါကြင်ကြင်သင်္ကန်းတစ်ခု ကောင်းကင်ပေါ်သို့ ထိုးတက်လာသည်ကို ပထမတွေ့လိုက်ရကြောင်း၊ တွေ့တွေ့ချင်း အသင့်ရှိကင်မရာဖြင့် လှမ်းရိုက်ရာ မပေါ်ကြောင်း၊ အဲဒီအချိန်မှာ အနီးကလူများလည်းဖူးကြရပြီး 'ရဟန္တာ၊ ရဟန္တာ' ဟူ၍ ပြောဆိုသံများကြားလိုက်ရသည်။ ရဟန္တာဟုကြားရ၍ 'ရဟန္တာ' ဟူသော အသိအာရုံဖြင့် ဓာတ်ပုံရိုက်ကူးလိုက်ရာ ထိုအခါမှ မိမိရရရိုက်မိပါတော့၏။ ခဏတွင် ခဏမျှအကြာ ရဟန္တာမထေရ်သည် မြင်ကွင်းမှ ပျောက်ကွယ်သွားပါတော့၏။ သူတို့ဇနီးမောင်နှံနှစ်ဦးသား ဖူးမြင်လိုက်ကြ၍ အထူးဝမ်းသာဖြစ်ခဲ့ပါကြောင်း၊ ရဟန္တာမထေရ်မြတ်ဖူးပြီး ရန်ကုန်ပြန်ရောက်သောအခါ သူ၏ လုပ်ငန်းများ အထူးအောင်မြင်လာကြောင်း၊ ရဟန္တာ



ပန်းစေတီတည်ကြသူများ



ဆီမီးပွဲ မစတင်မီ ကျိုက်ထီးရိုးဘိုးဘိုးကြီး ဘိုးဘိုးနီ၊ တောင် (၃၃) လုံးပိုင်စိုး နတ်အမျိုးမျိုး ပင့်ဖိတ်စဉ် ဦးဆောင်သူလက်ထဲမှ ဖယောင်းတိုင် ထူးခြားစွာ အလင်းပွင့်ထပွင့်စဉ်



ဆီမီးပွဲ စတင် ထွန်းညှိ ပူဇော်ချိန် ဦးဆောင်သူလက်ထဲမှာထွန်းပေါ်
ထူးဆန်းတော်မူ အလင်းတော်ကြီး
(မှတ်တမ်းတင်သူ---၃၁ လမ်း သိန်းဇော်ထွန်းစာပေမှ ကိုသိန်းဇော်)




www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ပန်းစေတီ






ပုဂံပန်းဘုရား ပန်းစေတီများ

မထေရ်၏ မဖူးခင်က ရရစားစား ပိုသည်မရှိ၊ အဖတ်မတင်၊ အဆင်မချော၊ အကြွေးမကင်းနှင့်လုပ်ကိုင်၊ ဘဝကို အပြေးအလွှားရပ်တည်နေရ၏။ ကျိုက်ထီးရိုးမှ ရဟန္တာဖူးပြီးသောအခါ စီးပွားတက်လာပြီး ယခုလို ရန်ကုန်မြို့ရဲ့ အထင်ကရ (၁၄)လမ်း(အထက်)မှာ Always အမည်နှင့် ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်ခဲ့ပါကြောင်း ထူးထူးခြားခြား စီးပွားလမ်းဖြောင့်ခဲ့ပုံကို ကိုအေးသွင်က စိတ်ရှည်လက်ရှည် ရှင်းလင်း ပြောပြပါသည်။

ကိုအေးသွင်၏ဇနီးဖြစ်သူမှလည်း



ရဟန္တာဖူးပြီး ထူးကြသူ ကိုအေးသွင်နှင့် မခင်သန္တာဦး

စာရေးသူ၏ ကျိုက်ထီးရိုးဆောင်းပါးများဖတ်ပြီး စာရေးသူအား 'ရဟန္တာပုံ' ပေးချင်သည်မှာ ကြာခဲ့ပြီဖြစ်ပါကြောင်း၊ သူတို့ဇနီးမောင်နှံ ရဟန္တာဖူးပြီး စီးပွားလမ်းဖြောင့်တန်းသကဲ့သို့ အများကိုလည်း ရဟန္တာပုံတော်များ ဖူးစေလိုသောဆန္ဒပြင်းပြစွာရှိကြောင်း စာရေးသူကို ပြောပြပါသည်။ စာရေးသူမှ ကျိုက်ထီးရိုးဘုရားကြီးသို့ ချာန်ဖြင့်ဖူးမြော်လာသော ရဟန္တာမထေရ်ပုံတော်ကို ဆောင်းပါးရေးရန် ခွင့်တောင်းသောအခါ ခင်မင်သော ကိုအေးသွင်နှင့် ဇနီးမခင်သန္တာဦးတို့က ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုကြပါသည်။ ၎င်းတို့ဇနီးမောင်နှံ ကျိုက်ထီးရိုးဘုရားတွင် ရိုက်ကူးထားသောဓာတ်ပုံကိုပါ တောင်းယူပြီးနောက် စာအုပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ကိုမြင့်တို့ဆိုင်ဘက်ခြေဦးလှည့်ခဲ့ပါတော့သည်။

*ကျိုက်ထီးရိုးဘုရားဖူး ထူးကြပါစေ*
*မေတ္တာများစွာဖြင့်*
*ကံဝင်း*

**စာကြွင်း** - စာရှုသူ ဓမ္မမိတ်ဆွေများ 'ကျိုက်ထီးရိုးဘုရားကြီးသို့ ချာန်ခရီးဖြင့် ဖူးမြော်လာ ရဟန္တာ' မူရင်းဓာတ်ပုံ ပူဇော်လိုပါက စာပို့တံဆိပ်အပြည့်အစုံထည့်၍ အောက်ပါလိပ်စာအတိုင်း မှာယူပူဇော်နိုင်ပါသည်။

*ဦးကံဝင်း*
*အမှတ် (၂၆၉/ဂ)၊ ခေမာသီလမ်း၊*
*ဆေးတက္ကသိုလ်-၂ ရွေ့၊*
*မ/ဥက္ကလာပမြို့နယ်။*
*ဖုန်း - ၀၉၇၃၁၅၈၈၈၉*



www.burmeseclassic.com

www.burmeseclassic.com


၁၉၆၄ ခုနှစ်တွင် စနစ်သစ် တက္ကသိုလ်ပညာရေး စတင်ခဲ့ပါသည်။ တက္ကသိုလ်ပထမနှစ်စနစ်သစ်ကျောင်းသူအဖြစ် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ ထိုနှစ် (၁၉၆၄ ခုနှစ်က) တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စတင်ဖြေခဲ့ရပါသည်။ တက္ကသိုလ်များကို ၁၉၆၄ ခု၊ နိုဝင်ဘာလတွင်မှ ဖွင့်လှစ်လေရာ တက္ကသိုလ်ဝင်တန်းအောင်ပြီးစ ကျောင်းသားကျောင်းသူများနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းပိတ်ထားသဖြင့် မိမိတို့မြို့သို့ ရောက်နေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများတို့ လုပ်အားပေးကြရပါသည်။ ပ-ပ-ကဆိုင်များတွင် စာရင်းစစ်ရခြင်းကို မှတ်မိနေပါသည်။ တစ်ရက်လျှင် (၃) ကျပ်နှင့် (၁၅) ပြားရပါသည်။ ထိုစဉ်က စာရေးသူသည် ဒီပဲယင်းမြို့တွင် လုပ်အားပေးရပါသည်။

ဒီပဲယင်းမြို့သည် ရှေးမြို့တော်ဟောင်းဖြစ်သဖြင့် ကျုံးများ ယနေ့တိုင်ရှိနေပါသေးသည်။ ဒီပဲယင်းတည်စဘုံဘောမဟု ဆိုထားရာ မြန်မာနှစ် ၅၅၅ ခုနှစ်တွင် ဒီပဲယင်းမြို့အနောက်မြောက်ထောင့်အရပ်ရှိ တဲတော်ရာကျောင်း၊ ထိုကျောင်းနှင့် ကပ်လျက်ဖြစ်သော စစ်သူကြီး မဟာဗန္ဓုလ တည်ထားခဲ့သော 'ဇေယျာသိဒ္ဓိမဟာဗန္ဓုလဒီပါဓ' စေတီလေးကို ဖူးတွေ့ရပါသည်။ လုပ်အားပေးကျောင်းသူ၊ကျောင်းသားများအားလုံးကပန်း၊ ဆီမီးများ၊ သောက်တော်ရေများကပ်လှူကြပါသည်။ ဤစေတီလေးသည် သမိုင်းမှာ မပါဝင်သေးဟု သတိထားမိပါသည်။

အလုပ်မှပင်စင်ယူပြီးနောက် သား

# စေစည်(ရွှေဘို)

# ဇေယျာသိဒ္ဓိမဟာဗန္ဓုလဒီပါဓစေတီ



အကြီးဆုံး တာဝန်ကျသော မလွန်မြို့ (မကွေးတိုင်းဒေသကြီး) သို့ ရောက်လေရာ မလွန်မြို့ဦးထိပ်ဧရာဝတီမြစ်ကမ်းနဖူးတွင် စစ်သူကြီးမဟာဗန္ဓုလ၏ မြင်းစီးရုပ်တုကို ခံ့ခံ့ညားညားတွေ့ရပါသည်။ မနုဖြူခံတပ်တွင် ကျဆုံးခဲ့သော စစ်သူကြီး မဟာဗန္ဓုလအား မလွန်မြို့လေးတွင် သဂြိုဟ်ခဲ့သည်ဟု သိရပါသည်။

သမိုင်းမဝင်သေးသော ဒီပဲယင်းမြို့ရှိ 'ဇေယျာသိဒ္ဓိ မဟာဗန္ဓုလ ဒီပါဓ စေတီ' အကြောင်းကို အများသိရှိစိမ့်သောငှာ ရေးသားလိုက်ရပါသည်။


စစ်သူကြီးဗဟာဗန္ဓုလသည် စစ်ကိုင်းတိုင်းဒေသကြီး (ဒီပဲယင်း - မုံရွာကားလမ်းဘေးရှိ) ဘုတလင်မြို့နယ်ငပယင်း (ရှေးအခေါ် ပန်းရင်း) ရွာမှ ယာသမားကြီး ဦးပေါက်တော်၊ ဒေါ်ငြိမ်းတို့မှ မွေးဖွားခဲ့ပါသည်။ တစ်ကိုယ်လုံးအချင်းများ စလွယ်သိုင်းသကဲ့သို့ ရစ်ပတ်လျက် မွေးလာသောကြောင့် 'မောင်ရစ်' ဟု ခေါ်ကြပါသည်။ ၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားလေရာ ရွာဦးကျောင်းဆရာတော်မှ မောင်ရစ်သည် နေ့နံသင့်လည်းဖြစ်သဖြင့် ထိုနာမည်ကိုပင် အတည်ပြုမှည့်ခေါ် စေပါသည်။

မိဘများက မောင်ရစ်အား အသက် (၇) နှစ်အရွယ်တွင် ဘုန်းတော်ကြီးကျောင်း၌ စာသင်ကြားရန် အပ်နှံကြပါသည်။ အသက် (၁၃) နှစ်အရွယ်၌ ညီဖြစ်သော မောင်အေးနှင့်အတူ ရှင်သာမဏေပြုကြပါသည်။ ဖခင်ဦးပေါက်



www.burmeseclassic.com

www.burmeseclassic.com



တော်မှာ စီးပွားဥစ္စာ ကုံလုံကြွယ်ဝသူ မဟုတ်သဖြင့် ရှင်သာမဏေအဖြစ်သို့ အကျဉ်းရုံး၍သာပြုနိုင်ကြ၏။ ကိုရင်ဘဝ ဖြင့်နေစဉ် ဖခင်ကြီး ဆုံးပါးသွားသဖြင့် မောင်ရစ်မှာ လူဝတ်လဲပြီး မိခင်နှင့် ညီငယ်နှစ်ယောက်၊ နှမငယ်တစ်ယောက်တို့အား ယာအလုပ်ဖြင့် လုပ်ကျွေးရရှာလေ၏။ အရွယ်ရောက်သော် တစ်နယ်သားဖြစ်သူ ရှင်မင်းဘူးနှင့် အိမ်ထောင်ပြုလိုက်၏။

ယာလုပ်ငန်းဖြင့် မိသားစုအားလုံး၏ စားဝတ်နေရေး မလုံလောက်သဖြင့် အဘိုးတော်သူ တံခါးမှူးကြီးရှိရာ အမရပူရမြို့တော်ကြီးသို့ သွားရောက်ပြီး အလုပ်ရှာရလေ၏။ ထိုစဉ်က သီရိမဟာဓမ္မဘိဇယသီဟသူရတံဆိပ်တော်ရှိတော်မူသော အိမ်ရှေ့မင်းသားက မောင်ရစ်အား မိမိ၏အိမ်တော်တွင် သာမန်အမှုထမ်းအဖြစ် အမှုတော်ထမ်းစေ၏။

မောင်ရစ်သည် ကိုယ်လက်အင်္ဂါတောင့်တင်းကြံ့ခိုင်သန်မာခြင်း၊ ဖျတ်လတ်ခြင်း၊ ငယ်ငယ်ရွာမှာရှိစဉ်ကပင် အပြေးအလွှားပြိုင်ခြင်း၊ လက်ဝှေ့ထိုးခြင်း၊ နပန်းသတ်ခြင်းများကို ပြိုင်ဘက်မရှိဖြစ်လေရာ အိမ်ရှေ့မင်းထံ ခစားရလေသော် မြင်းစီး၊ ဆင်စီး၊ ဓားရေး၊ လှံရေးတို့ကိုပါ သင်ကြားတတ်မြောက်လေ၏။

မောင်ရစ်၏မျက်စိများမှာ စောင်းယောင်ယောင်ရှိလေရကား အိမ်ရှေ့မင်းက မောင်ရစ်အား ရှေ့တော်သို့ခေါ်တော်မူပြီး -

"ငရစ်၊ မောင်မင်းမှာ အားခွန်ဗလနှင့် ပြည့်စုံပါပေ၏။ သတ္တိလည်းရှိပါပေ၏။ သို့သော် မောင်မင်း၏မျက်စိများမှာမူကား စောင်းယောင်ယောင်ရှိပါကလား"

ဆိုလေရာ မောင်ရစ်က မကြောက်မရွံ့ဖြင့် -

"ဤမျက်စိရှိသူသည် နှစ်နေရာကို တစ်ပြိုင်နက်မြင်နိုင်သကဲ့သို့ အရှင့်အမှုတော်ကို တစ်ဖက်က ကျေပွန်အောင် ထမ်းနိုင်သကဲ့သို့ အခြားတစ်ဖက်မှ နိုင်ငံတာဝန်ကိုပါ ကျေပွန်အောင် ထမ်းရွက်နိုင်ကြောင်းပါဘုရား"

ဟု တင်လျှောက်လေသော် အိမ်ရှေ့မင်းက -

"ငရစ်ရယ်၊ ငါ့အမှုထမ်းတွေကိုပါ မျက်စိစောင်းပေးရမလိုဖြစ်နေချေပြီ"

ရယ်ရယ်မောမော မိန့်လေ၏။

အိမ်ရှေ့မင်း နတ်ရွာစံ (၁၁၇၀ ပြည့်နှစ်) လေသော် ထိုအိမ်ရှေ့မင်းသား၏သားတော် စစ်ကိုင်းမင်းထံ ခစားထမ်းရွက်ရလေ၏။ မောင်ရစ်မှာ အစစအရာရာ လိုလေသေးမရှိ အမှုတော်ကို ထမ်းရွက်ပါသော်လည်း အိမ်ရှေ့မင်းနှင့်တကွ ဘိုးတော်မင်းတရားကြီးက အသိအမှတ်မပြုသဖြင့် မင်းကွန်းအရှေ့ဘက်တွင်ရှိသော အလယ်ကျွန်းတွင် ခေတ္တစံမြန်းတော်မူနေစဉ် ညီလာခံ၌အမှုတော်အတူထမ်းရွက်ရလေသော 'နန္ဒဗလ' အား မောင်ရစ်က ထတည့်ပြီး တံတောင်ဖြင့် ထောင်းလေ၏။ အကြောင်းအကျိုးစစ်လေသော် -

"ဘုရားကျွန်တော်မျိုး ငရစ်သည် မင်းတရားကြီး သနားတော်မူသော ရိက္ခာနှင့် ဆုလာဘ်များကို ခံယူရပါကြောင်း၊ အိမ်ရှေ့စံကိုယ်တော်ဘုရား လွန်သည်မှ ယနေ့အထိ အမှုတော်ကို စေ့စေ့ငုငုထမ်းရွက်ပါသော်လည်း ဘုရားကျွန်တော် ငရစ်အား အသိအမှတ်ပြုမခံရပါသဖြင့် အသက်နှင့်လဲ၍ ဤအမှုမျိုးကို ပြုရပါကြောင်း"

ရဲဝံ့စွာ လျှောက်ထားလေ၏။

ထိုအကြောင်းကို သိတော်မူသော ဘိုးတော်မင်းတရားကြီး မောင်ရစ်အား နှစ်မြို့ကတော်မူရကား 'ခေတ္တပြဲတိုက်သံဆင့်အရာ' တိုးတက် ချီးမြှင့်ခန့်ထားတော်မူ၏။

မြန်မာနှစ် ၁၁၇၅ ခုနှစ်၊ နယုန်လတွင် မောင်ရစ်အား သံဆင့်ရာထူးမှ ဒီပဲယင်းမြို့ဝန်ရာထူးကို 'နေမျိုးသူရရဲခေါင်' ဟူသော ဘွဲ့ထူးဖြင့် တိုးတက် ချီးမြှင့်ခန့်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤစာရေးသူ ဒီပဲယင်းမြို့နယ်၌ ပညာရေးဝန်ထမ်းအဖြစ်ရှိခဲ့စဉ်က ပညာရေးကောလိပ်ဝင်ခွင့် စာမေးပွဲများကျင်းပပေးရပါသည်။ ထိုမေးခွန်းများထဲတွင် ဒီပဲယင်းမြို့ဝန်၏ အမည်မှာ (---) ဖြစ်သည် ဟူသော objective မေးခွန်းတစ်ခုပါရှိလေရာ များသောအားဖြင့် မဖြေနိုင်ကြပါ။ ထိုအထဲတွင် စာဖြေသူတစ်ယောက်က ဒီပဲယင်းမြို့ဝန်၏အမည်မှာ ဦးသာဒွေး ဖြစ်ပါသည်ဟုဖြေထားသဖြင့် တကယ်ပဲ ဦးသာဒွေး ဆိုသော ဒီပဲယင်းမြို့ဝန်များရှိနေပါသေးသလားဟု မေးခွန်းထုတ်သူအား မေးလေမှ -

"ဦးသာဒွေး ဆိုတာ ဒီ ဒီပဲယင်း အ-ထ-ကမှ ဆရာကြီးတစ်ယောက်ခင်ဗျာ။ စာဖြေသူက သူမသိတာကိုမသိကြောင်း ဝန်မခံဘဲ စာစစ်သူကို ဟာဒယဆေး တိုက်ကျွေးလိုက်တာနေမှာပါ ဟု ဖြေသဖြင့် ရယ်ရတာကို မှတ်မိပါသေးသည်။ ဦးသာဒွေး ဆိုသော ဆရာကြီးကိုလည်းတွေ့ရသဖြင့် နောင်တွင် ဆရာကြီးနှင့်တွေ့တိုင်း 'ဒီပဲယင်းမြို့ဝန်ကြီးပါလား' ဟု နှုတ်ဆက်မိပါသည်။

ထိုမှ ဒီပဲယင်းမြို့ဝန်သတိုးသုဓမ္မ စစ်သူကြီးမဟာဗန္ဓုလအား အာသံပြည် ဇူဟာရတ်မြို့တိုက်ပွဲကို နှိမ်နင်းစေ၏။ မြန်မာနှစ် ၁၁၈၄ ခုနှစ်၊ ခရစ်နှစ် ၁၈၂၂ တွင် ထိုတိုက်ပွဲကိုအောင်မြင်ပြီး ဒီပဲယင်းသို့ ပြန်လာခဲ့ရာ ငပယင်းရွာအရောက် စစ်သူကြီးဗဟာဗန္ဓုလအား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သပြေပန်း၊ ရေချမ်းတို့ဖြင့် ကြိုဆိုကြလေ၏။ ထိုသို့သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ် တစ်ခေါင်းလုံးဖြူဖွေးနေသောအဘွားအိုတစ်ယောက်က -

"အလိုလေးတော် - စစ်သူကြီးမဟာဗန္ဓုလတဲ့၊ နေမျိုးသူရရဲခေါင်တဲ့ ဆိုလို့ ပြားပြားဝပ်ကြိုလိုက်ရတာ တို့ရွာက ငရစ်ကြီးပါဟဲ့"

ဟု ဆိုလေသောကြောင့် စစ်သည်များက -

"ဟဲ့ - ဒီမိန်းမသူ့ကိုထုကြထောင်းကြဟဲ့"

ဟု ဆိုကြသံကို မဟာဗန္ဓုလစစ်သူကြီး ကြားလေသော် -

"ဟဲ့ဟဲ့ - မလုပ်ကြပါနဲ့ဟဲ့။ ငါ့အရီးလေး အရီးငြိမ့်ပါဟဲ့"


ဟု တားမြစ်ကြောင်း ကြားသိရဖူးပါသည်။

ထိုတိုက်ပွဲအောင်အထိမ်းအမှတ်အဖြစ် 'ဇေယျာသိဒ်မဟာဗန္ဓုလဒီပါဧစေတီတော်မြတ်' ကို မြန်မာနှစ် ၁၁၈၄ ခု၊ ခရစ်နှစ် ၁၈၂၂ ခုနှစ်တွင် တည်ခဲ့ပါသည်။ နန်းမတော်မယ်နု၏ ဦးရီးတော် ဦးရီးကွန်း တည်ထားသော အောင်မြေဘုရားဝင်းအတွင်း တည်ထားလိုက်ပါသည်။ ထိုအောင်မြေဘုရားမှာ ယခုအခါ ကုန်းကမူလေးသာ ကျန်ရှိနေပါတော့သည်။ စစ်သူကြီး မဟာဗန္ဓုလကိုယ်တိုင်မှာမူကား ရွှေနန်းတော်အရောက် ချီတက်ရပါလေသည်။

စစ်သူကြီး မဟာဗန္ဓုလသည် မနုဖြူစစ်ကြောင်းကို ဆက်လက်ချီရလေရာ မနုဖြူတိုက်ပွဲတွင် အမြောက်ဒဏ်



အာသံပြည် (ဇူဟာရတ်) တိုက်ပွဲအောင်အထိမ်းအမှတ် စစ်သူကြီးမဟာဗန္ဓုလ ဘုရားတည်ခဲ့ပုံ



စစ်သူကြီးမဟာဗန္ဓုလနှင့် အာသံပြည်တိုက်ပွဲ



အာသံတိုက်ပွဲမှအပြန် ဒီပဲယင်းမြို့လူထုမှ စစ်သူကြီးမဟာဗန္ဓုလအား ကြိုဆိုကြပုံ



www.burmeseclassic.com

www.burmeseclassic.com



ဗန္ဓုလနှင့်ဆင်ဆင်တူသည်ဆိုသော ဗန္ဓုလ၏သား 'ဦးကျန်းကြီး' ပုံ



စစ်သူကြီးမဟာဗန္ဓုလနှင့် ဇေယျာသိဒ်ဓိပါဒစေတီတော်





ဗန္ဓုလ၏ သံချပ်အင်္ကျီ

အထိမှန်သဖြင့် ကျဆုံးခဲ့ရပါသည်။ ထိုစေတီတော်အား ရေစက်ချ၍ အမျှမဝေခဲ့ရပါ။ စေတီတော်၏ အမြင့်မှာ (၉) တောင်သာ ဖြစ်ပါသည်။

၁၃၃၄ ခုနှစ်တွင် စေတီတော်မှာ နှစ်ပေါင်း (၁၅၀) ကြာမြင့်ခဲ့ပြီး ဖြစ်ရကား ပြိုကျပျက်စီး ယိုယွင်းလာသဖြင့် ဒီပဲယင်းမြို့ တဲတော်ရာကျောင်းတိုက်ဆရာတော် ဦးပညာဓမ္မ (ဘဒ္ဒန္တာဘွဲ့) ဦးဆောင်လျက် ဂေါပကအဖွဲ့မှ မူလစေတီတော်လေးကို ခြုံငုံပြီး တည်ထားကြပါသည်။ စေတီအား မဟာရံတံတိုင်းပါ ကာ၍ လှူကြပါသည်။

၁၃၆၄ ခုနှစ်တွင် စေတီတော်မြတ်အား ဘက်စုံ ပြုပြင် မွမ်းမံကြပါသည်။ တဲတော်ရာကျောင်းဆရာတော် ဘဒ္ဒန္တဦးပညာဓမ္မနှင့် ဂေါပကများက အသစ်တည်ထား ကိုးကွယ်မှုများကို ပြုလုပ်ကြရာ ၁၃၆၄ ခု၊ နယုန်လဆန်း ၁၀ ရက်နေ့တွင် အပြီးအစီး လှူဒါန်းနိုင်ခဲ့ကြပါသည်။

ထိုဆောင်ရွက်ချက်များမှာ -

၁။ ခေါင်းလောင်းတော်မှ ထီးတော်အထိ ရွှေသက်န်းကပ်လှူခြင်း

၂။ ခေါင်းလောင်းပုံအောက်မှ ပန်းတင်ခုံအထိ ထုံးသက်န်း ကပ်လှူခြင်း၊

၃။ အရုဏ်ခံ တန်ဆောင်း သမံတလင်း၊ တံတားများ အသစ်ဆောက်လုပ်ခြင်း၊

၄။ အဝင်မုခ်ဦးနှင့် မဟာရံတံတိုင်းများ ပြုပြင် ဆေးသုတ်လှူဒါန်းခြင်း၊

၅။ အရုဏ်ခံ တန်ဆောင်းအတွင်း ပလ္လင်ခံမုခ်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို လှူဒါန်းပူဇော်ခြင်း

ဒီပဲယင်းမြို့ဝန်ဖြစ်သော စစ်သူကြီး မဟာဗန္ဓုလ၏ ဇေယျာသိဒ်ဓိပါဒစေတီကို ယနေ့တိုင် ဖူးမြော်နိုင်ကြပါသည်။

သမိုင်းသုတေသီတို့အမြင်ဖြင့်ရေးသား တင်ပြခြင်း မဟုတ်ပါ၍ သမိုင်းအထောက်အထားခိုင်လုံမှု ရှိကောင်းမှ ရှိမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်အတွက် အရိုးကြေကြေအရေခန်းခန်းအမှုတော်ကို ကျေပွန်စွာ သက်စွန့်ကြိုးပမ်း ထမ်းရွက်လေသော စစ်သူကြီးမဟာဗန္ဓုလ၏ ရေစက်မချလိုက်ရသော ဇေယျာသိဒ်ဓိပါဒစေတီ၏ အကြောင်းခြင်းရာသာ ဖြစ်ပါ သည်။

ဤဆောင်းပါးအတွက် အကူအညီပေးကြသော ဒီပဲယင်းမြို့ပေါ်မှ ဒေါ်သင်းသင်းအောင်၊ ဦးဝင်းညွန့်နှင့် မိတ်ဆွေများ၊ ဓမ္မကထိက ဦးကေသဝ (မဏိရတနာပုံကျောင်းတိုက်၊ ရွှေဘို) ဒီပဲယင်းမြို့နယ် မူးကမ်းကြီး အ-ထ-ကမှ ဆရာဦးမြင့်အောင်နှင့်ဆရာမဒေါ်သီတာစိုးတို့အား. ကျေးဇူးအထူးတင်ရှိပါကြောင်း။

သတင်းစာဆရာကြီး ဦးသိမ်းမောင်၏ စစ်သူကြီး မဟာဗန္ဓုလစာအုပ်မှ ရုပ်ပုံအချို့ကို ဖော်ပြထားပါသည်။ စစ်သူကြီးမဟာဗန္ဓုလ စစ်နိုင်၍အောင်ပွဲခံပြန်လာပုံ၊ စေတီတည်နေပုံ ပန်းချီကားများကို ဒီပဲယင်းမြို့ တဲတော်ရာကျောင်းအနီး ဇေယျာသိဒ်ဓိမဟာဗန္ဓုလဒီပါဒစေတီ အာရုံခံတန်ဆောင်းအတွင်း ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# ဝံသကျမ်းများ

## နိုင်ခင်မောင်လေး


'ဝနောဝတိ ပဏ္ဍရတီတိ ဝံသော- သန္တာရော' ဟူသော ဗျာဒိ 'မောဂ္ဂလာန်ဝိဂြိုဟ် ဝံသော တဝန္တပဝေဏီ' ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်ရပ်အကြောင်း အတ္ထုပ္ပတ္တိအား ပြဆိုသောကျမ်းများသည် ဝံသကျမ်းမည်၏။ ဝံသကျမ်းနှင့် ပတ်သက်၍ ဝင်ကိုးဝင် ဟူ၍ ဆိုရိုး ရှိ၏။ ဝင်ကိုးဝင်ကား ဝံသကျမ်း (၉) မျိုးကို ဆိုလို၏။ ထိုကိုးမျိုးကား (၁) ဗုဒ္ဓဝင်၊ (၂) အနာဂတဝင်၊ (၃) ဒီပဝင်၊ (၄) မဟာဝင်၊ (၅) ဗောဓိဝင်၊ (၆)ဒါဌာဓာတုဝင်၊ (၇) နလာဋဓာတုဝင်၊ (၈) ထူပဝင်၊ (၉) ရွှေပြည်ဝင် စသည်တို့ ဖြစ်၏။ ထို့အပြင် ဆကေသာဓာတုဝင်၊ သာသနာဝင်၊ ဂန္ထဝင်၊ ရာဇဝင် ဟူ၍ ဝင်ကျမ်း အများအပြားရှိသေး၏။

ဝင်ကိုးဝင်ကို အချို့က (၁) ဗုဒ္ဓဝင်၊ (၂) အနာဂတဝင်၊ (၃) ဒီပဝင်၊ (၄) မဟာဝင်၊ (၅) မဟာဗောဓိဝင်၊ (၆) ဒါဌာဓာတုဝင်၊ (၇) နလာဋဓာတုဝင်၊ [illegible] သာဓာတုဝင်၊ (၉) ဓာတုဝင်၊ (၁၀) မဟာယူပ[illegible] [illegible] စူဠထူပဝင်၊ (၁၂) ဟတ္ထဝနဂလ္လဝိဟာရဝင်၊ (၁၃) ဂန္ထဝင်၊ (၁၄) စူဠဂန္ထဝင် စသည်ဖြင့် ကိုးဝင်မက ပြဆို၏။

**၁။ ဗုဒ္ဓဝင်ကျမ်း**

ပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အတ္ထုပ္ပတ္တိကို ပြဆိုသောကျမ်း ဖြစ်၏။ ယင်းဗုဒ္ဓဝင်ပါဠိတော်ကို ဘုရားဟောတော်မူ၏။ ဂါထာ (၁၄၅၈) မျှ ရှိ၏။ မဓုရတ္ထဝိလာသိနီအမည်ရှိ အဋ္ဌကထာပါဠိကို ဇမ္ဗူဒိပ်ကျွန်းတောင်ပိုင်း စောဠတိုင်း ကာဝီရပဋ္ဋနမြို့ ဘဏ္ဍာဂါသကျောင်း၌ သီတင်းသုံးသည့် အရှင်ဗုဒ္ဓဒတ် (အရှင်ဗုဒ္ဓဒတ္တ) စီရင်တော်မူ၏။ ဗုဒ္ဓဝင်ဋီကာပါဌ်ကို ၁၂၁၁ ခုက အရှင်သောဘိတ၊ ဗုဒ္ဓဝင်ပါဠိတော် နိဿယဟောင်းကို ၁၁၂၂ ခု၊ ရွှေဘိုမြို့၌ နန်းတက်သည့် မင်းလက်ထက် စစ်ကိုင်းတောရ အရှင်သဒ္ဓမ္မဇောတ စသည်တို့ စီရင်တော်မူ၏။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ်ကို အမရပူရ ပထမမြို့တည်နန်းတည်မင်းလက်ထက် ပြသာဒ်ကျောင်းဆရာတော် အရှင်သာရသီ၊ ၎င်းတစ်စောင်ကို ကဝိန္ဒာဘိဝံသ စသော တံဆိပ်နှစ်ထပ်ရပင်းဆရာတော်ကလေး ဦးလွှမ်းပြေ၊ ၎င်းတစ်စောင်ကို ၁၂၇၇ ခုနှစ်က မှော်ဘီမြို့ အရှေ့ရွှေပြည်ညောင်တောရ အရှင်ဥတ္တရဇိဝထေရ်၊ ၎င်းတစ်စောင်ကို





www.burmeseclassic.com

www.burmeseclassic.com

၁၂၈၈ ခုနှစ်က မန္တလေးမြို့ မိုယ်းထိကျောင်းတိုက် ကျောက်စာချပ် ဆရာတော် အရှင်ဇာဂရမဟာထေရ်တို့က အသီးသီးစီရင်ခဲ့ကြ၏။

သီဟိုဠ်ဘာသာ မဓုရတ္ထပကာသိနီ မည်သော ပဒတ္ထဗျာချာနိဿယကို သာသနာတော် ၂၄၃၃ ခု၊ မြန်မာနှစ် ၁၂၅၁ ခုတွင် သီဟိုဠ်(သီရိလင်္ကာ)ကျွန်း သေလဗိမ္ဗာရာမဝိဟာရဒါသီ သီလက္ခန္ဓမဟာထေရ်က ခုနစ်ဆယ့်လေးရက်နှင့် အပြီးစီရင်ခဲ့၏။ ဗုဒ္ဓဝင်အဋ္ဌကထာနိဿယကို ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီးလက်ထက် အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ငါးခုန်ဆရာတော် စီရင်ခဲ့၏။ ယင်းကျမ်းကို ဆရာတော်က နယုန်လဆန်း ၁၀ ရက်နေ့မှ ရက်ပေါင်း (၈၀) အပြီး ရေးသားခဲ့သည်ဟု သိရှိရ၏။ ဗုဒ္ဓဝင်ဝတ္ထုကို အမည်မသိဆရာတစ်ဦး ရေးသားခဲ့၏။

## ၂။ အနာဂတဝင်ကျမ်း

ပွင့်တော်မူမည့် ဘုရားရှင်တို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်းအတ္ထုပ္ပတ္တိကို ပြဆိုသောကျမ်း ဖြစ်၏။ အနာဂတဝင်ပါဠိတော်ကို (၁၄၂) ဂါထာဖြင့် မြတ်စွာဘုရား ဟောကြားခဲ့သည်ဟု အနာဂတဝင် အဋ္ဌကထာ ပြဆို၏။ အနာဂတဝင်အဋ္ဌကထာကို သီဟိုဠ်ကျွန်း(သီရိလင်္ကာ) အရှင်မဟာဥပတိဿထေရ်က စီရင်ခဲ့၏။ အနာဂတဝင် ပါဠိတော်နိဿယကို မင်းကြီး မဟာသီရိဇေယျသူဘွဲ့ရ မိုင်းခိုင်မြို့စား နန်းမတော်ဝန်ကြီးဦးယံက ၁၂၃၉ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ရေးသားခဲ့၏။ ဦးယံသည် စလင်းမြို့ တောင်ဘက် သမန်းရင်းရွာ အဖဦးကျော်ဇံ၊ အမိမယ်လိုလေးတို့မှ ၁၁၇၇ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့၏။ ရဟန်းဘွဲ့မှာ ရှင်ကေလာသဘ ဖြစ်၏။ ရဟန်းနှစ်ဝါရသောအခါ လူထွက်၍ ရွှေဘို၊ ပုဂံ၊ မင်းတုန်း၊ သီပေါမင်းများလက်ထက်တွင် အမှုတော်ထမ်းရွက်ခဲ့၏။ ဦးယံသည် ၁၂၅၃ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့တွင် ကွယ်လွန်၏။

အနာဂတဝင်၏အဖွင့် သမန္တဘဒ္ဒိကာအမည်ရှိ အနာဂတဝင် အဋ္ဌကထာပါဠိကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဓာတုသေနမင်းလက်ထက် ကာလဝါသိကျောင်းတော်တွင် သီတင်းသုံးခဲ့သည့် အရှင်ဥပတိဿထေရ် စီရင်ခဲ့၏။ အနာဂတဝင်အဋ္ဌကထာကို အမည်မသိဆရာ၊ အနာဂတဝင်နိဿယကို အမည်မသိဆရာ၊ ဘုရားလောင်းတစ်ကျိပ်ကိုပြရာ အစက စုဏ္ဏိယ အဆုံးအနီး ဂါထာ(၄၀) ရှိ ဒသဗုဒ္ဓ အနာဂတဝင်ပါဠိကို အမည်မသိဆရာတို့ ရေးသားခဲ့ကြောင်း သိရှိရ၏။ ဒသဗုဒ္ဓအနာဂတဝင်ပါဠိကို ဇင်းမယ်အနာဂတဝင် ဟူ၍လည်း ခေါ်၏။ အနာဂတဝင်နှင့်ပတ်သက်၍ ရှေးဆရာတို့ စီရင်တော်မူအပ်သော အနာဂတဝင်ပါဠိတော်နိဿယ၊ အနာဂတဝင်အဋ္ဌကထာနိဿယ၊ အနာဂတဝင်ဝတ္ထု ဟူ၍ အမျိုးမျိုးရှိ၏။

## ၃။ ဒီပဝင်ကျမ်း

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၏ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အတ္ထုပ္ပတ္တိကို ပြဆိုသောကျမ်း ဖြစ်၏။ ဒီပဝင်ကို သီဟိုဠ်ဘာသာဖြင့် ရှေးမဟာထေရ်တို့ ရေးသားစီရင်ခဲ့၏။ ဂါထာပေါင်း (၁၃၁၁) ပါရှိသောမာဂဓဘာသာဒီပဝင်ကို အမည်မသိဆရာ၊ ၎င်းနိဿယကို ၁၂၃၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ တနင်္လာနေ့က မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ပထမဆရာတော်ဘုရားကြီး၊ သာသနာဓဇာ တိကာ အမည်ရှိသော ဒီပဝင်ဋီကာပါဌ်ကို ထိုဆရာတော်ဘုရားကြီးပင် ရေးသားခဲ့၏။ ထိုဆရာတော်ဘုရားကြီးကပင် ဒီပဝင်ဋီကာနိဿယကို ဒီပဝင်နိဿယ ရေးသားပြီးစီးသည့်နေ့တွင်ပင် အပြီးရေးသား စီရင်ခဲ့၏။ ဒီပဝင်နှင့် ပတ်သက်၍ ရှေးဆရာတို့ ရေးသားစီရင်ခဲ့သည့် ဒီပဝင်နိဿယနှင့် ဟင်္သာတမြို့ ကြာခံဆရာတော် ပြုစုခဲ့သော ဒီပဝင်ဝတ္ထု ဟူ၍ ရှိ၏။

ထူပဝင်တွင် သမ္မာသမ္ဗုဒ္ဓထူပ၊ ပစ္စေကထူပ၊ သာဝကထူပ၊ စက္ကဝတ္တိထူပ ဟူ၍ လေးမျိုးရှိ၏။ ဒီပင်္ကရာမြတ်စွာဘုရား၏ ထူပတော်မှစ၍ ဂေါတမဗုဒ္ဓ၏ ထူပတော်တိုင်အောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ထူပတို့၏ အစဉ်အဆက် အဖြစ်အပျက်အကြောင်းအရာ အတ္ထုပ္ပတ္တိကို ပြဆိုသော မဟာထူပဝင်၊ စူဠထူပဝင်ကျမ်းမြတ်နှင့် သီဟိုဠ် (သီရိလင်္ကာ)ကျွန်း၏အကြောင်းအရာ အတ္ထုပ္ပတ္တိကျမ်းသုံးဆူတို့သည် မာဂဓဘာသာပါဠိဘာသာဖြင့်သာရှိ၏။ မြန်မာပြည်သူတို့ ကြည့်ရှုမှတ်သား သဒ္ဒါမပွားနိုင်။

ထို့ကြောင့် ဟံသာဝတီစာအုပ်တိုက်မှ ပါဠိဆရာကြီးများ ဖြစ်ကြသော ဆရာဦးခင်စိုး၊ ဆရာဦးတင်နွယ်၊ ဆရာဦးသန်းညွန့်တို့က ထူပဝင်ကျမ်းမြတ်နှစ်ဆူနှင့် ဒီပဝင်ကျမ်းမြတ်တစ်ဆူကို မြန်မာဘာသာကို ပြန်ဆိုတော်မူပါရန် ဟင်္သာတမြို့ခံ ကြာခံဆရာတော်ဘုရားအား လျှောက်ထားတောင်းပန်ခဲ့ကြ၏။ ကြာခံဆရာတော်ဘုရားကြီးသည် မာဂဓပါဠိဘာသာ၊ သီဟိုဠ်ဘာသာ၊ မြန်မာဘာသာ တတ်ကျွမ်းတော်မူပြီး နလာဋဓာတုဝင်ကျမ်းပြုပုဂ္ဂိုလ်လည်း ဖြစ်၏။ ဆရာတော်ကလည်း မဆိုင်းမတွ သုံးလနှင့်အပြီး ရေးသား ပြုစုပေးခဲ့၏။ ထို့အပြင် ဆကေသဓာတုဝင်ကျမ်းတစ်ဆူကိုလည်း ဖြည့်စွက် ပြန်ဆိုပေးခဲ့၏။ ယခင်က မြန်မာဘာသာဖြင့် ဝင်ကိုးဝင်အနက် ခုနစ်ဝင်သာရှိ၏။ ကြာခံကျောင်းဆရာတော် အရှင်ကေလာသထေရ်၏ ကျေးဇူးကြောင့် ဝင်ကိုးဝင်စလုံးကို မြန်မာအမျိုးသားတို့ ဖတ်ရှု ခံစားနိုင်ကြခြင်း ဖြစ်၏။ ဆရာတော်၏ ဒီပဝင်ဝတ္ထုနှင့် ဆကေသဓာတုဝင်ဝတ္ထုနှစ်စောင်တွဲကို ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်က ၁၉၈၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့၏။

## ၄။ မဟာဝင်ကျမ်း

မြတ်စွာဘုရားရှင်နှင့်တကွ သာသနာပြု သံဃာတော်များ၊ သာသနာပြု ဘုရင်မင်းတရားတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ပြဆိုသောကျမ်း ဖြစ်၏။ မဟာဝင် အဋ္ဌကထာအကျယ်ကို သီဟိုဠ်(သီရိလင်္ကာ)ဘာသာဖြင့် ရှေးဆရာတို့ ရေးသားခဲ့၏။ မာဂဓဘာသာပါဠိ (၃၆) ပိုင်းနှင့် ဂါထာ(၅၀)ကို မဟာနာမထေရ်က သာသနာနှစ် ရှစ်ရာကျော်တွင် ရေးသားခဲ့၏။ (၃၇)ပိုင်းမှ(၇၃)ပိုင်းအထိ မဟာဝင်ပါဠိနောက်ဆက်တွဲကို သီဟိုဠ်မဟာထေရ်အဆက်ဆက်တို့ စီရင်ခဲ့၏။ မဟာဝင်နောက်ဆက်တွဲကို စူဠဝင်ဟုခေါ်၏။ ယင်းတို့ကို ပေါင်းသော် အပိုင်း (၁၀၀) ဂါထာ (၉၀၀၀) ကျော်ရှိ၏။

မဟာဝင်နိဿယအဟောင်းကို ကဝိန္ဒာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရဆရာတော်၊ ၎င်းနိဿယသစ်ကို နန်းမတော်ဝန် မိုင်းခိုင်မြို့စား ပိဋကတ်တိုက်အုပ်ဦးယံနှင့် စာတော်ပြင် နေမျိုးမမ္မကျော်သူဘွဲ့ခံ ဦးဘား၊ ဝံသတ္ထပ္ပကာသိနီအမည်ရှိသော မဟာဝင်ဋီကာပါဌ်ကို အမည်မသိ သီဟိုဠ်ဆရာတော်၊ (၃၆) ပိုင်းနှင့် ဂါထာ (၅၀) မှ နောက်ပိုင်းတွင် ဋီကာမရှိ။ ထို့အပြင် ရှေးဆရာတို့ ရေးသား စီရင်ခဲ့သည့် မဟာဝင်နိဿယ၊ ကျီးသဲလေးထပ်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီး ရေးသားစီရင်ခဲ့သည့် မဟာဝင်ဝတ္ထုကို ပထမတွဲနှင့် ဒုတိယတွဲ နှစ်တွဲခွဲ၍ ဟံသာဝတီပုံနှိပ်တိုက်က ၁၉၅၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့၏။

**၅။ ဗောဓိဝင်ကျမ်း (မဟာဗောဓိဝင်ကျမ်း)**

မဟာဗောဓိ၊ အာနန္ဒာဗောဓိနှင့် ဒက္ခိဏသာခါဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအတ္ထုပ္ပတ္တိကိုပြဆိုသောကျမ်း ဖြစ်၏။ မူလကျမ်းမှာ သီဟိုဠ်ဘာသာ ဗောဓိဝင်ဖြစ်၏။ ဂါထာ (၃၀၀၀) ခန့်ရှိ စုဏ္ဏိယမဟာဗောဓိဝင်ပါဠိကို အနာဂတဝင်အဋ္ဌကထာပါဠိဆရာ မဟာသပတိဿထေရ်ကပင် သီဟိုဠ်ဘာသာမှ မဂဓဘာသာသို့ ပြန်ဆိုခဲ့၏။ မဟာဗောဓိဝင် ဋီကာပါဠိကို သာသနာနှစ် ၁၇၄၇ ခု၊ သက္ကရာဇ် ၅၆၅ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပုဂံပြည် ပေါင်းလောင်း ရှင်မဟာကဿပ၊ ၎င်းဋီကာနိဿယကို အမည်မသိဆရာ၊ မဟာဗောဓိဝင်သီဟိုဠ်နိဿယကို အမည်မသိ သီဟိုဠ်ဆရာတို့က စီရင်ခဲ့၏။

မဟာဗောဓိဝံသ သီဟိုဠ်ဘာသာ ဂဏ္ဌိပဒဝိဝရဏယကို သာသနာနှစ် ၁၈၄၆ ခန့်က 'ဝိလ်ဂမ်မုဠ' သံဃရာဇာ သီဟိုဠ်မဟာထေရ်၊ သီဟိုဠ်ဘာသာ မဟာဗောဓိဝံသတ္ထဝဏ္ဏနာကို မြန်မာနှစ် ၁၁၁၄ ခု၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့က ရဟန်းတော် သျှာမနကာယိကမူလသံ ရာဇာပိဏ္ဍပါတိကသရဏကင်္ကရထေရ် စသည်ဖြင့် ရေးသား စီရင်ခဲ့၏။

**၆။ ဒါဌာဓာတုဝင်ကျမ်း**

စွယ်တော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအတ္ထုပ္ပတ္တိကိုပြဆိုသောကျမ်း ဖြစ်၏။ မူလကျမ်းမှာ သီဟိုဠ်ဘာသာ ဒါဌာဓာတုဝင် ဖြစ်၏။ ယင်းကျမ်းကို သီဟိုဠ်ဆရာတော်တို့ ရေးသားစီရင်ခဲ့၏။ ထိုကျမ်းကို သာရတ္ထဒီပနီဋီကာဆရာ၏ တပည့် အရှင်ဓမ္မကိတ္တိမဟာထေရ်က မဂဓဘာသာသို့ ပြန်ဆိုထား၏။ ယင်းမထေရ်သည် မြန်မာနှစ် ၁၇၉၄ ခု၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဇမ္ဗုဒေါဏိမြို့၌ နန်းတက်သော 'ကလိကာလသာဟိစ္စသဗ္ဗညု ပဏ္ဍိတ ပရက္ကမဗာဟုမင်း လက်ထက် ဇမ္ဗူဒိပ်ကျွန်းတောင်ပိုင်း တမ္ဗတိုင်းမှ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ပင့်ပြီး ကိုးကွယ်တော်မူသည်ဟု မဟာဝံသပါဠိ (၈၄) ပိုင်း၊ စာမျက်နှာ (၅၅၆) တွင် ပြဆိုသောမဟာထေရ်ပင် ဖြစ်ဖွယ်ရှိ၏။

သာသနာနှစ် ၈၄၆ ခုနှစ်တွင် ကိတ္တိသီရိမေဃဝဏ္ဏမင်း သီဟိုဠ် (သီရိလင်္ကာ)၌ နန်းတက်၏။ နန်းစည်းစိမ် (၉) နှစ် သာသနာနှစ် ၈၅၅ ခုတွင် ဇမ္ဗူဒိပ်ကျွန်း ကာလိင်္ဂတိုင်း ဒန္တပုရမြို့တော်မှ လက်ဝဲအောက်စွယ်တော်ရောက်လာသည်ဟု ဆို၏။ ထိုမင်းနန်းစံ (၂၈)နှစ်ရှိ၏။ ဒါဌာဓာတုဝင်နိဿယကို မိုင်းခိုင်မြို့စား ဦးယံက မြန်မာနှစ် ၁၂၄၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ တနင်္လာနေ့တွင်ပြုစုခဲ့၏။ ၎င်း၏ သီဟိုဠ်ဘာသာနိဿယကို သီဟိုဠ်ဆရာ၊ သာဓုဇနာနန္ဒကာသိနီ အမည်ရှိသော ဒါဌာဓာတုဝင် ဋီကာပါဠိကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ) အနုရာဓမြို့မှ အရှင်မဟာသာမိထေရ်၊ ဒါဌာဓာတုဝင်ဝတ္ထုကို အမည်မသိဆရာ၊ ဒါဌာဝံသဂီတိကျမ်းကို ၁၂၈၅ ခုနှစ်ခန့်က ငါးသိုင်းချောင်းမြို့ အရှင်ပညာဝန္တထေရ် ရေးသား ,စီရင်ခဲ့၏။ ယင်းကျမ်းတွင် ဂါထာ (၄၁၀) ရှိ၏။

**၇။ နလာဋဓာတုဝင်ကျမ်း**

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အတ္ထုပ္ပတ္တိကို ပြဆိုသောကျမ်း ဖြစ်၏။ မူလနလာဋဓာတုဝင်ပါဠိကို အမည်မသိ သီဟိုဠ်ဆရာနှင့် ယင်းဋီကာပါဠိကို အမည်မသိ သီဟိုဠ်ဆရာတို့ ရေးသား ပြုစုခဲ့၏။ နလာဋဓာတုဝင်ကျမ်းတွင် နလာဋဓာတုဝင်ဋီကာ၊ နလာဋဓာတုဝင်နိဿယနှင့် ဟင်္သာတမြို့ ကြာခံကျောင်းဆရာတော် ရေးသား စီရင်ခဲ့သည့် နလာဋဓာတုဝင်ဝတ္ထု ဟူ၍ ရှိ၏။

**၈။ ထူပဝင်ကျမ်း**

ဟေမမာလီ မည်သော သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အတ္ထုပ္ပတ္တိကို ပြဆိုသောကျမ်း ဖြစ်၏။ မူလထူပဝင်ပါဠိကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ) အရှင်စိဿရထေရ်၊ မဟာထူပဝင်ပါဠိကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဇမ္ဗုဒေါဏိမြို့၌ သာသနာနှစ် ၁၇၄၉ ခုနှစ်တွင် နန်းတက်သည့်မင်းလက်ထက် မဟိန္ဒသေနကျောင်းမှ အရှင်ဝါစိဿရတ္ထုပါဒ၊ 'စူဠထူပါဝင်ပါဠိကို အမည်မသိ သီဟိုဠ်ဆရာ'၊ ထို့အပြင် အမည်မသိ ဆရာများ ရေးသားစီရင်သည့် မဟာထူပါဝင်ပါဠိ စူဠထူပဝင်ပါဠိ၊ ထူပဝင်နိဿယနှင့် ဟင်္သာတမြို့ ကြာခံဆရာတော် ရေးသားသည့် ထူပဝင်ဝတ္ထု ဟူ၍ ရှိ၏။ မဟာနှင့် စူဠထူပဝင်တို့သည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ရှိ ဟေမမာလီ အမည်ရှိမဟာစေတီအကြောင်းကို ပြဆိုသောကျမ်းများဖြစ်၏။ အကျဉ်းအကျယ်သာ ကွာခြား၏။

**၉။ ရွှေပြည်ဝင်ကျမ်း စသည်**

မြတ်စွာဘုရားရှင်နှင့်အဂ္ဂသာဝကအရှင်မြတ်နှစ်ပါးတို့ ပရိနိဗ္ဗာန်ပြုတော်မူပုံ အကြောင်းအရာကို ပြဆိုသော ရွှေပြည်ဝင်ဝတ္ထုနှင့် ရွှေပြည်ဝင်ပျို့ ဟူ၍ရှိ၏။ ယင်းဝတ္ထုနှင့် ပျို့တို့ကို ရေးသားသူ မသိရပေ။ သာသနာဝံသပ္ပဒီပိကာပါဠိကို ပညာသာမိသီရိတဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ကြီးက မြန်မာဘာသာဖြင့် ရေးသားထားသည့် သာသနာလင်္ကာရစာတမ်းကို ပါဠိဘာသာသို့ ပြန်ဆိုခဲ့၏။ ဆရာတော်က ယင်းဘာသာပြန်ကို မြန်မာနှစ် ၁၂၂၃ ခုတွင် ရေးသားပြီး သာသနာဝံသပ္ပဒီပိကာပါဠိဟု အမည်ပေးခဲ့ခြင်း ဖြစ်၏။ သာသနာဝံသဒီပနီကျမ်းကို မုံရွေးဆရာတော်၊ သာသနဝံသဒီပပါဠိကို သာသနာနှစ် ၂၄၂၃ ခန့်က သီဟိုဠ်ကျွန်း အမရပူရနိကာယိက ဝိမလသာရမဟာထေရ်၊ ယင်းပါဠိတွင် အပိုင်း(၁၂)ပိုင်း၊ ဂါထာ (၁၆၇၁) ရှိ၏။ ၎င်းသီဟိုဠ်ဗျာချာနိဿယကို အမရပူရနိကာယဉာဏတိလကထေရ်၊ ဇိနဝံသဒီပကာဗျပါဠိဂါထာ (၂၀၀၀) ကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ပါဏဒူရမြို့ အဘယဂုဏာရတနမုဒဋ္ဌိန္ဒာရာမကျောင်းတိုက်မှ မေဇနန္ဒ ရေးသား စီရင်ခဲ့၏။ ယင်းကျမ်းသည် သန္တိကေနိဒါန်း၌ဆုံး၏။ သီဟိုဠ်ဘာသာ ၎င်းနိဿယကို ၎င်းမထေရ်ပင် ရေးသားခဲ့၏။

ပုဂံမဟာရာဇဝင်ပါဠိကို ပေါက်တန်မြို့ ငှက်ပစ်တောင်ဆရာတော် အရှင်ဝေါမာရထေရ်၊ ပုဂံရာဇဝင်ပါဠိကို ပုဏ္ဏား၊ ပြဟ္မဏဆရာ၊ ပုဂံရာဇဝင်တစ်စောင်ကို အမည်မသိဆရာ၊ တောင်ငူရာဇဝင်ကို အမည်မသိဆရာ၊ ရာဇဝင်ကျော်ကို တောင်တွင်းဆရာတော် အရှင်မဟာသီလဝံသထေရ်၊ ရာဇဝင်ချုပ်ကို မြောက်နန်းမိုးကျောင်းဆရာတော်၊ သထုံရာဇဝင်ဟောင်းကို အမည်မသိဆရာ၊ မွန်ရာဇဝင်ကို အမည်မသိဆရာ၊ ဇင်းမယ်ရာဇဝင်ကို မဟာရတနာပုံတိုက်စိုးစည်သူဂါမဏိသင်္ကြန်၊ ရခိုင်ရာဇဝင်၊ ယိုးဒယားရာဇဝင်၊ တရုတ်ရာဇဝင်ကို အမည်မသိဆရာများ ရေးသားခဲ့၏။ ရခိုင်-ဗမာ-(မွန်) ရာဇဝင်ချုပ်တို့ ဦး



www.burmeseclassic.com

www.burmeseclassic.com

ဝံကာ ရေးသား ပြုစုခဲ့၏။

ပုတကေရာဇဝင်ခေါ် ပေါ်တူဂီရာဇဝင်ကို ဘုရင်ကြီး ဘုန်းကြီးဒေါင်ဘီနာရှူနှင့် အခွန်ဝန် သီရိဇေတရက်ကျော်၊ အိန္ဒိယနိုင်ငံသားတို့၏ရာဇဝင်အကျဉ်းချုပ်ကို ဟန်တာအမည်ရှိပုဂ္ဂိုလ်၊ သန်လျင်ရာဇဝင်ကို အမည်မသိဆရာ၊ ပုသိမ်ရာဇဝင်ကို အမျိုးသားပညာဝန် ဦးဖိုးကျား၊ ပုသိမ်ရာဇဝင်ကို ဆရာမာယလည်း တစ်စောင်ရေးသားခဲ့၏။ သထုံရာဇဝင်ပေါင်းချုပ်ကျမ်း၊ မုတ္တမရာဇဝင်ပေါင်းချုပ်၊ သထုံရာဇဝင်ဌာနှင့် ဖြပ္ပဇလသုတ်၊ ကရင်ရာဇဝင်တို့ကို ဆရာဦးပညာ၊ မဇ္ဈိမဒေသရာဇဝင် သီဟိုဠ်ရာဇဝင်တို့ အမည်မသိဆရာများ ရေးသားခဲ့ကြ၏။

မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်တို့ကို ၁၀၇၆ ခုနှစ်တွင် နန်းတက်သော ဆင်ဖြူရှင်မင်းလက်ထက် သူဌေးသား ဦးကုလား၊ မဟာရာဇဝင်သစ်ကို တွင်းသင်းတိုက်ဝန် မဟာစည်သူ ဘွဲ့ခံ ဦးထွန်းညို၊ မဟာရာဇဝင်အကြောင်းအခြားတစ်မူကို အရိယဝံသအာဒိစ္စရံသီ မုံရွေးဇေတဝန် ဒုတိယဆရာတော်ဦးနိုး၊ မှန်နန်းမဟာရာဇဝင်တော်ကြီးကို ၁၁၈၁ ခုနှစ်တွင် နန်းတက်သော ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားလက်ထက် ရဟန်းပညာရှိ ပုဏ္ဏားပညာရှိများ ရေးသား စီရင်ခဲ့၏။

ဒုတိယကုန်းဘောင်မဟာရာဇဝင်တော်ကို မိုင်းခိုင်ပိဋကတ်တိုက်အုပ်ဦးယံ၊ ဓညဝတီရာဇဝင်သစ်ကို ပဲခူးမြို့ မင်းကျောင်းဆရာတော် ဦးပဏ္ဍိတ၊ ရာဇဝင်ချုပ်(၅၅)ဂါထာ ပါဠိနိဿယကို ကိဝန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ အမရပူရရတနာဘုံကျောင်း ညောင်ကန်ဆရာတော်၊ ၎င်းအဖွင့် မဟာရာဇဝင်ကြီး ဋီကာပါဠိနိဿယကို ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇဓိရာဇဂုရုတံဆိပ်တော်ရ ရတနာပုံမြို့တော် မြောက်ပြင် မဟာခေမိကာရာမ သစ်ဆိမ့်တိုက် သစ်ဆိမ့်ဆရာတော်ဘုရားကြီး၊ ရာဇဝင်ပျို့ကို ဦးရွှင်ကလေးတို့က ပြုစုခဲ့ကြ၏။

ဆကေသဓာတုဝင်ပါဠိကို အမည်မသိဆရာ၊ ၎င်းနိဿယကို အရိယဝံသအာဒိစ္စရံသီမဟာထေရ်ခေါ် ဒုတိယမုံရွေးဇေတဝန်ဆရာတော်၊ ၎င်းသီဟိုဠ်ဘာသာဘာဝတ်သန္နယကို သီဟိုဠ်ကျွန်း(သီရိလင်္ကာ) အမရပူရနိကာယ်ဝိမလဗုဒ္ဓိတိဿထေရ်၊ ဓာတုပါဠိကို အမည်မသိဆရာ၊ ဟတ္ထဝနဂလ္လဝိဟာရဝင်ကို အမည်မသိ သီဟိုဠ်ဆရာ၊ ၎င်း သီဟိုဠ်ဘာသာနိဿယကို အမည်မသိဆရာ၊ ဂန္ထဝံသပါဠိကို အမည်မသိဆရာ၊ ဂန္ထဝံသနိဿယကို ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ၊ စူဠဝံသပါဠိကို ဟံသာရဋ္ဌဇာတိနန္ဒပညာထေရ် စသည်တို့ စီရင်ခဲ့ကြ၏။

ပြဆိုခဲ့သော ဝံသကျမ်းအမျိုးမျိုးတို့တွင် ပဇ္ဇ ပဒေါ၊ ဂုဝံသအမည်ရှိသော ဂါထာမ မဟာဝံသပါဠိကို မဟာနာမထေရ် စီရင်တော်မူ၏။ ယင်းမထေရ်သည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)အနုရာဓမြို့တော် ဒီဃသန္ဒကသေနာပတိ လှူဒါန်းခဲ့သည့် စူဠပါသာဒပြာသာဒ်ကျောင်းတွင် သီတင်းသုံး၏။ ထိုကျောင်းသည် မဟာမေဃဝနုယျာနအမည်ရ မဟာမေဃဝန်တိုက်အတွင်း၌ တည်ရှိ၏။ ယင်းမဟာဝင်ပါဠိ (၃၆)ပိုင်းနှင့် ဂါထာ(၅၀)ရှိ အရေးပိုင်းကိုပေါင်းသော် သီဟိုဠ်စာအုပ်မူအလိုအရ ဂါထာပေါင်း(၂၇၁၅)ရှိ၏။ ကဝိန္ဒာဘိသဒ္ဓမ္မဓရဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ဆရာတော်၏ မဟာနိဿယဟောင်းနိဂုံးအလို ဂါထာပေါင်း(၂၈၃၇) ရှိ၏။ သီဟိုဠ်မင်းဆက် (၁၀၈) ဆက်ရှိ၏။ သာသနာနှစ် ၂၃၅၉ သက္ကရာဇ် ၁၁၇၇ တွင် သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးကို အင်္ဂလိပ်အစိုးရမင်းတို့ သိမ်းယူသည်အထိ မဟာဝင်ပါဠိ၌ ပါရှိ၏။

ယင်းမဟာဝင်ပါဠိ မဟာဝင်ဋီကာပါဠိကို ဒီဃသန္ဒသေနာပတိအမတ်ကြီး လျှောက်ထား တောင်းပန်သဖြင့် အရှင်မဟာနာမထေရ် စီရင်ကြောင်း ပိဋကတ်တိုက်အုပ် ဦးယံ စီရင်သည့် ပိဋကတ်သမိုင်းစာတမ်း၌ ဆို၏။ မဟာဝံသဋီကာအဖွင့်အလိုအရ ဒီဃသန္ဒိသေနာပတိသည် သာသနာနှစ် ၂၄၄ ခုနှစ်က နတ်ရွာစံသော ဒေဝါနံပိယတိဿမင်းကြီး၏ စစ်သူကြီးသာ ဖြစ်၏။

ထိုစစ်သူကြီးတောင်းပန်၍ မဟာနာမထေရ်ရေးသည်ဆိုသော် ဒီဃသန္ဒသေနာပတိစစ်သူကြီးသည် အသက်(၅၆၀) ရှည်မှဖြစ်မည်ဟု မဟာဝင်ဝတ္ထုနှင့် ဇမ္ဗူဒီပစာတမ်းတွင် ဆို၏။ ထိုသို့လည်း မဖြစ်နိုင်။ ရှေးဆရာတို့ သီဟိုဠ်ဘာသာဖြင့်ရေးထားသောအမိုင်းရှိသမျှ မဟာသေနမင်းတိုင်ရုံသာလျှင် မဂဓဘာသာ ပါဠိဂါထာသို့ မဟာနာမ မဟာထေရ် ပြန်ဆိုရေးသားခဲ့သည်ဟု ယူဆဖွယ်ရှိ၏။

၁၀၆၀ ပြည့်နှစ်တွင် သီဟိုဠ်(သီရိလင်္ကာ) ၌ ကုမာရဓာတုသေနမင်း နန်းတက်၏။ ထိုမင်း နန်းစံနှစ် (၉) နှစ်ရှိ၏။ နန်းစံ (၃) နှစ်အကြာ သာသနာနှစ် ၁၀၆ ခုနှစ်တွင် မဟာနာမထေရ်သည် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို စီရင်ပြီးကြောင်း မဟာဝင်နှင့်အညီ သိရ၏။ ယင်းမဟာထေရ်သည်ပင် မဟာဝံသပါဠိကို စီရင်တော်မူသည်ဟု ယူဆဖွယ်ရှိ၏။ မထေရ် သီတင်းသုံးခဲ့သည့် စူဠပါသာဒပြာသာဒ်ကျောင်း၏ မူလဒါယကာသည် ဥတ္တမရန္တ ဖြစ်နိုင်၏။ ဒီဃသန္ဒသေနာပတိသည် နောက်ပြင်ဆင်အသစ်ဆောက်လုပ်သော ဒါယကာအမည် ဖြစ်တန်ရာ၏။

မဟာဝင်ဝတ္ထုကို ရှေးဆရာတို့ စာကိုယ်၌ ဋီကာအဓိပ္ပာယ်သွင်း၍ စီရင်တော်မူကြကုန်၏။ မဟာဝင်ဝတ္ထုသစ်ကို ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇက ရေးသားစီရင်ခဲ့၏။ ဆရာတော်သည် ကျမ်းပေါင်း(၃၀)ကျော် ရေးသားပြုစုခဲ့၏။ ဆရာတော် ရေးသားသည့် မဟာဝင်ဝတ္ထုနှင့် ဇမ္ဗူဒီပစာတမ်းကို ၂၀၁၀ ပြည့်နှစ်၊ ဇွန်လတွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့၏။

နိုင်ခင်မောင်လေး

**ကျမ်းကိုး -**


၁။ ကျီးသဲလေးထပ် မဟာဝင်ဝတ္ထုနှင့် ဇမ္ဗူဒီပစာတမ်း (ဒုတိယအကြိမ်)၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်၊ ၂၀၀၀။
၂။ ကျီးသဲလေးထပ် ဆရာတော်၊ မဟာဝင်ဝတ္ထု (ဒုတိယတွဲ)၊ ဟံသာဝတီ၊ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၇။
၃။ ကြာခံဆရာတော်၊ ဒီပဝင်ဝတ္ထုနှင့် ဆကေသဓာတုဝင်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၈။
၄။ ဦးအာလောက၊ သာသနာဝင်ကျမ်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၂၆။
၅။ အမတ်ကြီးမဟာဓမ္မသင်္ကြံ၊ သာသနာလင်္ကာရစာတမ်း (ဒုတိယအကြိမ်)၊ သာသနာဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။




www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက် ဘုရားဒါယိကာမကြီး (အမေကောင်း) ၏ သားသမီးများဖြစ်ကြသော ရွှေကံကူသာသနာပြုမယ်တော်ကြီး၊ ရွှေကံကူသာသနာပြု အန်တီးအေး၊ ရွှေကံကူသာသနာပြု ဆရာဘိုဘိုတို့၏နေအိမ်တွင် ပွင့်ထွန်း ပေါ်ပေါက် သီတင်းသုံးစံပယ်တော်မူသော ရွှေကံကူလေပျံ သစ်တော် ရုပ်ရှင်တော်မြတ်သည် ထူးခြားသောတန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူသည့်အပြင် ပင့်ဆောင် ပူဇော်ကြသူအပေါင်းတို့တွင် ဆုတောင်းအဓိဋ္ဌာန်များ ပြည့်မြောက်အောင်မြင်ကြသည့်အတွက် ယနေ့အချိန်တွင် မြန်မာနိုင်ငံတစ်နံတစ်လျား တိုင်းဒေသကြီးများ၊ ပြည်နယ်၊ မြို့ရွာ အနှံ့အပြားမျှသာမက နိုင်ငံရပ်ခြားတိုင်းပြည်များမှပါ ပင့်ဆောင် ပူဇော်လျက်ရှိကြ၍ နှစ်ပတ်လည် ဒေသစာရီခရီးစဉ်များ လှည့်လည် ကြွမြန်းတော်မူလျက်ရှိသည်။



နီလာမကိုဋ်၊ စလွယ်တော်ကို မချွတ်မီ အသစ်လှူဒါန်းသော မကိုဋ်၊ စလွယ်တော်နှင့် မှတ်တမ်းတင်ထားပုံ

ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့မှ ၂၀၀၃ ခုနှစ်တွင် စတင် ပင့်ဆောင် ပူဇော်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် တစ်နှစ်လျှင် တစ်ကြိမ်မှ သုံးကြိမ်အထိ ပင့်ဆောင် ပူဇော်ခဲ့ကြ၍ အစာပိုင်းနှစ်များတွင် ရန်ကုန်မြို့တွင် တစ်ကြိမ် ပင့်ဆောင် ပူဇော်ကြလျှင် တစ်လခွဲခန့်သာ ကြာမြင့်ခဲ့ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် တစ်ကြိမ် ပင့်ဆောင်ပူဇော်ကြလျှင် (၆)လခန့်အထိ ကြာမြင့်ခဲ့သည်မှာ ဤယနေ့တိုင် ဖြစ်ပါ

## ရန်ကုန်မြို့တွင် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား

# ရွှေသားစလွယ်တော်၊ မကိုဋ်တော်လှူဒါန်း

ဘိုဘို(ရွှေကံကူ)



ဦးပေါ်ထင်+ဒေါ်တင်တင်ရွှေ လှူဒါန်းသော မကိုဋ်တော်၊ စလွယ်တော်အသစ်နှင့် ဖူးမြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



**မန္တလေးမြို့ရှိ ညီမဖြစ်သူ၏နေအိမ်၌ ဦးပေါ်ထင်+ဒေါ်တင်တင်ရွှေတို့ မကိုင်၊ စလွယ် လှူဒါန်းရန် လျှောက်ထားစဉ် မူလ မကိုင်၊ စလွယ်တော် ခေတ္တချွတ်၍ မှတ်တမ်းတင်ရာ ပြုံးတော်မူပုံ**

သည်။ ယခု ၂၀၁၃ ခုနှစ်ဆိုလျှင် ရန်ကုန်မြို့မှ ပင့်ဆောင်ပူဇော်ခဲ့ကြသည်မှာ (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ထိုသို့ ပင့်ဆောင်ပူဇော်ကြရသူများမှာ ပထမဦးဆုံး ရွှေကံကူအောင်မြေသို့လည်းကောင်း၊ ရုပ်ရှင်တော်မြတ်ကြွမြန်းရောက်ရှိတော်မူရာ နေရာဌာနသို့လည်းကောင်း သွားရောက်၍ မိမိတို့၏ အမည်နေရပ်လိပ်စာ ဖုန်းနံပါတ်တို့ကို ရေးသွင်း၍ ဒေသစာရီခရီးစဉ်လက်ခံစာအုပ်တွင် ကြိုတင် စာရင်းသွင်းကာ လျှောက်ထားကြရပါသည်။ အလျဉ်းသင့်သောအခါ (ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းအထိ စောင့်ဆိုင်းရတတ်ပါသည်။) မိမိတို့ ပင့်ဆောင် ပူဇော်ခွင့် ရရှိသော နေ့ရက်၌ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာ နေရာအနီးသို့ သွားရောက်၍ မိမိတို့၏ အစီအစဉ်ဖြင့် (ရုပ်ရှင်တော်မြတ်နှင့်အတူ ပါရှိသော ပစ္စည်းများနှင့် အန်တီအေးနှင့် မယ်တော်ကြီးတို့ပါ သက်သောင့်သက်သာလိုက်ပါနိုင်ရန်) ပင့်ဆောင်ရမည်ဖြစ်ပြီး ပြန်လည်ပို့ဆောင်ကြရခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ပင့်ဆောင်ပူဇော်လိုသူတို့ များပြားလှ၍ တစ်အိမ်လျှင် နှစ်ညအိပ် သုံးရက်ထက်ပို၍ ပူဇော်ခွင့်မပြုနိုင်ပါ။ တစ်မြို့နှင့်တစ်မြို့ ကူးသန်းရာ၌ အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် ခရီးပန်းမှုမရှိစေရန် (မယ်တော်ကြီးတို့သည် အသက်အရွယ်ရလာပြီဖြစ်သည့်အပြင် မနားတမ်း ခရီးဆက်နေကြရသူများဖြစ်၍) လေယာဉ်ပေါက်သောခရီးတွင် လေယာဉ်နှင့် ပင့်ဆောင်ပူဇော်ရန်နှင့် ကားလမ်းပေါက်သောခရီးသာရှိလျှင် သက်သောင့်သက်သာ လိုက်ပါနိုင်မည့်ကားမျိုးဖြင့် စီစဉ်ပင့်ဆောင်ကြရမည် ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်အား ပထမဦးဆုံး ပင့်ဆောင်ပူဇော်သော ၂၀၀၃ ခုနှစ်မှာပင် ရန်ကုန်မြို့မှ သာဝကများတို့သည် ရုပ်ရှင်တော်မြတ်အား ကြည်ညိုမဆုံးဖြစ်ကြ၍ အများမှ စုပေါင်း၍ ရွှေသားမကိုင်းနှင့် စလွယ်တော် (အလေးချိန် (၂) ကျပ်ခွဲသားခန့်) တို့ကို လှူဒါန်းပူဇော်ခဲ့ကြပါသည်။

၂၀၀၄ ခုနှစ်တွင် ပေါက်တံပြည် အလိုတော်ပြည့်ဘုရားမှာ နဂါးမင်းကြီး အဘိုးဦးမာရ်ဇိန် လှူဒါန်းသော ပတ္တမြားၤ သထုံသိုက်နန်းရှင် လှူဒါန်းသော စိန်တို့ဖြင့် စဉ့်ကိုင်းမြို့ ခေတ်ဆန်သူ စားဥယျာဉ်မှ မပေါင်းပေါင်း လှူဒါန်းသော ရွှေတို့ဖြင့် မကိုင်းတော်၊ စလွယ်တော်တို့ ပြုလုပ်၍ လှူဒါန်းပူဇော်ခဲ့ပြန်ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် တပ်မတော် ထိပ်တန်းအရာရှိကြီးတစ်ဦးမိသားစုမှ နီလာနှင့် ရွှေပြုလုပ်သော မကိုင်းတော်၊ စလွယ်တော်တို့ကို လှူဒါန်းပူဇော်ကြပြန်ပါသည်။

၂၀၁၀ ပြည့်နှစ်မှာပင် ရန်ကုန်မြို့ သုဝဏ္ဏစုပေါင်းအိမ်ရာမှ အင်ဂျင်နီယာချုပ် ဦးခင်မောင်ကျော်၊ ဒေါ်ဝေဝေမာ မိသားစုတို့မှ မြကျောက်စီခြယ်၍ ရွှေသားဖြင့် မကိုင်းတော် စလွယ်တော် ပြုလုပ်ရန် ပစ္စည်းများလှူဒါန်းထားရှိပြီး ဖြစ်သော်လည်း ပန်းထိမ်ဆရာမှ မအားလပ်သေး၍ မပြုလုပ်ရသေးဘဲရှိပါသည်။

၂၀၁၁ ခုနှစ်တွင် မိုးကုတ် ကျပ်ပြင်မြို့ ပန်းမချယ်ရီရပ်ကွက်မှ ဦးစိန်သောင်း၊ ဒေါ်နော်အားမူတို့ လှူဒါန်းသော ပတ္တမြားအပွင့် (၄၀၀) ကျော်နှင့် မယ်တော်ကြီး၏သားသမီးများ စုပေါင်းလှူဒါန်းသော ရွှေတို့ဖြင့် မကိုင်းတော်၊ စလွယ်တော် ပြုလုပ်လှူဒါန်းမည် ဖြစ်ပါသည်။ ပန်းထိမ်ဆရာမှ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေး၍ ဆိုင်းငံ့ထားရပါသည်။

ယခု ၁၉-၄-၂၀၁၃ တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် FMI ပဒေသာပင်မြို့တော် ဂန္ဓမာ(၂)လမ်း၊ အမှတ်(၃၇)ရှိ ဦးပေါ်ထင် (ဆည်မြောင်း အင်ဂျင်နီယာချုပ်/ငြိမ်း)၊ ဒေါ်တင်တင်ရွှေ မိသားစုနေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ ဤမိသားစုမှ ရုပ်ရှင်တော်မြတ်အား ရွှေသားနှင့် နီလာ (ဒေါ်တင်တင်ရွှေမှ ၎င်းဝတ်ဆင်လျက်ရှိသော ဆွဲသီးကို ဖြုတ်လှူသည်။) မကိုင်းတော်၊ စလွယ်တော်တို့ လှူဒါန်း ပူဇော်ပါသည်။

ထိုအချိန်၌ ရုပ်ရှင်တော်မြတ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဒီဘီတာထောင်မြို့နယ် ဦးစိုးနိုင်သိမ်း+ဒေါ်မိမိအောင်တို့အိမ်မှ FMI မြို့တော်နေ မကိုဋ်၊ စလွယ်အလှူရှင် ဦးပေါ်ထင်+ဒေါ်တင်တင်ရွှေမိသားစုမှ ပင့်ဆောင် ပူဇော်စဉ် (၁၉-၄-၂၀၁၃)



ဦးပေါ်ထင်+ဒေါ်တင်တင်ရွှေမိသားစု ဘုရားရှင်အား မကိုဋ်တော်၊ စလွယ်တော် လှူဒါန်းနေပုံ

နီလာခြယ်သော မကိုဋ်တော် (တပ်မတော်အရာရှိကြီးမိသားစုမှ လှူဒါန်းသော) နှင့် စိန်စီခြယ်သော စလွယ်တော် (သထုံသိုက်နန်းရှင်နှင့် စဉ့်ကိုင်မြို့ ခေတ်ဆန်သူမိသားစု မပေါင်းပေါင်းတို့ လှူဒါန်းသော) တို့ ပူဇော်ပါရှိပြီးဖြစ်ရာ ရွှေကံကူသာသနာပြုမယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အား ရိုသေလေးမြတ်စွာ လျှောက်ထား တောင်းပန်၍ မကိုဋ်တော်၊ စလွယ်တော်တို့ကို ညင်သာစွာ ဖြုတ်လိုက်ပါသည်။ မကိုဋ်တော်၊ စလွယ်တော် အဦးအစဆုံး လှူဒါန်းပူဇော်ပြီးချိန်မှစ၍ ရုပ်ရှင်တော်မြတ်၏ ပကတိ ဥတော်အသွင်ကား ဖူးမြော်ခွင့်ရရှိချိန်နည်းပါးလှသည်ဖြစ်သောကြောင့် အိမ်ရှင်မိသားစုတို့နှင့် ဧည့်သည်တော်များသည် မကိုဋ်တော်၊ စလွယ်တော်အသစ်များ ဆက်လက် ပူဇော်ဆင်မြန်းမပြုမီ ရုပ်ရှင်တော်မြတ်၏ပကတိအသွင်အား အားပါးတရ အနီးကပ် ဖူးမြော်ကြည်ညိုကြစဉ် ရုပ်ရှင်တော်မြတ်သည် မျက်နှာတော် ပြုံးတော်မူ၍ မျက်လုံးတော်တို့ ဖွင့်တော်မူကာ ရောင်ခြည်တော်များ ကွန့်မြူးတော်မူသဖြင့် ပင့်ဆောင်ပူဇော်သူ မိသားစုတို့သည် ဝမ်းမြောက်အားရ ပျော်ရွှင်လျက်ရှိကြသည်။

ထူးခြားမှုဟု ဆိုရပေမည်။ ၂၀၀၃ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်ခံယူရရှိခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၃ ခုနှစ် (၁၀) နှစ်ပြည့်မြောက်ချိန်တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့မှာပင် ရွှေသားမကိုဋ်တော်၊ စလွယ်တော်တို့ကို လှူဒါန်း ပူဇော် ဆင်မြန်းတော်မူခြင်းကို ခံယူရတော်မူခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုဟု ခေါ်ဆိုနိုင်သော မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် ပွင့်ထွန်းသော်လည်း နှစ်ပတ်လည်ဒေသစာရီခရီးစဉ်များ ကြွမြန်းတော်မူလျက်ရှိသောကြောင့် တစ်နှစ်တာ ရက်ပေါင်း (၃၆၅) ရက်တွင် စဉ့်ကိုင်မြို့၌ သီတင်းသုံးတော်မူသော စုစုပေါင်းရက်မှာ (၃၀) ခန့်သာရှိပါသည်။

အထူးသဖြင့် နှစ်ရှည်ထာဝစဉ် ပူဇော်သူများမှာ ရန်ကုန်မြို့မှ များပြားပါ၍ တစ်နှစ်တစ်နှစ်လျှင် ရန်ကုန်မြို့မှ (၆) လမျှကြာမြင့်ခဲ့ရခြင်း ဖြစ်ပြီး သတ်မှတ်ရက်စေ့၍သာ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့မှ ပြန်လည် ကြွမြန်းထွက်ခွာတော်မူခဲ့ရခြင်း ဖြစ်သော်လည်း နှစ်စဉ် ရန်ကုန်မြို့၌ ကြွမြန်းရန် အိမ်ပေါင်းများစွာ ကျန်ရစ်မြဲ ဖြစ်ပါသည်။ ရန်ကုန်မြို့မှ ပင့်ဆောင် ပူဇော်ရန် လျှောက်ထားသူများကိုသာ ကုန်ဆုံးအောင် ကြွမြန်းပေးတော်မူမည်ဆိုပါက တစ်ပတ်သာလည်သွားမည် ဖြစ်သော်လည်း ရန်ကုန်မြို့ခရီးစဉ်သည်ကား ပြီးဆုံးမည် မဟုတ်ပါ။

ရွှေကံကူ သာသနာပြု မယ်တော်ကြီးနှင့် အန်တီအေး၊ ဆရာဘိုဘိုတို့သည် ယခုကဲ့သို့ မကိုဋ်တော် စလွယ်တော်တို့ကို လှူဒါန်းပူဇော်သော ဦးပေါ်ထင်နှင့် ဒေါ်တင်တင်ရွှေတို့အား ကျေးဇူးတင် ဝမ်းမြောက်စွာနှင့် သာဓုခေါ်ဆိုပါကြောင်း၊ ရှေ့ကလှူဒါန်းပူဇော်ခဲ့ကြသော မကိုဋ်တော်၊ စလွယ်တော် အလှူရှင်များနှင့် ရန်ကုန်မြို့မှ ရွှေကံကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူ ဖူးမြော်ကြည်ညိုကြသူအပေါင်းတို့အား ကျေးဇူးတင် ဝမ်းမြောက်စွာနှင့် သာဓုအနုမောဒနာခေါ်ဆို၍ သာသနာ့အကျိုး၊ နိုင်ငံအကျိုး၊ မိဘ၊ ဆရာသမား ကျေးဇူးရှင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့၏ အကျိုး၊ မိမိမိသားစုနှင့် မိမိ၏ လောကီ၊ လောကုတ္တရာအကျိုးတို့ကို ကောင်းမွန် ပြည့်စုံစွာ သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်း၍ မေတ္တာပို့သ လှူဒါန်းသမှုအစုစုတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်သည်ဟု သိရပါသည်။

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

**ဝိနည်းကိုနားလည်သဘောပေါက်ရေး**

ထိုင်းနိုင်ငံမှ တောရဆရာတော်ကြီး အဂျန်ချားက -

"ဘုန်းကြီး ငယ်ရွယ်စဉ် ရဟန်းဘဝကတည်းက အခြေခံဝိနည်းကို အတော်နားလည်ပြီး ဖြစ်တယ်။ ဝိသုဒ္ဓိမဂ်ကို ဆက်လေ့လာတော့မှ ခေါင်းထဲ ထူပူသွားတယ်။ လူသားတစ်ဦးဟာ တရားတော်အတိုင်း ကျင့်ကြံနေထိုင်စွမ်း မရှိလို့တောင် ခံစားမိတယ်။ သီလနိဒ္ဒေသက အလွန် အသေးစိတ်ကျတယ်။ စေ့စပ်သေချာလွန်းလို့ ဘယ်သူမှ လိုက်နာနိုင်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်၊ စည်းကမ်းချက်တွေကို မှတ်မိနိုင်ဖို့ပင် မလွယ်ပါဘုရား"

လို့ လျှောက်လိုက်တယ်။

ဆရာတော်ကြီးက-

"များပေမယ့် အမှန်က နည်းနည်းလေးပါ။ သီလနိဒ္ဒေသ ဆိုတာ စဉ်းစားရင် ခက်ခဲမယ်။ ဒါပေမယ့် သီလနိဒ္ဒေသ ဆိုတာ လူ့စိတ်ထဲက ဖြစ်ထွန်းလာတာ။ မကောင်းမှုပြုရန် ရှက်ဖို့၊ မကောင်းမှုပြုရန်ကြောက်ဖို့ စိတ်ကိုလေ့ကျင့်နိုင်ရင် ဘုန်းကြီးတို့ချုပ်တည်းနိုင်စွမ်းရှိလာမယ်။ သတိထားနိုင်လာလိမ့်မယ်"

လို့ ဖြေတော်မူတယ်။ ဆက်ပြီး-

"အဲဒီကတစ်ဆင့် ရောင့်ရဲလွယ်လာမယ်။ အလိုနည်းလာလိမ့်မယ်။ တစ်ဖန် ဘုန်းကြီးတို့ရဲ့သတိ ပိုမိုအားကောင်းလာပြီး အချိန်မရွေး တည်နေလိမ့်မယ်။ ဘယ်နေရာကိုရောက်ရောက် သတိထားပြီး ထိန်းသိမ်းသွားနိုင်တော့မယ်။ သတိထားနိုင်စွမ်း ပိုဖွံ့ဖြိုးလာတော့မယ်။

# တရားအားထုတ်သူ တစ်ယောက်အကြောင်း(၄)

ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)



သမာဓိနိဒ္ဒေသက ပိုမိုသေးတယ်။ပညာနိဒ္ဒေသက ပိုမြင့်နေပြန်ရော။ ဘုန်းကြီး တစ်ဖက်ပိတ်လမ်းဆုံးဆီ ရောက်နေသလိုပါပဲ။

ဒီလိုရှုန်းကန်ရင်း အကျပ်တွေ့နေတဲ့အခါမှာ ဆရာတော်ကြီး အဂျန်မွန်ကို ဖူးတွေ့ရတယ်။

ဘုန်းကြီးက -

"ဆရာတော်ဘုရား၊ တပည့်တော် တရားတော်အတိုင်း ကျင့်သုံးနေပေမယ့် လမ်းမှန်မတွေ့သေးဘူး။ သံသယတွေ များလွန်းလို့ တရားကျင့်ရန် အခြေခံ မတွေ့သေးဘူး ဘုရား"

လို့ လျှောက်တဲ့အခါ ဆရာတော်ကြီးက အခက်အခဲတွေကို မေးတယ်။


ဘုန်းကြီးက -

"တပည့်တော် ဝိသုဒ္ဓိမဂ်ကို ဖတ်ကြည့်တော့ ကျင့်ကြံရန် မဖြစ်နိုင်သေးဘူးလို့ထင်မိတယ် ဘုရား။ သီလ၊ သမာဓိ၊ ပညာနိဒ္ဒေသအားလုံး အသေးစိတ်



www.burmeseclassic.com

www.burmeseclassic.com



ချာချာမသိရင် မပြောနဲ့၊ မလုပ်နဲ့။ ဥပမာ 'ဒီဟာမှန်သလား၊ မှားသလား'လို့စဉ်းစားမိရင် သင်အသေအချာမသိသေးလို့ဘဲ။ ဒီတော့ မပြောနဲ့၊ မလုပ်နဲ့ ချုပ်တည်းမှုကို မစွန့်နဲ့"

လို့ မိန့်ကြားလိုက်တယ်။

တစ်ဆက်တည်း ဘုန်းကြီး စဉ်းစားမိတာက ဆရာတော်ကြီးရဲ့ သွန်သင်ချက်တွေဟာ ဗုဒ္ဓတရားစစ်ကိုတိုင်းတာတဲ့နည်း (၈) နည်းနဲ့ ကိုက်ညီနေပါလား ဆိုတာပါပဲ။ ဗုဒ္ဓရဲ့ တရားတော်စစ်စစ်တွေမှာ ကိလေသာလျော့ပါးရေး၊ ဒုက္ခမှလွတ်မြောက်ရေး၊ ကာမဂုဏ်ချမ်းသာစွန့်ပစ်ရေး၊ ရောင့်ရဲလွယ်မှု၊ နှိမ့်ချပြီး ရာထူးအဆင့်အတန်း မခွဲခြားမှု၊ အပေါင်းအသင်းရှောင်ဖယ်ပြီး တသီးတခြားနေထိုင်မှု၊ အားထုတ်မှု ဝီရိယနဲ့ လိုက်နာရန် လွယ်ကူမှုဆိုတဲ့ အရည်အချင်း (၈) ခုဟာ ဝိနည်းဓမ္မရဲ့လက္ခဏာများပဲ။ ဒါတွေနဲ့လွဲနေရင် ဝိနည်းမဟုတ်တော့ဘူး။

ဆရာတော်ကြီး ဆက်မိန့်တာက-

"ကျုပ်တို့မှာ တကယ်ပဲ စင်ကြယ်ဖြောင့်မှန်တယ်ဆိုရင် ရှက်စိတ်ရှိမယ်၊ အမှားပြုဖို့ကြောက်မယ်၊ စိတ်ထဲသံသယဝင်နေရင် သည့်အတွက်ကြောင့် မလုပ်

သံသယရှိရင် မပြောနဲ့၊ မလုပ်နဲ့။ မသိရင် ဆရာကိုမေး။ စည်းကမ်းတိုင်းကို လိုက်နာ ကျင့်သုံးနိုင်ဖို့ တာဝန်ကြီးပေမယ့် အပြစ်ရှိရင် ဝန်ခံဖို့ အဆင်သင့်ရှိသလား၊ ယင်းတို့ကို လက်ခံထားနေသလားလို့ စိစစ်ဖို့ လိုတယ်။

သည်အချက်က သိပ်အရေးကြီးတယ်။ ဝိနည်းစည်းကမ်းအတိုင်း သိရှိရန်ထက် မိမိစိတ်ကို ဘယ်လိုလေ့ကျင့်ရမယ်ဆိုတာကိုသိဖို့ ပိုအရေးကြီးတယ်"

ဆက်ပြီးတော့ ဆရာတော်ကြီးက -

"တရားတော်တွေကို ဖတ်ရှုရန် စိတ်ကစပြီး သိရှိလာရတာ ဖြစ်တယ်။ စိတ်ကို သိမ်မွေ့အောင်၊ ခံစားတတ်အောင်၊ ကြည်လင်နေအောင် လေ့ကျင့်မထားရင် အချိန်မရွေး သံသယတွေဝင်နေမှာပဲ။ ဗုဒ္ဓရဲ့တရားတော်ကို စိတ်ထဲစိမ့်ဝင်စေပြီး စိတ်ကိုငြိမ်ငြိမ်ထား၊ သံသယဝင်လျှင် ပယ်စွန့်လိုက်၊ သေသေ



www.burmeseclassic.com

www.burmeseclassic.com

သင့်၊ မပြောသင့်လို့ သိရှိမယ်။ သီလ နိဒ္ဒေသက စကားလုံးတွေပဲ။ ဥပမာ စာအုပ်ထဲက ဟီရိဩတ္တပ္ပက တစ်မျိုး၊ ကျုပ်တို့စိတ်ထဲက တခြားပဲ”

လို့ မိန့်လိုက်တယ်။

ဝိနည်းတော်ကြောင့် အချို့ရဟန်းတွေ လူထွက်သွားကြရတယ်။ လေ့လာရင်းလေ့လာရင်းနဲ့ သံသယမျိုးစုံ ပေါ်ထွက်လာလို့ပေါ့။ အတိတ်က ငါရဟန်းခံခဲ့ပုံ စနစ်ကျမှန်ကန်ရဲ့လား။ ဥပဇ္ဈာယ်ဆရာကတော့ သိက္ခာစင်ကြယ်ရဲ့လား၊ ပဉ္စင်းခံပွဲမှာပါတဲ့ ရဟန်းတွေ၊ ကမ္မဝါစာဖတ်တဲ့ ရဟန်းတွေကကော သိက္ခာစင်ကြယ်ကြပါ့မလား၊ ကမ္မဝါဖတ်ပုံကကော စနစ်ကျပါ့မလား၊ သိမ်အခြေအနေကကော ဘယ်လိုလဲ စသဖြင့် မဝေခွဲနိုင်မှုတွေကြောင့် ဒွိဟစိတ်တွေပွားပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတယ်။

စိတ်ကို အခြေတည်မိအောင် မတတ်နိုင်မချင်း တကယ့်အခက်အခဲပါပဲ။ သင်ဟာ တစ်ခုခုကို ရုတ်ခြည်းမလုပ်နိုင်ဘဲ စိတ်ကိုတည်ငြိမ်အောင် အရင်ထားရလိမ့်မယ်။ သိပ်တည်ငြိမ်လွန်းပြီး အရာရာကို ဂရုမစိုက်တော့ပြန်ရင်လည်း မှားနေပြန်ရော။ မိမိနဲ့တကွ ဆရာတွေရဲ့ ကျင့်ကြံပုံမှာ အမှားတွေ အမြောက်အမြားမြင်မိလို့ ဘုန်းကြီး စိတ်ရှုပ်ထွေးပြီး လူထွက်ဖို့ စိတ်ကူးမိသေးတယ်။

ဘုန်းကြီးက သံသယပွားလေ့ တရားထိုင်လေပါပဲ။ သံသယတစ်ခုဝင်လာတာနဲ့ အဲဒီကိစ္စမှာ ကျင့်ကြံ အားထုတ်လို့ ပညာရပါတယ်။ စိတ်ဟာ သံသယပျောက်သည်ထိ ပြောင်းလဲသွားပါတယ်။

ဓမ္မဝိနယက လေ့လာရုံသက်သက်နဲ့ မလုံလောက်ဘူး။ လိုက်နာကျင့်သုံးပြန်တော့ အရာရာကို သံသယဝင်တော့တယ်။ ဝိနည်းတော်ကို မကျင့်သုံးရင် အာပတ်အသေးစားလေးတွေကို စိတ်မဝင်စားဘူး။ ကျင့်သုံးလာတော့ ဒုက္ကဋ်အာပတ်လေးတွေကလည်း ပါရာဇိကအာပတ်လောက် အရေးကြီးလာတယ်။ ယခင်က အာပတ်အသေးစားတွေဆိုရင် ညနေကျဒေသနာကြားလိုက်ရင် ပြီးသွားတာပဲလို့ အောက်မေ့တယ်။ ထပ်ကျူးလွန်ရင် ဖြစ်နိုင်သေးတယ်။ တကယ်တော့ ဒီလို အာပတ်ဖြေတာဟာ သင်မရပ်စဲနိုင်လို့၊ တရားကို မမြင်ချုပ်တည်းစွန့်လွှတ်မှုမရှိလို့ ဖြစ်တယ်။

ဘုန်းကြီးတို့ စိတ်စင်ကြယ်ပြီး သံသယလုံးဝကင်းသွားရင် အပြစ်ငယ်တွေဟာ ပြီးပြီးရော ဖြစ်သွားတယ်။ သံသယရှိနေသေးလို့၊ ဝေခွဲမရဖြစ်နေသေးလို့ မစင်ကြယ်သေးတာဖြစ်တယ်။ လိုရင်းက ကိုယ့်ကိုယ်ကိုယ်မမြင်တာဘဲ။ ဝိနည်းဟာ ဘုန်းကြီးတို့ အမှားမပြုမိအောင် ကာရံထားတဲ့ ခြံစည်းရိုးနဲ့ တူတယ်။ ဒါကြောင့် ဝိနည်းကို အသေအချာ ဂရုစိုက်ရလိမ့်မယ်။

**သတိရှိမှ ဝိနည်းကျင့်နိုင်မယ်**

လက်တွေ့အရဆိုရင် ဝိနည်းကို ပြည့်ပြည့်စုံစုံ သိရှိဖို့ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အချို့လုပ်ရပ်တွေဟာ သိသိ၊ မသိသိ ဝိနည်းဖောက်ဖျက်ခြင်း ဖြစ်နေတယ်။

ဥပမာ အမျိုးသမီးတစ်ယောက်ကို ယောကျ်ားမှန်း၊ မိန်းမမှန်း မသိဘဲ တို့မိထိမိတယ်။ သင့်စိတ်ထဲမှာ မသေချာလျက်နဲ့ ရှေ့တိုးထိမိတယ်။ အဲဒါဟာ အမှားပဲ။ ဘာလို့မှားတာလဲလို့ ဘုန်းကြီး စဉ်းစားကြည့်တယ်။ တရားကျင့်တဲ့သူ၊ တရားထိုင်တဲ့သူဟာ ‘သတိ’ ရှိရမယ်၊ ဆင်ခြင်ရမယ်၊ စေ့စပ်သေချာရမယ်လို့ သဘောပေါက်တယ်။ စကားပြောစဉ်ထိမိ၊ ကိုင်မိစဉ်မှာ ဦးစွာ အသေအချာ ဆင်ခြင်နေရမယ်။

နောက် ဥပမာတစ်ခု ဆိုပါစို့။ နံနက် (၁၁) နာရီပဲရှိသေးတယ်။ ဒါပေမယ့် တိမ်တွေထူထပ်နေလို့ နေကိုမမြင်ရဘူး။ နာရီကလည်းမရှိဘူး၊ မွန်းလွဲချိန်ဖြစ်လောက်တယ်လို့ မှန်းဆပြီး အစာစားမိတယ်။ ဒါဟာလည်း ဝိနည်းဖောက်ဖျက်မှုပဲ၊ အာပတ်သင့်တယ်။

လျစ်လျူရှုလျှင်၊ သတိမရှိလျှင်၊ စေ့ငုသေချာစွာ မစဉ်းစားလျှင် ဝိနည်းဖောက်ဖျက်ရာရောက်တယ်။ မွန်းလွဲပြီလို့ထင်ပေမယ့် အမှန်တကယ်မလွဲသေးဘူး။ အစာစားတဲ့ကိုယ်လည်းမမှားဘူး။ ဂရုမစိုက်လို့၊ သေချာမစေ့စပ်လို့ လွန်ကျူးရတာဖြစ်တယ်။ဒါပေမယ့် တကယ်မွန်းလွဲနေခဲ့တာကို မွန်းမလွဲသေးဘူး ယူဆပြီး စားတဲ့အပြစ်က ပိုမိုအပြစ်ကြီးတဲ့ ပါစိတ်အာပတ်ဖြစ်တယ်။ ဆိုလိုတာက ပြုမှုချက်မှားမှား၊ မမှားမှား သံသယနဲ့ ပြုမှုရင် လွန်ကျူးရာရောက်တယ်။ ပြုမှုချက်က မမှားရင် အပြစ်ပေါ့တယ်။ ပြုမှုချက်က မှားရင် အပြစ်ကြီးပါတယ်။ ဒါကြောင့် ဝိနည်းဟာ စဉ်းစားတွေးခေါ်ရခက်လို့ သတိရှိဖို့ အထူးလိုတယ်။

တစ်ခါက ဆရာတော်ကြီး အဂျန်ပေါင်ထံကို အမျိုးသမီးတစ်စုရောက်လာပြီး ဘုရားဖူးခရီးအတူသွားဖို့ ဖိတ်ခေါ်တယ်။ ဆရာတော် အဂျန်ပေါင်က ပြန်မဖြေဘူး။ အမျိုးသမီးတွေက ထပ်လျှောက်တယ်။ အနားက တပည့်ရဟန်းတွေကလည်း သူမကြားဘူးထင်လို့ ဝင်လျှောက်ပေမယ့် ပြန်မဖြေလို့ အလုပ်မဖြစ်ဘဲ လက်လျှော့ပြီး ပြန်သွားကြရတယ်။

ဝိနည်းတော်မှာက အမျိုးသမီးတွေနဲ့ စုံတွဲအဖြစ် မဟုတ်ခဲ့ရင်တောင် အစီအစဉ်အတူဆွဲပြီး ခရီးသွားခဲ့ရင် ပါစိတ်အာပတ်သင့်ကြောင်း ပါရှိတယ်။

လူအချို့က ဆရာတော် အဂျန်ပေါင်ကို ဝတ္ထုငွေ ကပ်လှူကြတယ်။ ဆရာတော်က ‘လက်ခံတဘက်’ လှမ်းပေးပြီး တစ်ဖက်စွန်းက ကိုင်ထားတယ်။ (ထိုင်းရဟန်းတော်များမှာ လှူဖွယ်ဝတ္ထုပစ္စည်းကို တိုက်ရိုက်လက်မခံဘဲ လက်ခံတဘက်ကလေး အသုံးပြု၍ လက်ခံကြသည်။) ဒကာတွေက ငွေစက္ကူပါတဲ့စာအိတ် သို့မဟုတ် ဗန်းကလေးကို တဘက်ပေါ်တင်ဖို့လုပ်တဲ့အခါ ဆရာတော်က သူ့တဘက်ကို လွှတ်ချပြီး လက်ကို ရုပ်လိုက်တယ်။ ဝတ္ထုငွေရှိပေမယ့် သူစိတ်မဝင်စားဘူး၊ ကြွလိုရာ ဆက်ကြွသွားတယ်။ ဝိနည်းမှာက ဝတ္ထုငွေကို သဘောမတူပေမယ့် ပေးလှူတဲ့လူရှိရင် ပိတ်ပင်ရန် မလိုအပ်ဘူးလို့ ဆိုတယ်။ ဝတ္ထုငွေကို အလိုရှိရင် အပ်စပ်အောင်လှူဖို့ ဒကာတွေကို ညွှန်ပြရမယ်။ ဝတ္ထုငွေ အလိုမရှိဘူးဆိုရင်တော့ ပိတ်ပင်ရန်မလိုဘူး။ ဝတ္ထုငွေရှိနေတဲ့အတိုင်း ပစ်ထားခဲ့ပြီး ကြွသွားရုံရှိတာပါပဲ။

ဘုန်းကြီးလည်း ရဟန်းဖြစ်ပြီး နှစ်မကြာမီ ဝတ္ထုငွေမကိုင်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ဝါတွင်းတစ်ခုမှာ ရက်အတော်ကြာ စဉ်းစားပြီးတော့ ဘုန်းကြီးရဲ့ ပိုက်ဆံအိတ်ကို အတူနေ မဟာဘွဲ့ရ ဦးပဉ္စင်းတစ်ပါးကို ပေးလိုက်တယ်။ အဲဒီနေ့ကစပြီး ရဟန်းဘဝတစ်လျှောက်လုံး ဝတ္ထုငွေ မကိုင်တော့ဘူး။ အရှင်ဘုရားအား သက်သေထားပါတယ်လို့လျှောက်လိုက်တယ်။ တသိကအောက်နဲ့ ဝတ္ထုငွေလက်ခံယူလိုက်တဲ့ ဦးပဉ္စင်းဟာ ဘုန်းကြီးနဲ့ တစ်ဦးကိုတစ်ဦး နားမလည်နိုင်တဲ့သူများအဖြစ် ကင်းကွာသလိုဖြစ်သွားတယ်။ ဘာအမှားမှ မလုပ်ခဲ့ပေမယ့် အမှားပြုမိမှာကို သတိထားနေခဲ့တယ်။ အတွင်းသန္တာန်မှာတော့ တရားဆင်ခြင်ပွားများမှုကို ဆက်လုပ်နေခဲ့တယ်။ ငွေဥစ္စာကို မလိုအပ်တော့ဘဲ အဆိပ်အပြစ်



www.burmeseclassic.com

www.burmeseclassic.com

မြင်နေတယ်။ အဆိပ်ကို လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် ကျွေးရင်သေမှာပဲ။ ဒါမှမဟုတ် ဒုက္ခရောက်မှာပဲ။ ဘုန်းကြီးတို့က အန္တရာယ်ကို ရှင်းရှင်းမြင်ထားပြီး စွန့်လွှတ်ရင် မခက်ခဲပါဘူး။

လောင်းလှူလာတဲ့ ဆွမ်း၊ အာဟာရနဲ့ ပတ်သက်လို့ ဘုန်းကြီး သံသယရှိရင် အလှူမခံဘူး။ ဘယ်လောက်ကောင်းကောင်း ဘုန်းကြီး ဘုဉ်းမပေးဘူး။ ဘုန်းကြီးနဲ့တန်းတူ ဝိနည်းသိက္ခာအဆင့် ကျင့်ကြံသူ မဟုတ်ရင် သူတို့ပေးတဲ့သပိတ်၊ သင်္ကန်း စတာတွေ လက်မခံဘူး။ စောင့်စည်းမှုမရှိတဲ့သူကို ဘယ်လိုယုံမလဲ။ မစောင့်စည်းတဲ့ ရဟန်းများဟာ ဝိနည်းတန်ဖိုး နားမလည်တော့ ထိုဝတ္ထုပစ္စည်းများ နည်းလမ်းတကျရထားတာ ဟုတ်ချင်မှဟုတ်မယ်။

ရလဒ်ကတော့ သီတင်းသုံးဖော်တွေက 'လူမှုရေးထဲမပါဘူး။ သူတစ်ပါးနဲ့ မရောနှောဘူး' လို့ မျက်စောင်းထိုးကြတယ်။ ဘုန်းကြီး မတုန်လှုပ်ပါဘူး။ သေတော့ ရောနှောကြမှာပဲ။ သေခြင်းနဲ့ပတ်သက်ရင်တော့ တစ်လှေတည်းစီးနေသူတွေချည်းပါပဲ။

ဝိနည်းတော်ဟာ ခက်ခဲနိုင်စရာရှိတယ်။ နည်းနည်းနဲ့ ကျေနပ်ရမယ်။ ကင်းကင်းရှင်းရှင်းနေရမယ်၊ မြင်ရမယ်။ အမှန်အတိုင်းလည်း မြင်ရမယ်။ စိတ်ဆိုတာ ကောင်းတဲ့တရားကို အသိအမှတ်ပြုတယ်။ လူရှေ့သူရှေ့ဖြစ်စေ၊ ကွယ်ရာမှာဖြစ်စေ မကောင်းတာကို မလုပ်ရဲဘူး။ ဘုန်းကြီးဆိုရင် သတ္တဝါငယ်ငယ်လေးကိုတောင် မသတ်ပါဘူး။ ပုရွက်ဆိတ်ကလေးတစ်ကောင်ကို လက်နဲ့ ဖိသတ်လိုက်ပါလား၊ 'ဘတ်' တစ်သောင်းပေးမယ်ဆိုလာရင်တောင် မသတ်ပါဘူး။ ဒီသတ္တဝါလေးအသက်က ဘုန်းကြီးအဖို့ 'ဘတ်'ထောင်သောင်းထက် တန်ဖိုးကြီးနေပါတယ်။

ဒါပေမယ့် တစ်ခါတစ်ရံ သတ္တဝါလေးတစ်ကောင်ကို သေအောင် ပြုမိတောင်းပြုမိမယ်။ ကိုယ်ပေါ်ကို ပိုးမွှားလေးတစ်ကောင် တက်လာလို့ လက်နဲ့ သပ်ချမိတာမျိုးပေါ့။ သတ္တဝါလေးသေသွားပေမယ့် အပြစ်လို့မခံစားရပါဘူး။ မစေခဲ့နိုင်လည်း မဖြစ်ပါဘူး။ ဘုန်းကြီးမှာ သေစေလိုတဲ့စေတနာမှမပါဘဲကိုး။ တစ်ခါတစ်ရံ လမ်းလျှောက်ရင်း ပိုးမွှားလေးတွေနင်းမိတာရှိတယ်။ အတိတ်ကာလ သဘောမပေါက်ခင်ကဆိုရင် အပြစ်ကျူးလွန်မိပြီဆိုပြီး ပူပန်သောကရောက်ခဲ့ပါတယ်။ 'စေတနာမပါပေမယ့် သတိလစ်ဟင်းသွားပြီလေ' ဆိုပြီး တအုံနွေးနွေးဖြစ်ခဲ့တာပေါ့။

ဒါကြောင့် ဝိနည်းတော်ဟာ တရားကျင့်ကြံသူများအား စိတ်မလုံမလဲဖြစ်စေနိုင်တယ်။ ဒါပေမယ့် သူ့အသုံးသူရှိပါတယ်။ 'စည်းမျဉ်းစည်းကမ်းမသိသေးတာရှိရင် လေ့လာသင့်တယ်။ မသိရင် သိသူထံ မေးပါ' တဲ့။ ဒါကို ဖိဖိစီးစီး ထောက်ပြကြပါတယ်။

ဘုန်းကြီးက ဗုဒ္ဓကို နမူနာယူပြီး ဘယ်ကိုသွားသွား၊ သူများတွေ ဘာပဲလုပ်လုပ် မပတ်သက်ဘူး။ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်လို့၊ ကိုယ့်ရဲ့တရားအကျင့်ကို ဂရုစိုက်လို့၊ တရားအကျင့်မှာပဲ စိတ်ကို နှစ်ထားတယ်။ ဘုန်းကြီးရဲ့ခွန်အားကို တရားကျင့်ရာမှရတယ်။ ဝိနည်းကို လေ့လာ သွန်သင်ချက်အတိုင်း လေ့ကျင့်ရာမှ ခွန်အားဖြစ်လာတယ်။

ဝိနည်းကို လိုက်နာပြီး တရားကျင့်တဲ့သူနဲ့ တရားကို မလေ့ကျင့်သူတို့ အတူမနေနိုင်ပါဘူး။ လမ်းခွဲကြရတယ်။

တချို့ရဟန်းများက တရားကျင့်ရမယ့်အခြေခံကို မသိရှိဘဲ တောထဲသွားသီတင်းသုံးရင် ငြိမ်းချမ်းမှုရမယ်လို့ထင်နေကြတယ်။ တောက ဘယ်လောက်အေးချမ်းပါစေ ကျင့်တာမမှန်ရင် မတိုးတက်နိုင်ဘူး။

အရညဝါသီရဟန်းတွေကိုမြင်လို့ တောထဲသွားနေပေမယ့် မတူဘူး။ သင်္ကန်းရုံပုံ၊ ဆွမ်းဘုဉ်းပေးပုံကစ မတူဘူး၊ ခြားနားနေတယ်။ ဆိုလိုတာက မလေ့ကျင့်ဘူး၊ အမှတ်သတိမရှိဘူးဆိုရင် ဌာနအလဟဿဖြစ်သွားတယ်။ အလုပ်ဖြစ်တယ်ဆိုရင်လည်း ဆေးရောင်းပြပွဲလို ဝါကြွားတာ၊ လူသိများအောင်လုပ်ခြင်းပဲ။ ဒီထက်မပိုပါဘူး။ နည်းနည်းသာ လေ့ကျင့်ထားပြီး အခြားသူများကိုသင်ပြတော့ ခဏလေးနဲ့ လက်မြှောက်ပြီလဲကုန်တယ်။ ဒုက္ခတွေ့ရတယ်။

ဒါကြောင့် ဝိနည်းတော်ကိုသင်ယူအလွတ်ရအောင်ကျက်မှတ်ပြီး တကယ်သဘောပေါက် နားလည်သည်ထိ လေ့လာ သင်ယူဖို့ဆိုရင် တရားကျင့်သုံးမှုသတိကို လက်မလွှတ်သင့်ဘူး"

ထိုင်းနိုင်ငံ ဝပ်ဘပေါင်တောရကျောင်းမှ ကမ္မဋ္ဌာနာစရိယဆရာတော်ကြီး၏ ဝိနည်းဒေသနာနှင့် စပ်လျဉ်း၍ အယူအမြင် ကျစ်လျစ်ခိုင်မာမှု၊ တရားတော်အပေါ်မှာ လက်ခံကျင့်သုံးနေထိုင်မှုသဘောထားများမှာ အရှင်ဝိဝေကအတွက် ဓမ္မဝိနယအပေါ်မှာ ရှုပ်ထွေးနေသော အမြင်တစ်ရပ်ကို မီးမောင်းထိုးဖြေရှင်းပေးလိုက်သလိုပါတည်း။

**သေရာညောင်စောင်း လျောင်းစက်သောအခါ**

အရှင်ဝိဝေကသည် ဆရာတော်ကြီး အဂျန်ချား၏ ဓမ္မဝိနယအပေါ်၌ ထားရှိသင့်သော ဝေဖန်စိစစ်မှုများကို လေ့လာ တွေ့ရှိရပြီးနောက် တရားကျင့်သုံးမှုကို ဉာဏ်အမြင်ရှင်းရှင်းဖြင့် ပို၍ အားထုတ်လာနိုင်သည်။ ရဟန်းတစ်ပါး၏ကျင့်စဉ်များနှင့် နောက်ဆုံးမျှော်လင့်ချက်ကို ရှင်းရှင်းကြီးမြင်လာရသည်။ မြတ်စွာဘုရားရှင်က ရဟန်းတော်များ နေ့စဉ် ဆင်ခြင်အပ်သည့် အချက် (၁၀) ချက်ကို ဟောတော်မူထား၏။ ယင်း (၁၀) ချက်ပါ ဆင်ခြင်ရမည့်ခြင်းရာများမှာ ဝိနည်းတော်နှင့် တရားကျင့်မှုကို အတူတွဲဖက် ကျင့်ကြံဖို့ အဓိကဒေသနာတစ်ရပ်ဟု သဘောပေါက်လာသည်။ ဝိနည်းသက်သက် တရားမဖက်၊ တရားသက်သက် ဝိနည်းမဖက်သည့် ကျင့်သုံးမှုမှာ သေရာညောင်စောင်း လဲလျောင်းရသည့်အခါမှာ မျက်နှာမလှရှိတတ်ကြောင်း ပဗ္ဗဇိတ အဘိဏှသုတ်ဖြင့် ထောက်ပြထားသည်။

တကယ်တော့ ယခုအခါ ရဟန်းကို စာလို ပဇ္ဇာ သို့မဟုတ် ပဗ္ဗဇိတဟု ခေါ်၏။ **ပဗ္ဗဇိတ** ကို အဓိပ္ပာယ်ဖွင့်ဆိုပါက **စွန့်ခွာ၍ ချဉ်းကပ်ခြင်း** ဟု ဖွင့်ဆိုနိုင်၏။ စွန့်ခွာခြင်းပီပြင်မှ ချဉ်းကပ်ခြင်း လမ်းစဉ်မှန်ပြီး ပဗ္ဗဇိတစစ်စစ် ဖြစ်မည်။

ဂုဏ်ပကာသန၊ လာဘ်လာဘ၊ ဥစ္စာစည်းစိမ်၊ ကျော်စောမှုအစုစုတို့ကို ရလိုမှုအတွက် ရည်စူး၍ မအပ်မစပ်သောလုပ်ရပ်၊ အောင်မြင်ကျော်ကြားမှုများကို စွန့်ခွာရမည်၊ စွန့်ခွာနိုင်ရမည်။ ဆိတ်ငြိမ်ရာ၊ အေးချမ်းရာ၊ လွတ်မြောက်ရာအမှန် ဓမ္မစစ်၊ ဓမ္မအရိပ်၊ ဓမ္မအမှန်ကို ချဉ်းကပ်နိုင်ရမည် ဖြစ်၏။

နောက်တစ်မျိုး ပဗ္ဗဇိတကို **သမဏ** ဟုလည်း ခေါ်၏။ **ဘိက္ခု**ဟုလည်း ခေါ်၏။ **သမဏ**၏အဓိပ္ပာယ်က **ငြိမ်းအေးသူ** ဟု အဓိပ္ပာယ်ရပြီး **ဘိက္ခု**၏ အဓိပ္ပာယ်ကိုတော့ ပါရာဇိကဏ်ပါဠိတော်မှာ **သံသရာဘေး မျှော်တွေးရှုမြင် ကြောက်စိတ်ဝင်သူ** ဟု ဖွင့်ပြထား၏။

သို့ဖြစ်ရာ ရဟန်း၏အဓိပ္ပာယ်ကို စာပေအတိုင်း အပြည့်အစုံ ပါအောင် ဖွင့်ကြည့်ပါက **သံသရာဘေးကို မျှော်**



www.burmeseclassic.com

www.burmeseclassic.com

**တွေး၍ အေးငြိမ်းအောင်ပြုသူအဖြစ် ဓမ္မရိပ်ကို ချဉ်းကပ်သူ** ဟု တွေ့ရပေမည်။

ထိုသို့ချဉ်းကပ်ရာမှာလည်း **ဣသိပဗ္ဗဇ္ဇ-** ရသေ့အသွင်ဖြင့်လည်း ချဉ်းကပ်နိုင်၏။ **သာမဏေရပဗ္ဗဇ္ဇ -** ရှင်သာမဏေ အသွင်ဖြင့်လည်း ချဉ်းကပ်နိုင်၏။ **ဉပသမ္ပဒ -** ရဟန်းအသွင်ဖြင့်လည်း ချဉ်းကပ်နိုင်သည် ဟူ၍ 'ပဗ္ဗဇ္ဇ' သုံးမျိုးပြထားသေးသည်။

မည်သည့်အသွင်သဏ္ဌာန်ဖြင့် ချဉ်းကပ်ချဉ်းကပ် ပဗ္ဗဇ္ဇတို့ နေ့စဉ် ဆင်ခြင်အပ်သည့်တရားဆယ်မျိုး မြတ်စွာဘုရားဟောထားသည်။

ထိုတရားဆယ်မျိုးကား -

၁။ ငါ၏အဆင်းသည် ဖောက်ပြန်သည်၏အဖြစ်သို့ ကပ်ရောက်ရာ၏။
၂။ ငါ၏ အသက်မွေးမှုသည် သူတစ်ပါးနှင့် ဆက်စပ်နေ၏။
၃။ ငါသည် (လူတို့အမူအရာအသွင်အပြင်မှတစ်ပါး) အခြားသောအသွင်အပြင် အမူအရာကို ပြုသင့်၏။
၄။ ငါ၏စိတ်သည် သီလအားဖြင့် မိမိကိုယ်ကို မစွပ်စွဲဘဲရှိ၏လော။
၅။ ငါ့ကို သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင်၍ သီလအားဖြင့် မစွပ်စွဲဘဲရှိကြ၏လော။
၆။ ငါ့အား ချစ်ခင်သူ၊ နှစ်သက်သူအားလုံးတို့နှင့် ရှင်ကွဲ၊ သေကွဲဖြစ်ရအံ့။
၇။ ငါသည် ကံသာလျှင် မိမိဥစ္စာရှိ၏။ ကံသာလျှင် အမွေခံဖြစ်၏။ ကံသာလျှင် အကြောင်းရင်း (မျိုးစေ့) ဖြစ်၏။ ကံသာလျှင် ဆွေမျိုးဖြစ်၏။ ကံသာလျှင် ကိုးကွယ်ရာ၊ လဲလျောင်းရာဖြစ်သည်။ ငါပြုထားသော မကောင်းသောကံ၊ ကောင်းသောကံတို့၏ ကောင်းမွေ၊ ဆိုးမွေတို့ကို ငါပင်ခံရမည်။
၈။ ငါသည် အဘယ်သို့ဖြစ်နေစဉ် ညဉ့်၊ နေ့တို့သည် ငါ့ကို လွန်ကုန်သနည်း။
၉။ ငါသည် ဆိတ်ငြိမ်ရာကျောင်း၌ မွေ့လျော်၏လော။
၁၀။ ငါသည် လူတို့၏ ကုသိုလ်ကမ္ပထတရား ဆယ်ပါးထက် လွန်မြတ်သော၊ ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော၊ မြတ်သော ဉာဏ်အမြင်ထူးကို ရအပ်လေသလော။ ငါသည် နောက်ဆုံး (သေခါနီးကာလ၌ သီတင်းသုံးဖော်တို့က မေးသည်ရှိသော် မျက်နှာမလှမဖြစ်ရအံ့ဟု ရဟန်းသည် မပြတ် ဆင်ခြင်အပ်လေသည်ဟု ဟောတော်မူထားလေသည်။ **(အံ၊ တ-၃၂၄)**

တကယ်တမ်း ပါရမီရင့်ကျက်သူဖြစ်ပါမူ နေ့စဉ်ဆင်ခြင်အပ်သည့် တရားဆယ်ပါးကို ဆင်ခြင်သုံးသပ်နေရုံဖြင့်ပင် သတိ၊ ပညာတရားများ တိုးတက်ပြီး ငြိမ်းအေးမှုပန်းတိုင်ကို ချဉ်းကပ်နိုင်ပေလိမ့်မည်။

နောက်ဆုံး သေရာညောင်စောင်း လဲလျောင်းသည့်အခါမှာ သီတင်းသုံးဖော်တို့၏အမေးကို ရွှင်လန်းဝမ်းမြောက်ပြောပြနိုင်ပေမည်။ ဤဒေသနာကို ထောက်၍ နောက်ဆုံးကာလ ရောက်ရှိနေသော မိမိတို့၏ သီတင်းသုံးဖော် သို့မဟုတ် ဆရာသမားတို့၏ အားထုတ်ခဲ့သော တရားအခြေအနေကို မေးမြန်းထားသင့်ကြောင်း သိသာ၏။

သို့သော် ယခုကာလအခြေအနေများမှာတော့ ပဋိပတ်အလုပ်၌ စွမ်းစွမ်းတမံ အားထုတ်တော်မူသွားကြသော ဆရာတော်များကို မပျံလွန်မီက တရားတော်နှင့်စပ်ပြီး အကျိုးအကြောင်း၊ အဆိုးအကောင်း၊ တရားရရှိမှု, မရရှိမှု လျှောက်ထား မေးမြန်းခြင်း မပြုကြဘဲ ပျံလွန်တော်မူခါမှ မသိုးမပုပ် ဓာတ်တော်လုပ်ပြီး အမျိုးမျိုး သမုတ်နေကြ သည်ကို ဘုရားရှင်အလိုကျ၊ မကျ အရှင်ဝိဝေက စဉ်းစားကြည့်နေမိသည်။

**ဆရာတော်ကြီးနှစ်ပါး တရားအဖြေ**

အရှင်ဝိဝေကအနေဖြင့်မူ တရားအားထုတ်နည်း မတူကွဲပြားသော ကမ္မဋ္ဌာန်းရိပ်သာကြီးနှစ်ခုမှ ဆရာတော်ကြီးနှစ်ပါးကိုမေးလျှောက်ကြည့်ဖူး၏။ ဆရာတော်ကြီးနှစ်ပါးမှာ တစ်ပါးက အနာဂါမ်ပုဂ္ဂိုလ်ဟု ကျော်ကြားနေပြီး အခြားတစ်ပါးကလည်း ရဟန္တာအရိယာပုဂ္ဂိုလ်ဟု ထင်ရှားသော မထေရ်မြတ်ကြီးများ ဖြစ်၏။

အရှင်ဝိဝေကမှာ ဆရာတော်ကြီးများ၏ရိပ်သာ၌ ဆရာတော်ကြီးများ ကျေနပ်အားရလောက်အောင် တရားအားထုတ်ပြီးမှ ရိုရိုသေသေ မေးမြန်းလျှောက်ထားခြင်းအမှုကိုပြုခဲ့ခြင်း ဖြစ်သည်။ ရိပ်သာတော်တော်များများ၏ သြဝါဒဆရာတော်ကြီးက-

"ဦးပဉ္စင်းရယ်၊ တပည့်တော်မှာ ကလျာဏပုထုဇဉ်ဖြစ်အောင်ကို မနည်းကြိုးစား သတိထား ပွားများ အားထုတ်နေရပါတယ်"

ဟု ပွင့်လင်း ရိုးသားစွာ မိန့်ကြားပါသည်။

အခြားဆရာတော်ကြီးကလည်း-

"ငါ့ရှင် ဘုန်းကြီးတို့ ယခုပြနေတဲ့ ကမ္မဋ္ဌာန်းနည်းဟာ ဘုရားဟော ပရိယတ္တိနဲ့ ညှိနိုင်းပြီး မတိမ်းမစောင်းအောင် ညွှန်ပြနေတဲ့ကမ္မဋ္ဌာန်း ဖြစ်တယ်။ ဘုန်းကြီးအနေနှင့်ပြောရရင်တော့ ဒီဘဝမှာ ပါရမီတွေ စွမ်းနိုင်သလောက်ဖြည့်ဆည်းပြီး နောက်ဘုရားရှင်သာသနာမှာ သာဝကဆုကြီးတစ်ဆုပန်ဖို့ အာသီသထားပါတယ်"

ဟု ရိုးရိုးသားသား မိန့်မြွက်ဖူးသည်။

အရှင်ဝိဝေကမှာ ဆရာတော်ဘုရားများ၏ အဖြေစကားကို လွန်စွာနှစ်ထောင်းအားရ ကျေနပ်မိပါသည်။ အခြားသူများ အမျိုးမျိုးထင်ကြေးပေးနေသည်ကို ကိုယ်တိုင် အရဲစွန့်မေးမြန်းကြည့်ပြီး မဟုတ်မှန်းသိလို့ မစ္ဆရိယစိတ်ပူးဝင်သော သိမ်ငယ်သောစိတ်ထားမျိုး မဟုတ်သည်ကို ကိုယ်တိုင် သိပါသည်။ ကျမ်းတတ်၊ စာတတ်၊ အကျင့်တတ် ပုဂ္ဂိုလ်ကြီးများကိုယ်တိုင်က အမှန်တရားကို စေ့ငုလာပါက ရိုးသားပွင့်လင်းစွာ ဖြေကြားတတ်သည့် 'ဥဇုစ' ဂုဏ်ကို နှစ်သက်ခြင်း ဖြစ်ပါသည်။ တကယ်တမ်းမှာလည်း ရိုးသားဖြောင့်မတ်ပြီး မာယာ၊ သာဌေယျကင်းခြင်းမှာ တရားရရှိနိုင်ကြောင်းအတွက် အရေးအပါဆုံးအချက်တစ်ချက် မဟုတ်ပါလား။

ထိုသို့ ဆရာတော်ကြီးနှစ်ပါး၏ အဖြေစကားကိုကြားမိသည်မှစ၍ အရှင်ဝိဝေကလည်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်ပါသည်။

'ငါသည် ရဟန်းဘဝနှင့် ဗုဒ္ဓတရားတော်များကို ကျင့်သုံးပြီး သေရာညောင်စောင်း လဲလျောင်းရာကာလထိ မရိုးမသားသော အပြောအဆို၊ အပြုအမူတို့ကို ရှောင်ကြဉ်နိုင်အောင် ကြိုးစားသွားပါမည်'

ဟူ၍. . .။


*(ဆက်ရန်)*

ထုံးတောင်-အရှင်မွေ့ပီယ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com



။၁။

(မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း)

# မြဝင်း(အဿန)

## အနန္တငါးပါးဦးထိပ်ထား

ကျွန်တော်သည် ရှင်ပြုအလှူပွဲများ၊ ထိမ်းမြားလက်ထပ်ပွဲများတွင် 'ဝန္ဒနာခန်း' ကို ဆောင်ရွက်သောအခါ အနန္တငါးပါးကို အောက်ဖော်ပြပါ 'အနန္တငါးပါးဘုရားရှိခိုး' ဖြင့် ရှိခိုးပူဇော်လေ့ရှိပါသည်။

### အနန္တငါးပါးဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူပြဟ္မာသတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မင်္ဂ၊ သဘော်ရှင်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။

၂။ ဓမ္မဂုဏော၊ အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယောဇ်၊ ကိလေသာမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။

၃။ သံဃဂုဏော၊ အနန္တောဟု၊ လောဘ၊ ဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်မြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။

၄။ မာတာပိတုဂုဏော၊ အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဘတို့၊ ရေကြည်ကလလ၊ တည်ဦးစက၊ ချီချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာနှင့်၊ အစာဆိမ့်အေး၊ ခွံ့ချိုပေး၍၊ မွေးသည့်မိခင်၊ ကျေးဇူးရှင်ကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။

၅။ အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြသွန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။

"၂"

တစ်နေ့တွင် ကျွန်တော်နှင့် ကျွန်တော့်တပည့်တို့သည် အနန္တငါးပါးဘုရားရှိခိုးကို အကြောင်းပြု၍ အနန္တငါးပါးအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ ကျွန်တော့်တပည့်က ရှေးဦးစွာ စကားစပါသည်။

"ဘိသိက်ပွဲဝန္ဒနာခန်းတွေမှာ ဆရာရှိခိုးပူဇော်တဲ့ 'အနန္တငါးပါးဘုရားရှိခိုး' ကို ဘယ်သူရေးတာလဲဆရာ"

"ဘယ်သူရေးတယ်လို့ ဆရာမသိဘူး။ ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်က ထုတ်ဝေတဲ့ 'စာအုပ်စာရင်း' စာအုပ်လေးထဲမှာ တွေ့တာနဲ့ ဝန္ဒနာခန်းတွေမှာ ရွတ်ဆိုပူဇော်ရရင် ကောင်းမှာပဲဆိုပြီး အရကျက်ထားခဲ့တာပါ။ တပည့်အခုလိုမေးတာက အကြောင်းရှိလို့လား"

"ဒီလိုပါ ဆရာ။ တစ်လောက ကျွန်တော် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားစီရင်တဲ့ 'ကဝိဇန္တုနကထာ' ကို ဖတ်ရတယ်။ အဲဒီ 'ကဝိဇန္တုနကထာ' ထဲမှာ 'ငါဆိုသောငါ' ဆိုတဲ့ ကဗျာပါတယ်။ အဲဒီကဗျာကို ဖတ်ရကတည်းက ကျွန်တော် အနန္တငါးပါးကို နေ့စဉ်ရှိခိုးဖြစ်ပါတယ်။ အနန္တငါးပါးရဲ့ ဂုဏ်ကျေးဇူးကို အမြဲအောက်မေ့မိတယ်"

"ဒါထက် တပည့်ဖတ်မိတဲ့ 'ငါဆိုသော ငါ' ကဗျာကို ရွတ်ပြပါဦး"

"ရွတ်ပြပါ့မယ် ဆရာ"

(ကျွန်တော့်တပည့်သည် သူ့လွယ်အိတ်ထဲမှာပါလာတဲ့ 'ကဝိဇန္တုနကထာ' စာအုပ်ကိုထုတ်ပြီး 'ငါဆိုသောငါ' ကဗျာကို ဖတ်ပြပါသည်။)

### ငါဆိုသော ငါ

◉ ငါဆိုသည်ကား အလကား။ အနန္တငါးပါး ပြုပြင်ထား၊ ငါကား အရုပ်ဖြစ်ချေသည်။

၁။ မိဘတကျေး၊ သုတ်သင်ပေး၊ လူရေးလူစ လှစေသည်။

၂။ ဆရာ့ထံမှောက်၊ နာခံရောက်၊ တတ်မြောက်စာပေရခဲ့သည်။

၃။ သံဃာ့ထံပါး၊ ဆည်းကပ်သွား၊ တရားသစ္စာသိခဲ့သည်။

၄။ ဓမ္မဝတ်ရည်၊ မြတ်ဝတ်ရည်၊ ပတ်လည် ငါ့ကို ဝိုင်းနေသည်။

၅။ တရား၏ရှေ့၊ ဘုရားတွေ့၊ စေ့စေ့ ငါ့ကို ချွေချွတ်သည်။

◉ ငါဆိုသည်ကား အလကား၊ အနန္တငါးပါး ပြုပြင်ထား၊ ငါကား သရုပ်ဖြစ်ချေသည်။

အနန္တငါးပါး၊ ဦးထိပ်ထား၊ ငါကား သက်ရှိဖြစ်နေသည်။

အနန္တငါးပါး၊ နုတ်ပယ်ထား ငါကား၊ သုညသူ ဖြစ်ချေသည်"

"ကောင်းလိုက်တာ တပည့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီးက ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို ဆရာတို့တစ်တွေ သတိပြုတတ်အောင် ရေးဖွဲ့ထားတာပဲ။ ဆရာတော့ 'အနန္တငါးပါး . နုတ်ပယ်ထား၊ ငါတား သုဉ်းသူ ဖြစ်နေသည်' ဆိုတဲ့ အဖွဲ့ကို သိပ်သဘောကျတယ်"

"ကျွန်တော်လည်း အဲဒီအဖွဲ့ကို သိပ်သဘောကျပါတယ်၊ အရလည်း ဆောင်ထားပါတယ်။ အဲဒီအဖွဲ့ကို ဖတ်ရကတည်းက ကျွန်တော်ဟာ အနန္တငါးပါးရဲ့ ကျေးဇူးဂုဏ်ကို သတိပြုလာတတ်လာပါတယ်။ နောက် အဲဒီ ကဝိဗန္ဓနကထာထဲမှာပဲ 'သင်နှင့်အနန္တငါးပါး' ဆိုတဲ့ ကဗျာပါ ပါသေးတယ်။ ကျွန်တော် ဖတ်ပြပါဦးမယ်"

"ဖတ်ပြပါ၊ တပည့်ရယ်"

"ဟုတ်ကဲ့ပါ ဆရာ"

## သင်နှင့်အနန္တငါးပါး

၁။ *မွေးဖို့ ကျွေးဖို့ မိဘတို့တာ ကျေပွန်စွာ၏။*

၂။ *ဆရာမှာကား၊ သေစာရှင်စာ ကျိုးရှိရာ၌ သေချာတပ်အပ် ကြည့်တတ် မြင်တတ် ချင့်ချိန်တတ်ဖို့ သင်ကြားပို့၏။*

၃။ *ကျင့်ဖို့ သိဖို့ လမ်းမှန်ဖို့တာ သံဃာကယူ ဓမ္မမူကား စိတ်ဟူမရှင်း ဉာဏ်မည်းကွင်းကို အလင်းပြရန် သုဝန်ခံ၏။*

၄။ *နိဗ္ဗာန်သို့တန်း စခန်းဖွေမ လေးမဂ္ဂကို ဗုဒ္ဓကသာ လမ်းညွှန်ပါခဲ့။*

၅။ *သင့်မှာ သစ်သား ပမာထားစို့။ စိုက်ထားကအောက် မြေတောင်မြောက်ရာ တစ်ယောက်သာပင် ဆောက်ရာထုထွင်း၊ လက်ရိုက်ခင်းနှင့် မင်းသားသမီး ဆေးမည်းဖျူပြောက် စုတ်တံထောက်သွင်း၊ တစ်ယောက်ချင်းပင် ကြိုးခင်းစုံတပ် ပြီးလတ်သော်ခါ ဇာတ်မှာပညာ ဇာတ်ဆရာလက် ဝအပ်ကွက်ပြီး ကကွက်ကကြိုး၊ ငါးချက်ချိုးသည် ကမျိုးအစုံ အကုန်တည်း။*

၆။ *ထိုသည့်ပမာ သင့်မှာကံပေး နောက်ခွင့်ရေး၏ ကျိုးပေးခွင့်သာ မျိုးစေ့ပါတည့် ငါးဖြာအနန္တပြုပြင်ကြ၍ လုပသည့်ကံ ဖြောင့်မှန်အကျိုး တိုးကဲဆင့်ဆင့် မြင့်ထက်မြင့်ရ ခံစားရကြောင်း အလုပ္ပြုပြင် ထိုငါးအင်ကို ဝတ်တင်ဝတ်ထား ယုံစိတ်ပွား နေ့များရက်ထပ် မပြတ်နှင့်။*

၇။ *ထိုသည့်ငါးပါး တစ်ပါးပါးမှ တရားတစ်ခွန်း ဖော်ညွှန်းဆုံးမ ထုတ်ဖော်ပြကို မှတ်ရနာရ ကျင့်ခွင့်ရသော် ဘဝဘဝါ မြားမြောင်စွာတွင် ချမ်းသာသုခ ဆတိုးရ၍ လူမှ နတ်လား ဗြဟ္မာလားနှင့် မင်လားဖိုလ်လား နိဗ္ဗာန်လားထိလားပေါင်းမိမို့ ကျယ်ဘိရပ်လုံးကိန်းမဆုံးပြီ မှတ်ရာအနန္တ သဘောတည်း။*

*အနန္တငါးပါး နုတ်ပယ်ထား သင်ကားသက်မဲ့ပမာတည်း။ အနန္တငါးပါး ပေါင်းသော်ငြား သင်ကား သက်ရှိလူသားတည်း။ အသိမဝင် သက်မရှင် သင်လျှင် သစ်တုံးပမာတည်း"*

"ဆရာတော်ဘုရားကြီးက အတော့်ကို လေးလေးနက်နက် ဖွဲ့ဆိုထားတာပဲ။ ဉာဏ်သွင်းပြီးမှ ဖတ်မှ ဆိုလိုရင်းပေါ်မှာ။ ဆရာတို့တစ်တွေ အခုလိုဖြစ်လာကြတာဟာ အနန္တငါးပါး ပြုပြင်ပေးမှုကြောင့်ပဲ။ အနန္တငါးပါးကပြုပြင် မပေးဘူးဆိုရင် သစ်တုံးလိုဖြစ်နေမှာပဲ။ အနန္တငါးပါးရဲ့ကျေးဇူးတရားက သိပ်ကြီးတယ်။ ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးက 'အနန္တငါးပါး နုတ်ပယ်ထား သင်ကားသက်မဲ့ပမာတည်း' လို့ ရေးဖွဲ့ခဲ့တာပေါ့"

"ကျွန်တော် အဲဒီကဗျာတွေကို ဖတ်ပြီး တွေးမိတဲ့အချက်တစ်ခု ရှိပါတယ် ဆရာ"

"ဘာများလဲ တပည့်ရယ်"

"ဆရာတော်ဘုရားကြီးတွေဟာ သူတို့ စွဲစွဲမြဲမြဲမှတ်မိချင်တဲ့ အချက်ကို ထပ်ကာထပ်ကာပြောတတ်တယ်ဆိုတဲ့ အချက်ပါဆရာ။ အခုလည်း ဆရာတော်ဘုရားကြီးက အနန္တငါးပါးရဲ့ဂုဏ်ကျေးဇူးကို ကျွန်တော်တို့ သတိမူစေချင်လို့၊ စွဲစွဲမြဲမြဲ မှတ်စေချင်လို့ ထပ်ကာထပ်ကာ ဖွဲ့ပြတာ မဟုတ်ပါလား ဆရာ"

"ဟုတ်တာပေါ့ တပည့်ရယ်။ မန်လည်ဆရာတော်ဘုရားကြီးဟာလည်း အဲဒီလိုပါပဲ။ လောဘ၊ ဒေါသ၊ မောဟ တရားတို့ရဲ့ ဆိုးရွားယုတ်မာပုံကို သတိမူစေချင်လွန်းလို့ မဃဒေဝလင်္ကာသစ်မှာ ထပ်ကာထပ်ကာဖွဲ့ခဲ့ပါတယ်။ တပည့် မဃဒေဝလင်္ကာသစ်ကို သတိထားပြီး ဖတ်ရင် အဲဒီအချက်ကို တွေ့မှာပါ"

"ဖတ်ကြည့်ပါ့မယ် ဆရာ"

"ပြောလက်စနဲ့ ပြောပါဦးမယ်။ တေးပြုစာဆိုတွေကလည်း အနန္တငါးပါးကို သတိပြုစေချင်လို့ တေးဂီတတွေ ဖွဲ့ဆိုခဲ့ကြတယ်။ အေးဝမ်းဆရာညွှာ ရေးပြီး အဆိုတော်ကြီး မေစိန် သီဆိုထားတဲ့ 'အနန္တငါးဖြာ'သီချင်းကို တပည့်ကြားဖူးမှာပေါ့။ အဲဒီသီချင်းကို ဆရာက သိပ်သဘောကျတယ်။ အမြည်းသဘော ဆရာဆိုပြပါဦးမယ်။

*တို့ဇာမှာ အနန္တောအနန္တငါးပါးကို ကိုယ်ရေတင် ရှိသေလျှင် ဆင်းရဲကင်းကွာ)[×××] (ဘုရားနဲ့တရားတော် ရဟန်းသံဃာ မိဘနှစ်ပါးနဲ့ သင်ကြားတဲ့ ဆရာ)[×××] (နေ့တိုင်းမှာ ညတိုင်းမှာ လက်ဆယ်ဖြာ ဦးထပ်တင်မိုးကာ)[×××] ရှိခိုးလို့ ဝန္ဒနာ ပူဇော်ကြစို့ အမျိုးသားတို့ မြန်မာ×××"*

"ကျွန်တော် အမှတ်ရလာပါပြီ ဆရာ။ *ရဟန်းတော်တွေ့ရင် ဝတ်ချပါ ××× ဖိနပ်ကို ချွတ်ကာ လူရှေ့မှာ စိတ်မများပေ××× အရိုပ်အဖျားတွေ××× ခြေနင်းမိ ကွင်းရှောင်ပါ×××* ဆိုတဲ့ သီချင်း မဟုတ်လား ဆရာ"

"ဟုတ်တာပေါ့ တပည့်ရယ်။ အဲဒီသီချင်းရဲ့ ကျေးဇူးကြောင့် ဆရာတို့လူမျိုးတွေဟာ အနန္တငါးပါးရဲ့ ကျေးဇူးဂုဏ်ကို အထိုက်အလျောက် သဘောပေါက်ခဲ့ကြပါတယ်။ အခွင့်ကြုံတုန်း ဆရာ တပည့်ကို 'အနန္တငါးပါးအန္တရာယ်ကင်း ဂါထာတော်' လက်ဆောင်ပေးလိုက်ပါ့မယ်။ အဲဒီဂါထာက အောင်လံမြို့နယ် တောင်မော်ရွာ သက်တော်ရှည် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနာရိပ်သာ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိသုဒ္ဓါစာရ မဟာထေရ် အမြဲရွတ်တဲ့ ဂါထာပါ"

"ပေးပါ ဆရာ။ ကျွန်တော်လည်း အမြဲရွတ်ပါ့မယ်"

"တပည့်က ဉာဏ်ကောင်းတော့ ဆရာ ရွတ်ပြလိုက်တာနဲ့ ရမှာပါ။ ကဲ- နားထောင်"

## အန္တရာယ်ကင်းဂါထာတော်ကြီး

*ဗုဒ္ဓဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ သဗ္ဗဒါ။*
*ဓမ္မဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ သဗ္ဗဒါ။*
*သံဃဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ သဗ္ဗဒါ။*
*မာတာပိတုဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ သဗ္ဗဒါ။*
*အာစရိယဂုဏံ သက္ကစ္စံ အဟံဝန္ဒာမိ သဗ္ဗဒါ - တဲ့။*

"ကျွန်တော် အမြဲ ရွတ်ပါ့မယ် ဆရာ"

ထို့နောက် ကျွန်တော့်တပည့်သည် ကျွန်တော့်ကို ကန်တော့ပြီး ပြန်သွားပါသည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်ဇော

# ရန်ကာ-ရန်နိုင်ဘုရားများ

. . . မြို့တည်အံ့ဟု အခါကိုကြည့်ရှုလေသော် သက္ကရာဇ် ၇၉၂ ခု၊ တော်သလင်းလဆန်း၊ တိထိပေါ်တစ်ရက်၊ တနင်္ဂနွေဝယ် မြို့တည်သောမင်း၊ ကြာသပတေးသားဖြစ်သောကြောင့် မိန်လင်္ဂကန်စန်းနှင့် မြို့တည်မူ မင်းကား အသက်ရှည်အံ့။ မြို့ကား အသက်သုံးနှစ်တွင် ပျက်လတ္တံ့။ ကန်လင်္ဂကန်စန်းနှင့် မြို့တည်မူ မင်းအသက် သုံးနှစ်သာရှည်အံ့။ မြို့သက်ကား တရာကျိန်းရအံ့ ဟူ၍ ဟူးရားတတ်တို့ လျှောက်ပေသော် ငါ့အသက်သော်ကား တိုပါစေ။ မြို့အသက်ရှည်သဖြင့် နောက်နောင်လာ ငါ၏ သားမြေးအစဉ်အဆက် ပြည်တိုင်းကားတို့သည် ကြီးပွားထွန်းလင်း ရှည်လျားပါစေ ဟူ၍ ဆိုတော်မူ၍ ကန်လင်္ဂကန်စန်း၌ မြို့နှင့် နန်းကို တစ်ပြိုင်နက် သက္ကရာဇ် ၇၉၂ ခုတွင် တည်တော်မူလေသည် . . .။

. . . ၎င်းမြောက်ဦးမြို့ကို အရပ်ရှစ်မျက်နှာမှ ခပ်သိမ်းသော ရန်သူတို့သည် မနှိမ်နင်းနိုင်စိမ့်သောငှာ၊ နတ်ကြီးရှစ်ရပ်တို့ကိုလည်း တည်ပေ၏။ မျက်မှောက်တော်စေတီ စသောဘုရားငါးဆူတို့ကိုလည်း ကောင်းမွန်စွာ စီရင်၍ တည်တော်မူသည်။ နံစန်းသင့်အောင် ထိုထိုသောအရပ်တို့၌ အကာကြီး၊ အကာငယ် တစ်ထောင်တို့ကိုလည်း ကောင်းစွာ စီရင်၍ ထားပေ၏။ ထိုသို့ ပြုပြင်စီရင်၍ ထားပေသောကြောင့် မြောက်ဦးမြို့ကို တစ်ရာကျိန်းထား၍ တည်သော်လည်း မြို့သက်ဆက်လက်သည်ရှိသော်ကား အနှစ်တစ်ထောင်၊ အနှစ်တစ်သောင်းလျှင်လည်း စည်ပင်သာယာအံ့ ဟူ၍ နတ်မျက်စိအမြင်ကိုရသော ဟူးရားတတ် ပညာရှိတို့သည် ဆိုခဲ့ကြကုန်၏။

(ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပဉ္စမတွဲ)
ရမ်းပြည့်တောင်ကျောင်းဆရာတော်

◆

ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ နေပြည်တော် မြောက်ဦးမြို့ (ရာဇဝင်များ အလိုအရ ပထမမြောက်ဦး) သည် ရမ်းပြည့်တောင်ကျောင်း ဆရာတော် မှတ်တမ်းပြုထားသကဲ့သို့ အုပ်ချုပ်သူဘုရင် (မင်းစောမွန်) ၏ အသက်ကို စတေးလျက် ပန္နက်ချတည်ထားခဲ့သော မြို့ဖြစ်ပါသည်။ မင်း၏စည်းစိမ် ဆိုသည်ကို မည်သူတစ်ဦးတစ်ယောက် မလိုချင်ဟူ၍ မရှိပါ။ ရရှိလာပြန်ပါကလည်း လွယ်လင့်တကူ လက်လွှတ်စွန့်ပယ်ချင်သူ ဟူ၍ မရှိပါ။ ဘုရင်မင်းစောမွန်ကတော့ ရခိုင်ပြည်နယ်၊ ရခိုင်တိုင်းရင်းသား




ပုံ (၁) သျှစ်သောင်းပုထိုးတော်ကြီး




www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂) ထက်ကာဘုရား



ပုံ (၄) ရန်ကိုးကာဘုရား



ပုံ (၅) အကာကြီးဘုရား



ပုံ (၆) ရန်အောင်မြင်ဘုရား



ပုံ (၃) ထက်ကာဘုရားပလ္လင်မှရုပ်ကြွ



ပုံ (၇) အရှေ့ရန်နိုင်ဘုရားအား တွေ့ရှိစကပုံ

အရှည်တည်တံ့စေရေးအတွက် မိမိ၏ အသက်နှင့် စည်းစိမ်တို့ကို အတွန့်အတို မရှိ စတေးပစ်ခဲ့သော အတုမရှိသည့် မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပါသည်။

'နောက်သားနောင်လာ ငါ၏သား မြေးအစဉ်အဆက် ပြည်တိုင်းကားတို့သည် ကြီးပွား ထွန်းလင်း ရှည်လျားပါစေ'


ဤစကားသည် နောင်ဖြစ်ထွန်းလာမည့်အနာဂတ်ရခိုင်ပြည်သူရခိုင်ပြည်သားတို့အပေါ် အထိ မိမိ၏ရင်နှစ်သားကဲ့သို့ မေတ္တာစိတ်အရင်းခံသဖြင့် မြော်ခေါ်ခဲ့ကြောင်း ထင်ရှားသော သာဓကပင် ဖြစ်ပါသည်။

ကန်လဂ်ကန်စန်း၊ အကာကြီး၊ အကာငယ် စသော ထိုခေတ်ထိုအခါက ထွန်းကားနေသော လောကီအစီအရင်တို့ဖြင့် မြောက်ဦးမြို့တော်ကို အန္တရာယ်တစ်စုံတစ်ရာ မကျရောက်ရလေအောင် မြောက်ဦးမြို့တော်ကြီး အခွန့်ရှည်တည်



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၈) အရှေ့ရှန်နိုင်ဘုရားအား ဆွဲထူပြီးပုံ



ပုံ (၉) အနောက်ရန်ကာဘုရား၏အကျိုးအပဲ့များ



ပုံ (၁၀) ကျောက်တုံးများပေါ်မှ ရုပ်ကြွပုံတချို့

တုံ့အောင် အကောင်အထည်ဖော်လျက် သမိုင်းတွင်စေခဲ့ခြင်း ဖြစ်ပါသည်။

မြောက်ဦးမြို့တော်၏ အခြေခံတို့ကို 'ကန်လင်၊ ကန်စန်း' ဖြင့် ခိုင်မာစေခဲ့သည့်အပြင် ရန်သူအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး၊ ဘေးအမျိုးမျိုးတို့ တစ်စွန်းတစ်စ ထိုးဖောက်စိမ့်ဝင်ခြင်း မပြုနိုင်စေဖို့အတွက် 'အကာကြီး' တို့နှင့်တစ်မျိုး၊ 'အကာငယ်'တို့နှင့်တစ်ဖုံ ပိတ်ဆို့ဝန်းရံကာကွယ်ထားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအကာကြီး၊ အကာငယ်တို့၏ အစီအရင် နည်းပရိယာယ်တို့ကို ကျွန်တော်တို့အနေဖြင့် လက်လှမ်းမမီနိုင်ကြတော့ပါ။ ဂန္ဓာရီအတတ်ပညာများ ဖြစ်နေသဖြင့် အထူးလေ့လာလိုက်စားသူများမှလွဲ၍ နားလည်နိုင်ဖို့ မလွယ်ကူပါ။ ယခုခေတ်မျက်စိ၊ ယခုခေတ်အသိပညာများတို့ဖြင့် ချိန်ထိုးတိုင်းတာလျက် 'အဓိပ္ပာယ်မရှိ'ဟု လွယ်လင့်တကူ မှတ်ချက်ချ သရော်စော်ကား ပစ်ပယ်လိုက်ခြင်းသည်လည်း မှန်ကန်သည့် လုပ်ရပ်မဟုတ်နိုင်ပါ။

ထိုထိုသော လောကီပညာရပ်များသာ အစွမ်းမထက် ထိရောက်မှုမရှိဟု ဆိုပါလျှင် ယနေ့ကာလအထိ ထိုပညာရပ်များ တည်တံ့နေမည် မဟုတ်ပါ။ ထိုပညာရပ်များသည် သိမ်မွေ့ခက်ခဲနက်နဲသလောက် ထက်မြက်စူးရှ ထိရောက်သော အစွမ်းသတ္တိ တစ်စုံတစ်ရာရှိနေသောကြောင့်သာလျှင် မျက်မှောက်ကာလအထိ ခိုင်မာတည်တံ့နေခြင်း ဖြစ်ပါသည်။

မြောက်ဦးမြို့တော်အတွက် ဤသို့သော အကာအကွယ် အရံအတားကိစ္စရပ်များကို ဘုရင်စောမွန် တစ်ဦးတည်း၏ စိတ်ကူး၊ အသိ၊ အာဏာစက်တို့ဖြင့် စီရင်ထားခဲ့သည် မဟုတ်ပါ။ အမတ်ပညာရှိများ၊ ဟူးရားတတ်များနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤသို့သော အကြောင်းခံများကြောင့် ယနေ့ခေတ် ကျွန်တော်တို့အနေဖြင့် မယုံကြည်သည့်တိုင်အောင် လေးစား တန်ဖိုးထားတတ်ဖို့တော့ လိုအပ်ပါသည်။

ဘုရင်စောမွန် အုတ်မြစ်ချတည်ဆောက်ခဲ့သော မြောက်ဦးမြို့ကို ဘုရင်မင်းဗာက ပိုမိုခိုင်မာတောင့်တင်းအောင် ပြုပြင်တည်ဆောက်ခဲ့ပြန်သည်။ သက္ကရာဇ် ၈၉၅ ခုနှစ်တွင် ဖြစ်ပြီး ဒုတိယမြောက်ဦးဟု သမိုင်းက ဆိုပါသည်။ (၁၀၃)နှစ်ကွာခြားခဲ့ပြီ ဖြစ်သော မင်းဗာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်၏ခေတ်တွင် အသိအမြင်နှင့် အတတ်ပညာတို့ ပိုမို တိုးတက်လာခဲ့ပါပြီ။ ကာလအခြေအနေ၊ ဒေသအခြေအနေတို့လည်း များစွာပြောင်းလဲခဲ့ပါပြီ။ ထို့ကြောင့် မင်းဗာဘုရင်သည် မြောက်ဦးမြို့တော်အား အခိုင်အမာပြုပြင်တည်ဆောက်သောအခါ မြေပြင်ရှိသောဘေးအန္တရာယ်များမှ ကာကွယ်ရန်အတွက် သာမက အရှေ့ အနောက်အရပ်တို့ရှိ ရန်သူများ ထိပါး မတော့ကျော်နိုင်စေရေးအတွက်ကိုပါ အာရုံထားစီရင်ခဲ့ကြောင်း တွေ့မြင်နိုင်ကြပါသည်။ ထိုခေတ်ထိုကာလက အတိုးတက်ဆုံး အလွှမ်းမိုးဆုံးဟု ဆိုကြသော ပေါ်တူဂီ၊ ဒပ်(ချ်) လူမျိုးတို့၏ အင်ဂျင်နီယာပညာရပ်နှင့် ရခိုင်ရိုးရာဗိသုကာပညာရပ်တို့ကို ပေါင်းစပ်လျက် ဒုတိယမြောက်ဦးကို အခိုင်အခံ့ တည်ဆောက်ခဲ့ပါသည်။

. . . မြို့၏ ထက်ဝန်းကျင်သော တောင်ခပ်သိမ်းတို့ကို အုဋ္ဌကျောက်တို့ဖြင့် စီသင့်သည်ကို စီတော်မူသည်။ မြှင့်သင့်သည်ကို မြှင့်တော်မူသည်။ တံခါးကွေ့ တံခါးကောက်စသည်တို့ဖြင့် ရေလှောင်မြောင်း၊ တန်ဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်တားတို့ကို ကောင်းစွာ စီရင်လျက် ရေကျုံး၊ ညွှန်ကျုံး၊ ကျုံးခြောက်၊ ကျုံးပင်လယ်စသည်တို့ဖြင့် အထားအနေသင့်စေပြီးမှ . . .

ဟူ၍ ရခိုင်ရာဇဝင်သစ်ကျမ်းတွင် ဖော်ပြပါရှိပါသည်။

ထို့နောက် အရံမြို့ (၁၁) မြို့ကို တည်ပါသည်။ ချောင်း (၃၃) ချောင်းတို့အား ဆည်သင့်သည်ကိုဆည်၊ တူးသင့်သည်ကိုတူး၊ ချဲ့သင့်သည်ကိုချဲ့၊ မြှင့်သင့်သည်တို့ကိုမြှင့်လျက် ကမ်းပိုင်ကြီးများကို ကွန်ရက်သဖွယ် တည်ဆောက်တော်မူသည်ဟု ရာဇဝင်က ဆိုပါသည်။

ရေကြောင်းအတားအဆီးတို့အား ဤသို့စီရင်ထားရှိမှုကြောင့် သက္ကရာဇ် ၉၀၈ ခုနှစ်တွင် မြောက်ဦးမြို့ကို ထိပါးလာသော တောင်ငူဘုရင်မင်းတရားရွှေထီး၏ရေကြောင်းစစ်သည်များသည် လောင်းကြက်စစ်မျက်နှာတွင် 'ကျွန်းထင်းမျှောသကဲ့သို့ ရေပြင်ပြည့်မျှ သေပျောက်ကြ' ခြင်း ဖြစ်ပါသည်။

မင်းဗာဘုရင်မင်းမြတ်သည် ဒုတိယမြောက်ဦးမြို့တော်အား မြို့ရိုးအထပ်ထပ်၊ တံတိုင်းအထပ်ထပ်တို့ဖြင့် လည်းကောင်း၊ ကျုံးအထပ်ထပ်တို့ဖြင့် လည်းကောင်း၊ ခံတပ်အထပ်ထပ်တို့ဖြင့် လည်း







ပုံ (၁၀) ကျောက်တုံးများပေါ်မှ ရုပ်ကြွပုံတချို့



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ ခေတ်မီ သေနတ်မီးပေါက်၊ အမြောက်အမျိုးမျိုးဖြင့် လည်းကောင်း၊ ပေါ်တူဂီ၊ ဒပ် (ခ်)၊ ဂျပန်လူမျိုး စသည့် နိုင်ငံခြား ကြေးစားစစ်သည်တို့ဖြင့် ဖွဲ့စည်းထားသော တပ်မတော်တို့ဖြင့် လည်းကောင်း ကာကွယ်ထားခဲ့ပါသည်။

ထိုသို့သော ခေတ်မီအတတ်ပညာများကို ကာကွယ်ရေးအတွက် ကျင့်သုံးသကဲ့သို့ ဘုရင် စောမွန် လက်ထက်ကတည်းက အသုံးပြုခဲ့သော လောကီအတတ်ပညာ၊ ဂန္ဓာရီနည်းလမ်းများကိုလည်း ပစ်ပယ်မထားဘဲ ဆက်လက် ကျင့်သုံးခဲ့ပါသည်။



ပုံ (၁၀) ကျောက်တုံးများပေါ်မှ ရုပ်ကြွပုံတချို့



ပုံ (၁၁) အရုံဆင်းတုတော်တစ်ဆူ (မပြုပြင်မီ)

ယနေ့ မြောက်ဦးမြို့ဝန်းကျင်အနှံ့တွင် ရံဖန်ရံခါ တွေ့ရှိနေကြသော အင်းကျောက်ပြားများ၊ ဖူးတွေ့နေရသော ဆင်းတုတော်များက ဤအကြောင်းနှင့် ပတ်သက်၍ ခြေရာကောက်ကြည့်ရန် သက်သေခံများပင် ဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

ယင်းတို့အနက်က အကာကြီး၊ အကာငယ်တချို့ကို ဖော်ပြအပ်ပါသည်။

**၁။ ရန်အောင်ဇေယျ (ခေါ်) သျှစ်သောင်းပုထိုးတော်ကြီး**

သျှစ်သောင်းပုထိုးတော်နှင့် ပတ်သက်၍ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဆောင်းပါးများ၊ စာတမ်းများ၊ စာအုပ်များ စသည်ဖြင့် များစွာရှိနေပြီး ဖြစ်သဖြင့် အကျယ်တဝင့် ပြောနေစရာ လိုတော့မည် မဟုတ်ပါ။ အထူးအနေဖြင့် တင်ပြလိုသော အချက်တစ်ခုမှာ ဤပုထိုးတော်သည် မြောက်ဦးမြို့တော်နှင့် ရခိုင်ပြည်နယ်တို့အတွက် 'အကာကြီး ဘုရား'တစ်ဆူဖြစ်သည်ဟူသော အချက် ဖြစ်ပါသည်။

(ပုံ-၁ ရှုပါ)

◆ သမားရိုးကျ 'ရှစ်'ဟူ၍ စာလုံး မပေါင်းဘဲ 'သျှစ်' ဟူ၍ စာလုံးပေါင်း ရခြင်း။

◆ နန်းတော်၏ မြောက်ဘက် အရပ်၌ ရွေးချယ် တည်ဆောက်ထား ခြင်း။

◆ ပင်မစေတီကြီးနှင့် အရံစေတီငယ် နှစ်မျိုးပေါင်း (၂၇) ဆူရှိနေခြင်း။

◆ မဏ္ဍိုင်ငါးရပ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း။

(ပထမမဏ္ဍိုင်အဖြစ် သဗ္ဗညုမြတ်စွာဘုရား၏ ရုပ်ပွားတော်၊ နေရာ-ဂန္ဓကုဋိတိုက်ခန်း၊ ဒုတိယမဏ္ဍိုင်အဖြစ် မဟာဗြဟ္မာရုပ်တု၊ နေရာ-အဂ္ဂိထောင့်၊ တတိယမဏ္ဍိုင်အဖြစ် သိကြားမင်းရုပ်တု၊ နေရာ - တနင်္ဂနွေထောင့်၊ စတုတ္ထမဏ္ဍိုင်အဖြစ် စတုလောကပါလ နတ်မင်းကြီးလေးပါး၊ နေရာ - ရာဟုထောင့်၊ ပဥ္စမ မဏ္ဍိုင်အဖြစ် ကုသိုလ်ရှင် ဘုရင်မင်းဗာ၏ ရုပ်တု၊ နေရာ - စနေထောင့်)

◆ ဟိန္ဒူအယူဝါဒဆိုင်ရာ ရုပ်လုံး ရုပ်ကြွများကို ဂြိုဟ်နက္ခတ်များနှင့် ကိုက်ညီအောင် တွက်ချက်လျက် နေရာမှန်အောင် ထည့်သွင်းခြင်း။

◆ ဂြိုဟ်ရှစ်လုံး၊ နဝင်းကိုးလုံး၊ နက္ခတ် (၂၇) လုံးနှင့် တြင်း (၁၀၈) လုံး တို့နှင့် ကိုက်ညီအောင် စီရင်ထားခြင်း။



www.burmeseclassic.com

www.burmeseclassic.com

◆ ပုထိုးတော်ကြီးအား ပန္နက်တော်တင်စဉ်က အမိက ကြီးကြပ်ညွှန်ကြားသူ ဂန္ဓာရီပညာရှင် သျှင်ငယ်ဆရာဦးမြဝါ၏ နှုတ်မှ အခါနှင့်ကိုက်ညီစွာ 'အပြည်ပြည်ကို ရှင်ငယ်ရစ်ဝန်း ဧမူထမ်း' ဟူ၍ ဥဒါန်းစကား ကျူးရင့်ခြင်း။

ဤအချက်များသည် လောကုတ္တရာရေးသက်သက်မဟုတ်ဘဲ လောကီပညာ၊ ဂန္ဓာရီအတတ်တို့ဖြင့် တိုင်းပြည်မြို့ရွာ၏ အရံအတား၊ အကာအကွယ်အဖြစ်ပါ တည်ထား ကိုးကွယ်ခဲ့ကြောင်း ညွှန်းဆိုလျက်ရှိပါသည်။

. . . သားရင်းမင်းဗာ၊ နန်းဘုံသာ
ဝယ်၊ တြိယာနဝ၊ အငှတွက်စစ်၊
သက္ကရာဇ်တွင်၊ တက်သစ်နေဟန်၊
ဘိသိက်ခံ၍ ရန်လိုပိတ်ဆို့၊ အင်
မချို့အောင်၊ မြို့ကိုရိယာ၊ ကျောက်
တိသာလျှင်၊ ပတ်ကာ ပိတ်ဆိုင်း၊
ညှာသမိုင်း၌ တံတိုင်းကျုံးမြောင်း၊
ဂူတန်ဆောင်းနှင့်သျှစ်သောင်းဘုရား၊
ကန်တွင်းများဖြင့်၊ တည်ထားယကြာ၊
ထိုထိုမှာ၌၊ သင့်ရာပြုပျင်. . .


ဟူသော ရာဇဝင်ထွက် အဆိုကလည်း သျှစ်သောင်းဘုရားသည် အကာကြီးဘုရားတစ်ဆူ ဖြစ်ကြောင်း ခိုင်မာစေပါသည်။

## ၂။ လက္ကာဘုရား

မြောက်ဦးမြို့နယ် လက္ကာရွာ၏ အနောက်ဘက် ရန်ကုန်-စစ်တွေ ကားလမ်းနှင့်ကပ်လျက် ရှိပါသည်။ လက္ကာရွာအနီး၌ ကပ်လျက်ရှိသောကြောင့် လက္ကာဘုရားဟု သမုတ်ထားဟန်ရှိပါသည်။ ရွာသူရွာသားများကတော့ ပြောင်းပြန်ယူဆကြပါသည်။ ဆင်းတုတော်၏ အဘယမုဒြာ (အဘယဟတ္ထမုဒြာ) ဟန်ကိုကြည့်၍ ဤဘုရားကို လက်ကာ (လက္ကာ) ဘုရားဟု ခေါ်ကြောင်း၊ ဤဘုရားကို အစွဲပြုလျက် ရွာကို လက္ကာရွာဟုတွင်ကြောင်း ဆိုကြပါသည်။



ပုံ (၁၂) အနောက်ရန်ကာဘုရား၏မျက်နှာတော်



ပုံ (၁၃) ပြုပြင်ပြီးစ ဆင်းတုတော်နှစ်ဆူ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်၏ အဘယမုဒြာဟန်မှာ ဘေးရန်အန္တရာယ်မရှိရအောင် ကာကွယ်ပေးနေသည့်ဟန် ဖြစ်ပါသည်။ ထိတ်လန့်တုန်လှုပ်ခြင်း တစ်စုံတစ်ရာ မဖြစ်စေရန် ဗုဒ္ဓမြတ်စွာက မဇ္ဈိမသုတ် ပရိတ်တော်ကို ဟောကြားပေးနေသည့် အဓိပ္ပာယ်ကို ဆောင်ပါသည်။

(ပုံ-၂ ကို ရှုပါ)

ဤကျောက်ညိုဆင်းတုတော်အား မြောက်ဦးခေတ်က ထုလုပ်ပူဇော်ခဲ့ခြင်း ဖြစ်ကြောင်း အစဉ်အလာအရ အဆိုရှိပါသည်။ ထူးခြားသည်မှာ ဆင်းတုတော် ကိန်းဝပ်နေသော လေးထောင့်ပုံကျောက်ပလ္လင်၏ နံရံလေးဖက်တို့တွင် ဝေသာလီခေတ်လက်ရာ ရုပ်ကြွများကို တွေ့မြင်ရခြင်း ဖြစ်ပါသည်။

(ပုံ-၃ ရှုပါ)

နံရံတစ်ဖက်တွင် တွေ့မြင်ရသော ရုပ်ကြွပုံကို (ပုံ-၃) ဖြင့် ဖော်ပြပါသည်။ ကျန်နံရံသုံးဖက်ရှိ ရုပ်ကြွများမှာ မပီပြင်ကြတော့ပါ။

**၃။ ရန်ကိုးကာဘုရား**

လက္ကာရွာ၏ အရှေ့ဘက် ပေ (၄၀) ခန့်မြင့်သော တောင်ကုန်းငယ်ထက်တွင် တည်ရှိပါသည်။ အတွေ့ရများသော ဘူမိဖဿမုဒြာဆင်းတုတော် ဖြစ်ပါသည်။ ဉာဏ်တော်အမြင့် (၅) ပေ၊ (၅) လက်မ ရှိပါသည်။

(ပုံ-၄ ရှုပါ)

ဤဘုရားကိုလည်း မြောက်ဦးခေတ်က တည်ထား ကိုးကွယ်ခဲ့ကြောင်း သတ်မှတ်ထားပါသည်။ သို့သော် လက္ကာဘုရားနှင့် ဤဘုရားနှစ်ဆူစလုံးမှာ ရွာသူရွာသားတို့၏ ဆေးခြယ်ပူဇော်ထားမှုကြောင့် မူလလက်ရာကို မြင်တွေ့ရန် ခဲယဉ်းသွားရပါသည်။

**၄။ အကာကြီးဘုရား**

မြောက်ဦးမြို့ရှိ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အားလုံးတို့မှာ အရှေ့ဘက်သို့သာ မျက်နှာမူလျက် တည်ရှိပါသည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်ကို ရရှိတော်မူစဉ်က ဗောဓိပင်နှင့် ရွှေပလ္လင်တွင် အရှေ့ဘက်သို့ မျက်နှာမူလျက် စံပယ်တော်မူနေခဲ့သော အစဉ်အလာကို လိုက်နာခြင်း ဖြစ်ပါသည်။

လက္ကာရွာ၏ မြောက်ဘက်ရှိ အကာကြီးဘုရား (၅) ဆူတို့အနက် အလယ်မှ သုံးဆူမှာ ထူးခြားစွာပင် အနောက်ဘက်သို့ မျက်နှာမူလျက်ရှိနေပါသည်။ ဤထူးခြားချက်ကြောင့် ယတြာဘုရားတစ်ဆူအဖြစ် ထင်ရှားပါသည်။

(ပုံ-၅ ရှုပါ)

အကာကြီးဘုရားများမှာ စုစုပေါင်း (၅) ဆူ ဖြစ်ပါသည်။ အလယ်တွင် ရှိသော ဉာဏ်တော်အကြီးဆုံးဘုရားမှာ အမြင့် (၆) ပေ၊ (၈) လက်မ ရှိပါသည်။ ဤဆင်းတုတော်နှင့် လက်ဝဲရံဆင်းတုတော်တို့မှာ အနောက်ဘက်သို့ မျက်နှာမူလျက်ရှိနေကြပါသည်။ လက်ယာဘက် အစွန်ဆုံးနှင့် လက်ဝဲဘက် အစွန်ဆုံး ဆင်းတုတော်တို့မှာ မျက်နှာချင်းဆိုင် ဖြစ်ပါသည်။

ဉာဏ်တော်အကြီးဆုံး ဆင်းတုတော်၏ မျက်နှာတော်ပုံသဏ္ဌာန်အရ မြောက်ဦးခေတ်လက်ရာ ဖြစ်ကြောင်း သတ်မှတ်နိုင်ပါသည်။ သို့သော် ပလ္လင်တော်အောက်ခြေတွင် ဓညဝတီခေတ်နှောင်း (သို့) ဝေသာလီခေတ် အစောပိုင်းလက်ရာဟု ခန့်မှန်းရသော ရုပ်ကြွများ ရှိနေပါသည်။

**၅။ ရန်အောင်မြင်ဘုရား**

တောင်ကုတ်မြို့ သဒ္ဓမ္မရောင်ရှိန်ကျောင်းတိုက် သာသနာဝေပုလ္လသိမ်တော်ကြီးအတွင်းတွင် လက်ရှိအပူဇော်ခံလျက်ရှိပါသည်။ မူလက မြောက်ဦးမြို့ တောင်ဖြူမြို့ဟောင်း သဇင်တံတောင်ထိပ်တွင် တည်ရှိခဲ့ပါသည်။ ဤဆင်းတုတော်သည်လည်း အနောက်ဘက်သို့ မျက်နှာမူလျက် တည်ရှိခဲ့သည်ဟု မှတ်တမ်းရှိခဲ့ပါသည်။ ဘုရင်မင်းဗာလက်ထက် အနောက်ဘင်္ဂါ (၁၂) မြို့ကို အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် သက္ကရာဇ် ၈၉၅ ခုနှစ်က တည်ထားခဲ့သောဘုရား ဖြစ်သည်ဟု ဆိုပါသည်။ ဤသို့ဆိုလျှင် ဤအထိမ်းအမှတ်အဖြစ်နှင့်ပင် တည်ထားခဲ့သော သျှစ်သောင်းပုထိုးတော်ကြီးထက် နှစ်နှစ်စောမည်ဖြစ်ပါသည်။

၁၉၉၇ ခုနှစ်က တောင်ကုတ်မြို့သို့ ပြောင်းရွှေ့ ကိန်းဝပ်ခဲ့ခြင်း ဖြစ်ပါသည်။ (ပုံ-၆ ရှုပါ။) ဉာဏ်တော်အမြင့် (၆) ပေရှိသော ကျောက်ညိုသားဆင်းတုတော်ကြီး ဖြစ်ပါသည်။

**၆။ အရှေ့ရန်နိုင်ဘုရားနှင့် အနောက်ရန်ကာဘုရား**

အေဒီ ၁၅၃၁ ခုနှစ်က ဘုရင်မင်းဗာ တည်ထား ကိုးကွယ်ခဲ့သော ဆင်းတုတော်နှစ်ဆူ ဖြစ်သည်။ မသမာသူများနှင့် သိုက်ဆရာတို့၏ အဖျက်အဆီးခံရပြီး မြေကြီးထဲ နစ်မြုပ်၊ တောချုံကြီးများဖုံးလွှမ်းလျက် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်း(၆၀)ခန့် ရှိနေခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလက မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရာမှ အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသော ဘုရားညီနောင် ဖြစ်ပါသည်။

မြောက်ဦးမြို့လယ် နန်းတော်ကုန်း၏ အရှေ့ဘက် (၃) မိုင်အကွာ၊ မောင်သာကုန်းရွာအရှေ့ဘက်၊ မြောက်ဘက် (၂)ဖာလုံခန့်အကွာ တောင်ကုန်းငယ်တစ်ခုပေါ်တွင် တည်ရှိပါသည်။

၁၂-၁-၂၀၁၃ နေ့က ဆင်အိုးကြီးရွာသားတချို့သည် ချုံနွယ်ကြီးများအတွင်း အရှေ့ဘက်သို့ ဦးတော်လှည့်လျက် ပတ်လက်လန် လဲကျနေသော ဆင်းတုတော်ကြီးတစ်ဆူကို တွေ့ကြရပါသည်။ (ပုံ-၇ ရှုပါ။)။ ရွာသားများနှင့် ခင်မင်ရင်းနှီးသော ဦးမောင်မောင် (အလယ်ဈေးရပ်ကွက်)၊ ဦးစောရွှေမောင် (အလယ်ဈေးရပ်ကွက်)၊ ဦးမောင်အေးသန်း (တောင်ရပ် - ရပ်ကွက်) တို့နှင့် ဆွေးနွေးတိုင်ပင်ပြီး ဤဘုရားကြီးကို ဝိုင်းဝန်း ပြုပြင်လျက် ကုသိုလ်ယူကြရန် ဆုံးဖြတ်ကြပါသည်။

၁၃ - ၁ - ၂၀၁၃နေ့တွင် ဆင်အိုးကြီးနှင့် ဤပုဂ္ဂိုလ်သုံးဦးတို့၏ ဦးဆောင်မှုဖြင့် ရွာဟောင်းတောရွာသားများ စုပေါင်းကာ တောင်ကုန်းတစ်ခုလုံးကို ခုတ်ထွင်တောရှင်းကြပါသည်။ ထိုအခါ နောက်ထပ် ဆင်းတုတော်ကြီးတစ်ဆူ၏ အင်္ဂါရပ်အကျိုးအပဲ့များ၊ လည်ပင်းမှ ပြတ်ထွက်နေသောဦးတော်ကြီးတစ်လုံး၊ ကျောက်ပလ္လင်တော်အစိတ်အပိုင်းများနှင့် ကျောက်တုံးပေါင်းများစွာတို့ကို တွေ့ရှိကြပါပြန်ပါသည်။

(ပုံ-၉ ရှုပါ)

ရှေးဟောင်းသုတေသန ပညာရှင် ဦးကျော်ထွန်းအောင်က ဤနေရာတွင် မူလက ဆင်းတုတော်နှစ်ဆူရှိကြောင်း၊ အရှေ့ဘက်သို့တစ်ဆူ၊ အနောက်ဘက်သို့ တစ်ဆူ မျက်နှာမူလျက်ရှိကြောင်း၊ ဘွဲ့တော်မှာ အရှေ့ရန်နိုင်ဘုရားနှင့် အနောက်ရန်ကာဘုရား ဖြစ်ကြောင်း၊ ဂုဘုရားများ ဖြစ်ကြောင်း ပြောပြပါသည်။ (ဘုရားအနီးရှိ စေတီကုန်းရွာမှ အဘွားတစ်ဦးက မိမိတို့ငယ်စဉ်က ဤ



www.burmeseclassic.com

www.burmeseclassic.com

[illegible]

အရွယ်အထိ ဘုရားနှစ်ဆူစလုံးမှာ အကောင်းပကတိရှိနေသေးကြောင်း ဆိုပါသည်။)

ဤရန်နိုင်၊ရန်ကာဘုရားများသည် ဘုရင်မင်းဗာက မြောက်ဦးမြို့တော်အား အရှေ့ဘက်၊ အနောက်ဘက်တို့ရှိ ပြင်ပရန်သူတို့၏အန္တရာယ်မှ ကာကွယ်ရေးအတွက် အမတ်ပညာရှိ မဟာပညာကျော်နှင့် သျှင်ငယ်ဆရာ ဦးမြဝါတို့၏ လောကီအစီအရင်များဖြင့် တည်ထားကိုးကွယ်ခဲ့သော ဂူဘုရားများ ဖြစ်သည်။

မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဌာန၏ခွင့်ပြုချက်ဖြင့် ၁၉-၁-၂၀၁၃ နေ့တွင် ပက်လက်အနေအထားဖြစ်နေသော ဆင်းတုတော်ကြီးအား လူအင်အား (၁၀၀) ခန့်ဖြင့် ဆွဲထူအောင်မြင်ပါသည်။ (ပုံ-၈ရှုပါ)။ အနောက်ဘက်သို့ မျက်နှာမူလျက်ရှိခဲ့သော ဆင်းတုတော်ကြီးမှာ အစိတ်အပိုင်းပေါင်း (၃၇) ခု ဖြစ်အောင် ချိုးဖျက်ခြင်းခံထားရပါသည်။ကံကောင်းထောက်မစွာဖြင့် ဆင်းတုတော်ကြီး၏ အင်္ဂါကြီး၊ ငယ်အားလုံးတို့ကို မပျောက်မပျက် ပြန်လည်တွေ့ရှိကြရပါသည်။ ထိုထက် ကံကောင်းသည်မှာ ဦးတော်မှာ လည်ပင်းတော်မှ ပြတ်ထွက်လျက် မြေခနေပါသော်လည်း ဘယ်ဘက်နားတော်၏ အစိတ်အပိုင်း အနည်းငယ်သာ ပဲ့ထွက်နေပါသည်။ ကျန်ဦးတော်တစ်ခုလုံး (အထူးသဖြင့် မျက်နှာတော်) ကို အကောင်းပကတိ တွေ့ရှိရခြင်း ဖြစ်ပါသည်။

၂၄-၁-၂၀၁၃ နေ့တွင် အစိတ်အပိုင်း (၃၆) ခုတို့အား မူလအတိုင်း ဆက်စပ်ပေးပြီး ၂၇-၁-၂၀၁၃နေ့တွင် ဦးတော်အား ကြိုးဖြင့်ဆွဲတင်ကာ လည်ပင်းတော်၌ အံဝင်ခွင်ကျ ပြန်လည်ပေါင်းစပ်ပေးနိုင်လိုက်ပါသည်။

ဆင်းတုတော်များ စံပယ်နေခဲ့သော မူလကျောက်ဂူကြီးတစ်ခုလုံးမှာ တစ်စမကျန် ပြိုကျပြီး ကျောက်တုံးနှင့် မြေသားများ ဖုံးလွှမ်းထားခဲ့လေရာ ပလ္လင်တော်မှာ သုံးပေခန့်သာပေါ် ထွက်နေသဖြင့် သုံးပေအနက်တူးဖော်လိုက်ပြီးမှ ပလ္လင်တော်တစ်ခုလုံး ပေါ်ထွက်လာပါသည်။ ပလ္လင်တော်နှင့် တောင်ကုန်းအနှံ့ ပြန့်ကျဲနေသော ကျောက်တုံးတစ်ချို့တွင် ဟင်္သာရုပ်၊ ဘီလူးရုပ်၊ ဆင်ရုပ်၊ ဝသုန္ဓရေရုပ်၊ ဒိုင်းကိုင်၊ ဓားကိုင်စစ်သည်များအရုပ်၊ ကိန္နရာရုပ်၊ ကျားရုပ်၊ ကြာဖူးကိုင်အမျိုးသမီးအရုပ် စသည့် ရုပ်လုံး ရုပ်ကြွများ ယုယဖွယ် ထားကြောင်း မတွေ့ရှိရပါသည်။

(ပုံ-၁၀ ရှုပါ)

ဘုရားများအား ပြုပြင်နေကြစဉ်တွင် 'ရှေးဟောင်း ရန်ကာ၊ ရန်နိုင်ဘုရားတွေပေါ်လို့တဲ့' ဟူသော သတင်းစကားပျံ့နှံ့သွားသဖြင့် မြောက်ဦးတစ်မြို့လုံးသာမက အနီးဝန်းကျင်မြို့များကပါ ဘုရားဖူးပရိသတ်များ နေ့စဉ်ပင် အများအပြားရောက်ရှိလာကြပါသည်။ ဘုရားဖူးပရိသတ်များအား ချောင်းသစ်၊ ရွာဟောင်းတော၊ မောင်သာကုန်း၊ ပီပင်ကုန်း၊ စေတီကုန်း၊ ပရိန်ကုန်း၊ မြက်ရိတ်ကျွန်း၊ ဆင်အိုးကြီး၊ ဆင်အိုးချေရွာများမှ ရခိုင်ရိုးရာ မုန့်အမျိုးမျိုးဖြင့် နေ့စဉ်အလှည့်ကျ ကျွေးမွေးဧည့်ခံကြပါသည်။

ဆင်းတုတော်များနှင့် ပလ္လင်တော်တို့အား မူလလက်ရာမပျက်စေရအောင် အလှူရှင်များနှင့် ပန်းရန်ဆရာတို့က ရှေးဟောင်းသုတေသနနယ်ပယ်မှ တတ်သိနားလည်သူများ၏ အကြံဉာဏ်ကို ရယူကာ အထူးသတိထားပြီး ဆက်စပ်ပြုပြင်ယူကြပါသည်။ ရုပ်ကြွများ၊ ပန်းနွယ်ပန်းခက်ပါရှိသော ကျောက်တုံးများကို တွေ့ရှိသမျှ တစ်စုမကျန် မပျောက်မပျက်ရအောင် ထိန်းသိမ်းထည့်သွင်းရပါသည်။ အရံဆင်းတုတော် (၁၆) ဆူတို့ကိုလည်း အလှူရှင်အသီးသီးက ပြုပြင်လျက် ကုသိုလ်ပါဝင်ကြပါသည်။

၁၈-၂-၂၀၁၃ နေ့တွင် ဆင်းတုတော်ကြီးနှစ်ဆူ၊ အရံဆင်းတုတော်များ၊ ပလ္လင်တော်တို့အား ပြုပြင်ပြီးစီးအောင်မြင်ပါသည်။ မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာအသီးသီးမှ ထေရ်ကြီးဝါကြီး ဆရာတော် (၂၇) ပါးအား ပင့်ဖိတ်လျက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပပါသည်။ ဘုရားဖူးလာရောက်ကြသူ ပရိသတ် (၃၀၀၀) ကျော်တို့အားလည်း ပတ်ဝန်းကျင်ရွာသူရွာသားများနှင့် ပူးပေါင်းလျက် ဆွမ်းကျွေးလှူဒါန်းနိုင်ခဲ့ပါသည်။

ပင်မအလှူရှင် သုံးဦးတို့၏ ဖြူစင်ထက်သန်သောစေတနာ၊ ဉာဏ်အမြော်အမြင်၊ ခိုင်မာသော သန္နိဋ္ဌာန်၊ အတွန့်အတိုမရှိသော ကုသိုလ်ပြုစိတ်နှင့် ပတ်ဝန်းကျင် ရွာသူရွာသားတို့၏ ကာယအား၊ ဉာဏအား၊ တတ်နိုင်သမျှသော အလှူထည့်ဝင်မှုတို့ ပေါင်းစပ်လျက် သမိုင်းတန်ဖိုးကြီးမားသော ဆင်းတုတော်ကြီးနှစ်ဆူတို့အား အတင့်အတယ်ဖြစ်အောင် ပြုပြင် တည်ဆောက်လျက် မှန်မြတ်လှသော ကုသိုလ်ကြီးတစ်ခုကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဆင်းတုတော်တို့၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အရှေ့ရန်နိုင်ဘုရား**

ဉာဏ်တော် (၇) ပေ (၆) လက်မခွဲ (၂၁၀ စမ)၊ ပခုံးတော်စွန်းနှစ်ဖက်အကျယ် (၃) ပေ (၁) လက်မ၊ ဒူးစွန်းနှစ်ဖက်အကျယ် (၆) ပေ (၆) လက်မ၊ ဦးတော်လုံးပတ် (၆) ပေ။

**အနောက်ရန်ကာဘုရား**

ဉာဏ်တော် (၈)ပေ (၄)လက်မ (၂၅၄ စမ)၊ ပခုံးတော်စွန်းနှစ်ဖက်အကျယ် (၅) ပေ (၃) လက်မ၊ ဒူးစွန်းနှစ်ဖက်အကျယ် (၇) ပေ (၇) လက်မ၊ ဦးတော်လုံးပတ် (၆) ပေ (၈) လက်မခွဲ။

မြောက်ဦးမြို့သည် ရခိုင်ဒေသ၏ ရှေးဟောင်းမင်းနေမြို့ဖြစ်ပြီး မဟာမုနိအစဉ်အလာဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာအရပ် ဖြစ်ပါသည်။ ရှေးမင်းအစဉ်အဆက် တည်ထား ကိုးကွယ်ခဲ့သော စေတီ၊ ပုထိုးရုပ်ပွားတော်များလည်း လက်ညှိုးထိုးမလွဲအောင် တည်ရှိနေကြပါသည်။ အများစုမှာ အကြောင်းအမျိုးမျိုးကြောင့် ပြိုလဲပျက်စီး၊ ချုံနွယ်ပိတ်ပေါင်းများ လွှမ်းအုပ်လျက် အင်္ဂါရပ်အခြေအနေဆိုက်ရောက်လျက်ရှိနေကြပါသည်။ ထိုဘုရားပုထိုးများအား ထိန်းသိမ်းပြုပြင်ဖို့ အရေးတကြီး လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရှေးဟောင်းသုတေသနဌာနအနေဖြင့် အားလုံးကို လက်လှမ်းမမီနိုင်သည့် လတ်တလောအခြေအနေတွင် ထိုဘုရားပုထိုးများအား ချုံနွယ်များ ရှင်းလင်းပြီး ကား၊ သုံးဘီးဆိုင်ကယ်၊ မြင်းလှည်းတို့ သွားလာနိုင်သော သာမန်ကျောက်ခင်းလမ်းငယ်တစ်ခု ဖောက်လုပ်ပေးနိုင်ပါက ခရီးသွားရာသီအတွင်း ပြည်တွင်းဘုရားဖူးပရိသတ်နှင့် နိုင်ငံခြားကမ္ဘာလှည့်ခရီးသည်တို့ စိတ်ဝင်စားလှည့်လည် ကြည့်ရှု ဖူးမြော်နိုင်သည့် သဘာဝယဉ်ကျေးမှုပြတိုက်ငယ်များ ဖြစ်လာနိုင်သည်ဟု ယူဆထင်မြင်မိပါသည်။

မောင်ကျော်ဇေ


www.burmeseclassic.com

www.burmeseclassic.com

ညီတော်၊နောင်တော်ဘုရားပလ္လင်မှ ၈

# ရွှေဟောင်းရခိုင်ရိုးရာစိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများ

ပန်းချီထူးလှ(ရွှေဟောင်းသုတေသန)



## တူစုံမောင်နှံပျော်ပါးဟန်

ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်အောက်ပိုင်းမှ တူစုံမောင်နှံ ပျော်ပါးဟန် ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၅) အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၅၅) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။


ပုံ (၅၅) ဒီဇိုင်းလက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွမှာ အမြင့် (၂၀) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု ၁၃ စင်တီမီတာခန့်ရှိပါသည်။ ပုံ (၅၅) ဒီဇိုင်းလက်ရာ၏ အလယ်တွင် လည်ချင်းဆက်၍ တူစုံမောင်နှံဖက်ကာ ပျော်ပါးနေကြသည်ကို တွေ့ရှိရပါသည်။ နှစ်ရုပ်စလုံးတွင် အဝတ်အစားများ ပီပီပြင်ပြင် မူရင်းရုပ်ကြွ၌ မတွေ့ရှိနိုင်တော့ပေ။ နှစ်ရုပ်စလုံးတွင် ဆံထုံး၊ နားတောင်းများကို တွေ့ရှိရသည်။ ရင်ဘတ်တွင် ပုဆိုးပိုင်း(တဘက်) တစ်ခုကိုလွှားထား၏။ခန္ဓာကိုယ်အောက်ပိုင်းတွင် ထဘီ (လုံချည်) ပုဆိုးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မိန်းမလုံချည်မှာ အချောတွေ့ရှိရပြီး ယောကျ်ားပုဆိုးမှာ အစင်းကြောင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တူစုံမောင်နှံပျော်ပါးဟန်ရုပ်ကို ထက်-အောက်၊ဝဲ-ယာ၌ သဇင်ပန်းခွေများဖြင့် အားဖြည့် အသုံးပြုသည်မှာ ရွှေခေတ် ရခိုင်ရိုးရာဟန်တစ်မျိုးဟုပင် ယူဆရပါသည်။

သဇင်ပန်းခွေများ၏အောက်တွင် သုံးထပ်ပွင့်ဖတ်ကြီးများဖြင့် စီတန်း၍ အလှဆင်ထားပါသည်။ ပုံ (၅၅) ဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော် ကျောက်ဆစ်ပလ္လင်မှ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းများထဲတွင် ဖွဲ့စည်းပုံအားကောင်းသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

## ဂီ(ချေ)သားအမိ

ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင်အရှေ့ဘက်မျက်နှာ လက်ဝဲဘက် ခါးဆစ်အောက်ပိုင်းအောက်ဆင့်မှ ဂီ(ချေ)သားအမိ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပုံဆွဲပလ္လင်ပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက်(၅၆)အဖြစ်ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၅၆) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။

ပုံ (၅၆) ဒီဇိုင်းလက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်မှာ (၂၀) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၅၆) ဒီဇိုင်းလက်ရာတွင်လည်း အလယ်၌ ဂီ (ချေ) သားအမိကို တွေ့ရှိရပါသည်။ ဂီ (ချေ) သားငယ်မှာ အမြီးထောင်၍ နောက်ခြေနှစ်ချောင်းကိုရှေ့နောက်ထားပြီး ကျားကန်ကာ ရှေ့ခြေနှစ်ချောင်းကို ရှေ့၊ နောက်ထား၍ ကွေးကာ အားပြု နို့စို့နေသည့်ဟန်မှာ




ပုံ (၅၅)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၅၆)

ချစ်စရာအလွန်ကောင်းပါသည်။ မိခင်ဂျီ(ချေ)မကြီးမှာလည်း လည်ပင်းလှည့်၍ သားငယ်ကို မိဘမေတ္တာစီးကျနေဟန်ကို တွေ့ရှိရပါသည်။ မိခင်ဂျီ(ချေ)မကြီးမှာ အမြီးကို အောက်သို့ ချထားပြီး ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းမှာ စုံရပ်ထားသည်ကို တွေ့ရှိရပါသည်။

မိခင်ဂျီ(ချေ)မကြီး၏ ညာဘက်လက်အနီးမှ သဇင်ခက်ဖြာထွက်ကာ ကျောကုန်းကိုအုပ်၍မိုးထားပါသည်။ ဂျီ(ချေ)သားအမိအောက်တွင် ဖောင်းပြားတစ်ပြားခံ၍ ဖောင်းပြားအောက်တွင် နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညပ်ပွင့်ဖတ်ငယ်များဖြင့် အစီအရီတန်ဆာဆင် အားဖြည့်ထားပါသည်။ ဤပုံ (၅၆) ဒီဇိုင်းလက်ရာသည် ညီတော်၊ နောင်တော်ဘုရားကျောက်ပလ္လင်မှကူးယူရေးဆွဲထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရဒီဇိုင်းလက်ရာများထဲတွင် မိဘနှင့် သားသမီးမေတ္တာကို သရုပ်ဖော်ထားသော ထူးခြားသည့် ဒီဇိုင်းလက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

## ကြာဖူးကိုင်မိန်းမရုပ်

ဤဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင် အရှေ့ဘက်မျက်နှာ လက်ယာဘက်ခြမ်းအပေါ်ဆုံးမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင် ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၇) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၅၇) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။

ပုံ (၅၇) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၄) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအမြင့် (၄) စင်တီမီတာခန့်ရှိပါသည်။ ပုံ (၅၇) ဒီဇိုင်းလက်ရာ ကြာဖူးကိုင်မိန်းမရုပ်ကြွသည် မူရင်းကျောက်ဆစ်လက်ရာတွင် ဦးခေါင်းမပါရှိပေ။ ဘယ်ဘက်လက် တံတောင်ဆစ်မှအပေါ်ပိုင်းလည်း မပါရှိပေ။ ညာဘက်လက်တွင်ကိုင်ထားသော ကြာဖူးအဖျားလည်း ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ တဘက်(ပုဆိုးပိုင်း)ကို ရင်ဘတ်တွင် ကြက်ခြေခတ်သိုင်းထားပြီး တဘက်စအစွန်းနှစ်စ စလုံးကို ညာဘက်တွင် ထက်၊ အောက်ကား၍ ချထားပါသည်။ တဘက်ကို အစင်းကြောင်းကလေးများ၊ ပွင့်ဖတ်များ၊ အတွန့်များဖြင့် အလှဆင်ထားပါသည်။ ညာဘက်လက်တွင်လည်း လက်ကောက်ကြီးတစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။



ပုံ (၅၇)


ဤမိန်းမရုပ်ထိုင်နေသည့်အနေအထားမှာ ဘယ်ဘက်သို့ ဒူးတုပ်၍ ပုဆစ်တုပ်ချိုးထိုင်နေသည့်ဟန်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းတွင် ဝတ်ဆင်ထားသည် ထဘီ(လုံချည်)တွင် အရစ်ရစ်အစင်းကြောင်းများ၊ ခပ်စောင်းစောင်းအစင်းကြောင်းများ၊ လေးထောင့်ကွက်များ၊ ရာဇမတ်ကွက်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၅၇) ဒီဇိုင်းလက်ရာ မိန်းမရုပ်၏ ထဘီနှင့် တဘက်ဝတ်ဆင်ထားမှု ဒီဇိုင်းလက်ရာ အနုစိတ်လှသည့် လက်ရာတစ်ခုပင်ဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။

## ကျားအထက်မှကြာဖူးကိုင်ရုပ်

ဤဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ဘုရားပလ္လင်အရှေ့ဘက်၊ လက်ယာဘက် ကျောက်ပလ္လင်ခါးဆစ်အောက်ပိုင်းမှ ကျားအထက်မှ ကြာဖူးကိုင် ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၈) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ ဒီဇိုင်းများထဲတွင်လည်း ပုံ(၅၈)အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။

ပုံ (၅၈) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၃၈) စင်တီမီတာခန့်၊ အကျယ် (၁၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇) စင်တီမီတာခန့်

ပုံ (၅၈)





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ပုံ (၅၈) ဒီဇိုင်းလက်ရာ ကြာဖူးကိုင် ယောကျ်ားရုပ်မှာ ဖောင်းတော်ပါရှိပြီး ဖောင်းတော်အပေါ် ချွန်း၍ ဖောင်းတော်အောက်ပိုင်းတွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင်ကိုင်ဆောင်ထားသော ကြာဖူးနှစ်ဖူးအဖျားမှာ ကျိုးပဲ့သွားပေပြီ။ ခါးတွင် ခါးပတ်ကြိုးသုံးဆင့်တွေ့ရှိရပါသည်။ ခါးပတ်ကြိုးအပေါ်မှ ကွမြွေကာကို ရှေ့တွင် အပြားလိုက်ချထားပါသည်။ ဒူးနှစ်ချောင်းကို ဘေးသို့ကားထုတ်၍ ပေါင်ကားထိုင်နေပါသည်။ ပုဆိုးကို အရစ်ရစ်အရစ်ရစ် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

ကြာဖူးကိုင်ယောကျ်ားရုပ်အောက်တွင် ကျားလိုလိုအကောင်တစ်ကောင်တွေ့ရှိရပါသည်။ နားရွက်နှစ်ဖက်ထောင်၍ သွားဖြဲထားပါသည်။ မုတ်ဆိတ်မွေးလည်း ရှည်လျားစွာ ရင်ညွန့်အထိချထားပါသည်။ မျက်လုံးနှစ်လုံးမှာ ပေါ်လွင်ထင်ရှားလှပါသည်။ လက်နှစ်ချောင်းကို ရှေ့တွင် လူလက်ကဲ့သို့ ထောင်ထားပါသည်။ ဤပုံ (၅၈) ဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော် ဘုရားပလ္လင်မှ ရှေးခေတ်ရခိုင်ရိုးရာစိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် လက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

**ကလေးပွေ့ချီထားသောမိခင်**

ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင် အရှေ့ဘက်မျက်နှာ လက်ယာဘက် ခါးဆစ်အောက်ဆင့်မှ ကလေးပွေ့ချီထားသောမိခင်ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ တော်၊ နောင်တော်ပလ္လင် ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲသော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၉) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၅၉) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။

ပုံ (၅၉) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ် (၁၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မိခင်ရုပ်မျက်နှာပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပါးစပ်တစ်ခုသာကျန်




ပုံ (၅၉)

ရှိပါတော့သည်။ ဆံထုံးဖွဲ့စည်းပုံမှာ ဆံထုံးကို ဘယ်ဘက်တွင်ချ၍ ထုံးထားပြီး အဆင့်သုံးဆင့်ဖြင့်ထုံးထားသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင်လည်း နားတောင်းဝန်းကြီးများကို ပန်ဆင်ဝတ်ဆင်ထားပါသည်။ တဘက်ကိုလည်း ကုပ်တွင် တင်ထားပြီး တဘက်စအဖျားနှစ်ဖက်ကို တောင်ပံလို အပေါ်သို့ ဖြန့်၍ထောင်ထားပါသည်။ တဘက်ကို အစင်းကြောင်းကလေးများ၊ ပွင့်ဖတ်ကလေးများဖြင့် အလှဆင်ထားပါသည်။ လည်ပင်းတွင်လည်း အရစ်သုံးရစ်ဖော်ပြထားပါသည်။ နို့နှစ်ဖက်လည်း ပေါ်လွင်လှပါ၏။ လက်နှစ်ဖက်က ကလေးကို ပွေ့ချီထားပါသည်။ ကလေးမှာ နို့စို့နေစဉ် နို့ကိုဖြုတ်ပြီး လူကိုကြည့်နေဟန်တွေ့ရှိရပါသည်။ ကလေးများ ဘယ်ဘက်လက်ကို ဦးခေါင်းတွင် တင်ထားပါသည်။ ညာဘက်လက်ကို ဘယ်ဘက်နို့ရင်းတွင် တင်ထားပါသည်။ မိခင်လက်နှစ်ဖက်စလုံးတွင် လက်ကောက်ကြီးတစ်ဖက်တစ်ကွင်းကိုဝတ်ဆင်ထားပါသည်။ မိခင်မှာ ဒူးတုပ်၍ ပုဆစ်တုပ်ထိုင်နေပါသည်။ ထဘီ (လုံချည်) မှာ ရာဇမတ်အကွက်သဏ္ဌာန် အလှဆင်ထားပါသည်။ ဤပုံ (၅၉)ဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တောင်ဘုရားပလ္လင်မှ ရခိုင်စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် မိခင်နှင့်ကလေးပွေ့ချီထားသည့် ထူးခြားသောဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်သည်။

**တုတ်ကိုင်၍ဟန်ရေးပြနေဟန်ကိန္နရာ**

ဤကိန္နရာရုပ်မှာ ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင်အရှေ့ဘက်မျက်နှာ လက်ယာဘက် အောက်ဆုံးမှ ကိန္နရာကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၆၀) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၆၀) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။

ပုံ (၆၀) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ် (၂၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆) စင်တီမီတာခန့်ရှိပါသည်။မူရင်းကျောက်ဆစ်ရုပ်ကြွတွင် အဝတ်တန်ဆာအရေးအကြောင်းများလည်း ပျက်စီးနေပါ၏။ ကိန္နရာမှာ ဖောင်းတော်၊ နားတောင်းဝန်းများ ဝတ်ဆင်ထားပြီး တုတ်ခွရှည်တစ်ချောင်းကို လက်နှစ်ဖက်ကား၍ ကိုင်ဆောင်ထားပါသည်။ ခါးတွင် ခါးပတ်တစ်ပတ်ပတ်ထားပြီး ခါးပတ်အောက်ရှေ့တွင် ကွမြွေကာအပြားကြီးကို အဖျားခပ်ချွန်ချွန်ဖြင့်ချထားပါသည်။ ကွမြွေကာအပြားကြီးကို ပွင့်ဖတ်ကြီးရှည်သဏ္ဌာန် တွေ့ရှိရပြီး အထပ်ထပ် သူ့ပွင့်ဖတ်အတိုင်း အလှဆင်ထားပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းတွင် တောင်ပံလေးခုနှင့် အမြီးရှည်နှစ်ခုဖြင့် တွေ့ရှိရပါသည်။ တောင်ပံနှင့်အမြီးများတွင် အမွေးမှင်များအဖြစ် အရေးအကြောင်းများဖြင့် အလှဆင်ထားပါသည်။ ခြေထောက်နှစ်ချောင်းမှာ ငှက်ခြေထောက်ကဲ့သို့ တွေ့ရှိရပြီး



ပုံ (၆၀)



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်အပေါ်ပိုင်း လူသဏ္ဍာန်၊ အောက်ပိုင်း ငှက်သဏ္ဍာန် ဖန်တီး ဖွဲ့စည်းထားသော ကိန္နရာရုပ်တစ်ရုပ်ပင် ဖြစ်ပါသည်။ ပုံ(၆၀)ဒီဇိုင်းလက်ရာသည်လည်း ညီတော်၊နောင်တော်ဘုရားပလ္လင်မှ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာများဒီဇိုင်းထဲတွင် ထူးခြားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

**သဇင်ခွေထဲမှချစ်စရာကိန္နရာရုပ်ကလေး**

ဤဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ကျောက်ဆစ်ပလ္လင် အရှေ့ဘက်မျက်နှာ ခါးအောက်ဆင့် လက်ယာဘက်ခြမ်း ကျောက်ဆစ်ရုပ်ကြွကိုကူးယူရေးဆွဲထားသော ချစ်စရာပုတုတု ကိန္နရာရုပ်ကလေးဒီဇိုင်းလက်ရာတစ်ရုပ်ပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ကိန္နရာဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက်(၆၁)အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၆၁) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။

ပုံ (၆၁) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့်မှာ (၁၆) စင်တီမီတာခန့်၊ အကျယ် (၃၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ ၁½ စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာအနည်းငယ်ပျက်စီးစပြုနေပေပြီ။ ဤကိန္နရာရုပ်တွင် ဖောင်းတော်ပေါင်းထားပြီး နားတောင်းဝန်းကြီးလည်း ပန်ဆင်ထားပါသည်။ ဦးခေါင်းတစ်လုံးသာ လူကဲ့သို့ တွေ့ရှိရပြီး ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ငှက်ကဲ့သို့ ဖန်တီးထားသည်ကိုတွေ့ရှိရပါသည်။ ခပ်ကော့ကော့တောင်ပံကြီးအောက်တွင် အဆင့်ဆင့်တောင်ပံငယ်ရှည်သုံးခုကိုလည်းတွေ့ရှိရပါသည်။ အမြီးကို ငှက်ပျောရွက်သဏ္ဍာန် ဖန်တီးထားပါ၏။ ခြေထောက်မှာ ငှက်ခြေထောက်သဏ္ဍာန် ဖန်တီးထားပါသည်။ကိန္နရာကိုယ်လုံးမှာ ကြက်၊ ငှက်ကိုယ်လုံးသဏ္ဍာန်တွေ့ရှိရပါသည်။ ကိန္နရာတစ်ကိုယ်လုံးကို ခြုံကြည့်လိုက်လျှင် ချစ်စရာကောင်းသော ကိန္နရာရုပ်ကလေးတစ်ရုပ်အဖြစ် ခံစားမိပါသည်။ ကိန္နရာရုပ်ကလေးကို သဇင်ခွေပန်းခက်ဖြင့် ပတ်ခွေထားပါ၏။ ဤပုံ (၆၁) ဒီဇိုင်းလက်ရာသည် ညီတော်၊ နောင်တော်ဘုရားကျောက်ပလ္လင်မှ ရှေးခေတ် ရခိုင် ရိုးရာစိတ္တလက်ာရ အနုပညာလက်ရာများဒီဇိုင်းထဲတွင် ချစ်စရာကောင်းသော ကိန္နရာရုပ်ကလေးတစ်ရုပ်ပင် ဖြစ်ပါသည်။



ပုံ (၆၁)

**ပန်းခွေထဲတွင်ကစားနေသောလူ**

ဤဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင်အရှေ့ဘက် လက်ယာဘက်ခြမ်းအပေါ်မှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၆၂) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၆၂) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။

ပုံ (၆၂) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့်မှာ (၁၇) စင်တီမီတာခန့်၊ အကျယ် (၂၁) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁½) စင်တီမီတာခန့် ရှိပါသည်။ ဒီဇိုင်းလက်ရာ၏ အပေါ်ဆုံးတွင် သုံးထပ်ပွင့်ဖတ်နှင့်ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီတန်ဆာဆင်ထားပါသည်။ ပွင့်ဖတ်များအောက်တွင် ဖောင်းပြားတစ်ဆင့်ခံထားပါသည်။ ဖောင်းပြားအောက်တွင် ပန်းခွေထဲ၌ လူတစ်ယောက်ကစားနေသည့်ဟန်တွေ့ရှိရပါသည်။ ထိုလူမှာ ဖောင်းတော်ကို အရစ်ရစ်အဆင့်ဆင့်ဖော်၍ ဆောင်းထားပါသည်။ မျက်နှာကို ဘယ်ဘက်သို့စောင်းထားပါသည်။ လက်နှစ်ဖက်ကို ဘေးသို့ကား၍ ဘယ်ဖက်ဘက်လက်က သဇင်ခွေအရိုးအရင်းကို ကိုင်၍ ညာဘက်လက် တံတောင်ဆစ်ကိုကုပ်ကာ သဇင်ခွေအဖျားရိုးကို ကိုင်ထားပါသည်။ ခါးတွင် ခါးပတ်တစ်ပတ်ပတ်ထားပြီး ခါးပတ်ပေါ်မှ ဣန္ဒြေကာကို ပေါင်နှစ်ချောင်းကြား ရှေ့တွင် အပြားလိုက်ချထားပါသည်။ ပေါင်နှစ်ချောင်းကိုကား၍ ဒူးဆစ်ထိ ပုဆိုးကို ခါးတောင်းကျိုက်၍ ဝတ်ဆင်ထားပါသည်။ ဘယ်




ပုံ (၆၂)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၆၃)

ဘက်ခြေထောက်က သဇင်ခွေရိုးကို ဒူး ကုပ်၍ ခြေထောက်ဖြင့် ချိတ်ထားပါ သည်။ ညာဘက်ခြေထောက်မှာ ခြေ ဖျားထောင်၍ ခြေဖျားကို သဇင်ပွင့်လိပ် ကြားထဲထည့်ထားပါသည်။ ဒူးဆစ်မှာ အပေါ်သို့ ခပ်ကွကွလေး ထောင်ထားပါ ၏။ လူရုပ်မှာ သဇင်ခွေရှေ့ခွေ၊ နောက် ခွေကို ခုန်ကူးကစားနေဟန်တွေ့ရှိရပါ သည်။

ဤပုံ (၆၂) ဒီဇိုင်းလက်ရာသည် လည်း ညီတော်၊ နောင်တော်ကျောက် ဆစ်ပလ္လင်မှ ကူးယူထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းများထဲတွင် အနုစိတ်လက်ရာ မြောက်သော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

**ပန်းအိမ်နှင့်ရစ်ကြက်ကလေး**

ဤဒီဇိုင်းလက်ရာမှာလည်း ပလ္လင် အရှေ့ဘက်အပေါ်ပိုင်း လက်ယာဘက် ခြမ်းအဆုံးမှ ကျောက်ဆစ်ရုပ်ကြွကို ကူး ယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ် ခုပင် ဖြစ်သည်။ ညီတော်၊ နောင်တော် ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒီဇိုင်းကူးယူ ရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလ နေရာကို အကွက် (၆၃) အဖြစ် ဖော်ပြ ထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တ လက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် လည်း ပုံ (၆၃) အဖြစ် သတ်မှတ် ဖော်ပြ ထားပါသည်။

ပုံ (၆၃) ဒီဇိုင်းလက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်မှာ (၁၇) စင်တီမီတာခန့်၊ အကျယ် (၃၆) စင်တီမီ တာခန့်နှင့် ရုပ်ကြွအထူ (၁½) စင်တီမီ တာခန့်ရှိပါသည်။ ဤဒီဇိုင်းလက်ရာ၏ အပေါ်ဆုံးတွင် သုံးထပ်ပွင့်ဖတ်ကြီးများ နှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် အစီ အရီ စီတန်းအလှဆင်ထားပါသည်။ ပွင့် ဖတ်များအောက်တွင် ဖောင်းပြားတစ် ပြားခံထားပါ၏။ ဖောင်းပြားအောက် တွင် လက်ဝဲဘက်၌ ပန်းအိမ်ကို တွေ့ရှိရ ပြီး လက်ယာဘက်၌ သဇင်ခွေရိုးအဖျား ကို ကိုက်ထားသော ရစ်ကြက်ကလေးကို တွေ့ရှိရပါသည်။

ညောင်ရွက်သဏ္ဌာန် အတွန့်ပါ သောပန်းအိမ်ထဲတွင် အောက်၌ ပန်းပွင့် ငယ်တစ်ပွင့်ခံထားပြီး ပန်းပွင့်ငယ်အပေါ် ပိုင်းတွင် လုံချွန်သဏ္ဌာန်သုံးထပ်ပွင့်ဖတ် ရှည်တစ်ခုကို တွေ့ရှိရပါသည်။ ပန်းပွင့် ငယ်နှင့် သုံးထပ်ပွင့်ဖတ်ရှည်ကို မဏ္ဍိုင် ထား၍ လက်ဝဲ၊ လက်ယာတွင် ပန်းလိပ် တစ်ဖက်ငါးလိပ်စီဖြင့် အလှဆင်ထားပါ သည်။ ပန်းလိပ်များအပြင်ဘက်တွင် ဖောင်းနှစ်ဆင့်ဖြင့် ညောင်ရွက်သဏ္ဌာန် အတွန့်များဖြင့်အနားသတ်ထားပါသည်။ ပန်းအိမ်အပြင်ဘက် လက်ဝဲ၊ လက်ယာ တွင်လည်း ပန်းခက်များဖြင့် အလှဆင် ထားပါသည်။ လက်ဝဲဘက်တွင် သဇင် ခက်အရှည်ကြီးတစ်ခက်ကို ရစ်ကြက်နှင့် ရော၍အလှဆင်ထားပါသည်။ ရစ်ကြက် မှာ အမြီးရှည်လျားပြီး ခြေထောက်ကို ရှေ့၊ နောက်လှမ်းကာ သဇင်ခက်အဖျား ကို နှုတ်သီးဖြင့် ကိုက်ချီထားပါသည်။ ဤပုံ (၆၃) ဒီဇိုင်းလက်ရာ ပန်းအိမ်နှင့် ရစ်ကြက်ကလေးမှာလည်း ညီတော်၊ နောင်တော်ကျောက်ဆစ်ပလ္လင်မှ ကူးယူ ထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တ လက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် ထူးခြားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ် ပါသည်။ အနုစိတ်လှသော လက်ရာတစ် ခုလည်း ဖြစ်ပါ၏။ အထက်ဖော်ပြပါ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများမှာ အေဒီ ၁၅ ရာစုမှ လက်ရာများပင် ဖြစ်ပါသည်။ ညီတော်၊နောင်တော်ကျောက်ဆစ်ပလ္လင် မှ မပျက်စီးဘဲ ကျန်ရှိနေသော ကောင်း နိုးရာရာလက်ရာများကို အခြေခံ၍ ရှေး ခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနု လက်ရာဒီဇိုင်း ယဉ်ကျေးမှုအမွေအနှစ် များတန်ဖိုးမြင့်မားလာစေနိုင်ရန်အတွက် ခေတ်နှင့်အညီ ဖန်တီးတီထွင်နိုင်ကြပါ စေဟု ဆန္ဒပြုရင်း ရေးသား ဖော်ထုတ် လိုက်ရပါသည်။

အနန္တောအနန္တငါးပါးကို
ထာဝရ ဦးထိပ်ပန်ဆင်
ကန်တော့လျက်

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**မှီငြမ်းချက် -**

(၁) ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
(၂) ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင်ပေါ်မှ ဖော်ပြပါ ကျောက်ဆစ်လက်ရာများ
(၃) ပန်းချီထူးလှ (ရှေးဟောင်း သုတေသန)၏ ရှေးခေတ်အချစ် သစ္စာရှင်ရုပ်ပုံလွှာများ (၁)၊ အမှတ် (၃၀)၊ သိဒ္ဓိမိုးမဂ္ဂဇင်း
(၄) ရမ်းဗြဲတောင်ကျောင်း ဆရာ တော် ဦးစန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း
(၅) မြောက်ဦး ရှေးဟောင်း သုတေ သန အမျိုးသားပြတိုက်နှင့် စာ ကြည့်တိုက်ဦးစီးဌာနမှ မြောက် ဦးဒေသ ရှေးဟောင်းအဆောက် အအုံမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်ခေါ်အင်း

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ဤလာဘ်ခေါ်အင်းသည် စီးပွားရေးနှင့် ပတ်သက်သော လုပ်ငန်းအမျိုးမျိုး၊ ဥပမာ လုပ်ငန်းအသေးမှအစ အကြီးအကျယ်လုပ်ငန်းကြီးများကို လုပ်ကိုင်နေကြသောလုပ်ငန်းရှင်များ၊ ခုနစ်နေ့သားသမီးများအဖို့ စီးပွားလာဘ်လာဘများ ကြီးပွား တိုးတက် အောင်မြင်ကြစေရန် ကောင်းမြတ်သည့် မနသီကာရစိတ်ရည်သန်၍ လာဘ်ခေါ်အင်းကို မျှဝေလိုက်ပါသည်။

လာဘ်ခေါ်အင်းတွင်ထည့်သွင်းရန် အင်းဆန်ဂဏန်းများမှာ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မမူမီက သံသရာဘဝအဆက်ဆက်ကျင်လည်ခဲ့ရသော ဘဝဖြစ်တော်ပေါင်းများကို ညွှတ်ပျောင်းရိုကျိုး ရှိခိုးပူဇော်နိုင်ရန် ရှေးပညာရှိဆရာတော်ကြီးများက အင်းချ၍ စီရင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

**မြတ်ဘုရားရှင်၏ ဘဝဖြစ်တော်ပေါင်း တစ်ရာသုံးဆယ့်ခြောက်**

အစကြိုးကြာ ဆယ့်ခြောက်ခါ၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကား ခို၊ ကျေးညိုသုံးခါ၊ သံသာကျူးဟိတ် ကရဝိက်ငါး၊ လေးပါး ကိန္နရီ၊ စာမရီ ဆယ့်ငါး၊ မျောက်ကား တစ်ဆယ်၊ ဆင်ဝယ် ဆယ့်တစ်၊ နွားဖြစ် လေးဆယ်၊ ဧကေး သိန္ဓဝ၊ ကျွဲအဋ္ဌနှင့် သံမြသာညောင်း ဥဒေါင်းနှစ်ခါ၊ သာလိကာ သတ္တ၊ ဒွါဒသကြက်၊ ဝက်ကား ဆယ့်သုံး၊ ပေါင်းရုံးများစွာ၊ **တစ်ရာသုံးဆယ့်ခြောက်** ဖြစ်ဝယ်၌ အန္တရာယ်တစ်စိ၊ ဘေးမရှိသည်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းကို ညွှတ်ပျောင်းတုပ်ကွ ပဏာမဖြင့် ကြည်စွသဒ္ဓါ ရှိခိုးပါ၏။

(၁)

| | | | | |
|---|---|---|---|---|
| စ | ၁ | ၁၂ | ၇ | တု |
| ၁၁ | ၆ | ဓ | ၂ | ၁၃ |
| ၁၆ | ဝ | နံ | ဂ | ၈ |
| ၅ | ၁၀ | ဗ | ၁၄ | ၃ |
| ဘံ | ၁၅ | ၄ | ၉ | လာ |

အင်းဆန်သွင်းရန်ဂဏန်းစဉ်

(၂) လာဘ်ခေါ်အင်း

| | | | | |
|---|---|---|---|---|
| စ | >6 | ∧ | >7 | တု |
| > | ϟ | ဓ | ζ | / |
| >ζ | ဝ | နံ | ဂ | >0 |
| 7 | >ϟ | ဗ | ∧ | 6 |
| ဘံ | >/ | ζ | >> | လာ |

အင်းဆန်သွင်းပြီး

**လာဘ်ခေါ်အင်းချရန်အညွှန်းလက်ာ**

စတုလာဘံ လေးထောင့်ရုံ စဓဗဝ အလယ်ချ၊ မဇ္ဈေအတွင်း နံကိုသွင်း၊ အစကြိုးကြာ မြင်းသွားကာ၊ မှန်စွာကွက်နင်း၊ လာဘ်ရခြင်း။

( စတုလာဘံ လေးထောင့်ရုံ )
↓

| | | | | |
|---|---|---|---|---|
| စ | | | | တု |
| | | | | |
| | | | | |
| | | | | |
| ဘံ | | | | လာ |

ထောင့်လေးထောင့်တွင်
စတုလာဘံရေးသွင်းပါ

( စဓဗဝ အလယ်ချ )
↓

| | | | | |
|---|---|---|---|---|
| | | | | |
| | | ဓ | | |
| | ဝ | | ဂ | |
| | | ဗ | | |
| | | | | |

အလယ်လေးကွက်မှာ
စဓဗဝ ရေးသွင်းပါ

( မဇ္ဈေအတွင်း...နံကိုသွင်း )
↓

| | | | | |
|---|---|---|---|---|
| | | | | |
| | | | | |
| | | နံ | | |
| | | | | |
| | | | | |

မဇ္ဈေအလယ်ကွက်တွင်
အင်းအသုံးပြုမည့်သူ၏
မွေးနေ့ဂဏန်းကို ထည့်သွင်းပါ

**မြတ်ဘုရားရှင်၏ဘဝဖြစ်တော် ပေါင်းများ**

၁။ ကြိုးကြာဘဝ (၁၃) ကြိမ်
၂။ ဟင်္သာဘဝ (၉) ကြိမ်
၃။ ခိုဘဝ (၆) ကြိမ်
၄။ ကျေးဘဝ (၃) ကြိမ်
၅။ ကရဝိက်ဘဝ (၅) ကြိမ်
၆။ ကိန္နရီဘဝ (၄) ကြိမ်
၇။ စာမရီဘဝ (၁၅) ကြိမ်
၈။ မျောက်မင်းဘဝ (၁၀) ကြိမ်
၉။ ဆင်မင်းဘဝ (၁၁) ကြိမ်
၁၀။ နွားမင်းဘဝ (၁၄) ကြိမ်
၁၁။ သိန္ဓဝမြင်းဘဝ (၁) ကြိမ်
၁၂။ ကျွဲမင်းဘဝ (၈) ကြိမ်
၁၃။ ဥဒေါင်းမင်းဘဝ (၂) ကြိမ်
၁၄။ သာလိကာဘဝ (၇) ကြိမ်
၁၅။ ကြက်မင်းဘဝ (၁၂) ကြိမ်
၁၆။ ဝက်မင်းဘဝ (၁၃) ကြိမ်

အထက်တွင် ဖော်ပြထားသော အင်းဆန်ဂဏန်းသွင်းရန် ဂဏန်းစဉ်အတိုင်း မြင်းသွားအင်းကွက်ကိုကြည့်၍ အင်းဆန်သွင်းပါ။ အလယ်ကွက်တွင် မိမိမွေးနံဂဏန်းကိုသွင်းပါ။

တနင်္ဂနွေဆိုလျှင် >
တနင်္လာသား /
အင်္ဂါသား ζ
ဗုဒ္ဓဟူးဆိုလျှင် ϟ
ကြာသာပတေး 7
သောကြာ 6
စနေ ∧


*လာဘ်မိုးများရွာဖြိုးကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



မဟာထီးဘုရားစေတီ



ကောလိယမင်း တည်ခဲ့သော ထီးဘုရား



ကောဃိယမင်း တည်ခဲ့သော
ဆုတောင်းပြည့်ဘုရား

ရခိုင်ဘုရင်ကောလိယမင်း လှူဒါန်းခဲ့သော

# အသဒိသအလှူတော်ကြီး

စောထွေးချွင်(မြောက်ဦး)

ရခိုင်သမိုင်း၌ အသဒိသဒါနပေးခဲ့သော ဘုရင်နှစ်ပါး တွေ့ရပေသည်။ ပထမဘုရင်မှာ လေးမြို့ခေတ် ဘုရင်ကောလိယဖြစ်ပြီး ဒုတိယဘုရင်မှာ မြောက်ဦးခေတ်ဘုရင် မင်းဖလောင်း ဖြစ်ပေသည်။

**အသဒိသအလှူ**

အသဒိသအလှူ ဆိုသည်မှာ လူဘကာတို့ တုပ၍မလှူနိုင်သော အလှူကြီးပင် ဖြစ်ပေသည်။ ဤအလှူကြီးမျိုးကို ဘုရားရှင်လက်ထက်တွင် တစ်ကြိမ်သာ ပေးလှူနိုင်သည်။ ဂေါတမမြတ်စွာဘုရားသခင်လက်ထက်တွင် ပသေနဒီကောသလမင်းကြီးတစ်ပါးသာ အသဒိသဒါနအလှူကြီးကို ပေးနိုင်ခဲ့သည်။

ဓမ္မပဒစာအုပ်တွင် မြတ်စွာဘုရားသခင်သည် နေရာဒေသအနှံ့ ဒေသစာရီကြွချီ၍ တရားရေအေးတိုက်ကျွေးရာမှ ပြန်လည်ကြွလာပြီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူခဲ့သည်။ ထိုအခါ ကောသလမင်းကြီးသည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ပြီး ဘုရားရှင်နှင့် သံဃာတော်အပေါင်းကို နန်းတော်သို့ ပင့်ဖိတ်ပြီး မွန်မြတ်သောဆွမ်းကို ကျွေးလေသည်။ ထိုဆွမ်းကျွေးပွဲသို့ မြို့သူမြို့သားများကိုလည်း ဖိတ်ခေါ်ပြီး ကြည့်ရှုစေခဲ့သည်။ နောက်တစ်နေ့တွင် မြို့သူမြို့သားများသည် ကောသလမင်းကြီးထက် သာလွန်သောအလှူကိုပေးပြီး ကောသလမင်းကြီးအားလည်း လာရောက် ကြည့်ရှုရန် ဖိတ်ကြားလေသည်။ မင်းကြီးနှင့် မြို့သူမြို့သားများ အလှူပြိုင်ကြရာ ခြောက်ကြိမ်မြောက်သော အလှူပွဲမှာ မြို့သူမြို့သားများက သူတစ်ပါးမယှဉ်သာအောင် အလှူကြီးပေးခဲ့သည်။ ကောသလမင်းကြီးသည် ထိုအလှူကို မြင်ရသောအခါ အလွန်အံ့ဩမိလေသည်။ထိုအလှူထက် သာလွန်သော အလှူကို မိမိပေးနိုင်မည် မဟုတ်၍ စိတ်ညစ်သဖြင့် သလွန်ပေါ်တွင် လဲလျောင်း၍ အကြံခက်နေလေသည်။

ဤသည်ကိုမြင်တွေ့သော မိဖုရားကြီး မလ္လိကာသည် ကောသလမင်းကြီးအား အလှူအတွက် အကြံပေးလေသည်။ မင်းကြီးက လက်ခံ၍ အလှူတော်အတွက် ဤသို့ စီစဉ်လေသည်။

ရှေးဦးစွာ ကောသလမင်းကြီး၏ နန်းတော်အတွင်း၌ သာလကလျာဏီမည်သော ပျဉ်ချပ်တို့ဖြင့် ရဟန်းငါးရာအတွက် မဏ္ဍပ်ကြီးဆောက်လုပ်ရသည်။ ဆင်၊ မြင်း ငါးရာတို့သည် ထီးဖြူငါးရာတို့ကို နှာမောင်းဖြင့် ကိုင်ကာ အဆင်သင့်ရှိနေစေ၏။ ဘုရားရှင်နှင့် ရဟန်း



ဆောထီးဘုရားမှ ကျောက်ထီးတော်အစိတ်အပိုင်းတချို့နှင့် လက်မောင်းတော်အပိုင်းအပြတ်



www.burmeseclassic.com

www.burmeseclassic.com




ကောလိယမင်း၏ ဦးတော်ဆောက်န်



ဦးတော်ဆောက်န်အောက်ခြေရှိ ရွှံ့ညွန်များ မပယ်ရအောင် ကာကွယ်ပေးသော ကျောက်ပြားကြီးများ



မဟာထီးသိမ်တော်အား အဝေးမှမြင်ရပုံ



လောင်းကြက်တောင်ပေါ်ရှိ ကောလိယမင်း ရေးထိုးခဲ့သော ကျောက်စာ

များ ကြွလာသောအခါ ဘုရင်ကြီးကိုယ်တိုင် ခရီးဦးကြိုပြုပြီး ဆင်များက ထီးဖြူမိုးကာ အသင့်ရှိသော ပလ္လင်ပေါ်သို့ ပင့်ဆောင်ကြရသည်။မဏ္ဍပ်အတွင်း၌ ရွှေနီ ပုစွန်ခွံအုပ်ထားသော လှေဆယ်စင်းတို့ကို ထားရှိစေ၏။ ရဟန်းနှစ်ပါးအကြားတွင် မင်းသမီးတစ်ယောက်စီက နံ့သာသွေး၍ မင်းသမီးတစ်ယောက်က ယပ်ခတ်၍ ပူဇော်နေရ၏။ အချို့မင်းသမီးတို့က သွေးပြီးသော နံ့သာကို ရွှေလှေ့ထဲသို့ လောင်းထည့်ပေးရသည်။ ဤသို့စီရင်ပြီးမှ ဘုရားနှင့် သံဃာတော်များကို မြင့်မြတ်သော ဆွမ်းဘောဇဉ်များ ဆက်ကပ်ပေးလေသည်။ ဆွမ်းကျွေးပြီးသောအခါ ကောသလမင်းကြီးက ဘုရားရှင်အား အလှူမဏ္ဍပ်၌ရှိသော ပစ္စည်းဥစ္စာအားလုံးကို လှူဒါန်းလေသည်။ ဤသို့ မြို့သူမြို့သားများလုပ်၍မရနိုင်သော အလှူဖြစ်သဖြင့် ထိုအလှူမျိုးကို အသဒိသအလှူဟု ခေါ်သည်။

ထိုအလှူပေးရာတွင် ငွေကြေးတစ်ဆယ့်လေးကုဋေကုန်ကျ၏။ ဘုရားရှင်အတွက် ထီးဖြူတော်၊ ထိုင်တော်မူရာပလ္လင်တော်၊ သပိတ်ခြေနှင့် ခြေဆေးအင်ပျဉ်တို့သည်ကား အဖိုးမဖြတ်နိုင်အောင်ရှိ၏ဟု ဖော်ပြထားလေ၏။

လေးမြို့ခေတ် ပုရိမ်မြို့တော်၌ စိုးစံခဲ့သော ကောလိယမင်းအကြောင်းကို ရခိုင်ရာဇဝင်၌ ဤသို့ ဖော်ပြထားလေသည်။

သကျဝင်ငယ်မင်းလွန်သော် သားတော်ကောလိယမင်းသည် မိဖုရား ကုမ္မာရီနှင့် သက္ကရာဇ် ၄၈၀ ပြည့်နှစ်တွင် ထီးနန်းစည်းစိမ်ကို အုပ်စိုးတော်မူလေ၏။ ထိုကောလိယမင်း၌ ဆင်၊ မြင်း၊ ရဲမက်ဗိုလ်ပါ၊ လှေ၊ တပ်၊ လက်နက်ကိရိယာတို့သည် အလွန်များပြားလှသောကြောင့် အရပ်ရှစ်မျက်နှာမှ ခပ်သိမ်းသော ရန်သူတို့သည် တော်လှန်နိုင်ခြင်းငှာ မဝံ့၍ ထိုထိုသော ပြည်ထောင်မင်းတို့သည် အခွန်ဘဏ္ဍာဆက်သလာ၏။

ရခိုင်ဘုရင် ပုရိမ်မြို့ရှင် ကောလိယမင်းသည် လူတကာတို့ မလှူနိုင်သော အသဒိသအလှူကြီးကို နတ်ရွာမစံမီ၌ မေးလှူဒါန်းခဲ့သည်။ ဤအကြောင်းကို ယခု လောင်းကြက်တောင်ရှိ သဘာဝကျောက်ဆောင်ပေါ်၌ ကမ္ပည်းကျောက်စာ ရေးထိုးခဲ့သည်။ ထိုကျောက်စာမှာ တောင်ဘက် ပေတစ်ရာခန့်အကွာရှိ ကျောက်စွန်းပေါ်တွင် သက္ကရာဇ် ၄၈၀ ဟူ၍ တွေ့ရှိရသည်။ ထိုနှစ်တွင်ကောလိ



www.burmeseclassic.com

www.burmeseclassic.com

လိယမင်း နတ်ရွာစံခဲ့သည်။ ထို့ကြောင့် ဘုရင် မကွယ်လွန်မီ အသဒိသဒါနကို လှူဒါန်းခဲ့သည်ဟု မှန်းဆရပေသည်။

**ကျောက်စာသာဓက**

ဘုရင်ကြီးသည် ပြိုပျက်နေသော စေတီပုထိုးများ၊ ဘုရားရုပ်တုများ၊ ကျောင်းများကို ပြုပြင်ခဲ့သည်။ ထိုခေတ်တွင်ရှိသော အသုံးအဆောင်ပစ္စည်း တစ်ခုမျှ အကြွင်းရအောင် အလှူပေးခဲ့ကြောင်း ကျောက်စာက သာဓကထူနေပေသည်။ ကျောက်စာအရေးအသားက လေးမြို့ခေတ်သုံး ရက္ခဝဏ္ဏအက္ခရာဖြစ်ပြီး ကျောက်စာတစ်ကြောင်းစီ၊ ဝါကျတစ်ခုစီ ရေးထိုးထားသည်။ အသဒိသဒါနကို ရေးထိုးထားသော ဩဘာစာဖြစ်လေသည်။

ဥပမာ -

ဆင်တ - (တစ်) ခုမကြွင်း ငါလှူ၏။ ငါနှင့်တူသူလူတွင်မဟိ (ရှိ)။

မြင်းတ - (တစ်) ခုမကြွင်း ငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

ပလ္လင်တ - (တစ်) ခုမကြွင်း ငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

သပိတ်တ - (တစ်) ခု မကြွင်းငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

သန်လျက်တ - (တစ်) ခု မကြွင်း ငါလှူ၏။ ငါနှင့်တူသူလူတွင်မဟိ (ရှိ)။

လက်နက်တ - (တစ်) ခု မကြွင်း ငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

ကြေးပြားတ - (တစ်) ခုမကြွင်း ငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

ဘုရားဆိုးကျောင်းပျက်တ-(တစ်) ခုမကြွင်း ငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

ကျွန်တ - (တစ်)ခုမကြွင်း ငါလှူ၏။ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။

သလဲစပါးတ - (တစ်) ခုမကြွင်း ငါလှူ၏။

သလဲစပါးလှူခြင်း၌ ငါနှင့် တူသူ လူတွင်မဟိ (ရှိ)။


သလူထီးတ - (တစ်) ခုမကြွင်း ငါလှူ၏။

သလူထီးလှူခြင်း၌ ငါနှင့်တူသူ လူတွင်မဟိ (ရှိ)။


အစရှိသည်အားဖြင့် ပေခြောက်ဆယ်ကျော်ရှည်သော ကျောက်ဆောင်ပေါ်တွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်စလုံး၌ ကမ္ပည်းအက္ခရာ ရေးထိုးထားသည်။ ထိုကျောက်ဆောင်မှာ အမြင့် နှစ်ဆယ်ပေ၊ ထိပ်ဝအကျယ်မှာ လေးပေခန့်သာရှိသည်။ ထိုကျောက်စာမှာ တစ်ချိန်က မိုးကြိုးပစ်ကာ (၃) ပေ၊ (၄) ပေခန့်လောက် ပဲ့သွားခဲ့သည်။ သို့သော် မိုးကြိုးပစ်၍ ပဲ့ကျသွားသော နေရာ၌ စာသားများပေါ်နေသည်ကို ထူးဆန်းအံ့ဩဖွယ် ယနေ့တိုင် မြင်တွေ့နေရသည်။



ကောလိယမင်း၏ဘုရားဖူးသွားလမ်း



မဟာထီးဘုရားရှိ ဇရပ်



မဟာထီးဘုရားမှ ဘုရင်တက်လေ့ကား



မဟာထီးဘုရားမှ မိဖုရားကြီးတက်လေ့ကား

**လောင်းကြက်မြို့တော်ဟု အမည်တွင်ခြင်း**

တစ်ခါသော် အလောမာဖြူ ဘုရင်ကြီးသည် နေရဥ္စရာမြို့မှ မြို့သစ်ရှာရန် ဖောင်တော်ဖြင့်ထွက်လာခဲ့သည်။ ထိုအခါ လောင်းကြက်တောင်မှ တောကြက်မတစ်ကောင်သည် ကတေတိုက် (ကြက်တို့၏ ဘာသာဘာဝ တစ်ကောင်နှင့်အသံပြု၍ခေါ်သံ) ၍ အသံပြုသည်ကို ကြားရလေသည်။ ယင်းကြက်မအသံကိုကြား၍ နေရဥ္စရာကမ်းဘက်မှ တော



www.burmeseclassic.com

www.burmeseclassic.com

ကြက်ဖတစ်ကောင်ပျံလာရာ မြစ်တွင်းရှိ ဘုရင်၏ဖောင်တော်၌ ခေတ္တရပ်နားပြီးမှ ကြက်မရှိရာသို့ ဆက်၍ပျံသွားခဲ့သည်။ ထိုနေရာမှဆက်၍ကြည့်နေကြရာ တောင်ပေါ်ရှိ ကြက်ဖ ပျံကျခဲ့သောနေရာတွင် ကျောက်တုံးအရှည် လှေ (လောင်း) နှစ်စင်း မှောက်ထားသကဲ့သို့ တွေ့ရသည်။ ထိုနိမိတ်ကိုယူ၍ တောင်အနီးရှိ ကွင်းပြင်တွင် ကောဇာ ၆၁၃ ခု၊ နယုန်လဆန်း ၂ ရက်၊ စနေနေ့ ကန်စန်းကန်လက်နှင့် မြို့တည်ကြလေသည်။ မြို့တော်အမည်ကိုလည်း 'လောင်းကြက်မြို့' ဟူ၍ ခေါ်တွင်လေသည်။ ထိုမြို့တော်၏အနောက်ဘက်တွင် ရှိသော ခေါင်းလောင်းဆွဲတောင်ပေါ်၌ ဘုရားကြီးတစ်ဆူ တည်ထားပြီး ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်ခဲ့သည်။ ထို့ပြင် အခြားဘုရားပုထိုးများစွာကိုလည်း တည်ဆောက်ခဲ့သေးသည်။

**ကဗျာလင်္ကာကပြောပြသော ဘုရင်ကောလိယအကြောင်း**

ဘုရင်ကောလိယ၏ သမိုင်းတစ်စိတ်တစ်ဒေသကို မြောက်ဦးခေတ် ဘစောဖြူမင်း (မြန်မာနှစ် ၈၂၀-၈၄၄) လက်ထက် ပေါ်ပေါက်ခဲ့သော စာဆိုတော် ဖဒ္ဒူမင်းညို၏ ချေင်းတွင် -

*. . . ဧလည်းသာနိုး၊ အိပ်နားစိုးလေ၊ မင်းရိုးဆက်လှာ၊ မင်းလက်ျာ၊ သည်းချာစဉ်ဆက်၊ ငါးဆက်လည်တွင်၊ အမည်ကောလိယ၊ မင်းများတံခွန်၊ ဘေးစောမွန်ကား၊ ဆဒ္ဒန်ဆင်ဖြူ၊ ငွေတူလွလွ၊ ဆယ်စီးရ၍ နတ်သလုံပျံ၊ တမန်စေကာ၊ ငန်းတာချချ၊ ဆည်စေရလျက်၊ ဒီပပတ်လုံး၊ မင်းအားလုံးကို သိမ်းရုံးထံမှောက်၊ အကုန်ရောက်မှ၊ ငရကောက်မော်၊ တောင်လုံးပေါ်ထက်၊ သျှင်တော်ရုပ်ကြီး၊ မဟာထီးကို၊ ကောင်းချီးနတ်လူ၊ ဘဝဂ်ဆူမျှ၊ အလှူကောင်းမှု၊ တည်ထားပြုသည်၊ ဗဟုကုသိုလ်၊ ကြူးတည့်လေး၊ ကြူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ မင်းကောလိယ၊ မင်းမွေလျှင်၊ ငရကောက်မော်။ တောင်းကုန်းပေါ်ထက်၊ ကုသိုလ်စက်လည်း၊ ဘဝဂ်တည့်ပျံ့မွှေး၊ ဉာဏ်ရောင်ပြေး၊ ဧလဲယင်ယင်းဧ. . .*

ဟူ၍ စပ်ဆိုထားပါသည်။

မင်းကောလိယသည် လေးမြို့ခေတ် ပုရိမ်မြို့တော်ရှင် လက်ယာမင်းနန်မှ ရေတွက်သော် (၆) ဆက်မြောက် ဖြစ်သည်။ မိမိလက်အောက်ခံမင်းများကိုခေါ်ယူ တာဝန်ခွဲဝေပြီး မဟာထီးဘုရားကြီးကို ပြုလုပ်စေခဲ့ပါသည်။

မင်းကြီးသည် မဟာထီးဘုရားကြီးတည်ရန် အာသီသအလွန်ပြင်းပြနေရကား ဘုရားတည်ရန်အတွက် ကျောက်ကြီးတစ်လုံးကို လိုလားလျက်ရှိနေခဲ့လေသည်။ တစ်ညနေတွင် မင်းကြီးအိပ်ပျော်နေစဉ် ဝိဇ္ဇာမိုရ်တစ်ပါးကြွလာပြီး မဟာထီးချောင်းထဲတွင် အလွန်ကြီးမားသော ကျောက်ကြီးတစ်လုံးရှိပါကြောင်း၊ အသင်မင်းကြီးသည် ထိုကျောက်တုံးကို ယူပြီး ဘုရားတည်ပါလော့ဟု မြင်မက်ခဲ့၏။

အိမ်မက်အရ ရှာဖွေစေရာ အမှန်ပင် ထိုကျောက်တုံးကို တွေ့ကြရလေသည်။ ထိုအခါမင်းကြီးသည် မိမိဆန္ဒကိုဖြည့်ဆည်းပေးသဖြင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ကောက်ရသည်ထက် ဝမ်းမြောက်၍ ထိုမော်ကိုလည်း 'ငါကောက်ရမော်'ဟု ခေါ်တွင်စေခဲ့သည်။ ကာလကြာသော် 'ငါကောက်ရမော်' မှ 'ငရကောက်မော်' ဟု ပြောင်းရွှေ့ခေါ်ဝေါ်လာခဲ့ကြ၏။

သက္ကရာဇ် ၄၈၅ ခုနှစ်တွင် ဘုရားကြီးကို စန္ဒပဗ္ဗတတောင်ကုန်းပေါ်တွင် တည်ထားပြီး ထိုဘုရားကြီးကို ဂူထဲ၌ စံပယ်စေကာ ဆင်းတုတော်ကြီးကိုလည်း ကျောက်ထီးကြီး မိုးထားသဖြင့် မဟာထီးဘုရားကြီးဟု ခေါ်တွင်စေခဲ့ပါသည်။ ထိုမဟာထီးဘုရားကြီးကို အစီအမံယတြာများ ပြုလုပ်၍ ရန်သူများ၏ဘေးမှ အကာအကွယ်ဘုရားတစ်ဆူ အဖြစ်စီရင်၍ တည်ထားခဲ့ကြသည်။ ဘုရား၏ရှေ့တည့်တည့် ကျောက်ထီးပေါ်မှ မှန်ကင်းတစ်ပေါက်စာ အပေါက်ဖောက်ထားပြီး နေထွက်သည်နှင့်တစ်ပြိုင်နက်ကို ကျောက်ထီးအပေါက်မှ အလင်းဖြာထွက်ပြီး တဒင်္ဂ ဘုရား၏ မျက်နှာတော်ပေါ်သို့ ကျရောက်စေလေသည်။ ထိုသို့ ဘုရားမျက်နှာတော်ပေါ်သို့ တဒင်္ဂ အလင်းဖြာထွက် ကျရောက်နေသည့်အခါ ရန်သူများသည် ထီးကိုချိုး၍ စည်မောင်းမှ စည်ကိုဖောက်ပစ်ရမည်။ သို့မှသာ ထီးကျိုး၍ စည်ပေါက်ဖြစ်ကာ ရခိုင်ကို တိုက်ခိုက်ရမည်ဟု ဆို၏။ ခရစ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ဤနည်းကိုသုံး၍ ရခိုင်ဒေသကို သိမ်းပိုက်နိုင်ခဲ့သည်။

ဤနည်းဖြင့် ဘုရားပေါ်မှကျောက်ထီးကြီးမိုးထားပြီး ဘုရားကြီး၏ရှေ့တည့်တည့်ပေါ်မှ အပေါက်တစ်ပေါက်ဖောက်ထားပြီး နေထွက်သည်နှင့်တစ်ပြိုင်နက် ဘုရားကြီး၏မျက်နှာတော်ပေါ်သို့ တဒင်္ဂ အလင်းဖြာထွက် ကျရောက်စေရန်နှင့် ဘုရားကြီး၏ အစီအမံယတြာများပြုလုပ်ထားပုံမှာ အလွန်စိတ်ဝင်စားဖွယ်ထူးခြားချက်တစ်ရပ် ဖြစ်ချေသည်။

စန္ဒပဗ္ဗတတောင်ကုန်း၏ အရှေ့ဘက်မှတောင်ပေါ်တက်သော လမ်း(၂) လမ်းဖောက်လုပ်ထား၏။ ဘုရင်တက်သော လှေကားစောင်းတန်းနှင့် မိဖုရားတက်သောစောင်းတန်း ဟူ၍ ဖြစ်သည်။ ဘုရင်တက်သောလှေကားသည် မြောက်ဘက်မှဖြစ်ပြီး မိဖုရားတက်သော လှေကားသည် တောင်ဘက်မှဖြစ်လေသည်။ ဘုရင်နှင့် မိဖုရားသည် ကုသိုလ်ရေးဒါနရေးတွင် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ဤမျှအထိလုပ်ခဲ့ကြသည်။ အခြားဒါနရေးတွင် မည်မျှအထိ ပြုလုပ်ခဲ့မည်ကို ခန့်မှန်းနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အသဒိသအလှူ ဆိုသည်မှာ လူတကာတို့ တုပ၍မလှူနိုင်သော အလှူကြီးပင် ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်လက်ထက် ကောသလမင်းကြီး၏ အလှူသည် မြို့သူမြို့သားများတုပ၍ မလှူဝံ့အောင်အကုန်အကျခံ၍ လှူဒါန်းခြင်း၊ လောင်းကြက်တောင် မော်ကျောက်စာမှာ ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးပြီး အလှူအတန်း၌ ထိုခေတ်တွင်ရှိသော အသုံးအဆောင်ပစ္စည်းတစ်ခုမျှမကျန်ရအောင် ကျောက်စာ၌ရေးထားခြင်း၊ ကျောင်းဆိုး၊ ဘုရားပျက်ပါမကျန် ပြုပြင်ခဲ့ခြင်း စသောအချက်များကို ရေးထိုးထားခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလေသတည်း။

စောထွီးသျှင် (မြောက်ဦး)


ကျမ်းကိုး -

၁။ ဓမ္မပဒစာအုပ်

၂။ ရခိုင်ရာဇဝင်ကျမ်းသစ်၊ စတုတ္ထတွဲ (၁၂၉၃ ခု၊ တံပို့တွဲလ)

၃။ ရွှေခိုင်ကျော်(မြောက်ဦး)ရေး ရခိုင်ဘုရင် ကောလိယမင်း၏ အောင်တံခွန်၊ ဝံသရက္ခိတမဂ္ဂဇင်း

၄။ စောထွီးသျှင်(မြောက်ဦး)ရေး မဟာထီးဘုရား၏ စိတ်ဝင်စားဖွယ် ထူးခြားချက်များ မဟိဒ္ဓိမဂ္ဂဇင်း၊ ၂၀၀၈ ခု၊ မေလ

၅။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ




www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# သနားပါ မျှားသတ္တဝါတွေ



ယနေ့ ကမ္ဘာပေါ်တွင် လူသားတို့၏ လိုအင်ဆန္ဒ လောဘတရားများ လွန်ကဲမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ပျက်စီးယိုယွင်းလာပြီး ရာသီဥတု၊ ရေ၊ မြေ၊ တောင်တောင် သဘာဝတရားကြီး ပျက်သုဉ်းမှုကပ် ဆိုက်ရောက်လာနေသည်ကို ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသော လူသားတိုင်း မငြင်းဆိုနိုင်ကြပါ။

စက်မှုပညာရပ်များ တိုးတက်ထွန်းကားလာမှုကြောင့် စက်ရုံ၊ အလုပ်ရုံ များမှထွက်ပေါ်လာသော အပူဓာတ်များနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်မီးခိုးငွေ့များ၊ အာကာသသိပ္ပံပညာရပ်များ တိုးတက် ထွန်းကားလာခြင်းကြောင့် နိုင်ငံအသီးသီးမှ ဒုံးပျံဂြိုဟ်တုများ လွှတ်တင်ခြင်း၊ ဈေးကလီးယားများ အပြိုင်အဆိုင်စမ်းသပ်ဖောက်ခွဲနေကြခြင်း၊ အာကာသတွင် နယ်ပယ်ချဲ့ထွင်ခြင်း စသည်လူသားတို့၏ အတ္တ၊ ဆန္ဒ၊ လောဘတရားတို့ကြောင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ပျက်စီးလာပြီး သဘာဝတရားများဖောက်ပြန်လာခြင်း၊ ကောင်းကင်အိုဇုန်းလွှာ ပေါက်ကွဲပျက်စီးပြီး အကာအရံမဲ့ပြီး ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ် ကျရောက်မှုများ ပြင်းထန်များပြားလာခြင်း။

ဝင်ရိုးစွန်းဒေသများမှ သဘာဝရေခဲပြင်ကြီးများ အပူလွန်ကဲလာ၍ အရည်ပျော်ပြီး လျော့ပါးပျောက်ဆုံးလာခြင်း၊ ကမ္ဘာ၏အချို့ဒေသများတွင် မိုးများလွန်းပြီးရေကြီးခြင်း၊ အချို့ဒေသများ မိုးခေါင်ရေရှားဖြစ်ပေါ်နေခြင်း။

ငလျင်များ မကြာခဏလှုပ်ပြီး ဆူနာမီလှိုင်းများ ရိုက်ခတ်ပြီး လူတို့၏ အသက်အိုးအိမ်များ ပျက်စီးထိခိုက်နေခြင်း။

အပူလှိုင်း၊ အအေးလှိုင်းများ ကျရောက်ပြီး လူသားများ ဒုက္ခတွေ့ရခြင်း စသည့်ဖြစ်စဉ်ဖြစ်ရပ်များသည် ကိုယ်ပြုသည့်ကံ ကိုယ့်ထံအမှန်ပြန်လာနေကြခြင်းများပင် ဖြစ်ပါသည်။

W.H.O ၏ သုတေသနစစ်တမ်းများအရ ယနေ့ ကမ္ဘာ့လူဦးရေ၏ (၈၀) ရာခိုင်နှုန်းကျော်သည် ရိုးရာတိုင်းရင်းဆေးဝါးများကို အားထားမှီဝဲနေကြပါသည်။

တစ်နေ့တခြား တိုးတက်များပြားလာသော ကမ္ဘာ့လူဦးရေဇယားကြောင့် ရိုးရာတိုင်းရင်းဆေးဝါးလိုအပ်ချက် များပြားလာရခြင်း၊ တိုင်းရင်းဆေးများ ဖော်စပ်ဖို့အပြင် အနောက်တိုင်းဆေးဝါးအချို့မှာလည်း အပင်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို များပြားစွာ အသုံးပြုနေကြရပါသည်။

ထို့ကြောင့် ဆေးဖက်ဝင်သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆေးဖက်ဝင် သားရဲတိရစ္ဆာန်များသည် မျိုးသုဉ်းပျောက်ကွယ်ရှားပါးသော အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ရိုးရာ တိုင်းရင်းဆေးဝါးများကို သရုပ်ခွဲခြားကြည့်လျှင် -

၁။ သစ်ပင်ထွက်ရုက္ခဆေးဝါးပစ္စည်းများ၊
၂။ တွင်းထွက်ဓာတ်ပစ္စည်းဆေးဝါးများ၊
၃ တိရစ္ဆာန်ထွက် ဆေးဖက်ဝင် အစိတ်အပိုင်းများ

ဟူ၍ တွေ့ရှိနိုင်ပါသည်။

ထို့ကြောင့် နံပါတ် (၁) နှင့် (၂) ဆေးပစ္စည်းများသည် သက်မဲ့ပစ္စည်းများ ဖြစ်ကြ၍ သဘာဝတရားကြီး၏ လက်ဆောင်အဖြစ် ကျွန်ုပ်တို့ လူသားများ လိပ်ပြာသန့်သ ခွဲနိုင်ကြပါသည်။

သို့သော် နံပါတ် (၃) ပစ္စည်းဖြစ်သော သက်ရှိသတ္တဝါတိရစ္ဆာန်လေးများ၏ ဆေးဖက်ဝင်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို လူသားတို့၏ အလိုဆန္ဒ၊ အတ္တ၊ လောဘအတွက် အသုံးချနေခြင်းမှာ လိပ်ပြာသန့်နိုင်လိမ့်မည် မထင်ပါ။

ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစား အရိုင်းစရိုက်ဝင်နေသည်ဟု မြင်မိပါသည်။ လူသားတို့၏ မညှာမတာရက်စက်မှုပင် ဖြစ်ပေတော့သည်။

ဤနေရာမှာ ကမ္ဘာပေါ်တွင် ရှေးကျပြီး ထင်ရှားကျော်ကြားစွာဖြင့် တိုင်းရင်းဆေးဝါးတို့ကို အသုံးများဆုံးနိုင်ငံကြီး (၂) ခုကို ယှဉ်ကြည့်မည်ဆိုလျှင် -

၁။ အိန္ဒိယအာယုဗ္ဗေဒဆေးပညာနှင့်
၂။ တရုတ်ရိုးရာဆေးပညာတို့ ဖြစ်ပါသည်။

ထိုဆေးပညာရပ် အခြေခံကြီး(၂) ခု၏ ဆေးဝါးဖော်စပ်ရာတွင် သုံးစွဲကြသည့် ပစ္စည်းများကို ကြည့်မည်ဆိုလျှင်-

၁။ အိန္ဒိယ အာယုဗ္ဗေဒ ဆေးပညာသည် အပင်ထွက်ပစ္စည်းများနှင့် မြေတွင်းထွက် ဓာတ်ပစ္စည်းများကို အခြေခံ၍ အများဆုံး သုံးစွဲကြသည်။
၂။ တရုတ်ရိုးရာ ဆေးပညာတွင် အပင်ထွက်ပစ္စည်းများ၊ မြေထွက်ပစ္စည်းများအပြင် တိရစ္ဆာန်လေးများ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို လွဲမှားသည့် ရိုးရာယုံကြည်မှုအစွဲများဖြင့် စွဲမက်စွာ ဖော်စပ်ရောင်းချ သောက်သုံးနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါသည်။

ထိုသို့ စွဲမက်စွာသုံးစွဲနေရခြင်း၏ အဓိကအချက်မှာ ကာမဂုဏ်အရသာအတွက် ဦးစားပေး သုံးစွဲနေကြခြင်း ဖြစ်သည်။

ဥပမာ ကာမအားတိုးဆေးဆိုပြီး ရှားပါး၍ သနားစရာကောင်းလှသည့် တိရစ္ဆာန်ငယ်လေးများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် မညှာမတာ ရှာဖွေသတ်ဖြတ်ပြီး ဆေးဝါးဖော်စပ် ရောင်းချကာ အမြတ်အစွန်း ကြီးမားစွာရပြီး ရောင်းမလောက်အောင်ပင် ဈေးကွက်တွင်ကျယ် လှပါသည်။

အမှန်တကယ် ဆေးစွမ်း၊ မစွမ်းကိုတော့ အတိအကျ မပြောနိုင်ကြပါ။ အမဲရိုးကို ဝါးနေသည့် ပုဂ္ဂိုလ်များလို ကိုယ့်သွားရည်နဲ့ကိုယ် ကောင်းနေခြင်း ဖြစ်မည်ဟု ထင်ပါသည်။

ဒါပေသည့် ဖျံလေးတွေ၊ မျောက်၊ ကျား၊ စာကလေး၊ တောက်တဲ့၊ သင်းခွေချပ်၊ လိပ်၊ မြွေအမျိုးမျိုး၊ ကြံ့၊ ဝက်ဝံ၊ ဇီဝဝိုး၊ ကြွက်မြီး၊ နွား၊ ဆိတ်၊ ခွေးတို့၏ လိင်အင်္ဂါများပါမကျန် တိရစ္ဆာန်လေးများ၏ အသက်ခန္ဓာတွေကိုတော့ များပြား ကြီးမားစွာ ရင်းနှီးပေးဆပ်လိုက်ကြရပါသည်။

ကမ္ဘာပေါ်တွင် အသိဉာဏ် အရှိဆုံး ဆိုသည့် လူသားများ အားတိုးပြီး အကြောပြေရန်အတွက် တိကျရေရာမှု မရှိသော စွဲလမ်းမှုအတ္တတရားများကြောင့် အသက်နှင့်ခန္ဓာ ပေးဆပ်လိုက်ရသော၊ အသိဉာဏ်မဲ့သော တိရစ္ဆာန်ငယ်လေးများကတော့ အသခ်ေါ့အနန္တပါ။

ဤသို့ ရိုးရာစွဲလမ်းယုံကြည်မှု၏ ရေရာသေချာမှုရှိ၊ မရှိ ဆိုသည့်အချက်ကို တွက်စစ်ပြရလျှင် -

ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၁ ခုနှစ်တွင် တရုတ်သမားတော်ကြီးများဖြစ်ကြသည့် လောစိ (Laosi) ၊ လောဆံချိမ့် (Lao Sang Cheng) ၊ ယင်းချောက် (Jen Chao) တို့က ဆက်သသည့် တရုတ်ဘာသာဆေးကျမ်းကို မင်းတရားကြီး၏ အမိန့်တော်အရ တရုန်တာရဲကြီး 'စက်ကန်' နှင့် 'လောတုံ' တို့က မေးမြန်း၍ ဘာသာပြန်ဆိုသည်ကို လွှတ်တော်စာရေးကြီး ဦးနွဲ့က စီကုံးရေးသားခဲ့သည့် တရုတ်ဆေးကျမ်းကို 'ဂန္ဓာလရာဇ်ဆေးကျမ်း' ဟူသော အမည်ဖြင့် ဘာသာပြန်ဆို ရေးသားခဲ့သည်။

ထိုဆေးကျမ်းတွင် တရုတ်အခေါ်၊ မြန်မာအခေါ်များ တွဲဖက်ကာ ကျား၊ ဆင်၊ ကြံ့၊ တောဝက်၊ ကြက်၊ စာကလေး မှစ၍ တိရစ္ဆာန်တို့၏ အရိုး၊ အသား၊ အသွေးနှင့် အင်္ဂါအစိတ်အပိုင်းများ ဆေးဖက်ဝင်ပုံကို ပြဆိုထားသည်။

ဥပမာ (၁) ကျမ်းစာအဆိုအရ ဆေးနည်းတစ်ခုမှာ 'ကျာပွတ်သုံးချောင်း ကာမအားတိုးဆေး' ဟု ဆိုပါသည်။ ကဲ - စာဖတ်သူပရိသတ်ကြီးသည် ဆေးနည်းထဲတွင် မည်သည့်ဆေးအမည်တွေ ပါမည်ထင်ပါသနည်း။ ပရိသတ်ကြီး မထင်ရက်သည့် ပစ္စည်းများ ပါဝင်နေသည်။ ပါဝင်သောဆေးပစ္စည်းများမှာ-

၁။ နွားအထီး၏လိင်အင်္ဂါ (နွားသို)
၂။ ဆိတ် သို့မဟုတ် သိုး၏လိင်အင်္ဂါ (ဆိတ်သို)
၃။ ခွေးအထီး၏လိင်အင်္ဂါ (ခွေးသို)

ရင်း (၃) မျိုးကို သူတို့ တင်စားထားတာကတော့ ကျာပွတ် (၃) ချောင်းတဲ့ဗျာ။

ထို (၃) မျိုးကို နူးနပ်ပြီး ရောသမမွှေဖြစ်အောင်ပေါင်းပြီး ရလာသည့် ထိုဆေးရည်ကို သောက်သုံးပါက ဆေးသောက်သော ပုဂ္ဂိုလ်သည် ကျာပွတ် (၃) ချောင်း၏ အစွမ်းသတ္တိကြောင့် ထိုပုဂ္ဂိုလ်၏ တစ်ချောင်းတည်းသော ကြာပွတ်တွင် အားအင်များ စုစည်းလာပြီး ထင်ရာစိုင်းနိုင်ပါသည်ဟု ညွှန်းဆိုထားပါသည်။

ထို့ကြောင့် တရုတ်မှလာသော နာမည်ကြီးသည့် ကာမအားတိုးဆေးများကို ကျွန်တော်တို့ဆီမှ အကြောသန်စွမ်းချင်သူပုဂ္ဂိုလ်များ သုံးစွဲကြမည် ဆိုလျှင် သတိပြုစိစစ်ပြီးမှသာ သုံးစွဲမိဝဲပါဟု ဆိုချင်ပါသည်။ မတော်၍ အထက်ဖော်ပြပါ ကျာပွတ် (၃) ချောင်း ဆေး မဟာကြီးမျိုးနှင့် တိုးနေလျှင် အကြောသန်ချင်သူများ ထွေးရခက်၊ မျိုရခက်နှင့် အီလယ်လယ်ကြီးခံစားနေရမည်ကို တွေးပြီး သနားမိ၍ဖြစ်ပါသည်။

တရုတ်ပစ္စည်းများ၏အကြောင်းကိုလည်း ပရိသတ်ကြီး အသိအမြင်အကြားပါပဲ။ မြောင်းပုပ်ထဲမှ စွန့်ပစ်ဆီခဲများကို ခပ်ယူပြီး ဆီအရည်ကြည်ရအောင် စစ်ပြီးပြန်ရောင်းချခြင်း။

ကြွက်သား၊ ခွေးသားများကို ဝက်သား၊ အမဲသားဟု အတုပြုလုပ်၍ ရောင်းချခြင်း၊ တလေးနို့မှုန့်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

မသင့်တော်သော မယ်လမင်းမာတ်များ ထည့်၍ ပရိတ်နိုးများသယောင်ပြု၍ ရောင်းချခြင်း စသည် စသည် ပြဿနာ ဇယားများ ယခုလတ်တလော တွေ့ကြုံနေကြသည်မှာ လက်တွေ့ပင် ဖြစ်ပါသည်။

ပိုက်ဆံရမည်ဆိုလျှင် အမေ့တင် ပဆုံပေါ်တွင် ရေနံတွင်းတူးပြီး ရောင်းကြမည့်သူက များကြပါသည်။

သို့ဖြစ်၍ ဆေး၏ဇစ်မြစ်ကို သိအောင် စုံစမ်းပြီးမှ သောက်သုံးကြပါဟု ကရုဏာသက်စွာဖြင့် သတိပေးလိုက်ပါသည်။

ဥပမာ (၂) - ဆေးနည်းတစ်မျိုးကတော့ ကျွန်တော်တို့ ဇာတ်သဘင်လောကတွင် လူရွှင်တော်များ စာစပ်၍ သံချပ်ထိုးကြသလို ဘကြီးအိမ်ခေါင်မိုးမှာ စာကလေးနှစ်ကောင်ထိုးတာ တော်တော်ဆိုးတဲ့ တိရစ္ဆာန် ပိုးလိုးပက်လက်လန် ဆိုသကဲ့သို့ စာကလေးနှစ်ကောင် ပိုးလိုးပက်လက်လန်တာကို အားကျပြီး ဖော်စပ်သည့် ဆေးနည်းပင် ဖြစ်ပါသည်။

ဆေးနည်းမှာ စာကလေးမောင်နှံ အဖို၊ အမကို ခန္ဓာကိုယ်မှ သွေးမထွက်အောင် သုတ်သင်၍ ၎င်းစာလင်မယား တစ်စုံကို မြေအိုးထဲတွင်ထည့်ပြီး ဇာသီး၊ ရှိန်းခို စသည့် ဆေးဖက်များနှင့်ရော၍ ဖုတ်ပြာချပြီး ၎င်းပြာကို ပျားရည်နှင့် ဖော်၍ စားသုံးမှီဝဲသောပုဂ္ဂိုလ်ကြီးများ စာကလေးများကဲ့သို့ ဖလန်းဖလန်းထစေသည်ဟု ညွှန်းဆိုထားပါသည်။

ဥပမာ (၃) ဆေးနည်းကတော့ ရှားပါးတိရစ္ဆာန်ဖြစ်သည့် ဖျံသတ္တဝါ အထီးကို အသုံးချခြင်း ဖြစ်ပါသည်။

မြစ်ချောင်း၊ အင်း၊ အိုင်များတွင် သဘာဝအတိုင်း ကျက်စားနေထိုင်ကြသော ဖျံလေးများတွင် ထူးခြားသော သဘာဝလေ့ရှိပါသည်။ အဲဒါကတော့ ဖျံ (၄)(၅)၊(၁၀)ကောင် ဖျံအုပ်တစ်အုပ်တွင် ကြီးမားသန်စွမ်းသည့် ဖျံအထီးမှာ (၁) ကောင်တည်း ပါဝင်ပါသည်။ ကျန်သည့်ဖျံများမှာ ဖျံအမများသာ ဖြစ်ပါသည်။ ၎င်းဖျံအမများမှ ပေါက်ပွားသော ဖျံကလေးများတွင် ဖျံအမလေးများကို သာ ကြီးလာသည်အထိ လက်ခံပြီး ဖျံအထီးလေးများကို မွေးကင်းစမှာပင် ဖျံအုပ်စုခေါင်းဆောင် ဖျံထီးသိုးကြီးက ကိုက်သတ်ပစ်ကြသည့်အလေ့ရှိသည်။

ဤနေရာတွင်လည်း တလွဲဆံပင်ကောင်းတွေးပြီး ဖျံထီးသိုးကြီးကို အားကျသည့် ပုဂ္ဂိုလ်ကြီးများက ဖျံထီးသိုးကြီး၏ ပစ္စည်းကို ဆေးဝါးအဖြစ် မာတ်တူနံ့တူဆေးဖက်ယူပြီး အသုံးချကြပြန်ရောဗျာ။

ဆေးအဖြစ်ယူ၍ အသုံးပြုပုံမှာ ၎င်းဖျံအုပ်စုခေါင်းဆောင် ဖျံထီးသိုးကြီးကို အရှင်ရအောင် ဖမ်းဆီးပြီး ဦးခေါင်း မေးဖျားမှ သံချိတ်နှင့်ချိတ်၍ တန်းမှာဆွဲထားပြီး ဖျံဦးခေါင်း နှာဖျားမှစ၍ လက်ဖြင့် ဖျံ၏ ခန္ဓာကိုယ်အောက်ပိုင်းသို့ တဖြည်းဖြည်းဖျစ်၍ ဖိချလာပြီး ဖျံတစ်ကိုယ်လုံးမှာရှိသည့် သွေးများကို အောက်ဘက် ဖျံထီး၏ လိင်အင်္ဂါ(ဖျံသို)အထိရောက်အောင် တွန်းချလာပြီး (ဖျံသို) နေရာသို့ သွေးများ စုဆောင်းလာသည့်နေရာတွင်စိမ်၍ နေလှန်းခြင်း ဖြစ်ပါသည်။

၎င်း 'ဖျံသို' စိမ်အရက်ကို ဆေးဝါးအဖြစ်သောက်ပြီး ဖျံထီးသိုးကြီးလို သဘောရှိကလောဟိလိုခြင်းဖြစ်သည်။

ထို့အတူ ဇီဝဇိုးငှက်ကလေးများ၏ အာစေးမှဖြစ်သော ငှက်သိုက်၊ ကျားသတ္တဝါ၏လိင်အင်္ဂါ၊ မျောက်ထီးခေါင်းကြီးများ၏လည်ချောင်းသွေးလတ်လတ်ဆတ်ဆတ်၊ မြွေအမျိုးမျိုးတို့၏ သွေး၊ သည်းခြေ၊ အသား၊ ဝက်ဝံသည်းခြေ၊ စပါးကြီးသည်းခြေ စသည့် တိရစ္ဆာန်လေးများ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို လူသားတို့၏ အတ္တ၊ လောဘ၊ တဏှာအတွက် နည်းအမျိုးမျိုး ဆေးအဖုံဖုံ ဖော်စပ်ပြီး အသုံးချနေသည်မှာ မရေမတွက်နိုင်အောင် များပြားလှသည့် သတ္တဝါတိရစ္ဆာန်လေးတွေမှာ စတေးခံနေကြရပါသည်။

သူတို့ဆီက တိရစ္ဆာန်လေးတွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထုတ်ယူကြသောနည်းတွေကလည်း လွန်စွာကိုယ်ချင်းမစာ ရက်စက်ကြမ်းကြုတ်လှပါသည်။

ဥပမာ (၁) မျောက်သွေးလတ်လတ်ဆတ်ဆတ်ကိုယူရန် မျောက်အရှင်လတ်လတ်ကို ဒေါသထွက်အောင်လုပ်ပြီး မျောက်ကို ဇောက်ထိုးဆွဲ၍ လည်ချောင်းကို ဓားဖြင့်ဖောက်ပြီး သွေးတစ်စက်မှ မကျန်အောင် ထုတ်ယူကြပါသည်။ မျောက်ခမျာ မရှုမလှ ခံစားသွားရလေသည်။

ထိုနည်းတူ အသိဉာဏ်ရှိလှပါသည်ဆိုသည့် လူသားများက အားအင်ပြည့်ဖြိုးပြီး ကာမဂုဏ်အာရုံများကို စိတ်တိုင်းကျ မှီဝဲနိုင်ရန်အတွက် မျောက်အရှင်လတ်လတ်၏ ဦးခေါင်းခွံကို စားပွဲ အလယ်တည့်တည့်မှာ အပေါက်ဖောက်ပြီး အံဝင်ခွင်ကျအောင် စွပ်ထားပြီး ခြေ၊ လက်တို့ကို ကြိုးဖြင့် မလှုပ်နိုင်အောင် ချည်ထားကာ စားသောက်သည့် စားပွဲတွင် လူစုံရောက်လာသည့်အခါ မျောက်ငယ်၏ ဦးခွံကို ရက်စက်စွာ အရှင်လတ်လတ် တူဖြင့် ဆောက်နှင့် ရိုက်ခွာပြီး ဦးခွံအောက်မှ ပေါ်လာသည့် မျောက်ဦးနှောက်ကို သွေးစိမ်းရှင်ရှင်ကော်ယူပြီး အရက်နှင့် မြိန်ရေရှက်ရေ မြည်းစားကြပေသည်။ မတွေးဝံ့မမြင်ဝံ့ လွန်စွာကြက်သီးထဖွယ်ကောင်းလှပေသည်။

ဥပမာ (၂) မြွေအရှင်များကို ဗိုက်ခွဲ၍ သည်းခြေအားကောင်းစေရန် သောက်သုံးကြခြင်း၊ မြွေအရှင်အတိုင်း အရက်ဖန်ပုလင်းတွင် ရက်စက်စွာထည့်၍ စိမ်ပြီး ဆေးအဖြစ် တန်ဖိုးကြီးပေး၍ သောက်သုံးကြခြင်း စသည်. . . ။

ဥပမာ (၃) သူတို့ တန်ဖိုးအလွန်ထားပြီးသုံးသည့် ဝက်ဝံသည်းခြေထုတ်ယူနည်းမှာ ဝက်ဝံကိုသတ်၍ သည်းခြေကို ထုတ်ယူလိုက်လျှင် သည်းခြေတစ်လုံး တစ်ခါသာရမည်။ ထို့ကြောင့် အမြဲတမ်း ဝက်ဝံသည်းခြေရည်ရရှိအောင် ထိုဝက်ဝံကို တစ်ကိုယ်စာ ဝင်ဆံ့ရုံ လှောင်အိမ်ထဲတွင် ပိတ်လှောင်ထားပြီး ခြေ၊ လက်ကို ကြိုးချည်ထားကာ သွေးချုပိုက်ဖြင့် ဝက်ဝံ၏ သည်းခြေအိတ်နေရာတွင် ဖောက်ပြီး ပိုက်တပ်၍ သည်းခြေရည်ကို နေ့စဉ် ရက်ဆက်ထုတ်ယူကြခြင်းမှာ ဝက်ဝံသည် အရှင်လတ်လတ် နေ့စဉ် ဒုက္ခဆင်းရဲကြီးစွာ နာကျင်ခံစားနေရပြီး ဝဋ်ဆင်းရဲကို ပေးဆပ်နေရလေသည်။

ဥပမာ (၄) နောက် ဆေးဖက်ဝင် အစားအစာပစ္စည်းဖြစ်သည့် ငါးမန်းတောင်ထုတ်ယူရာတွင်လည်း ငါးမန်းအရှင်ကို ပင်လယ်အတွင်းမှ ဖမ်းယူပြီး သင်္ဘောပေါ်ဆွဲတင်၍ ငါးမန်းအရှင်အတိုင်း ဆူးတောင်ကို လှီးဖြတ်ယူပြီး ငါးမန်းကို ပင်လယ်ထဲသို့ ပြန်လွှတ်ပစ်ခဲ့ကြသည်။ ငါးမန်းခမျာ ခြေ၊ လက်မရှိသကဲ့သို့ဖြစ်ပြီး ဒုက္ခဝေဒနာကြာမြင့်စွာခံစားပြီးမှ သေဆုံးသွားရလေသည်။

ဥပမာ (၅) ဗီယက်နမ်တွင် ဥထဲတွင် သန္ဓေတည် အကောင်ဖြစ်ခါစ ဘဲသန္ဓေသားလေးများကို ဥကို ခွဲ၍ယူပြီး ဆန်နှစ်ရည်ဖြင့် ကပ်၍ကြော်ပြီး ကျန်းမာရေးအတွက် ကောင်းမွန်စေသည်ဟု ဆိုသည့် ရိုးရာစွဲလမ်းမှုစိတ်ဖြင့် မညှာမတာ စားသောက်ကြလေသည်။

ဥပမာ (၆) မြွေဒင်္ဂါးဖြင့်စက်၍



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ယူရသည့် အဖိုးတန်သည်ဟု ဆိုသော ဆတ်ချိုနု ထုတ်ယူနည်းမှာ ဆတ်သတ္တဝါအထီးတွေသည် ပုံမှန်ဦးချိုအရင်းကိုချပြီး ဦးချိုအနုအစားထိုး၍ပြန်ပေါက်လေ့ရှိပါသည်။ ထိုဦးချိုအနုပေါက်သည့် အချိန်တွင် ဆတ်သတ္တဝါအထီးကို အရှင်ရအောင်ဖမ်းပြီး နောက်ခြေ (၂) ချောင်းကို ကြိုးဖြင့် ခိုင်ခံ့အောင် ချည်နှောင်ပြီး သစ်သားတန်းမြင့်မြင့်မှာချည်၍ ဇောက်ထိုးချိတ်ဆွဲထားပြီး ဆတ်တစ်ကိုယ်လုံးမှသွေးများ ဆတ်ဦးချိုနုလေးတွင် လာစု၍ တင်းပြီး သွေးများပြည့်ဖောင်းလာမှ ၎င်းဆတ်ချိုနုကို ကြိုးဖြင့် အရင်းမှတင်းအောင်ချည်ပြီး ဖြတ်ယူကြပါသည်။ ဆတ်သတ္တဝါခမျာ ဘယ်လောက်များ ဒုက္ခခံစားလိုက်ရမလဲ ဆိုတာ တွေးသာကြည့်ပါ။ ၎င်းမှရလာသော ဆတ်ချိုနုသည်လည်း လူသားတို့၏ကာမအကြောဖြေ အားဆေးကြီးစာရင်းဝင် ဖြစ်ပေတော့သည်။

တရုတ်တိုင်းရင်းဆေးများတွင် အပင်ရုက္ခဆေးပင်ပေါင်း (၁၀၀၀) ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း (၃၅) မျိုးကျော် အသုံးပြုကြသည်ဟု စစ်တမ်းများအရ သိရပါသည်။

အထက်ပါ ဖော်ပြရေးသားချက်များမှာ ဇာတ်နာနေအောင် ပုဏ္ဏားရိုက်ပြနေခြင်း မဟုတ်ပါ။ ယနေ့ ရိုးရာတိုင်းရင်းဆေးလောကတွင် ဖြစ်တည်နေသည့် လူသားမဆန်သည့် လုပ်ဆောင်ချက်များပင် ဖြစ်ပါသည်။

ထိုသို့ လူများက မညှာမတာ ဖမ်းဆီးသတ်ဖြတ်နေမှုများကြောင့် တိရစ္ဆာန်လေးများသည် ရှားပါးမျိုးသုဉ်းပျောက်ကွယ်လာကြပြီး သဘာဝဇီဝမျိုးစုံ မျိုးကွဲများ ဤကမ္ဘာမြေပေါ်မှ များပြားစွာ ပျောက်ကွယ်သွားကြမည် ဖြစ်သည်။

ထို့ကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးလာပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာကြပါသည်။

ဥပမာ မြွေများကို တရားလွန်ဖမ်းဆီးသတ်ဖြတ်ခြင်းကြောင့် လယ်ယာမြေများတွင် သဘာဝရန်သူအတားအဆီးမရှိတော့သဖြင့် ကြွက်များ များပြားစွာ ပွားများလာပြီး သီးနှံများကို ဖျက်ဆီးပြီး ဆုံးရှုံးရသဖြင့် လူသားတို့၏ စားနပ်ရိက္ခာများ ဆုံးရှုံးမှုကြုံတွေ့လာရခြင်း၊ ကြွက်များမှ ရောဂါပိုးမွှားများပျံ့နှံ့လာပြီး ရောဂါဘယများထူပြောလာခြင်း၊ ကြွက်တွင်းများကြောင့် ဆည်မြောင်းတာတမံများ၊ ကျိုးပေါက်ခြင်း စသည့် အကျိုး



ဆက်များကို ကြုံတွေ့လာပေမည်။

ကျားသတ္တဝါများ မျိုးသုဉ်းလာသဖြင့် တောထဲတွင် တောဘုရင် ကျားများ မရှိတော့သဖြင့် တောခွေးများ မင်းမူလာပြီး အုပ်စုဖွဲ့၍ တစ်တောလုံးတစ်တောင်လုံးရှိ သက်ရှိသတ္တဝါမှန်သမျှ မွှေနှောက်ဖမ်းဆီးစားသောက်ကြခြင်းကြောင့် တောတိရစ္ဆာန်ငယ်လေးများ မျိုးသုဉ်လာခြင်း၊ ရှားပါးလာခြင်းတို့ကို ဖြစ်ပေါ်လာစေပါသည်။

သုတေသန မှတ်တမ်းများအရ စတုရန်းမိုင် (၂၀) ဧရိယာအတွင်း ကျားကောင်ရေ သုံး၊ လေးကောင်ရှိသည့် အခြေအနေ၊ အနေအထားနှင့် ကျားကောင်ရေ လုံးဝမရှိသည့် အနေအထား (၂) ခုတွင် ကျားကောင်ရေ သုံး၊ လေးကောင်ရှိသည့် အချိန်တွေမှာ သား၊ သမင်စသော တောတိရစ္ဆာန်များကောင်ရေ ပုံမှန်ပွားများနေနိုင်ကြသော်လည်း ကျားများလုံးဝမရှိတော့သည့် အခြေအနေတွင် သားသမင်လေးများ ကောင်ရေသည် သိသိသာသာလျော့နည်းသွားသည်ကို တွေ့ရပါသည်။

ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ တောဘုရင်ကျားများ မရှိတော့၍ ကြောက်လန့်ရမည့်သူ မရှိတော့သဖြင့် တောခွေးများ မင်းမူ ပွားများ ကျက်စားလာပြီး တစ်တောတစ်တောင်လုံးရှိ တွေ့သမျှ တောတိရစ္ဆာန်လေးများကို အုပ်စုဖွဲ့ သတ်ဖြတ်ဖမ်းဆီး စားသောက်ကျ၍ တောပြုန်းလာခြင်း ဖြစ်ပါသည်။

တောခွေးများသည် ကောင်ရေ လျင်မြန်စွာ ပွားများသလို သားစားလွန်ကြူးသည့် တိရစ္ဆာန်များ ဖြစ်သည်။ တောထဲတွင် တောခွေးအုပ်ကို လွတ်သည့် သတ္တဝါ ဟူ၍ မရှိသလောက်ပင် ရှားပါးပါသည်။

သင်းခွေချပ်ကဲ့သို့ အင်းဆက်ပိုးမွှားစားသောက်သောသတ္တဝါများ မျိုးသုဉ်းကုန်သဖြင့် အင်းဆက်ပိုးများ တရား လွန်ပွားများလာပြီး တောတောင်အတွင်းရှိ သစ်ပင်ရုက္ခပင်များကို ပျက်စီးဆုံးရှုံးမှု များပြားလာပေသည်။

ယခုဆိုလျှင် ကျွန်းကဲ့သို့ တော်ဝင်သစ်ပင်များကိုပါ ပိုးမွှားပျက်စီးမှုကြုံတွေ့နေရပေသည်။

သည်တော့ တရုတ်ရိုးရာတိုင်းရင်းဆေးများမှာ သူတို့တွေဆီမှာ သုံးနေတာကို သည်မှာဘာလို့ ပုံကြီးချဲ့ရေးပြနေတာလဲဟု အချို့က အမေးရှိလာမည်။

ယခု ဘာကြောင့် ဒီအကြောင်းအရာတွေကို ပြည်သူအများ သိသာမြင်သာအောင် ရေးသလဲဆိုလျှင် ဈေးကွက်စီးပွားရေးခေတ်ကြီးမှာ ဆွေမျိုးပေါက်ဖော်ကြီးများအတွက် ထောက်ပံ့ရေးလမ်းကြောင်းမှာ ကျွန်တော်တို့ မြန်မာပြည်မှ ထွက်ရှိသည့် ပို့ကုန်များသည် အဓိကဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာ လူမျိုးများသည် သတ္တဝါတွေအပေါ် သနားကြင်နာ မေတ္တာထားပြီး မိမိတို့၏ စားဝတ်နေရေး အကြောင်းတရားများကို ရှေးရှုပြီး မြွေဖမ်း၊ ကျားဖမ်း၊ လိပ်၊ သင်းခွေချပ်၊ တောက်တဲ့၊ မျောက်၊ ဝက်ဝံ အစရှိသည့် သဘာဝ တောရိုင်းတိရစ္ဆာန်လေးများကို နည်းအမျိုးမျိုးတို့ဖြင့် ဖမ်းဆီးပြီး မှောင်ခိုလမ်းကြောင်းမှ တစ်ဖက်နိုင်ငံသို့ တင်ပို့နေကြခြင်းကို အထူးဆင်ခြင်၍ ရှောင်ကြဉ်ကြပြီး မိမိတို့၏ စားဝတ်နေရေးအတွက် သမာအာဇီဝကျသည့် လုပ်ငန်းများဖြင့် အသက်မွေးပြီး မိမိကိုယ်ကို လိပ်ပြာသန့်သန့်ဖြင့် ရှင်သန်နိုင်စေရန်။

သဘာဝပတ်ဝန်းကျင်၊ သဘာဝတရားကြီးကို တန်ဖိုးထား ချစ်မြတ်နိုးပြီး သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကြီးကို မပျက်စီးအောင် ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်သူများ တိုးပွားများပြားလာစေရန်အတွက် ရည်ရွယ်၍ -

ဤဆောင်းပါးကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရှုထောင့်မှ နှိုးဆော် သတိပေး ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

*လူသားတိုင်း သန့်ရှင်းစင်ကြယ်၍ သမ္မာအာဇီဝကျသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် ပြီးပြည့်စုံ၍ ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။*

ဦးမင်းဇင် (ရွှေနှင်း)



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ဒေါသနဲ့ကိုယ်ခံကြရမှာ

## အောင်ရန်နိုင်(B.Sc)

တနင်္ဂနွေနေ့နံနက်ပိုင်း အောင်ရန်နိုင်တစ်ယောက် ဧည့်ခန်းတွင် စာဖတ်နေစဉ် အမေးအမြန်း၌ ဝါသနာပါသည့် သမီးကြီးမယဉ်ငြိမ်းခင်ဝါအောင် ရောက်လာပြီး စကားတချို့ စတင်ပြောဆိုပါတော့သည်။

“အဖေကြီးကို မေးစရာရှိလို့။ လူတွေက ဒေါသနဲ့မကင်းကြဘူး ဆိုတာ သမီးသတိထားမိလာတယ်။ သမီးတို့ လုပ်ငန်းခွင်မှာလည်း ဒေါ်နဲ့မောနဲ့ပြောဆိုကြတာတွေ၊ ရပ်ကွက်ထဲမှာ လူငယ်တွေ ရန်ဖြစ်တာလည်း တွေ့ရတယ်။ ပြီးတော့ တီဗွီကြည့်တဲ့အခါ ဆီးရီးယားနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေတာတို့၊ အာဖဂန်မှာ တိုက်ပွဲဖြစ်နေတာတို့ တွေ့ရတယ်။ ဒါတွေအားလုံးရဲ့ အရင်းအမြစ်က ဒေါသပဲဆိုတာ သမီးစဉ်းစားမိလိုက်ပါတယ် အဖေကြီး။ ဒေါသရဲ့ အပြစ်တွေကများလှတယ်လို့ သမီးထင်တယ်။ အဲဒါ ဒေါသအကြောင်း မကျဉ်းမကျယ်လေး သမီးကို ပြောပြပေးပါဦး”

“သမီးကြီး မယဉ်ငြိမ်းခင်ဝါအောင်က ဒေါသရဲ့ စရိုက်တွေကို ကမ္ဘာမှာဖြစ်ပေါ်နေတဲ့ စစ်ပွဲတွေနဲ့တောင် ယှဉ်ပြီး မြင်တတ်သားပဲ။ မှန်ပါတယ် သမီး။ စစ်ပွဲမှန်သမျှ ဒေါသနဲ့ မကင်းကြဘူး။ အဖေကြီး ဒေါသနဲ့ပတ်သက်ပြီးအကျဉ်းချုပ် ရှင်းပြမယ်။

တကယ်တော့ ပုထုဇဉ်လူသားတိုင်း ဒေါသနဲ့ မကင်းကြဘူး။ တရားကျင့်လို့ သောတာပန်ဖြစ်သွားရင်တောင် ဒေါသရှိသေးတယ်။ ဒါပေမယ့် သောတာပန်(အရိယာ)ပုဂ္ဂိုလ်ဖြစ်တဲ့ ဒေါသကတော့ အပါယ်ကို ကျစေလောက်တဲ့ ဒေါသမျိုးတော့မဟုတ်တော့ဘူး။ ဒေါသပါးပါးလေးလို့ ဆိုရမှာပေါ့။ (၇) နှစ်အရွယ်ကတည်းက သောတာပန်ဖြစ်ခဲ့တဲ့ ဝိသာခါကျောင်းအမကြီးတောင် တစ်ခါတစ်ရံ စိတ်ဆိုးမာန်ဆိုးနဲ့ စကားပြောတတ်တယ်လို့ စာပေမှာ တွေ့ဖူးတယ်။

အများသိကြတဲ့အတိုင်း သတိပဋ္ဌာန်တရား(၄)ပါး တရားအားထုတ်ရင် ပါရမီအလျောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဆိုပြီး အဆင့်ဆင့်တက်ရောက်သွားကြတယ်။ အဲဒီမှာ တတိယအဆင့်အရိယာဖြစ်တဲ့အနာဂါမ်အဆင့်ရောက်ရင် ‘ဒေါသ’လုံးဝကင်းရှင်းသွားတယ်။ ဒေါသဖြစ်စရာ ဘယ်လိုပဲကြုံရကြုံရ အနာဂါမ်ပုဂ္ဂိုလ်က ဒေါသလုံးဝ (လုံးဝ) မထွက်တော့ဘူး မဖြစ်တော့ဘူး”

“ပုထုဇဉ်လူသားမှန်ရင် ဒေါသမကင်းတာသိရပါပြီ။ ဒေါသရဲ့လက္ခဏာကို အလွယ်ဆုံး၊ အရှင်းဆုံး ပြောပြပါဦး အဖေကြီး”



“သမီး စိတ်ဝင်တစားရှိသားပဲ။ အလိုမကျတိုင်း၊ မိမိစိတ်ဆန္ဒနဲ့ မကိုက်ညီတိုင်း ဒေါသဖြစ်တတ်တာပါပဲ။ နှစ်သက်သဘောကျရင် လောဘဖြစ်တယ်။ လောဘကို တစ်နည်းပြောရရင် တပ်မက်မှု၊ ရာဂလို့လည်း ပြောလို့ရတယ်။ တစ်နည်းအားဖြင့် လူသားတိုင်းမှာ ရာဂ



www.burmeseclassic.com

www.burmeseclassic.com

ဒေါသနဲ့နပန်းလုံးနေကြရတာများတယ်။

ကလေးငယ်ကိုကြည့်ရင် သိသာတယ်။ နို့ဆာရင်၊ နို့တောင်းရင် ငိုနေတဲ့ကလေးမှာ ဒေါသဖြစ်နေတယ်။ အမေဖြစ်သူက နို့လည်းတိုက်လိုက်ရော အငိုတိတ်ပြီး နို့စို့တဲ့အချိန်မှာ 'လောဘ (ရာဂ)' ဖြစ်နေတယ် သမီး။

လောဘလည်းမဖြစ်၊ ဒေါသလည်းမဖြစ်တဲ့ ဟိုကြည့်ဒီကြည့် ဟိုလိုလိုဒီလိုလို အမှုမဲ့အမှတ်မဲ့နေတဲ့အချိန်မှာ မောဟစိတ်ဖြစ်နေတာပေါ့။ ပုထုဇဉ်လူသားတွေမှာ 'လောဘ၊ ဒေါသ၊ မောဟ' သုံးမျိုးပဲ ဖြစ်နေကြတာပေါ့ သမီး။ ဒါကြောင့် ဆရာတော်ကြီးတစ်ပါးက လူသားတွေမှာ လောဘ၊ ဒေါသ၊ မောဟ သုံးပါးနဲ့ အချိန်တွေကုန်ဆုံးနေကြတယ်လို့ ဆုံးမခဲ့တယ် သမီး။

ဒေါသနဲ့သေရင် ငရဲ၊ လောဘနဲ့သေရင် ပြိတ္တာ၊ မောဟနဲ့သေရင် တိရိစ္ဆာန်၊ တလွဲမာနနဲ့ သေရင် အသူရကာယ်ဘုံကို ရောက်တာပေါ့ သမီး။ တစ်နည်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟနဲ့သေရင် အပါယ်(၄)ပါးထဲ ရောက်ကြတာပေါ့ သမီးရယ်။ အပါယ်(၄)ပါးထဲ မှာ ငရဲဘုံက အဆင်းရဲဆုံးပဲ။ အချိန်ပြည့် အနှိပ်စက်ခံနေရတဲ့ဘုံပါပဲ။ ဒါကြောင့် ဒေါသကပိုပြီး ကြောက်စရာကောင်းတယ်လို့ပြောရမယ် သမီး။

စကားစပ်မိလို့ ဒေါသနဲ့ ပတ်သက်ပြီး ဘတ်(စ်)ကားပေါ်မှာ အဖေကြီးကြားခဲ့ရတဲ့ ကားစပယ်ယာရဲ့ စကားကို ပြန်ပြောပြဦးမယ်။ မြို့ကြီးတစ်မြို့မှာ မြို့တွင်းသွား မှန်လုံဘတ်(စ်)ကားကြီးတစ်[illegible]ပေါ် အဖေကြီး ရောက်နေခဲ့ဝ[illegible]ရီးသည်မပြည့်သေးဘူး။ အဲဒီအချိန်မှာ လူငယ်တစ်ယောက်က (၇) ပေလောက်ရှည်ပြီး လုံးပတ် (၁) လက်မလောက်ရှိတဲ့ သံချောင်းအစည်းငယ်တစ်စီး ကားပေါ်ကိုတင်တယ်။ ကားစပယ်ယာက ဘတ်(စ်)ကားအလယ်ကောင်လူသွားလမ်းမှာ သံချောင်းအစည်းကို နေရာချလိုက်တယ်။ ပြီးတော့ စပယ်ယာက ကားပေါ်က ခရီးသည်တွေကို ဒီလိုအော်ပြီး ပြောတယ် သမီး။

'သံချောင်းတွေကို ဘတ်(စ်)ကားပေါ် လမ်းလယ်ကောင်မှာချထားပါတယ်။ ဂရုစိုက်ပြီး ကားပေါ်ကဆင်းကြ၊ တက်ကြပါ။ သံချောင်းနဲ့ ခြေထောက်နဲ့ ထိခိုက်မိရင် 'ကိုယ့်ဒေါသနဲ့ကိုယ်ပဲခံကြပေတော့' တဲ့။

ကားစပယ်ယာလေး ပြောတဲ့စကားအတိုင်းပါပဲ သမီးရယ်။ လူ့ဘဝမှာ ကိုယ့်ဒေါသနဲ့ကိုယ်ပဲခံကြရမှာ။ 'ဘယ်သူမပြုမိမိမှု' ဆိုတဲ့စကားရှိတယ်မဟုတ်လား။ ဒေါသကြီးတတ်သူဆိုရင် အပြစ်ပိုကြီးလေ အပါယ်ငရဲကျဖို့ သေချာလေပေါ့ သမီးရယ်။ ဒေါသက လူသားတွေကို၊ သတ္တဝါတွေကို တော်တော်လေး ဒုက္ခပေးပါတယ်ကွယ်။

စိတ်ဆိုးမာန်ဆိုး အော်ဟစ်ပြောနေမှ၊ ရားတိုင်၊ တုတ်ကိုင်မှ ဒေါသမဟုတ်ပါဘူး။ အလိုမကျတာတွေ့တိုင်း သတိမထားမိရင် ဒေါသဖြစ်တာချည်းပဲ။ အလိုကျတာနဲ့ တဏှာ(ရာဂ) ဖြစ်တာပါပဲ။ ထမင်းစားနေရင်း ဟင်းချိုက ဆားငန်တော့ သောက်ရင်း အလိုမကျတော့ ဒေါသဖြစ်ရတယ်။ ကြက်သားကုန်းဘောင်စားရင်း အရသာတွေ့တော့ တဏှာ(ရာဂ) ဖြစ်ရပြန်တယ်။ ပြောချင်တာက ထမင်းစားရင်း၊ ငရဲနဲ့ ပြိတ္တာကိုသွားဖို့ စိတ်တွေဖြစ်နေလိုက်တာ။ တွေးကြည့်မှ သိပ်ပြီးကြောက်စရာကောင်းလှပါတယ်။

ဒေါသတရားဟာ အကုသိုလ်ဖြစ်စေတဲ့ ဒုစရိုက်(၁၀)ပါးထဲမှာလည်းပါတယ်။ စိတ်ကို ဆိုးညစ်စေတဲ့ အကုသိုလ်စေတသိက် (၁၄) ပါးထဲမှာလည်းပါနေတယ် သမီး။

ဒေါသနဲ့သေရင် ငရဲပြည်ရောက်တယ်ဆိုတော့ သံသရာမှာ အကြမ်းတမ်းဆုံးခံရခြင်းပါပဲ။ တခြား ခံစားရမယ့်အပြစ်တွေလည်းရှိပါသေးတယ်။ ဒေါသမဖြစ်ဖို့ကတော့ မေတ္တာ(ဒေါသ)ကို များများပွားရမယ်။ ပါရမီ(၁၀)ပါးထဲမှာ ဒေါသကိုတိုက်ရိုက်လျှော့ပါးစေတဲ့ ပါရမီတွေကတော့ မေတ္တာပါရမီ (အဒေါသ) ခန္တီပါရမီ၊ သီလပါရမီတို့ ဖြစ်ပါတယ်ကွယ်။ သည်းခံခြင်း(ခန္တီ)ရှိမှ မေတ္တာရှိသူ ဖြစ်ပါတယ်။ မေတ္တာတရားရှိသူတိုင်းမှာလည်း ခန္တီပါရမီရှိကြပါတယ်သမီး။

ဒေါသကိုလျှော့ပါးစေတဲ့ သည်းခံခြင်းပါရမီကို ဆရာတော်ကြီးဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက ဒီလိုဆုံးမတာကို အဖေကြီး သိပ်သဘောကျတာပဲ သမီး။

**သည်းခံခြင်း**

*သည်းခံတယ် ဆိုတာ*
*အရာရာကို အပြုံးမပျက်*
*ရင်ဆိုင်ရဲတဲ့ သတ္တိကို ခေါ်တယ်။*

လောဘ၊ ဒေါသ၊ မောဟစိတ်တွေနဲ့ ဆောင်ရွက်ခဲ့တဲ့အမှုတွေ၊ အလုပ်တွေကို မကောင်းမှုအလုပ်တွေလို့ ပြောရင်ရပါတယ်။ လုပ်မိတာများလေခြင်းလို့ စိတ်ထဲမှာ ပူပန်နေတဲ့ အလုပ်မျိုးဟာ မကောင်းတဲ့အလုပ် (အကုသိုလ်အလုပ်) တွေပါပဲ သမီး။ ကောင်းမှုအလုပ်ကျတော့ ပြောင်းပြန်ယူရမှာပေါ့ သမီးကြီး။ ရရှိလာတဲ့အကျိုးကို ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿနဲ့ ခံစားရပြီဆိုရင် ကောင်းတဲ့အလုပ် (ကုသိုလ်အလုပ်) ပါပဲ သမီး။

သမီးကြီး မယဉ်ငြိမ်းခင်ဝါအောင်၊ လူသားတွေဟာ ယေဘုယျအားဖြင့် ကောင်းတဲ့မြင်ကွင်း၊ ကောင်းတဲ့အာရုံ (ဣဋ္ဌာရုံ)ကိုမြင်ရရင် ကျေနပ်နှစ်သက်မှု၊ တဏှာ (လောဘ) ဖြစ်ကြတယ်။ အဲဒီအချိန်မှာ ရုတ်တရက်သေသွားရင် ပြိတ္တာဘုံရောက်မှာပဲ။ မကောင်းတဲ့မြင်ကွင်း၊ မကောင်းတဲ့အာရုံ (အနိဋ္ဌာရုံ)တွေကို တွေ့ရ၊ မြင်ရရင် စိတ်မကျေနပ်တဲ့ ဒေါသစိတ်ဖြစ်ကြတယ်။ အဲဒီအချိန်မှာ ဦးနှောက်အာရုံကြောပြတ်လို့ သေသွားခဲ့ရင် ငရဲပြည်တိုက်ရိုက်ကျမှာပဲ။ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလရဲ့စကားနဲ့ ပြောရရင် အပါယ်ငရဲ ဒယ်အိုးထဲပေါ့။

ပတ်ဝန်းကျင် အဆင်မပြေတာကို မြင်ရရင် စောစောကပြောသလို စိတ်မကျေနပ်မှု (ဒေါသ)မဖြစ်အောင် ရေဆူဆရာတော်ကြီး တောင်တန်းသာသနာပြု ဦးဥတ္တမသာရက ဆုံးမခဲ့တဲ့ ဩဝါဒလေးကို ပြန်ပြီး ပြောပြချင်ပါတယ် သမီး"

**ဦးဥတ္တမသာရ၏ဩဝါဒ**

◆ *သူတစ်ပါး၏ အဆင်မပြေပုံ၊ ဘုကျပုံ၊ စိတ်ပျက်ဖွယ်ရာ ဆက်ဆံပုံ၊ အမူအရာ အပြောအဆို ကြမ်းတမ်းပုံ၊ စိတ်ထားနှလုံးသား ကောက်ကျစ်ယုတ်မာပုံတို့ကို မြင်ရတွေ့ကြုံရလေတိုင်း ထိုသူအပေါ် အမြင်ကတ်ခြင်း၊ ဒေါသထားမိခြင်းထက် ငါတော့ ယနေ့ကစ၍ ထိုလူစားမျိုးလို မနေမိအောင် ကြိုးစားသွားမယ် ဟူ၍ အတွင်းကျိတ် ဆုံးဖြတ်ထားခြင်းသည် အကောင်းဆုံး နေထိုင်ခြင်း ဖြစ်သည်။'*

ဘယ်နေရာမှာပဲ နေရနေရ ပတ်ဝန်းကျင်ကို၊ လောကကြီးကို မိမိက အလှဆင်မယ်ဆိုတဲ့စိတ်လေးရှိထားရင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဒေါသနည်းသွားစေပါတယ်သမီး ကုသိုလ်(အလင်းခာတ်)တွေ များလေလောဘ၊ ဒေါသ၊ မောဟ၊ အကုသိုလ်(အမှောင်ခာတ်)တွေ ပါးလေပေါ့ သမီး။ အကုသိုလ်ပါးပါးသွားလေ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာနဲ့ နီးလေပေါ့ သမီးရယ်။ ဒီနေရာမှာ နတ်ဘုံဆိုတဲ့ အထဲမှာ ဗြဟ္မာလည်းပါတာလို့ မှတ်ယူရပါမယ်။

**ဘယ်နေရာပဲဖြစ်ဖြစ်၊**
**ဘာပဲဖြစ်ဖြစ်**
**အကောင်းဆုံးဖြစ်ပါစေ**

*Be the best what you are.*

*|BE THE BEST WHAT YOU ARE.|*

- ◆ *နေမင်းကြီး မဖြစ်တောင် လမင်းလေးလို အေးမြပါရစေ။*
- ◆ *လမင်းကြီးလို မလင်းရင်တောင် ကြယ်ပွင့်လေးလို အလင်းရောင်လေး ပေးနိုင်ပါရစေ။*
- ◆ *လမ်းမကြီး၊ လမ်းကျယ်ကြီး မဖြစ်တောင် လမ်းသွယ်လေး ဖြစ်ပါရစေ။*
- ◆ *အသီးတွေ၊ အပွင့်တွေပေးနိုင်တဲ့ အပင်မျိုး မဖြစ်ရင်တောင် အရိပ်ပေးတဲ့ သစ်ပင်လေး ဖြစ်ပါရစေ။*
- ◆ *ဘယ်နေရာ၊ ဘယ်ဘဝမှာပဲနေရနေရ လောကကို အလှဆင်တဲ့သူ ဖြစ်ပါရစေ။*

သမီးကြီး မယဉ်ငြိမ်းခင်ဝါအောင်ကို ဒေါသအကြောင်း အတော်အသင့်ပြောပြီးပါပြီ။ ကားစပယ်ယာပြောသလိုပါပဲ။ ဒေါသဖြစ်လာရင် ဖြစ်တဲ့သူအတွက် မကောင်းဘူး။ ကိုယ့်ဒေါသနဲ့ကိုယ်ခံရတော့မှာပါ။ ဒေါသကြောင့် ခံရမယ့် ပြစ်ဒဏ်က ငရဲဘုံမှာ ခံရတာဆိုတော့ အပြင်းထန်ဆုံးပါပဲ သမီး"

"အဖေကြီး ရှင်းပြလို့ ဒေါသအကြောင်း တော်တော်လေး သဘောပေါက်ပါပြီ။ မေတ္တာတရား၊ သည်းခံခြင်းတရားတွေကို ဖြည့်ဆည်းပေးပြီး ဒေါသနည်းအောင် ကြိုးစား နေထိုင်သွားပါမယ် အဖေကြီး"

"သာဓုပါဗျာ၊ သာဓု၊ သာဓု"

*သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ*

**အောင်ရန်နိုင် (B.Sc)**

# သရဏဂုံသုံးပါးနှင့် သစ္စာအဓိဋ္ဌာန်ပြုနည်း

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

*◆ ကျန်းမာရေးညံ့သူများ၊*
*အိမ်ထောင်ရေးအဖုအထစ်ဖြစ်နေသူများ၊*
*စီးပွားရေးလုပ်ငန်းများ*
*အဆင်မပြေမချောမွေ့သူများအတွက်*

### (၁) ဗုဒ္ဓသရဏဂုံနှင့် သစ္စာအဓိဋ္ဌာန်ပြုခြင်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

(၃) ကြိမ် ရွတ်ဆိုပူဇော်ပါ။ ဤသို့ (၃) ကြိမ်ရွတ်၍ သရဏဂုံဆောက်တည်ပြီးလျှင် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို (၃) ကြိမ် ရွတ်ဆိုပူဇော်ကန်တော့ပါ။

*ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။*

ထို့နောက် အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရမည်။

*နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ ဘောဂဝဍ္ဎနံ၊ ဟောတု မေ သိရီဝဍ္ဎနံ၊ ဟောတု မေ အာရောဂျ ဖလံ။*

### (၂) ဓမ္မသရဏဂုံနှင့် သစ္စာအဓိဋ္ဌာန်ပြုခြင်း

ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

(၃) ကြိမ် ရွတ်ဆိုပူဇော်ပါ။ ဤသို့ (၃) ကြိမ်ရွတ်၍ သရဏဂုံဆောက်တည်ပြီးလျှင် တရားဂုဏ်တော်ခြောက်ပါးကို (၃) ကြိမ် ရွတ်ဆိုကန်တော့ပါ။

*သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။*

တရားဂုဏ်တော် ရွတ်ဆိုပြီးပါက အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရမည်။

*နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ ဘောဂဝဍ္ဎနံ၊ ဟောတု မေ သိရီဝဍ္ဎနံ၊ ဟောတု မေ အာရောဂျ ဖလံ။*

### (၃) သံဃသရဏဂုံနှင့် သစ္စာအဓိဋ္ဌာန်ပြုခြင်း

သံဃံ သရဏံ ဂစ္ဆာမိ - သံဃာတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

(၃) ကြိမ်ရွတ်ဆို ပူဇော်ပါ။ ဤသို့ သုံးကြိမ်ရွတ်၍ သရဏဂုံဆောက်တည်ပြီးလျှင် သံဃာ့ဂုဏ်တော် ကိုးပါးကို (၃) ကြိမ် ရွတ်ဆိုကန်တော့ပါ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ထို့နောက် အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရပါမည်။

*နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ ဘောဂဝဍ္ဎနံ၊ ဟောတု မေ သိရီဝဍ္ဎနံ၊ ဟောတု မေ အာရောဂျ ဖလံ။*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

အလကားလိုချင်သောစိတ်ကိုသာ ထိန်းသိမ်းနိုင်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်ကတည်းက မြန်မာများသည် ဒီမိုကရေစီကို ရမည် ဖြစ်သည်။ အလကားလိုချင်စိတ်ကို မထိန်းသိမ်းနိုင်သောကြောင့် ဒီမိုကရေစီနှင့် နှစ်ပေါင်း နှစ်ဆယ်ကျော် ဝေးခဲ့ရခြင်း ဖြစ်သည်။

ထိုအချက်နှင့်ပတ်သက်၍ ကိုယ်တွေ့အမှန်များကို ရေးသားထားသော မင်းဒင်ရဲ့သက်ခိုင် စာအုပ်ထဲမှ ကောက်နှုတ် ဖော်ပြလိုက်ပေသည်။ ထိုစာအုပ်ကြီးသည် ယခုခေတ်လူငယ်တိုင်း ဖတ်သင့်သောစာအုပ်ကြီး ဖြစ်သည်။

**နိုင်ငံတော်ကို သွေးစွန်းခဲ့သည်**

အေးပေါ့ဗျာ၊ အာဏာသိမ်းပါတယ် ဆိုတာကို အာဏာဖီဆန်ပြီး လမ်းပေါ်ကို ရဲရဲတင်းတင်းထွက်လာတဲ့ လူတန်းကြီးရဲ့ ရှေ့ဆုံးမှာ ကျွန်တော် ပါလာခဲ့ပါပြီ။ ဟိုအရင်ရက်တွေက ဂျီတီအိုင်သမဂ္ဂနဲ့ဖြစ်ဖြစ်၊ တခြားအဖွဲ့နဲ့ဖြစ်ဖြစ် လမ်းလျှောက်ချီတက်ခဲ့တုန်းက ကျွန်တော်က နောက်ကချည်းနေခဲ့တာဗျ။


နေရတဲ့အကြောင်းက ကျွန်တော်က သူတို့နဲ့အသက်နည်းနည်းကွာနေပြီ၊ ဟုတ်လားဗျာ။ အဲဒီနေ့က ကျွန်တော်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီတီအိုင်များ သမဂ္ဂဟာ မြို့ထဲကို ပထဦးဆုံးလှည့်လည် ချီတက်ကြတဲ့အဖွဲ့ပါပဲဗျာ။

ကြွားတာ မဟုတ်ဘူးဗျ၊ အဲဒါ တကယ်ပဲဗျာ။ မနက်ကိုးနာရီကျော် ကျော်လောက်ပဲရှိဦးမယ်။ ကျူးကြီးလမ်းကနေ သိမ်ကြီးဈေးဘက်ကို ချီတက်သွားတယ်။ မှတ်မှတ်ရရ ကျွန်တော်တို့ သိမ်ကြီးဈေးထောင့်ကို ရောက်တော့ ကိုဇာဂနာတို့က လူစုတုန်းဗျာ။

နောက်ရုပ်ရှင်မင်းသား ဇင်ဝိုင်းကိုလည်း တွေ့မိသေးတယ်။ နောက်သိမ်ကြီးဈေးရှေ့ကနေ အနော်ရထာလမ်းအတိုင်း လမ်းမတော် သံဈေးဘက်ကို ချီတက်ပြန်တယ်။ နောက် ဘုန်းကြီးလမ်းရောက်တော့ ကျူးကြီးလမ်းဘက်ကို ပြန်ကွေ့တယ်။ ပြောရင်းတောင် စိတ်ထဲ တစ်မျိုးဖြစ်လာတယ်ဗျာ။ ကျွန်တော်တို့ ချီတက်ဆန္ဒပြနေရင်း အသံကုန်အော်ဆိုခဲ့တဲ့သီချင်းကို သတိရလို့ဗျာ။

ဘာတဲ့ -

*ရဲရဲတောက် တို့ဗမာတွေ သတ္တိခဲတွေ၊*



www.burmeseclassic.com

ရာဇဝင်ထိုးလောက်အောင် စွန့်
ပေ၊
တို့တိုင်း တို့ပြည် သတ္တိသွေးတွေ
အာဇာနည်မျိုးတွေ၊ အရိုးကြေ
ကြေ
တို့မြေတို့မြေ။
ခေတ်ဆွေးကို ပြောင်းပြန်၊ ခေတ်
သစ်ကို စီမံ
လွတ်လပ်ဖို့ စိတ်အကြံ၊
ညီစေနော် တို့ရဲဘော်၊ ချီတက်
ကြစို့ တူပျော်ပျော်။
ဘယ်ညာ၊ ဘယ်ညာ၊ ဗမာပြည်
ငါတို့ပြည်။
ဗမာပြည် ငါတို့ပြည်၊ ညီညီညာ
ညာ အမျိုးဂုဏ်စောင့်ကြ
ဘယ်ညာ၊ ဘယ်ညာ လာပြီလေ
သာကီတွေ။
ဒီအချိန်နော် ညီညာစေ
ဗမာဆို မားကိုဆွဲလို့ ထွက်ဖို့တော်
ပြီလေတဲ့။

စစ်သားမှ တိုင်းပြည်ချစ်ပြီး ဒီသီချင်းဆိုရတာမှ မဟုတ်တာဗျာ။ နဂိုကတည်းက သီချင်းဆိုတာ ဝါသနာခပ်ပါပါ။ အခုလို စိတ်မာတ်ကြွနေတဲ့ အချိန်မျိုးမှာ အသံတွေဝင်ကုန်အောင် သံကုန်ဟစ်ပစ်လိုက်တယ်ဗျာ၊ သူများတွေလား၊ ကျွန်တော့်လိုချည်းပဲပေါ့ဗျာ။

ဆိုလို့လည်းကောင်း၊ အားလည်းတက်ဖို့ ကောင်းတယ်ဗျာ။ လမ်းတစ်လျှောက်လုံးမှာ ပန်းကုံးထွက်စွပ်ပေးတဲ့ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးတွေလည်း မနည်းလှဘူးဗျာ။ လည်ပင်းမှာ ပန်းကုံးတွေနဲ့ မိုးရေစက်တွေကြားမှာပေါ့။ မိုးက သည်းကြီးမည်းကြီးတော့ မဟုတ်ဘူး။

ခပ်ဖွဲ့ဖွဲ့ရွာလိုက်၊ တိတ်သွားလိုက်ပေါ့ဗျာ။ ဝတ်ထားတဲ့အကျႌ၊ လုံချည်တွေလည်း စိုလိုက်၊ ခြောက်လိုက်ပေါ့ဗျာ။ ကျွန်တော်တစ်ယောက်တည်းတင် မဟုတ်ပါဘူး။ အားလုံးဒီအတိုင်းချည်း နေမှာပါဗျာ။

အရေးထဲဗျာ၊ ဒုတိယတစ်ခေါက်ထပ်ပတ်တော့ ကျုံးကြီးလမ်းအလွန်လောက်မှာ ချစ်စိန်ရဲ့ ကောင်မလေးက လမ်းဘေးကနေ ချစ်စိန်ကို လှမ်းခေါ်နေတယ်။ ကြော်-ပြောဖို့မေ့နေလို့။ အေးလွင်တို့၊ ချစ်စိန်တို့၊ ရွှေသွေးတို့အားလုံး ကောင် သက်ခိုင်၊ ဟိုမှာ ချစ်စိန်ချာတိတ်မက ချစ်စိန်ကို လှမ်းခေါ်နေတယ်။ ဘယ်လိုလုပ်ရင်ကောင်းမလဲတဲ့။

ကျွန်တော်လည်း မင်းတို့ဟာ အရေးထဲကွာလို့၊ နောက်မှတွေ့လို့ မရတော့ဘူးလားလို့ ဆိုတော့ ပထမတစ်ခေါက်တည်းက ခေါ်နေတာတဲ့။ ကဲ - ဒီလိုဆိုလည်း သွားပါလေ့စေကွာ ဆိုပြီး မီးစိမ်းပြလိုက်တော့ ဖိုးချစ်စိန်တို့များ သွက်လိုက်တဲ့ဖြစ်ခြင်း။ လူအုပ်ထဲက ဘယ်လိုဝင်သွားမှန်းတောင် မသိလိုက်ပါဘူးဗျာ။

ပထမ လမ်းကြောင်းအတိုင်း ဒုတိယအကြိမ် ပတ်မိတဲ့အချိန်မှာ ကျွန်တော်တို့စစ်ကြောင်းဟာ လူအင်အားအဆမတန် များလာပါပြီ။ ကိုဇာဂနာတို့၊ ကိုဇင်ဝိုင်းတို့လည်း ဒုတိယအခေါက်မှာ ရောပါလာပြီ။ ဘာအဖွဲ့ ညာအဖွဲ့ ခွဲမနေတော့ပါဘူးဗျာ၊ အဆင်ပြေသလိုဝင်ပြီးတန်းစီချီတက်ပေါ့။ ချီလေတဲ့ချီလေပေါ့။ ရန်ကုန်မြို့တစ်မြို့လုံးဟာ စစ်တပ်အာဏာသိမ်းတာကို မြို့လုံးကျွတ်ဆန္ဒပြနေကြပါပြီဗျာ။

# မေတ္တာရှင်(ရွှေပြည်သာ)

## ဘဝကိုအသေသတ်သောစိတ်(၃)



လူပျိုတွေချည်းပဲဗျ။ ကျွန်တော်တစ်ယောက်တည်း အိမ်ထောင်ကျပြီး ဇနီး၊ သားသမီးတွေနဲ့ ဖြစ်နေတာလေ။

ရုတ်တရက် ဘေးမှာ အားပေးနေတဲ့လူထုကြီးကရှိနေတော့ အေးလွင်က ကျွန်တော်ထံ သတင်းလှမ်းပို့တယ်။ ဟော့

တတိယမြောက်အခေါက်ကျတော့ ကျွန်တော်တို့စစ်ကြောင်းဟာ ဘုန်းကြီးလမ်းဘက်ကိုပြန်မကွေ့တော့ဘဲ ဆူးလေဘုရားဘက်ကို ချီတက်ဖို့ ဦးတည်ဖြစ်ပါတော့တယ်။ အေးဗျာ၊ ဒီနေရာမှာ ကျွန်တော်အခုထိ နားမလည်နိုင်တာတစ်ခုရှိတယ်ဗျ။ ကျွန်တော်တို့အဖွဲ့ဟာ ဘာလို့ ပထမအခေါက်ကတည်းက ဆူးလေဘက်ကို ဦးတည်ချီမတက်ခဲ့တာလဲ ဆိုတာပဲဗျ။ ပစ်မှာခတ်မှာကို စိုးရိမ်လို့လား။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပဲ ရည်ရွယ်ချက်မရှိ ခရီးတစ်ကြောင်းတည်းကို နှစ်ကြိမ်ပတ်ခဲ့မိသလားပေါ့။ ဘာကြောင့်လဲ၊ ဟုတ်လား။ သိပ်အရေးကြီးတဲ့အချက်ပေါ့ဗျာ။ ဆူးလေဘက်ကိုလှည့်လို့ ဆယ့်ငါးမိနစ်တောင်မကြာလိုက်ဘူးထင်ပါရဲ့။ ကမ္ဘာပျက်သလိုဖြစ်တော့တာပါပဲဗျာ။ အဲဒီအချိန်၊အဲဒီနေ့၊အဲဒီနေရာကို ကျွန်တော့်တစ်သက်မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

ကျွန်တော်တို့က စထွက်လာတုန်းကသာ ရှေ့ဆုံးကဗျ။ နောက်ပိုင်းမှ ဟိုအဖွဲ့ဝင်စီလိုက်၊ ဒီအဖွဲ့ဝင်စီလိုက်နဲ့ တတိယအကျော့မှာ ကျွန်တော်တို့နဲ့ တပ်ဦးဟာ ဓာတ်တိုင်သုံးတိုင်လောက်ကို ကွာသွားပြီဗျ။ (၃၁) လမ်းထိပ်ကို ကျွန်တော်တို့ အရောက်ပေါ့။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ မနက် (၁၁) နာရီဝန်းကျင်ပေါ့ဗျာ။

သေနတ်သံတွေဆက်တိုက်ထွက်လာတော့တာပါပဲဗျာ။ တစ်ချက်၊ နှစ်ချက်မဟုတ်ဘူးဗျာ။ ဆက်တိုက်အတွဲလိုက် နေရာအနှံ့ကပေါ်လာတာ။ ချီတက်နေတဲ့ လူတန်းကြီးဟာ ဝရုန်းသုန်းကားဖြစ်သွားတယ်။ ဖြစ်ပုံက စစ်တပ်ဟာ ဆူးလေဘုရားလမ်းမကြီးရဲ့ ကမ်းနားဘက်ခြမ်းကနေ စောင့်နေတာဗျ။ စစ်တပ်ဟာ ကျွန်တော်တို့တပ်ဦးကို ရက်ရက်စက်စက် စပြီးပစ်ခတ်နေပါတော့တယ်။ လက်ထဲမှာ အပ်တိုတစ်ချောင်းတောင်မပါတဲ့ လူထုကြီးကို မညှာမတာကို ပစ်နေတာဗျ။

မဟာဗန္ဓုလပန်းခြံနဲ့ ဟိုတယ်ခရီးသွားလာရေးရုံးကြားမှာ အမေရိကန်သံရုံးနဲ့ နီးတယ်လေ။ ကျွန်တော်တို့တပ်ဦး ဘယ်လိုဖြစ်တယ်ဆိုတာ နောက်ပိုင်းရိုက်ထားတဲ့ ဗွီဒီယိုအခွေတွေမှာ အသေးစိတ်တွေ့ရပါတယ်။ စစ်သားတစ်ရာကျော်လောက် ရင်ပေါင်တန်းပြီး သေနတ်တွေကို လူထုကြီးဆီ ထိုးချိန်ပြီး တစ်တန်းပစ်လိုက်၊ ဘေးဖယ်ပေးလိုက်၊ နောက်အတန်းကပစ်လိုက်နဲ့ တကယ့်ကို လူမဆန်တဲ့ လူသတ်ပွဲကြီးကို ဆင်နွှဲနေခဲ့တော့တာပဲဗျာ။

ဘာမှိုင်းမိနေမှန်းမသိဘဲ လူစိတ်ပျောက်နေတဲ့ သေနတ်ကိုင်ရဲဘော်တွေ ဘယ်လောက် ပစ်အားကောင်းသလဲ မမေးနဲ့ဗျာ။ ဗွီဒီယိုအခွေထဲမှာ မူရင်းအသံတစ်ခု ပါလာတယ်။ စစ်ဗိုလ်က အော်ဆဲနေတဲ့အသံ ပီပီသသကြီးကို ကြားနေရတာ။

'ဟေ့ကောင်တွေ၊ စွတ်ပစ်မနေနဲ့ဦးဟ။ ငါပစ်ဆိုမှပစ်' တဲ့။

ရက်စက်မိုက်ရိုင်းချက်ကတော့ ကမ်းကုန်တာထက် ဟိုဘက်တောင်လွန်သေးဗျာ။ ဒါတင်ဘယ်ကဦးလဲဗျာ။ လမ်းဘေးမြောင်းထဲကနေ ခေါင်းထောင်အကြည့်မှာ ဒိုင်းခနဲ သေနတ်စာမိပြီး လန်ကျသွားတာကွာ။ လူအုပ်ကြီးအပြုံပြုံအလဲလဲ သွေးအလူးလူးနဲ့ မြင်ကွင်းတွေအစုံပေါ့။ ကျွန်တော်လား ခဲနဲ့ပစ်ရင်တောင်ရောက်တဲ့နေရာမှာဗျ။

အဲဒီနေရာရဲ့ တံတောင်ဆစ်ချိုးနေရာမှ အေးလေ - သေနတ်သံတွေဆူနေတော့ ကျွန်တော်လည်း ကျည်ကွယ်မျက်ကွယ်ရှာရတော့တာပေါ့။သတ္တိနည်းတယ်ပြောချင်လည်း ပြောလေတော့ဗျာ။ ကိုယ်ကဓားမတိုတောင် မပါတာ။ ဟိုကအတွဲလိုက်ဆွဲနေတာကို ရင်ကော့ဝင်သွားလောက်အောင်တော့ ကျွန်တော် သတ္တိမကောင်းဘူး။ ကျွန်တော် ဆက်သွယ်ရေး တာဝါတိုင်ထောင်ထားတဲ့ အဆောက်အအုံဘေးကို ပြေးကပ်နေလိုက်တယ်။

ယမ်းငွေ့တွေဖုံးနေတဲ့ ဆူးလေဘက်အခြေအနေကို လှမ်းကြည့်နေလိုက်တယ်။ လူအုပ်ကြီးဟာ ဟိုဟိုဒီဒီ ဘေးကင်းမယ်ထင်ရာကို စွတ်ပြေးနေကြတယ်ဗျ။ နေရာအနှံ့ကြည့်လေရာမှာ လူတွေ ပြေးလွှားနေကြတာကိုပဲ တွေ့နေရတယ်။ သေနတ်သံတွေလည်းဆက်တိုက်ကြားနေရတုန်း။

အဲ-အဲဒီအချိန်မှာပေါ့ဗျာ။ ကျွန်တော့်ဘေးကို ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ အဖြူအစိမ်းနဲ့ ဆယ့်ငါးနှစ်လောက်အရွယ်ကျောင်းသူလေးတစ်ယောက်ဟာ ပွန်းပဲ့စုတ်ပြတ်နေတဲ့ ဒဏ်ရာတွေနဲ့ ရောက်လာပါလေရောဗျာ။ သူက ကျွန်တော့်ကို အားကိုးတကြီး ပြောရှာတယ်။

"ဦးရယ် ကယ်ပါဦး။ ကျွန်မသူငယ်ချင်းကို သေနတ်ထိသွားပြီ"

သွေးတွေ၊ တံတောင်တွေ စုတ်ပြတ်ပြီး သွေးစို့နေတာကို သတိတောင်ထားမိပုံ မပေါ်ဘူးဗျာ။

'ဟိုမှာလဲနေတာ ကျွန်မ သူငယ်ချင်း' တဲ့။

လက်ညှိုးကို ဆူးလေဘုရားဘက်က ကတ္တရာလမ်းပေါ်ကိုထိုးပြနေတယ်။ ခြော် - အရေးအကြောင်းဆိုတော့ ငါဘာလုပ်ပေးနိုင်သလဲ၊ ဘယ်လိုအကြံပေးရင်ကောင်းမလဲ၊ ကျွန်တော်လည်း တတ်နိုင်သလောက်ဉာဏ်ကို အပြေးအလွှားထုတ်ရပါတော့တယ်။

ရုတ်တရက် ကျွန်တော့်ခေါင်းထဲမှာ အကြံရလာတယ်။

'ဒါနဲ့ ခဏနေဦး၊ မင်းတို့အထဲမှာ ကြက်ခြေနီအလံနဲ့ ကြက်ခြေနီအင်္ကျီပါလား'

လို့ မေးလိုက်တယ်။

သူတို့ကလည်း ချက်ချင်းပဲဗျာ။ အလံရော အင်္ကျီပါ ပါတယ်ဆိုပြီး ဘယ်က ယူလာမှန်းတော့ မသိလိုက်ဘူး။ အဆင်သင့်ဖြစ်နေတယ်ဗျာ။

'အဲဒါဆို ကြက်ခြေနီအလံထောင်လိုက်၊ နောက်ကြက်ခြေနီအင်္ကျီဝတ်ထားတဲ့ တစ်ယောက်က သူငယ်ချင်းကို သွားကောက်'

လို့ လူတတ်ကြီးလုပ်လိုက်ပါရော။ ကြက်ခြေနီအင်္ကျီဝတ်ထားတဲ့ ကလေးမလေးနှစ်ယောက်က ရှေ့က အလံကိုင်ထားတဲ့ ယောကျ်ားလေးတစ်ယောက်က နောက်က အပြေးတက်ပြီး သူတို့သူငယ်ချင်းကို တက်ဆွဲပါလေရောဗျာ။ သုံးယောက်စလုံး (၁၅) နှစ်ထက်မကျော်ဘူး။

အဲဒီပြေးထွက်သွားတဲ့ ကလေးတွေဆီကို ဝိုင်းပစ်လိုက်တဲ့ နားကွဲမတတ်ဆူညံတဲ့သေနတ်သံတွေ ထွက်လာပြန်ပါတော့တယ်ဗျာ။ ဘယ်လောက်ဝိုင်းပစ်နေကြသလဲဆိုရင် ကျွန်တော်ရှိတဲ့ဘက်ကို ပြန်ပြေးလာတဲ့ ကလေးနှစ်ယောက်ရဲ့ နောက်က ကတ္တရာလမ်းမျက်နှာပြင်ကို သေနတ်မှန်လို့ မီးပွင့်ပွင့်နေတာက ကျွန်တော် တွေ့နေရတယ်ဗျာ။

ကလေးတွေက ရှေ့ကပြေး၊ နောက်ကမီးပွင့်တွေက ထက်ကြပ်လိုက်နေတာဗျာ။ နောက်သတိထားလေ့လာလိုက်တော့ ဆက်သွယ်ရေးတာဝါတိုင်ပေါ်မှာ ဝမ်းလျားမှောက်ပြီး လမ်းပေါ်ကိုပစ်နေတဲ့ စစ်သားနှစ်ယောက်၊ သုံးယောက်ကို တွေ့နေရသဗျာ။

'တောက်' စစ်သားတဲ့ဗျာ။ အသက်ဆယ့်လေးငါးနှစ်အရွယ် ကြက်ခြေနီအလံနဲ့ အင်္ကျီဝတ်ပြီး လူနာကောက်ဖို့သွားတဲ့ကလေးတွေကို စိမ်ပြေနပြေပစ်နေလိုက်တာဗျာ။ ကျွန်တော်လည်း စစ်သမိုင်းတွေ၊ စစ်တပ်အကြောင်းတွေ ကြုံဖူးကြားဖူးပါရဲ့။ ဘယ်ကမ္ဘာဘယ်သမိုင်းမှာမှမရှိတဲ့ အာဂစစ်သားတွေပါပဲဗျာ။ လူတွေမှ ဟုတ်ကြသေးရဲ့လား။ စစ်တပ်ကိုတော့ တော်တော်ကို စိတ်ကုန်[illegible]ကောင်းတဲ့ အတွေ့အကြုံပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ယောက်က ကျွန်တော့်ဘေးနားကို ဘာဒဏ်ရာမှမရဘဲ ပြန်ရောက်လာတယ်ဗျာ။ တစ်ယောက်ကတော့ သေသလား၊ ရှင်သလား မသိတော့ပါဘူးဗျာ။ ကျူပ်လည်း ဒီကိစ္စကို တစ်သက်လုံး နောင်တရလို့ မဆုံးတော့ဘူးဗျာ။ အမှန်က ငါကိုယ်တိုင်တက်ဆွဲရမှာ။

မဟုတ်တဲ့နေရာမှာ လူတက်ကြီးလုပ်မိလို့ နောက်တစ်ယောက်ဘယ်လိုဖြစ်မှန်းမသိ ကြုံသွားရပြီလို့။ ကျွန်တော်သိထားတာက ကြက်ခြေနီအလံတို့၊ ကြက်ခြေနီဝန်ထမ်းတို့ဆိုရင် ကမ္ဘာစစ်ကြီးဖြစ်တာတောင် မပစ်ရမခတ်ရဘူးလို့ နားလည်ထားခဲ့လို့ ကျွန်တော် အကြံပြုမိတာပါဗျာ။ ကျွန်တော်ဗျာ ကြောက်နေတဲ့စိတ် ဘယ်ပျောက်သွားမှန်းမသိဘူး။ ဘေးက ကလေးတွေကြည့်ပြီး မျက်ရည်ကျလာတယ်။

သူတို့ကို (၃၁) လမ်းအတွင်းပိုင်းကို လက်ညှိုးညွှန်ပြီး ဘေးကင်းရာကို အမြန်သွားဖို့ အမူအရာပြလိုက်ရပါတော့တယ်။ ကျွန်တော်စကားမပြောနိုင်တော့ပါဘူးဗျာ။ ရင်ထဲမှာဆို့နေတယ်။ အခု ပြန်တွေးရင် အခုရင်ဆို့နေတုန်းဗျ။ ကျွန်တော်ဟာ ရှုတ်တရက် စိတ်ဖောက်ပြန်သွားသလားတောင် အောက်မေ့တော့တာပါပဲဗျာ။

လမ်းမပေါ်မှာ လူတွေရှင်းနေတဲ့အချိန် စစ်ကားတွေ၊ စစ်သားတွေက တစ်လမ်းချင်းရှေ့တက်ပြီး အတားအဆီးတွေ ဖယ်လိုက်၊ ရှေ့တစ်လှမ်းတိုးလာလိုက်လုပ်နေတဲ့အချိန်ကြီးမှာ ဆူးလေကနေ လှိုင်မြို့နယ်က ကျွန်တော့်အိမ်ရှိရာကို ခြေကျင်လျှောက်ပြန်နေပါတယ်။

နောက်က စစ်ကားတွေ၊ စစ်သားတွေ တရွေ့ရွေ့လိုက်နေတာကို ကျွန်တော်က တစ်လှမ်းချင်းခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ ပြန်လာနေတာပေါ့ဗျာ။ လမ်းပေါ်မှာက အတားအဆီးတွေ အများကြီးရှိနေတော့ ထင်သလောက်တော့ သူတို့မြန်မြန်ရှေ့မတိုးနိုင်တော့ ကျွန်တော့်ကို မမီနိုင်ဘူးပေါ့။ ကျွန်တော့်ကိုလိုက်ဖမ်းဖို့ဆိုင်ကယ်သိန်းဝင်းလား။ ဒီလောက်ဆိုတော့နေမှတော့ သူလည်း သူ့ဘာသာ ဖမ်းမှာပေါ့ဗျာ။ ကျွန်တော်လမ်းလျှောက်ပြန်နေတာဟာ အင်းစိန်လမ်းမကြီးအထိပဲဗျ။

ဟံသာဝတီအဝိုင်းထိ ဘာပြဿနာမှမရှိပေမယ့် အသံလွှင့်ရုံနားရောက်တော့ စစ်ကားအစီးရေတော်တော်များများရောက်နေပြီ။ ကျွန်တော့်လိုပဲ အင်းစိန်ဘက်ကို လျှောက်ပြန်နေတဲ့ လူတချို့လည်းရှိသေးဗျာ။ လမ်းမပေါ် လျှောက်ပြန်ကြတာတော့ ဘယ်ဟုတ်မလဲဗျ။ သစ်ပင်တွေ ကွယ်သွားလိုက်၊ လမ်းကြားတစ်ကြားထဲဝင်လိုက်၊ အခြေအနေကြည့်လိုက်ပြန်နေကြတာ။ လေးယောက်တစ်စု၊ ငါးယောက်တစ်စုတွေပေါ့။

တစ်မြို့လုံးဟာ ချောက်ချားစရာကောင်းလောက်တဲ့တိတ်ဆိတ်ခြင်းမျိုးနဲ့ တိတ်လို့ပေါ့ဗျာ။ နေ့လယ် (၂) နာရီလောက်ရှိနေပြီဗျ။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ဟံသာဝတီအဝိုင်းနားက စက်မှု (၁) ပြုပြင်ထိန်းသိမ်းရေးရုံးရေးတည့်တည့်ရောက်တော့ အပ်ချုပ်သင်တန်းဖွင့်ထားတဲ့ အိမ်ထဲမှာ ခဏခိုနေတဲ့ ကျွန်တော်နဲ့ ကျောင်းဆရာလုပ်ဖက် လှိုင်(၆)ရပ်ကွက် စိတ္တသုခလမ်းထဲက ဆရာကိုတင်မြင့်ကို တွေ့လိုက်ရတယ်။

သူလည်း တစ်ခုခုထိတ်လန့်နေတဲ့ပုံပဲ။ ဒါပေမယ့် သူက အမြဲတမ်းရယ်ကျဲကျဲလုပ်နေတော့ သိပ်မသိသာဘူး။ သူက ကျွန်တော်ကို လှမ်းခေါ်ပြီး ပုဆိုးကိုပေါင်ကြားနေရာဟာပြတယ်။

'ဟေ့ - ကိုသက်ခိုင်တဲ့။ ဒီမှာကြည့်ပါဦး' တဲ့။

ဟာ - ဘာများတုံး ဆိုပြီး သေချာကြည့်လိုက်တော့ ပုဆိုးကိုထုတ်ချင်းခတ်ပေါက်နေတဲ့ အပေါက်ကလေးနှစ်ပေါက်ဗျာ။ သူက လန့်နေတဲ့ကြားက စပ်ဖြဲဖြဲနဲ့။ ကံကောင်းလို့မသေတာဆရာရေတဲ့။ ကျွန်တော့်ဘေးကလူတွေတော့ အတော်များများ အတုံးအရုံး လဲကျကျန်ခဲ့ကြတာပဲတဲ့။

'ကျွန်တော်လည်း ကျည်ဆန်ပေါင်ကြားကိုဝင်ပြီး ပုဆိုးပေါက်သွားတာ မသိလိုက်ဘူး။ လွတ်ရာရောက်မှ ဘယ်နေရာထိသွားလဲ လျှောက်လှန်ကြည့်တော့ တွေ့တာဗျို့'

တဲ့။ တကယ့်ကို ကံကြီးတဲ့သူဗျာ။ အတော်ပဲဗျာ၊ သူနဲ့ ကျွန်တော် အဖော်ရသွားတာနဲ့ အခြေအနေကြည့်ပြီး ရှေ့ဆက်ချီတက်သွားကြတယ်။

လမ်းမပေါ် ဗျောက်တောက်လျှောက်ကြီး ချီတက်တာ ဘယ်ဟုတ်မလဲဗျာ။ ဘေးကင်းရာကင်းကြောင်းခိုးကြောင်ခိုးဝှက်နဲ့ ကျိုးကန်းတောင်းမှောက်မျက်လုံးတွေနဲ့ပေါ့။ ဇာတ်ပွဲထဲမှာ ချွတ်နင်းသလို သူခိုးသွားလေးပေါ့ဗျာ။ ဘယ်လိုအမိန့်မျိုးကို ဘယ်သူကပေးနေသလဲတော့ မပြောတတ်ဘူး။ ထူးဆန်းနေတာတွေ့ရပြန်ရော။

ဟံသာဝတီအဝိုင်းကို ကျော်လာတော့ အသံလွှင့်ရုံရှေ့မှာရပ်ထားတဲ့ စစ်ကားတွေက လမ်းတစ်ခြမ်းကိုပဲ နေရာယူထားတယ်။ တစ်ခြမ်းကို လွတ်ထားတယ်။ တချို့လူတွေသွားနေတာကိုလှမ်းမြင်နေရတယ်။ ခပ်ကြောက်ကြောက် စိုးရိမ်ထိတ်လန့်နေတဲ့ ပုံစံတွေနဲ့ပေါ့။ ကျွန်တော်နဲ့ ကိုတင်မြင့်လည်း အသံလွှင့်ရုံရှေ့ကနေ ခပ်သုတ်သုတ်ဖြတ်လျှောက်လာတော့ ပညာရေးတက္ကသိုလ်ရှေ့ရောက်လာတယ်။ အသံလွှင့်ရုံရှေ့ကနေ ခပ်သုတ်သုတ်ဖြတ်လျှောက်လာတော့ ပညာရေးတက္ကသိုလ်ရှေ့ရောက်လာတယ်။ အသံလွှင့်ရုံနဲ့ မားလွယ်ခုတ်လေ။

လိပ်ခုံးရှေ့လည်းရောက်ရောဗျာ ဆေးတက္ကသိုလ် (၁) နဲ့ ပညာရေးတက္ကသိုလ်ဝင်းထဲမှာ လေး၊ ငါးရာလောက်ရှိတဲ့လူတွေဗျာ။ ရရာ၊ တွေ့ရာပစ္စည်းတွေ ဝင်သယ်နေလိုက်ကြတာ။ ကျွန်တော်တော်တော် အံ့သြသွားတယ်။ ကျွန်တော်က ကျောင်းဆရာလူထွက်ဗျ။ ပညာရေးတော့ စိတ်ဝင်စားတယ်လေ။

ဒီအသံလွှင့်ရုံရှေ့က စစ်သားကိုယ်တော်ချောတွေက အပြစ်မဲ့ဆန္ဒပြတဲ့ လူအုပ်ကြီးကိုတော့ စွတ်ပစ်နေပြီး တက္ကသိုလ်ဝင်းကြီးတစ်ခုလုံးကို ဖြောင်းဆန်အောင်လုပ်နေတဲ့လူစုကျတော့ ဘေးမဲ့ပေးထားသဗျာ။

မှတ်ချက်- လူတွေအကျင့်စာရိတ္တပျက်စီးချင်သလောက်ပျက်စီးပါစေ။ ငါတို့အုပ်ချုပ်ရေးအာဏာကို မထိရင်ပြီးရော ဟူသော သဘောကား ထင်ရှားပေစွ။

ကျွန်တော်တော့ ညစ်နေ၊ ကြောက်နေတဲ့ကြားက ရင်ကျိုးမိတော့တာပါပဲဗျာ။ ဒီလိုတက္ကသိုလ်ကြီးမျိုးတစ်ခုဖြစ်လာဖို့ဆိုတာ လွယ်တဲ့အလုပ်မှ မဟုတ်တာ။ စက္ကူထုပ်တွေ၊ အဏုကြည့်မှန်ပြောင်းတွေ၊ ဗီရိုတွေ၊ အို - ရှိရှိသမျှအကုန်ဆိုပါတော့ဗျာ။ စစ်သားတွေက လှမ်းမြင်နေရတာ သေနတ်တစ်ချက်ဖောက်လိုက်ရင်တောင် တန့်သွားမှာကို ဘာမှမလုပ်ဘဲကြည့်နေသဗျာ။

ဘာလဲ - ခင်ဗျားက စစ်သားဆိုတာ အမိန့်နာခံရတယ်။ အသံလွှင့်ရုံလုံခြုံရေးယူထားတာမို့ ဆေးတက္ကသိုလ်နဲ့ ပညာရေးတက္ကသိုလ်ကို လှမ်းစွတ်ဖက်လို့ မရဘူး ပြောမလို့လား။ အဖြေက နောက်နာရီဝက်လောက်ကြာမှ ရှင်းသွား



www.burmeseclassic.com

www.burmeseclassic.com

တယ်ဗျာ။ လှည်းတန်းလမ်းကျော်ရောလမ်းဘေးဝဲ၊ ယာမှာ အထုပ်ကြီးအထုပ်ငယ်တွေနဲ့ နီးစပ်ရာစက်ရုံတွေက ပစ္စည်းမျိုးစုံ ထမ်းပိုးသယ်လာနေကြတဲ့ လူအုပ်ကြီးကို တွေ့ရပါလေရောဗျာ။ ပွဲတော်ကြီးကိုဖြစ်လို့။

ကျွန်တော်လည်း မနေနိုင်တော့တာနဲ့ စစ်တပ်လာ၍ ဘယ်လိုလုပ်မလဲလို့ နီးရာလူတစ်ယောက်ကို မေးလိုက်မိတယ်။ ဒီလူက ကျွန်တော့်ကို ခပ်ကြောင်ကြောင်ပြန်ကြည့်ပြီး စက်ရုံတွေကို စစ်တပ်ကဖွင့်ပေးထားခဲ့တာလေတဲ့။

ဩော် - ကျွန်တော်လည်း အဲဒီတော့ စစ်တပ်ဟာ အကွက်ကျကျစီမံပြီး မကြံကောင်းမစည်ရာ မလုပ်အပ်တဲ့ အလုပ်မျိုးကိုလုပ်နေပါလားလို့ ရိပ်မိလာပါတော့တယ်ဗျာ။ ခင်ဗျားက ကျွန်တော်မသေချာဘဲ ငွပ်စွဲတယ်ထင်နေလို့လား။ လှိုင်၊ အုတ်ကျင်း၊ သမိုင်း ဆိုတဲ့ နေရာတွေမှာလည်း တထေရာတည်း၊ တစ်ပုံစံတည်းပါပဲဗျာ။

သမိုင်းချည်မျှင်နဲ့ အထည်စက်၊ ဩပ္ပပစ္စည်းစက်ရုံ ထီးစက်၊ ဆပ်ပြာစက်ရုံ၊ ရှိရှိသမျှ စက်ရုံ အကုန်လျှောက်ဖွင့်ပေးပြီး လူထုကို မငြိမ်မသက်ဖြစ်အောင် လမ်းလွှဲကို လောဘနဲ့လိုက်အောင် စစ်တပ်က အသေအချာ စီမံကိန်းချခဲ့တာပေါ့ဗျာ။

ဘာလို့လဲ ဟုတ်လား။ လူတွေအဲဒီလိုလွယ်လွယ်ရတာတွေနောက်လိုက်ပြီး ခိုးနေဝှက်နေ၊ သယ်နေမှ သူတို့အာဏာသိမ်းတဲ့ကိစ္စ ရှောရှောရှုရှုဖြစ်မှာလေဗျာ။ အလကားရတဲ့ပစ္စည်းဆိုတော့ သူသူကိုယ်ကိုယ်လိုချင်ကြတာကလား။ ဒီတော့ တစ်ခေါက်နဲ့ မတင်းတိမ်၊ နှစ်ခေါက်နဲ့ မတင်းတိမ် အခေါက်ပေါင်းများစွာ သယ်ကြ၊ယူကြ။

ဘယ်လောက်များ ကမ်းကုန်အောင်ဖြစ်ကုန်ကြသလဲဆိုရင် ဆပ်ပြာစက်ရုံက ဆပ်ပြာချက်တဲ့ ဆီပီပါတွေဟာ အလုံးပေါင်း သောင်းချီရှိမယ်။ ဆီအပြည့်နဲ့နော်။ တစ်လုံးကို အဲဒီခေတ်ကတောင် သုံးသောင်းလောက်တန်မယ်။ ဒါတွေကိုဗျာ၊ လူတွေက ဆီအပြည့်နဲ့ မနိုင်တော့ ဆီတွေကိုစောင်းပြီးသွန်၊ ပီပါခွံတွေယူကြသဗျာ။

ပီပါအခွံကို တစ်ယောက်တစ်ယောက် နှစ်လုံး၊ သုံးလုံးလှိမ့်ပြီး တွန်းလာကြသဗျာ။ ပီပါခွံတစ်လုံး သုံးရာတဲ့။ ဆပ်ပြာတစ်သေတ္တာလေးရာတဲ့။ တိုင်းပြည်ပျက်အောင်ဖျက်ပြီး အာဏာရရင်ပြီးရော လုပ်လိုက်ကြတာဗျာ။ အခေါက်ပေါင်းများလာတဲ့အချိန်မှာ စစ်တပ်က အာဏာသိမ်းတာ တစ်စစအနိုင်ပြုလာ၊ အားသာလာတော့ စက်ရုံတွေကို မသမာသူတွေက ဖောက်ပါတယ်ဆိုပြီး ပစ်မိန့်လည်းပေးလိုက်ရော စိမ်ပြေနပြေစိတ်အေးလက်အေး သယ်လာတဲ့ သူတွေ သေနတ်မှန်ပြီး သေလိုက်ကြတာ သောက်သောက်လဲပေါ့ဗျာ။

ကျွန်တော်ကိုယ်တိုင်တောင် ဒေါ်ဂျစ်ကားတစ်စီးတိုက် အလောင်းတွေ သဖော့တောသုသာန်မှာ လိုက်မြှုပ်ပေးခဲ့ရသေးဗျာ။ အေးပေါ့ဗျာ၊ အာဏာလည်း သေချာသိမ်းနိုင်ရော အဲဒီစက်ရုံပေါင်းစုံအပျက်အစီးတွေကို တိဗွီရိုက်ပြီး ရုပ်မြင်သံကြားကနေ ဆုံးရှုံးရသမျှ ပြည်သူ့ဘဏ္ဍာဟာ စစ်တပ်လုပ်လို့ အကွက်ဆင်လို့ ဆုံးရှုံးကုန်တာဗျ။

ဤကား မင်းဒင်ရဲ့သက်ခိုင် စာအုပ်မှ ကောက်နုတ် ဖော်ပြချက်ပေတည်း။

**ပြန်မပြောပါနဲ့**

၁၃၇၄ ခုနှစ်ကပင် ဖြစ်သည်။

ကျွန်ုပ်သည် ဟိတ်ဟန်နှင့်နေလေ့မရှိ။ လွတ်လပ်ပေါ့ပါးစွာနေတတ်သည်။ ကျွန်ုပ်နှင့် တွေ့ရန်အတွက် အကပ်မလိုပေ။ လူတိုင်းဝင်တွေ့ခွင့်ရှိသည်။

ထို့ကြောင့် အလှူခံချင်သော၊လိမ်ချင်သောသူများသည် ကျောင်း၌ ကျွန်ုပ်ရှိမည့်အချိန်ကို အမြဲစုံစမ်းပြီးချောင်းနေတတ်ကြသည်။ အခွင့်အရေးရသည်နှင့် ကျွန်ုပ် ကျောင်းဆောင်လေးပေါ် တက်လာပြီး ငိုပြကာ အလှူခံကြတော့သည်။

ဆယ်ယောက်ဆိုလျှင် ခုနစ်ယောက်လောက်မှာ တကယ်အမှန်တကယ်ဖြစ်နေသောကြောင့် လိမ်သူသုံးယောက်ခန့်ကို သည်းခံပြီး တွေ့ခွင့်ပေးရတော့သည်သာ။ လိမ်သူသုံးဦးအတွက်နှင့် မှန်ကန်သူခုနစ်ဦး မနစ်နာစေချင်ပါ။ တစ်ရက်တွင် မသန်စွမ်းသော အသက်နှစ်ဆယ်အရွယ်ကောင်လေးတစ်ယောက် အခန်းအတွင်းဝင်လာပြီး ယခုကဲ့သို့ လျှောက်သည်။

"ဆရာတော်၊ တပည့်တော်က ပြည်ဘက်ကပါ ဘုရား။ ခြေထောက်နှစ်ဖက်ကတော့ မွေးရာပါချည့်နဲ့နေတာပါ"

"ဒါဆို ဆရာတော် ဆေးကုပေးရမလား"

"ဆေးကတော့ ကုလို့မရတော့ပါဘူးဘုရား။ တပည့်တော် ဆရာတော့်ရိပ်သာမှာနေခွင့်ပြုပါ။ တပည့်တော်လုပ်နိုင်မယ့်အလုပ်ကလေးတစ်ခုလည်းပေးပါ။ တပည့်တော်က ကြာကြာရပ်လို့မရသလို ကြာကြာလည်းလမ်းလျှောက်လို့မရပါဘူး။ ဒါကြောင့်ထိုင်ပြီးလုပ်လို့ရတဲ့ အလုပ်မျိုးဆိုရင် ပိုပြီးအဆင်ပြေပါတယ်"

"ဒကာလေးမှာ မိဘတွေမရှိတော့ဘူးလား"

"အမေ မရှိတော့ဘူး ဘုရား။ အဖေက နောက်အိမ်ထောင်ပြုထားတော့ မိထွေးနဲ့ပဲ နေရပါတယ်။ နောက်ထပ်ကလေးတွေထပ်ရတော့ မိထွေးက မသန်စွမ်းတဲ့ တပည့်တော်ကို ဘယ်စေတနာရှိတော့မှာလဲ ဘုရား။ ထမင်းတောင် ဝအောင်မကျွေးဘူး ဘုရား။ အဖေ အလုပ်သွားတဲ့အချိန်ဟာ တပည့်တော်အတွက် ငရဲခန်းပါပဲ ဘုရား။ နေ့တိုင်း အနှိပ်စက်ခံရပါတယ်"

ကျွန်ုပ် ခေါင်းကိုခေတ္တအလုပ်ပေးလိုက်သည်နှင့် ပုံနှိပ်တိုက်က ပေါ်လာသည်။ စာရွက်ခေါက်သောအလုပ်ဆိုလျှင် အဆင်ပြေနိုင်သည်။ ပုံနှိပ်တိုက်တာဝန်ခံ တူဖြစ်သူ ကိုဇော်ဝင်းထွန်းကို လှမ်းခေါ်လိုက်သည်။

"ဆရာတော် ခေါ်တယ်ဆိုလို့ ဘုရား"

"အေး-ဟုတ်တယ်။ ဒီဒကာလေးကို မင်းပုံနှိပ်တိုက်ထဲမှာ ထိုင်လုပ်ရတဲ့ အလုပ်တစ်ခုပေးလိုက်ပါ။ လစာလည်း ပိုပေးလိုက်ပါ။ နေရေး၊ စားရေးအပြင် အဝတ်အစားပါလုပ်ပေးလိုက်ပါ"

"စိတ်ချပါဘုရား၊ တပည့်တော် တာဝန်ယူလိုက်ပါမယ်။ အခုလောလောဆယ်တော့ ပုံနှိပ်တိုက်မှာပါ ယောဂီတွေပြည့်နေလို့ ဝေယျာဝစ္စလူငယ်တွေနဲ့ အတူထားလိုက်မယ်ဘုရား"

"အေး - ကောင်းတယ်"

ထိုကလေးရောက်လာပြီး နှစ်ရက်အတွင်းမှာပင် ပြဿနာတက်လေပြီ။ တူဖြစ်သူ မောင်ဇော်ဝင်းထွန်း ရောက်လာပြီး ယခုကဲ့သို့ လျှောက်သည်။

"ဆရာတော် တစ်နေ့က ကောင်လေး ထွက်ပြေးသွားပြီ ဘုရား"

"အေး - သူမနေချင်တော့လို့ နေမှာပေါ့"

"မဟုတ်ဘူး ဘုရား၊ ဝေယျာဝစ္စကောင်လေးနှစ်ယောက်ရဲ့ ဟန်းဖုန်းနှစ်လုံးနဲ့ ငွေသုံးသောင်းခွဲပါ ခိုးသွားတယ်ဘုရား"

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်စရာယဉ်ကျေးမှု

ရှင်ဥတ္တမဇေ(ဝင်ကိုင်း-ရွှေဘိုသား)

ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှုလေးအကြောင်းမပြောခင်မှာ ကွဲလွဲနေတဲ့ ယဉ်ကျေးမှုလေးတွေနဲ့ လူသားတို့ရဲ့ ကွာခြားတဲ့ ယဉ်ကျေးတဲ့ အပြုအမူလေးတွေအပေါ် မြင်တဲ့အမြင်လေးတွေကို အရင်ပြောပါရစေ။

ယဉ်ကျေးမှုဟာ အပြုအမူတွေ ကွဲလွဲကြပေမယ့် ကျေးရွာတိုင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ ဘာသာတိုင်းမှာရှိပါတယ်။ အပြုအမူတွေ ကွဲပြားကြတော့ သူတို့ရဲ့နိုင်ငံက ချစ်စရာအကောင်းဆုံး အပြုအမူဟာ ကိုယ်တို့နိုင်ငံမှာ ရိုင်းစိုင်းလှတဲ့အပြုအမူတွေဖြစ်နေတတ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ အယဉ်ကျေးဆုံး အပြုအမူတွေဟာလည်း သူတို့ရဲ့နိုင်ငံမှာ ရိုင်းစိုင်းတဲ့ အပြုအမူတွေ ဖြစ်နေပါတယ်။

ဒီနေရာမှာ စာရေးသူနဲ့ စာဖတ်သူ အတူတူသိမြင်တဲ့ ဥပမာလေးတစ်ခုကို စာရေးသူ တင်ပြပါဦးမယ်။ နည်းနည်းရိုင်းတယ်ဆိုရင် ခွင့်လွှတ်ပေးပါ။

အနောက်နိုင်ငံဇာတ်လမ်းတွေရဲ့ ဇာတ်ဝင်ခန်းတွေထဲမှာ သူငယ်ချင်းတွေ တွေ့တဲ့အခန်း၊ ချစ်သူတွေနဲ့ တွေ့တဲ့ အခန်းတွေဆို ပါးဖွေးဖွေးလေးကို နမ်းတယ်။ နှုတ်ခမ်းရဲရဲလေးကို နမ်းတယ်။ ဒါဟာ သူတို့နိုင်ငံမှာ ချစ်ခြင်းဖွဲ့သင်္ကေတ၊ ခင်မင်မှုသင်္ကေတ ယဉ်ကျေးမှုတစ်ရပ်ပါ။

သူတို့က နမ်းတဲ့ယဉ်ကျေးမှုအပြုအမူကို နေရာတိုင်းမှာ နေပူမရှောင်မိုးရွာမရှောင် ပြုကျင့်ကြပါတယ်။ သူစိမ်းလူရှိရှိ မရှိရှိ ပြုကျင့်ကြပါတယ်။

စာရေးသူတို့ရဲ့နိုင်ငံမှာလည်း နမ်းတဲ့အပြုအမူ ယဉ်ကျေးမှု ရှိပါတယ်။ မိဘတို့၊ သူငယ်ချင်းကို၊ ချစ်သူကိုတွေ့ကြတဲ့အခိုက်၊ ခွဲကြရတဲ့အခိုက်တွေမှာ ပါးဖွေးဖွေးလေးကို နမ်းကြပါတယ်။ အနောက်တိုင်းဇာတ်လမ်းတွေကြည့်ပြီး နှုတ်ခမ်းချင်းထိစပ်နမ်းကြတဲ့အကျင့်လည်း စာရေးသူတို့နိုင်ငံမှာ တော်တော်ကြီးထွန်းကားနေပါပြီ။ ဒါပေမယ့် လူမြင်သာတဲ့နေရာတွေမှာ ယဉ်ကျေးမှုကို ညစ်ထေးစေတဲ့ အပြုအမူဖြစ်လို့ များသောအားဖြင့် ရှောင်ကြဉ်ကြပါတယ်။ ဒါလေးက သူတို့နဲ့ ကွာခြားခဲ့ပါတယ်။

အဲဒီလို ရှောင်ကြဉ်ခဲ့လို့လည်း မြန်မာတွေနမ်းတာမမြင်ဘူးတဲ့ စာရေးဆရာကြီး ဂျော့ချ်အော်ဝဲလ်က သူ့ရဲ့ 'ဘားမိစ်ဒေး(စ်)' ဆိုတဲ့ စာအုပ်ထဲမှာ 'မြန်မာတွေဟာ ကစ်(စ်) (အနမ်း)မလုပ်တတ်ကြဘူး' လို့ ဖော်ကျူးခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရိုင်းတယ်လို့ ထင်ရတဲ့၊ ကိုယ့်နိုင်ငံ လူမျိုး ဘာသာနဲ့ မဆီလျော်တဲ့ အပြုအမူတွေကိုတော့ မပြုသင့်ပါဘူး။ သူတို့ရဲ့နိုင်ငံ လူမျိုး ဘာသာအနေနဲ့ ဘယ်လိုကြည့်ကြည့် ချစ်စဖွယ်ဖြစ်နေပေမယ့် ကိုယ့်နိုင်ငံ လူမျိုးအနေနဲ့တော့ ရွံစရာ၊ ရှက်စရာဖြစ်နေတတ်တဲ့အတွက် ချင့်ချိန်ပြီး အတုယူတတ်ဖို့ လိုနေပြန်ပါတယ်။

ဒါက စာရေးသူတို့ရဲ့ နိုင်ငံနဲ့ အ နောက်နိုင်ငံတွေရဲ့ နမ်းတဲ့ အပြုအမူချင်း တူပေမယ့် ရိုင်းစိုင်းတဲ့အပြုအမူကိုခံယူရတဲ့အတွက်၊ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ အတွက် မြန်မာအချင်းချင်း ကဲ့ရဲ့ချင်စဖွယ်ဖြစ်တဲ့အတွက် လူမြင်သာတဲ့နေရာမှာ မပြုကျင့်တာ ကွာခြားချက်ပါပဲ။ စာရေးသူတို့ရဲ့ နိုင်ငံအတွင်းမှာတောင် နေရာဌာနအားလျော်စွာ ကွဲလွဲတာလေးတွေ ရှိနေပါတယ်။ ဥပမာ ပြောရရင် ကျေးရွာတော်တော်များများရဲ့ ဘုန်းတော်ကြီးကျောင်းတော်တော်များများက ကျောင်းတော်ဝင်းထဲမှာ ဒကာ၊ ဒကာမများကို ဖိနပ်စီးခွင့်မပြုပါဘူး။ မြို့တွေက ဘုန်းတော်ကြီး ကျောင်းများကတော့ ကျောင်းဝင်းထဲမှာ ဖိနပ်စီးခွင့်ပြု ထားပါတယ်။

ကျေးရွာတွေမှာ ဘုန်းတော်ကြီးကျောင်းထဲ ဘာကြောင့် ဖိနပ်စီးခွင့်မပြုတာလဲဆိုရင် ဗိမ္ဗိသာရဘုရင်ကြီးကို ခြေဖဝါးတော်တွေကို ဓားနဲ့ခွဲခြမ်း ရက်စက်ခံခဲ့ရခြင်းရဲ့ အကြောင်းရင်းဟာ အတိတ်ဘဝတစ်ခုတုန်းက စေတီရင်ပြင်ပေါ်ကို ဖိနပ်မချွတ်ဘဲနဲ့ ဖြတ်နင်းတာကြောင့်ပါပဲ ဆိုတာကို သံဝေဂတရား သို့မဟုတ် သင်ခန်းစာအဖြစ် မှတ်ယူပြီး ကျင့်သုံးကြခြင်း ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

မြို့တွေက ဘုန်းတော်ကြီးကျောင်းထဲမှာ ဆရာတော်ဘုရားများက ဘာကြောင့် ဖိနပ်စီးခွင့်ပြုသလဲဆိုတာ အကြောင်းရင်းနှစ်ခု ရှိပါတယ်။ နံပါတ် (၁) အကြောင်းရင်းက ဖိနပ်မစီးဘဲ ကျောင်းဆောင်များပေါ်တက်ခဲ့ရင် ကျောင်းဆောင်များညစ်ထေးမည်စိုးတဲ့အတွက်ကြောင့်ပါ။နံပါတ်(၂)အကြောင်းရင်းက ဒကာ၊ ဒကာမများ ကိုယ်ဆင်းရဲဖြစ်မယ့်အရေးကို တွေးဆကာ ကရုဏာသက်ပြီး ဖိနပ်စီးခွင့်ပြုရခြင်း ဖြစ်ပါတယ်။

အဲဒီလို ကွာခြားနေကြတာဟာ နေရာဌာနမှာ တည်ရှိ သီတင်းသုံးကြသော ဆရာတော်ဘုရားများရဲ့ သွန်သင်မှုနဲ့ အမြင်ချင်းကွဲလွဲနေကြလို့ ဖြစ်ပါတယ်။ ဘယ်လိုပဲကွဲလွဲနေပါစေ မှားယွင်းမှုမရှိပါဘူး။ သူနေရာနဲ့သူ အံဝင်နေလို့ပါ။ ကွဲလွဲနေတဲ့ ယဉ်ကျေးမှုတွေအထဲမှာ ချစ်စရာကောင်းတဲ့ယဉ်ကျေးမှုလေးတွေ မိမိတို့ရဲ့ ဇာတိရွာမှာ တွေ့နေရပါတယ်။ ချစ်စရာကောင်းတဲ့ယဉ်ကျေးမှုလေးကို စတင် ပုံဖော်ထုဆစ်သူက ရွာဦးကျောင်းက ဆရာဘုန်းဘုန်းပါ။

ဆရာဘုန်းဘုန်းက နွေရာသီအတန်းကျောင်းတွေပိတ်တဲ့အခါ ဘုန်းတော်ကြီးကျောင်းမှာ ရွာမှ ကလေးသူငယ်များကို သင်ပုန်းကြီးတန်း၊ ယဉ်ကျေးမှုအခြေပြုတန်း၊ သုံးဆယ့်ရှစ်ဖြာတန်း၊ ယဉ်ကျေးမှုပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်အားဖြင့် ယဉ်ကျေးစေဖို့ လမ်းညွှန်လို့ ပုံဖော်ထုဆစ်ပေးပါတယ်။

က-ကာ-ကိ-ကီသင်ပုန်းကြီးတန်းကစလို့ ဆရာဘုန်းဘုန်းသင်ပြတဲ့ ဆုံးမစကားတွေဟာ တန်ဖိုးကြီးလှပါတယ်။ တစ်ဘဝစာအတွက်မဟုတ်ဘဲ သံသရာအတွက်ပါ ကောင်းမွန်သော လမ်းညွှန်ချက်နှင့်အတူ နေနည်းထိုင်နည်း စိတ်ငြိမ်းချမ်းရေးလေ့ကျင့်နည်းတွေ လမ်းညွှန်ပေးလို့ပါ။

၁၃၇၃ ခုရဲ့ သင်္ကြန်အကျနေ့။ ဆရာဘုန်းဘုန်းရဲ့ အဆုံးအမတွေအောက်မှ ချစ်စရာကောင်းတဲ့ယဉ်ကျေးမှုတစ်ခု ရွာသူရွာသားတွေရဲ့ နှလုံးသားမှာ ခိုအောင်း မြစ်တွယ်နေကြောင်း မိမိသိခွင့်ရခဲ့ပါတယ်။ ဆရာဘုန်းဘုန်းက ယဉ်ကျေးမှုအခြေပြုတန်းမှာ ယဉ်ကျေးဖွယ် အပြုအမူလေးတွေကို ကလေးသူငယ်တွေ နားဝင်ချိုအောင်၊ မှတ်မိလွယ်အောင် ဆောင်ပုဒ်လေးတွေနဲ့ သွန်သင်ဆုံးမပေးပါတယ်။ ဆောင်ပုဒ်လေးတွေထဲက ဆောင်ပုဒ်လေး (၂)ခုက မိမိတင်ပြလိုသော ချစ်စဖွယ်ယဉ်ကျေးမှုလေးတစ်ခု ဖြစ်လာခဲ့ရတာပါ။

ဆောင်ပုဒ်လေးတွေက -

၁။ *ကျောင်းကိုရောက်လျှင်*
*ဘုရားရှင်ကို ဦးစွာပထမရှိခိုးရ၏။*
၂။ *ထို့မှတစ်ဖန် ဦးပဉ္ဇင်းကိုပါ ရှိခိုးရာ၏တဲ့။*

၁၃၇၃ ခု၊ သင်္ကြန်အကျနေ့၌ မိမိတို့ရဲ့အနီးအနားက ရွာတစ်ရွာကို ဘုရားပွဲရှိလို့ ကြွသွားတာဖြစ်တဲ့အတွက် ရွာကျောင်းမှာ ဆရာဘုန်းဘုန်း မရှိသေးတဲ့အချိန် ရွာထဲက ကျောင်းသားတချို့ ဘုန်းတော်ကြီးကျောင်းထဲဝင်လာပါတယ်။ မိမိက ကျောင်းသားများ ဘာကိစ္စများရှိလို့လဲဆိုတဲ့စိတ်နဲ့ ကျောင်းသားများကို အာရုံစိုက်ကြည့်နေမိပါတယ်။ ကျောင်းဝင်းထဲက ထုံးဖြူဖြူစေတီကို ကျောင်းသားများ ရှိခိုးကြပြီး -

"ဘုန်းဘုန်း ဘယ်ကြွသွားလဲဘုရား"

လို့ မေးပါတယ်။

မိမိကလည်း ဘုန်းဘုန်း ဘုရားပွဲကြွသွားကြောင်း ဖြေလိုက်ပါတယ်။

အဲဒီအခါ ဆရာဘုန်းဘုန်းမရှိမှန်းသိသော်လည်း ဆရာဘုန်းဘုန်း သီတင်းသုံးနေကျ ကျောင်းတော်ကြီးဘက်ကို ဒူးတုပ်လက်အုပ်ချီပြီး ရှိခိုးနေကြပါတယ်။ ပြီးတော့ မိမိကို ရှိခိုးပါတယ်။ မိမိက သူတို့ဘာကိစ္စနဲ့ ကျောင်းကို လာသလဲဆိုတာ မမေးမိပါဘဲ ဆရာဘုန်းဘုန်းမရှိတဲ့ ကျောင်းတော်ကြီးဘက်ကို ဆရာဘုန်းဘုန်းရှိနေသလို မှန်းဆဖူးမြော်ပြီး ဦးတိုက်ရှိခိုးနေကြတာကို ကြည့်ပြီး ရင်ထဲမှာ ပီတိဖြစ်နေမိပါတယ်။

သွန်သင်ဆုံးမတဲ့ဆရာဘုန်းဘုန်းရဲ့ ကျေးဇူးတရားကိုလည်း စိတ်ထဲမှာ အလိုလို မှန်းဆဦးတင်မိပါတယ်။ အဲဒီယဉ်ကျေးမှုဟာ မိမိတို့ရွာရဲ့ ယဉ်ကျေးတဲ့အပြုအမူတွေထဲက ချစ်စရာ့ယဉ်ကျေးမှုလေးတစ်ခုပါပဲ။ အခြားရွာတစ်ရွာမှာလည်း ဒီလိုချစ်စရာယဉ်ကျေးမှုလေးတစ်ခု မိမိတွေ့ခဲ့ရပါသေးတယ်။

တစ်ခါက မိမိတို့ညီအစ်ကိုနှစ်ယောက်နဲ့ ဦးလေးတစ်ယောက်ပါ။ အထက်ပိုင်း ကောလင်းဘက်ကို ထွက်လာခဲ့ပါတယ်။ ရွှေဘို- မြစ်ကြီးနားကားလမ်းမကြီးအတိုင်း ထွက်လာခဲ့တာပါ။ လမ်းဘေးနားက ရွာတစ်ရွာရဲ့ ရွာအဝင်လမ်းတစ်ခုရဲ့ အဝင်ပေါက် တမာပင်အောက်မှာ ကလေးနှစ်ယောက် ထိုင်နေတာ လှမ်းမြင်နေရပါတယ်။ ကလေးနှစ်ယောက်ကလည်း ခရီးသည်များဖြစ်တဲ့ မိမိတို့ကို တွေ့လိုက်တယ်ဆိုရင်ပဲ လက်အုပ်လေးတွေချီမလို့ ရှိခိုးနေကြတာဟာ ယခုအချိန်အထိ မိမိရဲ့ရင်ထဲမှာ စွဲစွဲလမ်းလမ်း ချစ်နေခဲ့မိပါတယ်။

တကယ်ဆို ကလေးတို့ရဲ့အနားမှာ ငေါက်မယ့်သူ မရှိပါဘူး။ ရိုက်မယ့်သူ မရှိပါဘူး။ ကလေးတို့သဘာဝအတိုင်း မသိဟန်ပြုပြီး ဆော့ချင်ဆော့နေလို့ရပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ဖြူစင်လှတဲ့နှလုံးသားမှာ 'ရဟန်းတော်တွေ့ရင် ရှိခိုးရမယ်' လို့ဆိုတဲ့ ယဉ်ကျေးမှုကို ပုံဖော်ထုဆစ်သူဆရာရဲ့ အဆုံးအမဟာ တည်ရှိကိန်းဝပ်နေတာကြောင့် ချစ်စရာ့ယဉ်ကျေးမှုအပြုအမူကိုပြုလိုက်တာ ဖြစ်ပါတယ်။

ယဉ်ကျေးတဲ့ အပြုအမူလေးကို ချစ်တဲ့စိတ်နဲ့အတူ ခရီးစဉ်တစ်လျှောက်လုံး ဒီကလေးတွေဟာ ဘယ်ရွာကလဲ၊ သူတို့လေးတွေရဲ့ ဆရာဟာ ဘယ်သူလဲလို့တွေးနေမိပါတယ်။ ကြည်ညိုလေးစားမိပါတယ်။ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလိုပါပဲ။ တစ်ရွာမှာ ချစ်စရာ့ယဉ်ကျေးမှုလေးတွေ အတုယူစရာအဖြစ် တစ်ခုစီရှိနေကြတာတော့ အမှန်ပါပဲ။ ဘာသာတိုင်း၊ လူမျိုးတိုင်း၊ မြို့ရွာတိုင်းမှာ ချစ်စရာယဉ်ကျေးမှုလေးတွေ ရှိပါတယ်။ ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအနေနဲ့ဆို ချစ်စရာကောင်းပေမယ့် သူတို့နိုင်ငံ၊ သူတို့လူမျိုး၊ သူတို့ဘာသာအတွက်တော့ မုန်းတီးရွံရှာဖွယ်လေးတွေဖြစ်နေတတ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့နိုင်ငံ၊ လူမျိုး၊ ဘာသာနဲ့ အမှန်တကယ် ချစ်စရာဖြစ်တဲ့ လူကြီးသူမတွေနဲ့ လမ်းမှာတွေ့ရင် ခါးကုန်း၊ ခေါင်းငုံ့ရမယ်။ ဘုန်းကြီးကျောင်းရောက်ရင် ဘုရားနဲ့ သံဃာကိုရှိခိုးရမယ်။ အားငယ်သူကို အားပေး၊ လဲသူကို ဆွဲထူဖေးမရမယ် စတဲ့ ချစ်စရာယဉ်ကျေးမှုလေးတွေဆိုရင်တော့ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်ဌာနမှာပဲဖြစ်ဖြစ် ပြုကျင့်ရင် ချစ်စရာကောင်းမှာ အမှန်ပါပဲလို့ တိုက်တွန်းစကားဆိုရင်းဖြင့် နိဂုံးသတ်ပါရစေ။

*သတ္တဝါတိုင်းယဉ်ကျေးကြပါစေ*

ရှင်ဥတ္တမဓဇ (စစ်ကိုင်း-ရွှေဟသံ်)



www.burmeseclassic.com

www.burmeseclassic.com

သုတေသ

မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ခြေရာတော်လမ်းမှသည်

# လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး သမိုင်းမော်ကွန်း ❼

## ခေါင်းစားရသောခေါင်းတော်ကြီးများ

“လေးကျွန်းစကြာရုပ်တော်မူဘုရားကြီးခေါင်းတော်နဲ့ မျက်နှာတော်ကို ပုံဖော် တည်ဆောက်ရာမှာ အခက်အခဲတွေ အမျိုးမျိုးကြုံခဲ့ရသလိုပဲ။ လျောင်းတော်မူကြီးရဲ့ ခေါင်းတော်ကြီးကို ပုံဖော်တည်ဆောက်တုန်းကလည်း ဆရာတော်ရော ကျွန်တော်တို့ မိသားစုပါ တော်တော်လေးခေါင်းစားခဲ့ကြရပါတယ်”


လို့ ကိုမျိုးမြင့် (ဦးစိန်ဝင်း + ဒေါ်ကြည်သန်း-မုံရွာ) က အခုလို ပြောပြခဲ့ဖူးပါတယ်။

## ခေါင်းပွခေါင်းတော်ကြီး


ဆရာတော်က လျောင်းတော်မူကြီးရဲ့ ခေါင်းတော်ကို အပွလုပ်ချင်တယ်လို့ အဖေ့ကိုပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ ဘိုးလှိုင် (ဦးတင်လှိုင် သံပန်းတံခါး - မုံရွာ) နဲ့ တိုင်ပင်ကြပြီး ကျွန်တော်တို့အိမ်ဝင်းထဲမှာ ဘိုးလှိုင်ရဲ့အလုပ်သမားတွေနဲ့ ခေါင်းတော်ကြီးကိုဆင်ကြတယ်။ ဆရာတော်ကလည်း သူကိုယ်တိုင် အိမ်ကိုမကြာခဏကြွလာပြီးကြည့်



ကြိမ်ခေါင်းတော်ကြီး



ရှင်ပင်ပက်လက်ကြီး မျက်နှာတော် ဖိုင်ဘာသောင်းရန် ပြုပြင်မွမ်းမံ





တည်ဆောက်ဆဲ ရှင်ပင်ပက်လက်ကြီး




www.burmeseclassic.com

www.burmeseclassic.com


နှုတ်ခမ်းတော်(ရုပ်တော်မှုဘုရားကြီး)


ဆံလုံးတော်များ (ရုပ်တော်မှုဘုရားကြီး)


ဆရာတော်ကြီး အနီးကပ် ကြီးကြပ်လမ်းညွှန်


ကိုမျိုးမြင့် (မုံရွာ)


ကိုထူမင်း (Golden Hawks International)(လက်ယာအစွန်ဆုံး)

တယ်။

ပထမဆုံး ဘောလုံးများကိုပေါ့။ (၈) လွှာပိုင်းပြီး သံချည်သံကွေးနဲ့ ရက်တယ်။

အတွင်းက ထောက်တွေခံ၊ ဖျာကြမ်းတွေကပ်ပြီး အပြင်က အင်္ဂတေမံတယ်။ အချောကိုင်တယ်။ အဲဒီအင်္ဂတေမံထားတဲ့ ခေါင်းတော်ပွကြီးကို (၆၄) ခြမ်း ခြမ်းပြီး အခြမ်းလိုက်အခြမ်းလိုက် အပေါ်ကို တင်တယ်။ အပေါ်ရောက်တော့မှ အခြမ်းတစ်ခုနဲ့တစ်ခုကို ဘိုးနပ်စုပ်ပြီး ဆက်ယူတယ်”


မျက်လုံးတော်ကျတော့ စက်မှု(၁) ဝန်ကြီး ဗိုလ်ချုပ်စိန်အောင်နဲ့ ဦးအောင်ပို (အိမ်ဖြူတော် ဗုဒ္ဓရွှေကျောင်းဒကာ ဦးမှတ်ဝင်း၏သား) တို့က တာဝန်ယူပြီး စကျင်မျက်လုံးတော်ကြီး အကောင်းစားကို လုပ်ပေးခဲ့တယ်။


ဒါပေမယ့် အဲဒီ စကျင်မျက်လုံးတော်တစ်စုံက (၃) တန်တောင်လေးနေတယ်။ ဒါကြောင့် တကယ်တမ်းကျတော့ ခေါင်းပွခေါင်းတော်ဟာ မျက်လုံးတော်တစ်စုံရဲ့ ဝိတ်ကို မခံနိုင်ဘူးဆိုတာ သွားတွေ့ရတယ်။ ဒါနဲ့ စကျင်ကျောက်မျက်လုံးတော်အစား ကားနံပါတ်ရေးတဲ့ ဖိုင်ဘာပြားကိုမီးနဲ့ကွေး၊ ဆေးအဖြူအမည်းအရောင်ခြယ်ပြီး မျက်လုံးတော်အသစ်တစ်စုံကို အမေက (ဒေါ်ကြည်သန့်) အစားထိုးလုပ်ပေးခဲ့ရတယ်။ ပျော်င်းတော်မူကြီးရဲ့ စကျင်ကျောက်မျက်လုံး




www.burmeseclassic.com

www.burmeseclassic.com









ရုပ်တော်မှုဘုရားကြီး မျက်နှာတော်အဆင့်ဆင့်

တော်ကြီးတစ်စုံက သိမ်ရဲ့ရှေ့မှာ ခုထိ ရှိနေပါတယ်။

**ခေါင်းပွခေါင်းတော်ကြွခိုင်ရေး**

ကိုမျိုးမြင့်လိုပဲ လျောင်းတော်မူကြီးရဲ့ ခေါင်းတော်ကြီးအတွက် လိုအပ်တဲ့ ကြံ့ခိုင်ရေးလုပ်ပေးခဲ့ရပုံတွေကို ဗုဒ္ဓရွှေကျောင်းဒကာ ဦးမှတ်ဝင်းရဲ့ သား ဦးအောင်ပို(အိမ်ဖြူတော်)ကလည်း အခုလို ပြောပြခဲ့ပါတယ်။

တစ်နေ့သောအခါမှာ ဦးအောင်ပိုက ဆရာတော်ကြီးကို အခုလို လျှောက်ထားခဲ့ပါတယ်။

"ဆရာတော်၊ တပည့်တော် လျောင်းတော်မူကြီးပေါ်ကို တက်ကြည့်တယ်။ လူ (၆) ယောက်တက်တာနဲ့ ခေါင်းတော်ကြီးက လှုပ်နေတယ်။ ဒါကြောင့် ခေါင်းတော်ကြီးကို အခုထက် ပိုမိုခိုင်ခံ့အောင်လုပ်ဖို့ လိုပါလိမ့်မယ်ဘုရား"

အဲဒီအခါမှာ ဆရာတော်ကြီးက-

"အေး-မင်းပြောတာဟုတ်တယ်။ ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ ငါလည်း စဉ်းစားနေတယ်"

လို့ မိန့်ခဲ့တယ်။

ဒါနဲ့ နောက်ဆုံးမှာ ဦးအောင်ပိုဟာ ဘုတလင်မြို့က သံချည်သံကွေး သံဂဟေကျွမ်းကျင်သူ ကိုရဝေနဲ့ ကိုဆိတ်တင်တို့ (၂) ဦးကို ခေါ်လာခဲ့ပြီး လျောင်းတော်မူ ခေါင်းတော်ကြီး ကြံ့ခိုင်အောင် သူကိုယ်တိုင် ဦးစီးလုပ်ဆောင်ပေးခဲ့ရတယ်လို့ ဆိုပါတယ်။

**လျောင်းတော်မူမှသည် ရုပ်တော်မူကြီးသို့**

လျောင်းတော်မူကြီးရဲ့ခေါင်းတော်ကြီးအကြောင်း ကိုမျိုးမြင့်နဲ့ ဦးအောင်ပိုက ပြောပြခဲ့သလို ဦးဝိစိတ္တ (နာယကဆရာတော်) ကလည်း ရုပ်တော်မူကြီးရဲ့ ခေါင်းတော်ကြီးအကြောင်းကို အခုလို မိန့်ခဲ့ပါတယ်။

"ဒကာကြီးရေ၊ စွန်ကုန်း (တရုတ်အင်ဂျင်နီယာ)က သူတရုတ်ပြည်မပြန်ခင် ရုပ်တော်မူကြီး ခေါင်းတော်အထိုင်အောက်ခံသံဖရိန်ကြီးတစ်ခုကို လုပ်ပေးခဲ့တယ်။ တကယ်တော့ ကုမ္ပဏီနဲ့စာချုပ်တဲ့ အထဲမှာ ခေါင်းတော်ပိုင်းမပါဘူး။ လည်ပင်းအထိပဲ။

စွန်ကုန်းက ဆရာတော်ကို ကြည်လည်း ကြည်ညို၊ သနားလည်း သနား၊ သံယောဇဉ်လည်းဖြစ်ပြီး သူစိတ်ကူးနဲ့သူ လုပ်ပေးခဲ့တာ။ ခေါင်းတော်ကြီးကို အင်္ဂတေနဲ့လုပ်မယ်ဆိုတဲ့ မူလအစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com

အရ စွန်ကုန်းက ခေါင်းတော်ကြီးရဲ့ ဝိတ်ကို ခံနိုင်မယ့် အောက်ခံသံဖရိန်ကြီးကို အခိုင်အခံ့လုပ်ခဲ့တာပဲ။ ဒါပေမယ့် အင်္ဂတေခေါင်းကြီး မလုပ်ဖြစ်တော့ဘဲ ဖိုက်ဘာခေါင်းကြီးလုပ်မယ့် အစီအစဉ် ပြောင်းသွားတော့ သူလုပ်ပေးခဲ့တဲ့ အောက်ခံသံဖရိန်ကြီးနဲ့ အဆင်မပြေတော့ဘူးပေါ့။

ဆရာတော်ရဲ့ ပထမစိတ်ကူးက ခေါင်းတော်ကြီးကို ကြိမ်နဲ့ ရုပ်လုံးဖော်မယ်။ သံချည်သံကွေးရက်ပြီး အင်္ဂတေခံမယ်။ ပြီးတော့ တစ်ပိုင်းစီခြမ်းပြီး အပေါ်တင်မယ်။ အပေါ်ရောက်တော့မှ ပြန်ဆက်မယ်ပေါ့။ အဲဒီလို စိတ်ကူးပြီး ကျော်ဝင်းကို ကြိမ်နဲ့ခေါင်းတော်ကြီးလုပ်ခိုင်းခဲ့တာ။ တကယ်လက်တွေ့ကျတော့ အဲဒီလိုလုပ်ရင် မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ်နဲ့ ဆရာတော်ရော၊ ဒကာ၊ ဒကာမတွေရော၊ ပညာရှင်တွေပါ အငြင်းပွားပြီး ခေါင်းစားကြတော့တာပေါ့ ဒကာကြီးရာ"


ကိုမျိုးမြင့်၊ ဦးအောင်ပိုနဲ့ ဦးဝိစိတ္တတို့ (၃) ဦးပြောစကားတွေကို ကြောင်းကျိုးဆက်ပြီး ကြည့်လိုက်တော့မှ -

ဆရာတော်ကြီးဟာ ရပ်တော်မူဘုရားကြီးရဲ့ ခေါင်းတော်ကြီးကို လျောင်းတော်မူခေါင်းတော်ကြီးလုပ်ခဲ့တဲ့ နည်းစနစ်အတိုင်းလုပ်ဖို့ စိတ်ကူးရှိနေဟန်တူကြောင်း ထင်မှတ်ရပါတယ်။

**အင်္ဂတေခေါင်းတော်၊ ကြေးပြားခေါင်းတော်မှသည် ဖိုက်ဘာခေါင်းတော်သို့**

ခေါင်းတော်ကြီးနဲ့ မျက်နှာတော်ကို ပုံဖော်ရာမှာ သမားရိုးကျနည်းအတိုင်း အင်္ဂတေနဲ့လုပ်ဖို့ ပထမစိတ်ကူးကြပါတယ်။ အဲဒီလိုလုပ်ခဲ့ရင် ခေါင်းတော်ကြီးရဲ့အလေးချိန်ဟာ အဆမတန်များသွားမယ်။ အဲဒီလောက်လေးတဲ့ ခေါင်းတော်ကြီးနဲ့ မျက်နှာတော်အလေးချိန်ကို ရပ်တော်မူဘုရားကြီးရဲ့ အောက်ဘက် ကိုယ်လုံးတော်ပိုင်းက ခံနိုင်ပါ့မလား ဆိုတာ စဉ်းစားစရာ ဖြစ်လာပါတယ်။

အဲဒီလိုဆိုရင် မျက်နှာတော်ကို ကြေးပြားနဲ့လုပ်မယ်ဆိုပြီး စိတ်ကူးကြပြန်တယ်။ ကြေးပြားတွေ ရဖို့အတွက် ဦးအောင်ပို (အိမ်ဖြူတော်ဗုဒ္ဓရွှေကျောင်း ဒကာ ဦးမှတ်ဝင်း၏ သား) က ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဦးကျော်ခင် (စင်ကာပူ) နဲ့ အဖွဲ့ကလည်း ကြေးပြားတွေ ဝယ်ယူလှူဒါန်းဖို့အတွက် သီလရှင်




ရပ်တော်မူဘုရားကြီးမျက်နှာတော်အဆင့်ဆင့်



www.burmeseclassic.com

www.burmeseclassic.com


ဆရာကြီး (စင်ကာပူ)နဲ့ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ ကြေးပြားနဲ့လုပ်မယ်ဆိုတဲ့သတင်းကြားတာနဲ့ ဆရာတော်ကြီးရဲ့ ဒကာ၊ ဒကာမတွေဟာ သူတို့မှာရှိတဲ့ ကြေးအိုး၊ ကြေးခွက်၊ ကြေးထည်ပစ္စည်း အမျိုးမျိုးကို လာရောက် လှူဒါန်းခဲ့ကြပါတယ်။ အဲဒီကို ကြေးပြားနဲ့လုပ်မယ်ဆိုပြီး တွက်ချက်ကြည့်တဲ့အခါမှာ အင်္ဂတေနဲ့ လုပ်သလိုပဲ အလေးချိန်အဆမတန်ပိုလာမယ့်အပြင် အချိန်ကြန့်ကြာမယ်ဆိုတာကို တွေ့ရှိလာပါတယ်။ အဲဒီလိုမပြတ်မသား၊ လိပ်ခဲတည်းလည်း အခြေအနေမျိုးမှာ 'ဖိုက်ဘာနဲ့လုပ်ရင် ရနိုင်တယ်' ဆိုတဲ့ အယူအဆနဲ့ ဖိုက်ဘာနည်းပညာဟာ ပြန်လည် အသက်ဝင်လာခဲ့ပါတယ်။



## ဒေါက်တာဂျိုးနှင့် ညီတော် ဦးမောင်မောင်စိုး

'ဖိုက်ဘာနဲ့လုပ်ရင် ရနိုင်တယ်။ အဆင်ပြေနိုင်တယ်'


ဆိုတဲ့ အယူအဆနဲ့ ဖိုက်ဘာနည်းပညာကို အကြံပြုလျှောက်ထားဖူးခဲ့သူ (၂) ဦးကတော့ ချောင်းဦးမြို့ဆရာတော်ကြီးရဲ့ဒကာရင်း ဒေါက်တာဂျိုးနဲ့ သူညီ ဦးမောင်မောင်စိုး(ဖိုက်ဘာပညာရှင်)တို့ဖြစ်ပါတယ်။ ရပ်တော်မူဘုရားကြီး တည်ဆောက်စဉ်ကာလ စောစောပိုင်းကပဲ ဒေါက်တာဂျိုးနဲ့ ဦးမောင်မောင်စိုးတို့က လျှောက်ထားခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအကြံပြုချက်ဟာ အကောင်အထည်ပေါ်မလာခဲ့ပါဘူး။ ခေါင်းတော်ကြီးနဲ့ မျက်နှာတော်ကို ပုံဖော်တည်ဆောက်ရာမှာ အထက်မှာ ပြောခဲ့သလို အခက်အခဲတွေကြုံလာတဲ့အချိန်ရောက်တော့မှ ဖိုက်ဘာနည်းပညာဟာ ပြန်လည် အသက်ဝင်လာတယ်လို့ ဆိုရပါမယ်၊



## မလေးတာတန်ကင်စွန်းနှင့် ဦးမောင်မောင်စိုး

ခေါင်းတော်ကြီးနဲ့ မျက်နှာတော်ပုံဖော်တည်ဆောက်တဲ့နေရာမှာ အခက်အခဲတွေရှိနေကြောင်း ဒေါက်တာဂျိုးကတစ်ဆင့် ဦးမောင်မောင်စိုး သိရှိခဲ့ပါတယ်၊ ဒါကြောင့် ဦးမောင်မောင်စိုးဟာ အဲဒီအခက်အခဲကို ပါဝင်ကူညီဖြေရှင်းပေးလိုတဲ့အတွက် သူရဲ့မိတ်ဆွေလည်းဖြစ်၊ သူ့ရဲ့ဖိုက်ဘာပညာဆရာလည်းဖြစ်တဲ့ တရုတ်လူမျိုး မလေးရှားနိုင်ငံသား မစ္စတာတန်ကင်စွန်းနဲ့အတူ ဆရာတော်ကြီးဆီကို ရောက်ရှိလာကြပါတယ်။

ဖိုက်ဘာပညာရှင်ဖြစ်တဲ့ ဦးမောင်



နောက်ဖေးတော်နှင့် ကျိုက်ထီးရိုးစေတီ



www.burmeseclassic.com

www.burmeseclassic.com

မောင်စိုးက သူနဲ့ မစ္စတာတန်ကင်စွန်းတို့ ဘယ်လိုပါဝင်ကူညီခဲ့ရပုံတွေကို အခုလို ရှင်းပြခဲ့ပါတယ်။

"ရုပ်တော်မူဘုရားကြီး တည်ဆောက်တဲ့ စောစောပိုင်းကာလမှာ အစ်ကိုကြီးကိုဂျိုးက ကျွန်တော့်ဆီ အကြံဉာဏ်တောင်းခဲ့ဖူးတယ်။ ဒါနဲ့ ကျွန်တော်က ဖိုက်ဘာနည်းပညာနဲ့ ဖိုက်ဘာကိုသုံးပြီး ရုပ်တော်မူဘုရားကြီးတစ်ခုလုံးကို ပုံဖော်ရနိုင်ကြောင်း ပြောပြခဲ့တဲ့အပြင် နမူနာဖိုက်ဘာအပိုင်းအစတစ်ခုကိုလည်း ကိုဂျိုးကတစ်ဆင့် ဆရာတော်ကြီးကို ဆက်ကပ်ခဲ့ဖူးပါတယ်။

အဲဒီအပြင် ဖိုက်ဘာရဲ့ဂုဏ်သတ္တိတွေကိုလည်း ကျွန်တော် ရှင်းပြခဲ့ဖူးပါတယ်။ ကြုံတုန်းမှာ ဦးကိုလည်း ဖိုက်ဘာအကြောင်း နည်းနည်းပြောပြချင်ပါတယ်။


ဖိုက်ဘာပြားမှာ LAYER ဆိုတဲ့ အထပ်တွေဟာ (၁)ထပ်၊ (၂) ထပ်၊ (၃) ထပ် စသဖြင့် အထပ်တွေရှိပါတယ်။ တစ်ထပ်ပြီးတစ်ထပ် တစ်ခုပေါ်တစ်ခု ကြိုက်သလို တပ်လို့ရပါတယ်။ အတပ်များလေ ပိုပြီးတော့ ခံနိုင်ရည်ရှိလေပဲ။ အချို့ ပင်လယ်ကူးသင်္ဘောတွေ တည်ဆောက်ရာမှ (၆) ထပ်၊ (၇) တပ်ရှိတဲ့ ဖိုက်ဘာတွေကို သုံးကြပါတယ်။ လှိုင်း၊ လေ၊ သံချေးဒဏ်ကို ဖိုက်ဘာက သံထက်ပိုခံနိုင်ရည်ရှိပါတယ်။ သတ္တုနဲ့လုပ်တဲ့ လေယာဉ်ပျံတက်မတွေကိုလည်း နောက်ပိုင်းမှာ လေဒဏ်၊ မိုးဒဏ်ခံနိုင်ရည်ရှိတဲ့ ကာဗွန်ဖိုက်ဘာနဲ့ အစားထိုးလုပ်ခဲ့ကြပါတယ်။ ဦးကို ကျွန်တော် အခုရှင်းပြသလို ဖိုက်ဘာရဲ့ဂုဏ်သတ္တိတွေကို ဆရာတော်ကြီးကို ရှင်းပြခဲ့ပါတယ်။ ပြီးတော့ ဆရာတော်ကြီး လက်တွေ့မြင်ရအောင်ဆိုပြီး ဆရာတော်ကြီးရဲ့ရှေ့မှာပဲ အုတ်ခွက်ဘုရားတစ်ဆူကို ဖိုက်ဘာရည်လောင်းပြီး ဖိုက်ဘာရုပ်ပွားတစ်ဆူ လုပ်ပြခဲ့ပါတယ်။ အဲဒီဖိုက်ဘာရုပ်ပွားလေးကို ထုရိုက်ပြပါတယ်။ လုံးဝကွဲခြင်း၊ အက်ခြင်း မရှိနိုင်ကြောင်းကိုလည်း လက်တွေ့ပြသခဲ့ပါတယ်။ အဲဒီမှာတင် ရုပ်တော်မူကြီးရဲ့ခေါင်းတော်နဲ့မျက်နှာတော်ကို ဖိုက်ဘာနဲ့ ပုံဖော်တည်ဆောက်မယ်ဆိုတဲ့ ဆရာတော်ကြီးရဲ့ ဆုံးဖြတ်ချက်ကို ရခဲ့ကြပါတယ်"

**လုပ်ငန်းစပြီ**


ဆရာတော်ကြီးရဲ့ သဘောတူဆုံးဖြတ်ချက်ရတာနဲ့ ကျွန်တော်တို့ လုပ်ငန်းစကြပါတယ်။ ငါတော့ လက်ခမယူချင်ဘူး။ ယူလို့မကောင်းဘူးထင်တယ်လို့ ပြောတော့ တန်ကင်စွန်းကလည်း -

"အေး - ငါလည်း မင်းသဘောအတိုင်းပါပဲ။ လက်ခမယူဘူး"


လို့ ပြောခဲ့ပါတယ်။



ဦးဝိစိတ္တ (နာယကဆရာတော်)



ဦးတင်လှိုင်(သံပန်းတံခါး၊ မုံရွာ)



ဦးအောင်ဝိုဒ် (ဆိမ်ပြူတော်၊ ရန်ကုန်)

**ပစ္စည်းတွေမှာ**

ဖန်မျှင်(FLBER GLASS)နဲ့ ပလတ်စတစ်အရည်တွေရဖို့အတွက် တန်ကင်စွန်းက ကိုရီးယားစက်ရုံတစ်ခုနဲ့ တိုက်ရိုက် အဆက်အသွယ်ရတယ်။ ပလတ်စတစ်အရည်နဲ့ အခြားလိုအပ်တဲ့ဓာတုဗေဒပစ္စည်းတွေကိုတော့ မလေးရှားစက်ရုံတစ်ခုနဲ့ ဆက်သွယ်မိတယ်။ မှာတဲ့ပစ္စည်းတွေ ရောက်လာတဲ့အခါမှာတော့ အဲဒီပစ္စည်းတွေရဲ့စွမ်းအား (STRENGTH) မကျအောင်၊ ပျက်စီးမသွားအောင်၊ လေအေးစက်တပ်ထားတဲ့ အခန်းထဲမှာ သိမ်းဆည်းထားပါတယ်။

သင်တန်းတွေလည်းပေးရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖိုက်ဘာလုပ်ငန်းက တစ်ဦးတစ်ယောက်တည်းလုပ်လို့ရတဲ့လုပ်ငန်းမျိုး မဟုတ်ဘူး။ စုပေါင်းပြီး စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့်လုပ်ရတဲ့လုပ်ငန်းမျိုးဖြစ်တဲ့အပြင် ကျွမ်းကျင်မှုလည်း လိုအပ်ပါတယ်။ ဒါကြောင့် ရန်ကုန်က ကျွမ်းကျင်သူ (၃) ဦးကိုခေါ်ပြီး ရွာထဲက သင့်တော်မယ့် လူ(၇)ယောက်ကို ရွေးချယ်ခေါ်ယူပြီး သင်တန်းပေးခဲ့ရပါတယ်။

**မျက်နှာတော်ကြီး (၂) ခု**

ကျွန်တော်တို့ ဗောဓိတစ်ထောင်ကိုရောက်ရှိလာတဲ့အချိန်မှ ကြိမ်နဲ့ပုံဖော်ထားတဲ့ ခေါင်းတော်ကြီးတစ်ခုနဲ့ ကန်ပေါင်ရိုးမှာ တည်ဆောက်ထားတဲ့ ရှင်ပင်ပက်လက်ဘုရားကြီးတစ်ဆူရှိနေပါတယ်။ အဲဒီ (၂) ခု အနက်က ဘယ်မျက်နှာတော်ကို ရွေးချယ်ပြီး ဖိုက်ဘာမျက်နှာတော်လုပ်ရမလဲ။ ရွေးချယ်ဖို့ တော်တော်ခက်နေပါတယ်။

ကြိမ်နဲ့လုပ်ထားတဲ့ ခေါင်းတော်နဲ့ မျက်နှာတော်ကို လေ့လာလိုက်တဲ့အခါမှာ မျက်နှာတော်က အောက်ကို အိကျနေတာ တွေ့ရတယ်။ နား (၂) ဖက်ကဘေးကိုကားထွက်နေတယ်။ အထဲမှာထောက်ထားတဲ့တိုင်တွေက မြေကြီးထဲကို အိဝင်နေတယ်။ ဒေါက်တွေကို အသားမသေတဲ့ သစ်စိုနဲ့ လုပ်ခဲ့တော့ ရှုန်းသွားပုံရတယ်။ အဲဒီကြိမ်နဲ့လုပ်ထား




www.burmeseclassic.com

www.burmeseclassic.com


ဦးကျော်ခင် (စင်ကာပူ)


စွန်ကုန်း (တရုတ်အင်ဂျင်နီယာ)


ဦးစိန်ဝင်း၊ ဒေါ်ကြည်သန်း (မုံရွာ)


ကွန်ပျူတာသင်တန်း (ဖောမီတစ်ထောင်)

တဲ့ ခေါင်းတော်ကြီးရဲ့ မျက်နှာတော်ကို အသေးစိတ်ပြန်တိုင်းကြတယ်။

အဲဒီနောက် ရှင်ပင်ပက်လက်ကြီးကို သွားပြီးလေ့လာကြပြန်တယ်။ ရှင်ပင်ပက်လက်ဆိုတော့ မျက်နှာတော်က ပက်လက်အနေအထား ဖြစ်နေတယ်။ အဲဒီပက်လက်မျက်နှာတော်ပုံအတိုင်း ထောင်တဲ့အနေအထား၊ မတ်ရပ်အနေအထားလုပ်မယ်ဆိုရင် မျက်နှာတော်က ရုပ်လုံးမကြွဘဲ ပြားပြားကြီးဖြစ်နေမယ်။ အဲဒီတော့ မျက်နှာတော်က ကြည်ညို သပ္ပာယ်ဖွယ်ရာမဖြစ်နိုင်ပြန်ဘူး။ အဲဒီ ရှင်ပင်ပက်လက်မျက်နှာတော်ကို ပန်းရန်ပညာရှင်က မျက်မှန်းနဲ့ပြင်ခဲ့ရင်တောင် ထန်းပင်လောက်အမြင့်ကတက်ကြည့်ပြီး ပြင်လို့ရမယ်။

ကြိမ်နဲ့လုပ်ထားတဲ့ ခေါင်းတော်ကြီးရဲ့မျက်နှာတော်ကို ရွေးချယ်ရမလား၊ ရှင်ပင်ပက်လက်ကြီးရဲ့မျက်နှာတော်ကို ရွေးချယ်ရရင်ကောင်းမလားလို့ မဝေခွဲနိုင်ဘဲဖြစ်နေပါတယ်။ အဲဒီအချိန်မှာ -

**ရှင်ပင်ပက်လက်မျက်နှာတော်ကိုရွေး**

ဦးဝိက (ဦးဝိစိတ္တ နာယကဆရာတော်) ရှင်ပင်ပက်လက်ကြီးရဲ့ မျက်နှာတော်ကိုပြုပြင်ပြီးလုပ်တာက ပိုကောင်းမယ်။ မြန်မြန်လည်းပြီးသွားနိုင်တယ်။ လွယ်လည်းလွယ်ကူမယ်။ ကြိမ်နဲ့လုပ်ထားတဲ့ ခေါင်းတော်ကြီးရဲ့မျက်နှာတော်ကိုလုပ်ခဲ့ရင် အခက်အခဲတွေအများကြီး ရှိနိုင်ကြောင်း ရှင်းပြတယ်။ ဦးဝိစိတ္တ အကြံပေးချက်အတိုင်း ကျွန်တော်တို့ လုပ်ခဲ့ကြလို့ ရုပ်တော်မူဘုရားကြီးရဲ့ မျက်နှာတော်ကို ဖိုက်ဘာနည်းပညာနဲ့ ပီပီပြင်ပြင် ပုံဖော်နိုင်ခဲ့ပါတယ်။ အဲဒီအပြင် ရုပ်တော်မူဘုရားကြီးရဲ့ မျက်နှာတော်ကိုပုံဖော်နိုင်ခဲ့တာဟာ ဆရာတော်ကြီးရဲ့ အမြော်အမြင်ကြီးမားမှုကြောင့်လို့ ဆိုရပါမယ်။ ဘာကြောင့်လဲဆိုရင် ၂၀၀၄ ခု တရုတ်ပြည်လေ့လာရေးခရီးကအပြန်မှာ ဆရာတော်ကြီးဟာ ရှင်ပင်ပက်လက်ကြီးကို တည်ထားတော်မူခဲ့လို့ပါပဲ။

**ကွန်ပျူတာနည်းပညာ၊ လေဆာပွိုင့်တာနဲ့ သီဟိုဠ်ကိုက်**

ရှင်ပင်ပက်လက်ကြီးရဲ့ မျက်နှာတော်ကိုသုံးပြီး ရုပ်တော်မူဘုရားကြီးရဲ့ မျက်နှာတော်ကို ပုံဖော်ဖို့ လုပ်ငန်းစကြတဲ့အခါမှာ ကျွန်တော်ရဲ့သားကြီးနဲ့ သူ့သူငယ်ချင်း (၃) ယောက်ဟာ ကံအား



www.burmeseclassic.com

www.burmeseclassic.com

လျှော်စွာ ကျွန်တော်တို့ရဲ့ လုပ်ငန်းကို ကွန်ပျူတာနည်းပညာနဲ့ ကောင်းကောင်း အထောက်အပံ့ပြုခဲ့ကြပါတယ်။ ဒီအပြင် ဆရာတော်ကြီး ဝယ်ပေးတဲ့ ဒေါ်လာ (၁၄၀၀) တန် လေဆာပွိုင့်တာ၊ ဆရာတော်ကြီးမှာ မူလကရှိနေတဲ့ သီဟိုဠ်ကိုက်နဲ့ ကျွန်တော်ရဲ့ လယ်ဘယ်လိုက်ကီရိယာ (၃) မျိုးဟာ ရှင်ပင်ပက်လက်မျက်နှာတော်ကြီးကို ပြန်လည် ပြုပြင်မွမ်းမံပြီး မိုကူးတဲ့နေရာမှာ တော်တော်ခရီးရောက်ခဲ့ပါတယ်။

**ဒီအတိုင်းတော့ တပည့်တော်မလုပ်ပါရစေနဲ့ဘုရား**

သားကြီးနဲ့သူ့သူငယ်ချင်းတွေဟာ မာယာ (MAYA) ဆော့ဝဲရာ (SOFTWARE) ကို သုံးပြီး ကြိမ်ခေါင်းတော်ကြီးရဲ့ မျက်နှာတော်နဲ့ ရှင်ပင်ပက်လက်ကြီးရဲ့မျက်နှာတော် (၂) ခုကို ကွန်ပျူတာထဲမှာ ပုံဖော်နိုင်အောင် ကြိုးစားကြပါတယ်။ အဲဒီ(၂)ခုနဲ့ သက်ဆိုင်တဲ့အချက်အလက်တွေကို ကွန်ပျူတာထဲမှာ ထည့်သွင်းတဲ့အလုပ်ကို(DATA ENTRY)ဗောဓိတစ်ထောင်ကျောင်းတိုက် ကွန်ပျူတာသင်တန်းသူသင်တန်းသားတွေက ဝိုင်းဝန်းကူညီပေးကြတယ်။ လိုအပ်တဲ့ပစ္စည်းတွေ၊ ကွန်ပျူတာတွေကို ဆရာကြီးရဲ့ ဒကာရင်းတစ်ဦးဖြစ်တဲ့ ကိုလှမင်းက လှူဒါန်းခဲ့ပါတယ်။

အားလုံး ဝိုင်းဝန်း ကြိုးပမ်းလုပ်ဆောင်ခဲ့ကြတဲ့အတွက် ကြိမ်ခေါင်းတော်ကြီးရဲ့ မျက်နှာတော်ပုံနဲ့ ရှင်ပင်ပက်လက်ကြီးနဲ့ မျက်နှာတော်ပုံတွေဟာ ကွန်ပျူတာထဲမှာ (၃)ဖက်မြင် (THREE DIMENSION) ပေါ်လာတယ်။ မျက်နှာတော်ပုံ(၂)ခုကို နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါမှာ ရှင်ပင်ပက်လက်မျက်နှာတော်ကြီးကို ပြုပြင်မွမ်းမံပြီး ရပ်တော်မူဘုရားကြီးရဲ့မျက်နှာတော်ကို ပုံဖော်ရင် အဆင်ပြေနိုင်ကြောင်း တွေ့ရတယ်။ ဒါနဲ့ ရှင်ပင်ပက်လက်မျက်နှာတော်ကြီးကို ပြုပြင်မွမ်းမံလိုကြောင်း ဆရာတော်ကြီးကို လျှောက်ထားတဲ့အခါမှာ ဆရာတော်ကြီးက မပြင်ချင်ဘဲဖြစ်နေတယ်။

"လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ မျက်နှာတောင် တူတာမှမဟုတ်တာ။ ဒီအတိုင်းပဲလုပ်"

လို့ မိန့်တယ်။

ကျွန်တော်လည်း မတတ်သာတဲ့အဆုံးမှာတော့ ဆရာတော်ကြီးရဲ့အမိန့်ကို ငြင်းဆန်ရတော့တာပဲ။



ဦးရဝေ+ဦးအိတ်တင်(သံဂဟောပညာရှင်)




"ဒီအတိုင်းတော့ တပည့်တော်မလုပ်ပါရစေနဲ့ဘုရား။ ပက်လက်အနေအထားနဲ့ မတ်ရပ်အနေအထားက မတူပါဘူးဘုရား။ ဒီအတိုင်း မပြုပြင်မမွမ်းမံဘဲလုပ်ခဲ့ရင် မျက်နှာတော်က ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်မလာနိုင်ပါဘူးဘုရား။ ဒီအတိုင်းပဲလုပ်ရမယ်ဆိုရင်တော့ တပည့်တော်အနေနဲ့ တာဝန်ခံပြီး မလုပ်နိုင်ပါဘူးဘုရား"

လို့ ဆရာတော်ကြီးကို ပွင့်ပွင့်လင်းလင်း လျှောက်ထားခဲ့ပါတယ်။

**မျက်နှာတော်ပုံရွေးချယ်**

အဲဒီလိုလျှောက်လိုက်တဲ့အခါကျတော့မှ ဆရာတော်ကြီးက -

"အေး - မြန်မြန်ပြီးအောင်လုပ်တော့။ မင်းကြိုက်တဲ့မျက်နှာ မင်းဘာသာလိုက်ရှာ"

လို့ မိန့်ပါတယ်။

ဒါနဲ့ ကျွန်တော်လည်း ဗောဓိကွင်းထဲမှာ လိုက်ရှာတော့ ဗောဓိကွင်းထဲက ဓမ္မစကြာမုဒြာပုံဘုရားမျက်နှာတော်လေး တစ်ခုကိုရတယ်။ အဲဒီ ဘုရားပုံလေးကို သစ်သားပုံးရိုက်၊ မိုက်ကရိုမီတာနဲ့တိုင်းပြီး ကွန်ပျူတာထဲကိုထည့်တယ်။ ကွန်ပျူတာထဲမှာ မျက်နှာတော် (၃) ခုကို ယှဉ်ပြတယ်။ အဲဒီတော့မှ ဆရာတော်ကြီးရဲ့မျက်နှာဟာ ရွှင်ရွှင်ပျပျဖြစ်သွားတယ်။ စောစောကတော့ ကျွန်တော့်ကို စိတ်တိုနေပုံရတယ်။

**ပလတ်စတာဆင်းတုတော်လေးနဲ့ ရှင်ပင်ပက်လက်မျက်နှာတော်**

ရန်ကုန်ကို ကျွန်တော် ချက်ချင်းဆင်းသွားပြီး ဗားကရာမှာ ဘုရားထုတဲ့ ပညာရှင်ကို သွားရှာတယ်။ ကျွန်တော်ယူသွားတဲ့ ဘိလပ်မြေအုတ်ခွက်ဘုရားဆင်းတုလေးကို နောက်စေ့လှည့်ပြီးပြီး




www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်စိုး (ဖိုက်ဘာပညာရှင်)



ဦးမြင့်လေး (ရုပ်ပွားပညာရှင်)



ဦးမြင့်လှိုင် (သံချည်သံကျွေးပညာရှင်)

ပလတ်စတာဆင်းတုတော်လုပ်ခိုင်းတယ်။ နားရွက်တော့ မထည့်ခိုင်းဘူး။ ရန်ကုန်က ဗောဓိတစ်ထောင်ကိုပြန်ပြီး ဆရာတော်ကို အဲဒီပလတ်စတာဆင်းတုတော်လေးပြတယ်။

ဆရာတော်ကြီးက -

"အေး - ကြိုက်ပြီ"

ဆိုတာနဲ့ ရန်ကုန်ကို တစ်ခေါက်ပြန်ဆင်းသွားပြီး ဆင်မလိုက်သဘောကျင်းက တွင်ခုံမှာ အဲဒီပလတ်စတာဆင်းတုလေးရဲ့မျက်နှာပေါ်မှာ တန့်လန့်ဖြတ် ကြက်ခြေခတ်၊ နိမ့်၊ မြင့်ခဲကြောင်းရာတွေပေးပြီး မိုက်ကရိုမီတာနဲ့ပြန်ထုတ်တယ်။

မိုက်ကရိုမီတာနဲ့ ဖတ်ထားတာတွေကို ကွန်ပျူတာထဲထည့်ပြီး ရှင်ပင်ပက်လက်မျက်နှာတော်ကြီးပေါ် ထပ်ချလိုက်တဲ့အခါမှာ အနိမ့်၊ အမြင့်ကွာခြားချက်တွေ ထွက်လာတယ်။

## ရှင်ပင်ပက်လက်မျက်နှာတော်ပြုပြင်ပြီ

ရှင်ပင်ပက်လက်မျက်နှာတော်ကြီးကို လွှန်နဲ့ ဖောက်ပြီး သံချောင်းတွေရိုက်တယ်။ (၁) ပေ၊ (၆) လက်မအမှတ်တွေပေးပြီး အင်္ဂတေတွေကို ဖဲ့ချတယ်။ အဲဒီအခါမှာ မြေတွေပြိုကျလာတယ်။ ဒါနဲ့ ဒီနည်းနဲ့တော့ မဖြစ်ချေဘူးဆိုပြီး သုည(ZERO)အခြေခံစနစ်သုံးပြီး ကွန်ပျူတာနဲ့ ပြန်တွက်တယ်။ အဲဒီအခါမှာ ရှင်ပင်ပက်လက်မျက်နှာတော်ကြီးရဲ့ အနိမ့်၊ အမြင့်ကွာခြားချက်တွေအားလုံးပေါ်လာတယ်။ အဲဒီတော့မှအနိမ့်၊အမြင့်အလိုက် သံငုတ်တွေစိုက်ပြီး ဂဟေလိုက်ဆော်တယ်။ သံငုတ်တွေကိုမူလအတိုင်းအတာဆက် (၄) လက်မစီ နိမ့်ထားပေးတယ်။ ဘာကြောင့်(၄)လက်မစီနိမ့်ထားရသလဲ ဆိုတော့ ရုပ်ပွားပညာရှင်က လိုအပ်တဲ့နေရာမှာ မြေဖို့ပြီး ပလတ်စတာအချောကိုင်တဲ့အခါ အတိုး၊ အလျှော့ လိုအပ်သလို ကစားနိုင်အောင် လုပ်ပေးထားတဲ့သဘောပါပဲ။

မြေဖို့ပြီးပလတ်စတာအချောကိုင်ပုံဖော်တဲ့လုပ်ငန်းတွေအတွက် ဦးဝိစိတ္တက ရုပ်ပွားပညာရှင် ကိုမြင့်လေးကို ရန်ကုန်က ပြန်ခေါ်ခဲ့ပါတယ်။ ကိုမြင့်လေးဟာ ရှင်ပင်ပက်လက်မျက်နှာတော်ကြီးကို ပုံပေါ်ပေးခဲ့ပြီး ဖိုက်ဘာမျက်လုံးတော်ကိုလည်း ဆေးသွင်းပေးပါတယ်။ ကိုယ်လုံးတော်သံချင်းကြားရက်တဲ့ လုပ်ငန်းကိုလည်း ဦးဆောင်ပြီး လုပ်ပေးခဲ့ပါတယ်။ မျက်နှာတော်ကြီး ပုံပေါ်လာတဲ့အခါမှာ သစ်သားပေါင်တွေရိုက်ပြီး မျက်နှာတော်ကြီးကို တစ်ကွက်ချင်း ဖိုက်ဘာလောင်းခဲ့ပါတယ်။

## ရှင်းလင်းပွဲလေးတစ်ခု

ရှင်ပင်ပက်လက်မျက်နှာတော်ကြီးကို အချိုးအစားကျအောင် ပြန်လည်ပြုပြင်မွမ်းမံရတဲ့လုပ်ငန်းဟာ ကျွန်တော်တို့ မူလခန့်မှန်းထားတာထက် အချိန်ယူသွားခဲ့တဲ့အတွက် ဖိုက်ဘာလောင်းတဲ့လုပ်ငန်းဟာလည်း ကျွန်တော်တို့ မူလခန့်မှန်းထားတာထက် ကြန့်ကြာသွားပါတယ်။ ဒါကြောင့် မစ္စတာ တန်ကင်စွန်းဟာ ဖိုက်ဘာလောင်းတဲ့လုပ်ငန်း မြန်မြန်ပြီးဖို့ အားထုတ်တယ်။

အဲဒီအခါမှာ ဒေသခံအလုပ်သမားတွေဆီက သူလိုချင်တဲ့လုပ်အားကို အပြည့်အဝမရတော့ တော်တော်လေး စိတ်တိုင်းမကျဖြစ်ခဲ့တယ်။ ဒါနဲ့ တစ်နေ့မှာ ဆရာတော်ကြီးနဲ့ တွေ့တော့ မစ္စတာတန်ကင်စွန်းက ဘယ်လိုလျှောက်လိုက်သလဲဆိုရင် -

"ဆရာတော်၊ လုပ်ငန်းမြန်မြန်ပြီးချင်ရင်တော့ အလုပ်သမားတွေကို သေနတ်နဲ့ချိန်ခိုင်းမှဖြစ်တော့မယ်" တဲ့။

အဲဒီအချိန်မှာ တိုင်းမှူးလည်းရှိနေတယ်။ ဒီလိုလျှောက်တာကို တိုင်းမှူးကကြားတော့ နောက်နေ့မှာ ဌာနဆိုင်ရာက တာဝန်ရှိသူတွေ ရောက်လာပြီး ဖိုက်ဘာလောင်းတဲ့လုပ်ငန်းကို စစ်ဆေးကြပ်မတ်ကြတယ်။

အဲဒီလိုအခြေအနေမျိုးဖြစ်အောင်လုပ်တဲ့သူဟာ ကျွန်တော်လို့ ဒေသခံအလုပ်သမားတွေကထင်သွားကြတယ်။ ဆရာတော်ကြီးကို မစ္စတာတန်ကင်စွန်းလျှောက်ခဲ့တာ သူတို့မသိကြဘူး။ အချို့သံဃာတော်တွေနဲ့ အလုပ်သမားတွေက အစည်းအဝေးခေါ်ပြီး သူတို့မကျေနပ်တာတွေ ပြောကြတော့တာပဲ။ သူတို့ဟာ အကြောင်းမသိလို့ စိတ်ဆိုးပြီး ပြောကြတာပဲဆိုပြီး သူတို့တစ်ယောက်ပြီးတစ်ယောက် ပြောကြတာတွေကို သည်းခံပြီးနားထောင်ခဲ့တယ်။ အားလုံးပြောဆိုပြီးတဲ့အခါကျမှ ကျွန်တော်က အကြောင်းစုံကို အခုလို ရှင်းပြခဲ့တယ်။

"ကိုင်း - ခင်ဗျားတို့အားလုံးပြောတာ ကျွန်တော် နားထောင်ပြီးပြီ။ ဒီတစ်ခါ ကျွန်တော့်အလှည့်ပဲ။ အခုလောလောဆယ်ဖြစ်နေတဲ့ အခြေအနေတွေကို ခင်ဗျားတို့ သိအောင်၊ နားလည်အောင် ကျွန်တော် ရှင်းပြမယ်။ မစ္စတာတန်နဲ့ ကျွန်တော်တို့က ရုပ်တော်မှုဘုရားကြီးမျက်နှာတော် အချိန်မီအမြန်ဆုံးပြီးအောင် ဆရာတော်ကြီးရဲ့ဆန္ဒကို လာရောက် ကူညီပါရမီဖြည့်နေတဲ့သူတွေပါ။ ဒီအတွက် ကျွန်တော်တို့က လုပ်အားခတစ်ပြားတစ်ချပ်မှယူကြတာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့က ဆရာတော်ကြီးရဲ့သာသနာပြုလုပ်ငန်းတွေကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်နေကြတဲ့သူတွေ။ ကျွန်တော်တို့နဲ့ ခင်ဗျားတို့အနေအထားက မတူဘူး။

မျက်နှာတော်ကြီး ဖိုက်ဘာသွန်းလောင်းတာနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ မသိသေးတဲ့ကိစ္စတွေရှိနေတယ်။ ဖိုက်ဘာသွန်းလောင်းရာမှာသုံးတဲ့ဓာတုဗေဒပစ္စည်းတွေက သက်တမ်းသတ်မှတ်ချက် (EXPIRED DATE) ရှိတယ်။ အဲဒီသက်တမ်းသတ်မှတ်ချက်ကာလအတွင်းမှာ အပြီးသုံးရမယ်။ ကျော်လွန်သွားရင် သူ့ရဲ့စွမ်းအား (STENGTH) လျော့သွားမယ်။ ပျက်သွားမယ်။ ဒါကြောင့် ကျွန်တော်တို့က အဲဒီဓာတုဗေဒပစ္စည်းတွေ သက်တမ်း သတ်မှတ်ချက်မကုန်မီ လုပ်ငန်းပြီးအောင် မြန်မြန်လောနေရတာ။ ဒီကိစ္စက မစ္စတာတန်နဲ့ ကျွန်တော်တို့ ချည်းလုပ်လို့ရတာမျိုး မဟုတ်ဘူး။ ခင်ဗျားတို့အားလုံး ဝိုင်းဝန်းလုပ်မှဖြစ်မယ်။ အဲဒီလိုမလုပ်နိုင်ခဲ့ရင်ဘာဖြစ်သွားမလဲ။ အဲဒီဓာတုဗေဒပစ္စည်းတွေ ပျက်စီးသွားမယ်။ဆရာတော်ကြီးမှာ အဲဒီပစ္စည်းတွေရဲ့ တန်ဖိုး သိန်း (၇၀၀) ကျော် ဆုံးရှုံးသွားမယ်။

ဘုရားကြီး အချိန်မီမပြီးဘဲ သိန်း (၇၀၀) ကျော် ဆုံးရှုံးသွားတာ ခံကြမလား။ ခင်ဗျားတို့ ကျွန်တော်ပြောတာကို သေသေချာချာ စဉ်းစားကြည့်ကြပါ။

မစ္စတာတန်ကင်စွန်းက နိုင်ငံခြားသား ဆိုတော့ ဆရာတော်ကြီးကို သူ ပြောတတ်သလို ပြောလိုက်တာပါ။ ရုပ်တော်မူဘုရားကြီးရဲ့မျက်နှာတော်ကြီးမြန်မြန်ပြီးချင်တာက ဆရာတော်ကြီးရဲ့ ကြီးမားတဲ့ဆန္ဒပဲ။ ဒီတော့ ခင်ဗျားတို့ အားလုံးရဲ့နားလည်မှုနဲ့ လုပ်အားအပြည့်အဝလိုပါတယ်။ ခင်ဗျားတို့ရဲ့ ထိုက်သင့်တဲ့လုပ်အားခကိုလည်း ဆရာတော်ကြီးက ချီးမြှင့်မှာပဲ။ ဒီတော့ ခင်ဗျားတို့ ကြိုးစားပြီးလုပ်ကြဖို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်"

အဲဒီလို ကျွန်တော် အစ၊ အဆုံး ရှင်းပြလိုက်တော့မှ သူတို့အစာကြေသွားကြတယ်။

ဦးမောင်မောင်စိုး ရှင်းပြလို့ အခြေအနေမှန်ကို အားလုံးသိရှိကြတဲ့နောက်မှာ ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ခဲ့ကြတဲ့အတွက် ရုပ်တော်မူဘုရားကြီးရဲ့မျက်နှာတော်ကို ဖိုက်ဘာပြားတွေနဲ့ အမြန်ဆုံး ကပ်လျှ ပုံဖော်နိုင်ခဲ့ကြပါတယ်။

ဖိုက်ဘာပြားတွေကပ်လျှပြီး မျက်နှာတော်ပုံပေါ်လာတဲ့ ရုပ်တော်မူဘုရားကြီးကို ဓာတ်ပုံရိုက်ပြီး မန္တလေးမြို့တော်ဆေးရုံမှာရှိနေတဲ့ ဆရာတော်ကြီးဆီကို သွားရောက် ဆက်ကပ်ခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့ မူလဆန္ဒအာသီသနဲ့ ရည်ရွယ်တော်မူခဲ့တဲ့အတိုင်း ရုပ်တော်မူဘုရားကြီးကို စိန်ရတုအမီ အပြီးမသတ်နိုင်ခဲ့ပေမယ့်လည်း ဆရာတော်ကြီးဟာ ခန္ဓာဝန်မချမီ ရုပ်တော်မူဘုရားကြီးရဲ့ ဖိုက်ဘာမျက်နှာတော်ကို ကြည်ညို ဖူးမြော်ခွင့်ရရှိခဲ့ပါတယ်။

"ငါ့ဘုရားကြီး ပြီးပြီ၊ အောင်မြင်ပြီ"

လို့ မိန့်ကြားရင်းက လက်အုပ်ချီ ပူဇော်ကန်တော့ခဲ့ပါတယ်။

**နောက်စေ့တော်ကြီး**

မျက်နှာတော်ကြီးရဲ့ ဖိုက်ဘာလုပ်ငန်းပြီးတဲ့အခါမှာ နောက်စေ့တော်ကြီးရဲ့ ဖိုက်ဘာလုပ်ငန်းကို ဆက်လက်လုပ်ခဲ့ပါတယ်။ ခေါင်းတော်ကြီးရဲ့ အချိုးအစားနဲ့အညီ နောက်စေ့တော်ကြီးပုံတော်တစ်ခုကို မြေပြင်မှာ ဦးစွာ တည်ဆောက်ခဲ့ပါတယ်။ အဲဒီနောက်စေ့တော်မိုပေါ်မှာ ရှင်ပင်ပက်လက်မျက်နှာတော်ကြီးတုန်းကလိုပဲဖိုက်ဘာလောင်းပါတယ်။ ပြီးတော့မှ ဖိုက်ဘာတွေကို တစ်ချပ်ချင်းခွာပြီး ခေါင်းတော်ကြီးရဲ့နောက်စေ့ပိုင်းမှာ သွားကပ်ပါတယ်။ နောက်စေ့တော်မိုကြီးကိုတော့ ကျောက်တုံးကြီးသဖွယ်အောက်ခံထားပြီး ကျိုက်ထီးရိုးစေတီပုံတည်ထားခဲ့ပါတယ်။

**မဏိတော်ပေါ်က ဆံလုံးတော်များ**

ဦးခေါင်းတော်ကြီးရဲ့ထိပ် မဏိတော်ပိုင်းကိုတော့ ထူးထူးခြားခြား တန်ဆာဆင်ပြီး ပူဇော်ခဲ့ပါတယ်။ အဲဒီလို ထူးထူးခြားခြား ပူဇော်ခွင့်ရခဲ့ပုံကို ဦးဝိစိတ္တ (နာယကဆရာတော်) က အခုလို ပြန်လည် မိန့်ကြားခဲ့ပါတယ်။

"ဒကာကြီးရဲ့ ဦးခေါင်းတော်ကြီးရဲ့ထိပ် မဏိတော်ပိုင်းကို လုပ်မယ်ဆိုတော့ ဦးပဥ္စင်းက စိတ်ကူးတစ်ခုရတယ်။ သာမန်ပြောင်ချောမဏိတော်မျိုးမဟုတ်ဘဲ ဆံလုံးတော်တွေ ထည့်ချင်တယ်။ အဲဒီဆံလုံးတော်တွေကလည်း သာမန်ဆံလုံးတော်တွေမဟုတ်ဘဲ ထူးခြားတဲ့ ဆံလုံးတော်တွေဖြစ်စေချင်တယ်။ အဲဒီ ဦးပဥ္စင်းစိတ်ကူးကို ဖိုက်ဘာနည်းပညာနဲ့ လုပ်လို့ရ၊ မရ စိုးစိုး (ဦးမောင်မောင်စိုး) ကိုပေးတယ်။ အဲဒီတော့ စိုးစိုးက ဦးပဥ္စင်းလုပ်ချင်တဲ့ ဆံလုံးတော်မျိုးကို ဖိုက်ဘာနဲ့လုပ်လို့ရကြောင်း လျှောက်တယ်။ အဲဒီတုန်းက အနားမှာ ဆရာတော်ရဲ့ဒကာရင်း ဗိုလ်ချုပ်မျိုးသန့် (သက်နိုးဝတ်နှင့်ကွယ်လွန်) လည်း အနားမှာရှိတယ်။

'ဦးပဥ္စင်း စိတ်ကူးကောင်းတယ်တဲ့။ လုပ်နိုင်ရင် ကောင်းတာပေါ့'

လို့ ဦးပဥ္စင်းလည်း စိုးစိုးနဲ့တိုင်ပင်ပြီး ဦးပဥ္စင်းစိတ်ကူးကို အကောင်အထည်ဖော်ခဲ့တယ်။

မဏိတော်ရဲ့မျက်နှာပြင်အကျယ်အဝန်းကို ဦးပဥ္စင်းလိုချင်တဲ့ ဆံလုံးတော်ရဲ့ အရွယ်ပမာဏနဲ့ တွက်ချက်လိုက်တဲ့အခါ (၁၈) လက်မရှိတဲ့ ဆံလုံးတော်ပေါင်း (၉၆၅) လုံးဆံ့တယ်ဆိုတာ တွေ့ရတယ်။ အဲဒီ (၁၈) လက်မဆံလုံးတော်တစ်လုံးဆီမှာ ဗောဓိပင်နဲ့ ရွှေပလ္လင်အောင်တော်မူတဲ့ ဗုဒ္ဓရုပ်ပွားတော်ပေါင်း (၁၀၈) ဆူ ပူဇော်မယ်လို့ ဦးပဥ္စင်းက စိတ်ကူးတယ်။ ဒါနဲ့ ဦးပဥ္စင်းကလည်း စစ်ကိုင်း ရွာတောင်ကို သွားပြီး ဦးပဥ္စင်းစိတ်ကူးတဲ့အတိုင်း ဗုဒ္ဓရုပ်ပွားတော် (၁၀၈) ဆူနဲ့ ဗောဓိပင်ပုံဆံလုံးတော်မိုလုပ်တယ်။ အဲဒီဆံလုံးတော်ပုံနမူနာကိုပြပြီး ဆံလုံးတော်တစ်ဆူကို ကျပ် (၁) သိန်းအလှူခံခဲ့တယ်။

ဆရာတော်က -

"မင်းဟာက ဆံလုံးတော် (၁) ဆူကို တစ်သိန်း ဆိုတော့ မများလွန်းဘူးလားဟ။ တစ်သိန်းမှမကုန်လောက်ဘဲ"

လို့ ဦးပဥ္စင်းကို မိန့်ခဲ့ပါသေးတယ်။

ဆံလုံးတော် ပထမဦးဆုံးအလှူရှင်ကတော့ ကိုတင်ဝင်း မိသားစု (ယဉ်မင်းစိုးစတိုး မုံရွာ) ပါပဲ။ ဦးပဥ္စင်းရဲ့ဒကာမောင်သိန်းဒန်ကလည်း ဆံလုံးတော် (၂၇) ဆူ လှူဒါန်းတယ်။ ဆံလုံးတော်လှူကြတဲ့သူတွေဟာ အမိဋ္ဌာန်အောင်ကြတယ်။ လုပ်ငန်းတွေလည်း အဆင်ပြေကြတယ်လို့ အချင်းချင်း ပြောကြဆိုကြပြီး ဆံလုံးတော် လာလှူကြတဲ့သူတွေ တဖြည်းဖြည်းများလာပြီး ဆံလုံးတော် (၉၆၅) လုံး ပြည့်သွားတယ်။ ဒါကြောင့် အလှူခံရတဲ့ငွေတွေဟာ ဆံလုံးတော်အတွက်သာမကပါဘူး ခေါင်းတော်ကြီးနဲ့မျက်နှာတော်အတွက်လည်း တစ်နည်းအားဖြင့် အထောက်အကူဖြစ်ခဲ့တယ်လို့ ဆိုရမှာပေါ့ ဒကာကြီးရယ်"

(ဆက်ရန်)

သင်းဇာယု



www.burmeseclassic.com

www.burmeseclassic.com



# စွယ်စုံကျော်ထင်ကျမ်းနှင့် ရွှေတိဂုံစေတီတော်သမိုင်းဆိုင်ရာအမေးနှင့်အဖြေများ

လှမြင့်(ရန်ကုန်တက္ကသိုလ်)

ကုန်းဘောင်ခေတ်၊ ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက် ထင်ရှားခဲ့သော စာဆို ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓ (မြန်မာနှစ် ၁၁၁၉-၁၁၇၅ ခန့်) သည် နောင်လာနောက်သားတို့ လောကီနှင့် လောကုတ္တရာဟု ပညာရှစ်ဖြာအကျိုးစီးပွားရရှိစေခဲ့သော ပိဋကတ်၊ ဗေဒင် ရာဇဝင်ကျမ်း၊ ဆန်းအလင်္ကာကျမ်း၊ ဂန္ထန္တရကျမ်း၊ ပုံပြင်များကို မေးခွန်းပုစ္ဆာ သံပေါက်အဖြစ် မြန်မာနှစ် ၁၁၅၈ ခုနှစ်၌ စွယ်စုံကျော်ထင်သံပေါက်လင်္ကာပေါင်း (၁၁၁၇) ပုဒ်ဖြင့် အမေးပုစ္ဆာပြုခဲ့သည်။

စာဆိုကျည်းကန်ရှင်ကြီးရှင်နန္ဒမေဓ၏ အမေးပုစ္ဆာပြုခဲ့သော စွယ်စုံကျော်ထင်သံပေါက်လင်္ကာအမေးပုစ္ဆာ(၁၁၁၇) ပုဒ်ကို နောင်နှစ်ပေါင်း (၅၀) ကျော် ကြာသည့်တိုင်အောင် မည်သည့်စာပေပညာရှင်မျှ ပြည့်ပြည့်စုံစုံ ပြောဆိုနိုင်ခြင်းမရှိခဲ့ပေ။ ကုန်းဘောင်ခေတ်နှောင်း မန္တလေး (ရတနာပုံခေတ်) မင်းတုန်းမင်းလက်ထက်သို့ရောက်သောအချိန်မှသာ အရှင်မုနိန္ဒာဘိဓဇဘွဲ့ခံ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး (မြန်မာနှစ် ၁၁၇၉-၁၂၅၆) သည် ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓ၏ စွယ်စုံကျော်ထင်အမေးပုစ္ဆာများကို သီတင်းသုံးဖော် သံဃာတော်များ၏ တောင်းပန်ချက်အရ မြန်မာနှစ် ၁၂၂၇ ခုနှစ်တွင် ရေးသားဖြေဆို၍ စွယ်စုံကျော်ထင်အဖြေကျမ်းကြီးဟူ၍ မြန်မာ့စာပေသမိုင်း၌ ဂုဏ်ယူဝံ့ကြွားစွာ ပေါ်ထွန်းလာခဲ့သည်။

စွယ်စုံကျော်ထင်အမေးနှင့်အဖြေပေါင်း (၁၁၁၇) ပုဒ်တွင် မူလပုစ္ဆာရှင် ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓသည် အညာအရပ်ဒေသ ပခုက္ကူခရိုင် မြိုင်မြို့နယ်မြောက်ဘက်ရှိ လယ်တောဆယ်ရွာအပါဝင်ဖြစ်သော ကျည်းကန်ရွာဇာတိဖြစ်သော်လည်း အောက်ပြည်အောက်ရှာ ဒဂုံမြို့ ဒဂုံဆံတော်ရှင် (ရွှေတိဂုံစေတီတော်ကြီး) ကို ကိုယ်တိုင် ဖူးမြော်ခွင့်ရရှိသောအခါတွင် ရွှေတိဂုံစေတီတော်ကြီးကို ရိုသေသဒ္ဒါ ကြည်ညိုစိတ်ပွားများထက်သန်မှုများကြောင့် 'သိင်္ဂုတ္တရေသခံရမွေ' အစချီသော ပဏ္ဏာမပတ္ထနာပါဠိဂါထာဖြင့် ပူဇော်ခဲ့သည်။ ဤဂါထာတွင် ပါဠိဘာသာနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ပူဇော်ဦးခိုက် ကြည်ညိုပူဇော်မှုများကို -

*'အမြိုင်အမြိုင် သံတော်ရင်းမှာ၊ အပြိုင်အပြိုင် လှူဖွယ်ခင်းလို့၊ အလျှိုင်အလျှိုင်၊ ဥပုသ်သီတင်းနှင့်၊ ဝါတွင်းဝါပ၊ ကုသိုလ်ယူ၊ နတ်ရွာနိဗ္ဗူ၊ ဘယ့်မှာပုန်းမလဲ၊ တိဟိတ်ကုသိုလ်၊ စဉ်လာတုံးနှင့် ရဟန်းရှင်လူ ယူကာကျုံးချည့်၊ ပလုတ်တုတ်သံ၊ ပြုတ်ပြုတ်ဖြုန်းနှင့် ဆိုင်းသံစည်သံ၊ ညံညံဟုန်း၊ ပရိသတ်တွေ ခြိမ့်ခြိမ့်ဟုန်'*

ဟူ၍ ကဗျာလင်္ကာ ရေးဖွဲ့ မှတ်တမ်းတင်ခဲ့သည်။

ကျည်းကန်ရှင်ကြီးရှင်နန္ဒမေဓသည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို သဒ္ဓါကြည်ညို မြတ်နိုးပူဇော် ရိုသေမှုများသော ပီတိသဒ္ဓါစိတ်အဟုန်များကြောင့် မိမိရေးထားသည့် မေးခွန်းပုစ္ဆာပြုခဲ့သော စွယ်စုံကျော်ထင်ကျမ်း သံပေါက်လင်္ကာများတွင်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် စပ်လျဉ်းသော မှတ်သားဖွယ်ရာ မေးခွန်းပုစ္ဆာများကို မေးမြန်းခဲ့သည်။

စာဆိုကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓသည် စွယ်စုံကျော်ထင်အမေးပုစ္ဆာ သံပေါက်လင်္ကာများတွင် ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းကြောင်းဆိုင်ရာ မေးခွန်းများကို -

'သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တစ်လုံးတည်းဖြစ်၊ ဘယ်နေ့နည်း (ပုစ္ဆာအမှတ် ၂၉၆) နတ်လေးယောက်လုံး၊ လူစည်းရုံး၊ မြတ်ဆုံးဘယ်နတ်သပိတ်နည်း (ပုစ္ဆာ-၂၉၇)။ ပျားမုန့်ဆုပ်ဆွမ်း၊ ပေးလှူကာမ်း၊ ဝန်ထမ်းကုန်သည် ဖြစ်လိမ့်နည်း (ပုစ္ဆာ ၃၁၀)။ ရေယာဉ်သုန်သုန်၊ အောက်သို့စုန်၊ ဒဂုန်ဆံတော်ဘယ်မျှနည်း (ပုစ္ဆာ ၆၉၆)။ ပျားဆွမ်းလှူသည် မောင်ကုန်သည်၊ မည်သတ္တာဟ၌ပေနည်း (ပုစ္ဆာ ၇၅၄)။ ဆံတော်ပေးသည်၊ တို့ဘုန်းစည်၊ မည်မျှဆံပေါင်းကျမ်းလာသနည်း (ပုစ္ဆာ ၇၅၅)။ ဘုရားဘုန်းစည်၊ လက်ထက်သည်၊ မည်စေတီကား အဦးတည်း(ပုစ္ဆာ ၇၆၃)။ ရွှေဆံတော်သည်၊ ပန်းခုံသည်၊ မည်မျှတာပေါင်းရှိသနည်း (ပုစ္ဆာ ၇၆၅)။ အင်္ဂတေသည်၊ ဒဂုန်တည်တော်ရည် မည်မျှရှိသနည်း၊ (ပုစ္ဆာ ၈၅၆) တင်လဲ၊ တော်ရည်၊ ဥသျှစ်ရည် မည်သည်များလျှင်ပပ်သနည်း (ပုစ္ဆာ ၈၅၇) ဟူ၍ မေးမြန်းခဲ့သည်။

ထိုသို့သော ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းကြောင်းနှင့် ဆိုင်သော ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓ၏ မေးခွန်းပုစ္ဆာလင်္ကာသံပေါက်များကို ကျီးသဲလေးထပ်ဆရာကြီး ရှင်မုနိန္ဒာဘိဓဇသည် စွယ်စုံကျော်ထင်အဖြေကျမ်းကြီးတွင် ပါဠိနှင့် မြန်မာနိဿယစကားပြေဖြင့်လည်းကောင်း၊ မြန်မာစကားပြေသန့်သန့်ဖြင့်လည်းကောင်း ဖွင့်ဆို ရေးသား ဖြေဆိုမှုပြုခဲ့သည်။

'သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တစ်လုံးတည်းဖြစ်၊ ဘယ်နေ့နည်း (ပုစ္ဆာ ၂၉၆) ကို ဖြေဆိုရာတွင် ဗုဒ္ဓဝင်အဋ္ဌကထာပါဠိ၏ အဆိုအမိန့်အရ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့၏ သပိတ်ကပ်လှူသောနေ့သည် သတ္တ-သတ္တာဟ၊ မတ္တကေသတ္တ သတ္တာဟ၏အထက်ဖြစ်သော ဧကူန ပညာသတိလေ - လေးဆယ့်ကိုးရက်မြောက်သော၊ ဒိဝေဇသ-ဝါဆိုလဆန်း ၅ ရက်နေ့ ဖြစ်သည်ဟူ၍လည်းကောင်း။

နတ်လေးယောက်လုံး၊ လူစည်းရုံး၊ မြင့်ဆုံးဘယ်နတ်သပိတ်နည်း(ပုစ္ဆာ ၂၉၇) ကို ဖြေဆိုရာတွင်လည်း ဗုဒ္ဓဝင်အဋ္ဌကထာပါဠိ၏အမိန့်အဆိုကို အကိုးအကားပြုလျက် -

'အဘယ်နတ်သပိတ်သည် အထက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးနေသနည်း ဟူရာ၌ တိုက်ရိုက်ကျမ်းတွင်မပါ။ ယင်းသို့ မပါသော်လည်း နောက်ဆုံးလာသောနတ်၏ သပိတ်သည် အထက်ဆုံးဖြစ်သင့်ရကား ကုဝေရနတ်မင်းသပိတ်သည် အထက်ဆုံးဖြစ်၏ ဟု မှတ်၏။ သပိတ်လေးလုံးကိုဆင့်၍ နှိပ်တော်မူလျှင် အနားလေးရစ်ရှိသော သပိတ်တစ်လုံးတည်းဖြစ်၍ ထိုသပိတ်ကို သက်တော်ရှိသမျှကာလပတ်လုံး ဆောင်တော်မူသည်' ဟူ၍ ဖြေဆိုခဲ့သည်။

ပျားမုန့်ဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်း၊ ကုန်သည်ဖြစ်လိမ့်နည်း (ပုစ္ဆာ ၃၁၀) ကို ဖြေဆိုရာတွင် ဇာတတ္ထကီကျမ်း၏ အဆိုအမိန့်အရ မြတ်စွာဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူသောအခါတွင် တပုဿ၊ ဘလ္လိကကုန်သည် ညီနောင်တို့သည် မုန့်လုံး၊ ပျားမုန့်ဆုပ်တို့ကို ကပ်လှူခဲ့သောကြောင့် ဝန်ထမ်းကုန်သည်များမဟုတ်၊ လှည်းကုန်သည်သာ ဖြစ်သည်ဟု သိအပ်၏ ဖြေဆိုခဲ့သည်။

ရေယာဉ်သုန်သုန် အောက်သို့စုန်၊ ဒဂုန်ဆံတော်ဘယ်မျှနည်း (ပုစ္ဆာ ၆၉၆) ကို ဖြေကြားရာတွင် ဝိနည်းမဟာဝါ၊ ပါဠိတော် အဋ္ဌကထာအစရှိသော သဂါထနာတင်ကျမ်းတို့၌ တပုဿ၊ ဘလ္လိကတို့အား ဆံတော်ပေးကြောင်းကိုသာ ဆိုသည်။ ဘယ်မျှဟူ၍မဆို၊ သမိုင်းဟောင်း၌ကား ဆံတော်ရှစ်ဆူ ဟူ၍ ဖြေကြားတော်မူခဲ့သည်။

ပျားဆွမ်းလှူသည် မောင်ကုန်သည် မည်သတ္တာဟ၌ပေနည်း (ပုစ္ဆာ ၇၅၂) ၏အဖြေတွင် ဗုဒ္ဓဝင်အဋ္ဌကထာပါဠ်နှင့်အညီ၊ ခုနစ်သတ္တာဟနေသော လေးဆယ့်ကိုးရက်မြောက်သောနေ့၌ လင်းလွန်းပင်ရင်း၌ စံနေတော်မူသောအခါတွင် ကုန်သည်ညီနောင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသောနတ်သည် ကောင်းမြတ်သော ကုသိုလ်ဖြစ်စေလိုသောကြောင့် ဘုရားရှိကြောင်း၊ ဘုရားအား အာဟာရလှူစေလိုကြောင်း ပြောဆိုတိုက်တွန်းသောကြောင့် ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်တို့ကို ကပ်လှူသည်ဟု ဖော်ပြထားသည်။

'ညီနောင်ကုန်သည်၊ ရှာဖွေနည်၊ မည်သည့်မြို့ရပ်ကားပေနည်း (ပုစ္ဆာ ၇၉၄) ကို ဖြေကြားရာတွင် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ တပုဿနှင့် ဘလ္လိကတို့သည် အသိတဥ္စနမြို့ ဥက္ကလာဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားရာတွင် ဘုရားနှင့်တွေ့ရသည်ဟူ၍ ဆိုသည်။ ဝိနည်းမဟာဝါပါဠိတော် အဋ္ဌကထာတို့၌ ပေါက္ခရဝတီမြို့ ဥက္ကလာဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားရာတွင် ဘုရားနှင့် တွေ့သည်ဟု ဆိုသည်။ ရွှေတိဂုံစေတီသမိုင်းဟောင်း၌လည်း ယခု ရန်ကုန်မြို့သည် ရှေးသောအခါ အသိတဥ္စနမြို့ဖြစ်ကြောင်း။ တစ်ဖန် ပေါက္ခရဝတီမြို့တွင်ဖြစ်ကြောင်း၊ ဥက္ကလာဇနပုဒ်ဖြစ်ကြောင်းများကို ဆိုသည်။ ထိုစကားအရပ်ရပ်ကိုထောက်သော် ယခု ရန်ကုန်မြို့ပင် တပုဿ၊ ဘလ္လိကတို့၏ နေရပ်ဖြစ်ရကား အရှေ့တောင်မှသည် အနောက်မြောက်ထောင့်သို့ သွားရာတွင် ဘုရားရှင်နှင့် တွေ့ရသည် ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

'ဆံတော်ပေးသည့်၊ တို့ဘုန်းစည်၊ မည်မျှဆံပေါင်းကျမ်းလာသနည်း' (ပုစ္ဆာ ၇၅၅) ၏အဖြေတွင် ဝိနည်းမဟာဝါပါဠိတော်၌ တပုဿနှင့် ဘလ္လိကတို့အား ဆံတော်ပေးကြောင်းကိုသာ ဆိုသည်။ အနာဂတဝင် အဋ္ဌကထာတွင် မုဋ္ဌိကေသဓာတုယောဒတွာ ဟူ၍ ဆံတော်လက် တစ်ဆုပ်ပေးလိုက်ကြောင်း ဆိုသည်။ အင်္ဂုတ္တိုရ် ဧကနိပါတ် အဋ္ဌကထာတွင် အဋ္ဌကေသဓာတုယောအဒါ သိဆံတော် ရှစ်ဆူပေးလိုက်ကြောင်း ဆိုသည် ဟူ၍ ဖော်ပြခဲ့သည်။

'ဘုရားဘုန်းစည်၊ လက်ထက်သည်၊ မည်စေတီကား အဦးတည်း' (ပုစ္ဆာ ၇၆၃) ကို ဖြေဆိုမှုပြုရာတွင် တပုဿ၊ ဘလ္လိကတို့အား ပေးတော်မူလိုက်သော ဆံတော်ရှစ်ဆူကို မိမိတို့မြို့သို့ရောက်လျှင် စေတီတည်၍ ကိုးကွယ်ကြလေသည်ဖြစ်၍ ဥက္ကလာဇနပုဒ် သိင်္ဂုတ္တရကုန်း၌တည်သော ဒဂုန်စေတီတော်သည် အနီးဆုံးပင် ဖြစ်သည် ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

'ရွှေဆံတော်သည်၊ ပန်းခုံသည်၊ မည်မျှတာပေါင်းရှိသနည်း' (ပုစ္ဆာ ၇၆၅) ၏ အဖြေတွင် ရွှေဆံတော်တွင်သော ဘုရားသည် ဒဂုန်ရွှေဆံတော်နှင့် ပြည်ရွှေဆံတော် ဟူ၍ နှစ်မျိုးရှိသည်။ ဒဂုန်ဆံတော်ကို မေးလျှင် ဤသို့ သိအပ်၏။

ကုန်သည်ညီနောင်တို့သည် ဝါဆိုလတွင် ဆံတော်ရှစ်ဆူကိုရခဲ့၍ ရေကြောင်းဖြင့် ဥက္ကလာဇနပုဒ်သို့ရောက်လျှင် သိကြားမင်း၊ ဥက္ကလာမင်းတို့နှင့် စေတီတည်ထိုက်သောဌာနကို ရှာဖွေသော် ဆူးလေနတ်၊ မော်ဘီနတ်ကြီးတို့၏ ညွှန်ကြားမှုအရ သိင်္ဂုတ္တရကုန်းတော်ကို ပေါင်းမြက်သင်၍ ကုန်းလယ်၌ ဌာပနာတိုက် လေးဆယ့်လေးတောင် အနက်အကျယ်တူးကာ အုတ်ကျောက်ရံပြီးလျှင် အလယ်၌ ရတနာအတိပြီးသော ကျောက်သဘော်ကိုထား၍ ထိုသဘော်၏အထက်၌ ရွှေပန်းတောင်းဖြင့် ဆံတော်ကို ကိန်းဝပ်စေ၍ ရွှေအုတ်၊ ငွေအုတ်၊ ကြေးစင်အုတ်၊ မြေအုတ်တို့ဖြင့် တင့်တယ်စွာရံလျက် အထက်ကိုလည်း လုံခြုံစွာ ဖုံးထားရန်၊ မြေပေါ်ကို စေတီ လေးဆယ့်လေးတောင်အမြင့်အမောက် တည်လေသည်။ သိင်္ဂုတ္တရကုန်းတော် အကျယ်ကား ခုနစ်တောင် တာတစ်ရာသို့ ကျယ်သည်။

ပြည်မြို့ ရွှေဆံတော်ကိုမေးလျှင် ပန်းခုံ အချင်းသုံးတောင်ငါးဆယ်၊ အမြင့် ခုနစ်ဆယ့်ခြောက်တောင် ရှစ်မိုက်ဖြစ်၏ ဟူ၍ ဖြေဆိုခဲ့သည်။

'အင်္ဂတေသည် ဒဂုန်တည်၊ ကော်ရည်ဘယ်ရွှေထည့်သနည်း' (ပုစ္ဆာ ၈၅၆) နှင့် တင်လဲ၊ ကော်ရည်၊ ဥသျှစ်ရည်၊ မည်သည့်များလျှင် ပင်သနည်း (ပုစ္ဆာ ၁၅၇) တို့ကို ဖြေကြားရာတွင် -

'ကြစုဧကေ၊ ဒွရတင်လဲ၊ ဆင့်ကဲသုံးဆ၊ ဥသျှစ်မှလျှင်၊ ခြောက်ဆကော်ရည်၊ ထည့်သည်မှန်လ၊ ဆယ့်နှစ်ဆကား၊ ယူထအုံးတုံ၊ ငါးပါးစုံကို ရောကုန်အမြ ထုံးနှင့်သဲလည်း ယှဉ်တွဲတူစွ၊ ချင့်ပြီးမှလျှင်၊ ရောဆကော်ရည်၊ ထောင်းသည့်လေးခါ၊ ညက်ပြီးစွာလျှင်၊ မြတ်စွာရောင်ဟုန်၊ ရွှေတိဂုံကို၊ တည်တုံအစ ပထမ၌ လုပ်ကြဖူးလေ၊ အင်္ဂတေသည်၊ မာတွေခိုင်လှ ကျောက်တမျှ ဟူသော လမ်းညွှန်ချက်နှင့်အညီ တင်လဲလွန်သော် အင်္ဂတေမာသည်၊ ကောင်းသည်၊ ချောသည်။ ကော်ရည်လွန်သော် တင်းသည်၊ မာလွယ်သည်၊ ဥသျှစ်အကျိုးကား ခိုင်သည်၊ အရောင်ကောင်းသည်။ လွန်၍များသော် ပယ်သောထတတ်သည် ဟူ၍ ဗိသုကာစာဟောင်း၌ ရှိသည်ဟူ၍ ကိုးကားဖြေတော်မူခဲ့သည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ စွယ်စုံကျော်ထင်ကျမ်း (ကျီးသဲလေးထပ်ဆရာတော်)
၂။ စာဆိုတော်များအတ္ထုပတ္တိ (မောင်သုတ)
၃။ မြတ်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)



www.burmeseclassic.com

www.burmeseclassic.com



ဗွားမြင်တော်မူခန်း



ဘုရားအဖြစ်သို့ရောက်တော်မူခန်း



တရားဦးဒေသနာဟောတော်မူခန်း

မောင်ပွင့်ဉာဏ်(မောရ)

# မဟာလူသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာသို့ ၁

'အရှင်၏ဉာဏ်အလင်းရပြီးသည့်အခါ ကျွန်ုပ်တို့အား တစ်စိတ်တစ်ပိုင်းမျှ ဟောကြားချီးမြှင့်တော်မူပါ'

သူ၏ဦးခေါင်းနှင့် အရှင်၏ခြေကို ထိကာ ဗိမ္ဗိသာရသည် အဦးအညွတ်ပြုပြီး ပြန်ခဲ့၏။

(လလိတဝိတ္ထာရ
အဒေီ ၁၄ ရာစု)

ရာဇဂြိုဟ်ပြည်ကို ဗိမ္ဗိသာရမင်း အုပ်ချုပ်နေတုန်းက ဖြစ်ပါ၏။ တစ်နေ့မှာ ရုပ်ဆင်းသွင်ပြင် သန့်စင်ကြည်လင်ပြီး အလွန် ကြည်ညိုဖွယ်ကောင်းတဲ့ သူတော်စင်တစ်ဦး ရောက်လာတော့ ရာဇဂြိုဟ်မြို့သူမြို့သားတွေက အုန်းအုန်းကျွက်ကျွက် ဖူးမြော်ကြိုဆိုကြပါတယ်။ ဘုရင်မင်းမြတ်ကိုယ်တိုင် သူတော်စင်ကို သွားပြီးကြိုဆိုခဲ့ပါတယ်။

'သိဒ္ဓတ္ထ' လို့ အမည်ရတဲ့ အဲဒီ သူတော်စင်ဟာ ထီးမွေနန်းလျာ မင်းသားတစ်ပါးဖြစ်တာကို သိလိုက်ရတဲ့ အချိန်မှာ ဘုရင်ဗိမ္ဗိသာရဟာ အံ့သြသွားပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ တရားရှာမယ့်အစား သူ့တိုင်းနိုင်ငံတစ်ဝက်ကို




ပရိနိဗ္ဗာန်ပြုတော်မူခန်း




www.burmeseclassic.com


www.burmeseclassic.com




နာလန္ဒာတက္ကသိုလ်ကျောင်းသစ်တွင် ဦးပွင့်ကောင်းမိသားစု လှူဒါန်းထားသည်




လင်းတဦးခေါင်းနှင့်တူသော ဂိဇ္ဈကုဋ်တောင်ထိပ်



ဂိဇ္ဈကုဋ်တောင်အတက်လမ်းတစ်နေရာ



ဂိဇ္ဈကုဋ်တောင်ရှိ လိုဏ်ဂူတစ်ခုတွင် နိုင်ငံခြားသားများ တရားရှုမှတ်ပွားများနေကြပုံ



ဝေဠုဝန်ကျောင်းတော်အတွင်း ဝါးပင်များအောက်တွင် ဘုရားဖူးနစ်ဖွဲ့ စုပေါင်း တရားနာနေစဉ်

အုပ်ချုပ်မင်းလုပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။

ဒါကို သူတော်စင်က လက်မခံဘဲ သူရည်မှန်းထားတဲ့ 'ပန်းတိုင်' ကို ရပြီးတဲ့အခါ ပြန်ကြွလာခဲ့ပါ့မယ် ဆိုတဲ့ ကတိကိုသာပေးခဲ့ပါတယ်။

## ရာဇဂြိုဟ်ပြည်

ရာဇဂြိုဟ်ဟာ မဂဓတိုင်းမှာ အမြွတ်ဆုံးမြို့ (နဂရဝရ) ဖြစ်ပါတယ်။ ဂေါတမဘုရားရှင်လက်ထက်က မဂဓတိုင်းဟာ ကဿပဘုရားလက်ထက်မှာ သုပ္ပိယတိုင်း၊ ကောဏာဂုံဘုရားလက်ထက်မှာ ရောဟိတတိုင်း၊ ကကုသန်ဘုရားလက်ထက်မှာ ပါစိနဝတိုင်း ဆိုတဲ့ အမည်များနဲ့ ထင်ရှားခဲ့ပါတယ်။ ရာဇဂြိုဟ်ရဲ့ အခုခေတ်အခေါ်က ရာဇဂိရိ (Ra-jgir) ဖြစ်ပါတယ်။

ဝိနည်းနဲ့ သုတ္တန်ပိဋကတ်တော်တွေမှာ ရာဇဂဟ (ရာဇဂြိုဟ်) အမည်ကို အကြိမ်ပေါင်း (၆၀၀) လောက် ဖော်ပြထားတဲ့အထိထင်ရှားတဲ့မြို့ ဖြစ်ပါတယ်။ သိဒ္ဓတ္ထမင်းသားဟာ တောထွက်ဖို့ ကပိလဝတ်နန်းတော်ကထွက်လာပြီး အနောမာမြစ်ကနေ ယူဇနာ(၃၀)ဝေးတဲ့ ရာဇဂြိုဟ်မြို့ကို ခြေကျင်လာခဲ့တယ်လို့ ဆိုပါတယ်။

(ရာဇ-မင်း + ဂဟ-နေထိုင်ရာ) မင်းတို့နေထိုင်ရာအရပ်ဖြစ်လို့ ရာဇဂြိုဟ်လို့ခေါ်တဲ့မြို့က နှစ်မြို့ ရှိပါတယ်။ 'တောင်ငါးလုံးကာခို ရာဇဂြိုဟ်'လို့ လူသိများတဲ့ ရာဇဂြိုဟ်မြို့ဟောင်းကို ဘုရင်ဗိမ္ဗိသာရ တည်ခဲ့တာဖြစ်ပြီး တောင်ငါးလုံးရဲ့အလယ်မှာရှိပါတယ်။ ရာဇဂြိုဟ်မြို့သစ်ကတော့ တောင်ငါးလုံးရဲ့အပြင်ဘက်မှာရှိပြီး အဇာတသတ်မင်းတည်ခဲ့တာဖြစ်ပါတယ်။ အဲဒီတောင်ငါးလုံးက ဝေဘာရတောင်၊ဝေပုလ္လတောင်၊ဂိဇ္ဈကုဋ်တောင်၊ ပဏ္ဍဝတောင်နဲ့ ဣသိဂိလိ



www.burmeseclassic.com

www.burmeseclassic.com

တောင်တွေပဲ ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ တရားတော်ထဲမှာ အင်မတန် ရှည်လျားတဲ့ သံသရာကို ဥပမာပေးပြီးထည့်ဟောသွားတဲ့တောင်က ဝေပုလ္လတောင်ပဲ ဖြစ်ပါတယ်။

'လူတစ်ယောက်ဟာ သံသရာမှာ သေသွားတဲ့အခါတိုင်း ကျန်ရစ်တဲ့အရိုးတွေကို စုပုံထားလိုက်မယ်ဆိုရင် ဒီဝေပုလ္လတောင်ထက်တောင် မြင့်မှာပါ'


**(အနမတဂ္ဂသုတ္တန်)**


ဂိဇ္ဈကုဋ်တောင်ကိုတော့ ရှင်ဒေဝဒတ်က ကျောက်မောင်းဆင်ပြီး တောင်ပေါ်ကနေ ကျောက်တုံးကို လှိမ့်ချကာ ဘုရားရှင်ကို လုပ်ကြံတဲ့တောင်အဖြစ် ကြားဖူးကြမှာပါ။ (ဂိဇ္ဈ-လင်းတ+ကုဋ-ရင်နားသည်) တောင်စွယ်ပေါ်က လင်းတငှက်နဲ့တူတဲ့ ကျောက်တုံးကြီးကို အစွဲပြုပြီး တောင်ကြီးတစ်ခုလုံးကို ဂိဇ္ဈကုဋ်တောင်လို့ ခေါ်ပါတယ်။ ဘုရားရှင်ဟာ လင်းတငှက်နဲ့တူတဲ့ကျောက်တုံးအောက်က လိုဏ်ဂူမှာ မကြာခဏ သီတင်းသုံးတာ အကြိမ်(၂၀)မြောက်ဝါကပ်တော်မူခဲ့ပါတယ်။

## ဗိမ္ဗိသာရမင်း (Bimbisara)

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရနဲ့ သူ့သား အဇာတသတ်ကို ဗုဒ္ဓဘာသာဝင်များ အားလုံးလိုလို သိကြပါတယ်။ ဗိမ္ဗိသာရကို 'ဘိန်မသာယ' လို့ အများဖတ်နေကြမယ့် ပါဠိအသံထွက်တွေဟာ မှားတဲ့အတိုင်းဖတ်ရတာမို့ 'ဘိန်ဘိသာရ' လို့ဖတ်မှမှန်ပါမယ်။ ဘုရားရှင်အောက် ငါးနှစ်ငယ်တယ်လို့အဆိုရှိတဲ့ ဗိမ္ဗိသာရမင်းဟာ မဂဓတိုင်း၊ အင်္ဂတိုင်းနဲ့ ကာသိတိုင်းတို့ကို အစိုးရပြီး ရွာပေါင်း ရှစ်သောင်းကို တရားနဲ့အညီ အုပ်ချုပ်တဲ့ မင်းဖြစ်ပါတယ်။ ဘုရားရှင်ဟာ ဗိမ္ဗိသာရမင်းကို ဆရာနဲ့ ဒကာအဖြစ် ဆက်ဆံပေါင်းသင်းခဲ့ပါတယ်။


ဗိမ္ဗိသာရမင်းမှာ မိဖုရားလေးပါးရှိတဲ့အထဲက ဝေဒေဟီမိဖုရားဟာ သားတော်အဇာတသတ်မင်းက ခင်ပွန်းသည် ဗိမ္ဗိသာရကို နန်းချပြီး သတ်လိုက်တဲ့အတွက် နောက်ပိုင်းမှာ နှလုံးကြေကွဲနာနဲ့ သေဆုံးသွားရှာပါတယ်။ အလှကြွယ်ဆုံးဖြစ်သလို အလှတွယ်သူလည်းဖြစ်တဲ့ ခေမာမိဖုရားကျတော့ ဝေဠုဝန်ကျောင်းတော်မှာ ဘုရားရှင် ဖန်ဆင်းပြတဲ့ 'မိန်းမတစ်ဦးရဲ့ နောက်ဆုံးပုံရိပ်လွှာ' ကို ကြည့်ပြီး တရားကိုဆင်ခြင်ကာ ဘိက္ခုနီပြုသွားပါတယ်။





အရှင်သာရိပုတ္တရာစေတီတော်ရှေ့တွင် ဘုရားဖူးအဖွဲ့ဝင်များ တရားနာနေကြစဉ်





နာလန္ဒာတက္ကသိုလ်ကျောင်းသစ်ရှိ မြန်မာပြည်အရပ်ရပ်မှ စာသင်သားရဟန်းတော်များ




www.burmeseclassic.com

www.burmeseclassic.com



ဝေဠုဝန်ကျောင်းတော်ကို ရေစက်ချ၍ လှူဒါန်းနေပုံ



ဝေဠုဝန် (ဝါးကျောင်း) တွင် ဘုရားရှင် တရားဟောတော်မူနေပုံ



ဝေဠုဝန်ကျောင်းတော်အဝင်ဝ ဇရပ်အတွင်းမှ ဆင်းတုတော်

## အဇာတသတ် (Ajatshatru)

အဇာတသတ်မင်းဟာ အသက်ကလည်း ငယ်၊ အာဏာကလည်း ပြင်းထန်၊ တရားကလည်း မရှိတာကြောင့် မြတ်စွာဘုရားဟာ ဆရာဒကာအနေနဲ့ မဆက်ဆံချင်တဲ့အတွက် (၂၁) ဝါကစပြီး ရာဇဂြိုဟ်ကနေ သာဝတ္ထိမြို့ကို အပြီးအပိုင် ပြောင်းရွှေ့ သီတင်းသုံး နေထိုင်တော်မူပါတယ်။

(အဇာတ - မမွေးခင်ကတည်းက + သတ္တု - ရန်သူ) မမွေးခင်ကတည်းက ဖခင်ကိုသတ်မယ့်ရန်သူဖြစ်လို့ အဇာတသတ်လို့ အမည်ပေးထားတဲ့ မင်းဟာ သားတစ်ယောက် ရလာတဲ့အခါ (သူ သတ်ခဲ့တဲ့ ဖခင်အတိုင်း အချစ်ကြီးချစ်




ဝေဠုဝန်ကျောင်းတော် ပါတီမောက်ပြရာနေရာရှိ ရုပ်တုတော်



www.burmeseclassic.com


www.burmeseclassic.com



ဝေဠုဝန်ဥယျာဉ်အတွင်းရှိ ဘုရားရှင် ရေသုံးသပ်ရာ ကရန္ဒရေကန်နှင့် ဂျပန်ထက်ရာဗုဒ္ဓဆင်းတုတော်




ဝေဠုဝန်ကျောင်းတော်အဝင် ဝါးမြင့်ပြုလုပ်ထားသောမုခ်ဦး



ရာဇဂြိုဟ်မြန်မာကျောင်းနှင့် ရာဇဂြိုဟ်ဆရာတော်ကြီးရုပ်တုတော်

ကြောင့်) သူ့သားကို ဗုဒ္ဓရဲ့တပည့် ာရှာ္တာများလို စိတ်ထားမြင့်မြတ်သူ ခေချင်တဲ့ဆန္ဒနဲ့ 'ဥဒယဘဒ္ဒ' (စိတ် မြင့်မြတ်သူ)လို့ အမည်ပေးပါတယ်။ ဥဒယဘဒ္ဒကလည်း ဖခင် အဇာ တ်ကို သတ်ခဲ့တာကြောင့် ဝဋ်ဆို တာ အခုဘဝမှာတင် လိုက်တတ်တယ် ဆိုတာ သင်ခန်းစာပြသွားပါတယ်။

အဇာတသတ်ကစလို့ မင်းငါး ဆက် (အဇာတသတ်၊ ဥဒယဘဒ္ဒ၊ အနု ရုဒ္ဓ၊ မုဏ္ဍိက၊ နာဂဒါသ) ထိ အဆက် ဆက် ဖခင်ကိုသတ်ပြီး ဘုရင်ဖြစ်လာသူ တွေထဲက ငါးယောက်မြောက် နာဂဒါ သမင်းကို သိသုနာဂ အမည်ရှိတဲ့အမတ် ကြီးက အဆုံးစီရင်လိုက်တဲ့အခါ ဗိမ္ဗိ သာရမင်းဆက်လည်း မင်းမျိုးပြတ်သွား ပါတော့တယ်။

**ရာဇဂြိုဟ်မြန်မာကျောင်း**

ကုန်းမြင့်ကလေးပေါ်မှာ တည်ရှိ တဲ့ ရာဇဂြိုဟ်မြန်မာကျောင်းမုခ်ဦးမှာ Burmese Buddhist Vihar, Rajgir လို့ ရေးထားပါတယ်။ အဆောက်အအုံတွေ အနေအထားကိုကြည့်လိုက်တာနဲ့ အိန္ဒိယ က မြန်မာကျောင်းတွေထဲမှာ ရှေးကျတဲ့ ကျောင်းတစ်ကျောင်းဆိုတာ သိသာပါ တယ်။

ကျောင်းဝင်းအဝင်ဝ ဘယ်ဘက် မှာ စေတီတစ်ဆူရှိပါတယ်။ အဲဒီစေတီ အတွင်းမှာ ဘုရားရှင်ဓာတ်တော်တွေရှိ လို့ အပြင်ကဆိုင်းဘုတ်မှာ အင်္ဂလိပ်လို 'Worship Buddha Relic inside' (ဗုဒ္ဓ၏ ဓာတ်တော်များကိုဝင်ရောက်ဖူးမြော်ပါ) လို့ ရေးထားပါတယ်။ ကျောင်းဝင်းထဲ က ပန်းခြံတစ်ခုထဲမှာတော့ သက်တော် ရှည် ရာဇဂြိုဟ်ဆရာတော်ကြီးရဲ့ ရုပ်တု တော်နဲ့ ဓာတ်ပုံပါတဲ့ အထိမ်းအမှတ် ကျောက်တိုင်တစ်ခုရှိပါတယ်။

ရာဇဂြိုဟ်မြန်မာကျောင်းမှာ ထူး ခြားတာတစ်ခုက 'ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်' ( Bogyoke Aung San Library) ဆိုပြီး အဆောင်လေးတစ်ခု တည်ဆောက်ထားပါတယ်။ ဒီစာကြည့် တိုက်ကို ၁၉၇၈ ခုနှစ်က စတင် တည် ထောင်ပြီး ၂၀၀၁ ခုနှစ်မှာ ဆောက်လုပ် ခဲ့တာပါ။ အလှူရှင်တွေက လန်ဒန်မြို့ နေ ဒေါက်တာ စိုးမြတ်ယဉ်နဲ့ မိသားစုတို့ ဖြစ်ပါတယ်။ အလှူရှင်ကမ္ပည်းစာမှာ အင်္ဂလိပ်လို KNOWLEDGE IS POWER (အသိပညာသည် စွမ်းပကား) လို့ ရေး ထိုးထားပါတယ်။ စာကြည့်တိုက်အဝင်ဝ ဆိုင်းဘုတ်ပေါ်မှာ Father Of The Nation (နိုင်ငံ့ဖခင်) စာတန်းပါတဲ့ ဗိုလ် ချုပ်ဓာတ်ပုံရှိပါတယ်။ အခန်းထဲမှာ ဗီရို လေးလုံးလောက်နဲ့ စာအုပ်နည်းနည်းပဲ ရှိပေမယ့် မထင်မှတ်တဲ့နေရာမှာ ဒီလို စာကြည့်တိုက်မျိုး လာတွေ့ရတဲ့အတွက် အံ့သြဝမ်းသာဖြစ်မိပါတယ်။

**ဝေဠုဝန်ကျောင်းတော်**

၂၄ - ၁၁ - ၂၀၁၂ မနက်(၇)နာရီ လောက်မှာ ရာဇဂြိုဟ်မြန်မာကျောင်းက နေ မိနစ် (၂၀) လောက်သာ ကားစီးရ တဲ့ ဝေဠုဝန်ကျောင်းတော်နေရာကို ထွက်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ကြပါတယ်။ ဝေဠုဝနဝိဟာရ (ဝါ) ဝါးကျောင်းတော်အဝင်ဝမုခ်ဦးကို ဝါးနဲ့ တည်ဆောက်ထားပြီး Venuvan စာတန်း ထိုးထားပါတယ်။ အဝင်ဝညာဘက်က ဇရပ်မှာ ဆင်းတုတော်အကြီးတစ်ဆူ၊ အသေးနှစ်ဆူရှိပြီး ဘေးတစ်ဖက်တစ်ချက်မှာ ပန်းချီကားတွေ ရေးဆွဲထားပါတယ်။ ဝေဠုဝန် (ဝါးကျောင်း) မှာ ဘုရားရှင် တရားဟောနေတော်မူပုံနဲ့ ဗိမ္ဗိသာရမင်းက ကျောင်းတော်ကို ဘုရားရှင်အား ရေစက်သွန်းချ၍ လှူဒါန်းနေပုံတို့ ဖြစ်ပါတယ်။

ဇရပ်ဘေးက ဝါးရုံပင်အောက်မှာပဲ အတူလာဆုံတဲ့ မဟာတိုးဘုရားဖူးအဖွဲ့နဲ့ နီလာဘုရားဖူးအဖွဲ့တို့ စုပေါင်းပြီး တရားနာကြပါတယ်။ တောမှာမွေး၊ တောမှာပျော်၊ တောမှာပဲ ပရိနိဗ္ဗာန်စံတော်မူတဲ့ ဘုရားရှင်ကို အာရုံပြုပြီး ဝါးတောမှာ တရားနာရတာ ကြည်နူးစရာကောင်းလှပါ၏။

ဝေဠုဝနဝိဟာရဟာ သာသနာတော်မှာ ပထမဆုံး သံဃိက (သံဃာအားလုံးနှင့်ဆိုင်တဲ့) ကျောင်းတော်မြေနေရာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓဟာ ပထမဝါကို မိဂဒါဝုန်ဂယာသီသမှာ ဝါကပ်ဝါဆိုပါတယ်။ ဒုတိယဝါကနေ စတုတ္ထဝါအထိ သုံးဝါကို ဝေဠုဝန်ဝါးတောမှာ သီတင်းသုံးနေထိုင်ပါတယ်။ ဒါကြောင့် 'ဗုဒ္ဓသာသနာ့မြေအစ ဝေဠုဝန်က' လို့ ပြောစမှတ်ပြုကြပါတယ်။ ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်မှာ ဝေဠုဝန်ဝါးတောရကျောင်း အပါအဝင် ကျောင်းပေါင်း(၁၈)ကျောင်းရှိတဲ့အထိ သာသနာစည်ပင်ခဲ့တယ်။

ဝေဠုဝန်ကျောင်းတော်ရဲ့အလယ်နေရာမှာ ဘုရားရှင်ရှိစဉ်က ရေချိုးရေသုံးသပ်ရာ ကရန္ဒရေကန် (Karandak Nivap) ရှိပါတယ်။ ရေကန်ဘေးမှာ ဘုရားရှင်ပါတိမောက်ပြတော်မူတဲ့နေရာ အထိမ်းအမှတ်ရုပ်တုတစ်ခုကို ရွှေချပူဇော်ထားတာ တွေ့ရပါတယ်။ အတူပါလာတဲ့ ဦးပဥ္စင်းက ပါတိမောက်ရဲ့ သမိုင်းကြောင်းနဲ့ ပါတိမောက် (၃) ဂါထာကို ရှင်းလင်း ဟောကြားတော်မူပါတယ်။

အခုအခါ မြန်မာပြည်အရပ်ရပ်က စေတီတော်တိုင်းမှာလိုလို ပါတိမောက် (၃) ဂါထာကို ကျောက်စာ ရေးထိုးပြီး ဓမ္မစေတီအဖြစ် ပူဇော်ထားတတ်ကြပါတယ်။ ကြုံတဲ့အခါ ဖတ်ကြည့်စေချင်ပါတယ်။ ဆရာတော်ကြီးများက 'ပိဋကတ်သုံးပုံရဲ့အနှစ်ချုပ်'၊ 'ဗုဒ္ဓသာသနာရဲ့အခြေခံတရား' လို့ အလေးအနက် မိန့်ကြားတော်မူကြတဲ့ ပါတိမောက်ဒုတိယဂါထာကို ဖော်ပြလိုက်ပါတယ်။

သဗ္ဗပါပဿ အကရဏံ - မကောင်းမှု ဟူသမျှကို မပြုရာ။

ကုသလဿ ဥပသမ္ပဒါ-ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏။

သစိတ္တပရိယော ဒပနံ - မိမိ၏စိတ်ကို ဖြူစင်စေရာ၏။


ဧတံ ဗုဒ္ဓါန သာသနံ။

ဤသည်ကား ဘုရားရှင်တို့၏ (ဘုရားရှင်တိုင်း၏)အဆုံးအမပေတည်း။

ရေကန်ကို လက်ယာရစ်တစ်ပတ်ပတ်တဲ့အခါ တစ်နေရာမှာ ဂျပန်ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပြီး မတ်တတ်ရပ်လျက်ပဲ လက်အုပ်ချီမိုးရှိခိုးခဲ့ပါတယ်။

ဗုဒ္ဓဂယာဘုရားဖူးခရီးတစ်လျှောက်နေရာတိုင်းမှာလိုလို မြင်တွေ့ခဲ့ရတဲ့ စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းမျိုးကို ဝေဠုဝန်ဥယျာဉ်မှာလည်း တွေ့ရပါတယ်။ ကျောင်းတော်ရာအဝင်ဝရဲ့အရှေ့တောင်ထောင့်ဘက်မှာ စေတီပျက်လို့ ယူဆရတဲ့ အုတ်ပုံအပျက်အစီးတွေ ရှိပါတယ်။ အဲဒီနေရာမှာ ဘာသာခြားတွေက သင်္ချိုင်းမြေလုပ်ထားကြပါတယ်။ ဒီအကြောင်းကို အဝင်ဝမှာ စိုက်ထူထားတဲ့ ကမ္ပည်းစာမှာ -

'၁၉၀၅ - ၀၆ ခုနှစ်အတွင်း ရှေးဟောင်းသုတေသနဌာနက ဒီကုန်းမြေ



ရတနာဂီရိတောင်ထိပ်ပေါ်မှ ဝိရှသျှန္တိ (ခ) ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်



ဂိဇ္ဈကုဋ်တောင်ပေါ်မှမြင်ရသည့် တောင်အောက်ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com

ကို တူးဖော်ရာမှာ မွတ်စလင်သင်္ချိုင်းရဲ့ အောက်တည့်တည့် (၁. ၈)မီတာအနက်မှာ အခန်းတစ်ခန်းရဲ့ပန္နက်ပုံနဲ့ စေတီငယ် (၉) ဆူကို တွေ့ရှိခဲ့ပါ တယ်'

လို့ ဖော်ပြထားပါတယ်။

*(Archaeological Survey of India had carried out some excavations on this mound during the year 1905-06 which revealed the plan of a room and nine small stupas, about 1.8 mt. below the level of muslim grave on the southern tip of the site.)*

## ရတနာဂီရိတောင်

ဝေဠုဝန်ဥယျာဉ်ကနေ ပြန်ထွက်လာတာ (၁၅) မိနစ်လောက်ပဲ ကားစီးလိုက်တာနဲ့ ရတနာဂီရိတောင်ခြေကို ရောက်ပါတယ်။ ပေ (၁၀၀၀) လောက်မြင့်တဲ့ တောင်ထိပ်ကို ရိုးရိုးလှေကားအတိုင်း လမ်းလျှောက်တက်နိုင်သလို ထိုင်ခုံစက်လှေကားနဲ့လည်း တက်လို့ရပါတယ်။ စက်လှေကားမှာ တစ်ယောက်စီးထိုင်ခုံတွေဟာ အတက်ရောအဆင်းပါ ဖြည်းဖြည်းချင်း မရပ်တမ်း လည်နေပါတယ်။ တောင်ခြေမှာ ဝန်ထမ်းတစ်ယောက်က တက်မယ့်လူကို ထိုင်ခုံပေါ် ဆွဲတင်ပေးပြီး ထိုင်ခုံရှေ့က လက်တန်းကိုချိတ်ပေးပါတယ်။ တောင်ပေါ်ရောက်တဲ့အခါ ဝန်ထမ်းတစ်ယောက်က လက်တန်းကိုဖြုတ်ပြီး လူကို ဆွဲချပေးပါတယ်။ ကျွန်တော်တို့အဖွဲ့က ဦးရာဂျူးဟာ သူ့ကိုယ်လုံးနဲ့ မဆံ့လောက်တဲ့ ထိုင်ခုံတွေကိုကြည့်ပြီး မျက်စိမျက်နှာပျက်ပျက်နဲ့ နောက်ပြန်လှည့်ပြေးသွားပါတယ်။ ဝသူတွေနဲ့ ကြောက်တတ်သူတွေ မစီးတာကောင်းပါတယ်။

(ရတနာဂီရိ ဆိုတာ ဂိဇ္ဈကုဋ်တောင်ကို ဂျိန်းဘာသာဝင်တွေကခေါ်တဲ့အခေါ် ဖြစ်ပါတယ်။)

ထိုင်ခုံပေါင်း (၁၄၄) ခုံပါတဲ့ ဒီစက်လှေကားကို ဂျပန်နိုင်ငံက ရူပီးငွေ (၆) သိန်း အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်အတန်ကြာက စက်လှေကားကြိုးပြတ်ကျလို့ လူအတော်များများ သေကျေဒဏ်ရာရကြတာ ဖတ်ဖူးတဲ့အကြောင်း ဇနီးသည်ကို မပြောရဲပါ။ ဒီလိုမျိုး ထပ်မဖြစ်အောင် သတိထားကြမှာပါလို့ ရဲဆေးတင်ပြီး စီးရပါတယ်။ အောက်ခြေရှုခင်းက အတော်လှပါတယ်။ မြေပြင်နဲ့ နီးလိုက်၊ ဝေးလိုက် တက်သွားတဲ့ဆီမှာ ကျောက်တုံးတွေကြားကလည်း ဖြတ်သွားသလို ရေမရှိတဲ့လျှိုမြောင်တွေအပေါ်ကလည်း ဖြတ်သွားပါတယ်။ ဘုရားရှိခိုးတွေ စုံအောင်ရွတ်ပြီး အပေါ်ရောက်လို့ ထိုင်ခုံပေါ်က ဆင်းလိုက်တဲ့အခါမှသာ သက်ပြင်းချမိပါတယ်။

စက်လှေကားထိုင်ခုံပေါ်ကဆင်းပြီး (၅) မိနစ်လောက် လျှောက်တက်လိုက်တဲ့အခါ ဝိရွသျှန္တိစေတီတော်ကြီးဆီ ရောက်ပါတယ်။ (ဝိရွ-ကမ္ဘာ+သျှန္တိ-ငြိမ်းချမ်းခြင်း)'ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်'လို့ အဓိပ္ပာယ်ရတဲ့ ဒီစေတီတော်ကြီးကို ဂျပန်ဗုဒ္ဓဘာသာဘုန်းတော်ကြီး အရှင်ဖိဂျီက သာသနာတော် ၂၅၀၀ ပြည့်နှစ်က ရူပီးငွေ (၂၂) သိန်းအကုန်အကျခံကာ တည်ဆောက်ခဲ့ပါတယ်။ တောင်ထိပ်မှာ ခမ်းနားထည်ဝါတဲ့ ဂျပန်ဘုန်းတော်ကြီးကျောင်း၊ ပန်းခြံနဲ့ ဟယ်လီကော့ပတာဆင်းတဲ့ကွင်း ရှိပါတယ်။ စေတီတော်ရဲ့လိုဏ်မုခ်လေးမျက်နှာမှာ 'ဖွား-ပွင့်-ဟော-စံ' (ဗုဒ္ဓဖွားတော်မူပုံ၊ ဗုဒ္ဓဖြစ်တော်မူပုံ၊ ဓမ္မစကြာတရားဟောတဲ့ပုံ၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပုံတွေ) ထည့်ထားပါတယ်။ ဉာဏ်တော် (၃၈) မီတာ (၁၂၅ ပေခန့်)မြင့်တဲ့ ဒီဝိရွသျှန္တိစေတီတော်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်ညွှန်းတည်ထားတဲ့ (၂၂) ဆူမြောက် စေတီတော် ဖြစ်ပါတယ်။

## ဂိဇ္ဈကုဋ်တောင်သို့


ဝိရွသျှန္တိစေတီတည်ရှိရာ ရတနာဂီရိတောင်ရဲ့ အနောက်ဘက်တောင်ထိပ်ကနေ အရှေ့ဘက်ကို အုတ်လှေကားအတိုင်း ဆင်းသွားရင် မြတ်စွာ



ရတနာဂီရိတောင်အတက် ထိုင်ခုံစက်လှေကား



မြတ်စွာဘုရားရှင်ကို ရှင်ဒေဝဒတ်က ကျောက်တုံးလှိမ့်ချ၍ လုပ်ကြံသောနေရာ




ရာဇဂြိုဟ်မြန်မာကျောင်းတိုက်မှ
ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်




www.burmeseclassic.com


www.burmeseclassic.com



သမားတော်ကြီးဇီဝက ဘုရားရှင်အား လှူဒါန်းခဲ့သည့် သရက်ဥယျာဉ်ကျောင်းတော်ရာ



နာလန္ဒာတက္ကသိုလ်သို့ အိန္ဒိယကျောင်းသူကျောင်းသားများ လေ့လာခရီးလာရောက်ကြစဉ်




ရှေးဟောင်းနာလန္ဒာတက္ကသိုလ်သို့အဝင်ဝ

ဘုရားကျောင်းတော်ရာရှိတဲ့ ဂိဇ္ဈကုဋ်တောင်ထိပ်ကို ရောက်ပါတယ်။ ဂိဇ္ဈကုဋ်တောင်တက်တဲ့လမ်းကို ဗိမ္ဗိသာရမင်းက စတင် ဖောက်လုပ်ခဲ့ပြီး အသောကမင်းက ထပ်မံပြုပြင်ခဲ့ပါတယ်။ အခုအခါ ကွန်ကရစ်လမ်းခင်းထားလို့ အတက်၊ အဆင်း အင်မတန်မှ အဆင်ပြေပါတယ်။ တောင်တက်လမ်းတစ်လျှောက်မှာ တွေ့ရတဲ့ ကျောက်လိုဏ်ဂူတွေမှာ ဘုရားရှင်နဲ့ တပည့်သာဝကကြီးတွေ သီတင်းသုံးသွားခဲ့တယ်လို့ ဆိုပါတယ်။ နံရံတစ်ခုလုံး ရွှေချပ္ပူဇော်ထားတဲ့ လိုဏ်ဂူတစ်ခုမှာ နိုင်ငံခြားသား (၁၂) ယောက်လောက် တရားရှုမှတ်ပွားများနေတဲ့မြင်ကွင်းဟာလည်း ကြည်ညိုစရာကောင်းလှပါတယ်။

ဂိဇ္ဈကုဋ်တောင်ကနေ ပြန်ဆင်းလာပြီးတော့ သိပ်မဝေးလှတဲ့ ဇီဝက သရက်ဥယျာဉ်ကျောင်းတော်ရာကိုထွက်လာခဲ့ကြပါတယ်။ ပိဋကတ်တော်မှာ ထင်ရှားခဲ့တဲ့ သမားတော်ကြီး ဇီဝကက သူ့သရက်ဥယျာဉ်မှာ ကျောင်းပါဆောက်လုပ်ပြီး ဘုရားရှင်အား လှူဒါန်းခဲ့တဲ့နေရာ ဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့တစ်ညမှာ ဘုရားရှင်က ဒီကျောင်းနေရာမှာပဲ အဇာတသတ်မင်းကို သာမညဖလသုတ္တန် (ရဟန်းပြုရခြင်းအကျိုးတရားတော်) ဟောကြားခဲ့ပါတယ်။ အဲဒီတရားနာပြီးနောက်မှာ အဇာတသတ်မင်းဟာ ဘုရားရှင်ကို အသက်ထက်ဆုံး ကြည်ညို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာဖြစ်သွားပါတယ်။

ဘုရားရှင် ဟောတော်မူတဲ့ အဇာတသတ်နဲ့ ပတ်သက်လို့ မှတ်သားစရာတစ်ချက်က သူဟာ ဒီဘဝမှာတင် သောတာပန်ဖြစ်ဖို့ ပါရမီပါလာပေမယ့် ဒေဝဒတ်ကို ဆရာအတင်မှားလို့ ငရဲကို ဆင်းသွားရရှာပါတယ်။ ဒါကြောင့် (၃၈) ဖြာမင်္ဂလာတရားတော်မှာ လူမိုက်ကိုရှောင်ကြဉ်ရာ၏ (အသေဝနာစ ဗာလာနံ) လို့ အဦးအစထားပြီး ဟောကြားတော်မူပါတယ်။

## နာလန္ဒာသို့

နေ့လယ် (၁၂) နာရီမထိုးခင်မှာ တည်းခိုတဲ့ ရာဇဂြိုဟ်ကျောင်းကိုပြန်ပြီး နေ့လယ်စာစားကာ အနားယူကြပါတယ်။ ညနေစောင်း နေအေးတဲ့အချိန် (၃) နာရီလောက်မှာ ရာဇဂြိုဟ်ကနေ (၈) မိုင်လောက်ပဲဝေးတဲ့ ရှေးဟောင်းနာလန္ဒာတက္ကသိုလ်ရှိရာကို ထွက်လာခဲ့ကြပါတယ်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက နာလန္ဒာမြို့ကို အကြိမ်များစွာ ဒေသစာရီကြွခဲ့ပါတယ်။


ကမ္ဘာ့ပေါ်မှာ နာလန္ဒာတက္ကသိုလ်ဟာ သက်တမ်းအရရော ပညာသင်ကြားမှုမှာပါ အလွန်အဆင့်မြင့်တဲ့ တက္ကသိုလ်တစ်ခုလို့ စာပေသမိုင်းအရ သိရပါတယ်။ 'နာလန္ဒာ' ဝေါဟာရဟာ 'ပေးလှူခြင်း' လို့ အဓိပ္ပာယ်ရတဲ့ 'န၊ အလန်၊ ဒ' က ဆင်းသက်လာတယ်လို့ ဆိုပါတယ်။ စာသင်သား ရဟန်းတော် (၁၀,၀၀၀) အထိရှိခဲ့တဲ့ ကျောင်းတော်ကြီးရဲ့ ကုန်ကျစရိတ်တွေကို ဘုရင်တွေနဲ့ နယ်စားတွေက လှူဒါန်းကြပါတယ်။


ဂိတ်ဝကနေ ကိုက်(၁၀၀)လောက် လျှောက်ဝင်လိုက်တာနဲ့ ထုတ္တည်အင်မ



www.burmeseclassic.com

www.burmeseclassic.com



တန်ကြီးပြီး စနစ်တကျ အကွက်ချထားတဲ့ အုတ်တိုက်ကြီးတွေရော အခန်းပေါင်းများစွာပါတဲ့ အဆောက်အအုံတွေရဲ့ ပန္နက်အုတ်မြစ်တွေကိုပါ တအံ့တသြမြင်တွေ့ကြရပါတယ်။ နာလန္ဒာတက္ကသိုလ်ဟာ ၁၄ ဟက်တာ (၃၄-ဧကခွဲ) ကျယ်ဝန်းပြီး ကျောင်းပျက် (၁၁) ခုနဲ့ ဘုရားကျောင်းဟောင်း (၅) ဆူ ကျန်ခဲ့ပါတယ်။

ကျောင်းဝင်းရဲ့ တောင်ဘက်မှာ ဘုရားရှင်ပြီးရင် ဉာဏ်ပညာအရာမှာ အကြီးမြတ်ဆုံးဖြစ်တဲ့ လက်ယာရံ အရှင်သာရိပုတ္တရာ မွေးဖွားရာ နေအိမ်နေရာကို အထိမ်းအမှတ်ပြုပြီး အသောကမင်းတည်ထားတဲ့ သာရိပုတ္တရာစေတီတော်ကြီးကို မားမားမတ်မတ် ထင်ထင်ရှားရှား မြင်တွေ့ ဖူးမြော်ကြရပါတယ်။

နာလန္ဒာတက္ကသိုလ်ကို အေဒီ ၂ ရာစုမှာ မဟာယာနဘုန်းတော်ကြီး နာဂဇုန (Mahayana Philosopher Nagajuna) က အသောကကျောင်းတော်ကို ကမ္ဘာကျော် 'နာလန္ဒာဗုဒ္ဓဘာသာတက္ကသိုလ်' အဖြစ် တည်ထောင်ခဲ့တယ်လို့ ဆိုပါတယ်။ ကျောင်းဆောင်ပေါင်း (၁၈၀) ရှိပြီး အာစရိယ(ဆရာ)ပေါင်းက တစ်ထောင်ကျော်ပါတယ်။ အင်မတန်ကြီးကျယ် ခမ်းနားလှတဲ့ နာလန္ဒာတက္ကသိုလ်ကြီးဟာ အေဒီ ၁၂ ရာစုအကုန်မှာ မွတ်စလင်စစ်ဗိုလ် မိုဟမ္မက်ဘခတီးယရ် ခီလ်ဂျီ (Mohammed Bhakhtiar Khilji) က ရဟန်းတော်များကို သတ်ဖြတ်ပြီး ကျောင်းတိုက်ကြီးတစ်ခုလုံးကို မီးရှို့ဖျက်ဆီးလိုက်တဲ့အတွက် နာလန္ဒာတက္ကသိုလ်ကြီးဟာ ကမ္ဘာမြေပြင်ပေါ်ကနေ စုံးစုံးမြုပ် ပျောက်ကွယ်သွားပါတော့တယ်။

နာလန္ဒာတက္ကသိုလ်ကပြန်အထွက်မှာ ဆရာမတွေ ခေါင်းဆောင်ပြီး လေ့လာရေးခရီး ထွက်လာကြတဲ့ အိန္ဒိယ ကျောင်းသားကျောင်းသူကလေးတစ်အုပ်နဲ့ ဆုံပါတယ်။ အာဂရာမြို့က တာ့ဂ်ျမဟာမှာတုန်းကလည်း ခုလိုပဲ ကျောင်းသားတွေနဲ့ ဆုံခဲ့ဖူးပါတယ်။ ကျွန်တော်တို့ဆီက ကလေးတွေကိုလည်း နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို တန်ဖိုးထားတတ်အောင် အခုလိုမျိုး လေ့လာရေးခရီးတွေ ထွက်စေချင်မိပါတယ်။

ရှေးဟောင်း နာလန္ဒာတက္ကသိုလ်ကနေ ခေတ်သစ်နာလန္ဒာတက္ကသိုလ်ဆီ ထွက်လာခဲ့ကြပါတယ်။ မြန်မာပြည်အရပ်ရပ်က ရဟန်းတော်တွေနေတဲ့ အဆောင်ကို ဝင်ရောက် ဖူးမြော်ပြီး အလှူငွေများ ဆက်ကပ် လှူဒါန်းကြပါတယ်။ ဒီတက္ကသိုလ်ကို ဝင်ခွင့်ရဖို့အတွက် အနည်းဆုံး ပထမကြီးတန်း ဒါမှမဟုတ် ဓမ္မာစရိယတန်း အောင်မြင်ရတဲ့အပြင် ဝင်ခွင့်စာမေးပွဲပါ ဖြေဆိုကြရပါတယ်။ ဒီတက္ကသိုလ်ကနေ ဒေါက်တာဘွဲ့ ရရှိကြတဲ့ သံဃာတော်တွေ မြန်မာပြည်မှာရော နိုင်ငံရပ်ခြားမှာပါ ဘုရားရှင်ရဲ့ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်တော်မူနေကြတယ်ဆိုတာ သိရလို့ ဝမ်းမြောက်နှမော် သာဓုခေါ်ကြရပါတယ်။

တည်းခိုတဲ့ ရာဇဂြိုဟ်ကျောင်းကို ညနေ (၆) နာရီလောက်မှာ ပြန်ရောက်ပါတယ်။ မျက်နှာသစ်၊ ခြေလက်ဆေး ပြီး ခဏနားကာ ညနေစာစားပါတယ်။ နိုဝင်ဘာလကုန်ခါနီးလေ ရာသီဥတုက ပိုအေးလာလေဖြစ်လို့ အတော်များများ ရေမချိုးနိုင်ကြတော့ပါ။ ည (၈) နာရီလောက်မှ ရာဇဂြိုဟ်ကျောင်းဆရာတော်ကို ဖူးမြော် ကန်တော့ပြီး ညအိပ်ရာဝင်ကြပါတယ်။

မောင်ပွင့်ဉာဏ် (မောခ)


www.burmeseclassic.com

www.burmeseclassic.com

# ပယောဂဝေဒနာကို ဘယ်လိုကုမလဲ

ကောင်းစံသာ(မင်းတုန်း)

ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာလောကတွင် စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်၊ နတ်ဘီလူး စသည်တို့ အမှန်တကယ်ရှိကြောင်း ကျမ်းဂန်အကိုးအကား အထောက်အထားများစွာရှိပေ၏။ ၎င်းတို့ ဖမ်းစားနှိပ်စက်မှုကြောင့် ရောဂါဝေဒနာဖြစ်ကြရသည်မှာလည်း အမှန်ရှိပေ၏။ ယင်းသို့ဆိုသော် အနာရှိလျှင် ဆေးရှိရမြဲ ထုံးစံအတိုင်း ၎င်းရောဂါဝေဒနာတို့ကို မည်သို့မည်ပုံကုစားရမည်နည်း ဟူသော အမေးပုစ္ဆာတစ်ခုလည်း ပေါ်ပေါက်လာပေ၏။

**ပယောဂကုနိုင်သောနည်းလမ်းများ**

ပယောဂကြောင့် ဖြစ်လာသော ရောဂါဝေဒနာကို ရှေးအခါက လောကီချာန်ရတာပသရသေ့တို့ ထားရစ်ခဲ့သော နည်းစနစ်အတိုင်း ဖော်စပ်ထားသော ဆေးအမျိုးမျိုးတို့ဖြင့်လည်း ကုစားနိုင်၏။ ဂါထာအမျိုးမျိုးတို့ဖြင့်လည်း ကုစားနိုင်၏။ မန္တန်အတတ်အမျိုးမျိုးဖြင့်လည်း ကုစားနိုင်၏။ မန္တရားအတတ်ဖြင့်လည်း ကုစားနိုင်၏။ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များဖြင့်လည်း ကုသနိုင်၏။ ဂန္ဓာရီအတတ်အမျိုးမျိုးတို့ဖြင့်လည်း ကုသနိုင်၏။ စိတ်တန်ခိုးထက်မြက်ကြီးမားအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ထားသော အစွမ်းဖြင့်လည်း ကုသနိုင်၏။

ထိုသို့သော နည်းလမ်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com

မြောက်မြားစွာရှိသည့်အနက် ယခုဖော်ပြချင်သောနည်းလမ်းမှာ မည်သည့်ဆရာအထံမှာမှ နည်းနာနိဿယ မခံယူဘဲ မိမိကိုယ်တိုင် ကျင့်ကြံကြိုးစားမှုဖြင့် ပယောဂကို ကုသနိုင်သော နည်းလမ်းဖြစ်၏။

ပယောဂဝေဒနာရှင်များကို ကယ်တင် စောင့်ရှောက်လိုသောသူသည် အဓိကအနေဖြင့် လူတို့ခါးဝတ်ပုဆိုးကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရမည့် ဂရုမမူ နိစ္စသီလခေါ် ကိုယ်ကျင့်ငါးပါးသီလကို မြဲမြဲမြံမြံ လုံခြုံရမည် ဖြစ်၏။ သမာဓိလည်း တည်ကြည် ခိုင်ခံ့ရ၏။ သိမ်မွေ့နူးညံ့သောကိုယ်အမူအရာနှင့် ယဉ်ကျေးသိမ်မွေ့သော စကားအပြောအဆိုနှင့်လည်း ပြည့်စုံရမည် ဖြစ်၏။ ထို့အပြင် အင်္ဂါကိုးပါးနှင့် ပြည့်စုံသော နဝင်္ဂသီလကို စောင့်ထိန်းရာတွင် အဆင့်အားဖြင့် သုံးမျိုးသုံးစားရှိ၏။

၁။ ပထမအဆင့်ကို ကျင့်ထားသောသူသည် အထင်ပညာကိုရရှိ၏။
၂။ ဒုတိယအဆင့်ကို ကျင့်ထားလျှင် အမြင်ပညာကိုရရှိ၏။
၃။ တတိယအဆင့်ကိုကျင့်ထားလျှင် အကြားပညာကိုရရှိ၏။

**ကျင့်ရမည့်ကျင့်စဉ်များ**

၁။ ပထမအဆင့်ကို ကျင့်ကြံအားထုတ်လိုသောသူသည် လအားဖြင့် (၃) လ၊ ရက်အားဖြင့် (၉၀) တိတိ နဝင်္ဂသီလကို ထိန်းသိမ်း ဆောက်တည်၍ သက်သတ်လွတ်အစားအစာအာဟာရကို စားသောက်ရ၏။ ထို့နောက် ဖော်ပြလတ္တံ့သော ဂုဏ်တော်ပုတီးကို သုံးလအတွင်း ပုတီးပတ်ရေ (၁၀၀၀၀) ရအောင် စိပ်ရမည်။ မေတ္တာဘာဝနာကို လေးလေးနက်နက်ပွားများရမည်။ ထိုကျင့်စဉ်များကို ကျင့်ကြံရာတွင် မိမိ စောင့်ထိန်းထားသော သီလစင်ကြယ်လျှင် စင်ကြယ်သလောက်၊ သမာဓိအားကောင်းလျှင် အားကောင်းသလောက် တန်ခိုးပါဝါအာဏာနှင့် အထင်ပညာကို ရရှိမည်ဖြစ်ပေ၏။

၂။ ဒုတိယအဆင့်ကို ကျင့်ကြံလိုသောသူသည် လအားဖြင့် (၆) လ၊ ရက်အားဖြင့် (၁၀၈) ရက်တိတိ နဝင်္ဂသီလကို ထိန်းသိမ်းဆောက်တည်ကာ သက်လွတ်စားသောက်ပြီးနောက်တွင် ဖော်ပြမည့် ဂုဏ်တော်ပုတီးကို ပုတီးပတ်ရေအားဖြင့် (၁၀၀၀၀) တိတိ (၆) လအတွင်း ပြည့်မီအောင် အမြဲဌာန်မပျက်စိပ်ရ၏။ မေတ္တာဘာဝနာလည်း ရှေးနည်းအတူပွားများရ၏။ ထိုသို့ ကျင့်ဆောင်ရာတွင် မိမိစောင့်ထိန်းထားသောသီလ၏ စင်ကြယ်လျှင် စင်ကြယ်သလောက်၊ သမာဓိတည်ကြည်လျှင် တည်ကြည်သလောက် ထူးကဲသော တန်ခိုးအာဏာနှင့် အမြင်ပညာကိုပါ ရရှိလာမည် ဖြစ်ပေ၏။

၃။ တတိယအဆင့်ကို ကျင့်လိုသောသူသည် လအားဖြင့် (၉) လ၊ ရက်အားဖြင့် (၂၇၀) တိတိ မပျက်မကွက် နဝင်္ဂသီလကို ထိန်းသိမ်းဆောက်တည်ပြီး သက်လွတ်စားသောက်ကာ နောက်တွင် ဖော်ပြမည့် ဂုဏ်တော်ပုတီးကို (၉) လအတွင်း ပုတီးပတ်ရေ (၁၀၀၀၀) ပြည့်မီအောင်စိပ်ရ၏။ မေတ္တာဘာဝနာပွားများရ၏။

ထိုသို့ ကျင့်ကြံအားထုတ်ရာတွင် မိမိထိန်းသိမ်းသော သီလစင်ကြယ်လျှင် စင်ကြယ်သလောက်၊ သမာဓိတည်ကြည်လျှင် တည်ကြည်သလောက် တန်ခိုးအာဏာနှင့် အကြားပညာပါရရှိမည် ဖြစ်ပေ၏။

မှတ်ချက် ။ ။ နဝင်္ဂသီလစောင့်ထိန်းပုံနှင့် မေတ္တာဘာဝနာ စနစ်တကျပွားများပုံတို့ကို မိမိ မသိရှိပါက တတ်ကျွမ်းနားလည်သော ရဟန်းပညာရှိ၊ လူပညာရှိတို့ထံ မေးမြန်းစုံစမ်း၍ ဆောက်တည်ပွားများရမည်။

**ဂုဏ်တော်ပုတီးစိပ်ရကျိုး**

ယခုဖော်ပြမည့် ဂုဏ်တော်ပုတီးစိပ်မှာ ရှေးအခါက နေလိုလလို ထင်ရှားကျော်ကြားတော်မူခဲ့သော ကျမ်းပြုအကျော်ဆရာတော်များ ဖြစ်ကြသော နေရင်းဆရာတော်ဘုရားကြီး၊ ရွှေဥမင်ဆရာတော်ဘုရားကြီးများ တလေးတစား အလေးအနက်ထား စိပ်တော်မူခဲ့သော နည်းကောင်းနည်းမြတ်ဖြစ်ပေ၏။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား တိုးတက်စေရုံမျှမက ထိုဂုဏ်တော်ပုတီးကိုစိပ်၍ ပုတီးပတ်ရေ (၁၀၀၀၀) ပြည့်သောအခါ-

၁။ စီးပွားဥစ္စာ ရတနာရွှေငွေအထွေထွေတို့ တိုးတက်ခြင်း။
၂။ ကိုယ်ခန္ဓာ၌ အနာရောဂါကင်းရှင်းခြင်း။
၃။ ကောင်းမြတ်သောအကြံအစည်များ မြန်မြန်ဆန်ဆန်အောင်မြင်ခြင်း။
၄။ ထိုပုတီးကို ရေစိမ်၍တိုက်ရုံမျှဖြင့် ပယောဂဝေဒနာများယူပစ်သလို ပျောက်ကင်းခြင်း။
၅။ ဩဇာအာဏာများ ထက်မြက်ခြင်း။
၆။ သာသနာတော်စောင့်နတ်များ အထူးသဖြင့် ကြည်ညိုလေးမြတ်စွာ ကူညီ စောင့်ရှောက်ခြင်း စသော အကျိုးမြောက်မြားစွာတို့ကို မြေကြီးလက်ခတ်မလွဲ မုချရရှိမည် ဖြစ်ပေ၏။

**ဂုဏ်တော်ပုတီးစိပ်နည်း**

ဂုဏ်တော်ပုတီးစိပ်မည့်သူသည် ဂုဏ်တော်ပါဠိကို ရကာမျှမတ္တမဟုတ်ဘဲ ထိုပါဠိ၏ အနက်အဓိပ္ပာယ်ကို ကျေကျေညက်ညက်သိရှိနားလည်ရ၏။ အနက်အဓိပ္ပာယ် ထင်မြင်လာအောင် အာရုံပြုရ၏။

အာရုံပြုပုံမှာ -

၁။ အရဟံ ဂုဏ်တော်အတွက်ဆိုလျှင် -

◆ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်အတွက်ဆိုလျှင် -

◆ ခပ်သိမ်းသောတရားကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၃။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်အတွက်ဆိုလျှင် -

◆ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၄။ သုဂတ ဂုဏ်တော်အတွက်ဆိုလျှင် -

◆ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူသောမြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၅။လောကဝိဒူဂုဏ်တော်အတွက်ဆိုလျှင် -

◆သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်အတွက်ဆိုလျှင် -

◆ မယဉ်ကျေးသော လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား ပါတကားဟု လည်းကောင်း။

၇။ သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်အတွက်ဆိုလျှင် -

◆ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၈။ ဗုဒ္ဓ ဂုဏ်တော်အတွက်ဆိုလျှင် -

◆ သစ္စာလေးပါး မြတ်တရားကို ကောင်းစွာ ပိုင်းခြား၍ သိတော်မူသော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

၉။ ဘဂဝါဂုဏ်တော်အတွက်ဆိုလျှင် -

◆ ဘုန်းတော်ခြောက်ပါးတရားတော်မြတ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကားဟု လည်းကောင်း။

မိမိ၏ မနောအာရုံမှာ ထင်မြင်ပြီး ကြည်ညိုစိတ်ရွှေရှုကာ ပုတီးစိပ်ရမည်။

**(က) အနုလုံပါဠိ**

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရောပုရိသဒမ္မသာရထိ
၇။ သတ္ထာဒေဝမနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ
ဟု ပုတီး (၉) လုံး။

**ပဋိလုံပါဠိ**

၁။ ဘဂဝါ
၂။ ဗုဒ္ဓေါ
၃။ သတ္ထာဒေဝမနုဿာနံ
၄။ အနုတ္တရောပုရိသဒမ္မသာရထိ
၅။ လောကဝိဒူ
၆။ သုဂတော
၇။ ဝိဇ္ဇာစရဏသမ္ပန္နော
၈။ သမ္မာသမ္ဗုဒ္ဓေါ
၉။ အရဟံ ဟု ပုတီး (၉) လုံး။

ခ။ အနုလုံ - (၁) အရဟံ ဟု ပုတီး (၁) လုံး။

ပဋိလုံ - (၁) အရဟံ ဟု ပုတီး (၁) လုံး။

ဂ။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ ဟု ပုတီး (၂) လုံး။

ပဋိလုံ - (၁) သမ္မာသမ္ဗုဒ္ဓေါ၊ (၂) အရဟံ ဟု ပုတီး (၂) လုံး။

ဃ။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏသမ္ပန္နော ဟု ပုတီး (၃) လုံး။

ပဋိလုံ - (၁) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) အရဟံ ဟု ပုတီး (၃) လုံး။

င။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏသမ္ပန္နော (၄) သုဂတော ဟု ပုတီး (၄) လုံး။

ပဋိလုံ - (၁) သုဂတော၊ (၂) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၃) သမ္မာသမ္ဗုဒ္ဓေါ၊ (၄) အရဟံ ဟု ပုတီး (၄) လုံး။

စ။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃)ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ ဟု ပုတီး (၅) လုံး။

ပဋိလုံ- (၁) လောကဝိဒူ၊ (၂) သုဂတော၊ (၃) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သမ္မာသမ္ဗုဒ္ဓေါ၊ (၅) အရဟံ ဟု ပုတီး (၅) လုံး။

ဆ။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃)ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရောပုရိသဒမ္မသာရထိ ဟု ပုတီး (၆) လုံး။

ပဋိလုံ- (၁)အနုတ္တရောပုရိသဒမ္မသာရထိ၊ (၂) လောကဝိဒူ၊ (၃) သုဂတော၊ (၄) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၅) သမ္မာသမ္ဗုဒ္ဓေါ၊ (၆) အရဟံ ဟု ပုတီး (၆) လုံး။

ဇ။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃)ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရောပုရိသဒမ္မသာရထိ၊ (၇) သတ္ထာဒေဝမနုဿာနံဟု ပုတီး (၇)လုံး။

ပဋိလုံ - (၁) သတ္ထာဒေဝမနုဿာနံ၊ (၂) အနုတ္တရောပုရိသဒမ္မသာရထိ၊ (၃) လောကဝိဒူ၊ (၄) သုဂတော၊ (၅) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၆) သမ္မာသမ္ဗုဒ္ဓေါ၊ (၇) အရဟံ ဟု ပုတီး (၇) လုံး။

ဈ။ အနုလုံ - (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃)ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရော ပုရိသဒမ္မသာရထိ၊ (၇) သတ္ထာဒေဝမနုဿာနံ၊ (၈) ဗုဒ္ဓေါ ဟု ပုတီး (၈) လုံး။

ပဋိလုံ - (၁) ဗုဒ္ဓေါ၊ (၂) သတ္ထာဒေဝမနုဿာနံ၊ (၃) အနုတ္တရောပုရိသဒမ္မသာရထိ၊ (၄) လောကဝိဒူ၊ (၅) သုဂတော၊ (၆) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၇) သမ္မာသမ္ဗုဒ္ဓေါ၊ (၈) အရဟံ ဟု ပုတီး (၈) လုံး။

**ည။ အနုလုံ**

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရောပုရိသဒမ္မသာရထိ
၇။ သတ္ထာဒေဝမနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ ဟု ပုတီး (၉) လုံး။

**ပဋိလုံ**

၁။ ဘဂဝါ
၂။ ဗုဒ္ဓေါ
၃။ သတ္ထာဒေဝမနုဿာနံ
၄။ အနုတ္တရောပုရိသဒမ္မသာရထိ
၅။ လောကဝိဒူ
၆။ သုဂတော
၇။ ဝိဇ္ဇာစရဏသမ္ပန္နော
၈။ သမ္မာသမ္ဗုဒ္ဓေါ
၉။ အရဟံ ဟု ပုတီး (၉) လုံး။

ယခုဖော်ပြခဲ့သော ပုတီးလုံးရေတို့ကို စုပေါင်းရေတွက်လျှင် (၁၀၈) လုံး တိတိရရှိ၏။ ပုတီး (၁) ပတ်ဟု ခေါ်၏။

ဤပုတီးစိပ်နည်းသည် စိတ်ပျံ့လွင့်စွာစိပ်နေသောသူအား ခက်ခဲမှုဖြစ်နေတတ်၏။ သမာဓိတရားခိုင်မြဲစွာထားပြီး စိပ်မှသာလျှင် ပုတီးတစ်ပတ်ဆုံးတိုင်း ကွက်တိကျနေမည် ဖြစ်၏။

ယခု ဖော်ပြခဲ့ပြီးသည်တို့ကား ပယောဂဝေဒနာကို ကယ်တင်ကုသနိုင်ရန် နည်းလမ်းပေါင်း မြောက်မြားစွာရှိသည့်အနက် မည်သည့်ဆရာသမားအထံမှာမှ နည်းခံဆရာမလိုဘဲ မိမိကိုယ်တိုင် သီလ၊ သမာဓိ၊ ပညာတို့ကို ထူထောင်ကာ အကျင့်စရဏအားဖြင့် ပယောဂဝေဒနာရှင်တို့ကို ကုသကယ်တင်နိုင်သော နည်းကောင်းတစ်ခုဖြစ်ပါကြောင်း တင်ပြရင်း ကမ္ဗတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း။

ကောင်းစံသာ (မင်းဘုန်း)

**ကျမ်းကိုး -**

တိကိစ္ဆာကစကျွဆေးကျမ်း (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com

ရွှေချိုအောင်(ပေလဲ)

## သံတွဲမြို့နယ် မော်ရှုရွာကမ်းခြေမှ


# ကျောက်ဆင်ဖြူတော်နှင့် ရှုဌစန္ဒြားမင်းခြေရာ

စာရေးသူသည် သုတေသီတစ်ဦး မဟုတ်သော်ငြားလည်း နေရာဒေသများစွာရှိ ဂမ္ဘီရဆိုင်ရာ ထူးခြားမှုများကို အလွန်စိတ်ပါဝင်စားစွာ စူးစမ်းလေ့လာမှုပြုတတ်သူတစ်ဦးပင် ဖြစ်ပါသည်။ မိမိလေ့လာစူးစမ်းမိသမျှတို့ကိုလည်း ဓာတ်ပုံမှတ်တမ်းတင် ရိုက်ကူး၍ ဆောင်းပါးရေးသားကာ ဖော်ထုတ် တင်ပြလျက်ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကာလက သံတွဲမြို့နယ်ရှိ ကမ်းခြေဒေသရွာတစ်ရွာဖြစ်သည့် မော်ရှုံရွာတွင် ဘွဲ့ဖက်အလယ်တန်းကျောင်း တာဝန်ခံဆရာကြီးအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်နေရင်း မော်ရှုံရွာပတ်ဝန်းကျင်ဒေသရွာများသို့လည်း လေ့လာမှုအနေဖြင့် သွားရောက်လေ့ရှိပါသည်။

ထိုသို့ သွားလာခဲ့ရာတွင် မော်ရှုံရွာအကြား ပင်လယ်ကမ်းခြေကျောက်ဆောင်တစ်နေရာတွင် ခြေရာတစ်ခုရှိကြောင်း တွေ့ရှိခဲ့ရလေသည်။ ခြေရာမှာ တစ်တောင်ကျော်ရှိ၍ ကျောက်သားပြင်ပေါ်တွင် ထင်ထင်ကွင်းကွင်း မြင်တွေ့ရသည်။ ညီညာပြန့်ပြူးသည့်ခြေရာမဟုတ်ဘဲ ခြေဖဝါးသိမ်၍ လူခြေရာအတိုင်း ပေါ်လွင်နေသဖြင့် ဘုရားစက်တော်ရာမဟုတ်ကြောင်း တပ်အပ်သေချာသိပါသည်။

မော်ရှုံရွာရှိ ရှေ့မီနောက်မီ အေးဆရာကြီး အဘိုး ဦးစောမြဦးအား မေးမြန်းစုံစမ်းသည့်အခါ ရခိုင်ရှင်ဘုရင် ရှုဌစန္ဒြားမင်းခြေရာဖြစ်ကြောင်း သိရှိရသည်။ ထိုခြေရာရှိသည့် ကျောက်ဆောင်ကမ်းခြေတွင် ဆင်ဖြူရုပ်သဏ္ဌာန် ကျောက်ဖြူကျောက်သားပုံသဏ္ဌာန်တစ်ခုကိုလည်း မြင်တွေ့ရပါသည်။ ထို့အပြင် စန္ဒြားမင်းဖိုခွင်ဟုခေါ်သည့် သုံးပွင့်ဆိုင်ကျောက်ဖိုခွင်ရာ၊ ဆင်ချည်သံကြိုးပုံနှင့် ကျောက်လှည်းဘီးတို့ကိုပါ တွေ့ရှိရလေသည်၊ ၎င်းကမ်းခြေဒေသရှိ ဆင်ဖြူရုပ်ကို အကြောင်းပြု၍ ဆင်ဖြူချိုင်ဟု ရှေးကပင် ခေါ်ဝေါ်ခဲ့ကြကြောင်း သိရှိခွင့်ရခဲ့ပါသည်။ ထူးခြားသည်မှာ ကျောက်လုံးကျောက်ဆောင်မည်းမည်းများကြားတွင် တစ်ခုတည်းသာ တည်ရှိနေသည့် ဆင်ဖြူတော် ပုဆစ်တုပ်ဝပ်နေဟန် ကျောက်ဖြူကျောက်လုံးပင် ဖြစ်ပါသည်။ ကျောက်သံကြိုးပုံမှာ ယခင်က သံကြိုးကွင်းဆက်များ ပေါ်လွင်ခဲ့သော်လည်း ယခုအခါ နှစ်ပေါင်းများစွာ မိုးရေလေနှင့် ပင်လယ်လှိုင်းများ၏ ရိုက်ခတ်မှုဒဏ်ကြောင့် အသွင်သဏ္ဌာန်အဖြစ်သာ မြင်တွေ့ခွင့် ရရှိလေသည်။ ကျောက်ဖိုခုံလောက်ခွင်ရာမှာမူ မူလအတိုင်းရှိနေပါသေးသည်။ ကျောက်လှည်းဘီးကြီးမှာလည်း မူလနေရာမပျက် တည်ရှိနေဆဲဖြစ်ပါသည်။ ထိုဆင်ဖြူချိုင်နှင့် ခပ်လှမ်းလှမ်း ရေထဲတွင် ဆင်တင်ဖောင်ကျောက်ခဲကြီးကိုလည်း လှမ်း၍ တွေ့မြင်နေရပါသည်။

စာရေးသူသည် ငယ်စဉ်က မိရိုးဖလာ ဒဏ္ဍာရီစကားဟု ထင်မှတ်မှားခဲ့



ရှုဌစန္ဒြားမင်းကျောက်လှည်းဘီး




ကျောက်ဆင်ဖြူတော်ရုပ်




www.burmeseclassic.com


www.burmeseclassic.com



ကျောက်ဆင်ဖြူတော်ရုပ်



ဆင်ဖြူတော်ပုဆစ်တုပ်နေဟန်



ဆင်ဖြူတော်ချိုင်ကမ်းခြေ

သော်လည်း ယခုအခါတွင် ရခိုင်သမိုင်း ရာဇဝင်များအရ စူဠစန္ဒြားမင်း ဟူ၍ အထင်ရှား မှတ်သား တွေ့ရှိရပြီးနောက် သမိုင်းအခိုင်အမာကို ရှာဖွေတွေ့ရှိခဲ့ရပြီ ဖြစ်ပါသည်။ ထိုမျှသာမက စူဠစန္ဒြားမင်းကြီး၏ အကြောင်းကို ရေးဖွဲ့ထားသည့် ဝေသာလီခေတ် အမတ်ကြီး ဓမ္မဇေယျ (ဓမ္မစစ်) ၏ စန္ဒြားဘွဲ့ကဗျာရှည်ကြီးကို လေ့လာ ဖတ်ရှုခွင့်ကြုံခဲ့ပါသည်။ ရခိုင် ဝေသာလီခေတ် စန္ဒြားမင်းဆက် စူဠစန္ဒြားမင်းကြီးသည် အလွန်အင်အား တောင့်တင်းသည်။ ရခိုင်ရေတပ်မတော်ကြီးကိုလည်း ပိုင်ဆိုင်ခဲ့သူ ဖြစ်ပါသည်။ နယ်မြေပိုင်ဆိုင်မှုအနေဖြင့် အနောက်ဘက်တွင် စစ်တကောင်း၊ မောက်သူဇာ၊ ဒါကာ အံစရှိသည့် ဘင်္ဂါ (၁၂) မြို့ကိုပင် ပိုင်စိုးနိုင်ခဲ့လေသည်။ အေဒီ ၇၆၇ ခန့်တွင် အရှေ့အရပ်ရှိ တကောင်းပြည် သင်းတွဲမြို့သို့ မိမိပိုင် ရေတပ်မတော်ကြီးဖြင့် စစ်အင်္ဂါလေးပါးအခြံအရံအပြင် နောက်ပါအခြွေအရံများ၊ မှူးမတ်များနှင့် တကွ ကရဝိက်ရွှေဖောင်တော်စီး၍ ပင်လယ်ရေကြောင်းခရီးဖြင့် လှည့်လည်ကာ ဟံသာဝတီ ပဲခူးမှသည် တကောင်းပြည်သို့ ချီတက်ခဲ့လေသည်။ ထိုချီတော်မူသည့်အထဲတွင် ကဗျာဖွဲ့ဆိုသူ အမတ်ကြီး ဓမ္မဇေယျပါ လိုက်တော်မူခဲ့ရာ ကံအားလျော်စွာ မသေမပျောက်ဘဲ ကျန်ရစ်ခဲ့သဖြင့် အဆိုပါ စန္ဒြားဘွဲ့ကဗျာကို စပ်ဆိုရေးသားနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ရခိုင်ရာဇဝင်သမိုင်းတွင် ဤကဗျာသည် အထင်အရှားဖြစ်ခဲ့သည်။

စန္ဒြားဘွဲ့ ကဗျာရှည်ကြီးပါ အကြောင်းအရာများမှာ ဤသို့ဖြစ်လေသည်။

အေဒီ ၇၃၃ က သိဂ်စန္ဒရားမင်း နတ်ရွာစံပြီးနောက် သားတော် စူဠစန္ဒြားမင်းသည် စန္ဒာဒေဝီကို မိဖုရားမြှောက်ကာ ထီးနန်းစိုးစံတော်မူခဲ့၏။ စူဠစန္ဒြားမင်းသည် ဘုန်းလက်ရုံးတန်ခိုးအာဏာနှင့် ပြည့်စုံသည့် မင်းတစ်ပါး ဖြစ်လေသည်။ စူဠစန္ဒြားမင်းသည် အရိန္ဒမာလုံ့ပျံ့ရှင်ဖြစ်သည့်အပြင် ဆင်ဖြူတော်ရတနာကို ပိုင်ဆိုင်တော်မူလေသည်။ အရိန္ဒမာလုံ့ပျံ့ဖြင့် စေလွှတ်ကာ ဇမ္ဗူဒိပ်မြေတစ်ခွင်တွင် ဘုန်းသမ္ဘာကြီးမားသည့် မင်းတစ်ပါးဖြစ်ခဲ့သည်။ တိုင်းတစ်ပါးမင်းတို့အား စစ်အင်္ဂါမပြုရဘဲ သမီးကညာနှင့် ရတနာအခွန်အထုပ်များ ပေးပို့ဆက်သလာကြလေသည်။

သို့ရာတွင် မင်းကြီးမှာ ပြင်းစွာခံရ



www.burmeseclassic.com

www.burmeseclassic.com

ခက်သည့် ဦးခေါင်းခဲနာရောဂါဝေဒနာ ခံစားကပ်နေခဲ့လေသည်။ နန်းတွင်းသမားတော်များနှင့် ကြိုးစား ကုသပါသော်လည်း အရာမထင် မပျောက်မကင်းရှိခဲ့လေသည်။ နောက်ဆုံးတွင် ဟူးရားဖြူ ဟူးရားညိုတို့အား ဗေဒင်အတတ်ပညာဖြင့် ရောဂါ၏ ဇစ်မြစ်ကို မေးတော်မူလေသည်။ ဗေဒင်ပညာရှိ ပုဏ္ဏားတို့က မဟောပြော ဝံ့ကြချေ။


စူဠစန္ဒြားမင်းကြီးမှာ အလွန်အမျက်ဒေါသကြီးပေရာ ဟူးရားဖြူ ဟူးရားညိုတို့က သံကွန်ချာခုနစ်ထပ်ကာရံစေပြီးမှ ဟောပြောခွင့်ပြုပါရန် မင်းကြီးကို လျှောက်ထားကြလေသည်။ မင်းကြီးက ခွင့်ပြုလေမှ ဟောဝံ့ကြလေသည်။

မင်းကြီးသည် ရှေးအတိတ်ဆီက တစ်ကောင်း (သင်းတွဲပြည်) တွင် ခွေးဘဝဇာတ်လမ်းဖြစ်ခဲ့ဖူးလေသည်။သူငွေးအိမ်နေ ကျွန်စေမက ကျောင်းသို့ ဆွမ်းပို့သွားသည့်အခါ ခွေးငယ်ကလေးက လိုက်ပါသဖြင့် ကျောင်းသားများက ခွေးနှင့် ပေးစားကာ နောက်ပြောင်ကျီစယ်ကြရာ ရှက်ရှက်နှင့် ထိုခွေးလေးကို သတ်သည်အထိ ဖြစ်လေသည်။

ရှေးဘဝက ခွေးအဖြစ်ကို မင်းကြီးသည် အရှက်ရကာ ဒေါသဖြင့် ထခုတ်ရာ သံကွန်ချာခုနစ်ထပ်ပြတ်၍ ဟူးရားဖြူ ဟူးရာညိုတို့မှာ အသက်ဘေးမှ သီသီလေးလွတ်မြောက်ခဲ့ကြရသည်ဟု ဆိုပါသည်။

ခွေးသေလေးကို ကျွန်မက သွားလမ်းလာလမ်းအနီးတွင် ပုပ်ဟောင်နံစော်နေမည်စိုး၍ ခပ်လှမ်းလှမ်းပင်ခွတွင် တင်ထားခဲ့လေသည်။ ညောင်ပင်မှာ နှစ်ကာလရှည်ကြာသော် ကြီးမြင့်ခဲ့သဖြင့် ခွေးခေါင်းခွံမှာ ညောင်ပင်ကြားတွင် ညပ်ပါသွားလေသည်။ မင်းကြီးသည် ခွေးဘဝမှ လွန်မြောက်ပြီးနောက် ဆင့်ကဲဘုရင်မင်းဆက်တွင် မင်းဘဝရခဲ့သော်လည်း ရှေးအထုံပါရမီကြောင့် လေတိုက်တိုင်း ညောင်ပင်လှုပ်၍ ပြင်းပြစွာ ခံစားရလေသည်။ ထိုညောင်ပင်ရှိရာသို့ သွားရောက် ခုတ်လှဲကာ ခွေးခေါင်းခွံကို ထုတ်ယူပါမှသာ ရောဂါဝေဒနာ ပျောက်မည် ဖြစ်ကြောင်း လျှောက်တင်ကြလေသည်။ ထို့ကြောင့် ပဉ္စာလရာဇ် (တစ်ကောင်း) သင်းတွဲပြည်သို့ မလွဲမသွေ သွားရောက် ချီတက်ရမည် ဖြစ်လေသည်။

ထို့ကြောင့် သင်းတွဲပြည်သို့ လှံပျံ လေးရာ စေလွှတ်ကာ စာဆွဲ၍ ပစ်လွှတ်



စူဠစန္ဒြားမင်းခြေရာတော်



စူဠစန္ဒြားမင်းခြေရာတော်



ဆင်ဖြူချိုင်ရှိရာ မော်ရှေ့ရွာ




www.burmeseclassic.com


www.burmeseclassic.com




ဆင်ချည်သံကြိုးပုံ



ဆင်ဦးကင်းရှေ့မှ စာရေးသူ



ကျောက်လှည်းဘီးနှင့်အမှတ်တရ



စူဠစန္ဒြားမင်းဆိုနံ့လောက်

လိုက်လေသည်။ နှစ်လခရီးသွားရမည့် ခရီးဝေးကို လှံပျံသည် တစ်ခဏချင်းပင် မင်းရင်ပြင်တွင် ကျရောက်ခဲ့လေသည်။ သင်းတွဲမင်းကြီးက စူဠစန္ဒြားမင်းကြီးကြွရောက်ပါမည့်အကြောင်း ရွှေစာဆွဲ၍ ဆီမီး၊ ပေါက်ပေါက်တို့ဖြင့် လှံပျံကို ပူဇော်ကာ စူဠစန္ဒြားမင်းကြီးထံ ပြန်လွှတ်လိုက်လေသည်။ မင်းကြီးက သင်းတွဲပြည်သို့ ကြွချီတော်မူမည်ဟု မိန့်တော်မူရာ ဟူးရားဖြူ ဟူးရားညိုက ဤနှစ်တွင် မကြွချီသင့်ကြောင်း တောင်းပန် လျှောက်ထားကြလေသည်။ မင်းကြီးက မှူးမတ်များနှင့် ပုဏ္ဏားတော်များစကားကို အလေးမထားဘဲ ကြွချီတော်မူလေသည်။

စူဠစန္ဒြားမင်းကြီးသည် ကိုးသောင်းသော တိုက်လှေများခြံရံလျက် ကရဝိက်ရွှေဖောင်တော်ဖြင့် ပင်လယ်ရေကြောင်းဖြင့် ခရီးနှင်လာခဲ့လေသည်။ မင်းကြီး၏ ရေကြောင်းခရီးတွင် မှူးမတ်ခြွေရံသင်းပင်းနှင့်တကွ ဆင်၊ မြင်း၊ ရထား၊ ဒိုင်းလွှား၊ ကာ၊ အဲမောင်း၊ လှံ၊ ဓားကိုင်စစ်သည်တော်များကို လှေကိုးသောင်းတွင် တင်ဆောင်လျက် ချီတော်မူလေသည်။

ပင်လယ်ရေကြောင်းခရီးသွားလာရင်း မင်းကြီးက ကွမ်းဖတ်တော်ကို ရေထဲသို့ ထွေးမိလေသည်။ ထိုအခါ ဘောဂဝတီ ရေနတ်နဂါးမင်းကြီး၏သမီးတော်အနီး ကွမ်းသွေးကျရောက်လေသည်။

ရှေးဘဝရေစက် ခုနစ်ပန္နက် အချိန်အခါက ချစ်သက်သေတည်ခဲ့သည့်အကြောင်းဆုံကာ ရေနတ်နဂါးမင်းကြီး၏သမီးတော် ရက်ကန်းရက်နေရာအနီးသို့ ကွမ်းသွေးကျရောက်မိခဲ့လေသည်။ ကွမ်းတံတွေးကို မြင်သည့် နဂါးမင်းသမီးက ရှေးဘဝမေတ္တာကြင်ဖက်ဖြစ်သဖြင့် ကွမ်းသွေးသာ ဤမျှလှပလျှင် လူသားလူကိုယ်တိုင်ကား ဆိုဖွယ်ရာမရှိတော့ပြီဟု မေတ္တာသက်ဝင်ချစ်ခင်မိကာ ဖခင် နဂါးမင်းကြီးထံ ဆောင်ကြဉ်းပေးရန် ပူဆာလာတော့သည်။

နဂါးမင်းကြီးက သင်းတွဲပြည်တွင် ဘုရားတည်ကျောင်းဆောက်မည့်အရေးမြင်တွေးမိသဖြင့် သင်းတွဲမှအပြန်တွင် ဆောင်ကြဉ်းပေးမည်ဟု သမီးကညာအား ကတိပေးလိုက်လေသည်။

မင်းကြီးသည် သင်းတွဲပြည်ရောက်သည့်အခါ ညောင်ပင်ကို ရအောင်ရှာ၍ မီးတိုက်လေကာ ညောင်ပင်နေရာ၌



www.burmeseclassic.com

www.burmeseclassic.com

ကြီးစွာသော စေတီတော် တည်ထား၍ ခြောက်သိန်းသောရွှေစင်တို့ဖြင့် အလှူကြီးပေးတော်မူလေသည်။ သင်းတွဲပြည်တွင် ထီးနန်းစိုးစံ၍ မင်းစည်းစိမ်ကို ခံစားနေရာ မိမိတိုင်းပြည်ကို မေ့လျော့နေမိလေသည်။

ထိုအခါ မှူးတော်မတ်တော်အပေါင်းက မလျှောက်တင်ဝံ့ကြသဖြင့် မိမိတိုင်းပြည်ကို ပြန်လည်သတိရစေခြင်းငှာ ကချေသည်တို့အား ပတ်သာစောညှင်းဖြင့် ကဗျာဖွဲ့ဆိုနားတော်သွင်းကြရလေသည်။

ထိုအခါမှသာ မင်းကြီးသည် ပြည်တော်ပြန်မည့်အရေး တွေးဆသတိရသွားလေသည်။ ထိုအခါမှ ရွှေဖောင်တော်ပြာသာဒ်ဖြင့် လှေအပေါင်း ခြံရံကာ ဝေသာလီပြည်သို့ ပြန်လည် ကြွချီတော်မူခဲ့လေသည်။ အပြန်ခရီး ပုသိမ်မော်တင်စွန်း နဂရာဇ်အငူ (နော့ရေအငူ) စွန်းအလှည့်တွင် သမီးကိုကတိပေးထားသည့်အတိုင်း နဂါးမင်းကြီးက လိုက်လံနှစ်သတ်ရန် ကြံစည်လေတော့သည်။

နတ်နဂါးမင်းကြီးက မီးလျှံကိုဖန်ဆင်း၍ နဂါးမီးလွှတ်ကာ ကြံဆောင်လေသည်။ မီးအလျှံကြောင့် ခြွေရံသင်းပင်းတို့က မင်းကြီးကို လျှောက်ထားရာ ဟူးရားဖျူ ဟူးရာညိုတို့က မင်းကြီးကို နောက်သို့လှည့်မကြည့်ရန် လျှောက်တင်ကြ၏။ နဂါးမီးလျှံသည် လှေအပေါင်းနှင့် ရွှေကရဝိက်ဖောင်တော်ကို စွဲလောင်လေသော် မောင်းမမိဿံများ အော်ဟစ်ငိုကြွေးကြသည်ကို ကြားလေသော် မင်းကြီးက စိုးရိမ်စွာနောက်ပြန်လှည့်အကြည့်တွင် ရေနတ်နဂါးမင်းကြီးက ဖောင်တော်ကို ဆွဲနှစ်သဖြင့် မင်းကြီး နတ်ရွာစံတော်ကုန်လေသည်။

ဘောဂဝတီရေနတ်နဂါးမင်းကြီးသည် မင်းကြီးကို နဂါးပြည်သို့ ဆောင်သွားလျက် ရေနတ်နဂါးတို့၏ တန်ခိုးဖြင့်ဖန်ဆင်းကာ သမီးတော်နှင့် လက်ဆက်ထိမ်းမြားပေးလေသည်။

ပုသိမ်ခရိုင် မော်တင်စွန်းရှိ စူဠစန္ဒြားမင်းကြီး၏ ကရဝိက်ရွှေဖောင်တော်အား ရေနတ်နဂါးမင်းကြီး နစ်မြှုပ်ပစ်သည့်နေရာတွင် ယနေ့တိုင် ဇရာမ ရေဝဲကတော့ကြီး တည်ရှိနေသေးသည်။ ထိုဝဲသယက်ကြီးကို 'နဂါးနစ်ဝဲ' ဟု အမည်ပေးကာ လှေ၊ သင်္ဘောများ အဝေးကပင် ရှောင်တိမ်းသွားကြသည်မှာ စာရေးသူ ကိုယ်တွေ့ ဖြစ်ပါသည်။ ရေကြောင်းကျွမ်းကျင်သဖြင့် နဂါးနစ်ဝဲကြီးအတွင်း ကပ်ရောက်မိသည့် လှေ၊ သင်္ဘောများမှာ ရေအောက်မရဏာနန်းသို့ စံမြန်းကြရလေ့ ရှိလေသည်။ ထို့ကြောင့် လှေသူကြီး၊ တက်မကိုင်၊ ကပ္ပတိန်၊ ရေကြောင်းပြများက အလေးထား၍ အထူးရှောင်ကြဉ်သွားလာလေ့ရှိကြလေသည်။

ဘောဂဝတီရေနတ်နဂါးမင်းကြီး၏ နဂါးမီးလောင်ကျွမ်းမှုကြောင့် စူဠစန္ဒြားမင်းကြီးနှင့် နောက်တော်ပါ အခြွေအရံ မှူးမတ်ဗိုလ်ပါ ပွဲနင်းကြီးနှင့်တကွ အတိုင်းတိုင်းအပြည်ပြည်မှ ဆက်သလာသည့် သမီးကညာ၊ ဆင်ဖြူတော်၊ ဆင်မဲ၊ ရွှေဝမ်းဘဲညီနောင်၊ ရွှေဆတ်မစသည့် ချစ်စရာတိရစ္ဆာန်များနှင့် ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်သံပတ္တမြား၊ ထီးသုံးနန်းသုံးပစ္စည်းများသည် ပင်လယ်ရေပြင်တွင် လွင့်ပါမျောကြ၍ နေရာဒေသကမ်းအသီးသီး တင်ကျန်နေရစ်သည့်အခါ နဂါးမီးတန်ခိုးကြောင့် ကျောက်ဖြစ်၍ တည်ရှိနေခဲ့ကြလေသည်။ ထို့ကြောင့် မှူးမတ်ဗိုလ်ပါရဲမက်စစ်သည်များ၊ ပုဏ္ဏားတော်များ၊ ဆင်၊ မြင်း၊ တိရစ္ဆာန်များ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ရာ ဒေသကို အစွဲပြု၍ ရှေးလူကြီးများက ရွာတည်သည့်အခါ ထိုကျောက်ဖြစ်ရုပ်ကြွင်းများကို အစွဲပြု၍ မြို့ ရွာအမည် မှည့်ခေါ်ခဲ့ကြလေသည်။

ငွေမြို့နယ်ကမ်းခြေဒေသရှိ အချို့မှာ စူဠစန္ဒြားမင်းကြီး၏ လှေဖောင်တော်ကျိုးပျက်သည့်ဒေသကို အစွဲပြု၍ လောင်းကျိုးရွာ (လှေကျိုးရွာ) ဟု ရှေးကပင် ခေါ်ဝေါ်ခဲ့ကြသည်။ လှေတော်ပါ မာန်တိုင်၊ ရွက်တိုင်များ၊ ကျိုးပျက်ရာဒေသအဖြစ် 'တိုင်ကျိုး' ရွာဟု ယနေ့တိုင် တွင်လေသည်။ မင်းကြီး၏ ပွဲနင်းကြီးရမ္မာ ပါးသည့်ဒေသကို အစွဲပြု၍ ကျိန္တလီမြစ်ဝ ပင်လယ်ကမ်းစပ်တွင် ရမ္မာကျွန်းရွာရှိလေသည်။ ထိုရွာတွင် ရမ္မာပေါင် ဟူ၍ လူတစ်ဦး လေးဖက်ထောက်လျက် နောက်ဘက်တင်ပါးပိုင်းမှ မြင်ရသကဲ့သို့ရှိနေသည့် ကျောက်ဆောင်ကြီးရှိပါသည်။ ရှေးအခါက ရမ္မာပေါင်နှစ်လုံးကြားထဲသို့ လှိုင်းပုတ်သဖြင့် ရေများဝင်၍ လှိုင်းပြန်လျော့သည့်အခါ လူတစ်ယောက်လေလည်သံကဲ့သို့ တဘူဘူတဘွတ်ဘွတ်အော်မြည်လေ့ရှိသည်ဟု ဆိုပါသည်။ ရှေးအခါက ယင်းအသံကို သဘောကျ၍ ရယ်မောသူများမှာ ချက်ချင်းလက်ငင်း ဝမ်းလျှော၍ သေဆုံးမှုများရှိခဲ့သည်ဟု စာရေးသူ၏အဘိုးက ပြောပြဖူးပါသည်။

စာရေးသူသည် အခါအခွင့်သင့်သဖြင့် ကျိန္တလီမြို့နယ်ခွဲသို့ သွားရောက်ခဲ့ရာ ဒေသခံဆရာဝန် ဒေါက်တာမောင်မောင်ကြည်၏ စက်လှေဖြင့် လိုက်ပါ ပို့ဆောင်မှုကြောင့် ရမ္မာကျွန်းသို့ လှေလာရေးသွားခွင့်ရခဲ့ပါသည်။ ကျိန္တလီမြို့ဆိပ်ကမ်းမှ ကျိန္တလီမြစ်ဝသို့ (၄၅) မိနစ်ခန့် စက်လှေဖြင့် သွားရပါသည်။ ထိုအခါ မောင်းထောက်တောင်တန်းကြီး၏မြောက်ဘက်ဆုံးတွင် ရမ္မာပေါင်ကို လှေလာခွင့်ရပါသည်။ ကျောက်ဆောင်ကြီး၏အနေအထားမှာ လူတစ်ဦးလေးဖက်ထောက်ကာရှိနေသကဲ့သို့ မှတ်ထင်ရလေသည်။ ပေါင်တံနှစ်ချောင်းမှာလည်း တကယ့်လူ၏ ပေါင်နှင့် ခြေသလုံးသားများကဲ့သို့ ရှိနေကာ အရှေ့မြောက်ဘက် ပင်လယ်ထဲသို့ အလျားလိုက်ရှိနေသည်။ နွေဦးရာသီဖြစ်၍ နံနက်ပိုင်းတွင် ရေကကြည်လင်အေးမြနေကာ ပေါင်နှစ်ဖက်ကြားရှိ ပင်လယ်ရေပြင်မှာ ရေကူးကန်အလားစိမ်းမြကြည်လင်နေပါသည်။ ဤကားစာရေးသူ၏ လှေလာချက်ပင် ဖြစ်ပါသည်။ အလွန်တရာထူးဆန်းသည့် ကျောက်ပုံသဏ္ဌာန်တစ်ခုပင် ဖြစ်လေသည်။

သံတွဲမြို့နယ်နှင့် ငွေမြို့နယ်ကမ်းခြေဒေသအဆုံးအစပ်ဒေသ ဖြစ်သည့် လှေကြီးချိုင်မှာလည်း စူဠစန္ဒြားမင်း၏ နောက်တော်ပါ လောင်းလှေကြီးများ ကမ်းကပ်ပါရာဒေသကို အစွဲပြု၍ 'လှေကြီးချိုင်ရွာ' ဟု အမည်တွင်ခဲ့ပါသည်။ မင်းကြီး၏အသုံးအဆောင် ကလပ်တော်ပါးရာဒေသကို အစွဲပြု၍ 'ကျောက္ကလပ်ရွာ' ဟု အမည်ရှိပါသည်။ ရှေးယခင်က တကယ့် ကျောက်ကလပ်တောင်နှင့် တူသော်လည်း ယခုအခါ လှိုင်းရေလေတိုက်စားမှုကြောင့် ကျိုးပဲ့ပျက်စီး၍ ပုံယောင်ပုံနွယ်သာ မြင်တွေ့ခွင့်ရှိပါတော့သည်။ မောင်းတော်နှင့် ရွှေလေးတော်တမ်းကပ်ပါးသည့်ရွာကို 'မောင်ရွှေလေးရွာ' ဟု အမည်တွင်လျက်ရှိသည်။ ယခုအခါ သံတွဲမြို့နယ်၏ တတိယမြောက်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက် စည်ပင်ရာရွာကြီးတစ်ရွာ ဖြစ်ပါသည်။ မင်းကြီး၏ ကွမ်းအစ်တော်မှ အဆင့်အဝိုင်းပါးရာဒေသကို 'ကွမ်းဝိုင်းရွာ' ဟု လည်းကောင်း အမည်တွင်လျက်ရှိပါသည်။ သဗြုချိုင် သင်္ဘောဆိပ်ကမ်းအနီး ကျွဲသောက်ရွာအနီးကမ်းခြေတွင်ရှိသည့် ပုဏ္ဏားတော်ပါးသည့် ကျောက်ဆောင်ကြီးမှာ ပုဏ္ဏားသဏ္ဌာန် ဖြစ်ပေါ်နေသဖြင့် 'ကျော



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏား' ဟု ပင်လယ်ရေလုပ်သားတို့က ခေါ်ဝေါ်နေကြဆဲ ဖြစ်သည်။ အင်ဒရူး ပင်လယ်ကွေ့အတွင်းတွင် တည်ရှိသည့် ရွှေဝမ်းဘဲပါးသည့်ရွာကို 'အဘဲရွာ' ဟုလည်းကောင်း၊ ဆတ်သမင်ကြီးတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အစွဲပြု၍ 'ဆတ်လည်မျှော်ရွာ' ဟု အမည်တွင်နေသည့်ရွာရှိပါသည်။

စာရေးသူတို့ငယ်စဉ်က အဘဲရွာရှိ ဝမ်းဘဲညီနောင်ကျောက်ရုပ်ကို လည်းကောင်း၊ ပင်လယ်ဘက်သို့ သမင်လည်ပြန်လှည့်ကြည့်နေသည့် ဆတ်ရုပ်ကြီးကို လည်းကောင်း နှစ်များစွာ မြင်တွေ့ခွင့်ရခဲ့သည်။ ဝမ်းဘဲညီနောင်၏စလုတ်၌ အပေါက်ဝများဖြစ်ပေါ်နေရာ သိုက်ဆရာများက ပြဒါးရှင်လုံး သို့မဟုတ် ရွှေကြက်ဥများကို သိုက်တူး၍ နှိုက်ထုတ်တွင် ဖောက်ယူငင်ကြသည်ဟု ရွာသားများက ပြောပြပါသည်။ ယခုအခါ ဝမ်းဘဲညီနောင် ကျောက်ဖြစ်ရုပ်ကြွင်းများမှာ အဘဲတောင်တန်းပြိုကျသဖြင့် ‌တောင်ပြိုမြေများက ဖုံးလွှမ်းသွားသကဲ့သို့ ဆက်လည်မျှော်ရွာမှ ဆတ်ရုပ်တုကြီးမှာ ၁၉၉၂ ခုနှစ် မုန်တိုင်းကြီးတိုက်ခတ်စဉ် လှိုင်းလုံးကြီးများရိုက်ခတ်သဖြင့် ကျိုးကြေ၍ ပုံပျက်သွားပြီ ဖြစ်ပါသည်။ ဆတ်ချိုကြီးအပိုင်းအစများကို ဆံသဆရာ ဦးငယ်လေး (ခ) ဦး လှအောင်က သိမ်းဆည်းထားသည်ဟု စာရေးသူကို ပြောပြပါသည်။

သံတွဲမှ ဇလွန်လမ်းခွဲ၊ ဇလွန်လမ်းခွဲမှ သပြုချိုင်သင်္ဘောဆိပ်အကြား ဆယ်မိုင်ခန့်အကွာတွင် ဆင်တင်ကြီးနှင့် ဆင်တင်လေးရွာ ဟူ၍ ရွာနှစ်ရွာရှိပါသည်။ စူဠစန္ဒြားမင်း၏ ဆင်တော်များတင်ရာ ကမ်းကပ်ပါးရာဒေသဖြစ်သဖြင့် အစွဲပြု၍ ရွာနှစ်ရွာအမည်ကို မှည့်ခေါ်ထားပါသည်။ ယခု တင်ပြသည့် ကျောက်ဆင်ဖြူတော်ချိုင်မှာလည်း ဆင်တင်ကြီးရွာ၊ သစ်ကောက်ရွာ၊ မော်ရိုးရွာ၊ မော်ရှေရွာလေးရွာအကြားရှိ ပင်လယ်ကမ်းခြေဒေသတစ်ခု ဖြစ်ပါသည်။ ကမ်းခြေတွင် ကျောက်ဆင်ဖြူတော်ချိုင်ရှိသလို ကမ်းပေါ်ရှိ ပင်လယ်ကမ်းခြေဒေသတစ်ခုဖြစ်ပါသည်။ ကမ်းခြေတွင် ကျောက်ဆင်ဖြူတော်ချိုင်ရှိသလို ကမ်းပေါ်ရှိ တောင်ကုန်းတောတန်းတွင် နတ်ဝှက် 'ဆင်မဲဥယျာဉ်'ရှိသည်ဟု တွေ့ကြုံဖူးသူ၊ ရှေးလူကြီးသူမများက ပြောဆိုဖူးပါသည်။ သစ္စာရှိ၍ လောဘအလိုနည်းသူများ၊



စိတ်မနှံ့သူများ၊ ဆေးဆရာကြီးများသည် အမှတ်မထင်ဘဲ ဆင်မဲဥယျာဉ်ထဲသို့ ရောက်ရှိခဲ့ကာ အသီးအနှံများ၊ သစ်သီးဝလံများ၊ မဟာမြိုင်ငှက်ပျော၊ ဂမုန်းနက်နှင့် ရှားပါးသည့် သိဒ္ဓိဝင်ဆေးမြစ်များကို မကြာခဏ တူးဖော် ဆွတ်ခူးရလေ့ရှိသည်ဟု ပြောလေ့ရှိကြပါသည်။ ထိုဖန်ဆင်းခြသည့် နတ်ဝှက်ဥယျာဉ်တော်ကြီးထဲတွင် ဆင်မည်းကြီးတစ်ကောင် လှုပ်ရှားသွားလာနေသည်ကိုလည်း တွေ့မြင်ရကြောင်း ဒေသခံရွာသားများက အလေးအနက် ပြောပြကြပါသည်။

ဆင်ဖြူတော်ချိုင်ရှိ ကျောက်သလင်းဆင်ဖြူတော်ရုပ်မှာလည်း သာမည မဟုတ်ပါ။ ရှေးခေတ်လူကြီးများက ခရီးသွားစဉ် ကျောက်ခဲငယ်များတင်၍ ဆုတောင်းခြင်း၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်များတွင် ဆီမီးထွန်းညှိပူဇော်ခြင်း စသည့်အမှုများကို ပြုလုပ်ခဲ့ကြ၍ အလှူအတန်းပွဲသုံးရန်၊ မင်္ဂလာဆောင်ပွဲဝတ်ဆင်ရန် လက်ဝတ်ရတနာများပင် ကတိပေး၍ ငှားရမ်းပါက ရရှိတတ်ကြောင်း၊ နောင်တွင် ကတိမတည်သူများကြောင့် နောင်ငှားရမ်း၍ မရရှိကြောင်း၊ ကျောက်ဆင်ဖြူတော်ရုပ်ကို ဒေသခံများက မည်သူမဆို မလေးမစား မပြုလုပ်ဝံ့ကြောင်း၊ ပြုလုပ်မိပါကလည်း ဘေးအန္တရာယ်များ ကျရောက်လေ့ရှိကြောင်း ဒေသခံများက ကိုယ်တွေ့ကြုံ၍ ယုံကြည်ကြလေသည်။ တစ်ခါက ကလေးငယ်များ ကျောက်ဆင်ဖြူတော်ရုပ်ပေါ် ဆော့ကစားမိရာ သွေးအန်၍ သေဆုံးပြီး နောက်မိဘများက ဟန့်တားလေ့ရှိသဖြင့် မည်သူမျှ တက်မစီးဝံ့ကြတော့ချေ။ ရှေးလူကြီးများကို ဆင်ဖြူတော်မှ အိပ်မက်ပေး၍ ဥစ္စာပေးသဖြင့် သိုက်တူးသူများက အကြိမ်ကြိမ်ကြိုးစားခဲ့ကြသည်ဟု သိရပါသည်။ သို့ရာတွင် မည်သူမျှ မအောင်မြင်ဘဲ သေပြေးရှင်ပြေးပြေးရကာ အတိဒုက္ခရောက်ကြရသည်ဟုလည်း စုံစမ်းသိရှိပါသည်။

ကျောက်ဆင်ဖြူတော်ချိုင်အထက်မှ ဆင်မဲဥယျာဉ်ဒေသမှာလည်း များစွာထူးခြားလှသည်။ ဆင်ဖြူတော်ချိုင်တွင် မော်ရိုး၊ မော်ရှေ၊ သစ်ကောက် ဆင်တင်ကြီး၊ ဆင်တင်ကလေး စသည့်ရွာများသည် ဟင်းစားအတွက် ဆင်ဖြူတော်ချိုင်တွင် ငါးများ၊ ကွန်ပစ်၊ ချိတ်ကောက်၊ ခုံးတူး၊ ပိုက်တား စသည်ဖြင့် ငါးရှာရသလို ဆင်ဖြူချိုင်အထက်တောတန်းကြီးတွင် ခံတက်ရိုး၊ ပုတတ်စာ၊ ဟင်းရွက်အမျိုးမျိုး၊ မှိုရှာ၊ မျှစ်ချိုးစသည်ဖြင့် ရှာဖွေ စားသောက်ရလေ့ရှိကြသည်။ မူလ ပကတိ ပေါက်ရောက်နေသည်မှာ မျှင်ဝါးတောကြီးများနှင့် သန်း၊ ဒဟတ်၊ ကြောင်လျှာ၊ ဖက်သန်း၊ ပင်ခ စသည့် သစ်ပင်ချုံနွယ်များရှိသော်လည်း နတ်ဝှက်ဥယျာဉ်ထဲသို့အကြောင်းဆုံ၍ ခွင့်ပြုရောက်ရှိချိန်တွင်မူ မူလအပင်များကွယ်ပျောက်၍ သစ်ကြီးဝါးကြီးများ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကနစိုး၊ သဖန်၊ ကတွတ်၊ ဆားဖြူ သစ်မွှေး၊ အကျော်၊ နံ့သာ၊ ကရမက်၊ တောင်တန်ကြီး၊ စံကားဝါ၊ စကားစိမ်းပင်ကြီးများ၊ မဟာမြိုင်ငှက်ပျောများ၊ သရက်၊ မာလကာ၊ ရှောက်ချို၊ လိမ္မော်၊ မရန်း၊ တည် စသည့်ထူးဆန်းသည့်အပင်များကို တွေ့ရကြောင်း၊ ဆွတ်ခူးစားသုံးနိုင်ကြောင်း ပြောပြကြပါသည်။

မော်ရိုးရွာမှ ဆေးဆရာကြီးဦးစောမြဦး (အဘိဓမ္မာတောင်သာဆေးသမားတော်အဖွဲ့ဝင်) ၏ အဆိုအရ ဆေးမြစ်ရှာရင်း နှစ်ကြိမ်တိုင်တိုင် ကြုံခဲ့ဖူးသူ ဖြစ်သည်။ လောဘရမ္မက်မရှိဘဲ ရိုးသားသူများကိုသာ ဖန်တီးပြသလေ့ရှိသည့်ဟု ပြောခဲ့ပါသည်။ သမ္မာအာဇီဝမကျသည့် ဆေးဆရာအတုအယောင်များကြောင့် ယခုအခါ လုံးဝတွေ့မြင်ခွင့်မရနိုင်တော့ပါ။ ဆင်ဖြူချိုင်အထက် ဆင်မဲဥယျာဉ်ဝန်းကျင်မှ ရရှိသည့် ဘုမ္မရာဇာ၊ မိုးနံ့၊ နလင့်ကျော်၊ တစ်ပင်ရွှေထီး၊ တောင်မရိုး၊ ဆေးငရုတ်၊ ဖန်ခါး၊ ကြောင်လျှာ၊ တောင်လုံးကျော်၊ ဖာလာ၊ နနွင်းနက်၊ တောင်ကြာ၊ ကလော၊ ဆင်တုံးမနွယ်၊ ဆင်သမနွယ်၊ ပေါက်၊ ရှဉ့်မတက်၊ ဆတ်လည်ပြတ်၊ ဆတ်ချိုတုတ်၊ ချေသူငယ်တင်ပါး စသည့်ပေါက်ရောက်သည့် ဆေးပင်များမှာ အခြားတောတောင်များမှ တူးဖော်ရရှိသည့် ဘယဆေးပင်များထက် ဆေးစွမ်းအလွန်ထက်လှပါကြောင်း ရေးသားတင်ပြလိုက်ရပေတော့သည်။

ရွှေချိုအောင် (ငပလီ)



www.burmeseclassic.com

www.burmeseclassic.com



# ဖျာပုံတင်နိုင်ဝင်း

## ကထိန်အလှူတော်

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီပွဲတော်များအနက် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကျင်းပလေ့ရှိသော ကထိန်ပွဲတော်သည် တစ်မူထူးခြားစည်ကားလှ၏။ သံဃာတော်များ မိုးတွင်းသုံးလမျှ ဝါဆိုဝါကပ်တော်မူပြီး ဝါကျွတ်ချိန်နှင့်လည်း တိုက်ဆိုင်နေသည့်အပြင် ရာသီဥတုအနေဖြင့်လည်း ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်ချေးငါးဝ ကင်းစင်စကာလ ဖြစ်သဖြင့် အလွန်သာယာအေးချမ်းလှပေသည်။ ခေတ်အလိုက် ပုံစံအမျိုးမျိုးဖြင့် ဆင်ယင်ကျင်းပလာခဲ့သော ကထိန်ပွဲတော်သည် ယနေ့ခေတ်တွင်တော့ ဘုံကထိန်အလှူပွဲများအဖြစ် အထူးခေတ်စားလာခဲ့ပါသည်။ အချို့ ဘုန်းကြီးကျောင်းများ၌မူ တစ်ဦးတည်းအလှူရှင်များက ပုဂ္ဂလိကကထိန်ခင်းကြသည်လည်း ရှိ၏။

၎င်းကထိန်ပွဲတော်သည် မြတ်ဗုဒ္ဓဒေသနာတော်မှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ ပါဝေယတိုင်းသား ရဟန်းတော်များကို အကြောင်းပြု၍ သံဃာတော်များ ဝန်ပေါ့ပါးစေရန်နှင့် သင်္ကန်းများပါးခြင်းမှ လွတ်ကင်းစေရန်အတွက် ရည်ရွယ်တော်မူ၍ ခွင့်ပြုတော်မူရာမှ ဤကထိန်ခင်းခြင်းအမှုသည် ဗုဒ္ဓဘုရားရှင်သက်ထက်တော်ကပင် စတင်ပေါ်ပေါက်ခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် (၃၇)ဝါအရ ကောသလ္လအနောက်ပိုင်း ပါဝေယျတိုင်းသားများ ဖြစ်ကြသော ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ကထိန်ခင်းရန်ပညတ်တော်မူခဲ့ပါသည်။ တစ်နေ့သောအခါ ထိုရဟန်းသုံးကျိပ်တို့သည် သာဝတ္ထိမြို့၌သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား ဖူးမြော်ရန် ပါဝါမြို့မှ ထွက်ခွာလာခဲ့ကြလေသည်။ ထိုသို့ ထွက်ခွာလာစဉ် သာဝတ္ထိမြို့ရောက်ရန် (၆) ယူဇနာ၊ (၄၈) မိုင် အကွာတွင်ရှိသော သာကေတမြို့သို့အရောက်တွင် ဝါဝင်ခဲ့လေသည်။ ထို့ကြောင့် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် ၎င်းသာကေတမြို့၌ပင် ဝါကပ်တော်မူကြရလေသည်။ ထို့နောက် ဝါကျွတ်ချိန်တွင် ပဝါရဏာပြုပြီး ဘုရားရှင် သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ ဆက်လက်ခရီးထွက်ခွာလာခဲ့ကြလေသည်။ ထိုသို့ ထွက်ခွာလာစဉ် လမ်းခရီးတွင် သည်းထန်သောမိုးကြီးနှင့် ကြုံဆုံရလေသည်။ ထိုသို့ ကြုံဆုံရသဖြင့် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် လမ်းခရီးတွင် ကြီးစွာသောဒုက္ခနှင့် ရင်ဆိုင်ရတော့သည်။

ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် တိစီဝရိတ်ခေါ် သုံးထည်သော သင်္ကန်းတို့ကို ဆောင်ယူကြသော တိစီဝရိတ်ဓုတင်ဆောင်ရဟန်းများဖြစ်ကြရာ မိုးရွာသောအခါ သင်းပိုင်ခေါ် ခါးဝတ်သင်္ကန်း၊ ဧကသီခေါ် ကိုယ်ရုံသင်္ကန်းနှင့် ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီးတို့မှာ မိုးရေဖြင့် စိုစွတ်ကုန်ကြ၏။ အထူးသဖြင့် နှစ်ထပ်သင်္ကန်းကြီးကို မိုးရေစိုသောအခါ လေးလံလာသဖြင့် ရဟန်းတို့အဖို့ အလွန်ပင်ပန်းဆင်းရဲကုန်ကြ၏။

သာဝတ္ထိမြို့သို့ ဘဒ္ဒဝဂ္ဂီရဟန်းများ ရောက်ရှိ၍ ထိုအဖြစ်ကို မြတ်စွာဘုရား မြင်တော်မူသောအခါ ကရုဏာတော်ကြီးစွာဖြစ်တော်မူသဖြင့် တိစီဝရိတ်သင်္ကန်းသုံးထည်အနက် တစ်ထည်ထည်ကို ချန်ထား၍ သင်္ကန်းနှစ်ထည်ဖြင့် ပေါ့ပါးရွှင်လန်းစွာသွားလာနိုင်ရန်လည်းကောင်း၊ သင်္ကန်းရှားပါးခြင်းမှ ကင်းလွတ်စေရန်လည်းကောင်း သို့အတွက် ကထိန်ခင်းခြင်းကို ပညတ်တော်မူခဲ့ပါသည်။

ကထိန်ခင်းရာတွင် ကထိနစီဝရံခေါ် ကထိန်သင်္ကန်းသည် အဓိက ဖြစ်သည်။

၎င်းကထိန်သင်္ကန်းသည် သာမန်အလှူခံရရှိသော သင်္ကန်းမျိုး မဟုတ်ရပေ။ ကထိန်တစ်ခု အထမြောက်ဖို့ လှူဒါန်းရမည့် သင်္ကန်းသည် (၁) မိုးကျသင်္ကန်း ဖြစ်ရပါမည်။ (၂) မသိုးသင်္ကန်းဖြစ်ရမည်။ (၃) သံဃိကသင်္ကန်းဖြစ်ရပါမည်။ ဤအချက်သုံးချက်နှင့် ပြည့်စုံသောသင်္ကန်းသာလျှင် ကထိန်ခင်းထိုက်ကြောင်း ဘုရားရှင် မိန့်တော်မူခဲ့ပါသည်။

### (၁) မိုးကျသင်္ကန်း ဆိုသည်မှာ

မိုးရေမိုးပေါက်တို့သည် မည်သူ၏တိုက်တွန်း လှုံ့ဆော်ချက်မျှ မပါဘဲ မိုးကောင်းကင်ပေါ်မှ အလိုအလျောက် ကျလာသကဲ့သို့ ကထိန်သင်္ကန်းသည်လည်း ကထိန်ခင်းမည့် ကျောင်းတိုက်မှ မည်သည့်ရဟန်း၏ တိုက်တွန်းလှုံ့ဆော်ချက်မျှမပါဘဲ အလှူရှင်က သဒ္ဓါတရားနှင့်သူ အလိုအလျောက် လာလှူသည့် သင်္ကန်းမျိုး ဖြစ်ရပါမည်။ ရဟန်းတော်များအနေဖြင့် ကထိန်သင်္ကန်းနှင့် ပတ်သတ်၍ မည်သူ့ထံကမျှ အလှူမခံရပေ။ အလွန်ဆုံး မိရင်း၊ ဖရင်းထံမှပင် အလှူမခံကောင်းပေ။ သူ့အလိုအလျောက် လာရောက် လှူဒါန်းသော သင်္ကန်းသာလျှင် ဖြစ်ရပါမည်။

### (၂) မသိုးသင်္ကန်း ဆိုသည်မှာ

သန့်ရှင်းလတ်ဆတ်သည့် ထမင်းကောင်း၊ ဟင်းကောင်း (မသိုးထမင်း၊ မသိုးဟင်း) ဆိုသည်မှာ ချက်ပြုတ်ပြီးနောက်တစ်နေ့မကူးသေးသည့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ဟင်းများကို ဆိုသကဲ့သို့ ကထိန်းခင်းမည့်သင်္ကန်းသည်လည်း နေ့မကူးသေးသည့် ယနေ့မှပင် လှူဒါန်းထားသော သင်္ကန်း ဖြစ်ရပါမည်။ ထမင်းဟင်းများ နေ့ကူးသွားလျှင် သိုးသွားသကဲ့သို့ လှူထားသောသင်္ကန်းသည်လည်း နောက်တစ်နေ့ကူးသွားလျှင် ထိုသင်္ကန်းကို သင်္ကန်းသိုးဟု သတ်မှတ်၏။ ထို့ကြောင့် ယနေ့လှူသောသင်္ကန်းကို ယနေ့တွင်ပင် ကထိန်ခင်းမှသာ မသိုးသင်္ကန်းဖြစ်၍ ကထိန်အထမြောက်ပါမည်။

**(၃)သံဃိကသင်္ကန်း ဆိုသည်မှာ**

ရဟန်းတစ်ပါးတည်းကိုသာ ရည်စူး၍ လှူဒါန်းထားသော သင်္ကန်းမျိုး မဟုတ်ဘဲ အလှူရှင်က 'သံဃဿ ဒေမ' - သံဃာအား လှူဒါန်းပါ၏ ဟူ၍ သံဃာထုကို ရည်ရွယ်၍ လှူဒါန်းထားသော သင်္ကန်းကို ဆိုလိုပါသည်။ ထို့အပြင် ပုဂ္ဂလိကရဟန်းတစ်ပါးပါး ပိုင်ဆိုင်ထားသော သင်္ကန်းမျိုးလည်း မဖြစ်အပ်ပေ။ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့ အမျိုးရှိသော သံဃာတော်တို့ကို လှူဒါန်းသောသင်္ကန်းမျိုးသည်သာ သံဃိကသင်္ကန်းဖြစ်၍ ကထိန်ခင်းရန် အပ်စပ်ပေသည်။

အထက်ပါ အင်္ဂါသုံးတန်နှင့် ညီညွတ်သော ကထိန်သင်္ကန်းကို လူပုဂ္ဂိုလ်များသာမက အခြားပုဂ္ဂိုလ်များလည်း လှူဒါန်းနိုင်ပါသည်။ ပိဋကတ်တော်တွင် ကထိန်သင်္ကန်းလှူခွင့်ရှိသူများကို (၁) လူ၊ (၂) နတ်၊ (၃) ရဟန်း၊ (၄) ရဟန်းမ (၅) သာမဏေ၊ (၆) သာမဏေမ၊ (၇) သိက္ခမာန် ဟူ၍ ဖော်ပြထားပါသည်။ ယနေ့ခေတ်တွင်တော့ ဘိက္ခုနီသာသနာ ကွယ်ပျောက်သွားပြီ ဖြစ်သဖြင့် ရဟန်းမ(ဘိက္ခုနီ)များ မရှိကြတော့ပါ။ ထို့အပြင် ဘိက္ခုနီသာသနာကိုမှီ၍ ဖြစ်အပ်သော သာမဏေနှင့် သိက္ခမာန်များလည်း မရှိနိုင်တော့ပေ။ သိက္ခမာန် ဆိုသည်မှာ ဘိက္ခုနီ (ရဟန်းမ) မဝတ်မီ သိက္ခာပုဒ် (၈) ပါးကို (၂) နှစ်တိတိ ကျင့်ကြံအားထုတ်ရသော သာမဏေမ တစ်မျိုး ဖြစ်သည်။ ထို့ပြင်တစ်ဝ လှူဒါန်းနိုင်သော ပုဂ္ဂိုလ်များထဲတွင် (၂) နတ်ဟု တိုက်ရိုက်ပြဆိုထားသော်လည်း ၎င်းအမှတ်(၂)ပုဂ္ဂိုလ်များထဲတွင် ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ ပြိတ္တာနှင့် လူမဟုတ်သော အခြား အသိဉာဏ်ရှိသည့် ပုဂ္ဂိုလ်များလည်း ပါဝင်ပါသည်။ ထို့ကြောင့် အသိဉာဏ် အတော်အတန်ရှိသည့် ပုဂ္ဂိုလ်သတ္တဝါများ ကထိန်သင်္ကန်းကို လှူခွင့်ရှိပါသည်။

ကထိန်နှင့်ပတ်သက်၍ နောက်တစ်မျိုးလှူဒါန်းနိုင်သော သင်္ကန်းလည်း ရှိပါသေးသည်။ ကထိန်ရဲ့သင်္ကန်းခေါ် အာနိသင်သင်္ကန်းများ ဖြစ်သည်။ သိမ်ထဲတွင် ကထိန်ခင်းရမည့်သင်္ကန်းကို ဥတ်သင်္ကန်း (ညတ်သင်္ကန်း) ဟု ခေါ်၏။ ၎င်းဥတ်သင်္ကန်းမှလွဲ၍ ကျောင်းတိုက်အတွင်းရှိ ရဟန်း၊ သာမဏေတို့ကို သီးခြားကပ်လှူရန် ကထိန်ကိုအကြောင်းပြု၍ အရံအဖြစ် လှူဒါန်းရသော သင်္ကန်း ဖြစ်သည်။ ၎င်းကထိန်ရဲ့သင်္ကန်းများ လှူဒါန်းခြင်းသည် ဥတ်သင်္ကန်းသကဲ့သို့ ကထိန်အကျိုးကို တိုက်ရိုက်မဟုတ်သော်လည်း ကထိန်အာနိသင်ကိုကား ရရှိနိုင်သောကြောင့် အာနိသင်သင်္ကန်းဟုလည်း ခေါ်ဆိုကြ၏။ ကထိန်းသင်္ကန်းမှန်သမျှ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားသော သင်္ကန်းများ ဖြစ်ရမည်။ ကထိန်ခင်းမည့် ဥတ်သင်္ကန်းကိုမူ ဧကသီကိုယ်ရဲ့သင်္ကန်းဖြစ်စေ၊ သင်းပိုင်ခါးဝတ်သင်္ကန်းဖြစ်စေ၊ ဒုကုဋ်နှစ်ထပ်သင်္ကန်းဖြစ်စေ ၎င်းသုံးထည်အနက်မှ ကြိုက်နှစ်သက်ရာ တစ်ထည်ထည်ဖြင့် ခင်းရမည် ဖြစ်သည်။

ကထိန်ခင်းခွင့်ပြုသည့်ကာလမှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လ (၂၉ ရက်) ဖြစ်ပါသည်။ ကထိန်ကို ၎င်းတစ်လ (၂၉ ရက်) အတွင်းသာ ခင်းခွင့်ရှိပါသည်။ ခင်းရမည့်နေရာမှာလည်း သိမ်မှအပြ အခြားကျောင်း၊ ဇရပ်များတွင် ခင်းခွင့်မရှိချေ။ ကထိန်ကို ကျောင်းတစ်ကျောင်းတွင် တစ်နှစ်တစ်ခါသာ ခင်းခွင့်ရှိသည်။ ကထိန်ခင်းရန်အတွက် အနည်းဆုံး သံဃာငါးပါးရှိ ရပါမည်။ သင်္ကန်းပေးအပ်မည့် သံဃာကလေးပါး၊ သင်္ကန်းခံယူ၍ခင်းရမည့် ရဟန်းက တစ်ပါး ဖြစ်သည်။ ထိုသို့ ရဟန်းသံဃာအပါး အရေအတွက် ကန့်သတ်ရခြင်းမှာ ကထိန်သင်္ကန်းသည် သံဃိကသင်္ကန်း ဖြစ်သောကြောင့် သံဃာက ပေးစွန့်လွှဲအပ်မှသာလျှင် တစ်ပါးသော ရဟန်းက ကထိန်သင်္ကန်းကို ရယူပိုင်ဆိုင်၍ ကထိန်ခင်းနိုင်မည် ဖြစ်သည်။ ကထိန်ခင်းခြင်းကိုမူ ၎င်းသံဃာတစ်ပါးတည်းကသာ ပြုလုပ်ရ၏။ သံဃာတစ်စုဖြစ်ရန် (ဝါ) တစ်ဂိုဏ်းဖြစ်ရန် အနည်းဆုံး ရဟန်း (၄)ပါး ရှိရပါမည်။ ထို့အပြင် သင်္ကန်းခံယူမည့်ရဟန်းတစ်ပါးနှင့်ပေါင်းလျှင် အနည်းဆုံးရဟန်း သံဃာ (၅) ပါး လိုအပ်ပါသည်။ ၎င်းအရေအတွက်ပြည့်မီမှသာ ကထိနကံခေါ် ကထိန်ခင်းခြင်းအမှု အထမြောက် အောင်မြင်ပါသည်။ အကယ်၍ မိမိတို့ကျောင်း၌ သံဃာအရေအတွက် မပြည့်မီသော် အခြားကျောင်းများမှ အငှားပင့်ဆောင်၍ ကထိန်ခင်းနိုင်ပါသည်။

**ကထိန်ခင်းပုံအကျဉ်းမှာ**

ရှေးဦးစွာ သံဃာတော်များက ကထိန်ခင်းမည့် ရဟန်းတစ်ပါးကို သီးသန့် ရွေးချယ်ရ၏။ ထို့နောက် သိမ်ဝင်၍ သိမ်ထဲတွင် သံဃာတော် (အနည်းဆုံးလေးပါး) က ကထိန်ခင်းမည့် ရဟန်းအတွက် သင်္ကန်းကို ဉတ္တိကမ္မဝါစာရွတ်၍ ပေးအပ်ရပါသည်။ (မြန်မာလို ဉတ်ကမ္မဝါဟု ခေါ်၏) ထိုအခါ ကထိန်ခင်းမည့် ရဟန်းက သံဃာကလွှဲအပ်သော သင်္ကန်းကို ခံယူရ၏။ ၎င်းသင်္ကန်းကို သံဃာ၏ရှေ့မှောက်၌ ဖြန့်ခင်းရ၏။ ထို့နောက် သံဃာတော်များက သာဓုအနုမောဒနာ ခေါ်ဆို၍ ကထိန်ခင်းခြင်းအမှုကို ပြီးဆုံးစေပါသည်။

ထိုသို့ ကထိန်ခင်းခြင်းကြောင့် ကထိန်ခင်းသော ရဟန်းတွေအတွက် ကထိန်အာနိသင် (၅) ပါးကို ရရှိကြမည် ဖြစ်သည်။ ၎င်းအာနိသင် (၅) ပါးမှာ (၁) မပန်ကြားဘဲသွားလာနိုင်ခြင်း၊ (၂) သင်္ကန်းသုံးထည် မယူဆောင်ဘဲ သွားလာနိုင်ခြင်း၊ (၃) ပင့်နည်းမှားသော ဆွမ်းဘောဇဉ်တို့ကို စားသုံးနိုင်ခြင်း၊ (၄) သင်္ကန်းအပို လိုသလောက် ထားသုံးနိုင်ခြင်း၊ (၅) သံဃာပိုင်သင်္ကန်းကို ခွဲဝေယူနိုင်ခြင်း ဟူ၍ ဖြစ်သည်။

**(၁) မပန်ကြားဘဲ သွားလာနိုင်ခြင်း ဆိုသည်မှာ**

ရဟန်းသံဃာတို့သည် မွန်းမတည့်မီ၌ မြို့ထဲရွာထဲမှ ဆွမ်းစားပင့်ထားသည့်အိမ်မှတစ်ပါး တစ်ခြားအိမ်များသို့ သွားမည်ဆိုလျှင် အနား၌ ထင်ရှားရှိသော ရဟန်းတစ်ပါးပါးကို ပန်ကြားပြီးမှ သွားရပါသည်။ ထိုသို့ မပန်ကြားဘဲသွားမိလျှင် ထိုရဟန်းအတွက် အပြစ်အာပတ်သင့်ပါသည်။ ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းသဖြင့် ကထိန်အာနိသင်ရထားသည့်ရဟန်းအတွက်မူ မပန်ကြားဘဲ သွားလာသော်လည်း အပြစ်အာပတ်မှ လွတ်မြောက်ရပါသည်။

**(၂) သင်္ကန်းသုံးထည်မယူဆောင်ဘဲသွားလာနိုင်ခြင်း ဆိုသည်မှာ**



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတို့မည်သည် တိစီဝရိတ်ခေါ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်ကို ကိုယ်နှင့်မကွာ အမြဲတမ်းဆောင်ထားရပါမည်။ ထိုသင်္ကန်းသုံးထည်ကို မိမိနှင့် တစ်ညတာမျှ ကင်းကွာ၍မရပေ။ ရဟန်းအနေဖြင့် တစ်ညတာမျှ မိမိအနားမှ နှစ်တောင့်ထွာအတွင်း ထိုသင်္ကန်းသုံးထည် အစုံအလင်မရှိလျှင်လည်းအာပတ်သင့်ပါသည်။ ၎င်းသင်္ကန်းကိုလည်း စွန့်ပစ်ရပါသည်။ ခရီးသွားလျှင်လည်း ထိုသင်္ကန်းသုံးထည်စလုံးကို အမြဲတမ်း ယူဆောင်သွားရပါသည်။ ကထိန်ခင်း၍ ကထိန်အာနိသင်ရထားသောရဟန်းတော်များ ၎င်းသင်္ကန်းသုံးထည်စလုံး မိမိနှင့် ကင်းကွာနေသော်လည်း အာပတ်မသင့်တော့ပေ။ ခရီးသွားရာတွင်လည်း ဝန်လေးမည့်သင်္ကန်းတစ်ထည်ကို ထားရစ်ခဲ့နိုင်သည်။

**(၃) ပင့်နည်းမျှသော ဆွမ်းဘောဇဉ်များကို စားသုံးနိုင်ခြင်း ဆိုသည်မှာ**

ရဟန်းသံဃာအား ဒကာ၊ဒကာမတို့က 'ထမင်းစားကြွပါ၊ မုန့်စားကြွပါ' ဟု ရဟန်းနှင့် မအပ်စပ်သော အရပ်သုံးစကားဖြင့် ပင့်ဖိတ်လျှောက်ထားသည့် ဆွမ်းဘောဇဉ်တို့ကို ခံယူစားသုံးခွင့် မရှိချေ။ လေးပါး သို့မဟုတ် လေးပါးအထက် ရဟန်းတော်များ စုပေါင်းပြီး ခံယူခဲ့မိလျှင်သော် လည်းကောင်း၊ စားသုံးခဲ့မိလျှင်သော် လည်းကောင်း အာပတ်သင့်ပါသည်။ ကထိန်အာနိသင်ရထားသည့် ရဟန်းတော်တို့အတွက်မူ မအပ်စပ်သော စကားအသုံးအနှုန်းဖြင့်ပင် ပင့်လျှောက်စေကာမူ အတူတကွ ခံယူခွင့်၊ စားသုံးခွင့် ရှိပါသည်။ အာပတ်မသင့်တော့ချေ။

**(၄)သင်္ကန်းအပို လိုသလောက် ထားသုံးနိုင်ခြင်းဆိုသည်မှာ -**

ရဟန်းတော်တို့သည် တိစီဝရိတ်ခေါ် အဓိဋ္ဌာန်တင်ထားသည့် သင်္ကန်းသုံးထည်မှအပ အခြားအပိုသင်္ကန်းများကို ထားရှိသုံးစွဲရခြင်း မပြုရချေ။ ထို့အပြင် မိမိထံရောက်လာသော သင်္ကန်းအပိုများကိုလည်း ဆယ်ရက်အတွင်း ဝိကပ္ပနာပြု၍ အဓိဋ္ဌာန်တင်ရပါသည်။ မတင်မိပါက ဆယ်ရက်ကျော်လျှင် ထိုသင်္ကန်းအပိုကို စွန့်ပစ်ရပါသည်။ သို့မဟုတ်ပါက အာပတ်သင့်၍ အပြစ်ရစေပါသည်။ သို့သော် ကထိန်အာနိသင်ရထားသော ရဟန်းတော်များအတွက်မူ ဝိကပ္ပနာမပြု အဓိဋ္ဌာန်မတင်ဘဲ သင်္ကန်းအပိုအရေအတွက် မည်မျှထားသုံးသော်မှ အာပတ်မှ လွတ်မြောက်ရ၏။

**(၅) သံဃာပိုင်သင်္ကန်းကို ခွဲဝေယူနိုင်ခြင်း ဆိုသည်မှာ**

ရဟန်းသံဃာတို့သည် မိမိကျောင်းတိုက်သို့ အလှူရှင်တစ်ဦးဦးမှ 'သံဃဿ ဒေမ - သံဃာအား လှူဒါန်းပါ၏' ဟူ၍ လာရောက် လှူဒါန်းသော သံဃိကသင်္ကန်း (သံဃာအများပိုင်သင်္ကန်း) ကို မိမိတစ်ဦးတည်းပိုင်သင်္ကန်း (ပုဂ္ဂလိပိုင်သင်္ကန်း) အဖြစ် သုံးစွဲခွင့်မရှိချေ။ အများပိုင်သင်္ကန်းဖြစ်သည့်အတွက် သံဃာအများ၏သဘောတူညီချက်ဖြင့်သာ ခွဲဝေသုံးစွဲရသည်။ အကယ်၍ ကထိန်အာနိသင်ရထားသောရဟန်းတော်များအတွက်မူ ကျောင်းတိုက်သို့ ပေးလှူသမျှ သံဃိကသင်္ကန်းများကို ကထိန်အာနိသင်ရသည့် ရဟန်းတော်များချည်းသာ ခွဲဝေသုံးစွဲနိုင်ပါသည်။ ကျန်ကထိန်အာနိသင်မရသော ရဟန်းများကို ခွဲဝေပေးစရာ မလိုတော့ပေ။ ကထိန်အာနိသင်မရသောရဟန်းများမှာ ဝါကျိုး၊ ဝါပြတ်ရဟန်း၊ ဒုတိယ ဝါဆိုသောရဟန်း၊ တခြားကျောင်းမှ ပြောင်းလာသောရဟန်းတို့ ဖြစ်သည်။ (ဝါကျိုး၊ ဝါပြတ်ဆိုသည်မှာ ကျောင်း၌ ဝါဆိုစဉ် ဝါတွင်းကာလအတွင်း၌ အခြားတစ်နေရာသို့ မပန်ကြားဘဲ ထွက်ခွာသွားပြီး အနည်းဆုံး တစ်ညမျှအိပ်ပြီး မူလဝါဆိုသောကျောင်းသို့ ပြန်လာလျှင် ဝါကျိုးသည်ဟု ခေါ်၍ ပြန်မလာလျှင် ဝါပြတ်သည်ဟု ခေါ်၏။ ဒုတိယဝါဆိုသော ရဟန်းဆိုသည်မှာ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ကျမှ ဝါဆိုသော ရဟန်းကို ဒုတိယဝါဆိုသော ရဟန်းဟု ခေါ်၍ တန်ဆောင်မုန်းလပြည့်နေ့ရောက်မှ ဝါကျွတ်ပါသည်။)

ထိုသို့ ကထိန်ခင်းခြင်းကြောင့် ကထိန်အာနိသင် (၅) ပါးအနက် ဒုတိယအာနိသင်မှလွဲ၍ ကျန်အာနိသင်(၄)ပါးကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ကာလတစ်လအတွင်း ကထိန်ခင်းသည့်ရဟန်းတွေရော မခင်းသည့်ရဟန်းတော်တွေပါ ရဟန်းတော်တွေအားလုံး အလိုအလျောက် အာနိသင်ရရှိကြပါသည်။ဒုတိယအာနိသင်ဖြစ်သည့်သင်္ကန်းသုံးထည် မယူဆောင်ဘဲ သွားလာနိုင်ခြင်းကိုမူ ကထိန်ခင်းသော ရဟန်းတော်တွေသာ ရရှိပါသည်။ ထို့အပြင် ကထိန်ခင်းသော ရဟန်းတော်တွေအတွက် ကထိန်အာနိသင်(၅)ပါးကို ကထိန်ခင်းသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ရရှိမှာ ဖြစ်ပါသည်။

ကထိန်ခင်းခြင်း (ကထိနတ္ထာရ) ဆိုသည်မှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ကာလ တစ်လအတွင်းမှာ ရရှိနေသည့် ကထိန်အာနိသင်များကို တပေါင်းလပြည့်နေ့အထိ (၅) လကြာမျှ ဖြန့်သွားအောင် ဖြန့်ခင်းလိုက်သည့် သဘောကို ကထိန်ခင်းသည်ဟု ခေါ်ပါသည်။ ကထိနတ္ထာရ = ကထိန+ အတ္ထာရ= ကထိန် + ခင်းဆိုသည့် ပါဠိ စကားရပ်ထဲမှ ကထိန (ကထိန်) ဟူသည် မြဲမြံခိုင်ခံ့ခြင်းဟု အဓိပ္ပာယ်ရရှိပါသည်။

၎င်းကထိန်အာနိသင် (၅) ပါးကို ကျောင်းတိုက်အပြင်ထွက်မသွားစေဘဲ ကျောင်းတိုက်အတွင်းမှာသာ မြဲမြံခိုင်ခံ့အောင် ပြုလုပ်နိုင်စွမ်းရှိတဲ့ ဝိနည်းကံတစ်မျိုးကို ကထိန (ကထိန်) ဟု ခေါ်၏။ အတ္ထာရ ဆိုသည်မှာ ခင်းသည်ဟု အဓိပ္ပာယ်ရပါသည်။ လိပ်ထားသည့်ဖျာကို ဖြန့်သွားအောင်ခင်းသကဲ့သို့ ကထိန်အာနိသင်ကို တစ်လကနေ ငါးလအထိ ဖြန့်သွားအောင် ဖြန့်ခင်းလိုက်သည်ကို အတ္ထာရ=ခင်းသည်ဟု ခေါ်၏။ ကထိန်အာနိသင်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော်နေ့အထိ တစ်လအတွင်းသာ ရှိသော်လည်း ကထိန်ခင်းလိုက်သည့်အတွက် ကထိန်အာနိသင်များ တပေါင်းလပြည့်နေ့အထိ ဖြန့်သွားရလေသည်။

ဤကဲ့သို့ ရဟန်းတော်များအား ကထိန်အာနိသင်ရအောင် လှူဒါန်းကြသော ကထိန်အလှူရှင်များ၊ ဝိုင်းဝန်းပံ့ပိုးသူများနှင့် ဝေယျာဝစ္စပြုသူများအတွက်လည်း ကထိန်အာနိသင်(၅)ပါးနှင့် ထပ်တူညီမျှသော ကထိန်သင်္ကန်းလှူဒါန်းခြင်း အကျိုးတရား (၅) ပါး ရရှိမည်ဖြစ်ပါသည်။

**(၁) မပန်ကြားဘဲ သွားလာနိုင်ခြင်း** ဟူသည့် ကထိန်အာနိသင်နှင့် အလားတူသော လွတ်လပ်စွာ သွားလာနိုင်ခြင်း ဆိုသည့် ကောင်းကျိုးကို ရရှိပါမည်။ မိမိသွားလိုရာကို အပိတ်အပင် အတားအဆီးမရှိ အနှောင့်အယှက်ကင်းစွာ သွားလာနိုင်ပါမည်။ မည်သည့်ခရီးကိုမဆို မိမိစိတ်တိုင်းကျ လွတ်လပ်လျင်မြန်စွာ သွားလာနိုင်သော အကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အနှော စရေ
# ပြုံးပျော်ရွှင်ခြင်းမေတ္တာကျင့်စဉ်

ဘုန်းခေါင်



တစ်နေ့သ၌ -

ကျွန်ုပ်၏ တပည့်မ မိမိလှိုင်တစ်ယောက်ရောက်လာခဲ့ပါသည်။ မိမိလှိုင်နှင့် စာဖတ်သူတို့ကို ဦးစွာ မိတ်ဆက်ပေးလိုပါသည်။ တပည့်မ မိမိလှိုင်သည် လောကွတ်ပျူငှာလုပ်တတ်သည်။ သူများတကာအား နှစ်လိုဖွယ် ကူညီတတ်သူဖြစ်ပြီး သူ့အခက်အခဲများကိုတော့ ကျွန်ုပ်ထံလာရောက်ပြီး မျက်ရည်ရောင်းတတ်သည့်တပည့်မဖြစ်၍ ကျွန်ုပ်မှ ထိုတပည့်မကို အငိုမင်းသမီးဟု ဝိသေသနာမပေးထားရလေသည်။

ယခုလည်း မိမိလှိုင်တစ်ယောက် အငိုဖြင့် သူ့ဇာတ်လမ်းကို စပြန်လေတော့သည်။ ခင်ပွန်းဖြစ်သူက သူ့မိဘများနှင့် မွေးချင်းများအတွက်သာ ဦးစားပေးပြီး သူ့မှာ မိမိဝမ်းစာကိုရှာရုံမကဘဲ ခင်ပွန်းအတွက်ပါ တာဝန်ထမ်းနေရသည့်အတွက် အခက်အခဲများကြုံနေရကြောင်း ရင်ဖွင့်လေတော့သည်။

မင်းသမီးတစ်ယောက် ငိုချင်းမဆုံးခင်မှာပင် နောက်တစ်ယောက် ဒုက္ခတွေပွေ့ပြီး ရောက်လာပြန်ပါတော့သည်။ ယခု ထပ်ရောက်လာသော ဧည့်သည်မိတ်ဆွေမှာလည်း သားရေးသမီးရေးနှင့် ပူပန်နေရသူ ဖြစ်လေသည်။

ကြုံမှကြုံတတ်ပလေလို့သာ ပြောချင်ပါသည်။ တပည့်တစ်ယောက်ကလည်း သွေးသားအရင်း အမွေခွဲဝေရာတွင် လိုက်လျောထားတာထက် ပိုတတ်ပြီး လောဘကြီးနေ၍ မှုမှုတတဖြစ်အောင် ကူညီပါဦးဟု အပူလာကပ်ပြန်ပါတော့သည်။

ရှေးရှေးက လောကနီတိကျမ်းပြုစုခဲ့ကြသော ဆရာသခင်တို့၏ အဆိုအမိန့် လူတစ်ခု ပူမှုရယ်တဲ့ ကုဋေကုဋာဆိုထားသလို လူသားများအားလုံး မိမိ၏ မိသားစု၊ မိမိတို့၏ အဆွေအမျိုး၊ မိမိတို့ပတ်ဝန်းကျင်တွင် မလွဲသာမရှောင်သာသော လူမှုဒုက္ခများစွာတို့နှင့် ကြုံကြရသလို ကျန်းမာရေး၊ စီးပွားရေး စသည်တို့အတွက် အမှန်တကယ် သောကငြိမ်းပြီး ကျန်းမာပျော်ရွှင် လာဘ်များဝင်စေသည့် ကျင့်စဉ်၊ တစ်နည်းပြောရလျှင် 'လူနာလိုမှ နတ်နာလို၊ နတ်နာလိုမှ ငြိုဟ်မ' ဆိုကြသည့် စကားအတိုင်း လူနတ်ချစ်ခင် လာဘ်တွေရွှင်သည့် မေတ္တာကျင့်စဉ်တစ်ခုကို ရေးသား ဖော်ပြပေး

(၂) **သက်န်းသုံးထည် မယူဆောင်ဘဲ သွားလာနိုင်ခြင်း** ဟူသည့် အာနိသင်နှင့် အလားတူသော ကောင်းကျိုးမှာ ဝန်ထုပ်ပေါ့ပါးခြင်း ဟူသည့် အကျိုးတရား ဖြစ်သည်။ မိမိအနေဖြင့် ခရီးသွားရာတွင် ဝန်ထုပ်ဝန်ပိုးအနည်းငယ်ဖြင့် သွားလာနိုင်ခြင်း၊ ဝန်ထုပ်အလေးများပါရှိပါက ကူညီသယ်ဆောင်ပေးမည့်သူများပေါ်ပေါက်လာခြင်း၊ နောက်ဆုံး ခန္ဓာဝန်ကိုပင် မလေးလံ မထိုင်းမှိုင်းဘဲ သွားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

(၃) **ပင့်နည်းများသော ဆွမ်းဘောဇဉ်များကို- စားသုံးနိုင်ခြင်း** ဟူသည့် အာနိသင်နှင့် အလားတူသော အစားအသောက်အန္တရာယ်ကင်းရှင်းခြင်း ဆိုသည့် အကျိုးထူးကို ရရှိနိုင်ပါသည်။ အစားမှားခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အပင်းထည့်ကျွေးခံရခြင်း၊ အောက်လမ်းနည်း၊ စုန်းကဝေနည်းတို့ဖြင့် ပြုစားခြင်း စသည့် မှားယွင်းသောအစားအသောက် အန္တရာယ်များမှ ကင်းဝေးစေပါသည်။

(၄) **သက်န်းအပို လိုသလောက်ထားသုံးနိုင်ခြင်း** ဟူသည့် ကထိန်အာနိသင်နှင့် အလားတူသော အဝတ်အထည် ပေါများခြင်း စသည့်အကျိုးတရားများ ရရှိနိုင်ပါသည်။ အခြားအသုံးအဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း သာမန်ထက် များပြားစွာ ရရှိနိုင်ပါသည်။ အဖိုးတန်အဝတ်အစားများ၊ သာမန်ထက်ရှားပါးသော အဝတ်အထည်များ၊ မိမိဝတ်ဆင်လိုသည့် အဝတ်အစားများကို အလွယ်တကူ များပြားစွာ ရရှိနိုင်ပါသည်။

(၅) **သံဃာပိုင်သက်န်းကို ခွဲဝေယူနိုင်ခြင်း** ဟူသည့် ကထိန်အာနိသင်နှင့် အလားတူသော ကိုယ်ပိုင်အခွင့်အရေး ဝေစုများ ရရှိခြင်းဟူသည့် ကောင်းကျိုးကို ရရှိနိုင်ပါသည်။ ရသင့်ရထိုက်သည့် အခွင့်အရေးမှန်သမျှ အပြည့်အဝရရှိခြင်း၊ ရရှိမည့်ဝေစုအတွက် အနှောင့်အယှက်ကင်းခြင်း၊ မိမိပိုင်ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း စသည့် အကျိုးထူးများကို ရရှိခံစားနိုင်ပါသည်။

ကထိန်သင်္ကန်းလှူခြင်း၊ ကထိန်ခင်းခြင်းမည်သည် သံဃာတော်များလည်း အာနိသင်(၅)ပါးရရှိသည့်အပြင် ကထိန်သင်္ကန်းအလှူရှင်များအတွက်လည်း အကျိုးထူး (၅) မျိုးကို ရရှိကြမည် ဖြစ်သဖြင့် အလွန်ပင် ကျေးဇူးများလှသော ဘုရားရှင်အလိုကျ မဟာဒါနကြီးတစ်ခုဖြစ်ပါသည်။ အဓိအားဖြင့် သံဃာတော်များ ဝန်ထုပ်ဝန်ပိုး ပေါ့ပါးစွာ သာသနာပြုနိုင်ရေးအတွက် ဘုရားရှင်ရည်ရွယ်တော်မူခဲ့သည့်အားလျော်စွာ သာသနာအဓွန့်ရှည်ကြာမှုကို လိုလားကြသော သာသနာ့နွယ်ဝင် သဒ္ဓါရှင်များအတွက် ကထိန်လှူကိုမမေ့မလျော့ဘဲ ဆက်လက်ကြိုးပမ်း လှူဒါန်းကြရန် နှိုးဆော်လိုက်ရပါသည်။

ဖျာပုံတင်နိုင်ဝင်း

**မှီငြမ်း -**


၁။ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ၏ 'ဂုဏ်ရှိန်ပေါင်းစုတဲ့ ဘုံကထိန်ကောင်းမှု' (စာအုပ်)

၂။ ဟိန်းထက်စိုး၏ 'မြောက်ပြန်လေသင်းပါလို့ ခင်းကြမယ် သည်ကထိန်' (စာအုပ်)

၃။ ဂမ္ဘီရဆရာလှမျိုး (B.Sc) ၏ 'မြန်မာ့ဘုံကထိန်' (ဆောင်းပါး) သဒ္ဓမ္မမဂ္ဂဇင်း ၂၀၀၆၊ နိုဝင်ဘာ

၄။ သကျဘုန်းမော်၏ 'တစ်ပါးတည်းဝါဆိုသောကျောင်း၌ ကထိန်ခင်းသင့်၊ မခင်းသင့်' (ဆောင်းပါး) ဓမ္မရံသီ ဓမ္မမဂ္ဂဇင်း၊ ၂၀၁၃၊ ဇွန်




www.burmeseclassic.com

www.burmeseclassic.com

| -စာတန်း | *အန္တော | *ဂန္တော | *စရေ | *ဝံသေ |
|---|---|---|---|---|
| -သင်္ချာပြ | ၁ , ၀ | ၂ , ၅ | ၃ , ၈ | ၄ , ၆ |

ပါမည်။

ကျွန်ုပ် ရေးသားဖော်ပြမည့် ကျင့်စဉ်အတွက် အကြောင်းအင်္ဂါတို့ကို ထိုးဖောက်ပြီး သိမြင်နိုင်ခြင်းအတတ်ဖြစ်သောဝိဇ္ဇာပေါက်အောင်မြင်နိုင်စွမ်းသည့်အတွက် အင်္ဂဝိဇ္ဇာအတတ်ဟု အချို့ဆရာတို့က ဆိုကြကုန်၏။

ဤနေရာတွင် အင်္ဂဝိဇ္ဇာပညာကို သင်ပြခြင်းမဟုတ်သည့်အတွက် ကျင့်စဉ်တွင် သွားလာပုံ၊ အထားအသိုနှင့် ပညာခရီးအတွက် သိသင့်သော အကြောင်းအချက်တချို့ကို ဦးစွာ ရှင်းပြရမည်ဖြစ်ပါသည်။ (ဤသို့ ရှင်းပြရာတွင် ကျွန်ုပ်ထက် ပညာကြီးမားကြသူများ၊ ပညာတန်းတူ ညီအစ်ကိုများနှင့် သီးခြားပညာရှင်ကြီးများအတွက် မဟုတ်ကြောင်း ဦးစွာရှင်းပြလိုပါသည်။ ကျွန်ုပ်ရေးသားသောကျင့်စဉ်ကို ဝမ်းမြောက်ဝမ်းသာလိုလားစွာဖြင့် ကျင့်လိုသူ ညီငယ်၊ ညီမငယ်များနှင့် ယနေ့ ပထမခြေလှမ်းကန္ဒာရီလမ်းပေါ် စတင်ခြေချကြည့်မည့်သူများနှင့် ဝိဇ္ဇာစရဂမ္ဘီရပညာကို လေ့လာလိုသူများ အတွက်ကိုသာ ရှင်းပြရခြင်း ဖြစ်ပါသည်။ စာရေးသူ)

အင်္ဂဝိဇ္ဇာပညာ သဘောတရားများအရ အောက်ပါအတိုင်း သိကောင်းစရာဂြိုဟ်နှစ်ပါးရှိပါသည်။ ထိုဂြိုဟ်နှစ်ပါးတို့၏ သရုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

က။ ပါပဂြိုဟ် နှင့်

ခ။ သောမဂြိုဟ်တို့ ဖြစ်လေ၏။

က။ ပါပဂြိုဟ်တို့မှာ -

- တနင်္ဂနွေဂြိုဟ်
- အင်္ဂါဂြိုဟ်
- စနေဂြိုဟ်
- ရာဟုဂြိုဟ်တို့ ပါဝင်ကြသည်။

ခ။ သောမဂြိုဟ်တို့မှာ -

- တနင်္လာဂြိုဟ်
- ဗုဒ္ဓဟူးဂြိုဟ်
- ကြာသပတေးဂြိုဟ်
- သောကြာဂြိုဟ်တို့ ပါဝင်ကြသည်။

(က) ပါပအုပ်စုတို့၏ ဓာတ်သဘောတရားများဖြစ်သော ဝိသေသတို့သည် မူလောင်ခြင်း၊ လှုပ်ရှားခြင်း၊ ထွန်းတောက်ခြင်း၊ ထက်မြက်ခြင်း၊ ထောင့်အရပ်ကို နှစ်သက်ခြင်းသဘောရှိကြသည်။ (အထွန်းဓာတ်အားရှိ၏။)

(ခ) သောမအုပ်စုတို့၏ ဓာတ်သဘောဝိသေသတို့သည် တင့်တယ်ခြင်း၊ တည်ငြိမ်ခြင်း၊ ပွားစီးခြင်း၊ လေးတွဲခြင်း၊ အဖြောင့်အရပ်ကိုသက်ခြင်းသဘောတို့ရှိကြသည်။ (အဆွဲဓာတ်ဖြစ်သောအားရှိ၏)

ထောင့် (၄) ထောင့်ဂြိုဟ်သည် ဂဏန်းအားဖြင့် ၁၊ ၃၊ ၀၊ ၈ တို့ဖြစ်သည်။ မျက်နှာချင်းဆိုင်ဂြိုဟ်တို့အဖြောင့်ဂဏန်း (၄) လုံးသည် ၂၊ ၄၊ ၅၊ ၆ ဖြစ် သည်။

ပါပအစဖြစ်သော တနင်္ဂနွေသည် ပရိယာယ်အရ 'နေ'ဖြစ်၍ ၎င်းတနင်္ဂနွေမှထွက်ပေါ်လာရသဖြင့် 'ပါပလေးချက် နေကထွက်' ဟု ဆိုကြလေ၏။ သောမဖြစ်သော တနင်္လာသည် ပရိယာယ်ကို 'လ' ဖြစ်သည်။ တနင်္လာမှ ထွက်ပေါ်လာရသဖြင့် 'သောမလေးချက် လကထွက်' ဟု ဆိုကြလေတော့သည်။

ထိုစကားအလာအရ ဓာတ်မည်သော ဓာတ်ရုပ်တို့ကို ရှင်းရလျှင် တနင်္ဂနွေမည်သောနေသည် အဖိုဓာတ်ဖြစ်လေ၏။ တနင်္လာမည်သောလသည် အမဓာတ်ဖြစ်လေသည်။ တစ်နည်းပြရလျှင် တနင်္ဂနွေ နေသည် အဖိုဓာတ် အဖဂြိုဟ် ဖြစ်သည်။ တနင်္လာမည်သောလသည် အမဓာတ်ဖြစ်လေသည်။ တစ်နည်းပြရလျှင် တနင်္လာ လသည် အမဓာတ် အမိဂြိုဟ်ဟု ကောက်ရမည်ဖြစ်လေသည်။

အဖဂြိုဟ်နှင့် အမိဂြိုဟ်တို့မှထွက်လာသော ဓာတ်အတွဲကို ဓာတ်မိတ်ဖြစ်ကြသည်။ ထိုဓာတ်မိတ်တို့အတွဲကို အောက်တွင် ဖော်ပြပေးထားပါသည်။ စာတန်းနှင့် သင်္ချာရေ တွဲဖက်ပြလိုက်ပါသည်။

မှတ်ချက်။ (စနေ သင်္ချာကို ၀ (သုည) ကို ပြသလို သင်္ချာဂဏန်း (၇) ဖြင့်လည်း ပြသနိုင်ပါသည်။

ထိုဓာတ်တို့၏ သရုပ်ဓာတ်မိတ်တို့ကို အင်္ဂွလက်ခွင်ဖြင့် စာဖြင့်တစ်ခွင်၊ သင်္ချာဂဏန်းသရုပ်ဖြင့် တစ်ခွင်ရှင်းလင်းစွာ သိနားလည်ရန် ပုံပြဖော်ပေးထားပါသည်။ ထိုပုံကိုကြည့်လျှင် အန္တောဘယ်ကလာဆိုသည်မှာ ထင်ရှားစေပါတော့

သည်။

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | စာသရုပ်ပြပုံ | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

စာသရုပ်ပြအင်္ဂွလက်ပုံ

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | သင်္ချာဂဏန်းပြပုံ | ၄ |
| ၈ | ၅ | ၀ |

သင်္ချာဂဏန်းပြအင်္ဂွလက်ပုံ

ဓာတ်မိတ်သဘောသွားနှင့်အားများမှာ -

- ဓာတ်အရင့်တို့ အဖိုဓာတ် ဖြစ်သည်။

- ဓာတ်မတို့သည် ဓာတ်အနုဖြစ်သည်။

- ဓာတ်မိတ်တို့သည် ကျန်းမာရွှင်လန်းခြင်း၊ ထင်ရှားကျော်စောခြင်း၊ အားတို့ကိုဖြည့်ခြင်း၊ ဆွဲဆောင်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းတို့ ဆိုသည့် အနုသိဒ္ဓိအားမာန်အပြည့်ရှိလေသည်။

အင်္ဂဝိဇ္ဇာပညာသဘောတရားတို့ကို ရှင်းပြထားပြီး ဖြစ်ပါသည်။ ထို့နောက် အင်္ဂွလက်ခွင်တွင် တည်ရှိနေကြကုန်သော ဂြိုဟ်တို့၏အမည်ကို သင်္ကေတများဖြင့် စီမံရမည်ဖြစ်၍ အောက်တွင်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း ဂြိုဟ်တို့၏ သင်္ကေတဂမ္ဘီရတို့ကို သိရှိရမည်ဖြစ်ပါသည်။

**ဂြိုဟ်တို့၏ သင်္ကေတဂမ္ဘီရ**

- တနင်္ဂနွေဂြိုဟ်ကို ⊙ ဟုပြ၏။
- တနင်္လာဂြိုဟ်ကို ☽ ဟုပြ၏။
- အင်္ဂါဂြိုဟ်ကို ♂ ဟုပြ၏။
- ဗုဒ္ဓဟူးဂြိုဟ်ကို ☿ ဟု ပြ၏။
- ကြာသပတေးဂြိုဟ်ကို ♃ ဟု



www.burmeseclassic.com

www.burmeseclassic.com


ပြ၏။

- သောကြာဂြိုဟ်ကို ♀ ဟု ပြ၏။
- စနေဂြိုဟ်ကို ♄ ဟုပြ၏။
- ရာဟုဂြိုဟ်ကို ☊ ဟုပြ၏။

အဋ္ဌလက်ခွင်ကို စက်ဝိုင်းအတွင်း၌ ဒေါင့်သန်းနှင့် ဖြောင့်တန်းတို့ကို အရပ်ဌာနအလိုက် ရေးသား သတ်မှတ်ပေးရမည် ဖြစ်ပါသည်။ အထူးခြားဆုံးမှာ စက်ဝိုင်း၏ ဗဟိုစက်နေရာသည် စကြဝဠာ၊ မဟာစကြဝဠာ၊ အနန္တစကြဝဠာတို့၏ ဗဟိုတွင် ရပ်တည်ခြင်း သဘောထားရှိပါသည်။

ထိုဗဟိုချက်တွင် အမှတ်တံဆိပ်ကို ခတ်နှိပ်ထားရပါသည်။ ထိုအမှတ်တံဆိပ်သည် မဟာဂန္ဓာရီတို့၏ အာဏာတည်အမိန့်တော် အမှတ်တံဆိပ်ဖြစ်လေသည်။

ထိုတံဆိပ်တော်ကို အမျိုးမျိုးသော အဓိပ္ပာယ်များဖြင့် ဖွင့်ဆိုကြပါသည်။ ဂြိုဟ်ရှစ်ခွင် အာဏာတော်တည် စက်ဝန်းပုံကို အောက်တွင် ဖော်ပြထားပါသည်။



အနန္တစကြာဝဠာ၏ ဗဟိုချက်မှ အာဏာတည် အမိန့်တော်ပြ အမှတ်တံဆိပ်ပါသည့် ဂြိုဟ်ရှစ်ခွင်သရုပ်ပြပုံစံ ဖြစ်ပါသည်။

အခြေခံအကြောင်းအချက် အချို့ကို သိရှိကြမည်ဟု ယူဆပါသည်။ ကျင့်စဉ်ကို အောက်တွင် ရေးသားဖော်ပြပါသည်။

**အဋ္ဌော၊စရေဂြိုဟ်ရှစ်ခွင် မေတ္တာကျင့်စဉ်**

က။ ဦးစွာ ရွေးချယ်ခြင်းနှင့် ကာလသတ်မှတ်ခြင်း။

၁။ မည်သည့် ရက်မြတ်ရက်ကောင်းမဆို စတင်ပါ သို့မဟုတ် မိမိ၏ မွေးနေ့တွင်လည်း စတင်နိုင်ပါသည်။

၂။ ကာလသတ်မှတ်ရခြင်း -

အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်မည့်သူသည် အောက်ပါအတိုင်း ကာလသတ်မှတ်ရန် ဖြစ်ပါသည်။

နေ့သားများအလိုက် ပြထားပါသည်။

တနင်္ဂနွေသားဆိုလျှင် ဂြိုဟ်သက်အရ (၆)ရက်။ တနင်္လာသားဆိုလျှင် ဂြိုဟ်သက်အရ (၁၅)ရက်။ အင်္ဂါသားဆိုလျှင် ဂြိုဟ်သက်အရ (၈) ရက်။ ဗုဒ္ဓဟူးသား ဆိုလျှင် ဂြိုဟ်သက်အရ (၁၇) ရက်။ ကြာသပတေးသားဆိုလျှင် ဂြိုဟ်သက်အရ (၁၉) ရက်။ သောကြာသားဆိုလျှင် ဂြိုဟ်သက်အရ (၂၁) ရက်။ စနေသားဆိုလျှင် ဂြိုဟ်သက်အရ (၁၀) ရက်။ ရာဟုသား (ဗုဒ္ဓဟူးမွန်းလွဲမွေး) ဆိုလျှင် (၁၂) ရက်နှင့် အာဝေနိကဂုဏ်တော်မှ ဗုဒ္ဓဂုဏ်တော်ကိုးပါး အထွတ်ထားပြီး (၉)ရက်ပေါင်းရန် ဖြစ်ပါသည်။

မှတ်ချက် ။ ။ နေ့သားအားလုံး ပေါင်းရမည့်ရက် ဖြစ်ပါသည်။

မိမိတို့၏ သဒ္ဓါဆန္ဒအရ အကြိမ်ရေ ရက်များစွာ သွားနိုင်ကြပါသည်။ စာရေးသူ)

ခ။ ဦးစွာပြုဖွယ်များ -

(၁) (၁၁) လက်မ အချင်းရှိမည့် စတီးလင်ပန်းကို သုံးပါရန်။ ပြထားခဲ့သည့် သင်္ကေတများ ရေးသားထားပါ။

(၂) ထိုသင်္ကေတများအတိုင်း အလယ်ဗဟိုမှ စတင်ပြီး အလင်းတိုင်စိုက်ထူပါ။ နောက် -

တနင်္ဂနွေဂြိုဟ်တိုင်ပြီးလျှင် စနေဂြိုဟ်တိုင်၊

တနင်္လာဂြိုဟ်တိုင်ပြီးလျှင် ကြာသပတေးဂြိုဟ်တိုင်၊

အင်္ဂါဂြိုဟ်တိုင်ပြီးလျှင် ရာဟုဂြိုဟ်တိုင်၊

ဗုဒ္ဓဟူးဂြိုဟ်တိုင်ပြီးလျှင် သောကြာဂြိုဟ်တိုင်တို့ကို ခိုင်မြဲအောင် စိုက်ထူပေးပါ။ နောက် လင်ပန်းထဲကို ရေအေးဖြည့်ထားပါ။

* အလင်းတိုင်များ မီးထွန်းရာတွင် ဗဟိုတိုင်၊ နောက်ဆက်ပြီး အဋ္ဌော+စရေ ပြီးမှ ဂဗ္ဘော+ဝံသေတို့ကို ထွန်းညှိပါ။

(၃) ပင့်ဖိတ်ရခြင်းများ -

သာသနာတော်စောင့် နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ ပါရမီဖြည့်ဖက်များကို ဖိတ်ထားရန်။

(၄) ပန်း၊ ရေချမ်း၊ နံ့သာတိုင်တို့ ကပ်လှူရန်။

(၅) ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ သစ္စာပြုဆုတောင်းခြင်းတို့ ပြုလုပ်ပါ။

(၆) အဋ္ဌော, စရေ ဂြိုဟ်ရှစ်ခွင် မေတ္တာကျင့်စဉ်ကို ဆောင်ရွက်ပါ။

က။ မေတ္တာသုတ် တစ်ခေါက်ရွတ်ဖတ်ပါ။

ခ။ အောက်ပါ ဂါထာကို (၁၀) ခေါက်ရွတ်ပါ။

ပုညမှိ သီရသောမယုံ၊ အာဝိဘဋ္ဌ ဥဒကော၊ ပရဋ္ဌ သဗ္ဗရောဂဋ္ဌ ဂြပမေ ဖယျမင်္ဂလံ။

ဂ။ ဒိဝါတပတိဂါထာတော် (၁၀) ခေါက် ရွတ်ဖတ်ပါ။

ဃ။ မေတ္တာပို့သပါ။ ကုသိုလ်အမျှဝေပါ။

ဤနေရာတွင် -

ကျွန်ုပ်ပို့သသော မေတ္တာတရားတို့ ခိုင်မြဲပါစေ၊ သိကြပါစေ၊ ရကြပါစေ၊ ကြားကြပါစေဟု အလေးအနက် (၃) ကြိမ် ဆိုရန် လိုအပ်ပါသည်။

ကျွန်ုပ် တစ်ခုအသိပေးဖော်ပြလိုပါသည်။ ထို အဋ္ဌော၊ စရေဂြိုဟ်ရှစ်ခွင် မေတ္တာကျင့်စဉ်ကို ဝင်ရောက်သူသည် သစ္စာတရားမှန်ကန်ခိုင်မာမှုနှင့် မိမိ၏ ပါရမီအလျောက် ထူးခြားမှုများကို လက်တွေ့ ခံစားကြရမည် ဖြစ်ပါသည်။ ကျင့်စဉ်ဝင်ရောက်သော ယောဂီမိတ်ဆွေတို့၏ ကိုယ်တွေ့ကသာ အမှန်ဆုံးဖြစ်၍ ကြီးမားသော မေတ္တာကျင့်စဉ် အဓိဋ္ဌာန်ကြီး၏ သိဒ္ဓိအထူးကို ရရှိပိုင်ဆိုင်နိုင်ကြမည် ဖြစ်ပါသည်။

(၇) တစ်နေ့တာ ကာလပြီးဆုံးသည့်အချိန်တိုင် မိမိတို့ ကနဦး ဖိတ်ကြားထားခဲ့သူများကို အရပ်ဌာနများသို့ ပြန်ပို့ရန်မမေ့ဖို့ကိုလည်း သတိပေးပြောရပါတော့သည်။

ဤ အဋ္ဌော၊ စရေဂြိုဟ်ရှစ်ခွင် မေတ္တာကျင့်စဉ်ကို ပြီးမြောက် အောင်မြင်ပြီဆိုလျှင် လူချစ်၊ နတ်ချစ်ဖြစ်သည့်အတွက် 'လူနာလိုမှ နတ်နာလို၊ နတ်နာလိုမှ ဂြိုဟ်မ' ဆိုသည့် စကားအတိုင်း မဖော်ပြနိုင်သော အစွမ်းသိဒ္ဓိအစုံကို မုချရရှိကြမည်ဟု တင်ပြလိုက်ရပါတော့သည်။

ကျွန်ုပ်အား ပညာပေးသင်ပြခဲ့ကြသော ဆရာသခင်အပေါင်းတို့၏ ပညာများကို ဆန္ဒတူ၍ ယူလိုသူများအတွက် လက်ဆင့်ကမ်း ပညာဖြန့်ဝေရသည့်အတွက် လွန်စွာပီတိဖြစ်ရပါသည်။

*ပညာတိုး၍ အကျိုးများကြပါစေ-*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ကိုးဂဏန်းတွေနဲ့တိုက်ဆိုင်လွန်းသူတည်တဲ့ ပဲခူးရွှေဂူလေးက ဆုတောင်းပြည့်

ကမ္ဘာ့ဓာတ်ပေါင်းစုံလင်

# သိဒ္ဓိရှင်ကိုးနဝင်းစေတီတော်


စိုးကိုကို(လေးမျက်နှာ)

*"အောင်စကြာ ဓာတ်နဝင်း*
*ကပ်တွင်းက ကျော်မယ်*
*နတ်မင်းအဝဝတို့ပေါ် လာပါတယ်*
*သမန္တာစက်တွင်း။*
*သိကြား၊ နတ်၊ ဝိဇ္ဇာ ကယ်မယ်*
*စိတ်ချဖွယ်ထားတဲ့နဝင်း"*

ကိုးနဝင်းဓာတ်လက်ာစာချိုးလေးကို ကျွန်တော် ရေရွတ်လိုက်မိသည်။ ဒီစာချိုးလေးကို ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော ကျွန်တော့အဘိုး မကြာခဏ ရွတ်ဆိုလေ့ရှိသဖြင့် ငယ်စဉ်ဘဝကတည်းက ကျွန်တော် နားရည်ဝခဲ့ပါသည်။ စာချိုးလေး၏ အဓိပ္ပာယ်ကိုမူ ထိုစဉ်က ကျွန်တော် မသိခဲ့ပါ။ အသက်အရွယ်ရလာတော့မှ ထိုစာချိုးလေးမှာ ရှေးထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ကိုးနဝင်းဓာတ်အစီအမံလက်ာလေးဖြစ်ကြောင်း သိလာရသဖြင့် စိတ်ဝင်စားမိခဲ့



ဂျပန်မှပင့်လာခဲ့သော ဝန္ဒနီမုဒြာဟန်ရုပ်ပွားတော်အား စေတီတော်တွင် ပူဇော်ထားရှိပုံ





ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင်ကိုးနဝင်းစေတီတော်ပုံ



www.burmeseclassic.com


www.burmeseclassic.com




ပဲခူးမြို့
ရွှေဂူလေးဘုရားကျောင်းတိုက်ဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရ၏ပုံ



ငှက်ပျောပင်၏ပင်စည်မှ
ငှက်ပျောနိုင်ကြီး ထူးခြားစွာ ထွက်နေပုံ



ပင်ထန်းမှာ ညောင်တွဲလို့
ထပ်ပွင့်တဲ့ မှိုပဒေသာ အုံလောက်စရာ



ထူးဆန်းအံ့ဖွယ်

ပါသည်။

သို့ဖြစ်၍ (၉) ဂဏန်း ပါသော အကြောင်းအရာများကို မြင်တွေ့တိုင်း ကျွန်တော့နှုတ်ဝယ် အလိုလိုစွဲနေသော ထိုစာချိုးလေးကို ရွတ်ဆိုမိတတ်ပါသည်။ ယခုလည်း ပဲခူးမြို့သို့ ဘုရားဖူးခရီးသည် အဖြစ် ရောက်စဉ် ရွှေမော်ဓောစေတီတော်၊ ရွှေသာလျောင်း ရုပ်ပွားတော်၊ မဟာစေတီ၊ ရွှေဂူလေးစေတီတော်တို့ကို အစဉ်အတိုင်း ဖူးလာခဲ့သည်။ ရွှေဂူလေး စေတီတော်၏ အရှေ့ဘက်တွင်ရှိသော ရွှေဂူလေးဘုရားကျောင်းတိုက်အတွင်း ထောင့်စွန်းတွင် 'ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင် ကိုးနဝင်းစေတီတော်' ဟူသော ဆိုင်းဘုတ်နှင့် ထူးခြားသော ပုံသဏ္ဍာန် ရှိသည့် စေတီတော်အား အမှတ်မထင် မြင်တွေ့ရ၍ အထက်ပါ စာချိုးလေးကို ကျွန်တော်ရွတ်ဆိုလိုက်မိခြင်း ဖြစ်သည်။

'ကိုးနဝင်း' ဟူသော အသုံးအနှုန်း ကို ကျွန်တော် လေ့လာကြည့်မိပါသည်။ 'ကိုး' ဆိုသည်မှာ ကိန်းဂဏန်း 'ကိုး' ကို ရည်ညွှန်းထားပြီး ပါဠိစကားအရ 'နဝမ' (ကိုးခုမြောက်သော) ဟု ခေါ်ဆိုပြီး 'နဝင်း' ဆိုသည်မှာ ဗေဒင်ပညာအရ တစ်ရာသီ၏ ကိုးစိတ်တစ်စိတ်၊ သက္ကတ ဘာသာအားဖြင့် 'နဝံသ' ဟု ခေါ်ဆို ကြောင်း။ (၉) ဂဏန်းနှင့်စားလျှင် ကိန်း ပြတ်သည်ကို 'နဝင်းကျေ' သည် ခေါ်ဆို ကြောင်း၊ မြန်မာဝေါဟာရ အဘိဓာန် တွင် ဖော်ပြထားပါသည်။ ထို့ကြောင့် 'ကိုးနဝင်း' ဆိုသည်မှာ ဗေဒင်နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com

ပညာတွင် (၉) ဂဏန်း ကိန်းပြည့်ဖြင့် အစီအမံပြုလုပ်သည့်နေရာတွင် သုံးစွဲသော စကားလုံးဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။ မြန်မာကိန်းဂဏန်းများတွင် (၉) ဂဏန်းသည် ထူးခြားသော ကိုယ်ပိုင်စွမ်းရည်ရှိသည့် ဂဏန်းဖြစ်ကြောင်း စာဖတ်သူတိုင်း သိကြပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် (၉) ဂဏန်းနှင့် မှတ်သားခြင်းများမှာ ကျယ်ဝန်းလှသည်။ နက္ခတ်ဗေဒပညာအလိုအရ အာကာသကောင်းကင်ရာသီစက်လမ်းမကြီးတစ်လျှောက် စီတန်းလျက်ရှိသော နက္ခတ်များမှာ (၂၇) လုံးရှိသည်။ ၎င်းနက္ခတ် (၃) လုံးစီကို တာရာကြီး (၉) လုံးက အချိုးကျ ပိုင်ဆိုင်ထားသည်ဟု ဆိုပါသည်။ ဇာတာခွင်ကို တွက်သည့်အခါ၌ နက္ခတ် (၉) ခိုင် (နဝင်း(၉)ခိုင်ဟုလည်း ခေါ်ပါသည်။) တွင်ပါဝင်သောနက္ခတ်များကို လူနက္ခတ် (၉) လုံး၊ နတ်နက္ခတ် (၉) လုံး၊ ဘီလူးနက္ခတ် (၉) လုံးဟု ခွဲခြားသတ်မှတ်ထားသည်။ ဘုရားဂုဏ်တော် (၉) ပါး၊ သံဃာ့ဂုဏ်တော် (၉) ပါး၊ ဂေါတမ ဘုရားရှင်သာသနာတော်တွင် အသက်တစ်ရာ ကျော်နေရသည့်အရိယာ (၉)ယောက်၊ မြတ်စွာဘုရားအဆုံးမသာသနာတော်ဆိုင်ရာကျမ်းဂန်တို့တွင် 'ဝင်ကိုးဝင်ကျမ်း'၊ အဘိဓမ္မာသင်ရိုး သင်္ဂြိုဟ် (၉) ပိုင်း၊ နဝရတ် (၉) ပါး၊ လယ်တွင်း (၉) ခရိုင်၊ ကိုးမြို့ရှင် စသည်ဖြင့် (၉) ဂဏန်းနှင့် မှတ်သား ခေါ်ဝေါ်ထားသည်များမှာ များလှပေစွ။

ယခုလည်း တွေ့ရပြန်ပြီ။ 'ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင် ကိုးနဝင်းစေတီတော်' တဲ့။ အမည်ထူးခြားသကဲ့သို့ ပုံသဏ္ဌာန်လည်း ထူးခြားသောစေတီတော်၏ မြင်ကွင်းကြောင့် ကျွန်တော် စိတ်ဝင်စားသွားမိပါသည်။ သို့ဖြစ်၍ စေတီတော်နှင့်ပတ်သက်သည့်အကြောင်းအရာကို လေ့လာလိုစိတ်များ ဖြစ်ပေါ်လာသဖြင့် စေတီတော်တည်ရှိရာ ရွှေဂူလေးဘုရားကျောင်းတိုက်ထဲသို့ ဝင်ရောက်ခဲ့ပါသည်။ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုန္ဒရအရှင်သူမြတ်ထံတွင် ချဉ်းကပ်လျက် သိလိုသမျှကို မေးမြန်းမှတ်သားခဲ့ပါသည်။

ဆရာတော်ကြီးမှာ အသက် (၁၉) နှစ်၊ (၃) လတွင် သာမဏေမှ ရဟန်းအဖြစ်သို့ ကူးပြောင်းခဲ့သဖြင့် ယခုသက်တော်(၇၃)နှစ်၊ သိက္ခာတော် (၅၄) ဝါ ရှမ်းပအိုဝ့်တိုင်းရင်းသား ဖြစ်ပါသည်။ ရွှေဂူလေးဘုရား ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်၍ သာသနာတော်ပြုလုပ်ငန်းများ ဆောင်ရွက်တော်မူနေသည်မှာ နှစ်ပေါင်း (၃၀) ကျော်ပြီ ဖြစ်ပါသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်အရ နိုင်ငံတော်မှ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းထားပါသည်။ ပဲခူးမြို့ ရွှေသာလျောင်းဘုရား၊ ရွှေဂူလေးစေတီတော်တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ ပဲခူးမြို့ ကလျာဏီရပ်ကွက် သံဃာ့နာယကဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း၊ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရပါသည်။

မာန်မာနမရှိ တည်ငြိမ် အေးချမ်းသောအပြုံးနှင့် နူးညံ့စွာပြောဆိုဆက်ဆံနေသော ဆရာတော်ကြီးအား လေးစားကြည်ညို သဒ္ဓါစိတ်များတဖွားဖွားဖြစ်ပေါ်လာသည်နှင့်အတူ မိမိသွေးသားရင်းပမာ ရင်းနှီးခင်မင်သွားမိပါသည်။ အတိတ်ဘဝက ပဋ္ဌာန်းဆက်ပေလားမသိ။

"လူတိုင်းလူတိုင်းဟာ အတိတ်ဘဝသံသရာကြီးထဲမှာ တစ်ဘဝမဟုတ်တစ်ဘဝ ဆွေမျိုးတော်စပ်ခဲ့ဖူးကြတာချည်းပဲ။ ဒါကြောင့်လည်း အကြောင်းအကျိုးဆက်စပ်လာတဲ့အခါမှာ ပြန်ဆုံကြ၊ သိကျွမ်းကြ၊ ကုသိုလ်ကောင်းမှုတွေအတူလုပ်ဖြစ်ကြတယ်။ ဒါကို ပဋ္ဌာန်းဆက်ရှိတယ်လို့ ပြောကြတယ်။ အခုလည်း ဒကာကြီးက 'ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင် ကိုးနဝင်းစေတီတော်' အကြောင်း သိလိုစိတ်အတွက် ဘုန်းကြီးနဲ့ ဆုံဖြစ်တာဟာ (၉) ဂဏန်းကို စိတ်ဝင်စားမှုက အခြေခံအကြောင်းတရားပဲပေါ့၊ ဟုတ်တယ်မဟုတ်လား ဒကာကြီး"

ဆရာတော်ကြီးက ကျွန်တော့်အား ပြုံးလျက်ကြည့်ရင်း ပြောပါသည်။

"တင်ပါ့ဘုရား၊ တပည့်တော်ငယ်ငယ်က (၉) ဂဏန်းနဲ့ ပတ်သက်ပြီး နှုတ်မှာစွဲနေတဲ့ လင်္ကာလေးတစ်ခုကြောင့် ကိုးနဝင်းစေတီတော်ကို စိတ်ဝင်စားသွားမိပါတယ်"

ကျွန်တော့်စကားကို ဆရာတော်ကြီး နားထောင်နေရာမှ အသာလေး လက်ဝါးကာပြရင်းမိန့်ပါသည်။

"နေပါဦး ဒကာကြီး၊ ဒကာကြီးငယ်ငယ်က (၉) ဂဏန်းနဲ့ ပတ်သက်တဲ့ လင်္ကာလေးကို ဘုန်းကြီးရွတ်ပြမယ် နားထောင်။

*အောင်စကြာ ဓာတ်နဝင်း*
*ကပ်တွင်းက ကျော်မယ်*
*နတ်မင်းအဝဝတို့ပေါ်လာပါတယ်*
*သမန္တာစက်တွင်း။*
*သိကြား၊ နတ်၊ ဝိဇ္ဇာ ကယ်မယ်*
*စိတ်ချဖွယ်ထားတဲ့နဝင်းတဲ့။*

ရှေးထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ အတိတ်တဘောင်ထားခဲ့တဲ့ ဒီလင်္ကာလေးဟာ ဒကာကြီး (၉) ဂဏန်းကို စိတ်ဝင်စားစေဖို့ ညှို့ဓာတ်တစ်ခု ဖြစ်ခဲ့တယ်လေ"

ဟာခနဲ ကျွန်တော် ကြက်သီး တဖြန်းဖြန်းဖြစ်သွားမိသည်။ ကျွန်တော်ငယ်စဉ်က နှုတ်မှာစွဲခဲ့သော ဒီလင်္ကာလေးကို ထင်းခနဲမြင်သာအောင် ထုတ်ပြလိုက်ပြီကော။ ဆရာတော်၏ အမြင်ဉာဏ်ရင့်ကျက်မှုအား အံ့ဩစိတ်များစွာနှင့် -

"တင်ပါ့ဘုရား တင်ပါ့၊ မှန်ပါတယ်။ တပည့်တော် ဒီလင်္ကာလေးနဲ့ ဆက်စပ်နေတဲ့ သိဒ္ဓိရှင်ကိုးနဝင်းစေတီတော်အကြောင်းသိလိုပါတယ် ဘုရား"

ဟု ကျွန်တော်၏ဆန္ဒကို ကသော ကမျောလျှောက်ထားလိုက်မိပါသည်။

"အင်း- ကိုးနဝင်းစေတီအမည်နဲ့ နေရာတော်တော်များများမှာ တည်ထားကိုးကွယ်ကြတာတွေရှိပါတယ်။ ဘုန်းကြီးအနေနဲ့ ဒီစေတီတော် တည်ဖြစ်ခဲ့တဲ့အကြောင်းကလည်း ဘုန်းကြီးဘဝမှာ (၉) ဂဏန်းနဲ့ တိုက်ရိုက် ဆက်စပ်ခဲ့တယ်လို့ ဆိုရမှာပဲလေ"

ဟု ဖြေညင်းစွာ ရှင်းပြပါသည်။

ဆရာတော်ကြီး၏ (၉) ဂဏန်းနှင့် တိုက်ဆိုင်မှုများက စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဆရာတော်အား ဖွားမြင်သည့် မြန်မာမွေးသက္ကရာဇ်မှာ ၁၃၂၀ ပြည့်နှစ်၊ တပေါင်းလဆုတ် ၃ ရက်ဖြစ်၍ ခုနှစ်နှင့် ရက်တို့ကို ပေါင်းပါက (၉) ဂဏန်း ရသည်ကို တွေ့ရပါသည်။ ရှင်သာမဏေဝတ်တော့ အသက် (၉) နှစ်အရွယ် ဖြစ်သည်။ ဆရာတော် ကိုင်ဆောင်သော သာသနာဝင်မှတ်ပုံတင်အမှတ်မှာ (၇/ပခန (သ) ၀၀၀၆၅၇) ဖြစ်ပြီး သာသနာဝင်စိစစ်ရေးကတ်ပြား အမှတ်စဉ် (၀၀၀၄၂၃) ဖြင့် ထုတ်ပေးထားခြင်း ဖြစ်သည်။ ထိုနံပါတ်များအားလုံးကို ပေါင်းကြည့်ပါက (၉) ဖြစ်နေပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ထွေကို လေ့လာအားထုတ်တော်မူပြီး သာသနာ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ငန်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့၊ ယခုလည်း ဆောင်ရွက်နေဆဲဖြစ်၍ နိုင်ငံတော်မှ 'မဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်ကို မြန်မာနှစ် ၁၃၆၁ ခုနှစ် (ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်) တွင် လည်းကောင်း၊ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်ကို မြန်မာနှစ် ၁၃၇၂ ခုနှစ် (ခရစ်နှစ် ၂၀၁၁ ခုနှစ်) တွင် လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ရာ နှစ်ကြိမ်စလုံးတွင် ပင့်လျှောက်စာအမှတ်စဉ်မှာ (၉) ဖြစ်နေသည်ကို တိုက်ဆိုင်စွာ ကြုံခဲ့ရသည်။ ထို့အပြင် နိုင်ငံတော် သံဃာ့မဟာနာယကဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီး ပျံလွန်တော်မူစဉ်က အန္တိမဈာပနပွဲသို့ ကြွရောက်ရန် ပင့်လျှောက်စာအမှတ်စဉ်မှာလည်း (၉) ဖြစ်ခဲ့ဖူးပါသည်။

ဆရာတော်ကြီး၏ ကျောင်းတိုက်တွင် အသုံးပြုရန် ရရှိထားသည့် ကြိုးဖုန်း (၂)လုံး၏နံပါတ်များမှာ (၀၅၂-၂၂၈၄၂)၊ (၀၅၂-၂၀၁၅၂၈) တို့ဖြစ်ပြီး လက်ကိုင်ဖုန်း (GSM) နံပါတ်မှာ (၀၉ - ၅၃၀ - ၁၄၄၉) ဖြစ်သည်။ ဒေသလိုက်ဝှက်နံပါတ် (code Number) ကိုဖယ်၍ ဖုန်းနံပါတ်များ၏ ပေါင်းရကိန်းမှာလည်း (၉) ဖြစ်နေပြန်ပါသည်။

ဆရာတော်ကြီး ယခင်အသုံးပြုခဲ့သော လိုက်ထရပ် (Light Truk) ယာဉ်အမှတ်မှာ (၆စ/၆၉၃၉) ဖြစ်ပြီး ဆူဇူကီး (Suzuki) ယာဉ်အမှတ်မှာ (၆ခ/၄၁၃၁) ဖြစ်၍ ၎င်းယာဉ်နှစ်စီးနံပါတ်များပေါင်းရကိန်းမှာ (၉) ဖြစ်ပါသည်။ တစ်ဖန် ၎င်းယာဉ် (၂) စီးကို ရောင်းချ၍ စူပါရှဖ် (ဗင်) (၁) စီး၊ အာလ်ဖတ် (Alphard) ယာဉ် (၁) စီးတို့ကို ပြန်လည်ဝယ်ယူအသုံးပြုခဲ့ရာတွင် စူပါရှဖ်ယာဉ်အမှတ်မှာ (သ/၂၆၃၇)၊ အာရ်ဖတ်ယာဉ်အမှတ်မှာ (၉ဃ/၄၇၀၇) ဖြစ်၍ ယာဉ်နံပါတ်များကို ပေါင်းကြည့်ပါက တိုက်ဆိုင်စွာ (၉) ဖြစ်နေပြန်ပါသည်။ ဆရာတော်သည် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ အိန္ဒိယ၊ နီပေါ၊ သံဝေဇနီယလေးဌာနသို့ အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အမှတ်(၉-ဘီ)နှင့် ကြွရောက်တော်မူခဲ့ရာ ဆရာတော်ကြီး၏ အမှတ်စဉ်မှာ (၉) ဖြစ်ပြီး လေယာဉ်ထိုင်ခုံအမှတ်မှာလည်း (၉) ဖြစ်နေပါသည်။ ဆရာတော်ကြီးနှင့် (၉) ဂဏန်းတိုက်ဆိုင်မှုများက အံ့သြလောက်ပေစွ။

သည်စေတီမတည်မီက ဆရာတော်ကြီးသည် မိမိတရားအလုပ်ကို လုပ်သည့်အခါတိုင်း 'ကိုးနဝင်း၊ကိုးနဝင်း' ဟူသော မထင်မရှားအသံများကိုကြားရခြင်း၊ ကမ္ဘာလုံးပေါ်တွင်တည်ထားသော စေတီတစ်ဆူကို ဖူးရသည့် အိပ်မက်များ မကြာခဏမက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ မိမိစိတ်သန္တာန်၌လည်း ဘုရားတည်လိုသော ဆန္ဒပြင်းပြင်းပြပြ ဖြစ်ပေါ်လာခြင်းတို့ကြောင့် စေတီတော်တစ်ဆူ တည်နိုင်ရပါလို၏ဟု အဓိဋ္ဌာန်လျက် ယခင်ကထက် တရားအလုပ်ကို နှစ်ဆတိုး၍ အားထုတ် ကြိုးပမ်းခဲ့လေသည်။ စေတီတော်တည်ဖြစ်ခဲ့လျှင် မမြင်ရသော ပုဂ္ဂိုလ်များ၏ အသံပြုနိမိတ်အရ မိမိဘဝတစ်လျှောက်လုံး ထူးခြားစွာ တိုက်ဆိုင်လွန်းလှသော (၉) ဂဏန်း အမှတ်အသား 'ကိုးနဝင်းစေတီတော်' ကို အိပ်မက်ထဲတွင်ဖူးမြင်ရသည့် စေတီတော်ပုံစံအတိုင်းတည်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ဆရာတော်ကြီးမှ ကိုးနဝင်းစေတီတော်တည်ရန် ဆုံးဖြတ်ပြီးသည့်နောက်ပိုင်းတွင် ရပ်ဝေး၊ ရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမများမှ ဝိုင်းဝန်း လှူဒါန်းကုသိုလ်ပြုကြပါသည်။ စေတီတော်၏ ပုံစံကို တစ်ကမ္ဘာလုံး အေးချမ်းသာယာ၍ ဗုဒ္ဓသာသနာတော်ထွန်းလင်းစေရန်၊ နတ်ကောင်းနတ်မြတ် အထက်ဝိဇ္ဇာပုဂ္ဂိုလ်များ စောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ အတွင်းလိုဏ်ဂူနှင့် ကမ္ဘာလုံးပုံပေါ်တွင် စေတီအထွတ်တင်ပြီး စေတီတော်၏ ခေါင်းလောင်းတော်အောက်၌ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား ရုပ်ပွားတော် (၄) ဆူနှင့် နောင်ပွင့်တော်မူသည့် အရိမေတ္တေယျမြတ်စွာဘုရားရှင် အပါအဝင် ဘုရား (၅) ဆူ၏ ရုပ်ပွားတော်များကို ပူဇော်ထားရှိမည်။ စေတီတော်ကို ရွှေတိဂုံစေတီပုံစံအတိုင်း တည်မည်ဟု စိတ်ကူးခဲ့ပါသည်။ ဘုံ (၉) ဆင့်ပါ ထီးတော်ကိုလည်း တင်လှူမည်ဟု ရည်ရွယ်ထားလေသည်။

၁၃၅၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် (၁၈ - ၃ - ၁၉၉၅) ၌ စေတီတော်တည်မည့်နေရာတွင် ပန္နက်တင်မင်္ဂလာပွဲ၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၂ - ၅ - ၁၉၉၅) ခုနှစ်တွင် အုတ်မြစ်တော်စီမင်္ဂလာပွဲတို့ကို ပြုလုပ်ပါသည်။ စေတီတော်ပန္နက်တင်သည့်နေ့တွင် ကျောင်းအဝင်မုခ်ဝအနီးရှိ ထန်းပင်နှင့် တွဲလျက်နေသော ညောင်ပင်ကြီးမှ ကြီးမားသော မှိုပွင့်ကြီးများ ထူးထူးခြားခြား ပေါ်ပေါက်လာပါသည်။ စေတီတော်တည်မည့်နေရာအနီးတွင်ရှိသော ငှက်ပျောပင်တစ်ပင်မှလည်း ပင်စည်ခါးလယ်တွင် ငှက်ပျောဖူးကြီး ထွက်လာပြီး ငှက်ပျောသီးများ အဖီးလိုက်ဖွံ့ဖွံ့သီးကြသည်။ ငှက်ပျောခိုင်ကြီး၏ အဖူးသည် အပေါ်သို့ကော့တက်လျက် အပင်ထဲသို့ ပြန်လည် စိုက်ဝင်နေသည်ကိုလည်း ထူးခြားအံ့သြဖွယ် မြင်တွေ့ကြရသည်။

"ဒီပုံတွေက ညောင်ပင်ကြီးမှာ မှိုပဒေသာပွင့်ကြီးတွေ ထူးထူးခြားခြား ပေါက်လာတဲ့ပုံနဲ့ ပင်စည်ထဲကထွက်လာတဲ့ ငှက်ပျောခိုင်ကြီးပုံကို အဲဒီအချိန်တုန်းက မှတ်တမ်းတင်ထားတဲ့ ဓာတ်ပုံတွေပေါ့"

ဆရာတော်ကြီး ပြသော ဓာတ်ပုံများကို ကြည့်လိုက်သောအခါတွင် ထူးခြားသော မှိုပွင့်ကြီးများနှင့် ငှက်ပျောခိုင်ကြီးကို အံ့သြစွာတွေ့ရပါသည်။ စေတီတော်၌ ထားရှိအပူဇော်ခံမည့် ဘုရားငါးဆူအနက် လေးဆူထုလုပ်ပြီးစီးချိန်တွင် အရိမေတ္တေယျဘုရားပုံတော်အား မည်သည့်ပုံတော်ဖြင့် ထုလုပ်ထားရှိရမည်ကို စဉ်းစားနေဆဲဖြစ်၍ ခေတ္တချန်ထားရသည်။ဆရာတော်ကြီးသည် အရိမေတ္တေယျဘုရားပုံတော်အတွက် နမူနာပုံတော်တစ်ဆူ ရရှိရပါလို၏ဟု အဓိဋ္ဌာန်ပြု၍ ဝိဇ္ဇာအပေါင်းနှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များမှ ကူညီကြရန် တိုင်တည်ခဲ့ပါသည်။

တစ်ညသောအခါတွင် ဆရာတော်ကြီး ကျိန်းစက်နေစဉ် -

"မထုနဲ့တော့ ကြွလာလိမ့်မယ်"

ဟူသော စကားသံကို အိပ်မက်လိုလို၊ တကယ်လိုလို ကြားလိုက်ရသည်။ သို့ဖြစ်၍ စေတီတော်ပြီးစီးရေးအတွက် အခြားလုပ်ငန်းများကိုသာ အားစိုက်ဆောင်ရွက်ခဲ့ပြီး အရိမေတ္တေယျဘုရားရုပ်ပွားတော်ကို မထုလုပ်သေးရန် ရပ်ထားခိုင်းလိုက်သည်။

တစ်နေ့တွင် ဆရာတော်ကြီးအား ဒကာတစ်ဦးမှ ဆွမ်းစားပင့်၍ ကြွသွားခဲ့ပြီး ထိုဒကာအိမ်တွင် ဆွမ်းစားပြီးချိန်၌ ၎င်း၏ မိတ်ဆွေ (ဂျပန်တွင် ခေတ္တနေထိုင်သူ) တစ်ဦး လာရောက် နှုတ်ဆက်သဖြင့် အာလာပသလ္လာပစကားပြောနေခိုက် ၎င်းလူမှာ ရုတ်တရက် ဓာတ်စီးကဲ့သို့ဖြစ်လာပြီး ဂျပန်စကားဖြင့်ပြောင်ရ

www.burmeseclassic.com

www.burmeseclassic.com


သော စကားများကိုပြောလိုက်၊ ခေါင်းခါလိုက် ပြုလုပ်နေပါသည်။ ဆရာတော်အား ဆွမ်းစားပင့်သော ဒကာသည် ဂျပန်ဘာသာစကားကို နားလည်သူဖြစ်၍ ဆရာတော်ကို ပြန်လည် ရှင်းပြရာတွင် ၎င်းဓာတ်စီးခံရသောလူ၌ ဘုရားရုပ်ပွားတော်တစ်ဆူရှိကြောင်း၊ ၎င်းရုပ်ပွားတော်ကို ဆရာတော် တည်လိုသည့် စေတီတော်တွင် လှူလိုက်ရန် ၎င်းကို ဓာတ်စီးနေသည့် ဘိုးတော်က ပြောနေကြောင်း၊ ၎င်းက မလှူချင်ဘူးဟု ပြန်ပြောနေကြောင်း ရှင်းပြပါသည်။

ဓာတ်စီးခံရသောလူ မူလအနေအထားအတိုင်း ဖြစ်သွားသောအခါတွင် ဂျပန်တွင်နေထိုင်စဉ်က အဘိုးအိုတစ်ဦးထံမှ ထူးခြားသောပုံတော်ရှိသည့်ရုပ်ပွားတော်တစ်ဆူအား အမှတ်မထင်ရရှိခဲ့၍ မြန်မာပြည်သို့ပင့်လာပြီး နေအိမ်တွင် ပူဇော်ထားသည်မှာ နှစ်အတော်ကြာပြီဖြစ်ကြောင်း၊ တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့ ဓာတ်စီးခံရသည် မရှိဘူးကြောင်း ပြောပြပါသည်။

ဆရာတော်သည် ၎င်းပြောသည်များကိုသာနားထောင်ပြီး ဆိတ်ဆိတ်နေ၍ ကျောင်းသို့ ပြန်ကြွခဲ့ပါသည်။

နောက် (၂) ရက်ခန့်အကြာတွင် ဆရာတော်၏ကျောင်းသို့ ဆွမ်းပင့်သော ဒကာနှင့် ၎င်း၏မိတ်ဆွေ (ဓာတ်စီးခံရသူ) တို့ရောက်လာပြီး ဝန္ဒနိမုဒြာဟန်နှင့် လက်မောင်းတော်နှစ်ဖက်တွင် လက်မောင်းစည်းပါသော ထူးခြားသပ္ပာယ်သည့် ဉာဏ်တော် (၉) လက်မခန့်ရှိ ရုပ်ပွားတော်ငယ်တစ်ဆူကို ပြပါသည်။ ၎င်းရုပ်ပွားတော်မှာ ဂျပန်မှပင့်လာခဲ့သော ရုပ်ပွားတော်ဖြစ်ကြောင်း၊ အမှန်ဝန်ခံရလျှင် ၎င်းအနေဖြင့် ရုပ်ပွားတော်ကို နှစ်သက် ကြည်ညိုနေပါကြောင်း၊ ၎င်းကိုးကွယ်သည့်ပုဂ္ဂိုလ်မှ ကိုးနဝင်းစေတီတော်အတွက် လှူရမည်ဟု အိပ်မက် (၂) ကြိမ် ထပ်ပေးသဖြင့် ဆရာတော်ထံသို့ လာရောက် လှူဒါန်းပါကြောင်း လျှောက်ထား၍ လှူဒါန်းသွားပါသည်။

၎င်းရုပ်ပွားတော်၏ ပုံတော်မှာ ဆင်းစားပုံဖော်နေသော အရိမေတ္တေယျဘုရားရုပ်ပွားတော်ပုံစံအတိုင်း တူညီနေသည်ကို အံ့ဩဖွယ်ကောင်းစွာ ဖူးတွေ့ရပေသည်။ အစောင့်အရှောက်ပုဂ္ဂိုလ်များအကူအညီဖြင့် မိမိထံသို့ ကြွရောက်တော်မူလာသော ထိုရုပ်ပွားတော်ပုံစံကို အတုပြု၍ မိုသွန်းလောင်းပြီး ပုံတော်



အကြီးကို ထုလုပ်ပူဇော်နိုင်ခဲ့ပါသည်။

ပဲခူးမြို့ ရွှေပူးမင်းဆေးလိပ်ခုံမှ ဒေါ်မြင့်ကြည်၊ ဒေါ်စန်းစန်း၊ ဒေါ်သန်းသန်းတို့ (၃) ဦးသည် မြင်းခြံမြို့သို့ ကိုးနဝင်းစေတီတော်အကြောင်း ကြားသိရ၍ ဌာပနာပြုရန် လင်ပန်းငယ်တစ်ချပ်စာမျှ ဓာတ်တော်များကို လှူဒါန်းလိုက်သဖြင့် စေတီတော်၏ ဌာပနာတွင် ထည့်သွင်းနိုင်ခဲ့ပါသည်။

စေတီတော်အား ဓာတ်တော်အပေါင်း၊ ဓာတ်လုံးအပေါင်း၊ အမြုတေအပေါင်း နိုင်ငံပေါင်း (၄၅) နိုင်ငံမှ ငွေအကြွေစေ့မျိုးစုံ၊ ဆေးပေါင်း၊ ပန်းပေါင်း၊ နဝရတ်လက်စွပ်အပေါင်း၊ ရွှေချထားသည့်ရုပ်ပွားတော်ငယ်အပေါင်း၊ ရတနာကျောက်အပေါင်းတို့ဖြင့် အမျိုးအစား (၉) မျိုး ပေါင်းစပ်လျက် ဌာပနာပြုပါသည်။ ၁၃၅၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် (၆-၃-၁၉၉၆) ခုနှစ်တွင် ခမ်းနားသိုက်မြိုက်စွာဖြင့် ရွှေထီးတော်တင်လှူပွဲကို ကျင်းပနိုင်ခဲ့သည်။

စေတီတော်၏အောက်ခြေ ပစ္စယံအကျယ်မှာ (၂၇) ပေ၊ (၁၈) တောင်ပတ်လည်၊ ဉာဏ်တော်အမြင့်မှာ ရင်ပြင်တော်မှ ထီးတော်ပိန္နဲတိုင်အထိ (၂၇) ပေ၊ (၁၈) တောင်ရှိပါသည်။ စေတီတော်၏ အမြင့်၊ အကျယ်တို့ ပေါင်းရကိန်းမှာ (၉) ဂဏန်းဖြစ်ပြီး ထီးတော်မှာ ဘုံ (၉) ဆင့်ရှိသည်။ ကိုးနဝင်းဓာတ်အစီအမံများဖြင့် စေတီတော်ကို တည်ထားခြင်းဖြစ်သည်။ စေတီတော်၏တံတိုင်းထောင့်(၄)ထောင့်တွင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရနတ်မင်းကြီးလေးပါးမှ စောင့်ရှောက်နေဟန် ရုပ်တုများထားရှိပါသည်။

စေတီတော်ကို 'ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင် ကိုးနဝင်းစေတီတော်' ဟု အမည်ပေးထားခြင်း၊ ပုံတော်မှာလည်း ထူးခြားကြည်ညိုဖွယ်ရာရှိခြင်းကြောင့် စေတီတော်အား မြင်မိသူတိုင်း ဝင်ရောက် ဖူးမြော်လိုစိတ်များ ဖြစ်လာရကြောင်း ဆရာတော်မှ ပြောပြပါသည်။

"ဒီစေတီတော်မှာ ဖူးမြော်ပြီး ဆုတောင်းမိဌာန်သွားကြတဲ့ တော်တော်များဟာ အလိုဆန္ဒတွေပြည့်စုံအကျိုးရရှိလို့ နောက်တစ်ခေါက် ပြန်လာပြီး ဖူးမြော်ပူဇော်ကြတာတွေ့ရတယ်။ ထူးခြားတဲ့ ကိုးနဝင်းဓာတ်အစီအမံနဲ့ တည်ထားတဲ့ ဒီစေတီတော်ကို မသိသူတွေကျော်သွားကြသလို သိသူများအတွက် အဓိဋ္ဌာန်ပြု ဆုတောင်းနိုင်ကြတာပေါ့လေ။ ဒကာကြီးလည်း ကြုံကြိုက်တုန်းမှာ ဝင်ဖူးသွားဦးပေါ့"

ဟု ဆိုကာ ဆရာတော်ပြောစကားကို အဆုံးသတ်လိုက်ပါသည်။

"တင်ပါ့ဘုရား၊ တပည့်တော် ဒီစေတီကို မြင်မိကတည်းက ဖူးချင်စိတ်တွေ ဖြစ်နေပါတယ်။ (၉) ဂဏန်းနဲ့ တိုက်ဆိုင်လွန်းတဲ့ ဆရာတော်ကြီးရဲ့ အကြောင်းနဲ့ 'ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင်ကိုးနဝင်းစေတီတော်' အကြောင်းကို အများသိရအောင် စာရေးသားခွင့်ပြုပါ ဘုရား"

"အများအတွက် ကောင်းကျိုးဖြစ်စေဖို့တည်တဲ့စေတီတော်ဖြစ်လို့ အများသိလေ ကောင်းလေပေါ့ကွယ်။ ရေးပါ ဘုန်းကြီး ခွင့်ပြုပါတယ်။ သာဓု၊ သာဓု၊ သာဓု"

ဆရာတော်ကြီးအား ရှိခိုးဦးချပြီးသည်နှင့် ဆည်းလည်းသံချွင်ချွင်ခတ်နေသော စေတီတော်ဆီသို့ ကြည်ညိုသဒ္ဓါစိတ်များနှင့် ကျွန်တော် သွားနေမိပါတော့သည်။

ပဲခူးမြို့သို့ ဘုရားဖူးသက်သက်ဖြစ်စေ၊ ခရီးကြုံ၍ဖြစ်စေ ရောက်ခဲ့ပါက သမိုင်းဝင် ရွှေဂူလေးဘုရားကိုဖူးမြော်ပြီးသည်နှင့် ရွှေဂူလေးဘုရားအရှေ့ဘက် စောင်းတန်းမုခ်ဝနှင့် တည့်တည့်တွင် တည်ရှိသော 'ကမ္ဘာ့ဓာတ်ပေါင်းစုံလင် သိဒ္ဓိရှင် ကိုးနဝင်းစေတီတော်' အား ဝင်ရောက် ဖူးမြော်၍ လိုရာဆုတောင်း အဓိဋ္ဌာန်ပြုနိုင်ကြောင်းကို သတင်းကောင်းပေးရင်း လမ်းညွှန်ဖော်ပြလိုက်ရပါသည်။

စိုးကိုကို (လေးမျက်နှာ)



www.burmeseclassic.com

www.burmeseclassic.com

ရသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

# သွေးတိုးလောက်တိုးကို ကြက်သည်းခြေနဲ့ကုမယ်

ကိုသိန်းမြင့် [ယခု-ဒုဦးစီးမှူး-စည်ပင် (ငြိမ်း) ] သည် ပြည်မြို့ ခရိုင်စည်ပင်သာယာရုံးကြီးတွင် ဘီစီအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်သည်။ ကိုသိန်းမြင့်သည် လူငယ်သဘာဝအရ ညဘက်တွင် သူငယ်ချင်းအပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များနှင့် အရက်ယမကာကို ၆ါတစ်ရံ မှီဝဲလေ့ရှိသည်။ ထိုသို့သောက်စားပြီး နောက်တစ်နေ့မနက်တွင် အိပ်ရာမှထသောအခါ ခေါင်းများ အလွန်မူးဝေနေသည်ကို ညက အရက်သောက်ထားသော အရှိန်ကြောင့်သာ ထင်မှတ်နေ၏။ သို့သော် ခေါင်းအလွန်မူးပြီး ချာချာလည်နေသည်ကိုမခံနိုင်သောကြောင့် မိသားစုဆရာဝန်သဖွယ်ဖြစ်နေသော ဒေါက်တာဦးမောင်သိန်းအား သွားပြပြီး ဘီပီ (သွေးပေါင်) တိုင်းကြည့်ရာ သွေးအလွန်အကျွံတိုးနေသည်ကို သိရှိရသည်။ ထို့ကြောင့် ပိုမိုစိတ်ကျေနပ်ရန်အတွက် ပြည်မြို့တွင် နာမည်ကြီးသမားတော်ကြီး ဒေါက်တာဦးမောင်မောင်ခင်ထံသို့ ထပ်မံပြသရာ သွေးအလွန်တိုးနေကြောင်း စမ်းသပ်သိရှိရပြီး အောင်ဇော်ဦးအထူးကုဆေးခန်းသို့ တက်ခိုင်းပါသည်။ သို့သော် ကိုသိန်းမြင့်မှာ မတက်ချင်ကြောင်း ပြောပြပြီး သွေးကျဆေးများကို ယူဆောင်ကာ သူငယ်ချင်းဆိုင်ကယ်ဖြင့် မိမိနေထိုင်ရာ ကိုးသောင်းဈေး ရေပေးဝင်းသို့ ပြန်ခဲ့သည်။ ထိုသို့ပြန်ခဲ့ရာ ဆိုင်ကယ်မှာ ချာချာလည်နေသည်ဟု မျက်စိထဲတွင် မြင်နေရ၍ ရှေ့မှ မောင်းသူ၏ခါးကိုတင်းတင်းဖက်ကာ မျက်စိမှိတ်ပြီး ပြန်ခဲ့ရသည်။

မိမိအိမ်လိုင်းခန်းရောက်လျှင် အိပ်ရာထဲတွင်မှိန်းနေချိန်လောက်မှာ သူငယ်ချင်းဖြစ်သူ ကိုစိုးတင့် (ဒု-ဦးစီးမှူး စည်ပင်) ရောက်လာပြီး အကျိုးအကြောင်းမေးရာ မိမိမှာ သွေးအလွန်တက်နေကြောင်း ပြောပြသောအခါ ထိုသူငယ်ချင်းမှ -

"သိန်းမြင့်ရာ၊ သွေးတိုးသွေးတက်တာများ ရောဂါလုပ်လို့၊ ဘာခက်လို့လဲကွ"

ဟု ပြောပြီး ပြန်သွားရာ ဆယ့်ငါးမိနစ်ခန့်အကြာတွင် ပြန်ရောက်လာပြီး သူ့ရဲ့ဆေးကိုတိုက်ပါတယ်။ ဆေးသောက်ပြီး တစ်နာရီခန့်ကြာသောအခါ ခေါင်းမှာကြည်ကြည်လင်လင်ဖြစ်သွားပြီး မျက်စိအမြင်တွေပါ ကြည်လင်လန်းဆန်းနေတာ တွေ့ရှိခံစားရပါသည်။ ထိုအခါ အပြောကြီးရန်ကောဟု သူငယ်ချင်းကို စိတ်ထဲမှ အထင်သေးမိသည်ကို လွန်စွာအားနာမိပါ၏။

မိမိလည်း တစ်နာရီအတွင်း ပျောက်ကင်းသွား၍ မိမိရောဂါအခြေအနေကို စိတ်မချသေးဘဲ ချက်ချင်းပင် မိသားစုဆရာဝန်လိုဖြစ်သော ရွှေသာလျောင်းဘုရားလမ်း ဒေါ်တင်အေးထမင်းသုပ်ဆိုင်နားမှ ဒေါက်တာဦးမောင်သိန်းကို ပြန်လည် ပြသရာ မိမိသွေးပေါင်ချိန်မှာ လူကောင်းပကတိအတိုင်းဖြစ်နေပါသည်။ ဒါကိုမကျေနပ်သေးဘဲ သမားတော်ကြီး ဒေါက်တာဦးမောင်မောင်ခင်ထံပါ ထပ်ပြီးသွားပြတဲ့အခါ ပုံမှန်နှုန်းသာရှိကြောင်း တွေ့ရှိရတဲ့အတွက် သမားတော်ကြီး ဒေါက်တာဦးမောင်မောင်ခင်ဟာ တစ်နာရီ နှစ်နာရီအတွင်း လူကောင်းဖြစ်နေတာကို သူနာပြုဆရာမ သွေးပေါင်တိုင်းတာ မှားနေသလားဟုထင်ပြီး သူကိုယ်တိုင် ဘီပီ (သွေးပေါင်) တိုင်းပါတယ်။ အဲဒီမှာ အလွန်အံ့ဩပြီး နာရီပိုင်းအတွင်းနဲ့ လူကောင်းပကတိဖြစ်သွားပုံကို မေးမြန်းလို့ ဆေးနည်းကို ပြောပြတဲ့အခါ အံ့ဩပြီး အစွမ်းထက်လို့ မှတ်သားသွားပါတယ်။

ကိုသိန်းမြင့်လည်း စက်မှုဇုန်ထဲက အသက် (၆၀) ကျော်တဲ့ အဘကြီးတစ်ဦး ဆိုင်ကယ်မောင်းလာရင်း ရုတ်တရက် သွေးတိုး၊ သွေးတက်လို့ ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာအနာတရဖြစ်တာကို မေးရင်း သူကိုယ်တိုင်စားခဲ့ရတဲ့ဆေးနည်းပြောပြလိုက်လို့ ယနေ့တိုင် အဘကြီးမှာ သွေးတိုး၊ သွေးတက်မရှိတော့ပါဘူး။ သူကိုယ်တိုင်လည်း ယနေ့ထက်တိုင် အုန်းနို့ခေါက်ဆွဲတွေစားနေပေမယ့် သွေးတိုး၊ သွေးတက်မရှိတော့ဘူးလို့ စာရေးသူကို ပြောပြပါတယ်။

ကိုသိန်းမြင့် ပြောတဲ့ သွေးတိုး၊ သွေးတက်ပျောက်ကင်းတဲ့ဆေးနည်းက လွယ်လွယ်လေးပါ။

ကြက်သည်းခြေလတ်လတ်ဆတ်ဆတ် (ဗမာကြက်ဖြစ်ရမည်) ကို ရေနွေးလေးနဲ့ တောင့်တောင့်လေးဖြစ်အောင် စိမ်ပြီး မျိုချတာပါ။ သွေးတိုး၊ သွေးတက်ရှိနေရင် အသက် (၄၅) အောက်ကို တစ်ရက်လျှင် သုံးခုမျိုချတာပါ။ သုံးရက်ဆက်မျိုရမည်။ ဒါဆိုပြီးပါပြီ။ အသက် (၆၅) အောက်ကို တစ်ရက်လျှင် နှစ်ခုနှုန်းနှင့် သုံးရက်ဆက်မျိုပေးပါ။ အသက် (၈၅) အောက်နှင့် အထက်တွေကိုတော့ တစ်ရက်လျှင် တစ်ခုနှုန်းနှင့် သုံးရက်ဆက်မျိုပေးပါ။ ဒါဆိုရင် သွေးတိုး၊ သွေးတက်ရောဂါမဖြစ်တော့ပါဘူး။ ဒါပေမယ့် ကံ၊ စိတ်၊ ဥတု၊ အာဟာရကို ဆန့်ကျင်ရင်တော့ သွေးတိုး၊ သွေးတက်ရောဂါဟာ ဟားတိုက်ရယ်မောနေမှာကို သတိထားဖို့လိုပါတယ်။ အညာက အဘိုးဘွားတွေဟာ ကြက်သည်းခြေကို တစ်ပတ် (ခုနစ်ရက်တစ်ခါ) တစ်ခါ တစ်ခုနှုန်းမျိုတာ တွေ့ကြုံဖူးပါတယ်။

ဒီလိုဂမ္ဘီရဆန်တဲ့ တိုင်းရင်းဆေးနည်းလေးနဲ့ အသပြာမကုန် ဘေးထွက်ဆိုးကျိုးမရှိလို့ စာရေးသူမှ ထပ်ဆင့်မှတ်တမ်းတင် ရေးသား ဖော်ပြပေးလိုက်ပါတယ်။

ရသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

*ကာယကံရှင် ဦးသိန်းမြင့် (ဒု-ဦးစီးမှူး-စည်ပင် ငြိမ်း) နှင့် ဆေးနည်းပေးသူ ဦးစိုးတင့် (ဒု-ဦးစီးမှူး-စည်ပင်) တို့အား ကျေးဇူးတင်ဂုဏ်ပြုလျက်*



www.burmeseclassic.com

www.burmeseclassic.com


(ယခင်လမှအဆက်)

ထို့နောက် ၁၉/၂၀-၆-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်ကို မန္တလေးမြို့ (၆၀) × (၆၂) လမ်းကြားနှင့် (၃၇) လမ်း၊ B.Iတိုက်ခန်းမှ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)၊ ဇနီး ဒေါ်ငြိမ်းငြိမ်း မိသားစုတို့မှ ပင့်ဆောင် ပူဇော်ကြပြန်ပါသည်။ ဗိုလ်မှူးကြီးသန်းထွန်းသည် ယခုရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခြင်းမှာ (၃၇) ကြိမ် ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသည် ၂၀၀၅ ခုနှစ်တွင် မန္တလေးမြို့ မျက်ပါးရပ် အမှတ် (၂) စစ်ကြောရေးနှင့် တည်းခိုရေးတပ်တွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ချိန်မှ စတင် ပင့်ဆောင်ပူဇော်ခဲ့ခြင်းဖြစ်ပြီး မျက်ပါးရပ်မှ ထီးတော်မိုးသို့ တပ်ပြောင်းရွှေ့သွားသောအခါတွင်လည်း ရုပ်ရှင်တော်မြတ်အား ဆက်လက် ပင့်ဆောင် ပူဇော်ခဲ့ပါသည်။ ထို့နောက် အရပ်ဘက် ဟိုတယ်/ခရီးတွင် ညွှန်မှူးတာဝန်သို့ ပြောင်းရွှေ့ထမ်းဆောင်စဉ် (တပ်မတော်အစိုးရခေတ်) တွင်လည်း ရုပ်ရှင်တော်မြတ်ကို ဆက်လက် ပင့်ဆောင်ပူဇော်ခဲ့သည်။ ယနေ့ချိန်တွင် ဟိုတယ်/ခရီးမှ အနားယူပြီးသောအခါတွင်လည်း ရုပ်ရှင်တော်မြတ်ကို ဆက်လက် ပင့်ဆောင်ဆဲ ဖြစ်ပါသည်။

ဗိုလ်မှူးကြီး သန်းထွန်းသည် ရုပ်ရှင်တော်မြတ်အား လူအချို့မှ ဘုရားလေးဟု ခေါ်လျှင် မနှစ်သက်ပါ။ ဘုရားကြီးဟုသာ ခေါ်ဆိုသုံးနှုန်းပါသည်။ မျက်ပါးရပ်တပ်တွင်ရှိစဉ်က ရုပ်ရှင်တော်မြတ်အား လာရောက် ပင့်ဆောင်စဉ် စဉ့်ကိုင်အဝင်မှ တိုးဂိတ်ကို ဖြတ်သန်းရမြဲ ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသည် ရုပ်ရှင်တော်မြတ်အား လာရောက် ပင့်ဆောင်သောအခါ ယူနီဖောင်းမဝတ်ပါ။ ယာဉ်မောင်းမှာ ဆရာကြီး (တပ်ကြပ်ကြီး) ဖြစ်သော်လည်း VIPလမ်းမှ မသွားစေပါ။ ကတ္တားပေါ်တက်စေ၍ ကျသင့်ငွေပေးဆောင်ပြီးမှသာ ဖြတ်သန်းပါသည်။ ဗိုလ်မှူးကြီးသည် အမှတ်မဲ့မနေတတ်၍ ကတ္တားအလေးချိန်ဖော်ပြချက်ကို မှတ်သားထားလိုက်ပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆာင်လာပြီး ကတ္တားပေါ်မှ ပြန်လည်ဖြတ်သန်းသောအခါ အဆမတန် ကီလိုဂရမ်များစွာတက်သွား၍ အံ့ဩမိသော်လည်း ရုပ်ရှင်တော်မြတ်၏အလေးချိန်နှင့် ပလ္လင်တော်၏အလေးချိန်မှာ မပြောပလောက်။ သို့သော် မယ်တော်ကြီးနှင့် အန်တီအေးတို့၏အလေးချိန်၊ ဘုရား

## ရွှေကံကူလေးဖုံ့သစ်တော်ရုပ်ရှင်တော်မြတ်၏
## ၂၀၁၂ - ၂၀၁၃ ခုနှစ်
## မန္တလေးပတ်ဝန်းကျင်ဒေသစာရီခရီးစဉ်များမှ ထူးခြားမှုများ

ဘိုဘို(ရွှေကံကူ)





www.burmeseclassic.com

www.burmeseclassic.com



(၁၈-၅-၂၀၁၃) နေ့တွင် ရွှေကံကူ အောင်မြေ၌
ယခုနှစ် ခရီးစဉ် ရန်ကုန်မြို့မှ လှူဒါန်းသော
ရွှေသား တော်၊ မကိုဋ်တော်နှင့် စလွယ်တော်တို့ကို
ကြည်ညိုသပ္ပါယ်စွာ ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်မြို့သို့ ဆရာကြီးဦးချစ်နိုင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်စဉ်



ပြင်ဦးလွင်မြို့သို့ပူဇော်သူ ဦးရဲထွဋ်မှ လှူဒါန်းပူဇော်မှုအားလုံးအတွက် ရေစက်သွန်းချစဉ်



ဗိုလ်မှူးကြီးသန်းထွန်း+ဒေါ်ငြိမ်းငြိမ်းတို့ ရွှေယပ်တောင် လှူဒါန်းစဉ်

ပစ္စည်း၊ မယ်တော်ကြီးတို့၏ အဝတ်အစား အသုံးအဆောင် စသည်တို့ကြောင့် ဖြစ်မည်ဟု ထင်မှတ်ထားမိသည်။

ရုပ်ရှင်တော်မြတ်အား ပြန်လည်ပင့်ဆောင် ပေးပို့သောအခါတွင်တော့ မမျှော်လင့်ဘဲ မော်တော်ယာဉ်နှစ်စီးဖြစ်သွားရာ မယ်တော်ကြီး၊ အန်တီအေးနှင့် ပစ္စည်းများအားလုံးကို နောက်ကားတစ်စီးတွင်လိုက်ပါစေ၍ ဗိုလ်မှူးကြီး လိုက်ပါသောကားပေါ်တွင် ရုပ်ရှင်တော်မြတ်ကိုသာ ပင့်ဆောင်ခဲ့ပါသည်။ တိုးဂိတ်ကို ဖြတ်သန်းသောအခါ လူများ၊ ပစ္စည်းများသောကားထက် ဗိုလ်မှူးကြီးတို့ကားက အလေးချိန်ပို၍နေသည်ကိုတွေ့ရသည်။ ရုပ်ရှင်တော်မြတ်အား အောင်မြေတွင် ပင့်ဆောင်ပေးပို့ပြီးအပြန်တွင် တိုးဂိတ်ကို ပြန်လည် ဖြတ်သန်းရာ ဗိုလ်မှူးကြီးလိုက်ပါလာသောကားမှာ အလေးချိန်များစွာ လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခဲ့သော အကြိမ်များစွာ၌ ရုပ်ရှင်တော်မြတ်၏ ထူးခြားသော တန်ဖိုးတော်တို့ကို ကြိမ်ဖန်များစွာ သိရှိရ၍ ရုပ်ရှင်တော်မြတ်အား ထာဝစဉ် ပင့်ဆောင်ပူဇော်ခွင့် လျှောက်ထားခဲ့သော်လည်း အစောပိုင်းနှစ်များတွင် ရုပ်ရှင်တော်မြတ်တွင် ပင့်ဆောင်ပူဇော်သူတို့ ကျပ်ပါးသေး၍ ဗိုလ်မှူးကြီးသည် တစ်နှစ်လျှင် (၄)၊ (၅) ကြိမ်မျှ ပင့်ဆောင် ပူဇော်ခွင့် ရရှိခဲ့သော်လည်း ယနေ့အချိန်တွင်မူ တစ်နှစ်လျှင် တစ်ကြိမ်ခန့်သာ ပင့်ဆောင်ပူဇော်ခွင့် ရရှိတော့ခြင်း ဖြစ်ပါသည်။

ဗိုလ်မှူးကြီးနေအိမ်တွင်ပင့်ဆောင်ပူဇော်ရာ၌ လူအများကို ဖိတ်ကြားလေ့မရှိပါ။ အရင်းနှီးဆုံးမိတ်ဆွေအချို့ကိုသာ ဖိတ်ကြားပါသည်။ မယ်တော်ကြီးတို့နှင့် ဗိုလ်မှူးကြီးမိသားစုမှာလည်း ဆွေမျိုးရင်းချာသဖွယ်ဖြစ်နေပြီဖြစ်ရာ မယ်တော်ကြီးတို့သည် ဗိုလ်မှူးကြီး၏နေအိမ်တွင် ပင့်ဆောင် ပူဇော်သောရက်များတွင် အေးအေးဆေးဆေး အနားယူသည့်သဘောမျိုး နေထိုင်ကြရပါသည်။

ယခုလည်း ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောအခါ ဗိုလ်မှူးကြီးသည် ထုံးစံအတိုင်း ရုပ်ရှင်တော်မြတ်ကို အားပါးတရ စေ့စေ့စပ်စပ်ကြည့်ရှု ဖူးမြော်ရာ ရုပ်ရှင်တော်မြတ်တွင် ယခင်ကမပါရှိသော ရွှေယပ်တောင်ကို တွေ့မြင်သွား၍ မည်သည့်အလှူရှင်က



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်စိတ်ကူးနှင့် လှူဒါန်းလိုက်ပါသနည်းဟု မေးမြန်းပါသည်။ အလှူရှင်မှာ ရန်ကုန်မြို့ ပြည်ရိပ်မွန်အိမ်ရာ တိုက် (၁၄)၊ အခန်း (၂၆) မှ ကိုထွန်းအောင်ကျော်၊ မခင်မို့မို့အောင်၊ သမီးလေး ယွန်းရွှေရည်အောင်တို့ဖြစ်၍ မခင်မို့မို့အောင် (၀၉-၇၃၁၇၄၄၂၄) မှ အိပ်မက်ရ၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပြီး ဤရွှေသားစင်စစ်ယပ်တောင်ကို လှူဒါန်းလိုက်ပါသည်ဟု ပြောလိုက်ပါသည်။ သာမန်ယပ်တောင်ဖြင့် မိမိကိုယ်ကိုမိမိ ခတ်လျှင်ပင် အေးမြသေးရာ ရွှေယပ်တောင်ပြုလုပ်၍ ဘုရားရှင်အား လှူဒါန်းမည်ဆိုပါက ပူပင်သောကဟူ၍ မတွေ့ရှိရဘဲ အေးမြနေပေလိမ့်မည်။ မခင်မို့မို့အောင်တို့ မိသားစုမှာလည်း ရွှေယပ်တောင် ကပ်လှူပြီးသည်နှင့် အစစအရာရာ အောင်မြင်တိုးတက်မှုများ သိသိသာသာ ရရှိလာကြပြီး အေးချမ်းသာယာသော မိသားစုအဖြစ်သို့ ရောက်ရှိလျက်ရှိကြောင်း မယ်တော်ကြီးမှ ပြောပြလိုက်ပါသည်။

တစ်ဖန် အန်တီငြိမ်းမှာ ဟသ်ာတမြို့သူဖြစ်သောကြောင့် ခင်မို့မို့အောင်မှာလည်း ဟသ်ာတဆက်ဟု သိရ၍ ဖုန်းဆက်ကြည့်ရာ ဆွေမျိုးများဖြစ်၍နေကြောင်း သိရပြန်ပါသည်။ ထိုအခါ ဗိုလ်မှူးကြီးသည် သဒ္ဓါပေါက်၍ ယခုရွှေယပ်တောင်တော်နှင့် အလေးချိန်၊ အရွယ်အစား၊ ပုံသဏ္ဌာန် အားလုံးတူညီသော ရွှေယပ်တောင်တစ်လက် လှူဒါန်းပါမည်ဟု ပြောကြားပါသည်။ ထိုအခါမှ မယ်တော်ကြီးသည် ဓာတ်ပုံကင်မရာကိုဖွင့်၍ ပြလိုက်ပါသည်။ ကိုထွန်းအောင်ကျော်၊ ခင်မို့မို့အောင်တို့၏ နေအိမ်တွင် ကြွရောက်စဉ် မှတ်တမ်းဓာတ်ပုံများတွင် ရွှေယပ်တောင်အား မှတ်တမ်းဓာတ်ပုံရိုက်ကူးသောပုံ၌ ရွှေယပ်တောင်မှာ (၂) ချောင်းထပ်ဖြစ်၍နေပါသည်။ ထိုစဉ်ကတည်းက -

"မမအေးရေ၊ မကြာခင်မှာ ရွှေယပ်တောင် အလှူရှင်တစ်ဦးပေါ်လာလိမ့်မယ်"

ဟု မယ်တော်ကြီးမှ ကြိုတင်နိမိတ်ဖတ်ခဲ့သော်လည်း ထိုအကြောင်းကို သာဝကများအား မပြောပြရန်နှင့် ထိုသို့ပြောလိုက်လျှင် လှူဒါန်းစေလို၍ စကားလမ်းကြောင်းသည့်သဘောဖြစ်နေလိမ့်မည်ဟု မယ်တော်ကြီးမှ သတိပေးထားကြောင်း အန်တီအေးက ဗိုလ်မှူးကြီး၊ အန်တီငြိမ်း၊ အန်တီရွှေ (အန်တီငြိမ်း၏ အစ်မဝမ်းကွဲဖြစ်၍ အန်တီအိမ်ထောင်ကျချိန်မှစ၍ ယနေ့တိုင်အတူနေသူ) တို့ကို ပြောပြလိုက်ပါသည်။

ထိုညတွင်လည်း အောင်ပင်လယ် မောင်မင်းမင်းထွန်းတို့၏ နေအိမ်တွင် လာရောက်ခဲ့သော နဂါးငွေ့သဏ္ဌာန်၊ တိမ်ဖြူသဏ္ဌာန်၊ မီးခိုးငွေ့သဏ္ဌာန် နဂါးကြီး (ယူဆ) ထပ်မံ ရောက်ရှိလာပါသေးသည်။ မနေ့ညကအတိုင်းပင် တိုက်ခေါင်မိုးဖျားလွတ်ရုံမျှအမြင့်တွင် တောင်မြောက် ခုန်ပျံရွေ့လျား၍နေပါ၏။ သို့သော် မနေ့ညကလို မိုးကောင်းကင်အထက်တွင် အလင်းရောင်ပေါ်ပေါက်မှုမရှိတော့၍ အဝေးမှလူများ မြင်တွေ့နိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် မည်သူမျှ မသိရှိပါ။ အိမ်ရှင်မိသားစုနှင့် မယ်တော်ကြီးတို့သာ တွေ့မြင်လိုက်ကြရပြီး ပျောက်ကွယ်သွားခဲ့ပါသည်။

(၂) ညအိပ် သတင်းသုံးတော်မူပြီးလျှင် ရုပ်ရှင်တော်မြတ်အား လှူဒါန်းပင့်ဆောင် ပူဇော် လှူဒါန်းကြရသော ကုသိုလ်တို့ကို ရေစက်သွန်းချပါသည်။ ထို့နောက် ဗိုလ်မှူးကြီးက -

"မယ်တော်ကြီး၊ ကျွန်တော်တို့ ဘယ်နေ့ပင့်ရဦးမှာလဲ။ သိပ်မကြာစေနဲ့နော်" ဟုပြောပါသည်။

ထို့နောက် ၂၀/၂၂-၆-၂၀၁၃ နေ့တွင် မန္တလေးမြို့ မဟာမြိုင် အပိုင်း (၁) (၆၄) × (၆၅) လမ်းကြား၊ သိပ္ပံလမ်း မြောက်ဘက် မြို့တော်ဆေးရုံ၏ နောက်ကျောဘက်ရှိ ဦးဝင်းသန်း၊ ဒေါ်သိင်္ဂီကျော် နိုဘယ်လ်စားသောက်ဆိုင်နှင့် အာတိတ်သောက်ရေသန့်တို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ဤမိသားစုသည် (၃) ကြိမ်မြောက် ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်ပါ၏။ ဤမိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် ဒေါ်ငြိမ်းငြိမ်းတို့တွင် မောင်နောင်နောင် (စစ်/ဆေး) နှင့် မောင်ထွန်းထွန်းကျော်ဟူ၍ ညီအစ်ကိုနှစ်ယောက်ရှိရာ မောင်ထွန်းထွန်းကျော်သည် ဦးဝင်းသန်း၊ ဒေါ်သိင်္ဂီကျော်တို့၏ အကြီးဆုံးသမီး စုမြတ်သီရိဝင်းသန့်နှင့် အကြောင်းပါကြပါသည်။ မောင်ထွန်းထွန်းကျော်တို့လက်မထပ်မီမှာပင် ဦးဝင်းသိန်း၊ ဒေါ်သိင်္ဂီကျော်တို့မှ ပင့်ဆောင်ပူဇော်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအချိန်မှစ၍ ခမည်းခမက်တစ်ဆက်တည်း ပင့်ဆောင်ပူဇော်လာခဲ့ကြသူများ ဖြစ်ပါသည်။

ဤအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူ၍ မျက်လုံးတော်များဖွင့်တော်မူပါသည်။ဤညတွင်လည်း တိမ်ဖြူသဏ္ဌာန်၊ နဂါးငွေ့သဏ္ဌာန် ယမန်နေ့ညက ပေါ်ပေါက်သည့်အတိုင်း ဤအနီးအနားမှာပင် ပေါ်ပေါက်ပြန်ပါသေးသည်။ သို့သော်လည်း မိုးကောင်းကင်အမြင့်တွင် အလင်းရောင်ဝိုင်းအဖြစ် ပေါ်ပေါက်ပြန်ပါသေးသည်။ သို့သော်လည်း မိုးကောင်းကင်အမြင့်တွင် အလင်းရောင်ဝိုင်းအဖြစ် ပေါ်ပေါက်ခြင်းမရှိ၍ မြို့သူမြို့သားအများစု တွေ့မြင်လိုက်ကြရခြင်း မရှိပါ။ ဤညတွင် ပေါ်ပေါက်သော အချိန်ကာလမှာလည်း ပို၍တိုတောင်း မြန်ဆန်စွာ ကွယ်ပျောက်သွားပါသည်။

၂၂ ရက်နေ့တွင် စာရေးသူ ဦးဝင်းသန်း၊ ဒေါ်သိင်္ဂီကျော်တို့၏ နေအိမ်သို့ရောက်ရှိသွားပါသေးသည်။ တစ်ဦးတည်းနေ ကြီးမားလှသော လုံးချင်း (၄) ထပ်တိုက်ကြီး ဖြစ်ပါသည်။ အပေါ်ဆုံးထပ်တွင် ဘုရားခန်းကျယ်ကြီးထားရှိ၍ ရုပ်ရှင်တော်မြတ်အား ပူဇော်ခြင်းဖြစ်ပါသည်။ စာရေးသူ ရောက်ရှိသွားသောအခါ ဒေါ်သိင်္ဂီကျော်၏ အဖေ၊ အမေတို့ကို စာရေးသူမှ ဆေးသိဒ္ဓိသစ္စာရေဖြင့်ဆေးကုပေးခဲ့ပါသည်။ ထို့နောက် စာရေးသူတို့လည်း စဉ့်ကိုင်သို့ ပြန်ခဲ့ကြပါသည်။ ညပိုင်းတွင် မယ်တော်ကြီးထံမှ ဖုန်းဆက်လာပါသည်။ ယနေ့ည ဖြူဖြူသဏ္ဌာန်ကြီး မပေါ်ပေါက်တော့ကြောင်းနှင့် နေ့လယ်က စာရေးသူ ဆေးကုသပေးခဲ့သောအဘိုးမှာလည်း သိသိသာသာ သက်သာသွားသောကြောင့် တရားကောင်းကောင်းထိုင်နိုင်ပြီဖြစ်၍ စာရေးသူအား အထူးတလည် ကျေးဇူးတင်ရှိကြောင်း စသည်တို့ကို သိရှိရပါသည်။

ထို့နောက် ၂၃/၂၄-၆-၂၀၁၃ နေ့များတွင် မန္တလေးမြို့ (၆၂) လမ်းမပေါ် သူနာပြုတက္ကသိုလ်အနီး သစ္စာဓာတ်မှန်နှင့်ကပ်လျက် လမ်းအနောက်ဘက်မှ အရှေ့ဘက်လှည့် သိပ္ပံအဝိုင်း (ယခု လမ်းဆုံအဖြစ် ပြောင်းလဲထားရှိ)၏။ တောင်ဘက်တစ်ပြခန့်ရှိ လွင်မိတ္တူမှ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ ဒေါ်စန်းမြင့်၊ သမီး မညိုမီမီလွင်တို့မှ ဆက်လက် ပင့်ဆောင် ပူဇော်ကြပါသည်။ ဤမိသားစုသည် ယခင်က ရုပ်ရှင်တော်မြတ်၏ [illegible] သတင်းကိုသဲ့သဲ့မျှသာကြားဖူးထားခဲ့ခြင်းရှိပြီး ၂၀၁၁ ခုနှစ်တွင် သူရဇ္ဇမဂ္ဂဇင်း၌ စာရေးသူ၏ ရွှေကံကူဆောင်းပါးများကို

www.burmeseclassic.com

www.burmeseclassic.com

ဖတ်ရှုရသောအခါမှ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်၊ ဂုဏ်တော်တို့ကို ပြည့်ပြည့်စုံစုံ သိရှိရသောအခါ အထူးပင် ကြည်ညိုစိတ်များ ဖြစ်ပေါ်ကြရပြီး အောင်မြေသို့ ပထမဦးဆုံး မညိုမီမီလွင် ရောက်ရှိလာခဲ့ပြီး စာရေးသူထံ စာရင်းပေးသွင်းသွားခဲ့ပါသည်။ ထို့နောက် အဘဗိုလ်မှူးကြီး (ငြိမ်း) ဦးသိန်းလွင်၊ ဒေါ်စန်းမြင့်တို့ပါ အောင်မြေသို့ လာရောက်ခဲ့ကြပြီး စာရေးသူနှင့် တွေ့ဆုံကြပါသည်။ ဤမိသားစုအားလုံးသည် စာရေးသူ၏ စာဖတ်ပရိသတ်များဖြစ်ကြရာ တွေ့တွေ့ချင်းမှာပင် ရင်းရင်းနှီးနှီး ဖြစ်သွားခဲ့ကြပါသည်။ မညိုမီမီလွင်သည် ဌာနဆိုင်ရာတစ်ခုတွင် အရာရှိတစ်ဦးဖြစ်ပြီး အိမ်ထောင်သည် ညီအစ်မနှစ်ဦးမှာလည်း အရာရှိများပင်ဖြစ်ကာ ရုပ်ရှင်တော်မြတ်အား မပင့်ဆောင်မီမှာပင် အားလုံးစုံညီစွာ ရောက်ရှိလာခဲ့၍ စာရေးသူမှ ၎င်းတို့၏ကျန်းမာရေးနှင့်တကွ အခြားသော အရေးကိစ္စများကိုပါ တတ်အားသရွေ့ ဆောင်ရွက်ပေးခဲ့ရာ အောင်မြင်မှုများရရှိသွားခဲ့ကြ၍ ပိုမိုခင်မင်သွားခဲ့ကြခြင်း ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်ပင့်ဆောင်ပူဇော်သော အချိန်တွင်တော့ ဤမိသားစုသည် စာရေးသူနှင့် အမျိုးရင်းချာသဖွယ် ဖြစ်နေကြပေပြီ။

၂၄ ရက်နေ့တွင် စာရေးသူ အဘတို့အိမ်သို့ လိုက်သွားပါသည်။ အဘသည် အသက်အားဖြင့် (၇၀) နီးပါးရှိပြီဖြစ်ခဲ့၍ ဘဝအတွေ့အကြုံနှင့်တကွ စာပေဗဟုသုတ ကြွယ်ဝပြည့်စုံသူဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ဝိပဿနာတရားများ အားထုတ်လျက်ရှိနေပြီး ရပ်ကွက်တွင် ဗုဒ္ဓဝေယျာဝစ္စအသင်းလူကြီးအဖြစ် ဆောင်ရွက်နေသူ ဖြစ်ပါသည်။ စာရေးသူ ရောက်ရှိသွားသောအခါ အိမ်ထောင်သည်သမီးများပါ စုံလင်စွာရှိပြီး ဝမ်းပန်းတသာ ကြိုဆိုကြပါသည်။ စာရေးသူသည် ရုပ်ရှင်တော်မြတ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာခြင်း မဟုတ်ပါ။ စဉ့်ကိုင်မှ နေ့ပြန်ခေတ္တမျှ လာရောက်ခြင်းသာ ဖြစ်ပါသည်။

ထို့နောက် အဘကိုယ်တိုင်နှင့်တကွ မိသားစုအားလုံး ၎င်းတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်ကြွမြန်း ရောက်ရှိတော်မူခိုက် ပိုမိုသိဒ္ဓိရရှိမည်ဟု ယူဆသောကြောင့် ရိုသေလေးနက်စွာဖြင့် ဆေးသိဒ္ဓိသစ္စာရေ တောင်းခံကြပါသည်။ ထို့နောက် ရွှေမန္တလေးနှင့်အထက်မြန်မာဂျာနယ်ထုတ်ဝေသူ ကိုမျိုးမင်းလည်း ရောက်ရှိလာသဖြင့် ကျွန်တော်တို့ နှစ်ဦးကို ထမင်းကျွေးပါသည်။ ထိုရက်များက စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေဆောင်းပါး သုရဿမဂ္ဂဇင်းတွင် ဖော်ပြပါရှိခါစဖြစ်ရာ စာရေးသူထံ ဆေးကုသလိုကြသော ရပ်ဝေး၊ရပ်နီးမှဝေဒနာရှင်တို့သည် စာရေးသူ အောင်မြေမှာရှိလျှင်လည်း အောင်မြေသို့၊ စာရေးသူ မန္တလေးသို့ ရောက်ရှိနေလျှင်လည်း ရောက်ရှိရာ နေအိမ်သို့ ဖုန်းဖြင့်ဆက်သွယ်၍ လာရောက်လျက်ရှိကြရာ ယခု ဤနေအိမ်သို့လည်း ရန်ကုန်၊ မန္တလေး၊ ဟိုပင်၊ အင်းတော်တို့မှ ဝေဒနာရှင်များ ရောက်လာကြ၍ နေ့ဝက်မျှဆေးကုပေးခဲ့ရပါသေးသည်။ ထို့နောက် စာရေးသူလည်း ကိုမျိုးမင်းနှင့် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကာ လက်ဖက်ရည်သောက်ပြီးသည်နှင့် လမ်းခွဲခဲ့ကြပြီး စာရေးသူလည်း စဉ့်ကိုင်သို့ ဆိုင်ကယ်ဖြင့် ပြန်ခဲ့ပါတော့သည်။

ဤညသည် အဘတို့အိမ်တွင် ဒုတိယမြောက်ည ဖြစ်ပါသည်။ (၂) ရက်စလုံး ဧည့်ပရိသတ်တို့ များပြားလှပါသည်။ ည (၉) နာရီတွင် အမေအေး (ရွှေကံကူ-အန်တီအေး) သည် အဘတို့နေအိမ်ဘုရားခန်း အပြင်အဆင်နှင့် ပန်းများ သစ်သီးများ ပြင်ဆင်ထားရှိမှုတို့ကို ဗွီဒီယိုမှတ်တမ်းတင်လျက်ရှိစဉ် ရုတ်တရက် မီးပျက်သွားသည်။ စက္ကန့်မျှပင်မခြားပါ။ တစ်ဆက်တည်းပင် ဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်နှင့်တကွ ဘုရားကျောင်းဆောင်နေရာအနှံ့မှ လျှပ်စီးလက်သကဲ့သို့ အလင်းရောင်တို့ တဖျပ်ဖျပ်ထွက်ပေါ်၍လာပါသည်။ ထိုသို့ ထွက်ပေါ်သော အလင်းရောင်များနှင့်ပင် ရုပ်ရှင်တော်မြတ်နှင့်အတူ ဘုရားကျောင်းဆောင်ပေါ်မှ အရာဝတ္ထုများကို မြင်ရပါ၏။ အတန်ကြာသောအခါ ထိုအလင်းရောင်တို့ ကွယ်ပျောက်သည်နှင့် စက္ကန့်မခြား လျှပ်စစ်မီးတို့ ပြန်လင်းလာပါသည်။ သိပ်မကြာလိုက်ပါ။ မီးပျက်သည်နှင့် စက္ကန့်မခြား ရုပ်ရှင်တော်မြတ်နှင့်တကွ ဘုရားကျောင်းဆောင်နေရာအနှံ့မှ လျှပ်စီးလက်သကဲ့သို့ တဖျပ်ဖျပ်နှင့် အလင်းရောင်များ ပေါ်ထွက်လာပြန်ပါသည်။

ဤတစ်ကြိမ်တွင်တော့ အဘသည် နံဘေးကပ်လျက် အိမ်များကို လှမ်းကြည့်မိရာ -

"ဟာ - ဟိုအိမ်တွေမီးမပျက်ဘူး"

ထို့နောက် လှေကားမှတစ်ဆင့် မီးရောင်များ ပေါ်ပေါက်နေ၍ အဘသည် လှေကားထိပ်သို့ သွားရောက်ကြည့်ရှုမြန်ရာ -

"ဟာ - မယ်တော်ကြီးတို့၊ အန်တီအေးတို့ ဒီမှာလာကြည့်ပါဦး။ အိမ်အောက်ထပ်မှာ မီးမပျက်ဘူးဗျ"

ထို့နောက် အဘသည် မီးခလုတ်များကို စစ်ဆေးကြည့်ပြန်ရာတွင်လည်း မီးခလုတ်များမှာ အကောင်းပကတိအတိုင်းရှိနေပါသည်။

မှန်ပါသည်။ ထိုညထိုအချိန်က ဤရပ်ကွက်တွင် မည်သည့်အိမ်မျှ မီးမပျက်ပါ။ အဘတို့ နေအိမ်သည်ပင်လျှင် အောက်ထပ်နှင့်တကွ နောက်ဖေးမီးများ၊ ခြံတိုင်မီးများမပျက်ဘဲရှိပါသည်။ ထိုသို့ ရောင်ခြည်တော်များ (အလင်းရောင်များ) ထွက်ပေါ်နေချိန်၌ အဘတို့မိသားစုနှင့် အန်တီအေး မယ်တော်ကြီးတို့အပြင် အခြားသော ဘုရားဖူးဧည့်သည်များပါ ရှိနေကြပါသည်။

အဘတို့မိသားစုနှင့်ဧည့်သည်များမှလည်း ၎င်းတို့၏ မိတ်ဆွေများကို ဖုန်းဆက် အကြောင်းကြားကြပါသည်။ ထိုအခါ ဘုရားဖူးပရိသတ်များ တစ်ဖွဲ့ပြီး တစ်ဖွဲ့ရောက်ရှိ၍လာကြပါသည်။ အိမ်အပေါ်ထပ်တွင် လူများပြည့်ကျပ်၍သွားပြီး ည (၁၂) နာရီတိုင် ဧည့်သည်များက မပြန်ဘဲနေကြသဖြင့် အန်တီဒေါ်စန်းမြင့်မှ မေတ္တာရပ်ခံ၍ ပြန်လွှတ်ရသည် အထိဖြစ်ခဲ့ရပါသည်။

ရုပ်ရှင်တော်မြတ်၏ သမိုင်းတွင် ဤအဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိ၍ ထူးခြားလွန်းလှပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့သည်ပင်လျှင် ဤကဲ့သို့ မကြုံဘူးသဖြင့် အံ့သြမဆုံးဖြစ်ကြရပါသည်။ ထိုအချိန်မှစ၍ အဘတို့မိသားစုသည် စာရေးသူနှင့်သာမက မယ်တော်ကြီး၊အန်တီအေးတို့နှင့်ပါ ရင်းနှီး၍သွားခဲ့ပါသည်။

နောက်တစ်နေ့တွင် စာရေးသူ အဘနှင့် ဆုံတွေ့သောအခါ -

"ဆရာ ဒီအကြောင်းကို စာအုပ်ထဲ ထည့်ရေးပေးပါ။ ကျွန်တော့် ဖုန်းနံပါတ် (၀၂-၈၀၂၀၇) ကို ပါထည့်ပေးလိုက်။ ကျွန်တော့်ကို မေးလာရင်တော့ ဒီအကြောင်းတွေအားလုံး ပြောပြမှာပဲ။ ဒါဟာ အမှန်တရားပဲလေ"

ဟု ပြောပါသည်။

ဗိုလ်မှူးကြီးသိန်းလွင်တို့မိသားစုသည် နောင်နှစ်များတွင်လည်း ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်ကို ထပ်မံ ပင့်ဆောင် ပူဇော်လိုကြောင်း ပြောကြားပါသည်။ ထို့နောက် ပိုင်းရက်များတွင် အဘတို့မိသားစုသည် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ နေအိမ်များသို့ လာရောက် ဖူးမြော်ရင်း ဟင်းချက်ကောင်းလှသော အန်တီဒေါ်စန်းမြင့်မှ မယ်တော်ကြီးနှင့် အန်တီအေးတို့အတွက် ဟင်းများယူလာပေးပို့ပါသည်။ ရုပ်ရှင်တော်မြတ်အောင်မြေသို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူသော ရက်များတွင်လည်း အောင်မြေသို့ လာရောက်၍ ရုပ်ရှင်တော်မြတ်အား ဆွမ်းများ ဆက်ကပ်လှူရှိသည်မှာ အစဉ်အလာတစ်ခုလို ဖြစ်လာခဲ့ပါသည်။

၂၅/၂၆-၆-၂၀၁၂ နေ့တွင် မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး တရားရေးလွှတ်တော် ဒု-တရားရေးဝန်ကြီး ဦးကြည်သိန်းအောင်၊ ဇနီး ဒေါ်ခင်စန်းလွင်တို့မှ ပင့်ဆောင် ပူဇော်ပါသည်။ ဤမိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။

ဦးကြည်သိန်းအောင်သည် စဉ့်ကိုင်မြို့ဇာတိ မဟုတ်သော်လည်း ဖခင်ကြီး လယ်ဝန်(ထိုခေတ်အခေါ်)သည် စဉ့်ကိုင်မြို့သို့ ရောက်ရှိလာပြီး ပင်စင်ယူသောအခါ အခြေချနေထိုင်သွားသဖြင့် စဉ့်ကိုင်မြို့မှာပင် ကြီးပြင်းခဲ့ပါသည်။

ထို့နောက် တရားရေးဌာနသို့ ရောက်ရှိသွားကာ ယခုကဲ့သို့ ရာထူးများ တိုးမြင့်သွားခြင်း ဖြစ်ပါသည်။ အခြားမြို့များသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်းဖြင့် အချိန်တို့ကုန်လွန်ခဲ့ရသူဖြစ်၍ ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မူလျက်ရှိသည်ကို တိတိကျကျ မကြားသိခဲ့ပါ။ ဦးကြည်သိန်းအောင်၏ မရီးတော်စပ်သူ ကလေးမြို့ ဗိုလ်ချုပ်လမ်းမှ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်မှတစ်ဆင့် သိရှိရခြင်း ဖြစ်သည်။ ဒေါ်ခင်အုန်းမြင့်သည်လည်း ယခင်က စဉ့်ကိုင်မြို့သို့ အခေါက်ခေါက်အခါခါ လာရောက်ခဲ့ဖူးသော်လည်း ရုပ်ရှင်တော်မြတ်ကို မကြားသိပါ။ သူရဋ္ဌမဂ္ဂဇင်းတွင် တွေ့ရှိသောအခါမှ အောင်မြေသို့ လာရောက်ပြီး ကလေးမြို့သို့ ပင့်ဆောင်ပူဇော်ရန် ရက်ချိန်းရယူခဲ့ပြီး ယခုနှစ် ရန်ကုန်ခရီးစဉ်မှ ပြန်လည်ကြွမြန်းတော်မူလာချိန်တွင် မဟာမြိုင်တောကြီးမှတစ်ဆင့် ၃-၅-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်အား ကလေးမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့ပြီးသူ ဖြစ်ပါသည်။

ဆရာမကြီးသည် ရုပ်ရှင်တော်မြတ်အား ၎င်း၏ နေအိမ်တွင် ဤတစ်ကြိမ်ပင့်ဆောင်ပူဇော်ရုံနှင့် အားမရသေးပါ။ ၂၀၁၃ တွင်လည်း ဆက်လက် ပင့်ဆောင်ပူဇော်ရန် ကြိုတင်လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။ ယခုလည်း ဆရာမကြီး၏အစီအစဉ်ဖြင့် ဦးကြည်သိန်းအောင်တို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ဖြစ်ခြင်း ဖြစ်ပါသည်။ ဦးကြည်သိန်းအောင်တို့ နေထိုင်ရာ တရားရေးရိပ်သာမှာ (၆၅) လမ်းနှင့် (၂၉) × (၃၀) လမ်းကြား ခရိုင်တရားရုံး၏ မြောက်ဘက်ကပ်လျက်တွင် တည်ရှိပါသည်။

ဤနေအိမ်တွင်လည်း ဘုရားဖူးပရိသတ်များ များပြားလှပါသည်။ ယခုအချိန်တွင် ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းမှာ ခါတိုင်းနှစ်များနှင့်မတူ ပိုမိုကျော်ကြားလျက်ရှိ၍ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာ နေရာဌာနကို လေ့လာစုံစမ်းပြီး လိုက်လံဖူးမြော်သူတို့ များပြားလျက်ရှိပါသည်။ မန္တလေးခရီးစဉ်သတင်းကို သတင်းစာတွင် ဖော်ပြခဲ့သော်လည်း သတင်းပေးပို့သူ၏ လမ်းနံပါတ်လွဲမှားမှုကြောင့် လူများစွာတို့ ရုပ်ရှင်တော်မြတ်ကို ရှာဖွေမတွေ့ရှိဖြစ်ကြရသည်ဟု သိရပါသည်။

ပထမဆုံး ပင့်ဆောင်ပူဇော်သော ညက ရုပ်ရှင်တော်များအား ထင်ထင်ရှားရှား အားပါးတရဖူးတွေ့နိုင်ရန် (၄၂) လက်မ တီဗွီဖြင့် ဗွီဒီယိုကင်မရာ ချိတ်ဆက်ပြသထားပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ခရမ်းရောင်အလင်းတန်းများ ဘေးသို့ဖြာထွက်ခြင်းမျိုးမဟုတ်ဘဲ ဦးခေါင်းမကိုဋ်တော်မှ အပေါ်တည့်တည့်သို့ ထောင်၍တက်ပါသည်။ ထိုရောင်ခြည်တော်ကို တီဗွီတွင်လည်း ဖူးတွေ့ရသကဲ့သို့ ရုပ်ရှင်တော်မြတ်တွင်လည်း ဖူးတွေ့၍ကြရပါသည်။ ဦးကြည်သိန်းအောင်၊ ဇနီးဒေါ်ခင်စန်းလွင်၊ ဆရာမကြီးဒေါ်ခင်အုန်းမြင့်၊ အန်တီအေး၊ မယ်တော်ကြီးတို့နှင့်တကွ အခြားသော ဘုရားဖူးဧည့်သည်များပါ ကြည်ညို၍မဝနိုင်အောင် ဖူးတွေ့၍နေကြရပါသည်။

ထိုအချိန်တွင် ဘုရားဖူးဧည့်သည် မိန်းကလေးတစ်ဦးသည် ဆိုင်ကယ်ဖြင့် ဤအနီးတစ်ဝိုက်တွင် ရုပ်ရှင်တော်မြတ်အား လှည့်လည် ရှာဖွေလျက်ရှိရာ မတွေ့ရှိသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ ဆိုင်ကယ်ကိုရပ်၍ ဟိုဟိုဒီဒီကြည့်ရှုစဉ် ကောင်းကင်တွင် ထိုးတက်လျက်ရှိသော ခရမ်းရောင်အလင်းတန်းကို တွေ့မြင်သွားသည်။ ဤအလင်းတန်းသည် ရုပ်ရှင်တော်မြတ်မှ ကွန့်မြူးထွက်ပေါ်သော ရောင်ခြည်တော်များ ဖြစ်မည်ဟု တွေးမိပြီး ထိုနေရာသို့သွားရောက်သောအခါ တကယ်ပင် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရသဖြင့် ဝမ်းသာမဆုံးဖြစ်ရကာ ထိုအကြောင်းကို ဆရာမကြီးအား ပြန်လည်ပြောပြပါသည်။

ဤကဲ့သို့ ရောင်ခြည်တော်ထွက်ပေါ်ခြင်းမျိုးသည်လည်း ရုပ်ရှင်တော်မြတ်၏ သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ် ဖြစ်ပေါ်ဖူးခြင်းသာ ဖြစ်ပါသည်။ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည်ကား မကြုံစည်မနိုင်းယှဉ်အပ့်ဟူသော သက်တော်ထင်ရှား ဘုရားရှင်တို့၏အစိန္တေယျဂုဏ်တော်တို့ကို ထင်ဟပ်ပြသတော်မူလျက်ရှိသကဲ့သို့ တစ်နေရာနှင့်တစ်နေရာ မတူညီသောတန်ခိုးတော်တို့ကို လူတို့အား ဒိဋ္ဌမျက်မြင် ဖူးတွေ့ခွင့်ရစေလျက်ရှိနေပေတော့သည်။

နောက်တစ်နေ့နံနက် (၁၀) နာရီခန့်တွင် စာရေးသူသည် ပန်းရန်ဆရာလေး ကိုကျော်ခိုင် (ကျောင်းဆောင်တော်သမံတလင်းပြုပြင်စဉ်က ရေမှော်ပင်များတွေ့ရှိသူ ရွှေကံကူ ပထမဆုံးဆောင်းပါးတွင် ထိုအကြောင်း ရေးသားဖော်ပြပြီး)နှင့် ၎င်း၏အစ်မနှင့် ယောက်ဖဖြစ်သူ ကိုငမုန်းတို့ လိုက်ပါလျက် တရားရေးဒုဝန်ကြီး (မန္တလေးတိုင်းဒေသကြီး) အိမ်သို့ရောက်ရှိသွားပါသည်။ ထိုအချိန်က တံတားဦး-တောင်တစ်လုံး ရွာသား ကိုငမုန်းတွင် ပြဿနာအခက်အခဲတစ်ခုပေါ်ပေါက်နေ၍ စာရေးသူမှ တတ်အားသရွေ့ (စရဏလမ်းဖြင့်) ကူညီဆောင်ရွက်ပေးနေချိန်ဖြစ်၍ ကိုငမုန်းအား ရုပ်ရှင်တော်မြတ် ဖူးတွေ့စေပြီး ကန်တော့ပွဲလှူ၍ ဆုတောင်းဝတ်ပြုမှုပြုရန် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူရောက်ရှိသွားသောအခါ ထုံးစံအတိုင်းပင် သစ္စာရေဖြင့် ဆေးကုမည့်သူများ အဆင်သင့်စောင့်ဆိုင်းလျက်ရှိကြ၍ ဆေးကုပေးရပါသေးသည်။ ဒု-ဝန်ကြီးကတော် ဒေါ်ခင်စန်းလွင်သည် အသက်မကြီးသေးပါ။ သို့သော် နာကျင်ကိုက်ခဲသော ရောဂါဝေဒနာစွဲကပ်လျက်ရှိကြောင်း သိရပါသည်။ ထို့ကြောင့် စာရေးသူမှ သစ္စာရေ၊ သစ်ရွက်တို့ဖြင့် ကုသပေးခဲ့ရပါသည်။ (နောက်တစ်နေ့တွင် နာကျင်ကိုက်ခဲမှုတို့ သက်သာသွားကြောင်း သိရပါသည်။) ဒေါ်ခင်စန်းလွင်



www.burmeseclassic.com

www.burmeseclassic.com

သည် သာမန်အရပ်သူနှင့်မတူဘဲ ထူးခြားသော ပုံသွင်ဖြစ်သည်ဟု ထင်မိရာ နောက်မှ မယ်တော်ကြီးပြောပြသည်မှာ ဒေါ်ခင်စန်းလွင်သည် တစ်ချိန်က မန္တလေးအငြိမ့်လောကတွင် လျှမ်းလျှမ်းတောက် နာမည်ကြီးရေပန်းစားခဲ့သော လမင်းတစ်ရာအငြိမ့်မှ မင်းသမီးပန်တျာငွေးငွေးမြင့်၏ ညီမလေးဖြစ်နေကြောင်း သိရပါသည်။ စာရေးသူတို့ ငယ်စဉ်က မြို့သာတွင် အငြိမ့်ပွဲတစ်ခု၌ ပန်တျာငွေးငွေးမြင့်ကို ကြည့်ခဲ့ဖူးပါသည်။ အက၊ အလှ၊ အဆို၊ အပြော၊ သရုပ်ဆောင်တို့တွင် ပြိုင်စံရှားသော ပါရမီရှင်မင်းသမီးတစ်လက်ဖြစ်သည်ဟု လူကြီးများပြောကြားချက်ကို ပြန်လည် အမှတ်ရမိပါသည်။

စာရေးသူတို့အဖွဲ့လည်း တစ်နာရီခန့် ဒု-ဝန်ကြီး၏ နေအိမ်တွင်ရှိနေစဉ် ဒု-ဗိုလ်မှူးကြီးသိန်းလွင်၊ အန်တီဒေါ်စန်းမြင့်နှင့် မညိုမိမိလွင်တို့ ရောက်ရှိလာပါသည်။ မယ်တော်ကြီး ကြိုက်နှစ်သက်သော သက်သတ်လွတ်ဟင်းများ လာရောက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရပါသည်။ ဧည့်သည်များပါနေ၍ စာရေးသူလည်း ရုပ်ရှင်တော်မြတ်အား ကန်တော့ပြီး အိမ်ရှင်များနှင့် မယ်တော်ကြီးတို့ကို နှုတ်ဆက်ပြီး စဥ့်ကိုင်သို့ ပြန်ခဲ့ပါသည်။

ထိုနေ့ကလည်း ဘုရားဖူးပရိသတ်တို့ များပြားစည်ကားလှပြီး ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်းတို့ ဖြစ်ပေါ်သေးကြောင်း သိရပါသည်။

တရားရေးဒု-ဝန်ကြီးအိမ်တွင်ဖြစ်ပေါ်ခဲ့သောတန်ခိုးတော်များနှင့် ကလေးမြို့တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားမှုများကို ယခုထက် ပိုမိုပြည့်စုံစွာ သိရှိလိုပါက ကလေးမြို့တွင်နေထိုင်သော ဆရာမကြီး ဒေါ်ခင်အုန်းမြင့် (၀၉-၄၀၀၃၁၀၄၅၄) သို့ ဆက်သွယ် မေးမြန်းနိုင်ပါကြောင်း ဆရာမကြီးမှ ပြောကြားပါသေးသည်။

၂၇/၂၈-၆-၂၀၁၂ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ နန်းတော်ရှေ့ ရေစစ်ကန်အနီးမှ ဦးမြင့်စိုး ဒေါ်ခင်ဝင်းကြည် မိသားစုတို့မှ ပင့်ဆောင် ပူဇော်ပါသည်။ ဤမိသားစုသည် ပထမဦးဆုံးအကြိမ် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။

ဤမိသားစုရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၂၀၁၁ ခုနှစ်က စင်ကာပူနိုင်ငံသို့ ကြွရောက်တော်မူခဲ့ပါသေးသည်။ ထိုသို့ကြွရောက်တော်မူစဉ် မြန်မာပြည်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသော လေယာဉ်ပေါ်တွင် ဦးမြင့်စိုးနှင့် ဒေါ်ခင်ဝင်းကြည်တို့လည်း လိုက်ပါလာခဲ့ကြပါသည်။ ဦးမြင့်စိုးသည် စင်ကာပူနိုင်ငံသို့ ဆေးဝါးကုသမှုခံယူရန် သွားရောက်ရခြင်း ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦး၏ထိုင်ခုံနှင့် အန်တီအေး၊ မယ်တော်ကြီးတို့၏ထိုင်ခုံမှာ မဝေးကွာလှသဖြင့် ဒေါ်ခင်ဝင်းကြည်သည် ရုပ်ရှင်တော်မြတ်ကို ဖူးရင်း မယ်တော်ကြီးကိုပါ မကြာမကြာ လှမ်းကြည့်ဖြစ်ပါသည်။ မယ်တော်ကြီးသည်လည်း ဒေါ်ခင်ဝင်းကြည်ကို သတိထားမိသွားပြီး ပြုံးပြလိုက်ပါသည်။

စင်ကာပူလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်သောအခါ မယ်တော်ကြီးသည် လွယ်အိတ်ထဲတွင် အသင့်ပါရှိလာသော ရွှေကံကူဓာတ်ပုံတော်တစ်ခုကို ဒေါ်ခင်ဝင်းကြည်အား လက်ဆောင်ပေးလိုက်ပါသည်။ မည်သည့်စကားမျှမပြောလိုက်ရပါ။ ရုပ်ရှင်တော်မြတ်အား လာရောက်ကြိုဆိုပင့်ဆောင်သော သံအမတ်ကြီးမှာ လေယာဉ်တံခါးဝတိုင် ရောက်ရှိလာ၍ မယ်တော်ကြီးတို့လည်း သူများနည်းတူ အစစ်ဆေးခံယူခြင်း၊ ပစ္စည်းရွေးချယ်ခြင်းများ မပြုရတော့ဘဲ လေဆိပ်မှ ထွက်ခွာခဲ့ရသောကြောင့် ဒေါ်ခင်ဝင်းကြည်တို့မှာ နောက်တွင်ကျန်ရစ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ဒေါ်ခင်ဝင်းကြည်နှင့် ထပ်မံ မတွေ့ဆုံရတော့ဘဲ ရှိခဲ့ပါသည်။ မယ်တော်ကြီးတို့သည်လည်း ထိုရက်၏ နောက်ပိုင်းတွင် များပြားလှစွာသောသာဝကများစွာဖြင့် နေ့စဉ်နှင့်အမျှ တွေ့ဆုံရလျက်ရှိရာ ဒေါ်ခင်ဝင်းကြည်အား ထိုစဉ်က နာမည်နှင့် မြို့ကိုမျှ မသိရှိခဲ့ရာ မေ့လျော့သွားခဲ့ပါတော့သည်။ ဤသို့ဖြင့် ၂၀၁၂၊ (၃) လပိုင်းခန့်တွင် ဒေါ်ခင်ဝင်းကြည် စဥ့်ကိုင်သို့ ရောက်ရှိလာခဲ့ပြီး ရုပ်ရှင်တော်မြတ်အားပင့်ဆောင်ပူဇော်လိုကြောင်း စာရေးသူထံ ရက်ချိန်းတောင်းခံပါသည်။ ထို့နောက် မယ်တော်ကြီးတို့နှင့် လေယာဉ်ပေါ်တွင် ဆုံတွေ့ခဲ့ရပုံ၊ မယ်တော်ကြီးမှ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တစ်ပုံပေးပုံတို့ကို ပြန်လည် ပြောပြပါသည်။

ထိုစဉ်က မြန်မာပြည်သို့ပြန်ရောက်လျှင် သွားရောက် ဖူးမြော်မည့် (ပုံတော်နောက်ကျောတွင် လိပ်စာပါ၍)ဟု ရည်ရွယ်ထားသော်လည်း ဦးမြင့်စိုး၏ ရောဂါဝေဒနာမှာ သက်သာပျောက်ကင်းမှုမရှိဘဲ နောက်ဆုံးတွင် ကွယ်လွန်သွားခဲ့၍ စိတ်ပန်းကိုယ်ပန်းဖြစ်ကာ မေ့လျော့သွားခဲ့ကြောင်း၊ ယနေ့နံနက်တွင် မော်တော်ကားမောင်းရင်း အမှတ်မထင် ရေဒီယိုဖွင့်မိရာ မန္တလေးအက်ဖ်အမ်မှ ရုပ်ရှင်တော်မြတ်သမိုင်းကြောင်းကို ထုတ်လွှင့်သည်နှင့် ကြုံကြိုက်၍ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရန် နဂိုထားရှိသည့် ရည်ရွယ်ချက်အတိုင်း ယခုလာရောက်ခြင်းဖြစ်ပါသည်။ ပူဇော်ခွင့်ရလျှင် ပူဇော်လိုပါသည်ဟုဆိုရာ နေ့ရက်အတိအကျတော့ မပေးနိုင်ပါ။ ခန့်မှန်းခြေ (၆) လပိုင်းဝန်းကျင်တွင်တော့ ရရှိနိုင်ပါမည်။ ယခုမူ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့မှာပင် အပူဇော်ခံလျက်ရှိပါသေးသည်ဟု စာရေးသူမှ ပြောပြရပါသည်။

ဤပုံဤနည်းဖြင့် ဒေါ်ခင်ဝင်းကြည်သည် ဤရက်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ခင်ဝင်းကြည်တို့မိသားစုသည် မန္တလေးတိုင်းဒေသကြီး ဒု-တရားရေးဝန်ကြီးဦးကြည်သိန်းအောင်နှင့် ဇနီးဒေါ်ခင်စန်းလွင်တို့၏နေအိမ်သို့ လာရောက် ပင့်ဆောင်ကြရပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်၍ ဦးကြည်သိန်းအောင်မိသားစုထံမှ ဒေါ်ခင်ဝင်းကြည်မိသားစု လက်လွှဲပြောင်း ပင့်ဆောင်ပုံကို ဦးကြည်သိန်းအောင် မိသားစုမှ လည်းကောင်း၊ အန်တီအေးမှ လည်းကောင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး ဒေါ်ခင်ဝင်းကြည်မိသားစုတို့မှ ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏ နေအိမ်သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။

၎င်းတို့၏နေအိမ်မှာ ခြံကျယ်ကြီးတွင် (၄)ထပ်တိုက်အဆင့်မြင့်အဆောက်အအုံကြီးဖြစ်၍ ခြံထဲတွင်လည်း ပန်းမျိုးစုံတို့ ဝေဆာစွာ စိုက်ပျိုးထားပြီး တိုက်ရှေ့တွင် စီစဉ်ဖန်တီးထားသော ရေတံခွန်ဖြင့် ကြာပန်းများရှိပါသည်။ ၎င်းတို့သည် စူပါမင်းကားထုတ်လုပ်ရေးကို တည်ထောင်ထားသူများဖြစ်ကြောင်း သိရပါသည်။

ထိုအချိန်၌ ဒုဝန်ကြီးဦးကြည်သိန်းအောင်တို့၏ နေအိမ်တွင် ရိုက်ကူးပြီး ဓာတ်ပုံများကို ကင်မရာတွင် ထူးခြားမှုများရှိ၊ မရှိ ပြန်လည်ကြည့်ရှုရာ ရုပ်ရှင်တော်မြတ် ပြန်လည် ကြွမြန်းတော်မူစဉ် လက်အလွှဲအပြောင်းရိုက်ကူးသောဓာတ်ပုံမှာ ထူးခြားနေ၍ အိမ်သားများအား



www.burmeseclassic.com

www.burmeseclassic.com

လုံး ဝိုင်းဝန်းကြည့်ရှုကြပါသည်။ ရုပ်ရှင်တော်မြတ် ဤနေရာမှကြွမြန်းသွားတော်မူသည်မှာ မိနစ်ပိုင်းမျှသာရှိသေး၍ ထိုမြင်ကွင်းကို မည်သူမျှ မမေ့ကြသေးပါ။ ဝလ္လင်တော်ကို လွှဲပြောင်းပင့်ဆောင်သူမှာ အပြင်တွင် (၃) ဦးသာဖြစ်၍ ယခုဓာတ်ပုံထဲတွင် တစ်ဦးပို၍နေပါသည်။ ထူးဆန်းလွန်းလှပါသည်။ ထိုအကြောင်းကို ဒေါ်ခင်စန်းလွင်မှ -

"မယ်တော်ကြီး၊ သမီးတို့အိမ်က ဓာတ်ပုံတစ်ပုံမှာ ထူးခြားနေတယ်"

ဟု ဖုန်းဆက်လိုက်ပါသည်။

ခဏကြာလျှင် ဒေါ်ခင်စန်းလွင်၊ ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် သမီးဖြစ်သူတို့ မယ်တော်ကြီးထံလိုက်လာကြပါသည်။ ရှေ့တွင် စာရေးသူ ရေးသားခဲ့သည့်အတိုင်း ရုပ်ရှင်တော်မြတ်ကို တစ်ကြိမ်တစ်ခါမျှ ပင့်ဆောင်ပူဇော်လိုက်ကြရသူတို့သည် အန်တီအေး၊ မယ်တော်ကြီးတို့နှင့် မိသားစုသဖွယ် ရင်းနှီးချစ်ခင်သွားကြရစမြဲဖြစ်သည့်အတိုင်း ဒေါ်ခင်စန်းလွင်သည် မယ်တော်ကြီးအား လွမ်း၍နေကြောင်း ပြောပြပါသည်။ ထို့နောက် ဒေါ်ခင်စန်းလွင်တို့သည် ဘုရားကျောင်းဆောင်တစ်နေရာမှ ဓာတ်ပုံကို မြင်တွေ့သွားသောအခါ အံ့ဩမှင်တက်မိသွားပြီး ဆရာမကြီးနှင့် သမီးဖြစ်သူတို့ကို ပြသပါသည်။ ထိုဓာတ်ပုံထဲက ပုဂ္ဂိုလ်မှာ တခြားသူမဟုတ်ပါ။ ကွယ်လွန်ခဲ့သည်မှာ (၅) လမျှသာရှိသေးသော ဒေါ်ခင်ဝင်းကြည်၏ ခင်ပွန်း ဦးမြင့်စိုး ဖြစ်ပါသည်။ ထိုအကြောင်းကို ဒေါ်ခင်ဝင်းကြည် သိရှိသောအခါ ဝမ်းနည်းစွာ ငိုကြွေးပါသည်။ မကျွတ်မလွတ်သောဘုံဘဝတွင် ရောက်ရှိခံစားနေရသည်ဟု ထင်မှတ်သောကြောင့် ဖြစ်ပါသည်။

ထိုအခါ မယ်တော်ကြီးမှ -

"ငါ့သမီး၊ ဦးစိုးမြင့်ဟာ ကောင်းမှုကုသိုလ်တွေအများကြီးလုပ်ထားခဲ့ပြီး စိတ်ရင်းလည်း ဖြောင့်မတ်တည်ကြည်တယ်။ အခုလို ဘုရားကို လာရောက်ဖူးမြော် ပင့်ဆောင်နိုင်တဲ့အစွမ်းရှိမှတော့ မြင့်မြတ်တဲ့ဘုံဘဝမှာ ရောက်ရှိနေလို့ဖြစ်တယ်။ မသန့်ရှင်းတဲ့အိမ်ဆိုရင် ရောက်တာနဲ့ ငါသိတယ်။ ငါ့သမီးတို့အိမ်ဟာ သန့်ရှင်းတယ်။ ဝမ်းမနည်းနဲ့၊ ဒါဟာ ဝမ်းသာစရာဖြစ်တယ်"

ဟု ပြောကြားသောအခါမှ ဒေါ်ခင်ဝင်းကြည်လည်း စိတ်သက်သာရာရသွားခဲ့ပါသည်။ အထက်ပါ ထူးခြားဆန်းကြယ်လှသော ဖြစ်ရပ်မျိုးသည်လည်း ရွှေကံကူသမိုင်းတွင် တစ်ကြိမ်တစ်ခါမှ ဖြစ်ပေါ်ခဲ့ဖူးခြင်း မရှိသေးပါ။

နောက်တစ်နေ့တွင် စာရေးသူသည် ယုအော့ဖ်ဆက်မှ မောင်အောင်ကိုကို၊ ရွှေမန္တလေးဂျာနယ်မှ ထုတ်ဝေသူကိုမျိုးမင်းတို့နှင့်အတူ ထိုအိမ်သို့ သွားရောက်ခဲ့ကြပါသည်။ ထုံးစံအတိုင်းပင် စာရေးသူ ရောက်ရှိသည်နှင့် ဆေးကုမည့်သူများ ရောက်ရှိ၍လာကြပါသည်။ ဤနေအိမ်တွင် ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်မည့် အကြောင်းမှာလည်း ရတနာပုံသတင်းစာတွင် ကြော်ငြာထားရှိ၍ လာရောက် ဖူးမြော်ကြသူ ဧည့်ပရိသတ်တို့လည်း စည်ကားသိုက်မြိုက်လှပါသည်။ စာရေးသူသည် ဒေါ်ခင်ဝင်းကြည်ကိုလည်း ဆေးကုပေးခဲ့ရပါသည်။ ဧည့်သည်များကိုလည်း ဆေးကုပေးခဲ့ရပါသည်။

ထိုအခါ ဒေါ်ခင်ဝင်းကြည်မှ -

"မယ်တော်ကြီး၊ ထူးခြားတာတစ်ခု ပြောဦးမယ်။ စင်ကာပူမှာ သမီးလက်ထဲကို မယ်တော်ကြီးက ရွှေကံကူရုပ်ရှင်တော်မြတ်ရဲ့ ဓာတ်ပုံထည့်ပေးတဲ့နေ့ရယ်၊ သမီးအိမ်ကို ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်ခွင့်ရတဲ့နေ့၊ သမီးအိမ်ကို ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူတဲ့နေ့ဟာ တစ်နေ့တည်း ၂၇ ရက်၊ (၆) လဖြစ်နေတယ်။ သိပ်ကိုအံ့ဩစရာကောင်းတာပဲ"

ဟု ပြောပါသည်။

မှန်ပါသည်။ ဒေါ်ခင်ဝင်းကြည်မှလည်း ဤနေ့ဤရက်ကို မှတ်မိသိရှိ၍ ဤနေ့ဤရက်ကိုပေးပါဟု ရက်ချိန်းရွေးချယ် တောင်းခံခဲ့ခြင်း မဟုတ်သကဲ့သို့ စာရေးသူသည်လည်း ထိုနေ့ထိုရက်ကို ကြိုတင် သိရှိမထားပါ။ သိရှိထားလျှင်သော်မှ ရုပ်ရှင်တော်မြတ်တွင် ကြိုတင်ရက်များ တောင်းယူထားပြီးသူများရှိနှင့်၍ ဘယ်နေ့ဘယ်ရက်ကိုရမှ ပင့်ဆောင်ပူဇော်လိုပါသည် ဟူ၍ လာရောက်လျှောက်ထားကြလျှင် စာရေးသူတို့သည် ၎င်းတို့အလိုရှိသောနေ့ရက်ကို ရရှိနိုင်မည်ဟု အာမခံချက်ပေးနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ဤကဲ့သို့ ထူးခြားစွာ တိုက်ဆိုင်မှုတို့သည်လည်း စာရေးသူတို့ မှတ်မိသလောက်မှာတော့ ဤတစ်ကြိမ်သာ ဖြစ်ပေါ်ဖူးခဲ့ဖူးခြင်းရှိပါသေးသည်။

၂၉/၃၀-၆-၂၀၁၂ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်သည် (၁၉) လမ်း၊ (၈၆) × (၈၇) ကြား ကင်းဝန်မင်းကြီးကျောင်းပေါက်နှင့် မျက်နှာချင်းဆိုင် မခိုင်ကြီးတို့၏နေအိမ်မှ ပင့်ဆောင် ပူဇော်ပါသည်။ မခိုင်ကြီးသည် လွန်ခဲ့သော (၃) နှစ်ကလည်း တစ်ကြိမ် ပင့်ဆောင် ပူဇော်ခဲ့ဖူးပါသေးသည်။

၁/၂-၇-၂၀၁၂ နေ့တွင် မန္တလေးမြို့ မဟာမြိုင် (၁)၊ (၄၀) × (၄၁) လမ်းကြား နဝရတ်လမ်းသွယ် ဝေ့ဗ်သောက်ရေသန့်နှင့် မျက်နှာချင်းဆိုင်ရှိ ဦးသန်းထွန်း၊ ဒေါ်သန်းသန်းနွဲ့၊ သား မောင်ဇော်မင်းထွန်းနှင့် သမီးများဖြစ်ကြသော မသဇင်ဦး၊ မနွယ်နီဝင်းတို့မှ ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား သိရှိကိုးကွယ်ခဲ့သည်မှာ နှစ်များကြာမြင့်ခဲ့ပြီဖြစ်ကာ ပင့်ဆောင်ပူဇော်သောအကြိမ်တို့သည်လည်း များပြားခဲ့ပြီဖြစ်ပါသည်။ ယခုတစ်ကြိမ် ပင့်ဆောင်ပူဇော်ခြင်းမှာ တိုက်သစ်တက်မင်္ဂလာဖြစ်ပါသည်။ (ဤအကြောင်းအရာများမှာ ပလ္လင်တော်များ လှူဒါန်းခြင်း ဆောင်းပါးတွင် အကျယ်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။) ဤနေအိမ်တွင်လည်း စာရေးသူ ရောက်ရှိခဲ့ပါသေးသည်။ ယုအော့ဖ်ဆက်မှ မောင်ဇော်ထွန်းဦးကို အဖော်ပြု ခေါ်ယူခဲ့ပါသည်။

ဤနေအိမ်တွင် ပင့်ဆောင်ပူဇော်မည့်အစီအစဉ်မှာလည်း သတင်းစာတွင် ဖော်ပြပါရှိထား၍ ဧည့်ပရိသတ်တို့ များပြားလျက်ရှိသည်ကိုတွေ့ရပြီး စာရေးသူသည်လည်း လူပေါင်းများစွာကို သစ္စာရေဖြင့် ဆေးကုသပေးရပြန်ပါသည်။ ထို့အပြင် အိမ်တိုင်းအိမ်တိုင်း၌ ပလ္လင်တော်လှူဒါန်းသူတို့ ပေါ်များလျက်ရှိရာ တစ်အိမ်ကြွရောက်တိုင်း ပလ္လင်တော်များ အလုံး (၂၀) ထက်မနည်း စာရေးသူမှ လှူဒါန်းစုဆောင်းပေးခဲ့ရပါသည်။

ဤမိသားစု၏ ဘဝအခြေအနေမှာ စာရေးသူတို့ မျက်စေ့ရှေ့မှောက်မှာပင် သိသိသာသာ တိုးတက်မြင့်မားလာခဲ့၍ ဝမ်းသာပီတိဖြစ်ရပါသည်။ ဤမိသားစုသည်ကား မယ်တော်ကြီး၊ အန်တီ အေးတို့နှင့်သာမက စာရေးသူနှင့် အိမ်တွင်ကျန်ရစ်ခဲ့သော အစ်မကြီး (ဒေါ်နွဲ့ရီ) တို့ကိုပင် ခင်မင်ရင်းနှီးလျက်ရှိကြပြီ ဖြစ်ပါသည်။

ထို့နောက် ၃-၇-၂၀၁၂ နေ့တွင် ဗိုလ်မှူးကြီးစိန်လွင် မိသားစုနေအိမ်မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။ ထိုဗိုလ်မှူးကြီးသည် စာရေးသူထံသို့ စာရင်းပေးသွင်းသော ပုဂ္ဂိုလ်များတွင်



www.burmeseclassic.com

www.burmeseclassic.com

မပါဝင်ဘဲ မယ်တော်ကြီးတို့နှင့်တိုက်ရိုက်ဆက်သွယ် ရက်ချိန်းရယူ၍ ပင့်ဆောင်ပူဇော်ခြင်းဖြစ်ပြီး ထိုနေ့က စဥ့်ကိုင်မြို့ အောင်မြေသို့ ရပ်ဝေးဧည့်သည် (အောင်ပန်း- ရှမ်း/တောင်) များ လာရောက်ဆေးကုသရန် ကြိုတင်အကြောင်းကြားထားသည်ဖြစ်၍ စာရေးသူသည် ဗိုလ်မှူးကြီး စိန်လွင်၏ နေအိမ်ဌာနသို့ မရောက်ရှိခဲ့ပါ။ အမရပူရမြို့ နဂါးအိမ်ရာသို့ ကြွရောက်ခဲ့ရကြောင်း သိရပါသည်။

တစ်ဖန် ၄-၇-၂၀၁၂ နေ့တွင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း ပြည်သူ့ဆေးရုံကြီးလမ်း(၈၀)×(၈၁)လမ်းကြား နှင့် (၂၃)×(၂၄)လမ်းကြား ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်မိုးမှ ပင့်ဆောင် ပူဇော်ပါသည်။ ဒေါက်တာ ဒေါ်တင်တင်မိုးသည် ခင်ပွန်းနှင့်အတူ မန္တလေးမြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်မှာ မကြာလှသေးပါ။ ရန်ကုန်မြို့ဇာတိဖြစ်ကြောင်း သိရပါသည်။

(၃) လပိုင်း၊ ၂၀၁၂ နေ့တွင် စာရေးသူထံသို့ ဆေးကုသရန် ဧည့်သည်များ ရောက်ရှိလာကြပါသည်။ (၃) ဦးစလုံး စာရေးသူထံ ဆေးကုသမှုခံယူကြပြီး ခေါင်းဆောင်လာသူ အမျိုးသမီးကြီးမှ မိတ်ဆက်ပါသည်။ ၎င်းသည် ရန်ကုန်မြို့မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးဖြစ်ကြောင်း၊ သူရဋ္ဌမဂ္ဂဇင်းမှ စာရေးသူ၏ဆောင်းပါးများကို မပြတ်တမ်း စောင့်မျှော် ဖတ်ရှုနေသူဖြစ်ပါကြောင်း စာရေးသူ၏ 'ဆေးသိဒ္ဓိ သစ္စာရေ' ဆောင်းပါးကို ဖတ်ရှုရ၍ အောင်မြေသို့ တကူးတက လာရောက်ခြင်းဖြစ်ကြောင်း ပြောကြား၍ ကျန်နှစ်ယောက်အနက် တစ်ယောက်မှာ မိမိ၏ညီမအရင်း ဒေါက်တာ ဒေါ်တင်တင်မိုးဖြစ်ပြီး ကျန်တစ်ယောက်မှ မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံကြီး (မန္တလေး) မှပင် အထက်တန်းသူနာပြု ဒေါ်မြတ်မြတ် ဖြစ်ကြောင်း ပြောပြပါသည်။ ယခုမှ စာရေးသူ သတိပြုမိသည်မှာ စာရေးသူထံတွင် ဆေးကုသမှုခံယူသူများတွင် ဆရာဝန်များစွာ ပါဝင်လျက်ရှိပါသည်။

ထို့နောက် ဒေါက်တာ ဒေါ်တင်တင်မိုးနှင့် အထက်တန်းသူနာပြု ဆရာမကြီး ဒေါ်မြတ်မြတ်တို့မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုကြောင်း ရက်ချိန်းတောင်းခံခဲ့ကြပါသည်။

ဤသို့ဖြင့် ဤယနေ့တွင် ရုပ်ရှင်တော်မြတ်အား ဒေါက်တာဒေါ်တင်တင်မိုးနေထိုင်ရာ ဆေးရုံဝင်းကြီးအတွင်းရှိ အဆောက်အအုံကြီးတွင် ပင့်ဆောင်ပူဇော်ခွင့်ရရှိခြင်း ဖြစ်ပါသည်။

ထိုနေ့က စာရေးသူလည်း စာရေးသူနှင့် ပတ်သက်ဆက်နွယ်ပြီးမှ ပင့်ဆောင်ပူဇော်ကြသူများဖြစ်၍ ထိုအိမ်သို့ ယုအော့ဖ်ဆက်မှ မောင်အောင်ကိုကိုနှင့် သွားရောက်ခဲ့ကြပါသည်။ ဒေါ်တင်တင်မိုး၏ခင်ပွန်းမှာလည်း ရည်မွန်၍သဘောကောင်းလှပါသည်။ ဒေါ်တင်တင်မိုးတို့၏နေအိမ်တွင် ဆေးရုံအုပ်ကြီးဖြစ်သည်နှင့်အညီ ဝေယျာဝစ္စ ဆောင်ရွက်သူတပည့်တပန်းများ ပေါများလှ၍ ဧည့်ခံကျွေးမွေးရာတွင် လိုအပ်ချက်မရှိဘဲ အဆင်ပြေလှပါသည်။ ဝေယျာဝစ္စဆောင်ရွက်ရာတွင် ဆရာမ ဒေါ်မြတ်မြတ်ကိုလည်း တွေ့ရပါသည်။ စာရေးသူတို့ရောက်ရှိသွားချိန်တွင် ဆွမ်းကပ်ချိန်နှင့်ကိုက်နေ၍ စာရေးသူတို့ပါ ဆွမ်းကပ်ခဲ့ကြရပါသေးသည်။ စာရေးသူနှင့်မောင်အောင်ကိုကိုတို့လည်း ကျွေးမွေးဧည့်ခံသော ထမင်းနှင့် အချိုပွဲများ စားသုံးပြီးသောအခါ ပြန်ရန်အတွက် မယ်တော်ကြီးတို့ကို နှုတ်ဆက်ကာ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့စဉ် ထူးခြားမှုကို တွေ့ရှိကြရပါသည်။

ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသော ပန်းအိုးတစ်ခုတွင် အနီရောင်နိုင်ငံခြားဒေစီပန်း (နေကြာပွင့်နှင့်သဏ္ဍာန်တူသည်) ငါးပွင့်လှူဒါန်းထားရှိရာ တစ်ပွင့်တွင် ထူးထူးခြားခြားဝတ်ဆံအသစ်တစ်ခု ထပ်မံထွက်ရှိနေသည်ကို တွေ့ရှိကြရပါသည်။

ဤအဖြစ်မှာ ထူးဆန်းလွန်းလှ၍ ကြွရောက်လာကြသော ဘုရားဖူးဧည့်သည်တို့လည်း ဓာတ်ပုံများ ရိုက်ကူးကြပြီး အံ့သြမဆုံးနိုင်အောင် ဖြစ်ကြရပါသည်။ ဤပန်းအိုးကို ပြင်ဆင်လှူဒါန်းသော မိန်းကလေးအား မေးမြန်းကြည့်ရာတွင်လည်း နဂိုက မပါရှိပါဟု ပြောပါသည်။ မှန်ပါသည်။ နောက်ထပ်အသစ်ထွက်ပေါ်လာသော ဝတ်ဆံမှာ ခလယ်တည့်တည့်တွင်လည်း မဟုတ်ပါ။ မထင်မရှားလည်း မဟုတ်ပါ။ သိသိသာသာ ကြီးကြီးမားမားပင်ဖြစ်ပါ၍ နဂိုကသာ ပါရှိခဲ့မည်ဆိုလျှင် (၅) ပွင့်သာဝယ်ယူရာ၌ ဤမျှကြီးမားသော ပန်းပွင့်တစ်ခု ထပ်ဆင့်ထွက်ပေါ်နေခြင်းကို သတိမပြုမိဘဲ နေမည်မဟုတ်ပါ။ ထို့နောက် ဤပန်းများကို ရေဆေးမည်၊ အိုးတွင်ထိုးမည်၊ ကပ်လှူမည်။ ထို့အပြင် ရှေ့တွင်ဆိုခဲ့သည့်အတိုင်း ဝေယျာဝစ္စလုပ်ကိုင်သူပေါများလှရာ တစ်ကြိမ်မဟုတ်တစ်ကြိမ်၊ တစ်ဦးမဟုတ်တစ်ဦး မြင်တွေ့ကြမည်သာ ဖြစ်ပါ၏။

ထို့အပြင် ထိုသို့ထွက်လေ့ထွက်ထရှိ၍ တခြားတစ်နေရာရာတွင်လည်း ဤပန်းပွင့်ပုံစံမျိုး တွေ့မြင်ဖူးကြသည်ဆိုလျှင်လည်း နဂိုကတည်းကလား၊ တန်ခိုးတော်ကြောင့်လားဟု ဇဝေဇဝါဖြစ်စရာ ရှိပါသေးသည်။

စာရေးသူလည်း ထိုကိစ္စနှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့ အောင်ချမ်းသာ ပန်းတန်း မန်းကဖေးမှ ဒေါ်သန်းသန်းလွင်အား မေးမြန်းစုံစမ်းကြည့်ပါသည်။ ဒေါ်သန်းသန်းလွင်သည် ၎င်း၏ခြံကျယ်ကြီးတွင် ပန်းများစိုက်ပျိုးခြင်း၊ ပန်းပျိုးပင်များ ရောင်းချခြင်းတို့ကို ကိုယ်တိုင်ပြုလုပ်နေသူဖြစ်ပြီး ဒေါ်သန်းသန်းလွင်၏ ခြံထွက် ထိုဒေစီပန်းမျိုးများကိုလည်း မကြာမကြာ လှူဒါန်းဖူးသူ ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်နိုင်ဟူ၍တော့ အတပ်မပြောနိုင်ပါ။ သို့သော် ၎င်း၏ခြံမှ ထွက်သောပန်းများနှင့် ၎င်း၏အိမ်ရှေ့ပန်းတန်းမှ ပန်းများတွင်မူ ထိုကဲ့သို့ထွက်ရှိခြင်း မတွေ့သေးဖူးပါဟု ပြောပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ဤဖြစ်ရပ်သည်ကား အမှန်တကယ် ထူးခြားဆန်းကြယ်လှသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရွှေကံကူသာသနာသမိုင်းတွင် ဤတစ်ကြိမ်သာ ဖြစ်ပေါ်ခဲ့ဖူးခြင်းရှိပါ၍ မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပါသည်။

တစ်ဖန် ၅/၆-၇-၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ ကျွဲဆည်ကန်ရပ် အမှတ် (၇၅)၊ (၁၁) လမ်း၊ လမ်းသွယ်(၂)မှ ကိုသိန်းလင်း၊ မခင်စုမာ၊ သားမောင်ယသတို့နေအိမ်မှ ဆက်လက်ပင့်ဆောင် ပူဇော်ပါသည်။ ဤမိသားစု၏အကြောင်းမှာ ဆောင်းပါးများတွင် မကြာခဏ ပါဝင်လျက်ရှိပါ၍ အခိုက်ထူးခြားသော အကြောင်းအရာကိုသာ ရွေးထုတ်တင်ပြပါမည်။

၅ ရက်နေ့နံနက်တွင် ရုပ်ရှင်တော်မြတ်အား ဒေါက်တာဒေါ်တင်တင်မိုး၏နေအိမ်မှ ကိုသိန်းလင်း၊ မခင်စုမာ မိသားစုတို့ ပင့်ဆောင် ပူဇော်ရာတွင် ကျုံးနံဘေး လမ်း (၈၀) အတိုင်း တောင်သို့ ထွက်လာကြခြင်း ဖြစ်ပါသည်။ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံနှင့် ဆက်သွယ်ရေးရုံးအရှေ့ဘက်ကမ်း ကျုံးဘက်အခြမ်းတွင် ပလက်ဖောင်းနှင့် ဓာတ်ကြိုးများပေါ်တွင် ခိုတို့အမြဲနေထိုင်သွားလာ



www.burmeseclassic.com

www.burmeseclassic.com

ပျံသန်းလျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လာသည့်ကား ထိုခိုအုပ်များအနီးသို့ ရောက်ရှိလာချိန်တွင် ခိုတစ်ကောင်သည် ရုပ်ရှင်တော်မြတ်အား မယ်တော်ကြီးမှ ပင့်ဆောင်လာသော ဘေးရှေ့ခန်းထဲသို့ ပျံသန်းဝင်ရောက်လာပြီး မယ်တော်ကြီး၏ ထိုင်ခုံနောက်မှီတွင်နား၍ လိုက်ပါလာပါသည်။

ခိုလေးသည် အပျံသင်စ မဟုတ်ပါ။ တောင်ပံနှင့် ခြေထောက်တို့တွင် ဒဏ်ရာဒဏ်ချက်တို့လည်းမပါရှိ။ ကျန်းမာသန်စွမ်းလျက် လန်းလန်းဆန်းဆန်းပင် ဖြစ်ပါသည်။ ပျံထွက်မည်ဆိုက ပျံလို့ရပါ၏။ ထို့ကြောင့် ထူးခြားလှပါ၏။ မယ်တော်ကြီးမှ -

"ဒီခိုလေးက ဘုရားဖူးချင်လို့ဖြစ်မှာပေါ့။ ဒါမှမဟုတ်လည်း မြို့စောင့်နတ်၊ ရွာစောင့်နတ်တွေက ခိုအသွင်နဲ့ ရုပ်ရှင်တော်မြတ်ကို လိုက်ပို့တာနေမှာပေါ့။ ဒါမှမဟုတ်လည်း ဘယ်လိုပဲတွေးတွေး ဒါဟာ ထူးခြားတာကတော့ အမှန်ပဲ။ ဒီလမ်းမှာ ဒီခိုတွေရှိနေတာ နှစ်ပေါင်းမနည်းတော့ဘူး။ တစ်နေ့ကို ဒီလမ်းမှာ ကားတွေက ထောင်ချီဖြတ်နေတာ ဒီလိုကားခေါင်းထဲရောက်လာတဲ့ အကြိမ် ဘယ်နှခါရှိဖူးဦးမှာလဲ။ ဖြစ်လေ့မရှိခြင်း၊ မဖြစ်လွယ်ခြင်း၊ မဖြစ်တတ်ခြင်းတို့ ဖြစ်ပေါ်တာကို ထူးတယ်လို့ဆိုတာပေါ့"

ဟု ကားမောင်းလာသူ ကိုသိန်းလင်းကို ပြောပြပါသည်။

သို့ဖြင့် ခိုကလေးမှာ ကိုသိန်းလင်းတို့အိမ်အထိ လိုက်ပါလာပြီး တစ်နေ့တစ်ညနေသွားပြီးမှ ကောင်းကင်အမြင့်သို့ ပျံတက်သွားကာ ၎င်းနေထိုင်ရာကျုံးရှိသည့်အရပ်ဖြစ်သော မြောက်ဘက်သို့ ပျံသန်းသွားကြောင်း သိရပါသည်။

ဤတစ်ကြိမ်တွင်တော့ စာရေးသူသည်လည်း ရက်ဆက်ဖြစ်နေ၍ ကိုသိန်းလင်းတို့အိမ်သို့ လိုက်မသွားဖြစ်ဘဲ (၂) ရက်စလုံး စဥ့်ကိုင်မှာပင်ရှိနေပြီး ရုပ်ရှင်တော်မြတ်အား ကြိုဆိုရန်ပြင်ဆင်လျက်ရှိပါသည်။

ထိုသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် စဥ့်ကိုင်မြို့အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူခဲ့ပါသည်။

အောင်မြေတွင် (၂) ရက်ခန့်သာ နေနားစံပယ်တော်မူပြီး ရုပ်ရှင်တော်မြတ်သည် ၉-၇-၂၀၁၂ နေ့မှာပင် ထားဝယ်ခရီးစဉ်ကို ကြွရန်အတွက် မိတ္ထီလာ၊ နေပြည်တော်၊ ရန်ကုန်မြို့များမှတစ်ဆင့် ထားဝယ်မြို့သို့ ၂၅-၇-၂၀၁၂ နေ့တွင် ကြွမြန်းရောက်ရှိတော်မူခဲ့ပါသည်။ (ထူးခြားလှသော ထိုထားဝယ်ခရီးစဉ် အစ၊ အဆုံးမှာ ရေးသားပေးပို့ထားပြီးဖြစ်ပါ၍ အလျဉ်းသင့်သောအခါတွင် သူရဋ္ဌမဂ္ဂဇင်းကြီးမှပင် ဖော်ပြပါရှိလာပါလိမ့်မည်။)

ထို့နောက် ၁၅/၁၆/၁၇-၈-၂၀၁၂ နေ့များတွင် ဖြူးမြို့သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ (ထိုခရီးစဉ်၏ ထူးခြားမှုများကိုလည်း အလျဉ်းသင့်သောအခါ သူရဋ္ဌမဂ္ဂဇင်းကြီးမှပင် ဖော်ပြပါရှိလာပါလိမ့်မည်။)

၁၈-၈-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်သည် စဥ့်ကိုင်မြို့အောင်မြို့သို့ ကြွမြန်းရောက်ရှိတော်မူခဲ့ပြီး ဆက်တိုက်ဆိုသလိုပင် ၂၀/၂၁/၂၂-၈-၂၀၁၂ နေ့များတွင် မြင်းခြံမြို့ ဒေါ်မာကြည်ခေါက်ဆွဲဆိုင်နှင့် မြင်းခြံမြို့ အမှတ် (၁၇) Bချင်း (၃) မှ ဦးထွန်းအောင်၊ ဒေါ်ခင်ရီတို့၏ နေအိမ်များမှ ပင့်ဆောင်ပူဇော်ကြပြန်ပါသည်။

ဒေါ်မာကြည်ခေါက်ဆွဲသည် မြင်းခြံမြို့တွင် နာမည်ကျော်ကြားလှရုံသာမက ရန်ကုန်၊ နေပြည်တော်ကဲ့သို့ ရပ်ဝေးမြို့ကြီးများကိုပါ ပွဲများပြင်၍ပေးပို့ရပါသည်။ ဒေါ်မာကြည်တွင် မတိုးတိုး၊ မစိုးစိုးနှင့်အတူ မောင်နှမ (၇) ယောက်စည်းလုံးညီညွတ်စွာ မိသားစုဝိုင်းဝန်းလုပ်ကိုင်ကြ၍ ယခုကဲ့သို့ အောင်မြင်မှုများရရှိခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ် ဤနေအိမ်သို့ ကြွရောက်တော်မူလာစဉ် (ဤမိသားစုသည် စဥ့်ကိုင်မြို့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက် ပင့်ဆောင်ကြရခြင်း ဖြစ်ပါသည်။) ပထမဆုံးထူးခြားမှုမှာ ဒေါ်မာကြည်တို့၏ နေအိမ်ရှေ့မှာ တမာပင်သည် အချိန်အခါမဟုတ် အပွင့်များ ဝေဆာစွာ ထွက်ရှိလာပါသည်။ ဤရာသီမှာ တမာသီးများပင် ရင့်မှည့်၍ ကြွေကျကုန်ပြီဖြစ်၍ အံ့ဩဖွယ်ပင် ဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်အား နေအိမ်ဘုရားဆောင်တွင် ထားရှိပူဇော်ပြီးသောအခါ မယ်တော်ကြီးနှင့် အန်တီအေးတို့မှ ပွဲများကပ်လှူပေးစဉ် ရုပ်ရှင်တော်မြတ်သည် အားရနှစ်ခြိုက်စွာ ပြုံးတော်မူပါသည်။

ဤမိသားစုသည် ပြီးခဲ့သောနှစ်က မြင်းခြံမြို့ ပြည်ကျော်မိသားစုမှ အမေနီနှင့် သားသမီးမြေးများ ပင့်ဆောင်ပူဇော်ခဲ့စဉ်က လာရောက် ဖူးမြော်ကြပြီး ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်ပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးကိုလည်း မြင်မြင်ချင်း အင်မတန် လေးစားကြည်ညိုကြကာ ချစ်ခင်နေကြသူများ ဖြစ်ပါသည်။ ထို့ပြင် ရတနာသုံးပါးကိုကိုးကွယ်ယုံကြည်ကြသူများဖြစ်၍ ဆရာတော်သံဃာတော်များကိုလည်း ဆွမ်းကွမ်းနှင့် တကွ ပစ္စည်းလေးပါးအမြဲမပြတ်လှူဒါန်းဆက်ကပ်ကြသူများဖြစ်ရာ ဆရာတော်သံဃာတော်များနှင့် ခင်မင်ရင်းနှီး၍နေပါသည်။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ရန်အတွက် မြင်းခြံမြို့ စက်မှုဇုန်စွန်းလွန်းရပ်ကွက်ရှိ ရန်အောင်မြင်နတ်ကြီးပင်ကျောင်းတိုက် ဆရာတော်ဦးမောလိကို ဖိတ်ကြားလိုက်ပါသည်။ ဆရာတော်မှာ ယနေ့အချိန်တွင် သက်တော် (၅၀) ကျော်မျှသာ ရှိသေးသော်လည်း ဆရာတော်၏ အကျင့်သီလကောင်းမွန်မှုကြောင့် ဘုန်းတန်ခိုးတော်ကြီးမြင့်တော်မူလှပါသည်။ ဆရာတော်၏ ကျယ်ဝန်းသောကျောင်းကြီးထဲတွင် ကြီးမား ထည်ဝါလှသော သာသနိကအဆောက်အအုံကြီးများမှာ နေရာမလပ်တည်ဆောက်ပြီး ဖြစ်ပါသည်။ ဆရာတော် ဦးမောလိမှာ ပါရမီထူးလှသူဟုဆိုရပါမည်။ မြန်မာနိုင်ငံတွင် ဂုဏ်သတင်းကျော်စောတော်မူလွန်းခဲ့သော တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရအား (၈) နှစ်တိတိ အနီးကပ် စောင့်ရှောက် ပြုစုတော်မူခွင့် ရရှိခဲ့ပြီး နောက်ဆုံး ခန္ဓာဝန်ချသည်အထိ ပြုစုလိုက်ရသူဖြစ်၍ အကျိုးများလှပြီး ဆရာတော်ကြီး၏ မေတ္တာဘာဝနာနှင့်တကွ ဆရာတော်ကြီး၏ တရားဓမ္မ၊ ကျင့်ကြံပွားများမှု နည်းကောင်းလမ်းမှန်တို့ကို ပြည့်ပြည့်စုံစုံ ရရှိလိုက်သူ ဖြစ်ပါသည်။

ဆရာတော်ဦးမောလိ ကြွရောက်တော်မူလာသောအခါ မယ်တော်ကြီး၊ အန်တီအေးတို့မှ ရိုသေစွာ တန်တော့ပြီး မယ်တော်ကြီးတို့နှင့်အတူ ပူဇော်လိုကြောင်း မိန့်ကြားတော်မူ၍ အိမ်ရှင်များမှ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေ၊ ပရိတ်ပန်းများကို ပြင်ဆင်ပေးပါသည်။ ထို့နောက် ဆရာတော် ဦးမောလိနှင့် မယ်တော်ကြီးတို့က ရုပ်ရှင်တော်မြတ်အား ပရိတ်တရားတော်များဖြင့် ပူဇော်ကြပါသည်။ ရုပ်ရှင်တော်မြတ်အား တီဗွီမှတစ်ဆင့် ပုံကြီးချဲ့ပူဇော်ပြသထား၍ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ပြောင်းလဲမှုကို ထင်ထင်ရှားရှားဖူးတွေ့ကြရပါသည်။ ပရိတ်တော်များ ပူဇော်နေသည့်အချိန်



www.burmeseclassic.com

www.burmeseclassic.com

တွင် ရုပ်ရှင်တော်မြတ်သည် မျက်လွှာချ၍ စျာန်ဝင်စားနေတော်မူသကဲ့သို့ ဖူးတွေ့ကြရပါသည်။

ထိုအချိန်တွင် ထူးခြားမှုတို့ မြင်တွေ့ကြရပါသည်။ ပရိတ်သဲများမှ အခိုးအငွေ့များ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ ဤအဖြစ်မျိုးကို မယ်တော်ကြီးတို့လည်း မကြုံဘူးသေး၊ ဆရာတော်ဦးမောလိလည်း မကြုံတွေ့ဘူးသေးပါ။ သဲများ၏ကြားမှ ရေနွေးငွေ့များကဲ့သို့ ထွက်ပေါ်လာခြင်းဖြစ်ပါ၍ အံ့ဩမဆုံးဖြစ်ကြရပါသည်။ ပရိတ်တရားတော်များ ပူဇော်ပြီး အတန်ကြာမှ အငွေ့များ ရုပ်တန့်ကွယ်ပျောက်သွားပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်အား ဆွမ်းများ ဆက်ကပ်၍ ဆရာတော်ကိုလည်း ဆွမ်းများဆက်ကပ်ပါသည်။ ဆွမ်းကိစ္စပြီးစီးလျှင် အချို့ပွဲကပ်လှူပြီး စကားဝိုင်းဖွဲ့ကြရာ ရုပ်ရှင်တော်မြတ်သည် ဖြူးမြို့မှ ပြန်လည်ကြွမြန်းတော်မူခဲ့သည်မှာ (၃) ရက်သာရှိသေး၍ လတ်တလော ဖြူးမြို့တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားမှုများကို လျှောက်ထား တင်ပြပါသည်။

ဖြူးမြို့ တာချားရပ် ရန်ကုန်-မန္တလေးကားလမ်းမကြီးနံဘေးရှိ ရွှေပြည့်စုံ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ကိုဖြိုးဖြိုး မမိုးမိုးစံတို့ ပင့်ဆောင်ပူဇော်စဉ် နံနက်ခင်း၌ ရုပ်ရှင်တော်မြတ်အား လူအများ ထင်ထင်ရှားရှား ဖူးတွေ့နိုင်ရန် မဏ္ဍပ်ထဲတွင် တီဗွီဖြင့် ချိတ်ဆက် ပြသထားပါသည်။ ထိုအချိန်တွင် လူအုပ်အတွင်းသို့ ရဟန်းတော်တစ်ပါး ဝင်ရောက်သွားသည်ကို ပရိသတ်အတွင်းမှာရှိသော တိုင်းရင်းဆေးဆရာမလေး မဝါဝါမင်းမှ ဖူးတွေ့လိုက်ရပါသည်။ ထိုအချိန်မှာပင် ရုပ်ရှင်တော်မြတ်တွင် မျက်လုံးတော်များ နှစ်ထပ်ဖြစ်ပေါ်လာ၍ ဘုရားဖူးပရိသတ်များလှုပ်လှုပ်ရှားရှားဖြစ်သွားကြပါသည်။ ဖုန်းကင်မရာပါသူများ၊ ဓာတ်ပုံကင်မရာပါသူများက မျက်မှန်တပ်ထားသကဲ့သို့ ထူးခြားစွာဖြစ်ပေါ်နေသော ရုပ်ရှင်တော်မြတ်ကို ဓာတ်ပုံရိုက်ကူးကြပါသည်။ ထိုအခါ ဆရာမလေးမဝါဝါမင်းသည်လည်း သူများနည်းတူ တိုးဝှေ့ဝင်ရောက်ပြီး ၎င်း၏ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးလိုက်ပါသည်။

ထိုအခါ မဝါဝါမင်း ရိုက်ကူးသော ဓာတ်ပုံတွင် မျက်မှန်နှင့် ရဟန်းတော်တစ်ပါး လက်အုပ်ချီလျက် ဘေးတစောင်း ဖူးမြော်နေပုံကို ထူးခြားစွာ တွေ့ရှိရပါသည်။ ဤနေရာတွင် လူပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ ဓာတ်ပုံရိုက်ကူးကြသော်လည်း မဝါဝါမင်း ရိုက်ကူးသော ဤပုံတွင်သာ ရဟန်းတော်ကို ဖူးတွေ့ရခြင်း ဖြစ်ပါသည်။ မဝါဝါမင်းသည် စောစောက ရုတ်တရက် မြင်တွေ့လိုက်ရပြီး ပျောက်ကွယ်သွားသော ရဟန်းတော်ကို ရှာဖွေကြည့်ရာမတွေ့ရှိတော့ဘဲ အခြားသူများကို မေးမြန်းကြည့်ရာ မည်သူတစ်ဦးတစ်ယောက်မျှ ရဟန်းတော်ကို မမြင်တွေ့လိုက်ကြောင်း သိရပါသည်။ ထိုအခါ မဝါဝါမင်း ဖူးတွေ့လိုက်ရသော ရဟန်းတော်သည် သာမန်ရဟန်းတော် မဟုတ်ဘဲ ပုဂ္ဂိုလ်ထူးတစ်ပါးသာ ဖြစ်ပါသည်။ ထိုရဟန်းတော်တွင် မျက်မှန်ပါရှိ၍ ထိုရဟန်းတော် ရုပ်ရှင်တော်မြတ်အား ဖူးမြော်လျက်ရှိစဉ် ရုပ်ရှင်တော်မြတ်တွင် မျက်လုံးတော်နှစ်ထပ်ဖြစ်နေပြီး မျက်မှန်တပ်ထားသကဲ့သို့ ဖူးတွေ့ရခြင်း ဖြစ်ပါသည်။

ထိုအခါ ဆရာတော်မှ -

"ဒါဆို တိုက်ဆိုင်လိုက်တာ။ အဲဒီနေ့က ဒီမြင်းခြံမှာလည်း စွန်းလွန်းကျောင်းဝင်းထဲက လေးပါးသစ္စာစေတီမှာ ပထမ နွားကျောင်းသားတွေက စ, မြင်တာ။ စေတီတော်ရဲ့ဖောင်းရစ်နားမှာ ဇရာမ မြသပိတ်ကြီးပေါ်လာလို့ အော်ကြတော့ အဲဒီနားကဇရပ်မှာ အိပ်ပျော်နေတဲ့ အမူးသမားလည်း လန့်နိုးလာပြီး ထပြီးကြည့်လိုက်တော့ မြသပိတ်ထဲကနေ ရဟန်းတော်တစ်ပါး ထွက်ပေါ်လာပြီး စျာန်ပျံကြွသွားတော်မူတယ်။ ဒါနဲ့ အလျင်အမြန်ပဲ လက်အုပ်ချီလိုက်ပြီး တပည့်တော် သား (၃) ယောက် အမြန်ဆုံး ရှင်ပြုနိုင်ပါရစေလို့ ဆုတောင်းလိုက်တာ တကယ်ပဲ (၃) ရက်အတွင်း ရှင်ပြုနိုင်လောက်တဲ့ငွေကြေး ရရှိသွားလို့ အလှူပေးဖို့ရာ ရက်တောင်ရွေးပြီးပြီလို့ သိရတယ်။ မယ်တော်ကြီးတို့ဆီကို လာဖူးတဲ့ရဟန္တာနဲ့ တစ်ပါးတည်းဖြစ်နိုင်တယ်"

ဟု၍ မိန့်ကြားပါသည်။

(ဆရာမလေး မဝါဝါမင်း ရိုက်ကူးသောဓာတ်ပုံတွင် ပေါ်ပေါက်တော်မူသော ပုဂ္ဂိုလ်ထူးရဟန်းတော်မှာ သိသာထင်ရှားသော်လည်း တီဗွီမှန်သားပြင်တွင် အပြင်မှလူရိပ်များလည်း သွားရောက် ထင်ဟပ်ပေါ်ပေါက်နိုင်ပါသည်။ ထိုသို့ ပေါ်ပေါက်ခြင်းဖြစ်လျှင် ရုပ်ရှင်တော်မြတ်မျက်နှာတော်ကို ကျောခိုင်း၍ ဓာတ်ပုံကြည့်သူဘက် မျက်နှာလှည့်ပုံ ဖြစ်ရမည်။ ယခုမူ ပရိသတ်ကိုကျောခိုင်းထား၍နေသောပုံဖြစ်၍ တကယ်ဘုရားဖူးနေသူတစ်ဦးကို နောက်ကျောမှဓာတ်ပုံရိုက်ကူးသကဲ့သို့ဖြစ်နေ၍ အမှန်တကယ် ပုဂ္ဂိုလ်ထူးပုံ ပေါ်ပေါက်ခြင်း ဖြစ်ကြောင်း တွေ့မြင်ရသူအပေါင်းမှ ပြောကြပါသည်။ ထို့ထက်ပို၍ ခိုင်မာသောအချက်မှာ ၆-၁-၂၀၁၃ တွင် ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော်မှ ကိုသန်းမောင်၊ မခင်စိုးသူတို့ ပင့်ဆောင်သောအခါ ကိုသန်းအောင်တို့၏ ကြံ့တိုင်းအောင်ဆောက်လုပ်ရေးမှ သံချည်သံကွေးဆရာ ကိုမျိုးနှင့် ဇနီး မသင်းတို့သည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်သည့်အခါတိုင်း ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးတို့၏ဝေယျာဝစ္စများကိုဆောင်ရွက်နေမြဲဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းရှင်များနည်းတူ ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးတို့အား ကြည်ညိုလေးစားကြသူများ ဖြစ်ကြပါသည်။ ဤတစ်ခေါက်တွင် ၎င်းတို့၏သံချည်သံကွေးအဖွဲ့တွင် လူသစ်များရောက်လာ၍ ရွှေကူရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်များ လက်ဆောင်ပေးရန်ဝယ်ယူထားလိုက်ပါသည်။ နောက်ရက်တွင် လုပ်ငန်းခွင်သို့ရောက်ရှိသောအခါ တစ်ယောက်လျှင် ပုံတော်တစ်ပုံကျစီဝေငှရာ ဆွာနယ်မှ ကောင်လေးတစ်ယောက်မှာ ရွှေကူပုံတော်ကို ရရှိလိုက်သည်နှင့်-


"ဒါ ကျွန်တော်အိပ်မက်ရထားတဲ့ပုံတော်ပဲ၊ ဝမ်းသာလိုက်တာ။ ဒီလိုပါ၊ ကျွန်တော်တို့ ဆွာမြို့နယ်က ရွာတစ်ရွာမှာ ပုဂ္ဂိုလ်ထူးလို့ နာမည်ကျော်ကြားနေတဲ့ ဆရာတော်တစ်ပါး ရှိတယ်။ တစ်ညအိပ်မက်ထဲမှာ ဆရာတော်ဘုရားကြီးက ကန်စွန်းပင်ပေါ်ကြွတဲ့ ဘုရားပုံတော်ဆောင်ထားရမယ်လို့ မိန့်တယ်။ ကျွန်တော်လည်း အဲဒီဘုရားပုံတော်က ဘယ်မှာရှိမှန်းလဲ မသိ၊ ဘယ်မှာမှရှာလဲမရနဲ့ အခက်တွေ့နေတာ"

ဟုဆိုပါသည်။ အမှန်မှာ ချည်/ကွေးဆရာကိုမျိုးသည် ရွှေကူပုံတော်များကို တစ်မျိုးတစ်ပုံနှုန်း ပင့်ဆောင်သွားခြင်းဖြစ်ပြီး တပည့်များအား ပုံတော်များကို ကြိုက်နှစ်သက်ရာ ရွေးချယ်ပင့်ဆောင်ခွင့်လည်း မပြုပါ။ ကျရာပုံတော်ကို ပူဇော်ကြရခြင်းဖြစ်သော်လည်း ဆွာမြို့နယ်က ကောင်လေးမှာ အိပ်မက်ထဲတွင် ဆရာတော်ကြီး မိန့်ကြားတော်မူသော ကန်စွန်းနွယ်များပေါ်တွင် ကြွရောက်တော်မူသောပုံတော်ကိုပင် ကံထူးတိုက်ဆိုင်လှစွာရရှိခြင်း ဖြစ်လေသည်။ အိပ်မက်ထဲတွင် ဆရာတော်ကြီးမှ ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာင်မင်းမင်းထွန်း၏နေအိမ်မှ ဗိုလ်မှူးကြီးသန်းထွန်း ဆက်လက် ပင့်ဆောင်စဉ်

လက် မိန့်ကြားသည်မှာ ထိုပုံတော်ရရှိလျှင် ကံကောင်းမည်၊ ကံအညွန့်တလူလူ တက်မည်ဟု ကောင်လေးမှ ပြောပါသည်။

ထိုအကြောင်းအရာတို့ကို ချည်/ကွေးဆရာ ကိုမျိုးမှတစ်ဆင့် ကိုသန်းအောင်၊ မခင်စိုးသူနှင့် မယ်တော်ကြီးတို့ သိရှိသွားပါသည်။ ထို့ကြောင့် ဆွာမြို့နယ်မှ ကောင်လေးကို ခေါ်စေ၍ အိပ်မက်ပေးသောဆရာတော်ကြီးအကြောင်းကို စုံစမ်းရာ ကောင်လေးမှ ၎င်းထံတွင် ဆရာတော်ကြီး၏ဓာတ်ပုံများ ဆောင်ထားပါသည်ဟုဆိုကာ ဆရာတော်ကြီး၏ ဓာတ်ပုံနှစ်ပုံကို ထုတ်ပြပါသည်။ ထိုအခါမှ မယ်တော်ကြီးတို့ အံ့သြကြရပါသည်။ ဆရာတော်ကြီးမှာ မျက်မှန်ပါရှိ၍ ကိုယ်နေဟန်ထားမှာ ဖြူးမြို့တွင် ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်သောရဟန္တာ၏ ကိုယ်ဟန်အတိုင်း ရှိနေပါသည်။ ထိုဓာတ်ပုံနှစ်ပုံအား ပြန်လည် ရိုက်ကူးရာ တစ်ပုံမှာ ဓာတ်ပုံရိုက်မရဘဲ တစ်ပုံသာလျှင် ပြန်လည် ဓာတ်ပုံရိုက်ကူး၍ရပါသည်။ ထိုရဟန္တာ (သို့) ပုဂ္ဂိုလ်ထူး၏ ဘွဲ့တော်၊ နေရပ်လိပ်စာတို့ကို ကိုသန်းအောင်၊မခင်စိုးသူ(၀၁-၅၉၃၄၉၀) တို့မှ စုံစမ်းပေးမည်ဟု ပြောပါသည်။)

ထို့နောက် ဆရာတော်ဦးမောလိသည် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမနှင့် အတူနေထိုင်ခဲ့ရစဉ်က ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ၊ အတုယူဖွယ်ရာ၊ သာဓုခေါ်ဆိုဖွယ်ရာ ထူးခြားလှသော အကြောင်းအရာတို့ကို ပြောပြပါသည်။ ထို့နောက် ဆရာတော်လည်း ကျောင်းသို့ပြန်လည် ကြွမြန်းသွားတော်မူပါသည်။ ယနေ့အချိန်၌ ရွှေကက္ကုရုပ်ရှင်တော်မြတ်သည် မြင်းခြံမြို့တွင် တတိယအကြိမ် ကြွမြန်းတော်မူခြင်းဖြစ်သည့်ပြင် သုရဇ္ဇမဂ္ဂဇင်း ပရိသတ်တို့ ပေါ်များလှရာ ဤအိမ်တွင် ဘုရားဖူးပရိသတ်များ စည်ကားလှပါသည်။

နောက်တစ်နေ့တွင် မြင်းခြံမြို့ ပြည်ကျော် - ပဲကြော်လုပ်ငန်းမှ အမေနီနှင့်သမီးများ ရောက်ရှိလာပါသည်။ ၎င်းတို့သည် မြင်းခြံမြို့၏တောင်ဘက် စွန်းလွန်းကျောင်းမှ တစ်မိုင်ခန့် ကွာဝေးသော နန်းမြင့်တောင်တွင် ရှေးဟောင်းစေတီတော်တစ်ဆူကို ပြန်လည်ပြုပြင်လျက်ရှိပြီး မဟာရံတံတိုင်းမုခ်ဦးပြုလုပ်ရန်အတွက် မယ်တော်ကြီးကိုလာရောက်ပင့်ဆောင်ခြင်း ဖြစ်ပါသည်။ နန်းမြင့်တောင်မှာ အတန်ငယ်မြင့်မားပြီး စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများဖြင့် သာယာလျက်ရှိပါသည်။

"မယ်တော်ကြီး မုခ်ဦးပြုလုပ်မယ့်နေရာကတော့ ဒီနေရာပဲ။ ဘယ်လိုပုံစံလုပ်ရရင် ကောင်းမလဲဆိုတာ မယ်တော်ကြီး အာရုံပြုပေးပါ" -

ဟု အမေနီ၏သမီးငယ် မှုံရွှေရည်မှ ပြောပါသည်။ မှုံရွှေရည်သည် စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်ပြီး သုရဇ္ဇမဂ္ဂဇင်းကို ဖတ်ရှုပြီး ရုပ်ရှင်တော်မြတ်ကို ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်၍ ယခုကဲ့သို့ မယ်တော်ကြီးတို့နှင့် မိသားစုကဲ့သို့ ခင်မင်ရင်းနှီးနေကြခြင်း ဖြစ်ပါသည်။

ထို့နောက် မယ်တော်ကြီးသည် နန်းမြင့်တောင်ပေါ်မှ စေတီပုထိုးများကို လှည့်လည် ဖူးမြော်ကြည်ညိုပါသည်။ တောင်ပေါ်မှ ပြန်ဆင်းသောအခါ မယ်တော်ကြီးသည် ရုတ်တရက် ပေါ်ပေါက်လာသောစိတ်ကူးဖြင့် လှပဆန်းကြယ်သော မုခ်ဦးပုံကို ဘောလ်ပင်ဖြင့်စာရွက်တွင် ရေးဆွဲပြီး အမေနီထံ ပေးလိုက်ပါသည်။ ထို့နောက် နန်းမြင့်တောင်မှ ပြန်လည် ထွက်ခွာခဲ့ကြပါသည်။ စွန်းလွန်းကျောင်းအနီးသို့အရောက်တွင် အမေနီ၏ သမီးအကြီးမှ နန်းမြင့်တောင်ပေါ်မှ စေတီပုထိုးများကို လက်ရှိစွန်းလွန်းဆရာတော်ကြီးမှ ဦးစီးပြု၍ တည်ထားခြင်းဖြစ်ကြောင်း၊ ဆရာတော်ဘုရားကြီးမှာ သက်တော် (၁၀၀) နီးပါးရှိပြီဖြစ်ပြီး မျက်စိမမှုန်၊ နားမထိုင်း၊ သတိတရားကောင်းမွန်လျက်ရှိသည့်အပြင် အခြားသောထူးခြားမှုများစွာလည်း လူအများတွေ့ရှိကြရ၍ ရဟန္တာဟု အများက သမုတ်လျက်ရှိကြောင်း၊ ထို့ကြောင့် မယ်တော်ကြီးတို့ ဖူးတွေ့ရရန် ပို့ဆောင်ပေးမည်ဟုဆိုကာ ကားကို စွန်းလွန်းကျောင်းအတွင်းသို့ မောင်းဝင်ခဲ့ပါသည်။

ဆရာတော်ကြီးနှင့် တွေ့ရှိသောအခါ အမေနီမှ မယ်တော်ကြီးတို့နှင့် ဆရာတော်ကြီးကို မိတ်ဆက် လျှောက်ထားပေးရာ ဆရာတော်ကြီးသည် အန်တီအေးနှင့် မယ်တော်ကြီးကို စေ့စေ့ကြည့်တော်မူပြီး -

"သူ့ကို တစ်ခါမှ မမြင်ဖူးဘူး၊ သူ တစ်ခါမှမလာဖူးဘူး၊ သူကညှော်သည်ပဲ"

ဟု အန်တီအေးကိုပြော၍ မယ်တော်ကြီးကိုတော့ -

"သူက ညှော်သည် မဟုတ်ဘူး။ ဒီကို ခဏတိုင်းလာတယ်"

ဟု ဆိုသောအခါ အမေနီတို့ အံ့သြ၍နေပါသည်။ အမှန်တော့ မယ်တော်ကြီးသည် ဤကျောင်းကိုလည်း ယခုမှသာ ရောက်ဖူးသကဲ့သို့ ဆရာတော်ဘုရားကြီးကိုလည်း ယခုမှသာ ဖူးတွေ့ဖူးခြင်း ဖြစ်သည်ကို အမေနီတို့ သိရှိထားပြီးသောကြောင့် ဖြစ်ပါသည်။

မယ်တော်ကြီးသည် အမေနီတို့အား ဘာမှရှင်းမပြတော့ဘဲ ပြုံးရုံသာ ပြုံးပြလိုက်ပြီး ဆရာတော်ကြီးအား ဆုတောင်းမေတ္တာများပို့သရာ ဆရာတော်ဘုရားကြီးမှလည်း ဆုတောင်းမေတ္တာများ ပြန်လည် ပေးဝေပါသည်။ ထို့နောက် ဆရာတော်ကြီးအတွက် ဆေးဝါးများလှူဒါန်းကာ ဆရာတော်ဘုရားကြီးအား ဝတ်ပြည့်၍ ပြန်လည်ထွက်ခွာခဲ့



www.burmeseclassic.com

ကြပါသည်။

လမ်းရောက်သောအခါမှ ဆရာတော်ကြီးကို ဖူးတွေ့ခွင့်ရ၍ အမေနီတို့ကို ကျေးဇူးတင်ကြောင်း၊ ဤဆရာတော်ကြီးသည် အမှန်တကယ် ရဟန္တာစစ်မှန်ကြောင်း၊ မိမိသည် ညစဉ် မေတ္တာကမ္မဋ္ဌာန်းပွားများရာ၌ အရိယာနှင့် သူတော်စင် သူတော်ကောင်းကြီးများကို အာရုံပြု၍ မေတ္တာဓာတ်များ ပို့လွှတ်ခဲ့သည်မှာ (၃) နှစ်ထက်မနည်းရှိပြီဖြစ်ကြောင်း၊ ဤအတိုင်းဆိုလျှင် မိမိ၏ မေတ္တာဘာဝနာသည် အတန်အသင့် ခရီးရောက်လျက်ရှိပြီကို သိခွင့်ရ၍ ဝမ်းသာကြောင်း မယ်တော်ကြီးမှ ပြောပြပါသည်။

နောက်တစ်နေ့တွင်လည်း ဘုရား[illegible]နည့်ပရိသတ်တို့ စည်ကားများပြားလှ[illegible]ါသည်။ ထိုဘုရားဖူးလူပရိသတ်များ[illegible]ကြားတွင် ဤမိသားစုနှင့် ခင်မင်သော မြင်းခြံမြို့ တန်ဆောင်းကြီးတိုက်မှ ဆရာတော်နှစ်ပါးလည်း ပါဝင်၍ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကိုလည်း [illegible]ဇော်ရန် ပင့်ဆောင်သွားပါသည်။ [illegible]နောက် ညနေပိုင်းတွင် ရုပ်ရှင်တော်[illegible]သည် အောင်မြေသို့ ပြန်လည် ကြွ[illegible]ရောက်ရှိ တော်မူပါသည်။

ရုပ်ရှင်တော်မြတ်အား အောင်မြေ[illegible]ပြန်လည် ပင့်ဆောင်ပူဇော်ရာတွင် [illegible] မာကြည်တို့မိသားစုနှင့်အတူ ဆရာ[illegible] ဦးမောလိ လိုက်ပါလာပြီး ရုပ်ရှင်[illegible]မြတ်အား လမ်းတစ်လျှောက်လုံး [illegible]ဆောင် ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။ [illegible]တိုင်မြို့ အောင်မြေသို့ ရောက်ရှိသော[illegible] ညဦးပိုင်းအချိန်သို့ ရောက်နေပေ[illegible] ဆရာတော်သည် ရုပ်ရှင်တော်မြတ်[illegible] ဖူးမြော်ကြည်ညို၍ မဝနိုင်အောင် [illegible] -

တကယ့်ကို စစ်မှန်တဲ့ တန်ခိုး[illegible]တွေနဲ့ ပြည့်စုံတော်မူပါပေသည်။ [illegible]ရှင်ရဲ့တန်ခိုးတော်တွေနဲ့ ကိုးကွယ်[illegible]ကြသူတွေမှာ ကုသိုလ်တရား [illegible] တိုးကြွပွားများ၍ ကံကျိုးတရား[illegible]ကြရ၍ ဂုဏ်ယူဝမ်းမြောက်ဖွယ်[illegible]ကြောင်းနှင့် စာရေးသူတို့အား [illegible]ပြုပုဂ္ဂိုလ်တို့မည်သည် အကဲ့ရဲ့[illegible]ခံနိုင်ရမည်။ ချီးမွမ်းခြင်းလည်း [illegible]ည်။ မည်သည့်အကြောင်းနှင့်မျှ [illegible]စေရ၊ မတုန်လှုပ်ရ။ ရင့်ကျက်[illegible] စိတ်ရှည်ရမည်။ ဖွဲ့သန်ရမည်။ [illegible]ည်းခံရမည်ဟု မိန့်ကြားတော်[illegible]

ဒေါ်မာကြည်၏သမီးမစိုးစိုးမှ -

"ရုပ်ရှင်တော်မြတ်ဟာ သမီးတို့အိမ်ကို ကြွရောက်လာချိန်မှာလည်း ပြုံးတော်မူတယ်။ အဲဒီပြုံးတော်မူပုံက တွေ့ဆုံတဲ့အပြုံး၊ သမီးတို့အိမ်က ပြန်လည်ကြွမြန်းတော်မူတဲ့အချိန်မှာလည်း ပြုံးတော်မူတယ်။ အဲဒီပြုံးတော်မူပုံက နှုတ်ဆက်တဲ့အပြုံး။ ပြုံးတော်မူတာချင်းတောင်မှ မတူညီဘဲ ကွဲပြားတော်မူတယ်။ ဒါကြောင့် တကယ့်ကို ရုပ်ရှင်တော်အစစ်ပါပဲ"

ဟု ပြောကြားပါသည်။

ည (၉) နာရီတွင် ရုပ်ရှင်တော်မြတ်အား ပြန်လည်ပို့ဆောင်သောအဖွဲ့လည်း မြင်းခြံသို့ ပြန်လည်ထွက်ခွာသွားကြပါသည်။

ရုပ်ရှင်တော်မြတ်သည် ဤခရီးစဉ်မှအပြန်တွင် အောင်မြေ၌ (၃) ရက်တိတိ နေနားတော်မူပါသည်။ (စာရေးသူသည် အထက်ပါ မြင်းခြံခရီးစဉ်ကို ၃-၆-၂၀၁၃ နေ့တွင်မှ ပြန်လည်ရေးသားရခြင်းဖြစ်ပါ၍ အကြောင်းအရာတို့ကို ဒေါ်မာကြည်တို့ထံ ပြန်လည် မေးမြန်းရပါသည်။ ထိုအခါ ဒေါ်မာကြည်၏ သမီး မစိုးစိုး (၀၆၆-၂၁၆၉၉) ထံမှ အထက်ပါ အကြောင်းအရာတို့အပြင် ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူပြီးမှ နောက်ရက်များတွင် ဖြစ်ပေါ်သော ထူးခြားမှုတို့ကိုလည်း ဤသို့ သိရှိရပြန်ပါသည်။

တစ်ညတွင် ထူးဆန်းသော အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲတွင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော် ပူဇော်ပင့်ဆောင်သွားသော တန်ဆောင်းကြီးတိုက် ကိုယ်တော်နှစ်ပါးသည် ရုပ်ရှင်တော်မြတ်အား ဆွမ်းလည်းမကပ်ကြ၊ မကန်တော့ကြဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် မတိုးတိုးသည် ဆရာတော်များအား အိပ်မက်အကြောင်းကို ဖုန်းဖြင့် လျှောက်ထားလိုက်ရာ ဆရာတော်များမှ မိမိတို့၏ ဘုရားစားပွဲပေါ်တွင် ဘုရားပုံတော်ပေါင်းများစွာရှိသည်။ မိမိတို့သည် ဘုရားကန်တော့သည့်အခါ၊ ဆွမ်းကပ်သည့်အခါ ဤစားပွဲပေါ်ရှိ ဘုရားဓာတ်ပုံတော်များ၏ ဘွဲ့တော်များအားလုံးကို ရွတ်ဆိုသော်လည်း ထိုပုံတော်တွင်ပါရှိသော ဘွဲ့တော်ကို သတိမထားမိ၍ အမြဲမေ့ကျန်ခဲ့ပါသည်။ ထို့ကြောင့် ဒကာမလေး၏အိပ်မက်မှန်ကန်ပါသည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

နောက်တစ်ခုမှာ မိတ္ထီလာတွင် ရုန်းရင်းဆန်ခတ်မှုဖြစ်ပေါ်ရာ မြင်းခြံသည် မိတ္ထီလာနှင့်နီးကပ်ပြီး ဘာသာခြားပေါများသောကြောင့် ထိုအထိကရုဏ်းသည် ကူးစက်ပျံ့နှံ့ရန် မြင်းခြံမြို့သည် စိုးရိမ်ဖွယ်အကောင်းဆုံးဖြစ်နေ၍ မြို့လူထုသည် စိုးရိမ်ကြောက်ရွံ့လျက်ရှိကြပါသည်။ ထိုအခါ ဒေါ်မာကြည် မိသားစုလည်းကြောက်ရွံ့ကြပါသည်။ ထို့ကြောင့် မိသားစုအားလုံး ကလေးငယ်များပါမကျန် ရွှေကူရုပ်ရှင်တော်မြတ်၏ ပုံတော်အား ယုံကြည်အားကိုးရိုသေစွာကန်တော့ကြပြီး -

"အရှင်ဘုရား၊ တပည့်တော်တို့မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ မြင်းခြံမြို့ကြီးတစ်ခုလုံး၊ သက်ရှိ၊ သက်မဲ့အရာအားလုံး ဘေးအန္တရာယ်ကင်းရှင်းကြပါစေဘုရား"

ဟု အခါခါဆုတောင်းကြပါသည်။

ထိုညတွင် ထူးဆန်းသော အိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ရုပ်ရှင်တော်မြတ်မှ မစိုးစိုးကို ဤသို့ မိန့်ကြားတော်မူပါသည်။ မြင်းခြံမြို့တစ်မြို့လုံးကို လုံခြုံစွာကာရံပြီး သော့ခတ်လိုက်ပြီဟူ၍ ဖြစ်ပါသည်။

မှန်ပါသည်။ မြင်းခြံမြို့သည် မိတ္ထီလာမြို့နှင့် အနီးဆုံးဖြစ်၍ မြို့ကြီးလည်းဖြစ်ကာ ထိုပြဿနာမျိုး ဖြစ်ပေါ်ရန် ရာနှုန်းအများဆုံးဖြစ်သော်လည်း မည်သည့် ပြဿနာတစ်စုံတစ်ရာမျှ မဖြစ်ပေါ်ဘဲ အေးချမ်းခဲ့ရသည်ဟူ၍ ဖြစ်ပါသည်။

နောက်တစ်ခုမှာ မစိုးစိုးတွင် အမှုအခင်းပြဿနာတစ်ခု ပေါ်ပေါက်ခဲ့ပါသေးသည်။

ထိုအခါ ဘာမှသိနားလည်ခြင်းမရှိသော (၅) နှစ်အရွယ်ကလေးငယ်မှ-

"မေမေအမှုဖြစ်နေတာ မယ်တော်ကြီးကို လှမ်းပြောလိုက်။ ပြီးသွားပါလိမ့်မယ်"

ဟု လူကြီးစကားဆိုပါသည်။

ထိုအခါ မစိုးစိုးမှ ဖုန်းဆက်၍ မယ်တော်ကြီးကို တင်ပြသောအခါ မယ်တော်ကြီးမှ မေတ္တာပို့သပြီး ရွှေကူပုံတော်ကို ကန်တော့၍ တိုင်တည်သစ္စာပြု ဆုတောင်းပါဟု လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရာ ထိုအမှုအခင်းမှာ တစ်ခဏတာအတွင်းမှာပင် ပြေလည် အေးငြိမ်း၍သွားခဲ့သည်ဟု သိရှိရပါသည်။

ဘိုဘို (ရွှေကူ)

www.burmeseclassic.com

# ကျွန်တော်ခံစားမိသောတရားရသ

တက္ကသိုလ်ဝင်းမြင့်

၂၀၁၁ ခုနှစ် နွေရာသီမှာ ကျွန်တော် မကွေးမြို့ကို အလည်ရောက်ရှိခဲ့ပါတယ်။ စာရေးဆရာ၊ ဆေးဆရာကြီး မကွေးဝင်းမြင့်နဲ့ မကွေးမြင့်သန်းတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုဧည့်ခံကြလို့ ကျွန်တော့်စိတ်ထဲမှာ ဝမ်းသာမိတဲ့အပြင် ကျေးဇူးတင်မိပါတယ်။ ဆရာ မကွေးမြင့်သန်းက ဘာသာရေးအကြောင်းတွေပြောရင်းကနေ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော့်ရဲ့ တရားထိုင်ပုံထိုင်နည်း၊ တရားရှုမှတ်ပုံရှုမှတ်နည်းတို့ကို မေးခြင်းချင်း၊ တရားရှုမှတ်သူအချင်းချင်း မိမိ၏ကျင့်သုံးဆောက်တည်ပုံကို အခြားသူတစ်ဦးအား တစ်ဆင့် ပြန်လည်ပြောပြနေခြင်းသာ ဖြစ်တယ်လို့ မှတ်သားပေးစေလိုပါတယ်။

ဗုဒ္ဓဘာသာရဲ့ အဓိက ရည်မှန်းချက်က နိဗ္ဗာန်ပါပဲ။ (၃၁) ဘုံ ဘယ်ဘုံကောင်းသလဲဆိုရင် ဘယ်ဘုံမှမကောင်းဘူး။ ဘယ်ဘုံ၊ ဘယ်ဘဝမှ မဖြစ်သော၊ မဟုတ်သောနိဗ္ဗာန်သာ အကောင်းလို့ ပြောရမှာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်



ပဲ ဖြစ်ပါတယ်။ ပြီးတော့ စာတစ်စောင် တစ်ဖွဲ့ပါရေးပြီး ပြောပြဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။

ရန်ကုန်ပြန်ရောက်တဲ့အခါ မကွေးမြင့်သန်းရဲ့ မေတ္တာရပ်ခံချက်ကို အမြဲတမ်း သတိရနေသော်လည်း စားမှုနေမှုကိစ္စတွေ၊ ဘာသာရေးလုပ်ငန်းတွေ၊ စာပေရေးသားဖတ်ရှုခြင်းတွေ၊ လူမှုရေးလုပ်ငန်းတွေကြောင့် စိတ်ထဲက ရေးချင်ပေမယ့် အချိန်သာကုန်သွားတယ် မရေးဖြစ်ခဲ့ပါဘူး။ ဆရာဦးမြင့်သန်းကို မလေးစားလို့ မဟုတ်ပါ။ ရေးရင်လည်း ပြည့်ပြည့်စုံစုံနဲ့ မိမိဆိုလိုရင်းကို တစ်ဖက်သားရှင်းလင်းသဘောပေါက်အောင် ရေးချင်တာမို့ အချိန်ယူရင်း၊ အားယူရင်းနဲ့ပဲ ကြာညောင်းသွားတော့တာပါပဲ။

၂၀၁၃ ခုနှစ် နွေရာသီရောက်လို့ ဆရာဦးမြင့်သန်းနဲ့ ထပ်ပြီးဆုံတွေ့ပြန်တော့ ဆရာက ထပ်ပြီးမေတ္တာရပ်ခံပြန်ပါတယ်။ ကျွန်တော်လည်း ဆရာ့ကို အလွန် အားနာသွားပြီး ဒီတစ်ခါတော့ ရေးဖြစ်အောင် ကြိုးစားပြီး ရေးလိုက်ပါတယ်။

ဒီစာကို ဖတ်ရှုတဲ့အခါ ဖတ်ရှုသူဦးမြင့်သန်းအနေနဲ့ သဘောထားရမယ့် အချက်ကတော့ ဒီစာသည် ဆရာကတပည့်ကို သင်ကြားပို့ချပြီး ရေးသားခြင်းမျိုးမဟုတ်။ တတ်သိပေါက်မြောက်ပြီးသောသူက မတတ်မသိမပေါက်မမြောက်သေးသောသူကို ပညာဖြန့်ဝေနေခြင်းလည်း မဟုတ်။ ဗုဒ္ဓဘာသာဝင်အချင်း

ဆိုရင် ဒီလိုဖြေရမှာ ဖြစ်ပါတယ်။ အဲဒီနိဗ္ဗာန်ကို ဘယ်တော့ရချင်သလဲလို့မေးရင် အခုပဲ ရချင်ပါတယ်လို့ ဖြေရမှာဖြစ်ပါတယ်။

ဒါက ဗုဒ္ဓဘာသာရဲ့ အဓိက ရည်မှန်းချက်အရ ဖြေရမယ့်စကားပါ။ သို့သော်လည်း ဗုဒ္ဓဘာသာဝင်ပါလို့ဆိုတဲ့သူ အတော်များများဟာ ဒီလိုမပြောကြပါဘူး။ ဒီဘဝတော့ နေလိုက်ပါဦးမယ်။ နောက်ဘဝမှာမှ နိဗ္ဗာန်ကို ရောက်ချင်တာပါလို့ ဆိုကြတယ်။ အချို့ကလည်း နောက်ဘဝမှာလည်း နိဗ္ဗာန်ကို မရချင်သေးပါဘူး။ နောက်နှစ်ဘဝ၊ သုံးဘဝလောက်ပေါ့။ အချို့က နောက် (၇) ဘဝနေရင် အချို့က အတိအကျတောင် မပြောကြတော့ဘူး။ နောက်ဘဝဘ

www.burmeseclassic.com

www.burmeseclassic.com

တွေပြီးရင် နိဗ္ဗာန်ကို လိုချင်တယ်။ ကြားထဲမှာ ဗြဟ္မာဖြစ်ချင်သေးတယ်။ ကြားထဲမှာ နတ်ချမ်းသာ ဖြစ်ချင်သေးတယ်။ အနည်းဆုံး လူချမ်းသာတော့ ဘဝအတော်များများနေလိုက်ချင်သေးတယ်။ ပြီးမှသာ နိဗ္ဗာန်ကို ရောက်ချင်တာ။ အဆုံးစွန်ပေါ့၊ အဆုံးစွန်သောဘဝမှာပေါ့လို့ ပြောကြဆိုကြတွေးတောကြတယ်။

အဲဒီလို ပြောကြဆိုကြတွေးကြခြင်းကိုက နိဗ္ဗာန်ကို မရနိုင်တဲ့အချက်ပါဘဲ။ နိဗ္ဗာန်နဲ့ ကြာလေဝေးလေဖြစ်စေတော့တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ဘဝကို စွဲလမ်းတဲ့ ဘဝတဏှာ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကို ရချင်ဖြစ်ချင်တဲ့ ဝိဘဝတဏှာတွေရှိနေလို့ ဖြစ်ပါတယ်။ ဒါဟာ နိဗ္ဗာန်နဲ့ ဝေးသည်ထက် ဝေးသွားစေတဲ့အချက်ပဲ ဖြစ်ပါတယ်။

အချို့ကတော့လည်း အခြားသူတွေက အထင်သေးမှာစိုးလို့ နိဗ္ဗာန်ရောက်ရလိုပါ၏လို့ နှုတ်က ဆုတောင်းသော်လည်း စိတ်ကတော့ နိဗ္ဗာန်မရောက်ချင်သေးဘူး။ ဘယ်တော့မှလည်း နိဗ္ဗာန်ရောက်ဖို့ ရည်ရွယ်မထားဘူး။ လူချမ်းသာဘဝနဲ့ ကာမဂုဏ်စည်းစိမ်များကို ခံစား စံစားနေချင်တယ်။ နတ်ချမ်းသာဘဝနဲ့လည်း ကာမဂုဏ်စည်းစိမ်များကို ခံစားစံစားနေချင်တယ်။ အမြဲတမ်းပဲ လူတစ်လှည့်၊ နတ်တစ်လှည့်ဖြစ်သွားနေချင်တယ်။ ဒါကြောင့် ဘယ်သူမှ မသိအောင် ကျိတ်ပြီးတော့လည်း ကာမဂုဏ်အာရုံနှင့်ဆိုင်တဲ့ဆုအမျိုးကို တောင်းကြတယ်။

နှုတ်က ထုတ်ဖော်ဆုတောင်းရင်လည်း ဗုဒ္ဓဘာသာဝီဝီ သူများတကာကြားကောင်းအောင် ဤကုသိုလ်ကြောင့် နိဗ္ဗာန်ရပါလို၏။ ဘယ်တော့ရချင်တယ်လို့ အတိအကျမပါဘူး။ ဝတ်ကျေတမ်းကျေပဲ။ ပြီးတော့မှ ဆက်ပြီး နိဗ္ဗာန်မရမီစပ်ကြားတွင် ဆိုပြီးတော့ လူဖြစ်ရင်လည်း ဘယ်လိုဘယ်လို၊ နတ်ဖြစ်ရင်လည်း ဘယ်လိုဘယ်လိုဆိုပြီးတော့ အသေးစိတ် ခြယ်မှုန်း ဆုတောင်းကြတော့တာပါပဲ။

အဲဒါဟာ ဗုဒ္ဓ ဟောကြားခဲ့တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးကို စာတွေ့လောက်သာ သိရှိမှတ်သားပြီး တကယ်နှစ်နှစ်ကာကာထိုးထွင်းသဘောပေါက်မှု မရှိသေးလို့ပါဘဲ။ နတ်ဗြဟ္မာတွေက သက်တမ်းအရှည်ကြီးတွေပဲ။ ဗြဟ္မာတွေဆိုရင် ကပ်ကမ္ဘာတွေနဲ့ချီပြီးတော့ကို သက်တမ်းရှည်ကြတာ အနိစ္စဆိုတာ ရှိနိုင်ပါ့မလားလို့ တွေးတဲ့သူက တွေးကြတယ်။ အနိစ္စပဲဆိုရင် တောင်မှ ကာလအကြာကြီးနေမှ တွေ့ရတဲ့ အနိစ္စပဲလို့ တွေးကြတယ်။ ဒုက္ခ၊ အနတ္တတရားကိုလည်း ဒီလိုပဲ ပေါ့ပေါ့တွေးကြတယ်။ ဗုဒ္ဓ ဟောကြားခဲ့တဲ့ မနေ့ကနဲ့ ဒီနေ့မတူ၊ မနက်ကနဲ့ နေ့လယ်မတူ၊ စောစောကနဲ့ အခုမတူ။ ကောင်းသည်ဖြစ်စေ - ဆိုးသည်ဖြစ်စေ၊ မဆိုးမကောင်းသည်ဖြစ်စေ မနေ့က ဆိုတာ ပြန်စဉ်းစားမှသာ သိနိုင်တယ်။ တကယ်မရှိတော့။ ပျောက်ပျက်သွားပြီ။ မနက်ကဖြစ်ပျက်ခဲ့တာလည်း နေ့လယ်မှာ မရှိတော့။ စောစောကဆိုတာလည်း အခုမရှိတော့။ အခုဆိုတာကိုကပဲ ပြောရင်းပြောရင်းနှင့်ကို ပျောက်ပျက်သွားပြီ။ အတိတ်နဲ့ အနာဂတ်ဆိုတာပဲ သတ်မှတ်ကြည့်လို့ရတယ်။ ပစ္စုပ္ပန်ဆိုတာ တကယ်ကို ကြည့်လို့မရနိုင်ဘူး။ ပစ္စုပ္ပန်ကို ပညတ်ချက်နဲ့သာ ပြောလို့ရတယ်။ အကောင်အထည်ကို ဖော်ပြလို့ကို မရနိုင်ဘူး။ ယခု ဘယ်နှခုနှစ်၊ ယခု ဘာလ၊ ယနေ့ ဘယ်နှရက်၊ ယခု ဘယ်နှနာရီ စသည်ဖြင့်သာ သတ်မှတ်ချက်နဲ့ ပြောလို့ ရပေမယ့် ပရမတ္ထအားဖြင့် ကြည့်လို့ကို မရနိုင်ဘူး။ ပြောလို့ကို မရနိုင်ဘူး။ ပြလို့ကို မရနိုင်ဘူး။ အတိတ်နဲ့ အနာဂတ်ကြားမှာ ပစ္စုပ္ပန်ဟာ ချက်ချင်းချက်ချင်း ပျောက်ပျောက်သွားတယ်။ ပျက်ပျက်သွားတယ်။ အနာဂတ်-အနာဂတ်တွေသည် အတိတ် - အတိတ်ဖြစ်ဖြစ်သွားတယ်။ ပစ္စုပ္ပန်ရယ်လို့ တည်မနေဘူး။ သံသရာတစ်လျှောက်လုံး၊ ဘဝတစ်လျှောက်လုံးဖြစ်ခဲ့သမျှတွေကို အတိတ်အဖြစ် သတ်မှတ်လို့ရပေမယ့်လည်း တကယ်တော့ သတ်မှတ်ချက်ပဲ။ အတိတ် ဆိုတာ ပျက်သွားပြီ။ အခု တကယ်မရှိတော့ဘူး။ အနာဂတ်ဆိုတာလည်း မျှော်မှန်းပြီး သတ်မှတ်ချက်ပဲ။ အခုမဟုတ်သေးဘူး။ တကယ်မရှိသေးဘူး။ ဒီလိုဆိုရင် ဘာများတန်ဖိုးရှိလို့လဲ။ ဦးနှောက်အသိဉာဏ်က အတိတ်ကို ပြန်တွေးပြီး သာယာနေပေမယ်၊ ဝမ်းနည်းနေပေမယ်၊ ခံစားနေပေမယ့် အဲဒါ တကယ်မှမရှိတော့တာ၊ ဘယ်တော့မှလည်း ပြန်မတွေ့နိုင်တော့တာ၊ ပြန်မရနိုင်တော့တာ။ ဦးနှောက်အသိဉာဏ်က အနာဂတ်ကို ကြိုတွေးနေပေမယ့် အခုမဟုတ်သေးဘူး။ မရှိသေးဘူး။ မဖြစ်သေးဘူး။ အခုရှိနေတယ်ဆိုတဲ့ ပစ္စုပ္ပန်ကလည်း ပျောက်ပြီး ပျက်၊ ပျက်ပြီး ပျောက်နဲ့မို့ မက်မောစရာမရှိ၊ တန်ဖိုးမရှိပါဘူး။ ဒါဟာ အနိစ္စရဲ့ သဘောလက္ခဏာပါပဲ။

ဒုက္ခဆင်းရဲခြင်းဆိုတာကိုလည်း အထက်ပါ အနိစ္စလို အသေးစိတ်ပြောရမယ်ဆိုရင် အများကြီးပါပဲ။ လိုရင်းကို အတိုချုံးပြောပါဆိုရင်တော့ အရာရာဟာ အနိစ္စ အမြဲမရှိနိုင်ခြင်းသည်ကပင် ဒုက္ခပါပဲ။ အလားတူ အနတ္တကိုလည်း အသေးစိတ်ပြောရမယ်ဆိုရင် အများကြီးပါပဲ။ အတိုချုံးပြောရရင် အနိစ္စကို နိစ္စဖြစ်အောင်လုပ်လို့မရတာ၊ ဒုက္ခကိုမဖြစ်အောင်လုပ်ယူလို့မရတာ အနတ္တပါပဲ။ အစိုးမရနိုင်တာပါဘဲ။ မတတ်စွမ်းနိုင်တာပါဘဲ။

သာမန်လောကပဲဆိုတဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ သာမန်သဘောလောက်သာ လက္ခဏာရေးသုံးပါးကို သိပြီး မိမိတို့နှလုံးသား အသိတရားထဲမှာ စွဲမြဲစွာမရှိကြသေးတော့ နောက်ဘဝနောက်ဘဝတွေကို မျှော်မှန်းနေတုန်းပါပဲ။ အဲဒါဆိုရင်တော့ ကောင်းလေမလား၊ ကောင်းလိမ့်မယ်ထင်ပြီး အသစ်အသစ်သော အာရုံကို ရှာကြံနေကြတုန်းပါပဲ။ တရားဆိုတာကို မသိတာလည်း မဟုတ်ပါ။ သိပြီးတတ်ပြီးချည်းပါပဲ၊ ပြောလိုက်ရင်သိတယ်။ သိတာပေါ့၊ နားလည်တာပေါ့၊ ဘယ်ဆရာတော်ဆိုရင် ဘယ်လိုဟောတယ်၊ ဘယ်စာအုပ်ထဲမှာ ဘယ်လိုဖော်ပြထားတယ် စသည်ဖြင့် သူ့ကာတောင် ပြန်ပြီး တရားတွေဟောလိုက်လိမ့်ဦးမယ်။ သို့သော် အနာဂတ်ကိုတော့ မျှော်မှန်းနေကြဆဲပါပဲ။ နောက်ဘဝတွေကိုလည်း လိုချင်တမ်းတနေဆဲပါပဲ။ ဒါကြောင့်လည်း နိဗ္ဗာန်နဲ့ဝေးနေဆဲပါပဲ။ ဘယ်ဘဝ ဘယ်လိုဟာကိုမျှ တကယ်ကို မလိုချင်တော့ပါဘူးဆိုရင်၊ တကယ်ကို မရချင်တော့ပါဘူးဆိုရင်၊ တကယ်ကို မစွဲလမ်းတော့ပါဘူးဆိုရင် နိဗ္ဗာန်ကို တကယ် ရနိုင်ပါတော့တယ်။ နိဗ္ဗာန်နဲ့နီးသွားပါပြီ။

နိဗ္ဗာန်ကို တကယ်ရောက်ချင်၊ ရချင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဘယ်ကုသိုလ်ကောင်းမှုကိုပဲပြုပြု နိဗ္ဗာန်တစ်ခုတည်းကိုသာ ဆုတောင်းကြပါတယ်။ နိဗ္ဗာန်ရတဲ့ အာသဝက္ခယဉာဏ်ကိုသာ စိတ်ကိုညွှတ်ထားကြပါတယ်။ မရသေးခင်စပ်ကြားမှာ ဘာညာဆိုပြီးတော့လည်း မတောင့်တတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါမှ ဗုဒ္ဓဘာသာရဲ့အနှစ်သာရပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါတယ်။ လောဘတွေ၊ ဒေါသတွေ ခြံရံနေသရွေ့ ဗုဒ္ဓဘာသာဝင်စစ်စစ်မဖြစ်သေးပါဘူး။ လောဘ၊ ဒေါသ ဆိုတာတည်းက မောဟရှိနေလို့ပါပဲ။ အဝိဇ္ဇာနဲ့ တဏှာရှိနေလို့ပါပဲ။ ဗုဒ္ဓက မောဟတရားတွေကွယ်ပျောက်အောင်၊ အဝိဇ္ဇာနဲ့ တဏှာတွေ ကွယ်ပျောက်အောင် ဟောညွှန်ပြသခဲ့ပါသော်လည်း ပုထုဇဉ်တွေကတော့ တရားထိုင်တယ်၊ တရားအားထုတ်တယ်လို့ဆိုပြီး လောကီအကျိုး စီးပွားချမ်းသာကို မျှော်မှန်းအားထုတ်နေကြတယ်။ နောက်ဘဝ နောက်ဘဝ နောက်ဘဝဆိုပြီးတော့ ချမ်းသာအမျိုးမျိုးကို မျှော်မှန်းအားထုတ်နေကြတယ်။

တစ်ခုတော့ အရေးကြီးတာ ပြောလိုပါတယ်။ ဘုရားဆုပန်ပုဂ္ဂိုလ်များသို့မဟုတ် ဘုရားပွင့်သောအခါမှာ အဂ္ဂသာဝက၊ မဟာသာဝကဖြစ်ရန်ဆုပန်သောပုဂ္ဂိုလ်များ၊ ပစ္စေကဗုဒ္ဓါဖြစ်ရန် ဆုပန်သောပုဂ္ဂိုလ်များကိုတော့ ဘဝချမ်းသာအမျိုးမျိုးကို မျှော်မှန်းအားထုတ်ကြတယ်လို့ မပြောရပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီပုဂ္ဂိုလ်တွေကတော့ မိမိကိုယ်ကျိုးမပါကြလို့ပါဘဲ။ တဏှာ၊ မာန၊ ဒိဋ္ဌိတွေမပါဝင်ဘဲ ပါရမီတွေကို ဖြည့်ဆည်းကြတဲ့၊ သန့်စင်တဲ့ ပါရမီရှင်များကြလို့ပါပဲ။

ပကတိသာဝကအဖြစ်နဲ့ နိဗ္ဗာန်ကိုရလိုတယ်ဆိုရင်တော့ ယခုတစ်ဘဝတည်းနှင့်ပင် နိဗ္ဗာန်ရနိုင်ကြောင်း ဗုဒ္ဓဟောကြားခဲ့တယ်လို့ စာပေကျမ်းဂန်တွေမှာလည်း တွေ့ရှိရပါတယ်။ သံဃာတော်ကြီးများကလည်း ဟောကြားခဲ့ပါတယ်။ ဘယ်တဏှာကိုမှလည်း မနှစ်သက်တော့ဘူး။ ဘယ်ဘဝကိုမှလည်း မလိုချင်တော့ဘူးဆိုရင် နိဗ္ဗာန်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီဘဝကုန်ဆုံးရင် နိဗ္ဗာန်ကို ရရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် နိဗ္ဗာန်ကို ရရှိဖို့ဆိုတာက ဒီလိုပြောလိုက်လို့ လွယ်လွယ်လေးဆိုသော်လည်း တဏှာကို ပယ်သတ်ဖို့ဆိုတာ ပုထုဇဉ်တို့အဖို့ အတော်ခက်ခဲလှပါတယ်။ ကာမတဏှာ၊ ဘဝတဏှာ၊ဝိဘဝတဏှာကို အကြွင်းမရှိစေအောင် ပယ်သတ်ရမှာ ဖြစ်ပါတယ်။ ပုထုဇဉ်အနေနဲ့ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတွေကို ပယ်သတ်ချင်တဲ့စိတ်ရှိဖို့က အရေးကြီးလှပါတယ်။ ဘယ်ဘုံဘယ်ဘဝ၊ ဘယ်စည်းစိမ်ချမ်းသာ၊ ဘယ်ကာမဂုဏ်၊ ဘယ်အာရုံဆိုတာမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့မကင်းဘူးလို့ ပါးစပ်ပြောမဟုတ်။ စိတ်ကကို သိရှိသဘောပေါက်သွားဖို့လိုပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးနဲ့ကြည့်ရင် အရာရာဟာ ငြီးငွေ့ဖွယ်သာဖြစ်တာကို စိတ်ထဲကကို သိရှိသဘောပေါက်နေဖို့ လိုပါတယ်။ ဒါမှသာ တရားထိုင်လို့ရမှာ ဖြစ်ပါတယ်။

ကျွန်တော် တရားထိုင်တော့မယ်ဆိုရင် စိတ်ကို ကြည့်လင်အောင် အရင်ပြုလုပ်ပါတယ်။ စားဝတ်နေရေး၊ လူမှုရေးလုပ်ငန်းတွေလုပ်နေရာကနေ အချိန်ရလို့ ချက်ချင်းတရားထိုင်မယ်ဆိုရင် စိတ်တည်ကြည်မှု၊ စိတ်တည်ငြိမ်မှု မရနိုင်သေးတဲ့အတွက် တရားထိုင်လို့ မဖြစ်ပါဘူး။ တီဗွီတွေကြည့်၊ စာတွေဖတ်၊ မိတ်ဆွေတွေနှင့်ဝိုင်းဖွဲ့စကားပြော၊ အာရုံတွေများနေရာကနေ ချက်ချင်း တရားထိုင်လို့ကလည်း စိတ်တည်ငြိမ်မှု၊ စိတ်တည်ကြည်မှု မရနိုင်ပါဘူး။ စိတ်တည်ကြည်မှု သမာဓိသည် ကမ္မဋ္ဌာန်းထိုင်ရင်၊ ကသိုဏ်းရှုရင်၊ အနုပဿနာရှုရင် အရေးကြီးလှပါတယ်။ သမာဓိမရရင် လောကီဈာန်၊ လောကုတ္တရာဈာန်ကို မရနိုင်ပါဘူး။ ဒါကြောင့် တရားထိုင်ရင် သမာဓိရအောင် ပထမဦးစွာ စိတ်ကိုဆေးကြောဖို့ လိုအပ်ပါတယ်။ လောကီအာရုံထဲမှ စိတ်ကိုဆွဲတင်လိုက်ရမှာဖြစ်ပါတယ်။

ဇာတ်ပွဲတစ်ခု ကပြစဉ်မှာ ပထမတင်ဆက်တဲ့ ဇာတ်ဝင်ခန်းတစ်ခု ပြီးသွားလို့ ဒုတိယဇာတ်ဝင်ခန်းကို တင်ဆက်တော့မယ်ဆိုရင် ကြားမှာ ပြည်ဖုံးကားချပြီး စောစောက ပထမဇာတ်ဝင်ခန်းရဲ့ တီးလုံးတီးကွက်ကို အစပြုရင်း ကားလိပ်ဖွင့်၊ ပရိသတ်ကြီးရဲ့ အာရုံကို တစ်ခုမှတစ်ခုသို့ ကူးပြောင်းဝင်စားလာအောင်လုပ်ရသလိုလိုပါပဲ။ ဒါက ဥပမာပေးတာပါ။ အာရုံငါးပါး၊ စိတ်ထဲက အာရုံနှင့်ဆိုရင် အာရုံ(၆)ပါးမှာ နစ်မြောတဲ့စိတ်ကို ဝိပဿနာအာရုံကို ပြောင်းလဲဝင်စားစေဖို့အတွက် စိတ်ကြည်လင်သွားအောင် အရင်လုပ်ရပါတယ်။

ကျွန်တော်က ရတနာသုံးပါးကို အရင်ကန်တော့ပါတယ်။ဘုရားကျောင်းဆောင်ရှေ့မှာဆိုရင်တော့ ဦးချကန်တော့တာပေါ့။ တစ်နေရာရာမှာ ရပ်နေ၊ သွားနေလို့ဖြစ်စေ၊ ကားစီးနေလို့ဖြစ်စေဆိုရင်တော့ စိတ်က ရည်မှန်းပြီး ကန်တော့တာပေါ့။ ဗုဒ္ဓံသရဏံဂစ္ဆာမိလို့ ရွတ်နေစဉ်မှာ ဘုရားရှင်ရဲ့ဝေနေယျသတ္တဝါတွေအပေါ်မှာထားရှိတဲ့ မဟာကရုဏာတော်ကြီး၊ ဘုရားဖြစ်ရန် စိတ်ကကြံခဲ့တဲ့ (၇) သင်္ချေကာလ၊နှုတ်ကဖွင့်ဟထုတ်ဖော်ဆုတောင်းခဲ့တဲ့ (၉)သင်္ချေကာလ၊ ကိုယ်ရောစိတ်ပါ ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့်တကွ ပါရမီ(၁၀)ပါး၊ အပြား(၃၀)ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် ခဲရာခဲဆစ် ကျင့်ကြံအားထုတ်ခဲ့တဲ့ပါရမီတော်ကြီး၊ ဘုရားဖြစ်တော်မူတဲ့အခါ ရရှိတော်မူတဲ့ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရည်မှန်းအာရုံပြုပါတယ်။ အလေ့အကျင့်ရရင် နှလုံးသွင်းရတာ လွယ်ကူမြန်ဆန်ပါတယ်။ ဗုဒ္ဓံ-ဗုဒ္ဓလို့ရွတ်ဆိုတိုင်း စိတ်က မဟာကရုဏာတော်ရှင်၊ မဟာပါရမီတော်ရှင်၊ သဗ္ဗညုတဉာဏ်တော်ရှင်လို့ သဘောမနောပေါက်လိုက်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ဗုဒ္ဓံသရဏံဂစ္ဆာမိလို့ လေးလေးနက်နက် ပီပီသသရွတ်ဆိုပါတယ်။ လွတ်လပ်တဲ့နေရာဆိုရင် အသံထွက်လို့ပေါ့။ အသံတိတ်သင့်တဲ့နေရာဆိုရင်တော့ စိတ်ထဲက လေးလေးနက်နက် အာရုံပြု ရွတ်ဆိုတာပေါ့။

ဓမ္မံသရဏံဂစ္ဆာမိဆိုရင်လည်း ဗုဒ္ဓဟောကြားခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ နိကာယ်အားဖြင့် ငါးရပ်ဖြစ်သော၊ သတ္တဝါများကို ကိုယ်စိတ်နှစ်ပါး ချမ်းသာစေသော ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာ ဆိုပြီး အာရုံပြုပါတယ်။ အလေ့အကျင့်ရရင် ဓမ္မံ-ဓမ္မလို့ဆိုတိုင်း စိတ်က အဲဒီလိုသဘောပေါက်နေပြီး ဓမ္မံသရဏံ ဂစ္ဆာမိလို့ လေးနက်ပီသစွာ ရွတ်ဆိုပါတယ်။

သံဃံသရဏံဂစ္ဆာမိ ဆိုရင်လည်း ဂေါတမဘုရားရှင် သာသနာတော်မှာ သံဃာအားဖြင့် အရှင်ကောဏ္ဍညမထေရ်က စ,ပါတယ်။ ဘုရားပရိနိဗ္ဗာန်ပြုသွားတဲ့အခါ သုတ်၊ဝိနည်း၊အဘိဓမ္မာတို့ကို နောင်လာနောက်သားတို့ ကျက်မှတ်ရလွယ်အောင်၊ လက်ဆင့်ကမ်းပြီး သာသနာပြုရ လွယ်ကူအောင် နိကာယ်ငါးရပ်အဖြစ်ပြုခဲ့ကြတဲ့ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ ရဟန္တာမထေရ်မြတ်တို့မှစ၍ ယနေ့တိုင် ကျွန်တော်တို့ရဲ့ အသိဉာဏ်အာရုံ နှလုံးသားထိ ပျံ့နှံ့ရောက်ရှိအောင် ခေတ်အဆက်ဆက် နှုတ်တိုက်အာဂုံဆောင်လက်ဆင့်ကမ်း သယ်ဆောင်ပေးခဲ့ကြပါကုန်သော၊ သတ္တဝါတို့ ကုသိုလ်ပြုရာမှာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တော်မူသော သံဃာဆိုပြီး အာရုံပြုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို သဘောပေါက် နားလည်စွာနဲ့ အလေ့အကျင့်ရလာရင် သံဃံ-သံဃာ လို့ ရွတ်ဆိုလိုက်တာနဲ့ အထက်ပါအချက်များကို ခြုံငုံပြီး သဘောပေါက်နေမှာဖြစ်ပါတယ်။ သံဃံသရဏံဂစ္ဆာမိလို့ လေးနက်ပီသစွာ ရွတ်ဆိုပါတယ်။ အချိန်ရရင် ရသလို အမိ၊ အဖ၊ ဆရာသမားတွေ ကျေးဇူးရှိသူတွေကိုပါ ရည်မှန်းကန်တော့ပါတယ်။

လေးလေးနက်နက်မရှိဘဲ လုပ်ရိုးလုပ်စဉ် ဝတ်ကျေတန်းကျေဆိုရင်တော့ စိတ်ထဲမှာ ကြည်လင်ငြိမ်းအေးလာမှာ မဟုတ်ပါဘူး၊ လေးလေးနက်နက်နဲ့ ဘကယ်ကို အထက်ကပြောသလို စိတ်ကိုညွတ်ပြီး အာရုံပြုလိုက်ရင်လိုက်ရင် စိတ်ထဲမှာ ကြည်လင်ငြိမ်းအေးမှုတွေရှိလာမှာ ဖြစ်ပါတယ်။ အဲဒါရှေ့ဆက်လုပ်မယ့် ဘာဝနာကျင့်စဉ်တွေအတွက် အားပါပဲ။

အလေ့အကျင့်တွေ များလာရင် အထက်က ပြောခဲ့တာတွေကို အချိန်တိုတိုလေးအတွင်းမှာ လုပ်လာနိုင်ပါတယ်။ စိတ်ကကြည်လင်အောင် ချက်ချင်းလုပ်လာနိုင်ပါတယ်။ အခြားဘာကိုမှမတွေးတော့ဘူး။ စိတ်ကိုအလိုလိုက်ပြီး လွှတ်ထားရင် မနိုင့်တော့ပါဘူး။ တစ်စုံတစ်ခုသော အာရုံထဲမှာ စိတ်ကို တည်မြဲနေအောင်လုပ်ဖို့ အလွန်ခက်ခဲပါတယ်။ လွှတ်ထားမြဲလွှတ်ထားတဲ့အကျင့်ကိုပါနေလို့ပါပဲ။ မိမိကအောင်မြင်အောင်လုပ်ချင်တဲ့ အာသီသတွေပြင်းပြဖို့ လိုအပ်ပါတယ်။ အောင်မြင်ချင်တဲ့ အာသီသတွေ ပြင်းပြလာရင်တော့ စိတ်ကို တစ်စုံတစ်ခုသောအာရုံမှာ တည်မြဲနေအောင် လုပ်ဖို့ လွယ်ကူပါလိမ့်မယ်။ စိတ်ကိုထိန်းကြည့်ပါ။ ပထမတော့ ခက်ခဲနေပါလိမ့်မယ်။ နောက်တော့ လေ့ကျင့်ဖန်များလာရင် ဖြည်းဖြည်းနဲ့ ထိန်းချုပ်လို့ရလာပါလိမ့်မယ်။ အဲဒါ သမာဓိကို ထူထောင်ခြင်းပါပဲ။

ဘုရားလို့ရွတ်ဆိုရင် ဘုရားဆိုတဲ့ အာရုံထဲမှာ စိတ်က တည်ကြည်နေရမယ်၊ တရားလို့ ရွတ်ဆိုရင်လည်း ထိုအတိုင်းပါပဲ။ သံဃာလို့ ရွတ်ဆိုရင်လည်း ထိုအတိုင်းပါပဲ။

ကျွန်တော် သရဏဂုံသုံးပါးကို အထက်က နည်းအတိုင်း ရွတ်ဆိုပူဇော်ပြီးတဲ့အခါ အချိန်ရရင်လည်း အမိ၊ အဖ၊ ဆရာသမား ကျေးဇူးရှိသူတွေကို ကန်တော့ပြီးတဲ့အခါ ဆက်ပြီးတော့ ဗြဟ္မဝိဟာရတရားလေးပါးကို ဆောက်တည်ပါတယ်။ ဒါလည်းပဲ စိတ်ကို ကြည်လင်လာအောင်၊ တည်ငြိမ်အေးချမ်းလာအောင်လုပ်ခြင်း ဖြစ်ပါတယ်။

ပထမ မေတ္တာကို တည်ဆောက်ပွားများပါတယ်။ မေတ္တာကို ပွားများရင် ဦးစွာ မိမိကိုယ်ကို၊ နောက်မိမိအနီးအနားရှိသူတို့ကို၊ နောက်မိမိနှင့်အလှမ်းဝေးကွာသူတို့ကို၊ နောက်တော့ မြင်ရသူ, မမြင်ရသူ၊ မြင်အပ်သူ, မမြင်အပ်သူ စသည်ဖြင့် အနီးမှ အဝေး စကြဝဠာအဆုံးအထိ မေတ္တာပို့ရမယ်လို့ ဆရာတော်ကြီးများ ဟောညွှန်ပြကြပါတယ်။ အဲဒီလို လုပ်ပါတယ်။ မိမိကိုယ်ကို မေတ္တာပို့တာ အတ္တဆန်တာမဟုတ်ပါဘူး။ လောကကြီးဟာ ပညတ်ချက်တွေကြောင့်သာ ငါဆိုတာလည်းမရှိဘူး။ ရှေးကံကြောင့်ဖြစ်တဲ့ ရုပ်နဲ့ နာမ်သာပဲ မိမိကိုယ်မိမိ ငါရယ်လို့ မသတ်မှတ်ဘဲ ရုပ်၊နာမ်တစ်စုံလို့ မှတ်ယူပြီးမှ မေတ္တာပို့ရမှာပါ။ ဒီလို မိမိနဲ့ သူတစ်ပါး မခွဲခြားဘဲ တစ်ပြေးညီညီ မေတ္တာပို့ရပါမယ်။ ကိုယ်နဲ့ထပ်တူ စာနာမှုတွေရှိရပါတယ်။ ကိုယ့်ကိုယ်ကိုယ်ချစ်တာနဲ့ အနီးမှသူ၊ အဝေးမှသူ၊ မြင်ရသူ၊ မမြင်ရသူကို ချစ်တာပမာဏတူညီရပါမယ်။ ကိုယ့်ကို ဟုတ်သည်၊ မဟုတ်သည်၊ သူများ ဖြစ်သည်၊ မဖြစ်သည်ကို မခွဲခြားရပါဘူး။ တစ်ပြေးညီညီနှင့် မေတ္တာစိတ်ကို စူးရှသည်ထက် စူးရှအောင်၊ အာနိသင်ပြင်းထက်ပြင်းအောင် ပို့ရပါမယ်၊ ဆွေမျိုးသူစိမ်းမခွဲခြားမိစေနဲ့။ မိတ်ဆွေ၊ ရန်သူ မခွဲခြားမိစေနဲ့။ စိတ်ထဲမှာ ငါ့သား၊ ငါ့သမီး၊ ငါ့မိန်းမ၊ ငါ့ယောက်ျားလို့ မပေါ်လာစေနဲ့။ လူ၊ တိရစ္ဆာန်၊ နတ်၊ ဗြဟ္မာ မခွဲခြားမိစေနဲ့။ မိမိတည်ရာအရပ်မှ အထက်၊ အောက်၊ ဘေး၊ ဘယ်၊ ညာ၊ ရှေ့၊ နောက် စကြဝဠာအဆုံးထိ ကိုယ်နှင့်ထပ်တူဖြစ်သော မေတ္တာ၊ ဖြူစင်သောမေတ္တာ၊ တစ်ဖက်သားအားလုံးကို ကောင်းစားစေလိုသော မေတ္တာ၊ အေးချမ်းစေလိုသောမေတ္တာကို ပို့သလိုက်ရမှာ ဖြစ်ပါတယ်။

ကရုဏာကတော့ သနားခြင်းဖြစ်ပါတယ်။ ငါ၊ သူတစ်ပါး၊ လူ၊ တိရစ္ဆာန် မခွဲခြားဘဲ ထပ်တူ၊ ပမာဏအတိုင်းအဆ အတူတူ သနားကရုဏာစိတ်တွေ ဖြစ်ပေါ်စေရမှာ ဖြစ်ပါတယ်။ နေမကောင်းဖြစ်လို့ အိပ်ရာထဲလဲနေသူတွေ၊ ဆေးရုံတက်နေရသူတွေ သနားစရာပါပဲ။ ဆင်းရဲကျပ်တည်းမှုတွေကြောင့် မတန်တဆ ရှာကြံလုပ်ကိုင်စားသောက်နေရသူတွေလည်း သနားစရာပါပဲ။ ထောင်ကျအကျဉ်းကျနေသူတွေလည်း သနားစရာပါပဲ။ စစ်မြေပြင်မှာ တိုက်ပွဲဝင်နေကြရသူတွေလည်း သနားစရာပါပဲ။ အသက်နဲ့ ခန္ဓာကိုယ် တည်မြဲဖို့အတွက် ဘေးအန္တရာယ်တွေကြားက ရှန်းကန်ပြေးလွှားနေကြရတဲ့ ကုန်းနေ၊ ရေနေ၊ လေနေသတ္တဝါတွေ၊ တိရစ္ဆာန်တွေ သနားဖွယ်ပါပဲ။ တစာစာ စာကျက်နေကြရတဲ့ ကျောင်းသားလူငယ်တွေ၊ မိုးထဲလေထဲ ရေထဲမရှောင် တကုန်းကုန်းနဲ့ အလုပ်လုပ်နေကြရတဲ့လယ်သမားတွေ၊ အလုပ်သမားတွေ စသည် စသည်ဖြင့် သနားစရာတွေချည်းပါပဲ။ အဲဒီလို သနားဖွယ်ရာကို မြင်အောင်ရှုပြီး ကရုဏာဆိုတဲ့ ဗြဟ္မစိုရ်တရားကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။

နတ်တွေဗြဟ္မာတွေကျတော့ကော ဘာသနားစရာတွေရှိနေလို့လဲ မေးရင် သနားစရာတွေရှိနေတာပါပဲ။ ကိုယ်က သူတို့နဲ့ မနီးစပ် မတွေ့ရလို့ မသိပေမယ့်လည်း နတ်တွေမှာလည်း နတ်ဒုက္ခ၊ ဗြဟ္မာတွေမှာလည်း ဗြဟ္မာဒုက္ခတွေရှိနေကြမှာ သေချာပါတယ်။ နတ်ဘဝကုန်ဆုံးလို့ နတ်ပြန်ဖြစ်ရင် တော်သေးရဲ့။ နတ်ဘဝကုန်ဆုံးလို့ အပါယ်ဘုံရောက်သွားရင် ဘယ့်နှယ်လုပ်မလဲ။ သနားစရာပဲပေါ့။ စုတေခါနီးနတ်ဟာ ဘယ်လောက်စိတ်ဆင်းရဲနေလိုက်မလဲ။ အားလုံးစုခြုံပေါင်းစည်းပြီး စဉ်းစားလိုက်ရင် (၃၁) ဘုံသားအားလုံးဟာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေရှိနေတာကိုက သနားစရာပါပဲ။ အဲဒီလို ကရုဏာဗြဟ္မစိုရ်တရားကို တည်ဆောက် ပွားများရမှာ ဖြစ်ပါတယ်။

မုဒိတာက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတာပါပဲ။ တစ်စုံတစ်ယောက် ကောင်းတဲ့အကျိုး ခံစားရတယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာဖြစ်ရတာပါပဲ။ ကျေးငှက်သာရကာလေးတွေ သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်တွေမှာ နားခိုရင်းနဲ့ မိသားစုလိုက်၊ အုပ်စုလိုက် ဝိုင်းဖွဲ့စားသောက်နားနေပြီး သာယာစွာအော်မြည်နေကြတာကိုတွေ့ရင်လည်း မုဒိတာဖြစ်ရမှာပါပဲ။ ဩော် - သူတို့တစ်တွေ အသက်ရှည်ပြီး ကျန်းမာစွာရှိနေကြတာပါလားလို့ မုဒိတာဖြစ်ရတာပေါ့။ ငါးတွေ ရေထဲမှာ တွေ့ရရင်လည်း ဒီလိုပဲ ဖြစ်ရမှာပါပဲ။ ဈေးတွေ၊ ကျောင်းတွေ၊ ပန်းခြံတွေမှာ ဈေးရောင်းသူနှင့် ဈေးဝယ်သူတွေ၊ ကျောင်းသား၊ ကျောင်းသူတွေနှင့် ဆရာ၊ ဆရာမတွေ၊ မိသားစု

www.burmeseclassic.com

တွေစည်ကားစွာတွေ့ရရင်လည်း သြော်-သူတို့လည်း သူတို့ရဲ့ ကိုယ်စိတ်နှစ်ပါးကို ချမ်းသာအောင် ဆောင်ရွက်နေထိုင်နေကြတာပါလားလို့ မုဒိတာပွားရတာပါပဲ။ စေတီပုထိုးတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ တရားရိပ်သာတွေဆိုရင်လည်း ဒီလိုပဲ ဘုန်းတော်ကြီးတွေ၊ သူတော်စင်တွေ၊ တရားထိုင်သူတွေကို မုဒိတာပွားရတာပါပဲ။

ဒါပေမယ့် တကယ်တော့ ကိုယ်က ဝေနေယျသတ္တဝါတွေအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ ဘယ်လိုပင်ပွားစေကာမူ မေတ္တာပွားတဲ့အကျိုး၊ ကရုဏာထားတဲ့အကျိုး၊ မုဒိတာပွားတဲ့အကျိုးကျေးဇူးကို ကိုယ်ကတော့ သေချာစွာ ကုသိုလ်ပြန်လည်ရရှိခံစားရသော်လည်း သူတို့တစ်တွေကတော့ အဲဒီအကျိုးကျေးဇူးကို သိချင်မှသိကြမယ်။ ခံစားချင်မှ ခံစားကြရပေလိမ့်မယ်။ ကိုယ်က မေတ္တာပွားလိုက်တာ၊ ကရုဏာထားလိုက်တာ၊ မုဒိတာပွားလိုက်တာကို သူတို့က သိကြတာ မဟုတ်ဘူးလေ။ ကိုယ်ကသာ ကိုယ့်စိတ်ကို ကိုယ်ကသိတာ၊ မသိရင် ဘယ်ရမလဲ။ သိမှရမှာပေါ့။ ဘုရား၊ ရဟန္တာများကတော့ သိမြင်တော်မူကြတယ်။ နတ်တွေကလည်း ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအကြားအမြင်တွေနဲ့ ဒီလူ မေတ္တာပွားနေတာကို သိနိုင်တယ်။ ဆိုလိုရင်းက မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားရင် ပွားတဲ့သူကိုယ်တိုင်က ထိုပွားများလိုက်တဲ့ကုသိုလ်အကျိုးကို ခံစားရသော်လည်း အပွားခံကြရသူ ဝေနေယျသတ္တဝါအားလုံးကတော့ ထိုကုသိုလ်အကျိုးကို ခံစားကြရတာ မဟုတ်။ သိတဲ့သူသာ ခံစားရမယ်။ မသိတဲ့သူက မခံစားရနိုင်၊ (၃၁)ဘုံတွင်ရှိကြကုန်သော မိမိအပါအဝင် ဝေနေယျသတ္တဝါအားလုံးတို့ဟာ အတိတ်ကာလက မိမိတို့ပြုခဲ့ကြသော ကုသိုလ်၊ အကုသိုလ်ကံတို့ကြောင့် ယခုအခါ အကောင်း၊ အဆိုး အကျိုးပေးမှုများ ရရှိခံစားနေကြရကုန်၏။ ယခုပြုလိုက်တဲ့ ကုသိုလ်၊ အကုသိုလ်ကံတို့ကြောင့် နောင်အနာဂတ်ကာလတွင် အကောင်း၊ အဆိုး၊ အကျိုးများကို ခံစားကြရပေဦးမည်။ ကံသာလျှင် အမိ၊ ကံသာလျှင် အဘပါတကား ဆိုပြီး မိမိအတွက်ဖြစ်စေ၊ ဝေနေယျသတ္တဝါတို့အပေါ်၌ဖြစ်စေ မည်သည့် ခံစားချက်ကိုမျှ မထားတော့ဘဲနေခြင်းသည် ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားဖြစ်ပါတယ်။ အဲဒီ ဥပေက္ခာရောက်သွားတဲ့အခါမှာ မိမိရဲ့စိတ်ဟာ အထူးကြည်လင်သွားပါတော့တယ်။ နေလို့ထိုင်လို့ ပိုကောင်းလာပါတယ်။ တည်ငြိမ်သွားပါတယ်။ ပိုလို့ အေးချမ်းသွားပါတယ်။ ဥပေက္ခာဗြဟ္မဝိဟာရနဲ့ ကြာကြာနေနိုင်လေ နေလို့ပိုကောင်းလေပါပဲ။

အဲဒီ ဥပေက္ခာတရားဆိုတာ အခုခေတ် အများပြောနေသလို နင့်ဟာနင်ဖြစ်ချင်ရာဖြစ်၊ ဒုက္ခပဲရောက်ရောက် ငါလှည့်မကြည့်ဘူးဆိုတဲ့ ခေတ်သုံးဥပေက္ခာမျိုး မဟုတ်ပါဘူး။ ပေယျာလကံဝကွက်၍ချန်မယ်ဆိုတဲ့ စကားမျိုးပြောတာ မဟုတ်ပါဘူး။ ရေနစ်တဲ့သူတွေ့ရင် ဥပေက္ခာဆိုပြီး ပစ်မထားရပါဘူး။ ရေနစ်တာကို ကိုယ်တိုင် ဆင်းကယ်နိုင်ရင် ကယ်ရမှာပေါ့။ ကိုယ်မဆင်းနိုင်ရင်လည်း ဘေးကတတ်နိုင်တဲ့သူတွေကို အကူအညီတောင်းပြီး ကယ်ရမှာပေါ့။ မီးလောင်နေတာ တွေ့ရင်လည်း ကိုယ့်ရှိတဲ့ရေပုံး၊ ရေခွက်၊ မီးချိတ်၊ မီးကပ်နဲ့သွားကူညီပေးရမှာပေါ့။ ကူညီသင့်ရင် ကူညီပေးရမှာပေါ့။ ဘာမှမလုပ်ဘဲ မလှုပ်မယှက်ထိုင်နေရမှာမျိုး မဟုတ်ပါဘူး။ ဥပေက္ခာဗြဟ္မဝိဟာရရဲ့သဘောက မိမိစိတ်မှာ ဘာခံစားချက်မှမရှိခြင်းဘဲ ဖြစ်ပါတယ်။ လုပ်သင့်တာကို လုပ်မယ်။ ပြောသင့်တာကို ပြောမယ်။ ကူညီသင့်တာကို ကူညီမယ်။ သို့သော် စိတ်မှာ ခံစားချက်မထားဘူး။ ကောင်းတယ်။ ကြိုက်တယ်။ ဝမ်းသာတယ်။ မကောင်းဘူး။ မကြိုက်ဘူး။ ဝမ်းနည်းတယ်။ လွမ်းတယ်။ဆွေးတယ်။ စိတ်နာတယ်။ သနားတယ် ဆိုတဲ့ စိတ်ခံစားချက်တွေမထားဘူး။ အဲဒီလို အကောင်း၊ အဆိုး လောကဓံတရားတွေ တွေ့ရကြုံရသော်လည်း ဘာကိုမှ စိတ်မှာ မခံစားတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရပါပဲ။

လောကမှာ ဆန့်ကျင်ဘက်နှစ်မျိုးဒွန်တွဲပြီး အားပြိုင်နေလေ့ရှိပါတယ်။ အနုတ်တစ်ရာဆိုလျှင် အပေါင်းတစ်ရာဖြစ်ပါတယ်။ အပေါင်းတစ်ဆယ်ဆိုလျှင်တော့ အနုတ်တစ်ဆယ်ပါပဲ။ အပေါင်းတစ် ဆိုရင် အနုတ် တစ်ပါပဲ။ ဘာမှအားမပြိုင်လျှင် သုညပဲပေါ့။ ဆိုလိုတာကတော့ စိတ်ပိုင်းခံစားချက်တစ်ခုကို ပြင်းပြင်းထန်ထန်ခံစားတတ်တဲ့သူ၊ မပြင်းမထန် အနေတော်လောက် ခံစားတတ်တဲ့သူ၊ တော်ရုံသင့်ရုံမျှသာ ခံစားတတ်တဲ့သူ၊ လုံးဝမခံစားတတ်တဲ့သူ အမျိုးမျိုးရှိရာမှာ ဝမ်းသာပျော်ရွှင်မှုတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားတတ်တဲ့သူဟာ ဝမ်းနည်း ကြေကွဲစရာတွေ့ရင်လည်း ပြင်းပြင်းထန်ထန် ခံစားရတတ်ပါတယ်။ ဝမ်းသာပျော်ရွှင်စရာတော့ ဟုတ်တာပေါ့။ ဒါပေမယ့် အနေတော်လောက်ပဲ ခံစားတတ်တဲ့သူဟာ ဝမ်းနည်းကြေကွဲစရာတွေ့ရင်လည်း အနေတော်လောက်ပဲ ခံစားရပါတယ်။ ဝမ်းသာစရာကို မတုန်မလှုပ်မခံစားဘဲ နေတတ်တဲ့သူဟာ ဝမ်းနည်းစရာကိုလည်း မတုန်မလှုပ်နေတတ်တဲ့ အကျင့်ဖြစ်လာအောင် လေ့ကျင့်ဖို့ လိုအပ်ပါတယ်။ ဥပေက္ခာဗြဟ္မဝိဟာရတရားနဲ့ လေ့ကျင့်ရမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ တရားရှုမှတ်ပုံကို အဲဒီလို အစပြုပါတယ်။ ဦးစွာပထမ ရတနာသုံးရဲ့ ဂုဏ်ကျေးဇူးတွေကို ရည်မှန်းလို့ ပူဇော်ကန်တော့ပါတယ်။ ဗုဒ္ဓံသရဏံဂစ္ဆာမိ အစပြုလို့ သရဏဂုံတည်လိုက်ပါတယ်။ ပြီးတော့ ဗြဟ္မဝိဟာရတရား(၄)ပါးကို ဆောက်တည် ပွားများပါတယ်။

စိတ်ဟာ တည်ငြိမ်မှုရှိသွားပါပြီ။ ပြီးတော့မှ တရားသဘောကို နှလုံးသွင်းဆင်ခြင်ပါတယ်။ မိမိကိုယ်မှာ ရုပ်နဲ့နာမ်နှစ်မျိုးသာရှိတယ်။ မိမိဟာ ရုပ်ခန္ဓာလေးပါးနဲ့ဖွဲ့စည်းထားတယ်။ ရုပ်ကလည်း ရုပ်ရဲ့သဘာဝအတိုင်း ဖြစ်ပျက်နေတယ်။ နာမ်ကလည်း နာမ်ရဲ့သဘာဝအတိုင်း ဖြစ်ပျက်နေတယ်။ အတိအကျပြောရရင်တော့ ဖြစ်တည်ပျက်ပေါ့။ ဒါပေမယ့် တည်တယ်ဆိုတာက အချိန်မကြာလှပါဘူး။ တဒင်္ဂလေးအတွင်းမှာပဲ ပျက်-ပျက်သွားတော့ ဖြစ်၊ ပျက်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ ပျက်သွားခဲ့တဲ့ ရုပ်အစိတ်အပိုင်းလေးတစ်ခုနေရာမှာ နောက်အသစ်ဖြစ်တဲ့ ရုပ်အစိတ်အပိုင်းလေးက နေရာယူ၊ အဲဒါလေး ပျက်တော့ နောက်ထပ်ဖြစ်၊ တောက်လျှောက်ကြည့်တော့ ဒီရုပ်ဟာ ဒီရုပ်ပဲလို့ ထင်ရပေမယ့် ပထမရုပ်က ပျက်ပြီး ပပျောက်သွားပြီ။ သူ့နေရာသူ အစားထိုးထိုးပြီး ထပ်ထပ်ဖြစ်နေလို့သာ ဒီရုပ်ကြီးရှိနေပါတယ်လို့ ထင်ရတာ။ အခုခေတ် တွေ့ရှိချက်တွေနဲ့လည်း ကိုက်ညီပါတယ်။ ဆေးပညာအရလည်း ကြည့်ပါလား။ အသွေး၊ အသား၊ အရေပြား၊ အရိုး၊ ဆံပင်၊ မွေးညင်း၊ ရေခံတ်၊ အပူ၊ အအေးဆိုတာတွေဟာ အသစ်တွေ ပျက်၊ ပျက်တဲ့နေရာ နောက်ထပ်အစားထိုး၊ အပေါ်ကအရေပြားဟောင်းတွေ သက်တမ်းကုန်လို့ အောက်ကထပ်ပေါ်လာ၊ အပေါ်က ပျက်စီးပျောက်

www.burmeseclassic.com

ကွယ်၊ ဆံပင်တွေ ရှည်ထွက်လာ၊ လက်သည်းဆိုလည်း ဒီအတိုင်းပဲ။ သွေးဟောင်းသွေးသစ်ဒီသဘောပဲ။ အဟောင်းအဟောင်းပျက်ပြီး အသစ်အသစ်တွေ ဖြစ်ဖြစ်လာတာကို ရှင်သန်တယ်လို့ ဆိုကြတယ်။ ကံရှိနေသေးသရွေ့ အသစ်အသစ်ဖြစ်နေသေးတာပေါ့။ ကံကုန်သွားရင် သေပြီပေါ့။ နာမ်ဆိုတာလည်း အဟောင်းပျက်လို့ အသစ်ဖြစ်တာပါပဲ။ ရုပ် ပဋိစ္စ နာမ် ပစ္စယတိ - မျက်စိက အာရုံတစ်ခုကို မြင်လိုက်၊ စိတ်က အာရုံကိုသိလိုက်၊ အာရုံကိုမြင်တဲ့ မျက်စိဆိုတဲ့ ရုပ်က အဟောင်းပျက် အသစ်ဖြစ်ဆက်တိုက်မြင်၊ အာရုံသိတဲ့ စိတ်ကလည်း အဟောင်းပျက် အသစ်ဖြစ် ဆက်တိုက်သိ၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်၊ အစားထိုးတာမြန်လွန်းတော့ တည်နေတယ်လို့ ထင်ရတာ။ ကံရှိနေတော့မြင်နေရတယ်။ ကြားနေရတယ်။ အနံ့ရနေတယ်ပေါ့။ ကံကုန်ရင် ရုပ်လည်းသေ၊ နာမ်လည်းသေ၊ စုတိဖြစ်သွားတာပေါ့။ ဒါပေမယ့် အဲဒီလို စုတိမှာပဲ ရုပ်မသွားဘဲနဲ့ ကံအသစ်ကြောင့် နောက်တစ်ဘဝ ပဋိသန္ဓေထပ်ဖြစ် ခန္ဓာကိုယ်ရလာပြန်။ ဒီလိုနဲ့ မဆုံးတော့ဘူး။ ကံအသစ်မရှိရင်တော့ ပဋိသန္ဓေထပ်မဖြစ်တော့ဘူးပေါ့။ ခန္ဓာထပ်မဖြစ်တော့ဘူးပေါ့။ ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါး ထပ်မဖြစ်တော့ဘူးပေါ့။ အဲဒါ နိဗ္ဗာန်ပဲပေါ့။

ကံဆိုတာက ကာယကံ၊ ဝစီကံ၊ မနောကံလို့ သုံးမျိုးရှိရာမှာ မနောကံစေတနာဟာ ကုသိုလ်၊ အကုသိုလ်ဖြစ်စေဖို့ အလွန် အရေးပါလှပါတယ်။ မီးကျောင်းကြီးကို သစ်တုံးထင်ပြီး ခုတ်လိုက်မိပေမယ့် မီးကျောင်းသာ သေချင်သေသွားမယ်။ ပါဏာတိပါတကံ မမြောက်ပါဘူး။ သစ်သားထင်လို့ ခုတ်မိတာ၊ မီးကျောင်းကြီးဖြစ်လို့ သေပါစေဆိုတဲ့ စိတ်မရှိပါဘူး။ ဗုဒ္ဓတရားတော်မှာ ကုသိုလ်ဖြစ်စေမယ့်ကံများ၊ အကုသိုလ်ဖြစ်စေမယ့် ကံများကို အသေးစိတ်အားဖြင့် ဟောကြားထားပါတယ်။

အကုသိုလ်ကံကိုမလုပ်ဖို့ ကုသိုလ်ကံကိုသာပြုဖို့၊ စိတ်ကို ဖြူစင်စွာထားဖို့ ဗုဒ္ဓကဟောကြားတော်မူခဲ့ပါတယ်။ ဒါက အကျဉ်းချုပ်ပါ။ ဒီလောကနဲ့တော့ ပုထုဇဉ်တို့ရဲ့ဉာဏ်မှာ မထင်သာမမြင်သာနိုင်လို့ ဗုဒ္ဓက သေးစိတ်ပြီး ဟောတော်မူရာမှာ ပိဋကတ်သုံးပုံရယ်လို့ ကျယ်ဝန်းနက်ရှိုင်းနေတာ ဖြစ်ပါတယ်။

အသေးစိတ်သာ ရှင်းပြဟောကြားခြင်းမပြုခဲ့ရင် ပုထုဇဉ်တို့ရဲ့ ဉာဏ်တိမ်တိမ်လေးနဲ့ အကုသိုလ်ကို ကုသိုလ်ထင်ပြီးပြုမိကြတာတွေ ရှိနိုင်တာပေါ့။ ဘီယာဘူးတွေ ဘုန်းကြီးကျောင်းသွားလှူသလိုမျိုးပေါ့။ ဘုန်းကြီးတွေက ဘီယာကိုသံဃာအား မလှူရကြောင်း၊ ပြန်လည်ရှင်းပြရသည့်အဖြစ်များ နယ်စပ်ဒေသမှာ သာသနာပြုတဲ့ဆရာတော်များက ကျွန်တော်ကို ပြန်လည်မိန့်ကြားကြတာ မှတ်သားခဲ့ဖူးပါတယ်။ ပြီးတော့ တစ်ခါစိတ်ကိုဖြူစင်စွာထားတာကလည်း ဘယ်လိုစိတ်မျိုးမှသာ ဖြူစင်တာအမှန်ဆိုတဲ့ အသေးစိတ် အနုစိတ်သဘောတရားတွေ ရှိပါတယ်။

အတိုချုံးရင်တော့ အကုသိုလ်မပြုနဲ့၊ ကုသိုလ်ပြု။ ကုသိုလ်ကိုပြုနိုင်သရွေ့ပြု။ စိတ်ကိုဖြူစင်စွာထားပေါ့။ ကုသိုလ်ပြုတဲ့အခါမှာ ဒီကုသိုလ်ကြောင့် ငါ့ရန်သူတွေ ပျက်စီးပါစေဆိုရင် ကုသိုလ်တော့ပြုပါရဲ့၊ စိတ်ကဘယ်ဖြူစင်ပါ့မလဲ။ ဒီကုသိုလ်ကြောင့် နတ်စည်းစိမ်ဆယ်သက် ခံစားပါရစေဆိုရင်လည်း စိတ်က ဘယ်ဖြူစင်ပါ့မလဲ။ ဒီကုသိုလ်ကြောင့် နိဗ္ဗာန်ရရှိရပါလို၏ဆိုရင် စိတ်ကဖြူစင်တာပေါ့။ ဒီကုသိုလ်ကြောင့် ဒုက္ခရောက်တဲ့သူကို ကူညီနိုင်ပါရစေဆိုရင်လည်း စိတ်ကဖြူစင်တာပေါ့။

စိတ်ကြည်လင်မှ စိတ်ဖြူစင်မယ်။ စိတ်ဖြူစင်မှလည်း စိတ်ကြည်လင်မယ်။ လိုချင်မှုတွေ၊အားမလိုအားမရဖြစ်မှုတွေ၊ စိတ်ဆိုးစိတ်ပျက်မှုတွေ၊ စိတ်ညစ်မှုတွေ ဖြစ်ပေါ်နေရင် စိတ်ကဘယ်လိုမှဖြူစင်ကြည်လင်မနေတော့ပါဘူး။ မိမိကိုယ်မှာ ခံစားချက်တွေ ဘာမှမရှိစေနဲ့။ ပထမတော့ ခံစားချက်မရှိအောင် နေရတာ ခက်ခဲနေလိမ့်မယ်။ အလေ့အကျင့်လုပ်ပြီး တည်ဆောက်ယူရမယ်။ ငါဆိုတဲ့ စိတ်ရှိနေရင်း ငါဆိုတဲ့ မာန်ရှိနေရင် ခံစားချက်တွေကရှိနေဦးမှာပဲ။ ငါဆိုတာကို ဖျောက်ရမယ်။ အရင်ကပြုခဲ့တဲ့ ကုသိုလ်တွေ၊ အကုသိုလ်တွေကစုပေါင်းပြီး ဒီရုပ်နဲ့ ဒီစိတ်ဖြစ်လာတာ။ အရင်က ငါဆိုတာက အခုမရှိတော့ဘူး။ သူ့ဘဝနဲ့သူ ငြိမ်းသွားခဲ့ပြီ။ လေမှာ ပျောက်ကွယ်ခဲ့ပြီးပြီ။

ဒါပေမယ့် အရင်က ပျောက်ကွယ်သွားပြီးတဲ့ ငါဆိုတဲ့ ရုပ်နဲ့နာမ်က လုပ်ခဲ့တဲ့ ကုသိုလ်တွေက အခု ငါဆိုတဲ့ ရုပ်နဲ့နာမ်ကို ကောင်းကျိုးတွေ၊ မကောင်းကျိုးတွေပေးနေတာ။ အဲဒီအကျိုးဆက်ကို ခံစားရင်း၊ စံစားရင်း ငါဆိုတဲ့ ရုပ်နှင့်နာမ်က ငါ-ငါဆိုပြီး ကုသိုလ်၊ အကုသိုလ်တွေ လုပ်မြဲတိုင်းလုပ်နေရင် နောင်အနာဂတ်၊ နောင်ဘဝတွေမှာလည်း ဒီကုသိုလ်၊ အကုသိုလ်တွေက ဆက်ပြီး အကျိုးပေးနေဦးမှာပဲ။ သံသရာက ရှည်မြဲတိုင်းရှည်နေဦးမှာပဲ။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေလည်နေဦးမှာပဲ။ အရင်ဘဝတွေဘဝတွေတုန်းက ကိုယ်ဘာဖြစ်ခဲ့တယ် ဆိုတာ အခုမသိတော့ဘူး။

အဲဒီတုန်းက ငါဆိုတာ ဘာတွေဖြစ်ခဲ့သလဲ။ ဘာတွေခံစားခဲ့ရသလဲ။ ဘာတွေစွဲလမ်းခဲ့ရသလဲ။ ဘာတွေလုပ်ခဲ့သလဲ။ အခုဘာမှမသိတော့ဘူး။ အခုက ရုပ်နဲ့နာမ်ကိုး။ ဒါပေမယ့် အရင်က ပျောက်ကွယ်သွားပြီးဖြစ်တဲ့ ငါဆိုတာက လုပ်ခဲ့သမျှ ကုသိုလ်၊ အကုသိုလ်ကိုတော့ အခု ငါဆိုတာက ခံစား၊ စံစားနေရတယ်။ ဒီကုသိုလ်၊ အကုသိုလ် အကျိုးအပြစ်ကို အခုမလိုချင်ပါဘူးလို့ဆိုလည်း မရဘူး။ ခံစားနေရတယ်။ ဒီဘဝဒီရုပ်နာမ်က ခံစားနေရတဲ့ အဆိုးအပြစ်ကြီးကို ဖျောက်ဖျက်လို့လည်း မရဘူး။ ယူပစ်လို့လည်းမရဘူး။ အတိတ်ကံတွေကုန်အောင်တော့ ခံစားနေရဦးမှာပဲ။

အရင်က ငါဆိုတာက မရှိတော့ပေမယ့် အဲဒီတုန်းက ငါဆိုတဲ့မာန်တွေ၊ အတ္တစွဲတွေနဲ့ လုပ်ထားခဲ့သမျှ ကံတွေကို အခု မခံစားချင်လည်းမရ ခံစားနေရတော့တာပဲ။ ဘာမှန်းမသိဘဲ၊ ဘယ်လိုလုပ်ခဲ့မိသလဲမသိဘဲ ခံစားနေရတော့တာပဲ။ အခုဘဝမှာလည်း အခုရတဲ့ ရုပ်နဲ့ နာမ်တို့နဲ့ အခုဖြစ်ပေါ်နေတဲ့ ငါဆိုတဲ့ စိတ်တွေက ငါပဲ၊ ငါပဲဆိုတဲ့ အတ္တတွေ၊ မာန်တွေနဲ့ ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် လုပ်ချင်သလိုလုပ်နေရင် နောက်ဘဝရောက်ပြန်တော့ နောက်ဘဝမှာရတဲ့ ရုပ်နဲ့ နာမ်တို့က နောက်ဘဝမှာ ဖြစ်ပေါ်လာဦးမယ့် ငါဆိုတဲ့စိတ်နဲ့ ဒီဘဝက ပြုသမျှ အဆိုး၊ အကောင်းတွေကို နောက်ဘဝမှာ ဘုမသိဘုမသိ ခံစားရဦးတော့မှာပဲ။

အဲဒီလိုအဖြစ်ခံမှာလား။ အဲဒီလို အဖြစ်မခံနိုင်တော့ဘူး။ လေမှာ ပျောက်ကွယ်သွားပြီးတဲ့ ငါဆိုတာက လုပ်ခဲ့သမျှ ဘဝတွေဘဝတွေက အကျိုးအပြစ်တွေကို အခုဘဝ ခံစားရတာ ဘာအဓိပ္ပာယ်ရှိမှာလဲ။ အခုဘဝ ငါဆိုတာကလည်း ဒီကံကုန်ရင် လေမှာ ပျောက်ကွယ်သွားဦးမှာပဲ။ နောက်ဖြစ်လာမယ့်ဘဝမှာ အခုလုပ်ခဲ့သမျှ အဆိုး၊ အကောင်းတွေကို နောင်ဖြစ်လာမယ့်ဘဝမှာ အခုလုပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သမျှ အဆိုး၊ အကောင်းတွေကို နောက်ဖြစ်လာမယ့် ရုပ်နဲ့နာမ်ကဆက်ပြီး ခံစားရရင်လည်း ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။

ဒီလိုနဲ့ပဲ သံသရာရှည်နေမှာလား။ ဒီသံသရာကြီးကလည်း ဘာများစွဲမက်ဖွယ်ရှိသလဲ။ ဒီကံတွေကိုကော ပြုမြဲပြုနေဦးမှာလား။ အရင်ဘဝက ကောင်းလိုက်တာ၊ ဆိုးလိုက်တာဆိုတာတွေ အခုဘဝကို ပါလာတာမှ မဟုတ်တာ။ အခုဘဝမှာ ကောင်းလိုက်တာ၊ ဆိုးလိုက်တာဆိုတာတွေလည်း နောက်ဘဝကိုယူသွားလို့မရတာ။ ကုသိုလ်၊ အကုသိုလ်တွေကပဲ လိုက်ပါနေတာ။ ဒါဆိုရင် နောင်ဘဝတွေဘဝတွေကို မျှော်လင့်မနေနဲ့တော့။ နောင်ဘဝတွေဘဝတွေကို တန်ဖိုးထားမနေနဲ့တော့။ ဘာမှသိတာမဟုတ်ဘဲ ခံစားရမှာလေ။

ဇာတိဿရဉာဏ်လိုမျိုး ဆုတောင်းလို့ရတယ်ဆိုပြန်လည်း အခုဘဝ အခုရုပ်၊ အခုနာမ်နဲ့ကြည့်တော့ အရင်ဘဝတွေတုန်းက ငါ ဆိုတာ အခုလိုရုပ်မျိုးမှမဟုတ်တာ၊ အခုလိုစိတ်မျိုးမှမဟုတ်တာ။ အခုဘဝ ယောကျ်ားဖြစ်ပေမယ့် အဲဒီတုန်းက မိန်မဖြစ်ချင်လည်း ဖြစ်ခဲ့မှာပေါ့။ အခုဘဝ လူဖြစ်ပေမယ့် အဲဒီတုန်းက တိရစ္ဆာန်ဖြစ်ချင်လည်း ဖြစ်ခဲ့မှာပေါ့။ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ ငရဲကျချင်လည်း ကျခဲ့မှာပေါ့။ ကိုယ်ဖြစ်ချင်ခဲ့တာဆိုပေမယ့် တခြားသူတစ်ဦးကိုကြည့်နေမြင်နေရသလို နေမှာပေါ့။ အဲဒီတော့ ဘဝဆိုတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။

ဒါဖြင့်ရင် ဒီဘဝရတဲ့ ရုပ်နဲ့နာမ်ကို ငါလို့ဆိုပြီး မာန်တက်ရင် အတ္တစိတ်တွေထားရင်ကော ဘာအဓိပ္ပာယ်ရှိမှာလဲ။ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဒါကြောင့် ငါ ဆိုတာကို ပယ်ဖျောက်ရမယ်။ ကံကြောင့်ဖြစ်လာတဲ့ ရုပ်၊ ကံကြောင့် ဖြစ်လာတဲ့ စိတ်လို့သာ မှတ်ယူရမယ်။

ငါဆိုတာ ပယ်ဖျောက်နိုင်တာနဲ့ ဝေဒနာတွေ အတော်သက်သာသွားတယ်။ ဝမ်းနည်းတယ်၊ သောကရောက်တယ်၊ ဆင်းရဲတယ်၊ စိုးရိမ်တယ်ဆိုတာတွေ လျော့ပါးလျော့ပါးသွားပြီ။ ပေါ့ပါးပေါ့ပါးလာတော့တယ်။ တစ်ခုတော့ရှိတယ်။ ဆန့်ကျင်ဘက်နှစ်ခု အမြဲတမ်းဒွန်တွဲတယ်။ ဝမ်းနည်းတာမရှိရင် ဝမ်းသာတာလည်း မဖြစ်တော့ဘူး။ ဆင်းရဲတယ်လို့မမြင်ရင် ချမ်းသာတယ်လို့လည်း မမြင်တော့ဘူး။ အဆိုးကို ခံစားချက်မရှိတော့ရင် အကောင်းကိုလည်း ခံစားချက်မရှိတော့ဘူး။ စိတ်ဟာ လန်းဆန်းကြည်လင်သလို ပေါ့ပါးသွက်လက်နေတော့တယ်။ အဲဒါ စွမ်းအားပြည့်ဝတဲ့ စိတ်ပဲ။ စွမ်းအားပြည့်ဝတဲ့ စိတ်နဲ့ တရားကို ရှုမှတ်ရင်း ပိုပြီး ထိရောက်အောင်မြင်နိုင်တာပေါ့။ စွမ်းအားပြည့်ဝတဲ့ စိတ်ကို တည်ဆောက်နိုင်ပြီဆိုရင် သမာဓိကို ထူထောင်လို့ ရတော့တာပေါ့။ သမာဓိရလျှင် ဧကဂ္ဂတာဖြစ်နိုင်တော့တာပါ။

လောကီကမ္မဋ္ဌာန်း (၄၀) ရှိတယ်။ လောကီကမ္မဋ္ဌာန်းကို ရှုမလား၊ လွယ်သွားတာပေါ့။ လောကုတ္တရာကမ္မဋ္ဌာန်းလို့ခေါ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်း(၃)ပါးကို ရှုမလား။ လက္ခဏာရေးသုံးပါး ရှုတာပေါ့။ ဉာဏ်စဉ်တက်ဖို့ လွယ်တာပေါ့။ လက္ခဏာရေးသုံးပါးကို ဘယ်လိုရှုမှာလဲ။ လက္ခဏာရေးသုံးပါးဆိုတာ အနိစ္စ-မမြဲခြင်း၊ အရာရာမမြဲခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း (ကိုယ်စိတ်ဆင်းရဲခြင်း) အနတ္တ-အစိုးမရခြင်းပါဘဲ။

ကာယာနုပဿနာသတိပဋ္ဌာန် ကိုယ်မှာဖြစ်တဲ့ မမြဲ၊ ဆင်းရဲ၊ အစိုးမရတာကို ရှုမလား။ ဝေဒနာနုပဿနာသတိပဋ္ဌာန် ခံစားရတဲ့ အဆိုး၊ အကောင်းတွေရဲ့ မမြဲ၊ ဆင်းရဲ၊ အစိုးမရတာကို ရှုမလား။ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ စိတ်ရဲ့ မမြဲ၊ ဆင်းရဲ၊ အစိုးမရတာကို ရှုမလား။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရုပ်နဲ့ နာမ်တို့ရဲ့ အတူယှဉ်တွဲပြီး ဖြစ်တဲ့ မမြဲ၊ ဆင်းရဲ၊ အစိုးမရတာကို ရှုမလား။ စိတ်နဲ့စေတသိက်ကို ပေါင်းစပ်ပြီး နာမ်လို့ခေါ်တယ်။ ရုပ်နဲ့ နာမ်ဆိုရင် ရုပ်ရယ် စိတ်ရယ်၊ စေတသိက်ရယ်ပေါ့။ အာရုံသိတာ, ခံစားတာက စိတ်၊ အာရုံသိအောင် ခံစားမိအောင် လှုံ့ဆော်ပေးနေတာက စေတသိက်ပါပဲ။ စိတ်၊ စေတသိက်နှင့် ရုပ်၊ နာမ်နှင့် ရုပ်၊ ဒီနှစ်ပါးပဲ ရှိတယ်။ တခြားဘာမှမရှိဘူး။ ဒီနှစ်ပါးမရှိရင် နိဗ္ဗာန်ပေါ့။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ရယ်လို့ ဒီလေးမျိုးကို အဘိဓမ္မာတရားတော်က ပရမတ္ထ-မဖောက်မပြန် အမြဲမှန်ကန်တဲ့ တရားလေးပါးလို့ ပြဆိုထားတယ်။ စိတ်၊ စေတသိက်၊ ရုပ် သုံးပါမရှိရင် နိဗ္ဗာန်ပေါ့။ ဒီဘဝမှာ စိတ်၊ စေတသိက်၊ ရုပ် ပရမတ္ထသုံးပါးရှိနေလို့ နိဗ္ဗာန်ကိုမရတာ။ နောက်ဘဝတွေမှာလည်း ဒီသုံးပါး ရှိနေသေးရင် နိဗ္ဗာန်ကိုမရသေးဘူးပေါ့။ ဗြဟ္မာ့ဘုံနှစ်ဆယ်၊ ရူပါဝစရဗြဟ္မာ့ဘုံထဲက အသညသတ်ဗြဟ္မာဘုံက စိတ်စေတသိက်မရှိဘူး။ ဒါပေမယ့် ရုပ်ကရှိနေတယ်။ ရုပ်ရှိနေတယ်ဆိုတော့ နိဗ္ဗာန်မဟုတ်ဘူး။ အခိုက်အတန့် ခံစားချက်တွေကင်းလွတ်နေတာ၊ အသက်ရှင်နေတဲ့ ရုပ်ကတော့ ရှိနေတယ်။ ကံက ရှိနေတယ်။ ကံက မပြတ်သေးဘူး။ အရူပဝစရဗြဟ္မာ့ဘုံ လေးဘုံဆိုရင်လည်း ရုပ်မရှိပေမယ့် နာမ်ကတော့ ရှိနေတယ်။ ဒါကြောင့် ကံကရှိနေတယ်။ ကံက မပြတ်သေးဘူး။ ဒါကြောင့် နိဗ္ဗာန် မဟုတ်ဘူး။ နိဗ္ဗာန် ဆိုတာ ဘုံမဟုတ်ဘူး။ ဘဝမဟုတ်ဘူး။ သင်္ခါရတရားတွေနဲ့ ကင်းလွတ်တာ။ ကံအကျိုးပေးမှုတွေနဲ့ ကင်းတယ်။ ကံအကျိုးပေးမှုတွေပြီးဆုံးသွားမှ နိဗ္ဗာန်ရတယ်။

ဒါကြောင့် ဘဝအသစ်ဖြစ်စေသောကံကို မပြုဖို့ အရေးကြီးပါတယ်။ အကုသိုလ်တွေလုပ်နေရင် အကုသိုလ်ကံက ရှိနေမှာပဲ။ ဘဝအသစ်ဖြစ်နေဦးမှာပဲ။ ကုသိုလ်ပြုရာမှာ ဘဝအသစ်ဖြစ်စေဖို့ ရည်ရွယ်တောင်းဆိုခြင်းလုံးဝမပြုလုပ်ဘဲ၊ ဘဝအသစ် ဆိုတာကို တပ်မက်တဲ့စိတ် လုံးဝမရှိဘဲ ဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုသာ ရည်မှန်းပြီး ပြုသင့်ပြုထိုက်တဲ့ကုသိုလ်ကိုပြုတာက ဘဝအသစ်ဖြစ်စေမယ့် ကံ မဟုတ်ဘူး။ နိဗ္ဗာန်ကိုသာ အကျိုးပေးမယ့်၊ အထောက်အကူပြုမယ့် ကံ ဖြစ်တယ်။ ရဟန္တာများဟာ ကုသိုလ်ကောင်းမှုတွေပြုရာမှာ ဘာအကျိုးကိုမှ မရည်ရွယ်ဘဲ ပြုသင့်ပြုထိုက်လို့ပြုခြင်းသာဖြစ်လို့ အဲဒါ ကုသိုလ်စိတ်လို့ မခေါ်ဘဲ ကြိယာစိတ်လို့ ခေါ်တယ်။

ဒါကြောင့် နိဗ္ဗာန်ကို ရလိုရင်၊ သုံးဆယ့်တစ်ဘုံမှ လွတ်မြောက်လိုရင် အကုသိုလ်မပြုနဲ့။ နိဗ္ဗာန်အကျိုးငှာ ဖြစ်သော၊ ပြုသင့်သော ကုသိုလ်ကို ပြုနိုင်သရွေ့ပြုပါ။ စိတ်ကိုဖြူစင်အောင်ထားပါ။

စိတ်ကို ဖြူစင်ကြည်လင်အောင် လုပ်ပါ။

ဖြူစင်ကြည်လင်တဲ့စိတ်နဲ့ မိမိရှေးရှုတဲ့အာရုံမှတစ်ပါး အခြားဘာအာရုံမှ မဝင်လာအောင်၊ မရောက်အောင် ကြိုးစားဆောက်တည်ပါ။ အဲဒါဟာ တည်ကြည်မှုဆိုတဲ့ သမာဓိပဲ။ တည်ကြည်မှုခဏလေးလောက်နဲ့၊ သမာဓိနည်းနည်းလေးလောက်နဲ့ မထိရောက်နိုင်ပါ။ တည်ကြည်မှု ဆိုတဲ့ သမာဓိကြာကြာ[illegible]နိုင်အောင် မိမိရှေးရှုသောအာရုံမှတစ်ပါး အခြားအာရုံတွေ ဝင်မလာအောင် စိတ်ကိုထိန်းပြီး ကြာကြာနေနိုင်အောင် ကြိုးစား တည်ဆောက်ပါ။ စိတ်[illegible] အလွန်ပေါ့ပါးနေပြီး အနှောင်[illegible]ဖွဲ့ ဘာ



www.burmeseclassic.com

www.burmeseclassic.com

မှုမရှိတော့သလိုလို လေထဲမှာ လွင့်မျောနေသလိုလို ခံစားရတယ်။ တစ်စုံတစ်ခုသောအာရုံ၌ စိုက်ဝင်တည်ကြည်နေခြင်းကို ဧကဂ္ဂတာလို့ အဘိဓမ္မာက ပြဆိုပါတယ်။

မိမိရှေးရှုတဲ့အာရုံ ဆိုတာက အသင့် တော်ဆုံးကတော့ အာနာပါနတမ္မဋ္ဌာန်းပါပဲ။ တခြားမလိုအပ်တဲ့ အာရုံအထူးထူးအပြားပြားဆီကို ရောက်မသွားစေနှင့်။ ထွက်သက်၊ ဝင်သက်ကို ရှုရှုပ်ရဲ့ဖြစ်ပျက်နေမှုကိုရှု၊ စပြီးအသက်ရှုနေပြီ။ ရှုနေဆဲ၊ ရှုလို့အဆုံးမှာရပ်သွားပြီ၊ ခဏနေဆဲ ပြန်ထုတ်ပြီ၊ ပြန်ထုတ်ပြီ၊ ပြန်ထုတ်နေဆဲ၊ ပြန်ထုတ်တာဆုံးတော့ ရပ်သွားပြီ။ ခဏရပ်နေဆဲ၊ ပြန်ပြီးအသက်ရှုပြီ၊ စိတ်ရဲ့ဖြစ်ပျက်နေမှုကို ထပ်ပြီးရှု အသက်ရှုသွင်းတဲ့အပေါ် စိတ်ကရောက်နေတယ်။ ရှုသွင်းတာကို သိနေတယ်။ သိနေဆဲ၊ သိနေဆဲ၊ ရှုတာဆုံးလို့ရပ်သွားတာသိနေဆဲ၊ ပြန်ထုတ်တာ သိနေဆဲ စသည်ဖြင့်ပါပဲ။ နာမ်နဲ့ ရုပ်နှစ်ပါးသာရှိတယ်။ ကျန်တာဘာမှမရှိ၊ ငါဆိုတာလည်းမရှိ၊ ရုပ်လှုပ်ရှားတိုင်း စိတ်ကမှတ်တယ်။ ရုပ်ဖြစ်တဲ့အတိုင်း စိတ်ကအတူလိုက်လို့ဖြစ်တယ်။ ရုပ်က ကောင်းရင် စိတ်ကကောင်းတယ်လို့ မှတ်တယ်။ ခံစားတယ်။ ရုပ်က ဆိုးရင် စိတ်ကဆိုးတယ်လို့မှတ်တယ်။ ခံစားတယ်။ စိတ်ကအဲဒီလိုခံစားတာမကောင်းဘူး။ မငြိမ်းအေးဘူး။ ဘာမှခံစားချက်မရှိတာ ကောင်းတယ်။ ငြိမ်းအေးတယ်။ မှတ်သာမှတ်ပါ။ မခံစားပါနဲ့။ ရုပ်ဖြစ်တိုင်း စိတ်ကလိုက်လို့ဖြစ်နေတာလောက်နဲ့သာရပ်ပါ။ အကောင်း၊ အဆိုး မသုံးသပ်ပါနဲ့။ မခံစားပါနှင့်။ ဥပေက္ခာပြုထားလိုက်ပါ။

အာနာပါနရှုနေရင်း ရုပ်နဲ့နာမ်နှစ်ပါးသာရှိပြီး ဒီနှစ်ခုဟာလည်း သူ့သဘောနဲ့ သူ့ဆောင်နေကြတာပဲ။ တခြားဘာမှမရှိဘူးလို့ သဘောပေါက်လာလိမ့်မယ်။ ဥပေက္ခာသဘောထားပြီး အဲဒီရုပ်နဲ့နာမ်ကိုပါ ဥပေက္ခာပြုလိုက်ရင် လွန်စွာမှ ငြိမ်းအေးတဲ့သဘောကိုတွေ့လိုက်ရပါတယ်။ အဲဒီသဘောဟာ နိဗ္ဗာန်ပဲပေါ့။ ရုပ်နဲ့နာမ်ချုပ်ငြိမ်းနေခိုက်မှာ ထိတွေ့ရတဲ့ နိဗ္ဗာန်ပေါ့။ ဒီလို နိဗ္ဗာန် ဆိုတဲ့ ဝိမုတ္တိချမ်းသာကို ထိတွေ့နေဆဲမှာသာ ရုပ်နှင့်နာမ် ချုပ်ငြိမ်းသွားရင် ဘဝအသစ်ဘယ်ဖြစ်ပါတော့မလဲ၊ နိဗ္ဗာန်ရနိုင်ပြီပေါ့။

တရားထိုင်ပြီးသွားရင် မိမိကိုယ်ကို ပြန်သုံးသပ်ရပါမယ်။ ယခင်နဲ့ ယခု၊ ယခင်ထက် လောဘတွေနည်းသွားမယ်။ ယခင်ကထက် ဒေါသတွေ နည်းသွားမယ်။ ယခင်ကထက် ကိလေသာစိတ်တွေ လျော့နည်းသွားမယ်။ ယခင်ကထက် ဘဝတွေကို ရလိုမှုနည်းသွားမယ်ဆိုရင် အဲဒါ မှန်တာပေါ့။ မိမိအားထုတ်တာမှန်ကာပေါ့။

ဦးမြင့်သန်းရေ၊ ကျွန်တော်ရဲ့ တရားရှုမှတ်ပုံကိုတော့ မခြွင်းမချန်ပြောပြပြီးသွားပါပြီ။ ဗုဒ္ဓရဲ့ အဘိဓမ္မာတရားတော်တွေကို ဆရာတော်ကြီးများက ပြန်လည် ဟောညွှန်ပြသပေးလို့ သိရတဲ့အသိ၊ မိမိကိုယ်တိုင် ထိုနည်းနာများအတိုင်း အားထုတ်ကြည့်လို့ သဘောပေါက် နားလည်မိတဲ့ အချက်အလက်တွေကို တရားမွေ့လျော်သူအချင်းချင်း ပြန်လည်မျှဝေခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော်ကိုယ်ကျွန်တော် ပြန်သုံးသပ်ရရင်တော့ အခုအထိ ကျွန်တော့်မှာ လောဘ၊ ဒေါသ ကိလေသာတရားတွေဟာရှိနေဆဲပါပဲ။ ဒါကို ဝန်ခံရမှာပါပဲ။ သို့သော်လည်း လောဘ၊ ဒေါသအများကြီး မဟုတ်တော့ဘဲ လျော့နည်းလာတာကိုတော့ သတိထားမိပါတယ်။ တရားနဲ့သာ နေချင်နေတော့တာပါပဲ။ ဝမ်းမြောက်ဝမ်းသာဖြစ်ရတာမျိုးကိုလည်း သိပ်ပြီးမမက်မောတော့ပါဘူး။ ပျော်ရွှင်မှုကိုလည်း သိပ်ပြီးမရှာလိုတော့ပါဘူး။ ဝမ်းနည်းစရာတွေ့ရရင်လည်း အများကြီး မခံစားရတော့ပါဘူး။

သတ္တဝါတွေရဲ့ ပါရမီကံဉာဏ်စဉ်အနု၊ အရင့်တွေကို ဘုရားနဲ့ ရဟန္တာပုဂ္ဂိုလ်များကသာ သိနိုင်ကြတာ ဖြစ်ပါတယ်။ ဦးမြင့်သန်းဟာ ဘဝအဆက်ဆက်က ကြိုးပမ်းအားထုတ်မှုတွေရှိခဲ့လို့ ကျွန်တော့်ထက် ပါရမီပိုပြီးများစွာရှိချင်လည်း ရှိနေမှာပါ။ ဒါကြောင့် တရားအားထုတ်ရင်းက ကျွန်တော့်ထက်ပိုပြီး ဉာဏ်စဉ်တွေ တက်လာပါရင်လည်း ကျွန်တော့်ကို ပြန်လည်မျှဝေပေးပါ။ သူတော်ချင်းချင်း သိတင်းလွှ လွှ ပေါင်းဖက်တွေ့ရအောင်ပါလို့ ပြောရင်း တစ်ခန်းရပ်ပါရစေခင်ဗျား။

*ကိုယ်စိတ်နှစ်ပါးချမ်းသာအောင်*
*ဆောင်ရွက်နိုင်ပါစေ*

တက္ကသိုလ်ဝင်းမြင့်

## ကျွဲ၊ နွား ဝမ်းပျက်၊ ဝမ်းလျှောဖြစ်သော်

**အောင်လံထူ(မြန်မာပြည်)**

ကျွဲ၊ နွားများ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်လျှင် ထိုကျွဲ၊ နွားသည် အစားပျက် အင်အားချည့်နဲ့ နွမ်းပျော့သွားကာ အလုပ်ခွင်ပျက်ရလေသည်။ တစ်ပတ်၊ ဆယ်ရက်လောက် အနားပေးရသည်။ အင်အား ပြန်လည် ပြည့်ဖြိုးစေမည့် ဖွဲနု၊ နှမ်းဖတ်ရလျှင်၊ မြက်ချိုမြက်နုများရလျှင် နုပ်နုပ်စဉ်းကျွေးပေးရသည်။ သန့်သောနေရာတွင် အိပ်စေ၊ နေစေရသည်။

ထိုရောဂါဖြစ်ရခြင်း အကြောင်းအရင်းမှာ မသန့်သောရေကို သောက်ရခြင်း၊ မသန့်သောအစာစားရခြင်း၊ တစ်ကောင်မှတစ်ကောင်သို့ ရောဂါကူးစက်ခြင်းတို့ကြောင့် ဖြစ်သည်။

ဝမ်းအရည်ပျော့ပြဲပြဲများသွားမည်။ နွားသည် ထလိုက်၊ အိပ်လိုက် ဂနာမငြိမ်ဖြစ်မည်။ အစာကို ကောင်းစွာမစားနိုင်ဖြစ်ရမည်။

ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်နေသည်ဟု သိလျှင်သိချင်း ဘေးထွက်ဆိုးကျိုးမရှိသော အောက်ပါဆေးနည်း အမြန်ဆုံး ပြုလုပ်တိုက်ကျွေးပါ။

- ရရာ ချဉ်ပေါင်စေ့ကို နို့ဆီတစ်ဘူးလှော်ပြီး ညက်စွာထောင်း၍ ရေနွေးနှင့် ဖျော်တိုက်ပါ။
- သို့မဟုတ် ပြောင်းဖူးစေ့နို့ဆီတစ်ဘူး ဖျော်တိုက်ပါ။
- သို့မဟုတ် လက်ဖက်ခြောက်ကောင်းကောင်း နို့ဆီတစ်ဘူးလှော်ထောင်း ဖျော်တိုက်ပါ။
- သို့မဟုတ် နှမ်းဆီငါးကျပ်သား၊ သံပရာသီးအရည်နှစ်လုံး၊ သကြားတစ်ဇွန်း၊ ဆားလက်ဖက်စားတစ်ဇွန်းရောဖျော်တိုက်ပါ။

အမြန်ဆုံးဝမ်းရပ်သွားပါမည်။

အောင်လံထူ (မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာတံခွန်အသင်းက သာသနာတော်ဆိုင်ရာ သက်ကြီးစာပေပညာရှင်များကို နှစ်စဉ်ပူဇော်ကန်တော့ခဲ့သည်မှာ ယခုနှစ် (၂၀၁၂) တွင် ဆိုလျှင် (၆) ကြိမ်ရှိသွားပါပြီ။ ယခုနှစ် ပူဇော်ပွဲတွင် ကန်တော့ခံ စာပေပညာရှင်များကိုယ်စား ကျွန်တော် ကျေးဇူးတင်စကားနှင့် ကျေးဇူးဆပ်စကား ပြောကြားခဲ့ပါသည်။ ထိုစကားသည် စာဖတ်ပရိသတ်များ အထူးသဖြင့် လူငယ်များအတွက် ထိုက်သင့်သရွေ့အကျိုး (ကောင်းကျိုး) ရနိုင်မည်ဟု ယူဆပါသဖြင့် ရေးသား ဖော်ပြရခြင်းဖြစ်ပါသည်။

◆

မေတ္တာတံခွန်အသင်းသူအသင်းသားများနဲ့ စေတနာရှင်များ ခင်ဗျား။ ကျွန်တော်တို့ သာသနာတော်ဆိုင်ရာ သက်ကြီးစာပေပညာရှင်များကို မေတ္တာတံခွန်အသင်းနဲ့ စေတနာရှင်များ ပူဇော်ကန်တော့ခဲ့ကြတာ ယခုနှစ်ဟာ (၆) ကြိမ်မြောက် ဖြစ်ပါတယ်။

ဒီအတွက် ကျွန်တော်ကျေးဇူးတင်စကားပြောချင်ခဲ့တာ ကြာပါပြီ။ ဒါပေမယ့် ကျွန်တော့်မှာ သလိပ်ဆို့တဲ့ရောဂါကြောင့် စကားပြောဖို့ အဆင်မပြေတာနဲ့ လက်လျှော့ခဲ့ရပါတယ်။ အခုမှ အကြံရပြီး ဆရာမကြီးဒေါ်ကြွယ်ကြွယ်ကို အကူအညီတောင်းကာ စာရေးပြောရခြင်းဖြစ်ပါတယ်။

လူတိုင်းလူတိုင်းဟာ အချိန်မရွေးသေနိုင်တယ် ဆိုပေမယ့် ကျွန်တော်တို့အရွယ်က ကြွေလုတဲတဲဖြစ်နေလို့ ပိုပြီးအပ်စပ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ကြွေသူတွေလည်း ကြွေသွားကြပါပြီ။ ကျွန်တော်လည်း မကြွေခင် ဒီဆန္ဒကို အကောင်အထည်ဖော်သွားချင်ပါတယ်။ ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား ကျေးဇူးတင်စကားပြောပါရစေ။

လွန်ခဲ့တဲ့ နှစ်(၅၀)ကျော်လောက်က ရေးသူအမည်၊ ဆောင်းပါးအမည်နဲ့ အကြောင်းအရာအပြည့်အစုံတို့ကို မမှတ်မိတော့တဲ့၊ ဖတ်ဖူးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်မှာ ကျေးဇူးဆိုတာနဲ့ ပတ်သက်ပြီး -

ကျေးဇူး ဆိုတာ မူရင်းက မွန်စကားပါ။ မွန်အသံထွက်က ရွှေ့လျော လာတာပါဆိုပြီး မွန်အသံထွက်ကိုပါရေးပြထားပါတယ်။ ကျွန်တော်မမှတ်မိတော့ပါ။ ကျွန်တော်က မွန်စကားမတတ်တဲ့ 'မွန်ညံ့'တစ်ယောက်ပါ။ ဒါကြောင့် မပြောနိုင်ပါ။ 'အထောက်အပံ့' လို့ အဓိပ္ပာယ်ရကြောင်း မှတ်မိပါတယ်။ နှုတ်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထောက်ပံ့ပေးခြင်းကို ဆိုတာပါ။

ကျေးဇူး ဆိုတာ 'လောကပါလတရား' ပါ။ လူတွေဟာ ကျေးဇူးတရားကို သိနေကြတယ်ဆိုရင် သိတာနဲ့အမျှ လောကကြီးဟာ စည်ပင်သာယာဝပြောပြီး အေးချမ်းနေမှာပါ။ မသိကြဘူးဆိုရင် မသိတာနဲ့အမျှ ကပ်သုံးပါးဆိုက်ပြီး ပူလောင်နေမှာပါ။ စာရေးဆရာကြီး ဦးသုခက ကျေးဇူးမှာ အခက်သုံးပါးရှိတယ်။ ပထမအခက်က ကျေးဇူးရှိတာကို ကျေးဇူးရှိတယ်လို့ သိဖို့ခက်ပါတယ်။ ဒုတိယအခက်က ကျေးဇူးရှိတာကို သိပေမယ့် ကျေးဇူးရှိတယ်လို့ ထုတ်ပြောရမှာ ခက်ပါတယ်။ တတိယအခက်က ကျေးဇူးပြန်ဆပ်ဖို့ခက်ပါတယ်လို့ ပြော

# ချောင်းဆုံအုန်းသွင်

## ကျေးဇူးတရားနှင့်အခက်သုံးပါး



www.burmeseclassic.com

www.burmeseclassic.com

ဖူးပါတယ်။

အလွယ်ဥပမာပေးရရင် ခရီးသည်ကို ကျေးဇူးရှင်မှန်းမသိတဲ့ ဘတ်(စ်)ကားသမားအချို့နဲ့ ပြည်သူကို ကျေးဇူးရှင်မှန်းမသိတဲ့ ဝန်ထမ်းအချို့တွေလိုပေါ့။ မိမိကို နေ့တိုင်းထမင်းကျွေးနေတဲ့ ကျေးဇူးရှင်များရဲ့ ကျေးဇူးကို ကျေးဇူးမှန်းမသိရင် တစ်ခါတစ်ရံ အနည်းအပါးရရှိတဲ့ကျေးဇူးကို ကျေးဇူးမှန်းသိဖို့ အလွန်ခက်ပြီပေါ့။ ဒါကြောင့်မို့ ကျေးဇူးရှိတာကို ကျေးဇူးရှိတယ်လို့ သိဖို့ခက်တယ်လို့ ပြောရတာပါ။

နောက်တစ်ခက်က တင်ရှိတဲ့ ကျေးဇူးကို ထုတ်ဖော်ပြရမှာ ခက်ပါတယ်။ သူ့ကျေးဇူးရှိနေတာကို သူ့ကျေးဇူး ကျွန်ုပ်မှာတင်ရှိပါတယ်လို့ ပြောရမှာ ခက်ခဲတတ်ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ပေါ့။ အဲဒီ အမျိုးမျိုးသောအကြောင်းတွေထဲက အဖြစ်များတာက 'ရှက်လို့နဲ့ ကြောက်လို့' ပါပဲ။ ဖမ်းလို့ရတဲ့ ငါးကိုမြှောက်ပြီး ပြန်ဖမ်းစားတဲ့ ဖျိုင်းကို အတုယူ ဆရာတင်ပြီး သန်လျက်ကို မြှောက်တင်ကိုက်ဖမ်းနိုင်တဲ့လုလင်ကို မင်းကြီးက 'သင့်ဆရာဘယ်သူလဲ' မေးတော့ တိရစ္ဆာန်ကို ဆရာလို့ ပြောရမှာ ရှက်တဲ့အတွက် 'ဆရာမရှိဘူး' လို့ ပြောခဲ့တဲ့ ဒဏ္ဍာရီကို အားလုံးကြားဖူးကြမှာပါ။ အဲဒါ 'ရှက်လို့' ပေါ့။ မိမိထက် နိမ့်ကျသူကို ကျေးဇူးရှိကြောင်း၊ ကျေးဇူးရှင်ဖြစ်ကြောင်း ပြောရမှာရှက်ပြီး ကျေးဇူးထိမ်ချန်တတ်ကြပါတယ်။

ကြောက်လို့ဆိုရာမှာလည်း နှစ်မျိုးရှိပါတယ်။ တစ်မျိုးက အခွင့်အရေးရမှာ ကြောက်လို့နဲ့ နောက်တစ်မျိုးက အန္တရာယ်ပေးမှာ၊ ဒုက္ခပေးမှာ ကြောက်လို့ ဖြစ်ပါတယ်။ ဥပမာ ဘုရင်တစ်ပါးနန်းကျသွားပြီး နောက်တစ်ပါးနန်းတက်လာတဲ့အခါ ပထမဘုရင်လက်ထက်က မင်းမှုထမ်းများဟာ နောက်ဘုရင်ရဲ့ အကြောက်စားမှုမခံရမှာရယ်၊ အပြစ်ပေးမှာရယ် ကြောက်တဲ့အတွက် ပထမဘုရင်ရဲ့ ကျေးဇူးကို ထိမ်ချန်ရုံမက ပထမဘုရင် မကောင်းကြောင်းကိုပါ ကြံဖန်လျှောက်တင်ကြ၊ ပြောကြရပါတယ်။ ဒီပုံစံမျိုး အများကြီး တွေ့ဖူးကြမှာပါ။

နောက်ဆုံးတစ်မျိုးကတော့ တင်ရှိတဲ့ ကျေးဇူးကို ပြန်ဆပ်ဖို့ ခက်ပါတယ်။ 'ခက်တယ်'ဆိုတာ 'မဆပ်တတ်' တာကို ပြောတာပါ။ ကျေးဇူးကြွေးကို ဆပ်ရင် လောကဥပဒေနဲ့အရေးယူလို့မရပါဘူး။ ဒီတော့ ဥပဒေနဲ့အရေးယူခံရနိုင်တဲ့ကြွေးကိုသာ အလေးထားကြပါတယ်။ ဥပဒေနဲ့အရေးယူလို့မရတဲ့ ကျေးဇူးကြွေးကို ဥပဒေနဲ့အရေးယူလို့ရတဲ့ကြွေးလို့ အလေးထားဖို့ ခက်ပါတယ်။ အလေးထားဖို့ခက်ရင် ပြန်ဆပ်ဖို့လည်း ခက်သွားပြီပေါ့။

နောက်တစ်ခုက 'ဘယ်လိုပြန်ဆပ်ရမှန်းမသိ' တာလည်းရှိပါတယ်။ ဒီနေရာမှာ 'ကျေးဇူးဆိုတာ ဘယ်လိုဟာတွေလဲ၊ ကျေးဇူးရှင်တွေဟာ ဘယ်သူတွေလဲ' ဆိုတာကို ပြောဖို့လိုပါတယ်။ အားလုံးသိကြတဲ့အတိုင်း ကျေးဇူးရှင် (၁၀)ယောက်ရှိပါတယ်။ ခင်ပွန်းကြီး (၁၀) ပါးလို့ ခေါ်ပါတယ်။ အဲဒါတွေက -

၁။ မြတ်စွာဘုရား၊
၂။ ပစ္စေကဗုဒ္ဓါ၊
၃။ ရဟန္တာ၊
၄။ အဂ္ဂသာဝက (၂) ပါး၊
၅။ မိခင်၊
၆။ ဖခင်၊
၇။ အသက်၊ သိက္ခာ၊ ဂုဏ်၊ သီလ စသည် ကြီးမြင့်သူ၊
၈။ ဆရာ၊
၉။ အဝတ်၊ အစား၊ နေရာ စသည် ဖြင့် ထောက်ပံ့သူ၊
၁၀။ တရားဟောသူ၊ ဆိုဆုံးမသူတို့ ဖြစ်ပါတယ်။

အဝတ်တစ်လက်ဝါး၊ အစားတစ်လုတ်၊ နေရာတစ်ထိုင်စာ စသည်ဖြင့် နည်းများမဆို ထောက်ပံ့ဖူးသူ၊ ကောင်းရာကောင်းကြောင်း တစ်ခွန်း၊ တစ်ပါဒ ဆိုဆုံးမဖူးသူ၊ လမ်းညွှန်၊ အိမ်ညွှန်၊ လူညွှန်သူများကအစ ကျေးဇူးရှင်ခင်ပွန်းထဲ ပါဝင်ပါတယ်။

အဲဒီမှာ အမှတ်စဉ် (၁) က (၈) အထိကို ကျေးဇူးရှင်မှန်းနဲ့ ဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတာကို အများအားဖြင့် သိကြပါတယ်။ ရှိခိုးပူဇော်၊ လျှုဒါန်းပြီး လုပ်ကျွေး၊ စောင့်ရှောက်၊ ပေးကမ်းထောက်ပံ့ပြီး ကျေးဇူးဆပ်ရမယ်လို့ ယေဘုယျအားဖြင့် သိထားကြပါတယ်။ ပြီးတော့ မှတ်မှတ်သားသား သိသာထင်ရှားလှတဲ့ ကျေးဇူးရှင်များလည်း ဖြစ်ကြပါတယ်။ အမှတ်စဉ် (၉) နဲ့ (၁၀) မှာကျတော့ မှတ်မှတ်ထင်ထင် မဟုတ်သလို မေ့မေ့ပျောက်ပျောက်ဖြစ်တတ်ပြီး ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းလည်းမသိဖြစ်တတ်ပါတယ်။ ဥပမာ ဘတ်(စ်)ကားသမားဟာ ကျေးဇူးရှင် ခရီးသည်ကို ချေချေငံငံဆက်ဆံပြီး ကားခမှန်မှန်ကန်ကန်ယူ၊ မှန်မှန်ကန်ကန် ပြန်အမ်းပြီး ဆင်းမယ်နေရာရပ်ပေးပြီး အဆင်းအတက် အန္တရာယ်ကင်းအောင် ကူညီခြင်းကျေးဇူး ပြန်ဆပ်ရမယ်ဆိုတာ၊ ပြည်သူ့ဝန်ထမ်းက မိမိလုပ်ငန်းတာဝန်ကို မခိုမကပ် မခိုးမဖွက် တံစိုးမစားဘဲ စေတနာထားထမ်းဆောင်ခြင်း၊ ပြည်သူနဲ့ဆက်ဆံရာ ချေချေငံငံ လေးလေးစားစားဆက်ဆံခြင်း စတာတွေနဲ့ ကျေးဇူးပြန်ဆပ်ရမယ် ဆိုတာကို အများအားဖြင့် မသိကြသလိုပါဘဲ။

ဘတ်(စ်)ကားခပေးဖို့လုပ်မှ ပိုက်ဆံမပါလို့ အရှက်ကွဲတော့မလို့ ဘေးကလူတစ်ယောက်ကပေးလိုက်လို့ ကျေးဇူးတင်လိုက်တာ။ နာမည်မသိပေမယ့် လူကိုမှတ်မိတယ်။ နောက်တစ်ခါဆိုရင် သူ့အတွက်ပါ ကားခပေးပြီး ကျေးဇူးပြန်ဆပ်ဦးမှပဲဟု ပြောတာကိုတောင် ကြားဖူးပါတယ်။ ကျေးဇူးကို အဲဒီလို အတူအညီ အတိအကျ ပြန်ဆပ်ရမယ်လို့ ရိုးရိုးသားသားထင်သူတွေလည်း အများကြီးရှိပါတယ်။ ဒီလိုပြန်ဆပ်ဖို့ကတော့ မလွယ်ပါဘူး။ အမှတ်စဉ် (၉) နဲ့ (၁၀)လို ကျေးဇူးရှင်မျိုးတာ လူမှန်းသိစကာ ခုချိန်အထိဆိုရင် ရေတွက်နိုင်၊ မှတ်သားနိုင်မှာ မဟုတ်ပါဘူး။ ဒါတင်မက ဘဝများစွာ သံသရာမှာ ခုလိုတင်ခဲ့တဲ့ ကျေးဇူးရှင်တွေ ရှိပါသေးတယ်။ အဲဒါကတော့ သချၤာမရှိဘူးပေါ့။ ဒီတော့ 'မှတ်မိတာနဲ့ မမှတ်မိတာ' လို့ (၂) စု ခွဲလိုက်ရပါမယ်။ ဒီကျေးဇူးရှင်များ ကျေးဇူးပြန်ဆပ်ရမယ့်နည်း၊ ပြန်ဆပ်ရမယ့် ကျေးဇူးကတော့ 'မေတ္တာ' ပါပဲ။

အခု မေတ္တာတံခွန်တို့လို နီးနီးကပ်ကပ် မှတ်မှတ်သားသား ထင်ထင်ရှားရှားဖြစ်နေတာမျိုးကိုကျတော့ သတ်သတ်မှတ်မှတ် နာမတပ်ပြီး မေတ္တာပို့ရမှာပေါ့။ မမှတ်မိ မထင်ရှားတာတွေကျတော့ အားလုံးကိုခြုံပြီးတော့ မေတ္တာပို့ရမှာပေါ့။ မေတ္တာတံခွန်အသင်းနဲ့ စေတနာရှင်များကို ကျွန်တော်တို့ ကန်တော့ခံပုဂ္ဂိုလ်များက တစ်နေ့သုံးကြိမ် (နံနက်-နေ့-ည) အနည်းဆုံး မပြတ်မေတ္တာပို့ကြပါတယ်။

ကျေးဇူးရှိမှန်းလည်းသိ၊ ကျေးဇူးရှိကြောင်းလည်း ထုတ်ဖော်ပြောဆိုပြီး တတ်နိုင်တဲ့ဘက်က တတ်နိုင်တဲ့နည်းနဲ့ တတ်နိုင်သလောက် ကျေးဇူးပြန်ဆပ်နေကြပါတယ် ဆိုတာကို ပြောချင်တာပါ။

နောက်ပြီး ကျွန်တော့်မှာ ဆန္ဒတစ်ခုရှိပါသေးတယ်။ အဲဒါက 'လက်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်' ပြန်ပေးချင်တာပါပဲ။ ပစ္စည်း မဟုတ်ပါဘူး။ စကားလက်ဆောင်ပါ။ အသင့်အတင့်တော့ တန်ဖိုးရှိပါလိမ့်မယ်။ နိုင်တဲ့ဘက်က နိုင်သလောက်ပေါ့။ လက်ဆောင်စကားကတော့ 'လူဖြစ်ရကျိုးနပ်အောင် ကြိုးပမ်းကြပါ' ဆိုတာပါပဲ။ အားလုံးသိပြီးသားဖြစ်မှာပါ။ ဒါပေမယ့် လက်ခံပေးကြပါ။ 'လူ့ဘဝဟာ ရခဲတယ်' ဆိုတာကိုတော့ အားလုံးအသိမို့ မပြောတော့ပါဘူး။ ဘယ်လိုလူမျိုးဟာ လူဖြစ်ရကျိုးနပ်သူများဖြစ်ကြသလဲဆိုတာကို ပြောမှာပါ။ ဒါဟာလည်း ကျွန်တော့်စကား မဟုတ်ပါဘူး။ သီတဂူဆရာတော်ရဲ့ အဆိုအမိန့်ပါ။ ကျွန်တော့်အနေနဲ့ နားလည်သလိုမှတ်မိသလောက် ပြန်လည် ဖောက်သည်ချခြင်းဖြင့် လက်ဆောင်အဖြစ်ပေးမှာဖြစ်ပါတယ်။

ဆရာတော်က လူကို လေးမျိုးခွဲပါတယ်။ အဲဒါတွေက -

၁။ လူညံ့လူဆိုး၊
၂။ လူညံ့လူကောင်း၊
၃။ လူတော်လူဆိုး၊
၄။ လူတော်လူကောင်းရယ်လို့ ဖြစ်ပါတယ်။

လူညံ့လူဆိုးဆိုတာ 'လူဆိုး' ဆိုတဲ့အတွက် ပတ်ဝန်းကျင်ကိုတော့ ဒုက္ခပေးပါတယ်။ ဒါပေမယ့် ညံ့တဲ့အတွက် တော်ရုံပဲ ဒုက္ခပေးနိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဒုက္ခပေးတတ်ပါတယ်။ လူညံ့လူကောင်းကတော့ လူကောင်းဆိုတဲ့အတွက် ပတ်ဝန်းကျင်ကို စေတနာဆိုးနဲ့ ဒုက္ခမပေးပါဘူး။ ဒါပေမယ့် ညံ့တဲ့အတွက် စေတနာကောင်းနဲ့ပဲ ဒုက္ခပေးတတ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်က သင်္ကြန်အတက်နေ့မှာ ရွာဘုရားပွဲ ကျင်းပပါတယ်။ ဘုရားပွဲလာသူများကို ကျွေးဖို့တိုက်ဖို့ ပြင်ကြရပါတယ်။ တစ်ကြိမ်မှာ သင်္ကြန်ထမင်းကျွေးပြီး မုန့်လက်ဆောင်းတိုက်ဖို့ပြင်ကြပါတယ်။ မုန့်လက်ဆောင်းကို ရာဝင် (ဆယ်လုံးဝင်) စဉ့်အိုးကြီးနဲ့ ဖျော်ထားပါတယ်။ ဘုရားဖူးတွေရောက်မလာခင်ပြင်ဆင် ဝါးတန်းမှ လူပျိုကြီး ရောက်လာပါတယ်။နာမည်မပြောတော့ပါဘူး။ သူ့ကို တစ်ရွာလုံးက လူပျိုကြီးလို့ပဲခေါ်ပါတယ်။ အသက်(၄၀)လောက်ရှိပါပြီ။ ဝတ်ကောင်းစားလှနဲ့၊ ရေမွှေးနဲ့လည်း တထောင်းထောင်းနဲ့ပေါ့။ မိန်းကလေးတွေက -

"လူပျိုကြီး ဘယ်သူ့ကိုလာခေါ်သလဲ"

လို့ နောက်ကြတယ်။

လူပျိုကြီးက တဟဲဟဲရယ်ပြီး -

အိတ်ထဲက ပုလင်းတစ်လုံးထုတ် အဖုံးဖွင့်ပြီး မုန့်လက်ဆောင်းထည့်ထားတဲ့ ရာဝင်အိုးထဲ ပုလင်းထဲက အရည်တွေကို လောင်းထည့်လိုက်တယ်။ အနီးမှာရှိတဲ့ ယောက်မကြီးနဲ့လည်း မွှေလိုက်သေးတယ်။

မြင်သူတွေက -

"လူပျိုကြီး ဘာလုပ်တာလဲ။ ဘာထည့်လိုက်သလဲ"

လို့ မေးတော့ လူပျိုကြီးက တဟဲဟဲရယ်ပြီး -

"မုန့်လက်ဆောင်း ပိုမွှေးပြီး ပိုကောင်းသွားအောင် ရေမွှေးထည့်လိုက်တာ"

လို့ ဖြေတယ်။

ခဏချင်းမှာပဲ မုန့်လက်ဆောင်း တစ်အိုးလုံး ညိုမည်းသွားပြီး အမြှုပ်တွေထလာတယ်။ အဆိပ်ဖြစ်သွားတယ်။ တစ်အိုးလုံးသွန်ပစ်လိုက်ရတယ်။ ညံ့သူများ အကောင်းလုပ်ပေမယ့် အများအတွက် ခုလိုအဆိုးဖြစ်တတ်ပါတယ်။ သူ့ကို တစ်ရွာလုံးက 'လူရိုးလူကောင်း' လို့ အသိအမှတ်ပြုထားပါတယ်။

နောက်တစ်ယောက် -

လွန်ခဲ့တဲ့ အနှစ် (၆၀) နီးပါးက သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရတယ်။ နယ်ဘက်ကပဲ။ ကောင်းရှောင်းကောင်းဝယ်အသက်မွေးတဲ့ လူကောင်းတစ်ယောက်ပါပဲ။ အသက်(၄၀)လောက်ပဲ။ သူ့ဖွားဖက်တော်မှာ မကြာခဏ အနာဖြစ်တော့ ရင်းနှီးတဲ့လူကို ပြောပြတယ်။ သားရေစုပြီး ဆီးကျန်တဲ့အတွက် အညစ်အကြေးက အနာဖြစ်တာမို့ ရင်းနှီးသူက -

"စုအုပ်နေတဲ့ သားရေကို ဖြတ်လိုက်ရင် ပျောက်သွားမယ်"

လို့ ပြောတယ်။

သူက လူညံ့ဖြစ်နေတော့ ဆရာဝန်နဲ့ ဖြတ်ရမယ်ဆိုတာ မသိဘူး။ ဆေးလိပ်ဖက်ညှပ်တဲ့ ကတ်ကြေးနဲ့ သူဟာသူ ညှပ်ဖြတ်လိုက်တယ်။ ပိုးဝင်အနာဖြစ်ပြီး အကြီးအကျယ် ဒုက္ခရောက်မှ ဆေးရုံရောက်လာတယ်။ နောက်ဆက်တွဲ သတင်း မဖတ်ရတော့လို့ ဘာဖြစ်သွားတယ် မသိခဲ့ရဘူး။

လူညံ့များဟာ ကိုယ့်ကိုယ်ကိုယ်လည်း အဲဒီလို ဒုက္ခပေးတယ်။

တတိယအမျိုးကတော့ 'လူဆိုးလူတော်' ပါပဲ။ ဒီနေ့ ကမ္ဘာကြီးမှာ လူ့ပယောဂကြောင့် ဖြစ်ပေါ်နေတဲ့ ဘေးဒုက္ခမှန်သမျှဟာ အဲဒီ လူဆိုးလူတော်တွေရဲ့ လက်ချက်ပါပဲ။ ဆိုးတဲ့ အရည်အချင်းနဲ့တော်တဲ့အရည်အချင်းအလိုက် ဘေးဒုက္ခကို အနည်း၊ အများပေးကြတာပဲ။

စတုတ္ထအမျိုးကတော့ 'လူကောင်းလူတော်' ပါပဲ။ လောကသဘာဝတရားအရ အဆိုးနဲ့ အကောင်း ဒွန်တွဲနေတာမို့ လူဆိုးလူတော်တွေရှိသလို လူကောင်းလူတော်တွေလည်းရှိကြပါတယ်။ယနေ့ ကျန်းမာရေးကအစ လူနေမှုဘဝ အစစအရာရာ အံ့မခန်းလောက်အောင် တိုးတက်နေတာ လူကောင်းလူတော်တို့ရဲ့ စွမ်းဆောင်ချက်ပါပဲ။

သီတဂူဆရာတော်က-

လူတော်လူကောင်း ဆိုတာ မိမိကိုယ်ကိုလည်း လောက၊ သံသရာနှစ်ဖြာသော ကောင်းကျိုးကို ဖန်တီးနိုင်တယ်။ သူတစ်ပါးကိုလည်း ဖန်တီးပေးနိုင်တယ်။ ကောင်းပြီး တော်ရင်တော်သလောက် မိမိကိုယ်ကိုလည်း အရည်အချင်းများများ၊ သူတစ်ပါးကိုလည်း အရည်အချင်းနဲ့ အရေအတွက်များများ ဖန်တီးနိုင်စွမ်းပါတယ်။

ဒါကြောင့် -

မိမိကိုယ်တိုင် ကောင်းနိုင်သလောက်ကောင်းပြီး တော်နိုင်သလောက်တော်အောင် ကြိုးပမ်းရပါတယ်။ အဲဒီလို လူမျိုးမှ -

'လူဖြစ်ရကျိုးနပ်သူ'

လို့ ခေါ်ရပါမယ်လို့ မိန့်ကြားပါတယ်။

ရတောင့်ရခဲ လူ့ဘဝကိုရခိုက် လူဖြစ်ရကျိုးနပ်သူများ ဖြစ်ကြပါစေလို့လည်း တိုက်တွန်းပါတယ်။ အတိုကောက်အနေနဲ့တော့ ကောင်းတာက သီလ၊ တော်တာက ပညာလို့ ပြောရပါမယ်။ 'ဘယ်လိုကောင်းအောင်၊ ဘယ်လိုတော်အောင် ဘယ်လိုကြိုးပမ်းရမယ်' လို့ ပြောဖို့မလိုသူချည်း ဖြစ်ကြပါတယ်။ ဒါကြောင့်မို့ -

လူဖြစ်ရကျိုးနပ်သူများ ဖြစ်ကြပါဆိုတဲ့ သီတဂူဆရာတော်ရဲ့ ဩဝါဒကိုပဲ လက်ဆင့်ကမ်း လက်ဆောင်ပါးပြီး နိဂုံးချုပ်လိုက်ပါတယ်။


သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်ကြပါစေ။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



# သံသယစွဲစိတ်ကင်းဝေးကြစေဖို့

လှမြမ်းမြည့်ကျော်

ပြောချင်လွန်းလှတဲ့ စကားတွေ များလွန်းသည်ကို အခါခါစဉ်းစားခဲ့ရပါတယ်။

ရက်၊ နှစ်မကပါဘူး။ အချိန်ယူပြီးတော့ စဉ်းစားခဲ့ရပေါင်း များလှပါတယ်ဆိုတော့ -

ပြောရမယ့်စကားတွေဟာ အများသူငါအတွက် အကျိုးရှိပ့ါမလား၊ အကျိုးများမဲ့သွားနိုင်လေသလားဆိုတာကို မိမိအနေနဲ့ ချင့်ချင့်ချိန်ချိန်စဉ်းစားတတ်သူမို့ပါပဲ။

သို့ပေမယ့် သူများအဟုတ်ကြီးမှတ်လို့ လာပြောပြကြလို့ ကြားဖူးနေရတာတွေ၊ မျက်စိရှေ့မှာ တွေ့နေရတာတွေ အဲဒါတွေကို တွေးရင်းတွေးရင်း - ဒီလိုတော့ ဒုက္ခရောက်ကုန်ကြပြီ။ စိတ်ဆင်းရဲတဲ့သူတွေလည်း ဖြစ်တဲ့သူဖြစ်ကုန်ပြီ။

ခုလိုသာဆိုရင်တော့ ပိုဆိုးလာနိုင်ပြီး ထပ်ခါတလဲလဲ စဉ်းစားရင်းကနေ ခုစကားလေးတွေ ပြောဖြစ်လိုက်တာပါပဲ။

မိမိနဲ့ ဆွေမျိုးသားချင်းများ ပြိုကွဲပျက်စီးသွားကြသူတွေ၊ အိမ်ထောင်စုပြိုကွဲ အဖြေမှန်မရှာဘဲ တအိအိနဲ့ စိတ်ထိခိုက်သွားတဲ့အထိဝေဒနာရကြသူတွေ၊ နေထိုင်စားသောက်ကြရင်း ဘာတွေဖြစ်လို့ဖြစ်မှန်းမသိရဘဲ မိသားစုအတွင်းမှာ အကြောင်းပေါင်းများစွာဖြစ်နေကြသူတွေ ချင့်ချင့်ချိန်ချိန် စဉ်းစားပေးဖို့ပါ။ ဘယ်သူ့အတွက်လဲဆိုတော့ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက် နှိုင်းချိန်စဉ်းစားပေးဖို့ပါ။ ကိုယ်ကောင်းမယ်၊ ကိုယ့်မိသားစုကောင်းမယ်၊ ဒါဆို ကိုယ့်ပတ်ဝန်းကျင်လည်း ကောင်းနေမယ်။ ကောင်းတာတွေ စုများလာပြီဆိုတော့ ကိုယ့်ရပ်ရွာကိုယ့်မြို့နယ်မှစပြီး ဒေသများလည်း ကောင်းခြင်းအဖြာဖြာတွေ ပြည့်ဝနေမှာပါပဲ။

မှန်ပါတယ်၊ ကောင်းခြင်းအဖြာဖြာတွေရှိနေပြီဆိုရင် ဘာလို့များကောင်းနေပါလိမ့်ဆိုပြီး အာရုံစူးစိုက်ခံရပါလိမ့်မယ်။

အို - သူတို့တွေကျန်းမာရေးတွေကောင်း၊ အဘက်ဘက်စီးပွားရေးတွေကောင်း၊ မိသားစုတစ်ခုလုံးပြောစရာမရှိလောက်အောင် ပြည့်စုံကောင်းမွန်နေပါလားဆိုပြီး အာရုံစိုက်ခြင်းကိုခံရပါလိမ့်မယ်။

သူများ ဘယ်လိုကောင်းတာကိုမြင်လာ၊ သိလာပြီဆိုရင် ကိုယ်လည်း ဘယ်လိုကောင်းအောင်ဆိုတာမျိုး နှိုင်းနှိုင်းချိန်ချိန် တွေးဆကြတော့မှာပါပဲ။ လိုအပ်ရင် အဖြေရှာကြတော့မှာ သေချာတယ်။ အဲဒီတော့ ကောင်းအောင် နှိုင်းချိန်တွေးဆနေကြမှတော့ အကောင်းကြီးပေါ့။

ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်ဒေသလည်းကောင်းပြီဆိုမှတော့ ပြောစရာရှိသေးလို့လား။ ကောင်းဖို့တွေအများကြီးထဲက နေ့တိုင်းနီးပါး ကြားကြားနေရတာနဲ့ တချို့အကြောင်းလေးတွေဘက်ကို စောင်းငဲ့ကြည့်လိုက်ရအောင်။

အနုန်းဆွဲခြင်း၊ မဆွဲခြင်း။

အခုလို ပြောလိုက်ရုံနဲ့တင် စိတ်ဝင်စားသူတွေလည်း ဒုန်းဒေးဖြစ်သွားနိုင်သလို နှာခေါင်းရှုံ့ပြီး ဖဲ့ကြမဲ့ကြသူတွေလည်း တီးတိုးတီးတိုးဖြစ်ကုန်ကြမှာ အမှန်မလွဲပါ။

ဒီလိုဖြစ်တာကတော့ ကိုယ့်ဆန္ဒနဲ့ကိုယ်ပါပဲ။

ကိုယ့်အိမ်မှာ ကိုယ့်သဘောပဲမို့ အနုန်းဆွဲခြင်း၊ မဆွဲခြင်းကို လုံးဝမဆိုလိုပါဘူး။ တိုက်လည်း မတိုက်တွန်းလိုပါဘူး။

လူတိုင်းဟာ ကိုယ့်ဆန္ဒနဲ့ကိုယ် ဆွဲချင်ဆွဲမယ်၊ မဆွဲချင်မဆွဲဘူး။ ဒါမှန်တယ်။ အကြံကိုလည်းမပေးပါဘူး။

ဒါပေမယ့် အကြံပေးချင်တာ တစ်ခုတော့ရှိပါတယ်။ ဒါကတော့ အန္တရာယ်ကင်းခြင်းပါပဲ။

ဟုတ်ပါတယ်။ ဒီအတွက် အန္တရာယ်ကင်းစေချင်ပါတယ်။

ဘာမဆို ချင့်ချင့်ချိန်ချိန်နဲ့လုပ်ရင် သင့်တော်မယ်ထင်လို့ပါ။ လူတွေမှာ ကိုယ့်ရိုးရာကိုယ့်ဓလေ့ဆိုတာ ရှိကြပါတယ်။ ဒါကိုလုပ်တော့မယ်ဆိုရင် နည်းနည်းတော့ အချိန်လေးယူပြီး စဉ်းစားပေးပါ။

ကိုယ်တစ်ခုခုလုပ်မယ်လို့ တွေးကြံလိုက်တာနဲ့ ကိုယ်တိုင်အတွက်တင်မကဘူး၊ ကိုယ့်မိသားစုအတွက်ပါ နှိုင်းချိန်စဉ်းစားပါမှ တော်ရုံကြပါတယ်။

ကိုယ်လုပ်လိုက်တာဟာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ရော ကိုယ့်မိသားစုပါ တစ်ခုပြီးတစ်ခု ဒုက္ခပင်လယ်ဝေလာပြီဆိုရင်တော့ လုပ်သင့်၊ မလုပ်သင့် အချိန်ယူပြီး စဉ်းစားဖို့ လိုပါတယ်။

ကိုယ်လုပ်လိုက်တာဟာ ကိုယ့်မိသားစုရောကိုယ်ပါ အကျိုးဖြစ်ထွန်းပြီဆိုရင် ဆက်လုပ်ပါ။ ရဲရဲတင်းတင်းလုပ်ပါ။ လုံးဝနောက်မဆုတ်ဘဲလုပ်ပါ။

ကိုယ့်မိသားစုအန္တရာယ်ကင်းရေးပါ။ စဉ်းစားပါ။

ရွာရဲ့ အသိမိတ်ဆွေတစ်ယောက်နဲ့ စကားပြောဖြစ်ခဲ့တဲ့ အကြောင်းလေးတစ်ခု သတိရလို့ပါ။

တစ်နေ့တော့ စကားစပ်မိပါတယ်။

သူတစ်ယောက်ဟာ အဘိုးဘွားမိဘတွေက အစဉ်အဆက်နတ်အုန်းမဆွဲခဲ့ဘူး။ ရိုးရာပါးပါးတော့ရှိပါတယ်။ မိဘနှစ်ပါးစလုံးက ရွာဦးဘုန်းတော်ကြီးကို ကြည်ညိုလွန်းလို့ တစ်ဦးတည်း ကျောင်းဆောက်ပြီး လှူဒါန်းခဲ့ဖူးပါတယ်။ မိဘများက အစဉ်အလာ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ပါတယ်။ ရတနာသုံးပါး ကြည်ညိုလေးစားသူများဖြစ်ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာပွား ကျောင်းဒကာ၊ ကျောင်းအမများအဖြစ်နဲ့ ရွာရဲ့မျက်နှာဖုံးပုဂ္ဂိုလ်တွေပါ။ လူချမ်းသာပေါ် လွင်ထင်ရှားပါတယ်။ ရွာသူကြီးလုပ်ခဲ့ဖူးပါတယ်။ ကိုယ့်မိသားစု၊ ကိုယ့်ရွာ၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ဒေသနယ်မြေမှာ အေးချမ်းကောင်းမွန်စွာနဲ့ နေကြသူတွေပါ။

ဟုတ်ပါတယ်။

ဒီလိုနဲ့ သားတစ်ယောက်က ကားပညာသင်ချင်လွန်းလို့ဆိုပြီး မြို့တက်ကားပြုပြင်ရေးလုပ်ငန်းပိုင်ရှင်ထံ သွားသင်ပါရော။ အတော်လေးတတ်ပြီဆိုတော့ ဆရာနဲ့ တပည့် ရင်းနှီးသွားပါတယ်။ ကားပြုပြင်ပိုင်ရှင်က ဗုဒ္ဓဘာသာမဟုတ်ဘူး။ လူမျိုးတစ်ဦးပါ။ ရွာနဲ့မြို့နဲ့ ရေကွင်းနဲ့ရေပုံး အသွားအပြန် ဆက်စပ်မိကြတယ်။

ဒါနဲ့ နေကြာပါများတော့ -

စီးပွားရေးဆိုင်ရာ တိုးတက်ကြီးပွားခြင်းဟာ နတ်အုန်းဆွဲလိုသူတို့အကျိုးထူးတယ်။ စည်းရုံးတာတဖွဖွပါပဲ။ မိဘနှစ်ပါးက တစ်နေ့ကုန်နေလို့ စကားတစ်ခွန်းမပြောဖြစ်ဘူး။ ကောင်း၊ ဆိုးဘာမှ မပြောတာပါ။ သားကြီးဆန္ဒသဘောအတိုင်း ဖြစ်သလိုနေတယ်။ အရွယ်ကကြီးတော့ မပြောတော့ဘူး။ ဒါနဲ့ သားကြီးက စီးပွားရေးနဲ့ပတ်သက်လာတော့ လူ့လောဘသားဆိုတော့ အကျိုးစီးပွားဖြစ်ချင်တာကိုး။ ဘာကိုမှ မစဉ်းစားတော့ဘူး။ ဆရာကြီးပြောပြတဲ့အတိုင်းပဲ ယုံလိုက်မိပါတော့တယ်။ မရှိဆင်းရဲသားက နည်းနည်းစဉ်းစားပါသေးတယ်။ ရှိတဲ့သူက ပိုပိုပြီးအကျိုးစီးပွားလိုလားကြလို့ အုန်းဆွဲခြင်းကို စတင်လုပ်လိုက်မိတယ်တဲ့။

အဲဒါနဲ့ ကားတွေဝယ်၊ ဆီစက်တွေဝယ်နဲ့ သူဆီကပါပဲ။ လုပ်ငန်းကြီးစ နတ်ပွဲတွေပေး၊ စီးပွားရေးမနေ့းလှပါဘူး။ တစ်ဟုန်ထိုးဟုတ်နိုးနိုးပါပဲ။

အဲဒါနဲ့ မကြာလှပါဘူး။ ညီဖြစ်သူ ဘာရောဂါမှန်းမသိ အမှတ်မထင်ဆုံးပါးသွားပါတယ်။ မိဘနှစ်ပါး ဆင်းရဲဝေဒနာခံစားရရှာတယ်။မိခင်ဖြစ်သူလည်း သားတွက်နဲ့ပဲဆိုပါတော့။ မကြာလှဘဲ ဆုံးပါးသွားရပြန်တယ်။ ဒါနဲ့တင် ပြီးဆုံးပြီလားဟု မေးကြည့်တော့ မနားသေးဘူးတဲ့။ စဉ်းစားပါ။

အဲဒါနဲ့ မိတ်ဆွေက ဆက်ပြောတယ်။

အခုလိုအဖြစ်မျိုးကို အခုမှပဲ တွေ့မြင်ဖူးပါတယ်။ တအံ့တဩဖြစ်ကုန်ကြတော့ပေါ့လေ။

အခုကြည့်လေ၊ တစ်ဦးက မကြာသေးဘူး။ ညီမတစ်ယောက်တည်းပါတာ သွေးအန်ပြီး သေဆုံးရပါပေကော။ ကံကဆိုးရှာတာ။ အကုသိုလ်ဒုစရိုက်တွေလည်းမလုပ်ပါဘဲနဲ့ ခုလို ဘာမှန်းကိုမသိပါဘူး။ ညည်းညူစွာနဲ့ ပြောပါတယ်။

အဲဒါကတော့ အကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်။ ဖြစ်ဖြစ်ပါဦးတော့။

ဟော - ဖခင်ကြီးပါ အသက်ကြီးရောဂါနဲ့ တစ်နှစ်အကြာမှာ သေဆုံးနေပြန်ပြီ။ သောကမီးတွေ တဟုန်းဟုန်းပူလောင်တော့တာပါပဲ။ တစ်ဦးတစ်ယောက် လာကယ်နိုင်သေးလား ဆိုတော့ ဘယ်သူမှမကယ်နိုင်ကြပါဘူး။

အဲဒီလိုနဲ့ မဖြစ်နိုင်ချေဆိုပြီးတော့ ကားကိုပြန်ရောင်းလိုက်ပါတယ်။ ပဲနှမ်းဆီစက်တစ်လုံးပဲကျန်တော့ပါတယ်။ ဒါနဲ့ ပြောတဲ့ အကြံပြုထံ အကူအညီမရဘူးလားမေးကြည့်တော့ လက်ခါခါပါပဲ။

မိသားစုဒုက္ခရောက်ပြီး ပျောက်ကွယ်သွားကြတာဟာ သားအဖတစ်တွေ (၄) ဦးများတောင် ဘာမှန်းကိုမသိပါဘူး။ ရွာသူရွာသားတွေက ဟိုဟိုသည်သည် ပွစိပွစိနဲ့ပါပဲ။

ဒီအထဲ ပယောဂယောင်ယောင်၊ ဘိုးတော်ယောင်၊ ဆရာယောင်အများကြီးပါပဲတဲ့။ ရှုပ်ပွေလိမ်နေကြပါတယ်။

မိတ်ဆွေက အုန်းဆွဲခြင်း မဆွဲခြင်း ထူးခြားလား။

ဒါကတော့ ငါကတော့ နတ်ဆရာမဟုတ်တော့ မပြောတတ်ဘူး။ ဆွဲလို့လည်းမပြောဘူး။ မဆွဲနဲ့လို့လည်းမပြောဘူး။ ကိုယ့်သဘောနဲ့ကိုယ်ပဲကြိုက်တာလုပ်။

ဟုတ်တယ်လေ၊ စဉ်းစားပါ။ နတ်အုန်းက ဘာမှလာမပြောတာဘဲ။ ချဲ့နေတာက လူပါးစပ်တွေ။ ဘာညာကွိကွနဲ့ မိုးကိုမွှန်နေတာပဲ။ ချဲ့မချဲ့ အဲဒီလိုချဲ့လွန်းလို့ဟာတွေဖြစ်လာတာပဲ။ ရှင်းပါတယ်။

နတ်ဆိုတာ ဟာသလိုဖြစ်သွားပြီး ပြက်ရယ်ပြုတာခံရတော့တာပါပဲ။ တီဗွီမှာကြည့်ရသလိုပါပဲ။ ဗဟုသုတအဖြစ်ပြောတာ။

လူတွေမှာ ရိုးရာဓလေ့ ဆိုတာလည်း ရှိပါတယ်။ မြန်မာ့ရိုးရာဓလေ့ဆိုတာလည်း ရှိပါတယ်။ ဘယ်သူ့ကိုမှ ဒုက္ခပေးတာ မဟုတ်ပါဘူး။ ကိုယ့်ဟာကိုယ်ပသကြတာပါ။ တချို့ အစွဲအလမ်းကြီးပြီး တစ်ဖက်စွန်းရောက်သွားကြသူတွေကြောင့် အခုလိုအကြောင်းတွေဖြစ်လာခဲ့ရတာ ဖြစ်နေပါလိမ့်မယ်။

အမှန်က ကိုးကွယ်ဆည်းကပ်ခြင်း၊ ပူဇော်ခြင်းလို့ စကားပြောလာရင် ရတနာမြတ်သုံးပါးမှတစ်ပါး ကိုးကွယ်ရာ မရှိပါဘူး။ မပြစ်မှားအပ်တဲ့ အနန္တော အနန္တငါးပါးပါပဲ။ ကျေးဇူးအားဖြင့် ခင်ပွန်းကြီး(၁၀)ပါးကိုလည်း မပြစ်မှားကြပါဘူး။ ခုနပြောတဲ့ နတ်ပိုင်းဆိုင်ရာက ပသတယ်၊ အမျှဝေတယ်၊ မေတ္တာပို့တယ်။ ဒါပဲရှိတာပါ။

ဘုရားကွယ်အောင် နတ်ကိုချည်းပူဇော်နေတယ်ဆိုရင်တော့ ထားပါတော့ တစ်မျိုးပေါ့။

ခုနပြောသလို ဘုရားတော့မကွယ်သင့်ပါဘူး။

ကျောင်းဆောင်ကလည်း ကြီး၊ ဆွမ်းတော်ကပ်ရင်လည်း သက်တော်ထင်ရှားဘုရားရှိစဉ်ကလို ကပ်လှူပူဇော်သလို ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးတွေနဲ့ ရှိရှိသေသေကပ်လှူပူဇော်ပေမယ့်လည်း တောင်းတဲ့ဆုကျတော့ အဆမတန်ကြီးတော့ စဉ်းစားချင့်ချိန်တတ်ဖို့ပါ။ တချို့များ တခမ်းတနား ဝေဆာလှပတင့်တယ်သပ်ရပ်စွာနဲ့ ပူဇော်ခြင်းဟာ ကြက်သီးမွေးညင်းထလောက်အောင် ပီတိဖြစ်တဲ့ ကြည်ညိုပုံတွေပါ။

ဒါကြောင့် ဘုရားတော့ မကွယ်



www.burmeseclassic.com

www.burmeseclassic.com

သင့်ဘူး။

နတ်ပိုင်းဆိုင်ရာ ပသတာ၊ အမျှဝေတာ၊ မေတ္တာပို့တာပဲရှိပါတယ်။

ဒါနဲ့ စပ်စုတဲ့တစ်ယောက်ရှိခဲ့ဖူးတယ်။ စာတတ်ပေတတ် ဇကထွက်ပါ။ ရတနာသုံးပါး ကြည်ညိုသူဖြစ်ပါတယ်။ ဒါပေမယ့် နတ်ပိုင်းဆိုင်ရာ မေတ္တာပို့ အမျှဝေပါတယ်။

စပ်စုမှုဟာ ပုပ္ပားတောင်ကလပ် ဦးမင်းကျော်နတ်နန်းရှိ ပသထားတဲ့ငွေနဲ့ အရက်များကို သွားမြင်ပြီး ကိုယ်တော် မဲ့တာကြာပြီ။ သားတော်လည်း အလိုရှိ ပါး စွန့်ယူခွင့်ပေးပါ။ ကာယ၊ ဝစီ၊ မနော ကြည်စွာနဲ့ ရိုရိုသေသေလေးလေးမြတ် မြတ် တောင်းပန်ပြီး စွန့်ယူခဲ့ပါတယ်။ ငွေနဲ့အရက်များ အပေါင်းအဖော်နဲ့သောက် စားခဲ့ကြပါတယ်။

အဲဒီတော့ တော်ပဲ့မလား ဆို တော့။

ချင့်ချင့်ချိန်ချိန် နှလုံးအိမ်ထား ကောင်းငြိမ်စိတ်ထား မေတ္တာပွား၍ ပြစ် မှားစိတ်လေကင်းကြစေသားလို့ ဆိုပါ တယ်။

လူတစ်ယောက်ရဲ့ မေတ္တာဟာ ဘယ်အရာနဲ့မှ မတူပါဘူး။ ဒါပေမယ့် နှင်းအလှနုနုလေးနဲ့တူမလား။ နေထိရင် ပျောက်တတ်လို့ပါ။ မေတ္တာညှိုးနွမ်းသွားရင် လည်း အထိခံရသူများလည်း အသွင် ပြောင်းလဲတတ်လို့ပါ။ မေတ္တာဟာ နေ ရာတကာ သုံးမပါမပြီးပါဘူး။

သူတစ်ပါးကို အဆွေခင်ပွန်း ကောင်း (၁၀) ပါးနဲ့အတူ ဆက်ဆံပါ။ နိမ့်သေသေ လေးလေးစားစားလုပ်ပါ။ ကော်စက်ယုတ်မာမှုတွေ မပြုကျင့်ပါနဲ့။ ကောင်းမွန်မြတ်တဲ့ နှလုံးသွင်းမှန်မြင်မှန် ထားရန်ကင်းဝေး စိတ်ချမ်းသာရေး ဖွဲ့ပေးပါ။ လူနတ်ချမ်းသာ မေတ္တာ ပေးဝေတာပါ။ ကုသိုလ်တွေချည်းပါ။

ဒါကြောင့် တစ်ဦးမှအပြစ်မတင်၊ အပြစ်လည်းမပြော၊ ကိုယ့်စိတ်ကိုကိုယ်ပဲ ပြင်တယ်။ စိတ်ထားကောင်းမှ စိတ်မှန် ထားနိုင်မယ်။ စိတ်အလိုလိုက် မိုက်မှား တတ်ပါတယ်။ ကိုယ့်စိတ်ကို ယုံကြည်ပါ။ ကိုယ့်စိတ်ကို မယုံကြည်ဘူးဆိုရင် အမှား တွေနဲ့ ရင်ဆိုင်ရတော့မှာ သေချာနေပါ တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ့် စိတ်ကို မနိုင်လို့ဘဲ။ စဉ်းစားပါ။ ရှင်းရှင်း ပါ။

ဒါတွေဟာ ကိုယ်သည် မိသားစု စားသတ်နေရေးကြောင့် တရားဘာဝနာ ပွားများမှု၊ ကျင့်ကြံကြိုးကုတ်အားထုတ်မှုကို အချိန်ပြည့်မပေးနိုင်ဘူးဆိုရင် သောက်မိရင်လည်း သောက်မိမယ်။ ဆဲ ရေးတိုင်းထွာပြီး စကားပြောမိရင်လည်း ပြောမိမယ်။ သီလလုံချင်မှလည်းလုံမယ် ဆိုရင် စဉ်းစားပါ။

ကိုယ့်မှာ စွမ်းအားတွေရှိနေပြီ လား။

ဘာကြောင့်ပဲဖြစ်ဖြစ် ဘာမှမဲ့တစ် ပေါက်တောင်မှ မထိနိုင်စွမ်းလောက် အောင် သီလတွေ၊ သမာဓိတွေ အား ကောင်းနေပြီလား။ ဒါဆိုရင် မေတ္တာမျှ ဝေခြင်းနဲ့ ပတ်သက်ပြီး လုပ်သင့်လုပ် ထိုက်တာရှိကောင်းရှိပါလိမ့်မယ်။ လုပ် သင့်တာကိုလုပ်မှ မလုပ်သင့်တာကို မလုပ်ဘဲနေတာဟာ အကောင်းဆုံး သတ္တိ ဖြစ်ပါတယ်။

ဘုရားရှင်က စိတ္တေန နီယတေ လောကောလို့ ဟောကြားခဲ့ပါတယ်။ စိတ်ဟာ လောကသုံးပါးကို ကောင်း၊ဆိုး နှစ်တန်နဲ့ ဖန်တီးနိုင်သောစွမ်းတစ်ခု (တစ်နည်း) သတ္တိဖြစ်တယ်လို့ ဖွင့်ဟဆို ဆုံးမခဲ့ပါတယ်။ အန္တရာယ်ကင်းအောင် သာ လမ်းညွှန်ခဲ့တော်မူပါတယ်။

မေတ္တာသည်သာ အေးငြိမ်းရာ အဓိကပါ။ အဲဒါကြောင့် အိမ်တွင်းရေး နဲ့ ပတ်သက်၍ ကြားဖူး၊ မြင်ဖူးခဲ့ရတာ တွေ မရေတွက်နိုင်တော့ပါဘူး။ နေ့စဉ် နဲ့အမျှ စိတ်မချမ်းမြေ့စရာ၊ ဝမ်းသာ ပီတိဖြစ်စရာ ဒုနဲ့ဒေးပါ။

ဒါပေမယ့် အနည်းငယ်ကျန်တာ ပြောပြချင်သေးပါတယ်။ ဘာလဲဆို တော့ ဟိုတစ်ခါစက မိဘဆွေမျိုးသား ချင်း(၄)ဦး အဆက်စပ် ပျက်စီးကြောင်း နဲ့ဆိုင်ပြီး အတော်ပဲ ဝမ်းနည်းကြေကွဲ စရာ အဖြစ်အပျက်တစ်ခုပါ။ အခုလည်း အချစ်ဆုံးသမီးတစ်ဦးတည်း မိန်းကလေး ရှိတာ။ ကိုယ့်ရင်ခွင်ထဲမှ သူတစ်ပါးရဲ့ ချစ်သူနောက်လိုက်ရမလားဆိုပြီး မကျေ ချမ်းနိုင်ဘဲ လက်မခံခဲ့ဘူး။ ရှင်ခန်းပြတ် ဥပေက္ခာပြုထားလိုက်တယ်။ အခုထိ ဆိုပါတော့။ ဘယ်သူမှသွေးစည်းညီညွတ် ရေး ရင်ကြားစေ့လို့ မရပါဘူး။

တချို့လည်းရှိပါသေးတယ်။ အိမ် တွင်းက သူ့ကိုယ်သူနေတာပါ။ ဘာမှ မဆိုင်ပါဘူး။ သူတစ်ယောက်တည်း လွယ်လွယ်နဲ့မတိုက်နိုင်ပါဘူး။

အတိုက်ခံရမယ့်သူရဲ့ ကောင်းမှု၊ မကောင်းမှုကံ၊ ကိုယ်ကျင့်သီလကံနိမ့်ချိန် သူ့ရဲ့စည်းပေါက်ခြင်းမှာသာ မူတည်ပါ တယ်။ ဘယ်သူမပြု မိမိကံပြုမှုတွေပါပဲ။

နတ်ဆိုင်ရာဘာဆိုင်ရာ သိရမြင်ရ ကြားရတာမဟုတ်ဘဲ အထင်နဲ့ပဲ ဝါး လုံးချေးသုတ်ရမ်းပြောကြတာတွေသာ များပါတယ်။

ဒါတွေအားလုံးဟာ လောဘ၊ တဏှာတွေဆိုတော့ အထင်မှားအမြင် မှား ဆိုတာ ကွက်ကွက်ကွင်းကွင်း ပေါ် လွင်နေပါတယ်။ လူတိုင်းမှာပဲ လောဘ နဲ့ကင်းသူ အရိယာပုဂ္ဂိုလ်တို့မှတစ်ပါး တစ်ဦးတစ်ယောက်မှ လုံးဝလုံးဝမရှိပါ ဘူး။

ဒါကြောင့်လည်း ကိုယ်တွေ့လက် တွေ့က ပိုကောင်းပါတယ်။ ရန်ကုန်ကို မရောက်ဘူးဘဲနဲ့ ရွှေတိဂုံဘုရားကို ဖူး တွေ့ခဲ့ရပါတယ်ဆိုလို့ရပါ့မလား။

နေရာတကာ မဖြစ်နိုင်ဘူးဆိုလို့ လည်း မရပါဘူး။ ကိုယ်မသိနိုင်တာနဲ့၊ ကိုယ်မမြင်နိုင်တာနဲ့ မရှိနိုင်ဘူးလို့ မရ ပါဘူး။ ဒါကြောင့် ဘယ်အရာကိုပဲဖြစ် ဖြစ် ချင့်ချင့်ချိန်ချိန် စဉ်းစားသင့်ပါတယ်။ အချိန်ပေးပြီး နည်းနည်းပြောပါရစေ လား။

နတ်နဲ့ပတ်သက်လို့ အရှင်နတ် နန်းတွေရှေ့မှာ အမှားမခံတဲ့နန်းတွေ တစ်ပုံကြီးရှိနေပါတယ်။ မလေးမစား ပြက်ရယ်ပြုသွားလုပ်ရင် နယ်ခံပုဂ္ဂိုလ် တွေလည်း လက်ခံမှာမဟုတ်ဘူး။ ကိုယ့် ကြောင့် သူတစ်ပါးဒုက္ခမရောက်ဖို့ပါ။ ကိုယ့်ကြောင့် သူတစ်ပါးမိသားစုဒုက္ခမ ရောက်ဖို့ပါ။ ကိုယ်မယုံချင်လည်း အသာ နေပါ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် မလုပ် သင့်တာကို မလုပ်ဘဲနေတာ အကောင်း ဆုံးပါပဲ။ လုပ်သင့်တာကို မလုပ်တာက တော့ အကျိုးမရတာဘဲရှိတယ်။ ကိုယ့် စေတနာ ကိုယ့်အကျိုးမဲ့ကိစ္စမှန်သမျှ စဉ်းစားပါ။ ကိုယ့်ကိုယ်သာ အသိဆုံးပါ။

ကိုယ့်ကိုယ်ကိုယ်လိမ်ညာနေသူ ဟာ တိုးတက်မှုလမ်းကို အတားအဆီး ဖြစ်နေမှာ သေချာပါတယ်။ ဘာကြောင့် လဲဆိုတော့ အမှန်ဖုံးကွယ်နေလို့။

ဘာပဲဖြစ်ဖြစ် ရတနာသုံးပါးကို ဦးထိပ်ထား၊ အနန္တငါးပါးဦးထိပ်ထား၊ မပြစ်မှားထိုက်သူကို မပြစ်မှားဖို့၊ ကိုယ် ကျင့်တရားတွေ မကျိုးမပေါက်အောင် ထိန်းသိမ်း၊ ကောင်းမှုကုသိုလ်တရားတွေ ပွားအောင်၊ သံသယစွဲစိတ်တွေကင်းဝေး အောင် မေတ္တာပို့က မမှားပါဘူးလို့ သံသယစွဲစိတ်တွေ ကင်းဝေးနိုင်စေဖို့ မေတ္တာရှေ့ထားပြောကြားရင်း-

လျှမ်းပြည့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

စစ်ကွင်းဆရာတော်၏ တပည့်ဒါယကာများဖြစ်သော ဒီးဒုတ်ဦးဘချို နှင့် ဘုံဘေဘားမား ဦးဘွမ်ဆွမ်တို့သည် ဆရာတော်၏ မိတ်ဆွေကိုယ်တော်၏ ခာတ်ကိစ္စအတွက် တစ်ဦးလျှင် ရွှေ (၅) ကျပ်သားစီဝယ်ပြီး လှူလိုက်လေ၏။

ထိုသို့ အလှူခံယူသွားပြီးနောက် အဆိုပါ ခာတ်ထိုးသည့်ကိုယ်တော်သည် ပြန်ကြွသွားလေတော့၏။ ထိုကိုယ်တော်လည်း ရရှိလာသော ရွှေများဖြင့် သူ၏ ခာတ်လုံးအား ကျွေးလေတော့၏။

ထို့နောက် အချိန်ကာလသိပ်မကြာမတင်မီတွင် အဆိုပါ ခာတ်လုံးကိုယ်တော်သည် စစ်ကွင်းဆရာတော်ထံ ပြန်ကြွလာလေ၏။ အဆိုပါ ကိုယ်တော်က ခရီးရောက်မဆိုက်ပင် စစ်ကွင်းဆရာတော်အား -

"အရှင်ဘုရား၊ ဟိုတစ်ခေါက်က အရှင်ဘုရားလှူလိုက်တဲ့ ရွှေတွေကို တပည့်တော်ရဲ့ ခာတ်လုံးကို ကျွေးတာကုန်သွားပါပြီ။ ခာတ်ကလည်း အတော်လေးကို ကောင်းသွားပါပြီ။ ဒါပေမယ့် ခက်တာက တပည့်တော်ရဲ့ခာတ်ဟာ နည်းနည်းလေးကပ်လို့ပြီး ကိစ္စမပြီးတပြီး ဖြစ်နေတယ်။ ဒါကြောင့် ဒီခာတ်လုံး တစ်ခါတည်း ကိစ္စပြီးသွားအောင် အရှင်ဘုရားအနေနဲ့ ကူညီလက်စနဲ့ တစ်ခါတည်း ဆက်ပြီး အကူအညီထပ်ပေးပါဦး"

ဟု လျှောက်ထားပြီး ရွှေအကူအညီထပ်တောင်းလေ၏။ ထိုအခါတွင် စစ်ကွင်းဆရာတော်လည်း သူ၏တပည့်ဒကာများကို ထပ်မံအကူအညီတောင်းရမည်ကို အားနာသဖြင့် ခာတ်ထိုးသည့် ကိုယ်တော်အား -

"ကဲ - ကိုယ်တော်၊ ကိုယ်တော့်ရဲ့ ခာတ်လုံးက ရွှေထပ်ကျွေးဖို့လိုနေသေးတယ်ဆိုရင် တစ်ခါတည်း ခာတ်ကိစ္စပြီးဆုံးပြီး စိတ်ရှိလက်ရှိထိုးနိုင်အောင် ရွှေထွက်တဲ့နေရာကို လိုက်ပြပေးမယ်။ အဲဒီမှာပဲ ကိုယ့်ဘာသာကိုယ် လိုသလောက် ရွှေကျင်ပြီး ဖိုထိုးပေတော့ ကိုယ်တော်"

ဟု မိန့်ကြားပြီး ရွှေထွက်သည့် စမ်းချောင်းလေးတစ်ခုကို လိုက်ပြလေ၏။

အဆိုပါရွှေထွက်သည့်စမ်းချောင်းလေးသည် ကျိုက်ထီးရိုးဘုရားရှိ ရသေ့တောင်အနီးတွင် တည်ရှိလေ၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်သည် အဆိုပါ ခာတ်ထိုးသည့် ကိုယ်တော်အား ရွှေထွက်သည့် စမ်းချောင်းနေရာအား အသေအချာ လိုက်ပြပြီး ပြန်ကြွလာခဲ့လေတော့၏။ ထိုအခါ ခာတ်ထိုးသည့် ကိုယ်တော်လည်း ထိုနေရာတွင် သူ၏ ခာတ်အားဆက်ထိုးရင်း ကျန်ရစ်ခဲ့လေ၏။

ထို့နောက် ကိုယ်တော်သည် သူလိုအပ်သည့် ရွှေကိုစိတ်တိုင်းကျရရှိနေသဖြင့် သူ့ခာတ်အား ဆက်လက်ပြီး အားကြိုးမာန်တက်ထိုးလေ၏။ ထိုအခါ ခာတ်လုံးလည်း ထိုကိုယ်တော်မှန်းသည့် အတိုင်းပင် ကိစ္စပြီးမြောက်သွားလေ

ပထမံဝိဇ္ဇာဓရထွက်ရပ်ပေါက်လောကီပညာနှင့်

၁၃

# ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

ပထမံဆရာဦးအေးရွှေ





www.burmeseclassic.com

www.burmeseclassic.com

တော့၏။

ဤသို့ ခတ်ကိုစွပြီးမြောက်ပြီး ဖို ဆက်ထိုးနေစဉ် တစ်နေ့တွင် ထိုကိုယ်တော်၏ ခတ်လုံးထည့်ထိုးနေသော ဖိုခွင်ထဲသို့ လက်မည်းကြီးတစ်ခုက ရောက်ရှိလာပြီး သူ၏ ခတ်လုံးအား နှိုက်ယူသွားသည်ကို တွေ့ရှိရလေတော့၏။ ထိုအခါ အဆိုပါ ခတ်ထိုးသည့် ကိုယ်တော်လည်း မည်သို့မျှ ကာကွယ်တားဆီးခြင်းငှာ မတတ်စွမ်းသာဘဲ ဒီအတိုင်းသာ ကြည့်နေလိုက်ရလေတော့၏။

ခတ်ထိုးသည့် ကိုယ်တော်လည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် လွန်စွာ ကြေကွဲဝမ်းနည်းကာ စစ်ကွင်းဆရာတော်ထံ ရောက်ရှိလာပြီး သူ၏ခတ်လုံးလုယူခံရကြောင်း အကျိုးအကြောင်းတို့ကို စစ်ကွင်းဆရာတော်ထံ လျှောက်လေ၏။

သည်တွင် စစ်ကွင်းဆရာတော်သည်း ခတ်လုံးပိုင်ရှင် ကိုယ်တော်၏ ဖြစ်အင်အခြေအနေကိုကြည့်ပြီး သနားကရုဏာဖြစ်သွားလေ၏။ ထို့ကြောင့် -

"အဲဒီခတ်လုံးကို ကျုပ်ကိုယ်တိုင် လိုက်ပြီးပြန်ယူမယ်"

ဟုမိန့်ဆိုပြီး ကျိုက်ထီးရိုး ရသေ့တောင်သို့ ပြန်ကြွလာခဲ့လေ၏။

ထို့နောက် စစ်ကွင်းဆရာတော်သည် ရသေ့တောင်၏ တောင်ခြေတွင် ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီးတစ်လုံးတို့ကို ဝယ်ယူကာ ဖိုထိုးသည့်နေရာသို့သွားလေ၏။ ဖိုထိုးသည့်နေရာသို့ ရောက်သောအခါ စစ်ကွင်းဆရာတော်သည် အချိန်မဆိုင်းတော့ဘဲ ပွဲပြင်လေတော့၏။ ပွဲပြင်ပြီးသည်နှင့် စစ်ကွင်းဆရာတော်သည် ခတ်လုံးယူသွားသည့် ပုဂ္ဂိုလ် (ဝါ) ခတ်ကိုသိမ်းသွားသည့် ပုဂ္ဂိုလ်အား အဆိုပါခတ်လုံးကို လာပြန်ပို့ရန် မိန့်တော်မူလိုက်၏။

ထိုသို့ပွဲပြင်အမိန့်ရှိလိုက်ပြီးနောက် မကြာမတင်မီ ကာလအတွင်းမှာပင် ဇော်ဂျီပုဂ္ဂိုလ်တစ်ပါး ရောက်ရှိလာလေ၏။ ထို့နောက် အဆိုပါ ဇော်ဂျီက ခရီးရောက်မဆိုက်ပင် စစ်ကွင်းဆရာတော်အား-

"ဆရာတော်ဘုရား၊ဘာများအလိုရှိပါသလဲဘုရား အမိန့်ရှိတော်မူပါ"

ဟု မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်က ထိုဇော်ဂျီပုဂ္ဂိုလ်အားအသေအချာကြည့်ပြီး-

"အသင်ဘယ်သူနည်း။ အမည်ကကော ဘယ်လိုခေါ်ပါသလဲ"

ဟု တစ်ဆက်တည်းမေးလိုက်၏။

ထိုအခါ ထိုဇော်ဂျီက -

"တပည့်တော်က ဇော်ဂျီပါ။ အမည်ကတော့ ကာကွန်နလို့ ခေါ်ပါတယ်"

ဟု ဖြေကြားလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်က -


"သင်ဟာ ဤခတ်ထိုးတဲ့ဖိုထဲက နေပြီး ခတ်လုံးကို ဘာကြောင့်လာသိမ်းတာလဲ။ ဒီခတ်လုံးရဲ့ပိုင်ရှင်ဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ သီလ၊ သမာဓိ၊ ပညာ၊ ဝိသုဒ္ဓိနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ ဒါကြောင့် အသင်သိမ်းသွားတဲ့ ဒီပုဂ္ဂိုလ်ရဲ့ ခတ်လုံးကို ပြန်ပေးပါ"

ဟု မိန့်ကြားလိုက်၏။

ထိုအခါ ခတ်လုံးကို လာရောက်သိမ်းယူသွားသည့် ကာကွန်နဇော်ဂျီသည် အတော်ပင် မကျေမနပ်ဖြစ်သွားသည့် ပုံဟန်ပေါက်သွားပြီး ခပ်အင်တင်တင် ဖြစ်နေလေ၏။ သို့သော် သူ့အနေဖြင့် စစ်ကွင်းဆရာတော်အား ပြန်လှန်အန်တုယှဉ်ပြိုင်ရန်လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ကာကွန်နဇော်ဂျီက -

"အရှင်ဘုရား၊ တပည့်တော်က သူ့ခတ်လုံးကိုသိမ်းပြီး တပည့်တော်ရဲ့ ကျန်တဲ့ခတ်လုံးတွေနဲ့ ရောထားလိုက်ပြီးပြီ။ တပည့်တော်မှာက ခတ်လုံးတွေ အများကြီးရှိတယ်။ ဒါကြောင့် သူဟာသူ့





ခတ်လုံးကို မှတ်မိရင်တော့ ရွေးယူပါ"

ဟု ပြောပြီး ခတ်လုံးများ ယူရန် ထွက် သွားလေ၏။

များမကြာမီတွင်ပင် ကာကွန်နဇော်ဂျီလည်း ပြန်လည်ရောက်ရှိလာလေ၏။ ထိုအခါ သူနှင့်အတူ ခတ်လုံးများလည်း ခွဲတောင်းတစ်လုံးအပြည့် ပါလာလေ၏။ ပြီးလျှင် သူသည် အဆိုပါ ဖိုထိုးသောနေရာအနီးရှိ မြေပြောင်ပြောင်ပေါ်တွင် ခွဲတောင်းထဲမှ ခတ်လုံးများကို သွန်ချလိုက်တော့၏။ ထိုအခါ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးရှိသော ခတ်လုံးပေါင်း မြောက်မြားစွာသည် ထွက်ပေါ်လာလေတော့၏။ တစ်ပြိုင်နက်တည်းပင် ဇော်ဂျီ၏နှုတ်မှလည်း



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - အဲဒီမှာ ခာတ်လုံးတွေကတော့ တစ်ပုံတစ်ခေါင်းကြီးပဲ။ ကိုယ့်ခာတ်လုံးမှန်၊ မမှန်ကိုသာ အသေအချာ စိစစ်ပြီး ရွေးယူပေတော့"

ဟု ဆိုလာ၏။

ထိုအခါ ဓာတ်လုံးသိမ်းခံရသည့် ပိုင်ရှင်ကိုယ်တော်လည်း ထိုဓာတ်လုံးပုံထဲမှ သူ့ဓာတ်လုံးကို ရှာလေတော့၏။

ဓာတ်လုံးပိုင်ရှင်သည် သူ့ဓာတ်လုံးကို ကောင်းစွာ မှတ်မိ၏။ မကြာမတင်မီပင် သူသည် သူ့ဓာတ်လုံးကို ပြန်လည်တွေ့ရှိသွား၏။ ထို့ကြောင့်လည်း အထူးပင် ရွှင်လန်းတက်ကြွအားရဝမ်းသာဖြစ်သွားပြီး ထိုဓာတ်လုံးအား ကိုင်မြှောက်ကာ စစ်ကွင်းဆရာတော်အား ပြသလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း ဓာတ်လုံးကို ကြည့်ပြီးနောက် ကာကွန်နဇော်ဂျီဘက်လှည့်လိုက်ကာ -

"အခု ဒီကိုယ်တော်ရှာလို့တွေ့တဲ့ ဓာတ်လုံးဟာ သူ့ဓာတ်လုံးအစစ်အမှန်ပဲလား"

ဟုမေးလိုက်သောအခါ ကာကွန်နဇော်ဂျီက -

"ဟုတ်ပါတယ်"

ဟု ပြန်လည် ဖြေကြားကာ သူ၏ ကျန်ဓာတ်လုံးများအားလုံးကို ပြန်လည်သိမ်းပြီးနောက် ပြန်သွားလေတော့၏။

ဤအဖြစ်အပျက်တွင် လောကီဆိုင်ရာ ဝိဇ္ဇာဓရပညာများ၌ ပညာအားကြီးသူကသာ နိုင်ရာစား အဆုံးအဖြတ်ပြုနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဝိဇ္ဇာဓရလမ်းစဉ်သို့ လိုက်စားသည့် ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ပညာအားကြီးရာကြီးကြောင်းကို အထူးပင် အားထုတ်သင့်လှပါသည်။

ထို့အပြင် စစ်ကွင်းဆရာတော်ကြီးက ကာကွန်နဇော်ဂျီနှင့် ပတ်သက်ပြီး အမိန့်ရှိခဲ့သည်မှာ ဤဇော်ဂျီသည် လက်ဝဲဝိဇ္ဇာလမ်းစဉ်တွင် ပညာအဆင့်အမြင့်မားဆုံးသောပုဂ္ဂိုလ် ဖြစ်ကြောင်းလည်း သိရသဖြင့် ဝိဇ္ဇာဓရလမ်းစဉ်တွင် လက်ဝဲ၊ လက်ယာနှစ်ပိုင်းရှိကြောင်း သိရပါသည်။

**ဟင်္သာဖို၊ မ လာနားစေသောအင်းပညာ**

စစ်ကွင်းဆရာတော် ကျွမ်းကျင်တော်မူသည့် အဓိကလောကီပညာရပ်မှာ အင်းပညာ ဖြစ်၏။ ဆရာတော်သည် လာစေလိုသည့်အရာကို အင်းပညာဖြင့်ပင်ခေါ်ယူနိုင်၏။ သွားစေလိုသည့်အရာကို အင်းပညာဖြင့်ပင် သွားစေ၏။ တည်ရှိစေလိုသည့်အရာကို အင်းပညာအားဖြင့်ပင် တည်ရှိစေနိုင်တော်မူ၏။

ယခုဖော်ပြမည့် အဖြစ်အပျက်ကား စစ်ကွင်းဆရာတော်နှင့် ပတ်သက်ခဲ့ပုံအကြောင်းကို ဆရာတော် ဦးပညောဘာသ (ခေါ်) ဆရာကြီးဦးဘဟန်က ပြန်လည် ပြောပြခဲ့ခြင်း ဖြစ်၏။

ဆရာတော် ဦးစန္ဒောဘာသသည် စစ်ကွင်းမြို့ ကျွန်းတောသုသာန်တွင် သီတင်းသုံးနေတော်မူစဉ်က ဤအဖြစ်အပျက် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

စစ်ကွင်းမြို့ရှိ ဦးဘဂုဏ်၊ ဒေါ်ခင်ခင်တို့ လင်မယားသည် ဆရာတော်၏ ကျောင်းသို့ ညတိုင်းလိုလိုပင်လာရောက်ကြကာ ဆရာတော်ကြီးအား နှိပ်နယ်ဝတ်ဖြည့်ပေးလေ့ရှိကြ၏။ ဆရာတော်ကြီးကလည်း အချို့သောအားလပ်သည့်သူများတွင် ဦးဘဂုဏ်တို့ နေထိုင်ရာဘက်သို့ လမ်းလျှောက်ထွက်လေ့ ရှိ၏။

တစ်နေ့တွင် စစ်ကွင်းဆရာတော်က ဦးဘဂုဏ်အား -

"ဟေ့- မောင်ဘဂုဏ်၊ မင်းဟင်္သာအစစ်ကိုမြင်ဖူးလား"

ဟု မေးလိုက်ရာ ဦးဘဂုဏ်က -

"တပည့်တော်၊ မမြင်ဖူးပါဘူး ဘုရား"

ဟု ပြန်လျှောက်၏။

"ဒါဖြင့် မင်း ဟင်္သာကိုကြည့်ချင်သလား"

"ကြည့်လို့ရမယ်ဆိုရင် ကြည့်ချင်ပါတယ်ဘုရား"

"ကောင်းပြီ၊ မင်းဆီမှာ ကျောက်သင်ပုန်းတစ်ချပ်လောက်ရှိလား"

"ရှိပါတယ်ဘုရား"

ဟု လျှောက်ပြီး ဦးဘဂုဏ်သည် ကျောက်သင်ပုန်းတစ်ချပ်ကို ရှာဖွေပြီး စစ်ကွင်းဆရာတော်ထံ ပေးအပ်လိုက်၏။ ထိုအခါ ဆရာတော်လည်း အဆိုပါ ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံဖြင့် အင်းကွက်တစ်ခုကို ရေးဆွဲလိုက်၏။ အင်းဆွဲပြီးသောအခါ ဆရာတော်က -

"ရော့ - ဟေ့၊ မောင်ဘဂုဏ် ဒီကျောက်သင်ပုန်းကို ဟိုးခပ်လှမ်းလှမ်းမှာ သွားချထားလိုက်"

ဟု အမိန့်ရှိသဖြင့် ဦးဘဂုဏ်လည်း အင်းဆွဲထားသော ကျောက်သင်ပုန်းကို သွားချထားလိုက်၏။

အချိန်ကလည်း လသာသော ညချမ်းအချိန်အခါဖြစ်သဖြင့် လရောင်အောက်မှ ကျောက်သင်ပုန်းကို ဦးဘဂုဏ်တို့ လှမ်းမြင်နေရ၏။ ခေတ္တမျှကြာသော အခါတွင် အဆိုပါ ကျောက်သင်ပုန်းပေါ်၌ ငှက်တစ်ကောင် လာနားလေ၏။

ထိုအခါ ဆရာတော်က ခပ်တိုးတိုးလေသံဖြင့် -

"ဟိုမှာ လာနားတာ တွေ့လား မောင်ဘဂုဏ်။ အဲဒါ ဟင်္သာပဲကွယ့်။ အခုလာနားတာက ဟင်္သာအဖိုလေ၊ နောက် ဟင်္သာအမလာဦးမယ် ကြည့်နေ"

ဟု ဆိုလေ၏။

ဆရာတော်မိန့်ပြီး မရှေးမနှောင်းတွင်ပင် နောက်ဟင်္သာတစ်ကောင်သည် မူလဟင်္သာ၏ ကျောပေါ်တွင်လာနားလေ၏။ ထို့နောက် လာနားသောဟင်္သာသည် ဟင်္သာအမပင်ဖြစ်ကြောင်း တွေ့ရှိရ၏။ ဦးဘဂုဏ်လည်း ထိုအခါတွင်မှ သူတစ်သက်နှင့်တစ်ကိုယ် ဟင်္သာဖို၊ မကို တွေ့မြင်ဖူးလေသည်။

ခေတ္တမျှအကြာတွင် ဟင်္သာမောင်နှံတို့လည်း ထပျံသွားကြလေ၏။ ထိုအခါ ဆရာတော်က ဦးဘဂုဏ်အား ကျောက်သင်ပုန်းကို သွားယူ၍ ခွဲပစ်လိုက်ရန် ညွှန်ကြားရာ ဦးဘဂုဏ်လည်း ဆရာတော်မိန့်သည့်အတိုင်း ပြုလုပ်လိုက်၏။ ထို့နောက် ဦးဘဂုဏ်က-

"ဆရာတော်ရဲ့အင်းက ဟင်္သာမောင်နှံကို ခေါ်လို့ရတယ်နော်၊ အတော်စွမ်းတာပဲ။ ဘာအင်းလဲဘုရား"

"ဟိုအင်းပညာမှာတော့ အဲဒီအင်းကို 'မောင်မလာမယ့်မှာ တစ်ညဉ့်လုံး' ဆိုတဲ့ အင်းပဲကွယ့်"

ဟု မိန့်လေ၏။

ဤအဖြစ်အပျက်ကား စစ်ကွင်းဆရာတော်၏ အင်းပညာဆိုင်ရာအစွမ်း မည်မျှထက်မြက်ကြောင်း အထောက်အထားပြု သိရှိနိုင်ပါသည်။

**သီလဝန္တပုဂ္ဂိုလ်အား ပညာပြမိသဖြင့် ပညာအသိမ်းခံရခြင်း**

တစ်နေ့သ၌ စစ်ကွင်းဆရာတော်သည် အဓိဋ္ဌာန်ဝင်ရန်အတွက် မွန်ပြည်နယ် သထုံမြို့ရှိ မြသပိတ်တောင်သို့ သွားရောက်ခဲ့၏။ ထိုအချိန်က ဆရာတော်သည် အသက်အရွယ်ကလည်း ခပ်ငယ်ငယ်ပင်ရှိသေး၏။ ထို့အပြင် ဆရာတော်သည် တည်ကြည်ခံ့ညားသော ဥပဓိရုပ်လည်း ရှိ၏။

ဆရာတော်သည် မြသပိတ်တောင်ဘုရားသို့ ရောက်ရှိပြီးသောအခါ



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်၏သင့်လျော်ရာနေရာတစ်ခုတွင် နေရာထိုင်ခင်းချလေ၏။ ထိုသို့ နေရာထိုင်ခင်းချပြီးသည်နှင့် ဆရာတော်သည် စေတီတော်၏ တနင်္ဂနွေထောင့်မှ စတင်ကာ အဓိဋ္ဌာန်ဝင်လေတော့၏။

ထိုသို့ စစ်ကွင်းဆရာတော်ကြီး မြသပိတ်တောင်၌ အဓိဋ္ဌာန်စဝင်သည့် အချိန်နှင့် တစ်ပြိုင်နက်လိုလိုပင် အဆိုပါ မြသပိတ်တောင်သို့ မန္တလေးမြို့ ဘုရားကြီးစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးသည်လည်း ဘုရားဖူးရန် ရောက်ရှိလာခဲ့၏။

ထို့နောက် မန္တလေးဆရာတော်ကြီးလည်း မြသပိတ်တောင်ဘုရားအား သက်ယာရစ်လှည့်ကာ ပူဇော်လေ၏။ ထိုသို့ လှည့်လည် ပူဇော်နေစဉ် စေတီတော်၏ တနင်္ဂနွေထောင့်သို့အရောက်၌ အဓိဋ္ဌာန်ဝင်နေသော စစ်ကွင်းဆရာတော်ကို မန္တလေးဆရာတော်ကြီး တွေ့မြင်သွား၏။

ထိုအခါ ဆရာတော်ကြီး၏ စိတ်ထဲတွင် ဤကဲ့သို့ ခပ်ရွယ်ရွယ် ရဟန်းတစ်ပါးသည် ယခု မြင်တွေ့နေရသော အခြေအနေမျိုးထက် စာသင်တိုက်ကြီး တစ်တိုက်တိုက်တွင် စာဝါများလိုက်နေပါက သာသနာအတွက် ပို၍အကျိုးများမည်ကို တွေးမိသည့်ဟန်ဖြင့် ခေတ္တရပ်လိုက်၏။

မန္တလေးဆရာတော်ကြီးရပ်လိုက်သောနေရာသည် စစ်ကွင်းဆရာတော် အဓိဋ္ဌာန်ဝင်နေသည့်နေရာ၏ နောက်ကျောဘက်တည့်တည့်လောက်တွင် ရှိနေ၏။ ထိုအချိန်တွင် မန္တလေးဆရာတော်ကြီး၏ နှုတ်မှ သူ့ရင်တွင်းစိတ်ဆန္ဒအချို့သည် ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

"ဩော် - ဒီကိုယ်တော်လေးနှယ် ငယ်ငယ်လေးပဲရှိသေးတယ်။ ခုနေများ စာသင်တိုက်ကို လိုက်စားလိုက်ရင် ထွန်းပေါက်မှာပဲ"

ဟု အမှတ်မဲ့ရေရွတ်ပြောဆိုလိုက်၏။ ထို့နောက် မန္တလေးဆရာတော်ကြီးလည်း တပည့်များနှင့်အတူ စေတီတော်အား ဆက်လက် လှည့်လည် ပူဇော်သွားလေတော့၏။

အထက်ပါအတိုင်း ဆရာတော်ကြီး အမှတ်မဲ့ရေရွတ်သွားသည့် စကားကို အဓိဋ္ဌာန်ဝင်နေသော စစ်ကွင်းဆရာတော်က ကောင်းစွာ ကြားလိုက်ရ၏။ ထို့သော် စစ်ကွင်းဆရာတော်သည် ၎င်း၏ အဓိဋ္ဌာန်ပြီးစီးအောင်သာ ဆက်လက် အားထုတ်နေလိုက်၏။ ထိုနေ့အဖို့ အဓိဋ္ဌာန်ပြီးစီးသောအခါ စစ်ကွင်းဆရာတော်သည် သူ့အား မှတ်ချက်ပြုသွားသည့် မန္တလေးဆရာတော်ကြီး တည်းခိုရာ ဇရပ်ဘက်သို့ ပတ်ပြီးလျှောက်သွားခဲ့၏။

ထိုဇရပ်သို့ ရောက်ရှိသောအခါ စစ်ကွင်းဆရာတော်သည် မန္တလေးဆရာတော်ကြီးအား ဝင်ရောက် ဖူးမြော်ကန်တော့လိုက်၏။ ထို့နောက် စစ်ကွင်းဆရာတော်က -

"အရှင်ဘုရား၊ ဘယ်အရပ်ကများ ကြွလာပါသလဲဘုရား"

ဟု မေးလျှောက်လိုက်၏။

ထိုအခါ ဆရာတော်ကြီးက -

"ကျုပ် မန္တလေးမြို့ဘုရားကြီးစာသင်တိုက်ကနေပြီး ဘုရားဖူးလာပါတယ်"

ဟု မိန့်သောအခါ စစ်ကွင်းဆရာတော်က ထပ်မံပြီး -

"ဒါဆို အရှင်ဘုရား မန္တလေးကကျောင်းမှာယူစရာလေးများမရှိဘူးလားဘုရား"

ဟု မေးလျှောက်လိုက်ပြန်၏။

ထိုမေးခွန်းကြောင့် မန္တလေးဆရာတော်ကြီးလည်း ဘာကိုဆိုလိုမှန်းမသိဖြစ်သွားသဖြင့် -

"ကိုယ်တော်က ဘာကိစ္စများရှိလို့မေးတာလဲ"

ဟု ပြန်မေးလိုက်၏။

"ဩော် - ဒီလိုပါဘုရား။ အရှင်ဘုရားရဲ့မန္တလေးကကျောင်းမှာ ဒီကိုကြွလာတော့ မေ့ကျန်ခဲ့တဲ့ ပစ္စည်းများရှိလို့ ယူချင်ရင် တပည့်တော် သွားယူပေးနိုင်တယ်လို့ ဆိုလိုတာပါဘုရား"

ဟု လျှောက်လိုက်၏။

ထိုအခါတွင်မှ မန္တလေးဆရာတော်ကြီးလည်း စစ်ကွင်းဆရာတော်၏ ဆိုလိုရင်းကို သဘောပေါက်သွားကာ -

"ဒီလိုဆိုတော့ မောင်ပဉ္စင်းက တယ်ဟုတ်ပါလား။ ဒါဆို ငါ့ရဲ့မန္တလေးကကျောင်းမှာ သုံးနေကျ စားနေကျ ကွမ်းအစ်လေးတစ်လုံးမေ့ကျန်ခဲ့တယ်။ အဲဒီပစ္စည်းလေးကို မောင်ပဉ္စင်းယူနိုင်ရင် ယူပေးပါလား"

ဟု မိန့်လိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော်က -

"အရှင်ဘုရားရဲ့ကျောင်းမှာ ကွမ်းအစ်ယူဖို့အတွက် တပည့်တော်ကို စာတစ်စောင်ပေးလိုက်ပါဘုရား"

ဟု လျှောက်လိုက်သောအခါ မန္တလေးဆရာတော်ကြီးလည်း မဆိုင်းမတွပင် သူ၏တပည့်များထံမှ စာရွက်တစ်ရွက်ကို တောင်းယူလိုက်ပြီး အောက်ပါအတိုင်း ရေးသားလိုက်၏။

*'ကပ္ပိယမောင် . . .*

*ယခုဤစာဖြင့်လာသူမောင်ပဉ္စင်းအား ငါ့ကုလားထိုင်ဘေးမှ ကွမ်းအစ်ကလေးပေးလိုက်ပါ'*

ဟု စာတစ်စောင်ရေးပြီးပေးလိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း အဆိုပါစာကိုယူပြီး ထွက်သွားလေ၏။

စစ်ကွင်းဆရာတော်သည် စာယူ၍ ထွက်သွားပြီးနောက် နာရီဝက်ခန့်အကြာတွင် ကွမ်းအစ်ကလေးကို ပိုက်ပြီး ပြန်လည်ရောက်ရှိလာ၏။ ထို့နောက် စစ်ကွင်းဆရာတော်သည် အဆိုပါ ကွမ်းအစ်ကလေးအား မန္တလေးဆရာတော်ကြီးထံ သွားရောက် ကပ်လိုက်၏။ ထို့နောက် နှုတ်မှ -

"အရှင်ဘုရားမှာလိုက်တဲ့ ကွမ်းအစ်ဟာ ဒီကွမ်းအစ်ကလေး ဟုတ်ပါသလားဘုရား"

ဟု လျှောက်လိုက်၏။

ထိုအခါ မန္တလေးဆရာတော်ကြီးက -

"အေး - ဟုတ်တယ် မောင်ပဉ္စင်း။ ဒီကွမ်းအစ်ကလေးမှအစစ်ပါပဲ၊ မောင်ပဉ္စင်းရဲ့ ပညာကတော့ တယ်စွမ်းပါကလား။ ကျုပ်အနေနဲ့ ကနေ့အထိ ဘိုးဘိုးအောင်ကို မတွေ့ဖူးသေးဘူး၊ ခုမှပဲ ဘိုးဘိုးအောင်လိုပုဂ္ဂိုလ်မျိုးကို လာတွေ့ရတော့တယ်"

ဟု မိန့်ကြားကာ မှတ်ချက်ပြုလေ၏။

ထို့နောက် စစ်ကွင်းဆရာတော်လည်း မိမိနေထိုင်သီတင်းသုံးမည့်နေရာသို့ ပြန်ကြွလာကာ လုပ်စရာရှိသည်များကို ဆက်လက် လုပ်ကိုင်နေလေ၏။

ထိုနေ့ ညနေစောင်းသောအခါတွင် မန္တလေးဆရာတော်ကြီးလည်း တပည့်များနှင့်အတူ မြသပိတ်တောင်ပေါ်မှ ပြန်ဆင်းသွားကြတော့၏။ တဖြည်းဖြည်းနှင့် ညအမှောင်ထုလည်း တစ်စထက်တစ်စ လွှမ်းမိုးလာတော့၏။ ထိုနေ့ညချမ်းသည် လမင်းကလည်း ထူးထူးခြားခြားပင် သာနေပါသည်။

ထိုအချိန် စစ်ကွင်းဆရာတော်၏ ဆရာ ဆရာတော် ဦးကုက္ကန္ဒာသဗသည် မြသပိတ်တောင်ပေါ်သို့ ရုတ်တရက် ကြွရောက်လာလေတော့၏။

*(ရှေ့လဆက်ဖတ်ရန်)*

ပထမံဆရာဦးအေးမြ



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ သတ္တကနိပါတ်၊ ကုဏ္ဍုဝဂ်၊ သတ္တုဘသ္တဇာတ်တော်တွင် အလှူခံပုဏ္ဏားအိုကြီးဖြစ်၍ ဘုရားအလောင်းတော် သနေကသုခမိန်၏ ဉာဏ်စွမ်းကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် သေနက အမည်ရှိသော ရွှက်သင့်သောကိစ္စတို့ကို အကြံပြု တင်ပြ၏။ ထို့ပြင် ဓမ္မရေးရာများနှင့် ပတ်သက်၍လည်း ဆောင်ရန်၊ ရှောင်ရန်အမှုကိစ္စများကို ခွဲခြား၍ ဟောပြောပြဆို၏။ လဆန်းရှစ်ရက်၊ လပြည့်ကျော်ရှစ်ရက်နှင့် လကွယ်နေ့များတွင် ဥပုသ်သီတင်းဆောက်တည်ရန် တိုက်တွန်း၏။ ပြည့်ရှင်မင်းနှင့်တကွ တိုင်းသူပြည်သားတို့ကလည်း တိုက်တွန်းသည့်အတိုင်း ဥပုသ်သီတင်း ဆောက်တည်ကြလေသည်။

ထို့ပြင် သေနကပညာရှိသည် ဥပုသ်နေ့ရောက်လေတိုင်း ပြည့်ရှင်မင်းနှင့်တကွ မြို့သူမြို့သားတို့အား တရားဟော၏။ ကာယကံဒုစရိုက်သုံးပါး၊ ဝစီ သုံးပါး၊ ဝစီကံသုစရိုက်လေးပါးနှင့် မနောကံသုစရိုက်သုံးပါးတို့ကို စွဲမြဲစွာလိုက်နာကျင့်သုံးကြရန်လည်း တိုက်တွန်းဟောကြား၏။ ထိုသုစရိုက်ဆယ်ပါးတို့ကို လိုက်နာ ကျင့်သုံးသောအားဖြင့် ရယူခံစားနိုင်သည့် ပစ္စုပ္ပန်၊ သံသရာကောင်းကျိုးချမ်းသာတို့ကိုလည်း ပရိသတ်အားလုံးတို့၏နှလုံးဘဝင်တွင် သက်ဝင်နေလောက်အောင် စကားတန်ဆာအဖြာဖြာတို့ဖြင့် အကျယ်တဝင့် ဟောပြလေသည်။

ဓမ္မကထိကသေနကသုခမိန်သည် ဓမ္မခန်းမဆောင်နှင့်အပြည့် တက်ရောက်နာယူနေကြသော တရားနာပရိသတ်တို့ကို တရားဟောနေရင်းကပင် တရား




သူငယ်တစ်ယောက်ဖြစ်ခဲ့၏။ သေနကသတို့သား အရွယ်ရောက်သောအခါ တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ အဋ္ဌာရသအတတ်ပညာများကို သင်ယူ၏။ ပညာစုံတတ်မြောက်၍ ဗာရာဏသီမြို့တော်သို့ ပြန်ရောက်သောအခါ ပြည့်ရှင်မင်းထံ ဝင်ရောက် ခစား၏။ ပြည့်ရှင်မင်းက သေနကလုလင်၏ ပညာရပ်ကို ယုံကြည်လေးစားသဖြင့် မင်းဆရာအမတ်ကြီးအရာပေး၍ ချီးမြှောက်၏။ သေနကသုခမိန်ကလည်း မင်းမှုရေးရာ၊ တိုင်းရေးပြည်ရာကိစ္စများ၌ အကျိုးအကြောင်းဆက်စပ်၍ ပြဆိုရှင်းလင်းကာ ဆောင်

ကံဒုစရိုက်လေးပါးနှင့် မနောကံဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်ရန် တိုက်တွန်းစကား ဟောကြ၏။ ထိုဒုစရိုက်တရားဆယ်ပါးတို့ကို မရှောင်ကြဉ်ဘဲ ပြုကျင့်မိပါက ကျရောက်လာနိုင်သည့် ပစ္စုပ္ပန်၊ သံသရာ အပြစ်ဒဏ်များကို သိသာမြင်သာအောင် သက်သေသာဓကများ၊ ဥပမာဥပမေယျများနှင့်တကွ မျက်ဝါးထင်ထင်မြင်လောက်အောင် ဟောကြားလေသည်။

ထို့အတူပင် ကာယကံသုစရိုက်

ပလ္လင်အမြင့်မှနေ မကြာခဏ အကဲခတ်၍နေခဲ့၏။ တရားနာပရိသတ်အပေါင်းသည် အလောင်းတော် ဓမ္မကထိကဓ သာယာငြိမ့်ညောင်းသည့် တရားသံကို နားဖြင့်ပန်ဆင်ကာ အပြုံးပန်းကိုယ်စီပန်ဆင်နေကြ၏။ အကြိမ်ကြိမ် သာဓုခေါ်နေကြ၏။

သို့ရာတွင် အားတက်ရှင်လန်းစွာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပါဝင်စား နာယူနေကြသော ပရိသတ်ကြီးထဲတွင် စုန်းပြူးတစ်ယောက်က ပါဝင်နေ၏။ သူများတွေက ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ တရားနာနေကြရာတွင် သူကတော့ တရှိုက်ရှိုက်ငိုနေဘိ၏။ မျက်လုံးအစုံမှ ယိုစီးလာသည့် မျက်ရည်များကိုသုတ်၍မနိုင်အောင်ဖြစ်နေ၏။ သူ၏ ရုပ်ရည်အသွင်အပြင်နှင့် ဝတ်စားဆင်ယင်မှုတို့ကို လေ့လာကြည့်လိုက်တော့ ပြဟ္မဏနွယ်ဝင်ပုဏ္ဏားတစ်ယောက် ဖြစ်နေ၏။ အသက်အရွယ်တော်တော်ကြီးရင့်နေပြီဖြစ်၍ ပုဏ္ဏားအိုကြီးပင် ခေါ်ရပါလိမ့်မည်။

တကယ်တော့ဖြင့် ထိုပုဏ္ဏားအိုကြီးမှာ ညီတော်အာနန္ဒာ၏ အလောင်း



-ပြစ်၏။ သူသည် နယ်တကာရပ်
-တာ လှည့်လည်၍ အလှူခံရာမှ
-ာသီမြို့တော်သို့ ပြန်အရောက်
-င် ဥပုသ်တရားပွဲကြီးနှင့်ကြုံနေသဖြင့်
-အိမ်သို့တန်း၍မပြန်သေးဘဲ တရားပွဲ

သို့ ဝင်ရောက်လာခဲ့၏။ အပြန်လမ်းမှာတုန်းက ကြားခဲ့ရသော စကားတစ်ခွန်းနှင့်ပတ်သက်၍ ပင်ပန်းကြီးစွာ ခံစားလာခဲ့ရသော စိတ်ဒုက္ခဝေဒနာကို ပယ်ဖျောက်ပေးနိုင်လိမ့်မည်ဟူ၍ မျှော်လင့်ထားခဲ့၏။ မျှော်လင့်ချက်က မပြည့်ဝလာသေးသဖြင့် သူ့ခမျာ ပရိသတ်အလယ်တွင် ငိုပွဲကြီးဆင်နေရပါပေသည်။

အလောင်းတော်သေနကသုခမိန်သည် ထိုဒုက္ခသည်ပုဏ္ဏားအဘိုးကြီးအပေါ် ကရုဏာသက်လာသဖြင့် ဟောလက်စ တရားစကားစဉ်ကို ရပ်တန့်ပြီးလျှင် ပုဏ္ဏားအိုကြီးအား အနီးအပါးသို့ ခေါ်ယူ၍ ငိုကြွေးရခြင်းအကြောင်းရင်းကို မေးမြန်း၏။ ဤတွင် ပုဏ္ဏားအိုကြီးက မိမိ၏ ဘဝဇာတ်ကြောင်းကို ထုတ်ဖော် ပြောပြလေသည်။

"အို - သေနကသုခမိန်၊ ကျွန်ုပ်က အလှူခံပုဏ္ဏားတစ်ယောက်ဖြစ်ပါတယ်။ အခြားပုဏ္ဏားများက ဝေဒကျမ်းစာများ သင်ယူခြင်း၊ ပို့ချပေးခြင်းတို့မှာ အလေ့အလာပြုကြသော်လည်း ကျွန်ုပ်ကတော့ နယ်တကာအရပ်တကာ လှည့်လည်ပြီး အလှူခံရတာကို ပိုပြီး သဘောကျပါတယ်။ ရလာသမျှ အသပြာလေးတွေကို ကျစ်ကျစ်ပါအောင် စုထုပ်ထားပြီးတော့ သွားလေရာရာမှာ ကိုယ်နဲ့မကွာယူလာခဲ့ပါတယ်။ ပုဏ္ဏားဆိုတာ အလှူခံပုဂ္ဂိုလ်လို့သတ်မှတ်ခံထားရတာကြောင့် ရောက်လေရာရာမှာ လူမျိုးပေါင်းစုံတို့က ကြည်ကြည်ဖြူဖြူ ကျွေးမွေးကြပါတယ်။ ဒီတော့ အကုန်မရှိ ရပြီးရင်းရလာတဲ့ အသပြာလေးတွေကို စုထုပ်ထားလိုက်တာ တစ်နေ့မှာတော့ ကျပ်ချိန်တစ်ထောင်အထိရှိလာပါတော့တယ်။

အို-သေနကသုခမိန်၊ ဒါလောက် အထုပ်အထည်ကြီးလာလေတော့ တွေ့





www.burmeseclassic.com

www.burmeseclassic.com

ရဆုံရတဲ့ လူတွေက ဒီအထုပ်ကြီးကို မျက်လုံးကစားလာကြပါတယ်။ သူတို့ မျက်ဝန်းထဲမှာ လိုချင်တပ်မက်တဲ့အရိပ်အယောင်တွေ တွေ့လာရပါတယ်။ နောက်ပြီးတော့ ဒါလောက် အလေးချိန်စီးလာတဲ့ အထုပ်ကြီးကို သယ်နေရတာက ဝန်တာဖိစီးလို့လာတယ်။ ဒါကြောင့် ရွာတစ်ရွာက မိတ်ဆွေတစ်ယောက်ရဲ့ လက်မှာ အပ်နှံထားခဲ့ပြီးတော့ အလှူခံမြဲခံနေပါတယ်။ နယ်တကာ အရပ်တကာလျှောက်ပြီး အလှူခံနေရင်း တစ်နေ့မှာတော့ အပ်နှံထားခဲ့တဲ့ အသပြာတစ်ထောင်ထုပ်အတွက် ကြောင့်ကြစိတ်ဝင်လာခဲ့ပါတယ်။ ဒါကြောင့် ရှေ့ဆက်ရမယ့်ခရီးစဉ်ကို ဖျက်ပြီးတော့ ငွေထုပ်ရှိရာ အရောက်လာခဲ့ရာမှာ ကျွန်ုပ်ရင်ကွဲမတတ်ဖြစ်ရပါတော့တယ်။

အို- သေနကသုခမိန်၊ ကျွန်ုပ်က ယုံယုံကြည်ကြည်နဲ့ အပ်နှံထားခဲ့တာကို သူတို့ စားလို့သုံးလို့ ကုန်သွားပါပြီတဲ့။ ပေးဆပ်စရာ ငွေတစ်ထောင်လည်း မရှိပါဘူးတဲ့။ ဒီတော့ ဒီအကြွေးကို ငွေနဲ့တော့ မပေးဆပ်နိုင်ပါဘူး။ ငွေတစ်ထောင်အစား သူတို့ရဲ့သမီးကိုသာ ယူသွားပါတော့တဲ့။ ဒီတော့ ကျွန်ုပ်က မယူလည်း ငွေက ဆုံးပြီးသားဆိုတော့ ရရာကိုပဲ ယူလာခဲ့ရပါတယ်။ တစ်သက်တာလုံး လူလွတ်ဘဝနဲ့ လွတ်လွတ်လပ်လပ်နေလာရာက မရည်ရွယ်ဘဲနဲ့ အိမ်ထောင်သည်ဘဝကို ရောက်လာရပါတော့တယ်။ ဘာရာဏသီမြို့တော်အနီးက ပုဏ္ဏားရွာတစ်ရွာမှာ တစ်အိုးတစ်အိမ် ထူထောင်ပြီးနေခဲ့ကြပါတယ်။

အို - သေနကသုခမိန်၊ ပုဏ္ဏားရွာမှာ နေလာကြလို့ အခြေတကျဖြစ်လာတဲ့အခါ ဇနီးသည် ပုဏ္ဏေးမလေးက စကားတစ်ခွန်း ဆိုလာပါတော့တယ်။ အရွယ်မမျှပေမယ့် ကျွန်ုပ်က သူ့ကို လှလှပပဆင်ပေးခဲ့ပါတယ်။ ဝဝလင်လင်ကျွေးမွေးခဲ့ပါတယ်။ ဒါပေမယ့် သူက ဒါလောက်နဲ့ အားမရသေးပါဘူး။ ရွာထဲက ပုဏ္ဏားသူဌေးကြီးများလို ခိုင်းစရာစေစရာကျေးကျွန်တစ်ယောက်ကို လိုချင်ပါသတဲ့။ အိမ်မှုကိစ္စမှန်သမျှကို ကျေးကျွန်ကိုခိုင်းပြီးတော့ သက်သောင့်သက်သာနေချင်ပါသတဲ့။ ဒီတော့ ကျွန်ုပ် ဘယ်လိုလုပ်ရပါ့မလဲ။ ကျေးကျွန်ဆိုတာ ငွေတစ်ထောင်၊ ကိုးရာပေးနိုင်ရင်ရပါတယ်။ အဲဒီငွေက လက်ထဲမှာမရှိ၊ မရှိဘဲနဲ့ ကျေးကျွန်တစ်ယောက်ကို ဘာနဲ့ဝယ်ရပါမလဲဆိုတော့ 'လွယ်ပါတယ်တော်။ နယ်တကာရပ်တကာလှည့်ပြီး အလှူခံပေါ့' တဲ့"

ပုဏ္ဏားအိုကြီး စီကာပတ်ကုံးပြောပြနေသမျှကို စိတ်ရှည်လက်ရှည် နားထောင်နေသော သေနကသုခမိန်သည် ဤနေရာအရောက်တွင်မူ နားထောင်သူသက်သက်မဟုတ်တော့ဘဲ -

"အို- ခဏနေပါဦး ပုဏ္ဏားကြီး။ အဲဒီလိုအလှူခံထွက်ဖို့ ပုဏ္ဏေးမလေးက ပြောတာဟာ သဘောရိုးသက်သက်လား။ ဒါမှမဟုတ် အသင်ပုဏ္ဏားကြီး မရှိတုန်းမှာ တစ်ခုခုလုပ်ချင်လို့လား။ အသင်ပုဏ္ဏားကြီး ဘယ်လိုစဉ်းစားခဲ့မိသလဲ"

ဤသို့ ကြားဖြတ်၍ မေးလိုက်သဖြင့် -

"မှန်တာပြောရရင်တော့ ဒီတုန်းက ပုဏ္ဏေးမလေး လိုချင်တာရအောင် လုပ်ပေးဖို့ကလွဲလို့ ဘာကိုမှမစဉ်းစားခဲ့မိပါဘူး။ ဒါကြောင့်လည်း သူ့စကားကို လွယ်လွယ်လေးနဲ့ လက်ခံလိုက်ပါတယ်။ အိမ်အတွက် စားရေရိက္ခာပြည့်စုံအောင် လုပ်ပေးထားခဲ့ပြီး အရင်တုန်းကလိုပဲ အလှူခံထွက်ခဲ့ပါတယ်။ နယ်တကာရပ်တကာ ခြေတိုလောက်အောင်လှည့်ပြီး အလှူခံလာလိုက်တာ အိတ်ထဲမှာ အသပြာခုနစ်ရာစုမိလာပြန်ပါတယ်။ ဒီတော့ ဒီငွေလောက်နဲ့ဆိုရင် ပုဏ္ဏေးမလေးအတွက် ကျေးကျွန်တစ်ယောက်တော့ ဝယ်နိုင်ပြီ။ ဒီတော့ အိမ်ပြန်ဖို့ပဲရှိတော့တယ်ဆိုပြီး ပြန်လာခဲ့ပါတယ်။ အပြန်လမ်းမှာ ထမင်းဆာလာတော့ ပုဏ္ဏေးမ ထည့်ပေးလိုက်တဲ့ ရိက္ခာမုန့်အိတ်ကို သတိရလာပါတယ်။ ဒါကြောင့် အရိပ်ကောင်းလှတဲ့သစ်ပင်ရိပ်မှာ ကျကျနနထိုင်ပြီးတော့ မုန့်အိတ်ကိုဖွင့်ပြီးတော့ စားပါတယ်။ စားလို့အားရတော့ အနားက ရေကန်စပ်ကိုဆင်းပြီးတော့ လက်ခုပ်နဲ့ ရေကိုခပ်ပြီးသောက်ပါတယ်။ အဲဒီကတစ်ခါ ခရီးဆက်ဖို့ မုန့်အိတ်ကိုကောက်လွယ်လိုက်တဲ့အခါမှာ အဲဒီသစ်ပင်မှာရှိနေတဲ့ ရုက္ခစိုးနတ်က ကိုယ်ထင်ပြပြီးတော့ ပြောပါတော့တယ်။

'အို- ပုဏ္ဏားကြီး၊ သင်ရော သင့်ဇနီးသည်ပါ နှစ်ယောက်စလုံး သေကိန်းဆိုက်နေပြီ။ ဒီကနေ့ အိမ်ကိုအရောက်ပြန်ရင် သင့်ဇနီးသည် သေလိမ့်မယ်။ ဒါမှမဟုတ်ဘဲ လမ်းမှာ တစ်ညအိပ်နေဦးမယ်ဆိုရင် သင်ပုဏ္ဏားကြီး သေလိမ့်မယ်' တဲ့။

အို- သေနကသုခမိန်၊ ပရိသတ်ဗိုလ်ပုံအလယ်မှာ ငိုပွဲကြီးဆင်နေရတာက ရုက္ခစိုးနတ်ပြောခဲ့တဲ့ အဲဒီစကားကြောင့် ဖြစ်ပါတယ်။ ကျွန်ုပ်ဘယ်လိုလုပ်ရပါ့မလဲ။ အိမ်ကိုလည်း အရောက်မပြန်ရဲဘူး။ လမ်းမှာလည်း ညအိပ်မနေရဲဘူး။ ဒီဘေးဒုက္ခက ကယ်တင်နိုင်တာကတော့ အသင်ပညာရှိသုခမိန်ပဲ ရှိပါတော့တယ်။ ကျွန်ုပ်ရဲ့ အသက်ကို ကယ်တော်မူပါ။ ဇနီးသည်လေးနဲ့ အသက်ကိုလည်း ကယ်တော်မူပါ"

ပုဏ္ဏားအိုကြီးက မျက်ရည်လည်ရွဲဇာတ်ကြောင်းပြန်ပြီးလျှင် သေနကသုခမိန်၏ခြေအစုံ၌ အကြိမ်ကြိမ်ဦးခိုက်လေသည်။

အလောင်းတော် သေနကသုခမိန်သည် ပုဏ္ဏားအိုကြီး၏ ရုပ်လက္ခဏာကို စေ့စပ်သေချာစွာ ကြည့်ရှုသုံးသပ်၏။ ပုဏ္ဏားအိုကြီး၏ကိုယ်ခန္ဓာမှာ အသက်အရွယ်ရလာတာကလွဲ၍ အခြားသော ရောဂါလက္ခဏာများ မတွေ့ရပါ။ သူတစ်ပါးလက်ချက်ဖြင့် အသက်အန္တရာယ်ကျရောက်ရန်လည်းမရှိပါ။ အခြားတစ်ဖက်က ရုက္ခစိုးနတ်၏ စကားကိုလည်း လျှော့တွက်၍မရပါ။ ကျရောက်လာမည့်အန္တရာယ်ကို အသေအချာမြင်ထား၍သာ ဖြစ်ပေလိမ့်မည်။ သည်တော့ ဒီပုဏ္ဏားအိုကြီး၏ အသက်အန္တရာယ်မှာ သူ၏ကိုယ်ခန္ဓာနှင့်တော့ တိုက်ရိုက်မသက်ဆိုင်ပေ။ ဤသို့ဆိုလျှင် မည်သည့်အရာနှင့် သက်ဆိုင်ပါမည်နည်း။

အန္တရာယ်ပြုနိုင်မည့် အရာဝတ္ထုတစ်ခုခုကို တွေ့လိုတွေ့ငြား လေ့လာကြည့်ရှုရာတွင် အလောင်းတော်သေနကသုခမိန်သည် ပုဏ္ဏားအိုကြီး၏ ပခုံးထက်က အိတ်ကို သတိပြုမိသဖြင့် -

"အသင်ပုဏ္ဏားကြီး၊ အသင့်ပခုံးပေါ်၌မှာ ထမ်းထားတဲ့အိတ်က ဘာပစ္စည်းလဲ"

ဟု မေးလိုက်ရ၏။

ဤတွင် ပုဏ္ဏားအိုကြီးက -

"အို- သေနကသုခမိန်၊ ကျွန်ုပ်ရဲ့ ဇနီးသည်လေးထည့်ပေးလိုက်တဲ့ ရိက္ခာအိတ်ဖြစ်ပါတယ်"

"ကောင်းပြီ၊ အသင်ပုဏ္ဏားကြီး ပြောပြခဲ့တဲ့အတိုင်း သစ်ပင်ရိပ်မှာ ဒီမုန့်အိတ်ကို ဖြေပြီးတော့ မုန့်တွေနှိုက်စားတယ်။ စားပြီးတော့ ရေသောက်ဖို့ ရေကန်ရှိရာ ထွက်လာခဲ့တယ်။ အဲဒီလို ထွက်လာတဲ့အခါမှာ မုန့်အိတ်ကို သေသေချာချာပြန်ပိတ်ခဲ့ပါရဲ့လား"

"အဲ - ကျွန်ုပ်က အမှတ်တမဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းထားခဲ့မိပါတယ်။ ရေသောက်ပြီး ပြန်လာတော့လည်း မုန့်အိတ်ကို သေသေချာချာ မကြည့်တော့ပါဘူး။ ဒါတိုင်းလိုပဲ ပခုံးပေါ် ကောက်တင်လာခဲ့ပါတယ်"

"ကိုင်း- ကောင်းပြီ၊ ရက္ခစိုးနတ်ဟာ ပညာရှိပုဂ္ဂိုလ်ဖြစ်တယ်။ ပညာရှိပုဂ္ဂိုလ်ဆိုတော့ ပြောတိုင်းမှန်ဖို့ရှိတယ်။ အဲဒီ အမှန်ကို သက်သေပြဖို့သာ ရှိပါတော့တယ်"

ဤသို့ပြောပြီးလျှင် အလောင်းတော် သေနကသုခမိန်သည် တရားနာပရိသတ်တို့အား နောက်သို့ဆုတ်ပေးကြရန် တိုက်တွန်း၏။ လုံလောက်သည့် ကွက်လပ်တစ်နေရာပေါ် လာအောင် အဆုတ်ခိုင်း၏။ ထို့နောက်မှ ပုဏ္ဏားအိုကြီး၏ မုန့်အိတ်ကို ကွက်လပ်အလယ်မှာ ချထားစေ၏။ ထို့နောက် အန္တရာယ်ကို ရှောင်နိုင်တိမ်းနိုင်အောင် သွက်လက်ချက်ချာသော လုလင်တစ်ယောက်ကို ရွေးထုတ်ကာ သူ့လက်ထဲသို့ ကြိမ်တုတ်တစ်ချောင်းပေးအပ်၏။ ထိုကြိမ်တုတ်ဖြင့် ချထားသော မုန့်အိတ်နံပါးကို ရိုက်ပုတ်လိုက်ရာ မုန့်အိတ်ထဲမှာ ပါလာခဲ့သော မြွေဟောက်သည် ပါးပျဉ်းထောင်လျက် ထွက်လာပါတော့သည်။

သည်တော့မှ ပုဏ္ဏာအိုကြီးမှာ စောစောကထက် ပို၍တုန်လှုပ်ချောက်ချားသွားရ၏။ ရက္ခစိုးနတ်၏ နိမိတ်ဖတ်တာမှန်လှပါကလားဟု အံ့သြမိ၏။ တကယ်တော့ဖြင့် ရက္ခစိုးနတ်သည် အရှင်သာရိပုတ္တရာ၏ အလောင်းလျာဖြစ်၏။ အလောင်းလျာချင်း ပါရမီဖြည့်ဖက်အဖြစ်ဖြင့် ဆုံခဲ့တွေ့ခဲ့ကြရသော ဘဝဘဝက အထုံပါရမီပါလာခဲ့သဖြင့် ပုဏ္ဏာအိုကြီး၏ အသက်ကို ကယ်တင်သူနှင့် တွေ့နိုင်အောင် ဤသို့ ပြောကြားခြင်း ဖြစ်ပေသည်။

မိမိ၏ကိုယ်ပိုင်မျက်စိဖြင့် တပ်အပ်သေချာမမြင်ရ၊ မတွေ့ရပါဘဲလျက် တပ်အပ်သေချာ မြင်ရတွေ့ရဘိသကဲ့သို့ ဆင်ခြင်သုံးသပ်ကာ အဖြစ်မှန်ကို ဖော်ထုတ်ပြသနိုင်သည်ဟူ၍ အလောင်းတော်သုခမိန်၏ ပညာစွမ်းအားကို အားပါးတရ ချီးကျူးကြ၏။ ကောင်းချီးပေးသံတွေ မစဲနိုင်အောင် ထွက်ပေါ်လာကြ၏။

ပုဏ္ဏားအိုကြီးမှာလည်း မိမိ၏ အသက်ကို အန္တရာယ်ကို ကာကွယ်ပေးခဲ့သူ့ ဂုဏ်ကျေးဇူးကို တုံ့ပြန်ပေးဆပ်လိုသဖြင့် အလှူခံ၍ ရလာသမျှ ခုနစ်ရာမျှသော အသပြာကို တစ်ပြားမကျန် သွန်ချပြီးလျှင် သေနကသုခမိန်၏ ခြေရင်းမှာ ပုံ၍ထားလိုက်၏။ ဤတွင် အလောင်းတော်သုခမိန်က -

"အို- ပုဏ္ဏားကြီး၊ ကျွန်ုပ်က ဒီလို အခကြေးငွေကို မျှော်ကိုးပြီးလုပ်ခဲ့တာ မဟုတ်ပါဘူး။ တွေ့ကြုံလာရတဲ့ ပြဿနာတစ်ခုကို ဉာဏ်စွမ်းရှိသမျှနဲ့ အဖြေထုတ်ကြည့်ခဲ့တာပါ။ ထုတ်ကြည့်ခဲ့တဲ့ အဖြေကလည်း မှန်သွားပြီ။ အသင်ပုဏ္ဏားကြီးမှာလည်း အသက်ဘေးက လွတ်သွားပြီ။ ဒါလောက်နဲ့ပဲ ကျေနပ်နေပါပြီ။ ဒီတော့ အသင်ပုဏ္ဏားကြီးရဲ့ အသပြာခုနစ်ရာကို လက်မခံတဲ့အပြင် ကျွန်ုပ်က နောက်ထပ်သုံးရာဖြည့်ပေးလိုက်ပါဦးမယ်။ ဒီတော့ အသပြာတစ်ထောင်ထုပ်ကြီးပိုက်ပြီးတော့ အိမ်အပြန်မျက်နှာပန်းလှပြီလေ"

ဤသို့ ပြောဆိုကာ မငြင်းသာလောက်အောင်ဖြစ်လာ၍ ပုဏ္ဏားကြီးအိုကြီးသည် အသပြာတစ်ထောင်ထုပ်ကိုရှေ့မှာထားလျက် အလောင်းတော် သေနကသုခမိန်ကို အကြိမ်ကြိမ်ဦးခိုက်နေသည်။

"အဲ- ပုဏ္ဏားကြီးကိုမှာလိုက်ရဦးမယ်နော်။ ဒီတစ်ထောင်ထုပ်ကြီးကို အိမ်ထိအောင် တစ်ပါတည်းယူမသွားနဲ့ဦး။ အိမ်မရောက်ခင်တစ်နေရာမှာ မှတ်မှတ်သားသားလုပ်ပြီး မြှုပ်ထားခဲ့။ နောက်အခြေတကျရှိတော့မှ ဖော်ယူ။ ပြောတာတွေ မှတ်မိလား"

ဤသို့ ကြောင့်ကြောင့်ကြကြ မှာလိုက်ရသေး၏။ ကျေးကျွန်ဝယ်ရန် ငွေအလှူခံထွက်ဖို့ ကြားရတုန်းကပင် အလောင်းတော် သေနကသုခမိန်သည် သူတို့၏ အိမ်တွင်းရေးဇာတ်ရှုပ်ကို သဘောပေါက်လိုက်၏။ လင်ကအိုအို၊ မယားပျိုပျို အလိုမပြည့်နိုင်သည့်အဆုံးတွင် ဤသို့ ကြံတတ်ဖန်တတ်သော ဇာတ်ရှုပ်တွေကများလှပါပြီကော။

သို့ဖြစ်၍ ပုဏ္ဏားအိုကြီး တပင်တပန်း ရှာဖွေလာခဲ့ရသည့် အသပြာတစ်ထောင်ထုပ်ကို ဇနီးသည်၏ တိတ်တိတ်ပုန်းလင်ငယ်ထံ အလွယ်တကူရောက်မသွားရအောင် ကြိုတင်အကာအကွယ်ပေးလိုက်ရခြင်း ဖြစ်ပေသည်။

လာမည့်ဘေးကို တွေးမြင်ထားသော သုခမိန်က ကြိုတင်၍ ကာကွယ်ပေးခဲ့ပါလျက် ပုဏ္ဏားအိုကြီးခမျာ အလောင်းတော်သုခမိန်ထံ နောက်တစ်ခေါက် ရောက်လာရပြန်ပါ၏။

"အို - သေနကသုခမိန်၊ အရှင်သုခမိန် ညွှန်ကြားခဲ့တဲ့အတိုင်း အိမ်မရောက်ခင် ရွာအပြင်ဘက် တစ်နေရာမှာ ဥစ္စာထုပ်ကို မြှုပ်ထားခဲ့ပါတယ်။ အဲဒါ နောက်တစ်နေ့ သွားကြည့်လိုက်တော့ ဥစ္စာထုပ်မရှိပါဘူး။ ကျင်းသက်သက်ပဲတွေ့ရပါတော့တယ်"

ဤသို့လည်း ငိုကြီးချက်မနှင့်တိုင်တည်ပါသေးသည်။

အလောင်းတော်သေနကသုခမိန်သည် ဖြစ်ပေါ်နိုင်သည့် အခြေအနေကို ချိန်ချိန်ဆဆ စဉ်းစားသုံးသပ်လျက် -

"အို- ပုဏ္ဏားကြီး၊ အိမ်မရောက်ခင် မြှုပ်ထားခဲ့တာတော့ ဟုတ်ပါပြီ။ အဲဒီ အကြောင်းကို ဘယ်သူ့ကိုများ ပြောမိသေးသလဲ"

ဟု မေးလိုက်၍ -

"ကျွန်ုပ်ရဲ့ မယားလေးကိုတော့ ဝမ်းသာရအောင် ပြောပြမိပါတယ်"

"အဲသလိုဆိုရင် ကောင်းပါပြီ။ အဖြေကပေါ်ပါပြီ။ အဖြေပေါ်ဖို့အတွက် ဒီကညွှန်ကြားလိုက်တဲ့အတိုင်းသာလုပ်ပါ"

ဤသို့မိန့်ကြားပြီးလျှင် အလောင်းတော်သုခမိန်သည် ပုဏ္ဏားအိုကြီးအား ခုနစ်ရက်စာဧည့်ခံကျွေးမွေးနိုင်ရန် စရိတ်ငွေအလုံအလောက်ပေး၍ ပြန်လွှတ်လိုက်၏။

သေနကသုခမိန် ညွှန်ကြားလိုက်သည့်အတိုင်း ပုဏ္ဏားအိုကြီးသည် မိမိနှင့်ခင်မင်သည့် ပုဏ္ဏားခုနစ်ယောက်နှင့် ပုဏ္ဏေးမလေးနှင့် ခင်မင်သော ပုဏ္ဏားခုနစ်ယောက်တို့ကို အိမ်သို့ ပင့်ဖိတ်၍ ကျွေးမွေးဧည့်ခံ၏။ နောက်တစ်နေ့တွင် တစ်ယောက်စီလျှော့ကာ ဧည့်ခံကျွေးမွေးပြန်၏။ နောက်တစ်နေ့တွင် ထပ်၍ တစ်ယောက်စီ လျှော့ပြန်၏။ ဤသို့ဖြင့် ခုနစ်ရက်မြောက်လာသောအခါ ဧည့်ခံစရာ ပုဏ္ဏားတစ်ယောက်စီသာ ရှိပါတော့သည်။

ပုဏ္ဏေးမဘက်မှ လာရောက်ခဲ့သူများတွင် ခုနစ်ရက်မြောက်အထိပါလာခဲ့သူသည် ယခင်နေ့များတုန်းကလည်း နေ့စဉ်မပျက် ပါလာခဲ့၏။ ဤတွင် အလောင်းတော် သေနကသုခမိန်က ထိုပုဏ္ဏားကို ရှေ့မှောက်သို့ ခေါ်ယူပြီးလျှင် အဖြစ်မှန်ကို ဖော်ထုတ်လိုက်ပါတော့သည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com


www.burmeseclassic.com

သမီး-စောဒုဝါ


# ထူးထူးဆန်းဆန်း ဇော်စိမ်းပန်း



ညအချိန်ပွင့်နေသော ဇော်စိမ်းပွင့်များ



နေ့အချိန် ငုံသွားပုံ



အနီးကပ်မြင်တွေ့ရပုံ

ဗုဒ္ဓဘာသာ ဗမာလူမျိုးတိုင်း မိမိတို့အိမ်၌ ကိုးကွယ်ထားရှိသော မြတ်စွာဘုရားရှင်အား ပန်းများဖြင့် ဝေဝေဆာဆာ ဆက်ကပ်လှူဒါန်းကြပါသည်။ ထိုသို့ ဆက်ကပ်လှူဒါန်းကြသည့် ပန်းများထဲမှာ ဇော်စိမ်းပန်းလည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ အရွက်များစိမ်းစိမ်းစိုစို ဝေဝေဆာဆာနှင့် ထိုဇော်စိမ်းပန်အား လူတိုင်းသိရှိပြီး ဖြစ်ပါသည်။ ဇော်စိမ်းပန်းဟု ခေါ်သော်လည်း အပွင့်ပွင့်လေ့မရှိဘဲ အရွက်များဖြင့်သာ စိမ်းစိုနေသည့် အပင်တစ်မျိုး ဖြစ်ပါသည်။ အပင်စိုက်ဝါသနာပါသူ တော်တော်များများ ရေတွင်း၊ ရေကန်ဘေး စိုက်ပျိုးထားတတ်ကြပါသည်။

နေပြည်တော် ပျဉ်းမနားမြို့ အောင်မင်္ဂလာ (၃) လမ်းတွင် နေထိုင်သော စာရေးသူသားလေး၏ ဆရာမ ဒေါ်ခင်စန်းမြင့်အိမ်တွင် ဇော်စိမ်းပန်းများကို အိမ်ရှေ့ရေတွင်းဘေးမှာ စိုက်ပျိုးထားပါသည်။

တစ်ရက်တွင် ဆရာမအိမ်ရောက်တော့ ဆရာမမှ -

"ငါ့သမီးလာတာနဲ့ အတော်ပဲဟေ့။ သမီးတို့က စိုက်ပျိုးရေးလုပ်နေတာဆိုတော့ ကြုံများကြုံဖူးမလားလို့။ သမီး ဇော်စိမ်းပင်က အပွင့်ပွင့်တာ မြင်ဖူးလား။ ဆရာမအိမ်က ဇော်စိမ်းပင်တွေမှာ အပွင့်တွေပွင့်နေလို့"

ဟုဆိုကာ စာရေးသူအား လိုက်ပြပါသည်။

စာရေးသူလည်း ဇော်စိမ်းပန်းများပွင့်နေတာမြင်တော့ အံ့ဩမိကာ -

"ဆရာမရယ် ဇော်စိမ်းပင်က ပွင့်တယ်လို့ တစ်ခါမှလည်း မမြင်ဘူး၊မကြားဖူးပါဘူး။ တော်တော်ထူးဆန်းတာပဲ"

"ဟုတ်တယ် ငါ့သမီးရေ။ ဆရာမလည်း အံ့ဩလွန်းလို့ အသက်ကြီးပိုင်းလူကြီးတွေများ ကြုံဖူးမလားလို့ လိုက်မေးကြည့်တော့လည်း တစ်ယောက်မှ မကြုံဖူးကြဘူးတဲ့။ အပင်သက်တမ်းရင့်လို့ပွင့်တယ်ပြောရအောင်လည်း ဆရာမအပင်က ပင်ပျိုတွေပဲရှိသေးတာ"

ပန်းများမှာ ငွေပန်းခိုင်လို အခိုင်လိုက်ပွင့်ခြင်းဖြစ်ပြီး နှစ်ခိုင်ပွင့်နေပါသည်။ အနံ့မှာလည်း ပန်းခိုင်တစ်ဝိုက်ဝန်းကျင်မှာ သင်း၍မွှေးနေကာ အပွင့်လေးများက အခိုင်ဘေးပတ်ချာလည်ဖဲပွင့်လေးများသဖွယ် ချစ်စဖွယ်ပွင့်နေပါသည်။ အရောင်မှာ အဖြူရောင်ဖြစ်ကာ အခိုင်ထိပ်တွင်လည်း အဖူးများကျန်သေးသဖြင့် -

"ဆရာမ ပန်းကပွင့်နေတာကြာပြီလား"

ဟုမေးတော့ ဆရာမမှ -

"ဆရာမ သတိထားမိတာတော့ တစ်ပတ်၊ ဆယ်ရက်လောက်တော့ရှိပြီ။ ဘယ်ကတည်းက ပွင့်နေတာလဲတော့ မသိပါဘူး သမီးရယ်။ ဒီပန်းကလေ ညမှပွင့်ပြီး နေ့ဆို ပြန်ငုံသွားတယ်။ ညပွင့်တဲ့အချိန်မှပဲ အနံ့ထွက်လာတာ။ ညနေ (၆) နာရီခွဲ (၇) နာရီလောက်ဆို စပွင့်ပြီ သမီးရဲ့"

"ဆရာမရယ်၊ ပွင့်လေ့ပွင့်ထမရှိတဲ့ ဇော်စိမ်းပင်က ပန်းပွင့်တာ ဆိုတော့ ဆရာမမှာ ဘာတွေထူးခြားတာကြုံလဲ။ တော်တော်ထူးဆန်းလို့ပါ"

"ဆရာမတော့ ဘာမှထူးထူးခြားခြား မဖြစ်ပါဘူး ငါ့သမီးရယ်။ ဆရာမလည်း ဘယ်လိုအတိတ်နိမိတ်ဆောင်လဲဆိုတာ သိချင်နေတာ"

"ဟုတ်တယ်နော် ဆရာမ။ ဒါပေမယ့် ပန်းတွေပွင့်တာ ကောင်းတဲ့အတိတ်ကိုဆောင်မှာပါ ဆရာမရဲ့"

စာရေးသူလည်း ထူးခြားစွာပွင့်နေသော ဇော်စိမ်းပန်းများကို ဆရာမထံမှ ခွင့်တောင်းပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဖော်ပြအပ်ပါသည်။ စာရေးသူတို့ ဇော်စိမ်းပန်းပွင့်ခြင်းကို မကြုံတွေ့ဘူးသလို ထူးခြားချက်ကိုလည်း မသိရှိပါသဖြင့် ကြုံတွေ့ဖူးသူ စာဖတ်ပရိသတ်များရှိပါက မည်ကဲ့သို့ ထူးခြားချက်များရှိသည်ကို စေတနာရှေ့ထား၍ ရေးသား ဖော်ပြပေးစေလိုပါသည်။

သမီး-စောဒုဝါ



www.burmeseclassic.com




## နတ်နှင့်နဂါး

ရတနာဒေဝီ

၂၀၁၃ ခု၊ မေလထုတ် သူရဋ္ဌ မဂ္ဂဇင်း၌ ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ၏ 'မေတ္တာဖြင့်သာ မြင်ကြည့်ပါ' ဆောင်းပါးကို ဖတ်လိုက်ရပါသည်။ အိမ်တွင်းအုန်းဆွဲထားစဉ်က အစစအဆင်ပြေခဲ့သည့်မိသားစုတစ်စု၊ မိတ်ဆွေတစ်ဦးက အိမ်တွင်းအုန်းဖယ်ပစ်လိုက်ဟု ပြောသည်ကို နားဝင်ပြီး အုန်းတော်ကို စင်မှ ဖြုတ်ချခဲ့ပါသည်။ ကြာလိုက်ပါ။ လင်မယားကွဲကြပြီး ဇနီးသည်က သူများအိမ်မှာ အလုပ်လုပ်ခဲ့ရသည့်အဖြစ်ပါ။အလုပ်လုပ်ရတော့လည်း အိမ်ရှင်အလိုကျ ဆောင်ရွက်ပေးရသည်မှ အိမ်တွင်းအုန်းဆွဲပေးရခြင်း၊ ရေချမ်းခန်းလဲရသည့်ကိစ္စများကိုပါ ဆောင်ရွက်ပေးရပါတော့သည်။ မိမိအိမ်မှာပင်မလုပ်တော့သည့်အလုပ်ကိုလုပ်ပေးရ၍ စိတ်ကောင်းဖြစ်ရသည်ဟု သိရပါ၏။

ဆရာဦးမောင်မောင်သန်းက အမေးမြန်းထားပါသည်။ 'မိမိကကော ကောင်းအောင် ကြိုးစားကျင့်ကြံနေထိုင်ပါရဲ့လား၊ ရတနာသုံးပါးကို မမေ့မလျော့ယုံကြည်စွာ ကိုးကွယ် ဆည်းကပ်ပါရဲ့လား၊ ကမ္မဋ္ဌာန်းဝိပဿနာတရားများအားထုတ်၍ မြင့်မြတ်သောအဆင့်ကိုရနေပြီလား' ဟူ၍ပါ။

ကိုယ့်ကိုယ်တိုင်လည်း ယောင်ချောက်ဆယ်၊ ဘုရားစူး မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်ခဲ့ကာ လူပြောသူပြောနှင့်နတ်မကိုးကွယ်နှင့်၊ နတ်အုန်းမဆွဲနှင့်၊ ဘိုးတော်တွေ ကိုးကွယ်စရာ မလိုဘူးဟု



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ပြောနေခြင်းမှာ လျော်ကန် သင့်မြတ်ပါ့မလား။ စာရေးသူ မကြာခဏ မေးလိုသည့် မေးခွန်းကို ဆရာ ဦးမောင်မောင်သန်းက မေးထား၍ များစွာ ကျေနပ်မိပါသည်။ ဆရာတို့က ဗဟုသုတလည်းများ၊ ကိုယ်တိုင်လည်းကျင့်ကြံအားထုတ်၊ လူအများကိုလည်း ကောင်းရာလမ်းညွှန်နေသူများပါ။

စာရေးသူတို့ တစ်ခါတစ်ရံ စကားပြောရင်း နတ်မယုံသူ၊ ပုဂ္ဂိုလ်ထူးတွေ မယုံကြည်သူများနှင့် ကြုံရပါသည်။ မိမိထက် အသက်အားဖြင့်ကြီးကြ၍ ကန့်လန့်မတိုက်ခဲ့ပါ။ စိတ်ထဲမှာတော့ ဆရာလိုပင် 'မိမိက ကြိုးစား အားထုတ်၍ အဆင့်မြင့်နေကြပြီလား' ဟု မေးချင်နေခဲ့တာပါ။

ဆရာတော်များ ဆိုသည်မှာ ဘုရားသားတော်များပါ။ (၂၂၇) သွယ်သော သိက္ခာပုဒ်တော်များ စောင့်ထိန်းသည့်သာသနာ့အာဇာနည်များပါ။ နတ်ကိုးကွယ်ဖို့လိုသေးလို့လား။ သာသနာပြုပုဂ္ဂိုလ်များမို့ နတ်တို့ကပင် ကူညီစောင့်ရှောက်ပေးကြပါလိမ့်ဦးမည်။

စာရေးသူတို့က မုသားပင် မကင်းနိုင်ကြသေးပါ။ ကံကြီးကို ပလပ်၍ ကံငယ်ကိုတော့ တစ်ခါတစ်ရံပြောမိကြပါ၏။ သူလည်း အကျိုးမယုတ်၊ ကိုယ်လည်း အကျိုးမဆုတ်၍ ပြောမိခြင်းပါ။ မုသားမပါ လက်ာမချောဟု ဆိုထားသည် မဟုတ်ပါလား။ စာရေးသူက ကျန်းမာရေးမကောင်း၍ ဒီဘဝနိဗ္ဗာန်နှင့် ဝေးနေပါသည်ဟု ယုံကြည်ထားသူပါ။ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူလျှင်ဖြင့် ဖွဲလျှော့မိမည်မဟုတ်ပါ။ဘုရားရှင်နှင့် သာဝက ရဟန္တာများကြောင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်ခဲ့ကြတာ စာပေမှာ အတိအကျ ဖော်ပြထားခဲ့ပါသည်။ ယခုက သာသနာတော်တွင်းဆိုပြားလည်း ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့နှင့် နဖူးတွေ့ဒူးတွေ့ မကြုံနိုင်ကြပါ။ အသိတရားလေးဖြင့် စွမ်းအားရှိသမျှ ကြိုးစားအားထုတ်နေရခြင်းသာ ဖြစ်ပါသည်။

လူတစ်ဦးက စာရေးသူကို -

"ဒီဘဝနိဗ္ဗာန်မရသေးဘူးဆိုတော့ လူဖြစ်ရှုံးတာပေါ့"

ဟု မညှာမတာ ပြောခဲ့ပါသည်။

မေးလိုက်ချင်ပါသည်။

"အဘကကော စူဠသောတာပန်၊ သောတာပန်၊ အနာဂါမ်အဆင့်ရောက်ပါပြီလား" ဟု။

ကျန်းမာရေးကြောင့်နိဗ္ဗာန်ဝေးလှ၏ဟု အားငယ်မိသူကို မညှာမတာ ပြောရက်ပါပေ၏။

စာရေးသူတို့ မြန်မာစကားပုံ၌ 'နတ်နှင့်နဂါး မလှည့်စားနှင့်' ဟု ဆိုထားပါသည်။ နဂါးတို့သည် အစွဲအလမ်း သံယောဇဉ်ကြီးလှ၍ အတိတ်ဘဝက သားသမီး၊ ဆွေမျိုးများကို မမေ့နိုင်ကြဟု သိရပါသည်။ ငယ်စဉ်က ဆွေမျိုးမကင်းသူတစ်ဦး ဇနီးကွယ်လွန်၍ သားသမီးများနှင့် ကျန်ခဲ့ပါ၏။ သားအကြီးနှစ်ယောက် မလိမ္မာ၊ မရောင်ရာ ဆိုလူးပါတော့သည်။ 'နတ်လည်း မကယ်ဘူး၊ ရှီးရာလည်း မမ,စဖူး' ဆိုကာ အုန်းတော်နှင့် ပွဲများ အိမ်ပေါ်က ပစ်ချပါတော့၏။

မကြာလှပါ။ အပြင်းဖျားပြီး သတိရလာသည်နှင့် ခေါင်းအုံးကို ခွစီးကာ -

"စိုင်းလိုက်စမ်းဟေ့ မြင်း"

ဟု အော်ဟစ်ရင်း ဧည့်ခန်းတွင်း လှည့်ပတ်၍ မြင်းစီးနေပါတော့သည်။ မောလျှင် လှဲချ အိပ်ပျော်သွားကာ နိုးလာသည်နှင့် မြင်းစိုင်းပါတော့သည်။ ပြောမရ ဆွဲမရ ၍ ဆွေမျိုးများက နတ်ထိန်းတစ်ဦးကို မေးကြည့်တော့ -

"မြင်းဖြူရှင်က မြင်းစိုင်းခိုင်းထားတာ"

ဟု ဟောလာပါသည်။

ထိုဦးကြီးက စစ်ကိုင်းနယ်က အဘမြင်းဖြူရှင်ကို မိရိုးဖလာ ကိုးကွယ်ခဲ့ကြသူများပါ။ တစ်လခန့် မြင်းစိုင်းရင်း ကွယ်လွန်သွားရှာပါ၏။

မိမိ လူမှုရေးကိစ္စ အဆင်မပြေတိုင်း၊ စီးပွားကျတိုင်း မဆိုင်တာမလုပ်သင့်ပါ။ လူကြီးများ ဆုံးမခဲ့သလို ကံနိမ့်လျှင် ကံဆင့်ရပါမည်။ ကံပေါက်လျှင် ကံဖာရပါမည်။ ကံကျိုးလျှင် ကံဆည်ရပါမည်။ ဘုရားခန်းကို သန့်ရှင်းစွာထားပါ။ နံနက်တိုင်း ဆွမ်း၊ ဆီမီး၊ ရေချမ်းနှင့် အောင်သပြေအပွင့်ပန်းများ ကပ်လှူပါ။ တတ်နိုင်လျှင် သစ်သီးဆွမ်းဘုရားပွဲများ ပူဇော်ပါ။ 'ဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား ကယ်မတော်မူမည့် မေတ္တာကရုဏာတော်ဖြင့် မျက်လုံးတော်ဖွင့်၍ ကြည့်ရှုတော်မူနေပေပြီ' ဟု ယုံကြည် လေးမြတ်စွာ နေ့နေ့၊ ညည ဘုရားကို ကြည်ညိုလိုက်ကြစမ်းပါ။ ဘုရားရှင်၏ အရိပ်တော်သည် ပူလောင်နေသည့်ရင်ကို အေးချမ်းသွားစေပါလိမ့်မည်။ တရားပွဲမသွားနိုင်လျှင် တရားခွေလေးဖွင့်ထားပါ။ နံနက်ခင်း ကျက်သရေမင်္ဂလာပြည့်စုံအောင် တရားခွေဖွင့်ခြင်း၊ တီဗွီမှတရားနာခြင်းအမှုပြုပါ။ မင်္ဂလာရှိသည့်သီချင်းခွေများဖွင့်ရင်း နံနက်ခင်းကို ကျော်ဖြတ်လိုက်ပါ။ မကြာခင်မှာ ထိုအိမ်၌ ကျက်သရေမင်္ဂလာပြည့်စုံစွာ ကံကောင်းခြင်းများ ရောက်ရှိလာပါလိမ့်မည်'

ငယ်စဉ်က မွေးရပ်မြေတွင် သူပုန်များ မိုင်းခွဲ၊လူသတ်နေ၍ တထိတ်ထိတ်ဖြစ်ခဲ့ဖူးပါသည်။ တစ်ည ညဉ့်(၁၂) နာရီမှ နံနက် (၄)နာရီအထိ ကတ္တရာလမ်းမပေါ် မြင်းစိုင်း၍ လှည့်ပတ်နေသည့် အသံကို လူတိုင်းကြားကြရပါ၏။

နောက်မှ နတ်ထိန်းတစ်ဦးကို မြို့တော်ရှင်စီးကာ -

"မြို့ရှင်နန်းမှာ ပန်း၊ ရေချမ်းလဲကြပါဦး။ ရန်သူ မဝင်နိုင်အောင် ညဉ့်ဦးယံက မိုးသောက်ခါနီးထိ မြို့ကို လှည့်၍စောင့်ရှောက်ကာကွယ်ပေးခဲ့ပါသည်။ မော၍ သောက်စရာရေပင် မရှိပါ"

ဟု ပြောပါတော့၏။

လူကြီးများစည်းဝေးကာ ညနေစောင်း နတ်ကွန်းသန့်ရှင်းရေးလုပ်၊ နတ်ကွန်းပေါ် ရေဆေး၊ ပန်းလဲ၊ ရေတကောင်းရေဆေးပြီး ရေထည့်၊ ငှက်ပျောဖက်ကတော့ ထိုးအုပ်၍ထားကြသည်။ ကန်တော့ပွဲ မုန့်ဖြူ မုန့်နီ၊ ဆီမီးစုံစွာနှင့် ကန်တော့၍ တောင်းပန်ကြပါသည်။ အိမ်ရှေ့တိုင်း ရေတကောင်းတစ်လုံး ရေဖြည့်၍ ဖက်ကတော့ထိုးကာ ရေဒါနပြုပေးကြပါသည်။ တစ်ကြိမ်တစ်ခါမျှ ရန်သူ မြို့ထဲ ဝင်ရောက်လာခဲ့ခြင်းမရှိခဲ့ပါ။

ပုဂံတွင် အိမ်တွင်းမောင်နှမကို ကိုးကွယ်ကြရာ မင်းကျန်စစ်က နတ်ကမမ,စဟု ဆိုပါ၏။ အိမ်တွင်းမင်းမဟာဂီရိနတ်က မိမိတို့သည် သာသနာပြုရန် ဆုတောင်းဖက်များ ဖြစ်ခဲ့ကြသည်။ အနုရုဒ္ဓမင်း အရိန္ဒမာလှံတော်ဖြင့် ထိုးစဉ်က တစ်ကြိမ်၊ ငရမန်ကန်း၏ ညွှန်အိုင်၌ လမ်းရှာမတွေ့စဉ် မြစ်တွေးငှက်အော်သံပေး၍ ကုန်းတစ်ခု ဖန်ဆင်းပေးခြင်း တစ်ကြိမ်၊ လှေသမားယောင်ဆောင်ကာ မြစ်ကို ကူး၍ သုံးကြိမ်ကယ်မဖူးသည်ဟု ဆို၍ ကျန်စစ်မင်း ဟုတ်ကြောင်း ဝန်ခံခဲ့ရပါသည်။ မင်းမိန့်ဖြင့် တစ်နယ်လုံး အိမ်တွင်းနတ်ကို ပူဇော်ကြရသည်ဟု ဖတ်ဖူးပါ၏။

ဆရာတော်များက လူငယ်လူရွယ်များ ဘာသာသာသနာ၊ အနန္တောအနန္တ ငါးပါး လေးစားယုံကြည်အောင် တရားပွဲများကျင်းပပြီး လမ်းညွှန်တော်မူကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သာသနာတော်ကြီးကို ရဟန်းတော်များ၊ လူမင်း၊ နတ်မင်းနှင့် သိကြား၊ ဗြဟ္မာ အပေါင်းတို့က စောင့်ရှောက်လျက်ရှိကြပါသည်။

သိတဂူဆရာတော်ဘုရားကြီးက ရတနာသုံးပါး၏ အဓိပ္ပာယ်ကို ဖွင့်ဆို၍ ဟောပြတော်မူရာ ဝေသာလီပြည်၌ ဘီလူးဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ ရောဂါဘေးဆိုးများကျရောက်၍ ဘုရားရှင်ကို ပင့်ဆောင်ကြရပါ၏။ ဘုရားရှင်က ရဟန္တာများနှင့် ကြွရောက်ကာ ရတနသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ သိကြား၊ ဗြဟ္မာ နတ်တကာတို့က တျရာတာဝန်ကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

ဘုရားရှင်ကပင် -

"သင်တို့သည် လူတို့ပူဇော်သော ဗလိနတ်စာကို စားသုံးခဲ့ကြသည်။ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ နန်းတော်စောင့်နတ်၊ အိမ်စောင့်နတ်ပါမကျန် ပူဇော်ကြသည့် လူတို့အား ကူညီစောင့်ရှောက်ပေးရမည်ဟု မိန့်ကြားတော်မူပါ၏။ ဘုရား၊ရဟန္တာများ၏တန်ခိုးတေဇော် အာနုဘော်များသာမက နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့ မ,စကြ၍ ပြည်သူများ ဘီလူးဘေးက ကင်းဝေးကာ ချမ်းသာရခဲ့ကြဖူးပါသည်။ ကျွန်မ သတိထားမိပါသည်။ ဘုရားပင်လျှင် နတ်ကို ပူဇော်သူတို့အား ကူညီပေးရမည်ဟု မိန့်ကြားတော်မူ၍ နတ်ပူဇော်ခြင်းကို ဘုရားရှင်ပင် မတားမြစ်ဟု မြင်ပါသည်။

မြန်မာတို့သည် ခြောက်နှစ်အရွယ်လောက်ကပင် ဘိုးဘွားမိဘတို့က သရဏဂုံနှင့် အနန္တောအနန္တငါးပါးကို ယုံကြည် သက်ဝင်လာအောင် ရင်ထဲနှလုံးသားထဲအထိ ရိုက်သွင်းပေးခဲ့ကြပါ၏။ မြန်မာကလေးမှန်လျှင် သမ္ဗုဒ္ဓေနှင့် ဒွေနံ-၂၄ပစ္စည်းအကျဉ်းကို အလွတ်ရွတ်ဆိုနိုင်ကြပါပြီ။ လူဖြစ်ကျိုးနပ်ကြသည့် လူမျိုးများဟု ဂုဏ်ယူစရာပါ။ ရတနာသုံးပါးကိုလည်း ယုံကြည်၊ ရိုးရာနတ်တို့အားလည်း တတ်နိုင်သမျှ တင်မြှောက်၍ မေတ္တာပေးဝေပါ။ မြန်မာလူမျိုးတို့သည် မေတ္တာတရားကို ရှေ့တန်းတင်တတ်သည့် လူမျိုးပါ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာအပွားများနိုင်ဆုံးပါပဲ။ သည်းခံနိုင်သော အလေ့အကျင့်များလည်း ရှိကြပါသည်။

အရှေ့တိုင်းသား အများစုသည် တော်များသာမက နဂါးကိုလည်း ယုံကြည်ခဲ့ကြပါသည်။ မြန်မာပြက္ခဒိန်၌ နဂါးခေါင်းလှည့်ကို လအလိုက် ဖော်ပြပေးကြပါ၏။ နဂါးခေါင်းရှိရာအရပ်မှ အမြီးဘက် ခရီးသွားလျှင် နဂါးခံတွင်းဝင်၍ မသွားကောင်းဟု ဆိုပါသည်။ အမြီးဘက်မှ ခေါင်းဘက်သွားလျှင် နဂါးကိုယ်လုံးကိုကျော်သွားပါကလည်း ဘေးဥပဒ်မကျရောက်နိုင်ဟု ယုံကြည်ထားကြပါသည်။ 'နတ်နှင့် နဂါး မလှည့်စားနှင့်' ဟု ဆိုသည်မှာ တွေ့ကြုံဖူးသည့် အဖြစ်အပျက်များကို သုံးသပ်၍ သတိပေးထားခြင်း ဖြစ်နိုင်ပါ၏။


စာရေးသူ ထင်ပါသည်။ အရေးအကြီးဆုံးက ရတနာသုံးပါးကို နေ့ရောညပါ မမေ့မလျော့ သိရှိကိုးကွယ်ကြရပါမည်။ ရတနာသုံးပါးကို မမေ့မလျော့သူတို့အား နတ်အပေါင်းက ကူညီစောင့်ရှောက်ကြပါလိမ့်မည်။ မြန်မာတို့ ယုံကြည်မှု၌ သင်္ကြန်ကာလကောင်းမှုပြုသူကို ရွှေပုရပိုက်ဖြင့်ရေးမှတ်၍ အကုသိုလ်ပြုသူအား ခွေးသားရေပုရပိုက်ဖြင့် ရေးမှတ်သည်ဟု ဆိုပါသည်။ ရှေးထုံးကိုလည်း မပယ်စေလိုပါ။ ဈေးသုံးလည်း မလွှယ်စေလိုပါ။ ထုံးတမ်းစဉ်လာသည် အဖြစ်အပျက်တစ်ခု၊ ကာလတစ်ခုကို မှတ်သားပြီး ပြုအပ်၊ မပြုအပ်သည့် ထုံးတမ်းဖြစ်နေပေရာ တလွဲဆံပင်ကောင်းနေ၍ မဖြစ်ပါ။ နတ်တွေရှေ့ထိုင်ပြီး ဆုတောင်းနေမလား၊ ဘုရားကျောင်းဆောင်ရှေ့ထိုင်၍ ဆုတောင်းမလားဟု မေးလျှင် ကလေးပင် ဖြေပါလိမ့်မည်။ ဘုရားရှေ့မှာ ဆုတောင်းရမည်ဟုပါ။ ဘုရား၊ တရားမမေ့ဘဲ မိရိုးဖလာ ကျွေးမွေးလှူဒါန်းခြင်းဖြင့် နတ်တို့၏ မေတ္တာကိုလည်း ရယူထိုက်ပါသည်။

မေတ္တာသည် အလျား၊ အနံမရှိပါ။ သို့ငြားလည်း အသွား၊ အပြန်ရှိနေသည်က အမှန်အကန်မို့ သုံးဆယ့်တစ်ဘုံသားအားလုံးကို မေတ္တာပေး၍ မိမိလည်း အများမေတ္တာကို ရယူနိုင်ကြပါစေ။

ရတနာဒေဝီ

# ပုံတောင်းစကြာရတနာဂါထာတော်

မုဒိတာ(ကျိုက်လတ်)




တောင်းစကြာ (၁၂) လုံးဖွဲ့ဂါထာ။

**ပုံတောင်းစကြာရတနာဂါထာတော်**

ကဝိန္ဒသံသောဘ ကရာရိ

ကုဠရံ

ကမောလိအတ္တန္တ ကပါဒ

ပင်္ကဇံ။

မုနိန္ဒသံသောဘ သုဒိမိ

တာ ကရံ

နမာမိ အတိက္ကန္တ ဒယာမိသာ

ရဇံ။

ရထစက္ကံ ရထားလှည်းဘီးပုံ တောင်း စကြာရတနာ၊ အချက်လေးပါး၊ အကန့် (၁၂) ပါး၊ ဖွဲ့အပ်သော တ၊ ဇ ရ လေးဂိုဏ်း အစဉ်သင့်နေရသော ဝံသဋ္ဌ စက်ဂါထာ ဖြစ်သည်။

(က) - ၄- ကြိမ်
(ဘ) - ၂ - ကြိမ်
(န္တ) - ၂ - ကြိမ်
(ဇံ) - ၂ - ကြိမ်
(ရံ) - ၂ - ကြိမ်ပါရှိသော ပုံ

အညွှန်း။ ။ ဤဂါထာနှင့် ပုံတော်ကို နေအိမ်၏မြင့်မြတ်သောနေရာတွင် ချိတ်ဆွဲပူဇော်ပါ။ အန္တရာယ်ကင်း၊ ကျက်သရေမင်္ဂလာတိုးပြီး လာဘ်လာဘများ၍ အေးချမ်းသာယာမှုများနှင့် ပြည့်စုံမည့်အပြင် ရန်အောင်မြင်ပြီးလျှင် စီးပွားလမ်းဖြောင့် အဆင်ပြေ တိုးတက်မည်။

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲအလွန်လျင်မြန်တဲ့ခေတ်ကို ရောက်ရှိလာခဲ့ပါပြီ။ ဘာတွေ ဘယ်လိုပြောင်းလဲမှာလဲလို့မေးလိုက်ရင် သူကလည်းမသိသလို ကိုယ်ကလည်းသိနိုင်မှာ မဟုတ်ပါဘူး။ မောင်ငြိမ်းအေးတို့ အဘိုး၊ အဘွားခေတ် အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးတစ်ယောက် အလုပ်လုပ်ရင် မိသားစု စုစုပေါင်း (၉) ဦးရှိနေရင်တောင် ကောင်းမွန်စွာ နေထိုင်နိုင်ပါတယ်။ စည်းစနစ်ကျကျ နေထိုင်စားသောက်မယ်ဆိုရင် ငွေကိုလည်းစုဆောင်းနိုင်ပါတယ်။

လက်ရှိ မျက်မှောက်ခေတ်မှတော့ မလွယ်ကူ မချောမွေ့နိုင်တော့ပါဘူး။ မိသားစု (၇) ဦးရှိရင် (၇) ဦးစလုံး ဒါမှမဟုတ် (၄)၊ (၅) ဦးလောက် ကိုယ်စီကိုယ်င အလုပ်ကိုယ်စီမလုပ်နိုင်ကြရင် စားဝတ်နေရေး အဆင်မပြေနိုင်တော့ပါဘူး။

မောင်ငြိမ်းအေးတို့ မော်လမြိုင် အမှတ် (၁) ဈေးကြီး ၁-၁၂-၂၀၀၈ မှာ မီးလောင်ပြာကျခဲ့ရပါတယ်။ မီးလောင်နေစဉ် ဈေးတံခါးတွေ ဖွင့်ပေးထားလို့ ပစ္စည်းတွေကို ပြန်ရတဲ့သူက အထိုက်အလျောက် ပြန်ရကြပါတယ်။ စတင်မီးလောင်တဲ့နေရာနဲ့ နီးတဲ့သူတွေက ဘာဆိုဘာမှ မသယ်နိုင်ခဲ့ပါဘူး။ ဘာဆိုဘာမှ ပြန်မရလိုက်ကြပါဘူး။

အနည်းငယ်သာ ပြန်လည်ရရှိတဲ့ ပစ္စည်းလေးတွေနဲ့ ကိုယ့်အိမ်မှာပဲ ဆိုင်ပြန်ဖွင့်ခဲ့ရပါတယ်။ ကုမ္ပဏီတွေကိုလည်း မောင်ငြိမ်းအေးတို့တစ်တွေ အကြွေးတွေ အကုန်လုံးကျေအောင် တဖြည်းဖြည်း ပြန်ဆပ်ကြပါတယ်။ အဆိုးဆုံးအခြေအနေတွေကနေ ပြန်လည်ရုန်းကန်လှုပ်ရှား ရှာဖွေကြိုးစားခဲ့ရပါတယ်။ ကုမ္ပဏီအတော်များများကလည်း အထိုက်အလျောက် ပံ့ပိုးကူညီကြပါတယ်။ လုံးဝ အကူအညီမပေးတဲ့ ကုမ္ပဏီအချို့လည်း ရှိပါတယ်။

အမှတ် (၁) ဈေးကြီး မော်လမြိုင်ကို အသစ်တစ်ဖန် ပြန်လည် တည်ဆောက်တဲ့အဖွဲ့ကလည်း လုပ်ငန်းကို ချက်ချင်းနီးပါး အကောင်အထည်ဖော်ခဲ့ပါတယ်။ ပိုင်ရှင်ဟောင်းဆိုင်ခန်းရှင်တွေကိုလည်း ငွေသုံးရစ်ခွဲပြီး ငွေပေးသွင်းစေပါတယ်။ ဒါကြောင့်လည်း မီးလောင်ပြီး တစ်နှစ်နဲ့ငါးရက်အကြာ (၆-၁၂-၂၀၀၉) မှာ ဈေးသစ်ကြီး ပြန်လည်ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကုန်ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျ မဲနှိုက်ပြီး ဆိုင်ခန်းတွေကို နေရာချထားပေးခဲ့ပါတယ်။ မီးလောင်နေစဉ်နဲ့ မီးလောင်ပြီးအကူအညီတွေပေးခဲ့တဲ့ ဆွေမျိုးသားချင်း၊ မိတ်ဆွေကောင်း၊ ဆရာကောင်း၊ လုပ်ငန်းရှင်တွေကို မောင်ငြိမ်းအေးတို့တစ်တွေကျေးဇူးတင်လို့မဆုံးရှိနေလျက်ပါ။

ဒီလိုနဲ့ပဲ အမှတ် (၁) ဈေးကြီး၊ မော်လမြိုင်မြို့ (၂) ထပ်ဈေးဟာ ၂၀၁၃ နှစ်စမှာ ပြန်လည် စည်ကားလာရပါတယ်။ ဆိုင်ခန်းအနေအထားကလည်း ခေတ်မီတာမို့ နေရာကျယ်ကျယ်ဝန်းဝန်း သေသေသပ်သပ်နဲ့ ပြန်လည်အဆင်ပြေလာကြပါတယ်။ တစ်ခါတစ်ရံ အဆိုးဆုံးအခြေအနေတွေ တွေ့ကြုံခဲ့ရပေမယ့် အချိန်မကြာမီမှာပဲ အကောင်းအလှည့်ကို ပြန်လည် တွေ့ဆုံခွင့်ရနိုင်တဲ့ အကြောင်းကို ပြောပြချင်တာပါ။ အပြောင်းအလဲမြန်တဲ့ အကြောင်းအရာ

# အပြောင်းအလဲမြန်တဲ့ခေတ်

ဦးတင်ဝင်း(ဆန်းသစ်ပြ)





www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ခုပါ။ အမြဲတမ်း မဆိုးနိုင်သလို အမြဲတမ်း အကောင်းချည်းပဲ ဖြစ်နေမှာ မဟုတ်ပါဘူး။ (Vicistitude of Life) လောကဓံတရားသဘောကို ပြချင်တာပါ။

အခြေအနေအရပ်ရပ်က အပြောင်းအလဲမြန်ဆန်လာသလို မြန်မာ့ရွှေဈေးဟာလည်း ကမ္ဘာ့ဈေးကွက်ကိုမှီပြီး နှစ်ပေါင်း (၃၀) ကျော် ဈေးတရိပ်ရိပ်တက်ခဲ့တာများပါတယ်။ ရွှေဈေး နှစ်တိုင်းပဲ တက်နေသလားဆိုတော့မဟုတ်ပြန်ဘူး။ ၁၉၉၉ ခုနှစ်မှာ ၁၉၉၈ ခုနှစ်ထက် (၅. ၈၇) ရာခိုင်နှုန်းခန့် ဈေးကျဆင်းခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် ရွှေဈေးဟာလည်း ၂၀၀၈ ခုနှစ်က ဈေးတက် (၆. ၄၁) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ဖူးပါတယ်။ ၂၀၁၁ ခုနှစ်မှာ ရွှေဝယ်ထားမိရင်တော့ ၂၀၁၂ ခုနှစ်မှာ ၂၀၁၁ ခုနှစ် ရွှေဈေးထက် (၇၀. ၅၁) ရာခိုင်နှုန်း ဈေးတက်သွားတာမို့ ၂၀၁၂ ခုနှစ်ကို ရွှေဈေးအတက်ကြမ်းဆုံးသောနှစ်လို့ ပြောနိုင်ပါတယ်။

၂၀၁၄ ခုနှစ်မှာ လက်ရှိရွှေပေါက်ဈေးထက် အတက်ပြမလား၊ အကျပြမလားဆိုတာတွေကို ရွှေဈေးကွက်ကျွမ်းကျင်သူတွေလည်း အတပ်မပြောနိုင်ကြပါဘူး။ ရွှေဈေးက အတက်ကိုပဲ ဦးစားပေးပြနေလို့ လုပ်ငန်းရှင်ကြီးများက ရွှေကိုဝယ်စုထားရင် ကောင်းမလားလို့ စဉ်းစားနေကြမှာပါ။ ဈေးကျတဲ့နှစ်လည်းရှိတာမို့ ရွှေဈေးဟာ ၁-၁-၂၀၁၃ နေ့ ရွှေပေါက်ဈေးထက် ပြန်လည်ကျဆင်းနိုင်ပါသေးတယ်။ အပြောင်းအလဲမြန်ဆန်တဲ့ခေတ်မှာ လုပ်ငန်းတစ်ခုတည်းကို ဆက်ချလုပ်လို့မရနိုင်တော့ပါဘူး။ ဘာမှသေချာတယ်ဆိုတာ မရှိတော့လို့ပါ။

ခေတ်ကာလ အခြေအနေအရ နိုင်ငံခြားကုန်သည်များနဲ့လည်း ဆက်ဆံရတတ်ပါတယ်။ မြန်မာပြည်တွင်းမှာလည်း ကိုယ်မတွေ့ဘူးသေးတဲ့သူ၊ မြင်မင်ဘူးတဲ့သူတွေနဲ့လည်း လုပ်ငန်းသဘာဝအရ ဆက်ဆံလုပ်ကိုင်ရတတ်ပါတယ်။ လူကိုမတွေ့ဘူး၊ မမြင်ဘူးသေးဘဲ မိမိရဲ့ကုန်ပစ္စည်းကို ပေးပို့သင့်ကဆုံးဖြတ်ရပါလိမ့်မယ်။ မိမိနဲ့ ဆက်ဆံရမယ့်သူရဲ့ ဆွေမျိုးအသိုင်းအဝန်း၊ နာမည်ကောင်းရှိ မရှိ ငွေရေးကြေးရေးစိတ်ချရမယ့် သူ့ရဲ့ ဝါသနာအလေ့အထ၊ စိတ်အခြေအနေတွေကို ကြိုတင်လေ့လာထားရပါလိမ့်မယ်။

မိမိရပ်တည်နေတဲ့ အခြေအထက်ပိုမို တိုးတက်သွားအောင် ဒါမှမဟုတ် လက်ရှိအခြေအနေမှာ မယိုင်မလဲတည်တံ့နေနိုင်အောင်၊ အောက်ခြေခိုင်မာအောင် ကျားကန်ထားရပါလိမ့်မယ်။ ပြိုင်ဆိုင်ဘက်တွေကတော့ များပြားလာမှာ အသေအချာပါပဲ။

ရေရှည်ရပ်တည်နိုင်ဖို့က အရည်အချင်းကောင်းတွေ လိုအပ်ပါတယ်။ အတိတ်မှာဘာတွေဖြစ်ခဲ့တယ်။ ပစ္စုပ္ပန်မှာ ဘာတွေဖြစ်နေတယ်။ အနာဂတ်မှာ ဘာတွေဖြစ်နိုင်မလဲဆိုတာ ခန့်မှန်းနိုင်ရမယ်။ ပြောင်းလဲနေတဲ့ အမြန်နှုန်းက ဘယ်လောက်ရှိသလဲ၊ နောက်ထပ်ဘာတွေဘယ်လိုပြောင်းလဲသွားဦးမလဲ စတာတွေကို ချင့်ချိန်တွေးခေါ်ထားရမယ်။ ကြိုတင်ပြင်ဆင်မှုတွေ အကွက်ကျကျစီမံထားရလိမ့်မယ်။

အပြောင်းအလဲတွေမြန်ဆန်လွန်းတဲ့ခေတ်မို့ ကြောက်လန့်ပြီး နောက်ဆုတ်ဖို့ မကြိုးစားလိုက်ပါနဲ့။

အခြေအနေအရ လက်ရှိအလုပ်သစ်တစ်ခုကိုပြောင်းပြီးလည်း လုပ်ကိုင်ရတတ်ပါတယ်။ လက်ရှိမြို့ရွာကိုစွန့်ပြီး တစ်နယ်ရပ်ခြားသွားပြီး စီးပွားရှာချင်လည်း ရှာရနိုင်ပါသေးတယ်။

အခက်အခဲမျိုးစုံလည်း ကြုံတွေ့လာနိုင်ပါတယ်။ အဲဒီအခါ (Nervous break down) စိတ်ဓာတ်ကျဆင်းသွားနိုင်ပါတယ်။ (Depression) စိတ်ကျဝေဒနာလည်း ဖြစ်ပေါ်နိုင်ပါတယ်။

စိုးရိမ်သောကဗျာပါဒနဲ့ ပူလောင်ပြင်းပြစွာ ခံစားရတတ်ပါတယ်။ ပူပင်သောက ဘယ်လောက်များများ မိမိလုပ်သင့်တဲ့အလုပ်ကို ဆက်လက်လုပ်ဆောင်သွားရမှာပါပဲ။

Stress ဝင်လာရင်လည်း အရေးကြီးတာနဲ့ အရေးမကြီးတာ ခွဲခြားသိပြီး ဖြေဖျောက်တတ်ရပါမယ်။ အလုပ်ကိုချည်း ဖိလုပ်နေပြီး မိမိမိသားစုနဲ့ ကင်းကင်းကွာကွာလည်း မနေသင့်ပါဘူး။ ကိုယ်လုပ်တဲ့အလုပ်ကို နိုင်နိုင်နင်းနင်းရှိသလောက်သာလုပ်စေချင်ပါတယ်။ မိမိကိုယ်တိုင်က ရိုးသားတဲ့စိတ်၊ မှျတတဲ့စိတ်နဲ့ နာမည်ကောင်းလည်းရှိနေပါမယ်။ ပေးထားတဲ့ ကတိစကားကို တည်နေအောင် ကြိုးစားကြရမယ်။

အပြုအမူနဲ့ အပြောအဆိုကို လက်လွှတ်စပယ် မပြောသင့်ပါဘူး။ လုပ်ငန်းကြီးလာလေလေ စိတ်ရှုပ်ထွေးလာလေလေပါပဲ။ ဒေါသမကြီးမိဖို့၊ ယဉ်ကျေးပျူငှာစွာ စကားပြောဆိုတတ်ဖို့လည်း လိုပါတယ်။

အတိုးဘွားခေတ်က လှိုင်းလေငြိမ်သက်နေတာမို့ လူတိုင်းလိုလို လိုရာခရီးရောက်အောင် ပဲ့ကိုင်နိုင်ကြပါတယ်။ မျက်မှောက်ခေတ်က လှိုင်းလေထန်တဲ့ခေတ်၊ ရေစီးမြန်တဲ့ခေတ်၊ သဘာဝဘေးတွေ ကျရောက်တတ်တဲ့ခေတ်မို့ လိုရာခရီးရောက်ဖို့ ပဲ့ကိုင်ထိန်းသိမ်းတတ်မှသာ သဘောကပ္ပတိန်ကောင်းတစ်ယောက်ဖြစ်ပါလိမ့်မယ်။ အဲဒီအတွက် မိမိမှာ အရည်အချင်းတွေရှိဖို့ လိုအပ်တယ်လို့ ပြောပါတယ်။

ဒီလိုအရည်အချင်းကောင်းတွေရဖို့ မိမိမှာကျန်းမာရေးကောင်းနေဖို့လည်း လိုအပ်ပါတယ်။ဒီအတွက် အပျော်အပါးမလိုက်စားသင့်ပါဘူး။ ထူးဆန်းတဲ့အစားအစာတွေ မစားသင့်ပါဘူး။ စိတ်တည်ငြိမ်ရင့်ကျက်ဖို့လည်းလိုအပ်တာမို့ မနက် (၁) ကြိမ်၊ ည (၁) ကြိမ် သတိအမှတ်နဲ့ သတိပဋ္ဌာန်တရား အားထုတ်သင့်ပါတယ်။

ပင်ပန်းမှုများလေလေ မိမိရဲ့ကိုယ်ခံအားကောင်းမွန်အောင်၊ စိတ်ဓာတ်ခွန်အားကောင်းလာအောင် သတိပဋ္ဌာန်တရားကို ပိုမိုအားထုတ်သင့်လေပါပဲ။ ပထမအစကို 'စ' မိအောင်စလုပ်မိဖို့လိုပါတယ်။ စတင်လုပ်ဆောင်တဲ့ အလေ့အထ အလေ့အကျင့်ရလာရင် တရားသဘောကို ပိုမိုစွဲမြဲသွားပါလိမ့်မယ်။ ဒါမှလည်း ကိုယ့်စိတ်၊ ကိုယ့်နှလုံးသား အေးချမ်းသာယာလာမှာပါ။ စိတ်အေးချမ်းသာလာရင် စိတ်တည်ကြည်လာမယ်။ မှန်ကန်တဲ့စိတ်၊ မှျတတဲ့စိတ် မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်တွေရရှိပြီး 'အောင်မြင်တဲ့ဘဝ' ကို ပိုင်ဆိုင်ခွင့်ရပါလိမ့်မယ်။

လူသားတိုင်း မှန်မှန်ကန်ကန်သတိ၊ မှန်ကန်သော အသိပညာဖြင့် 'အပြောင်းအလဲမြန်တဲ့ခေတ်' မှာ ဘဝကို အေးချမ်းသာယာအောင် တည်ဆောက်နိုင်ကြပါစေ။

◆

ရွှေပိုင်းတွင် မောင်ငြိမ်းအေးအနေနဲ့ ရိုးသားတဲ့စိတ်၊ မှျတတဲ့စိတ်၊ နာမည်ကောင်းရှိနေစေဖို့ မိမိလုပ်ကိုင်နေတဲ့ အလုပ်တွေကို စေတနာကောင်းနဲ့ လုပ်ဆောင်သွားကြဖို့ အကြံပြုတင်ပြခဲ့ပါတယ်။ မြန်ဆန်လွန်းတဲ့ ခေတ်ကာလမို့ မောင်ငြိမ်းအေး တင်ပြထားတဲ့ အကြောင်းအရာတွေက လုံးဝဥဿုံ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံနေမှာ မဟုတ်ပါဘူး။ စာဖတ်သူတွေကသာ လိုအပ်တာဖြည့်စွက်၊ လွတ်လပ်စွာ တွေးခေါ် စဉ်းစားဆုံးဖြတ် လုပ်ကိုင်စေလိုပါတယ်။

**၁။ ပြောင်းလဲလာသော စိတ်နေသဘောထားများ**

မိသားစုကြီးတစ်ခုမှ အရွယ်ရောက်လာသော သားသမီးများ အိမ်ထောင်ရက်သားကျပြီး တစ်အိုးတစ်အိမ် ထူထောင်လာကြပါမယ်။ အိမ်ထောင်မကျသေးဘူးသူများလည်း မိမိနဲ့ သက်ဆိုင်ရာ အလုပ်ဌာန လုပ်ငန်းရှင်များ၏ ဝန်ထမ်းဘဝ သို့မဟုတ် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်အလုပ်များကို ရွေးချယ်လုပ်ကိုင်လာရပါမယ်။ အိမ်ထောင်ကျပြီး တစ်အိုးတစ်အိမ် မထူထောင်နိုင်သေးရင်လည်း မိသားစုအိမ်ကြီးတွင်ပင် စုပေါင်းနေထိုင်ကြရပြီး အိုးခွဲစားသောက်ကြရပါတယ်။

ယနေ့ခေတ်ရဲ့ အိမ်ငှားခစရိတ်ကကြီးမြင့်နေတတ်လို့ အိမ်ငှားပြီးမနေနိုင်ကြပါဘူး။ တချို့လည်း အိမ်ထောင်ကျအဆင်ပြေပြီး ကိုယ်ပိုင်ခြံ၊ ကိုယ်တိုင်တိုက်၊ ကိုယ်ပိုင်ကားနဲ့ တစ်အိုးတစ်အိမ် ထူထောင်နိုင်ကြပါတယ်။

အိမ်ထောင်ကျသွားသော်လည်း ယခင်ခေတ်ဟောင်းကကဲ့သို့ သားသမီးအများကြီး မမွေးဖွားနိုင်တော့ပါဘူး။ ငယ်စဉ်တောင်ကျေးကလေးဘဝအတွက် ကုန်ကျစရိတ်များကို မလိုက်မီမှာ စိုးရိမ်ကြရပါတယ်။

မောင်ငြိမ်းအေးတို့ ၁၉၇၀ပြည့်နှစ်က ရန်ကုန်တက္ကသိုလ် တက်ရောက်စဉ် တက္ကသိုလ် တစ်လစရိတ်ငြိမ်း (၁၂၅) ကျပ်နဲ့ အများကြီး ကွာခြားသွားပါပြီ။ ကိုးတန်း၊ ဆယ်တန်းနဲ့ တက္ကသိုလ်စရိတ်ဟာ သိန်းဂဏန်းကျော်ရှိလာတာမို့ မိဘများကလည်း သားသမီးတွေအတွက် စီးပွားရေးကို အတော်လေး ကြိုးစားရှာဖွေလာရပါတယ်။

ကုသိုလ်ကံလည်းကောင်း၊ အောင်မြင်မှုလည်းရရှိပြီး ခွဲထွက်သွားသော မိသားစုများလည်း ၎င်းတို့ရဲ့ လွတ်လပ်ပျော်ရွှင်မှုကို ပိုမိုကြိုးစားလာကြပါလိမ့်မယ်။

စိတ်အခြေအနေလည်း ပြောင်းလဲလာကြပါတယ်။ ချမ်းသာသော မိသားစုများမှာ အမိတစ်ဝမ်းထဲမှ မွေးဖွားလာခဲ့သော ညီအစ်ကိုမောင်နှမများအပေါ် ဆက်ဆံရေးကျဲလာတတ်ပါတယ်။ ဆင်းရဲချို့တဲ့တဲ့ မိသားစုညီအစ်ကိုမောင်နှမများကလည်း ချမ်းသာအောင် မိသားစုညီအစ်ကို မောင်နှမများကလည်း ချမ်းသာသော မိသားစုကို မကြာခဏ အကူအညီတောင်းရတတ်ပါတယ်။ အဲဒီအခါ ဆင်းရဲသော မိသားစုမှ အပူအပင်သောကများကို ချမ်းသာသော မိသားစုမှ လက်မခံလိုတော့ပါဘူး။

ဆွေမျိုးသားချင်းများမို့ တစ်ကြိမ်၊ နှစ်ကြိမ်တော့ အကူအညီပေးတတ်ကြပါတယ်။ နောက်ထပ်တော့ အဆက်အသွယ်မလုပ်လိုကြတော့ပါဘူး။ သာမန်မိသားစုများမှ အကူအညီမတောင်းဘဲ ရိုးရိုးသားသား စိတ်စေတနာကောင်းဖြင့် ချမ်းသာသော မိသားစုနဲ့ ချစ်ချစ်ခင်ခင်နေထိုင်ခွင့် ဆက်ဆံခွင့်တွေ ဆုံးရှုံးသွားရတတ်ပါတယ်။

စိတ်သဘောထားကောင်းမွန်မြင့်မြတ်သော အမိအဘများကိုလည်း ယနေ့ခေတ် လူငယ်သားသမီးများက ထိန်းချုပ်ဖို့ ကြိုးစားလာတတ်ကြပါတယ်။ မျိုးဆက်တွေ ကွာခြားနေမှုကြောင့် လူငယ်သားသမီးများကို မိဘများက ခွင့်လွှတ်ကြပါတယ်။ ဥစ္စာမနေပြည့်စုံကြွယ်ဝလာအောင် မိဘများက ကြိုးစား ဆောင်ရွက်ခဲ့သော်လည်း အသက်ကြီးလာမှ စိတ်၏လွတ်လပ်မှုကို ပိတ်ဆို့ခံရတတ်ပါတယ်။ စည်းစနစ်အာဏာကြီးသောမိဘများကလည်း သားသမီးများရဲ့ ကောင်းမွန်သော ဝါသနာ၊ စရိုက်၊ လုပ်ဆောင်ချက်များကို မပိတ်ပင်သင့်ပါဘူး။ မိဘနဲ့ သားသမီး တစ်ဦးကိုတစ်ဦး မထိခိုက်စေဘဲ ရိုးသားစွာ၊ လွတ်လပ်စွာ နေထိုင်ခွင့်ရှိသင့်ကြပါတယ်။

ညီအစ်ကိုမောင်နှမများမှာ တချို့က ဆင်းရဲ၍ တချို့က ချမ်းသာကြွယ်ဝကြ ပါလိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး နေထိုင်မှုပုံစံနည်းစနစ်ကွာခြားနေမှု၊ အတွေးအခေါ် အယူအဆ မတူညီနေမှုကြောင့် ဆက်ဆံရေးအခက်အခဲဖြစ်လာတတ်ပါတယ်။ တစ်မိသားစုနဲ့ တစ်မိသားစု ဆက်ဆံရေး ဘောင်ကျဉ်းမြောင်းလာပါလိမ့်မယ်။

**၂။ ဆေးကျောင်းသားကျောင်းသူဥပမာ**

မောင်ငြိမ်းအေးတို့တစ်ခေါ့တွေဟာ ယနေ့ မျက်မှောက်ခေတ်က ဆေးကျောင်းသားတွေနဲ့တူနေပါတယ်။ ဆေးကျောင်းသားတွေ ဒီနေ့ ဒီစာမေးပွဲဖြေဆိုပြီးရင် နားရလိမ့်မယ်မထင်လိုက်ပါနဲ့။ နောက်အတန်းအတွက်၊ နောက်စာမေးပွဲအတွက် စာစတင်ကျက်နေရပါလိမ့်မယ်။ ဒါပြီးရင်လည်း နောက်ထပ် နောက်ထပ် စာမေးပွဲတွေ၊ နှုတ်မေးတွေကို ဖြေဆိုရင်းပဲ ဆေးပညာရပ်တွေကို ထပ်မံ ဖတ်ရှု လေ့လာနေရပါလိမ့်မယ်။ အင်တာနက်မှလည်း ဆေးပညာရပ်ရဲ့ Up to Date, Data တွေကို လေ့လာဆည်းပူးနေရပါလိမ့်မယ်။ မျက်ခြည်ပြတ်ခံလို့မရပါဘူး။ မကုန်ဆုံးနိုင်သောပညာရပ်တွေမို့ ကျောင်းစာဆေးပညာရပ်တွေနဲ့ပဲ နပန်းလုံးနေရပါမယ်။ ဒါ့အပြင် ကလေးသူငယ်ဘဝကလည်း မူလတန်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသည်အထိ အိမ်နဲ့ ကျောင်း၊ ကျူရှင်၊ ဝိုင်းများနဲ့သာ သွားလာလှုပ်ရှားနေခဲ့ရပါတယ်။ အုပ်ထိန်းသူ မိဘများအနေနဲ့လည်း အလုပ်ကို တစ်ဖက်က လုပ်ကိုင်ရင်း ကျောင်းကြိုကျောင်းပို့၊ ကျူရှင်ပို့၊ ဝိုင်းပို့နှင့် မိမိရဲ့ ရင်သွေးငယ်များ ဘဝရပ်တည်မှုကောင်းအောင် ကြိုးစားပင်ပန်းနေကြရပါတယ်။ ကလေးသူငယ်များရဲ့ လွတ်လပ်စွာ ကစားခွင့်နဲ့ စိတ်အနားယူ အပန်းဖြေဖို့လည်း ကြိုးစားပေးသင့်ပါတယ်။

**၃။ မိမိနဲ့သင့်တော်တဲ့ 'နေရာ' တစ်နေရာရဖို့ ကြိုးစားရမယ်**

ကိုယ်လုပ်တဲ့လုပ်ငန်းမှာ ကိုယ့်မှာ 'နေရာ' တစ်နေရာရဖို့ နှစ်ပေါင်းများစွာ ကြိုးစားရုန်းကန်ကြရပါမယ်။ ရရှိထားသော 'နေရာ' ကိုလည်း မပျောက်ပျက်အောင် အစဉ်ထိန်းသိမ်းစောင့်ရှောက်တတ်ရပါမယ်။ မိမိလုပ်ငန်းရဲ့ အနာဂတ်အခြေအနေကို ကြိုတင်တွက်ချက်ပြီး ပစ္စုပ္ပန်လက်ရှိအခြေအနေကို တိုးတက်အောင် လုပ်ဆောင်နေရပါမယ်။ ယနေ့ရဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ ကြိုးစားနေတုန်းမှာပဲ နောက်ထပ် အသစ်ပေါ်လာတဲ့ အခက်အခဲတွေကို ထပ်မံဖြေရှင်းနေရပါလိမ့်မယ်။ ပြိုင်ဆိုင်ဘက်တွေကလည်း နည်းမျိုးစုံဖြင့်၊ သူ့နည်းသူ့ဟန်ဖြင့် သူတို့လုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ သူတို့နဲ့ ဆိုင်ရာပိုင်ရာမှာ 'နေရာ' ရဖို့ ကြိုးပမ်းနေကြပါလိမ့်မယ်။

လုပ်ငန်းရှင် အကြီးကြီးများကလည်း မိမိရဲ့ကုန်ပစ္စည်းအမှတ်တံဆိပ်ကို 'နေရာ' တစ်နေရာခိုင်မြဲဖို့ မီဒီယာမှာတစ်မျိုး၊ လူအင်အား၊ ငွေခနအင်အားဖြင့်တစ်ဖုံ ဈေးကွက်ကြီးတစ်ခုလုံးကို ချုပ်ကိုင်နိုင်ဖို့ ကြိုးစားလာကြပါမယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်ငယ်များမှာ မိမိရဲ့ ကုန်ပစ္စည်းက အရည်အသွေးပိုမို ကောင်းမွန်နေသော်လည်း၊ ဈေးကွက်ထဲမှာ မိမိရဲ့ကုန်ပစ္စည်းက အရည်အသွေး ပိုမိုကောင်းမွန်နေသော်လည်း ဈေးကွက်ထဲမှာ ငြိမ်သက်နေတတ်ပါတယ်။ မီဒီယာရဲ့ စွမ်းအား၊ ကြော်ငြာအားကောင်းမှုကြောင့် (Customer) ဝယ်လက်လည်း လုပ်ငန်းရှင်ကြီးများရဲ့ ကြိုးစားလုပ်ဆောင် ဖုံးလွှမ်းထားမှုကြောင့် မည်သည့် ကုန်ပစ္စည်းကို သုံးစွဲရမလဲဆိုတာ ဇဝေဇဝါဖြစ်နေပါလိမ့်မယ်။ ကြော်ငြာနေတိုင်းလည်း ကုန်ပစ္စည်းဟာ သိပ်မကောင်းနေတတ်ပါဘူး။ ကိုယ်နဲ့တကယ် အသုံးတည့်မယ့် ကုန်ပစ္စည်းကိုသာ ရွေးချယ်စေချင်ပါတယ်။

လုပ်ငန်းရှင်ကြီးက 'နေရာ' တစ်နေရာရဖို့ အစွမ်းကုန်ကြိုးစားနေသလို လုပ်ငန်းငယ်လုပ်သူများကလည်း မိမိရရှိထားတဲ့ 'နေရာ' ကို ခိုင်မြဲနေအောင် ကြိုးစားအားထုတ်သင့်ပါတယ်။

### ၄။ ဝန်ထမ်းကောင်းရွေးချယ်တတ်ရမယ်

အမျိုးသား ဝန်ထမ်းများထက် အမျိုးသမီးဝန်ထမ်းများ ပိုမိုများပြားလာပါမယ်။ ယနေ့ခေတ်မှာ လူရွယ်လူလတ်ပိုင်းများလည်း 'လုပ်ငန်းရှင်များ' ဖြစ်လာကြပြီး နိုင်ငံတကာနဲ့ ဆက်သွယ်လုပ်ကိုင်လာရမှာမို့ ဝန်ထမ်းကောင်းရွေးချယ်တတ်ဖို့ လိုအပ်လာပါတယ်။ ဝန်ထမ်းရွေးချယ်ရာမှာ မိမိကိုယ်ကျိုးအတွက်သာ တစ်ဖက်သတ်ကြည့်တတ်တဲ့ တော်နေတဲ့သူကို မရွေးချယ်သင့်ပါဘူး။ အတ္တကြီးတဲ့ဝန်ထမ်းများကို လုပ်ငန်းရှင်များက တွေ့တွေ့ချင်း သဘောကျတတ်ကြပါတယ်။ ဒါတွေကို မရွေးချယ်သင့်ပါဘူး။ ငွေရေးကြေးရေးခိုင်မာစိတ်ချရပြီး စိတ်သဘောထားမှန်ကန်ဖြောင့်မတ်သူ၊ ရိုးသားသူ၊ အကျင့်စာရိတ္တကောင်းမွန်တဲ့ သူကို ရွေးချယ်သင့်ပါတယ်။ ကုမ္ပဏီဆိုတာ 'ငွေ' ကိုသာ အဓိက ရွေးချယ်တာ မဖြစ်စေဘဲ အစဉ်အမြဲလိုလို အသုံးပြုလို့ရမယ့် စိတ်အဆင့်အတန်း မြင့်မားမှန်ကန်တဲ့ ဝန်ထမ်းလူကောင်းကိုသာ ရွေးချယ်သင့်ပါတယ်။ ဝန်ထမ်းကောင်းများရဲ့ ကွင်းဆင်းလေ့လာထားချက်၊ လုပ်ငန်းအတွက် အထောက်အပံ့ပေးနိုင်တဲ့ အကြံဉာဏ်ကောင်းတင်ပြပြောဆိုမှုတွေကို လုပ်ငန်းရှင်များက ဂရုတစိုက်နားထောင်ပေးပြီး အကြံပြုချက်များကို လက်ခံဆောင်ရွက်ပေးသင့်ပါတယ်။ မြို့နယ်အလိုက် မိမိရဲ့ဝန်ထမ်းတွေကို လုပ်ငန်းများ အဆင်ပြေစေရန် အကူအညီ အထောက်အပံ့ပေးသင့်ပါတယ်။ ဒါမှသာ မိမိရဲ့လုပ်ငန်းတိုးတက်ရာတိုးတက်ကြောင်း ဝန်ထမ်းများက ဆောင်ရွက်သွားပါလိမ့်မယ်။

### ၅။ နေရာတကာမပူပင်နေပါနဲ့

လုပ်ငန်း ကြီးထွားလာလေလေ စိတ်ရှုပ်ထွေးနောက်ကျိလာလေလေ ဖြစ်ရတာ သဘာဝပါပဲ။ လုပ်ငန်းအကြီး၊ အသေး ပြဿနာအကြီး၊ အသေး ခွဲခြားထားပါ။ လုပ်ငန်းအတွက် သူ့နေရာနှင့်သူ စနစ်တကျရှိနေပါစေ။ စိတ်ကိုတည်ငြိမ်အောင်ထားပြီး အလွယ်တကူ ဖြေရှင်းလို့ရတဲ့အရာတွေကို အရင်ဆုံး ရှင်းလင်းထားပါ။ မိမိစိတ်ပူပန်နေသလိုဖြစ်ချင်မှဖြစ်မှာပါ။ အကောင်းမြင်စိတ်မွေးထားပါ။ မိမိရဲ့ ကုန်ပစ္စည်းကို ဝယ်အားထက်ပိုမိုပြီး အစွမ်းကုန်ရောင်းထားရင် သတိထားပါ။ ဝယ်လက်က မိမိဝန်ထမ်းရဲ့ အပြောအဆိုကောင်းမှုကြောင့် သတိလစ်ပြီး ဝယ်ယူမိတတ်ကြပါတယ်။ အဲဒီအချက်ကို အမြတ်စွန်းများများရရှိလို့ ဝမ်းသာမနေပါနဲ့။ 'ဝယ်လက်' က ရောင်းမကုန်လျှင် ငွေပေးချေမှု ကြန့်ကြာမယ်။ ငွေရေးကြေးရေးလိမ်လည်မှုဖြစ်တတ်ပါတယ်။ ဒါ့အပြင် မိမိရဲ့ကုန်ပစ္စည်းကို ဝယ်လက်က ကုန်အောင် မရောင်းနိုင်၊ မဖြန့်းတီးပေးနိုင်တဲ့အတွက် ကိုယ်ရဲ့ကုန်ပစ္စည်းကို ရိုးအီသွားပြီး အထင်သေးမှုခံရပါလိမ့်မယ်။ နောက်ပိုင်း အဲဒီကုန်ပစ္စည်းကို လုံးဝမဝယ်ယူတဲ့အထိ ဖြစ်သွားတတ်ပါတယ်။

ကြီးမားတဲ့ အခက်အခဲကိုတော့ ဝန်ထမ်းကောင်းများရဲ့ အကြံဉာဏ်ကိုယူပြီး ဝိုင်းဝန်းဖြေရှင်းပေးပါ။ မိမိရဲ့ ကုန်ပစ္စည်းကိုလည်း လုံးဝပြတ်ပြီးမေ့သွားတဲ့အထိ အဆက်မပြတ်ထားဖို့ လိုပါတယ်။ ကြာလာရင် အဲဒီကုန်ပစ္စည်းအစား အသစ်ဝင်ရောက် အစားထိုးတဲ့ ကုန်ပစ္စည်းကို သုံးစွဲနေမှာမို့ ကိုယ့်ရဲ့ 'နေရာ' တစ်နေရာ ရထားတဲ့ကုန်ပစ္စည်းဟာ 'နေရာ'ပျောက် သွားသလို ဖြစ်သွားတတ်လို့ပါ။

ဒါ့ပြင် ကျန်းမာရေးအသိလည်းရှိနေရပါမယ်။ အားကစားတစ်ခုခုလုပ်ပါ။ ဒါမှမဟုတ် မိမိနဲ့ သင့်တော်အဆင်ပြေမယ့် အားကစားရုံ(Gym)မှာ တစ်ပတ်ကို (၄) ရက်လောက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ပါ။ စိတ်ကို Relax ဖြစ်အောင် ကြိုးစားနေထိုင်ပါ။ နေရာတကာလိုက်မပူပင်နေပါနဲ့။

### ၆။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ ပေါင်းသင်းဆည်းကပ်ပါ

အပြောင်းအလဲမြန်တာမို့ မိမိလိုချင်သောပစ္စည်းကို ရွေးချယ်ဝယ်ယူသုံးစွဲမယ်။ နောက်တော့ သုံးစွဲပြီးရင် စွန့်ပစ်မယ်။ မေ့ပစ်လိုက်မယ်။ ဒီခေတ်မှာ ဒီသဘောတရားတွေများပါလိမ့်မယ်။ လူသားအချင်းချင်း တစ်ခါသုံးပစ္စည်းလိုမျိုး စိတ်ထားတွေဖြစ်ပေါ်လာတတ်ပါတယ်။ မိတ်ဆွေကောင်းတွေ ရှားပါးလာပါလိမ့်မယ်။ လုပ်ငန်းနဲ့ပတ်သက်လို့ မိတ်ဆွေသစ်တွေနဲ့ ပိုမိုပေါင်းသင်းနေရမယ်။ မိတ်ဆွေအဟောင်းတွေနဲ့ သဘောထားတူညီမှု နည်းလာမယ်။ မိတ်ဆွေသစ်ထဲကလည်း မိတ်ဆွေကောင်းရလာနိုင်တာမို့ စိတ်ထားကောင်းတဲ့ သူတစ်ပါးအပေါ် ကူညီတတ်တဲ့ မိတ်ဆွေကောင်းကို ရှာဖွေ ရွေးချယ် ပေါင်းသင်းရပါမယ်။ အဲဒီထဲကမှတစ်ဆင့် မိမိဘဝကို တည့်မတ်အောင် လမ်းညွှန်ပေးနိုင်တဲ့ ဆရာကောင်း၊ ဆရာတော်ကြီးများကို ဦးခိုက်ဆည်းကပ် ပူဇော်လှူဒါန်းရပါမယ်။

မိမိကိုယ်တိုင်ကလည်း တီထွင်ကြံဆနေရပါမယ်။ရပ်တန့်မနေဘဲ တိုးတက်ရာတိုးတက်ကြောင်း ဆက်လက်လုပ်ဆောင်နေရပါမယ်။ အချိန်တွေဟာ အသုံးပြုလို့မလောက်အောင် ရှားပါးလာပါလိမ့်မယ်။ လူအများစုနဲ့ ဆက်ဆံ နှုတ်ဆက်တဲ့အခါ 'မင်္ဂလာပါ'လောက်ပဲပြောနိုင်ပါတော့မယ်။ စိတ်ချယုံကြည်ရတဲ့ လူအနည်းစု အသိုင်းအဝိုင်းလောက်နဲ့ပဲ အဓိကအလုပ်ကို လုပ်ကိုင်လာကြပါလိမ့်မယ်။

မျက်မှောက်ခေတ်မှာ ငယ်စဉ်က ကြိုးကြိုးစားစားစာသင်၊ အလုပ်လုပ်တဲ့ အရွယ်ရောက်လာတော့ အလုပ်ကို နေ့မအား၊ ညမနားလုပ်၊ အားတဲ့အချိန်ခဏတာကိုလည်း တီဗွီ၊ ဗွီဒီယို၊ ဂိမ်း၊ အင်တာနက်သုံး ချက်တင်ထိုင် ဒါတွေနဲ့ပဲ အချိန်တွေ ကုန်ဆုံးသွားတတ်ပါတယ်။ လူငယ်အချို့ကလည်း ဘောလုံးပွဲလောင်း၊ ညအိပ်ရေးအပျက်ခံပြီး ဘောလုံးပွဲကြည့်၊ ဘောလုံးပွဲလောင်းထားတာ ရှုံးတော့ ကြေကွဲ၊ ဒါတွေနဲ့ပဲ လူငယ်တွေ ကြေကွဲနေမှာ စိုးရိမ်ရပါတယ်။ ဒါတွေကို ကိုယ့်အသိစိတ်ဓာတ်ဖြင့် လူငယ်တွေ ရှောင်ရှားသင့်ပါတယ်။

အလုပ်လုပ်သင့်တဲ့ အရွယ်မှာ အလုပ်ကို ဖိဖိစီးစီးလုပ်စေလိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းလျှောရောဂါဖြစ်ခဲ့သော်

## ခွန်းရီ (မြန်မာစာ)

မြန်မာ့ တိုင်းရင်းဆေးမြီးတိုအကြောင်းနှင့်ပတ်သက်၍ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းပြား မြန်မာ့ဆေးစွမ်းကောင်းများအကြောင်း အများသိစေလိုခြင်းအလို့ငှာ ရေးသား ဖော်ပြလိုက်ပါတယ်။

ယနေ့ နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်သောအချိန်တွင် ဆေးစွမ်းကောင်းများ ပေါ်ပေါက်လျက်ရှိရာ မြန်မာတိုင်းရင်းဆေးကို သုံးစွဲရန် မေ့လျော့ခဲ့ပါသည်။ လွန်ခဲ့သော ၂၀၀၅ ခုနှစ်က ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်မှာ ဝမ်းလျှောခြင်းပင် ဖြစ်သည်။ ကျွန်မ မုံရွာမှာ တာဝန်ကျနေစဉ်က တစ်ညလုံးဝမ်းသွားရာ ညဘက်ကြီးကလည်းဖြစ်ပြန်၊ မြို့နှင့်ကလည်းဝေး၊ သွားစရာကလည်း မရှိသောကြောင့် မုံရွာမြို့ခံ ဌာနတူ လုပ်ဖော်ကိုင်ဖက် ဆရာမတစ်ဦးပေးသောဆေးနည်းကို မသောက်ရဲသောက်ရဲနှင့်ပင် နောက်ဆုံးကောက်ရိုးတစ်မျှင်ကို ဆွဲကိုင်ရန်အကြံဖြင့်သောက်ခဲ့ရာ ဆေးတစ်ခွက်တည်းနှင့်ပင် သိသိသာသာ သက်သာခဲ့ပါသည်။ ဆေးသုံးခွက်လောက် သောက်ပြီးသောအခါ အရှင်းပျောက်ကင်းခဲ့ပါတော့သည်။

ဆေးနည်းမှာ ဤသို့တည်း။

နှမ်းဆီတစ်ဇွန်းထဲသို့ သံပရာသီးတစ်စိတ်ကိုညှစ်ပြီး ရေနွေးနှင့် သောက်ရန်ပင် ဖြစ်သည်။

ခွန်းရီ (မြန်မာစာ)

---

ခိုင်သထက်ခိုင်အောင် ကြိုးစား ပညာရှာခဲ့ရပါတယ်။ ဒါပေမယ့် ဘာမှမဟုတ်ဘူး။ ဒါတွေနဲ့သာ အချိန်တွေမကုန်ဆုံးစေချင်ပါဘူး။ ဘဝမှာ ရည်မှန်းထားတဲ့ စိတ်ကူးယဉ်အိမ်မက်ကို ကြိုးစားအလုပ်လုပ်ခြင်းဖြင့် 'ခိုင်' သထက် 'ခိုင်' အောင် ကြိုးစား တည်ဆောက်စေလိုပါတယ်။ အလုပ်ဆိုတာ လုပ်ရင်းမှ မြင်လာတတ်တာပါ။

ပတ်ဝန်းကျင်ကလည်း ကိုယ်ဘယ်လိုလူလဲဆိုတာထက် ကိုယ်ဘာလုပ်နေသလဲဆိုတာကိုသာ အထင်ကြီးလေးစားကြတာပါ။ ကိုယ်လုပ်နေတဲ့အလုပ်ကို စေတနာမှန်တဲ့စိတ်နဲ့ ကြိုးစားလုပ်ရင် အောင်မြင်မှာပါ။ လူသားတွေလည်း တန်ဖိုးထား လေးစားလာကြမှာပါ။

တိုင်းတစ်ပါး နိုင်ငံခြားမှ ထိုးဖောက်ဝင်ရောက်လာတဲ့ ဝတ်စားဆင်ယင်မှု ဓလေ့ထုံးစံတွေကို အတုမခိုးသင့်ပါဘူး။ တိုင်းတစ်ပါး နိုင်ငံခြားသားတွေ အလုပ်ချိန်မှန်တာ၊ အထက်အရာရှိကို လေးစားတာ၊ အလုပ်ကို မအောင်မြင်မချင်းဇွဲရှိရှိလုပ်ကိုင်တာ၊ စုပေါင်းပြီး မိမိလုပ်ငန်းတိုးတက်ရာတိုးတက်ကြောင်း အားကြိုးမာန်တက် တွေးခေါ်စဉ်းစား၊ စုပေါင်းတီထွင်ကြံဆမှုတွေကို အတုယူသင့်ပါတယ်။ စိတ်ညစ်၊ စိတ်ပျက်၊ စိတ်မာတ်ကျ အသည်းကွဲပြီး အားအားရှိ ဆိုဂျူအရက်သောက်တာတွေကို အတုမယူလိုက်ပါနဲ့။ မှားသွားပါလိမ့်မယ်။

**၇။ အကြံပြုချက်များ**

မိမိရဲ့လုပ်ငန်းဆောင်တာများကို ခေတ်နဲ့ ကိုက်ညီအောင် အရည်အချင်းကောင်းတွေရှိမှသာ ကွက်တိဖြစ်ပါလိမ့်မယ်။ စိတ်ရှည်သည်းခံဖို့လိုပါတယ်။ ဇွဲလုံ့လ၊ ဝီရိယရှိဖို့ လိုပါတယ်။ သူတစ်ပါးကို မထိခိုက်စေဘဲ ကောင်းမွန်တဲ့အလုပ်ကို ရဲရဲဝံ့ဝံ့လုပ်ဖို့လိုပါတယ်။

ကောင်းတဲ့လမ်းကိုရောက်အောင်သွားဖို့ မိတ်ဆွေကောင်း၊ ဆရာကောင်း လိုနေပြန်ပါတယ်။ အခြေအနေနဲ့ အချိန်အခါကို ကောင်းမွန်စွာ အသုံးချတတ်ရပါမယ်။ ဗဟုသုတပြည့်စုံအောင် အတွေးအမြင်ကောင်းသော စာကောင်းပေသန့်များကို ရွေးချယ် ဖတ်ရှု အကြံဉာဏ်ကောင်းတွေ ရယူသင့်ပါတယ်။

ကိုယ့်ရဲ့လုပ်ဆောင်မှုမှန်သမျှကို တတ်နိုင်သလောက် သတိကပ်ထားပြီး လုပ်ဆောင်နေရမယ်။ အသိဉာဏ်ပွင့်လင်းအောင် ကြိုးစား နေထိုင်ပြီး ပေးကမ်းစွန့်ကြဲတဲ့သူကို မိမိနိုင်သလောက် ဝန်ကို ပေးကမ်း လှူဒါန်းရပါမယ်။ အပြောင်းအလဲမြန်တဲ့ခေတ်မှာ မပြောင်းလဲဘဲ တည်တံ့နေအောင် ယခင်ကအတိုင်း စိတ်သဘောထား ကောင်းမွန်နေပါစေ။ ဘယ်သူ့ကိုမှ အပြစ်မတင်လိုက်ပါနဲ့။ ကူညီသင့်သူကို အကူအညီပေးပါ။ မိမိရဲ့မိသားစုအရေး၊ ဆွေမျိုးသားချင်းများအရေး၊ မိတ်ဆွေကောင်းများအရေး၊ မိမိနိုင်ငံနဲ့ သာသနာ့အကျိုးကို မိမိစွမ်းဆောင်နိုင်သလောက် ကူညီလှူဒါန်း စောင့်ရှောက်ပေးကြပါ။

ဘဝအားလုံးရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ ခေမာသောင်ကမ်း နိဗ္ဗာန်ကမ်းအထိ ရောက်ရှိရလောက်အောင် ဆရာတော်ကြီးများ၊ ဆရာကောင်းများကို ရွေးချယ်ဆည်းကပ် လှူဒါန်းကြိုးစား ကျင့်ကြံအား ထုတ်သွားပါ။

ရေစီးကြမ်းပြီး လှိုင်းလေထန်တဲ့ 'အပြောင်းအလဲမြန်တဲ့ခေတ်' ကြီးမှာ မောင်ငြိမ်းအေးတို့တစ်တွေ သတိတရားနဲ့ အသိဉာဏ် အစဉ်အမြဲ ထိန်းသိမ်းထားနိုင်မှ 'အောင်မြင်တဲ့ဘဝ' ရရှိအောင် ပဲ့ကိုင်နိုင်ပြီး လိုရာခရီးကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားပါလိမ့်မယ်။

လူသားအားလုံး လိုရာခရီးပန်းတိုင်ကို ရောက်ရှိ ပဲ့ကိုင်နိုင်တဲ့ 'သင်္ဘောကပ္ပတိန်' ကောင်းများသာ ဖြစ်ကြပါစေ။

*(ဤဆောင်းပါးဖြင့် ဆရာတော်ကြီးများအားလုံးကို ဦးခိုက်ပူဇော်ကန်တော့အပ်ပါသည်။)*

*ကျန်းမာပါစေ*

ဦးတင်ဝင်း (ဆန်းသစ်ပြ)

www.burmeseclassic.com

www.burmeseclassic.com







ခင်မောင်အေး(မန္တလေး)

# ဆင်ဝေါင်းတောင်မှကျောက်နဂါး

အသောကမင်းတရားကြီး (သီရိဓမ္မာသောကမင်းကြီး) သည် တတိယသင်္ဂါယနာတင်ပွဲ ပြီးသည့်နောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ရဟန်းတော်များ ဦးဆောင်ကာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်း၊ စေတီ၊ ဘုရား စသည်များတည်ဆောက်ရန် တာဝန်အသီးသီးပေးအပ်ခဲ့ပေသည်။ ယောနကဓမ္မရက္ခိတမထေရ်မြတ်နှင့်အဖွဲ့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသတွင် တာဝန်ကျသဖြင့် အမတ်ကြီးမှာနဂ္ဂဟနှင့် ပူးတွဲဆောင်ရွက်ရသည်။ သို့ဖြစ်၍ ဧရာဝတီမြစ်ကို စုန်ဆင်းလာကြသည်တွင် ကူးခန်းသို့ မရောက်မီ ရဟန်းအချို့က ယခု မြောင်မြို့ဘက်ဆီသို့ ဦးတည်လာခဲ့ရာ မိုးရာသီကာလဖြစ်သဖြင့် မြောက်ဘက်မှ မြောင်မြို့အဝင်ချောင်းရေတသွင်သွင်တိုးလာသည်ဖြစ်၍ ရဟန်းများ တစ်ဖက်သို့သွားရန် တုံ့ဆိုင်းသွားခဲ့ရသဖြင့် 'သင်ကတုံ့ချောင်း' (သံဃာ့တုံ့ချောင်း)ဟု အမည်တွင်လေသည်။



"အမြီးအမောက်တည့်အောင်လျှောက်"

ဆက်လက်ခရီးနှင်ပြန်ရာ မြေနိမ့်တောင်ကုန်းများတစ်ဝိုက် ရေစိုနေသည့် သင်္ကန်းများကို ဖြန့်လှန်းကြသဖြင့် 'သင်္ကန်းလှန်းတောင်' (ယခုဆင်ဝေါင်း



www.burmeseclassic.com

www.burmeseclassic.com

တောင်) ဟု ခေါ်တွင်ကြသည်။ သည့်နောက် ဝါတွင်းကာလသို့ရောက်သည့်ကြောင့် ယင်းနေရာ၌ပင် ဝါဆိုဥပုသ်ပြုရန် သိမ်သမုတ်ကြလေသည်။ ယင်းသိမ်တော်ကို 'ကရဏီသိမ်' ဟုခေါ်ဆိုကြ၏။ သိမ်တော်ကိုအကြောင်းပြုလျက် တောင်ကိုလည်း 'ကရဏီယတောင်' ဟု သတ်မှတ်ကြပါသည်။

ပုဂံခေတ်တွင် တစ်နေ့ မြောင်မြို့နယ် ငါးမြောင်တောင်ကျေးရွာမှ သူဆင်းရဲတစ်ဦးသည် တောလည်သွားရင်းက ကရဏီတောင်ပေါ်တစ်နေရာမှ ငုံးတစ်ကောင်နှင့် တူလှသော 'ကျောက်ငုံးရုပ်' တစ်ခုကို အမှတ်မထင် ကောက်ယူရရှိခဲ့လေသည်။ ယင်းကျောက်ငုံးရုပ်ကို သူကိုးကွယ်သည့် သမထီးဆရာအား ပြသကြည့်သောအခါ ကျောက်ငုံးရုပ်ကို ကြေးကို အရည်ကျိုပြီးထည့်လိုက်လျှင် ငွေဖြစ်သွားနိုင်ကာ ငွေကို အရည်ကျိုပြီးထည့်လိုက်လျှင်မူ ရွှေဖြစ်သွားနိုင်ကြောင်း ပြောကြားခဲ့ပေသည်။ ယင်းသို့ပြောကြားသည့်အတိုင်း ဆောင်ရွက်သည်တွင် သူဌေးကြီးတစ်ဦး ဖြစ်သွားခဲ့ပေသည်။

သူဌေးကြီးတွင် သမီးနှစ်ယောက်ရှိပြီး တစ်နေ့ သမီးနှစ်ဦး မြစ်ဆိပ်သို့ဆင်းလျက် ခေါင်းလျှော်ကြ၏။ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာမှာ ဧရာဝတီမြစ်ကို ရွှေဖောင်တော်ဖြင့် ဆန်တက်၏။ ထိုအခါ ရွှေဖောင်တော်သည် ယင်းနေရာ၌ ရပ်တန့်သွားလေသည်။ အကြောင်းကို မေးမြန်းစုံစမ်းသည့်အခါမှာ အမှုထမ်းများက ဖောင်တော်ကို ဆံပင်များ ငြိတွယ်သွားသဖြင့် ဖောင်တော်ရပ်တန့်ရခြင်းဖြစ်ပါကြောင်း၊ ဆံပင်များသည်လည်း ငါးမြောင်တောင်သူဌေးသမီးတို့၏ ဆံပင်များ ဖြစ်ပါကြောင်း လျှောက်တင်ကြ၏။ ရွှေဖောင်တော်ကို မြောင်ကပ်ထားသည်ဖြစ်၍ 'မြောင်' ဟု ခေါ်တွင်လေသည်။

သူဌေးသမီးနှစ်ယောက်တို့သည် တော်ကောက်မည်ကို ကြောက်ရွံ့ကြသဖြင့် တောတွင်းတစ်နေရာသို့ ထွက်ပြေး ပုန်းအောင်းကြ၏။ သူမတို့ ပုန်းအောင်းသည့်တောင်ကို ခင်အောင်းတောင်၊ ယခု 'ဆင်ဂေါင်းတောင်' ဟု ခေါ်တွင်သည်။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး မန္တလေးရတနာပုံမင်းနေပြည်တော်၌ စိုးစံတော်မူစဉ် ဆရာတော် ဦးဉာဏသည် ဆင်ဂေါင်းတောင်ပေါ်တွင် တောရဆောက်တည်လျက် ဝါကပ်တော်မူသည်။ မင်းတုန်း





မင်းကြီး၏ မိဖုရားခေါင်ကြီးက တစ်ညတွင် အိပ်မက်မက်သည့်အခါ ဆင်ဂေါင်းတောင်ပေါ်မှ ဆင်ဖြူတော်တစ်စီးသည် ပိဋကတ်သုံးပုံကို ပင့်ဆောင်ကာ ရွှေနန်းတော်အတွင်း ဝင်ရောက်လာသည်ဟု မြင်မက်သည်။

မင်းကြီးအား လျှောက်တင်သည့်အခါ မင်းကြီးသည် မှူးမတ်ဗိုလ်ပါများ ခြံရံလျက် ဆင်ဂေါင်းတောင်ပေါ်သို့ တက်ရောက် ရှာဖွေသည့်အခါ ဆင်ဖြူတော်ကို မတွေ့ရဘဲ အရည်ဝါသီ တောမှီ သစ်ပင်တစ်ပင်၏ ခြေရင်း၌ တရားခုတင်ကျင့်ကြံအားထုတ်လျက်ရှိသော ဆရာတော် ဦးဉာဏကိုသာ ဖူးတွေ့ရလေသည်။ မင်းကြီးက ဆရာတော်ကား သာမညပုဂ္ဂိုလ် မဟုတ်နိုင်ချေ။ ပိဋကတ်တော်နှင့်ဆက်စပ်သောရဟန်းဖြစ်သောကြောင့် ကြည်ညို ရိုသေစွာ မန္တလေးနေပြည်တော်သို့ ပင့်ဆောင်လျက် သာသနာ့ပါလတံဆိပ်တုံးနှင့် တံဆိပ်နှစ်ခု ကပ်လှူ ပူဇော်တော်မူလေသည်။ သို့ဖြစ်သောကြောင့် ဆရာတော် ဦးဉာဏကို အကြောင်းပြုလျက် ယင်းတောင်ကို 'ဆင်ဖြူတောင်'ဟု ခေါ်ဆိုကြလေသည်။ ဆင်ဂေါင်းတောင်သည် သက်နန်းလှန်းတောင်၊ ကရဏီတောင်၊ ခင်အောင်းတောင်၊ ဆင်ဖြူတောင်ဟု ငါးမည်ထင်ရှား ကျော်ကြားလှပါသည်။ မြောင်မြို့နယ် လေ့တင်ဦးရွာ ရွာလယ်လမ်းအတိုင်း တက်လာခဲ့မည်ဆိုပါက လက်ယာဘက်လမ်းမှ သာသနာ့အလင်းရောင် ဆင်ဂေါင်းတောင် ဆုတောင်းပြည့်ဘုရားကြီး လက်ဝဲဘက်လမ်းမှ တက်လာပါမူ ကုဋ္ဌာသယစေတီ၊ လက်ယာဘက်လမ်းမှ ဆင်လမ်းကျောင်း၊ ကရဏီယသိမ်တော်၊ ကပ်ကျော် (ချမ်းသာကြီးစေတီ)၊ ငွေစေတီ၊ ရွှေစေတီဘုရားများကိုဖူးတွေ့နိုင်ပါသည်။ ယင်းနောက်မူကား 'မသိလျှင် မဏိရှင်မေး' ရွှေကျိုးမြင့်ကျောင်းတိုက်ကို တည့်တည့်ရောက်ရှိမည် ဖြစ်ပါသည်။

ဆရာတော်ဦးဉာဏအား ရှေ့ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ဦးမြို့နယ် မင်းထီးကျေးရွာတွင် အဖ ဦးဖိုးပြန့်၊ ဒေါ်အေးသွယ်တို့မှ ဖွားမြင်သည်။ ရဟန်းပြုရန် အရွယ်သို့ရောက်သောအခါ ဆရာတော် ဦးကလျာဏကို ဥပဇ္ဈာယ်ပြုလျက် ချောင်းဦးမြို့နယ် မင်းဂေါင်ကျေးရွာ သုံးထပ်ကျောင်း ခဏ္ဍသိမ်တွင် မြင့်မြတ်သည့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ မိဘနှစ်ပါးကွယ်လွန်သွားသည်တွင် သာသနာ့အလင်းရောင် ဆင်ဂေါင်းတောင်ပေါ်တွင် 'ရွှေကျီးမြင့်ကျောင်းတိုက်' တည်ထောင်ကာ သီတင်းသုံးခဲ့ပါသည်။ မနောမယဓာတ်ဥင် မသိလျှင် မဏိရှင်မေး ဆရာတော် ဦးမဏိသည် မြောင်မြို့ ပဲခူးရွှေဂူကြီး ဘုရားတွင် တစ်ဆူ၊ မြောင်မြို့နယ် ငါးမြောင်တောင်ကျေးရွာ တောင်ပေါ်၌ တစ်ဆူ ဘုရားပေါင်း(၄၉)ဆူ တည်ထားတော်မူခဲ့၏။ သည့်အပြင် ရွှေကြီးမြင့်ဘုရားပရိဝုဏ်အတွင်းတွင် မင်္ဂလာမဂ္ဂင်ရွှေဖောင်တော်ကိုလည်း ဆောက်လုပ်ပူဇော်ခဲ့ပေသည်။ ဒါယကာများနှင့် ဒါယိကာမများအားလည်း အမဲသား၊ ကျွဲသားစားခြင်းမှ ရှောင်ကြဉ်ကြရန် ဩဝါဒသည်းပေးခဲ့ပါသည်။ ဆရာတော် ဦးမဏိသည် သက္ကရာဇ် ၁၃၃၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ကုဿာသယဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနေသော မင်္ဂလာအချိန်အခါ၌ ဆင်ဂေါင်းတောင် ရွှေကျီးမြင့်ကျောင်းတိုက်သို့ သာသနာပြုပုဂ္ဂိုလ် အလောင်းလျာ ဦးဟန်တင် စတင်ရောက်ရှိလာခဲ့ပေသည်။ ယင်းအချိန်အခါတွင် အလွန်နည်းပါးလျက် ရေကန်များတွင်ပင် ရေမရှိသောအခြေအနေနှင့်ကြုံတွေ့နေရသောကာလ ဖြစ်ပါသည်။ ပျံလွန်တော်မူခဲ့သော ဆရာတော်ဦးမဏိ တည်ဆောက်ထားခဲ့သော 'မင်္ဂလာကရဝိက်ဂ္ဂင်ဖောင်တော်ကြီး' သည်လည်း နှစ်ပေါင်း ကြာညောင်းကာ သွပ်မိုးများပင် ဆွေးမြည့်ဟောင်းနွမ်းနေပြီ ဖြစ်ပါသည်။

ယင်းအခြေအနေများကို လေ့လာပြီး မိမိ၏ရှေ့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို သုံးသပ်မိသွားသော ဦးဟန်တင်သည် မင်္ဂလာကရဝိက်ဖောင်တော်ကို ကနဦးပြုပြင်ရန်၊ ရွှေကျီးမြင့်သာသနာကို မြင့်တင်ရန် စိတ်အားထက်သန်စွာ ဆုံးဖြတ်စီစဉ်လျက် သာသနာပြုလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် စတင်ဆောင်ရွက်ခဲ့လေသည်။

ဦးဟန်တင်သည် သာသနာ့အလင်းရောင် ဆင်ဂေါင်းတောင်နှင့် ယခင် ရှေးဘဝဘဝါက ပဋ္ဌာန်းဆက်ကြောင့်ထင့် ဆရာတော်ဦးမဏိ၏မေတ္တာရောင်ပြန်ဟပ်ကာ သာသနာ့အဆောက်အအုံများကို အဟောင်းများ ပြန်လည်ပြင်ဆင်ခြင်း၊ အဆောက်အအုံအသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဆင်ဂေါင်းတောင်တွင် ရှေးယခင်လွန်လေပြီးသောကာလများစွာကပင် တဘောင်စကားတစ်ခု ရှိထားခဲ့သည်။ 'ဆင်ဂေါင်းတောင်အနောက်၊ ကျောက်မျက်ကရေပေါ်၊ 'ဝ' ဘုရားခြေအောက်၊ နဂါးကရေသောက်' တဲ့။ ယင်းတဘောင်စကားအရ ၁၃၆၆ ခုနှစ်၊ နယုန်းလဆန်း ၄ ရက်နေ့တွင် ရေတွင်း တူးဖော်ခဲ့ရာ အနက် (၄၂၃) ပေအရောက် ရေချိုရေသန့်ကောင်းစွာတူးဖော်ရရှိခဲ့လေသည်။ သို့ဖြစ်၍ဆင်ဂေါင်းတောင်တွင် ရေချိုရေသန့်များ ပေါပေါများများ ရရှိသောက်သုံးနိုင်ကာ လင်္ကာတစ်ပုဒ်ပင် လူတိုင်း၏ပါးစပ်ဖျားမှာ ရွတ်ဆိုကြသည်အထိပင်။ 'ဆင်ဂေါင်းတောင်မှာ၊ မိုးကမရွာ၊ သောက်ရေကရှား၊ ဘုရားဖူးကပါး၊ ယခုအချိန်အခါ၊ ကျောက်မျက်ရေထွက်၊ ဘုရားဖူးတွေ၊ စည်းကားလျက်'။

ယင်းနောက် 'ဝ' တောင်စွယ်ပေါ်တွင် 'စူဠာမဏိ နေလကမ္ဘာ စမဓာတ်ပေါင်းအောင်စေတီ' ကို တည်ထားကိုးကွယ်ခဲ့ပါသည်။ သည့်အပြင် အဘအောင်မင်းခေါင်ကြေးရုပ်တု ထုလုပ်ရန်နေရာရှာကြ၏။ 'ဝ'ဘုရား၏အောက်ခြေရေစီးချောင်းအတွင်း နေရာတွေ့ရှိပြီး ကျောက်ဖျာတစ်ပိုင်းကန့်လန့်ခံနေသဖြင့် တူးထုတ်ဖယ်ရှားသည့်အခါ ပေ (၃၀) အထိ တူးဖော်ခဲ့သည့်တိုင် မရရှိသေးသောကြောင့် ခေတ္တရပ်နားလျက် စောင့်ဆိုင်းနေသည့်အခိုက် ညဥ့်အချိန်သို့အရောက် ကျယ်လောင်စွာ မြည်ဟိန်းသံတစ်ခု ကြားလိုက်ရပြီး ချပ်ကြားကမ်းပါးပြိုကျသွားလေသည်။ ကမ်းပါးပြိုကျရာနေရာမှ သစ်မြစ်ဆုံတစ်ပိုင်းတစ်စ ပေါ်ထွက်နေသည်ကို တွေ့မြင်ကြရ၏။ သစ်မြစ်ဆုံကို ဆက်လက်တူးဖော်ကြည့်သည့်အခါ နဂါးတစ်ကောင်၏ ဦးခေါင်းပိုင်းပုံသဏ္ဌာန် ပေါ်ထွက်လာလေသည်။ ယင်းနေရာအနီးတစ်ဝိုက် လိုက်လံ ရှာဖွေကြည့်သည်တွင် အင်ကြင်းကျောက်အပိုင်းအစများစွာ ရှာဖွေတွေ့ရှိကြရပြီး အစအနများကို ဆက်စပ်ကြည့်ကြသည်တွင် နဂါးတစ်ကောင်၏ ဦးခေါင်းသဏ္ဌာန်အတိုင်း ပေါ်ထွက်လာလေသည်။

ယင်းကဲ့သို့ ဆန်းကြယ် ထူးဆန်းသော အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်း (တွေးဆခန့်မှန်းချက်) တွေ့ရှိရသည့်အတွက် စိတ်ပါဝင်စားသူ အလှူရှင်များ ပေါ်ပေါက်လာပေသည်။ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကျောက်နဂါးကို အမြီးပိုင်းအထိ ဆက်လက် တူးဖော်နိုင်ပါသည်။ သည့်နောက် 'ကျောက်နဂါးဂူနေလဓာတ်ပေါင်းစေတီ'ကိုလည်း တည်ထား ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာနမှလည်း ယင်းကျောက်ဖြစ်ရုပ်ကြွင်း(အတည်ပြုပြီး)သည် လွန်လေပြီးသော နှစ်လေးသန်းခန့်က ဖြစ်ကြောင်းအတည်ပြုပေးခဲ့ပေသည်။ သည့်အပြင် စောင်းတန်းနှင့်အမိုးများ၊ ဝန်းကျင်တစ်ခွင် စိမ်းလန်းစိုပြည်သာယာစေရန် သစ်ပင်ပန်းမန်များ၊ အရိပ်ရပင်များလည်း စိုက်ပျိုးခဲ့ကြပါသည်။

ကျောက်နဂါးကြီး၏ ပုံသဏ္ဌာန်သည် အနောက်ဘက်မှ အရှေ့ဘက်သို့ လျှောက်လှမ်းလာဟန်ရှိပြီး လာရာလမ်းကို ပြန်လည် ရှုကြည့်သည့် သမင်လည်ပြန် အနေအထားအလား ထင်ရပေသည်။ သည့်အပြင် ကျောက်ကလေးလေးတစ်ခုကိုလည်း တူးဖော်တွေ့ရှိခဲ့ရပြန်သေးသည်။ သာသနာပြုပုဂ္ဂိုလ် ဦးဟန်တင်နှင့် သာသနာပြုအဖွဲ့က ဆင်ဂေါင်းတောင် ကျောက်နဂါးသာသနာပြုလုပ်ငန်းကို နေ့ရောညပါ အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ စိတ်ပါဝင်စား ကုသိုလ်ပွားများကာ စေတနာပေါက် လှူဒါန်းလိုကြသူများ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဆင်ဂေါင်းတောင် သာသနာပြု ဦးဟန်တင်ထံသို့ ဆက်သွယ်နိုင်ကြပါကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

*ကောင်းကျိုးချမ်းသာ လိုအင်ဆန္ဒ*
*ပြည့်ဝကြပါစေ*

ခင်မောင်အေး (မန္တလေး)

**ကျမ်းကိုး -**

*စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဆင်ဂေါင်းတောင် ကျောက်နဂါး မှတ်တမ်း*



www.burmeseclassic.com

www.burmeseclassic.com

# စတ်ပုံ-မောင်မောင်အေး

## ရေဘေးဒုက္ခသည်ကိုကူညီသည့် ကြေးဝင်အောင်ဆိုးဆိုးကြီး

၂၀၁၃ ခု မိုးရာသီကာလများဖြစ်သော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလထုတ် နေ့စဉ်သတင်းစာများတွင် မြန်မာနိုင်ငံတစ်ဝန်း နေရာအတော်များများ၌ မြစ်ရေကြီးမှုသတင်းများ ဖတ်ရှုရသလို ရေဘေးဒုက္ခသည်များအား ကူညီမှုသတင်းဓာတ်ပုံတို့ကိုလည်း မကြာခဏ တွေ့မြင်ရပါသည်။ ရေဘေးနှင့်ပတ်သက်၍ ဖတ်ရှုရသော အချို့သတင်းဆိုလျှင် အလွန်ပင် သည်းထိတ်ရင်ဖိုဖွယ်တွေ့ရှိရပါသည်။

၂၀၁၃ ခု၊ စက်တင်ဘာလထုတ် ၁၉ ရက် နေ့စွဲပါ ကြေးမုံသတင်းစာ၌ 'ခင်ဦး-မုံရွာသွား (လူစီးလော်ကယ်) ရထားမောင်းကျွမ်းကျင်မှုကြောင့် အန္တရာယ်မှလွတ်မြောက်' ခေါင်းစဉ်ပါသတင်းဆိုလျှင် ခင်ဦးဘူတာမှနေ ထွက်ခွာလာသော မုံရွာသွားမည့် ရထားသည် နံနက်ဝေလီဝေလင်းအချိန် မိုးမှောင်လည်းကျနေဆဲ မောင်းနှင်လာရာ တံတားအမှတ် (၃၀၆) အနီးသို့ ချဉ်းကပ်လာစဉ် ထိုတံတားကလည်း တစ်ညလုံး သဲသဲမဲမဲရွာသွန်းသောမိုးကြောင့် ချောင်းရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာရာမှ တံတား၏ သံပေါင်များ၊ ဇလီဖားတုံးများ ရေဘေးဒဏ်ကြောင့် ပြုတ်ထွက်မျောပါကုန်၏။ ပြုတ်ပါမသွားနိုင်သောရထားသံလမ်းနှစ်ချောင်းသာလျှင် တဲတဲလေး ကျန်ခဲ့သည်။

ရထားစက်ခေါင်းမောင်း အင်ဂျင်နီယာနှစ်ဦး၏ အမြော်အမြင်ကြီးမားမှု၊ အန္တရာယ်ကို ကြိုတင်တွက်ဆတတ်မှုတို့ကြောင့် ဝေလီဝေလင်းအချိန် အလင်းရောင်အားနည်းမှု၊ မိုးမှောင်ကျ၍ မြင်ကွင်းဝေဝါးမှုတို့ရှိနေသော်လည်း ရထားသံလမ်း၏ ပုံမှန်အနေအထား မဟုတ်သည့်အဖြစ်အားလှမ်းမြင်ကြ၍ အချိန်မီ အရှိန်လျှော့ရင်း ဘရိတ်ဆွဲရာ တံတားနှင့် အနီးဆုံးနေရာ ပေနှစ်ဆယ်ခန့်အကွာတွင် လုံးဝရပ်နိုင်၏။

ရထားရပ်သွားမှဆင်းကြည့်ကြရာ 'ဟိုက်၊ ဗုဒ္ဓေါ' ဟုပင် လန့်အော်မိ၏။ အောက်ခံသံရက်မပေါင်နှင့် ဇလီဖားတုံးတို့ လုံးဝမရှိတော့ချေ။ အမြော်အမြင်ကြီးစွာ ရှေ့ကိုမကြည့်မိပါမူ စက္ကန့်အနည်းငယ်အတွင်း ရထားစီးခရီးသည်တို့၏ အသက်အန္တရာယ်သည် မတွေးရဲစရာ။

လွန်ခဲ့သောနှစ်တစ်ခုက အမေရိကန်ပြည် နယူးယောက်မြို့မှ ဘော်စတွန်မြို့သို့ ထွက်ခွာလာသော ညရထားတစ်စီးသည် ဤကဲ့သို့ ရေဘေးကြောင့် ပျက်စီးနေသော တံတားတစ်ခုကို သတိမမူမိ၍ ရထားတစ်စီးလုံး မြစ်တွင်း ထိုးကျတိမ်းမှောက်ရာ ခရီးသည် အမြောက်အမြား အသက်ဆုံးရှုံးရသည့် ဖြစ်ရပ်ရှိခဲ့ဖူးသည်။

ယခု ကြေးမုံသတင်းစာတွင် ပါသောဖြစ်ရပ်အရ ရထားစက်ခေါင်းမောင်း အင်ဂျင်နီယာနှစ်ဦး၏ အန္တရာယ်ကို ကြိုတင်တွက်ဆမှု၊ အမြော်အမြင်ကြီးမှု၊ လုပ်ငန်းကျွမ်းကျင်မှုတို့ကြောင့် ခရီးသည်များ အသက်ဘေးအန္တရာယ်မှ






www.burmeseclassic.com

www.burmeseclassic.com

ဘင်းလွတ်ခဲ့ရသလို အဖိုးများစွာ ထိုက်တန်သော ရထားကြီးလည်း မပျက်စီးခဲ့ရပေ။ ကျွန်တော့်အနေဖြင့် ဤရထားစက်ခေါင်းမောင်း အင်ဂျင်နီယာနှစ်ဦးအား ဂုဏ်ပြု ချီးကျူးမှတ်တမ်းတင်အပ်ပါသည်။ ဆန်းကြယ်သော ဂမ္ဘီရရှုထောင့်မှ ကြည့်လျှင်လည်း ထူးခြားဖြစ်ရပ်ကိုတွေ့ရပါသည်။ ထိုအချက်မှာ ရထားကြီးစတင် ထွက်ခွာလာသော ဘူတာသည် (ခင်ဦး)။စက်ခေါင်းမောင်း အင်ဂျင်နီယာ (၂) (ကိုခင်ဦး) လက်ထောက်စက်ခေါင်းမောင်းအင်ဂျင်နီယာ (ကိုအောင်ကျော်ဦး) တို့ဆိုသော အမည်များဖြစ်ပေရာ ဂမ္ဘီရဆန်လွန်းပေစွ။

ကြေးမုံသတင်းစာမှ ရေဘေး အန္တရာယ်နှင့် ဆက်စပ်နေသော ထိုသတင်းကို ဖတ်ရှုရာမှ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော် ၁၉၆၇ ခန့်က ရေဘေးအန္တရာနှင့်ပတ်သက်သော ဂမ္ဘီရဖြစ်ရပ်တစ်ခုကို အမှတ်ရမိပါသည်။

ယနေ့သတင်းစာ၊ ဂျာနယ်တို့တွင် ရေပန်းစားနေသော လက်ပံတောင်းတောင်၊ ကြေးစင်တောင် ကြေးနီသတ္တုရိုင်းသိုက်များအား သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဘ-ဓ-ရမှ ပဏာမလေ့လာစူးစမ်းမှုများ ပြုလုပ်နေချိန် (၁၉၆၇-၆၈) ခန့်က ဖြစ်ပါသည်။ ကျွန်တော်သည် ၁၉၅၉ ခုနှစ်တွင် အလုပ်ဝင်စက ဘ-ဓ-ရအမည်





www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သေးဘဲ The Burm The Burma Geological Department ဟု အင်္ဂလိပ်ဘာသာဖြင့်ခေါ်သော မြန်မာနိုင်ငံဘူမိဗေဒဌာနကြီး ဖြစ်ပါသည်။ ဘူမိဗေဒရုံးချုပ်သည် အမှတ်(၂၂၅) မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ သုံးထပ်တိုက်ကြီး ဖြစ်ပါသည်။ (ယခု ထွန်းဖောင်ဒေးရှင်းဘဏ်။)

နောက်ပိုင်းခေတ်အမျိုးမျိုးပြောင်းခဲ့သလို ဘ-ခ-ရအမည်သို့ ပြောင်းခဲ့ခြင်းဖြစ်သည်။ ကြေးစင်တောင် သတ္တုရိုင်းသိုက် (Copper Ore Deposite) တည်ရှိရာနေရာကို အကြမ်းဖျင်းဖော်ပြရသော် စစ်ကိုင်းတိုင်းဒေသကြီးအလယ်ဗဟိုမှ ဖြတ်သန်းစီးဆင်းသည့် သလ္လာဝတီခေါ် ချင်းတွင်းမြစ်ကြီးရှိ၏။ ချင်းတွင်းမြစ်၏ အနောက်ဘက်တွင် တော်သလင်းလ ကဗျာဖွဲ့ရာ၌ မပါမပြီးသော တော်ဝင်ပန်းဖြစ်သည့် ရင်းမာပန်း၏ အမည်ရှိသော် ယင်းမာပင်မြို့ကလေးရှိပါသည်။ ကြေးစင်တောင်သည် ၎င်းယင်းမာပင်မြို့လေး၏ အရှေ့မြောက် ဆယ်မိုင်ခန့်တွင် ရှိပါသည်။

ပုံတောင်၊ ပုံညာတောင်တန်းရှိ အလောင်းတော် ကဿပမှ စီးဆင်းလာသော ယမားချောင်းသည် ကြေးစင်တောင်၊ စပယ်တောင်၊ တောင်ခမောက် (တောင်ခမောက်အား ကျွန်တော်တို့က ဘရာစီယာတောင်ဟု အမည်ပေးထားပါသည်။ အရွယ်တူတောင်နှစ်လုံး မနီးမဝေးယှဉ်လျက် ဘရာစီယာကို မှောက်ချထားသလို တူလှသောကြောင့် ထိုအမည်ပေးထားခြင်းဖြစ်သည်။) ဆိုသော တောင်အုပ်စုရှိရာဘက်သို့ စီးဆင်းလာရာမှ ထိုတောင်အုပ်စု၏ မြောက်ဖျားရှိ ကျားတွင်းတောင်ခြေအရောက်၌ ကြေးစင်တောင်မကြီး၏ အမာခံကျောက်လွှာ (Bed Rocc) ကို မဖြတ်သန်းနိုင်တော့၍ ရေကြည်ပင်ရွာဘေးအရောက်တွင် မြစ်ကြောင်းပြောင်းကာ (ချောင်းကြောင်း) အရှေ့အရပ်သို့စီးဆင်းသွားပြီး ထန်းတောကြီးရွာနှင့် ရွာသာနှစ်ရွာကြားမှ ဖြတ်ကာ တစ်မိုင်ကျော်ကျော်ခန့်တွင် ချင်းတွင်းမြစ်နှင့် ပေါင်းဆုံသည်။

ထိုနှစ် (၁၉၆၇-၆၈) ခန့်ကလည်း ယခုကဲ့သို့ပင် မိုးများစွာရွာသွန်းမှုကြောင့် ချောင်းရေ၊ မြစ်ရေများကြီးကာ ဒေသအတော်များစွာ ရေဘေးနှင့် ရင်ဆိုင်ကြရသည်။ ဒုဋ္ဌဝတီ (မြစ်ငယ်) မြစ်ရေကြီးမှုကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့အနီးမှ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီး ပျက်စီးမျောပါသွားခဲ့ဖူးသည်။ ထိုနှစ် တစ်ချိန်တည်းလိုပင် အထက်ကဖော်ပြခဲ့သော ယမားချောင်း (မြောက်ယမားဟုလည်း ခေါ်သည်။) ရေလည်းမတန်တဆလွှမ်းမိုးမှုကြောင့် ယမားချောင်းကမ်းဘေးရှိ ကျေးရွာအချို့ ရွာလုံးကျွတ်မျောပါခဲ့သည်။ အကာလ ညအချိန်မတော်ကြီးဖြစ်သလို မိုးတစ်မှိန်မှိန်နှင့် အိပ်ကောင်းနေကြရာ ချောင်းရေများ လျှံတက်၍ အိပ်ရာထဲ ရေဝင်မှ လန့်နိုးကြပြီး ဆင်းပြေးချိန်ပင်မရတော့ချေ။

ထို့ကြောင့် ထပ်တန်းပေါ်တက်နေကြရ၏။ ထိုမှတစ်ဆင့် သက်ငယ်အမိုးကို ဖောက်ထွက်ကာ ခေါင်မိုးပေါ်တက်ကြရပြန်၏။ ခေါင်မိုးပေါ်တက်နေရင်းက ရေစီးအရှိန်များလာကာ အိမ်တိုင်များ မြေမှကျွတ်ပြီး ချောင်းရေစီးနှင့်အတူပါသွားရင်း အစပျောက်တော့၏။ ညအမှောင်ချည်းဖြစ်သောကြောင့် တောင်မင်းကို မြောက်မင်းမကယ်နိုင်သည့်အဖြစ်ဆိုးနှင့် ကြုံကြရသည်။ ရေထဲ မျောပါရင်း နီးရာသစ်ပင်သစ်ကိုင်းကို ဆွဲမိသောကြောင့် သစ်ပင်ပေါ်ရောက်ကာ ရေဘေးမှ ကင်းလွတ်သူအချို့လည်းရှိ၏။ ထန်းတောကြီးရွာဘေးမှ သစ်ပင်တစ်ပင်၏ ထိပ်ဖျားပေါ်တွင် 'ကယ်ကြပါ' ဟူသော အော်သံကြားသဖြင့် ရွာသားများ လက်နှိပ်ဓာတ်မီး (တုတ်မီး) များဖြင့်ထိုး၍ ရှာဖွေကြရာ မိန်းမပျိုလေးတစ်ဦးကို မန်ကျည်းပင်ထိပ်ဖျား၌ တွေ့ကြရ၏။

ယမားချောင်းသည် အထက်ပိုင်းရှိ သဲတောကြီးရွာ၊ မြရိပ်ရွာနှစ်ရွာအကြားဖြတ်သန်းသည်အထိ မြောက်မှတောင်သို့ စီးဆင်းလာရာမှ အောက်ပိုင်းရွှေပန်းခိုင်ရွာလွန်သောအခါ ကျားတွင်းတောင်နှင့် ကြေးစင်တောင်တို့၏ Bed Rock ခေါ် အောက်ခံကျောက်လွှာကျောက်တန်းများရှိရာရောက်သည့်အခါ ဖြတ်သန်း စီးဆင်းခြင်းမပြုနိုင်တော့သဖြင့် Stream Direction ပြောင်းကာ အရှေ့ဘက်သို့ ပြောင်းလဲ စီးဆင်းသွား၍ အောက်ဘက် နှစ်မိုင်ခန့်တွင် ချင်းတွင်းမြစ်နှင့် ပေါင်းဆုံသည်။

သာမန် မိုးရာသီအချိန်များတွင် ယမားချောင်းရေ ကမ်းလုံးပြည့်မျှ ပြည့်လျှံသော်လည်း ချောင်း Direction အတိုင်းသာလျှင် လိုက်လျောညီထွေ စီးဆင်းခဲ့ရာမှ ယခုလို အထက်ပိုင်း ပုံတောင်၊ ပုံညာ၊ အလောင်းတော်ကဿပဘက်တွင် မတန်တဆမိုးများရွာ၍ ယခင်ကထက် ဆယ်ဆမျှ ချောင်းရေများ စီးဆင်းလာသောအခါ ချောင်းကမ်းဘေး အနိမ့်ပိုင်းနေရာမှ ရွာများပင် ရွာလုံး ကျွတ်ပျောက်ကွယ်သွားအောင် ရေဘေးသင့်တော့၏။ ထိုမျှ များပြားသော ရေအလျဉ်အရှိန်အဟုန်တို့သည် ကြေးစင်တောင် Bed Rock ကြောင့် Stream Direction ပြောင်းသွားသော ချောင်းလားရာသို့ အားလုံး လိုက်ပါစီးဆင်းခြင်းမပြုတော့ဘဲ မူလချောင်း Direction လားရာကို အရှိန်ပြင်းစွာ ဖြတ်ကျော် စီးဆင်းကြတော့၏။

ဖြတ်လမ်းက စီးဆင်းသောရေထုနှင့် ရေပြင်အကျယ်သည် မနည်းမနောပင် ဖြစ်၏။ ထန်းတောကြီးရွာတစ်ဖက်ကမ်းရှိ ရွာသာရွာ၊ ငါးတဲစုရွာမှသည် ကြေးစင်တောင်၊ စပယ်တောင်ခြေရှိ ကြေးနီသတ္တုရိုင်းသိုက် လေ့လာရှာဖွေနေသော ဘ-ခ-ရ ဘူမိဗေဒ အခြေစိုက်စခန်းအထိ ရေပြင်ကျယ်ကြီးဖြတ်သန်းစီးဆင်းလျက်ရှိ၏။ ကြေးစေကျရွာ၊ ဒုန်းတောရွာများလည်း ဖြတ်သန်းစီးဆင်းရာ ရေပြင်ကျယ်ဧရိယာတွင် ပါဝင်သည်။ ပုံတောင်ပုံညာဘက်၌သာ မိုးသည်းထန်စွာရွာ၍ ဤမှ ရေကြီးနေသော်လည်း ဤနေရာ၌ မိုးသေးမိုးဖွဲလေးများသာ ကျနေပါသည်။

ယမားချောင်းရေဘေးကြောင့် အထက်ပိုင်းရွာတစ်ရွာမှ မျောပါလာသော ရေဘေးဒုက္ခသည် အမျိုးသမီးကြီး တစ်ဦးသည် တွယ်မိတွယ်ရာ တုံးတိုတစ်ခုကို တွယ်ဖက်ရင်း 'ကယ်ကြပါ၊ ကယ်ကြပါ' တစာစာအော်ရင်းမျောပါခဲ့သော်လည်း တောင်မင်း မြောက်မင်း မကယ်နိုင်သည့် အကာလ ညအမှောင်ဖြစ်၍ မည်သူမျှ မကယ်နိုင်ကြချေ။ သို့ဖြင့် ကြေးစင်တောင်ခြေချောင်း Direction ပြောင်း ဖြတ်သန်းစီးဆင်းရာအရောက်တွင် ချောင်းအတိုင်းပါမသွားဘဲ ဖြတ်သန်းစီးဆင်းရာ ရေကြောနှင့်ပါခဲ့၏။ ပတ်ဝန်းကျင်အလင်းရောင်ဝိုးတဝါးတွင် ထန်းတောများကို မြင်ရခြင်းကြောင့် ယမားချောင်းတွင်းမဟုတ်တော့ကြောင်း နားလည်လာ၏။ သို့သော် ရေစီးအရှိန်က မလျော့သေးချေ။

ယမားချောင်းအတွင်းမဟုတ်တော့သောကြောင့် ငါတော့ ရေဘေးအန္တရာယ်နဲ့ မသေနိုင်ဟု တွေးကာ အားတက်လာပြီး လူသားကယ်တင်ရှင်ကိုတော့ ရဖို့မလွယ်ဘူး။ နတ်တွေပဲ တိုင်တည်ရတော့မှာပဲဟုတွေးရင်း ဟိုသည်ရော်ရမ်းကြည့်မိရာမှ အတော်လှမ်းလှမ်းအရပ်ဆီတွင် ညိုညို့မည်းမည်းနှင့်ကြေး



www.burmeseclassic.com

www.burmeseclassic.com

စင်တောင်ကြီးကို တွေ့ရ၏။ ဤအရပ်ဤဒေသသူဖြစ်၍ ကြေးစင်တောင်ကြီးကို ကလေးဘဝမှစ၍ သိခဲ့၏။ ရေးရေးချမြင်ရုံဖြင့် သိနိုင်၏။ ထို့ကြောင့် သစ်တုံးဘိုကိုမြမြဖက်တွယ်ရင်း 'ကြေးစင်တောင်ဘိုးဘိုးကြီးရှင့်၊ ကျွန်တော်မျိုးမ၏ ရေဘေးဒုက္ခမှကင်းလွတ်အောင် ကယ်မပါ' ဟု အထပ်ထပ်ရွတ်ဆိုတိုင်တည်ရင်း မျောပါနေရာမှ မြေကြီးနှင့် ခြေထောက်ဘိုက်မိသဖြင့် ရေတိမ်လာကြောင်းသိ၍ မြေပေါ် ရပ်လိုက်၏။

ရေသည် ခါးလယ်မျှသာနက်သဖြင့် သစ်တုံးတိုကို လွှတ်လိုက်ကာ ဘိမ်ရာဘက်သို့ မှန်းဆလျှောက်ရင်း မီးအလင်းရောင်လေးများ သုံး၊ လေးခုကို သွမ်းမြင်ရပြန်ရာ ရွာ သို့မဟုတ် လူနေဘဲစုဖြစ်ရမည်တွေးလျက် ထိုနေရာသို့ ဦးတည်လျှောက်ပြန်၏။ အလင်းရောင်လေးများသည် အနီးသို့ရောက်သောအခါ လုံးဝကွယ်ပျောက်သွားတော့၏။ အလင်းရောင်တွေ့သောနေရာသည် ရွာဘစ်ရွာ၏သင်္ချိုင်းအုတ်ဂူများဖြစ်ကြောင်း တွေ့ရသော်လည်း ရေဘေးဒုက္ခဆိုးလောက်ကြောက်ဖို့မလိုဟု တွေးနေဆဲ မလှမ်းမကမ်းမှ လက်နှိပ်ဓာတ်မီး (ဒေသအခေါ် တုတ်မီး) ရောင်တွေ့ရသဖြင့် ထိုမီးရောင်နောက် လိုက်ရပြန်၏။

မီးရောင်ရှင်က ရှေ့ဆက်လျှောက်ပြန်ရာ သူလည်း ဆက်လိုက်ရင်းလိုက်ရင်းဖြင့် ရေအနက်သည် ဒူးဆစ်မျှသာရှိကြောင်းသိရချိန်တွင် မလှမ်းမကမ်းတောင်ခြေမှ လူတစ်စုစကားပြောသံများ ဆေးလိပ်မီးဖွားများ ကြားရ၊ မြင်ရစဉ် ရှေ့မှသွားနေသော တုတ်မီးရောင်သည် ထူးဆန်းစွာ လေထဲပျံဝဲလျက် ကြေးစင်တောင်မကြီးထိပ်ဆီသို့ တက်ရောက်ပျောက်ကွယ်သွားပါသည်။

ပျံဝဲပျောက်ကွယ်သွားသော တုတ်မီးရောင်ကို ငေးမောကြည့်နေရင်း သတိဝင်လာသဖြင့် -

"ကယ်ကြပါရှင်၊ ရေမျောလာတဲ့ဒုက္ခသည်ပါ"

ဟု ဟစ်အော်လိုက်ရာ လူတစ်စုသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ လက်နှိပ်ဓာတ်မီးများဖြင့် အသံကြားရာဆီသို့ ဝိုင်းထိုင်ရင်း -

"ဒီဘက်ကိုလာခဲ့ဗျို့"

ဟု တစ်ယောက်က လှမ်းအော်လိုက်ပါသည်။ ထိုသူမှာ လွန်တူးစက်အင်ဂျင်နီယာ ကိုဇော်ဝင်း (ကွယ်လွန်) ဖြစ်ပါသည်။ အချိန်မတော်ကြီး စုဝေးနေသောထိုလူစုမှာ ကြေးစင်တောင်၊ စပယ်တောင်ရှိ ကြေးနီသတ္တုသိုက်ပမာဏလေ့လာရှာဖွေတွက်ချက်နေသည့် ဘ-ခ-ရ ဘူမိဗေဒကွင်းဆင်းအဖွဲ့မှ ဝန်ထမ်းများဖြစ်ပါသည်။ ယမားချောင်းမှ တဝေါဝေါမြည်ဟည်းသောရေစီးသံများ၊ ရေဘေးနှင့် မျောပါလာသော ဒုက္ခသည်အချို့၏ အော်ဟစ်သံများကြောင့် အဖွဲ့စခန်း၏မြောက်ဖျားမှ တောင်ကမူ ကုန်းပြန့်လေးပေါ် လာရောက် စုရုံး၍ မမြင်ရသော်လည်း မှန်းမျှော်ကြည့်နေကြခြင်းဖြစ်ပါသည်။

ချောင်း Direction လားရာအတိုင်း မလိုက်ဘဲ ဖြတ်ကျော် စီးဆင်းလာသောရေပြင်သည် ကျွန်တော်တို့အုပ်စုရပ်ကြည့်နေသော တောင်စွယ်ပြန့်လေး၏ ခြေရင်းအထိ ရောက်ပါသည်။ ရေဘေးဒုက္ခသည် ဆိုသော အသံရှင်ရှိရာသည် ကျွန်တော်တို့နှင့် ပေတစ်ရာခန့်ဝေးသေး၏။ မီးဖြင့် ထိုးကြည့်ကြသော်လည်း နဘူးချုံလေးများကြောင့် အပေါ်ပိုင်းသာမြင်သည့်အတွက် မိန်းမကြီးတစ်ယောက်ဖြစ်ကြောင်း သေချာ၏။

"ကျုပ်တို့ရှိရာဘက်ကို လာခဲ့ဗျို့"

ဟု ကိုဇော်ဝင်းက အော်ပြောရင်း မီးကို ဝှေ့ယမ်းပြစဉ် ရေမျောဒုက္ခသည် မိန်းမကြီး ပြန်ပြောလိုက်သောစကားကြောင့် ကျွန်တော်တို့အားလုံး ငိုအားထက် ရယ်အားသန် ဖြစ်ကြရပါသည်။ သူပြောလိုက်သောစကားက -

"ကျွန်မမှာ ထဘီမရှိတော့လို့ပါ"

ဟူသတည်း။

သို့ဖြင့် ကျွန်တော်လည်း အင်ဂျင်နီယာတစ်ဦး၏ဇနီး မမြတို့တဲသို့ ပြေးကာ အိပ်ရာမှနိုး၍ အကျိုးအကြောင်းပြောပြကာ ထဘီတစ်ထည်ယူပြီး လိုက်ခဲ့ပါရန် မေတ္တာရပ်ခံရပါသည်။ မမြကလည်း လိုလားစွာပင် လိုက်ပါကူညီခြင်းဖြင့် ရေမျောဒုက္ခသည် ဒေါ်ပုကြီးအား ကယ်တင်နိုင်ခဲ့ကြပါသတည်း။

**စာကြွင်း။**

စခန်းတွင်းသို့ရောက်ရှိလာခဲ့သော ဒေါ်ပုကြီးသည် သူ့အသက်ကို ကယ်တင်ရှင်မှာ ကြေးစင်တောင်ဘိုးဘိုးကြီးနှင့် ကျွန်တော်တို့ဟုဆိုကာ ဦးစွာကြေးစင်တောင်ထိပ်ရှိရာဦးချပြီး ကျွန်တော်တို့ပါ လိုက်ကန်တော့မည်ပြုသဖြင့် ဝိုင်းတားကြရပါသည်။ ယမားချောင်းရေဘေးဖြစ်စဉ်က ကြေးစင်တောင် ဘူမိဗေဒအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူအားလုံးနှင့် ထဘီတစ်ထည်သာမက အဘက်ဘက်မှ အကူအညီပေးသော အင် ဂျင်နီယာ ကိုလှမောင်၊ မမြတို့အား ကျေးဇူးအမှတ်တရစကားဆိုရင်း။

ဇော်ပုံ-မောင်မောင်အေး

ညွှန့်ဝင်း(နတ်တလင်း)

## ကြွက်နို့ပျောက်ဆေး သဘော်စေး

ကြွက်နို့ပျောက်ဆေးအမျိုးမျိုးကို မဂ္ဂဇင်းစာစောင် အတော်များများမှာ ဖတ်ဖူးမှတ်ဖူးပါတယ်။ သူ့နည်းသူ့ဟန်နဲ့ (အပ်စပ်ရင်) ပျောက်ကင်းကြတာပါပဲ။ သဘာဝဆေးနည်း၊ ဂမ္ဘီရနည်း၊ ဂါထာမန္တန်နည်း စသည်ဖြင့် ကြွက်နို့ပျောက်အောင်လုပ်တဲ့နည်းတွေ ရှိကြပါတယ်။ စာရေးသူလည်း ကိုယ်တွေ့ သဘာဝဆေးနည်းဖြစ်တဲ့ သဘော်စေးနဲ့ကြွက်နို့သတ်တဲ့နည်းကို ပြောပြချင်ပါတယ်။

ကြွက်နို့ဟာ လူမြင်ကွင်းအရေပြားပေါ်မှာ ပေါက်လာရင် အင်မတန်ကြည့်ရဆိုးပါတယ်။ ဘယ်နေရာမှာပဲပေါက်ပေါက် ကြွက်နို့ကို ကြာရှည်မထားသင့်ပါဘူး။ ကြွက်နို့ရဲ့သဘာဝအရ အချိန်ကြာလေ ပွားလာလေဖြစ်တတ်လို့ပါပဲ။ ကြွက်နို့သတ်မယ်ဆိုရင် ငွေကုန်ကြေးကျလည်းမရှိ၊ လွယ်လွယ်ကူကူနဲ့လည်း ပျောက်တဲ့ သဘော်စေးကို သုံးနိုင်ပါတယ်။ သဘော်စေး ဆိုတာ သဘော်ပင်ရဲ့အစေးကို ပြောတာပါ။ အပင်က အစေးပဲဖြစ်ဖြစ်၊ အသီးက အစေးပဲဖြစ်ဖြစ် သုံးလို့ရပါတယ်။

ပထမဆုံးသတ်မယ့် ကြွက်နို့အမ (စပေါက်တဲ့ ကြွက်နို့) ကို သန့်ရှင်းတဲ့ အပ်နဲ့ အနည်းငယ်ထိုးဆွလိုက်ပါ။ ပြီးရင် အဲဒီထဲကို သဘော်စေးထည့်လိုက်ရုံပါပဲ။ နှစ်ရက်၊ သုံးရက်လောက်ကြာတဲ့အခါ ကြွက်နို့က တစ်စစီပဲ့ပြီး အမြစ်ပါမကျန် ပြောင်စင်အောင် ကြွေကျသွားပါလိမ့်မယ်။ ဒီနည်းကို စာရေးသူရဲ့ မိသားစုထဲမှာ လက်တွေ့အသုံးချပျောက်ကင်းခဲ့တာဖြစ်လို့ ယုံယုံကြည်ကြည် သုံးကြည့်ဖို့ ဆေးနည်းဝေငှလိုက်ပါတယ်။

ညွှန့်ဝင်း (နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် မဟိဒ္ဓိ (၆၉)ပါး၊ သည့်နောက်တွင် ပုဂ္ဂိုလ်အပေါင်း (၈၄၀၀၀) ဟု ဆိုပေမည့် လူတွေအသိ မခံလိုသောပုဂ္ဂိုလ်များဖြစ်သဖြင့် လည်း ကောင်း၊ မထင်မရှားအသွင်အမျိုးမျိုး ဆောင်နေတတ်သဖြင့် လည်းကောင်း လူတွေမသိလိုက်ကြသည်ကများပေမည်။

အချို့တွင် ခရီးရောက် ကိစ္စပြီး မြောက်သွားမှ လူတို့ သတိထားမိလိုက် ကြသည်။ အချို့တွင် လူသာမန်တို့ မပြု လုပ်နိုင်သောလုပ်ရပ်ကို လုပ်ဆောင် လိုက်မိမှသာ လူတွေရိပ်မိသိရှိသွားတတ် တာလည်းရှိတတ်သည်။ များသောအား ဖြင့် အရှုးပုံဟန်ဆောင်နေတတ်ခြင်း၊ ဆင်းရဲညစ်ပတ်သော အဝတ်တန်ဆာ ဝတ်ဆင်ထားခြင်းဖြင့် သူတောင်းစား ပမာ ဟန်ဆောင်သွားလာနေထိုင်တတ် ခြင်းလည်း ရှိတတ်ပါသည်။

ကျွန်ုပ်တွေ့ ကြုံဖူးသည်ကို ရေး သားရပါလျှင် -

တစ်ချိန်က ကျွန်ုပ်သည် ဗွီဒီယိုပြ သခြင်းဖြင့် ဘဝကို အသက်မွေးဝမ်း ကျောင်းခဲ့ရဖူးသည်။ ဗွီဒီယိုရုံတံခါးပေါက် ကို လူတစ်ယောက်ဝင်သာရုံသာ ပြုလုပ် ထားပါသည်။ သို့မှသာလျှင် တစ်ဦးချင်း ဝင်ရောက်လာသူများထံမှ ရုံဝင်ခကို ကောက်ယူရန် လွယ်ကူမည် ဖြစ်ပါ သည်။ ဗွီဒီယိုရုံနံဘေး အိမ်အပြင်ဘက် တွင် ရေစီးဆင်းနေသောရေမြောင်းရှိနေ သဖြင့် အလွယ်တကူ ဝင်ရောက်လာနိုင် အောင် ရှစ်ပေခန့်ရှည်သော တံတားထိုး ပေးထားရပါသည်။ သဘာဝအတားအ ဆီးလိုဖြစ်နေသော ရေမြောင်းကြောင့် ချောင်းကြည့်လိုလျှင်ပင် မလွယ်ကူလှ ပေ။ ဗွီဒီယိုရုံသည်လည်း နေအိမ်နှင့် တွဲလျက် တည်ဆောက်ထားခြင်းဖြစ်ရာ ရုံအဝင်လမ်းကြောင်းကို တိမ်းရှောင်ပြီး ဝင်ရောက်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါ။

တစ်နေ့တွင် ဗွီဒီယိုပြချိန်နီး၍ ကျွန်ုပ်သည် တံခါးဖွင့်ပြီးနောက် ဝင် ရောက်လာသူများထံမှ ရုံဝင်ခကောက်ခံ နေပါသည်။ ထိုအချိန်တွင် အသက်(၅၀)





www.burmeseclassic.com

www.burmeseclassic.com

ကျော်ခန့်ဟု ခန့်မှန်းရသော လူကြီးတစ်ယောက်သည် အထုပ်ကြီးနှစ်ထုပ်ကို ထမ်းပိုးတစ်ချောင်းဖြင့် လျှိုထမ်းလျက် ဗွီဒီယိုရုံအဝင်တံတားပေါ်မှ တန်းတန်းမတ်မတ်လျှောက်ဝင်လာပါသည်။ ထိုလူကြီးသည် အဝတ်အစား ညစ်ပတ်ပြီး အလွန်ဆိုးဝါးသော ခန္ဓာကိုယ်အနံ့အသက်သည် ဦးစွာရောက်လာနေသဖြင့် အသက်အောင့်ပြီးနေထားမိသေးသည်။

သူဤသို့ဝင်ရောက်လာခြင်းသည် ဗွီဒီယိုဇာတ်ကားကြည့်လိုသဖြင့် ဝင်ရောက်လာသူဟု ယူဆနိုင်သော်လည်း သူ၏နှုတ်မှမည်သည့်စကားကိုမျှမပြောသေးပါ။ သို့သော် ကျွန်ုပ်၏အတွေးထဲတွင် ဤလူကြီးကိုသာ ဗွီဒီယိုကြည့်ရှုခွင့်ပေးလိုက်မိပါက သူ၏ခန္ဓာကိုယ်မှ ဆိုးဝါးသော အနံ့အသက်ကြောင့် နံဘေးမှ အခြားပွဲကြည့်ပရိတ်သတ်များ သည်းမခံနိုင်ဖြစ်ပြီး ထပြန်သွားနိုင်သည်ဟု ထင်မြင်ပါသည်။ သူ့ထံမှ ရုံဝင်ခ တစ်ကျပ်၊ နှစ်ကျပ် ရ၊ မရကိစ္စသည် များစွာအရေးမပါသော်လည်း နေ့စဉ်ထမင်းကျွေးနေသော ကျေးဇူးရှင်ပရိသတ်များ ငြိုငြင်ပြီး ပြန်သွားမည်ကိုတော့ ကျွန်ုပ်စိုးရိမ်မိပါသည်။

"သွားပါ၊ သွားပါ၊ ကိုယ့်လမ်းကိုသာသွားပါ။ ဝင်မလာပါနဲ့။ နံလိုက်တာသည်း အလွန်ပဲ"

ဟု ပြောကာ ထိုလူကြီးကို ဝင်ခွင့်မပြု နောက်ပြန်သွားစေခဲ့ပါသည်။

ထိုအခါ သူသည် ကျွန်ုပ်ကိုကြည့်ပြီး စကားတစ်စုံတစ်ရာမပြော။ချက်ချင်းနောက်ပြန်လှည့်လျက် ထွက်ခွာသွားရာ ဆန်းသော ထိုလူကြီး၏နောက်ကျောကိုသာ ကြည့်နေလိုက်မိပါသည်။

ထိုတစ်နေ့တာသည် မှတ်မှတ်ရရ ဗွီဒီယို ကြည့်ရှုသူများပြားပြီး ရုံပြည့်သွားသောနေ့တစ်နေ့လည်း ဖြစ်ခဲ့သည်။ ပွဲတစ်ပွဲပြသချိန် နှစ်နာရီခွဲ၊ သုံးနာရီခန့်ကို ကျွန်ုပ်သည် ထုံးစံအတိုင်း ရုံဝင်ပေါက်မှာထိုင်လျက် ငြီးငွေ့စွာ အချိန်ဖြုန်းရသည်မှာ သဘာဝဖြစ်ပါသည်။ ပွဲတစ်ပွဲပြီးသွားပြီးနောက် ရုံထဲမှ ရွှေပွဲလာပရိသတ်များသည် ရုံတံခါးပေါက်မှ အသီးသီးထွက်ခွာလျက် မိမိတို့နေအိမ်သို့ ပြန်နေကြပါသည်။ ရုံထဲတွင် လူကုန်သလောက်ရှိပြီ။ ပွဲအပြီး အိမ်သာဝင်နေသော လူတစ်ယောက်ကြောင့် တံခါးပိတ်ရန် စောင့်ဆိုင်းနေစဉ် ထိုင်ခုံများနောက်ဆုံးတန်း၌ လူတစ်ဦး အိပ်ပျော်နေသည်ကို တအံ့တသြတွေ့လိုက်ရပြီး ကျွန်ုပ်၏ ဆံပင်နှင့်မွေးညင်းများထောင်တက်သွားသည်အထိ ထိတ်လန့်သွားပါတော့သည်။

ဗွီဒီယိုကြည့်ရှုရင်း အိပ်ပျော်သွားပြီးနောက် ပွဲပြီးသော်လည်း မနိုးဘဲကျန်နေတတ်သည်မှာ မကြာခဏတွေ့ကြုံနေကျမို့ ထူးဆန်းသောကိစ္စမဟုတ်ပေ။ သို့သော် ယခုအိပ်ပျော်နေသူ၏ အထုပ်ကြီးနှစ်ထုပ်နှင့် ထမ်းပိုးရှိနေသည်ကိုကြည့်ခြင်းဖြင့် အခြားသူမဖြစ်နိုင်။ ပွဲမစမီတုန်းက အတွင်းသို့ဝင်ဖို့ ကြိုးစားသဖြင့် ကျွန်ုပ်နှင်ထုတ်လိုက်သောလူကြီးမှန်း အတပ်သိနေ၍ ဖြစ်ပါသည်။

အိပ်ပျော်နေသောထိုလူကြီးတွင် ထမ်း ထမ်းပိုးရှိနေပါသည်။ ကျွန်ုပ်၏လက်ထဲတွင် ဘာမှမရှိပါ။ စောစောကတင် အဆင်မပြေဖြစ်ထားခဲ့သောကျွန်ုပ်ကို ရန်ပြုလာလျှင် ခက်ချေဦးမည်ဟု တွေးထားပြီးနောက် အိမ်သာမှထွက်လာသော လူငယ်အား ခေတ္တစောင့်နေစေပြီး -

"ထတော့၊ ထတော့ ဆရာကြီး။ ပွဲပြီးသွားပြီ ပြန်တော့၊ ပြန်တော့"

ဟု နှိုးပြီး လွှတ်လိုက်ရပါသည်။

ခေတ္တစောင့်ခိုင်းသဖြင့် စောင့်နေရသူလူငယ်သည် ထိုလူကြီးထံမှလာသောအနံ့ဆိုးကြောင့် နှာခေါင်းကို လက်နှင့် ပိတ်လိုက်သည်။

လူကြီးသည် ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်ပြီးနောက် သူ၏အထုပ်အပိုးများကို ထမ်းပိုးလျက် ထွက်ခွာသွားပါတော့သည်။ ယခုတစ်ကြိမ် ထိုလူကြီး၏ အကြည့်တွင်မူ 'မင်းက ငါ့ကိုရုံထဲဝင်ခွင့်မပေးလည်း ငါဝင်ချင်ရင်ဝင်လို့ရပါတယ်ကွာ' ဟူသောစကားကို ပြောသွားသယောင် ထင်မြင်မိပါတော့သည်။ အစမှဖြစ်ပျက်ပုံကို မည်သို့ပင် စဉ်းစားစဉ်းစား နားလည်နိုင်စွမ်း မရှိတော့ပေ။ ကျွန်ုပ်၏ရှေ့ရှိ ဝင်ပေါက်ကိုရှောင်၍ ဤလူကြီးသည် ရုံထဲသို့ မည်သို့ခုန်ပျံဝင်ရောက်မည်နည်း။

ဝင်ပေါက်တံတားထိပ်တွင် တစ်ချိန်လုံး ကျွန်ုပ်ရှိနေပါသည်။ ကျွန်ုပ်ကို ကွေ့ပတ် ရှောင်ကွင်းသွားဦးတော့ သူ့အထမ်းကြီးနှင့် ရေမြောင်းကို ခုန်ကျော်

# အောင်ဆန်းလင်း

## ထူးဆန်းသောလူပုဂ္ဂိုလ်များနှင့်တွေ့ကြုံမှု





www.burmeseclassic.com

www.burmeseclassic.com

ရမည်။ ထို့နောက် ခွေးပင်လျှင် ဝင်ရန်မလွယ်သော ဝါးဝင်းထရံခြံစည်းရိုးကို မည်သို့ ကျော်ဖြတ်မည်နည်း။ ဘဲဥအစ ရှာရသလို အဖြေမရှိသော ပုစ္ဆာတစ်ပုဒ်ဟူသာ ဆိုချင်ပါတော့သည်။ ထိုလူကြီးကို ဝင်ခွင့်မပြုဘဲ ဟန့်တားနှင်ထုတ်မိသည်မှာပင် မှားသွားလေသလား မဝေခွဲတတ်တော့ပါ။

ထို့နောက် များမကြာမီတွင် ကျွန်ုပ်၏ ဗွီဒီယိုရုံသည် ဆင်ဆာမဲ့ဗွီဒီယို ခွေပြသမှုဖြင့် ဖမ်းဆီးခြင်းခံရပါသည်။ ထိုအမှုဖြင့် ရဲစခန်းရောက်၊ တရားရုံးရောက်နှင့် တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူး ဖြစ်ရပ်ဆိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပါတော့သည်။ ထူးခြားသော ပုဂ္ဂိုလ်ကြီးအပေါ်တွင် မချေမငံဆက်ဆံခဲ့မိသော ကျွန်ုပ်ကို ဒဏ်ခတ်ခံရခြင်းပေလော။

◆

အချိန်ကား ၁၉၇၀ ပြည့်နှစ်ခန့်။

နေရာကား ကချင်ပြည်နယ် ဗန်းမော်-မိုးမိတ်ကားလမ်းပေါ်ရှိ စီခန်းကြီးရွာ။ ကားလမ်းဆိုရသော်လည်း မြေလမ်းမျှသာဖြစ်ပြီး လမ်းဆိုးလှသဖြင့် ပွင့်လင်းရာသီတွင်သာ ဗန်းမော်နှင့်အသွားအလာများတတ်သည်။ မိုးရာသီတွင် ကားလမ်းသည် ရွံ့ဗွက်လမ်းဖြစ်သွားပြီး ကားအသွားအလာလည်း အလွန်နည်းပါးသွားလေသည်။ (ယခုအချိန်ထိလည်း တိုးတက်မှုမရှိ၊ ယခင်အတိုင်းပင်ရှိသေးသည်။)

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးပေးခန်းမရှိပေ။ ကျေးရွာအားလုံးသည် ဆရာချိုတစ်ဦးတည်းကိုသာ အားထားနေရသည်။ ဆရာချိုကလည်း ဆေးနှင့်ဆေးပစ္စည်း လိုအပ်လျှင် ဗန်းမော်သို့ ကိုယ်တိုင်တက်ဝယ်သည်။ ဝယ်ပြီးပြန်လာလျှင်လည်း ဖြောင့်ဖြောင့်ပြန်လာသည်မထင်နှင့်။ လမ်းတစ်လျှောက်ရှိရွာစဉ်ကို လူနာများကုန်စင်အောင် ဆေးကုပြီးမှသာ စီခန်းကြီးရွာသို့ ရောက်ရှိလေ့ရှိသည်။

မန်သာ၊ သံတံတာ၊ စီကော်(၃)ရွာမှ စီခန်းကြီးရွာ။ လူနာများပြားနေလျှင် တစ်ရွာမှာ တစ်ပတ်လောက်ကြာချင်လည်းကြာမည်။ မိသားစုရှိတာက ဗန်းမော်တွင် ဖြစ်သဖြင့် ဗန်းမော်မှာလည်း ကြာတတ်သည်။ ပုံသေခန့်မှန်းပြီး မျှော်လင့်၍မရတတ်ပေ။ ရွာစဉ်ကုန်ပြီး နောက်ဆုံးအခြေပြုရာအရပ်ကတော့ စီခန်းကြီးရွာ။

စီခန်းကြီးရွာမှ ဒေါ်အေးရှင်၏ ဘယ်ဘက်ခြေဖမိုးတွင် ခိုက်မိရာမှ အနာတစ်ခုဖြစ်လာခဲ့သည်။ အနာကိုရောဂါပိုး ဝင်ပြီး တစ်နေ့တခြား ဆိုးရွားလာနေသည်။ ယနေ့တော့ အနာကကိုက်ခဲပြီး အိမ်ပေါ်မှ အိမ်အောက်ကိုပင် မဆင်းနိုင်တော့ပေ။ ဆရာချိုကိုသာ ဆေးကုဖို့ မျှော်လင့်နေမိသည်။

"အမေရှင် အမေရှင်"

ဟု အော် ခေါ်သံကြားရသဖြင့်-

"ဟဲ့-ဘယ်သူလဲ။ အိမ်ပေါ်ကိုသာ တက်ခဲ့တော့ကွယ်"

ရွာထဲတွင်နေသော မိန်းကလေး ခင်ကြိုင်ဖြစ်နေသည်။ ခင်ကြိုင်နောက်မှာက မျက်နှာစိမ်းယောကျ်ားတစ်ယောက်။ ဆံပင်နီကြောင်ကြောင်ဖုတ်သိုက်၊ စပို့ရှပ်အနီရောင်ခပ်နွမ်းနွမ်းနှင့် အသက်က (၅၀) ကျော်ခန့်။

"အမေရှင့်ခြေထောက်ကအနာကို ဒီဆရာက ကုနိုင်တယ်ဆိုလို့ ကျွန်မခေါ်လာတာပါ။ ဆရာချိုက ဘယ်တော့ရောက်မလဲ မသေချာဘူးလေ"

"အေးအေး - ခင်ကြိုင်ရေ။ ကျေးဇူးတင်ပါတယ်။ ဘယ်သူကုကုပါ၊ ရောဂါပျောက်ဖို့ကသာ အဓိကလေ။ ဒီကနေ့ဆို အိမ်အောက်တောင်မဆင်းနိုင်တော့ဘူး"

ပြောသာပြောရသည်။ ဆေးကုမည့်ဆရာ၏ လက်ထဲတွင် ဘာမှမပါ။ လက်ဗလာမို့ အားရှိစရာတော့ သိပ်မကောင်းလှပေ။

"အစ်မစိတ်ချနေလိုက်ပါ။ အစ်မ ခြေထောက်ကအနာပျောက် ပျောက်စေရမယ်၊ ကျွန်တော် အာမခံပါတယ်။ ဘာမှအားမငယ်ပါနဲ့။ မယုံသင်္ကာလည်းရှိမနေနဲ့"

ဒေါ်အေးရှင်စိတ်ထဲက သံသယကို ဆေးဆရာသိနေဖြင့် အားတုံ့အားနာပင် ဖြစ်သွားမိသည်။

"အစ်မ ရှောက်သီးရှိရင် ရှောက်သီးရချင်တယ်။ လှီးဖို့ဓားလည်းပေးပါ"

မီးဖိုချောင်တွင် အဆင်သင့်ရှိနေသော ရှောက်သီးခြမ်းကို ပေးလိုက်သည်။ ဆရာသည် ကိုးပိုင်းရအောင်စိတ်ပိုင်းလိုက်သည်။ ထို့နောက် ရှောက်သီးပိုင်းတစ်ခုချင်းယူပြီး ဒေါ်အေးရှင်၏ခြေဖမိုးမှ အနာပေါ်ကို ဖွဖွလေးပွတ်ပေးသည်။ တစ်ချိန်တည်းမှာပင် ဆရာ၏ နှုတ်မှ တစ်စုံတစ်ရာကို ရွတ်ဖတ်နေလေသည်။ မကြာမီ ရှောက်သီးစိတ်အားလုံး ကုန်သွားလျှင် သူ၏ဆေးကုသခြင်းလည်း ဆုံးခန်းတိုင်တော့သည်။

"စိတ်ချနေလိုက်တော့။ အစ်မရောဂါ ပျောက်ပြီ"

ဆေးဆရာအပြောနှင့်ပင် ဒေါ်အေးရှင် အားရှိနေပြီ။ ကိုက်ခဲနေတာတွေယူပစ်လိုက်သလို ချက်ချင်းသက်သာသွားတာတော့ အမှန်ပင်။ ဆေးကုသပြီးလျှင် အခကြေးငွေပေး၍လည်း မယူ။ အဝတ်အစား၊ အင်္ကျီ၊ လုံချည်ပေးတာလည်း လက်မခံနှင့်။ ဒေါ်အေးရှင် အကျပ်တွေ့နေသည်။

"ဘာပေးပေးလဲမယူဘူး၊ ပိုက်ဆံပေးလည်းငြင်းနဲ့ ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်က ဒုက္ခရောက်နေတဲ့ ခုနစ်ရက်သားသမီးတွေကို ကယ်တင်ကူညီတာပါ။ ဒါ ကျွန်တော့်အလုပ်ပါပဲ"

ဒေါ်အေးရှင်စိတ်မရှည်ချင်တော့ပေ။

"လူတွေဘယ်လောက်များများကူညီပြီးပြီလဲ။ ဘယ်လောက်ကြာအောင် ကူညီနေမှာလဲ"

ဆေးဆရာက မည်သို့မျှ မတုံ့ပြန်တော့။ရယ်ကျဲကျဲနှင့်ပြန်ကြည့်နေသည်။

"ဆရာ၊ ထမင်းမစားရသေးဘူး မဟုတ်လား။ နံနက်စာစားသွားပါ"

ထိုအခါ ဆေးဆရာသည် နေကို မော့ကြည့်သည်။ မွန်းတည့်ပြီလော သိချင်၍မှန်း ဒေါ်အေးရှင် သဘောပေါက်လိုက်သည်။ လက်စသတ်တော့ သူ ဥပုသ်စောင့်ထားတာကိုး။

နံနက်စာကို ဆေးဆရာအတွက် ချက်ပြီးသား ထမင်းဟင်းနှင့် အလျင်အမြန်စီစဉ်ရတော့သည်။ အသင့်ရှိနေသော ဆိတ်သားခြောက်ဟင်းကို ဆေးဆရာက မစားပြန်ပေ။ သက်သတ်လွတ်မှီဝဲနေသောပုဂ္ဂိုလ်ဖြစ်နေပြန်သည်။ ယခုမှတော့ ဆရာ့အတွက် ထွေထွေထူးထူး စီစဉ်ရန် အချိန်မပေးနိုင်တော့ပေ။ ချက်ပြီးသားထမင်းဟင်းသာဖြစ်နိုင်တော့လေသည်။

ဘူးရွက်ဟင်းချိုကို ရှိသမျှအကုန်ချပေးလိုက်သည်။ ဘူးရွက်ဟင်းချိုနှင့် ငရုတ်သီးထောင်းကို ထမင်းနှင့်မြိန်ရေရှက်ရေအဝစားသွားသည်ကို ဒေါ်အေးရှင် ကြည့်နေလိုက်သည်။ နံနက်စာချက်ထားသည့် ထမင်းလည်းကုန်ပြီ။ ဆရာလည်းဝပြီ။ အိမ်မှာစားဖို့မကျန်တော့၍ ထမင်းပြန်ချက်ရဦးမည်။

ဒေါ်အေးရှင်က -

"နောင်ကိုလည်းကြုံရင် ထမင်း ဝင်စားပါ။ ဆရာ့အတွက်တံခါးဖွင့်ထား



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အခုဘယ်ကိုပြန်မှာလဲဆရာ"

"စီကော်ရွာဘက်ပြန်မယ်"

စီကော်ရွာသည် စီခန်းကြီးနှင့်နှစ်မိုင်လောက်သာဝေးသော ရွာငယ်လေးဖြစ်သည်။ နှစ်ရွာတစ်ရွာလိုနေကြသဖြင့် အားလုံးကို ဒေါ်အေးရှင် သိသည်။ ဤဆရာသည် စီကော်ရွာသားလုံးဝမဟုတ်။ နိုင်းရာကျလေမလားစိုးရိမ်၍ ထပ်မေးမနေတော့ပေ။

နောက်တစ်နေ့မှစတင်၍ ဒေါ်အေးရှင်၏အနာမှာ သက်သာပျောက်ကင်းသွားသည်။ ဆေးဆရာလည်း လုံးဝပေါ်မလာတော့ပေ။

ထို့နောက် တစ်လခန့်အကြာတွင် -

စီကော်ရွာထဲ၌ နံနက်စောစောစီးစီး ရွာသူရွာသားတွေ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ဘုန်းကြီးကျောင်းအနီးဇရပ်ပေါ်တွင် ရောက်ရှိတည်းခိုနေသူဆေးဆရာ ဝမ်းလျှောပြီး သေဆုံးနေလေသည်။ တစ်ရွာသား အာဂန္တုဆေးဆရာသည်။ ဤဇရပ်ကိုရောက်ရှိလာသည်မှာ နှစ်လလောက်ရှိပြီ။ လာခေါ်လျှင် လိုက်သွားပြီးလျှင် ဇရပ်မှာ ပြန်စတည်းချနေခြင်း ဖြစ်သည်။ ဘယ်အရပ်ဘယ်ဒေသလဲ ဘယ်သူမှ သေချာမသိကြ။ စီကော်ရွာသားများလည်း မနေသာ။ တစ်အိမ်တက်ဆင်း သဒ္ဓါကြေးကောက်ခံငွေစုပြီး ဆေးဆရာ၏နာရေးကို စီစဉ်ကြရသည်။

"သူများကိုသာ ဆေးကုတယ်။ ကိုယ့်ရောဂါကိုကျတော့ မကုနိုင်ဘဲကိုး"

"ဇာတိဆိုတဲ့ မွေးဖွားခြင်းရှိခဲ့ရင် မရဏဆိုတဲ့ သေဆုံးခြင်းနဲ့ အဆုံးသတ်ရပေါ့။ တို့ဘုရားတောင် ဒီလိုပဲ ရင်ဆိုင်ရတာ။ ဆေးဆရာလည်း နေ့စေ့ကံကုန်သေရတာလေ"

"မမှားတဲ့ရှေ့နေ၊ မသေတဲ့ ဆေးသမားမရှိဘူးတဲ့"

စီကော်ရွာသားများ တစ်ယောက်တစ်မျိုး ပြောမဆုံးအောင်ရှိနေကြလေသည်။

"ကုသိုလ်ရပါတယ် သမီးရယ်၊ လှူဒါန်းတယ်လို့ အောက်မေ့လိုက်ပေါ့။ တို့ဆုံးရသေးတဲ့ စောင်အသစ်ကိုပဲ ပေးလိုက်ကွယ့်"

သေသူအတွက်သုံးရန် စောင်တစ်ထည်လောက်ပေးပါလို့ ရွာသားတစ်ယောက် လာတောင်းနေသဖြင့် ဒေါ်အောင်ခန်းက ပြောနေခြင်း ဖြစ်သည်။ ဤသို့ဖြင့် ကန်တော့ပွဲပြင်ဆင်၊ ဘုန်းကြီးပင့် သရဏဂုံတင်ပြီး စီကော်ရွာသုသာန်၌ နေချင်းပြီးသင်္ဂြိုဟ်ဖြစ်သွားပါသည်။

ထို့နောက် (၁၀) ရက်ခန့်အကြာတွင် -

စီကော်ရွာသို့ ခရီးသွားဧည့်သည်တစ်ဦးမှ ဒေါ်အောင်ခန်းအိမ်ဘယ်မှာလဲမေးရင်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး အထုပ်တစ်ထုပ်ကို ပေးလေသည်။

ဘယ်ကပို့သလဲ၊ ဘယ်သူပို့ခိုင်းသလဲမေးရာ စင်းခန်းရွာက လူတစ်ယောက်က အကြံပါးပါးရစေတောင်းပန်သဖြင့် အားနာ၍ ယူခဲ့ရကြောင်းသာ ပြောနိုင်သည်။ အမည်ကိုတော့မပြောပြနိုင်ပေ။ ပစ္စည်းပေးပို့သူ၏ ပုံသဏ္ဌာန်ကို မေးမြန်းကြည့်ရာ သေဆုံးသူ ဆေးဆရာ၏ ပုံစံပင် ဖြစ်နေသည်။ (စင်းခန်းရွာသည် ဗန်းမော်မြို့အနီး ဧရာဝတီမြစ်ကမ်းရှိ ရွာတစ်ရွာဖြစ်ပြီး ရွာအနီးတွင် ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ပြီး ဖြစ်သည်။)

ပေးပို့လိုက်သောအထုပ်ကို ဖြေကြည့်လိုက်သောအခါ သေသူအတွက် အသုံးပြုရန် ဒေါ်အောင်ခန်း လှူလိုက်သည် ဆိုသော စောင်အသစ်စက်စက်ကို ခေါက်ရိုးမပျက် (ပေးလိုက်စဉ်ကအတိုင်း) ပြန်တွေ့ရလေသည်။ စင်စစ်ဝမ်းလျှောရောဂါဖြစ်၍ ပေကျံညစ်ပေနေသော သေသူ ဆေးဆရာအလောင်းကို ဤစောင်ဖြင့်ပတ်၍သင်္ဂြိုဟ်ခဲ့ခြင်းဖြစ်တော့သည်။ အဖြစ်အပျက်ကား ပြောမယုံနိုင်အောင် ဆန်းကြယ်ပေစွ။

ထိုအခါမှ စီကော်ရွာသားများလည်း မိမိတို့ရွာသို့ အလိုအလျောက်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသူပုဂ္ဂိုလ်ထူးကို မသိလိုက်လေခြင်းဟု ယူကျုံးမရ တသတသရှိကြသည်။

ထိုနောက်ပိုင်းတွင် အိမ်တစ်အိမ်၌လူတစ်ဦးမကျန်းမာခဲ့လျှင် ဒေါ်အောင်ခန်းအိမ်မှ စောင်ထုပ်ကိုသွားငှားရသည်။ မကျန်းမာသူ၏ အိမ်ဦးခန်းတွင် စောင်ထုပ်ကိုထားပြီး ဆေးဆရာပုဂ္ဂိုလ်ထူးကို တိုင်တည်ဆုတောင်းလျှင် မကျန်းမာသူသည် ကောင်းစွာ ပျောက်ကင်းကျန်းမာသွားလေ့ရှိတတ်သည်ဟု ပြောကြလေသည်။

(စာကြွင်း ။ ။ စာရေးသူ၏ ယောက္ခမကြီး ဒေါ်ဖွားသောင် ပြောပြသောဖြစ်ရပ်ကို ခံစားရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)

အောင်ဆန်းလင်း

# ဝမ်းလျှော ချက်ချင်းရပ်ဆေးနည်း

အစားမှားခြင်းကြောင့် လည်းကောင်း၊ မသန့်သောရေကို သောက်သုံးမိလျှင် လည်းကောင်း၊ ယင်နားစာများ စားမိမှားလျှင် လည်းကောင်း၊ ရက်လွန်ရက်ကျော်, မှိုတက်, ပိုးတက်အစားများ စားမိလျှင် လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့် လည်းကောင်း၊ ဝမ်းလျှော၊ ဝမ်းလွန်ခြင်း ဖြစ်တတ်ပါသည်။

ဝမ်းလျှော၊ ဝမ်းသွားလွန်းလျှင် ချက်ချင်းအမြန်ဆေးသောက်ကုသသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝမ်းလျှောလွန်းလျှင် ခန္ဓာကိုယ်အတွက် လိုအပ်သော ဆားဓာတ်၊ သကြားဓာတ်များ ယုတ်လျော့သွားပြီး သွေးပေါင်ကျသွားမည်။ မျက်တွင်းခွက်သွားမည်။ အကြောများလျော့ရဲပြီး ကြွက်တက်ရောဂါပါဖြစ်လာမည်။ အလွန်အင်အားကုန်ခန်းသောအခါ မေ့မြောသွားသည်အထိ ဖြစ်တတ်ပြီး အသက်အန္တရာယ်ပါ စိုးရိမ်ရပါသည်။

သို့အတွက် ဝမ်းလျှော၊ ဝမ်းလွန်လျှင် အောက်ပါဆေးနည်းတို့ကို အမြန်ဆုံး ပြုလုပ်သောက်သုံးပါ။

လက်ဖက်ခြောက်လက်တစ်ဆုပ်ခန့်ကို မှုန့်အောင်ထောင်းပြီး မတ်ခွက်ထဲထည့်ပါ။ ထို့နောက် ရေနွေးပူပူကို အပေါ်မှ မတ်ခွက်တစ်ဝက်ခန့်ထိ လောင်းထည့်ပြီးမွှေပေးပါ။ နှစ်မိနစ်ခန့်မွှေပြီးလျှင် ထိုအရည်ကို စစ်ယူပါ။ ထို့နောက် ကွမ်းစားရှားစေးခဲ မန်းကျည်းစေ့ခန့်ကျိတ်ပြီး ထည့်မွှေပါ။ ပြီးလျှင် သကြားလက်ဖက်စားနှစ်ဇွန်း၊ ဆားမန်ကျည်းစေ့ခန့် ထည့်ပြီး ရောမွှေကာ သောက်ပေးလိုက်ပါ။ နာရီကြည့်ထားပါ။ ဆယ့်ငါးမိနစ်အတွင်း ဝမ်းမသွားတော့လျှင် ထပ်မံ သောက်ရန် မလိုတော့ပါ။ ဆေးတစ်ခွက်နှင့် ပြီးပါသည်။ လိုအပ်လျှင် သုံးခွက်အထိ ပြုလုပ်သောက်ပါ။ ဝမ်းရပ်လျှင် မသောက်ပါနှင့်။ ဝမ်းချုပ်လွန်းသွားတတ်ပါသည်။ အားပြန်ပြည့်စေရန် ကြက်ဥကို ထောပတ်နှင့် ကြော်စားပေးနိုင်ပါသည်။

*ကျန်းမာကြပါစေ*

နဝတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

တဂျောက်ဂျောက်နှင့် အဆက်မပြတ်ထွက်ပေါ်နေသော အပ်ချုပ်စက်အသံများက အခန်းတွင်း ပြန့်လွင့်လျက်ရှိနေပါ၏။

အပ်ချုပ်စက်က ဆယ်လုံးတောင်ဆိုလေတော့ တစ်လုံးရပ်သွားလျှင်တောင် ကျန်အလုံးများကမြည်နေလေရာ အသံက ပြတ်သည် ဟူ၍ မရှိ။ ထို့အတူ အဆက်မပြတ်မြည်နေသော အပ်ချုပ်စက်၏အသံနှင့်အပြိုင် စက်ချုပ်သမတို့အသံကလည်း မိုးလင်းလာကတည်းက ညနေအိမ်ပြန်ချိန်ရောက်သည့်တိုင် မနေ့ကလက်ကျန်စကားကိုသော်လည်းကောင်း၊ တစ်ညတာခွဲလိုက်ရတဲ့ အချိန်တိုလေးအတွင်း တွေ့ကြုံခဲ့ကြရသော အကြောင်းအရာများကိုသော် လည်းကောင်း တစ်ယောက်မဟုတ်တစ်ယောက်က ပြောဆိုနေကြမြဲ ဖြစ်သည်။

ဆရာသမား ညွှပ်ပေးထားသော အင်္ကျီစများ၊ ဘောင်းဘီစများကို အချိန်မီပြီးအောင် ချုပ်ကြရင်း စက်ပေါ်ကနေ ပြောနေကြခြင်း ဖြစ်လေသည်။

ကျွန်မတို့တစ်တွေသည် အလုပ်ရုံကို အိမ်လုပ်ကာနေကြရသူတွေမို့ တစ်နေ့တစ်နေ့ ဒီလူတွေနှင့်ပဲ စကားပြောစရာရှိလေတော့ တစ်ယောက်ပြောတာကို အားလုံးက နားထောင်ကြရင်း အချိန်ကုန်ကြရသည်။

အကြောင်းအရာ မထပ်ရလေအောင် တစ်ယောက်မဟုတ်တစ်ယောက်က ပြောစရာပါလာတတ်စမြဲပင်။ ဒီတစ်ယောက်ပြီးလျှင် နောက်တစ်ယောက်က ပြောရန်အဆင်သင့်ဖြစ်နေတတ်သည်။

သို့သော်လည်း ထိုသို့အကြောင်းစုံပြောကြသူတို့တွေထဲတွင် ကျွန်မ မပါဝင်ပေ။ စကားဝင်မပြောပေမယ့် ဘယ်သူပြောပြော နားထောင်နေမိပါသည်။

အလုပ်စဆင်းကတည်းက ကျွန်မစက်ခုံက အနောက်မှာဖြစ်နေ၍ ပို၍ပြီးဟန်ကျသွားရလေသည်။ ကျွန်မတို့စက်သင်ပေးသောဆရာက အသစ်ဖွင့်ထားသော ကုမ္ပဏီတစ်ခုမှ ဝန်းထမ်းများအတွက် တူညီဝတ်စုံလာအပ်သည်မို့ သူတပည့်အားလုံးအား ပညာလည်းရ၊ အလုပ်လည်း အမြန်ပြီးစေရန် ခေါ်ခိုင်းခြင်း ဖြစ်သည်။

ရန်ကုန်မှ အပ်ထည်များများလက်ခံလာတိုင်း ကျွန်မတို့ဆရာက ထိုသို့ တပည့်အားလုံးအား ပညာလည်းပိုရအောင်ခေါ်၍ ကူညီခိုင်းရင်းဖြင့် လက်ရည်တက်အောင် စေတနာထားစောင့်ရှောက်မြဲ ဖြစ်ပါ၏။

ရက်တွေ ကြာလာတာနှင့် အမျှ အရင်က မရင်းနှီးသူတွေနဲ့ပါ ခင်မင်ရင်းနှီးလာကြပြီး အများက 'မတေမီ' လို့ နာမည်ပေး ကင်းပွန်းတပ်ရလောက်အောင် ကျွန်မ မပြောခြင်းကို ဝေဖန်ပြောဆိုလာခဲ့လေသည်။ ကျွန်မ ဘာမှ ပြန်မရှင်းပြဘဲ အပြုံးနှင့်သာနေလိုက်ပါသည်။

(တွံတေး)

# ငွေလသာ

## ရင်မွှင့်စကား



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြနေလို့လည်း သူတို့ယုံချင်မှ ယုံမှာမို့ မပြောဘဲနေခဲ့ခြင်း ဖြစ်ပါသည်။ သူတို့ပြောသမျှကိုတော့ နားစွင့်ထားလျက်ပါ။ ဒီနေ့လည်း ထုံးစံအတိုင်း အကြောင်းအရာတစ်ခုကို ရှေ့ဘက်အစွန်မှ တစ်ယောက်က ပြောပြနေပါ၏။ အားလုံး စက်ချုပ်မပျက် နားထောင်နေကြလေသည်။

အရင်လိုပဲ စက်ချုပ်ရင်း နားစွင့်နေရာမှ သူပြောနေသော အကြောင်းအရာကို ကျွန်မစိတ်ဝင်တစားဖြစ်သွားတာ။ စက်ကိုနင်းနေရာမှ ရပ်လိုက်သည်ထိ ဖြစ်သွားရပြီး မျက်လုံးအကြည့်တပါ သူ့ဆီရောက်သွားရ၏။

"အဲဒီထင်းခွေသွားကြတဲ့ ငါး ယောက်ထဲမှာ ယောကျာ်းလေးက နှစ်ယောက်ပဲ ပါတယ်။ ငါ့အဖေရယ်၊ ငါ့ဦးလေးရယ်။ သူတို့ ထင်းခွေပြီးနားရင်းနဲ့ ထမင်းစားကြတယ်။ စားပြီး အရိပ်ကောင်းတဲ့သစ်ပင်အောက်တွေမှာ ခဏမှေးကြတယ်တဲ့။ အမေပြောပြီဆိုတော့မှ ပြန်မယ်လည်းလုပ်ရော ဘယ်လမ်းက ပြန်ရမှန်းမသိကြတော့ဘဲ အူကြောင်ကြောင်ဖြစ်နေကြရင်း ရှေ့ကတွေ့နေတဲ့လမ်းကပဲ ပြန်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်"

သူ့စကားကို ခေတ္တရပ်နားလိုက်သည့်တိုင် အခန်းထဲမှာ အပ်ကျသံကြားရအောင် တိတ်ဆိတ်ငြိမ်သက်လို့နေလေသည်။ စက်သံမှအပ အားလုံးငြိမ်သက်နေပုံက အမြင့်ဆုံးဇာတ်ရှိန်ကို ရောက်နေပြီမို့ ဘာဖြစ်မှာလဲ၊ ဘာဆက်ဖြစ်မလဲ သိချင်နေကြသဖြင့် နောက်ထပ်ကြားရမည့်အကြောင်းကိုသာ နားစွင့်နေကြဟန်တူသည်။

ကျွန်မလည်း ထိုသို့သာ။ သူမပြောသေးဘဲ ရပ်နေတာကိုပင် ကြာလိုက်တာဟု စိတ်ထဲကပြောနေမိ၏။

"အားလုံးရဲ့ဆုံးဖြတ်ချက်နဲ့ အဲဒီလမ်းကနေ ပြန်လာလိုက်ကြတာ အိမ်ပြန်တဲ့လမ်းကို ဘယ်လိုမှ မတွေ့ရဘဲ တဖြည်းဖြည်း ညနေစောင်းလာတော့တယ်။ သူတို့သွားတာ ညောင်တံခါးဟိုဘက် တောထဲကိုနော်။ ဒါပေမယ့် အခုရောက်နေတာ ဘယ်နားမှန်းကိုမသိကြတာ။ အဲဒီမှာပဲ အဖေတို့အဖွဲ့ထဲက ဒေါ်မမြစိန်က ဖျတ်ခနဲသတိရပြီး ဘုရားစာတွေရွတ်၊ မြတ်စွာဘုရားကို လျှောက်ထား၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို တိုင်တည်လိုက်တာ မကြာခင်မှာပဲ အဖေတို့နဲ့သိတဲ့ ဦးလေးတစ်ယောက်နဲ့ သွားတွေ့ရော။ အဲဒီဦးလေးက ဒီအချိန်ကြီး ဘယ်လိုဖြစ်ပြီး ဒီနားကို ရောက်နေရတာလဲလို့မေးတော့ သူတို့က ဖြစ်သမျှပြောပြလိုက်တယ်ဆို အဲဒီဦးလေးခေါ် လာတဲ့လမ်းကနေ ပြန်လိုက်ခဲ့ကြမှ အိမ်ပြန်ရောက်လာတော့တယ်"

သူက မောသွားသည့်အလား သက်ပြင်းချပြီး ပြန်ဆက်ပြောပြန်သည်။

"အိမ်ပြန်ရောက်တော့ ည (၈) နာရီရှိနေပြီ။ သူတို့တွေရောက်သွားတဲ့ နေရာက ဘယ်နေရာမှတ်လဲ။ ကွမ်းခြံကုန်းနားကိုတောင်ရောက်တော့မှာတဲ့။ မဆယ်ဆိတ်တို့၊ ထီဖာတို့သွားတဲ့လမ်းကို ရောက်နေတာတဲ့။ နင်တို့စဉ်းစားကြည့်စမ်း။ အဲဒီလမ်းတွေက ငါတို့အဖေတွေ ထင်းခွေနေကျ၊ သစ်မွှေးရှာနေကျနေရာတွေနော်။ ဒါတောင် အဲ့သလိုအဖြစ်မျိုးနဲ့ကြုံရတယ်။ ကောမှူးနောက်က အရှိုးတောင်တို့၊ မီးသွေးကျင်းတို့တောင် ကျော်သွားပြီ သိလား"

စကားကို ခဏရပ်လိုက်ပြီးမှ နားထောင်နေတဲ့သူတွေ စိတ်ဝင်စားမှန်းသိ၍ သူက ဆက်ပြောပြန်သည်။

"အဖေပြောတာ အဲ့ဒါ တောမှောက်တာတဲ့။ ထမင်းစားကြတုန်းကပဲ တောမမြှောက်မိလို့လား၊ ငါ့ဦးလေး အပေါ့သွားတုန်းက ဆိုင်ရာပိုင်ရာကို မတောင်းပန်မိလို့လားမသိပါဘူး။ အဖေဆို အဲဒီကတည်းက အဲဒီဘက်ကို ထင်းသွားမခွေတော့တာ"

သူက သူ့စကားကို အဆုံးသတ်လိုက်သည်။ အားလုံးအတွေးထဲမှာ ဘာတွေတွေးနေမည်ဆိုတာကို မသိသော်လည်း ကျွန်မအတွေးထဲမှာတော့ ထိုအကြောင်းအရာများနှင့် စပ်လျဉ်း၍ ကျွန်မတွေ့ကြုံခဲ့ရသော အကြောင်းအရာများဆီသို့ ရောက်သွားခဲ့ရလေသည်။

အဲဒီတုန်းက ကျွန်မအသက်က (၁၃) နှစ်သာရှိပါသေးသည်။ အတိအကျပြောရလျှင် လွန်ခဲ့သော (၁၅) နှစ်က ဖြစ်ပါ၏။

◆

ကျွန်မသည် တွံတေးသူ ဖြစ်ပါသည်။ တွံတေး ကျွန်းတောရပ်ကွက်တွင် နေထိုင်သူ ဖြစ်သည်။

ကျွန်မတို့ငယ်စဉ်က မိဘများမှာ ချို့တဲ့ကြလေတော့ ကျွန်မတို့မောင်နှမ သုံးယောက်သည် ကျောင်းပိတ်ရက်များတွင် မိဘများအား တစ်ဖက်တစ်လမ်းက ကူညီလိုသည့်အနေနှင့် ကြုံရာအလုပ်ကို လုပ်ကိုင်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိတ်ရက်တွေမှာ တခြားကလေးတွေ ဆော့ကစားနိုင်ကြပေမယ့် ကျွန်မတို့မောင်နှမသုံးယောက်ကတော့ အိပ်မက်ပင်မက်ခွင့်မရကြပါ။ သို့သော် ဝမ်းနည်းကြေကွဲမနေကြဘဲ ကိုယ့်လုပ်အားခနှင့်မိဘများပြေလည်သွားတာကို ကြည့်ပြီး ပီတိတောင်ဖြစ်နေကြပါသေးသည်။

အဲ့သလို မိဘကို အကူအညီပေးနေသူကိုမှ အနှောင့်အယှက်ပေးမည့်သူက ပေါ်လာလိုက်ပါသေးသည်။ ဒါလည်း အတိတ်ဝဋ်ကြွေးဟု ဆိုရပါမည်။ ဒီလိုတွေးမိချိန်ဟာ အသက်လေးရလာပြီ။ ဆရာတော်သံဃာတော်များ ဟောကြားသော တရားတော်များအား နာကြားလာရပြီး မှတ်သား နာယူမိလေမှ အသိတရားရလာခဲ့ခြင်း ဖြစ်ပါသည်။ ကြုံလိုက်စဉ်က... အရွယ်မရောက်ခင်ကပါ ရင်ထဲမှာ တွေးနေမိသည်က ငါ့ကို လုပ်ရက်လိုက်တာ၊ ကြံစည်ရက်လိုက်တာဟု ဝမ်းနည်းကြေကွဲလို့ မဆုံးနိုင်။

အဲဒီအချိန်ကတည်းက ကျွန်မ စကားပြောနည်းသွားရပြီး လူတွေကို အယုံအကြည်မရှိတော့တာ ဖြစ်၏။

အကြောင်းရင်းကတော့ -

ဒီဇင်ဘာလ ကျောင်းပိတ်ရက်မှာ ဖြစ်သည်။

တွံတေးမြို့ပိုင် တွံတေးဝ တစ်ဖက်ကမ်း ရွှေလှေချောင်ဘုရားပွဲအတွင်း အသုပ်သွားရောင်းသော အိမ်နားမှ အဒေါ်ကြီးများနှင့် ကျွန်မလိုက်သွားခဲ့လေသည်။

ထိုအချိန်က တစ်နေ့လုပ်အားခ ပြား (၄၀) သာရသောအချိန် ဖြစ်သည်။ အလုပ်က ပန်းကန်ဆေး၊ အသုပ်ပန်းကန်တွေချပေးရန် ဖြစ်သည်။

ရွာဓလေ့ထုံးစံတိုင်း အနီးအနားရွာများမှ နွားလှည်းများဖြင့် ဘုရားပွဲလာကြလေ့ရှိသည်မို့၊ ထိုဘုရားပွဲပြီးမှ ပြန်ကြသည်မို့ စည်ကားလိုက်သည်မှ ဈေးသည်တွေ ရောင်းကောင်းကြသည့်အဖြစ်။

ဘုရားပွဲတွင် ဟသ်ာတထွန်းရင် ဇာတ်ပွဲနှင့်အတူ အခြားပျော်ပွဲရွှင်ပွဲများပါ ပါရှိလေတော့ တစ်နှစ်မှတစ်ကြိမ်ကျင်းပသောပွဲပေမို့ ရွာသူရွာသားများ အားပါးတရ ပျော်ပွဲဆင်သည့်ပွဲလည်း ဖြစ်ပါ၏။

သို့ပါသော်လည်း ထိုပွဲခင်းတွေဘက်သို့ ကျွန်မယောင်လို့တောင်လှည့်မကြည့်ဖြစ်ပါ။ ပွဲခင်းဘက်လှည့်ကြည့်ဖို့မပြောနှင့် အိပ်ချိန်ကိုတောင် မနည်းလုနေရပါ၏။

ပိုက်ဆံလိုချင်၍သာလိုက်ခဲ့မိခြင်းပါ။ ကလေးနှင့်မလိုက်အောင် ခိုင်းလွန်းသော အသုပ်သည်အဒေါ်ကြီး၏ သမီးကြောင့် ပြန်ချင်စိတ်ကို မနည်းမျိုသိပ်ထားရပါ၏။ ပွဲတော်ပြီးလို့ အိမ်ပြန်လျှင် ပိုက်ဆံရမည်။ ပိုက်ဆံရက အမေ့လက်ထဲထည့်ပေးလိုက်လို့ အမေပျော်သွားမှာကိုတွေးပြီးမြင်ယောင်ရင်း ပင်ပန်းတာတွေကို မေ့ထားခဲ့ရသည့်အဖြစ်ပါ။

ဈေးရောင်းရက် နှစ်ရက်ရလာတဲ့နေ့မှာတော့ အသုပ်သည်အဒေါ်ကြီး၏ သမီးက ကျွန်မကို လက်စွမ်းပြပါတော့သည်။ သူနိုးနေကျအတိုင်း မနက် (၅) နာရီမှာ ကျွန်မကိုနိုးပြီး -

"ဟဲ့-ထထ၊ မျက်နှာသစ်။ ဒီမှာရေခပ်ရတာမလွယ်လို့ ဟိုနားကအိမ်မှာ သွားသစ်ချည်။ ဟိုမှာတွေ့လား၊ တဲလေးတစ်လုံး။ အဲ့ဒီတဲနောက်မှာ ရေတိုင်ကီရှိတယ်။ အဲဒီမှာသွားသစ်။ သနပ်ခါးတုံးပါယူသွား။ သွားလေ၊ ဘာငေးနေတာလဲ။ ငါထုထည့်လိုက်ဦးမယ်"

အိပ်မှုန်စုံမွှားနဲ့ သူပြတဲ့ဆီကို ကျွန်မလှမ်းကြည့်လိုက်မိပါတယ်။ ကျွန်မတို့ဆိုင်အနောက်ဘက် လယ်ကွင်းနှစ်ခုကြားမှာတွေ့ရတဲ့တဲလေးကို ငေးနေမိခြင်းပါ။ ဘေးမှာ ဘာတဲမှမတွေ့ရပေမယ့် ကျွန်မကြောက်စိတ်မဝင်မိ။ တဲရှင်တွေများ အော်လွှတ်မလားဆိုတာဘဲ တွေးနေမိခြင်း ဖြစ်သည်။

ထိုသို့တွေးနေဆဲ သူထပ်အော်ပြီး လက်ရွယ်လိုက်မှ စက်သွေးသနပ်ခါးတုံးလေးကိုကောက်ကိုင်ကာ ထွက်လာခဲ့လိုက်လေသည်။

လယ်ကွင်းနှစ်ခုကို ကျော်ရတာဆိုတော့ ဝေးတော့ဝေးသား။ ဒါပေမယ့် မဝေးဘူးလို့ဘဲပြောရမှာပင်။ သူ့နားကနေ ခဏလေးထွက်လာရတဲ့အချိန်၊ အဆူအပြောနဲ့လွတ်နေချိန်မို့ စိတ်သက်သာနေတာကြောင့် ဝေးသော်လည်း စိတ်ချမ်းသာနေရသည်။

တဲနားကိုရောက်တော့ တဲဘေးကနေ တဲအနောက်ကို လျှောက်လာခဲ့သည်။ ရေတိုင်ကီကို တွေ့ရပါ၏။ ရေလည်းအပြည့်ပါ။ ဒါကြောင့် မျက်နှာသစ်ပြီး ဂါဝန်အနားစလေးနှင့် မျက်နှာသုတ်လိုက်သည်။ ပြီး - ပါလာတဲ့စက်သွေးသနပ်ခါးကို လက်ထဲရေထည့်၍ သွေးပြီး မျက်နှာကို ပွတ်လိုက်ရင်း အိမ်ရှေ့သို့ လှမ်းကြည့်မိလေသည်။

အိမ်ရှေ့မှာ မီးခွက်အလင်းရောင်ကိုတွေ့ရပြီး စကားပြောသံတွေကြားနေရ၏။ စကားသံက တစ်သံတည်းမဟုတ်။ သုံး၊လေးယောက်ခန့်ရှိမည် ထင်သည်။ တစ်ချက်တစ်ချက် ကလေးငိုသံလည်း ကြားရသေးသည်။ ဒါပေမယ့် ဒါတွေကို ဂရုမပြုအား။ပြန်သွားလျှင် ခေါင်းခေါက်မခံရရေးအတွက် ဈေးဆိုင်ကို အမြန်ပြန်ခဲ့ရပါသည်။

နောက်နေ့လည်း ထိုသို့သွားခိုင်းပြန်သည်။ ပထမနေ့ အဆင်ပြေသဖြင့် နောက်နေ့ကို ကျွန်မတွေးပူမနေတော့၊ သွားလိုက်တာပင်။ မနေ့ကလိုပဲ တဲရှင်တွေနိုးနေတာနှင့် ကြုံသော်လည်း ဘာမှ လာမပြောပါ။ ထူးဆန်းတာက ကလေးငိုသံကြားနေရခြင်း ဖြစ်သည်။ မနေ့ကလည်း ငိုသည်။ ဒီနေ့လည်း ငိုသည်။ ကလေးကို ဘာမှမလုပ်ပေးကြဘူးလားလို့ စိတ်ထဲမှာ လူကြီးတွေကို အပြစ်တင်နေမိ၏။

အပြစ်သာတင်နေမိတာပါ။ ကိုယ်လည်း ဘာမှမကူညီနိုင်တဲ့အပြင် ကိုယ်တောင် သူများခိုင်းတာလုပ်နေရတဲ့အဖြစ်။ ဒါ့ကြောင့် ဆူပူကြိမ်းမောင်းဘေးမှလွတ်အောင် အပြေးပြန်ခဲ့ရသည်သာ။

ဖြစ်ချင်တော့ ထိုနေ့က သူတို့သား အမိ တွံတေးဝဘက်ကူးကာ လိုတဲ့ပစ္စည်းတွေ သွားဝယ်လေသည်။ သူတို့မရှိတဲ့အချိန်ကျမှ ဘေးကအကြော်သည်ကြီးက ကျွန်မကို အနားခေါ်ပြီး မေးလေတော့သည်။

"သူတို့နဲ့ဘာတော်လဲ"

"ဘာမှမတော်ဘူး၊ ကျွန်မကို ပန်းကန်ဆေးဖို့ ခေါ်လာတာ"

"ထင်သားပဲ၊ ဒါကြောင့် စိတ်ကောင်းမထားတာ။ ကိုယ့်သွေးသားမှ မဟုတ်ဘဲ၊ ဘယ်စိတ်ကောင်းမွေးပါ့မလဲ။ နင်သွားနေတဲ့တဲကို နောက်နေ့ကစပြီး မသွားနဲ့တော့ ကြားလား"

"ဘာဖြစ်လို့လဲ ဒေါ်ကြီးရဲ့"

အဒေါ်ကြီးက တိုးတိုးတိတ်တိတ် ခေါ်ပြောပေမယ့် ကျွန်မ ဘာမှနားမ လည်၍ အော်မေးလိုက်လေသည်။

အဒေါ်ကြီးက ပြူတူးပြဲတဲနဲ့ ဘေးဘီကိုကြည့်ပြီး -

"အမလေး - လျှာရှည်လိုက်တာ လူကြီးကသိလို့ပြောနေလည်း မသွား ဆို မသွားနဲ့ပေါ့။ ဟိုကပြန်လာ ခါ တော့အတုတ်ခံရတော့မှာပဲ။ နောက်နေ့ ကျ ငါ့ရေအိုးမှာ မျက်နှာသစ်။ သွား



www.burmeseclassic.com

www.burmeseclassic.com

သွား သွားတော့"

သူက သွားတော့ဆိုပေမယ့် ကျွန်မ မသွားသေးတဲ့ သူ့အကြော်အိုးဆီ ငေးကြည့်နေရင်း အဒေါ်ကြီးနားသို့ ကပ်သွားလိုက်သည်။

"ကျွန်မပြန်မပြောပါဘူး အဒေါ်ကြီးရဲ့။ ပြောပြပါ ဘာဖြစ်လို့လဲ"

"ဟဲ့ - အဲဒီတဲက မိသားစုသုံးယောက်လုံး အစားမှားပြီး သေကုန်ကြတာ။ ဒီဘုရားပွဲမလုပ်ခင်လေးကမှဖြစ်တာ ဘာကြာသေးလို့လဲ။ တဲကို ဖျက်မယ်ဖျက်မယ်နဲ့ သူတို့အမျိုးတွေက လာမဖျက်သေးတာ။ အဲဒါကြောင့် နင့်ကိုခြောက်လှန့်လိုက်မှာစိုးလို့ မသွားနဲ့လို့ပြောတာ နားလည်လား"

အဒေါ်ကြီးက အကြော်တွေကို တုတ်ချွန်လေးနဲ့ ဟိုလှန်ဒီလှန်လုပ်လိုက်၊ ကျွန်မမျက်နှာကို လှမ်းကြည့်လိုက်နှင့် ပြောနေလေသည်။

သူပြောနေတာတွေကို ကျွန်မကြားပေမယ့် မျက်လုံးထဲမှာ မြင်နေတာက ဆီပူအိုးထဲက အကြော်များမဟုတ်သလို တဖျစ်ဖျစ်မြည်နေသော ဆူပွက်နေသည့် ဆီဆူသံများ မဟုတ်။

တွေ့ခဲ့ရသော မီးခွက်အလင်းရောင်နှင့် စကားပြောသံများ၊ ကလေးငိုသံများ။

ကျွန်မဂါဝန်အောက်နားစလေးကို လက်နှင့်လုံးခြေရင်း ရင်ထဲငိုချင်လာမိလေသည်။

ရင်ထဲမှာတလိမ့်လိမ့်တက်လာတဲ့ အလုံးကြီးက မျက်ရည်တွေအဖြစ်နှင့် ပြောင်းလဲပြီး မျက်လုံးအိမ်ကနေတစ်ဆင့် ပါးပြင်ပေါ်ကို လိမ့်ဆင်းလာခဲ့လေသည်။

ကျွန်မ အဲ့ဒီအတိုင်းလေးနှင့်ဖြည်းဖြည်းချင်းလျှောက်လာရင်း ဆိုင်ဘက်ကို ပြန်ကူးခဲ့လိုက်သည်။

မကြာလိုက်ပါ။ သူတို့သားအမိ ပြန်လာပြီး ကျွန်မငိုနေတာကိုကြည့်၍ အသုပ်သည် အဒေါ်ကြီးက စူးစမ်းတဲ့ အကြည့်နှင့်ကြည့်ပြီး မေးတော့သည်။

"အဲ့ဒါကဘာဖြစ်နေတာလဲ။ နင့်ကို ဘယ်သူဘာလုပ်လို့လဲ"

ကျွန်မ မျက်ရည်တွေကျလျက်ကပဲ သူတို့ကို မျက်နှာလွှဲလျက် -

"ဘယ်သူမှ ဘာမှမလုပ်ဘူး။ အိမ်ပြန်ချင်လို့"

"ဟဲ့ - ပွဲရက်မပြီးသေးတာ"

"မပြီးလည်းပြန်တော့မယ်။ မလုပ်ချင်တော့ဘူး"

ကျွန်မရဲ့ ခပ်မာမာစကားကြောင့် အသုပ်သည်အဒေါ်ကြီး မျက်မှောင်ကုတ်လျက် ဟိုဟိုဒီဒီဝေ့ကြည့်လိုက်ပြီး ထပ်မေးပြန်သည်။

"ငါတို့ဟိုဘက်ကမ်းကူးတုန်း ဘယ်သူနဲ့ရန်ဖြစ်လဲ"

"ဘယ်သူနဲ့မှမဖြစ်ဘူးလို့ အဒေါ်ကို ပြောနေသားပဲ။ မော်တော်ဆိပ်သာ လိုက်ပို့ပေး။ မပို့ရင် ကျွန်မဘာသာသွားမယ်"

အပြောနှင့်အလုပ် တစ်ထပ်တည်းကျစွာ ကျွန်မထရပ်လိုက်သည်။

အဒေါ်ကြီး မျက်လုံးပြူးသွားကာ သူ့သမီးကို လှည့်ကြည့်လိုက်သည်။

သူ့သမီးက မျက်နှာခပ်တည်တည်ဖြင့် -

"လိုက်ပို့လိုက် အမေရယ်။ သူ့လုပ်ခပါပေးလိုက်။ ဘယ့်နှယ်လဲ၊ အမေ ချီးမွမ်းတဲ့ဟာမလေးအကြောင်းကို တွေ့ပြီမှတ်လား။ အိမ်က ကိုယ့်သားသမီးတွေဆို အမေက သိပ်နှိမ်တာ။ အဲဒီကလေးတွေ သိပ်တော်တာပဲဆို ချီးမွမ်းပါဦးလား"

လို့ ပြောပြီး ဝယ်လာတဲ့ ပစ္စည်းတွေကို ဆိုင်နောက်မှာသွားထားလေတော့ အဒေါ်ကြီးက ကျွန်မလက်ကို ဆွဲပြီး မော်တော်ဆိပ်ကို လိုက်ပို့ပါ၏။ (၃) ရက်သောလုပ်ခကိုပါ ပေးလိုက်လေသည်။

သဘော်မောင်းတဲ့သူနှင့် သေချာစွာအပ်ထည့်ပေးလိုက်ပါသည်။ မှတ်မှတ်ရရ အဲဒီသဘော်နာမည်က အောင်ကြည်သောင်းဖြစ်လေသည်။ တံတားကို ရောက်တော့ မော်တော်လေးဆိပ်ရောက်တယ်ဆို ကျွန်းတောကို ပြန်တတ်ပြီမို့ ခြေကျင်လျှောက်၍ ပြန်လာခဲ့လိုက်သည်။

အိမ်ခြံထဲကို ဝင်လိုက်တာနှင့် အမေက ကျွန်မကို ကြောင်ပြီးကြည့်နေသော်လည်း အမေ့ရင်ခွင်ထဲ တိုးဝင်ကာ ကျွန်မ ရှိုက်ကြီးတငင် ငိုချလိုက်မိပါသည်။ အမေက တထိတ်တလန့်နှင့် ဘာဖြစ်လာတာလဲသမီးဆိုပြီး မေးတာကို မဖြေနိုင်ခဲ့ပါ။ ခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိပါ၏။

အမေ့စိတ်ထဲမှာ မိဘနှင့် မခွဲနိုင်လို့ဟု ထင်သွားဟန်ရှိပါသည်။ ကျွန်မကို ကျစ်နေအောင် ပြန်ဖက်ထားပြီး ခေါင်းလေးကိုပွတ်ပေးနေခဲ့ပါ၏။

အဲဒီနောက်ပိုင်း ကျွန်မဘယ်သူနှင့်မှ သိပ်ပြီးစကားမပြောတော့ဘဲ တစ်ယောက်တည်းသာနေတဲ့အခါ များလာခဲ့လေသည်။ ကျောင်းပြန်ဖွင့်တော့လည်း ကျောင်းပြန်မတက်ချင်တော့ချေ။ ဘယ်လိုမှ ကျောင်းပြန်ထားလို့မရတာကြောင့် ကျောင်းထွက်ခိုင်းလိုက်ကြသည်။

အမေတို့ ကျွန်မကို အမျိုးမျိုးဆေးကုပေးကြပါသည်။ ကျွန်မက ပိုထူးမလာခဲ့လေတော့ သူတို့လက်လျှော့လိုက်ကြပြီး အရိပ်အကဲကိုသာကြည့်နေကြပါလေ၏။

အပ်ချုပ်စက်ခြေနင်းကို မီလာတဲ့အချိန်မှာ ကျွန်မစက်ချုပ်သင်ချင်သည့်အကြောင်း အမေ့ကို ဖွင့်ပြောတော့ အမေက ကြည်ဖြူစွာ သင်ခွင့်ပေးလေသည်။

စက်ချုပ်ပညာတတ်သွားသည်နှင့် အမေ ခြိုးခြံချွေတာကာ ဝယ်ပေးရှာသော စက်လေးဖြင့် တစ်ဖက်တစ်လမ်းက အမေ့ကို ပြန်ကူညီနိုင်ခဲ့တော့သည်။

ယခုဆို မမကြီးက ဆေးရုံကြီးမှာ အပြာဝတ် နာ့(စ်)တစ်ယောက် ဖြစ်နေပြီး မောင်လေးက ရှေ့နေကြီးတစ်ယောက်ဖြစ်နေပြီ ဖြစ်ပါ၏။

ကျွန်မက စက်ချုပ်ရင်းဖြင့် ယောကျ်ားမရှိတော့သော အမေမုဆိုးမကြီးအား အေးချမ်းစွာ ဘုရားသွားကျောင်းတက်ထားနိုင်နေပြီမို့ ကျွန်မတို့ မောင်နှမသုံးယောက် ကျေနပ်၍မဆုံးနိုင်အောင် ဖြစ်နေကြရပါသည်။

ကျွန်မအတွေးက ဆုံးသွားပြီ ဖြစ်ပါ၏။ အတွေးအဆုံးမှာ ကျွန်မခံစားမှုတစ်ခုကို ရလိုက်သည်က ရင်ထဲပေါ့ပါးသွားသလိုပင်။ မပြုံးဖြစ်တာကြာပြီဖြစ်တဲ့ ကျွန်မနှုတ်ခမ်းလေးက အလိုလိုပြုံးမိသွားရလေသည်။

ဒါကြောင့် ကျွန်မရင်ထဲ အတွေးတစ်ခုဝင်လာခဲ့သည်။ တစ်ယောက်တည်း အရင်ကအကြောင်းကို အစအဆုံး ပြန်တွေးလိုက်တာတောင် ရင်ထဲပေါ့သွားရင် တစ်ယောက်ယောက်ကိုရင်ဖွင့်လိုက်ရသော် အဘယ်မျှ ပေါ့သွားလိုက်လေမလဲလို့ တွေးဖြစ်လိုက်၏။

ဒီတော့ စိတ်ကူးရလိုက်သည်က မမကြီးသူငယ်ချင်းတစ်ယောက် စာရေးဆရာမဖြစ်နေသည်ဟု တစ်ခါက ပြောသံကြားဖူးနေ၍ ညနေ အိမ်ပြန်လျှင် အိမ်ကိုတန်းမပြန်သေးဘဲ မမကြီးသူငယ်ချင်းရှိရာ မင်းပိုင်းကအိမ်ကိုသွား၍ ရင်ဖွင့်လိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိပါတော့သည်။

ငွေလသာ(တွံတေး)



www.burmeseclassic.com

www.burmeseclassic.com

၁၃၇၅ ခု၊ နှစ်ဆန်းတစ်ရက်နေ့က တူမဝမ်းကွဲတော်သူ ဇနီးမောင်နှံတို့ လာကန်တော့ကြသည်။ သူတို့ဇနီးမောင်နှံက နှစ်စဉ် နှစ်ဆန်းတိုင်း ကျွန်တော့်ကို လာကန်တော့ကြသည်။ သူတို့မှာ သား (၂) ယောက်နှင့် သမီး (၁) ယောက် ရှိသည်။ သားနှစ်ယောက်က (၁၀) တန်းအောင်ပြီး လုပ်ငန်းခွင်ဝင်နေကြသည်။ သမီးက (၁၀) တန်းအောင်ပြီး တက္ကသိုလ်ဆက်တက်နေကြသည်။ မချမ်းသာ

# ချောင်းဆုံအန်းသွင်

## ဖြစ်တာအသစ်၊ ဖြစ်တာအဟောင်း



သော်လည်း မရှိမရှား၊ ရှာရှာစားစားနေနိုင်ကြသည်။

တူမ၏ခင်ပွန်းက ရိုးသားသည်။ အပျော်အပါး၊ အသောက်အစားမရှိ။ အလုပ်က ကားပြင်စက်ရုံမှာလုပ်သည်။ လခမကောင်းလှ။ ဘာသာရေးအနေဖြင့် ညအိပ်ခါနီး ဘုရားရှိခိုးရုံသာ ရှိသည်။ ကလေးတွေကလည်း ရိုးသားကြသည်။ လော်လည်ခြင်း၊ ဟော့ရမ်းခြင်း မရှိကြ။

တူမကတော့ ဘုရား၊ တရားကို ပြောစမှတ်ဖြစ်အောင်လုပ်သည်။ ဘုရားကျောင်းဆောင်ရှေ့တွင် အနေများသည် ဟုပြောနိုင်သည်။ ပုတီးအလွန်စိပ်သည်။ ကြိုးကိုးကြီးခေတ်တွင် အများနည်းတူ သွားသည်။ နောက်အများမသွားကြတော့သော်လည်း သူတစ်ယောက်တည်း သွားသည်။

ကျွန်တော်က-

"သမီး၊ ကြိုးကိုးကြီးအမိဌာန်ဝင်တုန်းပဲလား"

ဟု မေးလိုက်ပါသည်။

တူမက ပြန်မဖြေ။

သူ့ခင်ပွန်းက -

"ဘဘရဲ့သမီးကို ပြောပါဦး။ ဘုရားတောင်ရှိမခိုးတော့ဘူး"

ဟု ပြောပါသည်။

ကျွန်တော်က ထိတ်လန့်အံ့သြစွာဖြင့် -

"ဟေ - ဘာဖြစ်လို့တုံး"

ဟု မေးလိုက်ပါသည်။

သူ့ခင်ပွန်းကပင် -

"ခုတစ်လော ဘာကြောင့်လဲမသိဘူး။ ကျွန်တော်တို့မိသားစုမှာ အဆင်မပြေတာတွေ ဆက်တိုက်ဖြစ်လာတယ်။ ကျွန်တော့်အလုပ်က မကောင်းတော့ အပိုဝင်ငွေမရတော့ဘူး။ အကြီးကောင်က သူ့အလုပ်မှာ မှားလို့လျော်ရတယ်။ လစာတစ်ဝက်အဖြတ်ခံရတယ်။ တစ်နှစ်ကြာမယ်။ အငယ်ကောင်ကလည်း သူ့အလုပ်က လူလျှော့တဲ့အထဲပါသွားလို့ အလုပ်ထပ်ရှာနေရတယ်။ ဒီတော့ ဘဘသမီးက သူဒါလောက်လုပ်နေရက်နဲ့ ဒီလိုဖြစ်ရမလားဆိုပြီး ဘာမှမလုပ်တော့ဘူး"

ဟု ဖြေပါသည်။

ကျွန်တော်က တူမကိုကြည့်ပြီး -

"ဒီကိစ္စနဲ့ပတ်သက်ပြီး အကြောင်းအရာနှစ်ခုကို ပြောပြမယ်။ တစ်ခုက အတိတ်အကြောင်း၊ တစ်ခုက ပစ္စုပ္ပန်အကြောင်း။ ပစ္စုပ္ပန်အကြောင်းကိုအရင်ပြောမယ်"

ဟု အစပျိုးပြီး -

"ငါငယ်စဉ်က တို့ဒေသမှာ အဘိုးတစ်ယောက်ရှိတယ်။ သူ့မှာ သားသမီး (၁၀) ယောက်ရှိတယ်။ သူ့မြေးအငယ်ဆုံးကဲ့ ငါနဲ့ကစားဖက်။ သူတို့က ခြံကြီးတစ်ခြံထဲမှာ အကုန်စုနေကြတော့ ရွာတစ်ရွာလိုပဲပေါ့။

ဒီအဘိုးဟာ လူပျိုဘဝကတည်းက ဝက်သင်းတဲ့အလုပ်ကို လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးကျွန်းဟာ (၆၄) ရွာ ရှိတယ်။ နောက်ရွာသစ်တွေနဲ့ဆိုရင် (၁၀၀) နီးပါး ပေါ့။ ဝက်မွေးတဲ့ရွာကလည်း နည်းတာ မဟုတ်တော့ သူက နေ့စဉ်သွားနေရ တယ်။ တစ်နေ့ကို ပျမ်းမျှ အသွားအပြန် မိုင် (၂၀) လောက် လျှောက်နေရတယ်။ ကျန်းမာရေးကောင်းတယ်။ တစ်နေ့မှ အသွားမပျက်ဘူး။

ဝက်သင်းတယ်ဆိုတာ သူတစ်ပါးကို နာကျင်အောင်လုပ်တာပဲ မဟုတ်လား။ သူတစ်ပါးကို နေ့စဉ် နာကျင်အောင် ညှဉ်းဆဲသူက ကျန်းမာရေးကောင်းတယ်။ ဘယ်လောက်ကောင်းသလဲဆိုရင် သူ့အသက် (၉၆) နှစ်မှာ သေတယ်။ ညနေ ဝက်သင်းရာက ပြန်လာပြီး ညသေတာပဲတဲ့။ ရောဂါလည်း မခံစားရဘူး။ မနက် ခါတိုင်းထချိန် မထလို့ သွားနှိုးတော့ တောင့်တောင့်နေပြီတဲ့။ ပြီးတော့ သူတစ်ပါးကို သားသမီး မရအောင်လုပ်သူက သားသမီး (၁၀) ယောက်ရတယ်။

အတိတ်ဇာတ်ကြောင်းကတော့ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်အခါက ကျောင်းတော်နဲ့ မလှမ်းမကမ်းမှာနေတဲ့ ဥပါသကာ ဒကာတစ်ဦးက ညစဉ် ဘုရားကျောင်းတော်ကို လာပြီး တရားနာတယ်။ ညပါအိပ်ပြီး မနက်မှ ထပြန်တယ်။ ပြန်တော့ ကျောင်းဝင်းအပြင်ဘက်လောက်မှာရှိတဲ့ ရေကန်မှာ အမြဲ မျက်နှာသစ်တယ်။

တစ်နေ့ မနက်မှာ သူခိုးတစ်ယောက်ဟာ နောက်ကလူတွေဝိုင်းလိုက်လို့ ခိုးထုပ်ခိုးထည်နဲ့ ပြေးလာပြီး မလွတ်နိုင်မှန်းသိတော့ ခိုးထုပ်ကို မျက်နှာသစ်နေတဲ့ ဥပါသကာနားချထားပြီး ဆက်ပြေးသွားတယ်။ ဥပါသကာက သူ့အာရုံနဲ့သူမို့ သတိမထားမိဘူး။ လူတွေရောက်လာတော့ သူ့ကို ခိုးထုပ်ခိုးထည်နဲ့မိတာပေါ့။ တိုတိုပြောရရင် ဝိုင်းရိုက်ကြလို့ သေရော။

ဒီအကြောင်းကို မနက်ဘက်မှာ သံဃာတွေကြားပြီး ပြောနေကြတယ်။ သူတော်ကောင်းပဲ၊ ဒီလိုမဖြစ်ရဘူး သေဖြင့် ဝေဖန်ကြတယ်ပေါ့။ မြတ်စွာဘုရားက အကြောင်းစုံ သိပြီးတော့ ဥပါသကာ ဒီလိုဖြစ်ရတဲ့အကြောင်းကို ဥပါသကာရဲ့အတိတ်အကြောင်းနဲ့ ဆက်စပ်ပြီး ဟောတော်မူတယ်။

လွန်ခဲ့တဲ့ ဘဝတစ်ခုမှာ ဒီဥပါသကာဟာ မြို့သူကြီးဖြစ်ခဲ့ဖူးတယ်။ မြို့တံခါးပိတ်ခါနီးမှ မြို့တွင်းကိုဝင်လာပြီး ခရီးဆက်မသွားနိုင်သူများဟာ ဒီမြို့တံခါးနားမှာပဲ စခန်းချအိပ်ကြရတယ်။ တစ်ညမှာ အလွန်ချောမောလှပတဲ့ အမျိုးသမီးနဲ့ ခင်ပွန်းတို့ဟာ အဲဒီမှာ စခန်းချ အိပ်ကြတယ်။ မြို့သူကြီးက အမျိုးသမီးကိုမြင်တော့ တပ်မက်စိတ်ဖြစ်ပြီး သူ့ငယ်သားများကို ဇနီးမောင်နှံ အိပ်ပျော်နေချိန်မှာ သူ့အိမ်က ရတနာထုပ် သွားချခိုင်းထားတယ်။ ပြီးတော့ မြို့သူကြီးအိမ်က ရတနာအခိုးခံရတယ် ဆိုပြီး ရှာတာပေါ့။ တွေ့တာပေါ့။ ဒီတော့ ခင်ပွန်းကို သူခိုးစွပ်စွဲပြီး သတ်တယ်။ ဇနီးကို သိမ်းပိုက်လိုက်တယ်။

အဲဒီအကုသိုလ်ဟာ အဲဒီဘဝနဲ့ နောက်ဘဝအတော်များများမှာ အကျိုးပေးခွင့်မရခဲ့ဘူး။ အခုဥပါသကာဘဝ ရောက်မှ အကျိုးပေးခွင့်ရလို့ အကျိုးပေးတာပဲ။

ဝက်သင်းတဲ့အဘိုးဟာလည်း ဒီဘဝမှာ ဝက်သင်းတဲ့အတွက် ကျန်းမာရေးကောင်းပြီး သားသမီး(၁၀)ယောက် ထွန်းကားတာ မဟုတ်ဘူး။ အတိတ်ဘဝများက ပြုခဲ့တဲ့ကောင်းမှု အကျိုးပေးခွင့်ရလို့ အကျိုးပေးနေတာ ဖြစ်တယ်။ အခုဘဝပြုတဲ့မကောင်းမှုအတွက်တော့ သေပြီးနောက်ဘဝဖြစ်စေ၊ နောင်ဘဝများမှာမှ ဖြစ်စေ အကျိုးပေးမှာပဲ။ ကံတရားဟာ အင်မတန် ဆန်းကြယ်တယ်၊ နက်နဲတယ်၊ ရှုပ်ထွေးတယ်။ သာမန်လူတွေအဖို့ ဉာဏ်မမီနိုင်ဘူး။ ဒါကြောင့် မကြံစည်အပ်ဘူး၊ မဆုံးဖြတ်အပ်ဘူး။

မကြံစည်အပ်တဲ့အရာ၊ မကြံကောင်းမစည်ရာ အရာ (၄) မျိုးရှိတယ်။ ဒါကို အစိန္တေယျလေးပါးလို့ ခေါ်တယ်။ အဲဒါတွေက-

၁။ မြတ်စွာဘုရား -

မြတ်စွာဘုရားရဲ့ အရည်အချင်း ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော် စသဖြင့်ပေါ့ ဘယ်လောက်ရှိတယ်၊ ဘယ်လိုရှိတယ်ဆိုတာ မကြံစည်၊ မတွေးတော၊ မဆုံးဖြတ်အပ်ဘူး။ ဘုရားအကြောင်းကို ဘုရားမှတစ်ပါး ဘယ်သူမှမသိနိုင်ဘူး။

၂။ ဈာန်တရား -

ဈာန်တရား ဆိုတာ ကျင့်ကြံအားထုတ်လို့ရသူမှ သိနိုင်တဲ့ တရားပဲ။ ကြံစည်တွေးတောပြီး မသိနိုင်ဘူး။ ဒါကြောင့် ဈာန်အကြောင်းကို မကြံစည်၊ မတွေးတော၊ မသုံးသပ်၊ မဆုံးဖြတ်အပ်ဘူး။

၃။ လောကဓာတ် -

စကြဝဠာလို့ခေါ်နေတဲ့ လောကဓာတ်ကြီးအကြောင်းကို မြတ်စွာဘုရားသာ အကုန်အစင် အမှန်အတိုင်း သိမြင်တာ။ မြတ်စွာဘုရားမှတစ်ပါး ကျန်သူများရဲ့ဉာဏ်ပညာနဲ့ စကြဝဠာလောကဓာတ်ရဲ့ သဘာဝတရားအစစ်အမှန်ကို အကုန်အစင် မသိမြင်နိုင်ဘူး။ ဒါကြောင့် မကြံအပ်မစည်အပ်ဘူး။

၄။ ကံတရား -

ကံတရားဟာလည်း သိမ်မွေ့နက်နဲ ရှုပ်ထွေးလွန်းလို့ မသိမမြင်နိုင်ဘူး။ ပြီးတော့ သံသရာက ရှည်လျားလွန်းတဲ့အတွက် ဘဝများစွာ သံသရာမှာ ကပ်ပါလာတဲ့ ကံတရားများကို ပြန်မမြင်နိုင်ဘူး။ ကမ္ဘာ (၄၀) ပြန်မြင်နိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးတောင် ကမ္ဘာ(၄၀)ကျော်သွားရင် မမြင်နိုင်တော့ပြန်ဘူး။ မြတ်စွာဘုရားသာ အဆုံးမရှိသိမြင်တော်မူတာ။

မကြံစည်အပ်တာကို ကြံစည်ရင် ရူးသွားနိုင်တယ်တဲ့။

ရှေ့က နောက်ကို တစ်ဘဝ၊ နှစ်ဘဝ၊ သုံးဘဝ စသည် ပြန်မြင်နိုင်တဲ့ အဘိညာဉ်တန်ခိုးကိုရတဲ့ ရသေ့ စတဲ့ ပုဂ္ဂိုလ်တွေ ရှိခဲ့တယ်။ မိမိဘဝချည်း မဟုတ်၊ သူတစ်ပါးဘဝကိုလည်း မြင်နိုင်တယ်။ ဒီတော့ ဒီဘဝမှာ ကောင်းကျိုးချမ်းသာခံစားနေရသူရဲ့ ရှေးဘဝက ပြုခဲ့တဲ့ကံကို ပြန်ကြည့်တယ်။ သူပြန်မြင်နိုင်တဲ့ဘဝများလောက်မှာ ဒီလိုဟာ မကောင်းမှုတွေပဲလုပ်ခဲ့တာတွေ့ရတယ်။ နောက် ဒီဘဝမှာ ဆင်းရဲမွဲတေပြီး ဒုက္ခိတဖြစ်နေသူများရဲ့ ရှေးကဘဝများကို ပြန်ကြည့်ပြန်တော့ သူမြင်နိုင်သလောက်မှာ ဒီလူဟာ ကောင်းမှုတွေပြုခဲ့တယ်။ ဒီတော့ -


ကောင်းမှု-မကောင်းမှု၊ ကောင်းကံ-ဆိုးကံကြောင့် ကောင်းကျိုး၊ ဆိုးကျိုးကိုရတယ် ဆိုတာ မဟုတ်ဘူး၊ ကံ ဆိုတာ မရှိဘူး။ သူဖြစ်ချင်သလို ဖြစ်နေတာပဲ ဆိုတဲ့ သူ့ရဲ့ဟောပြောချက်နဲ့ ကံ၊ ကံရဲ့အကျိုးကိုပယ်တဲ့ ကံမဲ့ဝါဒ ဆိုတာ ဖြစ်ပေါ်လာတာပဲ။

ကောင်းမှုပြုက ကောင်းကျိုးရ၏။ ဆိုးမှုပြုက ဆိုးကျိုးရ၏ ဆိုတဲ့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ခြင်းဟာ ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံ လိုအပ်ချက်ပဲ။ ဒီယုံကြည်မှုမရှိရင် ဗုဒ္ဓဘာသာဝင်မဖြစ်ဘူး။ အကျိုးမှန်သမျှ အကြောင်းကြောင့်ဖြစ်နေတာ။ သူ့အလိုလိုသူဖြစ်တာမရှိဘူး။ တစ်စုံတစ်ယောက်ကဖန်ဆင်းပေးတာလည်း မဟုတ်ဘူး။ ကိုယ်လုပ်တာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သုခစုံ

# ကောင်းကျိုးအနန္တ ဒိဝါတပတိစမ

တစ်နေ့သ၌ ဆရာသည် ကျွန်ုပ်အား (၅) လက်မအချင်းရှိ ပြောင်းဝင်းလျက်ရှိသော ကြေးလင်ပန်းအသစ်တစ်ချပ်ကို ထုတ်ပေးပါသည်။ ကျွန်ုပ်သည် ကြေးလင်ပန်းကို တရိုတသေ လှမ်းယူလိုက်ပြီး ကြည့်လိုက်ရာ လင်ပန်း၏ဝမ်းဗိုက်အတွင်းတွင် (၇) ကွက်ပတ်လည် (၄၉ ကွက်ရှိ) အင်းကွက်ကို တွေ့ရှိရပါသည်။ အင်းကွက်မှာ အင်းပေါင်များသာ သားထားပြီး အင်းဆန်ဂဏန်းများ မပါပါ။ ဆရာသည် ကျွန်ုပ်အား ထိုအင်းကွက်အတွင်းတွင် ဒိဝါတပတိ အစချီဂါထာကို အင်းဆန်သွင်းရမည်ဟု ဆိုပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဆရာခိုင်းဆိုသည့်အတိုင်း နေ့ကောင်းရက်မြတ်တစ်နေ့၏ နံနက်ခင်းတစ်ခုတွင် ပြုလုပ်နေကျ ကုသိုလ်စရဏာတို့ကို ပြုလုပ်အပြီး ဘုရားကျောင်းဆောင်ရှေ့တွင်ပင် ဒိဝါတပတိ အစချီဂါထာကို ဆရာညွှန်ကြားလိုက်သော အင်းချနည်းဖြင့် အင်းဆန်သွင်းခဲ့ပါသည်။ အင်းဆန်သွင်းပြီးနောက်တစ်နေ့ ဆရာ့ကို သွားရောက်ပြသခဲ့ရာ ဆရာက သေသေချာချာစစ်ဆေးပြီး အင်းဆန်အကွက်ရာနေရာအထားအသို အားလုံးမှန်သည်ဟု ဆိုပါသည်။ ထို့နောက် ကျွန်ုပ်အား ထိုကြေးလင်ပန်းကို ပြန်လည် ပေးအပ်ကာ အလယ်ရှိ မွေးနံသွင်းထားသော အကွက်တွင် ဖယောင်း တိုင်တစ်တိုင်တစ်တိုင် နေ့စဉ် ထွန်း၍ ဒိဝါတပတိ အစချီဂါထာကို ရွတ်ဖတ် ပူဇော်ရမည်ဟု ဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဆရာမှာကြားသည့်အတိုင်း အင်းလင်ပန်းပေါ်တွင် အလယ်မွေးနံအကွက်၌ ဖယောင်းတိုင်တင်ထွန်းကာ ဒိဝါတပတိဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ခဲ့ရာ အလုပ်အကိုင်များ ထူးထူးခြားခြား ကောင်းမွန်လာပြီး ငွေဝင်အားကောင်းလာခဲ့ပါသည်။

*(ထိုအင်းကို ဆရာသည် သူရဿမဂ္ဂဇင်းတွင် ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)*

အမှန်တကယ်ဆိုရလျှင် ကျွန်ုပ်သည် အင်းပညာကို လုံးဝဝါသနာမပါပါ။ ထိုအခြင်းအရာကို ဆရာသည် ကောင်းစွာသိပါသည်။ သို့သော်လည်း ဆရာသည် ကျွန်ုပ်အား ဆရာလုပ်မည့်သူသည် အင်းပညာကို တတ်ထားရမည်ဟုဆိုပြီး အင်းပညာရပ်များကို သေသေချာချာ သင်ကြားပေးခဲ့သဖြင့် ကျွန်ုပ်သည် အင်းပညာကို တတ်ကျွမ်းခဲ့ပါသည်။ ကျွန်ုပ် အမှန်တကယ် ဝါသနာပါသည်က စမပညာရပ်ပင် ဖြစ်သည်။ ငယ်ငယ်ကတည်းက ပန်းချီဗိဇဝါသနာပါလာသောကြောင့်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် လောကီဂမ္ဘီရ မဂ္ဂဇင်းများ၊ စာအုပ်စာပေများကို လေ့လာဖတ်ရှုပြီး တွေ့ရှိရသော စမများကို ကူးယူ သိမ်းဆည်း စုဆောင်းထားခဲ့ပါ

ရခြင်းပဲလို့ စွဲစွဲမြဲမြဲ ယုံကြည်ရမယ်။

ပြုတာအသစ်၊ ဖြစ်တာအဟောင်းလို့ဆိုတယ် မဟုတ်လား။

ကောင်းတာတွေလုပ်နေလျက်သားနဲ့ ဆိုးတာတွေဖြစ်နေတယ်။ ဒီလိုလုပ်မယ့်အတူတူ မလုပ်တော့ဘူးလို့ စဉ်းစားတာ ကံ၊ ကံရဲ့အကျိုးကို ပစ်ပယ်ဖို့ စဉ်းစားရာကျတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ဘဝကို စွန့်လွှတ်ဖို့ စဉ်းစားတဲ့သဘော သက်ရောက်တယ်။ ဒီအတွေးကို လုံးဝ စွန့်လွှတ်လိုက်ပါ။ ရခဲ့တဲ့ တရားထဲမှာ အရခဲဆုံးဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်ဘဝကို မဆုံးရှုံးပါစေနဲ့။

ကံနဲ့ပတ်သက်ပြီး ရှည်ရှည်ဝေးဝေး မတွေးကြဲကောင်းပေမယ့် လက်ခံရမယ့် လွယ်တဲ့အချက် ရှိတယ်။

အဲဒါက -

ကံမှာ ကောင်းကံ ဖြစ်စေ၊ ဆိုးကံ ဖြစ်စေ၊ ကောင်းမှုပြုသည် ဖြစ်စေ၊ မကောင်းမှုပြုသည် ဖြစ်စေ အဲဒီနှစ်မျိုးစလုံးအတွက်-

၁။ ဒီဘဝမှာပြုပြီး ဒီဘဝမှာပဲ စံရ၊ ခံရတဲ့ကံမျိုး ရှိတယ်။

၂။ ဒီဘဝမှာပြုပြီး သေပြီးနောက်ဘဝ၊ ဒုတိယဘဝမှာမှ စံရ၊ ခံရတဲ့ကံမျိုး ရှိတယ်။

၃။ တတိယဘဝကနေ သံသရာအလျှောက်လုံးမှာ အခွင့်သင့်သလို စံရ၊ ခံရတဲ့ကံ ရှိတယ်။

အဲဒီ သုံးနေရာစလုံးမှာ အခွင့်သင့်ရင် စံရ၊ ခံရတယ်။ အခွင့်သင့် ဆိုတာက သူဝင်လို့ရတဲ့၊ အလှည့်ကျတဲ့ အချိန်ကိုပြောတာ။ အခြားကံတွေက အားကောင်းပြီး အကျိုးပေးနေလို့ရှိရင် သူဝင်လို့မရဘူး၊ အခွင့်မသင့်ဘူး။ ဒီဘဝအတွက်မှာပဲ ဆိုတဲ့ ကံမျိုးမှာ ဒီဘဝမှာ အခွင့်မသင့်ရင် ဆုံးရှုံးသွားတယ်။ ဒုတိယဘဝမှာ ဆိုတဲ့ ကံမျိုးဟာလည်း ဒုတိယဘဝမှာ အခွင့်မသင့်ရင်ဆုံးရှုံးသွားတယ်။

သံသရာတစ်လျှောက်လုံး ဆိုတဲ့ကံမျိုး၊ ဥပါသကာကံမျိုးကျတော့ တတိယဘဝကစ ဘယ်ဘဝမှာဖြစ်ဖြစ် အခွင့်သင့်ရင် အကျိုးပေးမှာပဲ။ ဒါကြောင့်-

ဒါကြောင့် ကိုယ်မသိနိုင်တဲ့ ကံအကြောင်းကို မစဉ်းစားဘဲ ကောင်းမှုမှန်သမျှ ပြုနိုင်သမျှပြုရမယ်လို့ ဆုံးဖြတ်ပြီးပြု။ ပြုသလောက် ချမ်းသာတယ်။ ချမ်းသာတယ်ဆိုတာ ငွေအများကြီးရမှု၊ အားလုံးအဆင်ပြေမှုမဟုတ်ဘူး။ကောင်းမှုမှာ စိတ်ရောက်နေရင် ဝမ်းနည်းစိတ်၊ အားငယ်စိတ်(ဒေါသစိတ်)တွေကင်းနေမယ်။ အဲဒါ ချမ်းသာတာပဲ"

ကျွန်တော့်စကားအဆုံးတွင် တူမ၏မျက်နှာမှာ ဝမ်းသာရိပ်ပေါ်လာပါသည်။

"ကျေးဇူးပဲ ဘဘရယ်၊ သမီးကံကောင်းလို့ ဘဝရှုံးတော့မလို့"

ဟူ၍ အားရပါးရ ပြောပါသည်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

သည်။

တစ်နေ့တွင် ကျွန်ုပ်ထံသို့ မိတ်ဆွေဖြစ်သူ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ဘပည့် ကိုအောင်နိုင်သည် ရောက်ရှိလာကာ ကတ်ထူပြားတစ်ထပ်ကြီးကို ပေးပါသည်။ ကတ်ထူပြားတစ်ရွက်ကို သူကြည့်လိုက်ရာ တစ်ကြိမ်တစ်ခါမှမမြင်ဘူးသေးသော စမပုံတော်တစ်ပုံ ဖြစ်နေသည်ကို အားရဝမ်းသာတွေ့ရှိရပါသည်။ စာလုံးလေးများကို သေသေချာချာ ဖတ်ကြည့်လိုက်ရာ ဒိဝါတပတိ အစချီဂါထာကို ထောင့် (၈) ထောင့်ဖြင့် အပွင့်ပန်းပုံသဏ္ဌာန် ပုံဖော်စမဆွဲထားပြီး ရွှေပေါ်ကျွန်းဆရာတော်ကြီးဆွဲထားသော စမသက်ရာဖြစ်ကြောင်း သိရှိရပါသည်။ စမထဲတွင် အရဟံဂုဏ်တော်၊ စဓဗဝ, ကပဝဓ စမများ၊ သံ,ဂုံ,ပ,မ,ယျ ဘုရား(၅) ဆူ၊ ပု,ဒိ,အာ ဉာဏ်တော်(၃)ပါး၊ နဝင်းညွှန့် အစရှိသည်တို့ ပါဝင်ပါသည်။ ကျွန်ုပ်၏ ဗေဒင်ပရိသတ်ထဲတွင် က၊ န၊ ၁၊ ရ (ကျွဲ၊ နွား၊ ဝက်၊ အရက်) ရှောင်ကြဉ်သူများကို လက်ဆောင်ပေးရန်အတွက် ကိုအောင်နိုင်က လာရောက်ပေးအပ်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် သူ၏ဆန္ဒအတိုင်း ဗေဒင်လာမေးသူများထဲမှ က၊ န၊ ဝ၊ ရ ရှောင်ကြဉ်သူများကို တစ်ဦးလျှင် စမတစ်ပုံလက်ဆောင် ပြန်လည်ပေးအပ်ကာ ရွှေပေါ်ကျွန်းသာသနာ တည်တံ့ပြန့်ပွားရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။


*(ရွှေပေါ်ကျွန်းသာသနာပြုစခန်းတွင် ဝတ္ထုငွေအလှူခံပုံး၊ ဝတ္ထုငွေအလှူခံဌာန လုံးဝမရှိဘဲ ကျွဲ၊ နွား၊ ဝက်၊ အရက်၊ လောင်းကစား၊ မူးယစ်ဆေးနှင့် ကုန်းသတ္တဝါတို့၏ အသွေးအသားတို့ကို အလှူခံသောဌာနသာရှိပါသည်။)*

ဒိဝါတပတိ အစချီဂါထာသည် အဘယ်မျှလောက် အစွမ်းထက်သည်ကို စာဖတ်ပရိသတ်များ ကောင်းစွာသိရှိပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ထပ်မံ မညွှန်းဆိုတော့ပါ။ ထိုအလွန်အစွမ်းထက်လှသော ဂါထာတော်ကြီးကို ရွှေပေါ်ကျွန်းဆရာတော်ကြီးသည် စမဆွဲကာ တပည့်ဝေနေယျအပေါင်းအား ငဲ့ညှာသနားသောအားဖြင့် အဆောင်အဖြစ် စီရင်ပေးခဲ့ပါသည်။ ထိုဒိဝါတပတိအပွင့်ပန်းစမကို မြင်ဖူးသူ အလွန်နည်းမည်ဖြစ်ပြီး ဘိုရမဂ္ဂဇင်းစာစောင်များတို့တွင်လည်း အလွန်ပင် တွေ့ရခဲပါသည်။ *(မတွေ့ရသလောက်ပင် ဖြစ်ပါသည်။)* ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ဝေနေယျတပည့်

# အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏကိကဆရာတော်

## စေတော်ဝင်ကျောင်း

## ရွှေပေါ်ကျွန်း – သာသနာပြုစခန်း



ကြီးများသာ တွေ့ဖူးမြင်ဖူးကြမည်ဖြစ်ကာ နောက်ပိုင်းတွင် ထပ်မရိုက်တော့၍ နောက်တိုး ရွှေပေါ်ကျွန်းဝေနေယျများပင် မြင်ဖူးကြမည် မဟုတ်ပါ။ ထို့ကြောင့် အလွန်ရှားပါးနေပြီဖြစ်ပြီး လွန်စွာမှ အစွမ်းထက်လှသော ဒိဝါတပတိစမပုံတော်ကို သူရဇ္ဇစာဖတ်ပရိသတ်ကြီး အတွက် အကျိုးများစေရန် ရည်သန်၍ တင်ပြပေးလိုက်ပါသည်။

ထိုစမကို မိမိတို့ကိုယ်တိုင် နေ့ကောင်းရက်မြတ် ရွေးချယ် ရေးဆွဲ၍ သော် လည်းကောင်း၊ မိတ္တူကူးယူခြင်းဖြင့် လည်းကောင်း၊ ဗီနိုင်းထုတ်၍လည်းကောင်း ဆောင်ထားနိုင်ပါသည်။ အိတ်ဆောင်အဖြစ်ဆိုလျှင် ပုံသေးကူးယူ၍၊ အိမ်, ဆိုင်, ကုမ္ပဏီ, ရုံးခန်း,ကောင်တာ (ခေါင်းရင်းဘက်) တို့တွင် မှန်ပေါင်သွင်း၍ ချိတ်ဆွဲမည်ဆိုလျှင် ပုံကြီးကူးယူပြီး အဆောင်အရွက်ပြုနိုင်ပါသည်။

ပုံတော်ကို ရရှိပြီဆိုလျှင် ငါးပါးသီလခံယူဆောက်တည်ပြီး ဘုရားကျောင်းဆောင်ရှေ့တွင် ပုံတော်ကို နှုတ်ခမ်းဝတော့ကာ ဘုရားဂုဏ်တော်ကိုးပါး (၃၇) ခေါက်၊ ဒိဝါတပတိအစချီဂါထာ (၃၇) ခေါက်နှင့် သံ၊ ဂုံ၊ ပ၊ မ၊ ယျ အရဟံကို (၃၇) ခေါက် ရွတ်ဆိုကာ သိဒ္ဓိတင်ပြီး အဆောင်အဖြစ် ယုံယုံကြည်ကြည် အသုံးပြုရမည်ဖြစ်ပါသည်။ အိတ်ဆောင်ပုံတော်ဆိုလျှင် နှုတ်ခမ်းဝတွင်တော့၍ လည်းကောင်း၊ ချိတ်ဆွဲထားသော ပုံတော်များဆိုလျှင် ပုံတော်၏အရှေ့တွင် ထိုင်၍ လည်းကောင်း၊ အဆိုပါ ဂါထာများဖြင့် နေ့စဉ် ရွတ်ဖတ် ပူဇော် သိဒ္ဓိတင်သွားမည်ဆိုလျှင် အတိုင်းထက်အလွန် အချိုပေါ်သကာလောင်း အလွန့်အလွန် အကျိုးများမည် ဖြစ်ပါသည်။

သူရဇ္ဇစာဖတ်ပရိသတ်ကြီး ဒိဝါတပတိစမပုံတော်ကြီး၏အစွမ်းသတ္တိဖြင့် ဘေးဥပဒ်အန္တရာယ်အပေါင်းတို့မှ ကင်းလွတ်ငြိမ်းကာ စီးပွားဥစ္စာရွှေငွေရတနာဒီရေအလား တိုးတက်ကြကာ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာ တိုးပွားကြပြီး ကောင်းမြတ်သော အကြံအစည်ဟူသမျှ ပြည့်စုံပြည့်ဝ အောင်မြင်ကြပါစေသတည်း။


*ကောင်းမှု အကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစင်



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ဗုဒ္ဓကြွရောက်တော်မူရာ
# ကေလာသတောင်တော်မဟာ

ရွှေယဉ်လှိုင်း (ခရီးသွားရေးတက္ကသိုလ်)

အရှေ့အရပ်၌ အရုဏ်ဦးသန်းစ အချိန်၌ပင် စာရေးသူနှင့် သားငယ် ဒေါက်တာ ဖြိုးမောင်မောင်ဇော်၊ ဇနီး မလှသီတို့သုံးဦး ကိုယ်ပိုင်ကားလေးနှင့် အိမ်မှထွက်ကြသည်။ ဦးတည်ရာခရီးက တော့ သားငယ် ဆေးခန်းဖွင့်ရန်နေရာ ရှာရန်အတွက် ကျိုက်ထိုဘက်သို့ ခရီး ထွက်ကြခြင်း ဖြစ်သည်။ ကျွန်မတို့ ဗုဒ္ဓ ဘာသာလူမျိုးတို့သည် ခရီးတစ်ခုထွက် လျှင် ဆရာတော်ဖူးရန်၊ ဘုရားဖူးရန်၊ လှူဒါန်းရန် ဟူ၍ ကုသိုလ်ရေးကို ရှေ့ တန်းတင်ကြသောလူမျိုးများ ဖြစ်သည်။

ကျွန်မတို့မိသားစုလည်း ဆေးခန်း ဖွင့်ရန်နေရာကြည့်ရင်း လွန်ခဲ့သော (၁၀) နှစ်ကျော်က ကျွန်မတို့နေထိုင်ရာ ရပ်ကွက်ရှိ မြစေတီစာသင်တိုက်တွင် စာဝါတက်ရင်း ဆွမ်းခံကြွခဲ့ဖူးသော ဆရာတော်လေးကို ဖူးရင်း လှူဒါန်းမှု ကုသိုလ်လေးပြုရန် ရည်ရွယ်လာကြခြင်း ဖြစ်ပါသည်။ ဆရာတော်လေးမှာ စာ သင်သားဘဝတွင် ကျွန်မတို့အိမ်သို့ (၁၀) နှစ်ခန့် ဆွမ်းခံကြွခဲ့လေသော ရဟန်း ဖြစ်ပါသည်။ ယခုအခါ ဓမ္မာ စရိယတန်းကျောင်းထိုင်ဆရာတော်လေး တစ်ပါးဖြစ်နေပါပြီ။ ကျိုက်ထိုမြို့မှ မြစ် ကမ်းဘက်အဆင်း (၉) မိုင်ခန့်ဝင်လျှင် မရမ်းကုန်းရွာသို့ရောက်မည်။ ထိုရွာရှိ ဂမုန်းတွင်းကျောင်းတိုက်တွင် ကျောင်း ထိုင်နေသည်မှာ (၁၀) နှစ်ရှိပြီ ဖြစ်သည်။

စာရေးသူတို့ မော်လမြိုင်မြို့မှ စထွက်တော့ အလင်းရောင်လင်းချင်းနေ သော်လည်း နေမင်းကြီးထွက်မလာသေး









www.burmeseclassic.com

www.burmeseclassic.com





ပါ။ သံလွင်တံတား(မော်လမြိုင်)အပေါ် သို့အဖြတ်တွင် လက်ယာဘက်တွင် စိမ်းညို့မှိုင်းနေသော သံလွင်မြစ်လယ်ရှိ ခေါင်ဆေးကျွန်းကို လှမ်းတွေ့ရပါသည်။ လက်ဝဲဘက်သို့ ပြန်လှည့်ကြည့်မိသော် မော်လမြိုင်တောင်ရိုးတန်း၏ နံနက်စောစောအလှက မည်သည့်မြို့နှင့်မျှ နှိုင်းယှဉ်၍မရအောင်လှနေသည်။ တောင်တန်းရယ်၊ စေတီ၊ ပုထိုးများရယ်၊ ခေါင်းဆေးကျွန်းရယ်၊ တသွင်သွင်စီးဆင်းနေသော မြစ်ပြင်ကြယ်ကြီးရယ်၊ အိပ်မက်တံတား (သံလွင်တံတားကြီး)ကြီးရယ် ပေါင်းဆုံရာမြို့ကတော့ မော်လမြိုင်မြို့ပင် ဖြစ်သည်။ ရန်ကုန်ဘက်မှလာသည့် ဧည့်သည်များမှာ သံလွင်တံတားပေါ် အရောက်တွင် မော်လမြိုင်ဘက်ကမ်းကို





www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်လိုက်သူတိုင်း မော်လမြိုင်မြို့က လှလိုက်တာဟု ပြောကြပေသည်။ ရောက်ဖူးသူတိုင်းသိကြပါသည်။ ရောက်ပြီးလျှင် မပြန်ချင်အောင်ဖြစ်ရသည်။

မော်လမြိုင်ဘူတာမှအထွက်တွင် ကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲတည်ဆောက်ထားပြီး သံလွင်တံတားကြီးအပေါ် အရောက်တွင် ကားလမ်းနှင့် ရထားလမ်း ပေါင်းဆုံကြကာ မုတ္တမမြို့သို့အဝင်တွင် ကားလမ်းနှင့် မီးရထားလမ်း ခွဲထွက်သွားပါသည်။ မုတ္တမမြို့မှဆက်၍ ထွက်လာသော် ပေါင်မြို့ ကျွဲခြံရွာနှင့် ဇင်းကျိုက်မြို့တို့ကိုကျော်မှ နေမင်းကြီးက ထွက်လာသည်။ ဇင်းကျိုက်ဆံတော်ရှင်စေတီကို လှမ်း၍ဖူးရသည်။ တောရိပ်တောင်ရိပ်များကြောင့် ခရီးစဉ်မှာ အေးချမ်းလှပါသည်။ ရွာစဉ်များတွင် နံနက်စောစောမို့ ဆွမ်းခံကြွသော ရဟန်းတော်များနှင့် ဆွမ်းလောင်းလှူနေကြသူများကို တွေ့မြင်၍ ကုသိုလ်ပွားရပါသည်။ သထုံမြို့ကို မဝင်မီ လယ်ကွင်းများကို ဖြတ်လာရသည်။ အဝေး တောင်စောင်းပေါ်၌ ကွန်ပျူတာတက္ကသိုလ် (သထုံ)ကို လှမ်းတွေ့လိုက်ရသည်။

ကိုးရီးယားနိုင်ငံ၌ရှိနေသော စာရေးသူ၏ သားအလတ် ကွန်ပျူတာတက္ကသိုလ်တက်စဉ်က မော်လမြိုင်မြို့၌ရှိသော ကွန်ပျူတာတက္ကသိုလ်မှာ သထုံမြို့သို့ ပြောင်းလာခြင်း ဖြစ်သည်။ လမ်းမှလှမ်းကြည့်လျှင် ရေးရေးသာမြင်ရသည်။ ခရီးအဝေးကို ခန့်မှန်းမိရပါသည်။

သထုံမြို့အဝင်တွင် ရွှေစာရံစေတီတော်ကြီးက သထုံမြို့၏ ကျက်သရေဆောင်ပင် ဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းရာမြို့ဖြစ်သဖြင့် မြို့လယ်ကောင်တွင် ပိဋကတ်သုံးပုံကို ကလပ်နှင့်တင်ထားပုံရုပ်တုနှင့် မြို့လယ်ကောင်အဝိုင်းကြီးတစ်ဝိုက်တွင်လည်း စည်ကားလှပါသည်။ သထုံမြို့မှလွန်သောအခါ လမ်း၏ ညာဘက်အခြမ်းတွင် အလံတစ်ရာဘုရားကြီးကို လှမ်း၍ ဖူးမြော်ကြည်ညိုခဲ့ရသည်။ တောရိပ်တောင်ရိပ်များကို ဖြတ်ကာ မျှော်မှန်းရာခရီးဖြစ်သော ကျိုက္ကော်မြို့ကို ရောက်နေပါပြီ။

ကျွန်မက ဆရာတော်ရှိရာ မရမ်းကုန်းရွာသို့ လာနေကြောင်းလှမ်း၍ ဖုန်းဆက်လိုက်သည်။ ကျိုက္ကော်မှ ကိုးမိုင်ကွာသော ဆရာတော်ကျောင်းရှိရာရွာသို့ ဝင်ရဦးမည်ဖြစ်၍ သေချာစေရန်ဖြစ်သည်။ ထိုအခါ ဆရာတော်လေးမှ ကျောင်းတွင် မရှိကြောင်း၊ ဘားလင်းမြို့နယ်ရှိ ကေလာသတောင်တော်သို့ ဘုရားဖူးရန်သွားနေကြောင်းနှင့် ကေလာသတောင်တော်စေတီသို့ ဘုရားဖူးလိုက်ခဲ့ရန် ပြန်ပြောပါသည်။ ဘုရားဖူးရန် မငြင်းဆန်လို၍ ဆရာတော်အား လိုက်ခဲ့မည်ဟု အကြောင်းပြန်ခဲ့သည်။

ကျိုက္ကော်မြို့သို့ နံနက်(၈)နာရီခန့် ရောက်ပါသည်။ ကျိုက္ကော်မှ မိတ်ဆွေမငယ်မှ လိုက်ပို့ပေးမည်ပြော၍ အတူလိုက်ပါခဲ့သည်။ ကျိုက္ကော်နှင့် ဘားလင်းသည်လည်း လာခဲ့ရသည့်ခရီးနှင့်နှိုင်းစာလျှင် မဝေးတော့ပါ။ မွန်ပြည်နယ်တွင် မွေးဖွား ကြီးပြင်းလာရသော်လည်း ကေလာသတောင်တော်သို့ ရောက်ဖူးခဲ့ခြင်းမရှိသဖြင့် ခရီးဆက်ရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ လာရင်းခရီးစဉ်က တခြားအခါသင့်အခွင့်ကြုံသည်က တစ်လမ်းဖြစ်တတ်ပါသည်။ ဗုဒ္ဓမြတ်စွာ ခြေတော်ကြွ၍ မွန်တို့တိုင်းဒေသလို့ ပထမဆုံးရောက်ရှိခဲ့ရာနေရာဖြစ်၍လည်း မရောက်ထိုက်မဖြစ်ရအောင် ခရီးဆက်ခဲ့ကြခြင်းလည်း ဖြစ်သည်။ သားငယ် ဆရာဝန်ပေါက်စလေးကလည်း စိတ်ပါလက်ပါသွားကြရန် သဘောတူ၍ ဘယ်ဘက်သို့ ချိုးဝင်လာကြပါသည်။ ညာဘက်












www.burmeseclassic.com

www.burmeseclassic.com









တွင် ကုသိနာရုံဆံတော်ရှင်သို့ ဟူသော လမ်းခွဲကို တွေ့ရသည်။ ကျေးရွာလမ်းများဟု ထင်ထားသော်လည်း မြို့ပေါ်ရှိ လမ်းများထပ်ပင် ညီညာပြန့်ပြူးသော ကတ္တရာလမ်းများကို တွေ့လိုက်ရသည်။ ထိုကတ္တရာလမ်းကိုပင် ပိုကောင်းရန် ရွာသားများ အဖွဲ့လိုက် ထပ်ပိုး၍ ကတ္တရာလောင်းနေကြသည်ကလည်း အားရစရာပင် ဖြစ်သည်။

လမ်းကောင်း၍ခရီးလည်းပေါက်လှသည်။ လမ်းမမှဝင်ပြီး နာရီဝက်ခန့် အကြာတွင် သစ်တိုကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ အလှူခံမဏ္ဍပ်လေးကို တွေ့ရသည်။ ကျောင်းသားလေးများ ငွေဖလားနှင့် အလှူခံသည်ကို ကားပေါ်မှပင် တစ်ထောင်တန်ကလေးတစ်ရွက်လှူဖြစ်ခဲ့သည်။ အနည်းငယ်လွန်သော် ဇုတ်သုတ်စံပြကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။ ဇုတ်သုတ်ရွာမှာ နာမည်ကြီးအနုပညာရှင်များ ပေါ်ထွန်းရာရွာ ဖြစ်သည်။ ဇုတ်သုတ်ရွာအထက်တန်းကျောင်းမှာ မြို့ကျောင်းများနှင့် မခြား ခန့်ညားထည်ဝါလှပါသည်။ ငယ်စဉ်က ဇုတ်သုတ်ကျေးရွာကို ကြားဖူးခဲ့သည်မှာ ယခုမူ မြို့နှင့်မခြား ကြီးမားပြီး စည်ကားသောရွာကြီးဖြစ်ကြောင်း တွေ့ရ၍ အံ့သြမိရသည်။ ကျိုက်ထီးဆောင်းဘုရားလမ်းခွဲသို့ ရောက်ရှိလာခဲ့သည်။

မရောက်ဘူးသော်လည်း ဖော်ရွေလှသော ရွာသားများကြောင့် မေးရင်းမြန်းရင်း ကေလာသတောင်သို့ သွားရာလမ်းခွဲသို့ ဆက်လက် ထွက်ခွာလာကြသည်။ ဤခရီးဤလမ်းဝယ် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ၊ စာသင်ကျောင်းများ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဆေးရုံများ၊ တိုက်တာများ၊ ကတ္တရာလမ်းများ၊ လျှပ်စစ်မီးတိုင်များဖြင့် စည်ကားစွာတွေ့ရသည်။ ကျေးရွာများဟုပင်မထင်ရဘဲ မြို့များကို ဖြတ်လာရသကဲ့သို့ လုံခြုံမှုရှိပါသည်။ ဘီးလင်းမြို့မှဝင်လာချိန်မှ တစ်နာရီခန့်ကြာသောအခါ ကေလာသဆံတော်ရှင်တည်ရှိရာ ကေလာသတောင်ခြေသို့ရောက်ရှိခဲ့ကြသည်။ တောင်ခြေရွာကလေးကတော့ တောင်ကြီးကျေးရွာ ဖြစ်ပါသည်။

တောင်ခြေကားဂိတ်တွင် စာရေးသူတို့အလာကို စောင့်နေသော ဆရာတော်လေးကို လှမ်းတွေ့လိုက်သည်။ ဆရာတော်လေးမှ စာရေးသူတို့အား-

"ဦးပဥ္စင်းတို့ရွာမှာ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိတ်ထားလို့ ကလေးတွေ ဗုဒ္ဓသာသနာကို စောင့်ရှောက်တတ်အောင် ဗုဒ္ဓဘာသာအခြေခံနဲ့ ယဉ်ကျေးမှုတွေ နားလည်အောင် သင်ပေးတာ။ ကလေးပေါင်း ခုနစ်ဆယ်လောက်တတ်ကြတာ။ အခု သင်္ကြန်အပြီးမှာ သင်တန်းလည်း ဆင်းတော့မယ်။ မွန်တို့ဒေသ ရာမညတိုင်းကို မြတ်စွာဘုရား ပထမဆုံး ကြွတော်မူခဲ့ရာနေရာလည်း ဖြစ်တာမို့ ကလေးတွေ ရောက်ဖူးအောင် လိုက်ပို့တာ။ ဒကာမကြီးတို့လည်း ကုသိုလ်ရေစက်ဆုံကြတာပေါ့"

ဟု ပြောပါသည်။

ကလေးများကတော့ ဆရာမများနှင့် လျှောက်လမ်းမှ တက်သွားကြပြီး ဆရာတော်လေးမှ စာရေးသူတို့မိသားစုအား စောင့်နေကြောင်း မိန့်ဆိုပါသည်။ ကလေးများစီးလာသော ကုန်ကားကြီးပေါ်တွင် ဆွဲခြင်းကလေးများ၊ ထမင်းချိုင့်များ အစီအရီတွေ့လိုက်ရသည်။

"ခြေကျင်တက်ရင် အချိန်ဘယ်လောက်ကြာမလဲ"

ဟု စာရေးသူမှ မေးမိရာ အနီးတွင် ရပ်နေသော တောင်တက်ကားဆရာမှ -

"တစ်နာရီလောက်တော့ကြာမယ်။ အန်တီတို့တက်ရင် နေပူချိန်ဖြစ်နေပြီဆိုတော့ ကားလမ်းကတက်ပါလား။ တစ်ယောက်ကို အတက်၊အဆင်း နှစ်ထောင်ပေးပါ"

ဟု ပြောသည်။

ဆရာတော်နှင့် စာရေးသူ မိသားစု (၃) ယောက်၊ မငယ်တို့ပေါင်း (၅) ယောက် အသွား၊ အပြန် တစ်ယောက် (၁၅၀၀) နှင့် ဈေးတည့်ကာ တောင်တက်ကားလမ်းမှ ကားကလေးနှင့် တောင်ပေါ်တက်လာကြသည်။

ကေလာသတောင်တက်ကားလမ်းကလေးသည် မက်စောက်စောက်လေးဖြစ်သဖြင့် အသည်းတယားယား၊ ရင်တဖိုဖိုနှင့် သမ္ဗုဒ္ဓေဂါထာကိုသာ ထပ်တလဲလဲ ရွတ်ဆိုနေမိသည်။ ကေလာသတောင်တက်ကားလေးထဲမှ လမ်းဘေးကိုကြည့်မိတော့ ချက်ချင်းဆိုသလို မြင့်တက်လာသည်ကို တွေ့ရသည်။ ကားလေးကလည်း အရှိန်နှင့်ထိုးတက်နေသည်။

ဆရာတော်လေးကတော့ -

"ကားနဲ့ဆိုတော့ အဆင်ပြေတယ်နော်။ ဦးပဥ္စင်းတောင် ကိုရင်လေးဘဝကပဲရောက်ဖူးတာ။ ခုလို ကားလမ်းဘယ်ရှိဦးမလဲ"

ဟု လှမ်းပြောသည်။

ကားကလေးမှာ ကားဆရာ၏ လမ်းကျွမ်းကျင်မှုကြောင့် ဆယ်မိနစ်ခန့်နှင့် တောင်ထိပ် ကေလာသစေတီခြေတော်ရင်းရင်ပြင်ပေါ်သို့ ရောက်လာပါသည်။ ရင်ပြင်ပေါ်မှ လှမ်းကြည့်လိုက်သောအခါ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်နှင့် စစ်တောင်းမြစ်တို့ကို ရေးရေးလေးမြင်ရပြီး တောအုပ်ကလေးအသွင် ရွာကလေးများကို ပန်းချီကားချပ်များသဖွယ် တွေ့ရသည်။ နှစ်ပေါင်းရာကျော်ပြီဖြစ်သော ပညောင်ပင်ကြီး၏ တစ်ပင်တည်းသောအရိပ်က ကေလာသတောင်ထိပ် စေတီတော်ရင်ပြင်တစ်ခုလုံးကို ထီးမိုးထားပေးသည့်အလား အလွန်အေးချမ်းလှသည်။ ညောင်ပင်ကြီး၏အကိုင်းများမှ ပြန်ကျသော ညောင်မြစ် (မုတ်ဆိတ်) များမှာ မြေပြင်ကို ပြန်ထောက်ကာ လူတစ်ဖက်လောက်ပင် ကြီးလှသည်။ ထို့ကြောင့် ညောင်ပင်အကိုင်းတို့သည် ကြံ့ခိုင်၍ ညွတ်မည်၊ကျိုးမည်ကိုပင် မပူပင်ရပါ။

စာရေးသူတို့ရောက်ပြီး ဆယ်မိနစ်ခန့်ကြာမှ တောလမ်းမှ ခြေကျင်တက်လာသော ကလေးများ ရောက်လာကြသည်။ မျက်နှာလေးများနီရဲကာ ချွေးကလေးများ စို့ရွှဲနေကြသော်လည်း ပြုံးပျော်နေကြသည်။ ညောင်ပင်ရိပ်တွင် ခြေပစ်လက်ပစ် အမောဖြေကြပြီးမှ ကေလာသ ဆံတော်ရှင်စေတီအား ထီးခြင်းငါးပါးဖြင့် ဦးချကန်တော့ကြသည်ကိုလည်း ကြည်နူးစွာတွေ့ခဲ့ရပါသည်။ နွေရာသီတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပေးသော မရမ်းကုန်းကျေးရွာ ဂမုန်းတွင်းကျောင်းတိုက်ဆရာတော်လေး ဦးခန္တီစာရနှင့် ကြီးကြပ်ပေးသော ဆရာမများ၊ ကျေးရွာမလေ့ လုပ်ငန်းခွင်များကြားမှ ကလေးများကို ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်ခွင့်ပေးသော မိဘများနှင့် နွေကျောင်းအားရက်တွင် ဘာသာတရားနှင့် ယဉ်ကျေးမှုကို စိတ်ဝင်စား၍ သင်တန်းတက်ကြသော ကလေးများအားလုံးကို စာရေးသူမှ အထူးကျေးဇူးတင်မိရသည်။ ယနေ့လူငယ် နောင်ဝယ် လူကြီးဖြစ်ကြမည်မို့ စာရေးသူတို့ လူကြီးများက ကလေးများကို ပြန်၍ကျေးဇူးတင်မိရသည်။ ထိုကဲ့သို့သော ကလေးများ များလာမှသာ နောင်သာသနာအတွက် ရင်အေးကြရပေမည်။ ဘာသာရေးအုတ်မြစ်လည်း ခိုင်မာလာပေမည်။ စာရေးသူလည်း ကလေးများနှင့် ညောင်ပင်ကြီးအရိပ်တွင် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပါသည်။

ရင်ပြင်ပေါ်မှ တောင်ထိပ် ကေလာသစေတီတည်ရှိရာမှာ မမြင့်လှပါ။ လှေကားထစ်အနည်းငယ်မျှတက်ရုံဖြင့် စေတီတော်ကို ဦးခိုက်နိုင်ပါသည်။ စေတီတော်ပေါ်တွင် ဘုရားဝတ်ပြုရာဇရပ်ကလေးများရှိပါသည်။ တောင်ထိပ်ပေါ်မှကြည့်လေ အဝေးမြင်ကွင်းများက လှပလေဖြစ်သည်။ သဘာဝရှုခင်းလေးများက ကြည့်၍မဝနိုင်အောင်ရှိသည်။ တောင်စောင်းများတွင် အဓိဋ္ဌာန်ဝင်သူများ၊ ဥပုသ်သည်များအတွက် တိုက်ခန်းလေးများ၊ တရားတိုက်နှင့် ဥပုသ်ဇရပ်များရှိသည်။ အေးချမ်းစွာတရားဘာဝနာအားထုတ်သူများ၊ ဥပုသ်စောင့်သူများအတွက် တောင်ပေါ်ကျောင်းဆရာတော်မှ စီစဉ်ထားကြောင်း သိရသည်။ ရက်ရှည်ဥပုသ်စောင့်အဓိဋ္ဌာန်ဝင်သူများလည်း လွှန်စွာအဆင်ပြေသောဒေသ






www.burmeseclassic.com

www.burmeseclassic.com

လေး ဖြစ်သည်။

ဆရာတော်ကြီးမှာ အေးချမ်းလှသည်။ တည်ငြိမ်ရိုးသားလှသည်။ သက်န်းကို ဦးခေါင်းတွင် ပေါင်းကာ ဥပုသ်ဇရပ်ထပ်မံဆောက်ရန် သံတူးရွင်းနှင့် အုတ်တုံးကလေးများ ထုဆစ်နေသည်။ စာရေးသူတို့မှ ဆရာတော်အား ဖူးလိုပါကြောင်း လျှောက်ထားသောအခါမှ ကျောင်းပေါ်ကြွလာသည်။ ပုလင်းကြီးထဲမှ သကြားလုံးများကို လက်နှစ်ဖက်ဖြင့် ကျုံးယူကာ -

"ရော့ဟေ့ - ဆေးဖြစ်ဝါးဖြစ်စားကြ"


ဟု မိန့်စကားပြောကာ ကြွချပေးပါသည်။

ဘုရားရှင် မူလပထမ ရာမညဌာနသို့ ကြွရောက်ရာဌာနသို့ မထင်မှတ်ဘဲ ရောက်ရှိလာရသဖြင့် စာရေးသူမှာ ကျေနပ်ပီတိဖြစ်ကာ စာဖတ်သူများအားလည်း ထပ်တူကြည်နူးပီတိဖြစ်စေလိုပါသည်။ ကေလာသဆရာတော်၏ပုံတော်ကိုပါ ဖူးခွင့်ရရန် ဤစာတွင် ဖော်ပြပါသည်။


ကေလာသတောင်တော်၏သမိုင်းကြောင်းကို လေ့လာရာတွင် 'သထုံခေတ်ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်ထဲမှ အရှင်ဂဝံပတိမထေရ်၏ အကြောင်းကို ထည့်သွင်း လေ့လာရပါသည်။ အရှင်ဂဝံပတိမထေရ်သည် ရာမညတိုင်းသားတို့၏နှလုံးသည်းပွတ်၌ မြတ်နိုးကြည်ညိုခြင်းခံရသောမထေရ်ပင် ဖြစ်သည်။ မြန်မာပြည်အောက်ပိုင်းသို့ သာသနာရောက်ရာတွင် တပုဿ၊ ဘလ္လိကတို့ပြီးလျှင် အရှင်ဂဝံပတိမထေရ်ပင် သာသနာတော်ကို ယူဆောင်ခဲ့ကြောင်း မှတ်တမ်းတင်ကြ၏။ ရာဇဝင်သာသနာဝင်နှင့် ရွှေမော်ဓောစေတီကျောက်စာတို့၌လည်း ဖော်ပြထားကြသည်။ ဗုဒ္ဓခေတ်ဂဝံပတိမထေရ်ပင်တည်း။

ထိုအရှင်မြတ်၏ အတ္တုပ္ပတ္တိအကျဉ်းကား -

ဘုရားမပွင့်မီ ရှေးအခါက ကရင်္ကာကတိုင်း သုဘိန္နမြို့ တိဿမင်းကြီးလက်ထက် အမတ်ကြီးသား တိဿကုမ္မာနှင့် ဝိဇယကုမ္မာတို့ သမုဒ္ဒရာအနီး ဂဇ္ဇဂိရိကျောက်တောင်၌ ရသေ့ပြုနေကြ၏။ ထိုအခါ နဂါးမနှင့် ဝိဇ္ဇာဓိုရ်တို့ ဆက်ဆံကြ၍ ဥနှစ်လုံးမွေးဖွားရာ ရသေ့နှစ်ပါးတစ်လုံးစီ သိမ်းယူကြ၏။ ဥနှစ်လုံးမှ သားနှစ်ယောက်ဖွား၍ ညီတော်ရသေ့၏သားမှာ (၁၀) နှစ်သားတွင် ကွယ်လွန်









၍ ဘုရားရှင်လက်ထက် မိမိလာပြည်၌ လူဖြစ်၏။ (၇) နှစ်သားအရွယ်တွင် ရဟန္တာဖြစ်တော်မူသည်။ နောင်တော်ရသေ့၏ သားမှာ သီဟရာဇာ ဟူသောအမည်ဖြင့် မင်းဖြစ်သည်။

ရဟန္တာဖြစ်၍ မကြာမီ မယ်တော်ကွယ်လွန်ရာ မယ်တော်သည် ဘယ်အရပ်၌ဖြစ်လေသနည်းဟု ဒိဗ္ဗစက္ခုဖြင့်ကြည့်ရာ ရာမညတိုင်း တံငါမျိုး၌ဖြစ်၍ ကောင်းကင်မှ ကြွရောက် တရားဟောသည်။ သထုံပြည်ခေါ် သုဓမ္မပုရ၌ နောင်တော်ဖြစ်ဖူးသောသီဟရာဇာက တောင်းပန်၍ မြတ်စွာဘုရား (၈) ဝါအရတွင် ရာမညဒေသသို့ ပင့်ဆောင်လာ၏။ ဘုရားရှင်သည် တိုင်းသူပြည်သားတို့အား တရားဟောတော်မူပြီးလျှင် ရသေ့(၆)ဦးအား ဆံတော်(၆)ဆူ ချီးမြှင့်တော်မူ၏။ ပရိနိဗ္ဗာန်စံပြီး နောက်တွင်လည်း ဂဝံပတိရဟန္တာက သွားတော် (၃၃) ဆူ ပင့်ဆောင်ပေးသဖြင့် ကျောက်စေတီတည်ထားကြလေသည်။ (အကျယ်ကို မွန်ရာဇဝင်စေတီသမိုင်းပေါင်းချုပ်မှ ယူပါလေ။)

ဂဝံပတိထေရဂါထာနှင့် အပဒါန်ပါဠိတော်တို့၌ကား ဤအကြောင်း မပါရှိပေ။ သို့ရာတွင် ဂဝံပတိထေရ်ကို မွန်တို့သာမက မြန်မာတို့ကလည်း အလေးအမြတ်ပြုကြ၏။ အနော်ရထာမင်းကြီးကား ကိုယ်တော်တိုင် ရုပ်တုထု၍ ကိုးကွယ်ခဲ့သည်။ ကျန်စစ်သားမင်းကြီး နန်းသစ်တွင် ဗုဒ္ဓရုပ်ပွားတော်နှင့်အတူ ထား၍ ကိုးကွယ်လေသည်။ (ရွှေစည်းခုံကျောက်စာ စသည်) ဟု ဓမ္မာစရိယ ဦးဌေးလှိုင် ရေးသား မှတ်တမ်းတင်ခဲ့သော မြန်မာနိုင်ငံ ပဋိပတ္တိသာသနာတော် 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်တွင် လေ့လာရပါသည်။

ကျိုက်ထီးဆောင်းစေတီပရိဝုဏ်



www.burmeseclassic.com

www.burmeseclassic.com



ရှိ ဓာတုဝင်ဆံတော်ရှင်များသမိုင်း ကျောက်စာတော် စာမျက်နှာ (၁) တွင်-

သာသနာတော်အစ သထုံက - မဟာနှစ် ၁၁၀ ပြည့်နှစ်တွင် အရှင်ဂဝံပတိရဟန္တာမြတ်ကြီးသည် အတိတ်ဘဝမှ တော်စပ်ခဲ့သော မိခင်အား ရှာဖွေ၍ ကျေးဇူးဆပ်ရန်အတွက် မွေးစားဖခင် သီဟရသေ့၊ ဘကြီးတော် တိဿရသေ့နှင့် ဥဖွားနောင်တော် တိဿဓမ္မရာဇာ မင်းနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့အား ဉာတတ္ထစရိယအကျင့်နှင့် လျော်စွာ တရားဓမ္မများ ဟောကြားဆုံးမ၍ ကြည့်ရှုကယ်မလိုသော ဆန္ဒတော်ဖြင့် သုဝဏ္ဏဘူမိ သထုံတိုင်းသို့ ကောင်းကင်ဗျာန်ခရီးဖြင့် ကြွတော်မူလေသည်။

မင်းနှင့်တကွ တိုင်းသူပြည်သားလူအများတို့အား တရားဓမ္မများ ဟောကြား ဆုံးမတော်မူသောအခါ ကျွတ်ထိုက်သူဟူသမျှ ကျွတ်တမ်းဝင်ကြလေသည်။ ထိုအခါ ရသေ့မြတ်အပေါင်းနှင့် မင်းပြည်သူတို့သည် ဘုရားရှင်အား မျက်မြင်ဒိဋ္ဌ ဖူးတွေ့ရပါလိုကြောင်း အသနားခံ တောင်းပန်ကြသဖြင့် အရှင်ဂဝံပတိသည် ဘုရားရှင်အား ပင့်လျှောက်ရန်အတွက် မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူလေသည်။

ဘုရားရှင်သည် အရှင်ဂဝံတိ၏ ပင့်လျှောက်သည်ကို ကြားတော်မူသော် အနာဂတ်သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူရာ နောင်အနာဂတ် သာသနာတော်သည် သုဝဏ္ဏဘူမိတိုင်းတွင် နေလိုလလို ထွန်းလင်းတောက်ပ ပွင့်လင်းမည်ကို သိမြင်တော်မူသည်။ ထိုအကြောင်းကြောင့် ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် နောက်ပါရဟန္တာနှစ်သောင်းနှင့်တကွ သုဝဏ္ဏဘူမိတိုင်းသို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွတော်မူလေသည်။

သုံးလောကထွတ်တင် ဘုရားရှင်သည် တောင်သွယ်လေးခု ပေါင်းဆုံရာ တောင်စကြာခေါ် ကေလာသတောင်တော်သို့ ကြွတော်မူရာတွင် ခရီးဦးကြိုဆိုလျက်ရှိသော ဘုမ္မိမယ်တော်၏ ကုဿာသယ မြသပိတ်တော်ကို အလှူခံယူတော်မူရန် မြသပိတ်တောင်တော်တွင် ရှေးဦးစွာ ခြေတော်ချပြီး ထိုမှတစ်ဖန် ကေလာသတောင်တော်သို့ကြွမြန်းတော်မူလေသည်။ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူသဖြင့် နတ်၊ လူအပေါင်း ခြောက်သောင်းတို့ ကျွတ်တမ်းလွတ်လမ်းဝင်ကြလေသည်။ ဘုရားရှင်သည် မဇ္ဈိမဒေသသို့ ပြန်ကြွရန် အားထုတ်တော်မူသောအခါ ရသေ့မြတ် (၆) ပါးသည် ဘုရားရှင်ကိုယ်စား ကိုးကွယ်ရန်အလို့ငှာ လျှောက်ထားတောင်းပန်သော် ဆံတော်မြတ် (၆) ဆူ ပေးသနားတော်မူလေသည်။ နောက်နေ့မှရောက်လာကြသော ရသေ့မြတ် (၆) ပါးတို့လည်း ထပ်မံ တောင်းပန်သဖြင့် ဆံတော်မြတ်(၆)ဆူ ပေးသနားတော်မူပြန်သည်။ နောက်ဆုံးမှ ရောက်လာသော ဒေဝကုဏ္ဍလ၊ မဏိကုဏ္ဍလ နတ်ဘီလူးညီနောင်တို့က တောင်းပန်သဖြင့် ဆံတော်မြတ်နှစ်ဆူ ပေးသနားတော်မူပြန်သည်။

ထိုဆံတော်မြတ်အပေါင်းသည် ဘုရားရှင်ကိုယ်တော်တိုင် သက်ရှိထင်ရှား ပေးသနားတော်ကြောင့် 'သဇီဝဆံတော်များ' ဟု သတ်မှတ်ခေါ်တွင်လေသည်။ ပူဇော်ခြင်းအလို့ငှာ ဆံတော်များ မရရှိသော ဈာန်အသိဉာဏ်ရသည့် ရသေ့များမှ အဓိဋ္ဌာန်ပြု ဆုတောင်းသဖြင့် ဆုတောင်းသဖြင့် မူရင်းဆံတော်မှနေ၍ ပွားလာသော ဆံတော်ပွားများလည်း ရှိနေသေးကြောင်း ဓမ္မစေတီမင်း ရေးထိုးခဲ့သော ကေလာသတောင်ထိပ်ရှိ ရှေးမွန်သမိုင်းကျောက်စာတွင် မှတ်သားသိရှိရပါသည်။

သမိုင်းကျောက်စာတော် စာမျက်နှာ (၂) တွင် -

**ဆံတော်ရရှိသောရသေ့မြတ်များ**

၁။ တိဿကုမာရရသေ့ ဂစ္ဆဂီရိခေါ် ဇင်းကျိုက်တောင် ဇင်းကျိုက်ဆံတော်ရှင်၊
၂။ သီဟကုမာရရသေ့ ဖရုံတောင် ကုသိနာရုံ ဆံတော်ရှင်၊
၃။ တိလရသေ့ ဒိုးခလွန်းခေါ် ကေလာသတောင်ကေလာသဆံတော်ရှင်၊
၄။ ဒိဗ္ဗစက္ခုတာယရသေ့ သီရိပဗ္ဗတာခေါ် ကုသိနာရုံတောင် ကုသိနာရုံဆံတော်ရှင်၊
၅။ ပုဒ္ဓဉာဏရသေ့ ဒိုကပေါ့ခတွန်ကလိုင်ခေါ် ကျိုက်ထီးရိုးတောင် ဆံတော်ရှင်၊

**နောက်ရက်တွင် ဆံတော်ရရှိသော ရသေ့များ**

၁။ ကပ္ပရသေ့ မွတ်လအိတောင် မွတ်လအိဆံတော်ရှင်၊
၂။ နာရဒရသေ့ မွတ်လအတောင် မွတ်လအဆံတော်ရှင်၊



www.burmeseclassic.com

www.burmeseclassic.com



၃။ ဝါဂရုရသေ့ ဝါဂရုလမိုင်း - ကေလာသတောင်လမိုင်း ကေလာဆံတော်ရှင်၊
၄။ ကပ္ပိန္နရသေ့ ကျိုက္ခမီတောင် ကျိုက္ခမီတောင်ဆံတော်ရှင်၊
၅။ ဒိုးယွန်ရသေ့ ကျိုက်ဒေးယျုံတောင် ကျိုက်ဒေးယျုံဆံတော်ရှင်၊
၆။ အလ္လကပ္ပရသေ့ ဆောင်ခဲခေါ် ကျိုက်တဲတောင် ကျိုက်တဲဆံတော်ရှင်၊

နောက်ဆုံးမှရောက်ရှိလာသော နတ်ဘီးလူးညီနောင်အား ဆံတော်မြတ်နှစ်ဆူ ပေးသနားတော်မူပြန်သည်။ ဒေဝကုဏ္ဍလ၊ မဏိကုဏ္ဍနတ်ဘီလူးညီနောင်တို့သည် ဆွေတော်မျိုးတော်များနှင့်အတူ ဂဝံကျောက်သတ္တာများဖြင့် အထူးစီမံကာ စေတီတစ်ဆူ တည်ထားရာ၌ ဆံတော်ရှင်မြတ်အား ဌာပနာသွင်းကာ ကိုးကွယ်လေသည်။ ယခုအခါ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီဟု ဘွဲ့အမည်တွင်လေသည်။

ကေလာသတောင်ဆရာတော်မှလည်း ဤတောင်ထိပ်ဤတောင်တန်းသည်ကား မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်ကာ ဆံတော်များဝေရာနေရာ၊ တရားဟောကြား၍ သတ္တဝါများကျွတ်တမ်းဝင်ရာနေရာများဖြစ်၍ အောင်မြေဖြစ်ကြောင်း၊ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဂေါတမမြတ်စွာဘုရားရှင်နှင့် နောက်ပါရဟန္တာများ၊ အရိယာအရှင်ထေရ်သခင်မြတ်ကြီးများ၊ မဟာသာဝကကြီးများ (၇) ပတ်လုံး သီတင်းသုံးနေထိုင်၍ ဤနေရာသည်ကား သူတော်ကောင်းများ တရားအားထုတ်ရာ သာသနာထွန်းရာနေရာဖြစ်မည်ဟု ဗျာဒိတ်ပေးခဲ့ရာ မူလဘူတနေရာလည်းဖြစ်ကြောင်း မိန့်ကြားပါသည်။ ထို့ပြင် ဤနေရာ၌ ပရိဘောဂစေတီတည်ထားရန် မြသပိတ်တော်အစစ်ကို ပေးခဲ့ရာနေရာလည်းဖြစ်သည်။ မြသပိတ်စေတီကိုလည်း အချိန်ရလျှင် သွားဖူးကြဦးဟု မိန့်ကြားခဲ့သည်။ ကျွန်မတို့မှာ ဆေးခန်းဖွင့်ရန်နေရာလည်း မေးမြန်းရမည်ဖြစ်၍ မြသပိတ်စေတီတော်ကို အဝေးကသာ လှမ်း၍ ဖူးခဲ့ရပါသည်။ ကေလာသတောင်တက်လမ်းတွင် မြသပိတ်စေတီသွားရာ ကားလမ်းခွဲရှိပါသည်။

တောင်ပေါ်မှ ပြန်အဆင်းတွင် တောင်တက်ခရီးလောက် စိုးရိမ်မှုမဖြစ်တော့ပါ။ တဖြည်းဖြည်း တောင်ခြေနှင့် နီးလာပြီ ဖြစ်သည်။ တန်ခိုးကြီး ဆံတော်ရှင်စေတီများတို့၏ မူလ ဆံတော်ဝေရာနေရာသို့ မရည်ရွယ် မမျှော်လင့်ဘဲ ရောက်ခဲ့ရသဖြင့်လည်း ရင်မှာ အလွန်ပီတိဖြစ်ခဲ့ရသည်။ ဤကေလာသစေတီကို စာရေးသူတို့အား ဖူးမြော်ထိုက်အောင် ရှေ့မှ ကြိုတင်သွားကာ ဤအောင်မြေဌာနသို့လိုက်ခဲ့ပါရန် ကုသိုလ်ထူးကိုပေးခဲ့သော ကျိုက္ကော်မြို့မှ (၉)မိုင်အကွာတွင်ရှိသည့် ဂမုန်းတွင်းကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်လေး ဦးခန္တီစာရအားလည်း အထူးကျေးဇူးတင်မိရပါသည်။

ဤကေလာသစေတီတော်မှ ပြန်အဆင်း ကားလမ်းတွင် စာရေးသူတို့ ဓာတ်ပုံများရိုက်ပါသည်။ ကားလမ်းဘေးရှိ အမြစ်ဆုံသစ်ပင်ကြီးမှာလည်း အမှတ်တရဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။ ဤခရီး ဤလမ်းမှာ ရန်ကုန် - မော်လမြိုင်ကားလမ်းနှင့် အလှမ်းမဝေးလှပါ။ အောင်မြင်ရာအောင်မြင်ကြောင်း အောင်ဆုထူးပန်ကာ ဥပုသ်အဓိဋ္ဌာန်ဝင်၍ တရားအားထုတ်ရန်လည်း အလွန်ပင် အေးချမ်းလှပါသည်။ စာရေးသူကဲ့သို့ ကုသိုလ်ထူးစွာ ကေလာသတောင်တော်သို့ သွားရောက်ကာ ကေလာသစေတီအား ဖူးမြော်ကြစေရန် နိဗ္ဗာန်ကို အကျိုးမြော်၍ ခရီးစဉ်ရေးသားလိုက်ပါသည်။

ရွှေယဉ်လှိုင်း
(စီးပွားရေးတက္ကသိုလ်)

မှီငြမ်း -

၁။ ဓမ္မာစရိယ - ဦးဌေးလှိုင် ရေးသား မှတ်တမ်းတင်ခဲ့သော မြန်မာနိုင်ငံပဋိပတ္တိသာသနာတော် 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ'
၂။ ဓာတုစင် ဆံတော်ရှင်များသမိုင်း ကျောက်စာတော် စာမျက်နှာ (၁) နှင့် (၂) (ကျိုက်ထီးဆောင်း)
၃။ ကေလာသ ဆံတော်ရှင်တောင်တော်ကျောင်းတိုက် ဆရာတော် မိန့်ကြားမှု





www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ချီစွမ်းအင်သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပျူဟာ(၁၆၈)






### ၆၂။ မီးဖိုချောင်တည်နေရာနှင့် လိုက်နာရမည့်စည်းကမ်းများ

မီးဖိုချောင်အား အိမ်၏ အတွင်းဘက်ကျကျနေရာတွင် ထားရှိရပါမည်။ မီးဖိုချောင်နေရာကို အရှေ့တံခါးမှ (အတတ်နိုင်ဆုံး) မမြင်ရသောနေရာတွင် စီစဉ်ထားရှိရပါမည်။ ဖြစ်နိုင်ပါက အိမ်မကြီးနှင့် နံရံခြားကာ သီးခြားခွဲထုတ်ပေးခြင်း၊ နှစ်ထပ် (သို့) သုံးထပ်ရှိအိမ်ဖြစ် ပါက မြေညီထပ်တွင် ထားရှိခြင်းက အကောင်းဆုံးဖြစ်ပါသည်။ အကယ်၍ မီးဖိုချောင်နေရာသည် မြေအောက်ခန်းကဲ့သို့သောအနိမ့်တွင် ရှိနေပါက မိသားစု၏ အိမ်ထောင်ဦးစီး (အမျိုးသမီး) အတွက် မကောင်းသော အတိတ်နိမိတ်ကို ဖြစ်စေပါသည်။ အိမ်အတွင်းဘက်သို့ လျှောက်လိုက်သည်နှင့် မီးဖိုချောင်အခန်းက ဝဲဘက်ထက် ယာဘက်ခြမ်းတွင် ရှိနေခြင်းက ပိုမိုသင့်တော်ပါသည်။ မီးဖိုချောင်သည် ဝဲဘက်တွင်ရှိနေခဲ့ပါက မိသားစု၊ မောင်နှမသားချင်း ခိုက်ရန်ဖြစ်ပွားတတ်သည်ကို သတိပြုပါ။

ထို့ပြင်မက အရွယ်မရောက်သေးသူ ကလေးအရွယ်ကပင် မိဘအပေါ် ကလန်ကဆန်ပြုခြင်း၊ ပြန်ပြောခြင်းတို့ကြောင့် မိဘများ စိတ်လက်ညှိုးနွမ်း(သို့) ဒေါသဖြစ်ကာ နေ့စဉ် ပြဿနာမီးတောက်လောင်နေပါမည်။

### အနောက်မြောက်နှင့် အနောက်တောင်အရပ်ကို ရှောင်ရှားခြင်း

မီးဖိုခန်းအား အနောက်မြောက်အရပ်တွင် ထားရှိပါက မိသားစုအကြီးအကဲ၊ အိမ်ထောင်ဦးစီး (အမျိုးသား) အတွက် အကျိုးစီးပွားထိခိုက်စေပြီး အနောက်တောင်အရပ်တွင် ထားရှိပါက အိမ်ထောင်ဦးစီး (အမျိုးသမီး) အတွက် ထိခိုက်နစ်နာမှုရှိလာနိုင်ပါသည်။ ထိုကဲ့သို့ အိမ်ထောင်ဦးစီး အမျိုးသား (ဖခင်) သို့မဟုတ် အမျိုးသမီး (မိခင်) တို့၏ အလုပ်အကိုင်၊ စီးပွားရေး၊ ကျန်းမာရေးနှင့် စိမ်ခန့်ခွဲခွင့်အာဏာများ ထိခိုက်စေခြင်းမှ ရှောင်လွှဲရန် မီးဖိုချောင်အား အထက်ပါ အရပ်ထောင့်(၂)ခု၌ မထားရှိမိစေရန် ဂရုပြုပါ။

### ၆၃။ မီးဖိုချောင်အတွင်း ဆားဖြင့် သန့်ရှင်းစင်ကြယ်စေခြင်း

မီးဖိုချောင်အတွင်း၌ မကောင်းသောစွမ်းအင်များ မကြာခဏခိုအောင်းနေတတ်ပါသည်။ မကောင်းသောစွမ်းအင်များ သြဇာမကြီးထွားမီ မီးဖိုခန်း၏ နံရံ၊ ကြမ်းပြင်၊ တံခါး၊ ပစ္စည်းတင်စင်များအား ဆားကြမ်းဖြင့် ပွတ်တိုက်ပေးရပါမည်။ ထိုသို့ လုပ်ပေးခြင်းဖြင့် မီးဖိုခန်းအတွင်း သန့်ရှင်းစေရုံသာမက ခိုအောင်းနေသော မကောင်းသည့် စွမ်းအင်များကိုပါ ရှင်းထုတ်ပြီးသား ဖြစ်ပါမည်။ အထက်ပါနည်းအတိုင်း လိုက်နာ






www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ခြင်းမရှိပါက မီးဖိုချောင်၏ ထောင့်များတွင် ခိုအောင်းနေသည့် မကောင်းသောစွမ်းအင်များ ပြဿနာကြီးမားလာကာ အိမ်မိသားစုတစ်ခုလုံးအား ပုံစံအမျိုးမျိုးဖြင့် ထိခိုက်စေပါမည်။

မီးဖိုခန်းအား ဆားဖြင့်ပွတ်ရာ၌ ရေစိုအဝတ်ပေါ်တွင် ဆားကြမ်းတင်၍ ဖြည်းညင်း သေချာစွာ နေရာအနှံ့ ပွတ်တိုက်ပေးပါ။ မိမိစိတ်အတွင်းမှမကောင်းသော စွမ်းအင်များအား ရှင်းလင်းဖယ်ရှားနေသလို ပုံပေါ်အောင် အာရုံစိုက်၍ နံရံ၊ ကြမ်းပြင်တို့အား ပွတ်တိုက်ပေးပါ။

### ၆၄။ မီးဖိုခန်းအတွင်း မီးဓာတ်ကိုယ်စားပြုပစ္စည်းများနှင့် ရေဓာတ်ကိုယ်စားပြုပစ္စည်းများအား သင့်တော်စွာ ထားရှိခြင်း



မီးဖိုချောင်အတွင်း ဓာတ်ကြီးငါးပါး၏ကိုယ်စားပြု ဓာတ်တစ်ခုချင်းစီအား သူ့နေရာနှင့်သူ သဟဇာတဖြစ်အောင် စီစဉ်ထားရှိရန် လိုပါသည်။ ဓာတ်ကြီးငါးပါးအနက် မီးဓာတ်နှင့်ရေဓာတ်က မီးဖိုချောင်အတွင်း အဓိက ဦးဆောင်ပါဝင်နေပါသည်။ ၎င်းဓာတ် (၂) မျိုးသည် ပစ္စည်းများထားရှိပုံအပေါ် မူတည်၍ ကောင်းကျိုးရော ဆိုးကျိုးပါ ပေးနိုင်သည့်ဓာတ်များ ဖြစ်သည်။ ရေဓာတ်၏ သဘာဝအရ စီးပွားဥစ္စာများ ဒီရေအလားတိုးတက်မည့်နိမိတ်ဆောင်သလို ရေနှင့်အတူ မျောပါ ဆုံးရှုံးစေနိုင်သည့် မကောင်းသောနိမိတ်ကိုလည်း ဆောင်ပါသည်။ ထို့အတူ မီးသည် အပေါ်ဘက်သို့ ဆန်တက် ရွှေ့လျား၍ တောက်လောင်သည့်သဘော၊ မာန်ဟုန်ပြင်းသည့်သဘောကြောင့် ကောင်းသတင်းများ ထင်ပေါ်ကျော်စောခြင်း၊ အများ၏



ကြည်ညိုလေးစားမှု၊ ဂုဏ်ပြုမှုခံရခြင်း၊ အသိအမှတ်ပြုခံရခြင်း၊ အောင်မြင်ခြင်းဟူသည့် ကောင်းသောနိမိတ်ဆောင်သလို မီး၏ ပူပြင်းစွာ တောက်လောင်မှုကြောင့် ပြာပုံကျသည်အထိ အရာရာ ပျက်စီးဆုံးရှုံးနိုင်မည့်သဘောကိုလည်း ပြနေပါသည်။ အထက်ပါအတိုင်း မီးနှင့်ရေသည် ကောင်းခြင်း၊ ဆိုးခြင်းသဘော (၂) ရပ်စီအား ပိုင်ဆိုင်ထားသည့်အနက် မီးကို ရေကနိုင်သည့် အခြေခံအချက်က မီးဖိုချောင်အတွင်း ပစ္စည်းထားရှိမှုအတွက် အရေးပါသော၊ သတိထားရမည်ဖြစ်သောကိစ္စပင် ဖြစ်သည်။

### လက်ဆေးကန်နှင့် မီးဖိုအား နေရာချထားပေးခြင်း

မီးနှင့်ရေ ထိပ်တိုက်ရင်ဆိုင်စေခြင်းဖြင့် အိမ်မိသားစုအတွင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ စကားများခြင်းဖြစ်တတ်ပါသည်။ ထို့ကြောင့် ရေဓာတ်ကိုယ်စားပြုလက်ဆေးကန်နှင့် မီးဓာတ်ကိုယ်စားပြုမီးဖိုတို့အား ထိပ်တိုက်ဆိုင်၍ နေရာချခြင်းမပြုသင့်ပါ။ ၎င်းပြင် မီးဖိုအပေါ်ဘက်၌ ရေတိုင်ကီ (ရေစင်) ထားရှိခြင်း၊ မီးဖိုခန်းအပေါ်ဘက်တည့်တည့်တွင် (အပေါ်ထပ်) ရေချိုးခန်း၊ အိမ်သာရှိနေခြင်းတို့ကလည်း ကောင်းသောလက္ခဏာ မဟုတ်ပါ။

ယင်ဓာတ်ကြီးစိုးသည့် ညပိုင်းအချိန်များ၌ မီးဖိုချောင်အတွင်း စွမ်းအင်မျှတစေရန် အနည်းဆုံး မီးတစ်ပွင့်ထွန်းပေးထားသင့်သည်။ သို့မှသာ ယန်စွမ်းအင်ကိုယ်စားပြုသော မီးဓာတ်အား မီးဖိုချောင်အတွင်း ထိန်းသိမ်းထားနိုင်ပါမည်။ ယင်းမှာ မီးဖိုချောင်ကိုသာမက အိမ်မကြီးရှိ အခန်းတိုင်းကိုပါ ယန်စွမ်းအင်ဖြင့် နွေးထွေးစေပါမည်။

အိမ်မကြီးတွင်ဖြစ်စေ၊ မီးဖိုခန်းတွင်ဖြစ်စေ ယန်ဓာတ်လုံးဝပျောက်သွားခြင်းမရှိစေရန် အထူးဂရုပြု ထိန်းချုပ်ရပါမည်။


### မီးဖိုချောင်နှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ

မီးဖိုအထက်၌ ကြည့်မှန်အကြီး၊ အသေး လုံးဝမထားရှိရ။ ထားရှိပါက မီးဓာတ်ကို နှစ်ဆတိုး၍ လွန်ကဲစေပါမည်။

မီးဖိုအား လှေကားရှိရာဘက်သို့ မျက်နှာမူမထားရ။ ထို့အတူ ရေပိုက်၊ သန့်စင်ခန်း၊ ရေချိုးခန်း၊ ရေခဲသေတ္တာ၊ စတိုခန်းရှိရာဘက်သို့ မျက်နှာလှည့်မထားရ။ မီးဖိုချောင်တံခါးပေါက်နှင့် ထောင့်ဖြတ်ကျသောနေရာ၌ထားရှိခြင်းက အကောင်းဆုံးဖြစ်သည်။ မီးဖိုအား နောက်ဖေးတံခါးပေါက်နှင့် မျက်နှာချင်းဆိုင်တွင် ထားရှိခြင်း၊ ပြတင်းပေါက်၏ အောက်ဘက်၌ ထားရှိခြင်းတို့ကလည်း အိမ်အတွင်းဝင်ရောက်လာသည့်ကောင်းသော ချီဓာတ်များအား အလျင်အမြန် ထွက်သွားစေတတ်သည်ကို သတိပြုပါ။


### ၆၅။ အိပ်ခန်းအတွင်း ကောင်းသောစွမ်းအင် တည်ငြိမ်စွာ ရှိနေစေခြင်း

အိပ်ခန်းအတွင်း အပြင်အဆင်အပေါ် မူတည်၍ ယန်စွမ်းအင်အနည်းအများကို ဖြစ်ပေါ်စေပါသည်။ အိပ်ခန်းအတွင်း ယန်စွမ်းအင် လွန်ကဲနေပါက စိတ်နှလုံးမတည်ငြိမ်ဘဲ အိပ်ပျော်ရန်ခဲယဉ်းနေပါမည်။ အခန်းအတွင်းရှိ ယင်နှင့် ယန်ဓာတ် (၂) မျိုး သဟဇာတမဖြစ်ပါက အိပ်စက်သူအတွက် အကျိုးရလဒ်လည်း မကောင်းနိုင်ပါ။ အိပ်စက်နားနေချိန်ဖြစ်သော ညပိုင်းသည် ငြိမ်းချမ်းတိတ်ဆိတ်မှု၊ လုံခြုံစိတ်ချမှုရှိခြင်းသဘောဆောင်သောကြောင့် အိပ်ခန်းအတွင်း သုံးသောဆေးအရောင်အား ယန်ဓာတ်လွန်ကဲစေသည့်အရောင် မဖြစ်စေရန် (နိုးကြားတက်ကြွသည့်သဘောမပါရန်) သတိထားသုံးစွဲသင့်ပါသည်။ ထို့ကြောင့် အိပ်ခန်း၏ ဆေးအရောင်က မနုလွန်း၊ မရင့်လွန်းသော အရောင်ဖြစ်ပါက အကောင်းဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အိပ်ခန်းနံရံများပေါ်၌ ရုပ်ပုံကားချပ်များ ချိတ်ဆွဲခြင်း

အိပ်ခန်းအတွင်း စိတ်လှုပ်ရှား တက်ကြွမှုမရှိစေရန် တက်ကြွလှုပ်ရှားမှု သဘောပါသည့် စစ်သူရဲကောင်းတို့၏ ပန်းချီ၊ ဓာတ်ပုံများ၊ ရုပ်တုများနှင့် နဂါး ရုပ်ပုံ၊ နတ်ရုပ်ပုံတို့အား နံရံ၌ ချိတ်ဆွဲ ထားရှိခြင်းမှ လုံးဝ ရှောင်ကြဉ်ရပါမည်။ အဆိုပါ ပန်းချီ၊ ဓာတ်ပုံများအား ဧည့် ခန်းအတွင်း၌သာ ထားရှိပါ။ အချို့က ညားခါစ (ပူပူနွေးနွေး) သတို့သား/သမီး ဓာတ်ပုံများ ချိတ်ဆွဲထားတတ်ကြသည်။ သို့သော်လည်း အိပ်ခန်းအတွင်း ယန် ဓာတ်တိုးပွားစေမည့် မည်သည့်ရုပ်ပုံ ကားချပ်ကိုမျှမထားရှိခြင်းက အကောင်း ဆုံးဖြစ်သည်။

အိပ်ခန်းအတွင်း အိပ်စက်နေစဉ် ယန်ဓာတ်အနည်းငယ်ရရှိရန် မှိန်ပျပျမီး ရောင်ထွန်းလိုက ထွန်းနိုင်သည်။ ထွန်း လိုသည့် မီးပွင့်ကို အပေါ်ဘက်တွင် မ ထားရှိရ။ အိပ်ရာဘေး၌ စားပွဲတင်မီး အိမ်ငယ်အဖြစ်သာ ထားရှိပေးပါ။

အိပ်ခန်းအတွက် မြေဓာတ်ကိုယ် စားပြုသော အညိုရောင်၊ နို့နှစ်ရောင် တို့ကို သုံးစွဲပေးပါ။

## ၆၆။ အိပ်ခန်းအတွင်းရှိ မကောင်းသော စွမ်းအင်များကို ဖယ်ရှားသန့်စင်ပေးခြင်း

နှစ်စဉ် နှစ်တိုင်း တရုတ်နှစ်သစ် ကူးပွဲတော်မတိုင်မီ မိမိအိပ်ခန်းအား သန့် ရှင်းရေးလုပ်ပေးရပါမည်။ ထိုအခါ အိပ် ခန်းအတွင်းထောင့်များတွင် ခိုအောင်း နေသည့် မကောင်းသော ချီဓာတ်များ အား လွင့်စဉ်ပျောက်ပျက်စေပြီး နှစ်သစ် ၌ သစ်လွင်သော စွမ်းအင်ကောင်းများ ဖြင့် မင်္ဂလာရှိစေပါမည်။ အိပ်ခန်းအ တွင်း-အပြင် သန့်ရှင်းရေးလုပ်ပေးရန် ဆိုလိုပါသည်။ ပထမဦးစွာ ဆားဖျော်





...se sticks ...mbolize the fire element, and their smoke burns away harmful chi.

ထားသည့်ရေတွင် အဝတ်စကိုနှစ်၍ အိပ်ခန်းအတွင်း အသုံးအဆောင်ပစ္စည်း အားလုံး၏ မျက်နှာပြင်အား ပွတ်တိုက် ပေးပါ။ ပြီးနောက် အိပ်ခန်းအတွင်း ဓာတ်ကြိုးငါးပါး၏စွမ်းအင် မြင့်တက်လာ စေရန် အမွှေးတိုင်များ ထွန်းညှိ၍ ၎င်း ထွန်းညှိပြီး အမွှေးတိုင်အား လက်တွင် ကိုင်ဆောင်ကာ အိပ်ခန်းအတွင်း လက် ယာရစ်ပုံစံ (၃) ကြိမ်တိုင်တိုင် လှည့်ပတ် လမ်းလျှောက်ပေးပါ။ အမွှေးတိုင်၏ အမွှေးနံ့သာရနံ့များဖြင့် အခန်းအနံ့သန့် ရှင်း မွှေးကြိုင်စေသည့်နိမိတ်ကို ဖြစ်စေ ပါသည်။ အကယ်၍ အိပ်ခန်းအတွင်း မကောင်းသောစွမ်းအင်များ ခိုအောင်း နေပါက မီးဓာတ်ကိုယ်စားပြု အမွှေး တိုင်၏ အခိုးအငွေ့များကြောင့် အပြင်သို့ ထွက်သွားစေပါမည်။ ထို့နောက် ထိပ်ချွန် သော သလင်းကျောက်သန့်သန့်တစ်တုံး ဖြင့် အခန်းအတွင်း (လမ်းလျှောက်ရင်း) လေထဲ၌ အင်ဖင်နိတီအမှတ်လက္ခဏာ (စိတ်တွင်ပုံပေါ်အောင်)ရေးပေးပါ။ အိပ် ခန်းအတွင်း ဖုန်းရွှေအစီအရင်လုပ်နေစဉ် ပြတင်းပေါက်တံခါးများကို ဖွင့်ထားပေး ပါ။ သို့မှသာ ကောင်းသောချီဓာတ်များ ဝင်ရောက် စီးဆင်းလာပါမည်။


သစ်သားချီဓာတ်၊ ရေချီဓာတ်တို့ ဖြင့် အိပ်ခန်းအား သန့်စင်စေခြင်း၊ ထင်း ရှူးခက်တစ်ခက်အား ဆားဖျော်ထား သည့်ရေဖလားတွင် နှစ်၍ အိပ်ခန်းအ တွင်း လက်ယာရစ်ပုံစံလမ်းလျှောက်ရင်း ဖြင့် အခန်းအနှံ့ (ထင်းရှူးခက်ဖြင့်) ရေ ဖျန်းပေးပါ။ သစ်သားဓာတ်နှင့် ရေဓာတ် ပါဝင်သည့် ကောင်းသော ချီဓာတ်က အိပ်ခန်းအတွင်း နေရာအနှံ့ စိမ့်ဝင်၍ တစ်နှစ်ပတ်လုံး ကောင်းကျိုးချမ်းသာရ စေပါမည်။

## ၆၇။ အိမ်အတွင်းရှိ အလုပ်ခန်း၌ စွမ်းအင် မြှင့်တင်ခြင်း

မိမိအလုပ်လုပ်ရာ အခန်းအတွင်း လုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာပြီး နိုင်ရန် လုံလောက်သော ယန်ဓာတ် ရှိ နေရပါမည်။ ယန်ဓာတ်အားနည်းနေပါ က ဖုန်းရွှေပညာနှင့်အညီ တစ်နည်းနည်း ဖြင့် စွမ်းအင်မြှင့်ပေးရပါမည်။ အလုပ် လုပ်ရာအခန်းသည် အလင်းရောင်အား ကောင်းစွာရရှိခြင်း၊ သဘာဝအသံဗလံ များဖြစ်သည့် ပြင်ပမှာ ခွေး၊ ကြောင်၊ ငှက်အော်သံ၊ သစ်ရွက်ကြွေသံ၊ လေ တိုက်သံ၊ ရေကျသံတို့ ကြားနေရခြင်းရှိ ရန် လိုသည်။

## ရုံးခန်းအတွင်း အကျိုးပေးမည့် အရောင် များ


ရုံးခန်းအတွင်းအသုံးပြုသည့်ဆေး ရောင်သည် အခြားမည်သည့်အရောင် များနှင့်မျှ ရောစပ်ခြင်းမရှိသည့် ယန် စွမ်းအင်သက်သက် ကိုယ်စားပြုသည့် အရောင်သာ ဖြစ်ရပါမည်။ အလုပ်ခန်း အတွင်း မှုန်မှိုင်းဝေဝါးဟန်ရှိသည့် အရောင်များ လုံးဝမသုံးရ။ သင့်ရုံးခန်း





www.burmeseclassic.com

www.burmeseclassic.com



အတွင်း ယန်စွမ်းအင်ကိုယ်စားပြု အရောင်တောက်တောက်အပြင် ဓာတ်ကြီးငါးပါး ပါဝင်ကိုယ်စားပြုသော ဝတ္ထုပစ္စည်းများထားရှိခြင်းဖြင့် လုပ်ငန်းပိုမိုတိုးတက်မည့် အတွေးအခေါ် စိတ်ကူးသစ်များ ရရှိလာပါမည်။

**၆။ စာကြည့်ခန်းအတွင်း စိတ်ကြည်လင်လန်းဆန်းစေခြင်း**

မူလတန်းပညာသင်ကြားနေသော ကလေးများဖြစ်စေ၊ တက္ကသိုလ် ကောလိပ်တက်နေသည့် ဆယ်ကျော်သက် လူငယ်များဖြစ်စေ မိမိတို့၏စာကြည့်ခန်းအတွင်းဝင်သည်နှင့် စိတ်ကြည်လင်လန်းဆန်းနေရန် အရေးကြီးပါသည်။ စာကြည့်စားပွဲအား ပညာဉာဏ်တိုးတက်မှုကိုယ်စားပြုရာအရပ်ဖြစ်သော 'ဖုဝေ' အရပ်သို့ မျက်နှာလှည့်ပေးထားရပါမည်။ ဤအခါ စိတ်ကြည်လင်စွာဖြင့် သင်ခန်းစာထဲ အာရုံစူးစိုက်နိုင်ပြီး ပညာရေးတိုးတက်လာပါမည်။

မိမိတို့သားသမီးများအတွက် 'ဖုဝေ' အရပ်ကို မှန်ကန်စွာ ရွေးချယ်နိုင်ရန် ၎င်းတို့၏ ကွန်ပါတ် အတိအကျကိုသိရှိရန် လိုပါသည်။ ကွန်ပါတ်များအား နှစ်သစ်ကူးကာလအပေါ် အခြေခံ၍ တွက်ချက်ရပါမည်။ အရပ်ထောင့်အပေါ် မူတည်၍ မိမိအတွက် စာမေးပွဲကံကောင်းစေမည့်အရပ်ထောင့်ကို တွက်ချက်သတ်မှတ်နိုင်ပါသည်။

**ကွန်ပါတ်တွက်ချက်ပုံ**

ကွန်ပါတ်အတွက် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အတွင်း (နှစ်သစ်ကူးကာလ) မွေးဖွားသူများမှလွဲ၍ ကျန်ကာလတွင် မွေးဖွားသူများအားလုံး အင်္ဂလိပ်ပြက္ခဒိန်နှစ်အတိုင်း တွက်ချက်ရပါမည်။ ၎င်းပုဂ္ဂိုလ်များအတွက် မွေးနှစ်၏နောက်ဂဏန်း (၂) လုံးအား ဂဏန်းတစ်လုံးတည်း ဖြစ်သည်အထိ အဆင့်ဆင့်ပေါင်းပါ။

ဥပမာ ၁၉၄၈ တွင် မွေးဖွားသူဖြစ်ပါက ၄+၈+၁၂ = ၁၂ = ၁ + ၂= ၃ ဟူ၍ ရရှိပါမည်။ အကယ်၍ တရုတ်နှစ်သစ်ကူးမတိုင်မီ မွေးဖွားပါက တစ်လုံးတည်း ရရှိသောကိန်းမှ (၁) နုတ်ပေးရပါမည်။ ထိုအခါ ၃-၁= ၂ (နှစ်သစ်ကူးမတိုင်မီကာလတွင် မွေးသူ)

အကယ်၍ တရုတ်နှစ်သစ်ကူးကာလနောက်ပိုင်း မွေးဖွားပါက ယောကျ်ားကလေးဖြစ်လျှင် တစ်လုံးတည်းကိန်းအား (၁၀) ထဲမှ နုတ်ပါ။ ထိုအခါ ယောကျ်ားကလေး ကွန်ပါတ် ၁၀-၃=၇ (ကွန်ပါတ်)။

မိန်းကလေးဖြစ်လျှင် တစ်လုံးတည်းကိန်းအား (၅) ထည့်ပေါင်းပါ။ ထိုအခါ မိန်းကလေးအတွက် ကွန်ပါတ် ၅+၃ = ၈ (ကွန်ပါတ်) ဟူ၍ ရရှိပါမည်။

ကျောင်းသားများအတွက် စာမေးပွဲ၌ ကံကောင်းစေရန် ကျောင်းစာလုပ်နေစဉ် မျက်နှာမူရမည့်အရပ်ထောင့်ကို အောက်ပါဇယားအတိုင်း ကွန်ပါတ်အလိုက် သိထားရန် လိုပါသည်။

အကယ်၍ ကျောင်းသားသည် ယောကျ်ားကလေးဖြစ်ပါက အနောက်တောင်အရပ်၊ မိန်းကလေးဖြစ်ပါက အရှေ့မြောက်အရပ်တို့ကို မျက်နှာမူရပါမည်။

**အောင်မြင်မှုများ ယူဆောင်ပေးမည့် စာကြည့်စားပွဲကို ရွေးချယ်ခြင်း**

မိန်းကလေးများ ကျောင်းစာလုပ်ရန် အသုံးပြုသည့် အခန်းအတွင်း စွမ်းအင်မြှင့်တင်ရန်သင့်တင့်လိုက်ဖက်သောစားပွဲ ရွေးချယ်တတ်ရန် လိုပါသည်။ ကျောင်းသားအသုံးပြုမည့် စားပွဲသည်



အောက်ခြေ (ခြေထောက်) ညီညာခြင်း၊ စားပွဲမျက်နှာပြင် ညီညာချောမွေ့ခြင်းရှိရပါမည်။ စာကြည့်စားပွဲကို ကျောင်းတွင် အများအသုံးပြုသည့် သာမန်စာကြည့်စားပွဲများထက် အနည်းငယ်ကြီးစေရပါမည်။ ယင်းမှာ မိမိကြိုးစားအားထုတ်မှုများ ကြီးကျယ်ခမ်းနားစွာ အောင်မြင်စေမည့်နိမိတ်ကို ဆောင်ပါသည်။ ၎င်းပြင် ကျောင်းသား၏ စိတ်ပိုင်းဆိုင်ရာကြည်လင်ထက်မြက်နေစေရန် စာကြည့်စားပွဲပေါ်၌ ထိပ်ချွန်တစ်ခုပါသော သလင်းကျောက်တုံးတစ်ခုကို ထားရှိပေးပါ။ သလင်းကျောက်တုံးက အခြားသူများ၏အောင်မြင်မှုစွမ်းအင်များကို မိမိအတွက် စုပ်ယူပေးပါမည်။ အထက်ပါအချက်များနှင့် ပြည့်စုံပါက စာမေးပွဲကံကောင်းခြင်းအကျိုးကို ခံစားရပါမည်။

ဦးအောင်လှိုင်(သုခဉာဏ)

| ကွန်ပါတ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|---|
| မျက်နှာမူရမည့် အရပ် | မြောက် | အနောက် တောင် | အရှေ့ | အရှေ့ တောင် | * | အနောက် မြောက် | အနောက် | အရှေ့ မြောက် | တောင် |



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## မသာခေါင်းအဆင်ပေးသူ

**ကိုဘဲမြီး**

ရှေးအခါလို့ဆိုရမယ့် နေပြည်တော်မတည်မီကာလမှာ ပြန်ကပြေးဆိုတဲ့ ရွာကြီးဟာ ပျဉ်းမနားမြို့နယ် အနောက်ဘက်တည့်တည့်မှာ တည်ရှိပါတယ်။ ပျဉ်းမနားမြို့နဲ့ မနီးမဝေး (၂) မိုင်ကျော်ကျော်သာရှိတာမို့ ပြန်ကပြေးရွာဟာ မြို့မကျတောမကျလို့ ဆိုနိုင်ပါတယ်။

ပြန်ကပြေးက ကိုဘဲမြီးဆိုရင် ပြန်ကပြေး မဆိုထားနဲ့ ရွာနီးချုပ်စပ်နဲ့ (နေပြည်တော်) ပျဉ်းမနားကတောင် သိကြတာ များတယ်။ ကလေးနဲ့ ခွေးက အစ သိကြတယ်။ သူက လူပေတစ်ယောက်ပါ။

ဘာကြောင့်လဲဆိုတော့ ကိုဘဲမြီးဟာ ပိုက်ဆံရမယ့်အလုပ်ဆိုရင် ခိုးတာ၊ တိုက်တာ၊ ခါးပိုက်နှိုက်တာကလွဲရင် အကုန်လုပ်တယ်။ အရက်သောက်တယ်။ ထန်းရည်သောက်တယ်။ ဖဲရိုက်တယ်။ ကြက်တိုက်တယ်။ ကြုံရာကျပန်း အကုန်လုပ်တတ်တဲ့လူပါ။

မျက်နှာဝိုင်းပြည့်ပြည့်၊ အရပ်အမောင်းအလောတော်၊ အသားညိုညိုနဲ့ အမြဲလိုလို ခပ်ပြုံးပြုံးခပ်ပျော်ပျော်နေတတ်တဲ့လူပါ။ သူမိန်းမက မတင်လှတဲ့။ မျက်နှာသွယ်သွယ်နဲ့ ဖြူဖြူဖွေးဖွေးဖြစ်ပြီး လှပပါတယ်။ နှုတ်ရေးလည်း အတော်သိမ်မွေ့ပါတယ်။

ကိုဘဲမြီးနဲ့ မတင်လှတို့ဟာ ပြန်ကပြေး အလယ်ပိုင်းရပ်မှာနေကြပါတယ်။ သူတို့မှာ ကျော်ရှိန်း၊ ခင်မောင်မြင့်၊ ခင်မောင်တင့် ဆိုပြီး သား (၃) ယောက် ပွားစီးပါတယ်။ ကျွန်တော်တို့နဲ့ မှန်ကျောင်းမှာ ကျောင်းအတူနေကြတာပါ။ သူတို့ ညီအစ်ကို (၃)ယောက်ကတော့ မှန်ကျောင်းကနေ အတန်းကျောင်း ပြောင်းတက်ကြတော့ ခေတ်ပညာတတ်ကြပါတယ်။ (၃) ယောက်စလုံး ပြန်ကပြေးမှာမရှိဘဲ နယ်အသီးသီးမှာ အခြေချ နေထိုင်ကြပါတယ်။

ကိုဘဲမြီးအကြောင်းကို 'ကိုဘဲမြီးနှင့် သုံးထပ်ပဒိုင်းနက်သီး' ဆိုပြီး ရေးသား ပေးပို့ရာမှာ ၂၀၁၂ ခု၊ ဧပြီလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းမှာ ဖော်ပြခံရပြီးပါပြီ။ ကိုဘဲမြီး ဇရုတ်ကျပုံဖြစ်ရပ်မှန်ကို ရေးသား တင်ပြခဲ့ခြင်းပါ။ ခုလည်း ကိုဘဲမြီး ဇရုတ်ကျပုံနောက်တစ်ခုကို ထပ်မံ တင်ပြခြင်း ဖြစ်ပါတယ်။

**မသာခေါင်းခလေ့**

(နေပြည်တော်) ပျဉ်းမနားမြို့နယ်ရဲ့ အရှေ့ရိုးမနဲ့ အနောက်ရိုးမမှာ ကြီးမားတဲ့ သစ်တောဝါးတောကြီးတွေ တည်ရှိတယ်။ အဲဒါကြောင့် (နေပြည်တော်) ပျဉ်းမနားမြို့နယ်ရဲ့ ကျေးရွာတိုင်းတွေမှာ မသာခေါင်းအငှား ဆိုတာ မရှိခဲ့ဘူး။ ဘယ်သူသေသေ၊ ဘယ်လောက် ဆင်းရဲဆင်းရဲ ကိုယ်ပိုင်မသာခေါင်းနဲ့ မြေမြှုပ်သင်္ဂြိုဟ်လေ့ရှိတယ်။

အဲဒီလို မသာခေါင်းလုပ်ဖို့ ပျဉ်ရောင်းတဲ့ဆိုင်တွေက သစ်ပွလို့ ခေါ်ကြတဲ့ ဒီးဒူး၊ လက်ပံ၊ မအူ၊ သရက်၊ လဲပင် စတဲ့ သစ်ပွတွေကို ပေပျဉ်ခွဲပြီး အသင့် ရောင်းချကြတယ်။ အဲဒီခေတ်က သစ်တွေပေါတော့ အခက်အခဲမရှိကြပါဘူး။

အဲဒီ ဒီးဒူး၊ လက်ပံ စတဲ့ သစ်တွေက တကယ့်ဆင်းရဲသားတွေသုံးတဲ့ ပျဉ်ပါ။ချမ်းသာသူတွေကျတော့ ကျွန်းသားကို ခွဲထားတဲ့ ပေပျဉ်တွေသုံးတာကများ။ တကယ်တော့ အဲဒီ ကျွန်းပေပျဉ်တွေဆိုတာ အိမ်ကြီးအိမ်ကောင်းတွေမှာ တံခါး



www.burmeseclassic.com

www.burmeseclassic.com



ရွက်ခွေဖို့သုံးတဲ့ပျဉ်တွေပါ။ ဈေးအလွန်ကြီးပါတယ်။ ဒါပေမယ့် ဈေးဘယ်လောက်ကြီးကြီး ပိုက်ဆံအဓိကမကျဘဲ ဂုဏ်ရှိဖို့ အဓိကကျတဲ့ ချမ်းသာသူတွေကတော့ ကျွန်းခေါင်းကြီးကို လှလှပပ လုပ်ပြီး ပေါလစ်တွေပြောင်နေအောင် တင်ကာ ငါတို့ ကျွန်းခေါင်းနဲ့ မသာချနိုင်တယ် ဆိုတဲ့ဂုဏ်ကို ရယူခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးကြီးတဲ့ ကျွန်းခေါင်းကြီး မြေမှာ မြှုပ်ပစ်တာ နှမြောဖို့ကောင်းလှပါတယ်။

မိုးကုတ်မှာ ယောက်ဖတော်သူ မျိုးအောင်ကြီးဟာ အသက် (၄၁) နှစ်မှာ အရက်ကြောင့် အသည်းပျက်စီးကာ သေဆုံးသွားပါတယ်။ အဲဒီလို ဆုံးတော့ မျိုးအောင်ကြီးဟာ ကျွန်တော်တို့ အိမ်မှာဆုံးတာဆိုတော့ အကြောင်းကြားတာနဲ့ ကျောက်ဖျာကျောက်တွင်းတူးရာက နေအိမ်ကို ပြန်လာပါတယ်။

အဲဒီမှာ ကျွန်းပေပျဉ်တွေကိုခေါင်း ရိုက်ပြီး ဖိတ်ဖိတ်တောက်အောင် ပေါလစ်တင်ထားတာပါပဲ။ ခေါင်းက တကယ့် တန်ဖိုးကြီး စပါယ်ရှယ်ခေါင်းပါ။ အဲဒီမှာ လူတွေဆိုကြပါတယ်။

"မျိုးအောင်ကြီးဟာ ရှင်စဉ်မှာ ကောင်းကောင်းနေမသွားရပေမယ့် သေတဲ့အခါကျတော့ ခေါင်းကောင်းကောင်းနဲ့ နေသွားရတယ်"

လို့ ဆိုကြပါတယ်။

ဆိုလည်းဆိုလောက်စရာပါ။ မျိုးအောင်ကြီးဟာ စီးပွားရေးကို ကျောခိုင်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအတွက်သာ အခမဲ့ အချိန်ကုန်ခဲ့ရတာပါ။ စားဝတ်နေရေးကို ဇနီးဖြစ်သူက ဖြေရှင်းရပါတယ်။ သားသမီးတွေကလည်း အများကြီးပါ။

အရေးအခင်းပြီးတဲ့နောက်မှာ ဇနီးဖြစ်သူရဲ့ ဇာတိဖြစ်တဲ့ ပြောင်ခေါင်းဒေသကို ရွှေ့ပြောင်းသွားကြပါတယ်။ အရက်ကြိုက်သူ အရက်ချက်ရာ ဒေသရောက်တော့ 'ကွမ်းသီးကြိုက်သူ တောင်ငူပို့' သလို အလောတော်ဖြစ်သွားခဲ့ပါတယ်။ မိုးကုတ်က အရက်ဆိုင်တွေကို အရက်လာပို့တာကြောင့် ကြာကြာတစ်ခါ ဆုံရပါတယ်။ မျက်နှာရောင်းအမ်းစပြုပြီး အသံတွေဝင်နေပါပြီ။ နောက်ပိုင်း အိမ်မှာ ဆေးလာကုရင်း ဆုံးတာပါ။

အဲဒီအချိန် မယားညီတော်တဲ့ မောင်ကံဝင်းကလည်း စီးပွားရေးအဆင်ပြေတော့ကာ ယောက်ဖကြီးဖြစ်တဲ့ မျိုးအောင်ကို မျက်နှာမငယ်ရအောင် ကျွန်းခေါင်းနဲ့ အကျအနသင်္ဂြိုဟ်ပေးခြင်းပါပဲ။ အဲဒီခေတ်က မိုးကုတ်မှာ နာရေးကူညီမှုအသင်း မပေါ်သေးတာကြောင့် သုသာန်မှာ ကျင်းတူးပြီး မြှုပ်ကြတဲ့ ထုံးစံရှိတယ်။ မီးရှို့တဲ့ဟာတွေကျတော့ ခေါင်းကို အနီးရှိ ဘုန်းတော်ကြီးကျောင်းမှာလှူလိုက်ကြတာပါပဲ။

ခုချိန်မှာတော့ မိုးကုတ်မှာ မြတ်စေတနာ နာရေးကူညီမှုအသင်း ပေါ်ပေါက်နေပါပြီ။ အဲဒါကြောင့် ခေါင်းပျဉ်ဝယ်ရတဲ့ဒုက္ခ၊ခေါင်းရိုက်ရတဲ့ဒုက္ခ၊မသာလှည်းတွန်းရတဲ့ဒုက္ခတွေ မရှိတော့ပါဘူး။ နာရေးကူညီမှုအသင်းက အသုဘယာဉ်မှာ စတီးလ်ခေါင်းပါပြီးသား ဆိုတော့ သူ့ခေါင်းထဲကောက်ထည့်ပြီး သယ်သွားတာပါ။ သင်္ချိုင်းရောက်တာနဲ့ ဘယ်အလောင်းမှမြေမမြှုပ်တော့ဘဲ နာရေးကူညီမှုအသင်းက မီးသင်္ဂြိုဟ်ပေးပါတယ်။ ထင်းအနည်းငယ်နဲ့ ဆိုင်ကယ်တာယာ၊ ကားတာယာဟောင်းတွေ ထည့်ပြီး မီးရှို့တော့ အကုန်အကျနည်းပြီး သက်သာပါတယ်။ သင်္ဂြိုဟ်စရိတ် လှူလိုက်ကလှူနိုင်တယ်။ မလှူနိုင်ရင် ကုသိုလ်ဖြစ် သင်္ဂြိုဟ်ပေးပါတယ်။ ဒါက မိုင်းရှူးကပြန်ရောက်မှ မြင်ရတဲ့ မြတ်စေတနာ နာရေးကူညီမှုအသင်းပါ။

မိုးကုတ်ကျပ်ပြင်ဆိုတဲ့ မြို့ပြတွေမှာသာ နာရေးကူညီမှုအသင်းတွေရှိပေမယ့် မြို့နယ်ထဲမှာရှိတဲ့ ကျေးရွာအသီးသီးမှာတော့ လူသေတာနဲ့ ခေါင်းရိုက်ဖို့ ပျဉ်အရောင်းဆိုင်မှာ ပျဉ်သွားဝယ်ရလေ့ရှိတယ်။ ပေပျဉ်တော့ မဟုတ်ပါဘူး။ ခြောက်ငါးမူးလို့ခေါ်ကြတဲ့ ခင်းပျဉ်တွေပဲ ဝယ်လို့ရတာပါ။ အဲဒီခြောက်ငါးမူးတွေကို ခေါင်းဖြစ်အောင်စပ်ရိုက်ရခြင်းပါပဲ။ ပြီးမှ လုံခြုံအောင် အင်တွဲမှုန့်နဲ့ ရေနံဆီဖျော်ပြီး လေ့တွေ အင်တွဲဖာသလို အပေါက်တွေလိုက်ဖာကြတာပေါ့။ ခေါင်းမလုပ်ရတာ မွေးကင်းစကလေးတွေပဲရှိပါတယ်။ ဒါက မိုးကုတ် ပတ္တမြားမြေရဲ့ လူသေရင် ခေါင်းလုပ်ကြတဲ့ ဓလေ့ပါ။

ခုလို တိုးတက်လာတဲ့ ခေတ်ကြီးမှာကျတော့ သုံးထပ်သားဝယ်ပြီး ဒေါက်ခံကာ ခေါင်းရိုက်တဲ့ဓလေ့ဖြစ်လာပါတယ်။ မိုးကုတ်မှာ အလောင်းဟာ အေးခဲနေပြီးပုပ်ခဲပါတယ်။ အဲဒီတော့ အဆင်ပြေပါတယ်။

သစ်ဝါးအလွန်ရှားပါးပြီး လွင်တီးခေါင် အညာဒေသတွေမှာကျတော့ ခေါင်းကို ဘုန်းကြီးကျောင်းမှာထားပြီး လူသေရင် သွားငှားကြရတယ်။ မြေမြှုပ်ရင် လူသေကိုသာမြှုပ်ပြီး ခေါင်းကို ဘုန်းကြီးကျောင်း ပြန်ပို့ကြတဲ့ဓလေ့ရှိတယ်။ သူ့ဒေသနဲ့သူပေါ့လေ။ အကယ်၍ ချမ်းသာသူတစ်ယောက်သေလို့ ကိုယ်ပိုင်ခေါင်းနဲ့ချတယ်ဆိုရင် အဲဒီခေါင်းကို မြေမမြှုပ်ဘဲ ဘုန်းတော်ကြီးကျောင်းကို လှူတယ်လို့ ဆိုပါတယ်။ ဒါက အညာရဲ့ တောဓလေ့ပါ။

ကျွန်တော်ရောက်သွားတဲ့ မိုင်းရှူးရတနာမြေမှာကျတော့ အများအားဖြင့် ဈေးပေါပေါနဲ့ အသုံးပြုနိုင်တဲ့ ထင်းရှူးပျဉ်ဆိုတာ ဈေးအပေါဆုံး ဆိုတော့ ထင်းရှူးသားခြောက်ငါးမူးပျဉ်များနဲ့သာ ခေါင်းရိုက်လေ့ရှိကြတယ်။ ထင်းရှူးသားက ပေါ့ပါးပြီးပွပါတယ်။ ရွှေဘော်ထိုးရင် အတော်လှပါတယ်။ ဖြူနီနှစ်ရောင်စပ်တာကြောင့် လှပါပါတယ်။ မသာချတာ မြင်တိုင်း သတိထားကြည့်မိရင် ထင်းရှူးသားနဲ့ အခေါင်းရိုက်ကြတာ ထုံးစံဖြစ်နေပါပြီ။ ထင်းရှူး ဆိုတာ ဈေးအပေါဆုံး သစ်ပါ။ ကျန်တဲ့ ထောက်ကြံ့ စတဲ့ သစ်တွေက ဈေးကြီးလှပါတယ်။ ခိုင်လည်း ခိုင်ပါတယ်။ ထင်းရှူးက ခိုင်မာမှုမရှိဘဲ မီးလောင်လွယ်တဲ့သစ်ဆိုတော့ ဖက်စပ်တွေမှာ သိပ်မသုံးကြပါဘူး။

ဟိုးတော်အလွန်ခေါင်တဲ့ ရှမ်းပြည်နယ်ဘက်တွေမှာတော့ ဝါးလုံးကြီးတွေ တောနက်ထဲမှာ ဘယ်လောက်ကြီးလဲဆိုရင် လူသေထည့်လောက်တဲ့ဝါးကို သွားခုတ်ပြီး ခေါင်းလုပ်ကြတယ်လို့ ကြားဖူးတယ်။ လူတစ်ယောက်အတွက် ဝါး(၂)ဆစ်လောက်ကို အပေါ်ယံအဖုံးဖွင့်ပြီး အလယ်ဆစ်မှာခံနေတဲ့ အထဲကအမျက်ကိုထွင်းလိုက်ရုံနဲ့ ခေါင်းတစ်လုံးရကြောင်း ကြားသိရပါတယ်။ ကိုယ်တိုင်တော့ မမြင်ဖူးပါဘူး။ မိုးကုတ်မှာ အကြီးဆုံးဝါးဟာ (၃)ထွာဆိုင်လောက်တော့ တောနက်တွေထဲမှာ မြင်ဖူးပါတယ်။ ဒီတော့ သူတို့ပြောတာ ဟုတ်နိုင်တယ်လို့ တွက်ဆရတာပါပဲ။

လူသေထည့်တဲ့ ခေါင်းဆိုတာ မြို့ပြတွေမှာ ကွယ်ပျောက်ကုန်ကြပေမယ့် ကျေးလက်ဒေသတွေမှာတော့ လိုအပ်နေဆဲ ဖြစ်ပါတယ်။ မသာခေါင်းလုပ်တဲ့ အခေါင်းပျဉ်ကို လူအချို့က ယာယီပျဉ်လို့ခေါ်ကြပါတယ်။ စကားပုံတောင်ရှိပါတယ်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည် ဆိုတဲ့ စကားပါပဲ။

လူသေထည့်တဲ့ခေါင်းဆိုတာ ပျဉ်နဲ့လုပ်ကြတာ ထုံးစံပေမယ့် အချို့ သွပ်ခေါင်း၊ မှန်ခေါင်း၊ စတီးခေါင်း စသည်ဖြင့် ပုဂ္ဂိုလ်နှင့်လျော်ညီစွာ လုပ်ကြတာတွေလည်းရှိတယ်။ ဘာနဲ့လုပ်လုပ်ပေါ့လေ၊ လူသေပုပ်ထည့်တဲ့ ခေါင်းဟာ ခေါင်းပါပဲ။ ရွှေနဲ့လုပ်လည်း ရွှေခေါင်းပေါ့။ ငွေနဲ့လုပ်ရင် ငွေခေါင်းပေါ့။ အမှန်တော့ အပုပ်ကောင်ထည့်တာချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## သူများမလုပ်သေးတဲ့အလုပ်

တစ်နေ့မှာ ကိုဘဲမြီး ညီဖြစ်သူ ကိုစိန်ငွေနဲ့ ဆုံမိပါတယ်။ ကိုစိန်ငွေဟာ တပ်မတော်ထဲဝင်သွားပြီး နောက်ပိုင်းမှာ တပ်ကပြန်ထွက်လာပါတယ်။ အဲဒီမှာ တပ်ထဲက ဆံပင်ညှပ်တဲ့ အတတ်ပညာ ပါလာတာကြောင့် ဈေးအနီး လေသာ ကျောင်းအဝင်ပေါက်ရဲ့ အရှေ့ဘက် ဘေးမှာ 'စိန်ငွေဆံသဆိုင်' ဆိုပြီး ဆံပင် ညှပ်ဆိုင်ဖွင့်ပါတယ်။ အဲဒီလို ဆံပင်ညှပ် ဆိုင်ဖွင့်နေတုန်းမှာပဲ အသက် (၃၀) ဝန်း ကျင်လူပျိုကြီး ကိုစိန်ငွေဟာ သူတို့ အလယ်ပိုင်းအရပ်က မခွေးလေးနဲ့ အိမ် ထောင်ကျပြီး သားသမီးတွေတောင် မွေး နေပါပြီ။

"ကိုစိန်ငွေ"

"ဗျာ - အစ်ကို၊ ဘာပြောမလို့လဲ"

"ပိုက်ဆံရမယ့်အလုပ်တွေမှန်သမျှ ငါလုပ်ခဲ့တာ စုံနေပြီကွ။ အဲဒါ ပိုက်ဆံ လည်းရ၊ ကောင်းရောင်းကောင်းဝယ် လည်းဖြစ်တဲ့အလုပ်တစ်ခုကို ငါစဉ်းစား မိတယ်ကွ"

"ဘာလဲ၊ အစ်ကိုရဲ့အရက်ချက်တဲ့ အလုပ်က အဆင်မပြေဘူးလား"

"ပြေတော့ပြေတာပေါ့ဟ။ ဒီ အလုပ်ကသောက်လည်းသောက်၊ရောင်း လည်းရောင်းဆိုတော့ ငါနဲ့တော့ အဆင် ပြေတယ်။ ဒါပေမယ့် ဥပဒေနဲ့မကင်းတဲ့ အလုပ်ဆိုတော့ ဘယ်နေ့အချုပ်ထဲ ရောက်မလဲဆိုပြီး ကြောက်နေရတာကွ။ ခုဟာကျတော့ ဥပဒေလည်းကင်း၊ အများကောင်းကျိုးလည်း သယ်ပိုးရာ လည်းရောက်တဲ့အလုပ်ပဲဟ"

"ဘာအလုပ်မို့လဲ အစ်ကို။ ကျွန် တော် မတွေးတတ်ပါဘူး"

"ခေါင်းအလုပ်လေကွာ"

"ဘာခေါင်းလဲ အစ်ကိုရ"

"မသာထည့်တဲ့ခေါင်းလုပ်ရောင်း မလို့ဟ။ ခေါင်းပါဆိုမှ မသာထည့်တဲ့ ခေါင်းပေါ့"

"အာ. . . အစ်ကိုကလည်း၊ကြုံကြုံ ဖန်ဖန် ခေါင်းလုပ်ရောင်းတာ သုဘရာ ဇာအလုပ်လို့ ကျွန်တော် ကြားဖူးတယ်။ နေရင်းထိုင်ရင်း အစ်ကို သုဘရာဇာဖြစ် နေပါဦးမယ်"

"စိန်ငွေရာ ကြုံကြုံဖန်ဖန်၊ ငါက လူမြှုပ်ဖို့တွင်းတူးတဲ့ကောင်မှ မဟုတ် တာ။ ဘာလို့ သုဘရာဇာဖြစ်ရမှာလဲ။ ရန်ကုန်တို့ မန္တလေးတို့လို မြို့ကြီးတွေမှာ ခေါင်းလုပ်ရောင်းတဲ့လုပ်ငန်းတွေရှိတယ် လို့ ငါကြားဖူးတယ်။ သူတို့တွေ သူဌေး ဖြစ်ကြသတဲ့ကွ"

"အဲဒါက မြို့ကြီးပြကြီးလေ။ ကျွန် တော်တို့ ပြန်ကပြေးကတော့ ရွာပဲဟာ။ ကျော်မကောင်းကြားမကောင်းဖြစ်နေ ပါဦးမယ် အစ်ကိုရယ်"

"ဒီမှာ စိန်ငွေ၊ လူတွေဟာ သူများ မလုပ်တာကိုလုပ်မှ ချမ်းသာနိုင်တာကွ။ သူများလုပ်တာကို ကိုယ်လိုက်လုပ်ရင် အပြိုင်အဆိုင်မို့ အခက်အခဲရှိနိုင်တယ်။ ဒီခေါင်းအလုပ်ကတော့ ပြိုင်ဘက်မရှိဘဲ ကွ"

"အစ်ကို့ဟာကြီးက မနိပ်သေးပါ ဘူး။ ဆေးခန်းတွေ လူမမာ မျှော်သလို အစ်ကို့ဟာကလည်း ရွာကလူတွေအသေ ကို စောင့်မျှော်နေရမှာဆိုတော့ ရင်မော စရာကြီးပါဗျာ"

"သေတစ်နေ့ မွေးတစ်နေ့လို့ ဆို ထားတာပဲကွာ။ မွေးကတည်းက သေဖို့ မွေးလာကြတာဆိုတော့ လူမှန်ရင် တစ် နေ့ သေရမှာပဲ။ သေရင် မသာထည့်ဖို့ ခေါင်းလိုအပ်တာပဲ။ အဲဒီလိုအပ်ချက်ကို ငါက အသင့်အနေအထားနဲ့ ဖြည့်ဆည်း ပေးမလို့ပဲ။ ဒီတော့ သေသူရဲ့ မိသားစု တွေ ခေါင်းအတွက် ပျဉ်ရှာဝယ်ရ၊ လက် သမားငှားရတဲ့အလုပ်တွေသက်သာသွား မယ်။ ထိုက်သင့်တဲ့ အခကြေးငွေပေး လိုက်ရင် အသင့်လုပ်ပြီးသား ခေါင်းတစ် လုံးရမယ်။ အလွယ်တကူ ဝယ်ယူသုံးစွဲ နိုင်အောင် ငါကြံတာပဲကွ"

"ကဲ - အစ်ကို ခေါင်းတွေရိုက်မယ် ဆိုတော့ ခေါင်းလုပ်တဲ့ ပေပျဉ်ကိစ္စတွေ ကော စဉ်းစားပြီးပြီလား"

"စိန်ငွေရာ၊ ဘဲမြီးဆိုတာ ဆွဲကြိုး ချတဲ့အလုပ်ကလွဲရင် အကုန်လုပ်ခဲ့ဖူး တာပါကွ။ လွှတိုက်တဲ့ မြသောင်းတို့နဲ့ ညှိပြီး တောထဲက လက်ပံပင်ကြီးတွေ၊ သရက်ပင်အိုကြီးတွေ၊ ရွာထဲက လဲပင် ကြီးတွေ ထိုက်သင့်တဲ့ဈေးပေးပြီး ပေ ပျဉ်ခွဲမှာပေါ့ကွ"

"အင်း - ကျွန်တော်တို့တစ်သက် အစ်ကိုလက်ထက်ကျမှ ပြန်ကပြေးမှာ ခေါင်းလုပ်ရောင်းတယ်ကြုံရဦးမှာပေါ့"

"စိန်ငွေ၊ ဒါဘုရားအကြိုက် သမ္မာ အာဇီဝစစ်စစ်ကွ။ မင်းကော ငါနဲ့အစုစပ် ဝင်ဦးမလား"

"တော်ပါပြီ အစ်ကိုရာ၊ အစ်ကို့ ဟာအစ်ကိုသာ လုပ်ပါ။ ကျွန်တော် မပါ ချင်ပါဘူး။ ကျွန်တော့်ဟာကျွန်တော် ဆံပင်ပဲ ညှပ်တာကောင်းပါတယ်"

"ဒါဆိုလည်း ပြီးတာပဲ။ ငါက ငါ့ ညီမို့ ဒီကိစ္စကို ဖွင့်ပြောတာ" လို့ ဆိုပါတယ်။

အမှန်ပါပဲ။ ပြန်ကပြေးမှာ မသာ ခေါင်းလုပ်တဲ့အလုပ်ဟာ ဘယ်သူမှ မလုပ်သေးတဲ့အလုပ်ပါဘဲ။ အကြံတူ တော့ ရန်သူဆိုတာလည်း ပေါ်လာမှာ မဟုတ်ပါဘူး။ ပြန်ကပြေးမှာ မသာ ခေါင်း အပြိုင်လုပ်သူဆိုတာတော့ လုပ်ရဲ တဲ့ သတ္တိရှိကြမယ် မထင်ပါဘူး။ ပြိုင် ဘက်မရှိလုပ်ရမယ့် အလုပ်ပါဘဲ။

## ခေါင်းလုပ်ငန်းစပြီ

ကိုဘဲမြီးဟာ ရွာနီးချုပ်စပ် ပိုင်ရှင် မဲ့ တောထဲက လက်ပံပင်ကြီးတွေကို လွှဆရာငှားပြီး ပေပျဉ်တွေတိုက်ပါတယ်။ ဘယ်လက်ပံပင် သရဲဘယ်လောက် ခြောက်တယ် နာမည်ကြီးပါစေ ကိုဘဲမြီး ဟာ ဂရုမစိုက်ဘဲ လှဲပြီးပျဉ်ခွဲတော့တာ ပါပဲ။ ဒီလိုနဲ့ ခွဲပြီးသားတွေ အိမ်ရောက် ပြီဆိုတာနဲ့ လက်သမားတစ်ယောက်ငှား ပြီး သူနဲ့အတူ ခေါင်းတွေရိုက်ပါတော့ တယ်။ ရိုက်တာမှ ပျဉ်တိုလေးတွေကို ကလေးမသာခေါင်းပါရိုက်တာဆိုတော့ ဆိုက်စုံရှိပါတယ်။ ပြီးတော့ ပျဉ်ချပ်တစ် ခုမှာ သင်္ဘောဆေးအနက်နဲ့ သူဟာသူ ရေးထားတဲ့ ကြော်ငြာလက်ရေးဆိုင်း ဘုတ်ကိုလည်း စဉ်းရိုးအဝမှာ ချိတ်ဆွဲ ထားလိုက်ပြန်ပါတယ်။

'မသာခေါင်းဆိုက်စုံရောင်းသည်'

ဆိုတဲ့ ဆိုင်းဘုတ်လေးပါပဲ။ အိမ် ရှေ့မှာတော့ ခေါင်းကြီး၊ ခေါင်းငယ်အ သွယ်သွယ်ကို အလိုက်သင့်ထပ်ပြီး ရောင်း ပန်းပြထားပုံကတော့ တွေ့မြင်သမျှ လူ တွေ အံ့ဩသွားလောက်တဲ့ မြင်ကွင်းပါ ပဲ။ အချို့ဆို ရပ်ပြီး အကြာကြီးတောင် ကြည့်ကြတယ်။

"ဟယ်- ဘဲမြီးတို့ကတော့ လုပ်ချ လိုက်ပြန်ပါပြီ"

"ဘဲမြီးကတော့ တကယ့်ကြုံကြုံ ဖန်ဖန် ခေါင်းလုပ်ရောင်းရတယ်လို့ ဟယ်။ ရွာတော့ နိမိတ်မကောင်းတော့ ဘူးထင်ပါရဲ့"

"လုပ်စရာ ရှားလွန်းလို့ဟယ်။ ခေါင်းကြီးတွေ မြင်နေရတော့ စိတ်ထဲ မှာ မသတီပါဘူး"

"သူ့အိမ်က တစ်နေ့လုံး ခေါင်း ရိုက်သံကြီးကြားနေရတော့ ငါတို့မြင့် စိတ်ဆင်းရဲရပါတယ်အေ"

ဟုတ်ပါ့ဗျာ၊ ခေါင်းရိုက်သံဆိုတာ က အရင်တုန်းက မသာရှိမှသာ တခန်း ဒုန်းနဲ့ကြားရတာ လူသေထည့်တဲ့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ရိုက်တဲ့အသံဟာ ရှည်မျှောတဲ့သေတ္တာကြီးရိုက်ရတာဆိုတော့ လိုဏ်ခေါင်းသံဟိန်းထွက်ပြီး အဝေးကြီးကနေကြားနေရတယ်။ အဲဒီအသံကြီးကြားလို့ကတော့ မသာအိမ်မှာ ခေါင်းရိုက်နေပြီ ဆိုတာ ကလေး၊ လူကြီး အားလုံးသိကြတယ်။ ခေါင်းရိုက်တဲ့အသံဆိုတာ အမင်္ဂလာအသံလို့ လူတွေ သတ်မှတ်ထားတာကိုး။ အဲဒီတဒုန်းဒုန်းနဲ့ခေါင်းရိုက်တဲ့အသံကြီးဟာ ခုတော့ ကိုဘဲမြီးအိမ်က တစ်နေကုန်ကြားနေရတာကို။ ဒီတော့ မကြုံစဖူးကြုံနေကြရတဲ့လူတွေ စိတ်မချမ်းသာကြပေမယ့် ဘေးကနေအတင်းပြောတာကလွဲလို့ ဘယ်လိုမှမတားမြစ်သာပါဘူး။

ရွာထဲမှာ ခေါင်းမရိုက်ရဘူး၊ခေါင်းမရောင်းရဘူးလို့ အစဉ်အလာသတ်မှတ်ထားတာမှမရှိ... ပြီးတော့ ဒုစရိုက်အလုပ်လည်း မဟုတ်။ ကောင်းရောင်းကောင်းဝယ် လူသေရင် အမှန်တကယ်လိုအပ်တဲ့ ခေါင်းအလုပ်ဆိုတော့လည်း စိတ်ထဲ မနှစ်မြို့ကြပေမယ့် အားလုံးနှာစေးနေကြရပါတယ်။ ကိုဘဲမြီးဆိုတာကလည်း လုပ်ချင်ရာလုပ်တဲ့ တစ်ဇွတ်ထိုး လူရွတ်လူပေဆိုတာလည်း သိပြီးသားဆိုတော့ ဘယ်လိုမှမပြောသာပါဘူး။ မြင်တဲ့လူတိုင်းက အထက်ပါအတိုင်း ပွစိပွစိနဲ့ တစ်ခုခုတော့ပြောသွားတတ်တာ များပါတယ်။ ဘယ်သူကမှ ကိုဘဲမြီးကို တိုက်ရိုက်မပြောရဲဘူး။ တကယ်ဆို ခေါင်းလုပ်ငန်း ဆိုတာ သူကအပျော်လုပ်နေတာမှ မဟုတ်တာ။ စီးပွားရေးလုပ်နေတာကိုး။ ဒီတော့ မတော်လို့ သွားပြောရင် သူ့ထမင်းလုတ် ပုတ်ချတာနဲ့အတူတူပဲလေ။ ဒီတော့ ခေါင်းပုံကြီးကို သမင်လည်ပြန် ကြည့်သွားရုံမှတစ်ပါး အခြားမရှိပါဘူး။ ကလေးတွေကျတော့ အားမနာလျှာမကျိုးအုပ်စုလိုက် အကြာကြီး ရပ်ကြည့်လေ့ရှိကြတယ်၊ အထူးအဆန်းကိုး။

ကိုဘဲမြီးကတော့ ဒီခေါင်းအလုပ်အပေါ် မကောင်းတဲ့ ဝေဖန်ချက်တွေပေါ်လာမယ်ဆိုတာ သိပြီးသားပါပဲ။ ပြီးတော့ ဘဲမြီး ဆိုတာ မွေးကတည်းက ကိုယ်လုပ်ချင်ရာကို လုပ်လိုက်ရမှ ကျေနပ်တာကလား။

ပြန်ကပြေး ဆိုတာကလည်း ရပ်ကွက်ပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ ရွာကြီးဆိုတော့ လူဦးရေအများအပြားနေထိုင်တဲ့အတွက် လူသေတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။ ဒီတော့ ခေါင်းဆိုင်ဖွင့်ပြီး နှစ်ရက်လောက်အရမှာ သူ့ခေါင်းစတင် ရောင်းရပါတယ်။ လူကြီးခေါင်းပါ။ လူကြီးခေါင်းဆိုရင် သူက ငါးပေခွဲ ခြောက်ပေလုပ်ထားပါတယ်။

ဈေးနှုန်းကလည်း လူသေလို့ ခေါင်းတစ်လုံးဝယ်ရိုက်ရင် ကုန်ကျစရိတ်များဖြစ်တဲ့ မြင်းလှည်းခ၊ ပျဉ်ဖိုး၊ လက်သမားခ၊ သံဖိုး၊ အဲဒီလိုတွက်ကြည့်ပြီးမှ နည်းနည်းပဲ အမြတ်တင်ကာ ရောင်းတာဆိုတော့ သူ့ရဲ့ခေါင်းလုပ်ငန်းဟာ မြန်ကောင်းသက်သာမို့ ရွာနီးချုပ်စပ် ဖြစ်တဲ့ရွာတွေအထိကျော်ကြားသွားတာကြောင့် ရွာနီးချုပ်စပ်တွေဖြစ်တဲ့ ဆိတ်နံတုန်း၊ ညောင်ပင်ကြီးစု၊ ဂုံမင်းအင်း၊ တဲကြီးကုန်း၊ ရှားတော၊ တောက်ထိန်၊ သာယာကုန်း၊ ကြာပင်၊ မဲထီး စတဲ့ ရွာတွေကပါ လာရောက် အားပေးကြပါတယ်။ ကိုဘဲမြီးရဲ့ ခေါင်းလုပ်ငန်းဟာ အောင်မြင်တယ်လို့ ဆိုရမှာပါပဲ။

**ခေါင်းအရောင်းအဝယ်**

ကိုဘဲမြီးရဲ့ ခေါင်းတွေက မြင်သူကြိုက်လောက်အောင် လုပ်ရတာဆိုတော့ ရွှေဘော်ထိုးပြီး လုပ်ထားတာပါ။ ဖြစ်ကတတ်ဆန်း ခေါင်းဖြစ်ရင်ပြီးရောဆိုပြီး လုပ်တာမဟုတ်ဘူး။ တကယ့်ကို ချောချောမွတ်မွတ်နဲ့ အသေအချာလုပ်ထားတာပါ။ ဒီတော့ ဘယ်မသာအိမ်ကမှ အပင်ပန်းခံပြီး ခေါင်းရိုက်မနေဘူး။ သေသူရဲ့အရပ်အမောင်းကို နည်းနည်းပိုတိုင်းပြီး စိတ်ကြိုက်ရွေးကာ ဝယ်လိုက်ရုံပါပဲ။ ခေါင်းဝယ်တယ်ဆိုရာမှာ ဘယ်တော့မှ မသာရှင်ပါလေ့မရှိဘူး။ ရွာထဲက လူငယ်တွေကို တာဝန်ပေးလိုက်တာနဲ့ လူငယ်တွေက ဝယ်ပြီးသယ်လာလေ့ရှိတယ်။

ကြာလာတော့ လူငယ်တွေက ခေါင်းဈေးတောင် သိနေပါပြီ။ ဘယ်အရွယ်ခေါင်းဆို ဘယ်လောက်ပေးရမယ်ဆိုတာ သူတို့ကသိပြီးသားပါ။ ပိုက်ဆံသာပေးလိုက်၊ မကြာမီ လူငယ်တွေ ခေါင်းကြီး ထမ်းပြီး ရောက်လာလေ့ရှိတယ်။

လူကြီးအချို့ကတော့ ကိုဘဲမြီးရဲ့ လုပ်ရပ်ကို သဘောကျကြတယ်။

"ဘဲမြီးရာ၊ ခေါင်းလုပ်ရောင်းဖို့ မင်းမို့ တွေးမှတွေးတတ်ပလေကွာ။ လူတွေက အသုံးမကျတဲ့ လက်ပံသား၊ လက်ပံသားဆိုတာ ခုံဖိနပ်လုပ်တာကလွဲရင် ဘာမှအသုံးမကျဘူးလို့ ခိုင်းနှိုင်းကြပေမယ့် ခုကျတော့ လက်ပံပင်တွေက အသုံးတည့်နေတာပေါ့ကွာ။ ပြီးတော့ လူတွေဆိုတာ တစ်နေ့သေကြရမှာပဲကွ။ သေရင်ထည့်မြှုပ်ဖို့ ခေါင်းလိုတာပဲ။ ဟော ခုတော့ မင်းက အသင့်လုပ်ပြီး ခေါင်းတွေရောင်းနေတော့ကာ လူတွေ ခေါင်းကိစ္စ လုံးပန်းစရာမလိုတော့ဘူး။ ထိုက်သင့်တဲ့ အခကြေးငွေပေးလိုက်ရင် စိတ်ကြိုက်ရွေးယူလို့ရနေပြီ။ ငါတော့ မင်းကို အရမ်းသဘောကျတယ်, ဘဲမြီးရာ။ ကျန်တဲ့အလုပ်တွေ ငါမချီးကျူးပေမယ့် ဒီအလုပ်ကတော့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့အလုပ်မို့ ချီးကျူးသဟေ့"

အများက လေးစားကြတဲ့ ရပ်မိရပ်ဖတွေက ဒီလိုချီးကျူးတိုင်း ကိုဘဲမြီးဟာ သူ့အလုပ်အပေါ် အားတက်သရောရှိရပါတယ်။ လူဆိုတာ အတွေးအခေါ် အယူအဆချင်း တူကြတာမှ မဟုတ်တာ။ လောကဓံရှစ်ပါးထဲက ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း ဆိုတဲ့ သဘောတရားကို သိပြီးသားဖြစ်တဲ့ ကိုဘဲမြီးဟာ လောကဓံကို ကြံ့ကြံ့ခံနိုင်စွမ်းရှိနေပါပြီ။ အဲဒါကြောင့် ဘယ်သူဘာပြောပြော သူ့အလုပ်သာသူ စူးစူးနစ်နစ် ဇွဲရှိတစိုက်လုပ်လေ့ရှိတယ်။ -

ရွာအများအပြားက အမှီသဟဲပြုကာလာဝယ်နေကြတဲ့အခါ သူ့ခေါင်းဈေးဦးမပေါက်တဲ့နေ့ဆိုတာ ခပ်ရှားရှားပါပဲ။သူ့ရဲ့ပေပျဉ်အတွက် ဝလိုက်ချောင်းဘေးတွေမှာပေါက်တဲ့ မအူပင်တွေ၊ လက်ပံမျိုးနွယ်ဝင်လဲပင်ကြီးတွေ၊ သရက်ပင်အိုကြီးတွေ လှည့်ပတ်ဝယ်ပြီး ပျဉ်တိုက်ရပါတယ်။ ကုန်ကြမ်းရှိပါမှ ကုန်ချောဖြစ်တာကိုး။ ဒီတော့ စက်ဘီးတစ်စီးနဲ့ အပင်ရှာပုံတော်ဖွင့်ပြီး လိုက်ဝယ်ရတာကလည်း အလုပ်တစ်ခုပါပဲ။

ဒီတော့ ကိုဘဲမြီး အိမ်မှာ အငြိမ့်သားထိုင်ပြီး မရောင်းနိုင်ပါဘူး။ ပျဉ်အတွက် ရှာပုံတော်ဖွင့်ရတာလည်း မကြာခဏဆိုတော့ ခေါင်းလာဝယ်တဲ့လူတွေ သူနဲ့မတွေ့ရင် အခက်ကြုံရတာမို့ ခေါင်းရဲ့တန်ဖိုးကို ခေါင်းမှာ ခဲတံနဲ့ရေးထားလိုက်တာပါပဲ။ခေါင်းအရောင်းအသွက်လာတာမို့ လက်သမားတစ်ဦးနဲ့ မရတော့ဘဲ (၂)ဦးနဲ့လုပ်ရတဲ့ အခြေအနေအထိ တိုးတက်ခဲ့ပါတယ်။

'ဘဲမြီး ခေါင်းလုပ်ငန်း' လို့ ဆိုင်းဘုတ်မတင်ရုံတစ်မည် အောင်မြင်မှုကို ရရှိခဲ့ခြင်းပါပဲ။ ဒီအလုပ်က ကိုဘဲမြီးနဲ့ ကံစပ်လို့လား၊ နံစပ်လို့လားတော့ မသိဘူး။ တစ်ဟုန်ထိုးကို တိုးတက်အောင်မြင်လာခဲ့ခြင်းပါပဲ။ ဘဲမြီး ဆိုတာ နဂိုကမှ



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကြီးပါတယ်ဆိုမှ ခုတော့ သူ့ရဲ့ ခေါင်းလုပ်ငန်းကြောင့် ပိုပြီးနာမည်ကြီး ပြန်ပါတော့တယ်။

**မသာခေါင်းအဆစ်**

ဘဲမြီးလို့ဆိုလိုက်တာနဲ့ ပြန်ကပြေး က မသာခေါင်းလုပ်ရောင်းတဲ့ ဘဲမြီး လား ဆိုတဲ့ ဝိသေသက ပါလာစမြဲပါ။ လူဆိုတာ ကောင်းလုပ်လုပ်၊ ဆိုးတာပဲ လုပ်လုပ် မစို့တပိုမလုပ်နဲ့။ ကျော်ကြား ပြီး လူသိများအောင် လုပ်ရတယ်ဆိုတဲ့ စကားတစ်ခုဟာ ကိုဘဲမြီးအတွက်များ ရည်စူးခဲ့လေသလားအောက်မေ့ရတယ်။ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်ခဲ့ တုန်းကများ ခုလောက် နာမည်မကြီးခဲ့ပါ ဘူး။ ခုဟာက မသာခေါင်း ဆိုတဲ့ ဝိသေ သကြီးနဲ့ကို နာမည်ကြီးနေတာကလား။

ကိုဘဲကြီးနဲ့ အမြဲရင်ဆိုင်ရတာက ခေါင်းလာဝယ်တဲ့ လူငယ်တွေနဲ့ပါပဲ။ လူ ငယ်တွေ ဆိုတာ ရွာတွေမှာ အတော် အရေးပါပါတယ်။ ရှင်ပြုရင် ရှင်လောင်း ထိန်းတာတို့၊ မသာရှိရင် မသာထမ်းတာ တို့ဆိုတာ သူတို့လူငယ်တွေက လုပ်ကြ ရတာ။ယုတ်စွအဆုံး မသာရေချိုး၊ မသာ ကျင်းတာကအစ သူတို့ကဆောင်ရွက် ကြတာ။ ဒီတော့ မသာရှိရင် မသာ ခေါင်းလာဝယ်တဲ့ လူငယ်တွေနဲ့ ရင်ဆိုင် ရတာ ထုံးစံပါ။

"ဦးလေး ကိုဘဲမြီးကလည်းဗျာ။ ကျွန်တော်တို့ မသာထမ်းတဲ့အခါကျရင် ပင်ပန်းတယ်ဗျ။ အဲဒါ မသာခေါင်းဖိုးထဲ က ကျွန်တော်တို့ကို အရက်ဖိုးလေး နည်းနည်းတော့ လျှော့ပေးသင့်တာပေါ့ ဗျာ"

"ဟကောင် တင်မောင်ရ။ မသာ ခေါင်းလုပ်တဲ့ပျဉ်က အလကားရတာ မဟုတ်ဘူးကွ။ အပင်ဝယ်ရတယ်။ လှဲပြီး လွှတိုက်ရတယ်။ ပျဉ်တွေ လှည်းနဲ့တင် ရတယ်။ လက်သမားငှားပြီး ခေါင်းလုပ် ရတယ်။ ငါ့မှာလည်း အရင်းအနှီးက မသေးဘူးကွ။ အဲဒီတော့ ဈေးဝယ်ရင် အဆစ်ပေးသလို ခု မင်းတို့ ခေါင်းကြီး တစ်လုံးဝယ်တော့ ခေါင်းသေးသေးလေး တစ်လုံး အဆစ်ပေးလိုက်မယ် ယူသွား ကြ"

"ဟာ - ဦးလေးကလည်း၊ ခေါင်း သေးသေး ဘာလုပ်မှာလဲဗျ"

"ဟ - ကလေးမသာထည့်ရတာ ပေါ့ကွ"

"ဟာဗျာ၊ နိမိတ်မရှိနမာမရှိ ဖွတဲ့ လွှဲပါစေ ဖယ်ပါစေ"

"ဟား . . ဟား . . ဟား . . ဟား"

လူငယ်တွေဟာ ကိုဘဲမြီးခေါင်း အဆစ်ပေးတာကြောင့် ရယ်ကြပါတော့ တယ်။ တကယ့်လုပ်ပါပဲဗျာ။ သူမို့ ဒီအကြံ ထွက်ပလေ။ ကြံကြံဖန်ဖန်များ ခေါင်း အဆစ်ပေးရတယ်လို့။ ခေါင်းကြီးကြီး ဝယ်တော့ ခေါင်းသေးသေး အဆစ်ပေး မတဲ့လေ။ အဆစ်ဆိုတာကြီးကလည်း ကျွန်တော်တို့ မြန်မာတွေမှာ အရိုးစွဲနေ တဲ့ အရာတစ်ခုပါ။ ဈေးဝယ်ရင် ဈေးဆစ် တာရယ်၊ ဝယ်ပြီးရင် အဆစ်တောင်းတာ ရယ်က ထုံးစံလိုဖြစ်နေတော့ လူငယ် တွေက ခေါင်းကို ဈေးဆစ်ကြခြင်းပါ။

အဆစ်တောင်းကဲတဲ့ မိန်းမတွေ နဲ့များတွေ့ရင် ခပ်ခက်ခက်ပါပဲ။ ကြက် သား၊ ဝက်သားဝယ်ဝယ်၊ ခရမ်းချဉ်သီး၊ အာလူးမဲဝယ်ဝယ် အမျိုးသမီးအတော် များများ အဆစ်ရမှကျေနပ်တာကလား။ အဲဒီ အဆစ်လည်းတော်၊ အဆစ်လည်း တောင်းတဲ့ မိန်းမတွေ ကိုဘဲမြီးနဲ့ တွေ့ ရင်တော့ တစ်ချီတည်း လန်ထွက်သွား မှာ သေချာပါတယ်။

ခေါင်းလာဝယ်တဲ့ လူငယ်တွေ အတော်များများ ခေါင်းဈေးဆစ်ကြတာ ထုံးစံပါ။ ကိုဘဲမြီးက ဈေးတော့တစ်ပြား မှမလျှော့ပါဘူး။ လိုချင်ရင် ခေါင်းသေး သေးလေး တစ်လုံးအဆစ်ယူပြီးပေးနေ ကျပါ။

စဉ်းစားကြည့်။ ဒီကလေးမသာ ထည့်တဲ့ခေါင်းကို ဘယ်သူကယူရဲမလဲ ဗျာ၊ အမင်္ဂလာနိမိတ်ကြီးဥစ္စာ၊ တကယ် ယူရင် တကယ်အစွမ်းပြမယ့် ခေါင်းဆို တော့ ခေါင်းအဆစ်ယူရဲသူဆိုတာ တစ် ဦးမျှ မပေါ်ခဲ့ပါဘူး။ ဆစ်လို့မရမှန်းသိ တော့ လူငယ်တွေက မဆစ်ကြတော့ပါ ဘူး။ တန်ရာတန်ကြေးပေးလိုက်ကြ တော့တာပါပဲ။

**သုဘရာဇာဦးမြိုင်**

ကိုဘဲမြီးခေါင်းလုပ်ငန်းတွေ တွင် ကျယ်နေချိန်ဟာ တော်လှန်ရေးအစိုးရ လက်ထက်မှာပါ။ အဲဒီအချိန်မှာ ပြန်က ပြေးနဲ့ မဝေးလှတဲ့ (နေပြည်တော်) ပျဉ်း မနားမြို့မှာ သုဘရာဇာဦးမြိုင် ဆိုတာ လူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလာ ပါတယ်။ သုဘရာဇာဦးမြိုင်ဆိုပြီး လူ ပြောများလှပါတယ်။

များပေမပေါ့လေ။ ဒီဒေသတွေဆို တာက သုဘရာဇာလို့ခေါ်တဲ့ လူသေ မြှုပ်တဲ့တွင်းတူးသူဆိုတာ ရှိမှမရှိခဲ့တာ ဘဲဗျာ။ ဆိုရင်တော့ သင်္ချိုင်းထဲမှာနေပြီး မသာမြှုပ်ဖို့ ကျင်းဒိုင်ခံတူးပေးနေသူပေါ့။

အခုတော့ သုဘရာဇာဦးမြိုင် ဆိုတာ (နေပြည်တော်)ပျဉ်းမနားမြို့သုသာန်မှာ ပေါ်ခဲ့ပါပြီ။ ဒီတော့ အထူးအဆန်းပေါ့ လေ။

အရင်ကတော့ တွင်းတူးဖို့တာဝန် ကို သေသူနဲ့ ရင်းနှီးရာရင်းနှီးကြောင်း တူးခိုင်းရလေ့ရှိပါတယ်။ ဒီအခါ ထုံးစံအ တိုင်း တွင်းတူးတဲ့အုပ်စုကို ယမကာလို့ အရက်ကိုလည်း သောက်ဝအောင်ပေး ကြရလေ့ရှိတယ်။

(နေပြည်တော်) ပျဉ်းမနားသင်္ချိုင်း ဟာ (နေပြည်တော်) ပျဉ်းမနားမြို့ရဲ့ အနောက်တောင်ယွန်းယွန်း ရန်ကုန်- မန္တလေးကားလမ်းမကြီးရဲ့ အနောက် ဘက် ယောက်သွားအင်းရွာရဲ့ အရှေ့ တောင့်ဘက်မှာ တည်ရှိပါတယ်။ အဲဒီ သင်္ချိုင်းထဲမှာ ဦးမြိုင်ဟာ အိမ်ကလေး အကျဆောက်ပြီးနေကာ လာသမျှ အသုဘတွေကို ကျင်းတူးပေးခြင်းပါပဲ။ သူ့လုပ်ငန်းတွင်ကျယ်လာတဲ့အခါ ဦးမြိုင် က တပည့်လက်သားတွေ မွေးလာနိုင်ခဲ့ ပါတယ်။

ဦးမြိုင်ဆိုတာ ကျွန်တော်တို့ဒေသ အခေါ် မြောက်ခွင်လို့ခေါ်တဲ့ အညာ အရပ်ကပါ။ ညိုညိုတုတ်တုတ်နဲ့ ဗလ အလွန်ကောင်းပြီး သဘောမနောပြည့်ဝ သူ ဖြစ်ပါတယ်။ အမှုတစ်ခုနဲ့ ရမည်း သင်းထောင်မှာကျပါတယ်။ ထောင်ထဲ မှာ ပျဉ်းမနားသားတွေနဲ့ ရင်းနှီးခွင့်ရပြီး စကားစမြည်ပြောဖြစ်ကြရာမှ ဒီအကြံ ဉာဏ်ကို ဦးမြိုင်က ရခြင်းဖြစ်ပါတယ်။ အဲဒီတုန်းက ဦးမြိုင်ဟာ (၄၀) ကျော်စ အရွယ်ကောင်းပါ။

ဦးမြိုင်ဟာ သူတို့ အညာဒေသ ကျေးလက်မှာ ကုန်းခင်းကွက်လေးတွေ ပိုင်ပါတယ်။ သူ့မှာ ဇနီးနဲ့ ကလေး(၂) ယောက်ရှိပါတယ်။ လုပ်ရင်းကိုင်ရင်း အဆင်မပြေဖြစ်လာတဲ့အခါ သူတို့ရွာမှာ ပိုက်ဆံရှိတဲ့အိမ်မှာ မဖြစ်စလောက် ငွေ ကြေးနဲ့ ပေါင်နှံစားသုံးရပါတယ်။ တစ် ကွက်ပေါင်လည်း မရွေးနိုင်၊ နှစ်ကွက် ပေါင်လည်းမရွေးနိုင်နဲ့ အတိုးပေါ် အတိုး ဆင့်ကာ မြေလေးတွေ တစ်ကွက်ပြီးတစ် ကွက် ဆုံးရှုံးရတဲ့ အခြေအနေပေါ့။

ကံများမကောင်းချင်တော့ လုပ် သမျှ အရာမထင်ဘဲ ကျန်တဲ့ ကုန်းခင်း ကွက်ကလေးတွေပါ ပေါင်နှံရတဲ့အထိ ကံဆိုးမိုးမှောင်ကျခဲ့ရပါတယ်။ နောက် ဆုံး မြေမဲ့ယာမဲ့ဘဝကိုရောက်ကာ လက် လုပ်လက်စား ဆင်းဆင်းရဲရဲနဲ့ ဘဝကို ရပ်တည်ရင်း မကောင်းတဲ့အကြံတွေ



www.burmeseclassic.com

www.burmeseclassic.com

မိခြင်းပါ။

အဲဒါက သူ့ရဲ့ ကုန်းခင်းလေးတွေကို အလကားနီးနီး သိမ်းပိုက်သွားတဲ့ ဦးသိန်းဘိုတို့အိမ်ကို ဓားပြတိုက်ခြင်းပါပဲ။ မခံချင်စိတ်နဲ့ မကျွမ်းမကျင်ဝင်တိုက်မိတဲ့ ဦးမြိုင်ဟာ သူ့လုပ်ရပ်က လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှတာကြောင့် ချက်ချင်းဖမ်းမိပြီး အဲဒီအမှုနဲ့ ရမည်းသင်းထောင်မှာ ကျနေခြင်းပါ။

အဲဒီထောင်မှာ (နေပြည်တော်) ပျဉ်းမနားက ခိုးဆိုးတိုက်ခိုက်မှုနဲ့ကျနေတဲ့ ပျဉ်းမနားသား အေးဆောင်နဲ့ နက်တူးတို့ကို တွေ့ဆုံ ခင်မင်ရခြင်းပါပဲ။

"အေးဆောင်ရာ၊ ငါဒီထောင်က ထွက်ရင် ရွာကိုလည်းမပြန်ချင်ဘူးကွာ"

"ထောင်ကထွက်ရင် အလွန်ပျော်စရာကောင်းတာပေါ့ကွ။ ကိုယ့်သားမယားဆီ ဝမ်းမြောက်ဝမ်းသာပြန်ပေါ့ဗျ"

"ရွာမှာ ငါ့မိန်မနဲ့ ကလေးနှစ်ယောက် ဆင်းရဲပင်ပန်းစွာရှာစားနေကြမှာကွ။ သူ့ခမျာ ငါ့ကိုတောင် ထောင်ဝင်စာလာမတွေ့နိုင်ဘူးကွ။ ပြန်သွားလည်း ငါ့မှာ မြေမရှိယာမရှိနဲ့ ဒုက္ခပင်လယ်ဝေနေဦးမှာပဲ။ အဲဒါကြောင့် ငါရွာကိုမပြန်ချင်တာ။ မင်းတို့ဆီမှာ အလုပ်ကလေးဘာလေးများ မပေါဘူးလား။ ဘာလုပ်ရလုပ်ရကွာ။ ငါရေသစ်မြေသစ်မှာပဲနေချင်တယ်။ ရွာကို မျက်နှာအငယ်ခံပြီး မပြန်ချင်ဘူး"

အဲဒီမှာ နက်တူးက ဝင်ပြောပါတယ်။

"ဘာအလုပ်ဖြစ်ဖြစ်လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ (နေပြည်တော်) ပျဉ်းမနားသင်္ချိုင်းမှာ ကျင်းတူးတဲ့အလုပ်ကိုလုပ်မယ့်သူမရှိဘူးဗျ။ အဲဒါ ခင်ဗျားသတ္တိရှိရင် သင်္ချိုင်းထဲ တဲကလေးထိုးပြီးနေပေါ့။ ကျင်းတွေတူးပေးရင် အဆင်ပြေလောက်မယ်ထင်တာပဲ"

"သတ္တိကတော့ရှိပါတယ်။ မြို့က လက်ခံပါ့မလားကွ"

"ဘာလို့လက်မခံရမှာလဲဗျာ။ သူများမလုပ်ချင်တဲ့အလုပ်ဘဲဗျာ။ အများအကျိုးဆောင် ကိုယ့်အကျိုးပါ အောင်တဲ့အလုပ်ပဲဗျာ။ ကိုယ့်မျိုးရိုးက သုဘရာဇာမှမဟုတ်တာ။ ကောင်းတာလုပ်တာပဲလုပ်ပေါ့။ ခိုးဆိုးတိုက်ခိုက်နေတာနဲ့စာရင် အများကြီးဂုဏ်ရှိပါတယ်ဗျာ"

"အေး - ကျေးဇူးပါပဲ နက်တူးရာ။ ငါထောင်ကလွတ်တာနဲ့ (နေပြည်တော်) ပျဉ်းမနားကိုတန်းသွားတော့မယ်။ ငါ့ဘဝကို တစ်ကနေပြန်စရမယ်။ မကောင်းတဲ့စိတ်ကြောင့် ငါအခုထောင်ထဲရောက်ရတာ။ နောက်တစ်ခါ သမ္မာအာဇီဝနဲ့ ရှာဖွေစားသောက်တော့မယ်ကွာ"

လို့ ပြောပြီး "လေးဆယ်ကျော်စမှာ ထောင်ကလွတ်တာနဲ့ (နေပြည်တော်) ပျဉ်းမနားကို ရောက်လာကာ သင်္ချိုင်းမှာ သုဘရာဇာလို့ခေါ်တဲ့ မသာကျင်းတူးအလုပ်ကို စလုပ်တော့တာပါပဲ။ နောက်တော့ အကူတပည့်လေးတွေမွေးလာနိုင်တယ်။

လုပ်ရင်းကိုင်ရင်း စုစုဆောင်းဆောင်းရှိတဲ့အခါ မသာချတဲ့ ရထားလုံးကို စတင်ထူထောင်ပါတယ်။ အဲဒီမသာရထားကို သူ့တပည့်တွေက မောင်းတယ်။ နောက်ပိုင်း ခေါင်းလုပ်ငန်းပါ ပူးတွဲလုပ်ကိုင်လာပါတယ်။ အပိုင်မဝယ်ချင်ရင် အငှားခေါင်းလည်း ရတယ်။ တဖြည်းဖြည်း တိုးတက်လာတဲ့အခါ သင်္ချိုင်းစပ်မှာ အိမ်ကြီးဆောက်ပြီး ဇနီးနဲ့ သားသမီးကိုသွားခေါ်ပြီး ပျော်ပျော်ကြီးနေပါတော့တယ်။

ဦးမြိုင်ဟာ ဘဝနာသူမို့ သဘောမနောကောင်းတယ်။ ဆက်ဆံရေးလည်း ပြေပြစ်တယ်။ သူနဲ့ဆိုတာကကင်းနိုင်သူဆိုတာ မရှိဘူးလေ။ လူသေရင် သူ့လက်ထဲရောက်ကြရတာကိုး။ ဒီလိုနဲ့ ဦးမြိုင်ဟာလေ တစ်စစတိုးတက်လာလိုက်တာ နိဗ္ဗာန်ယာဉ်လို့ခေါ်ကြတဲ့မသာတင်ကားတွေပါ ထူထောင်လာနိုင်ခဲ့ပါတယ်။ ဦးမြိုင်ဟာ သူများအမြင် သုဘရာဇာပေမယ့် ကြွယ်ဝချမ်းသာတဲ့ဘဝကိုရောက်ခဲ့ပါပြီ။ အဲဒီမှာ ပြန်ကပြေးက ကိုဘဲမြီးရဲ့ ခေါင်းလုပ်ငန်းကျဆင်းချိန်ကို ရောက်လာတော့တာပါပဲ။

**ခေါင်းလုပ်ငန်းနားလိုက်ပြီ**

စကားပုံရှိတယ်လေ။ အကြံတူ နောက်လူ သာစမြဲတဲ့။ ကိုဘဲမြီးရဲ့ခေါင်းလုပ်ငန်း ကို အနုနည်းနဲ့ တိုက်ခိုက်လာတာကတော့ ဦးမြိုင်ပါပဲ။ ဦးမြိုင်က ကျင်းလည်းတူးပေးတယ်။ မီးလည်းရှို့ပေးတယ်။ အုတ်ဂူလည်းတည်ပေးတယ်။ ခေါင်းလည်းရောင်းတယ်။ မဝယ်လိုကငှားတယ်။ အသုဘယာဉ်နဲ့ မသာချပေးတယ်။ ဆင်းရဲ၊ ချမ်းသာမရွေး၊ မျက်နှာကြီး၊ ငယ်မရွေး ဘယ်သူ့အသုဘယာဉ်ငှားငှား (၃၀၀) ကျပ်ယူတယ်။ စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးတယ်။ ဒီတော့ ဦးမြိုင်ဟာ အထွတ်အထိပ်ကို ရောက်လာတယ်။ ခေါင်းဈေးကိုတောင် ကိုဘဲမြီးထက်သာအောင်ချပေးနိုင်တာကြောင့် လူတွေဟာ ဦးမြိုင်ဆီ သွားဝယ်ကြပါတော့တယ်။

ပြီးတော့ ဦးမြိုင်ဟာ ဘာသာရေးမှာလည်း ဦးဆောင်ကောင်းဖြစ်လာကာ ရက်ရက်ရောရောလည်း လှူဒါန်းလေ့ရှိတယ်။ ဦးမြိုင်ဟာ မျိုးရိုးမရှိပေမယ့် ဘဝပေးအခြေအနေအရ ဒီဘဝကို ဆောက်တည်ရခြင်းဖြစ်တာကို လူတွေနားလည်ပေးနိုင်ကြတယ်။ အဲဒါကြောင့် ဦးမြိုင်ဟာ (နေပြည်တော်) ပျဉ်းမနားမှာ လူတိုင်းသိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဦးမြိုင်ဆိုရင် ကလေးက အစသိပြီးဖြစ်တယ်။

အဲဒီအခါမှာ ကိုဘဲမြီးရဲ့ ခေါင်းလုပ်ငန်းဟာ တွင်ကျယ်မှုသိပ်မရှိတော့ပါဘူး။ တဖြည်းဖြည်းကျဆင်းလာရာက လုံးဝနားလိုက်ရတဲ့အခြေကိုရောက်ခဲ့ရတော့ပါပဲ။ လူတွေလည်း ခေါင်းလိုရင် (နေပြည်တော်) ပျဉ်းမနားက ဦးမြိုင်ဆီ သွားကြတော့တာပါပဲ။

ခုချိန်မှာတော့ ကိုဘဲမြီးရောဦးမြိုင်တို့ပါ ဆုံးကုန်ကြတာ ကြာပါပြီ။ သူတို့ရဲ့မျိုးဆက်တွေသာ ကျန်ရစ်ကြမှာပါ။ သို့သော်လည်း ကျွန်တော်တို့ဒေသမှာ ခုထိပြောစမှတ်ဖြစ်နေဆဲပါ။

ကိုဘဲမြီးရဲ့သားတွေ ပေါက်ပေါက်ရောက်ရောက်ဖြစ်ကုန်ကြသလို ဦးမြိုင်ရဲ့သားသမီးတွေလည်း ပေါက်ပေါက်ရောက်ရောက်ဖြစ်ကုန်ကြကြောင်းကြားသိရပါတယ်။ ဝမ်းမြောက်ဖွယ်ပါပဲ။

နေပြည်တော်ကြီး တည်လိုက်တဲ့အခါမှာတော့ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးဝန်းကျင်မှာရှိတဲ့ သင်္ချိုင်းတွေ မှန်သမျှ ဖျက်သိမ်းလိုက်ပြီး ဖိုးစောင့်တောင်ကြားမှာရှိတဲ့ ကျေးကြီးသုသာန်မှာ စည်ပင်ကတာဝန်ယူပြီး ပို့ဆောင်မီးသဂြိုဟ်ပေးနေပါပြီ။

မူရင်းမြို့ဖြစ်တဲ့ (၃)မြို့နဲ့ သီရိ (၅) မြို့နယ်အတွင်းမှာ ရှိသမျှနာရေးကိစ္စကြုံရင် ကျေးကြီးကို ပို့ဆောင်ပေးနေပါပြီ။ ဒါပေမယ့် တစ်ချိန်တုန်းက တွင်ကျယ်ခဲ့ကြတဲ့ ကိုဘဲမြီးနဲ့ ဦးမြိုင်ကိုတော့ ဒေသခံတွေက ယခုအထိ မေ့လို့မရကြသေးပါဘူး။

ကျွန်တော်ရယ်၊ မွတ်တားရယ်၊ ကိုအောင်မြင့်ဆွေရယ် ညီဖြစ်တဲ့ မောင်မောင်ရယ် ကြုံရင်ပြောနေကြတုန်းပါပဲ။

*(ညီဖြစ်သူ မောင်မောင်နှင့် မောင်ဆန်းဝင်းတို့သို့ အမှတ်တရ)*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ရှော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းစက်သော‌လသည် နိုင်းမြစ်အရှေ့ဘက်ကမ်းရှိ သီဘက်မြို့ဟောင်းကြီး၏ တောင်ပူစာပေါ်မှ တငြိမ့်ငြိမ့်ထွက်လာသည်။ နိုင်းမြစ်ရေပြင်သည် လရောက်အောက်တွင် ရွှန်းလက်လျက်ရှိ၏။ ငွေပိုးမျှင်လို လှပသော လရောင်သည် တသွင်သွင်စီးနေသော နိုင်းမြစ်ရေပြင်ပေါ်တွင်သာ ခုန်ပေါက်မြူးထူးနေသည် မဟုတ်။ သီဘက်မြို့ဟောင်းကြီး၏ အနောက်ဘက်ကမ်းရှိ ဇကရာဇ်တို့၏ ချိုင့်ဝှမ်း (The Valley of The Kings) ရှိ ဖေရိုဘုရင်တို့၏ ဂူသင်္ချိုင်းများပေါ်တွင်လည်း ငွေပြားများဖုံးအုပ်ထားသကဲ့သို့ ရွှန်းလက်လျက်ရှိနေသည်။

နိုင်းမြစ်အား ဖြတ်သန်းတိုက်ခတ်လာသောလေမှာ နိုင်းမြစ်နှင့် ဇကရာဇ်တို့၏ချိုင့်ဝှမ်းကြားရှိ စိမ်းလန်းသော ချုံပင်များ၊ ကန္တာရပင်များ၊ ကျူတောများ ထူးထူးခြားခြား ပင်ပန်းနွမ်းနယ်လျက်ရှိနေသည်။

ဤကဲ့သို့ နွမ်းနယ်လျက်ရှိနေသော် အိပ်စက်၍ကားမရနိုင်။ ဘယ်လူးညာလှိမ့်ဖြင့် အချိန်ကုန်ခဲ့ရသည်။ ကျွန်တော့်ရွက်ဖျင်တဲနှင့် မလှမ်းမကမ်းရှိ တူတမ်ခမွန်ဘုရင်ကလေး၏ ဂူသင်္ချိုင်းအနီးစောင့်ကြပ်နေကြသော အီဂျစ်အစိုးရတပ်မတော်တပ်စိတ်မှ အစောင့်စစ်သားများ တာဝန်လွှဲပြောင်းယူသည့်အသံ၊ အီဂျစ်လူမျိုးတို့က ငှက်စုန်းဟုခေါ်သော ငှက်ဆိုးတို့၏ စူးစူးဝါးဝါးအော်သံ၊ ဇကရာဇ်တို့၏ ချိုင့်ဝှမ်းဟု အများခေါ်ဝေါ်နေသော ဖေရိုဘုရင်တို့၏ သင်္ချိုင်းဂူများအကြား ခိုလှုံနေသော တောခွေးတို့၏ အူသံသည် ကျောချမ်းစဖွယ်ကောင်းပေသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင်



လျှမ်းထက်

# တိတ်တဆိတ် ဝင်ခြောက်လှန့်နေသော ကျိန်စာ

မှ၊ သစ်ရွက်ဆွေးနံ့၊ ညပန်းရနံ့များဖြင့် သင်းထုံလျက်ရှိနေ၏။ စွန်ပလွံပင်ပျိုများ၏ ထိပ်ဖျားများပေါ်သို့ တိုက်ခတ်နေသောလေသံသည် ကျောချမ်းစဖွယ်ကောင်းအောင် ငြိမ်သက်နေသော ဇကရာဇ်တို့၏ချိုင့်ဝှမ်းအား ပို၍ ချောက်ချားစေတော့သည်။

ကျွန်တော်သည် ယမန်နေ့တစ်နေ့လုံး ဗြိတိသျှအမျိုးသား အီဂျစ်ရှေးဟောင်းပညာရှင်နှင့် သမိုင်းအဆက်ဆက် တိမ်မြုပ်နေသော သင်္ချိုင်းဂူကြီးဟု သမိုင်းပညာရှင်များက တညီတညွတ်တည်း ကင်ပွန်းတပ်ထားသော မင်းပျိုမင်းလွင် တူတမ်ခမွန်ဘုရင်ကလေး၏သင်္ချိုင်းဂူကို ရှာဖွေတွေ့ရှိခဲ့သူ ဟိုဝါ(ဒ်)ကာတာ ဦးဆောင်သောတာဝန်ရှိသူများ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ခံ အီဂျစ်အမျိုးသားအရာရှိများ၊ ကိုင်ရိုမြို့ ဆေးတက္ကသိုလ်ကျောင်းတိုက်ကြီးရှိ ခန္ဓာဗေဒဌာနမှ ကျွန်တော်၏ လက်ထောက်တွဲဖက်ပါမောက္ခဖြစ်သူ ဒေါက်တာဆလာဗေးဟာဒီတို့နှင့် မနက်ဖြန် နံနက် (၉) နာရီတိတိတွင် တူတမ်ခမွန်ဘုရင်ကလေး၏မံမီအလောင်းအား စနစ်တကျ စုံစမ်းစစ်ဆေး၍ ဓာတ်ပုံရိုက်ကူးရန် အသေးစိတ် တိုင်ပင်ဆွေးနွေးခဲ့ရသဖြင့်

ကျွန်တော်သည် သိပ္ပံပညာသည်သာ ပထမ၊ သိပ္ပံပညာသည်သာ ကိုးကွယ်ရာဟု တစိုက်မတ်မတ် ယုံကြည်ထားခဲ့သူ တစ်ဦး ဖြစ်ပါသည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ဆေးတက္ကသိုလ်ကျောင်းတိုက်ကြီးရှိ ခန္ဓာဗေဒဌာနတွင် ပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရကား အီဂျစ်လူမျိုးတို့ဘိုးစဉ်ဘောင်ဆက် ယုံကြည်ကြသော ဖေရိုဘုရင်တို့၏ ကျိန်စာနှင့်ပတ်သက်၍ သူပြောကိုယ်ပြော ပါးစပ်ပြောသမိုင်းများ၊ ပါးစပ်ဂေဇက်သတင်းများ နားနှင့်မဆံ့အောင် ကြားခဲ့ရသော်လည်း ထိုထူးခြားဖြစ်စဉ်များသည် မတော်တဆတိုက်ဆိုင်မှုများကို လူများက ချဲ့ထွင်ပြောကြသော ယုံတမ်းစကားများသာ ဖြစ်သည်ဟု ယူဆထားခဲ့သည်။

ယခု ဗြိတိသျှအမျိုးသား အီဂျစ်ရှေးဟောင်းပညာရှင်နှင့် မြို့စားကြီး ကာနဗွန်တို့ သမိုင်းအဆက်ဆက် တိမ်မြုပ် ပျောက်ကွယ်နေသည်ဟု ဆိုသော တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူကို စတင်တွေ့ရပြီဟု သတင်းများ ထွက်ပေါ်မလာမီ ရက်အနည်းငယ်ခန့်က ကောလာဟလနိမိတ်ဟုဆိုရမည့် သတင်းများထွက်လာသည်။ ယင်းအတိတ်နိမိတ်အရ သမိုင်းအဆက်ဆက် တိမ်မြုပ်ပျောက်ကွယ်နေသော တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူတို့ တွေ့ရှိ၍ တူးဖော်ကြမည်ဆိုပါက ထိုဘုရင်ကလေး၏ ကျိန်စာအရ ပုဂ္ဂိုလ်သုံးယောက် သို့မဟုတ် သက်ရှိသတ္တဝါ သေဆုံးရမည်ဟု ဆိုသည်။ ဤအတိတ်တဘောင်သည် တူတမ်ခမွန်ဘုရင်လေး၏ သင်္ချိုင်းဂူကို တူးဖော်သည့် ဗြိတိသျှရှေးဟောင်းသုတေသနအဖွဲ့ငှားရမ်းထားသော အီဂျစ်အလုပ်သမားများအတွင်း စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။


ထိုသင်္ချိုင်းဂူတူးဖော်မှုအား စောင့်ကြည့်ကြရသော အီဂျစ်အစိုးရ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ဖေရိုဘုရင်တို့၏ ကျိန်စာဆိုသော ဥပါဒါန်စွဲကပ်လျက်ရှိကြသည်။ ဤသင်္ချိုင်းဂူ မတွေ့ရှိမီ (၁၀) နှစ်ကျော်ခန့်ကလည်း ဤဖေရိုဘုရင်တို့၏ကျိန်စာနှင့် ပတ်သက်ဆက်နွယ်နေသော လောကီလွန်ဖြစ်ရပ်ဆန်းတစ်ခုအကြောင်းအား အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော လန်ဒန်တိုင်း(မ်)သတင်းစာ၊ ဒေးလီးအိတ်(စ်)ပရက်(စ်)သတင်းစာနှင့် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ထုတ်ဝေ



www.burmeseclassic.com

www.burmeseclassic.com





သော လာမွန်ဒေးသတင်းစာကြီးတွင် ကျယ်ကျယ်ပြန့်ပြန့် အထောက်အထား စုံစုံလင်လင်နှင့်ဖော်ပြခဲ့သဖြင့် ကမ္ဘာ့နိုင်ငံ သီးသီးသို့ ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့၏။

ထိုသတင်းမှာ အင်္ဂလန်နိုင်ငံမှ မစ္စတာ ဒေါက်ဂလပ်မာရေးဆိုသူအကြောင်း ဖြစ်သည်။ ဒေါက်ဂလပ်မာရေးမှာ အင်္ဂလန်နိုင်ငံတွင် အတော်အသင့် ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်သူဌေးတစ်ဦး ဖြစ်သည်။ ရှေးဟောင်းပစ္စည်းများစုဆောင်းရန် ဝါသနာအထူးပါသူတစ်ယောက်လည်း ဖြစ်သည်။

တစ်ခါတွင် မစ္စတာ ဒေါက်ဂလပ်မာရေးသည် အီဂျစ်နိုင်ငံသို့ မိတ်ဆွေနှစ်ဦးနှင့် ခရီးထွက်ခဲ့ကြရာ ကိုင်ရိုမြို့ ဆင်ခြေဖုံးတွင်ဖွင့်ထားသော အမှတ်တရရှေးဟောင်းပစ္စည်း အရောင်းဆိုင်တစ်ဆိုင်တွင် အာဖင်ရား အမည်ရှိ ရသေ့မ၏ မံမီရုပ်အလောင်းထည့်ထားသော ခေါင်းတလားတစ်ခုအား တွေ့ခဲ့ရသည်။ ဤမံမီရုပ်အလောင်းများကို ယခင်ကဆိုလျှင် သူသည် လွန်စွာထိတ်လန့် ချောက်ချားသည်။ သို့သော် ဤရသေ့မ၏ မံမီအလောင်းပါသော ခေါင်းတလားကိုမူ ချက်ချင်း ဝယ်ယူရန် ဆန္ဒပြင်းပြလာသည်။ သူ့မိတ်ဆွေနှစ်ဦးမှာလည်း အီဂျစ်ရှေးဟောင်းအမှတ်တရပစ္စည်းများ စုဆောင်းရန် ဝါသနာပါသူများ ဖြစ်ရကား ထိုခေါင်းတလားကြီးကိုပင် ဝယ်ယူရန် ဆန္ဒပြင်းပြလျက်ရှိ၏။

အမှတ်တရပစ္စည်းရောင်းချသည့် ဆိုင်ရှင်ဖြစ်သူကလည်း ထိုခေါင်းတလားကြီးကို ဝယ်ယူရန် ဇွတ်တိုက်တွန်းရကား ဒေါက်ဂလပ်မာရေး၏ မိတ်ဆွေနှစ်ဦးတို့ကလည်း ဝယ်ယူရန် စီစဉ်ကြသည်။ ခေါင်းတလားကြီး၏ ဈေးနှုန်းမှာလည်း မျှော်လင့်ထားသည်ထက် ဈေးနည်းလျက်ရှိနေသည်။ သို့ဖြစ်၍ ဒေါက်ဂလပ်မာရေးနှင့် မိတ်ဆွေနှစ်ဦးတို့သည် ထိုခေါင်းတလားကို မည်သူဝယ်သင့်သည်ကို မဲဖြင့်အဆုံးအဖြတ်ယူမည်ဟုဆိုကာ မဲနှိုက်ကြသည်။ လူသုံးယောက်ရှိရကား တရားမျှရှိစေရန် မဲသုံးကြိမ်နှိုက်ရန် ဆုံးဖြတ်ခဲ့သည်။

အံ့ဖွယ်သရဲဟု ဆိုရပေတော့မည်။ သုံးကြိမ်တိုင်တိုင် မဲနှိုက်ရာတွင် သုံးကြိမ်စလုံး ဒေါက်ဂလပ်မာရေး မဲကျသဖြင့် ထိုခေါင်းတလားကြီးကို ဝမ်းမြောက်ဝမ်းသာဝယ်ယူခဲ့ပြီး သူတည်းခိုနေသော ကိုင်ရိုကွန်တီနယ်တယ်ဟိုတယ်သို့ ပို့ထားခဲ့၏။

ထို့နောက် သူတို့သူငယ်ချင်းသုံးယောက်သည် နိုင်းမြစ်ဝှမ်းတစ်နေရာသို့ တောပစ်ထွက်ခွာသွားခဲ့၏။ သူ့သေနတ်သည် လက်ထဲတွင်ပင်ပေါက်ကွဲသွားခဲ့ရာ သူ့လက်တစ်ဖက်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရရှိခဲ့၏။ သို့ဖြစ်၍ ဒေါက်ဂလပ်မာရေးသည် သူ့မိတ်ဆွေနှစ်ဦးနှင့်အတူ လှေဖြင့် ကိုင်ရိုသို့ ပြန်လာခဲ့ရသည်။ ရာသီဥတုဆိုးဝါး၍ လေပြင်းများ တိုက်နေရာ လမ်းခရီးတွင် သူ့၏လက်မှဒဏ်ရာသည် ပြင်းပြင်းထန်ထန် ခံစားလာရပြီး သွေးအဆိပ်ဖြစ်လာခဲ့ရာ ဒဏ်ရာရသော သူ့ညာဘက်လက်အား ကိုင်ရိုမြို့တော်ဆေးရုံတွင် ဖြတ်ပစ်ခဲ့ရ၏။

အင်္ဂလန်နိုင်ငံသို့ အပြန်ခရီးတွင် ဒေါက်ဂလပ်မာရေးနှင့်အဖွဲ့မှာ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရတော့သည်။ သူ အင်္ဂလန်သို့ကြိုတင်ပို့သော ပစ္စည်းအချို့မှာ ပျောက်ဆုံးခဲ့ရသည်သာမက သူ့မိတ်ဆွေနှစ်ဦးမှာလည်း အမျိုးအမည် မဖော်ပြနိုင်သော ရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့ရ၏။ သို့သော် သူ အင်္ဂလန်သို့ ကြိုတင်ပို့လိုက်သော ခေါင်းတလားနှင့် မံမီအလောင်းကြီးမှာမူ အနှောင့်အယှက်မရှိ အင်္ဂလန်နိုင်ငံသို့ ရောက်ရှိသွားပြီး သူ့နေအိမ် ဧည့်ခန်းတွင် ရောက်ရှိနေခဲ့သည်။

ဒေါက်ဂလပ်မာရေးသည် သူ့နေအိမ်ဧည့်ခန်းတွင် အသင့်ပြင်ထားသော ခေါင်းတလားကြီးကိုကြည့်မိလေရာ မံမီရသေ့မအလောင်း၏မျက်လုံးများသည် သူ့အား အလွန်မုန်းတီးသောမျက်နှာဖြင့် ကြည့်နေသည်ဟု ထင်ရ၏။ ဤခေါင်းတလားနှင့်မံမီရုပ်အလောင်းအား ခေတ္တငှားရမ်းသူများပင် ဒုက္ခအမျိုးမျိုးတွေ့ကြရာ နောက်ဆုံးတွင် မစ္စတာဒေါက်ဂလပ်မာရေးသည် ယင်းခေါင်းတလားကြီးအား ဗြိတိသျှပြတိုက်ကြီးသို့ ပေးပို့လှူဒါန်းခဲ့သည်။

ပြတိုက်ရှိ တာဝန်ခံများကလည်း ဤခေါင်းတလားကြီး ပြတိုက်သို့ ရောက်လာသည့်နေ့မှစ၍ အနှောင့်အယှက်အမျိုးမျိုးတွေ့ကြရသဖြင့် ထိုခေါင်းတလားနှင့် ရသေ့မမံမီရုပ်အလောင်းအား အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော် အမျိုးသားပြတိုက်သို့ ပေးပို့ခဲ့သည်။ ထိုခေါင်းတလားနှင့် မံမီရုပ်အလောင်းအား သယ်ယူသွားသော တိုက်တန်းနစ်သင်္ဘောကြီးမှာ ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း နစ်မြုပ်သွားခဲ့ရသည်ဟု ဆိုသည်။

ဤမံမီရုပ်အလောင်းနှင့်ပတ်သက်သောအကြောင်းအရာများကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှထုတ်ဝေသော လန်ဒန်တိုင်း(မ်)သတင်းစာ၊ ဒေးလီမေး(လ်)



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာကြီးများတွင် အကျယ်တဝင့် ရေးသား ဖော်ပြခဲ့သည်ကို ကျွန်တော် ဖတ်ရှုခဲ့ရသော်လည်း ထိုဖြစ်စဉ်များသည် တိုက်ဆိုင်များသာ ဖြစ်နိုင်မည်ဟု မှတ်ယူထား၏။

တူတမ်ခမွန်ဘုရင်လေး၏သင်္ချိုင်းဂူအား တူးဖော်နေစဉ်မှာပင် လေဗွေကြီး တစ်ခု ရုတ်တရက် တိုက်ခိုက်လာခဲ့ပြီး ကြီးမားသော သိမ်းငှက်ကြီးတစ်ကောင်သည် ပျံဝဲ၍ အနေ့ဘက်စူးစူးရှိ သီဘက်မြို့ဟောင်းကြီးရှိရာသို့ ပျံသွားခဲ့သည်ကို မြင်ကြရသော အလုပ်သမားများ၊ တာဝန်ရှိသူများမှာ အံ့အားသင့်ခဲ့ကြသည်။ သိမ်းငှက်သည် ဖေရိုဘုရင်တို့ အမြတ်တနိုးထားရှိသော ငှက်သတ္တဝါ ဖြစ်သည်ဟု၍လည်း အီဂျစ်တို့က ယုံကြည်ထား၏။

တူတမ်ခမွန်ဘုရင်လေး၏သင်္ချိုင်းဂူအား စတင် တွေ့ရှိသည် ဟူသော သတင်းများ ထွက်ပေါ်လာသည်နှင့်ပင် ဤတူးဖော်မှုကို တစိုက်မတ်မတ် ကြီးကြပ်ဆောင်ရွက်ခဲ့သူ ဗြိတိသျှအမျိုးသား အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပညာရှင် ဟိုးဝါ(ဒ်)ကာတာမွေးထားသော အချစ်တော် စာဝါကလေးမှာ မြွေဟောက်တစ်ကောင်သည် နှလှောင်ချိုင့်အတွင်း ဝင်ရောက် ကိုက်ခဲသဖြင့် သေဆုံးသွားခဲ့ရသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာသည်။ထိုသတင်းများကို အီဂျစ်နိုင်ငံထုတ် ဒေသခံ သတင်းစာတွင် အကျယ်တဝင့် ရေးသား ဖော်ပြခဲ့ကြသဖြင့် ဖေရိုဘုရင်တို့၏ ကျိန်စာဥပဒါန်သည် လူအများအတွင်း စိမ့်ဝင်ပျံ့နှံ့လာခဲ့သည်။ ဤယုံတမ်းဂဇက်များ၊ သူပြောကိုယ်ပြောသတင်းများလည်း တောမီးပမာ ပျံ့နှံ့လာခဲ့သဖြင့်၊ ကျွန်တော့်အပေါ် ကိုင်းညွတ်လာခဲ့သဖြင့် အိပ်စက်၍ မရနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ပို၍ ဥပဒါန်အစွဲအလမ်းဖြစ်စေသည်မှာ တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူ တူးဖော်ရေးကို ငွေအား၊ လူအားစိုက်ထုတ်ခဲ့သော သူဌေးကြီးကာနဗွန်ခမျာ သူနှင့်သူ့မိတ်ဆွေ ဟိုဝါ(ဒ်)ကာတာတို့ တွေ့ရှိထားသော တူတမ်ခမွန်ဘုရင်ကလေး၏ မံမီရုပ်အလောင်းနှင့် တန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများကို သေသေချာချာ စစ်ဆေးကြည့်ရှုခြင်းမပြုမီပင် ပြင်းထန်သော အဖျားရောဂါ စွဲကပ်ပြီး ကွယ်လွန်ခဲ့ရခြင်းသည် ဖေရိုဘုရင်တို့၏ ကျိန်စာဥပဒါန်အား ကြီးမားလာစေသည်ဟု ထင်မိသည်။

အထက်ဖော်ပြပါ စာပိုဒ်သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ဆေးတက္ကသိုလ် ကျောင်းတိုက်ကြီး ခန္ဓာဗေဒဌာနမှ ပါမောက္ခ ဒေါက်တာဒေါက်ဂလပ်ဒါရီ၏ ကိုယ်ရေးမှတ်တမ်းမှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာ ပြန်ဆိုဖော်ပြထားခြင်း ဖြစ်ပါသည်။

ပါမောက္ခ ဒေါက်ဂလပ်ဒါရီမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါ။ အင်္ဂလန်နိုင်ငံမှ ကမ္ဘာကျော် ဆေးတက္ကသိုလ်ကြီးဖြစ်သော အီဒင်ဘာရာဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနတွင် နှစ်ပေါင်းများစွာ ကထိကအဖြစ် အမှုထမ်းခဲ့သူ တစ်ဦးဖြစ်ရာ ခွဲစိတ်ကုသမှုတွင် ထူးထူးခြားခြား နာမည်ကျော်ခဲ့သူ ဖြစ်၏။ ကိုင်ရိုဆေးတက္ကသိုလ် ကျောင်းတိုက်ကြီးတွင် ပါမောက္ခအဖြစ် အမှုထမ်းနေစဉ် အထက်ပါ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါက်တာဆာလာဗေဟာဒီနှင့် တူတမ်ခမွန်ဘုရင်ကလေး၏မံမီရုပ်အလောင်းအား ခွဲစိတ်စစ်ဆေးကြည့်ရှုကြရန် အီဂျစ်အစိုးရရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဌာန/မှ တာဝန်ပေးထားခဲ့သည်။

၁၉၂၅ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့နံနက်တွင်မှ ပါမောက္ခ ဒေါက်တာ ဒေါက်ဂလပ်ဒါရီ ခေါင်းဆောင်သော အဖွဲ့သည် တူတမ်ခမွန်ဘုရင်ကလေး၏ မံမီရုပ်အလောင်းအား ခွဲစိတ်ကြည့်ရှုရန်စီစဉ်ခဲ့သည်။ သူတို့အဖွဲ့တွင် အီဂျစ်အစိုးရ ရှေးဟောင်းယဉ်ကျေးမှုဌာနညွှန်ကြားရေးမှူးချုပ် မွန်ဆီယာပီယာရီလူကပ်(စ်)၊ အမေရိကန်ပြည်ထောင်စု မီထရိုပိုလတန်ပြတိုက်မှ ဓာတ်ပုံဆရာမစ္စတာဟယ်ရီဘာတွန်နှင့် အီဂျစ်အစိုးရ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူထိပ်တန်းအရာရှိများ ပါဝင်ကြသည်။ သူတို့အားလုံးသည် သင်္ချိုင်းဂူအတွင်းရှိ ကျောက်သားနံရံတွင်ထွင်း၍ရှေးဟောင်း အီဂျစ်အရုပ်စာဖြင့် ရေးသားထားသော စာကိုဖတ်ရှုမိကြသည်နှင့် စိတ်တုန်လှုပ်သွားကြသည်။ ထိုစာတွင် 'ငါလဲလျောင်းအိပ်စက်နေမှုကို အနှောင့်အယှက်ပြုသူတို့အား ယမမင်းသည် ပျံဝဲလာပြီး ဘေးဆိုးအန္တရာယ်ပြုမည်' ဖြစ်သည်ဟုဖော်ပြထားသည်။

သို့သော် သတ်မှတ်ထားသော အချိန်တွင် ဒေါက်ဂလပ်ဒါရီနှင့်အဖွဲ့သည် တူတမ်ခမွန်ဘုရင်ကလေး၏ မံမီရုပ်အလောင်းကြီး ဆေးရည်စိမ်၊ ပိတ်စများကို တစ်စချင်းဖြေခဲ့ကြသည်။ အင်အားကောင်းသောမီးမောင်းများအောက်တွင် မံမီရုပ်အလောင်းကြီး၏ ဆေးရည်စိမ်ပိတ်စများကို ဖြေနေသည့် မြင်ကွင်းမှာ ကျောချမ်းဖွယ်ဖြစ်သည်ဟု နောင်အခါ လန်ဒန်တိုင်း(မ်)သတင်းစာကြီးက ရေးသား ဖော်ပြခဲ့သည်။

မံမီရုပ်အလောင်းမှပိတ်စများမှာ စူးရှသောအနံ့တစ်မျိုးထွက်နေသည်ဟု ဆိုသည်။ အလောင်းကြီး၏ ပိတ်စကို တစ်စချင်းဖြေလိုက်သည်နှင့် အံ့ဖွယ်သရဲ တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ၊ လက်ဝတ်ရတနာများ၊ အဆောင်ပစ္စည်းများကို တွေ့ရှိကြ၏။ တောက်ပသောမီးရောင်အောက်တွင် ရတနာပစ္စည်းများမှာ အရောင်ဝင်းဝင်း တောက်ပနေသည်ဟု ဆိုကြသည်။ ထိုစဉ်က မှတ်တမ်းအရ လက်ဝတ်ရတနာနှင့် အဆောင်ပစ္စည်း (၁၄၃) မျိုး တွေ့ရှိရသည်ဟု သိရ၏။

ပါမောက္ခဒေါက်တာဒေါက်ဂလပ်ဒါရီသည် အသင့်ယူဆောင်လာသော ခွဲစိတ်ကုပစ္စည်းများနှင့် ဘုရင်ကလေး၏ မံမီအလောင်းအား ခွဲစိတ်စစ်ဆေးကြည့်ရှုတော့၏။ သူ၏တွေ့ရှိချက်အရ ဘုရင်ကလေးမှာ သက်တော် (၁၈) နှစ်တွင် ကံတော်ကုန်ရခြင်း ဖြစ်သည်။ ထူးထူးခြားခြား ကျန်းမာ၍ အရပ် (၅)ပေ၊ (၆) လက်မခန့်သာရှိသော လူငယ်တစ်ဦး ဖြစ်သည်။ သူ့ဦးခေါင်းတွင် တစ်စုံတစ်ရာ လေးလံသောအရာဖြင့် ထိခိုက်မိ၍ ကွယ်လွန်ရခြင်း ဖြစ်သည်ဟု ဆိုသည်။ နောင်အခါ ထိုမံမီရုပ်အလောင်းခွဲစိတ်မှု မှတ်တမ်းကို ပါမောက္ခ ဒေါက်ဂလပ်ဒါရီနှင့်အဖွဲ့က ထုတ်ပြန်ပေးခဲ့သည်။ ဘုရင်လေး၏အလောင်းတော်အား ဓာတ်မှန်ကျွမ်းကျင်သူ အာချီဘော်ဒေါက်ဂလပ်ရီက ဓာတ်မှန်ဖြင့် ရိုက်ကူးခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ပါမောက္ခဒေါက်တာ ဒေါက်ဂလပ်ဒါရီ၊ တွဲဖက်ပါမောက္ခ ဒေါက်တာဆာလာဗေဟာဒီနှင့် ဓာတ်မှန်ပညာရှင် အာချီဘော် ဒေါက်ဂလပ်ရီတို့မှာ (၆) လခန့်အကြာတွင် ရုတ်တရက် အမျိုးအမည် ဖော်မပြနိုင်သော ရောဂါဖြင့် ကွယ်လွန်ခဲ့ကြရသည်ဟု ဆိုကြပါကြောင်း။

သျှမ်းထက်

ကျမ်းကိုး -

The Murder of Tutankhamen



www.burmeseclassic.com

www.burmeseclassic.com

# သက်လုံ

## တေဇောဓာတ်နှင့်ဒေဝတာပုရာဏ်



ရှေးပညာရှိများသည် ဆယ့်နှစ်ရာသီခွင်တွင် ဓာတ်ကြီးလေးပါးပိုင်ဆိုင်မှုများကို ဖော်ထုတ် မှတ်တမ်းတင်ခဲ့ကြ၏။ အရှေ့တိုင်းမှ အိန္ဒိယနိုင်ငံသာမက အနောက်တိုင်းမှ ဘာဘီလုံ၊ ခါးလ်ရှီးယား၊ ခေါမ၊ ရောမ စသော ရှေးဟောင်းနိုင်ငံများတွင် ဓာတ်ကြီးလေးပါး အယူအဆသည် ရှိခဲ့ပါ၏။ ထိုဓာတ်ကြီးလေးပါး ဟူသည်ကား တေဇော (ခေါ်) မီးဓာတ်၊ ပထဝီ (ခေါ်) မြေဓာတ်၊ ဝါယော (ခေါ်) လေဓာတ်၊ အာပေါ (ခေါ်) ရေဓာတ်တို့ပင် ဖြစ်ကြလေတော့သည်။ သို့ဖြစ်သည်နှင့်အညီ ရှေးဦးစွာ တေဇော (ခေါ်) မီးဓာတ်နှင့် ပတ်သက်၍ ဒေဝတာပုရာဏ်လာ အကြောင်းအရာများကို နိဒါန်းသွယ်၍ ရေးသားပါသည်။

ဒေဝတာပုရာဏ်တွင် မီး၏ မှော်သဘောဆန်လှစွာ အသက်ကိုလည်းပေး၊ အသက်ကိုလည်းယူနုတ်တတ်ပါသော စွမ်းအင်များကို အကြီးဆုံးနတ်ဘုရား၏ ဖန်တီးစွမ်းအားအဖြစ် ပုံဖော်လေသည်။ ခေါမ (ခေါ်) ဂရိလူမျိုးတို့၏ ဒေဝတာပုရာဏ်ဇယုစ်(ဝါ)ဇုစ် (ZEUS) ဟု ခေါ်ဝေါ်သမုတ်သော နတ်ဘုရားသည် နတ်ဘုရားတို့အထဲတွင် အကြီးမြတ်ဆုံးနှင့် စွမ်းအင်အမြင့်မားဆုံး ဖြစ်ပေ၏။ သူနှင့်သူ့ညီများသည် စကြဝဠာခွဲဝေ၍ စိုးမိုးကြသည်။ ဇုစ်က မိုးကောင်းကင်နှင့်မြေကြီး၊ ဟေးဒီးစ် (HADES) က မြေအောက်ဘုံ၊ ပေါ်ဆိုက်ဒွန် (POSEIDON) က ပင်လယ်သမုဒ္ဒရာတို့ကို စိုးမိုးကြသည်။ ဇုစ် ဆိုသော စကားလုံး၏ အဓိပ္ပာယ်မှာ ကောင်းကင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် သင်္ကရိုက်စကားလုံး ဖြင့်သော 'ဂျောက်' ဟု အသံထွက်သည့် 'ချောက်' (ပါဠိစကား-ဇု) ကို သတိရသင့်သည်။ ထိုစကားလုံး၏ အဓိပ္ပာယ်မှာ အလင်းရောင်ဖြစ်ပါ၏။ မိုးကောင်းကင်နှင့် အလင်းရောင်တို့သည် တွဲစပ်ယှက်နွယ်နေပေသည်။ မြေကြီးနှင့် အမှောင်တို့သည်လည်း ထိုနည်းတူစွာပင် တွဲစပ်နေ၏။

ဇုစ်သည် ရောမဒေဝတာပုရာဏ်၌ 'ဂျူပီတာ' ဖြစ်သွားလေသည်။ ဂျူပီတာ ဟူသော စကားလုံးနှင့် သင်္ကရိုက်စကား 'ချောက်တြို' ဟူသော စကားလုံး တို့သည် နီးစပ်ပေရာ အဓိပ္ပာယ်မှာ 'ကောင်းကင်သခင်' ဟူ၍ ဖော်ဆောင်ပေ၏။ မိုးလေဝသနေဘောင်အားဖြင့်မူ သူသည် လျှပ်စစ်မိုးကြိုးတို့ကို ခိုးမိုးထား၍ မြေကမ္ဘာဆီသို့ မိုးကိုရွာသွန်းပေးနိုင်သည်။ ထိုနည်းတူစွာ လူ့လောကမှ လူသားများအပေါ်တွင်လည်း ဆုလာဘ်ပေးခြင်း အပြစ်ဒဏ်ပေးခြင်းများကို ပြုလုပ်တတ်သည်။ ဓါမဒေဝတာပုရာဏ်အရ သူသည် အိုးလင်းပတ်စ် (OLYMPUS) တောင်ပေါ်တွင် နန်းထိုင်၏။

ဥရောပတိုက်မြောက်ပိုင်းမှ နော့စ် (NORSE) လူမျိုးတို့၏ ဒေဝတာပုရာဏ်တွင်မူ သောရ် (THOR) နတ်ဘုရားတစ်ပါးရှိသည်။ သူသည် မိုးကြိုးလက်နက်အရှင်သခင်ဖြစ်၍ အင်အားနှင့် စစ်ကို သချစ်မူသည်။ သူသည် လက်ထဲ၌တူကို ကိုင်ထားသည်။ ခါးတွင်အင်အားကြီးစေသော ခါးပတ်ကို ပတ်သည်။ သံလက်အိတ်များကိုစွပ်သည်။ သူသည် ဤသို့ ဆင်ယင်၍ မြေကမ္ဘာပေါ်မှ ဘီလူးများကို တိုက်ခိုက်သည်။ သူ၏ စစ်ရထား ဘီးလှိမ့်သံသည် မိုးခြိမ်းသံဖြစ်၏။ သူသည် လူသားများအပေါ် ကြင်နာ၍ သက်ထပ်ပွဲများကို စောင့်ရှောက်သည်။ နောင်တွင် ဥရောပတိုက်သားများက သူ့ကို ဂျိုဗ်(JOVE)ခေါ် ဂျူပီတာနှင့်ဖလှယ်၍ ကိုးကွယ်ကြသည် ဖြစ်သောကြောင့် ဂျူပီတာနေ့ဖြစ်သော ကြာသပတေးနေ့ကို သောရ်နှင့် အစားထိုး၍ အင်္ဂလိပ်ဘာသာတွင် (THURSDAY) ဖြစ်လာရသည်။

မိုးကြိုးကို အစိုးရသော ထိုနတ်ဘုရားနှစ်ဆူသည် တေဇော(မီး)ဓာတ်ကို ကိုယ်စားပြုကုန်ကြ၏။ ဒေဝတာပုရာဏ်၌ တေဇောနတ်ဘုရားများသည် သုညမှ စကြဝဠာကိုဖန်ဆင်းနိုင်ကြသကဲ့သို့ပင် လူသားများသည်လည်း ကိုင်တွယ်ထိတွေ့၍မရနိုင်သော စိတ်ကူးထဲမှ ကိုင်တွယ်ထိတွေ့ရနိုင်သော အရာဝတ္ထုများကို ထင်ရှားဖြစ်ပေါ်လာအောင် လုပ်ကိုင်ဖန်တီးနိုင်ခြင်းသည် စဉ်းစားတွေးတောကြည့်ချင်သူများအတွက်တော့ စိတ်ဝင်စားဖွယ်ကောင်းလှပါ၏။ တေဇော(မီး)နတ်ဘုရားများသည် အပြုသဘောဖန်တီးတတ်ကြသလို အပျက်သဘောအားဖြင့်လည်း ပြာကျပျောက်ကွယ်သွားစေနိုင်၏။ တစ်နည်းဆိုရသော် သုညထဲကမှအရှိကို ထုတ်ပြသလို ရှိပြီးသားကိုလည်း သုညဖြစ်သွားစေနိုင်သည်။

ရှေးဟောင်း ပါရှားနိုင်ငံတွင် မီးကို ဘုရားသခင်၏ မြင်ရသော မျက်နှာအဖြစ် ကိုးကွယ်ကြ၏။ ဟိန္ဒူနတ်ဘုရား အဂ်နိ (HGNI) (ပါဠိ-အဂ္ဂိ) ဟုခေါ်သည့် မီးနတ်ဘုရားသည်လည်း ကိုးကွယ်ပူဇော်မှုတွင် လွန်စွာအရေးပါကာ မျက်စိအမြင်သည် ကြည်လင်စွမ်းမှုပေးသည့်အတိ အရေးပါလှပေသည်။ ရောမလူမျိုးတို့၏ ဗာလ်ကန် (VOLCAN) နတ်ဘုရားသည် မီးတောင်၏အလယ်၌ အသုံးအဆောင်များကို ထုလုပ်ထားသော ပန်းပဲနတ်ဘုရားဖြစ်၍ မီးဓာတ်နှင့်ဆက်ဆံသည်။ မီးတောင်တွင်းမှနေ၍ အခြားသော နတ်ဘုရားများ၏ အလှအပတို့နှင့် စွမ်းအင်များအတွက် အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ပေးလေသည်။

စိတ်ဓာတ်ရေးရာတွင်ကား မီးဓာတ်သည် တွေးတောမှုအစွမ်းကို သရုပ်ဆောင်ပေ၏။ ဓာတ်တွေ့ဖရိုဖရဲနှင့်ဘာမှမရှိသလိုထင်နေရသည့် အခြေအနေမှ စကြဝဠာကြီး ဘွားခနဲပေါ်ထွက်နေရသလို မရေမရာဟုထင်ရသော အတွေးထဲမှ အကောင်အထည်သည် ပေါ်ထွက်လာရပေသည်။ စိတ်ကူးနှင့်အာရုံအမြင်တို့သည် လူသား၏ ပဟေဠိဆန်လှသော ဂုဏ်သတ္တိများဖြစ်ကြ၏။ လူသားကို ရုပ်ဝတ္ထုအကန့်အသတ်နယ်အပြင်ဘက်သို့ ထွက်သွားရောက်ရှိစေပါသည်။ အတိတ်နှင့်ပစ္စုပ္ပန်ထက်လွန်ကဲကြီးမြတ်ပေသော အနာဂတ်ကာလကို တည်ဆောက်ပေသည်။

ထိုမျှ စွမ်းအားကြီးမားလှပါသော အတွေး(ဝါ)စိတ်ကူးသည် မီးဓာတ်နှင့် တူညီလှစွာပင် အဖျက်စွမ်းအားကိုလည်း ဖြစ်နိုင်စေပါ၏။ ဤသို့ဖြင့် ကမ္ဘာ့လူဆိုးကြီးများ၏ စိတ်ကူးအတွေးတို့ကြောင့် ကမ္ဘာပေါ်မှ လူသားများစွာ ကပ်ဘေးသင့်ကြရတော့သည်။ အနာဂတ်အတွက် လူသားတို့၏ အတွေးစိတ်ကူးသည် အသက်ပေးနိုင်သလို အသက်ဇီဝိန်ကိုလည်း နုတ်ယူနိုင်ပါသည်။ ပြည့်စုံပေါ်ကြွယ်မှုကိုဖြစ်စေနိုင်သလိုပင် အရာရာဆိတ်သုဉ်းပျောက်ကွယ်ခြင်းကိုလည်း ဖြစ်စေနိုင်ပါ၏။ လူသား၏ အနုပညာကြိုးစားမှုများတွင် စိတ်ကူးစွမ်းအားသည် အခြေခံအားဖြင့်ပါဝင်သော 'အမယ်'တစ်မျိုးဖြစ်ရ၏။ ထို့မျှသာမက စိတ်ကူးစွမ်းအားသည် ဘာသာရေးတွင်လည်း နက်ရှိုင်းသော စိတ်ခံစားချက်အဖြစ် ပါဝင်နေသည်။

သို့ဖြစ်ရာ တေဇောဓာတ်ဆိုင်ရာ မီးနတ်များသည် စကြာဝဠာအတွင်းတွင် အဆင့်မြင့်သော ဖန်တီးစွမ်းအား၏ သရုပ်သင်္ကေတများ ဖြစ်လာကြတော့သည်။ ထို့မျှသာမက လောကီအဆင့်မှ လွန်တက်ခဲ့သည့် လောကုတ္တရာစိတ်ဓာတ်များကိုလည်း ကိုယ်စားပြုနေကြပေ၏။ ဆယ့်နှစ်ရာသီခွင်တွင် တေဇောရာသီခွင်များကား မိဿ၊ သိဟ်၊ ဓနု တို့ဖြစ်ကြပါ၏။ ဤရာသီခွင်များ၏ အမှန်တကယ်ဖြစ်တည်မှုနှင့် အရေးပါမှုတို့ကို အသိအမှတ်ပြုကြရမည် ဖြစ်လေသည်။ မူလဇာတာတွင် မီးရာသီများတွင် တည်ရှိသော ဂြိုဟ်များသည် မီးနတ်ဘုရားများ၏ အရောင်၊ ဖြစ်စဉ်စွမ်းအား ပြင်းပြမှုတို့ အလိုက်အကျိုးပေးမည် ဖြစ်သည်။ မီးကို ထိန်းသိမ်းကွပ်ကဲနိုင်၏။ လိုအပ်သလို သုံးစွဲနိုင်၏။ သို့သော် မီးတောက်ကို လိုသလို ပုံသဏ္ဌာန်သွင်း၍ မရသည်ကိုတော့ နှလုံးသွင်းထားပါသည်။

ကမ္ဘာကျော် ပန်းပုဆရာကြီး မိုက်ကယ်အိန်ဂျလိုကပြောဖူးသည်။ သူသည် ရုပ်တုကိုပြုလုပ်ခြင်းမဟုတ်ပါ။ ကျောက်သားထဲ၌ သန္ဓေတည်ကိန်းအောင်း၍ ထွက်မည်တကဲကဲဖြစ်နေသော အလှအပနှင့်စွမ်းအင်ကို ထုတ်လွှတ်ပေးလိုက်ခြင်းသာ ဖြစ်သည်ဟု သူက ဆိုသည်။ မီးဓာတ်ကြီးစိုးသည့် ရာသီခွင်မှစွမ်းအင်များသည်လည်း ထွက်ပေါ်မည်တကဲကဲ ရှိနေပါသော်လည်း ဂရုမပြု လျစ်လျူရှုထားလိုက်လျှင် ကျောက်တုံးအဖြစ်သို့သာ တည်ရှိနေပေလိမ့်မည်။ စိတ်ကူးစွမ်းအားဖြင့် အကန့်အသတ်၊ အတားအဆီးဘောင်များကို ကျော်လွှားကာ ပြင်ပကမ္ဘာထဲသို့ ခမ်းနားစွာ ထွက်ပေါ်လာကြမည်သာ ဖြစ်ပါ၏။

သောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးနတ်စက်ရောင်

ကျော်ထက်ရွှေ



အချိန်ကား မြန်မာနှစ် ၁၂၅၀ ပြည့်နှစ် ဝန်းကျင်က ဖြစ်၏။

အထက်အညာဒေသ တောင်သာနယ်မှ လူလေးဦးပါသော မိသားစုတစ်စုသည် အောက်ပြည်မြစ်ဝကျွန်းပေါ်ဒေသ နတ်စင်ကွင်းရွာသို့ ရောက်ရှိလာကြလေ၏။ သူတို့သည် ရွာစပ်သချိုင်းကုန်းအနီးရှိ ဇရပ်တစ်ခုတွင် တည်းခိုနေကြလေ၏။ သူတို့သည် အဆိုပါဇရပ်တွင် တည်းခိုနေသည်မှာ တစ်ရက်မှတစ်ပတ်၊ တစ်ပတ်မှတစ်လချဉ်းကပ်လာခဲ့လေ၏။ သို့ဖြစ်ပါသောကြောင့် သူတို့သည် နတ်စင်ကွင်းရွာသားများသာမက အနီးအနားရှိ ဝက်လာ၊ ကျွဲတီလင်း၊ ဒေါင်ကြီး၊ ရိုးမတောကုန်း၊ ကျုံဖာရိုး၊ ဆတ်ကွင်း၊ ဘုရားငူ စသည့်ရွာများမှ လူအချို့နှင့်ပါ ရင်းနှီးလာကြလေ၏။

သူတို့မိသားစုသည် စိတ်ထားသဘောထား ကောင်းမွန်ပြီး ဧည့်ဝတ်ကျေပွန်ကြသဖြင့်လည်း ရွာသားများက သူတို့အပေါ်တွင် အထူးပင် ကရုဏာသက်ကြလေ၏။ထို့ကြောင့်လည်း သူတို့မိသားစုအား ရွာသားများက ဤရွာမှ ထွက်ခွာမသွားစေလိုပေ။ ထို့နောက် ရွာသားအချို့က ဦးဆောင်ပြီး သူတို့မိသားစုအလုပ်ရစေရန် နတ်စင်ကွင်း မြေပိုင်ရှင်သူဌေး ဦးဘတင်အိမ်သို့ ခေါ်ဆောင်သွားခဲ့ကြလေ၏။ သူဌေးဦးဘတင်အား ရွာသားအချို့က ဝိုင်းဝန်း ပြောဆိုထောက်ခံပေးသဖြင့် အဆိုပါ မိသားစုသည် ဦးဘတင်ပိုင်ဆိုင်သော လယ်မြေအချို့တွင် သူရင်းငှားအဖြစ် လုပ်ကိုင်ခွင့်ရရှိသွားလေ၏။ ထို့ကြောင့် သူတို့မိသားစုသည် ဦးဘတင်လယ်သို့ပြောင်းရွှေ့နေထိုင်ခဲ့ကြလေ၏။ အဆိုပါမိသားစုလေးဦးမှာ အသက်(၃၅)နှစ်အရွယ်ရှိ ကိုပန်းမောင်၊ ဇနီးသည် မခင်လှ၊ သား မောင်ထူးပိုင်၊ သမီး မမြတ်လှတို့ ဖြစ်ကြလေသည်။

သူတို့သည် လုပ်ကွက်စားကျက်ရှားပါးသောဒေသမှ ရောက်ရှိလာသူများပီပီ အလုပ်ကိုအထူးကြိုးစား၍ လုပ်ကိုင်၏။ လုံ့လဝီရိယရှိ၏။ ဖွဲ့သတ္တိတို့ဖြင့်လည်း ပြည့်စုံကြ၏။ ထို့ကြောင့် သူတို့သူရင်းငှားအဖြစ်လုပ်ရသောလယ်များအထူးကောင်းမွန်ဖြစ်ထွန်းသဖြင့် ဘဝတူ





www.burmeseclassic.com

www.burmeseclassic.com

ကျန်သူရင်းငှားများကပင် သူတို့အား ချီးကျူးကြရလေ၏။

ထိုသတင်းများကြောင့် မြေပိုင်ရှင်ဦးဘတင်က ကိုပန်းမောင်အား လယ်တစ်ရာသီပြီးသောအခါ ခေါ်ယူတွေ့ဆုံခဲ့လေ၏။

"ဒီမယ် မောင်ပန်းမောင်၊ မင်းတို့ရဲ့ ဇာတိက ဘယ်ကလဲကွယ့်"

"ကျွန်တော်မျိုးတို့က တောင်သာနယ်ဇာတိပါ သူဌေးမင်း"

"မင်းတို့ဆီမှာ လယ်မြေကောင်းများတယ်ထင်တယ်"

"ဟုတ်ပါတယ်၊ အလွန်ပဲ ရှားပါးလှပါတယ် ခင်ဗျား။ ရေမိုးကလည်း အင်မတန်ညံ့တော့ လုပ်သလောက် အကျိုးမခံစားရပါဘူး။ တစ်ဝမ်းဝရုံ တောင်အနိုင်နိုင်ပါပဲ ခင်ဗျာ"

"မင်းတို့ ဟိုမှာလည်းလယ်ပဲလုပ်ကြသလား"

"ကျွန်တော်မျိုးတို့ဆီမှာ လယ်ထက် ယာကိုပိုလုပ်ကြပါတယ်။ အဓိကလုပ်ကြတာကတော့ ကျွန်တော်မျိုးတို့ရဲ့ ဇနီးနဲ့ သားသမီးတွေပါပဲ။ ကျွန်တော်မျိုးကိုယ်တိုင်ကတော့ မင်းမှုထမ်းရတာနဲ့ အချိန်ကုန်တာများပါတယ်"

"ဟော့ - မင်းက မင်းမှုထမ်းခဲ့ဖူးလား။ ဘယ်မှာထမ်းခဲ့တာလဲ"

"သီပေါဘုရင်မင်းမြတ်ရဲ့ တပ်မတော်မှာ အမှုထမ်းခဲ့တာပါ။ အမှုထမ်းသက် ဆယ်နှစ်ကျော်ပါပြီ။ ဒါနဲ့ ကုန်ခဲ့တဲ့ နှစ်နှစ်လောက်က အရှင်နှစ်ပါးလည်း ပါတော်မူသွားရော တပ်ကိုလည်း ဖျက်လိုက်တဲ့အတွက် ကိုယ်ဇာတိကိုယ်ပြန်ပြီး ယာလုပ်ငန်းလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုပဲ အားထုတ်ဆောင်ရွက်ခဲ့ပေမယ့် အကျိုးမခံစားခဲ့ရပါဘူး။ နောက်တစ်ခုက အထက်မြန်မာပြည်မှာက မင်း





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းမင်းလှဲနဲ့ဆိုတော့ တိုင်းနိုင်ငံက လည်း မငြိမ်မသက်နဲ့ လုပ်ကိုင်စားဖို့ မလွယ်ကူတာနဲ့ စည်ပင်ဝပြောတယ်လို့ ကြားရတဲ့ မြစ်ဝကျွန်းပေါ်ဒေသကို မိသားစုလိုက် ရွှေ့ပြောင်းလာရခြင်း ဖြစ်ပါတယ်ခင်ဗျာ"

"ဪ - မင်းက စစ်မှုထမ်းခဲ့တဲ့ မင်းမှုထမ်းကိုး"

ဟု ပြောပြီး မြေပိုင်ရှင် ဦးဘတင် သည် ခေတ္တမျှ စဉ်းစားလိုက်လေ၏။ သူ့ လက်တွင် ဖုန်းဆိုးကျတ်မြေဖြစ်နေသည့် လယ်မြေအတော်များများရှိနေသည်။ အဆိုပါလယ်မြေများအား ကိုပန်းမောင် အား လုပ်ခိုင်းရလျှင်ကောင်းမည်ဟု စဉ်း စားမိလေ၏၊ ကိုပန်းမောင်တို့ မိသားစု သည် အလုပ်ကြိုးစားကြ၏ အကျင့် စာရိတ္တလည်း ကောင်းမွန်ပြီး သတ္တိဗျတ္တိ နှင့်လည်း ပြည့်စုံသူဖြစ်သဖြင့် အခြားသူ တို့ မလုပ်ဝံ့မလုပ်ရဲသည့် ကျတ်ကုန်းမြေ ကို လုပ်ကိုင်စေလျှင် များစွာအကျိုးရှိ နိုင်ကြောင်း တွေးမိကာ -

"ဒီလိုကွယ့် မောင်ပန်းမောင်ရဲ့။ မင်းတို့ရဲ့ ရိုးသားပြီး အလုပ်ကို စွဲစွဲမြဲမြဲ ကြိုးစားတတ်တဲ့လူမျိုး တွေ့ရတော့ ဦး လည်း သိပ်ကိုနှစ်သောင်းအားရဖြစ်မိ တယ်ကွယ့်။ ဒါကြောင့် ဦးရဲ့ဂရန်ပိုင် ဖုန်းဆိုးဖြစ်နေတဲ့ မြေနေရာကို ကြည့် ရှုစောင့်ရှောက်တဲ့သဘောနဲ့ ပေးမယ်၊ ဘယ့်နှယ်လဲ၊ လုပ်နိုင်ပါမလား"

"ဟာ-သူဌေးမင်းရယ်၊ ဘာမလုပ် နိုင်စရာရှိပါ့မလဲဗျာ"

"အဲ - ပထမတစ်နှစ်မှာ လယ် သစ်တည်ရင် အခွန်အကောက်ကင်း လွတ်ခွင့်စည်းမျဉ်းဥပဒေအတိုင်းကင်း လွတ်ခွင့်ရမယ်။ တကယ်လို့ အောင်မြင် ဖြစ်ထွန်းသွားရင် နောက်ဒုတိယနှစ်၊ တတိယနှစ်တွေမှာလည်း မြေခွန်တော် ကို အထူး လျှော့ပေါ့တဲ့ နှုန်းထားနဲ့ပဲ ကောက်ခံပေးမယ်လို့ မင်းကို ဦးလေး လေးနက်နက် ကတိပြုပါတယ်မောင်။ ဘယ့်နှယ်လဲကွယ့်"

"လုံးဝလုပ်ရဲပါတယ်ခင်ဗျာ။ဘယ် အလုပ်မျိုးမဆို လုပ်ဖို့အဆင်သင့်ပါပဲ ခင်ဗျာ၊ ကျေးဇူးကြီးလှပါတယ်"

"ကဲ၊ ကဲ - ဒါဖြင့် မင်းမနက်ဖြန် ကစပြီး လုပ်ပေတော့"

ဟု ဦးဘတင်က သူပိုင်ကျတ်ကုန်း မြေဟု နာမည်ကြီးသော ရွာအစွန် သချိုင်းကုန်းနှင့် တစ်ဆက်တစ်စပ်တည်း ရှိသည့်လယ်မြေများ ကိုပန်းမောင်အား လုပ်ခွင့်ပေးလိုက်၏။ ထိုအခါ ကိုပန်း မောင်သည် လွန်စွာပျော်ရွှင်ဝမ်းမြောက် စွာဖြင့် မိသားစုထံ ပြန်လာခဲ့လေ၏၊

ထိုနေ့ညနေတွင်ပင် လယ်တဲသို့ အလည်ရောက်လာသည့် နတ်စင်ကွင်း ရွာသားအချို့အား ကိုပန်းမောင်က အခြေအနေများ တိုးတက် အဆင်ပြေ လာပုံကို နည့်ဝတ်ပြုရင်း ဝမ်းသာအားရ ပြောပြလေ၏၊ ထိုသတင်းကိုကြားလိုက် ရသောရွာသားတို့သည် ကျဉ်စက်နှင့်တို့ ခံရသည့်နှယ်ဖြစ်သွားပြီး မျက်လုံးပြူး မျက်ဆန်ပြူးကုန်ကြလေ၏။ ရွာသားထဲ မှ အသက်အကြီးဆုံးဖြစ်သည့် ဦးလေး ဦးသာအောင်က -

"ဒီမယ် မောင်ပန်းမောင်ရေ၊ အဲဒီ လယ်ကိုတော့ သွားလုပ်ဖို့ ဘယ်တော့မှ စိတ်မကူးလေနဲ့၊ အဲဒီနေရာက မြေဟာ အရမ်းကြမ်းတယ်၊ အဲဒီမှာ ပြောင်းရွှေ့ ပြီးအလုပ်လုပ်ကိုင်ကြတဲ့လူတွေ အသေ အပျောက်များကြလွန်းလို့ အဲဒီနေရာကို 'သက်ပျောက်ရွာ' လို့တောင် ခေါ်ကြ တယ်။ ငါမှတ်မိသလောက်တင် အဲဒီမှာ လယ်သွားလုပ်ကြတာ လူဆယ်ယောက် ထက် မနည်းတော့ဘူး။ အကြောင်းတစ် ခုမဟုတ်တစ်ခုနဲ့ သေကုန်ကြတာပဲ။ အချို့က အဆိပ်သင့်တဲ့ အစားအစာ တွေကို မှားစားမိလို့ ဆုံးရတယ်။ အချို့ ကလည်း အလုပ်လုပ်ရင်း ငုတ်စူးပြီး တော့ အနာရင်းလာတာနဲ့ ဆုံးရတယ်၊ အနည်းနည်းအဖုံဖုံနဲ့ ဆုံးရတာပါပဲ ကွယ်။ ဒါကြောင့် မောင်ပန်းမောင်ရယ်၊ အဲဒီကျတ်ကုန်းမှာတော့သွားမလုပ်ပါနဲ့၊ မြေကြမ်းလွန်းလို့ပါ"

ဟု ပြောဆိုတားမြစ်လေ၏။ သို့ သော် ကိုပန်းမောင်သည် မြန်မာ့ဘုရင့် တပ်မတော်တွင် အမှုထမ်းလာသူပီပီ ရဲရင့်သောစိတ်ကလည်း အပြည့်အဝရှိ ပြီး အဆိုပါကျတ်တို့၊ မကောင်းဆိုးဝါး တို့ကို အယုံအကြည်သိပ်မရှိလှသဖြင့် အလိုက်အထိုက်ကြည့်၍ ရွာသားများ အား အဆင်ပြေအောင်ပြောလိုက်လေ ၏။

နောက်နေ့တွင် အဆိုပါ ကျတ် ကုန်းလယ်မြေသို့ ကိုပန်းမောင်နှင့်မိသား စုသည် ပြောင်းရွှေ့သွားကြ၏။ လယ် မြေ၏ အစွန်မကျတကျနေရာ သချိုင်း ကုန်းနှင့်ဝေးရာတစ်ဖက်ခြမ်းတွင် တဲ အိမ်တစ်လုံးဆောက်လုပ်ကြ၏။ ရွာသား များသည် 'သက်ပျောက်ရွာ' အကြောင်း ကြားဖူးနားဝရှိကြသဖြင့် မည်သူမျှမလာ ရောက်ရဲကြပေ။ ထို့ကြောင့် တဲအိမ်ကို သူတို့ မိသားစုချည်းသာ ဆောက်ခဲ့ရ သဖြင့် ညဦးပိုင်းရောက်မှ လက်စသတ် တော့၏။ ထို့နောက် အမိအဘတို့၏ ရိုးရာအစဉ်အလာရှိသည့်အတိုင်း အိမ် အတွင်းထောင့်၌ အိမ်တွင်းမဟာဂီရိ နတ်အုန်းကိုလည်းဆွဲချိတ်ထားလိုက်ကြ ၏။ ထို့နောက် သားအမိ သားအဖလေး ယောက်တို့သည် ညစာစား၍ သက်ဆိုင် ရာ ကွင်းပိုင်၊ နယ်ပိုင်များကို မေတ္တာပို့ ခြင်း အမျှအတန်းပေးဝေခြင်းများ ပြု လုပ်ကာ အိပ်ရာဝင်ကြလေ၏၊

သူတို့သည် နံနက်အရုဏ်တက်ခါ နိုးကြလေ၏၊ ကိုပန်းမောင်သည် ည မအိပ်ခင်က စိတ်ထဲတွင် ခပ်ထင့်ထင့် ရှိခဲ့သော်လည်း ယခုအခါ တစ်ညလုံး ကောင်းမွန်စွာ အိပ်စက်မှုရပြီး နိုးထ ခဲ့ရသဖြင့် စိတ်လည်း အတော်လန်းဆန်း သွားလေ၏။ ထို့ကြောင့် နံနက်စာအပြင် အဆာပြေထမင်းကြမ်းကို စားပြီးနောက် ပေါက်တူးနှင့်ဓားမတို့ကို ယူဆောင်၍ ဖုန်းဆိုးမြေကို စတင်ရှင်းလင်းရန်ထွက် ခွာလာခဲ့၏

ကိုပန်းမောင်သည် နံနက်ခင်း ဝေလင်းအချိန်တွင် လမ်းလျှောက်လာ ရင်း သူ့ဘဝကိုသူ ပြန်၍စဉ်းစားမိလေ၏၊ သူသည် အထက်အညာဒေသမှ အောက် ပြည်အောက်ရွာသို့ စွန့်စွန့်စားစားပြောင်း ရွှေ့လာရသည့် ရည်ရွယ်ချက်ကိုက ကြီး ပွားချမ်းသာရန် ဖြစ်၏။ အကယ်၍ ကံ မကောင်းအကြောင်းမလှခဲ့ပါက အနည်း ဆုံး ချောင်ချောင်လည်လည်နေထိုင်စား သောက်နိုင်ရန် ဖြစ်၏။ ထို့ကြောင့် သူ တစ်ပါးမလုပ်ဝံ့သည့်အလုပ်မျိုးကို လုပ် ကိုင်နိုင်မှ ကြီးပွားရေးလမ်းစကို ဆုပ် ကိုင်နိုင်ပေမည်ဟု ခံယူကာ မဖြစ်မနေ ဆက်လုပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက် လေ၏။ စဉ်းစားရင်း လမ်းလျှောက်လာ ခဲ့ရာ ဖုန်းဆိုးမြေနှင့် သချိုင်းကုန်းအစပ် သို့ရောက်ရှိလာသဖြင့် ဖုန်းဆိုးမြေရှင်း လင်းရေးလုပ်ငန်းကို စတင်လုပ်ကိုင်လေ တော့၏။ ချုံပုတ်များကို တစ်ခုပြီးတစ်ခု ပေါက်တူးဖြင့်ပေါက်၍ ရှင်းလင်းပြီး မြေ ကို ပြုပြင်လေ၏။

ထိုသို့ မြေညှိနေစဉ် မည်သည့် အရပ်ဒေသမှ ရောက်ရှိလာမှန်း မသိရ သော လူကြီးတစ်ဦး ရောက်ရှိလာလေ ၏။ ထိုလူကြီးမှာ အသက် (၅၅) နှစ်ခန့် ရှိသည်ဟုထင်ရပြီး သစ်လွင်သောအ ဝတ်အစားတို့ကို ဝတ်ဆင်ထားကာ နှုတ် ခမ်းမွေးကားကားနှင့် ဖြစ်လေ၏။ ထိုလူ ၏ ပုံသဏ္ဍာန်နှင့်ဟန်ပန်မှာ လူကြီးလူ ကောင်းတစ်ယောက်၏ပုံမျိုး ပေါ်လွင်



www.burmeseclassic.com

www.burmeseclassic.com

နေလေ၏။ ထိုလူကြီးကပင် စတင်၍ ကိုပန်းမောင်အား-

"ဒီမှာ၊ ဒီမှာ - မိတ်ဆွေကြီးရယ်၊ ကျုပ်တစ်ခုမေတ္တာရပ်ခံပါရစေ။ ဒီမြေဟာ ကျုပ်တို့ပိုင်တဲ့မြေကြီးပါ။ ဒါကြောင့် ဒီနေရာမှာလာပြီး ပေါက်လားတူးလား ဆွလားတွေမလုပ်ပါနဲ့"

ဟု တားမြစ်လေတော့၏။

ထိုအခါ ကိုပန်းမောင်သည် ရုတ်တရက်မို့ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားပြီး အံ့လည်းအံ့ဩမိလေသည်။

ထို့နောက် ကိုပန်းမောင်က -

"ဟာ - မဟုတ်တာဘဲ လူကြီးမင်းရယ်။ ဒီလယ်မြေက နတ်စင်ကွင်းက သူဌေးဦးဘတင်ပိုင်ဆိုင်တဲ့မြေပါ။ ခုဟာက သူကလုပ်ခွင့်ပြုလို့ တစ်နှစ်စာအခွန်ကင်းလွတ်ခွင့်နဲ့လာပြီးမြေရှင်းရတာပါ"

ဟု ယဉ်ကျေးစွာ ပြန်ပြောလေ၏။

ထိုအခါ လူကြီးက -

"အို - ဘယ်ကသူဌေးဘတင်လဲ မသိဘူး။ ဒီမြေဟာသူ့မြေမဟုတ်ဘူး။ ကျုပ်တို့ဘိုးဘွားပိုင်မြေ။ ဒီမြေမှာ ကျုပ်တို့ဘိုးဘွားတွေနေလာတာ ဝါရီရှမင်းလက်ထက်ကတည်းက အနှစ်သုံး၊လေးရာကျော်ပြီ။ ကျုပ်ကိုယ်တိုင်လည်း မွန်ဘုရင်မကြီး ရှင်စောပုက ဒီရွာကို အပိုင်စားပေးလို့ ဆက်ပြီးနေလာတာ။ ကျုပ်ဟာ ဘုရင်မကြီးရဲ့ လက်သုံးတော်ကြီး ကိုင်ပဲ။ ဒီနယ်ဟာ ကျုပ်ပိုင်ရုံတင်မဟုတ်ဘူး။ ကျုပ်ကအုပ်ချုပ်နေရတာဗျ။ ကျုပ်စကားမနာခံခဲ့ရင် အပြစ်ပေးခံရလိမ့်မယ်။ ကျုပ်တို့ပေးတဲ့ အပြစ်ဒဏ်ကတော့ သေဒဏ်ပဲ။ နားလည်လား။ ကျုပ်ဒီလောက်အထိ ဘယ်သူ့ကိုမှစကားရှည်ရှည်ဝေးဝေးမပြောခဲ့ဖူးဘူး။ အခုခင်ဗျားသိအောင် ပြောပြနေရတာက ခပ်စောစောလေးကတင်ပဲ နယ်ပိုင်နဲ့ကွင်းပိုင်က လာပြီး ခင်ဗျားကို အသက်ဆုံးရှုံးတဲ့ အထိမလုပ်ဖို့ အတန်တန်အထပ်ထပ် တောင်းပန်ထားလို့ပဲ"

ဟု သူက ဒေါနှင့်မောနှင့်ပြောပြီး ကိုပန်းမောင်အား စိန်းစိန်းဝါးဝါးကြည့်နေလေ၏။ ထိုမှ မကျေမနပ်သံဖြင့် ဆက်၍ -

"ခင်ဗျား ပေါက်တူးနဲ့ ပေါက်ဆွခုတ်ထွင်နေလို့ ကျုပ်တို့ရွာကလူတွေ အတော်ပဲထိခိုက်အနာတရဖြစ်ကုန်ပြီ"

ဟု ပြောလိုက်ရာ ကိုပန်းမောင်သည် -

"ဘယ်လို၊ ကျုပ်က ပေါက်တူးနဲ့ ပေါက်လို့ ခင်ဗျားတို့ရွာကလူတွေဒဏ်ရာအနာတရဖြစ်ကုန်တယ် ဟုတ်လား၊ မဖြစ်နိုင်တာဗျာ။ ဒီမှာ ကျုပ်အလုပ်လုပ်နေတာ ကျုပ်တစ်ယောက်တည်းပါ။ နောက်ဒဏ်ရာရရအောင်လည်း ဒီနားမှာ တခြားလူတစ်ယောက်မှ မရှိဘူး။ ဘယ်သူမှမလာဘူး။ အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့"

ဟု ကိုပန်းမောင်က နားမလည်သည့် ပုံသဏ္ဌာန်ဖြင့် ပြန်ပြောလေ၏။

ထိုအခါ လူကြီးက -

"ကဲ - ကျုပ်လည်း ဒါထက်ပိုပြီး မပြောနိုင်တော့ဘူး။ ဆက်လုပ်လို့ကတော့ ခင်ဗျားထိုက်နဲ့ခင်ဗျားကံပဲ"

ဟု ပြောပြီး လူကြီးသည် ကိုပန်းမောင်အား စူးစူးဝါးဝါးကြည့်နေသဖြင့် ကိုပန်းမောင်လည်း ထိုသူ၏ ကြည့်ရှုပုံ ထူးခြား၍ ကျောထဲကပါ စိမ့်လာပြီး ဦးလေးဦးသာအောင်ပြောခဲ့သည့်စကားများကို သွားသတိရကာ ချက်ချင်းပင် ပေါက်တူး၊ ဓားမတို့ကို ကောက်ယူကာ အိမ်သို့ပြန်လာခဲ့လေ၏။

အိမ်သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူ မခင်လှအား သူကြုံတွေ့ရသည့် အနှောင့်အယှက်များကိုပြောပြလေ၏။ ဇနီးဖြစ်သူကလည်း ညနေကျလျှင် တစ်ကြိမ်သွားပြီး သူစမ်းသပ်ကြည့်ဦးမည်ဟု ပြောလေ၏။ ဇနီးဖြစ်သူ မခင်လှမှာ သတ္တိကောင်းသူတစ်ဦး ဖြစ်လေ၏။

ညနေစောင်းသောအခါတွင် ဇနီးဖြစ်သူ မခင်လှသည် ပေါက်တူး၊ ဓားမတို့ကို ယူဆောင်ကာ နံနက်က ကိုပန်းမောင်လုပ်ခဲ့သည့်နေရာကိုထွက်လာခဲ့၏။ အဆိုပါနေရာသည် သူတို့တဲငယ်မှ ဝါးအပြန် ငါးဆယ်၊ ခြောက်ဆယ်ခန့်မျှဝေးကွာလှ၏။ မခင်လှထွက်သွားသောအခါ ခင်ပွန်း ကိုပန်းမောင်မှာ စိတ်မချသဖြင့် တဲဝသို့ထွက်၍ မကြာခဏကြည့်မိလေ၏။ နာရီဝက်ခန့်ကြာသောအခါ မခင်လှသည် ချွေးသီးချွေးပေါက်များကျ၍ မောကြီးပန်းကြီးဖြင့် ပြန်လာလေ၏။

ထိုအခါ ကိုပန်းမောင်ကဆီး၍-

"ဘယ်လိုဖြစ်လာတာလဲ"

ဟု မေးသောအခါ မခင်လှက သူမြက်ပင်၊ ချုံပင်များ ရှင်းလင်းခုတ်ထွင်နေစဉ် လူမမာညည်းသံလိုလို အသံကြီးများ အဆက်မပြတ် ကြားခဲ့ရသဖြင့် ကျောထဲမှ စိမ့်လာသောကြောင့် သုတ်ခြေတင်ပြန်ခဲ့ရကြောင်း ပြောလေ၏။

ထိုညတွင် လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေ၏။ သူတို့မည်သို့ဆက်လုပ်ရမည်ကို အကြံရကျပ်လျက်ရှိနေလေ၏။ သူတို့၏ ဘဝအခြေအနေအရလည်း နောက်ဆုတ်ရန် မဖြစ်နိုင်တော့ပေ။ သို့သော် ရှေ့တိုးရမှာကလည်း ခက်နေပြန်၏။ ဤသို့ ကိစ္စသည် သာမန်သွေးရိုးသားရိုးကိစ္စမဟုတ်ကြောင်းကိုလည်း သဘောပေါက်လာ၏။ ရွာမှလူများပြောပြသည့် ဤနေရာ၏ ရာဇဝင်ကိုလည်း စဉ်းစားမိလာ၏။ နောက်ဆုံးတွင် လင်မယားနှစ်ယောက်သည် အကြံတစ်ခုရလာ၏။ ထိုအကြံကို အကောင်အထည်ဖော်ရန် စီမံကြလေ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ကိုပန်းမောင်သည် သန့်ပြန့်သောကြွေပန်းကန်တစ်ချပ်ထဲတွင် လက်ဖက်စုံတစ်ပွဲကို ကောင်းမွန်စွာ ပြင်ဆင်ပြီး၊ မနေ့က မြေညှိပြုပြင်ခဲ့သည့် ကျွတ်ကုန်းနေရာသို့ ယူဆောင်လာခဲ့လေ၏။ ဘိုနေရာသို့ ရောက်ရှိသောအခါ ကိုပန်းမောင်က လက်ဖက်ကို သက်ဆိုင်ရာတို့အား ပ,သတင်မြှောက်လိုက်ပြီး နှုတ်မှလည်း

"သက်ဆိုင်ရာ ပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျား။ ဒီလယ်ရိုင်းကို ကျွန်တော်တို့မိသားစုက လယ်ကောင်းဖြစ်အောင် ဖော်ထုတ်ရပါလိမ့်မယ်။တကယ်လို့ ကျွန်တော်တို့လုပ်မှာကို မကျေနပ်တဲ့ ပုဂ္ဂိုလ်ရှိရင် ဒီကနေ့ညနေမှာပဲ ကျွန်တော်တို့ဆီမှာ လာရောက်ကန့်ကွက်နိုင်ပါတယ်။ ကျွန်တော်များဘက် နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးကို ရှေးရှုပြီး မေတ္တာရှေ့ထားကာ ဖိတ်ကြားအပ်ပါတယ်ခင်ဗျား"

ဟု ပြောဆို တင်မြှောက်ခဲ့ပြီး နေအိမ်သို့ ပြန်လာခဲ့လေ၏။

အိမ်ပြန်ရောက်သောအခါ ဇနီးဖြစ်သူ မခင်လှသည် အမဲဝမ်းတွင်းကလီစာတစ်ပိဿာခန့်ကို ချက်ပြုရန်အတွက် ကိုင်တွယ်နေလေ၏။ ထို့နောက် အဆိုပါ အမဲဝမ်းတွင်းသားတို့ကို တုံးတစ်၍ ဟင်းခတ်အမွှေးအကြိုင်စုံလင်စွာဖြင့် ချက်ပြုတ်ကြလေ၏။

ညနေ လေးနာရီခန့်ရှိသောအခါ ကိုပန်းမောင်သည် အဆိုပါ အမဲသားဟင်းလျာအိုးကို ယူ၍ ကျွတ်ကုန်းမြေသို့ ထွက်လာခဲ့လေ၏။ ကျွတ်ကုန်းမြေသို့ ရောက်သောအခါ ငှက်ပျောဖက်များခင်း၍ အမဲဟင်းလျာများကို ပုံကာ ဤကျွတ်ကုန်းမြေနှင့် သက်ဆိုင်သူများအားလုံး လာရောက် စားသောက်နိုင်ကြပါကြောင်းလည်း ဖိတ်မန္တကပြုပြီးပြန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကိုပြန်ရောက်ပြီးနောက် ခဏကြာသောအခါ မိသားစုများ မီးဖိုခန်း၌ ထမင်းစားကြလေ၏။ ကိုပန်းမောင်ကလည်း မိမိဖိတ်ထားသော ဧည့်သည် လာနိုင်၊ မလာနိုင် သတိထားရင်း စားသောက်နေစဉ် ညနေနေဝင်ရီတရော အချိန်၌ တဲရှေ့မှ လူတစ်ယောက်၏ အသံကို ကြားရလေ၏။

"ဗျို့ - အိမ်ရှင်တို့၊ အိမ်ရှင်တို့မရှိကြဘူးလား"

ဟု အော်ခေါ်သံကို ကြားသဖြင့် ကိုပန်းမောင်သည် အိမ်ရှေ့ခန်းသို့ တစ်ယောက်တည်းထွက်လာပြီးကြည့်လိုက်ရာ အိမ်ရှေ့တံစက်မြိတ်အပြင်၌ မနေ့မနက်က ကိုပန်းမောင် တောရှင်းနေစဉ် လာရောက် ကန့်ကွက်ပြောဆိုသော လူကြီး မတ်တတ်ရပ်လျက်ရှိသည်ကို တွေ့ရလေ၏။ နေ့တွင် လူကြီးသည် ယမန်နေ့ကထက် ပိုပြီး သပ်ရပ်ခံ့ညားစွာ ဝတ်ဆင်ထားလေ၏။ သူသည် ပိုးလုံချည်ရွှေဖလားရောင်တောက်ရှည်နှင့် သက္ကလတ်ရင်ဖုံးအင်္ကျီသနပ်ခါးရောင်၊ ခေါင်းပေါင်းပဝါပန်းနုရောင်တို့ကို ဟန်ကျပန်ကျ ဝတ်ဆင်ထားလေ၏။ သူ၏ မျက်လုံးများမှာ လူသာမန်တို့ထက်ပို၍ တောက်ပြောင်နေသည်ဟု ကိုပန်းမောင်က ထင်မိလေ၏။ ထိုအခါ ကိုပန်းမောင်က ဖော်ရွေပျူငှာစွာပင် ခရီးဦးကြိုလိုက်လေ၏။

"ဩော် - မနေ့မနက်က တွေ့ခဲ့တဲ့ ကျွန်တော်ရဲ့မိတ်ဆွေကြီးပါလား။ မနက်က ကျွန်တော် ဖိတ်မန္တကပြုမှုကြောင့် ကြွလာတာထင်ပါရဲ့ခင်ဗျာ။ အိမ်ထဲကို ကြွပါဦး လူကြီးမင်း။ လက်ဖက်ရည်ကြမ်းလေးဘာလေး သုံးဆောင်ရအောင်ပါ"

ဟု ဖိတ်ခေါ်သော်လည်း လူကြီးသည် အိမ်ထဲသို့ မဝင်ဘဲ အပြင်တွင်ပင် ဆက်ရပ်နေလေ၏။ ခဏကြာမှ လူကြီးက -

"အင်း - အိမ်ထဲတော့ မဝင်တော့ပါဘူးဗျာ။ ခင်ဗျားရဲ့ သဒ္ဓါတရားကိုလည်း လေးစားပါတယ်။ အပြင်ဘက်မှာ ပြောစရာတွေပြောကြတာပေါ့ဗျာ"

ဟု ဆိုသဖြင့် ကိုပန်းမောင်သည် ချက်ချင်းပင် သဘောပေါက်လိုက်လေ၏။ ဤလူကြီးသည် လူသားစစ်စစ်တစ်ဦး မဟုတ်နိုင်ဘဲ ပရလောကသားတစ်ဦးသာဖြစ်ရမည်ဟု ယုံကြည်လိုက်လေတော့၏။ အဘယ်ကြောင့်ဆိုသော် ကိုပန်းမောင်တို့၏အိမ်တွင် အိမ်တွင်းအုန်းဆွဲထားသဖြင့် အိမ်စောင့်နတ်ကတားသဖြင့် သူအထဲသို့မဝင်နိုင်ခြင်းဖြစ်နိုင်ကြောင်း သဘောပေါက်သွား၏။ ထိုအခါ ကိုပန်းမောင်သည် ဣန္ဒြေရရပင် ထွက်၍ အိမ်ဝအပြင်ဘက်၌ စကားပြောဆိုလေ၏။ ကိုပန်းမောင်ကစ၍ -

"ကဲ - ဆိုပါဦး မိတ်ဆွေကြီးရဲ့။ လာရင်းကိစ္စကို ပွင့်ပွင့်လင်းလင်းပဲ ပြောနိုင်ပါတယ်"

"ခင်ဗျားတို့ မိသားစုအနေနဲ့ ဒီဖုန်းဆိုးမြေကို တကယ်ပဲ ဆက်လုပ်ကြမှာလား"

"ဟုတ်ပါတယ်၊ ဆက်မလုပ်လို့ မဖြစ်ပါဘူး။ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဆက်လုပ်မှရတော့မှာပါ။ ကျွန်တော်တို့မှာ တခြားဘာမှအားကိုးမှီခိုစရာမရှိတော့ပါဘူး။ ဒီလယ်မှမလုပ်ရရင်တော့ ကျွန်တော်တို့မိသားစုအားလုံး ငတ်သေဖို့ပဲရှိပါတော့တယ်ဗျာ"

ဟု ကိုပန်းမောင်က ပြောလိုက်ရာ လူကြီးသည် စိတ်မကောင်းဖြစ်သွားပြီး ကရုဏာသက်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်ပြီး -

"ခင်ဗျားတို့ဘက်ကလည်း နောက်မဆုတ်နိုင်ဖြစ်နေပြီ။ အတော့်ကိုခက်တဲ့ ကိစ္စပါပဲလား။ ကျုပ်တို့ကလည်း ယဉ်ကျေးတဲ့အဖွဲ့အစည်းကလာတာဆိုတော့ အတင်းအဓမ္မလည်း မလုပ်ချင်ဘူး။ ခင်ဗျားကို ခွင့်ပြုလိုက်ရင်လည်း ခင်ဗျားတို့ ခုတ်ထွင်ရှင်းလင်းတာနဲ့ ကျုပ်တို့တစ်ရွာလုံး ထိခိုက်ဒဏ်ရာရကုန်မယ်။ အဲဒီကျရင် သည်းမခံနိုင်ဖြစ်ကုန်လိမ့်မယ်"

ဟု ပြောပြီး လူကြီးသည် အတန်ကြာအောင် စဉ်းစားဟန်ပြုနေလေ၏။ ပြီးမှ-

"ကဲ - ဒီလိုလုပ်ဗျာ။ ခင်ဗျားနေ့လယ်က ကျုပ်တို့ရွာသားတွေအားလုံးကို အမဲဟင်းလျာကို ကောင်းကောင်းချက်ပြီး လာကျွေးသွားတာ သိပ်ကျေးဇူးတင်တယ်ဗျာ။ ခင်ဗျားတို့ရဲ့ ဟင်းချက်ကောင်းပုံကြောင့် လျှာလည်သွားပြီ။ နောက်ကို ဒါမျိုးလည်း ထပ်ပြီးစားချင်ပါသေးတယ်။ ဒါကြောင့် အပေးအယူလုပ်ကြရအောင်ဗျာ။ ဒီလိုလုပ်ဗျာ၊ ခင်ဗျားဘက်က ကျုပ်တို့ကို ခင်ဗျားလုပ်ငန်းကောင်းရင်ကောင်းသလိုပေါ့ဗျာ၊ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်ပေါ့ အခုလို ချက်ကျွေးပါ။ နောက်ပြီး သချိုင်းနားဘက်ကမြေ (၁၀) တာလောက်ကိုတော့ သီးသန့်လွှတ်ပေးထားပါ။ ခင်ဗျားလိုတဲ့ အကူအညီတွေကိုလည်း ကျုပ်တို့ကို ပေးပါမယ်။ ဘယ့်နှယ်လဲ"

ဟု လူကြီးက မေးလိုက်ရာ ကိုပန်းမောင်က -

"ဟာ - ဒီလိုဆိုသိပ်ဖြစ်တာပေါ့။ ကျွန်တော့်ဘက်ကတော့ တာဝန်ကျေစေရမယ်"

ဟု ဖြေလိုက်ရာ လူကြီးလည်း ပြုံးရွှင်ပြီး -

"ကောင်းပါပြီဗျာ၊ ဒီလိုဆိုတော့ ကျုပ်ရဲ့ရွာသားတွေကိုလည်း ပြန်ပြီး ဖျောင်းဖျပြောဆိုလို့ အဆင်ပြေတာပေါ့။ ကဲ - ပြန်ပြီဗျို့"

◆

အချိန်ကား နတ်တော်လကွယ်နေ့ည ဖြစ်၏။ ကိုပန်းမောင်နှင့် မခင်လှသည် အမဲသားအစုံအသည်းစုံ ငါးပိသာခန့်ကို ကောင်းမွန်စွာ ချက်ပြုတ်ပြီး ကျတ်ကုန်းသို့ ယူဆောင်သွားကြလေ၏။ နေ့ခင်းအခါများတွင်ဆိုလျှင် ချုံပုတ်များ၊ မြက်ဖုတ်များသာရှိသော နေရာသည် မီးရောင်တထိန်ထိန်စည်စည်ကားကားရှိနေလေ၏။ အဆိုပါ ကွင်းထဲတွင် လေးထောင့်စပ်စပ်ခုံတန်းရှည်ပုံစံ ထမင်းစားပွဲကြီးများကို အကျအနခင်းကျင်းထားလေ၏။ ထိုစားပွဲများတွင် ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမလူလေးငါးရှစ်ဆယ်ခန့် စုရုံးရောက်ရှိနေရာယူထားကြသည်ကို အံ့ဩဖွယ် မြင်တွေ့ရလေ၏။ ရုတ်တရက် သူတို့ကို တွေ့ရသောအခါ ကိုပန်းမောင်နှင့် မခင်လှတို့သည် ပရလောကသားများက လူယောင်ဖန်တီးထားသည်ကိုလည်း သိထားသဖြင့် လွန်စွာပင် ထိတ်လန့်ကြောက်ရွံ့သွားမိသေး၏။ သို့သော် စိတ်ကို ထိန်းထားရလေ၏။

ကိုပန်းမောင်တို့ရောက်သွားသောအခါ ထိုလောကသားများ၏ အကြီးအကဲလူကြီးနှင့် အခြားလူရွယ်သုံးဦးခန့်က ဆီးကြိုနှုတ်ဆက်ကြပြီး ကိုပန်းမောင်တို့ ချက်ယူလာသည့် အမဲဟင်းလျာများကို ယူဆောင်ကာ လူအသွင်ဖန်တီးထားသည့် ကျတ်များအား လိုက်လံ ကျွေးမွေးကြလေ၏။ ကျတ်တစ္ဆေများသည် ကောင်းမွန်သော အမဲဟင်းလျာများကို မြိန်ရှက်စွာ စားသုံးကြလေ၏။ သူတို့၏ မျက်နှာများသည် အလွန်ပင် ပျော်ရွှင်နေကြဟန်ရှိလေ၏။

ထို့နောက် အကြီးအကဲလူကြီးက ကိုပန်းမောင်တို့လင်မယားအား -

"ကဲ - မိတ်ဆွေတို့ဇနီးမောင်နှံက



www.burmeseclassic.com

www.burmeseclassic.com

ဖန်ခါးမောင်မောင်(တား/တွေ)

# အလိုရှိရာရက်မြတ်မင်္ဂလာတွက်ယူကာ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ



ဆောင်းပါးရှင် ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်လောက်က ဆရာဦးသာညွန့် (ဗိုလ်တထောင်)ရေးသည့် ဗိုလ်တထောင် သတင်းစာပါ 'ရက်တွက်နည်း' ဆောင်းပါးကို ဖတ်ပြီး (စု၊ တု၊ ပြု) နည်းယူကာ ပညာအမွေတစ်ရပ်အနေနှင့် ဆက်လက် ထိန်းသိမ်းသည့်အသွင်ဖြင့် ၂၀၀၆ ခုနှစ်တွင် စတင်ပြီး နှစ်စဉ် ရေးသားခဲ့ပါသည်။

၂၀၀၆ ခုနှစ်တွင် မနုစာရီမဂ္ဂဇင်းတွင်လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် ရောင်ပြန်မဂ္ဂဇင်းတွင် လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဝိဇ္ဇာမဂ္ဂဇင်းတွင် လည်းကောင်း ရေးသားခဲ့ပြီး ၂၀၁၀မှ ၂၀၁၃ ခုနှစ်အထိ (၄) နှစ်ဆက်တိုက် သူရဿ မဂ္ဂဇင်းတွင်လည်းကောင်း ရေးသားခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်အတွက် (၅) နှစ်မြောက် (ပဉ္စမအကြိမ်) ဆက်လက် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ တခြားသော ရက်တွက်နည်းများကို မဂ္ဂဇင်းများတွင် ရေးသားနေကြသည်ကို မြင်တွေ့နေရာ ဝမ်းသာကြည်နူးစွာ လက်ခံကြိုဆိုကာမုဒိတာပွားမိပါသည်။ ရှေးဟောင်းပညာအမွေတစ်ရပ်ဖြစ်၍ စာဖတ်သူချစ်ပရိသတ်များအနေနှင့် များများဖတ်ရလေ အသိပညာဗဟုသုတတိုးလေ ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး မတူအောင်၊ မထပ်အောင် စာမူတစ်ပုဒ်ရလျှင် ပြီးရော ဆိုသလို မဖြစ်အောင် အထူးသတိပြုသင့်ပေသည်။ စာဖတ်သူ

ကျုပ်နဲ့ ကျုပ်တို့ရွာသူရွာသားတွေကို အခုလို သဒ္ဓါကြည်ဖြူစွာနဲ့ ဂရုတစိုက်လာရောက် ကျွေးမွေးကြလို့ အထူးပဲ ကျေးဇူးတင်လှပါတယ်ဗျာ။ အခုနှစ်စပါးအထွက်ဘယ့်နှယ်လဲ။ ကောင်းတယ် မဟုတ်လား"

"သိပ်ကိုကောင်းလွန်းလှပါတယ် ခင်ဗျာ။ ကောင်းလွန်းလို့ နတ်စင်ကွန်းရွာသားတွေနဲ့ မြေပိုင်ရှင်သူဌေးကပါ တအံ့တသြနဲ့ ချီးကျူးလိုက်ကြတာဗျာ ပြောမပြတတ်အောင်ပါဘဲ။ သူတို့ရွာရဲ့ သမိုင်းမှာ ကျွန်တော်လောက် စပါးထွက်တဲ့လူ မရှိဖူးဘူးတဲ့ဗျ"

"အေးဗျာ၊ ခုလိုကြားရတာ ဝမ်းသာပါတယ်။ နောက်နှစ်နောင်နှစ်တွေမှာလည်း အခုလိုကျွေးနိုင်မွေးနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ကျုပ်တို့ဘက်ကလည်း တတ်နိုင်တာကူညီပေးပါမယ်။ စောင့်ရှောက်ပါမယ်။ လိုအပ်တဲ့ အကူအညီကိုသာတောင်းပါ။ အလွန်အင်မတန်မှ ခင်မင်တဲ့မိတ်ဆွေတွေ ဖြစ်နေကြပြီပဲဟာ"

ဟု လူကြီးက ပြောလိုက်ရာ ကိုပန်းမောင်ကလည်း -

"ကျွန်တော်တို့ဘက်ကလည်းပဲ လုပ်ခင်းကိုင်ခင်း ကောင်းရင်ကောင်းသလို ကျေးဇူးပြုပါမယ်"

ဟု ပြောဆိုလေ၏။

ကိုပန်းမောင်တို့လည်း ထိုနှစ်လယ်များ အောင်မြင် ဖြစ်ထွန်းသည်မှစ၍ နောင်နှစ်များတွင်လည်း စပါးအထွက်နှုန်း အထူးကောင်းမွန်ခဲ့လေ၏။ တစ်ခါတစ်ရံ ကိုပန်းမောင်သည် လယ်ထွန်နေရင်း အလွန်မောပန်းနေပါက-

"ကဲ - မိတ်ဆွေကြီးတို့ရေ ကျွန်တော်တော့ အတော့်ကို မောနေပြီဗျာ။ ခင်ဗျားတို့ ဝိုင်းကူကြပါဦး"

ဟု ဆိုလိုက်လျှင် နွားနှင့်ထွန်တုံးကိုသာ တပ်ထားပါက လယ်သည်အသင့်ထွန်ပြီးဖြစ်နေတတ်ပါသည်။

ကျတ်များစောင့်ရှောက်မှုကြောင့်လည်း ကိုပန်းမောင်တို့၏ စပါးကျီ၊ ကျွဲ၊ နွားများ လုံခြုံဘေးကင်းကြပေ၏။ မည်သည့်အခါတွင်မျှ စပါးတစ်စေ့၊ နွားတစ်ကောင်၊ ကျွဲတစ်ရှဉ်း ပျောက်ဆုံးခဲ့ဖူးသည် ဟူ၍ မရှိခဲ့ပေ။

နောင်တစ်ချိန်သော အခါတွင်ကား ကိုပန်းမောင်တို့ မိသားစုသည် နတ်စင်ကွင်းရွာတွင် ချမ်းသာသောမြေပိုင်ရှင်ကြီးတစ်ဦး ဖြစ်လာလေ၏။ သူ့အိမ်ကြီး၏ ဧည့်ခန်းတစ်နေရာတွင် အောက်ပါ စာတန်းတစ်ခုကို ချိတ်ဆွဲထားလေ၏။

'ကြောက်တတ်လျှင်လွဲ၊
ရဲလျှင် မင်းဖြစ်'

ဟူ၍ ဖြစ်ပါတော့သတည်း။

ဆရာကြီးနတ်စက်ရောင်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ပရိသတ်များ၏စေတနာနှင့်ပေးဆပ်ကုန်ဆုံးမှုအဝဝကို လေးစားတုံ့ပြန်ရမည်မှာ စာရေးသူတိုင်း၏ရှောင်လွှဲသွေဖည်၍မရသော တာဝန်တစ်ခုဖြစ်ပြီး ငွေကြေးနှင့်အချိန်ကို အလဟဿအချည်းနှီးမဖြစ်စေရန် အထူးသတိပြုသင့်ပေသည်။

'ရက်တွက်နည်း'သည် လောကဇာတ်ခုံ ဤလူ့ဘုံမှ လူသားများအားလုံးအတွက် မရှိမဖြစ်လိုအပ်သော၊ရှောင်လွှဲမရသော၊ ဥပေက္ခာပြု လျစ်လျူရှု၍မရသော၊ မရှိမဖြစ်အရေးကြီးသော နည်းပညာလေးတစ်ခုပင် ဖြစ်ပါသည်။ ရက်တွက်နည်းများ ရေးသားသည်နှင့် ဆက်နွှယ်ကာ စိတ်ဝင်စား၍ စုံစမ်းမေးမြန်းရုံမက နှစ်စဉ် တာဝန်တစ်ခုအနေနှင့် မပျက်မကွက် ဆက်လက် ရေးသားရန် အကြံပြု တိုက်တွန်း အားပေးကြသော ၁။ မကွေးမြင့်သန်း၊ ၂။ မကွေးဝင်းမြင့်၊ ၃။ ဖရုံသီး (မင်းဘူး)၊ ၄။ ကိုကိုလတ် (ဆည်မြောင်း)၊ ၅။ အောင်သူငြိမ်း၊ ၆။ အေကေ (အထက်မင်းလှ) စသော ရေးဖော်ရေးဖက်များနှင့် ကသာမြို့မှ စာပေဆွေမျိုးများဖြစ်ကြသော ၁။ အေးလွင် (ကသာ)၊ ၂။ ကိုကိုခန့်ချော (ကသာမြေ)၊ ၃။ လူအောင်၊ ၄။ နိုင်ကြီး၊ ၅။ မြင့်မြတ်စံ၊ ၇။ ကျော်ဇင်၊ ၈။ မောင်လေး၊ ၉။ သပြေညိုချစ်သန်းထွန်း၊ ၁၀။ ခင်မမ၊ ၁၁။လွမ်းရဝေ၊ ၁၂။ လျှော်ဖြူစံထွန်း၊ ၁၃။ ဆောင်းဦးညဩနှင့် ကျန်အပေါင်းအသင်းများအားလုံးကိုလည်း အထူးကျေးဇူးတင်လျက်ပါ။ ခင်မင်လေးစားသတိရလျက်ပါ။

ကျွန်တော့်အား အထူးစေတနာထားပြီး စားသောက်ဆိုင်တွင် တကူးတက ညှော်ခံကျွေးမွေးသော ကသာမြို့မှ စာရေးဆရာမ 'ဆောင်းဦးညဩ'ကိုတော့ ကျေးဇူးတင်လွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတာ အမှန်ပါ။ ရှေးရေစက်အဟုန်ကြောင့် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သော 'နှမငယ်' တစ်ယောက်လုံးကိုလုံးဝမမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံတယ်လို့ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားဝန်ခံရမည် ဖြစ်ပါသည်။ ကျွန်တော်ကျန်းမာသန်စွမ်း၍ ကြိုးပမ်းဆောင်ရွက်နိုင်တဲ့ အခြေအနေရှိသေးရင်တော့ ဆရာတို့၊ ဆရာမတို့ ဆန္ဒအတိုင်း 'သူရဲ့ဓမ္မဂ္ဂဇင်း' မှာ အဆက်မပြတ် မြင်တွေ့နေကြရမှာပါ။ ဇီဝိန်ခန္ဓာမချုပ်ကြသေးရင်တော့ အဟုတ်တကယ် ဖတ်ရှုနိုင်ကြမှာပါ။ ဖတ်စေချင်လွန်းလို့၊ အသိပညာဗဟုသုတတွေ ရစေချင်လွန်းလို့ 'စက္ကန့်ပိုင်း' အချိန်တိုလေးအတွင်း လွယ်ကူလျင်မြန်သိရှိကြစေရန် ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ခရစ်နှစ်တိုင်းတွင် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ (၁၂)လရှိရာ ၎င်းလများ၏ တစ်လချင်းစီ၏ (၁)ရက်နေ့များကို လွယ်ကူစွာ မှတ်သားနိုင်ကြစေရန် အောက်ဖော်ပြပါ 'လင်္ကာငယ်'ကို စပ်ဆိုရေးဖွဲ့ထားရာ စာဖတ်သူ ချစ်ပရိသတ်များအနေနှင့်နှစ်သက်ကြည်နူးရွှင်မြူးလွယ်ကူကြလျက် အဆင်ပြေကြလိမ့်မယ်ဟု အကြွင်းမဲ့ ကြိုတင်ယုံကြည်ပြီးသား ဖြစ်ပါသည်။ လင်္ကာငယ်သည် အလွန်အရေးကြီး၍ စိတ်ဝင်စားသူများအနေနှင့် 'မဖြစ်မနေ' အလွတ်ကျက်မှတ်ရယူထားရမည် ဖြစ်ပါသည်။ မရပါက ဘာမှ ဆက်လက်လုပ်၍ရမည် မဟုတ်ပါ။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် အစိုးရရော ပြည်သူများပါ ငြိမ်းချမ်းရေးကို နှစ်သက်လိုလားကြသလို ကျွန်တော်တို့ နေထိုင်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း အပါအဝင်ပါ။ ကချင်ပြည်နယ်တွင် စစ်ပွဲများဖြစ်နေကြ၍ တိုင်းရင်းသားပြည်သူများ ဒုက္ခပေါင်းစုံ လွှမ်းခြုံခံစားနေကြသည်ကို ကိုရန်နိုင်ထွန်းနှင့် သူငယ်ချင်းများဦးဆောင်ကာ ကိုယ်ချင်းစာနာစွာ အပြည့်အဝဖြင့် ရန်ကုန်မြို့မှ မိုင်ပေါင်း (၇၀၀)ကျော် ဝေးကွာသော ကချင်ပြည်နယ် လိုင်ဇာမြို့သို့ စစ်ပွဲများ ရပ်ဆိုင်းစေရန် အပြင်ပန်းခံ၊ အဆင်းရဲခံကာ အများအကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုး မျှော်ကိုးကာ ခြေကျင်လမ်းလျှောက်ကြသည်ကို တစ်ဖက်တစ်လမ်းမှ အားပေးကူညီ ဂုဏ်ပြုသည့်အနေနှင့် ရေးသားလိုက်ခြင်းဖြစ်ရာ အလိုမတူ အဆင်မလှ ဘဝင်မကျစရာများပါပါက ဆောင်းပါးရှင် ကျွန်တော်၏ အားနည်းချက်သာဖြစ်၍ သည်းခံခွင့်လွှတ်နားလည်ပေးကြပါရန် ကြိုတင်ပြီး အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

လင်္ကာငယ်သည် ၁။ ခေတ်ရေစီးကြောင်းနှင့်ကိုက်ညီရန်၊ ၂။ အများသိရှိနားလည်ကြပြီး စိတ်ဝင်စားဖွယ်စကားလုံး(စာသား)ဖြစ်ရန်၊ ၃။ မှတ်သားလွယ်ကူသော အကြောင်းအရာ စကားလုံး(စကား)ဖြစ်ရန် **ရန်နိုင်ထွန်း စစ်ပွဲအဆုံးသတ်ကို လူတိုင်းကြိုက်** ဟူ၍ စီစဉ်ရေးသားထားခြင်းဖြစ်သဖြင့် အခက်အခဲမရှိကြဘဲ လွယ်ကူကြမည်ဟု ယုံကြည်ပါသည်။

ပထမဦးဆုံးအနေနှင့် တနင်္ဂနွေ (၁)၊ တနင်္လာ (၂)၊ အင်္ဂါ (၃)၊ ဗုဒ္ဓဟူး (၄)၊ ကြာသပတေး (၅)၊ သောကြာ (၆)၊

| ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
|---|---|---|---|---|---|
| ရန် | နိုင် | ထွန်း | စစ် | ပွဲ | အ |
| ဗုဒ္ဓဟူး | စနေ | စနေ | အင်္ဂါ | ကြာသပတေး | တနင်္ဂနွေ |

| ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|
| ဆုံး | သတ် | ကို | လူ | တိုင်း | ကြိုက် |
| အင်္ဂါ | သောကြာ | တနင်္လာ | ဗုဒ္ဓဟူး | စနေ | တနင်္လာ |



www.burmeseclassic.com

www.burmeseclassic.com

စနေ (၇) စသည်တို့ကို သိရှိထားရမည် ဖြစ်ပြီး အထက်ဖော်ပြပါ လင်္ကာငယ် အရ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် သည် 'ရန်' 'ဗုဒ္ဓဟူး' (၄) ဖြစ်သည်ကို လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်သည် 'နိုင်' 'စနေ' (၇)ဖြစ်သည်ကို လည်းကောင်း၊ ၂၀၁၄ ခုနှစ် မတ်လ (၁) ရက်သည် 'ထွန်း' 'စနေ' (၇) ဖြစ်သည်ကိုလည်းကောင်း အသီးသီး သိရှိကြသလို ကျန်လများကိုလည်း ဆက်လက် သိရှိကြမည် ဖြစ်ပါသည်။

ဒုတိယအဆင့်အနေနှင့် ၎င်း (၁) ရက်နေ့ရှိရက်များမှ (၁)ကို နုတ်လိုက်ပါ။ ပြီးလျှင် တတိယအဆင့်အနေနှင့် မိမိတို့သိလိုကြသော 'ရက်'ကို ပေါင်းပြီး နောက်ဆုံး စတုတ္ထအဆင့်အနေနှင့် (၇) ဖြင့်စား၍ရသော 'အကြွင်း'ကို ကြည့်ခြင်းအားဖြင့် အလွယ်တကူ 'အဖြေ' ထွက်ပေါ်လာမည် ဖြစ်ပါသည်။ အကယ်၍ (၇) ဖြင့် စားရာတွင် မစားလောက်ပါက 'အကြွင်း'ဟူ၍ သတ်မှတ်ပြီး မိမိတို့သိလိုကြသောရက်များကို အလွယ်တကူ စိတ်ချမ်းမြေ့စွာ တွက်ယူ ရရှိကြမည် ဖြစ်ပါသည်။

၁။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် 'လွတ်လပ်ရေးနေ့' သည် မည်သည့်နေ့ ဖြစ်သည်ကို သိလိုလျှင် -

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက် သည် 'ရန်' 'ဗုဒ္ဓဟူး' ဖြစ်ပါသည်။ ဗုဒ္ဓဟူး သည် (၄) ဖြစ်၍ (၁)ကို နုတ်သော် -

၄-၁= ၃ ၃+၄= ၇

၃+ သိလိုသောရက် ၇÷၇= ၀ ကြွင်း

အဖြေ (၀) ကြွင်းသဖြင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် 'လွတ်လပ်ရေးနေ့'သည် စနေနေ့ ဖြစ်ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် 'ပြည်ထောင်စုနေ့' သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် -

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်သည် 'နိုင်' 'စနေ'ဖြစ်ပါသည်။ စနေ သည် (၇) ဖြစ်၍ (၁) ကို နုတ်သော် -

၇-၁= ၆ ၆+၁၂= ၁၈

၆+ သိလိုသောရက် ၁၈÷၇= ၄ ကြွင်း

အဖြေ (၄) ကြွင်းသဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက် 'ပြည်ထောင်စုနေ့'သည် ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်။

၃။ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၇ ရက် 'တပ်မတော်နေ့'သည် မည်သည့်နေ့ ဖြစ်သည်ကို သိလိုလျှင် -

၂၀၁၄ ခုနှစ်၊ မတ်လ ၁ ရက် သည် 'ထွန်း' 'စနေ' ဖြစ်ပါသည်။ စနေ သည် (၇)ဖြစ်၍ (၁) ကို နုတ်သော် -

၇-၁= ၆ ၆+၂၇= ၃၃

၆+ သိလိုသောရက် ၃၃÷၇= ၅ ကြွင်း

အဖြေ (၅)ကြွင်းသဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၇ ရက် 'တပ်မတော်နေ့'သည် ကြာသပတေးနေ့ ဖြစ်ပါသည်။

၄။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ ရက် 'မဟာသင်္ကြန်အကျနေ့' သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် -

၂၀၁၄ ခုနှစ်၊ ဧပြီ ၁ ရက်သည် 'စစ်' 'အင်္ဂါ' ဖြစ်ပါသည်။ အင်္ဂါသည် (၃) ဖြစ်၍ (၁) ကို နုတ်သော် -

၃-၁= ၂ ၂+၁၄= ၁၆

၂+ သိလိုသောရက် ၁၆÷၇= ၂ ကြွင်း

အဖြေ (၂) ကြွင်းသဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ ရက် 'မဟာသင်္ကြန်အကျနေ့'သည် တနင်္လာနေ့ ဖြစ်ပါသည်။

၅။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် 'အာဇာနည်နေ့' သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် -

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် သည် 'ဆုံး' 'အင်္ဂါ' ဖြစ်ပါသည်။ အင်္ဂါ သည် (၃) ဖြစ်၍ (၁)ကို နုတ်သော် -

၃-၁= ၂ ၂+၁၉= ၂၁

၂+ သိလိုသောရက် ၂၁÷၇= ၀ ကြွင်း

အဖြေ (၀)ကြွင်းသဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် 'အာဇာနည်နေ့'သည် စနေနေ့ ဖြစ်ပါသည်။

၆။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် 'ခရစ္စမတ်နေ့' သည် မည်သည့်နေ့ဖြစ်သည်ကို သိလိုလျှင် -

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် သည် 'ကြိုက်' 'တနင်္လာနေ့' ဖြစ်ပါသည်။ တနင်္လာသည် (၂) ဖြစ်၍ (၁)ကို နုတ်သော် -

၂-၁= ၁ ၁+၂၅= ၂၆

၁+ သိလိုသောရက် ၂၆÷၇= ၅ ကြွင်း

အဖြေ (၅)ကြွင်းသဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် 'ခရစ္စမတ်နေ့'သည် ကြာသပတေးနေ့ ဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် စစ်ပွဲများဖြစ်နေသည်ကို ကိုရန်နိုင်ထွန်းနှင့် သူငယ်ချင်းများက မကြည့်ရက်၊ မမြင်ရက်၊ မကြားရက်သဖြင့် စစ်ပွဲများအဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိစေရန် ၎င်းတို့နေထိုင်ကြရာ 'ရန်ကုန်မြို့' မှ ကချင်ပြည်နယ် 'လိုင်ဇာမြို့' သို့ ဆန္ဒတူညီစွာဖြင့် ခြေကျင်လမ်းလျှောက်ကြခြင်းသည် တော်ရုံတန်ရုံ သာမန်ပြည်သူများ မလုပ်လိုသော၊ မလုပ်နိုင်သော၊ မစွမ်းဆောင်နိုင်ကြသော၊ အံ့သြဘနန်း ဝမ်းပန်းတသာ ဖြစ်စေသော စွမ်းဆောင်မှုဖြစ်သလို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ယခင်ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး၊ မမြင်ဘူး၊ မကြားဘူးသော မင်္ဂလာအပေါင်း ခညောင်းဝေဆာသော ရှားရှားပါးပါးလုပ်ရပ်ဖြစ်သဖြင့် ကျေးဇူး အထူးတင်ထိုက်ပြီး ယုံကြည်လေးစား အားထားစရာကောင်းလှပေသည်။ ၎င်းတို့၏ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ်တွင်ထားရှိသော စေတနာမှန်ကို လက်တွေ့ပြသလိုက်ခြင်းဖြစ်၍ ဂုဏ်ယူဝင့်ကြွား အားမာန်ဝင်ထည် အလှကြွယ်လျက် မမေ့နိုင်စရာဖြစ်နေရုံမက မျိုးဆက်သစ်များအတွက် စံပြနမူနာ အတုယူစရာ မလွဲဧကန် ဖြစ်နေပါတော့သည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေနှင့် ကိုရန်နိုင်ထွန်းတို့လုပ်ရပ်တွင် ကိုယ်ကိုယ်တိုင် မပါဝင်နိုင်ခဲ့ကြသော်လည်း ကန့်ကွက်သူမရှိ အားလုံးရာနှုန်းပြည့် နှစ်သက်ကြသည်၊ ထောက်ခံကြသည်၊ အားပေးကြသည်။

ရန်နိုင်ထွန်း စစ်ပွဲအဆုံးသတ်ကို လူတိုင်းကြိုက် ဟူ၍ ကမ္ပည်းတင်ကာ မမေ့နိုင်စရာဖြစ်လာသည်။

စာဖတ်သူ ချစ်ပရိသတ်များအားလုံး မိမိတို့သိလိုကြသော 'ရက်' များကို အလွယ်တကူ တွက်ယူရရှိကြ၍ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြလျက် လိုရာဆန္ဒအားလုံး ပြည့်ဝကြပါစေ။

ကျွန်တော်၏ ၂၀၁၄ ခုနှစ် 'ရက်တွက်နည်း' အသိပညာပေး ဆောင်းပါးနှင့် ပတ်သက်ပြီး စိတ်ဝင်စား၍ ဆက်သွယ်စုံစမ်းမေးမြန်းလိုပါက ဆောင်းပါးပါရှိသည့် 'သုရဿ' မဂ္ဂဇင်းတိုက်မှ တစ်ဆင့် ဆက်သွယ် မေးမြန်းနိုင်ပါကြောင်းနှင့် မမြင်ရ၊ မတွေ့ရ၊ မဆုံလိုက်ရသော ဆောင်းပါး မူလပိုင်ရှင် စာပေသခင် ကျေးဇူးရှင် မြင်ဆရာ (ဦးသာညွန့်-ဗိုလ်တထောင်)နှင့် ဆရာရင်းများဖြစ်ကြသော (ဦးမောင်ကလေး - သောကြာစာစောင်)၊ (ဒေါ်သီရိ-ဓမ္မရုပ်စုံ) တို့အား ဤဆောင်းပါးဖြင့် ရိုသေဦးညွှတ် ကန်တော့လျက်။

မေတ္တာကုဋေကုဋာဖြင့်

ဖန်ခါးမောင်မောင် (စား/ထွေ)



www.burmeseclassic.com

www.burmeseclassic.com

# ထွက်၊ဝင်၊ခပါဒ်နက္ခတ် အစင်အကြယ်ရှာနည်း

ဦးအောင်စောလှိုင်(မှသိမ်)

မြန်မာ့ရိုးရာ ဂမ္ဘီရပညာရပ်များ ဖြစ်ကြသည့် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များဖြင့် အစွမ်းထက် အစီအရင်များ၊ သိဒ္ဓိမြောက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြသောအခါ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များ ရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

မိမိဆောင်ရွက်မည့် အဆောင်အရွက်ပေါ် မူတည်၍ အဝင်နက္ခတ်၊ အထွက်နက္ခတ်၊ ခပါဒ်နက္ခတ်များအား ရွေးချယ်ကြရပါသည်။ ဤသို့ ရွေးချယ်ကြရာတွင် အတွက်အချက်မပါဘဲ 'ဘယ်နေ့ဆန်းတဲ့လများမှာ ဘယ်နေ့တွေကဘာနက္ခတ်ဖြစ်တယ်' စသည်ဖြင့် လွယ်လွယ်မှတ်ယူကြသောနည်းများရှိသကဲ့သို့ သေသေချာချာတွက်ချက်ပြီး လိုအပ်သောနက္ခတ်ကို အစင်အကြယ် ရယူရသောနည်းများလည်းရှိပါသည်။

မတွက်ဘဲ အလွယ်မှတ်ကြသောနည်းများမှာ တစ်ကျောင်းတစ်ဂါထာ ဆိုသကဲ့သို့ တစ်ခုမကရှိကြပါသည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တစ်ခုနှင့်တစ်ခုမတူကြ။ အတွက်အချက်ဖြင့် နက္ခတ်အစင်အကြယ်ရယူနည်းမှာကား အဖြေတစ်ခုတည်းသာရှိပြီး တိကျသည်။

အတွက်အချက်ဖြင့် နက္ခတ်ရယူခြင်းသည် စာအုပ်ထဲမှာသာ ရှိသောနက္ခတ်ကိုမဟုတ်ဘဲ ကောင်းကင်၌တကယ်ရှိနေသော စန်းယှဉ်နက္ခတ်ကို ရှာဖွေခြင်း ဖြစ်သောကြောင့် မတွက်ဘဲအလွယ်မှတ်သည်ထက် ပို၍သဘာဝကျပြီး ပို၍အဓိပ္ပာယ်ရှိပါသည်။ မိမိဆောင်ရွက်မည့် အဆောင်အရွက်အတွက် ကြုံကြိုက်ရမည့် နက္ခတ်သည် မည်သည့်နက္ခတ်ဖြစ်ရမည်ဟု ဆုံးဖြတ်ခြင်း၌သာ မှားချင်မှားမည်။ တွက်ယူခြင်းဖြင့်ရလာသော ကောင်းကင်ရှိ စန်းယှဉ်နက္ခတ်၌ကား မည်သို့မျှ မမှားနိုင်ပေ။

အစွမ်းထက်သော အစီအရင်များဆောင်ရွက်ရာ၌ အရေးပါသော နက္ခတ်အစင်အကြယ်ကို အသုံးပြုနိုင်မှသာ ဆောင်ရွက်လိုက်သော အစီအရင်သည် အရာရောက်ပေမည်။ သို့အတွက် အစီအရင်များနှင့် တန်းတူအရေးပါသော ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များ အစင်အကြယ်ရှာဖွေနည်းအား ကျွန်ုပ်တတ်နိုင်သည့် တစ်ထောင့်တစ်နေရာမှ ဖြည့်စွမ်းလိုက်ပါသည်။

## စန်းယှဉ်နက္ခတ်

ကောင်းကင်၌ စန်းခေါ် လမင်းကြီးနှင့်အတူ တွဲ့ သို့မဟုတ် တောင်၊ မြောက်ယှဉ်လျက်ရှိနေသောနက္ခတ်ကို စန်းယှဉ်နက္ခတ်ဟုခေါ်ပါသည်။ မိဿရာသီအစမှ မိန်ရာသီအဆုံးအထိ (၁၂) ရာသီကောင်းကင်စက်ဝန်းတစ်ပတ်၌ အဿဝနီအစ ရေဝတီအဆုံး (၂၇) လုံးသောနက္ခတ်များသည် ဝေပုံကျ အညီအမျှအကျယ်အဝန်းဖြင့် တည်ရှိနေကြသည်။ စန်းဟုခေါ်သော လမင်းသည် (၂၇) လုံးသော ထိုနက္ခတ်များကို (၂၈) ရက်ခွဲခန့်၌ တစ်ကြိမ်ကျ တစ်ပတ်ပတ်၏။ ထို့ကြောင့် စန်းသည် နက္ခတ်တစ်လုံးကိုတစ်ရက်အတိအကျဖြင့် အတူမယှဉ်နိုင်ပါ။ တစ်ရက်အတွင်းမှာပင် နံနက်တစ်လုံး၊ ညတစ်လုံး ပြောင်းကာ စန်းယှဉ်ရပါသည်။ ဤအချက်သည် အရေးကြီးပါသည်။ တစ်ရက်အတွင်းစန်းယှဉ်နက္ခတ် (၂) မျိုး ရှိနေသည်ဟု သိမှသာလျှင် နက္ခတ်တစ်လုံးမှ နက္ခတ်တစ်လုံးသို့ မည်သည့်အချိန်၌ပြောင်းမည်ကို တွက်ယူရန်လိုအပ်သည်ဟု စဉ်းစားမိပါသည်။ ထိုသို့စဉ်းစားမိမှသာ မိမိစီရင်မည့် အစီအရင်အတွက် လိုအပ်သော အချိန်ပိုင်းကို တွက်ယူရွေးချယ်နိုင်ပေမည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နေ့အလိုက် ညသန်းခေါင်ယံအချိန်၌ရှိနေကြသော ဂြိုဟ်များ၏ တည်နေရာ (ရာသီ၊ အံသာ၊ လိတ္တာ)တို့အား ဖော်ပြပေးနေသော သံဒိဋ္ဌဂြိုဟ်သွားပြက္ခဒိန်များရှိနေပါသည်။ နက္ခတ်ပြောင်းချိန်ရှာယူရန်အတွက်မူ မည်သည့်သံဒိဋ္ဌပြက္ခဒိန်ကိုမဆို အသုံးပြုနိုင်ပါသည်။ မိမိအသုံးပြုသော သံဒိဋ္ဌပြက္ခဒိန်မှ သန်းခေါင်ယံစန်းယှဉ်နက္ခတ်ကိုယူ၍ နက္ခတ်ပြောင်းချိန်ကို တွက်ယူနိုင်ပါသည်။

### မတွက်မီ

၁။ နက္ခတ်တစ်လုံးကို အစိတ်ပေါင်း ၆၀ စိတ်ပြီး တစ်စိတ်ကို ၁-ယဋ္ဌိဟု ခေါ်ကြောင်း၊ ထို့ကြောင့် နက္ခတ်တစ်လုံးမှာ ၆၀ - ယဋ္ဌိ ရှိကြောင်း၊

၂။ ၆း၁၅ နက္ခတ်ဟု ဆိုလျှင် နက္ခတ် ၆ လုံးနှင့် ၁၅-ယဋ္ဌိဖြစ်ကြောင်း၊ ၆း၁၅ မိနစ် ဆိုလျှင် ၆ နာရီနှင့် ၁၅ မိနစ် ဖြစ်ကြောင်း၊

၃။ ၆း၁၅ နက္ခတ်ကို ခုနစ်နက္ခတ် (နက္ခတ် ၇ လုံး) ဟု ယူရကြောင်း၊

၄။ ၇ လုံးမြောက်နှင့် နက္ခတ် ၇ လုံးဆိုသည်မှာ အတူတူပင် ဖြစ်ကြောင်း စသည်ဖြင့် သိထားရပါမည်။

### နက္ခတ်ပြောင်းချိန်

မိမိအစီအစဉ်ပြုလိုသောနေ့သည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ သောကြာနေ့ဖြစ်သည်ဟု ဆိုပါစို့။ ထိုနေ့၌ မည်သည့်နက္ခတ်များနှင့် စန်းယှဉ်မည်နည်း။ နက္ခတ်တစ်လုံးမှတစ်လုံးသို့ မည်သည့်အချိန်၌ ပြောင်းမည်နည်း ဆိုသည်တို့အား သိဖို့လိုပါသည်။ ဆရာကာလာစန်၏ သံဒိဋ္ဌပြက္ခဒိန်အား အသုံးပြု၍ အဖြေရှာပုံအား ပြလိုက်ပါသည်။

ထိုသံဒိဋ္ဌပြက္ခဒိန်၏ စာမျက်နှာ sheet - 9 ၌ -

| အင်္ဂလိပ် ခု - လ | ဒီဇင်ဘာလ | | | |
|---|---|---|---|---|
| အင်္ဂလိပ် ရက် | ၁၈ | ၁၉ | ၂၀ | |
| | | | | |
| စန်းယှဉ်နက္ခတ် | | ၆<br>၄၃ | ၇<br>၃၇ | |

ပုံစံအတိုင်း တွေ့ရပါမည်။

ဒီဇင်ဘာလ ၂၀ ရက်နေ့ 'အတိုင်' နှင့် စန်းယှဉ်နက္ခတ် 'အတန်း' တို့ ဆုံရာ၌ [၇/၃၇] ကို တွေ့ရမည်။

၇ - သည် နက္ခတ်ဖြစ်ပြီး ၃၇ သည် ယဋ္ဌိ ဖြစ်ပါသည်။

ထို့ကြောင့် ဒီဇင်ဘာလ ၂၀ ရက်နေ့ ညသန်းခေါင်ယံ စန်းယှဉ်နက္ခတ်မှာ ၇း၃၇ နက္ခတ် = ၈ နက္ခတ် ဖြစ်ပါသည်။

၁၉ ရက်နေ့ ညသန်းခေါင်စန်းယှဉ်နက္ခတ်သည် ၂၀ ရက်နေ့ နံနက်အစ



www.burmeseclassic.com

www.burmeseclassic.com

၏ စန်းယှဉ်နက္ခတ်လည်း ဖြစ်ပါသည်။ ၁၉ ရက်နေ့အတွက် နက္ခတ်မှာ ၆း၄၃ နက္ခတ်ဖြစ်သည်။ (၇-လုံးမြောက်)

ထို့ကြောင့် ၂၀ ရက်နေ့နံနက်ပိုင်း နက္ခတ် ၇ လုံးဖြစ်ပြီး ညပိုင်းသည် နက္ခတ် ၈ လုံး ဖြစ်ပါသည်။

စန်းယှဉ်နက္ခတ်သည် ၇ လုံးမှ ၈ လုံးသို့ မည်သည့်အချိန်၌ ပြောင်းမည်နည်း။

**အဆင့် (၁)**

၁၉ ရက်နေ့ ညသန်းခေါင်ယံ စန်းယှဉ်နက္ခတ်မှ ၄၃-ယဋ္ဌိသည် ၆၀-ယဋ္ဌိ ပြည့်လျှင် နောက်နက္ခတ်တစ်လုံးသို့ ပြောင်းပါမည်။ နက္ခတ်တစ်လုံးပြောင်းရန် ၁၇-ယဋ္ဌိသာ လိုပါသည်။

နက္ခတ်ပြောင်းရန်လိုသောယဋ္ဌိ= ၆၀-၄၃ = ၁၇ ယဋ္ဌိ

**အဆင့်(၂)**

၂၀ ရက်နေ့ စန်းယှဉ်နက္ခတ်မှ ၁၉ ရက်နေ့ စန်းယှဉ်နက္ခတ်ကို နုတ်လျှင် (၂၄) နာရီအတွင်း ပြောင်းသွားသော နက္ခတ်ကို ရပါသည်။

တွက်နည်းမှာ အလယ်တန်းအဆင့် (၃) ချက်တွက်နည်းသာ ဖြစ်၏။ ၂၄×၁၇=၄၀၈ ဖြစ်၏။ ၎င်းကို ၅၄ ဖြင့်စား၊ ရလဒ် ၇ သည် နာရီ၊ အကြွင်းကို မိနစ်ဖွဲ့၊ ၅၄ ဖြင့်ပင်စား စားလဒ် ၃၃ သည် မိနစ်။ အကြွင်းကို စက္ကန့်ဖွဲ့၊ ၅၄ ဖြင့်ပင်စား၊ စားလဒ် ၂၀ သည် စက္ကန့် ဖြစ်ပါသည်။

ကျွန်ုပ်တို့ စီရင်လိုသော ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ သောကြာနေ့သည် ရှေ့ပိုင်း နံနက် ၇း၃၃း၂၀

| | | နက္ခတ် | ယဋ္ဌိ |
|---|---|---|---|
| (၂၀) ရက်မှ | = | ၇ | ၃၇ |
| (၁၉) ရက်မှ | = | ၆ | ၄၃ |
| (၂၄) နာရီတွင်ပြောင်းသွားသောနက္ခတ် | = | ၀ | ၅၄ |

**အဆင့်(၃)**

၅၄ ယဋ္ဌိ ပြောင်ရန်ကြာချိန် = ၂၄ နာရီ

၁၇ ယဋ္ဌိ ပြောင်းရန်ကြာချိန် = $\frac{၁၇}{၅၄}$ × ၂၄

= ၇ း ၃၃ း ၂၀

= ၇ နာရီ ၃၃ မိနစ် ၂၀ စက္ကန့်

နာရီအထိ နက္ခတ် ၇ လုံးဖြစ်ပြီး နောက်ပိုင်း ညသန်းခေါင်အထိမှာ နက္ခတ်၈လုံး ဖြစ်ကြောင်း တိတိကျကျ ကွဲကွဲပြားပြား သိရပြီ ဖြစ်ပါသည်။ ထိုနက္ခတ်များသည် အဝင်လား၊ အထွက်လား၊ ခပါဒ်လား ဆိုတာ သိရန်သာ လိုပါတော့သည်။

**ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များ**


နက္ခတ်များကို အမျိုးအစား(၇)မျိုး ခွဲခြားထားပါသည်။

(၁) ဥပါဒ်၊ (၂) မိတ္တ၊ (၃) ကာဏ၊ (၄) အမြိတ္တ၊ (၅) လာဘ၊ (၆) သိဒ္ဓိနှင့် (၇) ဝရတို့ဖြစ်ပါသည်။ ထိုနက္ခတ်များကို ပုံစံတစ်ခုဖြင့်နေရာချလျှင် -

ရှိရာမှာက နက္ခတ်(၂၈)လုံးရှိနေတာက နက္ခတ် (၂၇)လုံး။ ထိုအခါရှိနေသော (၂၇) လုံး၌ နောက်ထပ် (၁) လုံး တိုး၍ယူကြပါသည်။

တိုးယူလိုက်သော နက္ခတ်ကို (၂၀) လုံးမြောက် ပြုဗ္ဗာသာဠ်နက္ခတ်နှင့် (၂၁) လုံးမြောက် ဥတ္တရာသာဠ်နက္ခတ်တို့အကြား နေရာပေးပြီး အောက်ပါအစီအစဉ်အတိုင်း နက္ခတ်(၂၈)လုံး ဖြစ်လာသည်။

| | |
|---|---|
| ၁။ အဿဝဏီ | ၂။ ဘရဏီ |
| ၃။ ကြတ္တိကာ | ၄။ ရောဟဏီ |




ဤပုံအတိုင်း ဖြစ်လာပါသည်။ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များဖြစ်ကာ အမြိတ္တ၊ လာဘ၊ သိဒ္ဓိတို့သည် အဝင်၊ နက္ခတ်များဖြစ်ကြပြီး ဝရတို့သည် ခပါဒ်နက္ခတ်များ ဖြစ်ကြပါသည်။

အထွက်နက္ခတ် (၁၂) လုံး၊ အဝင်နက္ခတ် (၁၂)လုံး၊ ခပါဒ်နက္ခတ် (၄) လုံးဖြင့် စုစုပေါင်း နက္ခတ် (၂၈) လုံး ဖြစ်ပါသည်။

| | |
|---|---|
| ၅။ မိဂသီ | ၆။ အဒြ |
| ၇။ ပုနဗ္ဗုသျှ | ၈။ ဖုသျှ |
| ၉။ အသလိဿ | ၁၀။ မာဃ |
| ၁၁။ ပြုဗ္ဗဖလဂုနီ | ၁၂။ ဥတ္တရဖလဂုနီ |
| ၁၃။ ဟဿတ | ၁၄။ စိတြ |
| ၁၅။ သွာတိ | ၁၆။ ဝိသာခါ |
| ၁၇။ အနုရာဓ | ၁၈။ ဇေဋ္ဌ |
| ၁၉။ မူလ | ၂၀။ ပြုဗ္ဗာသာဠ် |
| × ? | ၂၁။ ဥတ္တရာသာဠ် |
| ၂၂။ သရဝဏ် | ၂၃။ ဓနသိဒ္ဓ (ဓနသိဒ္ဓိ) |
| ၂၄။ သတဘိသျှ | ၂၅။ ပြုဗ္ဗဘဒြပိုဒ် |
| ၂၆။ ဥတ္တရာဘဒြပိုဒ် | ၂၇။ ရေဝတီ |

ကြက်ခြေခတ် (×) ပြထားသော နက္ခတ်သည် တိုးယူလိုက်သောနက္ခတ် ဖြစ်ပါသည်။ အမှတ်စဉ်မပေးဘဲ နေရာသာပေးပါသည်။ ထိုနက္ခတ်၏ အကျ



www.burmeseclassic.com

www.burmeseclassic.com

အဝန်းကိုလည်း ပြုဗ္ဗာသာဍ်နက္ခတ်၏ နောက်ဆုံး တစ်ပါဒ် (= ၁၅ ယဋ္ဌိ) နှင့် ဥတ္တရာသာဍ်နက္ခတ်၏ ပထမတစ်ပါဒ် (= ၁၅ ယဋ္ဌိ) တို့အား ခွဲဝေပေးခဲ့ကြပါသည်။ ထိုအခါ -

ပြုဗ္ဗာသာဍ်နက္ခတ် = ၄၅ ယဋ္ဌိ
(×) နက္ခတ် = ၃၀ ယဋ္ဌိ နှင့်
ဥတ္တရာသာဍ်နက္ခတ် = ၄၅ ယဋ္ဌိ

စသည်ဖြင့် အကျယ်အဝန်းများ ဖြစ်လာကြပါသည်။ နက္ခတ်ပြောင်းချိန်ကိုတွက်ယူရာ၌ ဤအကျယ်အဝန်းများကို သတိပြုရပါမည်။

ထိုတိုးယူလိုက်သော နက္ခတ်အား ရှေးလက်ရိုးပညာရှင်များက 'အာသဋ္ဌိ' နက္ခတ်ဟု လည်းကောင်း၊ နှောင်းလက်ဆန်းပညာရှင်များက 'အဘိဇိ' နက္ခတ်ဟုလည်းကောင်း ဝိဂြိုဟ်ပြုခဲ့ကြပါသည်။ မည်သို့ အမည်ပေးခဲ့ကြသည် ဖြစ်စေ၊ အမည်များက အကြောင်းမဟုတ်ချေ။ နေရာကသာ အကြောင်း ဖြစ်ပါသည်။ ယခုချထားသော နက္ခတ် (၂၀) လုံးနှင့် (၂၁)လုံးကြားနေရာသည် နောက်တွင် ဖော်ပြမည့် 'သီကုံးပြည့်အောင် လတန်ဆောင်'၊ 'နှောင်ဆိုသည်ကား မြအလား' ဟူသော နေ့အလိုက် ပေါင်းကိန်းလင်္ကာများနှင့်ကိုက်ညီသောနေရာဖြစ်ပါသည်။

**ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များခွဲခြားခြင်း**

**(၁) တိုင်ဖြင့်ခွဲခြင်း**

'အဘကျင့်သုံး စေတစ်လုံး' ဟူသော ပဉ္စပွတ်လင်္ကာလေးအား မှတ်ပါ။ နံသင့်ကောက်ယူပါ။ ၁၊ ၅၊ ၂၊ ၆၊ ၃၊ ၇၊ ၄ ဟူ၍ ရပါမည်။ (အ=၁)သည် တနင်္ဂနွေနေ့အတွက် ဖြစ်ပြီး ထိုနေ့၌ စတင်ရေးသွင်းရမည့် နက္ခတ်နံပါတ်ဖြစ်ပါသည်။ (ဘ=၅)သည် တနင်္လာနေ့အတွက်၊ (ကျင့်=၂)သည် အင်္ဂါနေ့အတွက် စသည်ဖြင့် စတင်ရေးသွင်းရမည့် နက္ခတ်များ ဖြစ်ကြပါသည်။ တနင်္ဂနွေတိုင်ဖြင့် စတင်ရအောင်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၄ | ၅ | | | |
| | | ထွက် ↑ | ၃ | ၆ | ဝင် | | |
| | | | ၂ | ၇ ↓ | | | |
| ၂၅ | ၂၆ | ၂၇ | ၁ | ၈ | ၉ | ၁၀ | ၁၁ |
| ၂၄ | ၂၃ | ၂၂ | ၂၁ | ၁၅ | ၁၄ | ၁၃ | ၁၂ |
| | | | × | ၁၆ | | | |
| | | | ၂၀ | ၁၇ | | | |
| | | | ၁၉ | ၁၈ | | | |

- (အ=၁)ကို တိုင်၏ ဗဟို၌ စတင်၍ နေရာချပါသည်။ ဝရနေရာတွင်ရှိပြီး ခါးပတ်နက္ခတ်ဖြစ်လာသည်။
- ထို့နောက် အပြင်ဘက်ဆီသို့ တစ်လုံးပြီးတစ်လုံး(၃)နေရာချပါသည်။ နက္ခတ်(၃)လုံးဖြစ်ပါသည်။အထွက်နက္ခတ်(၃)လုံးဖြစ်ပါသည်။
- ထို့နောက် အတွင်းဘက်ဆီသို့တစ်လုံးပြီးတစ်လုံး(၃)နေရာချပါသည်။ အဝင်နက္ခတ်(၃)လုံး ဖြစ်ပါသည်။
- ဤအစီအစဉ်အတိုင်း ခပါဒ် - အထွက်-အဝင် တစ်လှည့်စီ ရေးသွင်းခြင်းဖြင့် နက္ခတ်အားလုံး အပိုအလိုမရှိ ကွက်တိရေးသွင်းနိုင်ပါသည်။

၁၊ ၈၊ ၁၅၊ ၂၁ တို့သည် ခပါဒ်နက္ခတ်များ ဖြစ်ပါသည်။ ကျန်သောနက္ခတ်များမှာ နေရာအလိုက် အဝင်၊ အထွက်အား လွယ်လွယ်ကူကူ မြင်ရမည်။

တနင်္ဂနွေတိုင်အား ထူတတ်ကြည့်တတ်လျှင် ကျန်သော တိုင်များအားလည်း ထူတတ်ကြည့်တတ်ပါမည်။

**တနင်္လာတိုင် (ဘ=၅)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၈ | ၉ | | | |
| | | | ၇ | ၁၀ | | | |
| | | | ၆ | ၁၁ | | | |
| ၂ | ၃ | ၄ | ၅ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ၂၇ | ၂၆ | ၂၅ | ၁၉ | ၁၈ | ၁၇ | ၁၆ |
| | | | ၂၄ | ၂၀ | | | |
| | | | ၂၃ | × | | | |
| | | | ၂၂ | ၂၁ | | | |

**အင်္ဂါတိုင် (ကျင့်=၂)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၅ | ၆ | | | |
| | | | ၄ | ၇ | | | |
| | | | ၃ | ၈ | | | |
| ၂၆ | ၂၇ | ၁ | ၂ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၂၅ | ၂၄ | ၂၃ | ၂၂ | ၁၆ | ၁၅ | ၁၄ | ၁၃ |
| | | | ၂၁ | ၁၇ | | | |
| | | | × | ၁၈ | | | |
| | | | ၂၀ | ၁၉ | | | |

**ဗုဒ္ဓဟူးတိုင် (သုံး=၆)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၉ | ၁၀ | | | |
| | | | ၈ | ၁၁ | | | |
| | | | ၇ | ၁၂ | | | |
| ၃ | ၄ | ၅ | ၆ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၂ | ၁ | ၂၇ | ၂၆ | ၂၀ | ၁၉ | ၁၈ | ၁၇ |
| | | | ၂၅ | × | | | |
| | | | ၂၄ | ၂၁ | | | |
| | | | ၂၃ | ၂၂ | | | |

**ကြာသပတေးတိုင် (စေ=၃)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၆ | ၇ | | | |
| | | | ၅ | ၈ | | | |
| | | | ၄ | ၉ | | | |
| ၂၇ | ၁ | ၂ | ၃ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၆ | ၂၅ | ၂၄ | ၂၃ | ၁၇ | ၁၆ | ၁၅ | ၁၄ |
| | | | ၂၂ | ၁၈ | | | |
| | | | ၂၁ | ၁၉ | | | |
| | | | × | ၂၀ | | | |

**သောကြာတိုင် (တစ်=၇)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၀ | ၁၁ | | | |
| | | | ၉ | ၁၂ | | | |
| | | | ၈ | ၁၃ | | | |
| ၄ | ၅ | ၆ | ၇ | ၁၄ | ၁၅ | ၁၆ | ၁၇ |
| ၃ | ၂ | ၁ | ၂၇ | × | ၂၀ | ၁၉ | ၁၈ |
| | | | ၂၆ | ၂၁ | | | |
| | | | ၂၅ | ၂၂ | | | |
| | | | ၂၄ | ၂၃ | | | |

**စနေတိုင် (လုံး=၄)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ၇ | ၈ | | | |
| | | | ၆ | ၉ | | | |
| | | | ၅ | ၁၀ | | | |
| ၁ | ၂ | ၃ | ၄ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၂၇ | ၂၆ | ၂၅ | ၂၄ | ၁၈ | ၁၇ | ၁၆ | ၁၅ |
| | | | ၂၃ | ၁၉ | | | |
| | | | ၂၂ | ၂၀ | | | |
| | | | ၂၁ | × | | | |



www.burmeseclassic.com

www.burmeseclassic.com

တိုင် (၇) တိုင်မို့ များသည်ဟုထင်ရမည်။ သိလိုသောနေ့အတွက် တိုင်(၁) တိုင်သာ သုံးရသောကြောင့် မများပါ။ အလွတ်လည်းမှတ်ထားဖို့မလိုပါ။ 'အဘာကျင့်သုံး စေတစ်လုံး' လင်္ကာလေးရထားလျှင် ပြီးပါသည်။

**(၂) တွက်ယူနည်း**

ဤနည်းမှာလည်း လင်္ကာများ လိုအပ်ပါသည်။

သင်္ကာ(၁)။ နက္ခတ်(၁)လုံးမှ (၂၀)လုံး အထိ 'သီကုံးပြည့်အောင် လတန်ဆောင်' လင်္ကာနှင့်၊

သင်္ကာ(၂)။ နက္ခတ်(၂၁)လုံးမှ (၂၇)လုံး အထိ 'နှောင်ဆိုသည်ကား မြအလား' လင်္ကာကို သုံးရပါမည်။

ထိုလင်္ကာများကို နံသင့်ကောက်ယူ၍ရလာသော ကိန်းဂဏန်းများသည် နေ့အလိုက် နက္ခတ်ပေါင်းကိန်းများ ဖြစ်ကြပါသည်။

တွက်နည်းမှာ ထိုနေ့၏ စန်းယှဉ် နက္ခတ်တွင် လင်္ကာမှရလာသော နေ့အလိုက် နက္ခတ်ပေါင်းကိန်းကို ပေါင်းပြီး (၇) ဖြင့် စားပါ။

- ၀ - ကြွင်းလျှင် ဝရ
- ၁ - ကြွင်းလျှင် ဥပါဒ်
- ၂ - ကြွင်းလျှင် မိတ္တ
- ၃ - ကြွင်းလျှင် ကာဏ
- ၄ - ကြွင်းလျှင် အမြိတ္တ
- ၅ - ကြွင်းလျှင် လာဘနှင့်
- ၆ - ကြွင်းလျှင် သိဒ္ဓိ တို့ ဖြစ်ပါသည်။

**ဥပမာ(၁) ကြာသပတေးနေ့ စန်းယှဉ် နက္ခတ် (၂၀)လုံး**

နက္ခတ် (၂၀) လုံးဖြစ်သဖြင့် 'သီကုံးပြည့်အောင် လတန်ဆောင်' ပထမ လင်္ကာကို သုံးရမည်။ ကြာသပတေးနေ့ ဖြစ်သဖြင့် (လ=၄)သည် ကြာသပတေး နေ့အတွက် ပေါင်းကိန်း ဖြစ်သည်။

၂၀ + ၄ ÷ ၇ = ၃ ကြွင်း ဖြစ်ပါသည်။

(၃) ကြွင်းသောကြောင့် ကာဏ (တစ်ဖက်ကင်း)၊ အတွက်နက္ခတ် ဖြစ်ပါသည်။ တိုင်မှရှာလျှင်လည်း ဤအဖြေပင်။

**ဥပမာ (၂) အင်္ဂါနေ့ စန်းယှဉ်နက္ခတ် (၂၁)လုံး**

နက္ခတ် (၂၁) လုံး ဖြစ်သဖြင့် ဒုတိယလင်္ကာ 'နှောင်ဆိုသည်ကား မြအလား'ကို သုံးရပါမည်။ အင်္ဂါနေ့ အတွက် (သည်=၆)သည် နက္ခတ်ပေါင်း ကိန်း ဖြစ်ပါသည်။

၂၁ + ၆ ÷ ၇ = ၆ ကြွင်း ဖြစ်သည်။

(၆) ကြွင်းသောကြောင့် သိဒ္ဓိ၊ အဝင်နက္ခတ်ဖြစ်သည်။ (တိုင်မှရသော အဖြေနှင့်အတူတူပင်)။

ဤတွက်ယူနည်းသည် တိုင်ဖြင့် ရှာသောနည်းမှတစ်ဆင့် ဆင်းသက်လာသောနည်း ဖြစ်ပါသည်။ ဤနည်းဖြင့် (×) ကြက်ခြေခတ်အမှတ်အသားပြထားသောနက္ခတ်အတွက် အဖြေကို တိုက်ရိုက်မရ၊ တိုင်ဖြင့်ရှာနည်းက တိုက်ရိုက်ရပါသည်။

**(၃) ဇယားဖြင့်ရှာနည်း**

တိုင်ဖြင့်ရှာနည်း(ခွဲခြားနည်း)အား မှမ်းမံ၍ ပုံစံပြောင်းထားသော ကျွန်ုပ်၏ ကိုယ်ပိုင်ဇယား ဖြစ်ပါသည်။ နက္ခတ် 'အတန်း'နှင့် နေ့ 'အတိုင်' တို့ ဆုံရာ၌ အဖြေကို လွယ်လွယ်သိနိုင်အောင် စီစဉ်ထားပါသည်။

ယခု ဤဆောင်းပါး၏ နက္ခတ်ပြောင်းချိန်ခေါင်းစဉ်ငယ်အောက်တွင် ဖော်ပြခဲ့သော ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ သောကြာနေ့ဆီသို့ ပြန်သွားကြမည်။

ထိုနေ့သည် (၇) လုံးမြောက် နက္ခတ်နှင့်လည်းကောင်း၊ ထို့နောက် (၈) လုံးမြောက်နက္ခတ်နှင့် လည်းကောင်း အချိန်ပြောင်း၍ စန်းယှဉ်နေကြောင်း သိခဲ့ပြီးပြီ။ နက္ခတ်တစ်လုံးမှတစ်လုံးသို့ ပြောင်း၍ စန်းယှဉ်ချိန်ကိုလည်း နာရီ၊ မိနစ်နှင့်တကွ တွက်ယူခဲ့ပြီးပြီ။ ဆက်လက်ပြီး ထိုနက္ခတ်များသည် အဝင်လား အထွက်လား၊ ခပါဒ်လား ဆိုသည်ကို ဆုံးဖြတ်ကြပါမည်။

ဖော်ပြခဲ့ပြီးသော နည်း (၃) နည်းမှာ မည်သည့်နည်းဖြင့်ဖြစ်စေ သော ကြာနေ့အတွက် (၇) လုံးမြောက်နက္ခတ်သည် ဝရ - ခပါဒ်နက္ခတ်ဖြစ်ပြီး (၈)လုံးမြောက်နက္ခတ်သည် ဥပါဒ်-အထွက် နက္ခတ်ဖြစ်ကြောင်း တွေ့ရပါမည်။

ထို့ကြောင့် ထိုနေ့သည် နံနက် ၇း၃၃း၂၀ နာရီ မတိုင်မီအထိ ခပါဒ် နက္ခတ်ဖြစ်ပြီး နောက်ပိုင်း သန်းခေါင် အချိန်အထိသည် အထွက်နက္ခတ်ဖြစ်သည်ဟု အချိန်နှင့်တကွ တိတိကျကျ အစင်အကြယ်သိရှိနိုင်ပြီ ဖြစ်ပါတော့သည်။

စာဖတ်သူအပေါင်း
အသုံးတည့်နိုင်ကြပါစေ
သင်ဆရာ၊ မြင်ဆရာ၊
ကြားဆရာများအား ဦးထိပ်ထားလျက်
ဦးအောင်စောလှိုင်(မုသိမ်)

| နက္ခတ် / နေ့ | | | | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၈ | ၁၅ | ၂၁ | ** ဝရ | ကာဏ | * သိဒ္ဓိ | မိတ္တ | *လာဘ | ဥပါဒ် | * အမြိတ္တ |
| ၂ | ၉ | ၁၆ | ၂၂ | ဥပါဒ် | * အမြိတ္တ | ** ဝရ | ကာဏ | * သိဒ္ဓိ | မိတ္တ | * လာဘ |
| ၃ | ၁၀ | ၁၇ | ၂၃ | မိတ္တ | * လာဘ | ဥပါဒ် | * အမြိတ္တ | ** ဝရ | ကာဏ | * သိဒ္ဓိ |
| ၄ | ၁၁ | ၁၈ | ၂၄ | ကာဏ | * သိဒ္ဓိ | မိတ္တ | * လာဘ | ဥပါဒ် | * အမြိတ္တ | ** ဝရ |
| ၅ | ၁၂ | ၁၉ | ၂၅ | * အမြိတ္တ | ** ဝရ | ကာဏ | * သိဒ္ဓိ | မိတ္တ | * လာဘ | ဥပါဒ် |
| ၆ | ၁၃ | ၂၀ | ၂၆ | * လာဘ | ဥပါဒ် | * အမြိတ္တ | ** ဝရ | ကာဏ | * သိဒ္ဓိ | မိတ္တ |
| ၇ | ၁၄ | × | ၂၇ | * သိဒ္ဓိ | မိတ္တ | * လာဘ | ဥပါဒ် | * အမြိတ္တ | ** ဝရ | ကာဏ |

* - အဝင်နက္ခတ်

** - ခပါဒ်နက္ခတ်

(ဇယားကြည့်နည်းမှာ လွယ်ကူသောကြောင့် ဥပမာများဖြင့် မရှင်းတော့ပါ။)



www.burmeseclassic.com

www.burmeseclassic.com

# ကိုတင်လှိုင်
(မြို့ဆော)

## ရန်ကုန်မှာနေ၊ ပုဂံမှာစောင့်မှာသေပြီး မိတ္ထီလာမှာလာပြီးဝင်စားတဲ့လူဝင်စား



ရန်ကုန်မြို့ မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဖော်ကာဖရင်းရှစ် ခရီးသည်တင်လေယာဉ်ကြီးတစ်စီးသည် နံနက်စောစောတွင် ခရီးထွက်ခွာရန်အတွက် အဆင်သင့် ရပ်နားနေသည်။ အဆိုပါ ခရီးသည်တင်လေယာဉ်ကြီးသည် ရန်ကုန်၊ ပခုက္ကူ၊ ထီးလင်း၊ ကျောက်ထု၊ ကလေး၊ ဂန့်ဂေါ ပြေးဆွဲနေသည့် ခရီးသည်တင်လေယာဉ်ကြီး ဖြစ်သည်။ အချိန်ကား ၁၉၅၉ ခုနှစ်က ဖြစ်သည်။ ခရီးသည်များလည်း လေယာဉ်ရှိရာသို့ ဆိုက်ရောက်လာကြသည်။ ခရီးသည်များမှာ ကုန်သည်၊ ပွဲစား၊ အမှုထမ်းနှင့် ရဟန်းတော်များ ပါဝင်ကြသည်။

အချိန်စေ့၍ လေယာဉ်စတင်ထွက်ခွာရန် ပိုင်းလော့သည် လေယာဉ်ပေါ်သို့ တက်လာသည်။ ပိုင်းလော့မှာ အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ ရုပ်ချောချော ယောက်ျားပီသသည့် လူချောလူခံ့တစ်ယောက် ဖြစ်သည်။ ပိုင်းလော့နှင့်အတူ လေယာဉ်မယ်လည်း လေယာဉ်ပေါ်သို့ တက်လာသည်။

မင်္ဂလာဒုံလေဆိပ်မှ ခရီးသည်တင် ဖော်ကာဖရင်းရှစ်လေယာဉ်ကြီးသည် အချိန်စေ့၍ ကောင်းကင်ပေါ်သို့ ပျံတက်လာပြီး ခရီးစဉ်ဦးတည်ရာ လမ်းကြောင်းအတိုင်း ပျံသန်းလာနေသည်။ လေယာဉ်စီးခရီးသည်များလည်း စိတ်အေးချမ်းသာစွာ လိုက်ပါလာကြသည်။ လေယာဉ်မယ်ကလေးကလည်း ခရီးသည်များအား အစားအသောက်များ ကျွေးမွေးပြုစုနေသည်။ ခရီးသည်တင်လေယာဉ်ကြီးကို ပိုင်းလော့တစ်ဦးနှင့်အတူ အကူပိုင်းလော့တစ်ဦးတို့က ခရီးစဉ်အတိုင်း မောင်းနှင်လာကြသည်။ သက်ကြီးရွယ်အိုခရီးသည်များက ပုတီးစိပ်၊ တရားမှတ်ကာ လိုက်ပါလာကြ၏။ သံဃာတော်များကလည်း ပရိတ်တရားပွားများ ရွတ်ဆိုနေကြသည်။ ဝန်ထမ်းခရီးသည်များကလည်း မိမိတို့ဌာနအတွက် လုပ်ကိုင်စရာများကို စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com

နှင့် အစီအစဉ်ဆွဲရင်း စိတ်အေးချမ်းသာစွာ စီးနင်းလိုက်ပါလာကြသည်။ ခရီးသည် အားလုံးမှာ မိမိကံကြမ္မာကိုမသိဘဲ လေယာဉ်ခရီးစီးလာကြခြင်း ဖြစ်သည်။

ဖော်ကာဖရင်းရှစ်ခရီးသည်တင်လေယာဉ်ကြီးသည် ကောင်းကင်တွင် ပျံသန်းလာရာ မြန်မာပြည်အလယ်ပိုင်း ပုပ္ပားတောင်ကို ဖြတ်သန်းပြီး ပခုက္ကူလေဆိပ်သို့ ဆင်းသက်ရန် ဦးတည်ပျံသန်းလာနေသည်။ သို့သော် ပုပ္ပားတောင်ကိုကျော်ဖြတ်ရန်အရောက်တွင် စက်ချို့ယွင်းပြီး ခရီးသည်တင်လေယာဉ်ကြီးသည် ပုပ္ပားတောင်ကို ဝင်ရောက်တိုက်မိသည်။လေယာဉ်ပေါ်ပါခရီးသည်အားလုံးနှင့် ပိုင်းလော့နှစ်ဦးအပါအဝင် လေယာဉ်မယ်ပါ သေဆုံးသွားကြသည်။

ထိုခေတ်က လေယာဉ်ပျက်ကျသည့် သတင်းကို သတင်းစာအသီးသီးက သတင်းထူးသတင်းဦးအဖြစ် ဖော်ပြခဲ့ကြသည်။ လူထုတစ်ရပ်လုံး စိတ်အဝင်စားဆုံးသတင်းကြီးဖြစ်ခဲ့သည်။

◆

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ခရိုင်ရုံးကြီးအတွင်းတွင် ဦးအေးမောင်၊ ဒေါ်ငွေးတို့ ဇနီးမောင်နှံတို့သည် လက်ဖက်ရည်ဆိုင်ဖွင့်၍ အသက်မွေးဝမ်းကျောင်းနေသူများ ဖြစ်သည်။ ဦးအေးမောင်တို့ဇနီးမောင်နှံသည် ဘုရား၊ တရားကြည်ညိုလေးစားသူများ ဖြစ်ကြသည်။ နှစ်စဉ် ဘုရားဖူးထွက်လေ့ရှိ၏။ ပုဂံ၊ ပုပ္ပား၊ ရွှေစက်တော်၊ မန္တလေး၊ မုံရွာ၊ ဖိုဝင်တောင်၊ ရန်ကုန်မြို့များသို့ နှစ်စဉ် ဘုရားဖူးထွက်လေ့ ရှိကြသည်။ ဦးအေးမောင်၊ ဒေါ်ငွေးတို့တွင် သန်းသန်းငွေးနှင့် သန်းသန်းအေး ဆိုသည့် သမီးနှစ်ယောက်ရှိသည်။ နှစ်ယောက်စလုံး ကျောင်းသူများ ဖြစ်ကြသည်။ သမီးနှစ်ယောက် အသက် (၁၆) နှစ်အရွယ်တွင် ပုဂံ-ညောင်ဦး-ပုပ္ပားသို့ ဦးအေးမောင်တို့မိသားစု ဘုရားဖူးထွက်ခဲ့ကြသည်။ ဤတစ်ခေါက် ပုပ္ပားအရောက်တွင် ဒေါ်ငွေးစိတ်ထဲတွင် တစ်မျိုးကြီး ခံစားမိသည်။ ပုပ္ပားတောင်ကြီးကိုကြည့်၍ လွမ်းသလိုဆွေးသလိုကြီး စိတ်ထဲတွင် ခံစားမိသည်။

ပုပ္ပားမှအပြန်တွင် ဒေါ်ငွေးမှာ ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်သည်။ ကောင်းကင်မှဖိုးလမင်းကြီးသည် ဒေါ်ငွေးရင်ခွင်ထဲ ဝင်ရောက်လာသည်ဟု ထူးဆန်းစွာ အိပ်မက်မြင်မက်မိ၏။ ထိုအိပ်မက်မြင်မက်ပြီး မကြာမီ ဒေါ်ငွေးတွင် ကိုယ်ဝန်ရှိလာသည်။ ဒေါ်ငွေးတွင် ကိုယ်ဝန်ရှိပြီး ၁၁-၆-၁၉၆၆ ခုနှစ်တွင်





www.burmeseclassic.com

www.burmeseclassic.com

သားလေးတစ်ဦး ဖွားမြင်ခဲ့သည်။ စနေသားလေး ဖြစ်သည်။ ထိုကလေးမွေးစတွင် ဦးခေါင်း၌ ရွှေရောင်ဆံပင်နှစ်ချောင်းပါလာသည်ကို ထူးဆန်းစွာတွေ့ရသည်။ စနေသားလေးကို ဦးအေးမောင်၊ ဒေါ်ငွေးတို့က မောင်ဉာဏ်ထွန်းမောင်ဟု အမည်ပေးခဲ့သည်။ အစ်မများဖြစ်ကြသော မသန်းငွေးနှင့် မသန်းသန်းအေးတို့က မောင်လေးဉာဏ်ထွန်းမောင်၏ဦးခေါင်းမှ ရွှေရောင်ဆံပင်နှစ်ချောင်းကို အကြောင်းပြု၍ နှစ်ပင်ရွှေထီးဟု နောက်ပြောင်ခေါ်ဝေါ်ခဲ့ကြသည်။

မောင်ဉာဏ်ထွန်းမောင်လေး အသက် (၃) နှစ်ကျော်၊ (၄) နှစ်အတွင်း စကားပြောတတ်ချိန် ကောင်းကင်တွင် မိုးညိုပြီး မှောင်မည်းနေလျှင် မောင်ဉာဏ်ထွန်းမောင်ကလေးသည် တောင်အရပ်သို့ကြည့်၍ မှိုင်နေတတ်သည်။ ဤတွင် မိဘများက နေမကောင်းသည်ထင်ပြီး မောင်ဉာဏ်ထွန်းမောင်ကို နေမကောင်းလို့လားဟု မေးလျှင် မောင်ဉာဏ်ထွန်းမောင်ကလေးက မိန်းမနှင့်ကလေးကိုလွမ်းလို့ဟု ပြောသည်။ ဤတွင်မှ ဦးအေးမောင်၊ ဒေါ်ငွေးတို့ သားကလေးမှာ လူဝင်စားလေးဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဦးအေးမောင်၊ ဒေါ်ငွေးတို့က ဘယ်ဘဝကလာသလဲ၊ ဘာကြောင့်သေတာလဲ၊ ဘယ်သူဝင်စားတာလဲဟု မေးကြည့်ကြသည်။

ဤတွင် မောင်ဉာဏ်ထွန်းမောင်ကလေးက မိမိမှာ လေယာဉ်ပျံပျက်ကျပြီး သေဆုံးခဲ့ကြောင်း၊ မိမိမှာ ရန်ကုန်မင်္ဂလာဒုံမှ ပိုင်းလော့တစ်ဦးဖြစ်ကြောင်း၊ ဇနီးမှာ စစ်ဆေးရုံမှ ဗိုလ်ကြီးခင်စိုးမြင့်ဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်ရှိကြောင်း၊ မိမိ၏ အမည်မှာ ကပ္ပတိန်ဟယ်ရီအောင်ဖြစ်ကြောင်းပြောပြသည်။ လေယာဉ်မှာ ပုပ္ပားတောင်ကိုတိုက်မိပြီး သေဆုံးခဲ့ရကြောင်း သနားစဖွယ် ပြောပြသည်။ မိမိဇနီးနှင့် သားသမီးကိုလွမ်းလို့၊ သတိရလို့ မှိုင်နေကြောင်း တမ်းတမ်းတတ ပြောပြတတ်သည်။ မောင်ဉာဏ်ထွန်းမောင်လေးက အချိန်တိုင်းလည်းမပြော၊ မေးတိုင်းလည်း မပြော၊ ကောင်းကင်တွင် မိုးများညိုနေပြီး လွမ်းဆွေးစရာအချိန်တွင်မှ တောင်အရပ်ကိုကြည့်ပြီး မှိုင်ငေးနေချိန်တွင်မေးမှ ပြောတတ်သည်။

မောင်ဉာဏ်ထွန်းမောင်လေး (၆) နှစ်သားအရွယ်တွင် မိဘများဖြစ်ကြသော ဦးအေးမောင်၊ ဒေါ်ငွေးနှင့် သမီးသန်းသန်းငွေး၊ သန်းသန်းအေးနှင့် သားလေး မောင်ဉာဏ်ထွန်းမောင်နှင့်အတူ ပုဂံပုပ္ပားသို့ ဘုရားဖူးထွက်ခဲ့ကြသည်။ ပုဂံမှအပြန် ပုပ္ပားတောင်အရောက် တောင်ကလပ်အတက် သံလှေကားထိပ်နားနေရာအရောက်တွင် မောင်ဉာဏ်ထွန်းမောင်ကလေးက ပုပ္ပားတောင်မကြီးတစ်နေရာကို လက်ညှိုးထိုးပြီး ၎င်းလေယာဉ်ပျက်ကျသည့်နေရာဖြစ်ကြောင်း ပြောပြသည်။ မိဘများက မယုံ၍ ပုပ္ပားဇာတိ ဈေးသည်များကို မေးကြည့်ရာ ဈေးသည်များက ၁၉၅၉ ခုနှစ်က ဖော်ကာဖရင်းရှစ်ခရီးသည်တင်လေယာဉ်ပျက်ကျသည့်နေရာဖြစ်ကြောင်း ပြောပြမှ မိဘများမှာ စိတ်မကောင်းဖြစ်ပြီး သားကလေးကို ကရုဏာသက်မိကြ၏။ ထိုအခါကျမှ မောင်ဉာဏ်ထွန်းမောင်ကလေးမှာ လူဝင်စားဖြစ်ကြောင်း လက်ခံ ယုံကြည်ကြသည်။ မိဘများနှင့်အစ်မများက သနားကရုဏာပိုကာ ပိုပိုချစ်ခင်လာကြသည်။ ကလေးကိုလည်း ဂရုတစိုက်စောင့်ရှောက်ကြသည်။ မောင်ဉာဏ်ထွန်းမောင်မှာ လေယာဉ်ပျက်ကျပြီး သေဆုံးသူဘဝက ဝင်စားသူဖြစ်သဖြင့် အမြင့်သို့မတက်ရဲချေ။ အမြင့်တက်ရန် အလွန်ကြောက်ရွံ့သောကလေး ဖြစ်သည်။

ဦးအေးမောင်၊ ဒေါ်ငွေးတို့တွင် ဆွေမျိုးနီးစပ်တော်သည့် မင်္ဂလာဒုံလေတပ်မှ တပ်ကြပ်ကြီးလှမြင့် ဆိုသူသည် မိတ္ထီလာရှမ်းတဲလေတပ်စခန်းသို့ သင်တန်းတက်ရန် ရောက်ရှိလာခဲ့သည်။ ဦးအေးမောင်၊ ဒေါ်ငွေးတို့ထံလာရောက်လည်ပတ်သည်။ ဤတွင် ဦးအေးမောင်၊ ဒေါ်ငွေးတို့က သူတို့သားကလေး မောင်ဉာဏ်ထွန်းမောင် ပြောသည့် မင်္ဂလာဒုံလေတပ်မှ ကပ္ပတိန်ဟယ်ရီအောင် ရှိ၊ မရှိ၊ သူ၏ဇနီးမှာ မင်္ဂလာဒုံစစ်ဆေးရုံက ဗိုလ်ကြီးခင်စိုးမြင့် ဟုတ်၊ မဟုတ်၊ သူတို့တွင် သားတစ်ယောက်၊ သမီးတစ်ယောက်ရှိ၊ မရှိ စုံစမ်းအ ◌်းပြန်ရန် မှာကြားလိုက်သည်။

တပ်ကြပ်ကြီးလှမြင့် မိတ္ထီလာမှ သင်တန်းပြီး၍ မင်္ဂလာဒုံလေတပ်စခန်းသို့ ပြန်သွားသည်။ တပ်ကြပ်ကြီးလှမြင့် မင်္ဂလာဒုံပြန်သွားပြီး တစ်ပတ်အကြာတွင် ဦးအေးမောင်၊ ဒေါ်ငွေးတို့ထံ စာရောက်လာသည်။ မင်္ဂလာဒုံလေတပ်စခန်းတွင် ကပ္ပတိန်ဟယ်ရီအောင် ရှိကြောင်း၊ ၁၉၅၉ ခုနှစ်က ပုပ္ပားတောင်နှင့် လေယာဉ်တိုက်မိပြီး ကွယ်လွန်သွားကြောင်း၊ သူ၏ဇနီးမှာ မင်္ဂလာဒုံစစ်ဆေးရုံမှ ဗိုလ်ကြီးခင်စိုးမြင့်ဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်မှာ မှန်ကန်ကြောင်း အပြည့်အစုံ စာထဲတွင် ပါလာသည်။ ဤတွင်မှ မိဘများမှာ မောင်ဉာဏ်ထွန်းမောင်ကလေးမှာ လူဝင်စားဖြစ်ကြောင်း ပိုမိုယုံကြည်လာကြသည်။

မောင်ဉာဏ်ထွန်းမောင်ကလေး ကျောင်းထားပြီးစ (၇) နှစ်အရွယ်တွင် ဦးအေးမောင်၊ ဒေါ်ငွေးတို့မိသားစု ရန်ကုန်သို့ ဘုရားဖူးသွားကြသည်။ တည်းသည့်နေရာမှ မင်္ဂလာဒုံမြို့ပတ်ရထားစီးကြသည်။ မင်္ဂလာဒုံလေတပ်စခန်းမှ တိုက်တန်းလျားများကိုမြင်လျှင် မောင်ဉာဏ်ထွန်းမောင်လေးက သူဤတိုက်တန်းလျားတွင်နေကြောင်း၊ ဇနီး၊ သားသမီးများရှိကြောင်းကို ပြောဆိုသည်။ ဤတွင် မိဘများက ချော့မော့၍ ပြန်ခေါ်ခဲ့ရသည်။ ဤအချိန်မှစ၍ ဦးအေးမောင်၊ ဒေါ်ငွေးတို့မှာ သူတို့သားကလေး ယခင်ဘဝက မိသားစုသိရှိပြီး ခေါ်ယူထားမည်စိုးရိမ်ပြီး ရန်ကုန်သို့ မသွားတော့ဘဲ လူဝင်စားဆိုသည့်အကြောင်းကိုလည်း မည်သူ့ကိုမျှ အသိမပေးတော့ချေ။

ယခုအခါ ဦးအေးမောင်၊ ဒေါ်ငွေးတို့သည်လည်း ကွယ်လွန်သွားကြပြီ ဖြစ်သည်။ ဉာဏ်ထွန်းမောင်ကလေး မင်္ဂလာဒုံမှ ဟယ်ရီအောင်ဝင်စားသည်ကိုလည်း ဟယ်ရီအောင်မိသားစုလည်း မသိကြချေ။ ယခုအခါ လူဝင်စား ဉာဏ်ထွန်းမောင်မှာ အသက် (၅၅) နှစ်ရှိပြီး လူပျိုကြီးဘဝဖြင့် အစ်မဖြစ်သူ ဒေါ်သန်းသန်းငွေးမိသားစုနှင့် မိတ္ထီလာမြို့ ကျောက်ဖူးရပ်ကွက်တွင် နေထိုင်လျက် ရှိသည်။ ဟယ်ရီအောင်မိသားစုလည်း ရန်ကုန်မှာ ရှိနေကြသည်။

ဉာဏ်ထွန်းမောင် ဟယ်ရီအောင်ဝင်စားသည်ကို ကြားမှသိရသည့် တပ်ကြပ်ကြီးလှမြင့်မှာလည်း တပ်မှ ပင်စင်ယူပြီး ရန်ကုန်မြို့ အမှတ် (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ(၂၂)လမ်း၊ အိမ်နံပါတ် (၈၇၀၂) တွင် နေထိုင်လျက် ရှိသည်။ လူဝင်စား ဉာဏ်ထွန်းမောင်သည် ယခုလည်း ပုပ္ပားတောင်ကလပ် ရောက်ရှိသည့်အခါ ရင်ထဲတွင် တစ်မျိုးကြီးခံစားရပြီး ဝမ်းနည်းကာ လွမ်းဆွေးနေဆဲဖြစ်သည်ဟု သိရသည်။

ကိုတင်သိုင်း (မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

# လယ်ကန်စွန်နှင့်ဝဲနှင်းခူ

အရေပြား မသန့်ရှင်းမှုကြောင့် အရေပြားမှိုတက်ရောဂါတွေမှာ ဝဲနှင်းခူ ဆိုတဲ့ဝေဒနာဟာ ရွံစရာအလွန်ကောင်း သလို အလွန်လည်းယားယံတဲ့ ဝေဒနာပါ။

ဝဲနှင်းခူ ဆိုတာ အများအားဖြင့် ခြေသလုံး၊ လက်မောင်း ဆိုတဲ့ နေရာတွေမှာ ပေါက်တတ်တာကြောင့် လူမြင်ကွင်းဖြစ်တာမို့ အလွန်အကျည်းတန်တဲ့ ဝေဒနာပါ။

နှင်းခူပေါက်လာပြီဆိုရင် နှင်းခူအစိုဖြစ်ဖြစ်၊ အခြောက်ဖြစ်ဖြစ်ပွားတာ မြန်ဆန်လှပေမယ့် ပျောက်ဖို့ကျတော့ အလွန်ခက်တဲ့ ဝေဒနာပါ။ 'မပျော် သုံးနှစ်၊ ပျော်လျှင် တစ်သက်လုံး' လို့တောင် စာဆိုရှိတဲ့ နှင်းခူပါ။

မြန်မာ့နည်းမြန်မာ့ဟန်မှာ နှင်းခူပျောက်ဆေးတွေ များစွာရှိကြပါတယ်။ သို့သော်လည်း လူတိုင်းအတွက်တော့ မဟုတ်ပါဘူး။ အပ်စပ်မှုတည့်မှပျောက်တတ်တာပါ။

မိုးကုတ်က လီရှော အားခဲဟာ ကျောက်သွေးဆရာ ဖြစ်ပါတယ်။ ဖြစ်ချင်တော့ အားခဲမှာ နှင်းခူပေါက်ခဲ့ပါတယ်။ ဒီလိုပါပဲ၊ လူပြောသူပြော နှင်းခူဆေးနည်းတွေဟာ အားခဲရဲ့ နှင်းခူကို မသတ်နိုင်ပါဘူး။ ဘယ်ဆေးနဲ့ဖြစ်ဖြစ် နှင်းခူက ပန်းပန်လျက်ပါပဲ။

ဒါနဲ့ မြန်မာနည်းတွေစုံပြီးတဲ့အခါ တရုတ်ဆေးနည်းကို ရလာတယ်။ အဲဒါက ပျားရည်ပုလင်းဝက်ခန့်ထဲ တီကောင်အရှင်ခုနစ်ကောင်၊ မျှော့အရှင်ခုနစ်ကောင်ထည့်ရပါတယ်။ မိုးကုတ် ဆိုတာ သူတို့နေတဲ့ရက်ကွက်နား အင်းအိုင်တွေမှာ မျှော့တွေပေါတော့ အလွယ်တကူရပါတယ်။ တီကောင်ဆိုတာကလည်း ပေါမှပေါ ဆိုတော့ အခက်အခဲမရှိပါဘူး။ နောက်ထည့်ရမှာက ဆီးဖြူရွက်ပြာလက်တစ်ဆုပ်ခန့်ပါ။ အားခဲဟာ အဲဒီဆေးကို ဖော်ပါတယ်။

အဲဒီဆေးလိမ်းပါမှ ရက်ရှည်လများ ခံစားနေရတဲ့ နှင်းခူဟာ ကွာကျသွားကြောင်း ကျွန်တော့်ကို ပြောပြဖူးပါတယ်။ မှတ်မှတ်ရရ ကျွန်တော့မှတ်စုမှာ ရှိနေပါတယ်။ ဒါက ပွဲတွေ့တရုတ်နှင်းခူလိမ်းဆေးပါ။ အဓိကပါဝင်တဲ့ မျှော့ရဲ့ အကျိအချွဲနဲ့ တီကောင်ရဲ့ အကျိအချွဲဟာ အတော်လေးအရေးပါပုံရပါတယ်။ တရုတ်ဆေးနည်းတွေမှာက မြွေအရှင်၊ ကင်းအရှင်၊ ရေပုတ်သင်အရှင် စတဲ့ အကောင်တွေကို အရက်ထဲထည့်ပြီးစိမ်တဲ့မလေ့တွေလည်း ရှိကြပါတယ်။ သူ့နည်းသူ့ဟန်နဲ့သူ စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။

ဝဲနှင်းခူစွဲနေတာတွေကို ဒေသတိုင်းတွေမှာကြုံရနိုင်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှု မည်မျှပြုနေပါစေ၊ သန့်ရှင်းစွာ နေထိုင်သူမှာလည်း ကံမကောင်းအကြောင်းမလှရင် နှင်းခူစွဲလာနိုင်ပါတယ်။ ငါသန့်သန့်ရှင်းရှင်းနေတာ အရေပြားရောဂါတွေ မကပ်ငြိနိုင်ဘူးလို့ မထင်လိုက်ပါနဲ့။ အလွန်သန့်ရှင်းပြီး လှလှပပနေတတ်တဲ့ အမျိုးသမီးတစ်ဦးရဲ့ လက်မောင်းမှာ ယားဖုလေးတွေ ကုတ်ရာကနေပြီး ပွေးလိုလိုဖြစ်ပေါ်လာရာကနေ နှင်းခူကြီး ဖြစ်ပေါ်လာတာကို မြင်တွေ့ဖူးပါတယ်။ သူ့ခမျာ အကျႌလက်တိုမဝတ်ရဲရှာပါဘူး။ အဲဒီအမျိုးသမီး ခုချိန်ရှိရင် (၇၀) ကျော် (၈၀) နီးပါးပါ။

ခန္ဓာရှိရင် ဝေဒနာရှိတာ သဘာဝပါ။ သို့သော်လည်း ဝေဒနာရယ်လို့ ဖြစ်လာရင် ကြီးသော်ကြီးသည့်အလျောက်၊ ငယ်သော်ငယ်သည့်အလျောက် ခံစားကြရပြီး သောကဆိုတာ ဖြစ်ကြရစမြဲပါ။

အထက်ဖော်ပြပါ နှင်းခူဝေဒနာနဲ့ ပတ်သက်ပြီး လူတိုင်းနဲ့ လက်လှမ်းမှီနိုင်တဲ့ ဆေးနည်းတစ်ခုကို မောင်မြတ်ထွန်း ဆီရောက်ခိုက် မောင်မြတ်ထွန်းက သူ့ကိုယ်တွေ့ကို ပြောပြပါတယ်။

ကာလအားဖြင့် ကြာခဲ့ပြီ ဖြစ်ပါတယ်။မောင်မြတ်ထွန်းတို့ငယ်ငယ် အားကောင်းမောင်းသန် (၄၀)ကျော်စအရွယ်ကပါ။ မောင်မြတ်ထွန်းက ယခု အသက် (၆၂) ရောက်နေပါပြီ။

အဲဒီ (၄၀) ကျော်အရွယ်တုန်းက မောင်မြတ်ထွန်းဟာ ကျွဲတွေနဲ့သစ်ဆွဲတဲ့ အလုပ်ကိုလုပ်ကိုင်နေချိန်ပါ။ သစ်တွေဆွဲရတဲ့နေရာက နေပြည်တော်ပျဉ်းမနားမြို့ရဲ့တောင်ဘက်မှာ ရေနီရွာရှိပါတယ်။ အဲဒီရေနီရွာရဲ့ အရှေ့ဘက်တည့်တည့် ပေါင်းလောင်းမြစ်ကို ကူးလိုက်ရင် သစ်တွေထုတ်လုပ်ရာ အရှေ့ရိုးမရဲ့ တောတောင်တွေရှိနေပါတယ်။ တောထဲရှိလို့ မြောင်ထဲကသစ်တွေကို မောင်မြတ်ထွန်းတို့ ကျွဲသမားတွေက ကျွဲနဲ့ဆွဲထုတ်ပေးရတာပါ။သစ်တင်ကားနားအထိ ထုတ်ပေးရခြင်း ဖြစ်ပါတယ်။

လျှို့အတွင်းမှာ လယ်အနည်းငယ်ရှိတာကြောင့် အဲဒီလယ်စောင့်တဲတွေဟာ သစ်သမားတွေရဲ့ ခိုလှုံနားနေရာဖြစ်တာကြောင့် လယ်သမားအနည်းစုဟာ အခြေချနေထိုင်ကြပါတယ်။ အဲဒီမြောင်ကို ဒီးဒုတ်မြောင်လို့ခေါ် ပါတယ်။

အဲဒီ ဒီးဒုတ်မြောင်က ဦးလူလှရဲ့ တဲမှာ မောင်မြတ်ထွန်းတို့ ကျွဲသမားအုပ်စုနဲ့ သစ်တင်ကားပိုင်ရှင် ဆရာထွေးတို့ အုပ်စု တည်းခိုချက်ပြုတ်စားသောက်ကြလေ့ရှိပါတယ်။

လယ်တဲပိုင်ရှင်ရဲ့ အမည်ကသာ ဦးလူလှပါ။ သူ့ခမျာ နောက်ပိုင်းမှာ မလှနိုင်ရှာပါဘူး။ ဘာလို့လဲဆိုတော့ ခြေသလုံးနှစ်ဖက်စလုံးမှာ နှင်းခူတွေ ပေါက်လာလို့ပါပဲ။ နှင်းခူက အစိုတွေပါ။ အရည်တရွှဲရွှဲနဲ့ ရွံစရာကြီးပါ။

အဲဒီမှာ တတ်သည့်ပညာ မနေသာ ဆိုတာလိုပါဘဲ၊ ဆရာထွေးက အကောင်းဆုံးဆေးတွေ ဝယ်လာပြီး ထိုးဆေး၊ စားဆေး၊ လိမ်းဆေးတွေနဲ့ ကုသပါတော့တယ်။

ဆရာထွေး ဆိုတာကလည်း နှယ်နှယ်ရရ မဟုတ်ပါဘူး။ ဆေးကျောင်းတက်ရာကနေ အရေးအခင်းမှာ ပါဝင်လှုပ်ရှားမိလို့ အဖမ်းခံရပြီး ထောင်ထဲရောက်သွားသူပါ။ ထောင်ကထွက်လာအပြီးမှာတော့ သစ်တင်ကားထောင်ပြီး စီးပွားရေးလောကထဲရောက်ခဲ့ပေမယ့် တောထဲတောင်ထဲမှာနေတဲ့သူတွေ ကျန်းမာရေးမကောင်းရင် ဆေးကုသပေးနေတဲ့သူပါ။ လူတွေရဲ့ လေးစားကြည်ညိုခြင်းခံရပြီး သဘောမနောလည်း ပြည့်တာကြောင့် ဆေးဖိုးသာယူပြီး ဝါးခလုံးဝ မယူတဲ့ စေတနာဆရာတစ်ဦးပါ။ အဲဒီတောတွေမှာ အများဆုံး ခံစားနေကြရတာက ငှက်ဖျားရောဂါပါပဲ။ ဆရာဝန်ဘွဲ့မရသော်လည်း ဆေးတက္ကသိုလ်မှာ ကျောင်းပြီးလုနီးပါးတက်ခဲ့ရတာကြောင့် ရမ်းကုတွေနဲ့စာရင် ပညာရှင်တစ်ဦးဖြစ်နေပါပြီ။

အကောင်းဆုံးဆေးတွေနဲ့ ဆရာထွေး ကုသနေပေမယ့် နှင်းခူဝေဒနာကတော့ မငြိမ်းတဲ့အပြင် တစ်နေ့တခြား တိုးပွားလို့သာလာတာကိုတွေ့ရတာကြောင့် ဆရာထွေးဟာ အိမ်ရှင်ဦးလူလှကို အရမ်းအားနာနေရပါပြီ။

ဦးလူလှရဲ့ဇနီးဒေါ် ရွှေရင်က ဆေးဖိုးကန်တော့တိုင်း ဆရာထွေး ငြင်းလေ့ရှိပါတယ်။

"ဆေးဖိုးမယူပါရစေနဲ့ဗျာ။ နှင်းခူ



www.burmeseclassic.com

www.burmeseclassic.com

က ပြင်းသလားမမေးနဲ့။ တစ်နေ့တခြား ပွားတောင်လာနေတာ ကျွန်တော် စိတ်မကောင်းဘူးဗျာ"

ဆိုပြီး ပြန်ပေးပေမယ့် ဒေါ်ရွှေရင်က အလိုက်တသိ ဆေးအိတ်ထဲအတင်း ထည့်ပေးပြီး -

"တစ်နေ့တော့ ပျောက်မှာပေါ့ ဆရာရယ်၊ စိတ်ဓာတ်မကျပါနဲ့။ ဆေးက အလကားရတာမှ မဟုတ်တာ။ ဆေးဝယ်ဖို့ ဆေးဖိုးလေးတော့ ယူပါ ဆရာရယ်။ ကျွန်မတို့မှာလည်း ဒီလောက်လည်း အခက်အခဲမရှိကြပါဘူး"

ဆိုပြီး တောင်းတောင်းပန်ပန်ပေးလေ့ရှိပါတယ်။

တစ်နေ့မှာ သစ်တွေ မြောင်ထဲက ဆွဲထုတ်ပြီး မောင်မြတ်ထွန်းတို့ နားနေချိန်မှာ ဆရာထွေးတို့ သစ်တင်ကားဝင်လာတာကို မြင်ရပါတယ်။

အဲဒီအချိန်မှာ အခြားလယ်တဲက ကျွဲကျောင်းသား ချက်ဖောင်း ဆိုတဲ့ ခပ်ပေါပေါလူငယ်တစ်ဦးဟာ (၃) ထစ်သာရှိတဲ့ လှေကားမှာထိုင်ပြီး ကွင်းထဲမြက်စားနေတဲ့ ကျွဲတွေကို ကြည့်နေပါတယ်။ ချက်ဖောင်းဟာ ခပ်ပေါပေါပေမယ့် ဗလကောင်းတဲ့ လူငယ်တစ်ဦးပါ။

..ကားပေါ်က ဆရာထွေးဆင်းလာပြီး ဦးလူလှတို့တဲဆီလာနေပါတယ်။ ဒါကို ဦးလူလှနဲ့ ဒေါ်ရွှေရင်တို့ မမြင်ကြပါဘူး။ အနားရောက်မှ မြင်တာပါ။ အဲဒီမှာ လှေကားပေါ်မှာက ပုဆိုးတိုတိုနဲ့ ဒူးထောင်ပေါင်ကားထိုင်နေတဲ့ချက်ဖောင်းကတော့ မသိသလိုနေပါတယ်။ လှေကားပေါ်က ဆင်းမပေးပါဘူး။ ခပ်ပေါပေါပေကိုး။

အဲဒီမှာ ဒေါ်ရွှေရင်က အားနာစွာနဲ့ -

"ဟဲ့ - ချက်ဖောင်း၊ လမ်းဖယ်ပေးလိုက်ဦးလေဟယ်။ ဆရာထွေး ကြွပါရှင်၊ ကြွပါ"

ဆိုပြီး တဲပေါ်ဖိတ်ခေါ်ပါတယ်။ အဲဒီမှာ ချက်ဖောင်းက ချက်ချင်း ပျာပျာသလဲ ဖယ်ပေးပြီး -

"ဦးလေး ဘာဖြစ်လို့လဲ ငှက်ဖျားထလို့လား"

လို့ မေးပါတယ်။

ဒေါ်ရွှေရင်လည်း ချက်ချင်းပဲ -

"မဟုတ်ဘူးဟေ့၊ ခြေထောက်နှစ်ဖက်စလုံး နှင်းခူစွဲနေလို့ ဆရာထွေးနဲ့ကုနေရတာ"

လို့ ပြောတော့ ချက်ဖောင်းက မဆိုင်းမတွ -

"နှင်းခူဖြစ်တာများဗျာ၊ အလွယ်လေးပါ"

လို့ လွှတ်ခနဲ ထွက်လာပါတော့တယ်။

အဲဒီမှာ ဆရာထွေးက ချက်ချင်းပဲ -

"ညီလေးရေ လာကွာ၊ တဲပေါ်တက်ပါဦးကွ"

လို့ ဖိတ်ခေါ်လိုက်ပါတယ်။

အဲဒီမှာ ချက်ဖောင်းက တဲပေါ်ဘက်လာပါတယ်။ ပြီးတော့မှ ဆရာထွေးက ဆက်ပြောပါတယ်။

"ညီလေး ခုနပြောတာ နှင်းခူက အလွယ်လေးဆို"

"ဟုတ်တယ်လေ၊ အလွယ်လေးပဲ။ ကျွန်တော် ကုရင် ရက်ပိုင်းအတွင်း အလွှားလိုက် ကွာကျသွားစေရမယ်။ ပိုက်ဆံတောင် တစ်ပြားမှမကုန်စေရဘူး"

"တယ်ဟုတ်ပါလား ညီလေးရ။ အစ်ကိုကြီး ယုံတယ် ညီလေး။ ဒါဆို ဦးလူလှရဲ့ နှင်းခူကို ညီလေး ကုပြလို့ရမလား"

"ဟာ - ရတာပေါ့ ဆရာရယ်၊ ရတာပေါ့။ ဒီလောက်လွယ်တဲ့ဟာကို"

"ညီလေးရဲ့ ဆေးက အချိန်ယူပြီး ဖော်ရဦးမှာလား"

"ဟားဟားဟား- ဆရာကလည်း၊ ဆေးကဖော်နေစရာမလိုပါဘူးဗျာ။ ဆေးက လယ်ကန်စွန်းရွက်တွေလေ။ ဟောဒီရှေ့ကလယ်ကွက်တွေမှာ ပေါက်နေတဲ့ လယ်ကန်စွန်းတွေလေဗျာ"

"ကဲကဲ.- ညီလေး၊ လက်တွေ့ကျအောင် ဆေးသွားယူကြမယ်။ ညီလေးကိုယ်တိုင်ယူပြကွာဟုတ်လား။ လာ၊သွားကြစို့"

ဆိုပြီး တဲရှေ့နားက လယ်ကွက်ထဲ ဆင်းခဲ့ကြပါတယ်။ပွင့်လင်းရာသီမို့ လယ်ကန်စွန်းနီနီလေးတွေက ပေါမှပေါပါပဲ။ လယ်ကန်စွန်းနီနီလေးတွေနားရောက်တာနဲ့ -

"ဆရာ ဟောဒီလယ်ကန်စွန်းနီကို ပဲ့ငါးပါးဆွဲနုတ်ပြီး အကုန်ယူရတယ်"

လို့ ပြောပြီး သုံး၊ လေးအုံဆွဲနုတ်ပြီး အိမ်ဘက်ပြန်ခဲ့ပါတယ်။ ရေနဲ့ သန့်အောင်ဆေးပြီး ကျောက်ပျဉ်ရဲ့ ကျောပေါ်မှာ သနပ်ခါးတုံးနဲ့ ထုခြေပါတယ်။ အတော်ညက်သွားပြီဆိုမှ နှင်းခူမှာ အုံကပ်ပြီး အဝတ်သန့်သန့်နဲ့ စည်းပါတယ်။ ဆရာထွေးကတော့ ချက်ဖောင်းရဲ့ကုထုံးကို အသေအချာကြည့်သလို မောင်မြတ်ထွန်းတို့တွေလည်း ကြည့်ရှုမှတ်သားကြပါတယ်။

နောက်နေ့ ချက်ဖောင်းရောက်လာပြီး ဆေးလဲပေးတဲ့အခါ အားလုံးအံ့သြသွားရလောက်အောင်ကိုပဲ နှင်းခူဟာ ကျုံ့ဝင်ပြီးကပ်သွားခဲ့ပါပြီ။ ဆရာထွေးလည်း အံ့သြတကြီး ချက်ဖောင်းရဲ့ မြန်မာ့ဆေးမြီးတိုကို လေးစားသွားခဲ့ရတာပါ။ နောက်နှစ်ခါလောက်စည်းပြီးခဲ့တဲ့အခါမှာတော့ နှင်းခူဝေဒနာက ကင်းဝေးသွားခဲ့ရပါတော့တယ်။

ဦးလူလှ၊ ဒေါ်ရွှေရင်၊ ဆရာထွေးနဲ့တကွ မောင်မြတ်ထွန်းတို့ပါ နှင်းခူပျောက်သွားတဲ့အတွက် ဝမ်းသာကြရပါတယ်။ မလွဲသာလို့သာ တည်းရတယ်။ နှင်းခူက ရွံစရာကြီးပေကိုး။ ခုတော့ ဆရာထွေး လက်မြှောက်ရတဲ့ နှင်းခူကို ကျွဲကျောင်းသား ချက်ဖောင်းက အလွယ်တကူ ကုပြလိုက်တာ မျက်လှည့်ပြလိုက်လေသလား ထင်မှတ်မှားရလောက်အောင် မြန်ဆန်လှပါတယ်။ အနာနဲ့ဆေးတည့်အောင်ပေးရင် အလွယ်လေးပါပဲ။

လယ်ကန်စွန်းဆိုတာ လယ်တောတွေသိမ်းချိန်မှာ ပေါက်ကြပါရတယ်။ သိမ်ပြီးမှပေါက်တာပါ။ ကန်သင်းရိုးတွေမှာကျတော့ အမြဲတမ်းရှိပါတယ်။ နွေ၊ မိုး၊ ဆောင်းမရွေးရှိပါတယ်။ အရိုးမာပြီး ကျစ်တယ်။ အနီရောင်၊ အညိုရောင်ဆိုပြီးရှိတယ်။ အရိုးပွကန်စွန်းဖြူမျိုးမဟုတ်ပါဘူး။ သူ့ကို ကြော်စားစား၊ ပြုတ်တို့တို့၊ ချဉ်ရည်ချက်စားစား စားလို့ကောင်းတယ်။ သူက ရိုးပွကန်စွန်း၊ ရေကန်စွန်းတွေလို မသန်ဘူး။ အရိုးက ခပ်သေးသေးခပ်လှီလှီပါ။ လယ်ကန်စွန်း ဆိုတဲ့အတိုင်း လယ်ရှိမှ သူရှိပါတယ်။ လယ်တောရှိတဲ့နေရာတိုင်း လယ်ကန်စွန်းနဲ့ နှင်းခူကုနိုင်ကြပါတယ်။ ကောင်းတာကတော့ လယ်ကန်စွန်းကို ကုလည်းကု၊ စားလည်းစားတာ ပိုပြီးအဆင်ပြေနိုင်မယ် ထင်တယ်။ ကန်စွန်းဟာ အဆိပ်အတောက်ပြေတယ်။ ဘီတာမင်အေကြွယ်ဝတာမို့ မျက်စိအားကောင်းတယ်။

ကျွန်တော် ရွှေကြာပင်ရပ်မှာရှိတဲ့ ညီဖြစ်သူ မောင်မောင်တို့အိမ်မှာနေစဉ်က အနီးဝန်းကျင်မှာ လယ်ကန်စွန်းတွေပေါတာကြောင့် မကြာမကြာခူးပြီးကြော်စားရတာ မမေ့ပါဘူး။ သူက ကုန်းလယ်ကန်စွန်းဖြစ်တာမို့ ရေကန်စွန်းတွေထက် အရသာရှိပါတယ်။

မိုးကုတ်မှာဆိုရင် မိုင်းလုံဘက်၊ မိုးမိတ်ဘက်၊ ကင်းရွာဘက်မှာသာ လယ်တွေရှိတာမို့ မှာယူပြီး သုံးစွဲနိုင်ကြောင်း ပါခင်ဗျား။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

# တင်နိုင်တိုး

## မနူဟာမင်း၏အဆက်အနွယ်များ



သထုံဘုရင် မနူဟာမင်းသည် ပုဂံဘုရင် အနော်ရထာမင်းနှင့် ခေတ်ပြိုင်မင်းတစ်ပါး ဖြစ်သည်။ သထုံကို ခမာတို့ဝန်းရံထားစဉ် ပုဂံမှ စစ်ကူလာရောက်ပေးခဲ့ရကြောင်း၊ မနူဟာဘုရင်အား ပိုမိုလုံခြုံမှုရှိစေရန် ပုဂံသို့ လာရောက်စံနေခဲ့ကြောင်းများကို ဆရာကြီးနိုင်ပန်းလှက ပြည်ပ၌ အင်္ဂလိပ်ဘာသာဖြင့် စာတမ်းတစ်စောင်ဖတ်ခဲ့ဖူးကြောင်း မှတ်သားရဖူးပါသည်။

မနူဟာမင်း၏အဆက်အနွယ်များနှင့် ပတ်သက်၍ မနူဟာကျောက်စာတွင် ရေးထိုးထားသည်များကို တွေ့ရှိရပါသည်။ ကျောက်စာမှာ မူလထိုးကျောက်စာတစ်ချပ်မဟုတ်ဘဲ တစ်ဆင့်ထိုးကျောက်စာသာဖြစ်ကြောင်း ဆရာကြီးဒေါက်တာသန်းထွန်းက ဆိုခဲ့ဖူးပါသည်။ ယင်းကျောက်စာအရ သထုံမင်းကြီး(မနူဟာ)၏ သားတော်မှာ သုဓမ္မရာဇ်ဖြစ်ကြောင်း၊ သုဓမ္မရာဇ်၏ သားတော်မှာ အသဝတ်ဓမ္မာ ဖြစ်ကြောင်းများကို သိရှိရပါသည်။

မနူဟာ၏မြေး အသဝတ်ဓမ္မာသည် နရပတိစည်သူမင်း၏ ရွှေလောင်းတော်(ဘုရင်စီးသောလှေကြီး)ကို ပုပ္ပားအရပ်၌ ဝှက်ထားခဲ့သည်။ ထိုအခါ နရပတိစည်သူမင်းကြီးက အသဝတ်ဓမ္မာနှင့် ညှိနှိုင်းတိုင်ပင် အပေးအယူလုပ်ကာ ရွှေလောင်းတော်ကို ပြန်ယူစေပါသည်။ (ကျောက်စာတွင် ကိုယ်ကိုထမင်းဝအောင် ကျွေးမည်ဟု မင်းကြီးမိန့်ကြားကြောင်း ရေးထိုးထား၏။) မင်းကြီးကလှေပြန်ရသောအခါ အသဝတ်ဓမ္မာ၏သား နာဂသမန်း(မနူဟာမင်း၏မြစ်)ကို သမီးတော် ရွှေအိမ်သည်နှင့် ပေးစားတော်မူခဲ့သည်။

ဤတွင် တစ်ချိန်က ပါမောက္ခမစ္စတာလုစ်နှင့် သတင်းစာဆရာ ဦးသိမ်းမောင်တို့အကြောင်း အငြင်းပွားခဲ့ကြသည်ကို လေ့လာ ဖတ်ရှုရပါသည်။ ပါမောက္ခလုစ်က ရွှေအိမ်သည်ကို နရပတိစည်သူ၏သမီးဟုမဆိုဘဲ ကျန်စစ်သား၏ သမီးတော် ရွှေအိမ်စည်အဖြစ် မှတ်ယူခဲ့သောကြောင့် ဖြစ်ပါသည်။ သတင်းစာဆရာ ဦးသိမ်းမောင်က ယင်းဆောင်းပါးများကို စုစည်းကာ 'ပင်တိုင်စံနှင့် သူရဲကောင်း' အမည်ရှိ စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ပါသည်။

သတင်းစာဆရာ ဦးသိမ်းမောင်၏ စာအုပ်ပါ 'သူရဲကောင်း နာဂသမန်း' ဆောင်းပါးအရ နာဂသမန်းသည် အနန္တသူရိယဘွဲ့ရသူ (မျက်ဖြေလက်ာရေးသောအနန္တသူရိယမဟုတ်) ဖြစ်ကြောင်း ဆိုသည်။ တစ်ဖန် တောင်ငူရာဇဝင်အရ အနန္တသူရိယအမတ်၏သားတော် မင်းလှစောနှင့် မြေးတော်သဝန်လက်ျာတို့က တောင်ငူကို စတင်တည်ခဲ့သည့် သဝန်ကြီး၊ သဝန်ငယ်တို့၏ မိဘဘိုးဘေးများဖြစ်နေပြန်သည်။

ဤအဆိုသာမှန်ခဲ့ပါမူ နာဂသမန်းခေါ် အနန္တသူရိယ၏ မြစ်များ ဖြစ်ကြသည့် သဝန်ညီနောင်တို့သည် တောင်ငူကို တည်ခဲ့ကြသူများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ နာဂသမန်းသည် မနူဟာမင်း၏ မြစ်ဖြစ်သဖြင့် နာဂသမန်း၏ မြစ်ဆိုလျှင် ဆွေ (၇) ဆက်မျိုး (၇) ဆက်ပင်ရှိနေပြီဖြစ်သည်။ သို့သော် အနန္တသူရိယသည် နာဂသမန်းဖြစ်ကြောင်းမှာမူ ခိုင်မာသော အထောက်အထားတစ်ရပ်ဟု ဆိုနိုင်ရန် ခဲယဉ်းလှသည်။

နာဂသမန်းနှင့် ရောထွေးနေသူ



www.burmeseclassic.com

www.burmeseclassic.com

ဘဟိန်းဦး-မိုးသည်းငြေ

# ရိက္ခာအတွက် အယ်မခက်တဲ့ ဗိုလ်လက်ကျာနည်း

လူသည် စားဝတ်နေရေး အင်္ဂါရပ် သုံးပါးရှိသည့်အနက် စာရေးသည် ပို၍ အခြေခံကျသည်ဟု စာရေးသူ မြင်ပါသည်။ ရုပ်၊ အာဟာရဇောင့်သည်ဟူသော ဆေးကျမ်းထွက် စကားရှိ၏။ အစာအာဟာရသည် ခန္ဓာကိုယ်အတွက် သက်စောင့်ဓာတ်ပင် ဖြစ်လေ၏။

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးအား အာဟာရချိန်ခွင်လျှာညီသကဲ့သို့ ပြုပြင်ထိန်းကျောင်းပေးထား၏။ မြန်မာဆေးကျမ်းတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ဓာတ်လေးပါးစံရှိ၏။ ထိုစံလေးချက်ပြည့်စုံမှ ကျန်းမာသည်ဟု သတ်မှတ်၏။ သို့မှသာလျှင် အကျိုးရှိသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ပေမည်ဟု ညွှန်ပြခြင်းက အာဟာရ၏ အရေးပါပုံကို သိမြင်နိုင်၏။

အလွယ် စားရေးဟု ခြုံပြောကြသော်လည်း စားရေးသောက်ရေးကိစ္စမှာ တကယ်တွင်မူ အလွန် အဆာကျယ်သောကိစ္စ ဖြစ်၏။ ပင်ကိုမူလသဘာဝအရ သား၊ ငါး၊ သစ်သီးဝလံ၊ သစ်ဥသစ်ဖုများ၌ ဓာတ်သတ္တုပရိုတိန်းများပါရှိပြီဖြစ်၏။ သို့သော် ဖော်ပြပါ သား၊ ငါး အသီးအနှံများသည် အားလုံး တိုက်ရိုက်စားသုံး၍ ရသည် မဟုတ်။

အချို့သစ်သီးဝလံများသည် တိုက်ရိုက်စားသုံး၍ရသည်မို့ ဝန်တာကျဉ်းလှ၏။ တချို့မှာ တိုက်ရိုက်စားသုံးရန် မလွယ်။ အာခံတွင်းအဝင်ကောင်းစေရန် ချက်ပြုတ်ပြင်ဆင်ကြရပေ၏။ သို့မှသာ ဖွယ်ဖွယ်ရာရာအဖြစ် သတ်မှတ်ပြီး ဝဝလင်လင် စားသောက်တတ်ကြ၏။ နံနက်မိုးလင်းသည်နှင့် အိမ်ရှင်မတို့ စားရေးသောက်ရေးအတွက် အလုပ်ရှုပ်ကြလေပြီ။ တစ်နေ့တာ နေ့ဝက်လောက်ပင် စားရေးသောက်ရေးအတွက် အချိန်ပေးဆပ်ကြရ၏။

ဤစားရေးသောက်ရေးကိစ္စသည် ပုံမှန်အားဖြင့် တည်ငြိမ်အေးချမ်းနေသော လူ့ဘောင်လောကဝယ် ပြဿနာတစ်စုံတစ်ရာမရှိပေ။ သို့သော် ရန်သူမျိုးငါးပါးနှင့်တွေ့ကြုံ၍ ဒုက္ခကပ်များဆိုက်ရောက်သည့်အခါ စာရေးသောက်ရေးပျက်က လူ့သက်တမ်းများတိုသည်အထိ ဖြစ်တတ်ပေ၏။

မြန်မာလူမျိုးများ၏ သက်တမ်းသည် ဒုတိယကမ္ဘာစစ်အတွင်း (၃၅) မှ (၄၀) ကြားတွင်ရှိနေခဲ့ပြီး ၁၉၅၄ နောက်ပိုင်းမှ (၄၅) နှစ်အထိ တိုးလာသည်ဟု သုတစွယ်စုံပါ ဆေးသုတေသန ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့၏။ အကြောင်းမှာ မတည်ငြိမ်သောကာလအတွင်း အစာအာဟာရချို့တဲ့မှုကြောင့်ပင်ဟု ဆို၏။

အဘိုးအဘွားများ ပြောစကားရ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ စစ်မက်ထူပြောသောကာလဝယ် ထမင်းခြောက်ထုပ် ကျောပိုးကာ စစ်လွတ်ရာဘေးပြေးရှောင်ခဲ့ရသည်ဟု ဆို၏။ ချက်ပြုတ်စားသောက်ရန် အချိန်မရှိ။ ဂျပန်ခေတ်

---

က ရန်မန်ငထွေး ဖြစ်သည်။ ရန်မန်ငထွေးက သူရဲကောင်းတစ်ဦးဖြစ်သည်။ တစ်ကြိမ်တွင် နရပတိစည်သူမင်းသည် တိုင်းခန်းလှည့်လည်ခိုက် ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားအနီး၌ မိကျောင်းတစ်ကောင်၏ နှောင့်ယှက်ခြင်းကို ခံခဲ့ရသည်။ မိကျောင်းက ဘုရင့်ရွှေဖောင်တော်ကို ကျောကုန်းဖြင့် ထမ်းထားသည်ဆိုသည်။ သို့ဖြင့် ဖောင်တော်မှာ မရွေ့တော့ပေ။

ဤအခြေအနေတွင် ရန်မန်ငထွေးက ရေထဲသို့ ခုန်ဆင်းကာ မိကျောင်းနှင့် သတ်ပုတ်ခဲ့သည်။ မိကျောင်းကို အောင်နိုင်သောအခါ နရပတိစည်သူမင်းက အလွန်နှစ်ထောင်းအားရတော်မူသဖြင့် သမီးတော်နှင့် ထိမ်းမြားပေးခဲ့သည်။ အချို့ရာဇဝင်မှတ်တမ်းများတွင် နာဂသမန်းသည်ပင် ရန်မန်ငထွေး ဖြစ်ကြောင်း ရေးသား ဖော်ပြကြသည်။ ဆွေတော်စဉ်မှတ်တမ်းအရမူ ရန်မန်ငထွေးနှင့် လက်ဆက်ခဲ့သည့် နရပတိစည်သူမင်း၏ သမီးတော်မှာ ရွှေအိမ်သည်မဟုတ်ဘဲ ကျောင်းတော်သည်သာ ဖြစ်ကြောင်း ဆိုပါသည်။

နရပတိစည်သူ၏မိဖုရား စောစနေမှ သမီးတော်(၄)ပါး ဖွားမြင်ခဲ့ရာ ရွှေအိမ်သည်၊ စည်းခုံသည်၊ ကျောင်းတော်သည်၊ ရွှေချူသည်တို့ ဖြစ်ကြသည် ဆို၏။ အကြီးဆုံး ရွှေအိမ်သည်က မန္တဟာမင်း၏မြစ် နာဂသမန်းနှင့် လက်ဆက်ခဲ့ခြင်းဖြစ်သည်။ တတိယမြောက်သမီးကသာ သူရဲကောင်း ရန်မန်ငထွေးနှင့် စုံဖက်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ မန္တဟာမင်း၏ ဆွေစဉ်မျိုးဆက်နှင့် ရန်မန်ငထွေးက သက်ဆိုင်ခြင်းမရှိဟု ဆိုနိုင်ပါသည်။

အိုကောနား(V.CScott O'connor) ရေးသားသော Mandalay and other cities of the Past in Burma (ဆရာကျော်ဝင်း မြန်မာပြန် သမိုင်းထဲက ပုဂံ၊ ပုဂံထဲက သမိုင်း) စာအုပ်တွင် မန္တဟာမင်း၏ အဆက်အနွယ် ပုဂံမင်းသားဟူသော ဓာတ်ပုံတစ်ပုံ ပါရှိပါသည်။ ထိုသူက သူ့တွင် ပုဂံမန္တဟာမင်းမှစ၍ သူ့လက်ထက်တိုင် မျိုးရိုးဆက်ခံမှုမှတ်တမ်း ပုရပိုက်တစ်စောင်ရှိခဲ့ဖူးကြောင်း၊ စိတ်မနှံ့သော သူညီဝမ်းကွဲတစ်ယောက် ခိုးယူသွားရာမှ ပျောက်ဆုံးသွားကြောင်း ပြောပြခဲ့သည်ဟုဆို၏။

မန္တဟာမင်း၏ အဆက်အနွယ်များက ရှိနေဦးမည်မှာ အမှန်ဖြစ်ပါသည်။

တင်နိုင်တိုး

ကျမ်းကိုး -

၁။ ပင်တိုင်စံနှင့်သူရဲကောင်း
(သတင်းစာဆရာ ဦးသိမ်းမောင်)

၂။ နတ်ရှင်နောင်ဘဝနှင့်
ပတ်ဝန်းကျင်
(မြကေတု)



www.burmeseclassic.com

www.burmeseclassic.com

တွင် ပိုဆိုး၏။ ကင်းလှည့်သော ကွဲ လေယာဉ်များက အချိန်ပြည့်ရှိနေသော ကြောင့် မီးခိုးတန်းမြင်က ရန်သူစခန်းဟု သတ်မှတ်ကာ ပစ်ခတ်သွားတတ်ကြ၏။

ချက်ပြုတ်စားသောက်ရန် အခက် အခဲ ကြုံလာသောအခါ မလတ်ဆတ် သော သစ်သီးဝလံနှင့် သစ်ဥသစ်ဖု၊ ငှက်ပျောအူများ၊ ကြုံရာစားဝမ်းဖြည့်ကြ သည့်အခါ ကာလဝမ်းရောဂါကဲ့သို့ ကပ်ဆိုးကြီးများလည်း ထပ်မံကြုံတွေ့ခံစား ခဲ့ကြရ၏။

ဤဒုက္ခများကျော်လွှားနိုင်ရန် စစ် အတွင်းကပင် ပေါ့ပါးလွယ်ကူစွာဆောင် ယူနိုင်သော ရိက္ခာခြောက်များအဖြစ် ပုံ သဏ္ဌာန်အမျိုးမျိုး ကြိုးစားထွင်ခဲ့ကြ၏။ ဝမ်းပြည့်ရုံမဟုတ်ဘဲ အရသာလည်းရှိ၊ အာဟာရဓာတ်လည်းကြွယ်ဝစေသော ရိက္ခာခြောက်လုပ်နည်း မြောက်မြားစွာ ရှိခဲ့၏။ ဤနည်းများစွာထဲမှ စိတ်ဝင်စား စရာသမိုင်းကြောင်းနှင့် ယှဉ်၍ရရှိခဲ့သော ရိက္ခာတစ်နည်းကို ဖော်ပြပါမည်။

နယ်ချဲ့သနစ် အမျိုးညစ်အား ဂျပန်တို့၏ စစ်အကူအညီဖြင့် တိုက် ထုတ်ခဲ့သော်လည်း ဖက်ဆစ်သရုပ်မှာ ယုတ်မာကြမ်းတမ်းလှသည်ဖြစ်ရာ ဖက် ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန်အတွက် စိုင်းပြင်းရပြန်၏။ ဗိုလ်ချုပ်အောင်ဆန်း က ဖက်ဆစ်အစိုးရနှင့် လက်ပွန်းတတီး ပူးပေါင်း၍မြေပေါ်တော်လှန်ရေးအတွက် အကြံထုတ်ရန် ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ဗိုလ်ကျော်ဇော စသည့် ပုဂ္ဂိုလ်များက မြေအောက်တော်လှန်ရေးအတွက် လျှို့ ဝှက်လှုပ်ရှားကြ၏။

ထိုအခြေအနေအား ရိပ်စားမိ သော ဂျပန်အစိုးရသည် မြန်မာ့လွတ် လပ်ရေးတပ်မတော်(BIA)ကို ဖျက်သိမ်း စေပြီး ဗမာ့ကာကွယ်ရေးတပ်မ တော် (BDA) အဖြစ် အင်အားလျှော့ ဖွဲ့စည်း စေ၏။ BDA စစ်သားအရေအတွက်မှာ နည်းပါးလှသည်ဖြစ်ရာ တော်လှန်ရေး တစ်ရပ်ဆင်နွှဲရန် အဆင်မပြေ။ ထို့ကြောင့် မြေအောက်ဆက်သွယ်ရေး ကွန်ရက်ဖြန့် ကျက်၍ မျိုးချစ်လူငယ်များ စုဆောင်း ကာ စစ်ပညာပေးအင်အားဖြည့်ရလေ ၏။

ထိုခေတ်အခါက သုံးဆယ်မြို့ အရှေ့ဘက် နယ်မြေစည်းရုံးရေးတာဝန် ခံမှ ကွမ်းခြံစုရွာမှာ သခင်ဟန် ဖြစ်ပါ သည်။ ရဲဘော်သုံးကျိပ်ဝင်တချို့ သက် ဆိုင်ရာနယ်မြေအသီးသီးတာဝန်ခွဲဝေယူ လျှို့ဝှက်စစ်သင်တန်းပေးခဲ့ရာ ကွမ်းခြံစု ရွာသို့ ဗိုလ်လက်ျာ ရောက်ရှိလာ၏။

ကွမ်းခြံစုရွာအရှေ့ဘက် ရဂုံတော တန်ကြီးဝယ် ဗိုလ်လက်ျာသည် တစ်ပတ် တိတိတည်းသွားကာ လက်နက်ငယ်ပစ် နည်းခတ်နည်း သင်တန်းပေးခဲ့ပါသည်။ ဤသင်တန်းအတွင်းပင် အဘဟန်နှင့် ရင်းနှီးသွားပြီး စကားစပ်မိရာမှ ဤရိက္ခာ ခြောက်လုပ်နည်းပေးခဲ့ပါ၏။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာ လဝယ် ဗိုလ်ချုပ်အောင်ဆန်း အပါအ ဝင် မျိုးချစ်တပ်မတော်သားအများစု သည် ဤရိက္ခာခြောက်အား ခါးပိုက် ဆောင်ထည့်ကာ ရဲရဲတောက် တိုက်ပွဲ ကြီးများ ဆင်နွှဲခဲ့သည်ဟု ဆိုပါသည်။ ရဲဘော်သုံးကျိပ်ဝင် မုဆိုးဝါသနာကြီးသူ ဗိုလ်တာရာသည်လည်း ရက်ရှည်တော လည်ထွက်သည့်အခါတိုင်း ဤရိက္ခာ ခြောက်ဘူး အမြဲအပါယူသည်ဟု သိရ ၏။

ဗမာနည်းစစ် ဤရိက္ခာခြောက် လုပ်နည်းမှာ အာဟာရကြွယ်ဝရုံမက အရသာလည်းအလွန်ရှိပါသည်။ ယနေ့ ကမ္ဘာတွင် နာမည်ကျော်သော မက်တို ဘား၊ ဟောလစ် မကြောက်ပါ။ ထိုအရာ များထက် မသာလွန်လျှင်တောင် မညံ့ ပါ။ ထိုနာမည်ကြီး ရိက္ခာခြောက်အမှုန့် များမှာ ပြောင်းဖူးနှင့် သကြားသာ အခြေခံထား ထုတ်လုပ်ထားသည်မို့ ဓာတ်မကြွယ်ပါ။

ယခုနည်းမှာ ကောက်ညှင်းဆန်၊ ပြောင်းဖူး၊ ကုလားပဲခွဲခြမ်း အခြေခံထုတ် လုပ်ထားပါသည်။ အမဲမစားချင်၊ ပဲစား ဟူသော စကားအရ ပဲမျိုးစုံတွင် အမဲ သားဓာတ်တူ အသားဓာတ်များစွာ ပါ ဝင်၏။ ပြောင်းဖူးနှင့် ကောက်ညှင်းဝယ် ပါဝင်သော ဗီတာမင်များက ညွှန်းဖွယ် ရာမလို။ လူတိုင်းပင် သိပြီးဖြစ်၏။

**နည်းမှာ -**

ကောက်ညှင်းဆန်သန့်သန့် တစ် ပြည်ချက်ရပါမည်။ ကျက်သောအခါ အအေးခံထားပါ။ အေးသွားသောအခါ ရေဖြင့် စင်ကြယ်အောင်ဆေး၍ နေပူ လှန်းရမည်။ ကောက်ညှင်းခြောက်သွား သောအခါ ဒယ်အိုးတွင် မီးဖြင့်လှော်ရ မည်။ ရွှလာသောအခါ ဆုံတွင်ထောင်း လေ။

ပြောင်းဖူးဆန်အစိမ်းနို့ဆီဘူးနှစ် လုံး၊ ကုလားပဲခွဲခြမ်းနို့ဆီဘူးနှစ်လုံးအား နေကျက်အောင်လှန်းပါ။ စိတ်ကြိုက် ခြောက်သွေ့မှုရသည့်အခါ ဆုံဖြင့် ညက် နေအောင် ထောင်းပါ။ ညက်သောအခါ ဒယ်အိုးတွင် မီးအေးအေးဖြင့် လှော်ရ မည်။ ကျက်သောအခါ သင်းပျံ့သောရနံ့ ထွက်လာပေမည်။

ကြက်သွန်ဖြူ၊ ချင်း၊ ပျဉ်းတော် သိမ်အရွက်ကို သင့်သလို ရိတ်ရိတ်ပါ အောင်လှီး၊ နေလှန်း၍ ခြောက်က အမှုန့် ပြုရ၏။

အထက်ပါ အချိုးအစားတွင် နောက်ထပ်ဖြည့်ရမည်မှာ ဟင်းခတ်ဇွန်း ဖြင့် သကြားမောက်မောက်နှစ်ဇွန်း၊ ဆား တစ်ဇွန်းခွဲကို ပုလင်းဖြင့် မှုန့်နေအောင် ကြိတ်ရပါမည်။ (အစိုမပြန်စေရန် အနည်းငယ်လှော်ရ၏) အချိုမှုန့် မသုံး ပါ။

ထောင်းပြီးသားအမှုန့်အားလုံးကို သမအောင်မွှေရမည်။ ပြီးသောအခါ လေလုံအောင် ကျည်တောက်ဘူး (သို့) ဖန်ပုလင်းများတွင် ထည့်ထားက (၆) လ ခန့်အထိပင် အထားခံပါသည်။ ယခု ခေတ်တွင် လက်လှည့်အမှုန့်ကြိတ်စက် လေးများ အလွယ်တကူ ဝယ်ယူရရှိနိုင် သောကြောင့် အချိန်ကုန်ခံ ထောင်းစရာ မလိုတော့ပါ။

ခေတ်ကာလ မည်မျှပြောင်းလဲ လာသည်ဖြစ်စေ ရိက္ခာခြောက် လိုအပ် သောလူတန်းစားမှာ ရှိနေဆဲပင် ဖြစ်ပါ သည်။ ခေတ်ပေါ်ရိက္ခာခြောက်အများ စုမှာ တန်ဖိုးကြီးမားခြင်း၊ မီးအကူလိုခြင်း၊ လုံလောက်သော ဝမ်းဖြည့်တင်းမှုမပေး နိုင်ဘဲ ဖြည့်စွက်စာလောက်သာရသည်။ ဤ မြန်မာဆေးနည်း ရိက္ခာခြောက်မှာ ဟင်းခတ်ဇွန်းကြီးနှစ်ဇွန်းစား၍ ရေအဝ သောက်ထားပါက တစ်နေကုန် ဆာ လောင်ခြင်းဒုက္ခကင်းက လိုအပ်သော အာဟာရလည်း ဖြည့်စွမ်းပြီးဖြစ်ပါ သည်။


တောတောင်များအတွင်း တရား ဘာဝနာ လှည့်လည် ပွားများကုန်သော သူတော်ကောင်းများနှင့် သဘာဝဘေး ဒဏ်အပ်စပ်ကုန်သောအရပ်တို့၌ လို အပ်သောလူများအတွင်းလည်းကောင်း၊ သစ်တော ဘူမိဗေဒ ဝန်ထမ်းများအား လည်းကောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ရိက္ခာခြောက်ဆောင်ရန် လိုသူအားလုံး အဆင်ပြေကြစေရန် စေတနာရည်သန် ၍ ဗိုလ်လက်ျာ၏ရိက္ခာခြောက်လုပ်နည်း အား သူရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် ဖြန့်ဝေ လိုက်ရပေတော့၏။

ဘဟိန်းဦး-မိုးသည်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



△ ကြံ့ရတာနာ-ဆရာဇေယျာလင်း

# ဥဏှာလုံမွေးရှင်တော်ဂါထာ

သို့မဟုတ်

## ဝိဇ္ဇာမယပညာရှင်တို့၏လက်စွဲမန္တရားတစ်ပုဒ်

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့နှင့် ဆက်စပ်ပတ်သက်သောအရာတို့တွင် လူအများ သိရှိကျွမ်းဝင်မှုအများဆုံးအရာကား ဂါထာမန္တန်မန္တရားများပင်ဖြစ်ပါချေသည်။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်အမျိုးမျိုးရှိသည့်အနက် ပြဒါးသေ၊ သံသေလုပ်ရတ်ပညာ ဖြစ်သောအဂ္ဂိရတ်ပညာမှလွဲလျှင် ဝိဇ္ဇာမယအင်းပညာ၊ ဝိဇ္ဇာမယသိဒ္ဓိဆေးဝါး မှော်ဝင်အစီအရင်များတို့သည် ဂါထာ၊ မန္တန်၊ မန္တရားများနှင့် ကင်း၍မရ။ အင်းပညာရပ်၌ အင်းပေါင်များ မျဉ်းသားခြင်း၊ အင်းဆန်များ ရေးသွင်းခြင်း၊ အင်းအဟိန်းဂါထာစုတ်ခြင်း၊ အင်းသက်သွင်းခြင်း၊ သိဒ္ဓိတင်ခြင်း၊ အစောင့်သွင်း၊ အစောင့်ချုပ်၊ အင်းနှိုး၊ အင်းစေခြင်း စသည့်အင်းစီရင်ခြင်းအဆင့်ဆင့်၌ သက်ဆိုင်ရာ ဂါထာ၊ မန္တန်များ မဖြစ်မနေ အသုံးပြုရ၏။ တစ်ခါတစ်ရံ အင်းဆန်ကပင်လျှင် ဂါထာ၊ မန္တန်ဖြစ်နေကြောင်း တွေ့ကြရပါလိမ့်မည်။ တစ်ဖန် ဝိဇ္ဇမယသိဒ္ဓိဆေးဝါး၊ မှော်ဝင်အစီအရင်များစွာတို့တွင်လည်း ဆေးကြိတ်၊ ဆေးကျူး၊ ဆေးသိဒ္ဓိတင်၊ နတ်ခေါ်၊ နတ်ပင့်၊ အမိန့်တော်ပြန်ခြင်း စသဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်း၌ သက်ဆိုင်ရာ ဂါထာ၊ မန္တန်၊ မန္တရားများကို မလွဲမသွေအသုံးပြုရပါသည်။ တစ်ခါတစ်ရံ ဆေးပင်၊ ဝါးပင်များကို တူးယူဆောင်ကြဉ်းရာ၌ပင် ဂါထာမန္တန်များ ရွတ်ဟိန်းလျက် ဆောင်ရွက်ရကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်တွင် ဝိဇ္ဇာမယပညာရှင်များ အသုံးပြုနေကြသော ဂါထာ၊ မန္တန်၊ မန္တရားတို့ကား လွန်စွာ မြောက်မြားလှပြီး မည်ရွေ့မည်မျှရှိသည်ဟု တပ်အပ်သေချာပြောရန် လုံးဝ မလွယ်ကူပါချေ။

သို့ဆိုခဲ့သည့်အတိုင်း ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များအတွက် ပညာရှင်များ အသုံးပြုနေကြသည့် ဂါထာ၊ မန္တန်၊ မန္တရားများစွာတို့တွင် ဂါထာ၊ မန္တန် အများစုတို့မှာ သက်ဆိုင်ရာ အစီအရင်များအတွက်သာ သီးသီးခြားခြား အသုံးပြုရသော်လည်း အချို့အနည်းငယ်မျှသော ဂါထာ၊ မန္တန်၊ မန္တရားတို့ကိုမူကား ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များသည် အစီအရင်အမျိုးအစားများစွာတို့တွင် အကြိမ်ကြိမ်အခါခါ ထည့်သွင်း အသုံးပြုတတ်ကြကြောင်း (ဝါ) ယင်းတို့၏လက်စွဲ ဂါထာ၊ မန္တန်၊ မန္တရားများအဖြစ် အသုံးပြုလေ့ရှိကြကြောင်း တွေ့ရပါလေသည်။ ထိုသို့ ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များ လက်စွဲလက်ကိုင်ပြုလျက် အစီအရင်အမျိုးမျိုးတို့တွင် ထည့်သွင်း အသုံးပြုလေ့ရှိကြခြင်းမှာ ထိုဂါထာ၊ မန္တန်၊ မန္တရားတို့၏ အကျိုးတန်ခိုးအာနုဘော်တို့မှာ အလွန်ထက်မြက်ပြီး အသုံးကျယ်၍ အသုံးကြွယ်လောက်အောင် ယုံကြည် ကိုးစား အားထားလောက်ခြင်းကြောင့်သာဖြစ်မည်ဆိုသည်ကိုကား ယုံမှားဖွယ်မရှိပါချေ။ သို့သော် ထိုသို့ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်ကြီးများ အလွန် ယုံကြည်ကိုးစား အားထားလျက် လက်စွဲပြု သုံးစွဲနေသော ဂါထာမန္တန်မျိုးများကား အလွန်နည်း၊ အလွန်ရှားပါးလှပါသည်။ ထိုသို့ အလွန်နည်း၊ အလွန်ရှားပါးသော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာဂါထာမန္တန်များအနက်မှ ယခု ကျွန်ုပ် ဖော်ထုတ်တင်ပြမည့် ဂါထာမန္တန်မှာ ဤဆောင်းပါးခေါင်းစဉ်ပါအတိုင်း ဥဏှာလုံမွေးရှင်တော်ဂါထာ သို့မဟုတ် မန္တရားတစ်ပုဒ်ပင် ဖြစ်ပါသည်။

"ဟာ - အဲဒီဥဏှာလုံမွေးရှင်တော်ဂါထာ (ကျွန်ုပ်အနေဖြင့်မူ ဥဏှာလုံမွေးရှင်တော်မန္တရား) ကို သိတာပေါ့။ ဘယ်စာအုပ်ထဲမှာ တွေ့ဖူးတယ်"

စသည်ဖြင့် ပြောသူကလည်းပြောပါလိမ့်မည်။

အကြောင်းမူ ဤမန္တရားကို အချို့သော ဂါထာမန္တန်စာအုပ်များ၌ ဖော်ပြထားတတ်သောကြောင့် ဖြစ်ပါလိမ့်မည်။ သို့သော် ဤမန္တရားကို တွေ့ဖူး၊ မြင်ဖူးသူသော် လည်းကောင်း၊ ဆောင်ယူ ရွတ်ပွားသူသည် လည်းကောင်း ဤမန္တရား၏ ဂန္ဓာရီဝိဇ္ဇာမယပညာရပ်နယ်ပယ်၌ မည်မျှအရေးပါကြောင်း၊ အသုံးကျယ်၍ အသုံးကြွယ်ကြောင်း၊ ဤမန္တရားကို ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ မည်မျှ ယုံကြည်ကိုးစား အားထားလျက် လက်စွဲလက်ကိုင်ပြု သုံးစွဲနေကြောင်းကိုမူကား သိသူရှားပါးလှပါလိမ့်မည်။ ယခု ကျွန်ုပ်သည် ထိုအကြောင်းခြင်းရာများကို ဖော်ထုတ်လျက် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့ကို လေးစားမြတ်နိုးတန်ဖိုးထားသူများ၊ သုတေသီများ၊ ဝါသနာရှင်များအတွက် ဗဟုသုတတိုးစေ, အထောက်အကူပြုစေခြင်းငှာ လည်းကောင်း၊ ဤမန္တရား၏အကြောင်းကို သိမြင်ခွင့်ရသွားသော စာဖတ်သူများ အသုံးပြု ဆောင်ယူလိုက ဆောင်ယူနိုင်ကြစေငှာ လည်းကောင်း ဤဆောင်းပါးဖြင့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်၏ အမိကသော ချက်တစ်ခုကို ဖော်ထုတ်တင်ပြလိုက်ပါသည်။

ဤဥဏှာလုံမွေးရှင်တော်ဂါထာကို ဂါထာဟု ခေါ်ဆိုနေကြသော်လည်း ရှေးပညာရှိ ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ အဆိုအမိန့်သတ်မှတ်ချက်အရ ဥုံမပါလျှင် ဂါထာ၊ ဥုံပါလျှင် မန္တန်၊ ဩောင်းပါလျှင် မန္တရားဟု ခေါ်ဆိုရသည်ဟု သိရလေသဖြင့် ဂါထာပုဒ်တိုင်း၌ ဩောင်းခံ၍ အစပြုထားသော ဤဥဏှာလုံမွေးရှင်တော်ဂါထာကိုလည်း ဥဏှာလုံမွေးရှင်တော်မန္တရားဟု ခေါ်ဆိုခြင်းက ပို၍သင့်လျော်မှန်ကန်ပေသည်။ ကျွန်ုပ်ကား ဤဂါထာကို ဥဏှာလုံမွေးရှင်တော်မန္တရားဟုသာ သုံးနှုန်းခေါ်ဆိုသွားပါမည်။ ဦးစွာ ဤဥဏှာလုံမွေးရှင်တော်မန္တရားကြီးကို ပါဠိအနက်တွဲဖက်လျက် ဖော်ပြပါမည်။

### ဥဏှာလုံမွေးရှင်တော်မန္တရား

၁။ ဩောင်း - ဟေဟော၊ တိသျှတ္တ
တိသျှတ္တာ၊ ဗန္ဓတ္ထ ဗန္ဓတ္ထာ၊
မာရေယျ မာရေယျာ၊ ဝါရေယျ
ဝါရေယျာ၊ နိဝါရေယျ နိဝါရေယျာ၊
နိရုဒ္ဓေယျ နိရုဒ္ဓေယျ (မူကွဲ- မာရေယျံ မာရေယျံ၊ ဝါရေယျံ ဝါရေယျံ၊
နိဝါရေယျံ နိဝါရေယျံ၊ နိရုဒ္ဓေယျံ



www.burmeseclassic.com

www.burmeseclassic.com

နိရုဒ္ဓေယျံ၊ ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ၊ ဒေဝဒတ္တံ ဒေဝဒတ္တံ၊ ဥဏ္ဏာလောမာမုနိ၊ သွာဟုံဟုံ။ ။(အဖုံးဂါထာ)

၂။ ဩောင်း - ဟတ္ထိ အသဿသီဟ ဗျဂ္ဃ ဒီပိ သံသုမာရာ၊

ကုတ္တိ ပုရိသ ဓနု ခဂ္ဂ အသနိ၊ သပ္ပ နာဂါဝ ယက္ခဇော်ဂနီ။

၃။ ဩောင်း- ဂုရုတေ ဂုရုတေ၊ ဆိန္နန္တု ဆိန္နန္တု။

ဘိန္နန္တု ဘိန္နန္တု၊ ဝိဒ္ဓံသေန္တု ဝိဒ္ဓံသေန္တု (မူကွဲ - ဝိဓံသေန္တု၊ ဝိဓံသေန္တု) အတ္တဂ်ီသု အတ္တဂ်ီသု၊ ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ၊ ဒေဝဒတ္တံ ဒေဝဒတ္တံ၊ ဥဏ္ဏာလောမာမုနိ၊ သဗ္ဗေအန္တရာယာ၊ ဝိနဿန္တု အသေသတော။

**မန္တရားပါဠိအနက်**

**ဩောင်း**- ပြီးစီးအောင်မြင်ခြင်းသို့ ရောက်စေသတည်း (ဝါ) **ဩောင်း ရက္ခတု** - ကွယ်ကာစောင့်ရှောက်ကြသတည်း။ **ဟယ်ဟယ် ဟယ်ဟယ်** - မကောင်းသောဘေးရန်အပေါင်းတို့၊ **တိသျှက္ခ တိသျှက္ခ**- ဆုတ်လေ ဖယ်လေ လွဲလေ ပြေးလေ၊ ရှောင်လေ ရှားလေကြကုန်လော့။ **ဗန္ဓတ္တု ဗန္ဓတ္တု** - လွတ်ရာအရပ်၌ နှောင်ဖွဲ့ကုန် နှောင်ဖွဲ့ကုန်ကြလော့။ **မာရေယျံ မာရေယျံ** - ဘုရား၊ တရား၊ သံဃာတို့၏ဂုဏ်တော်အပေါင်းတို့ကို ငါသည် ဆောင်အပ်ပြီ၊ ငါဆောင်အပ်ပြီ။ **ဝါရေယျံ ဝါရေယျံ** - သင်တို့ကို ငါမြင်အပ်ပြီ၊ မြင်အပ်ပြီ၊ (တားမြစ်သည်ဟူကို)။ **နိရုဒ္ဓေယျ နိရုဒ္ဓေယျ** - ငါပိတ်အပ်ပြီ၊ ပိတ်အပ်ပြီ (တားမြစ်ပိတ်ပင်လိုက်ပြီ)။ **ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ** - ပြဟ္မာမင်း၏အကျိုးစီးပွား၊ ပြဟ္မာမင်း၏အကျိုးစီးပွားကိုပေးစွမ်းနိုင်သော၊ **ဒေဝဒတ္တံ ဒေဝဒတ္တံ** - သိကြားနတ်မင်း၏ အကျိုးစီးပွား၊ သိကြားနတ်မင်း၏ အကျိုးစီးပွားကို ပေးစွမ်းနိုင်သော၊ **ဥဏ္ဏာလောမာမုနိ** - မုနိငါးပါးတို့ကို အစိုးရတော်မူသော မြတ်စွာဘုရား၏ ဥဏ္ဏာလုံမွေးရှင်တော်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်၊ **သွာဟုံဟုံ** - လျင်မြန်မြန် ရှောင်ကြရှားကြသွားကြကုန်လော့။

**ဩောင်း**- ပြီးစီးအောင်မြင်ခြင်းသို့ ရောက်စေသတည်း (ဝါ) **ဩောင်း ရက္ခတု**- ကွယ်ကာစောင့်ရှောက်ကြသတည်း။ **ဟတ္ထိ အသဿ သီဟ ဗျဂ္ဃ ဒီပိသံသုမာရာ** - ဆင်ဘေး၊ မြင်းဘေး၊ ခြင်္သေ့ဘေး၊ ကျားဘေး၊ သစ်ဘေး၊ မိကျောင်းဘေးတို့သည် လည်းကောင်း၊ **ကုတ္တိ ပုရိသ ခဂ္ဂ အသနိ**- မိန်းမဘေး၊ ယောကျ်ားဘေး၊ မြားဘေး၊ သန်လျက်ဘေး၊ မိုးကြိုးဘေးတို့သည် လည်းကောင်း၊ **သပ္ပနာဂါဝ** - မြွေဘေး၊ နဂါးဘေးတို့သည် လည်းကောင်း၊ **ယက္ခဇော်ဂနီ** - ဘီလူးယက္ခဘေး၊ ဇော်ဂနီ၊ ကဝေ၊ နတ်၊ စုန်းတို့သည် လည်းကောင်း၊

**ဩောင်း**- ပြီးစီးအောင်မြင်ခြင်းသို့ ရောက်စေသတည်း (ဝါ) **ဩောင်း ရက္ခတု** - ကွယ်ကာစောင့်ရှောက်ကြသတည်း။ **ဂုရုတေ ဂုရုတေ** - အလေးအမြတ်ပြု၍ အလေးအမြတ်ပြု၍၊ **ဆိန္နန္တု ဆိန္နန္တု** - ပြတ်စေကုန်သတည်း၊ ပြတ်စေကုန်သတည်း။ **ဘိန္နန္တု ဘိန္နန္တု** - ကွဲပြိန်ကုန်စေသတည်း၊ ကွဲပြိန်ကုန်စေသတည်း။ **ဝိဒ္ဓံသေန္တု ဝိဒ္ဓံသေန္တု** - ပျက်စီးစေကုန်သတည်း၊ပျက်စီးစေကုန်သတည်း။ **အတ္တဂ်ီသု အတ္တဂ်ီသု** - ချုပ်စေကုန်သတည်း၊ ချုပ်စေကုန်သတည်း။ **ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ** - ပြဟ္မာမင်း၏အကျိုးစီးပွား၊ ပြဟ္မာမင်း၏ အကျိုးစီးပွားကို ပေးစွမ်းနိုင်သော၊ **ဒေဝဒတ္တံ ဒေဝဒတ္တံ** - သိကြားနတ်မင်း၏အကျိုးစီးပွား၊ သိကြားနတ်မင်း၏ အကျိုးစီးပွားကို ပေးစွမ်းနိုင်သော၊ **ဥဏ္ဏာလောမာမုနိ** - မုနိငါးပါးတို့ကို အစိုးရတော်မူသော မြတ်စွာဘုရား၏ ဥဏ္ဏာလုံမွေးရှင်တော်၏တန်ခိုးအာနုဘော်ကြောင့်၊ **သဗ္ဗေ** - ခပ်သိမ်းဥဿုံအလုံးစုံကုန်သော အန္တရာယ်အသွယ်သွယ်တို့သည်၊ **အသေသတော** - အကြွင်းမရှိသောအားဖြင့်၊ **ဝိနဿန္တု** - ကင်းစင်ကုန်ခြောက် ပျောက်ပျက်စေကုန်သတည်း။

ဤကား ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များ၏ လက်စွဲ ဥဏ္ဏာလုံမွေးရှင်တော် ဂါထာမန္တရား၏ ပါဠိအနက်အပြည့်အစုံ ဖြစ်ပါသည်။ ဦးစွာ ဤမန္တရားနှင့်ပတ်သက်၍ သိသင့်သည်များကို ဆွေးနွေးတင်ပြလိုပါသည်။

၁။ ဤမန္တရားကို အချို့က ဥဏ္ဏာလုံဂါထာဟု ခေါ်ကြပါသည်။ ထို့အပြင် အချို့သော လောကီပညာ ဂါထာမန္တန်ကျမ်းများ၊ ဝိဇ္ဇာမယသိဒ္ဓိမှော်ဝင်ဆေးအစီအရင်ကျမ်းများက ဥဏ္ဏာလုံဟုလည်းကောင်း၊ ဥဏ္ဏာမုနိဟု လည်းကောင်း ခေါ်ဆိုကြပြန်ပါသေးသည်။တစ်ဖန် ဤဥဏ္ဏာလုံဂါထာမူကွဲလည်းရှိနေပြန်ပါသေးသည်။

**ဥဏ္ဏာလုံဂါထာ (မူကွဲ)**

နမော ဗုဒ္ဓါယ၊ ယနမောဗုဒ္ဓါ၊ ဒ္ဓါယနမောမ၊ မဒ္ဓါယနမော၊ ဗုဒ္ဓါယနမော၊ နမောဗုဒ္ဓါယ

. . . ဟူ၍ ဖြစ်ပါသည်။

ဤဂါထာမြတ်ကိုလည်း ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များတွင် သုံးတတ်ကြပါသည်။ သို့သော် အထက်တွင် တင်ပြခဲ့သော ဥဏ္ဏာလုံမွေးရှင်တော်မန္တရားသာလျှင် အစစ်အမှန်ဖြစ်ပြီး ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်များ၏လက်စွဲ မန္တရားတော်ကြီး ဖြစ်ပါသည်။

၂။ အထက်ပါ ဥဏ္ဏာလုံမွေးရှင်တော်မန္တရားကြီးကိုလည်း ဂါထာအပိုဒ် (၁) အား အဖုံးပါထာဟုလည်းကောင်း၊ ဂါထာအပိုဒ် (၂) နှင့် (၃) အားပေါင်း၍ အပိတ်ဂါထာဟု လည်းကောင်း ခွဲခြားခေါ်ဆိုတတ်ကြပါသည်။ အချို့ကမူ အပြင်ဂါထာ၊ အတွင်းဂါထာဟု ခွဲခြား ခေါ်ဝေါ်တတ်ကြပြန်ပါသည်။ သတိထားရန်အချက်တစ်ခုမှာ သာမန်ဂါထာမန္တန်ကျမ်းများ၌ ဤမန္တရားကြီးကို ဖော်ပြရာတွင် အပိုဒ် (၁) နှင့် (၃) ကိုသာ ထည့်သွင်းပြီး အပိုဒ် (၂) ကို ချန်ထားတတ်ကြောင်း (ဝါ) အပိုဒ် (၂) မပါဝင်သည်က များကြောင်း တွေ့ရပါသည်။ မူရင်းမန္တရားကြီးအစစ်မှာ ယခု ဖော်ပြခဲ့သည့်အတိုင်း ဂါထာပိုဒ် (၁)၊ (၂)၊ (၃) အားလုံးပါမှ ပြည့်စုံသည်ဖြစ်ကြောင်း သိသင့်ပါလေသည်။

၃။ အထက်တွင် ပဏာမ ဆွေးနွေးတင်ပြခဲ့ပြီးသည့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့သည် ဂါထာ၊ မန္တန်၊ မန္တရားတို့နှင့် ကင်းကွာ၍မရ။ အင်းစမအတတ်၊ ဝိဇ္ဇာမယသိဒ္ဓိဆေးဝါး၊ မှော်ဝင်အစီအရင်တို့အားလုံး၏ သက်ဆိုင်ရာ ဂါထာမန္တန်များကို ဟိန်းရ၊ ရွတ်ရ၊ စုတ်ရသည်ချည်းသာ။ ထိုသို့ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာဆိုင်ရာအစီအရင်များတွင် သုံးသော ဂါထာ၊ မန္တန်၊ မန္တရားတို့ကို အခြေခံအားဖြင့် အုပ်စုခွဲလိုက်ပါက -

၁။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့နှင့် စပ်လျဉ်းပတ်သက်စပ်ဆိုင်သော ဂါထာမန္တန်များ၊

၂။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ သက်သက် ဂါထာမန္တန်များ ဟူ၍ အဓိက အုပ်စုနှစ်ခုအဖြစ် တွေ့ရပါမည်။ တစ်ဖန် အထက်အုပ်စုဝင် ရတနာသုံးပါးတို့နှင့် စပ်လျဉ်းပတ်သက် စပ်ဆိုင်သော ဂါထာမန္တန်များကို ထပ်မံ၍ ခွဲခြားလေ့လာ သုံးသပ်ကြည့်ပါက-

က။ ဘုရားဟော နိပါတ်တော်ကျမ်းဂန်များ၊ တရားဒေသနာတော်များမှ ဆင်းသက်လာသော ဂါထာမန္တန်များ



www.burmeseclassic.com

www.burmeseclassic.com

နှင့် -

ခ။ ရှေးပညာရှိ မဟာဒိဗ္ဗသိဒ္ဓိရှင် ဝိဇ္ဇာမယပညာရှင်ကြီးများ စီရင်ဖွဲ့သီခဲ့သော ရတနာသုံးပါးနှင့် စပ်ဆိုင်သည့် ဂါထာမန္တန်များ ဟူ၍ ထပ်မံ ကွဲပြားသွားပါမည်။

ယခု ဆွေးနွေး တင်ပြနေသော ဥဏ္ဏာလုံမွေးရှင်တော် မန္တရားကြီးသည် ဤ(ခ)အုပ်စုငယ်၌ အဝင်အပါဖြစ်သော ရတနာသုံးပါးတွင် အထူးအားဖြင့် အရဟံအစ ဘဂဝါအဆုံး ကိုးပါးသောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပြီး သုံးလောကတွင် အတုမရှိ အမြတ်ဆုံးဖြစ်၍ နတ်လူအပေါင်းတို့၏ဆရာဖြစ်တော်မူသော၊ ပူဇော်အထူးကို ခံယူတော်မူထသော ဗုဒ္ဓဘုရားရှင်နှင့် ပတ်သက်ဆက်စပ်နေသောမန္တရားကြီး ဖြစ်ပါသည်။ တစ်ဖန် ထပ်မံ အသေးစိတ် လေ့လာပြန်သော် ဘုရားရှင်နှင့် ပတ်သက်သော ဂါထာမန္တန်များစွာတို့မှာ ဘုရားရှင်ဂုဏ်တော်များ၊ ပါရမီတော်များ၊ ဉာဏ်တော် တန်ခိုးတော်တို့အား ဦးထိပ်ထားရည်စူး ပူဇော်ခြင်း၊ သစ္စာပြုခြင်းများဖြင့် ဖွဲ့သီထားသော ဂါထာမန္တန်တော်များ ဖြစ်ကြပါသည်။ သို့ရာတွင် ဤဥဏ္ဏာလုံမွေးရှင်တော်မန္တရားကြီး၏ ထူးခြားချက်ကား ဘုရားရှင်၏ မျက်မှောင်တော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌ရှိတော်မူသော ဥဏ္ဏာလုံခေါ် မွေးရှင်တော်မြတ်ကြီးအား အထူးအလေးထား ပူဇော်လျက် မွေးရှင်တော်မြတ်၏တန်ခိုးတေဇော်အာနုဘော်အား ခံယူတိုင်တည်လျက် သားရဲ တိရစ္ဆာန်ဘေး၊ တစ္ဆေကဝေ၊ ဇော်ဂနီ၊ တစ်လီ သင်းကဲ၊ ကျတ်သရဲနှင့် ယက္ခ၊ နဂါးမိစ္ဆာများတို့ ရှောင်းရှားကြစေ၊ ဘေးရန်အန္တရာယ်အသွယ်သွယ်လည်း ကင်းဝေးစေဖို့ ဆုတောင်းထားကြောင်း တွေ့ရပါသည်။

ဤနေရာတွင် ဤမန္တရား၏ အဓိက ဦးတည် တိုင်တည်ထားသော ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်မြတ်အား အထူးပြု ကြည်ညိုကြည့်ကြပါမည်။ ဘုရားရှင်၏ ထူးမြတ်လှသော ဤဥဏ္ဏာလုံမွေးရှင်တော်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစုသိကြသော စိန်ရောင်ခြည် ဘုရားပင့်တွင် အထူးထည့်သွင်းလျက် ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကို ပူဇော်ထားကြောင်း တွေ့ရပါသည်။

**စိန်ရောင်ခြည်ဘုရားပင့်**

အဂ်ီရသဿ ဥဏ္ဏာယ၊ ဒါဌာဟိ သေတရံသိယော၊ ဝဇီရာဝ ဝိရောစန္တိ၊ ဇိနေသမေ ဌာတု သီသကေ။

**အင်္ဂီရသဿ-** အယုတ် အလတ် အမြတ်ပိုင်းခြား လွန်ကြီးစား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံကွန့်မြူးလျက် အင်္ဂီရသဆိုတဲ့ဘွဲ့ထူးကို အံ့ကျူးခံ့ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ ***ဘမုကန္တရေ*** - မျက်ခုံးတော်နှစ်သွယ်(မျက်မှောင်တော်နှစ်သွယ်လည်းဟူ) အလယ်ဗဟိုတည့်တည့်၊ ***သဥ္ဓာတာယ*** - နူးဖြူထွားထွား ကောင်းစွာပေါက်ဖွား၍နေတော်မူသော၊ **ဥဏ္ဏာယစ-** ဆွဲ၍ဆန့်လျှင် နှစ်တောင်ခန့် ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းခြည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရုံ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ် လွန်ထူးမြတ်သည့် အရပ်တော်မှ လည်းကောင်း၊ **ဒါဌာဟိစ** - ပတ္တမြားခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင် ဖုံးပိတ်၍ထားအပ်သော သွားတော်မြတ် လေးဆယ်၊ စွယ်တော်မြတ်လေးဆူ ဖြူရာရာဓာတ်တော်တို့မှ လည်းကောင်း၊ **သေတရံသိယော** - ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွှက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစံပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် တလည်လည် ထိန်ပြောင်ကြည်သည့် စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသောအဆင်းတော်မြတ်တို့သည်၊ **ဝဇီရာဝ** - စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့၊ **ဝိရောစန္တိ** - ဖူးမြင်ရသူတို့၏ စိတ်ဝယ်အထူး ဘဝင်မှာကြည်နူးလောက်အောင် ရွှင်မြူးတက်ကြွ ဖက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူကြပါပေကုန်၏။

**သောဇိနော** - ထိုထူးထွေဆန်းလှီ စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသဘွဲ့ထူးခံသည့် ငါးမည်အောင်ပြီး (ငါးမာန်အောင်ပြီး) ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ **မေ မမ** - ရုပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွှဲ၍ ငါပဲ သမုတ်အကျွန်ုပ်၏၊ **သီသကေ** - ဦးခေါင်းရတနာ မြွတ်အင်္ဂါထက်၌၊ **ဌာတု-** မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မတ်မတ် တည်နေတန့်ရပ်တော်မူလှည့်ပါ စိန်ရောင်ခြည်နေတစ်မွန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။

ဤကား စိန်ရောင်ခြည်ဘုရားပင့်ဟု ကျော်ကြား ထင်ရှားပြီး ဂါထာစာသား အနက်အဓိပ္ပာယ်တို့မှာလည်း အလွန်လှပကြည်နူးကြည်ညိုဖွယ်ကောင်းသော ဘုရားပင့်ဖြစ်သည့်အပြင် ယခုရေးသားနေသော ဥဏ္ဏာလုံမွေးရှင်တော်မြတ်မန္တရားကြီးနှင့်လည်း ပတ်သက်နေပါ၍ အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

ထိုစိန်ရောင်ခြည်ဘုရားပင့်ဂါထာအရ မြတ်စွာဘုရား၏ ဥဏ္ဏာလုံမွေးရှင်တော် ဟူသည် ဘုရားရှင်၏မျက်မှောင်တော်နှစ်သွယ် အလယ်ဗဟိုကြားတည့်တည့်၌ရှိပြီး အတိုင်းအတာအရ နှစ်တောင်ခန့်အရှည်ရှိပါသည်။ ထိုနှစ်တောင်ခန့် ရှည်လျားသော ဥဏ္ဏာလုံမွေးရှင်တော်သည် လက်ယာရစ် ခရုပတ်ပုံ ရစ်ခွေလျက် တည်တော်မူနေပါသည်။ အနီးစပ်ဆုံး အရောင်အဆင်းကား စိန်သားစိန်နှစ်စိန်သွေးကဲ့သို့ ကြည်လင်တောက်ပြောင်နေသည်ဟု ဆိုပါသည်။ ထိုဥဏ္ဏာလုံမွေးရှင်တော်ကား သာမန်လူ နတ်၊ ဗြဟ္မာတို့တွင်မရှိဘဲ (၃၂) ပါးသော လက္ခဏာကြီး၊ ငယ်နှင့် ပြည့်စုံတော်မူသည့် မဟာပုရိသယောကျ်ားကောင်း ယောကျ်ားမြတ် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၌သာရှိသည့် ထူးမြတ်လှသော အင်္ဂါမြတ်တော်တစ်ခု ဖြစ်ပါသည်။ ဘုရားရှင်၏ကိုယ်မှ ထွက်ပေါ်သော ရောင်ခြည်တော်ခြောက်သွယ်တို့အနက် ဩဒါသဟူသော ဖြူသော ရောင်ခြည်တော်တို့ ထွက်ပေါ်စေသောအင်္ဂါရပ်တို့တွင် ဤဥဏ္ဏာလုံမွေးရှင်တော်လည်းပါသည်။ ဤမြတ်သော ဥဏ္ဏာလုံမွေးရှင်တော်၏တန်ခိုးတေဇော် အာနုဘော်တော်ကို အထင်အရှားသိရှိရသော ဖြစ်ရပ်သာဓကတစ်ခု ဘုရားရှင်လက်ထက်တော်က ရှိခဲ့ပါသည်။

ထိုဖြစ်ရပ်သာဓကသည် ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်ကာလတစ်ခု၌ဖြစ်ပါသည်။ထိုစဉ်က ဝိသာခါကျောင်းအမကြီး၏ခင်ပွန်း ပုဏ္ဏဝဓနသူဌေးသား၏အဆွေခင်ပွန်း ကုန်သည်ငါးရာတို့၏ ဇနီးမယားငါးရာတို့ကို ကုန်သည်များက ဝိသာခါထံ အပ်နှံလျက် လိမ္မာရေးခြားရှိအောင် ဆိုဆုံးမပေးပါရန် အပ်နှံကြပါသည်။ တစ်ခါသော် ထိုကုန်သည်ငါး



www.burmeseclassic.com

www.burmeseclassic.com

ရာတို့သည် စားပွဲကြီးတစ်ခု ပြုလုပ်ခဲ့ကြသည်။ ထိုသို့ စားပွဲကြီးပြီးနောက် သေရည်အဖျော်ယမကာများစွာ ကျန်ရစ်ခဲ့ကြသည်။ ထိုအခါ ကုန်သည်တို့၏ ဇနီးမယားတို့သည် ဝိသာခါကျောင်းအမကြီးအား ဥယျာဉ်သို့ လိုက်ပို့ရန် ပြောဆိုတောင်းပန်ကြသဖြင့် ဝိသာခါလည်း ထိုငါးရာကုန်သောကုန်သည်တို့၏ဇနီးမယားတို့ကို ဥယျာဉ်သို့ ခေါ်ဆောင်သွားခဲ့လေသည်။ထိုအခါ ကုန်သည်တို့၏ဇနီးမယားများသည် သူတို့၏ လင်ယောကျ်ားများ သောက်စားပြီး ကြွင်းကျန်နေခဲ့သော သေရည်များကို ခိုးဝှက်ယူလာခဲ့ကြပြီး ဥယျာဉ်သို့ရောက်သောအခါ သေရည်များကို သောက်ပြီးနောက် ဝိသာခါ၏ စကားကိုပင် နာယူနိုင်ခြင်းမရှိကြတော့ဘဲ ပျော်ပါးကခုန်လျက် ကာမဂုဏ်ခြွေများပျက်သည်အထိ မူးယစ်ရမ်းကားခဲ့ကြလေသည်။

ထိုမျှမက ဒုတိယအကြိမ်မြောက် ကုန်သည်များ၏စားပွဲမှ ကြွင်းကျန်ရစ်များကိုလည်း ထိုကုန်သည်တို့၏ဇနီးများသည် ယူသိမ်းဆည်း၍ ဝှက်ထားခဲ့ကြလေသည်။ ဤတစ်ကြိမ်တွင်မူ ဝိသာခါကို ဥယျာဉ်သို့ လိုက်ပို့ရန် တောင်းဆို၍ ရသည့်အဆုံး ဘုရားရှင်သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်ဝိဟာရသို့လိုက်ပို့ပေးရန် တောင်းပန်ခဲ့ကြလေသည်။ ထိုအခါ ဘုရားရှင်၏တပည့်ဒါယိကာမရင်းဖြစ်သော ကျောင်းအမကြီးဝိသာခါသည် ဝမ်းမြောက်ဝမ်းသာလက်ခံကာ ထိုမိန်းမများကို ဘုရားကျောင်းတော်သို့ ခေါ်ဆောင်ခဲ့လေသည်။ သို့သော် အကြံသမား ထိုမိန်းမများသည်ကား ဘုရားကျောင်းတော်သို့အသွားလမ်း၌ပင် ကြိုတင် စီမံ သိုဝှက်ယူလာသော သေရည်များကို ဝိသာခါ မသိအောင် တိတ်တဆိတ် ခိုးဝှက်သောက်ခဲ့ကြလေသည်။

ဤသို့ဖြင့် ဘုရားရှင်ရှေ့တော်သို့ ရောက်သောကာလ သေရည်ယစ်မူးနေကြသည့်အပြင် မာရ်နတ်၏အသင်းအပင်းဝင် နတ်ဆိုးတစ်ဦးက ဖမ်းစားလှည့်စားသဖြင့် ထိုမိန်းမငါးရာတို့မှာ ဘုရားရှင်နှင့် သံဃာတော်၏ရှေ့မှောက်၌ပင် ထိန်းနိုင်မသိမ်းနိုင် ကာမဂုဏ်ခြွေများပျက်သွင်းနေကြလေတော့သည်။ ထိုအခါ ဘုရားရှင်၏မျက်ခုံးတော်နှစ်သွယ်တို့မှ ညိုမောင်းသော ရောင်ခြည်တော်တို့ ထွက်ပေါ်လာပြီးနောက် တစ်ကျောင်းလုံး အမိုက်မှောင်ကြီး ဖုံးလွှမ်းသွားလေတော့သည်။ ထိုအခါကျမှ သေရည်သောက်စားမိန်းမများလည်း အမူးများပြေကာ ထိတ်လန့်ကြောက်ရွံ့လျက်ရှိနေကြလေသည်။

ထိုအခါကျမှ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် မြင်းမိုရ်တောင်ထိပ်ပေါ်သို့ ကြွရောက်တော်မူကာ မြင်းမိုရ်ထိပ်၌ ရပ်တော်မူလျက် ဘုရားရှင်၏မျက်မှောင်တော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌ရှိသော ဥဏ္ဏာလုံမွေးရှင်တော်မှ နေ၍ ဩဒါသ ခေါ် ဖြူဝင်းတောက်ပသော ရောင်ခြည်တော်ကို လွှတ်လိုက်သည့်အခါ နေမင်းတစ်ထောင်၊ လမင်းတစ်ထောင်တို့ တစ်ပြိုင်နက် ထွက်ပေါ်လာသကဲ့သို့ လောကအလုံး ထိန်လင်းတောက်ပသွားပါလေသည်။ ထိုအခါကျမှ သတိတရားပြန်ဝင်လာပြီဖြစ်သော သေရည်သောက်စားမိန်းမများကို တရားတော်ဖြင့်ဆုံးမတော်မူလေသည်။ ဘုရားရှင်၏ အဆုံးအမ တရားဒေသနာတော်နာယူကြပြီးနောက် ထိုမိန်းမငါးရာတို့လည်း သောတာပတ္တိမဂ်၌ တည်ကြလေတော့၏။

ဤကား ဓမ္မပဒ၊ ဇရာဝဂ်၊ ဝိသာခါနှင့်အဖော်မိန်းမများ ဇာတကဝတ္ထုပါ အကြောင်း အကျဉ်းချုပ်မျှသာ ဖြစ်လေသည်။

*(ဤဇာတ်လမ်းအကျယ်ကို သိလိုလျှင် ၂၀၁၂ ခု၊ ဇူလိုင်လထုတ် သုရဿမဂ္ဂဇင်း အတွဲ-၇၊ အမှတ်-၇ ၌ ကြီးရတနဓမ္မပါလ ရေးသားသော 'ဘုရားရှင်တန်ခိုးတော်ပြ၍ ဆုံးမကယ်တင်ခဲ့ရသော သေရည်သောက်စား မိန်းမများ' ဝတ္ထုကို ဖတ်ရှုကြပါရန်။)*

သို့ဖြစ်ရာ အထက်ပါ ဓမ္မပဒလာ ဇာတကဝတ္ထုတော်၌လည်း ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်မြတ်မှ ဩဒါသခေါ် အမိုက်မှောင်ဖယ်ခွင်းပြီး လောကအလုံးကို ထိန်လင်းတောက်ပစေနိုင်သော ဖြူသောရောင်ခြည်တော်မြတ်တို့ထွက်ပေါ်စေနိုင်သည်ကို သိရပေသည်။ သို့ဖြစ်သောကြောင့်လည်း ရှေးဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရှင်ကြီးများသည် ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်ကို အလွန်ကြည်ညို အားကိုးလှစွာဖြင့် ထိုဥဏ္ဏာလုံမွေးရှင်တော်မြတ်နှင့် ဆက်စပ် စီရင်အပ်သော အင်း၊ စမ၊ ဂါထာ၊ မန္တန်၊ မန္တရားတို့ကို ကြံဆစီရင် ဆောင်ယူခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို အောက်ဖော်ပြပါ ဝိဇ္ဇာမယအင်းစမအစီအရင် တစ်ခုဖြစ်သော 'ဘုရားရှင်၏သရဖူတော်အင်းကြီး' က ဥပမာပြသာဓကတစ်ခု အဖြစ် ရပ်တည်မြင်တွေ့နေရပါသည်။

**ဘုရားရှင်၏သရဖူအင်းတော်ကြီးအစီအရင်**



| | | | | | | | |
|---|---|---|---|---|---|---|---|
| | | အာ | ခ | ခ | အာ | | |
| | ဒီ | ဂါ | ရ | ရ | ဂါ | ဒီ | |
| ပု | အ | မ္ဗု | ခ | ခ | မ္ဗု | အ | ပု |
| ဩ | မိ | ယာ | ရ | ရ | ယာ | မိ | ဩ |

**အင်းဆန်ဂါထာ**

ဩမိယာရ၊ ရယာမိဩ၊ အမ္ဗုခခ၊ ခခမ္ဗုအ၊ ယာမ္ဗုဂါရ၊ ရဂါမ္ဗုယာ၊ ရခရခ၊ ခရခရ။

**အင်းအဟိန်းဂါထာ**

၁။ အင်းဆန်ဂါထာဖြင့် (၁၀၈) အုပ်။

၂။ ဦ ကွဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစတ္တိ ဝိဇာန၊ ပုဗ္ဗေနိဝါသနုဿတိ၊ ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏံ၊ အဟံမမ ဒိဋ္ဌဓမ္မ ဝေဒနိယကံ ကွဟွတ် ကွဟွတ် (၁၀၈) အုပ်။



www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ ဘုရားရှင်၏ သရဖူအင်းတော်ကြီးတွင် ထိပ်ဆုံးမှနဝင်းစမသည် ဘုရားရှင်ဥဏှာလုံမွေးရှင်တော်ကို ကိုယ်စားပြု စီရင်ထည့်သွင်းထားခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ၊ မဟိဒ္ဓိသိဒ္ဓိရှင်ကြီးများသည် ဘုရားရှင်၏ ဥဏှာလုံမွေးရှင်တော်မြတ်နှင့် ဥဏှာလုံမြတ်၏တန်ခိုးတေဇော် အာနုဘော်ကို အဘယ်ကြောင့် ကိုးစားအလေးထားကြောင်း၊ မည်မျှ အလေးထား ကိုးစားကြောင်းကို ဤမျှဆိုလျှင်သိမြင်သဘောပေါက်ကြလိမ့်မည်ဟု ထင်ပါသည်။

*(မှတ်ချက် ။ ။ ဤဘုရားရှင်၏ သရဖူအင်းတော်ကြီး၏အကျိုးကား ဘုန်းတန်ခိုးကြီးစေသည်။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်။ ကြံစည်အပ်သောလုပ်ငန်း၊ အလိုဆန္ဒတို့နှင့် ပြည့်စုံစေသည်။ အတတ်ပညာထူးတို့ကို ရလွယ်၊ တတ်လွယ်ကြသည်။ နတ်တို့ ချစ်ခင်စောင့်ရှောက်သည်။ အကျိုးအနန္တဟု ဆိုပါသည်။)*

သို့ဖြစ်ရာ သုံးလောကထွတ်တင် ဗုဒ္ဓဘုရားရှင်၏ ဤထူးမြတ်လှသော ဥဏှာလုံမွေးရှင်တော်၏ တန်ခိုးတေဇော် အာနုဘော်တော်ကို ခံယူတိုင်တည်စီရင်အပ်သော ဤဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်ကြီးများ အလွန်ယုံကြည်ကိုးစားအားထားသည့် ဥဏှာလုံမွေးရှင်တော်မန္တရားကြီးသည် မည်မျှ သိဒ္ဓိတန်ခိုးအကျိုးကြီးမားစေမည်ဆိုသည်ကို ယုံမှားသံသယဖြစ်ဖွယ် မရှိတော့ချေ။ ဤဥဏှာလုံမွေးရှင်တော်မန္တရားကြီးအကြောင်း ကောင်းစွာသိမြင်ကြသော ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများကား ဤမန္တရားကြီးကို လက်မလွတ်စတမ်း အမြဲဆောင်ယူ၊ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များစွာတွင် အခါခါထည့်သွင်းသုံးစွဲနေကြပါသည်။

သို့ဖြစ်ရာ ဤမန္တရားကြီး၏ အခြေခံဖြစ်တည်လာပုံသဘောတရား၊ အကျိုးများနှင့် အနှစ်သာရတို့ကို မသိသူများ ကျော်သွားသော်လည်း သိသူများ ဖော်စားနိုင်ရန်အလို့ငှာ ဤမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များ၊ သုတေသီဝါသနာရှင်များအကျိုးအလို့ငှာ ဤမန္တရားကြီး၏ အသုံးအမျိုးမျိုးကို ကျွန်ုပ်လေ့လာသိရှိသမျှ ခွဲဝေဖော်ထုတ်တင်ပြလိုက်ပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၉၂ | ၉၃ | ၉၅ | ၉၃ | ၉၅ | ၉၇ | ၉၅ | ၉၇ | ၉၆ |
| ၉၉ | ၁၀၀ | ၉၇ | ၁၀၀ | ၁၀၁ | ၉၆ | ၁၀၁ | ၁၀၂ | ၉၄ |
| ၉၈ | ၉၄ | ၉၆ | ၉၉ | ၉၈ | ၉၄ | ၁၀၀ | ၉၉ | ၉၈ |
| ၉၉ | ၁၀၀ | ၁၀၁ | ၁၀၀ | ၁၀၁ | ၁၀၂ | ၉၇ | ၉၆ | ၉၄ |
| ၁၀၆ | ၁၀၄ | ၁၀၂ | ၁၀၄ | ၁၀၈ | ၁၀၃ | ၁၀၂ | ၁၀၃ | ၉၈ |
| ၁၀၇ | ၁၀၅ | ၁၀၃ | ၁၀၆ | ၁၀၇ | ၁၀၅ | ၁၀၁ | ၁၀၀ | ၉၉ |
| ၉၈ | ၉၉ | ၁၀၀ | ၉၄ | ၉၈ | ၉၉ | ၉၆ | ၉၄ | ၉၈ |
| ၁၀၇ | ၁၀၆ | ၁၀၁ | ၁၀၅ | ၁၀၇ | ၁၀၀ | ၁၀၃ | ၁၀၅ | ၉၉ |
| ၁၀၅ | ၁၀၃ | ၁၀၂ | ၁၀၃ | ၁၀၂ | ၁၀၁ | ၁၀၂ | ၁၀၁ | ၁၀၀ |

ဒွါဒသမအင္ဂမှန်အင်း

**ဥဏှာလုံမွေးရှင်တော်မန္တရားအသုံးအမျိုးမျိုး**

**၁။ ဂါထာမန္တန်အဖြစ် ဆောင်ယူ ရွတ်ဖတ်အသုံးပြုခြင်း**

၁။ နေ့စဉ် အိပ်ရာဝင်၊ အိပ်ရာထရွတ်ဖတ်သရဇ္ဈာယ်လျှင် အန္တရာယ်ကင်း၏။

၂။ လူမမာ အသည်းအသန် မမာမကျန်း ဥပဒ်အန္တရာယ်ဖြစ်သော်၊ ထိတ်ခြင်းလန့်ခြင်းဖြစ်သော် လူမမာခေါင်းရင်းမှ ဌာန်၊ ကရိုဏ်းကျကျ အသံခပ်ပြင်းပြင်းနှင့်ရွတ်။

၃။ ဤမန္တရားကြီးကို သီလလုံအောင်ထိန်း၍ နံနက်၊ ည မိမိနိုင်သမျှ အမြဲရွတ်ပါ။ တစ်လမှန်မှန်မပျက်မကွက်ရွတ်၍ ဆောင်ယူသော်ဖုတ်၊ ပြိတ္တာ၊ တစ္ဆေတို့ ရှုံ့ကြောက်ကြကုန်၏။

- နှစ်လတတိ အမိဌာန်မပျက်ရွတ်သော် အမှောင့်ပယောဂကင်း၏။
- သုံးလတိတိရွတ်နိုင်သော် အဆိပ်ဘေးဆိုးအမျိုးမျိုးတို့မှ လွတ်ကင်းချမ်းသာစေ၏။
- လေးလတိတိ ရွတ်နိုင်သော် မီးဘေးကွင်း၏။ ဆောင်ယူရွတ်ပွားသူနှင့် နေအိမ်ကို မီးမကူးနိုင်ချေ။
- ငါးလ အောင်မြင်စွာ ရွတ်ခဲ့သော်သူတစ်ပါး မကောင်းမကြံနိုင်။ ကြံသမျှ ပျက်၏။
- ခြောက်လရွတ်ခဲ့လေသော် ဘေးရန်အပေါင်း ဝေးကွာရှောင်း၏။
- ခုနစ်လ ရွတ်ခဲ့လေသော် နတ်တို့ချစ်ခင်၍ အိပ်မက်ပေးလာတတ်၏။
- ကိုးလ ရွတ်သော် နတ်တို့ မပြတ်ချစ်ခင် စောင့်ရှောက်လာ၏။
- ဆယ်လရွတ်သော် ခုနစ်ရက်သားသမီးအပေါင်း လူမြင်သမျှ ချစ်ခင်၏။
- ဆယ့်တစ်လ ရွတ်ခဲ့သော် ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီး၏။
- ဆယ့်နှစ်လ ရွတ်နိုင်ခဲ့သော် အလွန်ထူးမြတ်သောပညာတို့နှင့် ပြည့်စုံလာစေ၏။ ကြံသမျှပြီး၊ လိုတရစေနိုင်၏။

၄။ ဝိဇ္ဇာမယသိဒ္ဓိဆေးကျမ်းအလိုအရကား ဤဥဏှာလုံမွေးရှင်တော်မန္တရား(ထိုကျမ်းအခေါ်ကား ဥဏှာလုံမုနိမန္တန်မြတ်ဟုခေါ်ပါသည်။)ကို မုန်ညင်းစေ့များအား အကြိမ်များစွာ ဤမန္တရားနှင့်မန်း၍ ပက်ကြထားလေသော် မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုး၊ ပိုးမွှားတိရစ္ဆာန်တို့ လူကိုယ်ပေါ် နား၍မကိုက်ပြီ။

ဤမန္တရားဖြင့် လယ်ယာဥယျာဉ်ခြံမြေအတွင်း (၁၀၀၀) စုတ်ပါက မိုးကြိုးလောင်မီးကွင်း၏။ ခပ်သိမ်းသော သားရဲတိရစ္ဆာန်ဘေးအပေါင်း ရှောင်ရှား၏။

- နတ်မိစ္ဆာ၊ ဖုတ်၊ ပြိတ္တာ ကြောက်



www.burmeseclassic.com

www.burmeseclassic.com

ညာ၊ မာတြာတို့၏အချုပ် ဖြစ်သည်။

❑ ဤမန္တရားကို ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့မှာ ရေးစီရင်၍ လက်ဖွဲ့ထိုး၍ဆောင်။ ချည်မျှင်ကိုမန်း၍ ချည်မန်းကွင်းအဖြစ် လက်ရုံးမှာစွပ်က အမှောင့်ပယောဂမျိုးတို့ မနှောင့်ယှက်နိုင်။ သေနတ်ကျည်လွတ်၏။

❑ ဤမန္တရားဖြင့် ဆီကို (၃၇)အုပ်စုတ်ပြီး သုတ်လိမ်းထားက ဓား၊ လှံ၊ သေနတ်ပြီး၏။

❑ မုန်ညင်းဆီကိုမန်း၍ ကိုယ်တွင်လိမ်းက မှက်၊ ခြင်၊ ယင်တို့ မနားမကိုက်ပြီ။

**ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာနှင့်ဥဏ္ဏလုံမွေးရှင်တော်မန္တရား**

ဝိဇ္ဇာမယသိဒ္ဓိ ဆေးဝါးအစီအရင်များ၌ ဤဥဏ္ဏလုံမွေးရှင်တော် မန္တရားအား အမှန်အသုံးများပါသည်။ အထူးသဖြင့် နတ်ဆေးဝါးမှော်အစီအရင်များ၌ ဤမန္တရားကြီးကို အသုံးအများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ ထိုဥဏ္ဏလုံမွေးရှင်တော်မန္တရားကြီးကို အသုံးပြုထားသော ဆေးဝါးအစီအရင်များအနက်မှ ဥပမာသာဓကအဖြစ် အချို့ကို ဖော်ပြလိုက်ပါသည်။

**၁။ ဘုရားအာဏာတော်ဓမ္မစေတီဆေးဖော်နည်း**

ဦးစွာ ကမ္ဗဝါ၊ ပရိတ်ကြီး၊ မင်္ဂလသုတ်၊ အောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ မဟာသမယသုတ်တို့ ရေးထားသော ပေရွက်၊ စက္ကူများ၊ သိမ်ပန္နက်သဲ၊ သိမ်မြေ၊ ဘုရားအင်္ဂတေ၊ ဘုရားမှကွာ၍ကျသည့်ရွှေ၊ ဘုရားပိန္နဲတိုင်၊ ဘုရားထီးတိုင်၊ သိမ်ဝင်သပိတ်ကွဲ၊ သိမ်ဝင်ဆန်၊ မင်းကိုးချည်၊ ငှက်ကြီးကာကြိုး၊ ဘုရားတင်ပန်း၊ တံခွန်လုံးခေါင်း၊ ဘုရားသင်္ကန်းတော်၊ သင်္ကန်းကြီးစုတ်၊ ရှဉ့်မတက်ကြီး၊ ရှားပျံ၊ ဝါးပျံ၊ ကြုတ်ပျံ၊ နရွဲပျံ၊ သစ်ခေါင်းခွပျံ၊ ဥနှဲပျံ၊ ငှက်ပျောပျံ၊ ကြာဘက်ကြီးပျံ၊ ကြာစက်သိမ်ပျံ၊ ရှားကျိုးပေါင်း၊ ရှောက်ကျိုးပေါင်း၊ ကျွန်းကျိုးပေါင်း၊ နဘူးကျိုးပေါင်း၊ မန်ကျည်းကျိုးပေါင်း၊ မဲဇလီကျိုးပေါင်း၊ ဥနဲကျိုးပေါင်း၊ ကျွန်းနက်၊ ကြုတ်နက်၊ ငုနက်၊ ကံ့ကူဆံနက်၊ သန္တာနက်၊ မိုးကြိုးသွား၊ စစ်တုံ၊ ခပေါင်း၊ နံ့သာမျိုးငါးပါး၊ စန္ဒကူးနှစ်၊ ပရုတ်၊ ဖုံးမသိန်၊ ကတိုး၊ ဂမုန်း၊ ကတိုး၊ ကုသရမ္မလီ၊ ဇလပ်နီ၊ ပဲစိတ်နီ၊ ပိတောက်မှို၊ ပုဏ္ဏရိက်၊ ဆိတ်ဖူး၊ လင်းလေ၊ ဆေးဒန်း၊ ကန့် စသည့် ယခုဖော်ပြခဲ့သော ဆေးအမည်များကို အညီအမျှစီစုဆောင်း၍ ရေနှင့်ကြိတ်ရမည်။ ပြီးလျှင် ထိုဆေးကို ဥဏ္ဏလုံမွေးရှင်တော်မန္တရားဖြင့် (၃၇) အုပ်စုတ်၊ ပရိတ် (၇) ခါမွှန်း၊ အနေကဇာ (၃) ခါတင်၊ ကမ္ဗဝါ (၃)ခါ ဖတ်ပေးပါ။ ပြီးလျှင် ဤဆေးကို စေတီပုံထု၍ဆောင်ထားရပါမည်။ မှော်ဝင်ဆေးအဖြစ် ထိုးလိုပါက ဤဆေးဖြင့် သံ၊ ဂုံ၊ ပ၊ မ၊ ယျကို ထိပ်မှာထိုး။ အထက်နှုတ်ခမ်း၌ သူဇံပတိဟု ထိုး။ အောက်နှုတ်ခမ်း၌ သူ၊ စံ၊ ပ၊ မ၊ ဂေါ ဟု ထိုး။ မျက်မှောင်နှစ်သွယ်ကြား၌ ပုံ၊ ဒိ၊ အာဟုထိုး။ တစ်ဖန် လက်ယာပါး သွယ်မှာ ဣ, သု, ချာ၊ လက်ဝဲပါးသွယ်မှာ ဣ, သွာ, သု, ဧ ဟူ၍ထိုး။ ဧ၊ သော၊ နော သုံးလုံးကို နဖူးဆံစ၌ထိုး။ ထို့နောက် နှုတ်ခမ်းအတွင်း ထက်-အောက်တို့၌ သုညသုံးလုံးစီထိုး။ ထို့အပြင် ထိုသုညသုံးလုံးကို ပါးစောင်နှစ်ဖက်နှင့် လျှာတို့တွင် အသီးသီးထိုးပါလေ။

ဆေးအကျိုးကား -

အာဏာတည်၏။ အာဏာပြင်းထန်၏။ သူတစ်ထူးကို စိတ်လိုက်မာန်ပါ မျက်စောင်းထိုး၊ အော်ငေါက်ခြင်းများ မပြုလုပ်ရ။ အကျိုးကား အနန္တဟု ဆိုပါသည်။

ဤကား ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးဝါးမှော်ဝင်အစီအရင်များထဲမှတစ်ခုကိုသာ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ထို့အတူ အခြားသော ဝိဇ္ဇာမယသိဒ္ဓိမှော်ဝင်ဆေးဝါးအစီအရင်များဖြစ်သော နတ်နိုင်ထုံသင်းဆေးကြီး၊ ဝိဇ္ဇာမယကာယသိဒ္ဓိဆေးများ၊ မဟာမြိုင်နတ်မှော်ဆေး၊ တတိယနတ်မှော် စုန်းမှော်ဆေး စသည်များစွာသော မှော်ဝင်နတ်ဆေးအစီအရင်များ၌ အသုံးပြုလေ့ရှိကြောင်း တွေ့ရပေသည်။ ထို့အပြင် ဆရာများအမှာရှိသည်ကား နတ်ဆေးဝါးမှော်ဆေးမှန်သမျှ ဤဥဏ္ဏလုံမွေးရှင်တော်မန္တရားနှင့် ဟိန်းလေ၊ စုတ်လေ။ ဆေးဝါးတို့ တန်ခိုးသိဒ္ဓိကြီးမား ထက်မြက်စေ၏ ဟူ၍ ဖြစ်ပါသည်။

**ဂန္ဓာရီဝိဇ္ဇာမယ အင်းအစီအရင်များနှင့် ဥဏ္ဏလုံမွေးရှင်တော်မန္တရား**

ဂန္ဓာရီဝိဇ္ဇာမယလောကီအတတ်ပညာများအနက် အင်းပညာရပ်နယ်ပယ်တွင်လည်း ဤမန္တရားကို အသုံးပြုလေ့ရှိပါသည်။ အင်းပညာတွင် ဂါထာမန္တန်အများစုကို အင်းဆန်အဖြစ် အသုံးပြုစီရင်တတ်သော်လည်း ဤမန္တရားကိုမူကား အင်းဆန်အဖြစ် အသုံးပြုသည်ကို မတွေ့ရဘဲ အင်းအရံဂါထာအဖြစ်အသုံးပြုသည်ကိုသာ တွေ့ရပါသည်။ အထူးသဖြင့် အဌမုခ်အင်းများနှင့် စမွာနဝအင်းများတွင် အင်းအရံအဖြစ် အသုံးပြုကြောင်း တွေ့ရပါသည်။

၁။ အဌမုခ်အင်း ဆိုသည်ကား သစ္စာလေးပါးကိုရည်၍ (၄) ကိုတည်ပြီး အာယတန (၁၂) ပါးကိုရည်၍ ထို (၄) တွင် (၁၂) ခုစီတို၍ပေါင်းကာ ခရုပတ်လက်ယာရစ်လှည့်၍ ရေးသွင်းရ၏။ ထိုအဌမုခ်အင်းများ၌ အင်းကွက်ကြီးတစ်ကွက်လုံး အင်းကွက်ငယ်ပေါင်း(၉)အင်းပါ၏။ အင်းကွက်ကြီးပေါင်း (၁၂) ကွက်ရှိရာ ထိုပထမအင်းကွက်မှ ဒွါဒသမအင်းအထိ အင်းကွက်ငယ်စုစုပေါင်း (၁၀၈) ကွက် ရှိ၏။ နဝင်းဓာတ်အလီလီတပ်သောအင်းများ ဖြစ်ပေသည်။ ဤအဌမုခ်အင်းများအနက် ဒွါဒသမမြောက်ဖြစ်သော အမှတ် (၁၂) အင်းကို ဥဏ္ဏလုံမွေးရှင်တော်မန္တရားဖြင့်ရံပါက လက်နက်ဘေးရန်မှန်သမျှ အကာအကွယ်ရ၏။ မိုးကြိုးလက်နက်လောင်မီးစက်ကို တားဆီးနိုင်၏။ ခပ်သိမ်းသောမိစ္ဆာအဖျက်မျိုးပေါင်း ဝေးကွာရှောင်း၏။ ထိုနမူနာ ဒွါဒသမအဌမုခ်အင်းသည်ကား အောက်ပါအတိုင်း ဖြစ်ပေသည်။

၂။ ယခုတစ်ဖန် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအတတ်ပညာရပ်နယ်၌ မသိ၍မဖြစ်၊ မသုံး၍မရ၊ သိလည်းသိရ၊ သုံးလည်းသုံးရသော (ဝါ) အသုံးကျယ်၍ အသုံးကြွယ်လှသော စမွနဝအင်းများနှင့် ဤဥဏ္ဏလုံမွေးရှင်တော်မန္တရားကြီးတို့အား တွဲဖက်အသုံးပြုပုံကို ဖော်ပြချင်ပါသည်။ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာရပ်တွင် စမွာနဝအင်းများ၏အသုံး၊ စီရင်ထုံးစီရင်နည်းများမှာ များစွာ ကျယ်ဝန်းလှပါသည်။ မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာရှင်များလောက၌ ဤယခုတင်ပြခဲ့သောစမွာနဝအင်းများကို ပါရဂူမြောက်တတ်ကျွမ်းသူကား ပထမဟံသာဝတီခေတ်တွင် ထင်ရှားကျော်ကြားလှသော မြန်မာ့ရာဇဝင်တွင် တစ်ဦးတည်းသောဘုရင်မကြီးဟု ဆိုလောက်သည့် ဘုရင်မကြီး ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းကြီးပင် ဖြစ်ပါသည်။ ဓမ္မစေတီမင်းကြီးသည် စမွာနဝအင်းသွားအင်းကွက်အမျိုးမျိုးကို အင်းအရံဂါထာအမျိုးမျိုးနှင့် တွဲဖက်စီရင်၍ လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိများကို ဆောင်ကြဉ်းနိုင်ခဲ့သူ ဝိဇ္ဇာမယပညာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။ ထိုဓမ္မစေတီမင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

စီရင်အသုံးပြုသွားသော စမ္မာနဝထောင့်ထုတ်အင်းဟုခေါ်သည့် စတုဝီသ (၂၄) အင်းကို ဓမ္မစေတီအင်းသိုက်ဟု တင်စားခေါ်ဝေါ်ခဲ့ကြပါသည်။

စမ္မာနဝအင်း ဟူသည်ကို အကျဉ်းအားဖြင့်ဆိုရသော် စမ္မာ (၂)၊ နဝင်း(၉)၊ ဇာလင်း (၄)၊ သတ္တ (၇)၊ ပဉ္စ (၅)၊ တြိ (၃)၊ ဆ (၆)၊ ဧက (၁)၊ အဋ္ဌ (၈) ဟူသော အင်းဆန်လက်ာအစဉ်အတိုင်း အင်းဆန်အက္ခရာဂဏန်းတို့ကို အင်းသွားအမျိုးမျိုး၊ အင်းကွက်အမျိုးမျိုးစီရင်ထားသော အင်းများပင် ဖြစ်ပါသည်။ ထိုစမ္မာနဝအင်းများတွင် ထောင့်လေးထောင့်ထွက်အင်းများမှ အချို့ဖြစ်သော ထောင့်ထွက် စမ္မာနဝအင်းများ၌ ဤမန္တရားကို အဖိုးအရုံဂါထာအဖြစ် အမျိုးမျိုး အသုံးပြုစီရင်ထားသည်ကို တွေ့ရပါသည်။

(၁) စမ္မာနဝထောင့်လေးထောင့်၌ (၄) ဂဏန်းအသီးသီးထွက်၍ အထိုင်စီရင်ထားသောအင်းကို ဤဥဏ္ဏှလုံမွေးရှင်တော်ဂါထာအပိုဒ် (၁) ကိုရံ၍ထားပြီး အသုံးပြုပါက ဘီလူး၊ တစ္ဆေတို့ကိုနိုင်၏။ ထိုစမ္မာနဝစတုထောင့်ထုတ်အင်းနမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၄ | ၁၁ | ၆ | ၁၁ | ၄ |
| ၃ | ၈ | ၇ | ၈ | ၃ |
| ၈ | ၂ | ၁၀ | ၂ | ၈ |
| ၃ | ၈ | ၇ | ၈ | ၃ |
| ၄ | ၁၁ | ၆ | ၁၁ | ၄ |

**စမ္မာနဝစတုဝီသလေးထောင့်ကွက်အင်း**

(၂) စမ္မာနဝ ပဉ္စငါးခုထောင့်ထုတ်အင်းကို ကျောက်ပြား၌ချ၍ တြိသီဟောဂါထာနှင့် ဤမန္တရားတို့ဖြင့်တွဲ၍ စီရင်လျက် အရပ်ရှစ်မျက်နှာ၌မြှုပ်လေသော် မကောင်းဆိုးဝါးများ မဖျက်ဆီးနိုင်။ ရှေးက ပညာရှင်များ ပညာတက်စဉ်နေရာ၊ အစီအရင်နေရာ၊ ကျင့်စဉ်များကျင့်ရာ အရပ်တို့၌ ဤနည်းဖြင့် အကွယ်အကာ အရံအတားများ ပြုလုပ်ထားတတ်ကြပေသည်။

ထိုအင်းနမူနာကား -

| | | | | |
|---|---|---|---|---|
| ၇ | ၁၂ | ၈ | ၁၂ | ၇ |
| ၁၀ | ၈ | ၆ | ၈ | ၁၀ |
| ၃ | ၄ | ၁၁ | ၄ | ၃ |
| ၁၀ | ၈ | ၆ | ၈ | ၁၀ |
| ၇ | ၁၂ | ၈ | ၁၂ | ၇ |

**စမ္မာနဝစတုဝီသ ငါးထောင့်ကွက်အင်း**

(၃)စမ္မာနဝစတုဝီသအင်းတို့အနက် ထောင့်လေးထောင့်တွင် (၆) ကိုသွင်းပြီး ဤမန္တရားကို လက်ဝဲရစ်ရံရေး၍ စီရင်ပါက အကျိုးကျေးဇူး ကြီးမားစွာရရှိစေ၏။ အပါးသုံးဆယ်ပြီး၏။ ကာယသိဒ္ဓိ၌ အပြီးအစီးသို့ရောက်စေနိုင်၏။

(၄)စမ္မာနဝစတုဝီသပဉ္စငါးထောင့်ထုတ်၍ တြိသီဟောဂါထာနှင့်ဤမန္တရားကိုတစ်ထပ်ရံ၍ မိမိမြှုပ်နှံဝှက်ထားသော ပစ္စည်းများနှင့်အတူမြှုပ်လေက နှစ်လည်လျှင် ပစ္စည်းကိုတူးက မျက်လုံးနှစ်ဖက်ပြူးနှင့် ဘီလူးထွက်လိုက်ပေလိမ့်မည်။

(၅) တစ်ဖန် အထက်နည်းအတိုင်း ပဉ္စငါးထောင့်ထုတ်သော စတုဝီသစမ္မာနဝအင်းကို တြိသီဟောဂါထာ၊ ဥဏ္ဏှလုံမွေးရှင်တော်မန္တရားနှင့်ရံသည့်အပြင် အင်းထောင့်လေးထောင့်၌ ဘီလူးရုပ်ရေး၍ မိမိဥစ္စာပစ္စည်းနှင့်အတူမြှုပ်သော် ခုနစ်လည်လျှင် ပစ္စည်းခိုးတူးသူ အနူအဝဲကဲ့သို့ ပေါက်ပြယားယံ၏။

(၆) တစ်ထောင့်ထုတ်သော စတုဝီသစမ္မာနဝအင်းကို ကျောက်ပြားတွင်ချပြီး ပ၊ က၊ ဝ၊ တအက္ခရာလေးလုံးရံ။ ထို့နောက် ဤမန္တရားနှင့် ဓောလာမုနိဂါထာကိုရံ။ ထို့အပြင် ယက္ခဘီလူးကမယ်၍နေဟန်ရေး၍စီရင်ပါ။ ထိုအစီအရင်ကို လမ်းတွင်မြှုပ်ထားကာ သာမန်လူမဆိုထားဘိ ဆင်စစ်သည်၊ မြင်းစစ်သည်၊ သူရဲစစ်သည်တို့ ကျော်နင်းမိလျှင်ပင် လန့်ဖျပ်၍ သေလေရာ၏။

ဤမျှဆိုလျှင် စာဖတ်သူအချို့တို့ တွေ့ဖူး၊ မြင်ဖူးကြမည်ဖြစ်သော ဤဂန္ဓာရီဝိဇ္ဇာမယလောကီပညာဂါထာမန္တရားဖြစ်သော ဥဏ္ဏှလုံမွေးရှင်တော်မန္တရားကြီး၏ အနက်အဓိပ္ပာယ် အနှစ်သာရနှင့် မည်မျှ အသုံးကျယ်အသုံးကြွယ်၍ အဖိုး



ထိုက်တန် ဂါထာမန္တန်တစ်ခုဖြစ်ကြောင်းကို သိမြင်ကြရလောက်ပြီဟု ထင်ပါသည်။ ပတ္တမြား၊ စိန်၊ ကျောက်တို့ဟူသည် တန်ဖိုးရှိမှန်း သိကြသော်လည်း သာမန်မျှကြည့်လျှင် မည်ရွေ့မည်မျှ တန်ဖိုးကြီးသည်ကိုမသိနိုင်။ ထိုကျောက်မျက်တို့ကို အကွက်ကျကျ အကွက်လှသွေး၍ စေ့စေ့စပ်စပ် လေ့လာ စိစစ်ကြည့်ပါမှ တန်ဖိုးအမှန်ကို သိနိုင်ပေမည်။ ထိုသို့သိပါလေမှလည်း မြတ်နိုးတန်ဖိုးထားရကောင်းမှန်း၊ ဝတ်ဆင်ယင်ရကောင်းမှန်း ကောင်းစွာသိကြပေမည်။ ထို့အတူ ဂါထာ၊ မန္တန်၊ မန္တရားတို့မှာလည်း အပြင်ပန်းအားဖြင့်ကြည့်လျှင် သာမန်တန်ဖိုးရှိမှန်းလောက်သာသိကြပါသည်။ သို့သော် ထိုဂါထာ၊ မန္တန်၊ မန္တရားတို့၏ အနက်အဓိပ္ပာယ် အသုံးကျယ် အသုံးကြွယ်ပုံတို့ကို ထဲထဲဝင်ဝင် လေ့လာကြည့်ပါမှ ထိုဂါထာမန္တန်တို့၏ အနှစ်သာရတန်ဖိုး အကျိုးတန်ခိုးသိဒ္ဓိတို့ကို ကောင်းစွာ ဆင်ခြင် သိမြင်နိုင်ကြပါမည်။ ထို့ကြောင့် ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရှင်များ ယုံကြည်ကိုးစားအားထားစွာ လက်စွဲအသုံးပြု ဆောင်ယူအပ်သော ဤဥဏ္ဏှလုံမွေးရှင်တော်မန္တရားကြီး၏အကြောင်း သိအပ်သိမှတ်ဖွယ်ရာများကို လက်လှမ်းမီသရွေ့ လေ့လာသိရှိထားရသည်များမှ မျှဝေ ဖော်ထုတ် တင်ပြလိုက်ပါသည်။ သိသူများ ဖော်စားနိုင်ရန် ဖြစ်ပါသည်။ မသိသူများကား. . . ။

အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ

မေတ္တာများဖြင့်

တြိရတနာ-ဆရာဇေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com

# လူ့ဝင်စားပြဿနာ

တိုးထက်



**ခရစ်ယာန်ဘာသာ၏ လပ်နေသော ကြိုး တစ်မျှင်**

*သမ္မာကျမ်း၏ ပို့ချချက် တွင် ပြန်လည်ဝင်စားမှု ယူဆ ချက်ရှိသည်။*

*(Dictionary of All Scriptures and Myths)*

ဤလောကကြီးသို့ နောက်ထပ် သံသရာဖြင့် ပြန်ရောက်လာသောအခါ တွင် ယင်း၏ ဆုံးဝှက်ချက်များကို အောင်မြင်စွာ ရယူနိုင်မည် ဟူသော ယုံကြည်မှုဖြင့် တစ်ရက်မှ တစ်ရက်သို့၊ တစ်သံသရာမှ တစ်သံသရာသို့ လုပ်ရပ်များ ရွေ့ဆိုင်းမှုမပြုပါနှင့်။

**ယေရှုခရစ်**

*(နေ့တစ်ကျမ်းစာ PistisSophia မှ)*

ဘာသာရေးသမိုင်းမှတ်တမ်းများတွင် သွေးနှင့် စရိုက်ပျက်ကိစ္စရပ်များ များပြားလှကြောင်းကို လူတိုင်း သိကြသည်။ သို့သော် ခရစ်ယာန်အတွေးအခေါ်နှင့်ခံယူချက်မှ လူ့ဝင်စားသဘောတရားကို ပယ်ချခဲ့ခြင်းသည် အရင့်ဆုံးနှင့် ရှက်ဖွယ်အကောင်းဆုံးဖြစ်ရပ် ဖြစ်ကြောင်း သဘောပေါက်သူ နည်းပါးသည်။ တစ်ချိန်သောအခါက လူ့ဝင်စားသဘောတရားကို ခရစ်ယာန်သာသနာတ အလေးအနက်ထား၍ သုံးသပ်ခဲ့ကြောင်း မျက်မှောက်ကာလ ခရစ်ယာန်ဘာသာဝင်အများစု မသိကြချေ။ ခရစ်ယာန်ဘာသာတရားသည် ရောမဧကရာဇ်များ၏ အင်ပါယာတည်ရန် ရည်ရွယ်ချက် အထမြောက်စေသည့် နည်းလမ်းတစ်ရပ်အသွင်မရောက် ရှိခင်က ဖိနှိပ်ခံခရစ်ယာန် များသည် ပြန်လည်မွေးဖွားမှုသဘော တရားကို လက်ခံယုံကြည်ခဲ့သည်က အမှန်ပင်။

ဤခေတ်ဦးပိုင်းလူ့ဝင်စားမှုသည် သမ္မာကျမ်းစာဟောင်းရောအသစ်မှာပါ ဖော်ညွှန်းထားသည့်ကိစ္စဖြစ်ပြီး ယေရှုခရစ်၏ကိုယ်ရေးလွတ်မြောက်မှုအမြင်နှင့် အံဝင်ခွင်ကျရှိသည်ဟုယူဆခဲ့သည်။ ဘာသာရေးအကြီးအကဲအတော်များများသည် ယေရှုခရစ်၏ ဓမ္မတရားများကို ထိန်းသိမ်းဖြန့်ဝေရန် ရည်ရွယ်ချက်ဖြင့်တည်ထောင်ခဲ့သော နော့ပ်တစ်ဂိုဏ်းဝင်များ၏လှုပ်ရှားမှုကို လက်ခံခဲ့သည်။ ကမ္ဘာဦးကာလမှသည် လောကလူသားတို့သည် လူ့ဘဝအဖြစ်သို့ အခါခါရောက်ရှိရပြီး ထိုသို့ဝင်စားမှုအကြောင်းရင်းမှာ ဉာဏ်အလင်းရစေရန် ပုံစံသွင်းမှုတစ်ရပ်ဖြစ်သည်ဟု ရှေးခေတ် ခရစ်ယာန်ဘာသာဝင်များကခံယူခဲ့ကြသည်။ သို့တိုင်အောင် ယေရှု၏ပုံကို တုပခြင်းဖြင့် သေခြင်း၊ ရှင်ခြင်းသံသရာမှ လွတ်ကင်းပြီး ခန္ဓာဝန်ကင်းမဲ့စွာ ဘုရားနှင့်ပြန်လည် ပေါင်းစည်းရသည့်အနေနှင့် ဆိုက်ရောက်နိုင်မည်ဟု ယူဆမှုလည်း ရှိခဲ့သည်။

ဤသဘောတရားကို အဓိကပုံစံတည်ပေးခဲ့သူမှာ အိုရီဂင် ဆိုသူ ဖြစ်သည်။ သူ့အား တတိယရာစုနှစ် ခရစ်ယာန်ပညာမင်းသားအဖြစ် နေဆာမှ စိန့်ဂရေးဂရီက တင်စား ဆိုညွှန်းခဲ့ပြီး Encyclopaedia Britannica က ဩဂတ်စတင်းမှအပ အထင်ရှားဆုံး သာသနာဖခင်ကြီးတစ်ဦးဟု သူ့ကို မှတ်တမ်းတင်ခဲ့သည်။ အိုရီဂင်သည် သမ္မာကျမ်းစာစကားကို အဓိကထားသော်လည်း သူ၏ဇာတိ အလက်ဇန္ဒြားမြို့တွင် နှစ်ပေါင်းလေးရာမှက လွှမ်းမိုးခဲ့သော၊ ပလေတို၏ ဒဿနသီလကိုပြသခွင့်ရစေရန်အတွက် ဝိညာဉ်ကို ခန္ဓာကိုယ်အတွင်းထည့်သွင်းလိုက်သည် ဟူသော သဘောတရားကို လက်ခံခဲ့သည်။ ထို့ကြောင့် သူသည် A Select Library of the Nicene Post-Nicene Fathers of the Christian Church တွင် ဖော်ပြခဲ့သော သူရေးသားခဲ့သည့် စာတစ်စောင်တွင် အောက်ပါအတိုင်း တွေ့ရသည်။

ရုပ်ဝတ္ထုအသွင်ကင်းမဲ့သော်လည်း ဆင်ခြင်ဉာဏ်ရှိသောသတ္တဝါသည် ခန္ဓာကိုယ်မှ ကင်းပစွာ တည်ရှိနိုင်ပြီး ခန္ဓာကိုယ်ရှိနေရခြင်းသည် ခန္ဓာကိုယ်ကင်းမဲ့နေသည်ထက် ပို၍ဆိုးဝါးကြောင်း ပြသနိုင်ပါလျက် ခန္ဓာကိုယ်များသည် ဒုတိယအဆင့်သာလျှင် အရေးပါပြီး ဆင်ခြင်ဉာဏ်ရှိသောသတ္တဝါတို့၏ ထွေထွေပြားပြားလိုအပ်ချက်တို့အရ အခါအားလျော်စွာ ပေါ်ပေါက်လာမှုသာ ဖြစ်ကြောင်း ထင်ရှားပေသည်။ ခန္ဓာကိုယ်လိုသူတို့ကို ခန္ဓာကိုယ်ဆင်မြန်းပေးပြီး ပို၍ကောင်းသောအဆင့်သို့ ထိုဝိညာဉ်များ မြောက်ကြွရသောအခါ ခန္ဓာကိုယ်ချေမှုန်းပစ်လိုက်ရသည်။ သို့ဖြင့် ယင်းတို့သည် အမြဲတစေ ပျောက်ကွယ်သွားလိုက်၊ ပြန်ပေါ်လာလိုက်ဖြစ်နေသည်။

အိုရီဂင်သည် သူ၏အဓိကလက်ရာနှင့် ခရစ်ယာန်ဝါဒ၏ ပထမဦးဆုံးစနစ်တကျ သဘောတရားဖြစ်သည့် ဒီပရင့်စီပစ်တွင် အောက်ပါအတိုင်း ဆိုခဲ့သည်။

ဝိညာဉ်တိုင်းသည် ယခင်ဘဝက အောင်ပွဲများဖြင့် အားဖြည့်လျက်သော်လည်းကောင်း၊ ယခင်ဘဝကရှုံးနိမ့်မှုများဖြင့် ချည့်နဲ့၍သော် လည်းကောင်း ဤ



www.burmeseclassic.com

www.burmeseclassic.com

လောကသို့ ရောက်လာကြသည်။ ဤလောကတွင် ယင်းဂုဏ်တင့် (သို့) ဂုဏ်မတင့်သောအဆင့်သို့ ရောက်ရခြင်း၊ မရောက်ရခြင်းသည် ယခင်ဘဝက ကောင်းမှု (သို့) မကောင်းမှုပေါ်တွင် မူတည်သည်။ ဤကမ္ဘာလောကတွင် လုပ်ရပ်တို့က နောက်ကမ္ဘာလောကတွင် ယင်း၏နေရာကို ဆုံးဖြတ်ပေးသည်။

သူ၏ ယုံကြည်ချက်ကြောင့် ဘဝ၏ နောက်ဆုံးနှစ်များတွင် ရောမတို့၏ ပထမဦးဆုံး ခရစ်ယာန်ကျောင်းကို တည်ထောင်ခဲ့သူ ဂျပ်စတင်၏ တရားကဲ့သို့သော အခြားသာသနာ့ဖခင်ကြီးများအတွက် သမ္မာကျမ်းစာသည် လိုသလို ဆွဲဆန့်နိုင်သော ဇာတ်လမ်းများဖြင့် ပြည့်ဝနေသောကျမ်းဟု အနက်ဖွင့်စရာဖြစ်ခဲ့သည်။ အိုရီဂင်၏သံသရာလောကသဘောတရားအမြင်ကို သမ္မာကျမ်းစာအား အမြင်ကျဉ်းကျဉ်းဖြင့် ရှုမြင်သူတို့ ဘဝင်မတွေ့ခဲ့ချေ။ သို့သော် လူဝင်စားသဘောတရားကို ခရစ်ယာန်သဘောတရားက အဆန့်ကျင်ဆုံးဖြစ်ရပ်တို့သည် လေးရာစုနှစ်ကာလကျမှ ဖြစ်ပေါ်ခဲ့သည်။ ခရစ်ယာန်ဘာသာဝင် အစုအစည်းတို့သည် အာဏာရှင်တို့၏ ဖိနှိပ်ချုပ်ချယ်ခံ လျှို့ဝှက်အစုအစည်းများမှနေ၍ နိုင်ငံရေးအရ အရေးပါအရာရောက်သော အင်အားစုတစ်ရပ် ဖြစ်လာသည့်အခါကျမှသာ သူတို့၏ ခံယူချက်သည် ပြတ်ပြတ်သားသား တိုက်ဖျက်စရာ ခံယူချက်ဖြစ်လာသည်။

**ခရစ်ယာန်ဘာသာ၏ စော်ကားမော်ကား အပြု**

ပထမဦးဆုံးသောရောမဧကရာဇ် မဟာကွန်စတင်တိန်းက ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်လာပြီး ခရစ်ယာန်ဘာသာကို သူယုံကြည်ကိုးကွယ်သည့်ကြောင့် ယခုကဲ့သို့ စစ်ရေးအောင်မြင်လာခဲ့သည်ဟု ခံယူလာခြင်းတွင် လူဝင်စားသဘောတရားကို ချေမှုန်းရေးမျိုးစေ့ ပါရှိလာခဲ့သည်။ ၃၁၂ အေဒီတွင် မီလ်ဗင်တံတားတိုက်ပွဲ၌ မက်ဇန်တီအပ်၏ ပို၍ အင်အားကြီးမားသော တပ်များကို မအောင်နိုင်ခင်တွင် သူသည် နေပေါ်တွင် လက်ဝါးကပ်တိုင်ပုံ အလင်းတန်းတစ်ခု ထပ်ဆင့်မြင်ခဲ့ပြီး ထိုအမြင်ကြောင့်ပင်လျှင် သူကိုယ်သူ ခရစ်ယာန်ဘုရားက ရွေးချယ်သော ကာကွယ်စောင့်ရှောက်သူပင် မုချဖြစ်သည်ဟု ခံယူခဲ့သည်။ ဤကျေးဇူးတော်ကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဦးဆုံးအကြိမ်အဖြစ် သူသည် လူသူအားလုံးကို ဘာသာရေးလွတ်လပ်ခွင့်ပေးခဲ့၏။ ခရစ်ယာန်များက အာဏာပိုင်များက ယခုမှ သူတို့ကိုလက်ခံနေပြီဟု သဘောတွေ့စဉ်မှာပင် ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်လိုက်ခဲ့သည်။နှစ်ပေါင်း နှစ်ဆယ်ကာလအတွင်းတွင် ခရစ်ယာန်ဘာသာသည် တရားမဝင်သော လူစုကျင့်ထုံးကျင့်သုံးသူတို့အားလုံး ဖမ်းဆီးကွပ်မျက် အညှဉ်းပန်းခံရသည့်အနေမှနေ၍ အင်ပါယာ၏ တရားဝင်ဘာသာဖြစ်လာခဲ့သည်။ သို့တိုင်အောင် ကွန်စတင်တိန်းက သာသနာကို ချီးမြှင့်သည့်လက်ဆောင်နှင့် မျက်နှာသာပေးမှုတို့အတွက် တန်ကြေးမြင့်မြင့်မားမား တုံ့ပြန်ခဲ့ရသည်။ သာသနာအုတ်မြစ်ကို ဧကရာဇ်အလိုကျ နိုင်ငံရေးပုံစံကျ တည်ခဲ့ရသည်။ ယဉ်ကျေးမှု၊ ယုံကြည်မှု၊ ဝတ်ပြုမှု စသော ထုံးစံတို့ထက် ကိုယ်ကျိုးနှင့် နိုင်ငံရေးအာဏာက ပဓာနကျခဲ့သည်။ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများကို ခန့်အပ်ခဲ့သည်မှာ မှန်သော်လည်း လောကုတ္တရာရေးတွင် ယင်းတို့ ဦးဆောင်ဦးရွက်ပြုနေနိုင်သည့် အတိုင်းအတာအတွက်မဟုတ်ပါဘဲ အင်ပါယာပေါင်းစည်းရန် ကွန်စတင်တိန်း၏ အကြံစည်ကို အထောက်အကူပြုနိုင်သည့်အတိုင်းအတာအရသာ ချီးမြှောက်ခံခဲ့ရသည်။ သမိုင်းစဉ်တစ်လျှောက်လုံးတွင် ပထမဦးဆုံးအကြိမ်အားဖြင့် သာသနာသည် အမည်ခံခရစ်ယာန်ဘာသာဝင်တို့ကို ဆွဲဆောင်မှုပြုလာသည်။ အမှန်တရားအတွက် ဘာသာကို လိုက်လံသည်ထက် လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအကျိုးအတွက် ခရစ်ယာန်ဘာသာသို့ ဝင်လာကြသူများ ရှိသည်။

ကွန်စတင်တိန်းသည် ခရစ်ယာန်၏ တရားစစ်တရားမှန်ဟု သူနားလည်သဘောပေါက်ထားချက်ကို စောင့်ရှောက်ရန်ဆန္ဒဖြင့် ခရစ်ယာန်ဘာသာ၏ထုံးတမ်းစဉ်လာကို သတ်မှတ် အနက်ဖွင့်ဆိုရန်အတွက် ၃၂၅ အေဒီတွင် နီဆီဟာကောင်စီအစည်းအဝေးခေါ်ခဲ့သည်။ ထိုအခါမှစ၍ ဧကရာဇ်၏ဆန္ဒဖြင့် အမြဲတစေ လွှမ်းမိုးခံထားခဲ့ရသော အင်အားကြီးမားသည့် သာသနာနှင့် နိုင်ငံတော်အဖွဲ့အစည်းသည် မည်သည့်အချက်ကို လက်ခံနိုင်သည်၊ မည်သည့်အချက်မှာ တိတ္ထိတရားဖြစ်သည်ဟု စီရင်ဆုံးဖြတ်မှုပြုခဲ့သည်။ သမားရိုးကျ ခရစ်ယာန်ဝါဒက ဘဝနှစ်ခုကိုသာခွင့်ပြုခဲ့သည်။ တစ်ခုမှာ သဘာဝခန္ဓာကိုယ်အတွင်းမှဘဝနှင့် နောက်တစ်ခုမှာ ပြန်လည်ရှင်သန်သည့်အနေဖြင့် နောက်တစ်ဘဝမျှသာ ဖြစ်သည်။ ကောင်စီ၏ သဘောထားနှင့် ဆန့်ကျင်သော ဂိုဏ်းချုပ်ဘုန်းတော်ကြီးများသည် တရားပျက်များဟု သတ်မှတ်ခံရပြီး လျင်မြန်စွာ ရှင်းထုတ်ခံခဲ့ရသည်။ ထိုစဉ်ကာလမှာပင် သာသနာကို အရပ်က ဝင်ရောက် ခြယ်လှယ်မှုကို ဘဝင်မကျသော တရားစောင့်ခရစ်ယာန်များသည် ယင်းတို့ ကိုယ်ပိုင် ဘာသာရေးလှုပ်ရှားမှု ပြုခဲ့ကြသည်။ ယင်းတို့သည် လောကီအရေးထဲ ပါဝင်နေလွန်းသော သာသနာမှ လွတ်မြောက်ရန်သာမက ကယ်တင်ရှင် ယေရှု၏ဘဝကို တုပသည့် ဧကစာရီအကျင့်မျိုးကျင့်သည့် သဘောမျိုးဖြင့် ကန္တာရများသို့ ထွက်ခွာအခြေချခဲ့ကြသည်။

ဤ စောစောပိုင်း သာသနာအကွဲအပြဲသည် ၃၈၀ အေဒီတွင် ပို၍ ပြင်းထန်လာခဲ့သည်။ အာဏာပိုင်များက လွတ်လပ်စွာ တွေးခေါ်နေသော ခရစ်ယာန်ဘာသာဝင်များကို တရားမဝင်ဟု သတ်မှတ်လာသည်။ ဧကရာဇ် သီအိုဒိုဆီအပ်စ်သည် သာသနာပိုင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ သက်ဆောလ်အိုနီကာအမိန့်ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းအမိန့်တွင် အောက်ပါအတိုင်း ဆိုထားခဲ့သည်။

*'ငါတို့၏ နိုင်ငံတော်တွင် နေထိုင်နေသူအပေါင်းတို့သည် ယေရှုခရစ်၏ တပည့်သာဝက ပီတာက ရောမတို့ထံ ဆင့်ပွားအပ်နှံပြီး မျက်မှောက်ကာလအထိ ဆက်လက် ထိန်းသိမ်းထားသော သမားရိုးကျအသွင် ခရစ်ယာန်ဘာသာကိုသာ လက်ခံယုံကြည်ကြရမည်'*

ထို အမိန့်တော်စာတမ်းက အောက်ပါအတိုင်း ဆက်လက် ဖော်ပြခဲ့သည်။

*'ဤဘာသာတရား စည်းမျဉ်းတို့ကို လိုက်နာသူတို့အား ကက်သိုလစ် ခရစ်ယာန်များဟု သဘောထား လက်ခံမည်ဖြစ်ပြီး ဤအယူနှင့် ဆန့်ကျင်သူတို့အား သူရူးများ၊ တိရစ္ဆာန်များဟု သတ်မှတ်၍ ယင်းတို့အား ဘုရားသခင်၏ အပြစ်ဒဏ် ခံစားစေမည်ဖြစ်ပြီး ငါတို့မှ တစ်ဆင့် သာသနာအာဏာပိုင်အဖြစ် အာဏာကို အသုံးပြု၍ အပြစ်ဒဏ်ပေးမည်'*



www.burmeseclassic.com

www.burmeseclassic.com

အနှစ်ချုပ် ဆိုရပါလျှင် တိတ္ထိဖြစ်နေခြင်းသည် အပြစ်ရှိရုံမျှသာမကခဲ့တော့ချေ။ သေဒဏ်ထိုက်သော ရာဇဝတ်မှုဖြစ်လာသည်။ ၃၈၅ အေဒီတွင် လူဝင်စားသဘောတရား အာဇာနည်ပထမအသုတ်တစ်သုတ်သည် နိုင်ငံတော်နှင့် သာသနာမဟာမိတ်အစု၏ ရိုင်းစိုင်းသုတ်မာမှုဒဏ်သင့်ခဲ့ရသည်။ ပရစ်ဆီလန်ဂိုဏ်းမှ စပိန်ခုနစ်ဦးအား အယူလွဲမှားနေမှုကြောင့် ခရစ်ယာန်တရားသူကြီးတစ်ဦးက အပြစ်ဒဏ်ပေးလိုက်သည်။သို့တိုင်အောင် လူဝင်စားသဘောတရားကို ရှုတ်ချသည့် တရားဝင် အမိန့်တစ်ခုမျှ အင်ပါယာတစ်ခွင်တွင် နောက်နှစ်ပေါင်း တစ်ရာ့ငါးဆယ်အထိ မပေါ်ပေါက်ခဲ့ချေ။

နော့စ်တစ်များသာ အများစုဖြစ်သော ဤကန္တရခရစ်ယာန်တို့သည် သာသနာ၏မူဝါဒကို အမိကချမှတ်နေသူတို့၏လက်မှ အနှောင့်အယှက်ကင်းသလောက်အနေဖြင့်ပင် အိုရီဂင်၏ သဘောတရားများကို လိုက်နာကျင့်သုံးနေနိုင်ခဲ့ကြသည်။ သို့သော် ၆ ရာစုနှစ်ကာလတွင် ပါလက်စတိုင်းဒေသရှိ အိုရီဂင်ဝါဒီနှင့် အိုရီဂင်ဝါဒ ဆန့်ကျင်ရေးသမားကြား ပဋိပက္ခကို တရားသူကြီးပြုလုပ်ပေးရန် ဧကရာဇ် ဂျန်စတင်တိုင်းပန်ကြားခံရသောအခါတွင် ပြဿနာကြီးထွားလာခဲ့သည်။ ဂျန်စတင်တိုင်းသည် ၅၄၃ အေဒီတွင် ကွန်စတန်တီနိုဘယ်မြို့တွင် သာသနာ့ညီလာခံတစ်ခု ကျင်းပစေခဲ့ပြီး ထိုညီလာခံက အိုရီဂင်၏ သဘောတရားများကို ရှုတ်ချခဲ့သည်။ (ဘီစီ ၅၂၉ ခုနှစ်တွင် ဂျပ်စတင်တိုင်သည် ခေတ်သစ်ပလေတိုသဘောတရားနှင့် လူဝင်စားသဘောတရားလေ့လာမှု အမိကပြုရာ အေသင်တက္ကသိုလ်ကိုပိတ်ခဲ့သောကြောင့် ထိုသာသနာ့ညီလာခံမှ မည်သို့ အဖြေထွက်မည်မှန်း ဒွိဟဖြစ်စရာမရှိခဲ့ချေ။) နောက်တွင် ဧကရာဇ်သည် အိုရီဂင်၏ သဘောတရားနှင့် ပတ်သတ်၍ သာသနာမှထုတ်ပယ်ခြင်း အပါအဝင် သာသနာမှ အပြစ်ပေးမှု (၁၅) ချက်ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းတို့မှ လေးခုသည် ယခင်ဘဝကို တိုက်ရိုက်ညွှန်းဆိုထားခဲ့သောသဘောအရ လူဝင်စားသဘောတရားနှင့်ပတ်သက်ခဲ့သည်။ ထိုလေးခုမှ ပထမအချက်က အောက်ပါအတိုင်း ဆိုညွှန်းခဲ့သည်။

**ဝိညာဉ်များသည် ယခင်က သက်ရှိခဲ့ဖူးပြီး နောင်လည်းပဲ ယင်းမှ ပြန်လည်ဖြစ်ထွန်းမှုရှိမည်ဟု ဆိုပါလျှင် ထိုသူအားကျိန်စာသင့်စေ။**

ဂျပ်စတင်းတိုင်းသည် ဤတရားဝင်ကျိန်စာများကို ၅၅၃ ခုတွင် ဖွဲ့စည်းပုံဥပဒေအရမဟုတ်သော ဒုတိယကွန်စတန်တင်နိုပဲလ်ကောင်စီ၏ အကြိုအစည်းအဝေးသို့ တင်ပြခဲ့သည်။ ရှစ်နှစ်ကြာမျှ ဂျပ်စတင်းတိုင်၏ အကျဉ်းသားဖြစ်ခဲ့ရသော ပုပ်ရဟန်းမင်းကြီး ဗီဂီလီအပ်စ်သည် ထိုဆွေးနွေးပွဲကို တက်ရောက်ရန်ငြင်းဆန်ခဲ့သည်။ အာဏာရှင်ဆန်နေခဲ့သော ဧကရာဇ်၏အလိုဆန္ဒကို လိုက်လျောရန်ကိစ္စသည် အစည်းဝေးတက်ရောက်နေသည့် ဂိုဏ်းချုပ်ဘုန်းတော်ကြီးတို့၏တာဝန်ဖြစ်သွားခဲ့သည်။ အမိကအစည်းအဝေးတွင် ထိုလူဝင်စားကိစ္စကို ကျိန်စာအပြစ်ဒဏ်ပေးခြင်းအကြောင်း ဆွေးနွေးမှုပြု မပြု အထောက်အထားမရှိသော်လည်း ဒုတိယကောင်စီက ထိုစည်းမျဉ်းများကို လက်ခံအတည်ပြုခဲ့သည်ဟု သမိုင်းပညာရှင်များ ရာစုနှစ်ပေါင်းများစွာ မှားယွင်းယူဆခဲ့ကြသည်။ သို့တိုင်အောင် တရားဝင်အတည်ပြု မပြုက အရေးမဟုတ်ချေ။ အရေးပါသည့် အချက်ကား ၅၅၃ ခုနှစ် အေဒီကာလ သာသနာရေးကောင်စီ ကျင်းပပြီးနောက်တွင် သာသနာသည် လူဝင်စားသဘောတရားကိုရှောင်ကြဉ်လာခဲ့သည်ဟူသောအချက်ပင် ဖြစ်သည်။

မည်သည့်အတွက်ကြောင့် အာဏာပိုင်များက လူဝင်စားခြင်းကိုယုံကြည်မှုအား ဘဝင်မတွေ့ရသည့်အကြောင်းကို ကြိုက်သလို သုံးသပ်ဆန်းစစ်နိုင်သည်။ လူဝင်စားသဘောတရားကို လက်မခံသည့် အမိကအကြောင်းတရားမှာ ယင်းတွင် ကိုယ့်အားကိုယ်ကိုးသဘောထားပုံရိပ်ပေါ်နေ၍ ဖြစ်နိုင်သည်။ ထိုစိတ်ဓာတ်သည် အာဏာရှင်သခင်တို့၏ ဩဇာကို လျော့ကျစေနိုင်သောအနေအထားရှိသည်။ လူဝင်စားဝါဒီတို့အား သုခဘုံဖြင့်လည်းခြိမ်းခြောက်၍ မရနိုင်ခဲ့ချေ။ ဘုရားသခင်ထံသို့နှင့်သည့်ခရီးတွင် တည့်တည့်ဖြောင့်ဖြောင့်လျှောက်ရန် မည်သည့်ဘုန်းကြီး သို့မဟုတ် မလေ့ထုံးစံ၏ သွန်သင်ညွှန်ကြားစည်းသတ်မှတ်မှု မလိုအပ်ခဲ့ချေ။ကိုယ့်ဘဝကိုယ်ချွန်ရန် အနေအထားတွင် သာသနာက လူထုအပေါ် အလကားသက်သက်မှိုခိုအမြတ်ထုတ်နေသည်ဟု မြင်စရာရှိလာသည်။ ဤသည်ကြောင့် သာသနာသည် ယင်းကို ဝပ်တွားရိုကျိုးမည်ဟု တပ်အပ်မသေချာသော သဘောတရားကို လက်ခံနိုင်စွမ်း မရှိခဲ့ချေ။ Patterns of Destiny တွင် ဟန်စ်ဟိုလ်ဇာက အောက်ပါအတိုင်း ရေးသားခဲ့သည်။

သာသနာသည် ဘာသာဝင်တို့ စည်းမဖောက်စေရန်အတွက် နောက်ဆုံးတရားစီရင်သောနေ့ဟူသော ကျာပွတ်ပြချက်ကို လိုအပ်ခဲ့သည်။ ထို့ကြောင့် ဘာသာဝင်များ လူဝင်စားသဘောတရားကို ယုံကြည်လက်ခံရန် ခွင့်မပေးနိုင်ခြင်းမှာ သာသနာအတွက် သေရေးရှင်ရေးကိစ္စတစ်ရပ်ပင်ဖြစ်ခဲ့သည်။

သို့တိုင်အောင် အစဉ်အလာအထိန်းတော်များ ရက်စက်စွာ ဖိနှိပ်နေသည့်ကြားမှပင် 'တိတ္ထိ' သဘောတရားကို ဖက်တွယ်နေသော ခရစ်ယာန်ဂိုဏ်းများကို ချိုးနှိမ်၍မရခဲ့ချေ။ သာသနာကဘာသာရေးစစ်ပွဲအဖြစ် အကြမ်းဖက်ကွပ်မျက်နေသည်နှင့်အမျှ နောက်ဘဝသည်သာ တောင့်သဖွယ်ရာဖြစ်လာခဲ့သည်။ လူဝင်စားဝါဒီများ ဖြစ်သောအက်ဘီဂျန်တို့အား ပိုင်ရာနိစ်ရှိသူတို့၏ မောင့်ဆီဂါခံတပ်တွင် ကလေး၊ လူကြီး၊ မိန်းမတစ်ယောက်မကျန်ကို သုတ်သင်သတ်ဖြတ်ခဲ့သည်။ အေဒီ ၁၂၇၄ ခုနှစ်တွင် လီယွန်သာသနာကောင်စီသည် ဂျန်စတင်းတိုင်၏ကျိန်စာကို ထပ်မံ အတည်ပြု၍ ဝိညာဉ်တို့သည် ချက်ချင်းပင် ကောင်းကင်ဘုံ၊ တမလွန် သို့မဟုတ် ငရဲသို့ သွားရောက်ရသည်ဟု အတည်ပြုပြောကြားခဲ့သည်။ တိတ္ထိတရားများကို ချေမှုန်းချေဖျက်မှုပီပြင်လှခဲ့သောကြောင့် အိုရီဂင်၏ ကြွင်းကျန်သမျှ စာတမ်းဆိုသည်များမှာ အတိုက်အခံများ၊ ဆိုညွှန်းချက်များတွင်တွေ့ရသည့် ကောက်ချက်များသာဖြစ်သည်။ ဤကောက်နုတ်ချက်အများစုသည်လည်း သာသနာပိုင်များ၏အမျက်ကိုမလိုက်သောကြောင့် ရေးထိုးပြန်ဆိုထားပါသည်ဟုဆိုသော လက်တင်ဘာသာပြန်ဆရာ ရူဘီနပ်စ်၏လက်ရာတွင်သာ တွေ့ရသည်။ ၁၆ ရာစုနှစ်သို့ရောက်သောအခါတွင် လူဝင်စားအတွေးအခေါ်ကို လူမှုအသိမှ အမြစ်ကနုတ်ပယ်ခဲ့ပြီးဖြစ်ရာ ယင်းယုံကြည်မှုကို ခေတ်သစ်သို့ သယ်ဆောင်ရေးမှာ အဂ္ဂိရတ်ဆရာများနှင့် ရိုစီကရူရှင်းကဲ့သို့သော ဂမ္ဘီရအုပ်စုများ၏ လျှို့ဝှက်တာဝန်ဖြစ်လာခဲ့သည်။

တိုးထက်

*The Case For Reincarnation.*
*By. JOE FISHER* ကိုပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

### မြသက်မောင်(သုံးဆယ်)

# တောင်ပုလုဆရာတော်ဘုရားကြီး

## ကြည်ညိုဖွယ်ရာပုံရိပ်များ



တောင်ပုလုဆရာတော်ဘုရားကြီးသည် မြန်မာပြည်အတွင်း၌သာမက ပြည်ပနိုင်ငံခြားရပ်ဝေးဒေသများထိတိုင် သာသနာပြု ကြွရောက်ခဲ့သော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။ ဘဝနတ်ထံ ပျံလွန်တော်မူပြီးသွားသော်လည်း သည်းခံမှုဂုဏ်နှင့် ပြည့်စုံမှုရှိခြင်းကို ကြည်ညိုဖွယ်ရာအဖြစ် မှတ်တမ်းတင်နိုင်မှုများက သာ၍ကေပြလျက်ရှိပေသည်။ တောင်ပုလုတောရရိပ်သာ ရေလယ်ကျွန်းကို တောင်ပုလုဆည်ရေများက ပတ်လည်ဝန်းရံလျက်ရှိ၍ ကျောက်ပျဉ်သဖွယ် အလွန်လှပတင့်မောဖွယ် ကျွန်းကလေးတစ်ကျွန်း ဖြစ်နေ၏။

တောင့်ကတ်တို့၏ သဘာဝတေးသံတို့ဖြင့် အလွန်သာမောကြည်နူးဖွယ်ရာ တောရရိပ်သာတစ်ခုဖြစ်နေခြင်းကြောင့် တရားအမှုနှင့် မွေ့လျော်သူတို့အတွက် ကျင့်ကြံပွားများနိုင်သော နေရာဒေသတစ်ခု ဖြစ်နေလေသည်။ ဤနေရာဤဒေသ၌ပင် တောင်ပုလုဆရာတော်ဘုရားကြီးသည် ဝါတွင်းလေးလပတ်လုံး သီတင်းသုံးတော်မူခဲ့သည်။ မြန်မာနိုင်ငံနေရာဒေသအသီးသီး တစ်နံတစ်လျားတို့မှ လာရောက် ဖူးမြော်ကြသူ များပြားခဲ့သည်။ ဆရာတော်ကြီးက သရဏဂုံဆောက်တည်ကြရန်၊ သရဏဂုံဆောက်တည်ခြင်း အကျိုးကျေးဇူးကြီးမားပုံ၊ ငါးပါးသီလကို လုံလုံခြုံခြုံစောင့်ထိန်းဆောက်တည်ကြရန် ဟောကြားတော်မူပါသည်။

ဆရာတော်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် တဲစုရွာ၌ ၁၂၅၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ မိဘများမှာ ဦးရုံနှင့် ဒေါ်ရွှေသဲတို့ဖြစ်သည်။ ငယ်မည်မှာ မောင်ပေါ်လာဖြစ်၍ အသက်(၁၄)နှစ်၌ တဲစုရေဝန်းကျောင်းဆရာတော်ထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်နန္ဒိယ ဖြစ်သည်။ သက်တော်(၂၀) နှစ်တွင် တဲစုရွာနေ ဦးထွန်းအေး၊ ဒေါ်ကြာမွှေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ သာစည်မြို့ ရေလည်ကျောင်းတိုက်ကြီးတွင် စာချဆရာတော်အဖြစ် ပရိယတ္တိစာပေများကို ဝါ(၂၀) တိုင် စာပေပို့ချခဲ့သည်။

မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးထံတွင် ၁၂၈၇ ခုနှစ်၌ (၂) နှစ်ခန့် ပဋိပတ်အလုပ်များကို အားထုတ်ကျင့်ကြံခဲ့သည်။ ၁၃၁၅ ခုနှစ်တွင် တောင်ပုလုတောင်ထိပ်တွင် ကမ္ဘာအေးစေတီကို အုတ်မြစ်ချပေးခြင်း၊ တောင်ပုလုဆည်နှင့် ကမ္ဘာအေးစေတီတည်ခြင်းကို အစွဲပြုကာ တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးဟူ၍ ကျော်စောထင်ရှားခဲ့လေသည်။

ဆရာတော်ကြီး သင့်ရှုထင်ရှား



www.burmeseclassic.com

စဉ်က တပည့်အပေါင်းအား ရုပ်၊ နာမ်ကို မပြတ်မလပ် နှလုံးသွင်း၍ ပွားများအားထုတ်ကြရန်၊ ဤသို့အားထုတ်ကြသျှင် အကျိုးကျေးဇူး ဖြစ်ထွန်းမည်ဖြစ်ကာ တစ်ခဏလေး ပွားများအားထုတ်ခံနှင့် အသက်တစ်ရာနေထိုင်သူထက် အမြတ်ဆုံးဖြစ်ကြောင်းဩဝါဒပေးတော်မူခဲ့သည်။

တောင်ပုလုဆရာတော်ကြီးသည် နောက်ပါ သံဃာတော် (၄) ပါးနှင့်အတူကြွချီတော်မူခဲ့သောခရီးစဉ်၌ အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ဤခရီးစဉ်မှာ တပည့်ဒါယိကာမတစ်ဦးဖြစ်သူ ဒေါက်တာရီနာဆာကား၏ ပင့်လျှောက်ချက်အရ ကြွရောက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ အမေရိကန်စံတော်ချိန် ညနေ (၂) နာရီ၊ (၅၅) မိနစ်အချိန် ဆန်ဖရန်စစ္စကိုမြို့သို့ ဆိုက်ရောက်တော်မမူခင် လေယာဉ်ကွင်းဆင်းခါနီး၌ လေယာဉ်ဘီးများချ၍မရဘဲ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုအချိန်တွင် လေယာဉ်ပြတင်းမှ သုမ်းမြင်ရသည်မှာ ကောင်းကင်တွင် ရဟန်းတော်တစ်ပါး စကြံသွားနေခြင်း ဖြစ်သည်။ ထိုသို့ မြင်လိုက်ရပြီးနောက်တွင် လေယာဉ်ဘီးကို အလွယ်တကူချ၍ရသွားသည်။ လေယာဉ်မှူးသည် လေယာဉ်ပေါ်မှ ဆင်းသက်လာသောအခါ လေယာဉ်ပေါ်၌ ပါလာသော တောင်ပုလုဆရာတော်ကြီးကိုတွေ့ပြီး ကောင်းကင်တွင် သူမြင်တွေ့ရသောရဟန်းမှာ ဤဆရာတော်ပင်ဖြစ်သည်ဟု ပြောပြခဲ့လေသည်။

တောင်ပုလု ဆရာတော်ကြီးကို အမေရိကန်ပြည်သို့ ကြွရောက်ရန် ပင့်ဖိတ်လျှောက်ထားခဲ့သူ ဒေါက်တာရီနာဆာကားမိသားစုများမှာ ဟိန္ဒူဘာသာဝင်များ ဖြစ်သည်။ ဒေါက်တာရီနာဆာကား၏အစ်ကို ဒေါက်တာဆာကားသည် မိတ္တီလာနယ်တွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေရာမှ တစ်ခုသောညတစ်ညတွင် တောင်ပုလုတောရအနီးသို့ ခရီးကားဖြစ် ရောက်ရှိသွားခဲ့သည်။ ထိုညဲ တောင်ပုလုဆရာတော်ကြီး ကောင်းကင်၌ စကြံကြွနေသည်ကို ဖူးတွေ့လိုက်သည်။ ထိုအချိန်မှစ၍ ဆာကားမိသားစုသည် ဆရာတော်ကြီးထံ သရဏဂုံဆောက်တည်လျက် ဗုဒ္ဓဘာသာကို ခံယူကိုးကွယ် ဆည်းကပ်ခဲ့ကြလေသည်။

ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေတွင် မြမဥ္ဇူဘုရားကြီးတစ်ဆူ တည်



ရှိသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တိုင်းခန်းလှည့်လည်ရာတွင် အတူပါလာသော မိဖုရား စောခင်လှသည် စေတီတစ်ဆူ တည်လိုသော စိတ်ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်ခဲ့ပါသည်။ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များနှင့် မိမိ၏အဖိုးအနုရုဒ္ဓထိုက်တန်သော မြသားရတနာများကို သေတ္တာဖြင့် ထည့်သွင်းဌာပနာ၍ စေတီတော်ကြီးကိုတည်တော်မူခဲ့ပါသည်။ မြသေတ္တာကို အစွဲပြု၍ မြမဥ္ဇူစေတီဟု ဘွဲ့တော်တွင်ခဲ့ခြင်း ဖြစ်သည်။ ဘုရားတည်ခဲ့စဉ်က စောခင်လှ၏ အသက်နှင့် တူစေရန် ဥဏှိတော် (၁၅) တောင်ဖြင့် တည်ခဲ့ပါသည်။

ထိုစေတီသည် နှစ်ကာလ ကြာညောင်း ပျက်စီးယိုယွင်းလာရာ တောင်ပုလုဆရာတော်ကြီးက ထိုမူလစေတီကိုငုံပြီး စေတီအသစ်တစ်ဆူ တည်ဆောက်လှူဒါန်းခြင်း ဖြစ်၏။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတူစေတီဖြစ်သည်။ ဗောဓိရွှေခုနစ်ပါးကို ပူဇော်သောအားဖြင့် တစ်(၇)လုံးပါရှိသည့် ဥဏှိတော်(၁၁၁) တောင်၊ တစ်ထွာ၊ တစ်မိုက်၊ တစ်လက်မ၊ တစ်လက်သစ်ရှိ မြမဥ္ဇူကျောက်စေတီတော်ကြီးကို ပန်းတင်ခုံမှ ငှက်ပျောဖူးကြီးပြီးသည်အထိ (၂) နှစ်နှင့် (၈) လတိတိ အချိန်ကြာမြင့်ခဲ့လေသည်။

မြမဥ္ဇူဘုရားကြီးထီးတင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရန် ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ သတ်မှတ်ခဲ့ကြသည်။ ထိုသို့ သတ်မှတ်ကျင်းပမည့်ရက် နီးကပ်စဉ်ဝယ် မြမဥ္ဇူဘုရားဝေယျာဝစ္စအားလုံး စီမံခန့်ခွဲနေသော ဦးပဥ္စင်းတစ်ပါး ဆရာတော်ကြီးဆီသို့ ကြွရောက်လာပါသည်။ ဆရာတော်ကြီးအား ဝတ်ဖြည့်ရှိခိုး အရိုအသေဂါရဝပြုပြီး -

“အရှင်ဘုရား၊ ညက မြမဥ္ဇူဘုရားမှာရှိတဲ့ ခေါင်းလောင်းကြီး ပျောက်ဆုံးသွားခဲ့ပါတယ်။ သူခိုးတွေ ညအချိန်မတော် ဝင်ခိုးကြတယ်ထင်ပါတယ်ဘုရား။ တပည့်တော်တို့ အစစဂရုတစိုက် ကြပ်မတ်လုပ်နေတဲ့ကြားက အခိုးခံရလို့ ရှက်လည်းရှက်ပါတယ်ဘုရား။ တပည့်တော်တို့ ရဲစခန်းမှာ အမှုဖွင့်ဖို့လည်း စီစဉ်ထားပါတယ် ဘုရား”

ဦးပဥ္စင်းက ခေါင်းလောင်းပျောက်ဆုံးမှုကို ဆရာတော်ဘုရားကြီးအား လျှောက်ကြားနေပြီး ခေါင်းလောင်းခိုးသွားသူများအပေါ် လည်း ဒေါသထွက်နေပုံပေါ်ပါသည်။

ဆရာတော်ဘုရားကြီးက အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ဖြင့် -

“အေး - အမှုတွေဘာတွေဖွင့်မနေတော့ပါနဲ့၊ သံသရာရှည်ပါတယ်။ သံသရာဆိုတာ တိုတာပဲကောင်းပါတယ်။ ပစ္စည်းပျောက်တာ ရှက်စရာလည်း မဟုတ်ပါဘူး။ အေး - ဒီလိုပဲ၊ ဥစ္စာစည်းစိမ် ဆိုတာ ခိုင်တာမြဲတာ ဘာမှမရှိဘူး။ အမြဲတမ်း ရန်သူတွေပတ်လည်ဝိုင်းနေကြတာ။ လောကမှာ သူခိုးဓားပြရန်သူတွေမကြောက်ရတာကတော့ ဓမ္မရတနာတရားပါပဲ။ ဦးပဥ္စင်းတို့ ကိုယ့်တရားနဲ့ကိုယ်နေပြီး မေတ္တာပို့ သည်းခံကြပါ။ သံသရာမှာယူသွားကြရမှာက ကုသိုလ်နဲ့ အကုသိုလ်သာ ဖြစ်တယ်။ သူများအကုသိုလ်ကို ကိုယ့်အကုသိုလ် မဖြစ်စေနဲ့။ မသိနားမလည်လို့ မိုက်မဲကြတာကို ခွင့်လွှတ်ကြပါ။ တစ်နေ့နေ့တော့ ခေါင်းလောင်းလှူဒါန်းတဲ့သူ ပေါ်ပေါက်လိမ့်မပေါ့”

ဆရာတော်ကြီးက ကြည်လင်အေးမြ တိုးတိုးညင်းညင်း ကရုဏာမေတ္တာသံတော်ဖြင့် ဟောကြားဆုံးမပါသည်။နောက်တစ်ပတ်ကျော်တွင် ခေါင်းလောင်းအသစ် လှူဒါန်းလိုသူ ဒကာတစ်ဦး ပေါ်ပေါက်ခဲ့လေသည်။

ဤအကြောင်းအချက်များသည် ပျံလွန်တော်မူခဲ့ပြီးဖြစ်သော တောင်ပုလုဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ တစ်စိတ်တစ်ဒေသပုံရိပ်များပင် ဖြစ်ပါသတည်း။

မြသက်မောင် (သုံးဆယ်)



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

## တောတိုင်မှားခြင်းနှင့် ကြမ်းလွန်းသော အင်ပင်သရဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ညသည် တိတ်ဆိတ်လွန်းမက ပို၍ ချောက်ချားစရာကောင်းလာလေသည်။ တောပုရစ်သံတို့၏ တဂျီဂျီမြည်သံက သစ်နေသောစိတ်တို့အား ပို၍ရှုပ်ထွေးလာအောင်ပြုသကဲ့သို့ရှိ၏။ လဆုတ် ၄ ရက် လတစ်ခြမ်းပဲ့က မောင်တော်နှမတော်တောင်အားကျော်၍ တောသို့ အလင်းဖြန့်စပြုလျက်။ အောက်ခြေက ချုပ်ချုပ်၊ သစ်ပင်ကြီးတွေက ထူထပ်လွန်း၍ လမ်းသည် ဘယ်ဆီနေမှန်းမသိတော့။

ကိုကျော်သန်းနှင့် တပည့်ကျော်မောင်ဇော်တို့နှစ်ယောက် သပိတ်ကျင်းအရှေ့မြောက်(၁၅)မိုင်ခန့်အကွာ မောင်တော်နှမတော်တောကြီးထဲ၌ မျက်စိမှောက်နေကြခြင်း ဖြစ်သည်။ ဆရာတပည့်နှစ်ယောက် နေမစောင်းခင်မှာပင် ရစ်ငှက်သုံးကောင်ရပြီး ဖြစ်သည်။ တစ်ပိဿာကျော်သည့် ရစ်ကြီးသုံးကောင်မှာ တစ်ကောင်က လည်ပင်းပင် ပြတ်ထွက်သွားသည်။ ကိုကျော်သန်းက သည်အထိ လက်ဖြောင့်သည့်မုဆိုး ဖြစ်သည်။

သို့သော် သူသည် မုဆိုးစစ်စစ်မဟုတ်ပါ။ ဝါသနာပါလို့ အပျော်တမ်းမုဆိုးလုပ်နေခြင်း ဖြစ်သည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဆိုသည့်စကားသည် အလွန်မှန်၏။ သပိတ်ကျင်းအရှေ့ဘက်ရွာများမှ မုဆိုးများနှင့် အပေါင်းအသင်းဖြစ်ပြီးနောက် ကိုကျော်သန်းသည် မုဆိုးဖြစ်လာပါတော့သည်။ သူ့တောပစ်ထွက်ခဲ့သည်မှာ သုံးနှစ်ကျော်ပင် ရှိခဲ့မည်။ ဦးလေးဖြစ်သူ သစ်တောဦးစီးမှူး၏ ကောင်းမှုကြောင့် သေနတ်ပစ်လက်ဖြောင့်ခဲ့သည်။ ဦးလေး ပင်စင်ယူတော့ လိုင်စင်နှင့်ကိုင်သည့် နှစ်လုံးပြူးတစ်လက်၊ ပွိုင့်တူးတူးရိုင်ဖယ်တစ်လက်အမွေရခဲ့သည်။ မုဆိုးတစ်ယောက် လက်ထဲ သေနတ်ရောက်လာတော့ မျောက်အုန်းသီးရသကဲ့သို့ အငြိမ်နေ၍ မရတော့ပါ။

သူ့ရဲ့ လက်ဦးဆရာ မုဆိုးကြီး ဦးကျော်ဇံက ပညာကုန်မသင်နိုင်ခင်မှာ သေဆုံးသွား၍ မုဆိုးတို့တတ်အပ်သော အဠာရသအတတ်အား တန်းကုန်အောင် မသင်နိုင်ခဲ့။ ပါရမီကြောင့်လားတော့ မသိ၊ လက်အလွန်ဖြောင့်သည်။ ကျည်တစ်တောင့် တစ်ကောင်ဖြစ်လာသော အခါ ပို၍မြောက်ကြွမြောက်ကြွဖြစ်လာပြီး အာဖရိကမှ အလန်ကွာတာမိန်းလိုလို၊ ကာတွန်းထဲမှ မြိုင်ရာဇာတွတ်ပီလိုလိုဖြစ်လာ၏။ သပိတ်ကျင်းမြို့မှလူတွေက ကိုကျော်သန်း အရမ်းလက်ဖြောင့်





www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ချီးကျူးကြလျှင် ချေဝမ်းတွင်းသားချက်၊ ဆတ်သားခြောက်မီးဖုတ်တို့ဖြင့် ဧည့်ခံရလွန်းသဖြင့် အိမ်က မဒမ်ကြီးက သိပ်မကြည်ချင်တော့။

ဘာပဲဖြစ်ဖြစ် သူသည် သားကောင်အား လိုက်တတ်သော မုဆိုးအစစ်ဖြစ်သော်လည်း မုဆိုးပါးမဝသေးသောမုဆိုး ဖြစ်နေပါချေပြီ။

❑

ကိုကျော်သန်းက သပိတ်ကျင်းမှာ လုပ်ငန်းရှင်တစ်ယောက်လည်းဖြစ်သည်။ သပိတ်ကျင်းမြို့သည် ငွေအရင်းအနှီးရှိလျှင် လုပ်ကိုင်စားသောက်ရန်အဆင်ပြေသောမြို့ ဖြစ်သည်။ သစ်လုပ်ငန်း၊ ကျောက်လုပ်ငန်း (အဖိုးတန်ကျောက်မျက်)၊ ရွှေလုပ်ငန်း စသည်ဖြင့် လုပ်လို့ရသည်။ ယခုလည်း ကိုကျော်သန်းတစ်ယောက် သပိတ်ကျင်းကားလမ်းမှ (၄) မိုင်အကွာ လေးမိုင်ရွာ၏ အရှေ့ဘက်တောထဲမှာ တည်ရှိသော ညောင်ညိုအိုက်ရွာအနီး တောထဲ၌ ရွှေတူးသည့်လုပ်ငန်း လုပ်နေသည်။ ယခင် မဆလခေတ်က ယခုကဲ့သို့ လိုင်စင်လျှောက်၍ လုပ်လို့မရ၊ တောထဲမှာ လူမသိအောင် စခန်းချ၍ လူ လေး၊ ငါး ယောက်နှင့် ခိုးတူးကြခြင်းဖြစ်သည်။ ကင်းလှည့်သည့် သစ်တောဝန်ထမ်းရဲတွေ လာခဲ့သော် လိုင်းကြေးပေးလိုက်လျှင် အားလုံးအဆင်ပြေသည်။ မြို့မှာလူပေါင်းဆုံသောဌာနေသား ဖြစ်နေသဖြင့် ပို၍ပင်အဆင်ပြေပါသည်။ ယခုလည်း တပည့်တွေက ဆတ်လေး၊ တော ဝက်လေး စားချင်သည်ဟု ဝိုင်းပြောပြီး ဆရာပစ်ရင် အေးအေးဆေးဆေးပါဟု မြှောက်ကြသဖြင့် နဂိုက ကြွတတဖြစ်နေသောသူသည် နှစ်ခါမမြှောက်ရဘဲ တပည့်ကျော် မောင်ဖော်ကို ခေါ်ကာ ကျည်ခါးပတ်ပတ်၊ ပွိုင့်တူးတူးလွယ်ပြီး အရှေ့တောထဲသို့ ထွက်လာခဲ့ခြင်း ဖြစ် သည်။

သူတို့ ရွှေတူးစခန်းက ညောင်ညိုအိုက်ရွာနှင့် မလှမ်းမကမ်း ညောင်ညိုအိုက်ချောင်းကိုဖြတ်ပြီး ဒီချောင်းကိုဝင်ရောက်စီးဆင်းနေသည့် စမ်းချောင်းတစ်ခုအနားမှာ တည်ရှိခြင်း ဖြစ်သည်။ ရွှေတူးသည် ဆိုတာက ရေမရှိလို့ မရပါ။ အဝေးမှ မောင်တော်နှမတော်တောင်ကြီးက ထီးထီးကြီးတည်ရှိလို့နေသည်။ တောက သိပ်ဝေးဝေးသွားစရာမလိုပါ။ ရွှေစခန်းက ထွက်ပြီး တစ်ခေါ် လောက်ဆိုလျှင် အင်၊ ကညင်၊ ကျွန်းတောကြီးက ဟီးထလို့နေသည်။

တောအဝင်ကညင်ပင်ကြီးအောက်ရောက်တော့ ထုံးစံအတိုင်း တောတိုင်ရသည်။ တောတိုင်သည် ဆိုသည်မှာ တောစောင့်နတ်၊ တောင်စောင့်နတ်တို့အား ကိုယ်တောလည်မည့် ဧရိယာပိုင်နက်အားပြောပြီး ခွင့်ပြုတောင်းခံခြင်းပင်ဖြစ်သည်။ ကိုကျော်သန်းသည် ပါလာသည့် ပွိုင့်တူးတူးသေနတ်အား ကညင်ပင်ခြေရင်း၌ ထောင်၍ အမြစ်ဆုံကြီးပေါ်သို့ ကွမ်းယာတစ်ယာတင်လိုက်သည်။

"တောစောင့်နတ်၊ တောင်စောင့်နတ်ကြီးများခင်ဗျာ။ ကျွန်တော် ဒီနေ့ တောထဲမှာ ညောင်ညိုအိုက်ချောင်းဖျား ဆယ်မိုင်လောက်ပဲ တောလည်မှာပါ ခွင့်ပြုပါခင်ဗျာ။ စားစရာသောက်စရာ အကောင်ပလောင်လေးများလည်း ပေးသနားပါ။ ကွမ်းယာဆက်ပါတယ်။ စားပါသောက်ပါ၊ ခွင့်ပြုတော်မူပါ"

ကိုကျော်သန်းတစ်ယောက် တောပိုင်တောင်ပိုင်များအား ခွင့်တောင်းပြီး ပွိုင့်တူးတူးရိုင်ဖယ်အား ပြန်ယူသည်။ တပည့်ကျော် မောင်ဖော်ကတော့ သူ့ကိုကြည့်လိုက်၊တောကိုကြည့်လိုက်ဖြစ်ရှိ၏။ မောင်ဖော်သည် လွယ်အိတ်စလွယ်သိုင်းလျက် တောခုတ်ဓားခါးကြားထိုးပြီး ဆေးလိပ်၊ ကွမ်းထုပ်၊ ရေဘူးအား လွယ်အိတ်ထဲသို့ထည့်သည်။ လေးခွနှင့် လောက်စာလုံးက ငှက်ပစ်ရန် အဆင်သင့်။ သူတို့နှစ်ယောက် နံနက်စာထမင်းစောစောစားပြီး တောထဲထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။ မောင်တော်နှမတော်တောက ရွှေဥဒေါင်းကြီးဝိုင်းနှင့် တစ်ဆက်တည်းဖြစ်သည်။ အရှေ့စူးစူးတောလမ်းအတိုင်း မိုင် (၃၀) ပျော့ပျော့လောက်ခရီးနှင်က မိုးမိတ်၊ မိုးကုတ်တောစပ်သို့ ရောက်သည်။

သီတင်းကျွတ်လဆန်းပြီမို့ မိုးပါးသွားသော်လည်း တစ်ခါတစ်ရံ နောက်မိုးက သည်းချင်သည်းတတ်သေးသည်။ အင်ပင်၊ ကျွန်းပင်ကြီးများက အရွက်ဖားဖားကြီးများဖြင့် မိုးစွင့်နေသည်။ အရှေ့ဘက်လျှိုထဲမှာက စမ်းချောင်းရှိ၍ စင်ပြွမ်း၊ ရေသဖန်းပင်များ ထူထပ်စွာပေါက်ရောက်သဖြင့် တောဝက်တို့ အုပ်လိုက်လာတတ်သည်။ လျှိုဘက်သို့ ထွက်လာခဲ့ကြသည်။ ကုန်းလျှောအထက် ကညင်ပင်ကြီးပေါ်တွင် ဝန်လိုငှက်ကြီးတစ်ကောင် ငြိမ်သက်စွာ နားနေသည်။

မောင်ဖော်က လေးခွဖြင့် ပစ်ရန်ချိန်လိုက်သည်။

"မလုပ်ပါနဲ့ကွာ။ မင်းလေးခွလောက်စာလုံးက ငှက်ကိုထိလည်း သေမှာမဟုတ်ဘူး။ ဒဏ်ရာရတာသာ အဖတ်တင်လိမ့်မယ်။ ဝန်လိုကြီးတွေက ရှားပါးငှက်ကွ"

မောင်ဖော် မချင့်မရဲဖြစ်သွား၏။

"ဟေး- ဆရာတပည့်တွေ၊ တောထဲ ဘာလာလုပ်ကြတာလဲ။ ဆရာ ဦးကျော်သန်း၊ ရိုင်ဖယ်ကြီးနဲ့ပါလား။ တောပစ်လား"

လျှိုထဲမှတက်လာကြသော ကိုခွေးလေးတို့အုပ်စုက လှမ်း၍နှုတ်ဆက်ကြခြင်း ဖြစ်သည်။ သူတို့အုပ်စုက ကျောပိုးအိတ်ကြီးများ၊ ပလိုင်းကြီးများ လွယ်လာကြသဖြင့် တန်တော့ ရွှေဖြုန်းမြေစာများနှင့် ဖြုန်းကျောက်အရိုင်းစတွေ သယ်လာကြခြင်း ဖြစ်မည်။

သပိတ်ကျင်းအရှေ့ဘက် တောတွေက ကျောက်စိမ်းမှလွဲ၍ ရွှေ ပတ္တမြား၊ နီလာ ရောင်စုံကျောက်များအပြင် ယူရေနီယံသတ္တုပါထွက်သည်။

"ဟင်းစားပစ်ဖို့ တောလည်လာတာပါဗျာ။ ကိုခွေးလေးတို့ ဒီတစ်ခေါက် ဘယ်နှရက်ကြာခဲ့ကြသလဲ"

"ရိက္ခာကတစ်ပတ်စာပဲပါလို့ တစ်ပတ်နဲ့ ပြန်တက်လာကြတာပါ။ သယ်လာတဲ့ဖြုန်းကို ကျင်လိုက်ရင် ငါးကျပ်သားတော့ အနည်းဆုံးပဲဗျ။ ဆရာ့လို ငွေရင်းတတ်နိုင်လို့ကတော့ လေး၊ ငါးဆယ်သား အေးအေးဆေးဆေးပေါ့ဗျာ"

"ကဲကဲ- သွားကြ၊ သွားကြ။ လမ်းအခြေအနေကောင်းပါတယ်"

ကိုခွေးလေးတို့အုပ်စု ထွက်သွားပြီးမှ သူ့စိတ်တို့လေးသွားသည်။ ကိုကျော်သန်း တောစမှားလေပြီ ဖြစ်၏။ တောတက်တော့မည်ဆိုလျှင် ဘယ်သူ့မှ မပြောရ၊ နောက်ဆုံး အိမ်ကမိန်းမကိုပင် မပြောရဟု သူတို့ဒေသမှာ မုဆိုးထုံးစံရှိသည်။ ယခုတော့ လူမှုရေးကလည်းရှိနေတော့ မဖြစ်မနေ နှုတ်ဆက်လိုက်ရသဖြင့် ပြောမိခဲ့လေပြီ။ မတတ်နိုင်ပါဘူးလေ၊ နောက်ပြဿနာ နောက်ရှင်းပေါ့။

❑

"ဒိုင်း"

"ဖလပ်. . . ဖလပ်. . . ကွတ်. . ကွတ်. . . ကွတ်. . ."

"ဒိုင်း"

"ဟာ- ဆရာ တော်တော်လက်တည့်တာပဲ။ ပျံပြေးတဲ့အကောင်ဝီ ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ပြတ်သွားပြီ"

ကိုကျော်သန်းကား တပည့်ဖြစ်သူ မောင်ဇော်အား ဝင့်ကြွားသောအပြုံးဖြင့် ကြည့်လိုက်သည်။ မောင်ဇော်ပြောလည်း ပြောချင်စရာဖြစ်သည်။ ရစ်နှစ်ကောင်က ယမနေပင်အောက်ချုံစပ်၌ မြေကြီး ယက်၍ အစာရှာနေသည်ကို တွေ့၍ တစ်ကောင်အား ချိန်ပြီး ပစ်ချလိုက်ရာ ရစ်အမသည် အနီးရှိ သစ်ပင်ပေါ်သို့ လန့်ပြီးပျံအတက် နောက်တစ်ချက်ထိုး ချိန်၍ပစ်လိုက်ရခြင်း ဖြစ်သည်။ အမှန်ကတော့ ပျံနေသည့်အကောင်ကို ပစ်ရသည်မို့ သူကလည်း ကြက်ကန်းဆန်အိုးတိုး၊ ရစ်အမကလည်း ကံဆိုးရရှာသည်မို့ လည်ပင်းတည့်တည့်မှန်ပြီး ခေါင်းပြတ်သွားခြင်း ဖြစ်သည်။ ခပ်တည်တည်နှင့် လက်မထောင်ပြလိုက်ရာ တပည့်မောင်ဇော် အထင်တွေကြီးကုန်တော့သည်။ ဒီတောက ရစ်ငှက်အလွန်ပေါသည်။ ခေါင်းတို့၊ ငှက်ကြီးဝန်ပိုတို့လို အကောင်ကြီးတွေကိုတော့ ကိုကျော်သန်း မပစ်ရက်ပါ။ ဒီငှက်ကြီးတွေက တောသဘာဝနှင့် လွန်စွာလိုက်ဖက်လွန်းသည်။

တွေ့ပြန်ပြီ၊ ရစ်ထီးကြီးတစ်ကောင်။ ဒီကောင်က နည်းနည်းထူးဆန်းသည်။ သူ့အမြီးသူပြန်ဆိတ်ရင်း ပတ်ချာလည်ယမ်းနေသည်မို့ ကြည့်ရတာမျက်စိနောက်လာသည်။ ပစ်ချလိုက်တော့ နောက်တစ်ကောင်ထပ်ရသည်။ ရစ်သုံးကောင်ဆိုတော့ ချက်လိုက်ရင် အိုးကြီးတစ်အိုးစာလောက်ရသည်။ သူ့တပည့်တွေ ဝအောင် စားပါလေ့။

"တော်ပြီကွာ၊ ငှက်မပစ်တော့ဘူး။ စမ်းချောင်းစမ်းမှာ ခဏနားရအောင်"

ကမ်းပါးစောင်းနှင့် တောင်ကုန်းလျှောကြား (၁၅) ပေခန့်ကျယ်သော စမ်းချောင်းလေးသည် တရွေ့ရွေ့စီးနေ၏။ ဒူးဆစ်သာသာအနက်ခန့်ရေထဲတွင် ကျောက်ငါးကြင်းဖြူဖြူတွေ ကူးခပ်နေကြသည်။ မောင်ဇော်သည် စမ်းချောင်းစပ်မှ ရောင်စုံကျောက်ခဲလေးများအား သေသေချာချာကြည့်နေသည်။ တုတ်တစ်ချောင်းကောက်ပြီး ကျောက်ခဲလေးများအား ထိုးဆွနေ၏။ ကံကောင်းလျှင် ပတ္တမြား၊ နီလာ အရိုင်းတုံးလေးများရတတ်သည် မဟုတ်လား။ သူထင်သည့်အတိုင်းပင် ကွမ်းသီးခြမ်းသာသာ ပြာမှိုင်းကျောက်ခဲလေးတစ်ခဲအား ကောက်၍ သေသေချာချာကြည့်နေသည်။ မြေကြီးများစင်သွားအောင် စမ်းချောင်းရေနှင့် ဆေးပြီး ပွတ်ကြည့်သည်။

သို့သော် မောင်ဇော်က ကျောက်အကြောင်းအား သိပ်နားမလည်ပါ။ ဒါပေမယ့် သပိတ်ကျင်းသားစစ်စစ်တို့မည်သည် ရွှေနှင့် ကျောက်အကြောင်းအား ခန္ဓာကိုယ်သွေးသားထဲက အလိုလိုသိနေကြသည်လား မသိ။ ထိုကျောက်ခဲလေးအားယူပြီး သူ့ဆီ ပြန်လာသည်။

"ဆရာ၊ ဒီကျောက်ဟာ ဘာဖြစ်နိုင်လဲ။ ကျွန်တော်တော့ မသင်္ကာဘူး"

မောင်ဇော့်စကားဝဲတဲတဲအသံကို နားထောင်ရင်း ကိုကျော်သန်း ပြုံးလိုက်သည်။ ဒီကောင့်ကို အမှန်အတိုင်းပြောလိုက်ရင် တောဆက်မလည်တော့ဘဲ ရစ်ငှက်ထမ်းပြီး ညောင်ညိုအိုက်ကို အမြန်ပြန်မည်မှာ သေချာနေပေပြီ။

"ဟင်းစားလေးပါကွာ။ တောပိုင်တွေ လက်ဆောင်ပေးတာ နေမှာပေ့ါ။ ငါစခန်းရောက်မှ သေသေချာချာကြည့်ပါ့မယ်။ မင်းအိတ်ထဲမှာ သေသေချာချာ သိမ်းထား"

ကိုကျော်သန်း ဒါပဲပြောပြီး ပွိုင့်တူးတူးကျည်အိမ်ထဲမှ ရှိုးရှိုးကျည်ဆန်များကိုထုတ်၍ စပါယ်ရှယ် ဖော်လိုကျည်ဆန်များဖြင့် လဲလိုက်သည်။ ဖော်လိုကျည်က ကျည်ထိပ်ဖူးမှာ ကြက်ခြေခတ်ပါပြီး သားကောင်ကို ထိသည်နှင့် လေးစိတ်ကွဲပြီး ဒဏ်ရာပိုကြီးသောကြောင့် ဆတ်၊ ဖား၊ တောဝက်လို အကောင်ကြီးမျိုးဆိုလျှင် ဖော်လိုကျည်ဆန်မှ စိတ်ချရသည်။ ဒီတစ်ရက်ကတော့ ရစ်သားဟင်းဖြင့် လုံလောက်ပြီ ဖြစ်သည်။ ဝက်ကလေး၊ ဆိတ်ကလေး တစ်ကောင်လောက်ရပါမှ ရိက္ခာတစ်ပတ်စာလောက် သေချာမည်။ ဆရာတပည့်နှစ်ယောက် ဆေးလိပ်သောက်၊ ကွမ်းစားပြီး စမ်းချောင်းအတိုင်း ရေသဖန်းတောရှိရာသို့ ထွက်လာခဲ့ကြ၏။

*(မှတ်ချက်။ ။ မောင်ဇော် သပိတ်ကျင်းပြန်ရောက်တော့မှ သူကောက်လာသောကျောက်သည် နီလာအရိုင်းတုံးလေးဟုပြောပြီး ရောင်းပေးလိုက်ရာ ငွေသုံးသိန်းရသွားပါသည်။)*

□

စမ်းချောင်းနံဘေး ကုန်းလျှောသည် ဆင်ငိုမြက်တို့ဖြင့် ထူထပ်လျက်။ စင်ပွမ်း၊ ရေသဖန်း အစရှိသောအပင်ကြီးများက ပျဉ်းကတိုး၊ ကျွန်းပင်ကြီးများကြားတွင် ဟိုဒီတစ်ပင်စီပေါက်နေကြသည်။ သူတို့နှစ်ယောက် ကျွန်းပင်ပါးပျဉ်းကြီးနောက် အသာလျှိုဝင်လိုက်ပြီး ရေသဖန်းပင်အောက် ရေစပ်စပ်မြက်တောဆီသို့ ချောင်းကြည့်လိုက်သည်။ ထူထဲသောမြက်တောအလယ်မှ -

"အုံ . . . အုံ"

အသံများထွက်လာသည်။ တဖွတ်ဖွတ်ဖြင့် ကိုက်ဝါးသံများကိုလည်းကြားရ၏။

"ဟေ့ကောင်- ရှူး တိုးတိုး၊ တောဝက်တွေ။ အခြေအနေမကောင်းရင် စင်ပွမ်းပင်ပေါ် တက်ပြေးနော်။ ဝက်စွယ်က ထိတဲ့နေရာ ဟက်ခနဲပဲ"

မောင်ဇော်ကား တောခုတ်ဓားမအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး တောဝက်တွေရှိရာသို့ စိုက်ကြည့်နေသည်။ ကိုကျော်သန်းသည် ပွိုင့်တူးတူး ရိုင်ဖယ်၏လုံခြုံရေးခလုတ်အား အသာတွန်းဖွင့်လိုက်ပြီး တောဝက်ခေါင်းအထောင်ကို စောင့်ကြည့်နေသည်။ တောဝက်သိုးနှင့်အမစုံတွဲ ဖြစ်သည်။ မြက်ပင်များအကြားရေသဖန်းသီးများအား နှုတ်သီးဖြင့် ထိုးဆွလိုက်၊ ခေါင်းမော့ပြီး ဝါးစားလိုက်ဖြင့် တောဝက်တွေ အစာမက်နေကြသည်။

တစ်ကြိမ်မှာတော့ ဝက်သိုးကြီး ခေါင်းအမော့ -

"ဒိုင်း"

"ဟာ - လွဲသွားပြီ"

ဝက်သိုးကြီး ခေါင်းပြန်ငုံ့တာမြန်သွား၍ ပွိုင့်တူးတူးဖော်လိုကျည်ဆန်သည် နားရွက်အရင်းအားဖောက်ပြီး အရေခွံအားရှပ်၍ခွဲထွက်သွားသည်။ ဝက်သိုးကြီးမှာ နားရွက်စုတ်ပြတ်သွားပြီး နားရွက်နောက် ဟက်တက်ပြဲဒဏ်ရာကြီးနှင့် ထွက်ပြေးပါတော့သည်။

"ဒိုင်း . . . ဒိုင်း . . ."

ကိုကျော်သန်း နောက်နှစ်ချက်ထပ်ပစ်သည်။ မထိပါ။ ဝက်နှစ်ကောင် သွေးစက်လက်ဖြင့် မြောက်စူးစူးသို့ထွက်ပြေးတော့သည်။ အချိန်သုံးဆယ်ခန့်ရှိမည့်ဝက်မို့ သူတို့နှစ်ယောက် အလွတ်မပေးချင်ကြပါ။ သွေးစက်များအတိုင်း လိုက်ကြရင်းဖြင့် ခရီးက အတော်ဝေးလာသည်။ လိုက်ရင်းဖြင့် မောင်တော်နှမတော်တောင်ကြီးအလွန် ရှမ်းရိုးမထဲရောက်လာသည်။ ခြေရာခံလိုက်ခဲ့သော သွေးစတွေလည်း ပျောက်နေပြီ။ နေလည်းစောင်းပြီ ဖြစ်သည်။ မောမောနှင့် သစ်ပင်ကြီးတစ်ပင်အောက် ဝင်ထိုင်ပြီး ရေဘူးဖွင့်၍ ရေသောက်ကြသည်။ စီးကရက်တစ်လိပ်စီဖွာကြရင်း ပြန်မည့်လမ်းအား မှန်းဆမိသည်။ မောင်ဇော်



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ရစ်နှစ်ကောင်ခြေချောင်းများအား လျှော်ကြိုးဖြင့်တုပ်၍ ဝါးတစ်လုံးမှာ ချိတ်ဆွဲပြီး ထမ်းလိုက်သည်။ ခေါင်းပြတ်နေသောရစ်တစ်ကောင်အား လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်သည်။ နေမဝင်သေးသဖြင့် ညောင်ညိုအိုက်ရွာရှိရာ အနောက်တောင်ထောင့်သို့မှန်း၍ ထွက်လာခဲ့ကြသည်။ လာရာလမ်းတစ်လျှောက်မှာတော့ တောကြက်၊ တောငှက်တို့ အိပ်တန်းတက်သံ၊ မျောက်ညိုတစ်အုပ်၏ တကွိကွိကွကွဆူညံသံများဖြင့် တောအုပ်ကြီး၏ အိပ်တန်းပြန်ချိန်သည် ဆူလိုက်၊ ငြိမ်လိုက်ဖြင့်။

ပုစဉ်းရင်ကွဲကောင်တို့ အော်နေကြသည်။ မနက်ဖြန် နေပူပါမည်လား။

❑

မိုးအတော်ချုပ်လာသည်။ ညောင်ညိုအိုက်ချောင်းအတွင်း စီးဆင်းသွားသော စမ်းချောင်းလေးအားလည်း ဖြတ်ကျော်လာခဲ့ပြီးဖြစ်သည်။ သို့သော် တောတက်သည့် ရွှေသမားများ၏ ခြေသွားလမ်းကို မတွေ့ရဘဲ ဖြစ်နေသည်။ ကိုကျော်သန်း လက်နှိပ်ဓာတ်မီးဖြင့် ဟိုဒီထိုးပြီး လမ်းစရှာသည်။ ရှေ့မှာ ရေစီးသံသဲ့သဲ့ကြားရသည်။ ညောင်ညိုအိုက်ချောင်းထင်၍ အားတက်သွားသည်။ တက်သုတ်နှင်၍ ရေစပ်နားရောက်တော့ စမ်းချောင်းလေးသို့ ပြန်ရောက်နေကြသည်။ အရှေ့ဘက်ရှမ်းရိုးမကြီးမှ ပြူထွက်လာသော လဆုတ်တစ်ခြမ်းပဲ့က အလင်းဓာတ်လေးပေးထား၍ တောအား ခန့်မှန်းမိလာသည်။ ကိုကျော်သန်းတို့နှစ်ယောက် အနောက်စူးစူးသို့ တရကြမ်းဆင်းချလာကြသည်။ လမ်းကမတွေ့သေး။ နောက်ဆုံး သူတို့နှစ်ယောက်မောလာကြ၏။ မခံနိုင်သည့်အဆုံး သစ်ပင်ကြီးတစ်ပင်အောက် ခဏနားရန် ဆုံးဖြတ်လိုက်ကြသည်။ ရေဘူးထဲမှ ရေကလည်း တစ်ခါသောက်စာသာကျန်တော့သည်။ ရေသောက်ကြပြီး ဆေးလိပ်ဖွာရင်း လက်မှနာရီကိုကြည့်မိသည်။

"ဟိုက်- ည (၁၂) နာရီထိုးနေပြီကွ။မောင်ဇော်၊ ငါတို့တော့ တောမှောက်ပြီ"

"ဟုတ်တယ် ဆရာသမား၊ ကျွန်တော်တို့ တောထဲဝင်ကတည်းက ဟိုရွှေသမားတွေနဲ့တွေ့ပြီး နှုတ်ဆက်ကတည်းက စ,မှားတာ"

"ငါလည်း သိပါတယ်ကွာ။ မဖြစ်မနေမို့ နှုတ်ဆက်လိုက်ရတာ"

"နောက်ပြီး ဝက်နောက်လိုက်ရင်း ကျွန်တော်တို့ နယ်ကျွံသွားပြီထင်တယ်"

"ဟုတ်မယ်ထင်တယ်ကွ။ ငါတို့ တောတိုင်လာတာ ဒီနားပတ်ဝန်းကျင်ပဲလို့ ခွင့်တောင်းထားတာ"

"ဘယ်လိုလုပ်ကြမလဲ"

"နေပါဦးကွာ၊ ငါစဉ်းစားပါဦးမယ်"

ထိုစဉ် -

မောင်ဇော့်ဘေးမှာ ချထားသော လွယ်အိတ်သည် လှုပ်လှုပ်ရွရွဖြစ်လာသည်။ ပြီးနောက် လွယ်အိတ်ထဲမှ ရှုန်းခါနေသည်ကို လရောင်အောက်မှာ မြင်တွေ့နေရသည်။

"ဆရာ၊ ဘာဖြစ်တာလဲ"

"အေးကွ၊ ငါလည်းကြည့်နေတာ"

ကိုကျော်သန်းက ပြောပြောဆိုဆို ပွိုင့်တူးတူးရိုင်ဖယ်အား မောင်းတင်၍ ရှုန်းခါနေသော လွယ်အိတ်ကို ထိုးချိန်လိုက်သည်။ ထိုအချိန်မှာပင် လွယ်အိတ်ထဲမှ ခေါင်းပြတ်သေနေသော ရစ်ငှက်သည် အိတ်ထဲမှ ရုန်းထွက်လာပြီး ယိုင်တိယိုင်တိုင်ဖြင့် လေး၊ ငါးလှမ်းလှမ်း၍ အနီးရှိ သစ်ပင်ကြီးပေါ်သို့ ပျံတက်သွားပါတော့သည်။ သူတို့နှစ်ယောက်သည် ဦးခေါင်းမပါဘဲ တဖျတ်ဖျတ်တောင်ပံခတ်လျက် သစ်ပင်ပေါ် ပျံတက်သွားသော ရစ်ငှက်ကြီးအား မျက်တောင်မခတ်ဘဲ ငေးကြည့်လျက်ရှိနေကြ၏။ တစ်အောင့်ကြာမှ သတိပြန်ဝင်လာကာ-

"ဟေ့ကောင် မောင်ဇော်၊ အဲဒါ တောမှောက်တာကွ။ ပြဿနာပဲ"

"ဆရာ၊ ပြေးကြစို့"

"နေစမ်းပါဦး၊ မကြောက်နဲ့။ ငြိမ်ငြိမ်လေးထိုင်နေ၊ ဘုရားအာရုံပြုထား။ ငါစဉ်းစားနေတာ"

ကိုကျော်သန်းတစ်ယောက် သူ့ဆရာ မုဆိုးကြီးဦးကျော်ဇံ၏စကားများအား ပြန်လည်ကြားယောင်လာသည်။ သူသတိရလိုက်ပြီ ဖြစ်သည်။ သူ့ပွိုင့်တူးတူးသေနတ်အား အနီးရှိ သစ်ပင်ရင်းမှာ ထောင်လိုက်ပြီး ဝတ်ထားသော ဘောင်းဘီကြယ်သီးများအား ဖြုတ်၍ သေနတ်ပြောင်းထိပ်အား သေးနှင့်ပန်းပါတော့သည်။

"ဟာ- ဆရာ၊ ဘာလုပ်တာလဲ"

"မင်းမှတ်ထား။ ငါတို့ တောတိုင်မှားလို့ တောလှန့်နေပြီ။ အဲဒီလိုဖြစ်ရင် ကိုယ့်အမဲလိုက်တဲ့သေနတ်ကို သေးနဲ့ပန်းရတယ်"

ကိုကျော်သန်းက ကိုယ်ကိုတစ်ချက်တွန့်ခါလိုက်ပြီး ဘောင်းဘီကြယ်သီးများ ပြန်တပ်သည်။ သေနတ်ကိုယူ၍ ပခုံးပေါ် တင်လိုက်သည်။

"လာ-သွားမယ်၊ အနောက်စူးစူးကို။ ငါ့နောက်ကနေ ထက်ကြပ်မကွာလိုက်နော်"

မောင်ဇော်သည် ဆရာဖြစ်သူ ကိုကျော်သန်းနောက်မှ ထက်ကြပ်မကွာ လိုက်နေရသည်။ ကိုကျော်သန်းသေနတ်က သေးတစက်စက်ကျနေပြီး သေးနံ့စူးစူးအား အနံ့ခံသလို လိုက်နေရသဖြင့် နှာခေါင်းပိတ်ပြီးလိုက်သော်လည်း အဆင်မပြေပါ။ ရွာပြန်ရောက်ဖို့အရေးကြီးသဖြင့် သေးနံ့ဒုက္ခအား အောင့်အည်းသည်းခံလိုက်ရသည်။

ကိုကျော်သန်းတန်ပြန်လိုက်သည်မှာ မှန်သွား၏။ ဘာမှမကြာလိုက်၊ (၇) မိုင် ဝါးဖြူတောင်လမ်းဆုံမှ သပိတ်ကျင်းသို့သွားသော ကားလမ်းမကြီးအား ဘွားခနဲ တွေ့လိုက်ရသည်။

သို့သော် သူတို့ရောက်နေသည့်နေရာက လေးမိုင်ရွာသချိုင်းကုန်းအနီးဖြစ်နေပါတော့သည်။

❑

ညောင်ညိုအိုက်ရွာ ပြန်ရောက်တော့ ကိုကျော်သန်း၏သားဖြစ်သူ မင်းမင်းနှင့်သူ့တပည့်တွေ စိတ်ပူနေကြသည်ကို တွေ့ရသည်။ ဘာပဲဖြစ်ဖြစ် တောလည်သွားသူနှစ်ယောက်၏သတ္တိကို သိနေကြ၍ မဖြစ်ဖြစ်အောင် ပြန်ရောက်လာကြမည်ကို ယုံကြည်နေကြသည်ဟု ဆိုကြသည်။သူတို့နှစ်ယောက် မောမောနှင့် အိပ်ပျော်သွားကြပြီး နိုးလာတော့နေအတော်မြင့်နေပြီ ဖြစ်သည်။ ငရုတ်သီးစပ်စပ်နှင့်ချက်ထားသော ရစ်သားဟင်းအနံ့ကလည်း မဆလာနံ့တသင်းသင်းနှင့် စားချင့်စဖွယ်။ ထမင်းစားသောက်ပြီးသောအခါ သားဖြစ်သူ မင်းမင်းက ရွှေစခန်းရိက္ခာကိစ္စပြောလာ၏။ သူတို့သားအဖနှစ်ယောက် တပည့်ကျော်မောင်ဇော်နှင့် လေးမိုင်ရွာဈေးသို့သွားရဦးမည်။ ဆန်က ပြဿနာမရှိ။ ငရုတ်၊ ကြက်သွန်၊ ဆီကအစ ငါးပိပါ ဝယ်ရမည်။ ပြီးတော့ မနေ့က တောလည်ရာမှာအသားမရလာ၍ အမဲသားငါးပိသားခန့် ဝယ်ရဦးမည်။ လေးမိုင်ရွာက သိပ်တော့မဝေးလှပါ။ ညောင်ညိုအိုက်ချောင်းကိုဖြတ်ပြီး အနောက်ဘက်သို့ (၆) မိုင်ခန့် လျှောက်လိုက်လျှင် ရောက်ပြီ။

နေမွန်းမတည့်ခင် သူတို့သုံးဦး



www.burmeseclassic.com

www.burmeseclassic.com

လေးမိုင်ရွာဘက် ထွက်လာခဲ့ကြသည်။ ကိုယ်စီကိုယ်င ပလိုင်းလွယ်ပြီး ကိုင်းခုတ်ဓားတစ်ချောင်းစီ ကိုင်လာကြသည်။ ထိုဒေသမှာက တောတက် ယာထဲသွား၊ ဘာလုပ်လုပ် လက်ထဲမှာ ကိုင်းခုတ်ဓား၊ တောခုတ်ဓားကို ဆောင်ကြသည်မှာ ဓလေ့ဖြစ်သည်။

လေးမိုင်ဈေးရောက်တော့ လိုအပ်သည့်ပစ္စည်းဝယ်ပြီး အမဲသားဆိုင်သို့သွားကြသည်၊ အမဲသားရောင်းသည့် ကုလားကြီးက ငါးပိဿာထုပ်ကြီးချပြီး သူတို့ကို စောင့်နေသည်။ နံနက်စောစော ဈေးသွားသည့်သူများကို ကြိုတင်မှာထားခြင်းကြောင့် အမဲသားရခြင်း ဖြစ်သည်။

လေးမိုင် လက်ဖက်ရည်ဆိုင်မှာ ပစ္စည်းများစုပုံပြီး ကိုကျော်သန်း ကျဆိမ့်တစ်ခွက်သောက်သည်။ လေးမိုင်ရွာဆိုသည်မှာ သပိတ်ကျင်းမြို့လေးမှ (၄)မိုင် အကွာမှာရှိ၍ လေးမိုင်ဟု အမည်တွင်သွားခြင်း ဖြစ်သည်။ (၅) မိုင်အကွာမှာဆိုလျှင် ငါးမိုင်ရွာ၊ (၇) မိုင်မှာဆိုလျှင် ခုနစ်မိုင်ရွာ စသည်ဖြင့် ခေါ်ကြသည်။ သားဖြစ်သူ မင်းမင်းနှင့် မောင်ဇော်တို့ နှစ်ယောက်ကတော့ ရှမ်းကောက်ညှင်းမီးတောက်အရက်သွားဝယ်ကြရင်း မော့နေကြပြီ ထင်သည်။ တောထဲတောင်ထဲ ငှက်ဖျားတောထဲမို့ သားဖြစ်သူ အရက်သောက်သည်ကို ခွင့်ပြုထားခြင်း ဖြစ်သည်။ မကြာမီ သူတို့နှစ်ယောက် (၂) ဂါလန်ဝင် ပလတ်စတစ်ပုံးကလေးဆွဲပြီး ရောက်လာကြသည်။ ထိုတစ်ပုံးဆိုလျှင် ရွှေတူးတဲ့သူ့အဖွဲ့သားများ တစ်ပတ်စာ ဖုလုံသွားပြီဖြစ်သည်။ သူတို့နှစ်ယောက်ကတော့ ကွမ်းလေးတမြုံ့မြုံ့ဖြင့် ပြုံးစိစိ လုပ်နေကြသည်။

တန်တော့ .နည်းနည်းမှန်လာကြပြီ ထင်ရ၏။ အလုပ်အကိုင်မပျက်ရင် ပြီးတာပါပဲလေ။

❑

သပိတ်ကျင်းကားလမ်းဘေး လေးမိုင်ရွာမှ ထွက်လာကြသောအခါ ညနေ (၃) နာရီထိုးပြီ ဖြစ်၏။ ကြံခင်း၊ ယာခင်းများနှင့် အင်တိုင်းတောထဲမှ လှည်းလမ်းလေးအတိုင်း ပလိုင်းကြီးများကို လွယ်လျက် လျှောက်လာကြသည်။ မင်းမင်းသည် ညာပခုံး၌ပလိုင်းကိုလွယ်ပြီး ဘယ်ပခုံးထက် အမဲသား ငါးပိဿာပါသော ဝါးခြင်းကို လွယ်ထားသည်။ မြည့်နေအောင် သွေးထားသော ကိုင်းခုတ်ဓားကိုယ်စီအား ဓားလွတ်ကိုင်ပြီး လျှောက်နေကြသဖြင့် ကျနေရောင်မှာ ဓားသွားများက တလက်လက်။ သူတို့ဒေသသားတွေက ခရီးသွားလျှင် ဓားကိုယ်စီပါကြသော်လည်း မတော်တဆ စကားများလျှင် ဓားများချပြီး လက်သီးချင်းထိုး၍ ဖြေရှင်းကြခြင်း ဖြစ်သည်။ ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ ဒေါသအလျောက် ခုတ်မိထစ်မိ၍လက်လွန်သွားလျှင်လည်း လူသတ်မှုနှင့် ထောင်ထဲသွားပေတော့။

ဧရာဝတီမြစ်ဘက်မှ အစာရှာပြီး အိပ်တန်းပြန်လာသော တောဘဲတစ်အုပ်သည် အရှေ့ရိုးမတောအုပ်အတွင်းသို့ စိုက်ဆင်းသွားကြသည်။ ဥဗျိုင်းဖြူတို့သည်လည်း သူတို့အိမ်ရှိရာ ညို့မှိုင်းမှိုင်းတောအုပ်အတွင်းသို့ ဦးတည်ပြန်နေကြသည်။ အင်တိုင်းကုန်းအလွန် မတ်ပဲခင်းနားရောက်တော့ ချေသားအမိ အစာစားနေကြသည်။ လူစောင့်မရှိသည့် ဒီလိုယာခင်း၊ ပဲခင်းများအား တောစပ်မှထွက်လာသည့် တောကောင်လေးများက လာရောက် စားသောက်တတ်ကြသည်။ ချေသားအမိအား တွေ့ရသဖြင့် တပည့်မောင်ဇော်က ကျောက်ခဲကောက်ပြီး ထုမလို့ရွယ်သည်။

"မလုပ်ပါနဲ့ကွာ။ မင်းခဲနဲ့ထုလည်း ဒဏ်ရာရရုံကလွဲလို့ ဘာမှမဖြစ်ပါဘူး။ ထားလိုက်ပါ"

ကိုကျော်သန်း ဟန့်လိုက်မှ မောင်ဇော်က လက်ထဲမှခဲကို ပစ်ချလိုက်သည်။ သေနတ်မပါရင် အကောင်တွေက တွေ့ပါပြီဟု တဖျစ်တောက်တောက်ပြောနေ၏။ သူတို့အုပ်စု တောလမ်းအတိုင်း လျှောက်လာကြသည်မှာ နေဝင်ရီတရောအချိန်သို့ ရောက်လာသည်။ ရှေ့မှာ ညောင်ညိုအိုက်ချောင်းကို မြင်နေရ၏။ ချောင်းကမ်းဒီဘက်ထိပ်၌ အင်ပင်ကြီးတစ်ပင်က ထီးထီးကြီးပေါက်နေသည်။ ဖြောင့်လိုက်သည့်အပင်ကြီးမှာ ပေ (၇၀) လောက်မှ အကိုင်းအခက်တွေ ဖြာထွက်နေသည်။

အင်ပင်ကြီးနားရောက်သောအခါ-

"ဝရော. . . ဝေါ. . . ဖျောက်. . ဖျောက်. . . ဝုန်း. . . "

"ဟ. . . ဟ - ဘာကြီးလဲကွ"

ရုတ်တရက် အင်ပင်ကြီးပေါ်မှ ဆင်းလာသောအသံကြီးနှင့်အတူ လူဝံလိုလို မည်းမည်းအကောင်ကြီးက ဖြုန်းဆို သူတို့အနား ရောက်လာသည်။ နေဝင်သွားပြီဖြစ်၍ မှောင်ရီပျိုးစဖြစ်နေသဖြင့် လူလုံးကသိပ်မကွဲ။ ဘာမှန်းမသိသည့် လူမည်းမည်းကြီးက မပြောမဆိုဖြင့် မင်းမင်းလွယ်ထားသော အမဲသားခြင်းအား အတင်းဝင်လုပါတော့သည်။ မင်းမင်းက ခြင်းကို လက်မလွှတ်ဘဲ အတင်းဆွဲထား၍ ထိုလူမည်းကြီးမှာ လုမရဘဲဖြစ်နေသည်။ ဝါးခြင်းကလည်း သေချာစွာရက်လုပ်ထားသောခြင်းဖြစ်သောကြောင့် ခိုင်ခံ့လှသည်။ ထိုအချိန်၌ မောင်ဇော်က ဘာမှမေးစမ်းမနေတော့ဘဲ ကိုင်ထားသည့် ကိုင်းခုတ်ဓားဖြင့် ထိုလူမည်းကြီးအား နောက်ကျောမှသိုင်း၍ ခုတ်ချလိုက်ပါသည်။ မောင်ဇော့်ဓားချက်သည် တော်ရုံလူဆိုလျှင် ခေါင်းပြတ်လျှင်ပြတ်၊ ဒါမှမဟုတ် လက်ပြင်နှစ်ခြမ်းကွဲ၍ ပွဲချင်းပြီးသေနိုင်သည့် ဓားချက်ဖြစ်သည်။

"ဟာ - ဘာကြီးလဲ"

မောင်ဇော် ဓားနှင့်ခုတ်အပြီး ထိုလူမည်းကြီးအားကြည့်၍ တစ်ချက်ငိုင်သွားသည်။

"သား၊ ခြင်းကိုလွှတ်ပြီး ဒီကောင်ကြီးကို ဝိုင်းထားလိုက်။ ကိုယ့်လူကိုမထိစေနဲ့။ တစ်ယောက်ချင်း ဝင်ခုတ်။ ခြင်းကိုလွှတ်လိုက်"

ကိုကျော်သန်း အော်တော့မှ မင်းမင်းက အမဲသားခြင်းကို လွှတ်ပေးလိုက်သည်။ သူတို့သုံးယောက်သားလွယ်ထားသော ပလိုင်းများကို ချထားလိုက်ပြီးနောက် ကိုင်းခုတ်ဓားကိုယ်စီနှင့် ထိုလူမည်းကြီးအား လွတ်မသွားအောင် ဝိုင်းထားလိုက်ကြသည်။လူမည်းကြီးကတော့ သူတို့ကို ရှိတယ်လို့တောင် မထင်။ ခြင်းထဲမှ အင်ဖက်များကို ဆွဲထုတ်ပြီး အမဲသားတွဲအား နှိုက်နေသည်။ မောင်ဇော်နောက်တစ်ချက်ခုတ်ရမှာ ဇဝေဇဝါဖြစ်နေသည်။ ကိုကျော်သန်းသည် ထိုလူမည်းကြီးရှေ့မှနေ၍ လည်ပင်းကိုစလွယ်သိုင်းခုတ်ချလိုက်သည်။

"ဝှီး. . . ဒုတ်. . . "

ဓားက ပြန်ကန်ထွက်လာသည်။ ခုတ်ရသည်မှာ ရော်ဘာတုံးကြီးကို ခုတ်နေရသလိုဖြစ်နေ၏။ မင်းမင်းကလည်း လူမည်းကြီး၏ ရှေ့ပခုံးအား ဓားနှင့် စိုခုတ်ချလိုက်သည်။ ဘာမှမဖြစ်ပါ။ လူမည်းကြီးကတော့ ခြင်းထဲမှ အမဲသားတစ် တစ်စအား အစိမ်းလိုက်ကိုက်စားနေသည်။

"ဝှီး. . . ဝှီး. . . ဝှီး. . . "

"ဒုတ်. . . ဒုတ်. . . ဒုတ်"

သူတို့ဓားချက်များက သာမန်လူဆိုလျှင် အပိုင်းပိုင်းအတစ်တစ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

# လေဖြတ်ရောဂါအတွက် ဆေးဖက်ဝင်ဆေးဝါးများ

စွမ်းထက်နောင်

လေဖြတ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး ရောဂါအနက် တတိယအများဆုံးဖြစ်ပြီး နာတာရှည် မသန်မစွမ်းဖြစ်စေသော ရောဂါ ဖြစ်ပါသည်။ လေဖြတ်ရောဂါ လူနာများ၏ (၈၀) ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆေးကုသခံယူနေသည့် အတွင်းလူနာများ၏ (၃၅) ရာခိုင်နှုန်းသည် လေဖြတ်ရောဂါ ခံစားနေရသည့် လူနာများဖြစ်ကြောင်း သိရှိရပါသည်။ လူတိုင်းအလွယ်တကူ လုပ်ဆောင် စားသောက်နိုင်သော လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်သည့် သဘာဝဆေးဖက်ဝင် အစားအစာနှင့် အပင်များကို ဖော်ပြအပ်ပါသည်။

## ၁။ ကြက်သွန်ဖြူ (GARLIC)

ကြက်သွန်ဖြူသည် ဦးနှောက်သွေးကြောများ ပိတ်ဆို့၍ ဖြစ်ပွားသော လေဖြတ်ရောဂါ မဖြစ်ပွားရန် နည်းလမ်း (၃) မျိုးဖြင့် ကာကွယ်ပေးပါသည်။ သွေးတိုးကျစေခြင်း၊ သွေးအတွင်း ကိုလက်စထရောကျစေခြင်းနှင့် သွေးကြောများအတွင်း သွေးခဲခြင်းကို ဆန့်ကျင်ပါသည်။ ကြက်သွန်ဖြူသည် သွေးခဲခြင်းကို ဆန့်ကျင်သော အကောင်းဆုံး ဆေးဝါးဖြစ်ပါသည်။ သွေးမခဲစေသည့် ဓာတ်များပါဝင်ပြီး နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါကို မဖြစ်ပွားစေရန် ကာကွယ်နိုင်သည်။ သုတေသနပညာရှင်များ၏ လေ့လာမှုများအရ ကြက်သွန်ဖြူကို အစိမ်း(သို့)ပြုပြင်ထုတ်လုပ်ထားသောအဆီ၊ အဆီအနှစ်များသည် သွေးလှည့်ပတ်မှုလုပ်ငန်းများတွင် သွေးကြောများအတွင်း သွေးခဲခြင်းကို လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။ ကြော်ချက်ပြုတ်စားသောက်သည့် အစားအစာများနှင့် အသုပ်များများတွင် ကြက်သွန်ဖြူ ပိုမိုထည့်သုံးစားသောက်သင့်ပါသည်။ သို့သော် သွေးကြောပြတ်၍ လေဖြတ်သည့်ရောဂါရှင်များ မစားသင့်ပါ။ ကြက်သွန်ဖြူနည်းတူ ကြက်သွန်နီ၊ ငရုတ်သီးတို့လည်း အစွမ်းထက်ပါသည်။

## ၂။ ချင်း (GINGER)

ချင်းသည် သွေးအတွင်း ကိုလက်စထရောများခြင်းနှင့် သွေးလည်ပတ်မှု ချို့ယွင်းမှုများကို ပပျောက်ကျဆင်းစေပါသည်။ သုတေသနပြုမှုများအရ ချင်းရည် တစ်နေ့ (၂) ဇွန်းသောက်ပါက

---

လောက်ပါသည်။ သို့သော် ထိုလူမည်းကြီးက ဘာမှမဖြစ်သည့်ပြင် အမဲသားတွဲအား စားနေရင်း တဟီးဟီးဖြင့် ရယ်သံကြီးထွက်လာ၏။

"ဟော့ကောင်တွေ၊ ပြေးကြ ပြေးကြ။ ဒါ လူမဟုတ်ဘူး၊ နာနာဘာဝအကောင်ကြီးပဲ။ ချောင်းဟိုဘက်ကိုရောက်အောင်ပြေး"

ကိုကျော်သန်း ပြောလည်းပြော၊ ပလိုင်းကိုကောက်လွယ်ပြီး ချောင်းရေထဲ ဖြတ်ပြေးတော့သည်။ မင်းမင်းနှင့် မောင်ဇော်လည်း သူ့နောက်မှ လိုက်ပြေးလာကြသည်။ ချောင်းတစ်ဖက်ရောက်၍ အင်ပင်ကြီးရှိရာသို့ ပြန်လှည့်ကြည့်လိုက်တော့ ထိုလူမည်းကြီးသည် အမဲသားတွဲအားဆွဲလျက် အင်ပင်ကြီးပေါ်သို့ ခြေတစ်လှမ်းချင်း လှမ်းတက်သွားနေသည်ကို တွေ့ရသည်။ ပြီးနောက် သစ်ကိုင်းပေါ်မှာ ခြေတွဲလွဲထိုင်ရင်း အမဲသားတွဲများကို အားရပါးရ စားနေသည်အားတွေ့လိုက်ရပါတော့သည်။

❑

ညောင်ညိုအိုက်ရွာသူကြီး ဦးလူကလေးအိမ် ရောက်တော့ သူတို့သုံးဦးသား အသက်ပင် ကောင်းကောင်းမရှူနိုင်ကြ။ ရေသောက်ပြီးတစ်အောင့်ကြာမှ စကားကောင်းကောင်းပြောလို့ရသည်။

"ဆရာတို့က အင်ပင်သရဲနဲ့ တွေ့လာတာကိုး။ ကျွန်တော်တို့ရွာသားတွေက ညနေရောက်တာနဲ့ ဒီလမ်းကို ဘယ်သူမှ မဖြတ်ကြတော့ဘူး။ ဒီကောင်ကြီးက ရွာပြန်တဲ့သူတွေမှာ သားငါးပါရင် လုစားနေကျ"

ကိုကျော်သန်း ထိုသရဲအား လုံးဝမကျေနပ်ပါ။ နောက်နေ့မနက်မှာ တွေ့ကြသေးတာပေါ့ဟု ကြိမ်းဝါးလိုက်သည်။ မနက်ရောက်တော့ ရွှေစခန်းမှ အလုပ်သမားတွေခေါ်ပြီး သူတို့သားအဖတွေ အင်ပင်ကြီးရှိရာ ချောင်းတစ်ဖက်သို့ဖြတ်လာခဲ့ကြသည်။

အင်ပင်အောက်ကိုရောက်တော့ အနီးအနားမှ သစ်ကိုင်းခြောက်များ၊ ချုံပုတ်များအားခုတ်ပြီး အင်ပင်အောက်စုပုံ၍ မီးတိုက်ပါတော့သည်။

"နေနိုင်ရင်နေပေါ့ အင်ပင်သရဲ"

ဟုလည်း ကြိမ်းဝါးလိုက်သည်။

မနက်ပိုင်းဖြစ်နေ၍ ထိုအကောင်ကြီးအား မတွေ့ရပါ။ သစ်ပင်ကြီးအား အောက်ခြေမှမီးတိုက်ပြီးလောက်မှ စိတ်ထဲမှအစိုင်အခဲတွေ ပြေသွားသည်။

ဘာမှမကြာသောရက်ပိုင်းမှာပင် သူ့ရွှေတွင်း ပြိုကျသွားသည်။ လူမသေပေမယ့် အလုပ်သမားတစ်ယောက် ခြေကျိုးသွား၏။ ဆက်၍ သူတို့သားအဖနှင့် အလုပ်သမားတွေ ဝမ်းလျှောကြသည်။ ကျန်းမာရေးမှူးအား အခေါ်မြန်သဖြင့် သူတို့သားအဖတွေ အသက်အန္တရာယ်မဖြစ်ပေမယ့် အတော်ခံလိုက်ရ၏။ အလုပ်သမားနှစ်ယောက်မှာတော့ ဖြစ်ဖြစ်ချင်း သေဆုံးသွားသည်။ သူကြီးဦးလူကလေးကတော့ ပြောပါသည်။

"ဒီကောင်ကြီးက နှစ်ချို့နေပြီ။ အစွယ်ပေါက်လို့ အကောင်ကြီးဖြစ်နေသည်။ သူလုပ်တာနေမှာ"

ဟု ပြောသော်လည်း ကိုကျော်သန်း မယုံချင်ပါ။

သို့သော် သူ လက်တွေ့ရင်ဆိုင်လာရသဖြင့် ကျောထဲစိမ့်လာသည်။ ရွှေလုပ်ကွက်ကလည်း သူ့နယ်ထဲမှာဖြစ်နေတာကြောင့် ဆက်လုပ်ရမှာ မဝံ့မရဲဖြစ်နေသည်။ နောက်ဆုံး ရသလောက်နှင့် စခန်းသိမ်းပြီး ပြန်ခဲ့ကြပါတော့သည်။

ကိုကျော်သန်းတစ်ယောက် ထိုအချိန်မှစပြီး နောက်ပိုင်း ဘယ်တော့မှ ညောင်ညိုအိုက်သို့ ခြေဦးမလှည့်တော့ပါ။ တောထဲတောင်ထဲမှာ ဒါမျိုးတွေရှိနေသည်ကတော့ ကိုယ်တွေ့ သိခဲ့ရပြီဖြစ်ပါတော့သည်။

သန့်ဇင်

*(ဤဇာတ်လမ်းအားပြောပြသော သပိတ်ကျင်းမြို့မှ ဦးကျော်သန်းအား ကျေးဇူးတင်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

သွေးကြောထဲတွင် ထောပတ် (၁၀၀) ဂရမ် စားသောက်ခြင်းကြောင့် ပိတ်ဆို့ဖြစ်ပေါ်နေသောအဆီများကို တစ်ပတ်အတွင်း ခြေဖျက်နိုင်ကြောင်း စမ်းသပ်မှုအရ သိရှိရပါသည်။ အစားအစာများ ချက်ပြုတ်ရာတွင် ချင်းကိုထည့်သုံးသင့်ပါသည်။ နေ့စဉ် ချင်းရည် (၁) ဇွန်းမှ (၂) ဇွန်းကို ရေနွေးတစ်ခွက်ဖြင့် ရောစပ်သောက်သုံးနိုင်ပါသည်။

**၃။ နနွင်း**

သုတေသနပြုမှုအရ သွေးကြောအတွင်း သွေးခဲဖြစ်ပေါ်ခြင်းကို ကာကွယ်ပါသည်။ အာယုဗ္ဗေဒဆေးဝါးများ၊ တိုင်းရင်းဆေးများ ဖော်စပ်ရာတွင် နနွင်းသည် အလွန်အရေးပါသည်။ ဟင်းချက်ရာတွင်လည်း မပါမပြီးသည့် မီးဖိုဆောင်သုံးပစ္စည်းဖြစ်၍ အမျိုးသမီးများအတွက် အလွန်အသုံးဝင်သောဆေးဖက်ဝင်ဖြစ်ပါသည်။

**၄။ မုန်လာဥနီ**

မုန်လာဥနီတွင် ဘီတာကယ်လိုတင်း (Beta carotine) ဗီတာမင်အေ ပါဝင်ပါသည်။ အမျိုးသမီး (၈၇၂၄၅) ဦး၏ မုန်လာဥနီစားသုံးမှုနှင့် လေဖြတ်ရောဂါ ဖြစ်ပွားမှုများကို လေ့လာသုတေသနပြုခဲ့ရာ တစ်ပတ်လျှင် မုန်လာဥနီငါးကြိမ်ခန့် စားသုံးသည့် (၆၈) ရာခိုင်နှုန်းသည် လေဖြတ်ရောဂါ မဖြစ်ပွားကြောင်း တွေ့ရှိခဲ့ရပါသည်။ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များတွင် ဘီတာကလိုတင်း၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီးများ ပါဝင်ကြပါသည်။ ထိုအာဟာရများ ပါဝင်သော သစ်သီးဟင်းရွက်များ စားသုံးသောသူများသည် လေဖြတ်ရောဂါဖြစ်ပွားမှု (၅၄) ရာခိုင်နှုန်း လျော့ကျစေပါသည်။ မုန်လာဥနီကို ချက်ပြုတ်၍သော် လည်းကောင်း၊ ဖျော်ရည်လုပ်၍သော်လည်းကောင်း၊ ချင်း၊ ကြက်သွန်ဖြူတို့ဖြင့် ရောစပ်သောက်သုံးနိုင်ပါသည်။

**၅။ ဟင်းနုနယ်**

ဟင်းနုနယ်ကို (၆)နှစ်ကြာသုတေသနပြုမှုများအရ ကယ်လ်စီယမ်ဓာတ်ပါဝင်သော အစားအစာများကို စားသုံးသူနှင့် မစားသုံးသူများ လေးသောင်းကို လေ့လာခဲ့ရာ မစားသုံးသော သုံးပုံတစ်ပုံသည် နှလုံးရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့ရသည်။ ဟင်းနုနယ်သည် ကယ်လ်စီယမ်ဓာတ်များစွာပါဝင်ပြီး လတ်ဆတ်သော ဟင်းနုနွယ် တစ်အောင်စသည် ကယ်လ်စီယမ် (၅၀၀) မီလီဂရမ် ပါဝင်ပါသည်။ အရွက်ကို ချက်စားခြင်း၊ ပြုတ်၍ သုပ်စားခြင်း ပြုလုပ်နိုင်ပါသည်။ ဖောလစ်(FOLOTE)ဓာတ်လည်း ပါဝင်၍ ထိုဓာတ်သည် သွေးကြောကျဉ်းခြင်း၊ နှလုံးနှင့် လေဖြတ်ရောဂါများကို ပျောက်ကင်းစေပါသည်။ ထိုကဲ့သို့ပင် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ကညွတ်၊ သခွားသီး၊ ပဲရနွံဝါများသည်လည်း ဖောလစ်ဓာတ် ပါဝင်ပါသည်။

**၆။ နာနတ်သီး**

နာနတ်သီးတွင် ဘရိုမီလိန်း (Bromelaim) ဓာတ်ပါဝင်၍ ထိုဓာတ်သည် အသားများကို အစာခြေဖျက်နိုင်ပြီး သွေးကြောအတွင်းသွေးခဲခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးရောဂါများကို ကာကွယ်နိုင်ပါသည်။

**၇။ နေလှည့်** BABECHI (PSORALEA CORYLIFOLIA)

နေလှည့်အစေ့သည် သွေးကြောအတွင်းသွေးခဲခြင်း၊သွေးကြောပိတ်ခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းကို ကာကွယ်ပါသည်။ ထို့ပြင် ကင်ဆာရောဂါ မဖြစ်ပွားရန် ကာကွယ်နိုင်ပါသည်။

ငရုတ်သီး၊ ကညွတ်၊ ပဲပိစပ်စသော လတ်ဆတ်သော အသီးအရွက်များတွင် သွေးကြောများအတွင်း သွေးခဲစေမှုကို ကာကွယ်သည့်အပြင် သွေးလှည့်ပတ်မှုကိုပါ ကောင်းမွန်စေပါသည်။

**၈။ ခရမ်းချဉ်သီး**

ခရမ်းချဉ်သီးတွင် လိုင်ကိုပိန်းဓာတ် အများပါဝင်၍ ဓာတ်တိုးဆန့်ကျင်သည့်ပစ္စည်းများ ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် NEUROLOGYဂျာနယ်တွင် ဖော်ပြထားချက်အရ သုတေသနပညာရှင်များ လေ့လာတွေ့ရှိချက်များမှာ သွေးထဲတွင် လိုင်ကိုပိန်းဓာတ် (၅၉) ရာခိုင်နှုန်းထက် လျော့နည်းပါက လေဖြတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

**၉။ ကမ္ဘာဦးပင်** (GINKO)

ကမ္ဘာဦးပင်အရွက်သည် လေဖြတ်ရောဂါမဖြစ်ပွားရန် ကာကွယ်နိုင်ပြီး လေဖြတ်ရောဂါများကိုလည်း ကုသနိုင်ပါသည်။ သွေးကြောအတွင်းသွေးခဲခြင်း၊ သွေးခဲပိတ်ဆို့ခြင်းကို ကာကွယ်ပြီး ဦးနှောက်သို့ သွေးများပို့လွှတ်ခြင်းများကို တိုးတက်ချောမွေ့စေ၏။ ဖရီးရယ်ဒီကယ် (FREE RADICAL) များစုပုံနေမှုကို ကာကွယ်ပြီး မှတ်ဉာဏ်လျော့နည်းခြင်းများကို ပျောက်ကင်းစေကြောင်း လေ့လာသုတေသနပြုမှုအရ သိရှိရပါသည်။ ထို့ပြင် သွေးကြောကျဉ်းခြင်း၊ သွေးအားနည်းခြင်းများကို ပျောက်စေ၍ သွေးကြောပေါက်၍ လေဖြတ်ခြင်းကို ကာကွယ်ပါသည်။ မြန်မာနိုင်ငံ FAME ဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လျက်ရှိနေပါသည်။ ဘေးထွက်ဆိုးကျိုးမရှိကြောင်း သုတေသီဆရာဝန်များက ပြောကြားထားပါသည်။

အရိုးဗစ်လေ့ကျင့်ခန်းစသည့် မိမိတတ်နိုင်သည့် အားကစားများပြုလုပ်ခြင်း၊ ဥပမာ လမ်းလျှောက်ခြင်းသည် လေဖြတ်ရောဂါကို လျှော့ချစေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တစ်ပတ်ကို အနည်းဆုံး (၃) နာရီခန့် လမ်းလျှောက်ခြင်းဖြင့် လေဖြတ်ခြင်းကို ကာကွယ်နိုင်ကြောင်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် MURCIA REGIONAL HEALTH AUTHORITY, SPAIN REPORTED IN STROKE ဂျာနယ်တွင် ဖော်ပြထားပါသည်။ လေဖြတ်ခြင်းနှင့် မတွေ့ကြုံရရန် ခန္ဓာကိုယ်၏ ကျန်းမာရေး ကောင်းမွန်ရန် လိုအပ်ပါသည်။ ကျန်းမာရေးကောင်းမွန်စေရန် လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ အထက်တွင် ဖော်ပြခဲ့သော ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရများစားသုံးခြင်း၊ အရက်၊ ဆေးလိပ်မသောက်သုံးခြင်း စသည့်နေထိုင်မှု ဘဝပုံစံပြောင်းလဲခြင်းတို့ကို ပြုလုပ်ရန် လိုအပ်ပါသည်။ ကျန်းမာအသက်ရှည်စွာနေထိုင်မှုတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အခြေခံအကြောင်းတရားလေးရပ်အတိုင်း လိုက်နာရပါမည်။ နေ့စဉ်အာဟာရများ မှီဝဲရာတွင် အရသာရှိရာသို့ အလိုလိုက်၍ စားသောက်ခြင်းသည် ရောဂါများကို ဖိတ်ခေါ်ရာ ရောက်ပါသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် ဝန်ပိုစေသောအစားအစာများ ရှောင်ကြဉ်ခြင်းများကို ဆောင်ရွက်ရပါမည်။

*ကျန်းမာကြပါစေ*

**စွမ်းထက်နောင်**




www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့်လက္ခဏာ




### တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် အရည်အသွေးကိုဖော်ပြနိုင်သည့် လက် ချောင်း၊ လက်မ


အချစ်ရေးအား ကိုယ်စားပြုသော ဂြိုဟ်ခုံ (Venus=သောကြာ) ၏အရည်အသွေးများအား သိစိတ်ဖြင့်ဖော်ပြပေးနိုင်သောလက်ချောင်းမှာ လက်မပင်ဖြစ်သည်။ လက်မ၌ လက်ဆစ်ရိုးနှစ်ဆင့်ပါရှိသည်။ မှန်ကန်သောအနေအထားရှိသည့်လက်မသည် ကြာသပတေးလက်ချောင်း၏ အောက်ဆုံးလက်ဆစ်ရိုး (Tamas ပိုင်နက်) အလယ်တည့်တည့်ထိ ရှည်လျားရပါမည်။ လက်မအပေါ်ဆင့်လက်ဆစ်ရိုးက အလိုဆန္ဒကို ကိုယ်စားပြုဖော်ပြပြီး အောက်လက်ဆစ်ရိုးက ဆင်ခြင်တွေးခေါ်နိုင်စွမ်းရှိခြင်းကို ကိုယ်စားပြုသည်။ ၎င်းပြင် လက်မ၏အပေါ်၊ အောက် လက်ဆစ်ရိုး နှစ်ဆင့်စလုံးရှိ အရွယ်အစား အရှည်၊ အကျယ်များညီနေစေရပါမည်။

### ရှည်သောလက်မ


လက်မရှည်လျားခြင်းသည် ပွင့်လင်းဖော်ရွေတတ်ခြင်း၊ လွတ်လပ်စွာနေတတ်ခြင်း၊ အစွမ်းအစရှိခြင်း၊ တက်ကြွနိုးကြားတတ်ခြင်း သဘောများကိုဖော်ပြပါသည်။ ၎င်းအပြင် ရှည်သောလက်မ၏သဘာဝအရ မိမိ၏ အရည်အချင်းကို ဖော်ပြလိုခြင်း၊ လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဟူသည့် သဘာဝများ ပိုင်ဆိုင်ထားသည်။

### တိုသောလက်မ

တိုသောလက်မသည် တစ်ပါးသူ၏ ထင်မြင်ယူဆချက်များအပေါ် အလွယ်တကူ စိတ်ယိမ်းယိုင်တတ်ခြင်း၊ မိမိကိုယ်တိုင် သေချာရေရာစွာ မဆုံးဖြတ်နိုင်ခြင်း၊ နားလည်မှုလွဲမှားတတ်ခြင်း ဟူသည့် စရိုက်လက္ခဏာများအား ကိုယ်စားပြုသည်။




A long thumb reveals an independent, dynamic, and outgoing nature.



A short thumb indicates a lack of motivation.

Will = အလိုဆန္ဒ ကိုယ်စားပြု လက်မလက်ဆစ်ရိုး (ထိပ်ပိုင်း)နှင့် Logic= ဆင်ခြင်တွေးခေါ်နိုင်စွမ်းကိုယ်စားပြု လက်မလက်ဆစ်ရိုး (အောက်ပိုင်း) တို့ မျှတညီညွတ်နေခြင်း (သို့) ပုံမှန်ရှိသင့်သောလက်မအနေအထား





Ideally, the two phalanxes of will and logic are equal in length.

လက်မ၏ Will နှင့် Logic ကိုယ်စားပြု လက်ဆစ်ရိုးနှစ်ဆင့်စလုံး အရွယ်အစား (အရှည်) ညီနေစေရပါမည်။

ထိုအခါ အခြေခံကျကျတွေးခေါ်ဆင်ခြင်၍ အလိုဆန္ဒအား တရားနည်းလမ်းကျစွာ အကောင်အထည်ဖော်နိုင်ပါမည်။

### Short Will and Long Logic လက်မလက်ဆစ်ရိုး ထိပ်ဆုံးပိုင်းတို့၏ အောက်ပိုင်းရှည်လျားနေခြင်း




This combination shows a possible lack of willpower needed to accomplish goals.

မိမိ၏ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ရန် အရည်အချင်းရှိသော်လည်း စိတ်အလိုဆန္ဒတက်ကြွမှု အားနည်းခြင်းကြောင့် ရည်မှန်းချက်များ




www.burmeseclassic.com

www.burmeseclassic.com

အား ပြီးဆုံးအောင် လက်စသတ်နိုင်စွမ်း လျော့နည်းနေပါမည်။ သို့သော် တွေးခေါ် ဆင်ခြင်ဉာဏ် အားကောင်းခြင်းကြောင့် သိစိတ်၏ စွမ်းဆောင်ရည်နှင့် ပေါင်းစပ်ကာ မိမိချစ်သူ၏ လိုအပ်ချက် အဝဝအား အခက်အခဲမရှိ ဖြည့်ဆည်း ပေးနိုင်ပါမည်။

**Long Will and Short Logic**


**လက်မဆစ်ရိုး ထိပ်ပိုင်းရှည်၍ အောက်ပိုင်းတိုတောင်းနေခြင်း**




**This combination shows tendency to be self-willed and obstinate.**

အဆိုပါ လက်မ အနေအထားသည် အလိုဆန္ဒပြင်းပြထက်သန်ခြင်း၊ ခေါင်းမာခြင်း၊ တစ်ဖက်သားအပေါ် လွှမ်းမိုးချုပ်ကိုင်လိုခြင်းသဘောများကို ပိုင်ဆိုင်ထားသည်။ ခေါင်းမာတတ်သည့် သဘာဝကြောင့် မိမိချစ်သူ (လက်တွဲဖော်) ၏ လိုအပ်ချက်များအား လုံးဝနားထောင်ခြင်းမရှိတတ်ပေ။


**Jeremy ၏ လက်ဝါးပြင်မှ လက်မကိုလေ့လာခြင်း**




**Jeremy's faulty reasoning is indicated by his short logic phalanx.**

Jeremy ၏ မိခင်ဖြစ်သူက Jeremy ထက် အစ်ကိုဖြစ်သူအပေါ် အချစ်ပိုသည်ဟု Jeremy ယုံကြည်ထားသည်။ အစ်ကိုဖြစ်အပေါ် မနာလိုစိတ်ဝင်မိသောကြောင့် မိခင် မြတ်နိုးတန်ဖိုးထားသည့် ရှေးဟောင်းပန်းအိုးအား ခွဲ၍ အပိုင်းအစများအား အစ်ကိုဖြစ်သူအခန်းအတွင်း၌ ဝှက်ထားခဲ့သည်။ Jeremy ၏ စိတ်ကူးအရ အစ်ကိုဖြစ်သူ ဆူပူကြိမ်းမောင်းခံရစေရန် ဖြစ်သည်။ Jeremy ၏ အထက်ပါ စိတ်နေစိတ်ထားကို သူ၏ လက်မအောက် ဘက်လက်ဆစ်ရိုး (Logic နယ်မြေ) တိုနေခြင်းက ဖော်ပြသည်။ လက်မ၏အပေါ် လက်ဆစ်ရိုး (Will ပိုင်နက်) ကြီးနေခြင်းကြောင့် မိမိ အလိုဆန္ဒအတိုင်း အမှား၊ အမှန် မစဉ်းစားဘဲ ပြုမူလုပ်ကိုင်တတ်သည့်သဘောကို တွေ့ရသည်။

**လက်မထိပ်ဖျားပိုင်းတုတ်ခိုင်ခြင်း**




**A clublike formation on the will phalanx indicates an extremely volatile personality.**

အလိုဆန္ဒ Will ပိုင်နက်နယ်မြေ (လက်မထိပ်ဖျားပိုင်း) တုတ်ခိုင်နေပါက အပြောအဆိုအပြုအမူကြမ်းတမ်းသည့်သဘော၊ ပုဂ္ဂလိကဒွန်ကျသည့်သဘော၊ မိမိသဘောမိမိဆောင်တတ်သည့်သဘော၊ ရန်လို တိုက်ခိုက်တတ်သည့်သဘော၊ အစွန်းရောက် တစ်ယူသန်တတ်သည့် သဘောများကို ပိုင်ဆိုင်ကြောင်း ဖော်ပြပါသည်။ အဆိုပါလက္ခဏာပိုင်ရှင်အနေဖြင့် (အချစ်ရေး အပါအဝင်) လူမှုဆက်ဆံရေးပိုင်း၌ ပြဿနာအခက်အခဲများစွာ ရှိနေပါမည်။

**လက်မနှင့် ကျန်ရှိလက်ချောင်းများ တည်ဆောက်ပုံမျှတနေခြင်း**


လက်မသည် ကြာသပတေးလက်ချောင်း (လက်ညှိုး) မှ (၄၅)ဒီဂရီအကွာ




**A balanced-angled thumb indicates spontaneity and expressiveness.**

ရှိနေရပါမည်။ ထိုအနေအထားသည် အချစ်ရေး၌ သဘောထားပွင့်လင်းခြင်း၊ နားလည်မှုပြည့်ဝခြင်း၊ ချစ်သူ (အိမ်ထောင်ဖက်) ၏ ခံစားချက်ကို နားလည်ခြင်းရှိကြောင်း ကိုယ်စားပြုပါသည်။

**လက်မနှင့် လက်ညှိုးကြားထောင့်နေရာ ကျဉ်းမြောင်းခြင်း (၄၅ ဒီဂရီထက် လျော့နည်းခြင်း)**




**A held-in thumb indicates inhibition.**


ထိုအနေအထားသည် ဘဝ၏စိန်ခေါ်မှုအဝဝအား ရင်ဆိုင်နိုင်စွမ်းမရှိခြင်း၊ အရည်အချင်းမပြည့်ဝခြင်း၊ပြင်ပအနှောင့်အယှက်များ၏ ဖိစီးနှိပ်စက်မှုခံရခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့ခြင်း၊ ထိုးထွင်းဉာဏ်အားနည်းခြင်းတို့ကို ရည်ညွှန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**လက်မနှင့် လက်ညှိုးကြား ထောင့်နေရာ ကျယ်ဝန်းခြင်း (၄၅ ဒီဂရီထက်ပိုခြင်း)**




**A wide-angled thumb indicates a necessity to exercise self-restraint.**


အဆိုပါ လက္ခဏာသည် အတွင်းစိတ်သဘောထားကို သိသာပေါ်လွင်အောင် ဖော်ပြတတ်ခြင်း၊ တစ်ဖက်သားခံစားချက်အမှန်အား သိအောင် မကြိုးစားဘဲ မိမိထင်မြင်ချက်ကို ရှေ့တန်းတင် ပြောဆိုတတ်ခြင်း၊ မလိုအပ်ဘဲ ခွန်အားသုံးခြင်း ရှိနေပါမည်။ လက္ခဏာအနေဖြင့် မိမိ၏အစွန်းရောက်မှုမှန်သမျှအား သတိပြုထိန်းချုပ်၍ (အထူးသဖြင့် အချစ်ရေး၌) ဆက်ဆံရေး အဆင်ပြေစေရန် မိမိကိုယ်မိမိ လေ့ကျင့်ပြုပြင်ပေးရပါမည်။

**အာရုံကြောဖွဲ့စည်းမှုစနစ်ကို ကိုယ်စားပြုသော လက်သည်းခွံများ**

လက်သည်းခွံများသည် အာရုံကြောများ၏အဆုံးသတ်နေရာများအား အကာအကွယ်အဖြစ် ဖုံးကာပေးထားရုံမက သက်ဆိုင်ရာပုဂ္ဂိုလ်၏ ဖွဲ့ ခံနိုင်ရည်စွမ်းဆောင်ရည်နှင့် အာရုံကြောဖွဲ့စည်းမှုစနစ်က ဆက်ဆံရေး၌ မည်မျှအကျိုးသက်ရောက်သည်ကိုပါ ကိုယ်စားပြုဖော်ပြပေးသည်။

**ကျယ်ပြန့်သောလက်သည်းခွံများ**


လက်သည်းခွံ တည်ဆောက်ပုံ ကျယ်ပြန့်ပါက သဘောထား ပွင့်လင်းခြင်း၊ စိတ်နေမြင့်မြတ်ခြင်း၊ သည်းခံနားလည် ခွင့်လွှတ်တတ်ခြင်း၊ ကိုယ်၊ စိတ်နှစ်ပါး (တင်းမာမှုမရှိ) ပြေလျော့နေတတ်ခြင်း၊ စိတ်ဖိစီးစရာကိစ္စများ ကြုံတွေ့ရသည့်တိုင် ခံနိုင်ရည်ရှိစွာ ရင်ဆိုင်



**ကျယ်ပြန့်သောလက်သည်းခွံပုံ**

ဖြေရှင်းတတ်ခြင်း၊ အာရုံကြောဖွဲ့စည်းမှုစနစ် သင့်တင့်ကောင်းမွန်ပြီး ခန္ဓာကိုယ်ကျန်းမာရေးကောင်းခြင်းတို့ကို ဖော်ပြပါသည်။

**ရှည်လျားကျဉ်းမြောင်းသော လက်သည်းခွံများ**



**ရှည်လျားကျဉ်းမြောင်းပုံ**

အဆိုပါ လက်သည်းခွံများပါရှိပါက အလုပ်အပေါ် တန်ဖိုးထားမြတ်နိုးတတ်ခြင်း (အချစ်ရေးအပါအဝင်) လူမှုဆက်ဆံရေး၌ အပြစ်အနာမရှိ ချောမွေ့လိုစိတ်ရှိခြင်း။ ဖော်ပြပါ လက်သည်းခွံပုံစံများအား လက်ဝါးပြင်အသား ချောမွေ့နူးညံ့သောလက်များ၌ အများဆုံးတွေ့ရတတ်သည်။

**အပေါ်ဘက်ကားသောလက်သည်းခွံများ**


လက်သည်းခွံ တည်ဆောက်ပုံ အပေါ်ဘက်ကားနေပါက အရာရာ၌ အဆုံးစွန် ခွဲခြမ်းစိတ်ဖြာတတ်သည့် သဘာဝရှိကြောင်း၊ လက်သည်းခွံ၏



**အပေါ်ဘက်ကားနေပုံ**

အရှည် တိုတောင်း၍ ကျဉ်းမြောင်းမြောင်းကြောင့် အာရုံကြောဖွဲ့စည်းမှုစနစ် အားနည်း၍ အလွယ်တကူ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်သောကများခြင်း၊ စိတ်မရှည်တတ်ခြင်းသဘောရှိကြောင်း ကိုယ်စားပြုဖော်ပြပါသည်။

**တိုတောင်း၍ လေးထောင့်ကျသော လက်သည်းခွံပုံစံ**



**တို၍ လေးထောင့်ကျသော လက်သည်းခွံပုံစံ**

တိုတောင်း၍ လေးထောင့်ကျသော လက်သည်းခွံဖြစ်ပါက ကြိုတင်ခန့်မှန်း၍ မရနိုင်သည့် အပြုအမူ တုံ့ပြန်မှုများ၊ အစွန်းရောက်ခြင်းများရှိနေပါမည်။ ပင်ကိုသဘာဝအရ စိတ်မရှည်တတ်ခြင်းကြောင့် အရေးကြီးကိစ္စများ ဆွေးနွေးပြောဆိုမှု၌ ကျရှုံးတတ်သည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဟေမန္တ၏ညနေခင်းလေး။

ချမ်းစိမ့်စိမ့်အေးမြနေသော ရာသီဥတုကို အန်တုဖို့ ကျွန်တော်တို့ သူငယ်ချင်းလေးယောက်ဟာ 'ဆုံနေကျကဖီး' မှာ လက်ဖက်ရည်သောက်ရင်း ထွေရာလေးပါးစကားပြောဖြစ်ခဲ့ပါတယ်။ အိပ်ဘန်းပုံလာတဲ့ ငှက်အုပ်တွေကို ကြည့်ရင်း တင်သောင်းက -

"သိန်းသန်းတစ်ယောက် သုံးဆယ်ကိုသွားတာ တစ်ပတ်လောက်တောင်ကြာသွားပြီ။ ဘာကိစ္စရှိလို့ ပြန်မလာသေးတာလဲ မသိဘူး"

"ကိစ္စတစ်ခုခုရှိလို့နေမှာပေါ့ကွာ။ ပြန်လာရင် ငါတို့ဆီကို အပြေးလာမယ့်ကောင်ကွ"

"အခုအချိန် ပြန်လာရင်တောင် 'ဆုံနေကျ' မှာ တို့ရှိမှန်းသိလို့ လိုက်လာမှာ သေချာတယ်"

"ဟုတ်တယ်၊ ဒီကောင်ကြီးက ပေါက်တတ်ကရအတော်ပြောတတ်တာ။ သူမရှိတော့ စကားဝိုင်းက ခြောက်ကပ်ကပ်နဲ့"

ကျွန်တော်တို့အုပ်စုဟာ သိန်းသန်းအကြောင်းဝိုင်းဖွဲ့ပြီးစကားပြောလို့ မဆုံးမီမှာ တင်သောင်းက -

"ဟိုမှာ သိန်းသန်း လာနေပြီ"

# ရီရီဓွေး

## ကျွန်ုပ်နှင့်ရက္ခစိုးမော်ကျင့်စဉ်





www.burmeseclassic.com

www.burmeseclassic.com

လို့ လှမ်းပြောလိုက်တယ်။

မှန်ပါတယ်။ သိန်းသန်းတစ်ယောက် မုန့်တွေပိုက်ပြီး ခြေလှမ်းကျဲကြီးနဲ့ ဆုံနေကျကဖီးဆီသို့ ဦးတည်လာနေပါတယ်။

"ဟေ့ကောင် သိန်းသန်း၊ မင်းတော့ အသက်ရှည်ဦးမယ်"

"ဘာဖြစ်လို့လဲကွ"

"အခုပဲမင်းအကြောင်းပြောနေကြတာ"

"အေး - ဒါကြောင့်လားမသိဘူး။ တစ်လမ်းလုံးအိပ်ချင်လိုက်တာကွာ"

"မင်းကတော့ပိုပြီကွာ"

"မပိုပါဘူးကွာ၊ ငါလည်းကားပေါ်ကဆင်းပြီး အိမ်မှာအထုပ်အပိုးချပြီးတာနဲ့ မင်းတို့ဆီကို အပြေးလာခဲ့တာ။ မုန့်တွေလည်းပါလာတယ် စားကြပါဦး"

"မုန့်ပါလာတာတော့ကျေးဇူးတင်တယ် သူငယ်ချင်း။ ဒါထက် မင်းသွားတာကြာလိုက်တာကွာ၊ ဘာကိစ္စဖြစ်နေလို့လဲ"

"ကိစ္စကတော့ အထူးအထွေမရှိပါဘူးကွာ။ ငါ့အဖေက ကြွေးတောင်းခိုင်းလို့သွားတာ။ သုံးရက်လောက်ကတည်းက ကြွေးရလို့ ပြန်မယ်အလုပ်မှာ. . ."

"ဟေ့ကောင်၊ စကားပြောရင်ဖြောင့်ဖြောင့်တန်းတန်းပြော။ မင်းသားဟန်လာလုပ်မနေနဲ့"

"အေးပါကွာ၊ မင်းသားဟန်မလုပ်ပါဘူး။ ငါအခုတွေ့လာတာ အတော်ထူးဆန်းလွန်းလို့ မင်းတို့ကို ပြောချင်တာနဲ့ ငါအမြန်လာခဲ့တာ"

"ဘာတွေထူးဆန်းလို့လဲကွာ"

"သုံးဆယ်နဲ့ သာယာဝတီမြို့နှစ်မြို့ရဲ့အကြားမှာ ဆရာစံမြို့သစ်ဆိုတာရှိတယ်။ အဲဒီမှာနေတဲ့ ဘာဘူကြီးဆိုတဲ့ပုဂ္ဂိုလ်ဟာ ဗေဒင်ဟောတာအလွန်မှန်တယ်။ ပြီးတော့လည်း အဆောင်ပေးတယ်ဆိုလို့ အဲဒီသွားမယ့်ရက်ကို စောင့်နေရလို့ ငါကြာသွားတာ"

"ဘာများလဲလို့ ဗေဒင်ဆရာအကြောင်းကို အဲဒီဗေဒင်ဆရာက ဘယ်လောက် ထူးဆန်းလို့လဲ"

"ထူးတာကတော့ မပြောနဲ့။ မင်းတို့ပါလာရင်လည်း လက်ဖျားခါအောင် အံ့သြမှာ။ သူက 'ရုက္ခစိုးမှော်' အောင်ထားတာကွ"

"ဘာ-ဘယ်လို၊ရုက္ခစိုးမှော်အောင်ထားတာ ဟုတ်လား။ ဒီတော့ ဘယ်လိုထူးခြားတာတွေ ဟောပြောလိုက်လို့လဲ"

"ကိုင်း - ငါပြောပြမယ်။ အဲဒီဘာဘူကြီးအကြောင်းက ဒီလိုကွ"

ဤသို့ဆိုကာ ရုက္ခစိုးမှော်အောင်ထားသော ဘာဘူကြီးအကြောင်းကို ပြောပြခဲ့ပါသည်။

ဘာဘူကြီး၏အမည်မှာ ဆန်ဂျေးဖြစ်ပါသည်။ သူတွင် ဖခင်အိုကြီးနှင့် ဇနီးတစ်ယောက်၊ သားနှစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ ဘာဘူကြီးသည် နွားမွေးမြူပြီး နွားနို့ရောင်းသည့်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ဖခင်အိုကြီးကိုလည်း ကောင်းစွာ ကျွေးမွေး စောင့်ရှောက်ပြုစုခဲ့သည်။ နွားနို့ညှစ်ပြီး နွားနို့ရောင်းရသည့်အတွက် အလုပ်ကိုဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသည်။ ဖခင်အိုကြီးသည် သားကိုကြည့်ရင်း ကရုဏာသက်ကာ -

"ငါသာ တန်ခိုးရှင်ဖြစ်ရင် မင်းကို ဒီလို ဆင်းဆင်းရဲရဲမလုပ်စေဘူး။ မင်းကို ချမ်းချမ်းသာသာထားချင်တယ်"

ဟု မကြာခဏပြောလေ့ရှိသည်။

ထိုဖခင်အိုကြီးသည် အသက်ရှစ်ဆယ်ကျော်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။ ထိုအချိန် ဘာဘူကြီး၏အသက်မှာ ခြောက်ဆယ်ကျော်ခန့် ရှိချေပြီ။ ဘာဘူကြီးလည်း အသက်ရင့်လာပြီဖြစ်၍ နွားနို့ပို့သည့်လုပ်ငန်းကို ကောင်းစွာ မလုပ်နိုင်တော့ပေ။ သားနှစ်ဦးမှာလည်း လယ်စာရင်းငှားလုပ်ပြီး သူ့အိမ်ထောင်နှင့်သူဖြစ်နေသဖြင့် ဖခင်ကြီးကို ကောင်းစွာ မစောင့်ရှောက်နိုင်ပေ။ သို့အတွက် ဘာဘူကြီးမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ကာ လက်မှိုင်ချနေချိန်ဖြစ်ပါသည်။

တစ်ညသောအခါတွင် သူ့ဖခင်အိုကြီးကို သူအိပ်မက်မြင်မက်ခဲ့သည်။ ဖခင်အိုကြီးမှာ ယခင်တုန်းကလို အိုမင်းမနေတော့ဘဲ အသက်ငါးဆယ်အရွယ်လောက်သာရှိပြီး သူ၏ ခန္ဓာကိုယ်တွင် ပြောင်လက်သော အဝတ်အစားများကို ဝတ်ဆင်ထားသည်ကို တွေ့လိုက်သဖြင့် ဆန်ဂျေးက -

"အဖေ၊ အခုအဖေဘယ်ဘဝကို ရောက်နေတာတုံး"

"အဖေဟာ မင်းတို့လယ်ကွင်းက ညောင်ပင်ကြီးမှာစောင့်တဲ့ ရုက္ခစိုးကြီးဖြစ်နေတယ်"

"ရုက္ခစိုးကြီး ဆိုတော့ အဖေဟာ တန်ခိုးရှိမှာပေါ့နော်"

"ဟုတ်တယ်၊ အဖေဟာ ငါ့သားဆင်းရဲတာကိုမကြည့်ရက်လို့ စောင့်မဖို့လာခဲ့တာပဲ"

"သားကို ဘယ်လိုစောင့်မမှာလဲ အဖေ"

"မင်းသူဌေးဖြစ်အောင် စောင့်မမှာပေါ့"

"ဒါဆို သားကို ရွှေတွေငွေတွေ အများကြီးပေးပြီး သူဌေးဖြစ်အောင် လုပ်ပေးမှာလား"

"အဲဒီလိုမဟုတ်ဘူးသား။ ငါ့သားဟာ ဗေဒင်ဟောရမယ်၊ အဆောင်တွေပေးရမယ်"

"သားမှ ဗေဒင်မဟောတတ်တာ၊ ဘယ်လိုလုပ်ဗေဒင်ဟောရမလဲ အဖေ"

"မင်းကို ငါ ရုက္ခစိုးမှော်ပညာပေးမယ်။ အဲဒါဆိုရင် မင်းအားလုံးလုပ်နိုင်ပြီ"

ဤသို့ဖြင့် အိပ်မက်ထဲတွင် ရုက္ခစိုးမှော်ပညာကို ဘာဘူကြီးအား သင်ကြားပေးခဲ့သည်။ ထိုပညာတတ်မြောက်ပြီးနောက် ဘာဘူကြီးသည် နွားနို့မပို့တော့ဘဲ ဗေဒင်စတင်ဟောရန် ဆိုင်းဘုတ်တင်လိုက်သည်။

ကံကောင်းသည်ဟု ဆိုရမည်လား မသိပါ။ ထိုနေ့က ဆရာစံရွာမှ နွားပျောက်သွားသဖြင့် ဘာဘူကြီးထံ ဗေဒင်လာမေးရာ ဘာဘူကြီး၏နှုတ်မှ မည်သို့ကြံစည်ထားခြင်းမရှိဘဲ နွားရှိသည့်နေရာကိုလွှတ်ခနဲပြောလိုက်သည်။ နွားပျောက်သူများသည် ထိုဗေဒင်ဟောသည့်နေရာသို့သွားကြည့်ရာ အမှန်ပင် နွားများကို ပြန်တွေ့သဖြင့် ဘာဘူကြီးကို အထင်ကြီးသွားခဲ့ကြသည်။ ထို့နောက် အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးကအစ ဗေဒင်အလွန်မှန်သဖြင့် နာမည်ကြီးလာခဲ့သည်။

သို့ဖြင့် နှစ်နှစ်၊ သုံးနှစ်ကြာသောအခါ ဘာဘူကြီးမှာ ငွေကြေးချမ်းသာလာပြီး တဲအိမ်မှ တိုက်အိမ်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ထိုအချိန်တွင် ဆရာစံရွာသစ်မှာ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ဘာဘူကြီး၏ ဂုဏ်သတင်းမှာလည်း အတော်ပင် ထင်ရှား ကျော်စောလာခဲ့သည်။

ကိုသိန်းသန်းမှာ သုံးဆယ်မြို့သို့ ရောက်ရှိနေခိုက် ဘာဘူကြီးအကြောင်းကို ကြားသိရသဖြင့် ၎င်း၏ဆွေမျိုးသားချင်းများနှင့်အတူ ဗေဒင်မေးရန် ဘာဘူကြီးထံသို့ ရောက်ရှိခဲ့သည်။

ကိုသိန်းသန်းအလှည့်သို့ ရောက်သော် -

"မင်းက ဒီမြို့က မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ကလာတာပဲ။ မင်းရဲ့ ချစ်သူဟာ နောက်နှစ်လအကြာမှာ အခြားသူတစ်ယောက်နဲ့ လက်ထပ်လိမ့်မယ်။ မင်းအဖေရဲ့ ပွဲရုံဟာ အဲဒီအချိန်မှာ အလွန်စီးပွားရေးကောင်းလာပြီး မင်းက အဲဒီပွဲရုံမှာ အုပ်ချုပ်ရလိမ့်မယ်။ နောက်ခြောက်လမှာ မင်းမိဘပေးစားတဲ့သူနဲ့ မင်းလက်ထပ်ရမယ်။ အဲဒီမိန်းကလေးနဲ့ သေတစ်ပန်သက်တစ်ဆုံးပေါင်းရမယ်"

"ကျွန်တော်က အခြားသူနဲ့ လက်မထပ်ချင်ဘူး။ ကျွန်တော့်ချစ်သူနဲ့ပဲ လက်ထပ်ချင်တယ်"

"မဖြစ်နိုင်ဘူး၊ အဲဒီမိန်းကလေးဟာ မင်းပြန်သွားတဲ့အချိန်ကစပြီး မင်းနဲ့ လမ်းခွဲသွားလိမ့်မယ်။ ဒါနဲ့ မင်းတို့ပွဲရုံရောင်းကောင်းအောင် ငါအဆောင်ပေးလိုက်မယ်"

ဤသို့ပြောပြီး အနီး၌ရှိသော ဖန်ခွက်ကိုကိုင်ပြီး လေထဲသို့မြှောက်လိုက်ရာ-

ချလွင် ဟူသောအသံနှင့်အတူ ကျောက်နီနှင့် ကွင်းထားသော ခတ်သားလက်စွပ်တစ်ကွင်း ဖန်ခွက်ထဲသို့ ကျလာခဲ့သည်။

"ကိုင်း - ဒီလက်စွပ်က မင်းနဲ့ထိုက်လို့ရတဲ့ပစ္စည်းပဲ ဝတ်ကြည့်ပါဦး"

ဤသို့ ပြောပြီး လက်စွပ်ကို ဝတ်ခိုင်းသဖြင့် ဝတ်ကြည့်ရာ လက်စွပ်မှာ လက်နှင့်ချောင်နေသဖြင့် ဘာဘူကြီးက-

"ခင်းလက်နဲ့လက်စွပ်က အတော်ကြီးနေတာကိုး။ အဲဒီလက်စွပ် ငါ့ကိုပြန်ပေးဦး။ မင်းလက်နဲ့ တော်အောင် ပြန်ကျဉ်းပေးပါဦး"

ဟု ပြောပြီး လက်စွပ်ကို လေထဲသို့ မြှောက်လိုက်ရာ လက်စွပ်မှာ လေထဲ၌ ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက် 'တောက် တောက်တောက်' ဟူသော ဆောက်ဖြတ်သံများတိုပါ ကြားလိုက်ရသည်။

"ကျောက်နီလေးရဲ့ဘေးမှာ ပန်းဖော်ပေးပါဦး။ ဒါမှ လက်စွပ်က လှသွားမှာ"

ဘာဘူကြီးက ဤသို့ထပ်ပြောလိုက်သည်။ ထို့နောက် ဆောက်ဖြတ်သံတတောက်တောက် ထပ်မံကြားရပြန်သည်။ တောက်တောက်သံရပ်သွားသောအခါ ဖန်ခွက်ကို လေထဲမြှောက်ပြီး -

"ကိုင်း - အားလုံးလုပ်ပြီးရင် ဖန်ခွက်ထဲ ပြန်ထည့်လိုက်ပါ"

ထိုသို့ပြောအပြီးတွင် ချလွင် ဟူသောအသံနှင့်အတူ ကျောက်နီလက်စွပ်ကလေးသည် ဖန်ခွက်ထဲသို့ ကျလာသည်။ ထိုအခါ ဘာဘူကြီးက -

"ဒီလက်စွပ်ကို ဝတ်ကြည့်ပါဦး"

"ဟုတ်ကဲ့"

ကိုသိန်းသန်း ဝတ်ကြည့်သောအခါ သူလက်နှင့် အနေတော်ဖြစ်နေပြီး ကျောက်နီကလေး၏ နံဘေးနေရာတွင် ကနုတ်ပန်းဖော်ထားသည်ကိုပါ တွေ့ရှိလိုက်ရသည်။

"ကိုင်း - မင်းစီးပွားရေးကောင်းချင်ရင် အဲဒီလက်စွပ်ကလေးကို ဝတ်ထား"

ဤသို့ပြောပြီး ကျောက်နီလက်စွပ်ကလေးကို ပေးလိုက်သည်။

"ဘာဘူကြီးပေးလိုက်တဲ့ လက်စွပ်ကလေးပဲ"

ဟု ပြောကာ ကျွန်တော်တို့အား ပြလိုက်သည်။

ကျွန်တော်လည်း ထိုလက်စွပ်လေးကို ယူကြည့်လိုက်ရာ ခတ်သားလက်စွပ်ဖြစ်ပြီး ကျောက်နီလေး၏တစ်ဖက်တစ်ချက်တွင် ကနုတ်ပန်းခပ်ကြမ်းကြမ်းထွင်းထားသည်ကို တွေ့လိုက်ရသည်။

"အင်း - မင်းလက်စွပ်ရလာပုံကလည်း တော်တော်ထူးဆန်းတာပဲ။ ငါတို့တောင် အဲဒီဘာဘူကြီးရှိတဲ့နေရာ လိုက်ကြည့်ချင်တယ်"

"လိုက်ခဲ့လေ၊ သုံးဆယ်က ငါ့ဘကြီးရဲ့အိမ်မှာတည်းပြီး ဘာဘူကြီးဆီသွားကြတာပေါ့"

"အေး - သောကြာနေ့ညနေသွားပြီး တနင်္ဂနွေနေ့ပြန်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ"

ကျွန်တော်တို့လည်း ကိုသိန်းသန်းအပြောကို မယုံသဖြင့် ဘာဘူကြီးဆီသို့ သွားကာ ဗေဒင်မေးခဲ့ကြသည်။ ဗေဒင်ဟောချက်ကွဲပြားသော်လည်း ကျွန်တော်တို့ လေးယောက်စလုံး လက်စွပ်ရပုံချင်းမှာ ကိုသိန်းသန်းနှင့် အတူတူပင် ဖြစ်သည်။

သုံးဆယ်မှ ပြန်လာသောအခါ ကိုသိန်းသန်းက -

"ငါလည်း ဘာဘူကြီးလို ရက္ခစိုးမှော်အောင်ချင်လိုက်တာ"

"ငါတို့အိမ်မှာ ငါ့အဘိုးရဲ့ ရက္ခစိုးမှော်ကျင့်စဉ်စာအုပ်ရှိတယ်။ အဲဒီအထဲကအတိုင်းကျင့်မလား။ အဲဒီစာအုပ် ငါယူလာခဲ့မယ်"

"အေး - ကျင့်မယ်"

ထိုသို့ဖြင့် တင်သောင်းက သူ့အဘိုး၏ ရက္ခစိုးမှော်ကျင့်စဉ်စာအုပ်ယူလာသဖြင့် ကျွန်တော်တို့ ဖတ်ကြည့်ရာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ရက္ခစိုးမှော်ကျင့်စဉ်**

'ဤကျင့်စဉ်မှာ တစ်ဦးတည်း ည၌အခါ၌ ကျင့်ရသည့်ကျင့်စဉ်ဖြစ်သဖြင့် ကြောက်တတ်သူများ မကျင့်သင့်ပေ'

စာကြောင်း၏ အစ၌ ဤသို့ရေးထားသဖြင့် တင်သောင်းက -

"ဟော့ကောင် သိန်းသန်း၊ မင်းတစ်ယောက်တည်း ညအချိန်အခါမှာ ကျင့်ရမှာဆိုတော့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ တစ်ညလေးကျင့်ရုံနဲ့ တစ်သက်တာသူဌေးဖြစ်မယ့်ကိစ္စပဲ ဖြစ်အောင် လုပ်ရမှာပေါ့။ ကဲ - ဆက်ဖတ်စမ်းပါဦး။

၁။ ရှေးဦးစွာ ဘုရားရှင်ထံ၌ ငါးပါးသီလ ခံယူပါ။

၂။ လပြည့်ည ဆယ့်နှစ်နာရီတိတိအချိန်တွင် သုသာန်အတွင်းရှိ အကြီးဆုံးသစ်ရပင်အောက်သို့သွားပြီး ကွမ်းယာ (၁၂)ယာလှူဒါန်းပါ။ ဤသုသာန်၌စောင့်ရှောက်သော အကြီးအကဲ (ကာလီဗိုက်) အား ကွမ်းယာများအလှူဒါနပြုပါသည် ဟု ပြောဆိုပါ။

၃။ ပြီးလျှင် အောက်ပါ မန္တန်ကို (၁၀၀၀) စုတ်ပါ။

မန္တန်မှာ သက္ကတဘာသာစကားဖြစ်ပြီး စာကြောင်းရေ ငါးကြောင်းခန့်ပါရှိသည်။ (ဤမန္တန်ကို ချန်လှပ်ခဲ့ပါသည်)

၄။ ပထမဦးစွာ လေကြမ်းများတိုက်ခတ်လာလိမ့်မည်။ ဤသည်မှာ မန္တန်အစွမ်းကြောင့်ဖြစ်၍ ကြောက်ရန်မလိုပါ။

၅။ ထို့နောက် မီးခိုးများပေါ်ထွက်လာလိမ့်မည်။

၆။ လေကြမ်းများနှင့် မီးခိုးများ ပျောက်ကွယ်သွားပြီးနောက် သံခမောက်ဆောင်းထားသည့် မျက်လုံးတစ်လုံးတည်းပါသော မည်းမည်းအကောင်ကြီးတစ်ကောင်သည် သစ်ပင်ပေါ်မှ ဆင်းကာ အသင့်ထံသို့ ရောက်ပြီး -

'အရှင်ဘာအလိုရှိပါသလဲ' ဟု မေးလိမ့်မည်။

ထိုအခါ အသင်က -

"ငါ မင်းနဲ့ မိတ်ဆွေဖွဲ့ချင်သည်၊ အသင် ငါခိုင်းတဲ့အတိုင်း လုပ်ဆောင်ပေးပါလော့"ဟု ပြောပါ။ ထိုသံခမောက်ဆောင်းထားသူက -



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ အရှင်"

ဟု ပြောလျှင် အသင်သည် ရက္ခစိုးမှော်အောင်ပြီ။ အသင်ခိုင်းချင်တာ အားလုံး ခိုင်းနိုင်သည်။ ဉာဏ်ရှိသလို အသုံးပြုပါလေ။ ရက္ခစိုးမှော်ကျင့်စဉ်မှာ အထက်ပါအတိုင်း ရေးသားထားသည်။ ထိုကျင့်စဉ်ဖတ်ပြီးနောက် -

"ဟေ့ကောင် သိန်းသန်း၊ ကျင့်စဉ်ကိုကျင့်လို့ဖြစ်ပါ့မလား"

"ငါယောကျ်ားပါကွ၊ ဖြစ်အောင်လုပ်မယ်။ ငါကျင့်စဉ်ကျင့်တဲ့အခါကျရင် မင်းတို့က သချိုင်းအပြင်ဘက်ကစောင့်နေ။ ငါကျင့်စဉ်အောင်မြင်ရင် ဝင့်ကြွားစွာနဲ့ ရင်ကော့ပြီး ထွက်လာခဲ့မယ်"

"ဟေ့ကောင်ရေ၊ ဟုတ်မှလုပ်ပါကွာ"

သိန်းသန်းက နဂိုကတည်းက ခပ်ရူးရူး။ သည်ကြားထဲမှာ မီးလောင်ရာလေပင့်သူက တင်သောင်း။တင်သောင်းရဲ့အဘိုးထံမှ ရက္ခစိုးမှော်ကျင့်စဉ်စာအုပ်ကိုဖတ်ပြီးနောက်ပိုင်း သိန်းသန်းက တားမရဆီးမရ၊ ကျွန်တော်နှင့်နီတွတ်က အစအနောက်ခပ်သန်သန်။ သည်လိုနှင့် သိန်းသန်းအား ဤကျင့်စဉ် မကျင့်ရန် တားဆီးရမယ့်အစား သူ့ကို စနောက်လို၍ ယခုလာမယ့် လပြည့်ညသန်းခေါင်ယံအချိန်မှာ ရက္ခစိုးမှော်ကျင့်စဉ်ကို ကြံ့တောသချိုင်းထဲတွင် ပြုလုပ်ရန် ချိန်းဆိုလိုက်ကြတယ်။ အဲဒီတုန်းက ၁၉၇၅ ခုနှစ်ဝန်းကျင်။ ကြံ့တောသချိုင်းထဲမှာ သစ်ပင်ကြီးတွေလည်းရှိရဲ့၊ ချုံပုတ်လည်း ရှိရဲ့။

"ဟေ့ကောင် မိုးနိုင်၊ သိန်းသန်းကို ဘယ်လိုစရင်ကောင်းမလဲ"

နီတွတ်က ကျွန်တော်ထံမှ အကြံဉာဏ်တောင်းခံလိုက်သည်။ ကျွန်တော်ကလည်း စနောက်ချင်သူပီပီ -

"ငါထင်တာ သူမန္တန်ရွတ်ပေမယ့် လေကြမ်းလည်းတိုက်မှာမဟုတ်ဘူး။ မီးခိုးတွေလည်းလာမှာမဟုတ်ဘူး။ ဒီတော့ လေကြမ်းအတု၊ မီးခိုးအတုတွေလုပ်ကြမယ်။ ဒါပြီးရင် သချိုင်းစောင့် ကာလီဗိုက်လုပ်ပြီး သူ့ကို ခြောက်မယ်။ ဒါမှ ဒီကောင်ကြောက်ပြီးထွက်ပြေးမှာ"

"ဒါဆိုရင် သချိုင်းအပေါက်ဝမှာ တင်သောင်းတို့အုပ်စုကိုစောင့်ပြီး ဖမ်းခိုင်းရမယ်။ အကြောက်လွန်ပြီး သတိမေ့သွားရင် နာနပ်ရအောင်လို့"

ကျွန်တော်တို့ အုပ်စုမှာ ဤသို့ ကြံစည်ထားပြီး ထိုနေ့လုပ်မယ့်အစီအစဉ်ကို သိန်းသန်းမှအပ အားလုံးနှင့် တိုင်ပင်ထားကြသည်။

လပြည့်ညသန်းခေါင်ယံအချိန်။

သိန်းသန်းက ကွမ်းယာ(၁၂)ယာထည့်ထားတဲ့ သံနဲ့ပြုလုပ်ထားတဲ့ လင်ပန်းလေးကိုကိုင်ပြီး သစ်ရဲကြီးအောက်ကိုသွားခဲ့သည်။ ဒီအချိန်မှာ ကျွန်တော်နှင့် နီတွတ်က သစ်ရဲပင်ကြီးရဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ ချုံပုတ်ဆီကိုသွားပြီး ပုန်းနေခဲ့တယ်။ သိန်းသန်းက သစ်ရဲပင်ကြီးရှေ့မှာ နှုတ်ကတတွတ်တွတ်ရွတ်နေတာကို ကျွန်တော်တို့နှစ်ယောက်တွေ့လိုက်ရသည်။ သိပ်မကြာခင်မှာ ချုံပုတ်တွေကိုလှုပ်ပြီး ယပ်တောင်နှင့် ခပ်မြန်မြန်ယပ်ခတ်လိုက်ကြသည်။ ညအချိန်မို့ လေကလည်းတိုက်တော့ ယပ်ခတ်တဲ့အရှိန်နှင့် လေကြမ်းတိုက်သလိုဖြစ်သွားတယ်။ ချုံပုတ်တွေနှင့် သစ်ကိုင်းတွေကို လိုက်ပြီး လှုပ်ယမ်းလိုက်ပြီး လှုပ်ယမ်းလိုက်တော့ ပိုပြီး လေကြမ်းတိုက်သလို ပိုပြင်သွားသည်။

"ဟော၊ ဟော - လေကြမ်းတွေ တိုက်လာပြီ"

ဟု သိန်းသန်းပြောလိုက်တဲ့စကားသံကိုကြားလိုက်ရသည်။ ဒါနှင့် သစ်ရွက်ခြောက်တွေ၊ ကောက်ရိုးတွေကို မီးရှို့လိုက်လို့ မီးညွန့်တွေတက်လာတယ်။အဲဒီမီးညွန့်တွေကို ယပ်တောင်နဲ့ယပ်ခပ်ပြီး ငြိမ်းလိုက်တော့ မီးခိုးတွေအူတက်လာခဲ့တယ်။ နောက်တော့ အဲဒီအနီးအနားတစ်ဝိုက်မှာ မီးခိုးတွေနှင့် ပြည့်နှက်လွှမ်းခြုံသွားသည်။

"ဟာ - မီးခိုးတွေပေါ်လာပြီ။သိပ်မကြာခင်မှာ သံခမောက်ဆောင်းထားတဲ့ ရက္ခစိုးကြီးလာဖို့ပဲလိုတော့တယ်။ ငါမန္တန်ဆက်ရွတ်ရမယ်"

သိန်းသန်းရဲ့ ခပ်တိုးတိုးပြောလိုက်တဲ့ စကားသံကြောင့် နီတွတ်က သရဲပုံမျက်နှာဖုံးကြီးကို စွပ်ပြီး အဝတ်နက်ကြီးဝတ်မယ်အလုပ်မှာ သိန်းသန်းဆီမှ -

"အောင်မလေးဗျ၊ အောင်မလေး ကယ်ကြပါဦး"

ဟု အသံနက်ကြီးနှင့်အော်ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ဒုန်းစိုင်းပြီး သချိုင်းဝဆီကို ပြေးတော့သည်။ နီတွတ်လည်း အဝတ်မည်းကြီးမဝတ်တော့ဘဲ လန့်ဖျန့်ပြီး သူ့နောက်ကပြေးအလိုက် ကျွန်တော်ကလည်း နီတွတ်နောက်ကနေ ရောယောင်ပြီး သချိုင်းဝဆီကို အပြေးလိုက်ခဲ့သည်။

သိန်းသန်းကတော့ သိပ်မကြာခင်မှာ သချိုင်းဝကို ရောက်သွားလို့ တင်သောင်းတို့အုပ်စုက အတင်းဖမ်းဆီးရင်း-

"သိန်းသန်း၊ သိန်းသန်း ဘယ်လိုဖြစ်တာလဲ။ ငါတင်သောင်းပါကွ"

အဲဒီလိုပြောလိုက်ပေမယ့်လည်း သိန်းသန်းက အလွန်အမင်းကြောက်လန့်ပြီး အတင်းရုန်းကန်နေလို့ တင်သောင်းတို့အုပ်စုက မနည်းဆွဲထားရသည်။ သိန်းသန်း ဘယ်လောက်ကြောက်နေသလဲတော့ မသိ။ အခုလို ဆောင်းတွင်းကြီးမှာတောင် သူ့မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်တွေဟာ မိုးသီးကြီးတွေလို တလိမ့်လိမ့်စီးကျနေတယ်။ သူကတော့ တင်သောင်းကိုလည်း မသိတော့အောင် အကြောက်လွန်နေပြီး -

"အောင်မလေး၊ လုပ်ကြပါဦး။ မည်းမည်းကြီးနောက်ကလိုက်လို့"

ဆိုပြီး အတင်းရုန်းကုန်နေလေ၏။ ကျွန်တော်တို့ နှစ်ယောက်လည်း သူ့ဆီကို ရောက်လာပြီး -

"သိန်းသန်း သူငယ်ချင်း၊ သရဲမဟုတ်ပါဘူး။ ငါတို့ပါကွ"

ပြောလိုက်တော့ ကျွန်တော်တို့ကို ကြည့်ပြီး မေ့လဲကျသွားခဲ့လေသည်။ ဒါကြောင့် ညတွင်းကြီး ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနကို ပို့လိုက်ရသည်။တစ်ညလုံး သတိလစ်နေခဲ့သည်။ သူသာသတိပြန်မလည်လာဘဲ သေသွားလျှင် ငါတို့တော့ ဒုက္ခရောက်ပြီဆိုတဲ့အတွေးနှင့် ကျွန်တော်တို့အုပ်စု တစ်ရေးမှမအိပ်နိုင်ပါဘူး။ ကံကောင်းထောက်မစွာနှင့် နောက်တစ်နေ့မနက်စောစောမှာ ပြန်သတိရလာခဲ့သည်။

"ငါဘယ်ရောက်နေတာလဲ"

သိန်းသန်းက ကျွန်တော်တို့ အုပ်စုကို လှမ်းမေးလိုက်တယ်။

"မင်းရက္ခစိုးမှော်ကျင့်စဉ်ကျင့်ရင်း မေ့လဲကျသွားလို့ ဆေးရုံတင်လိုက်တာ။ ဒါနဲ့ မင်း မနေ့ညကဘယ်လိုဖြစ်တာလဲ"

မေးလိုက်တော့ သူက ခပ်ဖြည်းဖြည်း ပြန်ဖြေခဲ့တယ်။

"ပထမ မန္တန်ရွတ်လို့ အခေါက်(၁၀၀) လောက်ရောက်တော့ လေကြမ်းတွေတိုက်လာတယ်"

"ခွင့်လွှတ်ပါ သူငယ်ချင်းရယ်။ ငါနဲ့ နီတွတ်က မင်းကို စ,ချင်လို့ သစ်ကိုင်းတွေလှုပ်ပြီး ယပ်ခပ်လိုက်တာ"

"ဟင် - ဟုတ်လား၊ မင်းတို့တော်တော်မကောင်းတဲ့အကောင်တွေ။ ငါကတော့ လေကြမ်းတွေတိုက်လာပြီဆိုပြီး အားတက်သွားခဲ့တယ်။ ဒါကြောင့် မန္တန်ဆက်ရွတ်လို့ (၂၀၀) လောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ဒေသရိုးရာစကားနှင့်ဓလေ့များ

# နီဗောင်ဒုတ်

## ဝင်းမြင့်အောင်(မြိတ်)



မြိတ်ကမ်းခြေမှလှေကလေးများနှင့် နီဗောင်ဒုတ်များ

တစ်ရက်မှာ မြိတ်ဒေသသုံးစကားလုံးများနှင့် ပတ်သက်ပြီး စပ်မိစပ်ရာစကားပြောဖြစ်ကြတယ်။ ပြောရင်းပြောရင်းက မြိတ်ဒေသသုံးစကားတွင်မကဘဲ ထားဝယ်စကားအကြောင်းပါ ထပ်ပြီးပြောဖြစ်ကြတာပါ။

ဟုတ်ပါတယ်။ မြိတ်မှာ အနေကြာတဲ့ ကျွန်တော်တို့သည်ပင်လျှင် မြိတ် - ထားဝယ်ကားစီးတဲ့အခါ ကားပေါ်မှာ ထားဝယ်သူထားဝယ်သားတွေ စကားပြောကြတာကို နားထောင်ပြီး နားမလည်ကြပါဘူး။ ငှက်ပျောပင်ဆိုရင် 'ငှက်ပျောပန်'လို့ ကျွန်တော်တို့နားထဲကြားရတာမျိုးပါ။ သူတို့သူတို့ ထားဝယ်သားချင်း ဆေးရုံမှာတွေ့ကြတုန်း နှုတ်ဆက်ပုံကလေးကို နားထောင်ကြည့်ပါ။

"နွန်းနိုင် မီးမကို ခေါ်မလာမား"

နောင်ကို ကိုဟု သုံးပါသည်။ နွန်းနိုင် ဆိုတာ ကိုနိုင်ပါ။ မီးမဆိုတာက မိန်းမကို ပြောတာ။ 'ကိုနိုင် မိန်းမကို ခေါ်မလာပါလား' ဟု ဆိုလိုတာပါ။

ဒီအခါမှာ မြင့်နိုင်ဆိုသူ ပြန်ပြောလိုက်ပုံမှာ -

"ငါ့မီးမ လံပြီး အီပလန်သွားပြီ" တဲ့။

ကဲ - 'ငါ့မီးမ လံပြီး အီပလန်တော့ မီးခိုးတွေဖြစ်ပေါ်လာပြီး ငါ့အနားမှာ မီးခိုးတွေ ပြည့်နှက်နေတာတွေ့လိုက်ရတယ်"

"သူငယ်ချင်း၊ အဲဒါလည်း ငါတို့လုပ်တာပဲ။ သစ်ရွက်ခြောက်နဲ့ ကောက်ရိုးတွေကို မီးရှို့ပြီး မီးညွန့်တက်လာတော့ ယပ်ခပ်ပြီး ငြိမ်းလိုက်လို့ မီးခိုးတွေ ဖြစ်လာတယ်ပဲ"

"မင်းတို့တော်တော်ဆိုးတဲ့ကောင်တွေပဲ။ ငါလည်း မီးခိုးတွေကို တွေ့ရတော့ ဒုတိယအဆင့်တော့ အောင်ပြီဆိုပြီး ဆက်ရှုတ်လိုက်တော့ ဒေါ်အောင်မယ်လေး၊ မျက်နှာကြီးက စကောလောက်ရှိတယ်။ မျက်လုံးတစ်လုံးတစ်လုံးက လင်းကွင်းကြီးလောက်ရှိတယ်။ မျက်လုံးကြီးနှစ်လုံးက မီးလုံးကြီးလိုနီရဲနေတာပဲ။ ခြေထောက်တွေ၊ လက်တွေက ပင့်ကူလိုပဲ အမျှားကြီးပဲကွာ။ သူက သစ်ပင်ပေါ်က ပြောင်းပြန် ဆင်းလာတာကွ။ ငါ့နားလည်းရောက်ရော ပါးစပ်ကြီးကို ဖြဲလိုက်တာ သွားတွေက သွေးတွေနဲ့ နီရဲလာပြီး ချွန်ထက်နေတာပဲ။ ငါ့ကိုခုန်အုပ်ပြီးကိုက်မယ့်ပုံပဲကွာ။ငါလည်း အဲဒီအကောင်ကြီးကို တွေ့လည်းတွေ့ရော ကြောက်တာများကွာ သေးတောင်ဖြန်းဖြန်းပါတယ်။ ငါလည်း ဒီသတ္တဝါကိုတွေ့တော့ ဒါတော့ ရုက္ခစိုးမဖြစ်နိုင်ဘူးဆိုပြီး အသားကုန် ပြေးတော့တာပဲ။ နေပါဦး၊ ဒါထက် အဲဒီသရဲလိုလို အကောင်ကြီးကိုကောမင်းတို့လုပ်တာပဲလား"

"ဟာ - မဟုတ်ပါဘူးကွာ။ ငါတို့က မျက်နှာဖုံးတပ်၊ အဝတ်မည်းကြီးဝတ်ပြီးခြောက်မလို့လုပ်တုန်း အဝတ်မည်းကြီးတောင် မဝတ်ရသေးဘူး။ မင်းက အသံနက်ကြီးနဲ့ အော်ဆောင့်ပြေးလို့ ငါတို့လည်းကြောက်လန့်ပြီး နောက်က အပြေးလိုက်ခဲ့တာ"

"ဟာ - ဒါဆိုအဲဒီအကောင်ကြီး ဘာကောင်ကြီးလဲ"

"ငါတို့လည်းဘယ်သိမလဲ"

"သချိုင်းစောင့် သရဲကြီးလားမှမသိတာ"

တင်သောင်းက ခပ်ကြောက်ကြောက်နဲ့ ဝင်ပြောလိုက်တယ်။

"ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်း သတိရလာတာ ဝမ်းသာပါတယ်ကွာ။ ငါတို့က ပျော်စေလိုလို့ နောက်တာပါကွာ။ အဲဒီတုန်းကသာ မင်းအကြောက်လွန်ပြီး သေသွားရင် ငါတို့တော့ ဘယ်လိုမှ ဖြေလို့ရမှာ မဟုတ်ဘူး"

"ငါကလည်းမကောင်းပါဘူးကွာ။ ငွေမျက်နှာတစ်ခုတည်းကိုကြည့်ပြီး ရုက္ခစိုးမော်အောင်ချင်တာကိုက ငါ့အမှားပါကွာ"

ကျွန်တော်တို့အားလုံး တစ်ယောက်အမှား တစ်ယောက်ဝန်ချတောင်းပန်ခဲ့ကြတယ်။

ဤသို့ပြောနေစဉ် မည်သူကတိုင်လိုက်မှန်းမသိ ဆေးရုံကြီးကို ရပ်ကွက်လူကြီးများနှင့် ရဲများ ရောက်ရှိလာပြီး ကျွန်တော်တို့အုပ်စုကိုဖမ်းပြီး ရဲစခန်းကို ခေါ်သွားခဲ့ပါတယ်။ အမှုကတော့ သချိုင်းထဲဝင်ပြီး မီးရှို့တဲ့အမှု၊ မှောင်ရိပ်ခိုပြီး လမ်းသွားလမ်းလာများကို လုယက်ဖို့ ကြံစည်မှုတဲ့။ ပုဒ်မတွေကလည်းမနည်းပါဘူးဗျာ။ ဒါကြောင့် အိမ်ကမိဘတွေလိုက်လာပြီး အာမခံပေးလို့ အပြင်ကို ပြန်ရောက်လာခဲ့တယ်။ ပြီးတော့ အဲဒီအမှုကို ဆက်ပြီးရင်ဆိုင်ခဲ့ရတယ်။ ကံကောင်းလို့ ထောင်မကျတယ်။ အဲဒီကတည်းက ဘယ်သူ့ကိုမှ မစနောက်တော့ဘူးလို့ စိတ်ဆုံးဖြတ်လိုက်တယ်။

အဲဒီညကတော့ ကျွန်တော့်ဘဝအတွက် တကယ့်ကို ရင်သိမ့်တုန်ခဲ့ရတဲ့ ညတစ်ညပါ။ ဒါပေမယ့် ကျွန်တော်တို့အားလုံးရဲ့စိတ်မှာ လိပ်ခဲတည်းလည်းမကျေလည်တဲ့ပြဿနာတစ်ခုရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မခြောက်လိုက်ရဘဲ ကြားထဲကဝင်ခြောက်သွားတဲ့ သတ္တဝါကြီးက ဘယ်သူလဲလို့. . .။



www.burmeseclassic.com

www.burmeseclassic.com

သွားပြီ' ဆိုတာကို ကျွန်တော်တို့ ပုဂံသားတွေက ဘယ်လိုနားလည်လိုက်ကြမှာလဲ။ 'ငါ့မိန်းမလာပြီးအိမ်ပြန်သွားပြီ' ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ဒါကြောင့်မို့ ထားဝယ်စကားတတ်ချင်ရင် 'ကလွှန်းခွန်ထက်မှာ ကလီးကန်းနား၊ ကလီးကန်းကို ကလော့ခဲနှင့်ပစ်၊ ကလီးကန်းခလေလိုးပြီး ကလလာ' အဲဒီလို စကားကို အရင်ဦးစွာပြောတတ်ရမယ်လို့ ဆိုပါတယ်။

အဓိပ္ပာယ်ကတော့ -

(ကလွှန်းခွန်ထက်မှာ) ကျောင်းခေါင်ထက်မှာ၊ (ကလီးကန်းနား) ကျီးကန်းနား၊ (ကလီးကန်းကို) ကျီးကန်းကို၊ (ကလော့ခဲနှင့်ပစ်) ကျောက်ခဲနှင့်ပစ်၊ (ကလီးကန်းခလေ..သိုးပြီး) ကျီးကန်းခြေကျိုးပြီး၊ (ကလလာ) ကျလာ ဖြစ်ပါတယ်။

ဤကဲ့သို့ပဲ ထားဝယ်နဲ့ မြိတ် နှီးနွယ်တဲ့စကားတွေလည်း ရှိပါတယ်။

မိုးလင်း ဆိုလျှင် မနက်ဖြန်နံနက်ကို ဆိုလိုပါတယ်။ နတ်ကီးတိုင် ဆိုပါက မနက်ဖြန် ညနေခင်းပါ။ နန့်ဖန်ခဲ ဆိုတာက မနက်ဖြန်ကိုပြောတာပါ။ မြိတ်သူမြိတ်သားတို့ရဲ့ လေယူလေသိမ်းကို အထက်သား(ပုဂံသား)တွေ နားမလည်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ မြိတ်လေယူလေသိမ်းထက် ထားဝယ်လေယူလေသိမ်းက ပိုပြီး လေးနက်ပြန်ပါတယ်။

ဥပမာ 'တံတားအထက်မှာ တို့ရှိတယ်၊ တံတားအောက်မှာ ကျွဲရှိတယ်' လို့ပြောရင် ကျွန်တော်တို့နားထဲမှာ 'ခါးထက်မှာ နို့ရှိတယ်၊ ခါးအောက်မှာ ကွဲရှိတယ်' လို့။ ဘယ့်နှယ် မတော်တရော်တွေပြောနေတာလဲလို့ ထင်ကောင်းထင်နိုင်ပါတယ်။ အမှန်ကတော့ လေယူလေသိမ်းနဲ့ ဓလေ့စကားတွေက တစ်မျိုးထင်စရာပါ။ အခုတော့ မြိတ်စကားနဲ့ ပုဂံစကားတွေကို ခွဲခြားရေးပြပေးထားပါတယ်။

| မြိတ်စကား | ပုဂံစကား |
|---|---|
| သားပေါက် | သားမွေး ကလေးမွေး |
| ကြိတ်မွေ့ပွတ်ဆုံ | ကြိတ်ဆုံ |
| ရှိန်းခိုသီး | သင်္ဘောသီး |
| ခီတယ် | ချည်တယ် |
| မွှန်တယ် | ဟောက်တယ် |
| ပစ္စယောပစ္စယမလုပ်နဲ့ | အရောတဝင်လုပ်နဲ့ |
| ဝိစိကိစ္စာများတယ်ကွယ် | သောကများတယ် |
| ဘဲ့ | ဆိတ် |
| မိုက်သည် | မှောင်သည် |
| အဘ ဘဘ | အဖေ |
| မိန်းမလျှာ | အချောက် |
| အစ်ကိုချင်း ကြိုချင်း | မယားညီအစ်ကို |
| ကပ်ပ | ရဲဒင်း (ခုတ်ဖြတ်စရာ) |
| ချေးလူး | ဝမ်းသွားသည် |
| မုတ်ဆိုးထီး | မုတ်ဆိုးဖို |
| ဆုံထောင်းရိုး | ငရုတ်ကျည်ပွေ့ |
| ကျွဲတွေ နွားတွေ | ကျွဲအုပ် နွားအုပ် |
| ခင်ဗျာ့ ခင်ဗျာ့ ရှင်ရှင် | ဟုတ်ကဲ့ ဟုတ်ကဲ့ |
| ကျဲတယ် | ညည်းတယ် |
| ကုက္ကုစ္စိများစ | မနာလိုခြင်း |
| ထန်းဆက် | ဇရက်ငှက် |
| ခွီး | ခွေး |
| အမိ အမယ် | အမေ |
| နောင် | အစ်ကို |
| ရှောက်သား | အဖေမပေါ်သား |
| ဗိုင်းတာမ | မိန်းမပျက် ဖာသည်မ |
| ကဗိုပု | ဗွက် (အညစ်အကြေး) |
| ချေးခံကျယ်သည် | ချေးများသည် |

အဲဒီလို မြိတ်စကား၊ ပုဂံစကား၊ ထားဝယ်စကားတွေအကြောင်းပြောရင်း 'နီဗောင်ဒုတ်' အကြောင်းပြောဖြစ်ကြပါတယ်။

နီဗောင်ဒုတ်ဆိုတာ ကျွန်တော်တို့ အထက်သားတွေတဲ့။ ဘာဖြစ်လို့လဲဆိုတော့ နီဗောင်ဒုတ်ဆိုတာ မြိတ်ကမ်းခြေမှာတွေ့ရတဲ့ လှေကလေးတွေလိုပဲ။ မနီပင်အရင်းက မနီကိုင်းရင်းတွေဟာလည်း ချောင်းတွေ၊ မြောင်းတွေ၊ ပင်လယ်ဝတွေမှာ မျောချင်သလို မျောနေကြလို့၊ တစ်နေရာမှ တစ်နေရာသို့ မျောလာသလို အထက်သားတွေကို နီဗောင်ဒုတ်လို့ ဆိုလိုတာပါတဲ့။

"ဟ - ဒီလိုဆိုရင် မြိတ်သားတွေလည်း နီဗောင်ဒုတ်ပဲ။ ထားဝယ်သားတွေလည်း နီဗောင်ဒုတ်ပဲ"

လို့ ကျွန်တော်က ပြန်ပြောတယ်။

သူတို့က မေးတယ်

"ဘာဖြစ်လို့လဲ" တဲ့။

ထားဝယ်သားတွေ၊ မြိတ်သားတွေတွင်မကဘူး။ မွန်ပြည်နယ်ထဲက မွန်တွေအားလုံး ထိုင်းနိုင်ငံထဲကို သွားနေကြလို့ နီဗောင်ဒုတ်တွေလို့ ပြောပြတဲ့အခါ -

"အား - ဟုတ်သားပဲ။ အားလုံးဟာ နီဗောင်ဒုတ်တွေပါလား" တဲ့။

ဟုတ်ပါတယ်၊ ကျွန်တော်တို့မြိတ်ကမ်းခြေက လှေကလေးတွေလို လိုရာလှော်ခေတ်နေကြရတာပါ။ နီဗောင်ဒုတ်တွေဟာလည်း ချောင်းတွေ၊ မြောင်းတွေ ပင်လယ်ဝတွေမှာ မျောချင်တဲ့နေရာကိုဖြစ်စေ၊ မမျောချင်တဲ့နေရာကိုဖြစ်စေ ရေစီးကြောင်းအတိုင်း မျောကြရသလို သံသရာခရီးသွားတို့ဟာလည်း ကံစီမံရာအတိုင်းမျောနေရတဲ့ နီဗောင်ဒုတ်တွေလိုပါပဲဟု တွေးနေမိပါတော့တယ်ခင်ဗျား။

ဝင်းမြအောင် (မြိတ်)

www.burmeseclassic.com

www.burmeseclassic.com


ဝတ္ထုသည် ရှိုင်းနှံ့ဝရီကျော်ရှိသော တိမ်ဝန်းရိုးရိုးအကြား ပြေးလွှားနေရသည့် လျှပ်တစ်ပြက် အိပ်မက်ဝစာနှင့်။

ဘာတရား၏ တွန်းအားဖြင့် စဆုံးနိုင်သော ထံထရာဇရီးဆို စမ်းတဝါးဝါးနှင့် ထွားပြီးရပ်း ထွားနေရသည်။

ကြာ၏ အဓော့စ်ရိုင်း၌ ဖြစ်ခြင်းချုပ်ခြင်းတရားတို့နှင့်သာ အတိုင်ပြီးသည့် လူ့ထဝရှုခင်းဆို လက္ခဏာဗေဒအလင်းဖြင့်

ထင်ထင်ပြင်ပြင်ရပ်ထိတွေ့ကာတော့ ...

# ဆရာချမ်းမင်း (LL.B)

# ဘဝရှုခင်းအလင်းလက္ခဏာ

## အမှတ်(၁)

အနိုင်းမဲ့ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးနှင့် ကွန်တော် ၂။ ဆရာကြီးရွှေဥဒေါင်း၏ နှင့်လက္ခဏာ၊ ၃။ ကမ္ဘာကျော်စစ်သူလျှိုမာတာဟာရီ၊ ၄။ ဒါရိုက်တာစာရေးဆရာကြီး ဦးသုခ၏ ဘဝနှင့်လက္ခဏာ၊ စစ်ခေတ်တစ်ခေတ် ဝင်းလက်တောက်ပခဲ့သော မင်းသားကျော်ဆွေ၊ ၆။ မြန်မာ့စောင်းပညာရှင် ကထိက ဦးစောဝင်း၊ ၇။ စက်မှုလုပ်ငန်းရှင်တစ်ဦးနှင့်တွေ့ဆုံခြင်း၊ ၈။ တစ်နိုင်ငံလုံးမှာ ပထမရသူ၏ လက္ခဏာ၊ ၉။ ကျပ်သိန်းပေါင်းသုံးသောင်း ခန့် ထီပေါက်သွားသူ၏ လက္ခဏာ၊ ၁၀။ ပိုးဖလံ မီးလျှံတမျှ ၁၁။ ပုဒ်မ (၃၀၂)နှင့် လက္ခဏာပညာအမြင်၊ ၁၂။ HIV-AIDS လက္ခဏာပညာအမြင် . . . . စသည်စသည်တို့များ။

သင်ဆောင်းသော ထီး၊ သင်စီးသော ဖိနပ်၏ တန်ဖိုးမျှပင် မရှိသော်ငြားလည်း သင့်ဘဝ၊ သင့်မိတ်ဆွေ၊ သင့်ဆရာသမား၊ သားသမီးမြေးမြစ်အထိ “ လူ့ဘဝ အသုံးချဘာသာရပ်” တစ်ခုအနေဖြင့် အဆင့်ဆင့် လက်ဆင့်ကမ်း အမွေပေး နိုင်သော ည် (မကြာခင် ဖြန့်ချိပါတော့မည်)

ဟော်တိုက်ဆက်သွယ်ရန်။ မြို့အမှတ် (၃၀-၁၁) ... (VIP) ရွှေပြည်သာမြို့ Ph 09 8516520 ... နံနက် (၇) နာရီမှ ညနေ (...)


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ လောက်က မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဗူးရွာရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကိုယ်တွေ့ကြုံခဲ့သော အဖြစ်အပျက်ကလေး တစ်ခု ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ ဗူးရွာရေလှောင်တမံ တည်ဆောက်မည့် တမံအူကြောင်းနေရာနှင့် မိုင်ဝက်ခန့်ကွာဝေးသည့် အရာရှိလိုင်း၌ နေထိုင်ခဲ့ပါသည်။ ဗူးရွာရေလှောင်တမံ တည်ဆောက်မည့်အဖွဲ့၌ ကျွန်တော်က တမံတည်ဆောက်ရေးအဖွဲ့တွင် မပါဝင်ဘဲ ၎င်းဗူးရွာရေလှောင်တမံသို့သွားမည့် ချဉ်းကပ်လမ်း တည်ဆောက်ရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်အဖြစ် ဗူးရွာတမံချဉ်းကပ် လမ်းဖောက်သည့်တာဝန်ကိုယူရပါသည်။ ထိုနေ့က တစ်နေ့ကုန်မိုးစွေနေပြီး မှောင စပျိုးသည့်အချိန် ညနေ (၆) နာရီခွဲခန့်မှသာ မိုးတိတ်သွားပါသည်။ မိုးအေးသဖြင့် ကျွန်တော်လည်း အခန်းအောင်းကာ စာဖတ်နေပါသည်။

ထိုသို့ ကျွန်တော် စာဖတ်နေစဉ် အိမ်ရှေ့မှ -

"A.E၊ A.E"

ဟု ခေါ်သံကြားသဖြင့် -

"ဘယ်သူတုံး။ ငါရှိတယ် လာ၊ လာ" -

ဟု ဆိုကာ စာဖတ်နေရာမှ ထလိုက်ပြီး အိမ်တံခါးအား ဖွင့်လိုက်ရာ ကျွန်တော့်အိမ်ရှေ့တွင် ယောကျ်ားငါးယောက်ခန့်တွေ့လိုက်ရပြီး ၎င်းတို့ထဲမှ တစ်ယောက်က -

"A.E၊ A.E ညီ ဦးပေါက်ပေါက်ရဲ့မိန်းမ မမြိုင် ဘာဖြစ်တာလဲ မသိဘူး လာကြည့်ပါဦး။ သူ့အိမ်ရှေ့က မြေကြီးပေါ်မှာ ငိုယိုလူးလှိမ့်ပြီး ထမင်းတောင်းစားနေတယ်။ ပါးစပ်ကလည်း တဝူးဝူးတဝါးဝါးနဲ့ ဘာတွေပြောမှန်းမသိဘူး။ အဲဒါ ကျွန်တော်တို့လည်း သူ့ကြည့်ပြီး ကြောက်လို့ A.E ကို လာခေါ်တာပါ"

၎င်းတို့က ကျွန်တော့်ကို အေအီး (A.E) ဟု ခေါ်ကြပါသည်။ ကျွန်တော်၏ ရာထူးမှာ ဦးစီးအရာရှိဖြစ်ပါသည်။ အင်္ဂလိပ်လို (Assistant Engineer) ဖြစ်သဖြင့် အတိုကောက်အနေဖြင့် အေအီး (A.E) ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း သူတို့နှင့်တစ်ပါတည်း မမြိုင်ရှိရာသို့ လိုက်သွားခဲ့ပါသည်။

မမြိုင်မှာ အသက် (၄၀) နှစ်ခန့်ရှိကာ ကျွန်တော်၏ ညီတစ်ဝမ်းကွဲတော်စပ်သူ ပေါက်ပေါက်၏ဇနီးဖြစ်ပြီး သားသမီး ငါးဦးရှိသူတစ်ဦး ဖြစ်ပါသည်။ ပေါက်ပေါက်အဖေ ဦးခင်ညို (အသံတိတ်ခေတ်က ခေတ်ဟောင်းရုပ်ရှင်နှင့် ပြဇာတ်မင်းသား မောင်ခင်ညို) သည် ကွယ်လွန်သွားပြီ ဖြစ်သော ကျွန်တော့် အဖေ ဦးမြင့်ဦး၏ အောက်မှ ညီအရင်းတစ်ဦးဖြစ်သဖြင့် ကျွန်တော်နှင့် ပေါက်ပေါက်သည် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်ပါသည်။ ၎င်းတို့မိသားစုအား ကျွန်တော်၏လုပ်ငန်းခွင်တွင် အချို့လုပ်ငန်းများ ခိုင်းရန်အတွက် ဗူးရွာရေလှောင်တမံလုပ်ငန်းခွင်သို့ ကျွန်တော်မှ ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။


ကျွန်တော့်အိမ်ရှေ့ ပေ (၁၀၀) ကျော်လောက်တွင် ဗူးရွာထဲသို့ ဖြတ်သန်းစီးဆင်းသည့် (၈) ပေခန့်ကျယ်သော ရေမြောင်းလေးတစ်ခု ရှိပါသည်။ ၎င်းမြောင်းလေးကိုဖြတ်သန်းရန်အတွက် အချင်း (၆) လက်မခန့်ရှိသော မျှောတိုင် (၄) တိုင်ကို တံတားအဖြစ်ခင်းထားပြီး မြောင်းတစ်ဖက်ကမ်းသို့သွားလိုလျှင် ၎င်းတံတားပေါ်မှ ဖြတ်သန်းကြရပါသည်။ မိုးချုပ်ချုပ်များ၌ ၎င်းတံတားလေးကို ဖြတ်သန်းသွားလာသူ မရှိသလောက် ဖြစ်ပါသည်။ အကြောင်းမှာ သရဲခြောက်သည်ဟု သတင်းကြီးနေသောကြောင့် ဖြစ်သည်။

ပေါက်ပေါက်နှင့် မမြိုင်တို့မိသားစုမှာ ၎င်းတံတားကလေးမှ ပေ (၁၅၀) ခန့်အကွာတွင် မျှောတိုင်နှင့် ဝါးတန်းများ ခြံစည်းရိုးလုပ်ကာ ၎င်းဝင်းအတွင်း၌ တဲအိမ်ကလေးတစ်လုံးဆောက်၍ နေထိုင်ကြပါသည်။ နေ့အခါတွင် ပေါက်ပေါက်နှင့် မမြိုင်က ကျွန်တော်၏ လုပ်ငန်းခွင်

[illegible]

# ကိုကိုလတ်

## အမှုတောင်းတဲ့သရဲမ





www.burmeseclassic.com

www.burmeseclassic.com

များသို့ သွားရောက်လုပ်ကိုင်ပြီး ညအခါမှသာ ၎င်းတဲအိမ်သို့ ပြန်လာလေ့ရှိသည်။ ကလေးများကိုမူ ၎င်းတဲ၌ပင် ထားခဲ့လေ့ရှိပါသည်။

**အခန်း(၂)**

"ကျွန်မထမင်းမစားရတာကြာလို့ ကျွန်မကို ထမင်းလေးနည်းနည်းကျွေးပါ"

"ကျွန်မထမင်းမစားရတာကြာလို့ ကျွန်မကို ထမင်းလေးနည်းနည်းကျွေးပါ"

ကျွန်တော် လှမ်းမြင်လိုက်ရသည့် မြင်ကွင်းက မလှမပဖြစ်သည်။ ပေါက်ပေါက်တို့၏ အိမ်ရှေ့မြေကြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ အိမ်ဘက်သို့ မျက်နှာမူပြီး မမြိုင်က လက်အုပ်လေးချီကာ ငိုယိုပြီး ထမင်းတောင်းနေပုံကို ကြည့်၍ ကျွန်တော့်ရင်ထဲ၌ နင့်သွားပါသည်။

"ကျွန်မထမင်းမစားရတာကြာလို့ ကျွန်မကို ထမင်းလေးနည်းနည်းကျွေးပါ"

မမြိုင်က ထမင်းတောင်းနေသော်လည်း အသံက မမြိုင်အသံမဟုတ်။ မိန်းမငယ်တစ်ယောက်အသံဖြစ်နေသည်။

"ဟဲ့ - မမြိုင်၊ ဘာဖြစ်နေတာလဲ။ ထ၊ ထ"

ကျွန်တော်ဘယ်လိုပင်ပြောပြော မမြိုင်က ကျွန်တော့်အား ပြူးကြည့်ပြီး ထမင်းကိုပဲ တောင်းနေတော့သည်။ ယခင်က ကျွန်တော့်အား ကြောက်ရွံ့ရိုသေပြီး ကျွန်တော်မှ တစ်ချက်လောက်ငေါက်လိုက်လျှင် နေစရာထိုင်စရာမရှိ အလွန်ကြောက်တတ်သော မမြိုင်သည် ယခု ကျွန်တော့်ကို မကြောက်တော့ပေ။

"ဟဲ့-မမြိုင်၊ နင်ကဘာဖြစ်နေတာလဲ။ နင် ငါ့ကိုသက်သက်အရှက်ခွဲနေတာလား။ နင်ဘာမကျေနပ်လို့လဲဟင်၊ ပေါက်ပေါက်နဲ့ ဘာဖြစ်လို့လဲ"

ကျွန်တော်က မည်သို့ပင် မြည်တွန်တောက်တီးနေသော်လည်း မမြိုင်က ထမင်းပဲတောင်းနေသည်။ ထိုစဉ် လူအုပ်ထဲမှ အသက် (၆၅) နှစ်ခန့်အရွယ်ရှိသည့်အလုပ်သမားအဘိုးအိုတစ်ဦးထွက်လာပြီး ကျွန်တော့်အား -

"A.E၊ A.E၊ခယ်မ မမြိုင်ကို ကျွန်တော်တတ်သလောက်၊ မှတ်သလောက် ကုခွင့်ပြုပါ"

ဟု ခွင့်တောင်းလာသဖြင့် ကျွန်တော်က ခွင့်ပြုလိုက်သောအခါ ၎င်းလူကြီးမှ မမြိုင်အား -

"ဟေ့-ဒီမှာ၊ ငါမေးတာကို မှန်မှန်ဖြေစမ်း လိမ်မယ်မကြံနဲ့နော်။ ငါ ရွှေရင်ကျော်ဂိုဏ်းက ဆရာအောင် ဖြစ်တယ်။ ဖြေစမ်း၊ နင်ဘယ်သူလဲ"

"ကျွန်မ. . . ကျွန်မ မဝါပါ"

"ဘယ်ကမဝါလဲ"

"လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော်လောက်က ဒီနေရာမှာ အသက် (၁၅) နှစ်အရွယ်နဲ့ ကွယ်လွန်သွားတဲ့ မဝါပါ"

"ဘာဖြစ်လို့ နင် ဒီလိုလုပ်နေရတာလဲ"

"ကျွန်မ ထမင်းမစားရတာ (၃) ရက်တောင်ရှိလို့ပါ။ ဒါကြောင့် ဆာလွန်းလို့ ဝင်ပြီးတောင်းတာပါ"

မမြိုင်က ထိုလူကြီးအား သူမေးသည့်မေးခွန်းများကိုဖြေနေစဉ် ကျွန်တော်မှလည်း ဤကဲ့သို့ ဖြစ်စဉ်မျိုးကြုံခဲ့သဖြင့် ကြုံတုန်း ဗဟုသုတအဖြစ် မေးမြန်းလိုက်ဦးမည်ဟု ကြံရွယ်လျက် -

"နေပါဦး၊ နင်က ထမင်းမစားရတာ သုံးရက်တောင်ရှိပြီဆိုတော့ အရင်တုန်းက ဘယ်သူတွေကကျွေးလို့ ဘာတွေစားတုန်း"

ဟု မေးလိုက်ရာ မမြိုင်က -

"အရင်က ကိုပေါက်တို့၊ မမြိုင်တို့ မိသားစုက ညညဆိုရင် သူတို့စားလို့ကျန်တဲ့ ထမင်းကျန်ဟင်းကျန်တွေကို သွန်ပစ်တော့ အဲဒါတွေကို စားနေပါတယ်"

"အေးလေ၊ အဲဒါဆိုရင် အခုဘာဖြစ်လို့ ထမင်းတောင်းနေရတာလဲ"

"အခု ကိုပေါက်တို့၊ မမြိုင်တို့ ဒီအိမ်မှာမရှိတာ သုံးရက်ရှိပြီ။ ဒီနေ့ညနေအထိလည်း ထမင်းကျန်ဟင်းကျန် မစွန့်ကြသေးလို့ ကျွန်မ ထမင်းမစားရတာ သုံးရက်ရတာ သုံးရက်ရှိပြီ"

သူပြောမှပဲ ကျွန်တော် သတိရတော့သည်။ ညီဖြစ်သူ ကိုပေါက်နှင့် မမြိုင်အား ကျွန်တော်ကိုယ်တိုင် ခွေးမလောင်ရွာအနီး၌ လမ်းခင်းနေသဖြင့် ၎င်းရွာမှာပင် သုံးရက်နေထိုင်၍ အလုပ်ဆင်းရန် စီစဉ်ထားသောကြောင့် ၎င်းမိသားစု သုံးရက် ခွေးမလောင်ရွာ၌ ပြောင်းရွှေ့နေထိုင်ကြပြီး ယနေ့ညနေပိုင်းမှ ဤတဲသို့ ပြန်ရောက်လာကြခြင်း ဖြစ်သည်။ ကျွန်တော်လည်း ၎င်း၏အဖြေကို စိတ်ဝင်စားသွားပြီး ဆက်၍ မေးလိုက်သည်။

"ဒီအိမ်ကို ပေါက်ပေါက်တို့ ဆောက်ပြီးမနေခင်တုန်းက နင်ဘယ်လိုစားသောက်တုံး"

"ရှေ့နားကမြောင်းကူးတံတားကို ညမိုးချုပ် အချိန်မတော်ဖြတ်တဲ့သူတွေ၊ အထူးသဖြင့် ကလေးသူငယ်တွေကို ခြောက်လှန့်ပြီး သူတို့ခေါ်စာပစ်တာလေးနဲ့ ရပ်တည်နေရပါတယ်"

"အခု နင်ဘယ်မှာနေတုံး"

"တစ်မြန်နေ့ကစပြီး တံတားထိပ်က ဆီးပင်မှာနေပါတယ်။ အဲဒီဆီးပင်မှာလည်း နေတဲ့သူတွေက များလွန်းလို့ ပိုင်ရှင်ကိုမနည်းတောင်းပန်ပြီးနေရတာ။ တစ်မြန်နေ့က ကျွန်မနေတဲ့ နဘူးချုံကို ခုတ်သွားကြလို့ ကျွန်မနေစရာပျောက်ပြီး အနီးအနားက အဲဒီဆီးပင်ပိုင်ရှင်ကို အသနားခံပြီးနေရတာပါ"

သူ့စကားအရ ကျွန်တော်ကလည်း ဝိုင်းအုံကြည့်ရှုနေကြသည့် ပရိသတ်ငါးဆယ်ခန့်ဘက်သို့လှည့်၍ သူပြောသလို အိမ်ရှေ့ကချုံကို ခုတ်ထားတာ ဟုတ်သလားလို့ မေးတော့ လူအုပ်ထဲမှ တချို့က -

"ဟုတ်တယ် A.E။ သူပြောတဲ့နေ့က အဲဒီချုံကို အလုပ်သမားတွေ ခုတ်သွားကြတယ်"

"ဘယ်သူခုတ်ခိုင်းတာလဲ"

"A.Eဦးဌေးအောင်တင့်က ခုတ်ခိုင်းတာတဲ့"

"ဘာဖြစ်လို့ ခုတ်ခိုင်းရတာလဲ"

"သူလုပ်မယ့်လျှပ်စစ်ဓာတ်အားလိုင်းတိုင်စိုက်ဖို့ အဖြောင့်ဆွဲတဲ့အခါမှာ မလွတ်လို့ဆိုပြီး အဲဒီနဘူးချုံကို ခုတ်ပြီးရှင်းသွားတာA.E"

ရော် - အခုမှကျွန်တော်သတိရမိသည်။ A.E ဦးဌေးအောင်တင့် (ယခုဆည်မြောင်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၌တာဝန်ထမ်းဆောင်နေသူ)သည် လူငယ်A.Eတစ်ဦးဖြစ်ပြီး ၎င်းအား ထိုစဉ်က ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း(ယခု-အငြိမ်းစား)မှ ပူးရွာအား ရေအားလျှပ်စစ်ဖြင့် မီးပေးနိုင်ရန်အတွက် အနီးအနား၌ရှိသော ပူးရွာအဝင်မြောင်းလေးမှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် A.E ဦးဌေးအောင်တင့်ကို တာဝန်ပေးအပ်ခဲ့ပါသည်။ ဦးဌေးအောင်တင့်မှ ဝါယာကြိုးများသွယ်တန်းရန်အတွက် မော်တိုင်များစိုက်ရာတွင် မလွတ်ကင်း၍ ၎င်းနေထိုင်သည့် နဘူးချုံကို ရှင်းလင်း ခုတ်ထွင်းခဲ့ခြင်း ဖြစ်သည်ဟု သိလိုက်ပါသည်။

A.Eဦးဌေးအောင်တင့်၏ရေအားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအကြောင်း ကျွန်တော် ခေတ္တတွေးမိနေစဉ် မမြိုင်မှ-

"ကျွန်မကို ထမင်းကျွေးပါ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

ဆာလွန်းလို့ပါ"

ဟု ပြောပြောဆိုဆိုနှင့် တဲအိမ်ပေါ်သို့ လှမ်းတက်ရာ အပေါ်မရောက်ဘဲ နောက်သို့ပက်လက်လန်ကျသွား၍ လူအများမှ ဝိုင်းထူပေးရပါသည်။ ထို့နောက် မမြိုင်မှ တဲအိမ်ပေါ်သို့ ထပ်မံ၍ လှမ်းတက်ရာ ထပ်ပြီးနောက်ပြန်ပက်လက်လန်ကျသွားပြန်ပါသည်။

"ကျွန်မဆာလွန်းလို့ ထမင်းကျွေးကြပါ။ ကျွန်မ ဒီထဲကို ခဲခဲယဉ်းယဉ်း ဝင်ခဲ့ရတာပါ၊ ထမင်းကျွေးကြပါ"

အထက်ပါ မမြိုင်၏စကားကြောင့် ကျွန်တော်အတွေးတစ်ချက်ဝင်သွားပြီး သူ့အား မေးလိုက်သည်။

"နင် ဒီထဲကို ခဲခဲယဉ်းယဉ်းဘယ်လိုဝင်လာခဲ့တာလဲ"

"ဝင်းစောင့်နတ်ကို ခွင့်တောင်းပြီးမှ ဝင်ခွင့်ရတာပါ"

ကျွန်တော်လည်း အံ့ဩသွားပြီး -

"ဟင် - ဝင်းစောင့်နတ်က နင့်ကို ဝင်ခွင့်ပေးတယ် ဟုတ်လား"

ဟု ပြောလိုက်ရာ မမြိုင်က -

"အလွယ်တကူ ဝင်ခွင့်ပေးတာ မဟုတ်ပါဘူး။ သုံးခါတိတိ ခွင့်တောင်းတာ ဝင်းစောင့်နတ်က ခွင့်မပြုပါဘူး။ နောက်ဆုံး ကျွန်မဘယ်သူ့ကိုမှမခြောက်လှန့်ပါဘူး။ အနှောင့်အယှက်မပေးပါဘူးလို့ကတိပေးမှ ကျွန်မကို ဝင်ခွင့်ပြုခဲ့တာပါ"

ဟု ပြန်ဖြေပါသည်။

"ကဲ - ဒါဖြင့် အိမ်ပေါ်တက်။ ငါတို့ နင့်ကို ထမင်းကျွေးမယ်"

ဟု ကျွန်တော်ကပြောရာ -

"ကျွန်မ အိမ်ပေါ်တက်လို့ မရဘူး။ အိမ်စောင့်နတ်က တွန်းလွှတ်ဘယ်"

ဟု မမြိုင်က ပြောပါသည်။

ထိုအခါကျမှ မမြိုင် တဲအိမ်ပေါ်သို့ တက်လိုက်တိုင်း နောက်သို့ ပက်သက်လန်လန်ကျသွားရခြင်းအကြောင်းကို သိလိုက်ရသည်။

ထိုစဉ် ခုန ဆရာအောင်ဆိုသူ ရွှေခင်ကျော်ဂိုဏ်းမှပုဂ္ဂိုလ်ကြီးက အိမ်ဘက်သို့ မျက်နှာမူ၍ လက်အုပ်ချီကာ -

"အိမ်စောင့်နတ်မင်းကြီး ခင်ဗျား။ ကျွန်တော်တို့ သူ့ကို မေးစရာမြန်းစရာများရှိ၍ ဝင်ခွင့်ပေးပါ"

ဟု ခွင့်တောင်းပြီး မမြိုင်အား အိမ်ပေါ်သို့ တက်ခိုင်းရာ အလွယ်တကူ အိမ်ပေါ်သို့ တက်နိုင်ခဲ့ပါသည်။ အိမ်ပေါ်သို့ ရောက်သောအခါ သူ့အား ထမင်းနှင့် ဟင်းအချို့ကို နယ်ဖတ်၍ ကျွေးမွေးလိုက်ပါသည်။ ထမင်းကျွေးပြီးနောက် ကျွန်တော်မှ မမြိုင်အား ထပ်မံ၍ မေးမြန်းခဲ့ရာ ပူးဝင်နေသော ပရလောကသားအမည်မှာ မဝါဖြစ်ကြောင်း၊ အသက် (၁၅) နှစ်အရွယ်ခန့်တွင် ဤနေရာ၌ မိန်းမရောဂါနှင့် ကွယ်လွန်ခဲ့သူဖြစ်ကြောင်းနှင့် သူ့အား အမျှဝေပေးပါရန် ပြောပါသည်။

ထိုအခါ ကျွန်တော်သည် သူငယ်မအား သနားသွားသဖြင့် ဆွမ်းကပ်ပေးမည်ဟု ဆုံးဖြတ်လိုက်ကာ ၎င်းအတွက် သန်ဘက်ခါနံနက်တွင် ဘုန်းရှာမှ သံဃာတော်ငါးပါးပင့်ဖိတ်၍ ဆွမ်းသွတ်အမျှဝေပေးမည်ဖြစ်ကြောင်း၊ မနက်ဖြန်ညတွင် သင့်အား ကျွန်တော်ကိုယ်တိုင် လာရောက်ဖိတ်ပါမည်။ သန်ဘက်ခါနံနက် တရားနာလာခဲ့ပါဟု ပြောကြားရာ မဝါမှ ကျေးဇူးတင်ကြောင်း ပြောအပြီးတွင် မမြိုင် လဲကျသွားကာ ခဏအကြာတွင် မမြိုင်မှာ ပင်ပန်းနွမ်းနယ်သည့် ပုံစံမျိုး ဖြစ်နေသဖြင့် လူအများမှ ဝိုင်းဝန်းပြုစုခဲ့ကြရပါသည်။

## အခန်း(၃)

နောက်တစ်နေ့ မိုးချုပ်စအချိန်တွင်ဖြစ်သည်။ ကျွန်တော်သည် မြောင်းကူးတံတားအနီးရှိ ဆီးပင်ကြီး၏ ပင်စည်အား လက်ဖြင့် ထိကပ်ထားပြီး -

"ဤဆီးပင်တွင် နေထိုင်သော လွန်ခဲ့သည့် အနှစ် (၂၀) ကျော်ခန့်က မိန်းမရောဂါဖြင့် ကွယ်လွန်ခဲ့သူ မဝါ။ သင့်အား ရည်စူး၍ မနက်ဖြန် နံနက်ပိုင်းတွင် သံဃာတော်အရှင်မြတ်ငါးပါးအား သင်္ကန်းနှင့် ဆွမ်းကပ်ပြီး သင့်အား အမျှအတန်း ပေးဝေမည်ဖြစ်ပါ၍ ဦးပေါက်ပေါက်နေအိမ်သို့ တရားနာကြွရောက်ပါရန် ကျွန်ုပ် ဦးတင်လတ်ကိုယ်တိုင် လာရောက် ဖိတ်ကြားအပ်ပါတယ်"

ဟု ရွတ်ဆိုကာ မဝါအား ဖိတ်လိုက်ပါသည်။ ထိုညတွင် ကျွန်တော့်ညီ ပေါက်ပေါက်၏ နေအိမ်၌ ကျွန်တော်၏ ဆည်မြောင်းအလုပ်သမားများ စုပေါင်း၍ မနက်ဖြန်နံနက် ဆွမ်းကျွေးအတွက် ချက်ကြပြုတ်ကြပါသည်။

နောက်တစ်နေ့နံနက်တွင် ဘုန်းရှာမှ ဆရာတော်ကြီးနှင့် သံဃာတော်လေးပါး၊ စုစုပေါင်း သံဃာတော်ငါးပါးအား ကျွန်ုပ်၏ညီ ပေါက်ပေါက်၏ နေအိမ်သို့ ပင့်ဖိတ်ကာ ကွယ်လွန်သူ မဝါကို ရည်စူး၍ သင်္ကန်းကပ်ခြင်း၊ ဆွမ်းကပ်၍ ရေစက်ချ၊ အမျှဝေခြင်းတို့ကို ကျွန်ုပ်ကိုယ်တိုင် ဦးစီး ဆောင်ရွက်ပေးခဲ့ပါသည်။ ဆွမ်းကပ်ပြီး၍ အချီပွဲဘုဉ်းပေးနေစဉ် သက်တော် (၆၅) နှစ်ခန့်ရှိသော ဘုန်းရှာ ဆရာတော်ကြီးက ကျွန်တော်နှင့် ဆွမ်းကပ်သည့် ပရိသတ်များအား -

"ငါလည်း ဒီဘုန်းရှာမှာနေလာတာ ကြာပါပြီ။ ဒီ မဝါဆိုတဲ့ နာမည်နဲ့ ကွယ်လွန်ခဲ့တဲ့သူကို မကြားဖူးပါဘူး"

ဟုပြောရာ ဆရာတော်ကြီး၏ နံဘေးမှ သက်တော် (၃၅) ခန့်အရွယ်ရှိ သံဃာတော်တစ်ပါးက -

"ဆရာတော်ကြီးတို့ ဆွမ်းခံစဉ်တုန်းက ဘုန်းရှာထဲနဲ့ ရွာနားပတ်ဝန်းကျင်လောက်သာ ဆွမ်းခံကြွတာကိုး ဘုရား။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က အောက်ပြည်အောက်ရွာ မြောင်းမြဘက်က ပြောင်းလာကြတာပါဘုရား။ ဒီနားမှာ တဲလေးထိုးပြီး ဝါးကပ်တို့၊ ဝါးထရံတို့ ရက်လုပ်ရောင်းချစားသောက် နေထိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ အဲဒီတုန်းက တပည့်တော်က ကိုရင်ဘဝနဲ့ သူတို့အိမ်မှာ ဆွမ်းခံဖူးပါတယ် ဘုရား"

ဟု ပြောလိုက်သောအခါ ဘုန်းရှာ ဆရာတော်ကြီး ခေါင်းတညိတ်ညိတ် ဖြစ်သွားပါသည်။

တရားဟောပြီး၍ ဆရာတော်ကြီးများ ပြန်ကြွသွားသောအခါ ကျွန်တော့်ခေါင်းထဲ၌အတွေးတစ်ခုဝင်လာပါသည်။ ထိုအတွေးမှာ အိမ်တစ်အိမ်၌ ဝင်းစောင့်နတ်ရော အိမ်စောင့်နတ်ပါရှိသည်ဆိုသည့်အချက်နှင့် ဝင်းစောင့်နတ်က ခွင့်ပြုသော်လည်း အိမ်စောင့်နတ်က တားပိုင်ခွင့်ရှိသည်ဆိုသည့်အချက်များကို ပရလောကသား မဝါ ပူးဝင်နေသော မမြိုင်၏ စကားများမှ ဗဟုသုတရလိုက်ပါသည်။

ကျွန်တော်ကိုယ်တိုင် ဦးစီး၍ ကွယ်လွန်သူ ပရလောကသား မဝါကို အမျှပေးဝေပြီးသည့်နောက်ပိုင်း၌ ပေါက်ပေါက်တို့အိမ်နားက မြောင်းကူးတံတားပေါ်မှာ ညည ခြောက်တယ်လှန့်တယ်ဆိုတဲ့ အသံတွေ လုံးဝမကြားရတော့ပါ။

*(ဘုန်းရှာရေလှောင်တမံတည်ဆောက်စဉ်ကာလက ဆည်မြောင်းအလုပ်သမားများ စုပေါင်းနေထိုင်ကြသည့် 'သုံးဆယ့်တစ်ဘုံ'ရပ်ကွက်လေးတွင် ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်တစ်ခုဖြစ်သဖြင့် အမည်များ လွဲပြောင်းခြင်းမရှိဘဲ ရေးသားခြင်း ဖြစ်ပါသည်။)*

ကိုကိုလတ် (ဆည်မြောင်း)



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်ဟုဆိုလိုက်သည်နှင့် လူတို့၏စိတ်ထဲတွင် သူခိုးကြမ်းပိုး၊ ဓားပြ၊ လူသတ်၊ မုဒိမ်း၊ လုယက် စသောရာဇဝတ်ကောင်များကို တစုတဝေးတည်းထိန်းသိမ်းထားရာအရပ်အဖြစ် တွေးထင်လာကြသည်။

လူတို့ ဤသို့တွေးထင်လာခြင်းမှာလည်း အမှန်တော့ မှားသည်ဟု မဆိုနိုင်ပါပေ။အဘယ်ကြောင့်ဆိုသော် အဆိုပါဒုစရိုက်လောကသားများသာ ပြစ်မှုမျိုးစုံကို မကြာခဏအကျူးလွန်ကာ ထောင်ကိုခြင်ထောင်သဖွယ် သဘောထား၍ ဝင်လိုက်၊ ထွက်လိုက်လုပ်နေကြ၍လည်းဖြစ်၏။ ထို့ကြောင့်လည်း အကျဉ်းထောင်ဟူသည် ဒုစရိုက်သားတို့၏ စုဝေးရာဂေဟာကြီးတစ်ခုသဖွယ် ဖြစ်နေခဲ့ရ၏။

သို့တစေ -

တစ်ခါတစ်ရံ၌မူ ကံဇာတ်ဆရာ

အကျဉ်းထောင်လောကမှ ဂန္ထဝင်မြောက်မြောက်ဖွယ်ရာ ဖြစ်ရပ်ဆန်းများ

# မသေသောနှလုံးသား

## ပီတာမြင့်ဦး





www.burmeseclassic.com

www.burmeseclassic.com

အကျိုးစားသန်ကာ အကျဉ်းထောင် ဆိုလျှင် လေသံမျှပင် မကြားဖူးသူများကိုပင် အရောက်ပို့လာတတ်ပြန်၏။ ထိုသူများတွင် ဆိုက်ကားဆရာမှ ဝန်ကြီးရာထူးအထိ လူတန်းစားပေါင်းစုံ ပါဝင်လာတတ်ပေရာ ထိုအခါမျိုးတွင် အကျဉ်းထောင်မှာ ဒုစရိုက်သားများ၏ သီးခြားကမ္ဘာမဟုတ်တော့ဘဲ ပြင်ပလူ့လောကနှင့် ထူးမခြားနားသလိုဖြစ်လာ၏။

လူဆိုသည်က အဆန်းသား။

'အူဝဲ' ဟု အော်မြည်လိုက်သံမှာ ကိုက လောဘ၊ ဒေါသ၊ မောဟတို့ ဒွန်တွဲပူးကပ်ပါလာတတ်သည်။ ယင်းအကုသိုလ်တရားတို့ကပင် လူတို့အား မကောင်းမှု၌ မွေ့လျော်စေတတ်သည်။ ထိုမှတစ်ဆင့် ပြစ်မှုအမျိုးမျိုး ကျူးလွန်မိရာက ရာဇဝတ်သားအဖြစ် အကျဉ်းထောင်ဆီသို့ ရောက်လာတတ်ကြသည်။

ထိုသို့ အကုသိုလ်တရားများကြောင့် အကျဉ်းသားဖြစ်ခဲ့ရသူများအနက် အာရောဂျဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ထွဋ်တင်၏အဖြစ်မှာကား အလွန်ဆန်းကြယ်၍ ဂမ္ဘီရဆန်လှသည်။

ရုတ်တရက်ဆိုသော် သူကျူးလွန်ခဲ့သည်မှာ သာမန်ယာဉ်တိုက်မှုမျှသာ ထင်မှတ်ရသော်လည်း အဆိုပါ အမှု၏နောက်ကွယ်မှ လျှို့ဝှက်ထိမ်ချန်ထားမှုများ၊ မိမိ၏သွေးသားရင်းချာအတွက် လောဘရမ္မက်ကြီးခဲ့မှုများ၊ ဆရာဝန်တစ်ယောက်ဖြစ်ပါလျက် သူတစ်ပါးအပေါ် ကြင်နာတရားကင်းမဲ့ကာ အတ္တ၏သားကောင်ဖြစ်ခဲ့ရမှုများက အရိုးတွန်ကာ သူ့အားအကျဉ်းသားဖြစ်အောင် တွန်းပို့ခဲ့ပါလေသည်။

အဆိုပါ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ထွဋ်တင်၏ ကြေကွဲဝမ်းနည်းဖွယ်၊ တုန်လှုပ်အံ့သြဖွယ် ဖြစ်ရပ်ဆန်း၏ အစနိဒါန်းသည်ကား -

◆

"အေးဗျာ၊ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအကျဉ်းသားဘဝမျိုးရောက်ဖို့ အိပ်မက်တောင်မမက်ခဲ့ဘူးတော့ ကျွန်တော့်အဖြစ်က ဘယ်ကနေစပြီးပြောရမယ်တောင် မသိတော့ပါဘူး။ ထောင်ပိုင်ကြီးရယ်"

တစ်ခုသောနံနက်ခင်း၌ ဖြစ်ပါသည်။ ကျွန်ုပ်သည် မကြာသေးမီက ရောက်လာသော ထောင်ကျလူသစ်များကို ထောင်ကျရုံးခန်းတွင်ထိုင်ကာ တာဝန်အရ တစ်ဦးချင်း စစ်ဆေး ကြည့်ရှုလျက်ရှိ၏။ ယင်းသို့ စစ်ဆေးရာ၌ ထောင်ပုံစံ(၂၁)ခေါ် အကျဉ်းသားမှတ်ပုံတင်စာအုပ်တွင် အသင့်ရေးသွင်းဖော်ပြထားသော အကျဉ်းသား၏ကိုယ်ရေးအချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးရခြင်း ဖြစ်၏။

အကျဉ်းသားများမှာ ထုံးစံအတိုင်း ခိုးမှု၊ လုယက်မှု၊ ရိုက်မှု၊ ဓားပြမှု၊ လိမ်လည်မှု စသော မရိုးနိုင်သောပြစ်မှုများကို လာကြသူတို့သာ များ၏။ သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကြည့်လျှင်လည်း သာမန်လက်လုပ်လက်စား၊ အရောင်းအဝယ်၊ ကုန်သည်ပွဲစားတို့သာ အများစုဖြစ်နေတတ်သည်ကို တွေ့ရ၏။

ယင်းတို့ထဲတွင် အာရောဂျဆေးရုံအုပ်ကြီး ဦးကျော်ထွဋ်တင် ဆိုသူကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကျွန်ုပ်အလွန်အမင်းအံ့အားသင့်သွားမိသည်။ သူကျူးလွန်ခဲ့သောပြစ်မှုမှာ ပေါ့လျော့ခြင်းဖြင့် သေစေမှုဖြစ်ကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-ကဖြင့် ထောင်ငါးနှစ်ကျလာသည်ကို တွေ့ရှိရ၏။

ကျွန်ုပ်က ရှားရှားပါးပါးကြုံတွေ့ရသောပုဂ္ဂိုလ်ဖြစ်၍ သူ၏အမှုကို စိတ်ဝင်တစားဖြစ်၍မေးလိုက်မိ၏။

ဒေါက်တာ ဦးကျော်ထွဋ်တင်က မချိတင်ကဲလိုလို၊ မထီမဲ့မြင်လိုလို တစ်ချက်ပြုံးကာ အထက်ပါအတိုင်း ဖြေလိုက်ခြင်း ဖြစ်၏။

"ဘယ်ကစပြောရမယ်မှန်းမသိရင်လဲ အစကနေသာ ပြောပြပါလား ဒေါက်တာ"

ကျွန်ုပ်က အကျဉ်းသားပင် ဖြစ်နေသော်လည်း သူ၏ ရာထူးဂုဏ်ပုဒ်ကို လေးစားသောအားဖြင့် ဒေါက်တာဟုပင် ခေါ်ပြောလိုက်မိ၏။ သူ၏ မျက်နှာပေးမှာ ပကတိ တည်ငြိမ်အေးချမ်းလှ၍ အသားအရေမှာလည်း ဖြူနုဝင်းသန့်လျက်ရှိရာ ထူးခြားသောပုဂ္ဂိုလ်များတွင်သာတွေ့ရတတ်သော ဥပဓိရုပ်ကို ပိုင်ဆိုင်ထားသူလည်း ဖြစ်၏။

"အင်း - အဲဒါဆိုရင်တော့ ဘဝကံခေရှာတဲ့ ကျွန်တော့်သားကျော်ဇေယျအကြောင်းက စပြောမှထင်ပါရဲ့"

ဒေါက်တာက ခေတ္တမျှ တွေတွေဝေဝေဖြစ်နေပြီးမှ စဉ်းစဉ်းစားစားပြောလိုက်သည်။

"ရပါတယ် ဒေါက်တာ။ ဒီအမှုက ဒေါက်တာ့သားတော်မောင်နဲ့ ပတ်သက်နေတယ် ထင်ပါရဲ့"

"ဟာ - ပတ်သက်ပြီလားဗျာ။ ဒီအမှုမှာ သူကအခရာပေါ့ဗျာ"

"ဟုတ်ကဲ့၊ ဒါဆိုလည်း ပြောပြပါလား ဒေါက်တာ"

"ဒီလိုဗျ"

ဒေါက်တာက 'ဒီလိုဗျ' ဟုအစပျိုးပြီးကာမှ ရုတ်တရက် အသံဆက်ထွက်မလာသေးဘဲ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ကြည့်ရတာ သားတော်မောင်အဖြစ်ကပြောရခက်နေသည်မျိုးလား။

ခဏနေမှ -

"ကျော်ဇေယျက ကျွန်တော်ရဲ့ တစ်ဦးတည်းသောသားဖြစ်ပြီး ဆေးတက္ကသိုလ်က ဘွဲ့ရထားတဲ့ ဆရာဝန်လောင်းတစ်ဦး ဖြစ်ပါတယ်။ အလုပ်သင်ကာလပြီးရင်တော့ ကျွန်တော့်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေပြီး တဖြည်းဖြည်းနဲ့ ကျွန်တော့်လုပ်ငန်းတာဝန်တွေကို သူ့ဆီလွှဲအပ်သွားမှာဖြစ်တယ် ထောင်ပိုင်ကြီး"

"ဪ - ကောင်းတာပေါ့ ဒေါက်တာ"

"အဲ - အဲလို စီစဉ်ထားကာမှ တစ်နေ့ မနက်စောစော လက်ဖက်ရည်ဝိုင်းကအထမှာ သားရုတ်တရက်မူးလဲသွားပါတယ်။ ကျွန်တော်အမျိုးမျိုးကြိုးစားကြည့်ပေမယ့် ချက်ချင်းသတိပြန်မလည်လာတဲ့အတွက် သူ့ကို ကျွန်တော့်ဆေးရုံမှာ တင်လိုက်ရပါတယ်။ သက်ဆိုင်ရာဆရာဝန်တွေက ဝိုင်းဝန်းပြီး ဓာတ်မှန်၊ အီးစီဂျီစတဲ့ လိုအပ်တာတွေ စစ်ဆေးကြည့်လိုက်တော့ သားဟာ ရုတ်တရက်နှလုံးတိုက်ခိုက်ခံရတာမှန်း သိလာပါတော့တယ်ဗျ"

"ဟုတ်လား"

"သူသတိပြန်ရမှမေးကြည့်တော့ သူ့ဘယ်ဘက်ရင်အုံမှာ မကြာခဏအောင့်တတ်တာကြာပြီတဲ့။ အောင့်ပြီး ခဏနေပျောက်သွားတတ်တာမို့လို့ သာမန်လေခိုတာမျိုးထင်ပြီး မပြောပြခဲ့မိဘူးတဲ့။ အဲဒါ မနေ့ညကမှ ရင်ဘတ်ထဲစူးစူးအောင့်အောင့်နဲ့ တော်တော်ဆိုးတဲ့ ဝေဒနာကို ခံစားခဲ့ရတယ်။ ဖေဖေ့ကို မနက်ကျမှပြောပြတော့မယ်လို့ စဉ်းစားထားခဲ့တာတဲ့။ အဲဒါ မနက်ကျတော့လည်း ကောင်းနေပြန်တာနဲ့ ပြောပြဖို့ မေ့နေတုန်း ခုလိုမူးလဲသွားခဲ့ရတာတဲ့ဗျ"

"ဪ"

"အဲဒါ နှလုံးဆိုင်ရာ ပါရဂူ အသေးစိတ် စစ်ဆေးကြည့်တော့ သား



www.burmeseclassic.com

www.burmeseclassic.com

ရဲ့နှလုံးက ဆေးကုသလို့ မရနိုင်လောက်အောင် အတွင်းလှိုက်ပြီး အတော်ပျက်စီးနေပြီတဲ့။ ဒီအတိုင်းဆက်ထားရင် ခြောက်လ၊ တစ်နှစ်ထက် ပိုနေရမယ် မထင်ဘူးတဲ့။ အဲဒါကြောင့် ရှေ့လျှောက် အသက်ရှင်နေနိုင်ဖို့ဆိုရင် နှလုံးအစားထိုးကုသတာကလွဲလို့ အခြားနည်းမရှိတော့ဘူးတဲ့ ထောင်ပိုင်ကြီးရဲ့"

"ဟုတ်လား၊ ဖြစ်ရလေဗျာ။ ဒါနဲ့ အဲဒါကို ဒေါက်တာတို့ ဘယ်လိုဆက်လုပ်ကြလဲဗျ"

"နှလုံးအလှူရှင်ရှာပြီး သားနှလုံးနဲ့ ကိုက်ညီတာရှိ,မရှိစစ်ဆေးရတော့တာပေါ့။ အင်း-ကံဆိုးချင်တော့ သားနဲ့ကိုက်ညီမယ့်နှလုံးရှာမရဘူးဖြစ်နေတယ်လေ။ သားနှလုံးကလည်း တစ်နေ့တခြား ပိုဆိုးလာလို့ ဆေးဝါးရော နှလုံးခုန်စက်ပါ အကူအညီယူနေရတယ်လေ"

"ဖြစ်ရလေဗျာ"

"အဲ - ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ တစ်နေ့ညမှာ ကားအက်ဆီးဒင့်ဖြစ်တဲ့လူနာတစ်ယောက်လာတယ်။ အသက်ကတော့ လေးဆယ်ကျော်နေပြီ သူက ကားတိုက်ခံရပြီး အချိန်အတော်လေးလင့်မှ ဆေးရုံရောက်လာလို့ သွေးထွက်လွန်နေပြီ။ လိုအပ်တဲ့ သွေးတွေသွင်းပေးပေမယ့် အသက်ရှင်နိုင်ခြေမရှိတော့ဘူး။ ကံကောင်းချင်တော့ အဲဒီလူနာရဲ့ နှလုံးဟာ သားလိုအပ်တဲ့ နှလုံးနဲ့ ကိုက်ညီနေတာကို တွေ့လိုက်ရတာပဲ။ ဒါကြောင့် အဲဒီလူနာဆုံးတာနဲ့ လူနာရှင်သားအမိဆီက မျက်နှာပူပူနဲ့ လူနာရဲ့ နှလုံးကို အသုံးခွင့်တောင်းရတယ်။ သားအမိနှစ်ယောက်ခမျာလည်း သူတို့ရွှေတောင်ကြီးပြိုလဲလို့ ပရိဒေဝသောကမီးတောက်လောင်နေတဲ့ကြားထဲကပဲ မျက်ရည်စက်လက်နဲ့ ခွင့်ပြုကြရှာပါတယ်"

"သနားစရာ သားအမိပါလား ဒေါက်တာ"

"ဟုတ်တာပေါ့ ထောင်ပိုင်ကြီးရယ်။ ဒါပေမယ့် ကျွန်တော့်မှာက ကိုယ့်သွေးသားကိစ္စဖြစ်နေတော့ သူတို့သားအမိကို သနားစေဖို့ အချိန်မရဘူးလေ။ နှလုံးပါရဂူကို လူနာရဲ့နှလုံးကို ချက်ချင်းထုတ်ယူပြီးသားအတွက် အမြန်ဆုံးနှလုံးအစားထိုး ကုသလိုက်ရတာပေါ့။နောက်ဆုံးတော့ တစ်နေ့တခြား အခြေအနေဆိုးလာနေတဲ့ သားဟာ နှလုံးအစားထိုးလိုက်တာနဲ့ အသက်ဆက်ရှင်နိုင်ပြီး ပကတိလူကောင်းတစ်ယောက်လို လှုပ်ရှားသွားလာနိုင်တော့တာပေါ့လေ"

"ဒါပေါ့လေ၊ သတ္တဝါတစ်ခုကံတစ်ခုဆိုသလို ကံကြမ္မာက သေခွင့်မပေးသေးခဲ့တော့လည်း အသက်ဆက်ရှင်သန်ခွင့် ရသွားတာပေါ့ ဒေါက်တာရယ်"

ကျွန်တော်၏ အားပေးစကားက ဒေါက်တာအား နှစ်သိမ့်မှုပေးနိုင်လိမ့်မည်ဟု ထင်မိခဲ့သည်။ သို့သော် ဒေါက်တာ၏ မျက်နှာပေါ်၀ယ် ၀မ်းသာကြည်နူးဖွယ်အရိပ် လက္ခဏာတစ်စုံတစ်ရာ ပေါ်လာသည်ကိုကား မတွေ့မြင်ရ။ ညှိုးငယ်သောအမူအရာဖြင့် အဝေးသို့ ခပ်တွေတွေ ငေးမောကြည့်နေသည်ကိုသာ တွေ့ရ၏။

အတန်ငယ်ကြာမှ -

"ထောင်ပိုင်ကြီးပြောတာ မှန်ပါတယ်။ လူ့ဘ၀ဆိုတာ ကံဇာတ်ဆရာရဲ့ အလိုကျ ကခုန်နေကြရတာပါ။ ကျွန်တော့်မှာ သားကိုဆုံးရှုံးရတော့မတတ် ခံစားနေရပြီးမှ မမျှော်လင့်ဘဲ ရုတ်တရက် အသက်ရှင်ခွင့်ရလာလို့ ဒီကမ္ဘာပေါ်မှာ ကျွန်တော့်လောက် ၀မ်းသာမယ့်လူတောင်မရှိဘူးလို့ ထင်နေခဲ့မိတယ်။ ဒါပေမယ့် အဲဒီ၀မ်းသာမှုဟာ တဒင်္ဂလေးပါ။ မကြာခင်မှာပဲ ကံကြမ္မာရဲ့ သရော်ကျီစယ်တာခံရပါတော့တယ်"

"ဟုတ်လား၊ ဘယ်လိုများလဲ ဒေါက်တာ"

ကျွန်တော်က တအံ့တသြမေးမိသည်။

"သားတော်မောင် ကျော်ဇေယျ ပေါ့ဗျာ။ အေးအေးဆေးဆေးမနေဘဲ သူအစားထိုးနှလုံးသားပိုင်ရှင်ရဲ့ ကျန်ရစ်သူမိသားစုကို လိုက်ရှာသတဲ့လေ"

"ဟင်-ဟုတ်လား။ နေပါဦး၊ သူက ဘာလို့ ဒီလိုထူးခြားတဲ့အတွေးမျိုး၀င်လာရတာတဲ့လဲ"

ဒေါက်တာက ခေါင်းကိုစိတ်ပျက်စွာ တွင်တွင်ခါယမ်းပြရင်း -

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ပါဘူးဗျာ။ ဒါကိုတော့ သူပဲ သိမှာပါ။ အဲဒီမှာ သေသူရဲ့ ကျန်ရစ်ခဲ့တဲ့ ဇနီးနဲ့သမီးကို ရှာဖွေတွေ့ရှိသွားသတဲ့"

"ဗျာ - သေသူဆိုတာ သူ့အစားထိုးနှလုံးသားရဲ့မူလပိုင်ရှင်ကို ပြောတာလား ဒေါက်တာ"

"ဟုတ်ပါတယ်၊ ကားတိုက်ခံရလို့ သေဆုံးသွားခဲ့တဲ့ နှလုံးသားပိုင်ရှင် ဦးထွန်းနိုင်ရဲ့ဇနီး ဒေါ်သူဇာနဲ့ သမီး ဖြူပြာတို့ရဲ့အိမ်အထိ ရောက်ရှိသွားခဲ့တာပါပဲ ဗျာ"

"ကြံကြံဖန်ဖန် ဒေါက်တာရယ်။ ဟိုသားအမိကတော့ သူ့ကိုဘယ်သိပါ့မလဲနော်"

"အင်း - ပထမတော့ ဘယ်သိပါ့မလဲ။ သူက ဖြူပြာဖွင့်ထားတဲ့ အလှပြင်ဆိုင်လေးကို အကြောင်းမရှိအကြောင်းရှာပြီး သနားလို့ဆိုပြီး မကြာခဏသွားအကူအညီပေးနေတာလေ။ ဒီလို သူစိမ်းတစ်ယောက် ရုတ်တရက်ပေါ်လာပြီး သူတို့သားအမိအပေါ် အကြောင်းမဲ့ကူညီနေတာကို ကြာတော့ အကင်းပါးတဲ့ ဒေါ်သူဇာက ရိပ်မိပြီး မေးမြန်းတော့ ဖြစ်ရပ်မှန်တွေ ပေါ်ကုန်တော့တာပေါ့ဗျာ။ သွားလေသူ ခင်ပွန်းသည်ရဲ့ နှလုံးသားနဲ့ အသက်ရှင်နေတဲ့ သားတော်မောင်ကိုကြည့်ပြီး ဒေါ်သူဇာ့ရင်ထဲ အသက်ထွက်လုမတတ် နာကျင်ခံစားရတယ်တဲ့။ အဲဒါကြောင့် ကျော်ဇေယျကို သူတို့အိမ်အရိပ်တောင်မနင်းဖို့ပြောပြီး နာနာကြည်းကြည်းမောင်းထုတ်တယ်တဲ့။ ဒါပေမယ့် ခက်နေတာက သမီး မဖြူပြာကြောင့်တဲ့ဗျ"

"ဟင် - မဖြူပြာက ဘာဖြစ်လို့လဲ ဒေါက်တာ"

ဒေါက်တာက သက်ပြင်းမောတစ်လုံး ရှိုက်ထုတ်လိုက်ပြီးမှ -

"မဖြူပြာက ကျော်ဇေယျကိုမြင်ရင် သူ့အဖေပြန်လာသလိုခံစားရသတဲ့လေ။ အဲဒီကြောင့် သူ့အမေမောင်းထုတ်တဲ့ကြားက ကျော်ဇေယျကို မသွားဖို့ အတင်းဖက်တွယ်ထားသတဲ့ ထောင်ပိုင်ကြီး"

"ဟာ"

"ဒါ့ထက်ဆိုးတာက ကျွန်တော့်သား ကျော်ဇေယျပဲလေ။ သူကလည်း သနားရာကနေ မဖြူပြာကိုချစ်မိနေတာဆိုတော့ သူကပါ မိန်းကလေးကို အလိုက်သင့် ပြန်ဖက်တွယ်ထားသတဲ့"

"ဟင်"

"ဒေါ်သူဇာက အဲဒီဖြစ်ရပ်ကို လုံး၀ လက်မခံနိုင်ဘဲ အရူးတစ်ယောက်လို ဆွေ့ဆွေ့ခုန်ပြီး သူတို့နှစ်ယောက်ကို မရမက အတင်းရိုက်ပုတ်ဆွဲဖယ်ပြီး တွန်းလွှတ်တယ်တဲ့။ ဒါပေမယ့် ဒေါ်သူဇာ ဘယ်လောက်ပဲ ရိုက်နှက်ကုတ်ခြစ်ပြီး ဆွဲဖယ်ပေမယ့် သူတို့နှစ်ယောက်ကတော့ တစ်လက်မမှမခွာဘဲ ဖက်တွယ်ထားကြတယ်တဲ့လေ။ နောက်ဆုံးတော့ အသက်အရွယ်ရလာတဲ့အပြင် ဆီးချိုရောဂါပါ စွဲကပ်နေတဲ့ ဒေါ်သူဇာဟာ အမောဆို့တက်လာတဲ့ ဝေဒနာကိုမခံနိုင်တော့ဘဲ သူတို့နှစ်ယောက်ကို လက်



www.burmeseclassic.com

www.burmeseclassic.com

လျှော့သည်းခံပြီး ခွင့်ပြုလိုက်ရသတဲ့ ထောင်ပိုင်ကြီး"

ကျွန်ုပ်နှုတ်မှ ဘာသံမှမထွက်နိုင်ဘဲ မှင်တက်မိကာ အသက်ရှူဖို့ပင် မေ့လျော့နေမိသည်။ ဒေါက်တာကပင် ဆက်ပြောသည်။

"အဲလို ဒေါ်သူဇာက လက်လျှော့ပြီး ခွင့်ပြုလိုက်ရပေမယ့် ကျွန်တော်တို့ လင်မယားနှစ်ယောက်ကတော့ သားကျော်ဇေယျကို မဖြူပြာနဲ့ လုံးဝသဘောမတူနိုင်ဘူးဗျ။ ထောင်ပိုင်ကြီးပဲ စဉ်းစားကြည့်လေ။ တကယ်ဆို လူနာဦးထွန်းနိုင်ရဲ့ နှလုံးကို ကျန်ရစ်သူသားအမိရဲ့ ခွင့်ပြုချက်ရယူခဲ့တာ မှန်ပေမယ့်လည်း ပြောရရင် ပရိဒေဝမီး တောက်လောင်နေတဲ့ သားအမိကို ဥပက္ခာပြုပြီး ကိုယ့်သားအသက်ရှင်ဖို့အတွက် အစားထိုးနှလုံးကို အတ္တကြီးကြီးနဲ့ မရရအောင် အတင်းအဓမ္မတောင်းယူခဲ့တယ်လို့တောင်ဆိုနိုင်တယ်လေ။ ဒီတော့ ကျွန်တော်တို့အနေနဲ့ အဲဒီသားအမိကို ရင်ဆိုင်ဖို့ ဘယ်လိုမှ သတ္တိမရှိနိုင်ကြတော့ဘူးဗျ။ ကျွန်တော့်ထက် ကျော်ဇေယျရဲ့အမေက စိတ်ခံစားမှု ပိုပြင်းထန်တယ်။ သူ့သား ဒေါ်သူဇာတို့အိမ်ကို ထပ်သွားရင် သူ့ကိုယ်သူသတ်သေမယ်လို့ ခြိမ်းခြောက်တယ်လေ"

"ဒါဆို ကျော်ဇေယျက အဲဒီအိမ်နဲ့ အဆက်ဖြတ်လိုက်မှာပေါ့ ဒေါက်တာ"

ဒေါက်တာက ခေါင်းကိုတွင်တွင်ခါရမ်းပြသည်။

"ဟင့်အင်း၊ ဘယ်နေလိမ့်မလဲဗျာ။ ကျွန်တော်ကိုယ်တိုင်လည်း ဆရာဝန်ဖြစ်ပြီးအိမ်ထောင်သာကျလာတယ်၊ (၁၅၀၀) ဆိုတဲ့ အပူမီးက တစ်လောကလုံးကို အမှောင်ဖုံးစေမှန်း ခုမှပဲ နားလည်ခံစားမိတော့တယ်။ ကျော်ဇေယျက သူ့အမေ ဒီလောက် အသက်နဲ့ရင်းပြီး ခြိမ်းခြောက်ထားတာကို လျစ်လျူရှုပြီး ဒေါ်သူဇာတို့အိမ်ရောက်အောင်သွားတယ်။ မဖြူပြာနဲ့ အလှပြင်ဆိုင်လေးမှာ တစ်နေကုန်နေပြီး လိုအပ်တာမှန်သမျှ ကူညီပေးနေတယ်လေ"

"ဒါဆို သူ့အမေ ဒေါသပုန်ထပြီပေါ့ ဒေါက်တာ"

"ဟုတ်ကဲ့၊ သူ့ဘာသာသူ ဒေါသဖြစ်နေရင်တော့ အကြောင်းမဟုတ်ဘူးပေါ့ဗျာ။ ခုဟာ အတ္တလွန်ကဲပြီး ဒေါ်သူဇာကို တစ်နေရာကို ခေါ်ထုတ်ပြီး တွေ့တယ်လေ"

"ဟုတ်လား"

"တွေ့ရုံတင် မကဘူး။ ဒေါ်သူဇာရှေ့မှာ ငွေထုပ်ပါတင်ပေးလိုက်တယ်။ ဒီငွေတွေကိုယူပြီး ရှင်တို့သားအမိ ကျွန်မသားနဲ့ ဝေးရာမှာသွားပြီးနေကြပါ။ ဒီလောက်ငွေနဲ့ဆို ရှင့်သမီးလည်း အလှပြင်ဆိုင်ကောင်းကောင်းတစ်ခု ဖွင့်လှစ်နိုင်မှာပါ။ အိမ်ကောင်းကောင်းလည်း ဝယ်လို့လောက်ပါတယ်။ ဒါကြောင့် ဒီနေရာဒီဒေသက အမြန်ဆုံးထွက်သွားပေးကြဖို့ ပြောတယ်တဲ့လေ"

"ဒီတော့ ဒေါ်သူဇာက ဘာပြောလဲ"

ဒေါက်တာ နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွတ်၍ မချိတရိပြုံးလိုက်ကာ-

"ဒေါ်သူဇာက ငွေထုပ်ကို တစ်ချက်ကလေးတောင် မကြည့်ဘဲ ကျော်ဇေယျအမေကို စူးစူးရဲရဲစိုက်ကြည့်ပြီး လေသံမာမာနဲ့ပြောသတဲ့။ ရှင်တို့က ဒါ ဘာသဘောလဲ။ ကျွန်မယောက်ျားရဲ့ နှလုံးသားအတင်းရယူခဲ့ရုံနဲ့ အားမရသေးဘဲ ကျွန်မတို့သားအမိရဲ့ နှလုံးသားကိုပါ ငွေနဲ့ လာဝယ်နေတာလားဟင်။ လောကမှာ ငွေရှိရင် ဘာမဆိုဝယ်လို့ရနိုင်တယ်ဆိုပေမယ့် ကျွန်မတို့ သားအမိရဲ့နှလုံးသားကိုတော့ လုံးဝမမျှော်လင့်ပါနဲ့ရှင့်။ ဒေါ်သူဇာမှာ ပြောနေရင်းက မျက်နှာတစ်ခုလုံး ဒေါသငွေ့ကြောင့် ညိုမည်းတင်းမာကာ အသံကျယ်လာပြီး ဒါကြောင့်မို့ ကျွန်မဒေါသထွက်ပြီး ရှင့်ကို တစ်ခုခုမလုပ်မိခင်မှာ ကိုယ့်ငွေကိုယ်ယူပြီး အမြန်ပြန်ပါတော့လို့ ဒေါသသံတုန်တုန်ယင်ယင်နဲ့ အော်ဟစ်ပြောသတဲ့။ ကျော်ဇေယျအမေလည်း လန့်ဖျပ်ပြီး ငွေထုတ်ကိုယူရင်း ထရပ်လိုက်မိတော့တယ်တဲ့။ အဲဒီမှာ ဒေါ်သူဇာက တစ်ခုတော့ သတိပေးလိုက်မယ်။ ရှင့်သားကို ကျွန်မသမီးနဲ့ ကွဲစေချင်ရင် ကိုယ့်သားကိုယ်နိုင်အောင်ထိန်းထားပေါ့လို့ ထပ်ပြောလိုက်သေးသတဲ့ ထောင်ပိုင်ကြီး"

"ဒါဆို ကျော်ဇေယျအမေ ငွေပြန်ယူပြီး ပြန်လာရတာပေါ့"

"ဒါပေါ့ဗျာ၊ အမှန်တော့ သူ့ဒေါ်သူဇာ့ကို ငွေနဲ့သွားပေါက်မိတာက သူ့အမှားပဲလေ။ ဟိုက ခင်ပွန်းသည်ပါဆုံးရှုံးခဲ့ရတဲ့အပြင် နှလုံးသားကိုပါ ထုတ်ပေးထားရတာဆိုတော့ ကျွန်တော်တို့မိသားစုမျက်နှာကို မကြည့်မမြင်ချင်လောက်အောင်ကို အရမ်းနာကြည်းနေမှာပေါ့ဗျာ။ အဲဒါကို ငွေထုတ်ပြပြီး သွားနှင်တော့ အတ္တမာနထိခိုက်ပြီး ဒေါသအိုးပေါက်ကွဲထွက်ကုန်တော့တာပေါ့ဗျာ"

ဒေါက်တာ ဦးကျော်ထွဋ်တင်မှာ အတော်လေး မောသွားဟန် မျက်လုံးကိုမှေးကာ သက်ပြင်းတစ်လုံးရှိုက်ထုတ်လိုက်သည်ကို တွေ့ရ၏။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ထိုဖြစ်ရပ်ကို နားထောင်နေရင်း ရင်ထဲ၌ သူတို့မိသားစုနှစ်စု၏ နာကျင်မှုဝေဒနာများ ကူးစက်လာသလို ခံစားရလေသည်။

"ဂါဆို ကျော်ဇေယျနဲ့ မဖြူပြာတို့ အခြေအနေကကော နောက်ပိုင်းဘယ်လိုဆက်ဖြစ်သေးလဲ ဒေါက်တာ"

ကျွန်ုပ်က မယုတ်မလွန် စူးစမ်းလိုက်မိသည်။

"အင်း-သူတို့နှစ်ယောက်ကတော့ တကယ့်ကို ဖူးစာရှင်မှန်လို့ပဲလား။ ဘဝဘဝက အထုံပါလာတဲ့ ရေစက်ဆိုးကြောင့်ပဲလား မသိဘူး။ ဘယ်သူတွေ ဘယ်လောက်ပဲတားတား သူတို့ကတော့ တကယ့် ဟင်္သာမောင်နှံလို မခွဲနိုင်မခွာရက် ရွှေလည်တွဲလျက်ပဲဆိုပါတော့ဗျာ။ နောက်ဆုံး နှစ်ဖက်မိဘတွေ ခွင့်မပြုရင်တောင် နှစ်ဦးသဘောတူ ရုံးတက်လက်ထက်ကြဖို့အထိ ဆုံးဖြတ်ချက်ချထားကြတာလေ။ အဲ - ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ဒေါက်တာ"

ဒေါက်တာ ဦးကျော်ထွဋ်တင်က ကျွန်ုပ်မေးခွန်းကို ချက်ချင်းပြန်မဖြေသေးဘဲ မျက်လုံးများမှေးလျက် သက်ပြင်းမောတစ်လုံး ရှူထုတ်လိုက်သည်ကို တွေ့ရ၏။

ပြီးမှ -

"ကျွန်တော်လည်း ဟိုတုန်းကတော့ ဆရာဝန်ပီပီ ဘာမဆို လက်တွေ့ကျမှ လက်ခံတတ်တဲ့လူပါ။ ခုအသက်ကလေးရလာတော့မှ လက်တွေ့စမ်းသပ်လို့မရတဲ့ ကံကြမ္မာဆိုတာကြီးရဲ့အလှည့်အပြောင်းကို တစ်နေ့တခြား ကြောက်လန့်လာမိတယ်ဗျာ။ အမှန်တော့ ကျွန်တော့်သား ကျော်ဇေယျခမျာလည်း ဘဝကံမကောင်းခဲ့ရှာပါဘူး။ သူတို့ အဲလိုလက်ထပ်ဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်ကျမှ ပုံမှန်လည်ပတ်နေတဲ့ သူ့နှလုံးက မမျှော်လင့်ဘဲဖောက်လာပါတော့တယ်။ မကြာခဏဆိုသလို ရုတ်တရက် စူးစူးနစ်နစ် မခံမရပ်နိုင်အောင် အောင့်လာတတ်တယ်။ တစ်ခါတစ်ခါ သတိလက်လွတ်ဖြစ်ပြီး မူးလဲကျသွားတတ်တယ်။ အဲဒါနဲ့ ချက်ချင်း ဆေးရုံတင်ပြီး နှလုံးအထူးကုပါရဂူနဲ့ စမ်းသပ်စစ်ဆေးကြည့်ရတယ်



www.burmeseclassic.com

www.burmeseclassic.com

နှလုံးအထောက်အကူပြု စက်ကိရိယာတွေနဲ့ အမျိုးမျိုးစမ်းသပ်ကြည့်ပေမယ့်လည်း သူ့နှလုံးမှာ ဘာချို့ယွင်းချက်မှ မတွေ့ရဘူးဗျာ။ နောက်ဆုံးကျတော့မှ ပါရဂူက ထူးဆန်းတဲ့ စကားတစ်ခွန်း ပြောလာတယ်။ အစားထိုးထားတဲ့နှလုံးက ဘာချို့ယွင်းချက်မှမရှိဘဲ ငြင်းဆန်နေပုံရတယ်တဲ့။ ကြည့်ရတာ ဒီနှလုံးသစ်က သားရင်ထဲမှာ မနေချင်ဘူးနဲ့တူတယ်တဲ့ဗျ"

"ဟုတ်လား၊ အဲဒါဘာအဓိပ္ပာယ်လဲ ဒေါက်တာ"

"ဟုတ်တယ်၊ ကျွန်တော်လည်း သူပြောတာကို ကောင်းကောင်းသဘောမပေါက်ချင်ဘူး။ ခက်တာက ပါရဂူကလည်း ဒ့ါထက်နားလည်အောင်ရှင်းမပြတတ်တော့ဘူးလေ။ ဒါကြောင့် ဒါဆိုဘယ်လိုတွေ ဆက်ဖြစ်လာနိုင်လဲလို့ပဲ မေးမြန်းကြည့်ရတော့တာပေါ့။ ပါရဂူက ဒီပုံအတိုင်းသာ ဆက်ဖြစ်နေရင် အခန့်မသင့်ရင် နှလုံးရပ်ချင်ရပ်သွားနိုင်တယ်လို့ ပြောတယ်ဗျ"

"ဟုတ်လား၊ ဖြစ်ရလေဗျာ"

"အဲဒါကြောင့် အရေးပေါ်ဖြစ်လာရင် အချိန်မီ ကုသခံနိုင်အောင် သားကို ဘယ်မှမသွားဘဲ အိမ်မှာပဲအမြဲနေဖို့ မှာတယ်ဗျ"

"သြော် - ဒါဆို ကျော်ဇေယျတစ်ယောက် အိမ်မြဲသွားတာပေါ့"

"ဟုတ်ကဲ့၊ သားကတော့ အိမ်မြဲသွားတာအမှန်ပါပဲ။ ဒါပေမယ့် မဖြူပြာက သားဘေးမှာ အချိန်ပြည့်လာပြုစုစောင့်ရှောက်နေတယ်လေ"

"သြော်၊ သြော်"

"အဲဒါ ကျွန်တော်လည်း မဖြူပြာကို မနှင်ရက်တာနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့တာပေါ့ ထောင်ပိုင်ကြီးရယ်"

"အင်းပေါ့လေ၊ ကိုယ်က လူကြီးဖြစ်နေတော့လည်း လူငယ်တွေအပေါ် ရိုင်းပျလို့ ဘယ်ဖြစ်ပါတော့မလဲ။ ပြီးတော့ သားကိုယ်တိုင်က ဝေဒနာဆိုးဆိုးဝါးဝါး ခံစားနေရတာမဟုတ်လား ဒေါက်တာ"

ကျွန်ုပ်မှာ လူမှုရေးအရ အားပေးနှစ်သိမ့်စကားဆိုနေရသော် သိပ်အသက်ပါလှသည်ဟုတော့မခံစားမိ။ ဒေါက်တာဦးကျော်ထွဋ်တင်ကမူ ကျွန်ုပ်၏ နှစ်သိမ့်စကားကိုပင် အလေးဂရုမပြုနိုင်ဘဲ တစ်စုံတစ်ခုကို တွေးပူနေဟန်တွေ့ရ၏။

"ဒါနဲ့ ဒေါက်တာ့သားရဲ့နှလုံးအခြေအနေကော တိုးတက်မှုရှိလာရဲ့မဟုတ်လား"

ဒေါက်တာက စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းပြသည်။

"သူ့အခြေအနေက ပြန်ကောင်းနိုင်စရာမရှိတော့ဘူးလေ။ ညတစ်ညမှာပေါ့။ အဲဒီညကတော့ ကျွန်တော့်ဘဝမှာ ကမ္ဘာပျက်တဲ့နေ့ပါပဲ ထောင်ပိုင်ကြီး။ အဲဒီညသန်းခေါင်ယံမှာ သားရဲ့နှလုံးဖြုန်းခနဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်လာလို့ အရေးပေါ် ဆေးရုံတင်လိုက်ရတယ်။ နှလုံးပါရဂူကြီးတွေကိုယ်တိုင်နည်းမျိုးစုံနဲ့ ဝိုင်းဝန်းကြိုးစားကုသကြပေမယ့် နောက်တစ်နေ့ အရုဏ်တက်မှာ သားရဲ့ နှလုံးက လုံးဝရပ်တန့်သွားပါတော့တယ်။ ကျွန်တော့်သားလေး ဆုံးရှာပြီပေါ့ဗျာ"

"ကြားရတာ စိတ်မကောင်းပါဘူး ဒေါက်တာ"

ကျွန်ုပ်မှာ ဆွေမျိုးသားချင်းတစ်ယောက် ဆုံးပါးသွားသလို ရင်ထဲဆို့နစ်နေမိသည်။ ဒေါက်တာ့အတွက် သားသမီးချင်းစာနာကာ စုတ်တသပ်သပ်ဖြစ်နေမိသည်။ သူ့အတွက် ဝမ်းနည်းကြေကွဲနေမိ၏။

သို့သော် ကျွန်ုပ်မှာ အပြင်လောကတွင် မိတ်ဆွေဆေးရုံအုပ်ကြီးတစ်ဦးနှင့် စကားစမြည်ပြောနေခြင်းမဟုတ်။ ထောင်ကျလာသော အကျဉ်းသားဆရာဝန်တစ်ဦးကို ထောင်ကျလူသစ်ကြည့်နေခြင်းသာ ဖြစ်၏။

"ဒေးဗျာ၊ ဒေါက်တာတို့ မိသားစုရဲ့ အဖြစ်ကတော့ တကယ့်ကိုရင်နင့်ကြေကွဲစရာပါပဲ။ ကျွန်တော်လည်း သားသမီးချင်း ကိုယ်ချင်းစာမိပါရဲ့ဗျာ။ ဒါနဲ့ ဒေါက်တာက ဘယ်လိုအမှုမျိုးကျူးလွန်လို့ လူသေမှုနဲ့ ထောင်ကျလာခဲ့ရတာလဲဗျ"

ဒေါက်တာက နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွတ်၍ တစ်ချက်ပြုံးပြလိုက်ပြီးမှ-

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ညတစ်ညမှာ ကျွန်တော့်ကားနဲ့ လူတစ်ယောက်ကို မတော်တဆတိုက်မိခဲ့လို့ပဲ ထောင်ပိုင်ကြီး"

"ဟုတ်လား၊ ဒါဆိုကြာပြီပဲ။ အမှုက ခုမှရင်ဆိုင်ရတာလားဟင်"

"ဟုတ်ပါတယ်။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် အဲဒီကိစ္စကို ကျွန်တော်ကလွဲပြီး ဇနီးရော သားပါဘယ်သူမှမသိကြဘူး။ ရဲဘက်ကလည်း အထောက်အထား မခိုင်လုံလို့ တိုက်ပြီးထွက်ပြေးတဲ့ကားကို မဖော်ထုတ်နိုင်ခဲ့ဘူးလေ"

"ဒါဖြင့် ခုမှဘယ်လိုလုပ်ပြီး ပေါ်သွားရတာလဲ"

"အဲဒါက နှလုံးတိုက်ခိုက်ခံရတဲ့ ကျွန်တော့်သားအသက်ထွက်ခါနီးလေးမှ ပြောသွားတဲ့စကားတစ်ခွန်းကြောင့်ပါ"

"အို - သားကဘယ်လိုပြောသွားလို့လဲဟင်"

ကျွန်ုပ် တအံ့တသြဖြင့် အလောတကြီး မေးမိသည်။

"သားပြောသွားတာက ဖြူပြာရဲ့အဖေ ဦးထွန်းနိုင်ကို ကားနဲ့တိုက်သတ်ခဲ့တာ ဖေဖေဆိုတာ သားသိတယ်တဲ့လေ"

"ဗျာ - ဘယ်လို နေပါဦး၊ ဒီစကားကို ဒေါက်တာရဲ့သားပါးစပ်က ပြောသွားတာလား"

ကျွန်ုပ်မျက်လုံးပြူးလျက် မေးမိသည်။

ဒေါက်တာက မျက်လုံးမှေး၍ အသာခေါင်းညိတ်ပြသည်။

"ဒေါက်တာ ခုနပြောတော့ ဒီယာဉ်တိုက်မှုအကြောင်း သားလည်းမသိဘူးဆို"

ကျွန်ုပ်စောဒကတက်လိုက်သည်။

"ဟုတ်ပါတယ်။ သူမသိပါဘူး"

"ဒါဆို ဒီအကြောင်းကို ဘာလို့သူ့ပါးစပ်က ပြောခဲ့နိုင်တာလဲဗျ"

ဒေါက်တာ သက်ပြင်းမောတစ်လုံးချလိုက်သည်။

"အမှန်တော့ ဒီစကားကို ကျွန်တော့်သားပြောသွားတာ မဟုတ်ပါဘူး။ သွားလေသူ ဖြူပြာရဲ့အဖေ ဦးထွန်းနိုင်ရဲ့ အစားထိုးနှလုံးသားက ကျွန်တော့်သားကျော်ဇေယျကို သတ်ပစ်တဲ့အပြင် သူ့ကိုကားနဲ့ တိုက်သတ်ခဲ့တဲ့ ကျွန်တော့်ကိုပါ ကောင်းကောင်းကြီး ကလဲ့စားချေသွားတာပါပဲ ထောင်ပိုင်ကြီးရယ်"

"ဗျာ"

ကျွန်ုပ်မှာ အံ့သြလွန်း၍ ကိုယ့်နားကိုယ်မယုံကြည်နိုင်သလိုပင်ဖြစ်မိသည်။ တကယ်တော့ အလွန်ဂမ္ဘီရဆန်လှသော ဖြူပြာ၏ဖခင် ဦးထွန်းနိုင်မှာ လူသာသေပြီး နှလုံးသားက မသေနိုင်ဘဲ ပါရဂူကြီးများကို သက်သေထားကာ ဒေါက်တာဦးကျော်ထွဋ်တင်အား အောင်မြင်စွာ လက်စားချေလိုက်နိုင်ခြင်းပါတကား။

ဝိတာမြဦး





www.burmeseclassic.com

www.burmeseclassic.com

ရှိရှိမွေး

# ကင်ဆာ
## ရောဂါရဲ့သမိုင်းကြောင်းအစ



လူသားတွေရဲ့ အသက်ကို အန္တရာယ်ပေးနေတဲ့ ရောဂါများအနက် ကင်ဆာရောဂါဟာ နံပါတ်တစ်နေရာမှာ ရောက်ရှိနေပါတယ်။ လူနာတစ်ယောက်ဟာ ကင်ဆာရောဂါခံစားနေရပြီဆိုတာနဲ့ သေမယ့်ရောဂါဖြစ်နေပြီဆိုပြီး ကြောက်ရွံ့ စိုးထိတ်ကြပါတယ်။ တကယ်တော့ ကင်ဆာရောဂါဟာ ကြောက်စရာရောဂါဖြစ်ပေမယ့် ကင်ဆာမဖြစ်အောင် ကြိုတင်ရှောင်ရှားနိုင်သလို ဖြစ်ခါစမှာ ရောဂါရှိမှန်းသိရင် ပျောက်ကင်းအောင် ကုသနိုင်ပါတယ်။ အဓိကကတော့ ကင်ဆာရောဂါဘယ်လိုဖြစ်ပွားသလဲ၊ ဘယ်လိုကြိုတင်ကာကွယ်ရမလဲ ဆိုတာတွေကို ဆေးပညာအသိနဲ့ သိထားဖို့ အထူးလိုအပ်ပါတယ်။

ဒါ့အပြင် ကင်ဆာရောဂါရဲ့သမိုင်းကြောင်းကလေးကို လူတိုင်းသိထားသင့်ပါတယ်။ ကင်ဆာ (Cancer) ဆိုတာ လက်တင်ဘာသာစကားက ဆင်းသက်လာတာဝါ။ ရှေးဦးစွာ ဂရိလူမျိုးတွေက ကင်ဆာကို ကာကိနော့(စ်) (KARKINOS) လို့ ခေါ်ပါတယ်။ အဲဒီကမှ ဆင်းသက်လာပြီး ကင်ဆာဖြစ်လာပါတယ်။ ကင်ဆာ ဆိုတာ ကဏန်းကောင်လို့ အဓိပ္ပာယ်ရတဲ့ နက္ခတ်တာရာ (Sign of Zodiac) ရဲ့အမည်တစ်ခုပါ။ ဘာကြောင့် ကဏန်းကောင်လို့ ခေါ်တာလဲ ဆိုတော့ ကင်ဆာရောဂါဖြစ်ပွားတယ်ဆိုရင် ပင်မနေရာကနေ မြစ်ပွားတွေထွက်လာတာဟာ ကဏန်းကောင်ရဲ့လက်တွေနဲ့တူတဲ့ အတွက်ကြောင့်ပါပဲ။

ဒီရောဂါဖြစ်ကြောင်း သိလာတာကတော့ ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၄၀၀) ကျော်ခန့်ကစပြီး သိခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဗြိတိသျှပြတိုက်အတွင်းမှာပြထားတဲ့ ဒိုင်နိုဆောသတ္တဝါကြီးရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းအမြီးရိုးမှာ ကင်ဆာရောဂါဖြစ်ပွားခဲ့တဲ့ အမှတ်အသားတွေကို တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ပညာရှင်တွေက ကင်ဆာရောဂါဟာ ကမ္ဘာဦးကတည်းကဖြစ်ခဲ့တယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။ နောက်လွန်ခဲ့တဲ့ နှစ်ပေါင်း (၄) သိန်းလောက်က ရှိခဲ့ဖူးတဲ့ ဂျားဗားလူရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းကို များမကြာမီက ရှာဖွေတွေ့ရှိ ခဲ့ကြပါတယ်။ အဲဒီကျောက်ဖြစ်ရုပ်ကြွင်းကို လေ့လာကြည့်လိုက်တဲ့အခါမှာ ကျောက်ဖြစ်ရုပ်ကြွင်းမှာ ကင်ဆာရောဂါ (မြင်းဖု) တွေ့ရှိခဲ့ပါတယ်။

ဒါတင်မကသေးဘူး၊ ပါးရှားဘုရင် ဒါးရီယပ်(စ်)ရဲ့မိဖုရား အတော့စမှာလည်း သားမြတ်ကင်ဆာ (ရင်သားကင်ဆာ) လို့ ယူဆရတဲ့ ရောဂါဆိုးကြီးကို ခံစားခဲ့ရတယ်လို့ ရေးသားထားပါတယ်။ သက္ကရာဇ် BC ၄၂၀ မှာ ဆေးပညာရဲ့ဖခင်ကြီးလို့ သမုတ်ခံရတဲ့ ဟစ်ပိုကရစ်တီး(စ်) (Hippocrates) က ဒီရောဂါကို ကင်ဆာလို့ အမည်ပေးခဲ့ပါတယ်။ အဲဒီက စ,လိုက်တဲ့ ကင်ဆာရောဂါ ဆိုတဲ့ အမည်ကို တစ်ကမ္ဘာလုံးက ကင်ဆာလို့ပဲ သုံးစွဲခဲ့တာ ယနေ့တိုင်အောင်ပါပဲ။

ဒီကင်ဆာရောဂါဟာ ကမ္ဘာနဲ့အဝန်းဖြစ်လာတဲ့အတွက် ၁၇၄၀ ပြည့်နှစ်မှာ ပြင်သစ်ပြည်ရှိ ရင်း(မ်)(Rheims) မြို့မှာ ပထမဦးဆုံး ကင်ဆာဆေးရုံကို ဖွင့်ခဲ့ပါတယ်။ ၁၇၇၅ မှာ အိမ်မီးခိုးခေါင်းတိုင်သန့်ရှင်းရေးလုပ်သူတွေမှာ ကပ်ပယ်အိတ်ကင်ဆာဖြစ်ကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ၁၈၉၅ ခုနှစ်မှာ ဓာတ်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ပြီး အသုံးပြုခဲ့ရာ (၆) နှစ်အကြာမှာ ဓာတ်ရောင်ခြည်ဌာနမှာ အလုပ်လုပ်တဲ့သူတွေဟာ ကင်ဆာရောဂါဖြစ်ပွားကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ဒါ့အပြင် အေဇိုအမည်ရှိ ဆိုးဆေးကြောင့် ကင်ဆာရောဂါဖြစ်ပွားကြောင်း တွေ့ရှိခဲ့ပြန်တယ်။ ၁၉၁၁ ခုနှစ်မှာတော့ ရိုး ဆိုသူဟာ ကြက်တွေမှာ ကင်ဆာဖြစ်စေတဲ့ ဗိုင်းရပ်(စ်)ပိုးကို တွေ့ရှိခဲ့ပါတယ်။ ယခုအခါမှာတော့ ဗိုင်းရပ်(စ်)ပိုးကြောင့် လူတွေမှာလည်းကင်ဆာရောဂါဖြစ်ကြောင်း တွေ့ရှိခဲ့ပါတယ်။

### ကင်ဆာရောဂါဘယ်လိုဖြစ်ပွားသလဲ

ကင်ဆာဆိုတာ ဆဲလ်တွေမှာဖြစ်ပွားတဲ့ရောဂါပါ။ ဆဲလ် ဆိုတာကတော့ ခန္ဓာကိုယ်ရဲ့အသေးငယ်ဆုံးအရာဝတ္ထုကလေးများပဲ ဖြစ်ပါတယ်။ တူရာဆဲလ်တွေ အများအပြားပေါင်းစပ်ခြင်းကြောင့် တစ်သျှူးများဖြစ်လာပါတယ်။ တစ်သျှူးအမျိုးမျိုးပေါင်းစပ်ခြင်းကြောင့် ကြွက်သား၊ အရေပြား၊ အရိုး၊ သွေး၊ အကျိတ်စတဲ့ လူ့ခန္ဓာကိုယ်ရဲ့အင်္ဂါအစိတ်အပိုင်းတွေ ဖြစ်လာပါတယ်။ ဆဲလ်တစ်ခုချင်းမှာ ခရိုမိုဇုမ်းများ (Chromosons) ပါဝင်တဲ့ ဗဟိုထိန်းချုပ်မှုနဲ့ နျူကလိယပ်(စ်) (Nucleus) ရှိပါတယ်။ ခရိုမိုဇုမ်းတစ်ခုစီမှာ ထောင်ပေါင်းများစွာပါဝင်တဲ့ မျိုးရိုးဗီဇ (Genes) များ ပါဝင်ပါတယ်။ သူက ဆဲလ်ရဲ့လုပ်ငန်းတာဝန်တွေကို ထိန်းချုပ်ပေးပါတယ်။

ဆဲလ်တွေရဲ့တာဝန်ဟာ သေသွားတဲ့ဆဲတွေအတွက်ဖြစ်စေ၊ အခြားအကြောင်းကြောင်းကြောင့် လိုအပ်တဲ့ဆဲလ်တွေအတွက် ဖြစ်စေ ဆဲလ်အသစ်တွေ ပြန်လည်အစားထိုးဖို့ ဆဲလ်ကွဲခြင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆဲလ်တွေ အများကြီးဖြစ်ဖို့ တာဝန်ကို ထမ်းဆောင်ရပါတယ်။ ဆဲလ်တွေဟာ ဖြစ်ပြီးရင် သေဆုံးသွားမယ်။ ဒါကြောင့် ပုံမှန်ဆဲလ်ကွဲခြင်းနဲ့ လိုအပ်တဲ့ နေရာတွေမှာ အစားထိုးရပါတယ်။ ဆဲလ်ကွဲခြင်းကို ဆဲလ်ရဲ့ဗဟိုမှာရှိတဲ့ ဇီဇပစ္စည်း ဒီအင်(န်)အေ (DNA) အား ကွပ်ကဲထိန်းချုပ်ထားပါတယ်။ အဲဒီလိုနဲ့ ဆဲလ်အသစ်တွေဟာ မူလ ဆဲလ်ရဲ့လုပ်ငန်းတွေကို ဆက်လက် ဆောင်ရွက်ပေးပါတယ်။

**ဘာကြောင့် ကင်ဆာဆဲလ်တွေ ဖြစ်လာသလဲ**

အကြောင်းအမျိုးမျိုးကြောင့် ကြီးထွားခြင်းနဲ့ ဖွံ့ဖြိုးခြင်းကို ထိန်းချုပ်ပေးတဲ့ မျိုးရိုးဗီဇ (Genes) တွေဟာ သာမန်ထက် ပိုမိုအလုပ်လုပ်တဲ့အတွက် မျိုးရိုးဗီဇရဲ့အချက်ပေးမှုများကို များပြားစွာ ထုတ်လုပ်ပေးခြင်း။

ဆဲလ်များဟာ မျိုးရိုးဗီဇရဲ့အချက်ပေးမှုကြောင့် တုံ့ပြန်စနစ်မှ ပုံမှန်ထက်ပိုပြီး အလုပ်လုပ်တဲ့အတွက် ပုံမှန်ဆဲလ်ကွဲခြင်းထက် များပြားစွာ ဆဲလ်ကွဲမှုကြောင့် အတိုင်းအဆမရှိ မထိန်းချုပ်နိုင်အောင် ဆဲလ်များစွာ ကွဲပွားလာခြင်း။

ဆဲလ်များစွာကွဲပွားကာ ကြီးထွားလာခြင်းကြောင့် ရောင်ရမ်းခြင်း၊ အဖုအကျိတ်ဖြစ်ခြင်းတို့ ဖြစ်ပေါ်လာခြင်း။

ထိုဆဲလ်များဟာ မူမှန်ဆဲလ်မဟုတ်တော့ဘဲ မူမမှန် မူပျက်နေတဲ့ (Abnormal) ဆဲလ်တွေ ဖြစ်လာပါတယ်။ ထိုမူပျက်နေတဲ့ ဆဲလ်တွေဟာ ကင်ဆာဆဲလ်တွေ ဖြစ်လာပါတယ်။

ကင်ဆာဆဲလ်တွေရဲ့ပွားနှုန်းဟာ ထိန်းချုပ်လို့မရအောင် ဆက်တိုက်ပွားကာ အနီးအနားရှိ တစ်သျှူးတွေဆီကို ထိုးဖောက်ဝင်ရောက်ပြီး သွေးထဲအထိ ပျံ့နှံ့သွားပါတယ်။ အဲဒီအခါမှာ အလုံးအကျိတ်တွေ ဖြစ်လာပါတယ်။

**အလုံးအကျိတ်အမျိုးအစားများ**

- ရိုးရိုးအကျိတ်
- မြစ်ပွားအကျိတ် ဆိုပြီး နှစ်မျိုးနှစ်စား ရှိပါတယ်။

**ရိုးရိုးအကျိတ်** (Berign)

သာမန်ရိုးရိုးအကျိတ်ဟာ စတင်ဖြစ်ပွားတဲ့နေရာကနေပြီး အခြားနေရာတွေဆီကို ပြန့်ပွားမသွားပါဘူး။ အဲဒါတွေကတော့-

- ဖိုင်ဘရိုးမား(စ်) (Fibromas)
- အေဒီနိုးမား(စ်) (Adenomas)
- နီယိုပလာဇမ် (Neoplasms)

လူတစ်ယောက်မှာ အဖုအကျိတ်ဖြစ်လာပြီဆိုရင် -

ဘယ်လိုအကြောင်းနဲ့မှ လျစ်လျူရှုမထားပါနဲ့။ ဆရာဝန်နဲ့ ပြသပြီး အသားစစစ်ဆေးမှု ပြုလုပ်သင့်ပါတယ်။ အသားစအဖြေလွှာမှာ မြစ်ပွားအကျိတ် (Malignant) ဟုဆိုရင် ကင်ဆာရောဂါ ဖြစ်နေပြီဖြစ်ကြောင်း သိနိုင်ပါတယ်။

မြစ်ပွားအကျိတ်များမှာ-

- ကာစီနိုးမား (Carcinoma)
- ဆာကိုးမား (Sarcoma)
- ဘလတ်စတိုးမား (Blastoma)

တို့ဖြစ်ပြီး အမည်တွေကို အကျိတ်ဖြစ်ပေါ်စေတဲ့တစ်သျှူးအမျိုးအစားအလိုက် ခွဲခြားထားပါတယ်။

**ကင်ဆာဆဲလ်တွေဘယ်လိုပျံ့နှံ့သလဲ**

ပထမဦးစွာ အနီးအနားမှာရှိတဲ့ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများနဲ့ တစ်သျှူးများဆီကို ပျံ့နှံ့သွားပါတယ်။

ကင်ဆာဆဲလ်များဟာ မူလအကျိတ်ကပြုတ်ထွက်ပြီး သွေးကြောအတွင်း စီးမျောသွားကာ ခန္ဓာကိုယ်ရဲ့ အခြားအင်္ဂါတွေဆီကို ရောက်သွားပါတယ်။ အဲဒီနေရာကို နှစ်သက်ရင် မြစ်ပွားအကျိတ်အသစ်အဖြစ် ဖြစ်ပေါ် ရှင်သန်ပါတယ်။ ဒါကြောင့် အလုံးအကျိတ်တွေ အများအပြားဖြစ်လာပါတယ်။

အဲဒီ ကင်ဆာဆဲလ်တွေဟာ ခန္ဓာကိုယ်ရဲ့ အဓိကအင်္ဂါအစိတ်အပိုင်းဖြစ်တဲ့ အသည်း၊ အဆုတ်တို့ဆီကို ပျံ့နှံ့ရောက်ရှိသွားပြီး သူတို့ရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို နှောင့်ယှက်တဲ့အတွက် အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရပါတယ်။

ပုံမှန်ဆဲလ်တွေဟာ ဆဲလ်ကွဲပြီးနောက် ဆဲလ်အသစ်ဖြစ်ပေါ်လာကာ



အချိန်တန်ရင် သေဆုံးကြပါတယ်။ ကင်ဆာဆဲလ်တွေကတော့ အာဟာရရရှိနေသမျှ မသေဘဲ ရှင်သန်နေပါတယ်။

ကင်ဆာဆဲလ် စတင်ဖြစ်ပွားစဉ်မှာ ကုသရန် လွယ်ကူပေမယ့် ပျံ့နှံ့သွားရင် ကုသရန် မလွယ်ကူတော့ပေ။

ကင်ဆာဆဲလ်တွေဟာ တစ်ခုနဲ့တစ်ခု ပျံ့နှံ့မှုနှုန်းချင်း မတူပါ။ တချို့က ပုံမှန်ပျံ့နှံ့နှုန်းထက်နှေးပြီး တချို့က ပျံ့နှံ့နှုန်းမြန်ပါတယ်။ ထိုမှ တစ်နေရာမှတစ်နေရာကို ပြန်ရည်ကြောစနစ် (Lymphatic System) ကတစ်ဆင့် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ပျံ့နှံ့သွားပါတယ်။

သုတေသီများရဲ့တွေ့ရှိချက်အရ-

အူမကြီးကင်ဆာမှ ကင်ဆာဆဲလ်တွေဟာ အသည်းဆီကို ပျံ့နှံ့သွားပြီး အသည်းကင်ဆာ ဖြစ်စေပါတယ်။

ရင်သားကင်ဆာမှ ကင်ဆာဆဲလ်တွေဟာ အရိုးဆီကို ပျံ့နှံ့သွားပြီး အရိုးကင်ဆာဖြစ်စေပါတယ်။

အဆုတ်ကင်ဆာက ကင်ဆာဆဲလ်တွေဟာ ဦးနှောက်ဆီကို ပျံ့နှံ့သွားပြီး ဦးနှောက်ကင်ဆာဖြစ်စေပါတယ်။

**ကင်ဆာနဲ့ဗိုင်းရပ်(စ်)**

ကင်ဆာဖြစ်ခြင်းအကြောင်းရင်း အမျိုးမျိုးမှာ ဗိုင်းရပ်(စ်)ရောဂါပိုးကြောင့် ကင်ဆာဖြစ်ပွားကြောင်း သိလာကြပြီဖြစ်ပါတယ်။ ဗိုင်းရပ်(စ်)ပိုးဟာ ဗက်တီးရီးယားများထက် သေးငယ်ပြီး ဆဲလ်ထက်လည်း သေးငယ်ပါတယ်။ ဗိုင်းရပ်(စ်)ပိုးလို့သာ ခေါ်ရပေမယ့် အမှန်မှာ အင်မတန် သေးငယ်တဲ့ ဒီအင်(န်)အေ အမျှင်ကလေးပဲ ဖြစ်ပါတယ်။

ဗိုင်းရပ်(စ်)ကနေ ဘယ်လို ကင်ဆဲလ်ပွားသလဲဆိုရင် -

ဗိုင်းရပ်(စ်)အမျှင်ကလေးထဲမှာ ဗီဇမျိုးကို ဖန်တီးနိုင်တဲ့စွမ်းရည် ပါပါတယ်။ ဗိုင်းရပ်(စ်)ဟာ အလွန်သေးငယ်တဲ့အတွက် ဆဲလ်ထဲကို အလွယ်တကူ ဝင်ရောက်နိုင်ပါတယ် ။ ဆဲလ်ထဲကို ရောက်တဲ့အခါမှာ ဒီအင်(န်)အေအမျှင်တွေ အများကြီးပွားစေပါတယ်။ ဗိုင်းရပ်(စ်)ပိုးဝင်ပြီးသား ဆဲလ်တွေက ထုတ်လုပ်လိုက်တဲ့ပရိုတင်းတွေဟာ ကင်ဆာဖြစ်သွားပါတယ်။ ဗိုင်းရပ်(စ်)ကြောင့် ဖြစ်ပွားသောရောဂါများကတော့ သားအိမ်ခေါင်းကင်ဆာ၊ မမျိုးပွားအင်္ဂါနဲ့ ယောနိကင်ဆာတို့ ဖြစ်ပါတယ်။ ယခုအခါမှာ ဗိုင်းရပ်(စ်)ကြောင့်ဖြစ်ပွားသော ကင်ဆာ



www.burmeseclassic.com

www.burmeseclassic.com

ရောဂါကို ကာကွယ်ဆေးဖြင့် တားဆီး နိုင်ပါပြီ။

**အကင်များစားသုံးခြင်းနဲ့ကင်ဆာရောဂါ**

ယခုအခါမှာ အာရှတိုက်ရှိ နိုင်ငံအများအပြားမှာ အကင်စားသုံးတဲ့ အလေ့အထတွေ များလာပါတယ်။ အကြော်၊ အလှော်၊ အဖုတ်၊ အကင်များကို စားသုံးခြင်းဟာ ကင်ဆာရောဂါနဲ့ ဆက်နွယ်နေကြောင်းကို အမေရိကန် ကင်ဆာသုတေသနအဖွဲ့က ရှာဖွေတွေ့ ရှိခဲ့ပါတယ်။

ထိုအဖွဲ့ရဲ့တွေ့ရှိချက်အရ -


အသားကင်၊ အကြော်အလှော်၊ ဖုတ်ထားတဲ့အစားအစာများဟာ ဒီအင်(န်)အေကို ဖျက်ဆီးနိုင်တဲ့ ဓာတုဓာတ်များ ပါဝင်ပါတယ်။ ဒါ့အပြင် ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်တဲ့ ဟီတီရိုဆိုက်တလင်းအာမီဒို (HCA) နဲ့ ပိုလီစီကလစ်အရိုမက်တစ်ဟိုက်ဒရိုကာဗွန်(PAH)များပါဝင်ကြောင်း တင်ပြထားပါတယ်။ အသားများကို ကြော်၊ လှော်၊ ဖုတ်ကင်ခြင်းပြုရင် အသားများကျက်စေရန် အပူချိန် (၂၀၂) ဒီဂရီဖာရင်ဟိုက်နဲ့အထက် အပူချိန်မြင့်မားစွာပေးရတဲ့အတွက် HCA များစွာ ထွက်လာပါတယ်။

အစားအသောက်ကြောင့် ကင်ဆာဖြစ်ရင် အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာတို့ ဖြစ်ပွားနိုင်ပါတယ်။ အဲဒီကဓာတ်ဆင့် အသည်းကင်ဆာဖြစ်ပွားနိုင်ပါတယ်။ ကိုရီးယားနိုင်ငံဆိုရင် အသားကင်၊ ငါးကင်နဲ့ ဆိုဂျူး ခေါ် အရက်သောက်သုံးခြင်း၊ ကင်ချီ ခေါ် မုန်ညင်းချဉ်ဖတ် စားသုံးခြင်းအလေ့အထရှိပါတယ်။ ဒါကြောင့် ကင်ဆာဖြစ်ပွားနှုန်းများပါတယ်။ ဒါ့အပြင် တာရှည်ခံရန်ပြုပြင်ထားတဲ့ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အမဲသား၊ ဆိတ်သား၊ သိုးသား၊ ဝက်သား၊ အနီရောင်အသားများဟာလည်း ကင်ဆာဆဲလ်များပြန့်ပွားမှုကို အားပေးပါတယ်။

**ကင်ဆာမဖြစ်အောင် ဒါတွေရှောင်**

ဓာတုဆေးဝါးများဖြစ်တဲ့ ဆပ်ပြာမှုန့်၊ ကြမ်းတိုက်ဆေး၊ ကားသန့်စင်ဆေးရည်၊ အန့်ဆိုးပျောက်ဆေးပိုးသတ်ဆေး၊ ခြင်ဆေးခွေများကို ကိုင်တွယ်ပြီးပါက လက်ကို စင်ကြယ်စွာ ဆေးကြောပါ။

ပိုးသတ်ဆေးဖျန်းထားတဲ့ အသီးအနှံများ၊ အရွက်များကို ပိုးသတ်ဆေးဖျန်းပြီး (၂) ပတ်နေမှ စားသုံးပါ။ မစားမီ ဆားရည်နဲ့ စင်ကြယ်စွာ ဆေးပါ။ ပြီးရင် ရေဖြင့် သုံး၊ လေးခါစင်ကြယ်အောင် ဆေးပါ။



စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးတံသောက်ဆေး၊ ငုံဆေး စတာတွေကို ရှောင်ကြဉ်ပါ။

လေထုညစ်ညမ်းမှုဖြစ်နေတဲ့နေရာကို ရှောင်ကြဉ်ပါ။ မသန့်ရှင်းတဲ့လေကို ရှူရှိုက်မိရင် အဆုတ်ကင်ဆာဖြစ်စေနိုင်ပါတယ်။

သန့်ရှင်းတဲ့ရေကို သောက်သုံးပါ။ သောက်သုံးတဲ့ရေမှာ စက်ရုံစွန့်ပစ်ဓာတုပစ္စည်းများဖြစ်တဲ့ ဖော့(စ်)ဖရပ်များ ပါဝင်ခြင်း၊ အဏုမြူဓာတ်ကြွစွန့်ပစ်ပစ္စည်းပါလာရင် ထိုရေကို သောက်သုံးမိပါက အစာအိမ်နဲ့ အူမကြီးကင်ဆာ ဖြစ်နိုင်ပါတယ်။

အစားအသောက်တွင်ပါဝင်သော ဓာတုဆေးဝါးများ၊ ဆိုးဆေးများပါဝင်တဲ့ ငရုတ်ဆီ၊ ငါးခြောက်၊ သကြားလုံး၊ သစ်သီးယိုအမျိုးမျိုး၊ ဖျော်ရည်အမျိုးမျိုး၊ ငရုတ်သီးမှုန့်၊ ဟင်းချက်မှုန့်များ။

တာရှည်ခံရန် ဓာတုပစ္စည်းများထည့်ထားတဲ့ ဝက်အူချောင်း၊ငါးသေတ္တာနဲ့ စည်သွတ်ဘူးအမျိုးမျိုး။

ဓာတ်ရောင်ခြည်သင့်ခြင်းနှင့် နေရောင်ခြည် အလွန်အမင်း အထိများရင်လည်း အရေပြားကင်ဆာဖြစ်စေနိုင်ပါတယ်။

ဗိုင်းရပ်(စ်)ပိုးကြောင့် သားအိမ်ခေါင်းကင်ဆာ၊ မမျိုးဥအိမ်ကင်ဆာ၊ ယောနိကင်ဆာ၊ အသည်းကင်ဆာ၊ သွေးကင်ဆာ ဖြစ်နိုင်ပါတယ်။

မျိုးရိုးဗီဇကြောင့်ဖြစ်ခြင်း - မိမိမျိုးရိုးထဲမှာ ကင်ဆာရောဂါ ဖြစ်ပွားဖူးသူရှိရင် မိမိလည်း သတိထားပြီး စစ်ဆေးသင့်ပါတယ်။

**ကင်ဆာရောဂါ ကြိုတင်ကာကွယ်ပါ**

ကင်ဆာရောဂါကြိုတင်ကာကွယ်တဲ့အနေနဲ့ လတ်ဆတ်တဲ့အသီးအနှံများနဲ့ ဟင်းရွက်များကို စားသုံးရမှာ ဖြစ်ပါတယ်။

အစိမ်းရောင်ရှိတဲ့ လတ်ဆတ်တဲ့ ဟင်းရွက်အမျိုးမျိုး၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ခရမ်းချဉ်သီး၊ သံပရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ကီဝီသီး၊ စတော်ဘယ်ရီသီး၊ မုန်လာဥနီ၊ တရုတ်ဆီးသီး၊ သခွားမွေး၊ ပဲပိစပ်နဲ့ ပြုလုပ်ထားတဲ့ ပဲပြား၊ ပဲနို့၊ ပဲပေါင်း၊ ပဲပြားခြောက်၊ ရဲယိုဖြည့်စွက်ကာ နေ့စဉ် စားသုံးပါ။

အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်တဲ့ ဟင်းသီးဟင်းရွက်များကို တစ်ပတ်လျှင် (၅) ရက်ခန့် စားပါ။

ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကစားပါ။

အသက် (၄၀) ဝန်းကျင်အတွက်-

◆ ခပ်သွက်သွက် လမ်းလျှောက်ခြင်း၊ ခပ်နှေးနှေးပြေးခြင်း။

◆ စက်ဘီးစီးခြင်း၊ ရေကူးခြင်း။

◆ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပြုလုပ်ပါ။

◆ ခြေထောက်နှင့်လက်လေ့ကျင့်ခန်း။

◆ အိပ်၊ထ မ၊တင်လေ့ကျင့်ခန်း။

◆ လည်ပင်းနဲ့ ဦးခေါင်းလေ့ကျင့်ခန်း။

◆ အသက်ရှူလေ့ကျင့်ခန်း။

လူကြီးများအတွက်လေ့ကျင့်ခန်း-

အသက် (၅၀) နှင့်အထက် -

◆ ယောဂကျင့်စဉ်။

◆ ပန်းခြံအတွင်း လမ်းလျှောက်ခြင်း၊ ပန်းပင်စိုက်ခြင်း၊ လေ့ကားထစ်တက်ခြင်း။

◆ အိမ်မှုကိစ္စများကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးခြင်း။

◆ ထိရောက်စွာ အနားယူခြင်း။

ဤသို့ သင့်တင့်သော အစားကို စားသုံးပြီးကိုယ်လက်လှုပ်ရှားအားကစားခြင်းများနဲ့ ထိန်းထားရင် ကင်ဆာရောဂါကို ကြိုတင်ကာကွယ်နိုင်ပြီး သက်တမ်းစေ့ ကျန်းမာစွာ နေနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ခိုင်ခိုင်ဇော်

*Ref:*

*'Cancer' Internet* မှ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

၂

# မြန်မာမင်းများလက်ထက်က လယ်ထွန်မင်္ဂလာ

## ညောင်ရမ်းမင်းတရားလက်ထက် လယ်ထွန်မင်္ဂလာမှတ်သားချက်

သေနာပတိနေမျိုးမဟာဓမ္မ၏ တင်လွှာတွင် ကောက်စပါးအမျိုးမျိုးတို့ အကြောင်းလည်း ဖော်ပြပါရှိသည်။ 'စသာ'စပါးသည် 'သီတင်းကျွတ်လပြည့် နေ့ ဆွမ်းလောင်မီ' ဟူသော ဆိုရိုးစကားရှိသည်။ အဓိပ္ပာယ်မှာ တနင်္ဂနွေငါးရာသီရောက်၍ ဆယ့်ငါးအသာ်မြင်သောနေ့တွင် 'စသာ'စပါး ကောက်သားဝင်သည်။ ရက်ပေါင်း (၇၅) ရက်နှင့် စားရသောစပါးသည် 'စသာ'စပါး ဖြစ်သည်ဟု ဆိုလိုသည်။ ကောဇာ တနင်္ဂနွေခြောက်ရာသီဖြစ်သော တူရာသီသို့ရောက်၍ ဆယ့်ငါးအသာ် မြင်သောနေ့တွင် 'ဘောကြီး'၊ 'ကုပြတ်'၊ 'ကောက်သွယ်ဖြူ'၊ 'ငယွန်း'၊ 'ငဆီ'၊ 'စတုသီတာ'၊ 'ဆန်နီမ'၊ 'ဖြွပုံ' ဟူသော စပါးမျိုးတို့သည် ကောက်သားဝင်သည်။ ကောဇာ တနင်္ဂနွေ ဗြိစ္ဆာ ဟူသော ခုနစ်ရာသီသို့ ရောက်၍ ဆယ့်ငါးအသာ် မြင်သောနေ့တွင် 'ငကျည်း'၊ 'ငကြွဲ'၊ 'လင်ပန်းချော'၊ 'ကောင်းပင်စည်'၊ 'ကောက်ညှင်း' ဟူသော အသက်ရင့်စပါးတို့ ကောက်သားဝင်သည်ဟူ၍ သေနာပတိနေမျိုးမဟာဓမ္မ၏တင်လွှာတွင် ရှင်းလင်း တင်ပြထားသည်။ သို့ဖြစ်၍ ညောင်ရမ်းခေတ်တွင် သက်ရင့်၊ သက်နု စပါးနှစ်မျိုးရှိသည်ကို လည်းကောင်း၊ စပါးအမျိုးအစားနှင့် စပါးအမျိုးအမည်တို့ လည်းကောင်း သိရှိခွင့်ရသည်။

ညောင်ရမ်းခေတ် စပါးစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ အမိန့်တော်တစ်ခုတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

*'. . . ကဆုန်လပြည့်၊ လကွယ်နေ့ပြီးအောင် လယ်ထွန်စေ။ ကဆုန်လပြည့်နေ့ကိုပျိုးကြဲစေ၊ ထောင်စေ။နယုန်လပြည့်နေ့ကိုကောက်စိုက်စေ။ ရေမခန်းစေနှင့်။ ကောက်ပင်စိမ်းညိုစေ။ ကြိုးစားအားထုတ် လယ်လုပ်ရမည်။ နယုန်၊ ဝါဆိုကား မိုးဦး၊ ဝါခေါင်၊ တော်သလင်းကား မိုးလယ်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းကား မိုးနှောင်းဖြစ်သည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းဖြစ်သော ခြောက်လဝယ်၊ တရားစကားမဆို၊ မတွေ့စေနှင့်။ ရွှေဖဝါးတော်အောက်က အခေါ်အချမရှိစေနှင့်။ လယ်၊ ချောင်း၊ ကန်တို့ကို ကြိုးစားအားထုတ်လုပ်ဆောင်စေရမည်။ စီးပွားတော်များကို အယိုအယွင်းမရှိစေနှင့်။ မိစဉ်လလိုက် စိုက်ထောင်ကြဲလုပ်ရမည်။ သေနာပတိက လယ်စာချွန်အပ်သည်။'*

အထက်ပါ အမိန့်တော်ရ ညောင်ရမ်းခေတ်တွင်း ဆန်စပါးစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ အထူး အလေးထား လုပ်ဆောင်ကြောင်း မည်သည့်လတွင် လယ်ထွန်ရမည်။ မည်သည့်လတွင် ပျိုးကြဲရမည်။ ပျိုးထောင်ရမည်။ မည်သည့် လတွင် ကောက်စိုက်ရမည်။ ရေသွင်းစိုက်ပျိုးသည်ဖြစ်၍ ရေမပြတ်အောင် စီစဉ်ပုံ၊ ကောက်ပင်စပါး စိမ်းလန်းအောင် သတိထားပုံတို့ကို ဂရုတစိုက် လုပ်ဆောင်ကြောင်းသိရှိရပါသည်။ ထို့အပြင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းဖြစ်သော ခြောက်လဝယ် တရားစကား အလျှောက်အတင် မရှိစေရအောင် သက်ဆိုင်ရာတို့ကို ညွှန်ကြားသည်ကိုလည်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သော ခြောက်လတာကာလအတွင်း လယ်သမားတို့ လုပ်ငန်းခွင်မထိခိုက်အောင် အုပ်စိုးသူမင်းက အထူးသတိထား လုပ်ဆောင်သည်မှာ မှတ်သားဖွယ် ဖြစ်သည်။

## လမိုင်းဝန်

လယ်ထွန်မင်္ဂလာကိစ္စတွင် အဓိကကျသော အရာရှိမှာ လမိုင်းဝန်ပင် ဖြစ်သည်။ လမိုင်းဝန်သည် မင်္ဂလာလယ်တော်နှင့်တကွ လက်ဝဲတော်၊ လက်ယာတော်၊ လမိုင်းကျေးရွာများက စပါးတော်ဟူသမျှကို အချိန်နေ့ရက် မကျမလွန်စေရ ရိတ်သိမ်းရန် ရွှေမြို့တော်မြောက်မျက်နှာ မြို့ရိုးအတွင်းရှိ စပါးတစ်သိန်းစီဝင်သော 'မစိုးရိမ်မကြောင့်ကြ မတောင့်တ၊ ခန့်တိုင်းရ' ကျီတော်ကြီးများသို့ သွင်းရသည်။

## ရွှေနန်းရိုးလမိုင်းဝန်

ထီးနန်းစဉ်ဆက် ဇကရာဇ်မင်းမြတ်တို့ သီးခြားပိုင်ဆိုင်တော်မူမြဲ အရာတော်လယ်မြေ၊ နန်းမတက်မီက မင်းသားအစဉ်က အမွေတော်ရ လယ်ယာမြေများကို အလစ်အလပ် မရှိစေရ၊ နေရာချထား လုပ်သားလုပ်လူတို့ကို ဆင့်ဆိုလုပ်ကိုင်စေရန် အသီးအနှံများကို သိမ်းရုံးဆက်သွင်းရခြင်းကြောင့် ရွှေနန်းရိုး၊ လမိုင်းလယ်၊ အောင်ပင်လယ် လမိုင်းလယ်နှစ်ရပ်ကို ဝန်စုသီးခြား ခန့်အပ်တော်မူသည်။ ရွှေနန်းရိုး လမိုင်းဝန်က ထိန်းအုပ်ချုပ်ဆောင်စီမံရသည်။

## လမိုင်းအစုသား

လမိုင်း ဆိုသည်မှာ ဘုရင့်လယ်တော်ကိုလုပ်ရသော လယ်သမားအစုကို လမိုင်းအစုဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရိုးလမိုင်းနှင့် စဉ့်ကူးမြို့နယ်ခုလယ်ရွာ၊ မြောက်ရွာသစ်၊ သီလရွာ၊ ဆီးပင်ကုန်းရွာ၊ ဒိုးပင်ကုန်းရွာ၊ ညောင်ပင်ပုရွာ၊ တောင်ကိုင်းရွာ၊ ကိုင်းတောရွာ၊ ရွာသစ်ကလေးရွာ၊ ခန်းပတ်ရွာ၊ ကျည်းပင်ရွာများက မင်္ဂလာလမိုင်းစုတွင် သတ်မှတ်ရာမပါသော ပုဂံပြည်တွင် ထီးနန်းကနက်စိုက်စဉ်ကာလက ဝမ်းတော်ပြည့် လယ်လုပ်သားဟု တွင်သည်။

ရတနာပူရအဝမြို့တွင် ထီးကနက်စိုက်စဉ်က အောင်ပင်လယ်ရွာ၊ ထွန်းတုံးရွာ၊ လယ်သစ်ရွာ၊ သမန်းမဲကုန်းရွာ၊ မြို့သစ်ရွာများသည် လယ်ယာတော်လမိုင်းဟု တွင်သည်။ နန္ဒာတောင်ရွာ၊ နန္ဒာမြောက်ရွာများသည် လက်ဝဲတော်လမိုင်းဟု တွင်သည်။ လမိုင်းအစုသားများကာ မြန်မာလူမျိုးချည်း ဖြစ်ကြသည်ဟု သိရှိရသည်။

မြန်မာနှစ် ၁၁၂၀ ပြည့်နှစ် (ခရစ်နှစ် ၁၇၅၈) ခုနှစ်တွင် အလောင်းမင်းတရား ကသည်းပြည် မဏိပူရကို တိုက်ခိုက် အောင်မြင်၍ အပြန်တွင် ပါလာခဲ့သော သုံ့ပန်းလက်ရ ကသည်းများကို လက်ဝဲတော်၊ လက်ယာတော် လမိုင်းအစုတွင်ဖြည့်၍ လယ်တော်၊ ယာတော်များကို လုပ်ကိုင်စေသည်။

လမိုင်းအစုသားတို့သည် စပါးတစ်ရာထွက်လျှင် ကျီတော်သွင်း စပါး (၁၀)တင်း၊ အပို(၁)တင်း၊ တင်နှီးလက်ခုပ်နှစ်စိတ်၊ ဆောင်ချီရေးစားနှစ်စိတ်၊ ဘောင်ဝတ်နှစ်စိတ်၊ ထမင်းနှစ်ပြည်ကျပေးဆောင်ရသဖြင့် စုစုပေါင်း (၁၃)တင်း (၁)စိတ်ကုန်ကျ၍ စပါး (၈၆)တင်း (၃)စိတ်လျော့ကို လုပ်သားက စားရသည်။

လမိုင်းအစုသားတို့သည် ဘုရင့်လယ်တော်ကို လုပ်ကိုင်ပေးရသည့် အစုအမှုထမ်းဖြစ်သော်လည်း အခြားအစုသားများကဲ့ အခွင့်အရေးမရရှိပေ။ လူမှုရေးဘဝ နိမ့်ကျသော အစုတစ်စု ဖြစ်သည်။ အပယ်ခံဘဝ၊ လူမှုရေးဘဝ နိမ့်ကျမှု၊ အနှိမ်ခံရသောဘဝ ဖြစ်သည်ဟု ဆိုနိုင်သည်။

လက်ထပ်ထိမ်းမြားမှုနှင့် စပ်လျဉ်း၍ မည်သည့်အစုအမှုထမ်းမှ ယောကျာ်း၊ မိန်းမမဆို လမိုင်းသူလမိုင်းသားများနှင့် အိမ်ထောင်ကျလျှင် လမိုင်းအမှုထမ်းကို ဖြည့်ရသည်။ မည်မျှပင် အဆင့်မြင့်သော ဝန်စုမှူးပင်ဖြစ်စေ လမိုင်းအစုဝင်လမိုင်းသမနှင့် အိမ်ထောင်ပြုပါက လမိုင်းစုသို့ သွတ်သွင်းခြင်းခံရသည်။ မင်းညီမင်းသားများနှင့် အိမ်ရှေ့မင်းတို့ လမိုင်းသူကို ယူမိလျှင် ကျွဲခေါင်းဆောင်း၍ ရှေ့တော်မှာ ကပြရသည်။ လမိုင်းသူကို ယူမိသောကြောင့် နန်းတော်သား ဆွေမျိုးမိဘရှေ့မှောက်တွင် ဝန်ချတောင်းပန်ပြီး စက္ကူဖြင့် ပြုလုပ်ထားသော ကျွဲခေါင်းရုပ်ကိုဆောင်း၍ ကပြရသည်။ မိန်းကလေး၏မိဘကိုလည်း ကျွဲခေါင်းရုပ်အလေးချိန်နှင့်ညီမျှသော ငွေကိုချေ၍ ရွေးယူရသည်။ ဤသို့ဖြင့် အခြားအစုသားများသည် လမိုင်းသမများကို ရှောင်ရှားကြဉ်ဟန်တူသည်။

လမိုင်းတို့၏ ဘဝသည် ဆိုးဝါးလှသဖြင့် စာဆိုဦးပုညက 'ဝိဇယဇာတ်' တွင်

'လေးနန္ဒကံရိုင်း၊ လမိုင်းဖြည့်မယ်ဟော့' ဟု စပ်ဆိုခဲ့သည်။

အဓိပ္ပာယ်မှာ အနန္တလေးပါးသည် အပိုင်းအခြား အကန့်အသတ်မရှိ ကျယ်ပြန့်သကဲ့သို့ မိမိကံကြမ္မာကလည်း ဆိုးလွန်းလှသဖြင့် လမိုင်းထဲဝင်တော့မည်ဟု ဆိုလိုသည်။ လမိုင်းကို လူတိုင်းကြောက်ရွံ့သည်။ လမိုင်းသားတို့ဘဝသည် ကံဆိုးလှသည်ဟု သဘောသက်ရောက်သည်။

လမိုင်းနယ်မြေများတွင် လမိုင်းဝန်၊ လမိုင်းမှူး၊ လမိုင်းအဝန်း၊ လမိုင်းစာရေးတို့က ဆင့်ကဲအုပ်ချုပ်ရသည်။ မြို့ရွာသူကြီးတို့က အုပ်ချုပ်ခွင့်မရှိပေ။ လမိုင်းမှူး၊ လမိုင်းအဝန်းရာထူးများကို သားစဉ်မြေးဆက် ဆက်ခံကြီးရိုးကြရသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ လမိုင်းစစ်တမ်းတွင် -

*အမှူးရိုးမှာ နန္ဒဗလကျော်ထင်ကြီးမှူးသည်။ မရှိလျှင် သားယက္ခဘာယကြီးမှူးသည်။ ၎င်းအိုမစွမ်းလျှင် သားကျွန်တော် ငခွေဆက်ခံ ကြီးမှူးသည်။ အဝန်းမှာ ရွှေပေါင်ဝန်းကြီးသည်။ မရှိလျှင် သား ငစံဘက် ဝန်းကြီးသည်။ မရှိလျှင် သားငထွန်းစံဝန်းကြီးသည်။ မရှိလျှင် ဘထွေးသား ကျွန်တော် ငရွှဲဝန်းကြီးသည်။'*

ဟု ဖော်ပြထားသည်။လမိုင်းလယ်တော်များတွင် တောင်ငူမြို့၊ မြန်အောင်မြို့၊ စလင်းကျပင်းမြို့၊ အောင်ပင်လယ်၊ ကျောက်ဆည်၊ မန္တလေးနှင့် ဆည်ရေသောက်နယ်မြေ အများစု ပါဝင်၍ စစ်ကိုင်းနှင့် မန္တလေးနယ်မြေအချို့လည်း ပါဝင်သည်။ ထို့ပြင် ကျောက်စည်တိုင်၊ မတ္တရာ၊ ရွှေဘိုနယ်၌လည်း တွေ့ရှိရသည်။ မန္တလေးရွှေကြိုးသတ်နယ်မြေတွင် ကန်၊ ချောင်း၊ မြောင်း၊ အင်းများစွာရှိ၍ ဆည်ရေသောက် လယ်စိုက်ရာအရပ် ဖြစ်သည်။ ရွာပေါင်း (၂၃၅) ရွာနှင့် မတ္တရာမြို့၊ အမရပူရမြို့တို့လည်း ပါဝင်သည်။ ထိုဒေသများကို လမိုင်းစုများက စိုက်ပျိုးရသည်။

**ကျီဝန်နှင့်အဝေးကျီဝန်**

လမိုင်းဝန်များသည် စပါးဖြစ်အောင် တာဝန်ခံ၍ ပြုလုပ်ဆောင်ရွက်ရသည်။ ကျီဝန်၏ တာဝန်မှာမူ စပါးတော်များကို ထိန်းသိမ်းစောင့်ရှောက်ရသည်။

ကျီဝန်သည် ရာဇဌာနီဟု သတ်မှတ်ထားသော ကျီတော်များနှင့် သက်ဆိုင်သည်။ အဝေးကျီဝန်မှာ ရာဇဌာနီမှအပ နိုင်ငံတော်အနှံ့အပြားတွင် ထားရှိသော ကျီတော်များနှင့် သက်ဆိုင်သည်။ ရာဇဌာနီရှိ ကျီတော်များမှာ စပါးတစ်မျိုးတည်းသာမဟုတ်ဘဲ ငရုတ်၊ ကြက်သွန်၊ ချင်း၊ ပြောင်း၊ ပဲ၊ နှမ်း၊ ဆီ၊ ဆား၊ ငါးပိမှ စ၍ သိုလှောင်ရပါသည်။

အချုပ်ဆိုရသော် မြန်မာမင်းများလက်ထက်တွင် လယ်ထွန်မင်္ဂလာကို ဦးဆောင် ကျင်းပရပါသည်။ ကျင်းပရသည့် ရည်ရွယ်ချက်မှာ စားသောက်မှု အာဟာရရှာဖွေခြင်းသည် အရေးအကြီးဆုံး အခြေခံဖြစ်သည်ကို နားလည်သဘောပေါက်ခြင်း၊ အားပေးထိုက်သောကိစ္စဖြစ်၍ ဂုဏ်ရှိအောင်အားပေးခြင်း၊ ကိုယ်တိုင်ခေါင်းဆောင်မှ နောက်က ညီညာဖြဖြ လိုက်နာကြမည်ကိုရှိ၍လည်းကောင်း ပြုလုပ်ခြင်း ဖြစ်သည်။ လယ်ထွန်မင်္ဂလာပြုလုပ်ရာတွင် မင်းသာမက၊ မင်းညီမင်းသား၊ မှူးမတ်၊ သူကြွယ်တို့လည်း ပါဝင်ကြရသည်။ မြန်မာမင်းများ လက်ထက် ဘုရင်ပိုင်လယ်တော်များကို လမိုင်းဟု ခေါ်ဆို၍ ယင်းလယ်များတွင် ထွန်ယက်လုပ်ကိုင်သူများကို လမိုင်းအစုသားဟု ခေါ်သည်။ လမိုင်းအစုသားတို့သည် လယ်ယာလုပ်ကိုင်ပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားတိုးတက်အောင် အထောက်အကူပြုသော်လည်း ယင်းတို့သည် အနှိမ်ခံဘဝ၊ လူတန်းစားခွဲခြားခံရသည့်ဘဝတွင် နေကြရကြောင်း တင်ပြလိုက်ပါသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ဦးမောင်မောင်တင်၊ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၅

၂။ ရွှေပြည်ဦးဘတင်စာစု



www.burmeseclassic.com

www.burmeseclassic.com

(အလုံဘိုးတော်ကြီးအဆက်)

မငွေတောင်နှင့် ရွှေကျောက်ဆောင်နတ်မောင်နှမတို့အပြင် မစံပယ်နှင့် မမြနှစ်တို့သည် အလုံဘိုးတော်ကြီး၏မြေးများ ဖြစ်သည်။ ရွှေကျောက်ဆောင်နတ်ဖြစ်လာမည့် မောင်ကျောက်သည် စပြေးရွာ (စ၍ပြေးသောနေရာ) တွင်နေစဉ် ကျောက်ကြီးရောဂါစွဲကပ်၍ ဝေဒနာခံစားနေချိန်တွင် နွားရိုင်းခွေ့၍ ကွယ်လွန်သည်။ ရွှေကျောက်ဆောင်နတ်ဟု ထင်ရှားပြီး စပြေးတောင်တွင် နတ်ကွန်းဖြင့်စံနေသည်။


ရွှေကျောက်ဆောင်နတ်သည် နှမတော် မငွေတောင်၊ မစံပယ်နှင့် မမြနှစ်တို့အား လူ့ဘဝတွင်နေထိုင်ကြသည်ကို ဘက်တွင် ရှိနေခြင်းအတွက် အမျိုးမျိုးပြောဆိုကြသည်။ မငွေတောင် ကလေးအရွယ်မရောက်မီ ပခန်းဦးမင်းကျော်က ခိုးယူပေါင်းသင်းသည်။ ပရိမ္မမင်းခေါင်က တွေ့သဖြင့် မငွေတောင်အား သူ့အရပ်သို့ပြန်သွားစေသည်။ မငွေတောင်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် အဖျက်ဆီးခံရသဖြင့် ယောကျ်ားများကို စိတ်နာကာ ကလဲ့စားချေမည်ဟု ကြိမ်းဝါးဖူးသည်ဟု ဆို၏။ စပြေးတောင်ရှိ အစ်ကိုဖြစ်သူ ရွှေကျောက်ဆောင်နှင့် မငွေတောင်သည် အတူနေထိုင်သည်။ ပခန်းဦးမင်းကျော်ထံမှ ပြန်လာရသော်လည်း သူ့စိတ်တွင် ဦးမင်းကျော်ကို အမြဲသတိရနေသည်။ တစ်နေ့တွင် အစ်ကိုဖြစ်သူ ရွှေကျောက်ဆောင်က တစ်ဖက်သို့လှည့်ထိုင်နေစဉ် မငွေတောင်သည် ဦးမင်းကျော်အမှတ်နှင့် အနောက်မှထ၍ ဖက်နတ်သုံးပါးရှိသည်ဟု နတ်ကိုးကွယ်သူများကပြောကြသည်။ ထိုသူတို့မှာ ဦးရှင်ကြီးနတ်၊ အမေရေယဉ်နတ်နှင့် မငွေတောင်နတ်တို့ ဖြစ်သည်ဟု ဆို၏။

မငွေတောင်သည် ဦးမင်းကျော်စိတ်(လင်စိတ်)ကြောင့် နတ်ဘဝရောက်ရသဖြင့် ယောကျ်ားတို့ကို စိတ်နာကာ ဆံပင်အစေ့ လင်သက်စေ့ယူမည်ဟု ကြိမ်းဝါးရင်း နတ်ဖြစ်သည် ဆို၏၊ အဓိပ္ပာယ်မှာ သူ၏ဆံပင်အရေအတွက်မျှ လင်ယူမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် မငွေတောင်ကို လင်ယူပက်စက်သည်ဟု ဆိုကြခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် အပြင် (၃၇) မင်း စာရင်းဝင် မဟုတ်သော်လည်း နတ်ကိုးကွယ်သူတို့အကြားတွင် ထင်ရှားသည့် အမျိုးသမီးနတ်ဖြစ်ရသည်။ အိမ်ထောင်ရှင်အမျိုးသမီးများ အိမ်ထောင်ရေးအဆင်မပြေကြသည့်အခါ (လင်ကိစ္စဖြစ်၍) မငွေတောင်ကိုကိုးရန် နတ်ကတော်တို့က လမ်းညွှန်သည်။ မိမိလင်ယောကျ်ားနှင့် စိတ်သဘောခြင်း မတိုက်ဆိုင်၍ ကွဲကွာနေသူတို့ကိုလည်း ပြန်လည်သင့်မြတ်ရန်

# မြန်မာ့ရိုးရာနတ်ယုံကြည်မှုလောက (၃၇)

# မငွေတောင်နှင့် ရွှေကျောက်ဆောင်နတ်

## မောင်သန်းဆွေ (ထားဝယ်)



ကြောင့်ကြစိုးရိမ်တော်မူ၍ နတ်ဘဝသို့ ခေါ်ယူသည်။ စပြေးတောင်မှာပင် နတ်နန်းနှင့် စံမြန်းကြသည်။ သို့သော် မငွေတောင်၏နတ်နန်းမှာ တောင်ခြေတွင်ရှိသည်။ မောင်တော်က တောင်ပေါ်မှ ကန်ချ၍ တောင်အောက်ဘက်တွင် သီးခြားစံရသည်ဟု အလုံဘိုးတော်ကြီး နတ်သမိုင်းရေးစဉ်က အထက်တွင်ပါပြီး ဖြစ်သည်။ သို့သော် မငွေတောင်နတ်သမိုင်းနှင့် ပတ်သက်၍ အခြားမူကွဲဖြစ်စဉ်များလည်းရှိသေးသည်။ မငွေတောင်အား အစ်မတော်ဘုရား ဟူ၍လည်း ခေါ်ကြသည်။

မငွေတောင်နတ်ကွန်းမှာ တောင်ပေါ်တွင်မရှိဘဲ စပြေးတောင်အနောက်

မိသည်။ ဤတွင် နောင်တော်က ရှက်လှသဖြင့် မငွေတောင်ကို တောင်ပေါ်မှ ကန်ချလိုက်ရာ တောင်ခြေသို့ ရောက်သွားသည်။ တောင်ခြေသို့မရောက်မီပင် မငွေတောင်သည် အရှင်လတ်လတ်လမ်းတွင်ပင် နတ်ဖြစ်သွားသည်ဟု ဆိုကြသည်။

မှတ်ချက် ။ ။ လူ့ဘဝမှ နတ်ဘဝသို့ အရှင်လတ်လတ်ကူးပြောင်းသည့်

မငွေတောင်ကိုပင် ကိုးကြရသည်။ မိမိခင်ပွန်းသည် မယားငယ်ယူကာ အိမ်ပေါ်မှ ဆင်းသွားပါကလည်း မိမိထံပြန်လာရန် မငွေတောင်ကိုပင် ကိုးရသည်။ (တင်မြောက်ပ,သပြီး အကူအညီတောင်းခြင်းကို ဆိုလိုသည်။) မယားကြီးထံ



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသော အမျိုးသားအား မိမိထံ ပြန်လည်ရောက်လာရန် မယားငယ်ဖြစ်သူက အကူအညီတောင်းလိုပါက မငွေတောင်က မကူညီဟု ယုံကြည်ကြသည်။ သို့သော် အချို့ကလည်း မယားငယ်သည် မယားကြီးထံမှ မိမိထံ ပြန်လာရန် မငွေတောင်ကိုပင် ကိုးရသည်ဟု ဆိုသည်။)

မိန်းမလျာနတ်ကတော်များတို့ကသည်း မငွေတောင်ကို အစ်မတော်ဘုရားဟု ဆိုကာ အလွန်အားကိုးသည်။ သူတို့က လိင်တူချင်း ယောကျ်ားယူချင်၍ မငွေတောင်ကို အားကိုးခြင်း၊ ကိုးကွယ်ခြင်းပြုကြသည်။ ထို့ကြောင့် မိန်းမလျာနတ်ကတော်များသည် ပုပ္ပားမယ်တော်၊ အမေဂျမ်း၊ အမေရွှေယဉ်၊ အမေသုံးပန်လှ၊ အမေတောင်ကြီးရှင်၊ သခင်မ မမနဲ့ အစရှိသည့် အမျိုးသမီးနတ်များရှိသော်လည်း နတ်လောကသို့ ဝင်ရောက်လို၍ နတ်အပ်မည်ဆိုလျှင် အထက်ပါနတ်များနှင့် သားအရာ၊ မောင်အရာသာ စံခန်းဝင်၍ရသည်။ သို့သော် မငွေတောင်နှင့်ကား စံခန်းဝင်၍ လက်ထပ်နိုင်ပေသည်။ မငွေတောင်သည် မိန်းမလျာနတ်ကတော်များနှင့်လက်ထပ်နိုင်သည့် တစ်ဦးတည်းသော အမျိုးသမီးနတ် ဖြစ်၏။

မငွေတောင်နတ်ကွန်းရှိရာ စပြေးတောင်သို့သွားလိုပါက အလုံမြို့မှတစ်ဆင့်သွားနိုင်သည်။ အလုံ - ဘုတလင် လမ်းအတိုင်းသွားပြီး စပြေးတောင်လမ်းခွဲအတိုင်းလိုက်သွားပါက စပြေးတောင်၏ အနောက်ဘက်တောင်ခြေရှိ မငွေတောင်နတ်ကွန်းသို့ ရောက်သည်။

မငွေတောင်အတွက် သီးခြားပွဲတော်ရက်ဟု မရှိသော်လည်း အလုံဘိုးတော်ကြီးပွဲရက်များတွင် မငွေတောင်အား ပ,သကြသည်။ တပေါင်းလပြည့်ကျော် ၈ ရက်တွင် အလုံဘိုးတော်ကြီးအတွက် စစ်အထိမ်းအမှတ်အဖြစ် မီးကျည်မီးပန်းလွှတ်ပွဲ ပြုလုပ်သည်။ ထိုနေ့မှာပင် ဘိုးတော်ကြီး၏မြေးများ ဖြစ်ကြသော ရွှေကျောက်ဆောင်နတ်နှင့် မငွေတောင်တို့ကို ရိုးရာရှိသူတို့က ပ,သကြသည်။





www.burmeseclassic.com

www.burmeseclassic.com

# မငွေ့တောင်



မငွေ့တောင်ကို အလုံဘိုးတော်ကြီး၏သား ငွေတောင်မြို့စားမှ မွေးသောကြောင့် မငွေ့တောင်ဟု ခေါ်ကြခြင်းဖြစ်သည်ဟု သိရသည်။ သူ့ကို မဖြူလွှ သို့မဟုတ် မပြည်လွှ၊ မစဘ ဟူ၍ အမည်သုံးမျိုးနှင့် ခေါ်ကြသည်ဟုလည်း ဆိုသည်။

အိမ်ကနားများတွင် သို့မဟုတ် နတ်ကွန်းနတ်နန်းတွင်ပေးသော ကနားများတွင် မငွေ့တောင်ကို သီးခြားပွဲပေးခြင်း၊ စားတော်စာဆက်ခြင်းများ ပြုလုပ်သည်။ များသောအားဖြင့် မငွေ့တောင် စားတော်စာမှာ ဗန်းထဲ၌ ဆီထမင်းပေါ်တွင် ငှက်ပျော်ကြော်များကိုတင်၍ ဆက်ခြင်း ဖြစ်သည်။ မငွေ့တောင်ကို သီးခြားမချော့ကြပါ။ သီးခြားချော့ခြင်း အလွန်ရှားသည်။ မိန်းမနတ်ချော့သောအခါ ပထမဆုံး သုံးပန်လှနတ်အား ချော့သည်။ ထို့နောက် သခင်မ မမနဲ့ကို ချော့သည်။ ပြီးနောက်မှ မငွေ့တောင်ကိုချော့၍ ပဝါဖြင့် ပွဲသိမ်းသည်။ မငွေ့တောင် ပဝါဖြင့်ဝဲစည် အဝဲခံချင်သူများက ပဝါအောက်သို့ရောက်အောင် တိုးဝင်ကြသည်။ သူ့အကြောင်းနှင့်သူ ရှိပေသည်။ မငွေ့တောင်ကို ပင့်သည့်နတ်ပင့် သီးခြားရှိသည်။

*'ငွေတောင်သူ မြူချွဲလှ၊ အသည်းကြွဖြာဖြာ၊ ချစ်စရာ မာယာသလို့ စွဲတယ် (တေဇာနေဝါ၊ ရွှေသမ္ဘာ လေဖြာလျှမ်း)၂ လက်ယာမဟီ၊ ထက်အညာဆီ၊ စကြာစည် မရိုးစည်ရနန်း၊ (ကြေးဗဒုံ၊ ရှစ်ဖြူသီ၊ မငြိုးကွဲ့ပျော်ဖွယ်သာ)၂ မျိုးနွယ်က ဖြိုးကြွယ်ဝသာယာလေ၊ တိမ်ပြာမိလ္လာ ထိန်ဝါလေယှက်သန်း၊ လှကျက်သရေဆောင်၊ မငွေ့တောင်၊ မငွေ့တောင် စလွန်းတောင်သို့လှမ်း'*

မငွေ့တောင်ကို ချော့သည့် မငွေ့တောင်နတ်ချော့သီချင်းလည်း ရှိသေးသည်။

*ငွေတောင်သူ မြူချွဲလှ၊ အူသည်းကြွဖြာဖြာ၊ ချစ်စရာ၊ မာယာသာလို့ (စွဲတယ်၊ စွဲတယ်)၂ လေ၊ ချစ်ခွင့်ရင်ဆိုင်၊ မုန်းပါနိုင်၊ ပိုင်ပိုင်မဖုရား၊ (ထားမယ် ထားမယ်)၂ လေxxx။*

*(တေဇာနေဝါ ရွှေသမ္ဘာ လေဖြာကျမ်း)၂ (လက်ယာမဟီ၊ ထက်အညာဆီ)၂ စကြာစည် မရိုးစည်ရနန်း။*

*(ကြေးဗဒုံရှစ်ဖြူထီး၊ မငြိုးကွဲ့ပျော်ဖွယ်သာ)၂ (မျိုးနွယ်က)၂ ဖြိုးကြွယ်ဝသာယာလျှမ်းxxx။*

*(မြိုင်စွန်းသူရှင်ဖြူလွှ၊ ခင်သူဇာလှခေါင်မော်မှာ)၂ (မျှော်ကာပင် မောင်ကျော်စွာ၊ ပေါ်လာတော်မူအား)၂ (ထားသက်လျာ အားပျက်ကာ)၂ ပွားရတက်ဖြာ၊ ကမ်းပါးယံစွန်းမှာ လွမ်းxxx။*

*(စလွန်းတောင် ရှားပြေးထွတ်ခေါင် ထားငွေတောင်စံနန်း)၂ (မုန်းရည်ကာ လွမ်းပါသည်)၂ (ဆန်းကာပလီ ကိုမင်းကျော်ကြောင့်ပန်း)၂*

*ရှားပြေးတောင် ခါးပန်းမှာလ ထားငွေတောင်ပန်းပါရ၊ အစဉ်မျှော်လင် ကျော်စွာရဲ့၊ မျှော်တော်လာ*

မငွေ့တောင်နှင့် စံခန်းဝင်သူသည် နတ်ဆရာတစ်ဦးထံတွင် ပထမရေစင်သောက်ရသည်။ ထိုနတ်ဆရာ၏ ရေစင်သောက်တပည့်ဖြစ်ပြီးမှ စံခန်းဝင်ရခြင်းဖြစ်သည်။ နတ်အပ်လိုက်သည်ဟုလည်း ခေါ်သည်။ ထိုသို့နတ်အပ်ရန် ဆရာလုပ်သူက နတ်ရွေးရသည်။ စံခန်းဝင်မည့်သူ အမျိုးသားဆိုလျှင် မိန်းမနတ်နှင့်သာ မောင်အရာ၊ သားအရာ၊ လင်အရာအပ်ရသည်။ စံခန်းဝင်မည့်သူက အမျိုးသမီးဆိုလျှင် ယောကျ်ားနတ်နှင့်သာ ညီမအရာ၊ မယားအရာ (ထမင်းအိုးတန်း၊ ဟင်းအိုးတန်းခေါ်သည်။) အပ်ရသည်။ အကယ်၍ နတ်ဆရာသည် အမျိုးသားတစ်ဦးအား မည်သည့်နတ်နှင့်အပ်ရမည်ဆိုသည်ကို အာရုံယူ၍ ငွေဖလားများ၏ အောက်တွင် နတ်အမည်များရေးကာ ပူဇော်ပ,သအဓိဋ္ဌာန်ပြုပြီး ကြိုက်ရာဖလား ရွေးစေသည်။ သုံးကြိမ်သုံးခါပြု၍ သုံးကြိမ်သုံးခါ အတူတူကျသောနတ်နှင့်အပ်ရသည်။ အမျိုးသမီးအတွက်လည်း ထိုနည်းတူပင် ဖြစ်သည်။ သို့သော် နတ်ဆရာက ထိုအမျိုးသား၏ အထာကိုကြည့်၍ နတ်အပ်ပေးလိုက်လေ့ရှိသည်။ ထိုနတ်အပ်ပွဲကို နတ်ကနားပေး၍ပြုလုပ်ရသည်။ နတ်ကိုးကွယ်သူ ပရိသတ်အပေါင်းအားလည်း ဖိတ်စာဖြင့် ဖိတ်ရသည်။ နတ်နေကြီးနတ်ဝါကြီးများက စံခန်းအရှေ့တွင်ထိုင်၍ ကန်တော့ခံရသည်။

ဥပမာ မငွေ့တောင်ကို နတ်အပ်မည်ဆိုလျှင် -



www.burmeseclassic.com

www.burmeseclassic.com

### ငွေတောင်သူ မင်္ဂလာ ကြေညာစာတမ်း

'ဇေယျတု သဗ္ဗမင်္ဂလံ၊ ကောဇာသရာဇ် ၁၃၅၄ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ သောကြာနေ့တွင် မန္တလေးမြို့သစ်မြို့ အနော်ရထာလမ်းနေ မောင်×××ကို ပုဂံပြည်ရှင် ဘုရင်အနော်ရထာမင်းမြတ်၏ အမိန့်တော်ဖြင့် မုံရွာနယ်တွင် အပိုင်စားစေသော ဘသူကြွယ်ခေါ် အလုံဘိုးတော်ကြီး၏မြေး၊ ရွှေကျောက်ဆောင်၏ အစ်မတော် စကြာစည်၊ မရိုးစည်ရသည့်ငယ်မည် (မစဘ) ငွေတောင်မြို့စား၏သမီးဖြစ်သဖြင့် မငွေတောင်ဟု ခေါ်တွင်သော မဖြူလွှကချစ်မြတ်နိုးတော်မူ၍ ကောက်ယူမြောက်စားရာ၊ မန္တလေးမြို့မှ နတ်ဆရာ ဦး×××ကို မိဘအဖြစ်တင်ပြီးလျှင် ငွေတောင်သူသခင်မနှင့် နတ်လိပ်ပြာယှဉ်တွဲ၍ မင်္ဂလာစံခန်းဝင်ခဲ့ပါသည်။ နတ်ဆရာမိဘဖြစ်သူက ဦး×××က မင်္ဂလာထမင်းခွံ့ပြီးပါ၍ အတွင်း (၃၇) မင်းနတ်ကြီးများအပေါင်းနှင့်တကွ အပြင် (၃၇) မင်းနှင့်ကနားဝင်နတ်ကြီး၏ သက်ဆိုင်သောကိစ္စတို့ကို ဆောင်ရွက်ရန် ဝန်ခံကတိပေးပါသည်။ နတ်ဆရာမိဘက အစစအရာရာ ဆုံးမသြဝါဒပေးနိုင်သည့်အပြင် မြစ်ကူးချောင်းခြား၊ ခေါ်ပိုင်နိုင်စေကြောင်းကို အရှေ့ကနေထွက်၊ အနောက်ကနေဝင်၊ တောင်တံငါကွန်၊ မြောက်မုဝံကြယ်အတွင်းရှိ နတ်မင်းကြီးများအပေါင်းနှင့်တကွ၊ လူအများပါ ကြားသိစေရန် မင်္ဂလာစံခန်းတော်အတွင်းမှာ ကြက်ပေါင်ကြက်ရိုးချိုးပါသည်။ ဇမ္ဗူဒီပါကျွန်းသာယာမှ ရှိရှိသမျှကုန်သော ဒေဝဒေဝါ နတ်တကာနှင့်တကွ၊ လူအပေါင်းတို့ ကြားသိစေသော်၀်၊ အောင်ပါစေသော်၀်၊ အောင်စေသော်'

ထိုသို့ စံခန်းဝင်အခမ်းအနားဌ မင်္ဂလာကြေညာစာတမ်းဖတ်ပြီးနောက် မင်္ဂလာခန်းရတုနှင့် မင်္ဂလာစံခန်းတေးသပ်များကိုလည်း ဆိုတီးကြသည်။

### မင်္ဂလာစံခန်းရတု

အောင်ပန်းဝေဝေ၊ ကျက်သရေဘား၊ တက်နေလားသို့ မချို့ယဉ်စွာ၊ မင်္ဂလာမျှာ၊ ဝိဝါဟာနှင့်အာဝါဟလို့၊ မျှဖို့မေတ္တာ၊ ချစ်ရိပ်သာကို၊ ကြွစေလိုကြောင်း၊ ရှိသေညောင်းကြ၊ ခယဝိုင်းကြ၊ နတ်လုပ္ပိုကို၊ မှိုင်းညိုရီမှောင်၊ လွန်းတောင်က၊ ငယ်မည် စဘ၊ အာဘာရှလို့၊ ဖြူလွှခေါ်တွင် ကျော်လျှင်တစ်ဝ၊ ရာဇာနေရောင်၊ မငွေတောင်ဟုယခုပေါ်လွင်၊ သုံးမည်ရှင်သည်၊ တလည်စိတ်မှာ၊ လိပ်ပြာတော်လှ၊ ရှုမဝ၍၊ ယုယခင်မင်၊ ဤလုလင်ကို၊ ချစ်တော်ပိုလို့၊ မျိုမလိုအား၊ မဖုရားက၊ သနားငဲ့ညှာ၊ လိုတရာတွင်၊ လျှင်လျှင်မငြီး၊ ကြွစေပြီးမှ နေဥစ္စာ၊ လိုအပ်ရာဝယ်၊ တစ်သွယ်ထွေထွေ၊ တင့်ဖြိုးစေ၍၊ ရွှေငွေမြပါ၊ ရစိမ့်ငှာသည်၊ သမ္မာရှည်မြင့်၊ ချစ်ခွင့်မိန့်က၊ ချစ်ရိပ်သာဝယ်၊ နှစ်သွယ်ပျော်မြန်း၊ ချစ်စံခန်းသို့၊ လှမ်းကြွစေအောင်၊ မငွေတောင်ကို၊ လိုအင်ရကျမြတ်၊ ရွေးချယ်အပ်၍၊ လက်ထပ်မင်္ဂလာ၊ ဆင်ယင်ပါသည်။ စဉ်လာမော်ကွန်း သြဘာထွန်း။

### မင်္ဂလာစံခန်းတေးထပ်

ဘုန်းတော်ဟုန်တစ်ဂုဏ်ကိုး၊ အလုံဘိုးမြေးတော်၊ ယမုံတစ်ရိုးစနစ်ကုန်ဖော်သော်၊ မြစ်ဆုံနော်မြောက်ယွန်း (စလွန်းတောင် ငွေတောင်ပြောင်သည်)၂ ရွှေကျောက်ဆောင်မောင်နှမပျော်တဲ့ကွန်း။

(ရှင်ဖြူလွှ၊ စဘနေရောင်လို)၂ မငွေတောင်မော်ကွန်း၊ (သုံးမည်တော်ပေါ် ထွန်းလို့ကျော်လွန်းတဲ့သူပါ)၂ မူယာတော် ကြော့ကြော့ရှင်း၊ ဖော့ယမင်းဆင်းရွှေရုပ်ဝါ။

(ဤလက်ထပ်မင်္ဂလာအခါမှာ)၂ ကြင်နာစွာ စိတ်မှာစွဲလို့ (လိပ်ပြာနွဲ့ကြွတော်မူ၊ မြန်းကြတူတူ)၂ (ရှားပြည်ထီးဖန်နန်းသူရယ်)၂ စံခန်းအတူ ကြွလှမ်းပါဘုရားလေး။

မောင်သန်းဆွေ (ထားဝယ်)


**ကိုးကားချက် -**

၁။ ဦးအောင်မြတ် 'ဗဒုံမြို့မိတ်ဆက်စာတမ်း' မင်းထွန်းမိုးပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၈၅။
၂။ ခင်မောင်သန်း (စိတ်ပညာ) 'ရိုးရာ နတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ'
၃။ မောင်သန်းဆွေ(ထားဝယ်) ၏ 'ထီးအငွေ့နန်းအငွေ့'
၄။ ဦးထွေးဟန်၊ ဦးဘညွန့်တို့ ဘာသာပြန် 'မြန်မာ့မိရိုးဖလာ ဓလေ့နတ်သမိုင်း'
၅။ ဦးဘသော် (အလုံဘိုးတော်ကြီး နန်းထိန်း) ၏ ပြောပြချက်များ
၆။ တောင်ပြုန်းနန်း ဗောင်းဆောင်း ဦးဖိုးမောင်၏ ပြောပြချက်များ


## မွေးမြူရေးခြံများတွင် ရောဂါပိုးမွှားကင်းရှင်းစေနည်း

နတ်မောက်မင်းသန့်နိုင်

ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေး စသည့် မွေးမြူရေးခြံများတွင် ရောဂါပိုးမွှားကင်းရှင်းစေသည့် နည်းလမ်းလို့ဗဟုသုတ်ချက် သိရှိခဲ့ရသဖြင့် တင်ပြအပ်ပါသည်။

ရောဂါပိုးမွှားအတော်များများသည် လေထဲမှ ပြန့်ပွားတတ်သည်ကို လူတိုင်းသိပါသည်။

ကြက်မွေးမြူရေးခြံများ၌ ကြက်ပိုး၊ ကြက်သန်း၊ ကြက်မွှား၊ ကြက်နာပိုးသည် လည်းကောင်း၊ နွားခြံများတွင် ခွာနာပိုး၊ လျှာနာပိုး၊ ဒေါင့်သန်းရောဂါပိုး စသည်ဖြင့် ပျံ့နှံ့ကူးစက်လွယ်သည့် အပြင် မှက်၊ ခြင်၊ ယင် စသော ပိုးမွှားများကိုက်သဖြင့် နွားများ အိပ်မရဘဲ အမြီးတဖျတ်ဖျတ်နှင့် ထလိုက်၊ လှဲလိုက် ဖြစ်နေရတတ်ပါသည်။

ထိုသို့ အမျိုးမျိုးသော မွေးမြူရေးခြံများတွင် ရောဂါပိုးမွှားနှင့် မှက်၊ ခြင်၊ ယင်များကင်းဝေးစေသည့် နည်းစနစ်မှာ အလွယ်အသာပြုလုပ်နိုင်သည့် 'မှိုင်းတိုက်ခြင်း' နည်းစနစ်ပင် ဖြစ်ပါသည်။

မှိုင်းတိုက်ရာတွင် နည်းစနစ်မှန်ဖို့ သာလိုပါသည်။ တွေ့ကရာ အမှိုက်သရိုက်များနှင့် မှိုင်းတိုက်ခြင်းသည် မီးခိုးအူရုံမျှဖြစ်ပြီး တိရစ္ဆာန်များ ကာဗွန်ငွေ့ရှူရသည်နှင့်သာတူပါသည်။ သို့အတွက် အောက်ပါအတိုင်း မှိုင်းတိုက်ပေးရပါမည်။

အညာဒေသနှင့်မြေလတ်ပိုင်းတွင် ကုန်းတမာပင်များ ပေါများစွာ ပေါက်ရောက်ပြီး နွေကာလတွင် ကြွေကျသော တမာရွက်ခြောက်များကို လှည်းကျင်း၍ ဆာလာအိတ်ခွံများထည့်ကာ သိုလှောင်ယူထားရပါမည်။

ၚင်းတမာရွက်ခြောက်လေးပြည်တွင် ပရဆေးဆိုင်မှ ကန့်ဝါတစ်ကျပ်သားထည့်ပြီး မီးခိုးအူအောင် မီးရှို့မှိုင်းတိုက်ပေးပါ။ တမာရွက်နှင့်ကန့်မီးခိုးတို့၏ အစွမ်းထက်မြက်မှုကြောင့် မှက်၊ ခြင်၊ ယင်နှင့် အခြားသော အင်းဆက်ပိုး၊ ရောဂါပိုးများ ကင်းဝေး လွင့်စဉ်ပျောက်သွားစေပါသည်။ လက်တွေ့ ပြုလုပ်ကြည့်ပါလေ။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပြည်စိုး(မိုးကုတ်)

## လိပ်ခေါင်းအထူးကုသည်

### မြင်းလှည်းခေတ်

ပျဉ်းမနား၊ တပ် ကုန်း၊ လယ်ဝေး တည်းဟူသော မြို့သုံးမြို့၏ အရိယာ အား နေပြည်တော်ကြီး မတည်မီကဆို လျှင် ထိုဒေသဝန်းကျင်တို့၌ မြင်းလှည်း သမားတို့ ကောင်းစားစဉ်ခေတ်ဟု ဆို နိုင်လေ၏။

ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး တည်းဟူသော ဒေသတို့ကား တောမြို့ များဖြစ်လေရာ မြင်းလှည်း၊ ဆိုက်ကား၊ လက်တွန်းလှည်း၊ ကျွဲလှည်း၊ နွားလှည်း၊ လူစီးလိုင်းကား၊ ကုန်တင်ကားတို့ဖြင့် ရှုပ် ယှက်ခတ်နေသောမြို့များ ဖြစ်လေ၏။

ထိုအခါ တူရာတူရာ ဟူဘိသို့ ဆိုက်ကားသမားအချင်းချင်း၊ မြင်းလှည်း သမားအချင်းချင်း စသည်ရှိုင်းပင်းကူညီ ကြကာ တူရာတူရာ ပေါင်းသင်းလျက် သူ့အဖွဲ့အစုနှင့်သူ ညီညွတ်စွာနေထိုင် ကြလေ၏။

မြင်းလှည်းအများဆုံးမှာ ပြန်ကပြေး ဖြစ်၏။ ဒုတိယအများဆုံးရွာကား ဆိတ် နံ့တုန်းရွာ ဖြစ်သည်။ ပြန်ကပြေးတစ်ရွာ တည်း၌ပင်လျှင် မြင်းလှည်းအစီးတစ်ရာ ကျော် ရှိ၏။ သာယာကုန်း၊ ကြက်ပြေး တို့၌လည်း မြင်းလှည်း အနည်းငယ်စီ ရှိကြကာ မြင်းလှည်း၏ ဦးတည်လမ်း ကြောင်းမှာ နေပြည်တော် ပျဉ်းမနားမြို့ ဖြစ်လေ၏။



ပြန်ကပြေးတွင် ငါးရက်တစ်ဈေး ပုံမှန်ခင်းသော်လည်း ဈေး၌ မတင်းတိမ် နိုင်သူတို့မှာ နေပြည်တော် ပျဉ်းမနားမြို့ လယ်ရှိ ဈေးကြီးသို့သာ သွားတတ်ကြ လေ၏။ အချို့လည်း ကိစ္စများမြောင် လူ တို့ဘောင် ဟူသည့်အတိုင်း ကိစ္စအဝဝ တို့အတွက်သွားလာကြရာ နေ့စဉ် ပါစင် ဂျာမရသော မြင်းလှည်း ဟူ၍ မရှိ သလောက် ရှားပါးလှပါသည်။ အချို့ဆို လျှင် ဖောက်သည်သဖွယ်ဖြစ်၍နေပေ ရာ စီးလုံးငှားသဘောဖြင့် စီးတတ်သူတို့ ပင်ရှိကြ၏။

ပျဉ်းမနား - တောင်ညိုသွား ခရီး သည်မှအပ မည်သည့်သစ်တင်ကားမဆို ပြန်ကပြေးခရီးသည်ကို တင်ခွင့်မရှိပါ။ ဤသည်တို့မှာ ဥပဒေထုတ်ထားခြင်း မဟုတ်ချေ။ သစ်တင်ကားစောင့်စီးသော ခရီးသည်တို့ ရှိ၏။ သစ်တင်ကားသည် မြင်းလှည်းထက် ဈေးသက်သာလေရာ ပိုက်ဆံနှမြောသူတို့က သစ်တင်ကား စောင့်စီးကြ၏။

ထိုအခါ မြင်းလှည်းသမားတို့က စုပေါင်းပြီးရအောင်ဖမ်းကာ သစ်တင် ကားသမားအား မြင်းရိုက်သော ကျာ ပွတ်ဖြင့် ဝိုင်းဝန်းရိုက်နှက်ဆုံးမလိုက် ကြ၏။ အများအားမို့ မတတ်သာဘဲ သစ်တင်ကားသမားများသည် ပြန်က ပြေး - ပျဉ်းမနားခရီးသည်အား လုံးဝ မတင်ရဲတော့ပေ။ ဤသည်မှာ ညီညွတ် ခြင်းကြောင့်ရသောရလဒ် ဖြစ်လေ၏။ အမှန်သော် သူ့စည်းကိုယ့်စည်း၊ သူ့ခွင် ကိုယ့်ခွင်သတ်မှတ်ခြင်းသာဖြစ်လေ၏။ ထို့ကြောင့် သစ်တင်ကားတို့ ရှောင်ခြင်း ဖြစ်လေသည်။

နောင်တစ်ခေတ် ပျဉ်းမနား - တောင်ညိုလိုင်းကားများ ပြေးဆွဲနေ သော်လည်း ပြန်ကပြေး-ပျဉ်းမနားခရီး သည်ကို ကားသမားတို့ အစဉ်ရှောင်ကြ ပါသည်။ ထိုခရီးသည်တို့ကာ မြင်းလှည်း သမားများ၏ ထမင်းအိုးဖြစ်ပေရာ ထို ထမင်းအိုးအား တုတ်ဖြင့်မထိုးရဲကြပေ။

အချို့စိတ်ဓာတ်ညံ့ဖျင်းသော သစ် တင်ကားမောင်းသူတို့သည် မြင်းလှည်း ကို အမြင်ကတ်ပုဒ်မဖြင့် ပွတ်ဆွဲတတ် ကြ၏။ ထိုအခါမျိုးတွင် မြင်းလှည်း သမားတို့မှတ်ထားပြီး အခွင့်သင့်ပါက ကားရှေ့တွင် မြင်းလှည်းပိတ်ရပ်ကာ ကျာပွတ်ကိုယ်စီဖြင့် မြင်းလှည်းသမားတို့ ၏စည်းလုံးညီညွတ်ခြင်းဂုဏ်ကို ပြတတ် ကြ၏။ ထို့ကြောင့် မြင်းလှည်းသမားတို့ အား ကားသမားအများစုက ခပ်ကင်း ကင်းနေလာတတ်ရာ တစ်ကွေ့မကြုံ



www.burmeseclassic.com

www.burmeseclassic.com

တစ်ကွေ့ကြုံ ဟူဘိသို့ အလျဉ်းမသင့်သော် ပြဿနာပေါ်မြဲဖြစ်သည်။

ပျဉ်းမနား-ပြန်ကပြေးလမ်းတွင် မြင်းလှည်း မပြတ်ရှိနေရာ ပြဿနာကြုံသည်နှင့် အုံခဲ၍လာတတ်သည်မှာ ထုံးစံ။ ထိုစဉ်က မြင်းလှည်းဂိတ်မှာ ဈေးကြီး၏ အနောက်တောင်ထောင့် ကုက္ကိုပင်ရိပ်တွင် ဖြစ်သည်။ ပြန်ကပြေး-ဆိတ်နံ့တုန်း-ညောင်ပင်ကြီးစု-သာယာကုန်း၊ ကြက်ပြေးတို့မှ မြင်းလှည်းများ စီတန်းနားခိုရင်း ခရီးသည်စောင့်ကြရခြင်း ဖြစ်သည်။ အနီးအနားတွင် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်များရှိနေရာ စားရေးသောက်ရေးလည်း အဆင်ပြေလှပေ၏။

ကုက္ကိုပင်နောက်ကျောသည် မီးရထားဝင်း ဖြစ်သည်။

## မြင်းလှည်းရှိလျှင်

ထိုခေတ်ထိုအခါက မြင်းလှည်းရှိသောအိမ်ဆိုလျှင် မည်သူမျှ အထင်မသေးရဲပါ။ စားနိုင်သောက်နိုင်၍ ဤဒေသ၏လူလတ်တန်းစားစာရင်းဝင်များ ဖြစ်ကြသည်။

နေ့စဉ်ပုံမှန်ဝင်ငွေနေခြင်းမှာ မြင်းလှည်းများသာ ဖြစ်သည်။ ဤဒေသသည် မြေပိုင်ရှင်များ၊ ထိုမြေတို့တွင် စပါး၊ ကြံစိုက်ပျိုးထုတ်လုပ်သည့်အခါ နေ့စားလိုက်ကြသူများ ဟူ၍ လူတန်းစားနှစ်ရပ်ဖြင့် ရပ်တည်သောဒေသ ဖြစ်သည်။ လက်လုပ်လက်စားတို့မှာ အလုပ်အမြဲမရှိကြပါ။ သို့တွက် ဝင်ငွေမမှန်ကြပါ။ စပါးတောင်သူ၊ ကြံတောင်သူတို့မှာလည်း အကျိုးပေးမှ အကြောင်းထင်တတ်ရာ စပါး၊ ကြံ မအောင်ပါက အရှုံးနှင့်ပင် ရင်ဆိုင်ကြရလေ၏။

မြင်းလှည်းမောင်းသူတို့မှာမူ နံနက်တစ်ခေါက်ဆွဲလိုက်လျှင်ပင် တစ်နေ့တာ စားစရိတ် အဆင်ပြေ၏။ ညနေတစ်ခေါက်ဆွဲလိုက်ပါက စုနိုင်ဆောင်းနိုင်ကြရာ မြင်းလှည်းသမားတို့ကောင်းစားသောခေတ်ဟု ဆိုခြင်း ဖြစ်သည်။ သူတို့သည် နေ့စဉ်ငွေမြင်ရ၏။ ငွေကိုင်ရ၏။ အမိက





www.burmeseclassic.com

www.burmeseclassic.com

မှာ မြင်းကျန်းမာရန်သာလို၏။

မြင်းလှည်းဆွဲရာတွင် အများအားဖြင့် မြင်းထီးများသည် ဦးစားပေး မွေးမြူကြ၏။ မြင်းထီးသာလျှင် ဈေးကောင်း၏။ မြင်းထီးဆွဲသောလှည်းသာလျှင် ရောက်ရှိ၏။မြင်းထီးမွေးသူများမှာ သက်သောင့်သက်သာဖြင့် အခြားတစ်လမ်းမှ ငွေဝင်ပေါက်ရှိ၏။ ထိုသည်မှာ ရှင်ပြုပွဲများမှ မြင်းငှားခြင်းပင် ဖြစ်သည်။

နေပြည်တော် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းဒေသတစ်ဝိုက်တွင် ရှင်ပြုလျှင် ရှင်လောင်းကို မြင်းစီး၍ လှည့်နိုင်ပါမှ ဂုဏ်ရှိသည်ဟု ယူဆကြ၏။ ဗုဒ္ဓအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ခဏ္ဍကမြင်းကိုစီးလျက် တောထွက်တော်မူ၏။ ထိုအစဉ်အလာအားယူသောအားဖြင့် ဤဒေသတွင် ရှင်ပြုခဲ့သော် ထိုခေတ်က မြင်းမပါလျှင် မပြီးပါ။ လှပေ့၊ တောင့်ပေ့ ဆိုသော မြင်းထီးများကိုသာ ရှင်လောင်းစီးရန် ငှားကြလေ့ရှိ၏။

ထို့ကြောင့် မြင်းထီးပိုင်ဆိုင်သူများ ရှင်လောင်းစီးရန် အလှခြယ်မှုန်းထားသော မြင်းကုန်းနှီးနှင့် အလှဆင်တန်ဆာတို့ကို ဝယ်ထားရ၏။ ရှင်ပြုပွဲလာငှားပါက မြင်းလှည်းပေါ် မြင်းစာတင်လျက် ပွဲငှားသောနေရာသို့သွားရ၏။ ပေ့ပေ့ပါးပါးမို့ မြင်းလှည်းသက်သာ၏။ အချို့သောမြင်းမတို့သည် မြင်းထီးထက်ပင် လှည်းဆွဲကောင်းသောမြင်းမတို့ ရှိကြလေ၏။

အချို့က မြင်းကို (၂) ကောင်မွေးကာ တစ်လှည့်စီမနားတမ်းမောင်းသော မြင်းလှည်းသမားတို့လည်း ရှိကြ၏။ လူရလျှင်ရသလို မြင်းလဲကာထွက်လေ့ရှိကြ၏။ လှည်းဆွဲမြင်းတို့အား သန်မာတောင့်တင်းစေရန် မြေစာမြက်၊ စပါး၊ ကြက်ဥတို့ ကျွေးရ၏။ အဓိကမှာ စပါးဖြစ်သည်။ စပါးမကျွေးခဲ့သော် မြင်းသည် သိသိသာသာကြီးကျသွားတတ်လေ၏။

မြင်းလှည်းဆွဲသောမြင်းတို့ကိုအမှီပြုလျက် မြင်းစာ မြေစာမြက်တို့ ရောင်းသော လူတန်းစားလည်းရှိ၏။ မြေစာမြက်မှာ မြေမှာကပ်၍ပေါက်ရာ ရိတ်ယူ၍မရပါ။ တလပါခေါ် တူးရွင်းပြားလေးဖြင့် ထိုးယူစုဆောင်ပြီး ငလိုက်ချောင်းရေတွင် မြေတို့ကို ပြောင်စင်အောင်ဆေးကြောသန့်စင်ရ၏။ ပြီးမှ မိမိဖောက်သည်၏ မြင်းစာခွက်အတွင်းသို့သွား၍ လောင်းထည့်ပေးရ၏။ ဤသည်မှာ နေ့စဉ်ဖြစ်သည်။

## လိပ်ခေါင်းဝေဒနာ

ပြန်ကပြေးရွာကြီး၏ သင်္ချိုင်းအနောက်ဘက်တွင် ပျဉ်းမနား-တောင်ညိုသွားကားလမ်း၏ တောင်ဘက်ကုန်း၌ သာယာကုန်းရွာကလေးရှိ၏။ မြောက်ဘက်ကုန်းစောင်းတွင် ကျောက်စမ်းအိုင်ရွာကလေး တည်ရှိပါသည်။

ထိုသာယာကုန်းရွာကလေးတွင် ကိုသာဆန်းသည် မြင်းလှည်းထောင်ထားကာ ရွာမှ(နေပြည်တော်)ပျဉ်းမနားသို့ သွားလိုသူတို့ကို နေ့စဉ်ပို့ပေးလျက်ရှိ၏။ ကိုသာဆန်း၌ တိုင်းကျော်၊ တိုင်းမော် ဟူသော မြင်းနီကြီး (၂) ကောင်ရှိကာ မြင်းချောမြင်းလှများဖြစ်သဖြင့် လူတိုင်း မျက်စိကျလေ့ရှိ၏။ လှည်းဆွဲလည်း သွက်လက်လေရာ ကိုသာဆန်းထံ ထိုမြင်းများအား တောင်းဝယ်သူအများအပြားရှိခဲ့၏။ ကိုသာဆန်းကားသူ့မြင်းများကို ဂုဏ်ယူမဆုံးတပြုံးပြုံးနှင့် စုံမက်ချစ်ခင်သူဖြစ်သည်။ သို့အတွက် ရောင်းရန်ဟူ၍ စိတ်ကူးလုံးဝမရှိပေ။

ထိုမြင်းများအတွက် မြင်းစာမြက်ထိုးရန်နှင့် မြင်းကျောင်းရန် လူငှားတစ်ယောက်ပင် ငှားထားခဲ့လေ၏။ ထိုခေတ်ထိုအခါက ဒေသအခေါ် စာရင်းငှားထားခဲ့လေ၏။ ဆိုရသော် လခစား ပိုက်ဆံပေး၍ ငှားရသော အလုပ်သမား ဖြစ်သည်။ ထိုစာရင်းငှား၏ အမည်မှာ ထင်ပေါ်ဟူ ဖြစ်သည်။ အညာဒေသမှ အလုပ်လာရှာသောလူငယ်လေးတစ်ဦးဖြစ်ရာ အားကောင်းမောင်းသန်အရွယ်ဖြစ်ပါသော်လည်း ခေါ်ထားပြီးပါမှ လိပ်ခေါင်းရောဂါဝေဒနာပါလာသည်ကို သိရလေ၏။ လူငယ်တစ်ဦးက လိပ်ခေါင်းဖြစ်သည်ဆိုသောအခါ ဟုတ်မှဟုတ်ပါလေစဟုပင် ကိုသာဆန်း ထင်ခဲ့မိ၏။ ဖင်တစိုစိုဖြစ်နေတတ်သည်ကို မြင်ရမှ ကိုသာဆန်း ယုံခဲ့၏။

မောင်ထင်ပေါ်သည် အလုပ်တာဝန် ကျေပွန်သူဖြစ်ရာ လိပ်ခေါင်းမှအပ အပြစ်ပြောစရာမရှိပေ။ ထိုလိပ်ခေါင်းကြီးအား ကိုသာဆန်းစိတ်ထဲ မသတီသကဲ့သို့ ခံစားနေရလေ၏။ မိသားစုများမှာမူ ဘာမှပြောဆိုခြင်းအလျှင်းမရှိခဲ့ပါ။

ထိုဝေဒနာကို ပျောက်စေချင်လှ၏။ ထိုဝေဒနာကင်းခဲ့သော် ထင်ပေါ်သည် ခြောက်ပြစ်ကင်းလူငယ်လေးဖြစ်၍လာပေမည်။ မြင်းတွေအပေါ် တာဝန်ကျေသည့်အပြင် မြင်းများနှင့်လည်း ရင်းနှီးချစ်ခင်စွာ နေတတ်၊ ပြေးတတ်၊ ထိန်းကျောင်းတတ်၊ကျွေးမွေးတတ်၊ချော့မော့တတ်သဖြင့် ဘာမှအပြစ်ပြောစရာမရှိအောင်တော်သူ ဖြစ်သည်။ သူလိုလူမျိုးအစားထိုးရရန် မလွယ်ကူမည် မဟုတ်ပေ။

ထိုလိပ်ခေါင်းကို ကုပေးချင်စိတ်သူ့တွင် အမှန်ဖြစ်ပေါ်နေမိသဖြင့် မြင်းလှည်းဂိတ် လူအများစုံချိန်တွင် ဆေးမြီးတိုကောင်းကောင်း စုံစမ်းရန် အကြံကောင်းရလေ၏။

## ခွေးလှေးယားသီးမှုန့်

မြင်းလှည်းသမားတို့ဟူသည်မှာ အများအားဖြင့် စုဝေးနေတတ်သဖြင့် လူပျော်လူနောက်တွေသာများသည်။ တစ်ဦးနှင့်တစ်ဦး ပြောဆိုနောက်ပြောင်ရယ်မောကာ နေထိုင်တတ်ကြလေ၏။

ကိုသာဆန်းသည် အသက်အနည်းငယ်ကြီးသူ ကိုမွတ်တားအား လိပ်ခေါင်းပျောက်ဆေးသိမည်ထင်၍ လှမ်းမေး၏။ မွတ်တား ဟူသည်မှာ ပြန်ကပြေးသာမက (နေပြည်တော်) ပျဉ်းမနားအထိပါ လူတိုင်းသိသော လူနောက်လူပြောင်ဖြစ်ရာ အသိကြွယ်လောက်သည်ဟုထင်၍ မေးခြင်း ဖြစ်သည်။

"ဗျို့ - ကိုမွတ်တား၊ လိပ်ခေါင်းဘာနဲ့ကုရလဲဗျ"

"ဘာလဲ မင်းမိန်းမ ခင်အုန်း လိပ်ခေါင်းဖြစ်လို့လား"

"အမယ်လေးဗျာ ဖွဟဲ့ - လွဲပါစေ ဖယ်ပါစေဗျာ။ ဘယ်ကလာ ကျုပ်မိန်းမက လိပ်ခေါင်းဖြစ်ရမှာတုံးဗျ"

"ဒါဆိုမင်းဖြစ်နေတာလား"

"မလုပ်လိုက်ပါနဲ့ဗျာ၊ ဖင်တစိုစိုနဲ့ ကြောက်လွန်းလို့ပါ။ ကျုပ်က ဘာဖြစ်မှာလဲဗျာ၊ ကျောက်ခဲလိုမာတဲ့ကောင်ပဲဟာ။ ဖြစ်နေတာက ကျုပ်အိမ်ကကောင်လေး ထင်ပေါ်လေဗျာ"

"ဒါလေးများ အရေးအရာလုပ်လို့ သာဆန်းရာ။ လိပ်ခေါင်းများ ခွေးလှေးယားသီးမှုန့်နဲ့ တို့လိုက်ရင် မင်းလိပ်ဖင်ထောင်ပြီး ချက်ချင်း ပြန်ဝင်ပြေးစေရမယ် ဒါပွဲတွေ့ဆေးကွ"

ဟု ဆိုလေရာ အနီးရှိ မြင်းလှည်းသမားများ ဝိုင်းရယ်ကြလေ၏။ ခွေးလှေးယားသီးသည် မည်မျှယား၍ မည်မျှအဆိပ်ပြင်းမှန်း ဤဒေသတွင် ခွေးရှောကလေးပါ သိကြလေ၏။ ထို့ကြောင့် ခွေးလှေးယားသီးကို ဝေးဝေးမှ ရှောင်ကြလေ၏။ ခွေးလှေးယားသီးများ အမှုန့်



www.burmeseclassic.com

www.burmeseclassic.com

ကြွေချိန်ဖြစ်သော ဆောင်းနှင့် နွေတွင် လေအသင့်အတင့်တိုက်နေပါက လေအောက်မှပင် သွားရဲခြင်းမရှိကြပါ။ ခွေးလှေးယားသီးမှုန့်တို့သည် လေနှင့်အတူ အမြဲလွင့်နေတတ်သောအရာများ ဖြစ်၏။ လူကို ကပ်ငြိလိုက်သည်နှင့် အလွန်အဆိပ်ပြင်းသည်ဖြစ်ရာ ထိသည်နှင့် ယား၍ ကုတ်လျှင် အမှုန်များ အသားထဲစိုက်ဝင်ကုန်ပါက ယားရုံမျှသာမက အဖုအပိမ့်များပါ ထွက်၍လာတတ်၏။ ဤသည်ကို ကိုသာဆန်း သိလေ၏။

"ကိုမွတ်တား၊ ခင်ဗျားဟာ ဟုတ်မှဟုတ်ရဲ့လား။ တော်ကြာ အထဲပြန်မဝင်ဘဲ နှဲကောကြီးလို အပြင်ထွက်လာမှ ဒုက္ခရောက်နေပါဦးမယ်။ ကြည့်လည်းလုပ်ပါ"

"အောင်မာ သာဆန်းရာ၊ မင်းငါ့ကို မယုံဘူးထင်တယ်၊ မွတ်တားတို့က ဆေးမကုချင်လို့နေတာ။ ဒါလောက်တော့ စာတောင်မဖွဲ့ဘူး။ ကိုယ့်လူယုံရင်လုပ်၊ မယုံရင်မလုပ်နဲ့"

"တကယ်လား ကိုမွတ်တားရဲ့"

"တကယ်ပေါ့ဗျ၊ ဒါပေမယ့် အဲဒီဆေးထည့်ရင် အိမ်မှာမထည့်ခိုင်းနဲ့ကွ။ ချောင်းထဲမှာထည့်ခိုင်း။ ယားပြီးပူလာရင် ရေစိမ်ခိုင်းထား။ မင်းကောင်ရဲ့လိပ်တစ်ခါတည်း ကြောက်ပြီး ပြန်ထွက်မလာရဲတော့ဘူးသာ မှတ်ကွ"

"ဒါဆို ကျုပ်လက်တွေ့စမ်းကြည့်ရသေးတာပေါ့ဗျာ"

"ဟော့ကောင် သာဆန်း၊ ဒါဟာ သေသွားနိုင်တဲ့ ဆေးနည်းမဟုတ်ဘူး လုပ်သာလုပ်။ ဒါပေမယ့် အရေးကြုံရင် သိရအောင် မင်း တစ်နေရာက ချောင်းကြည့်နေ။ ဟုတ်ပြီလား အဟဲဟဲဟဲ"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

"ဟော့ကောင် ပြီးရင် ငါတို့ကို ပြန်ပြောဦးနော်"

"အေးပါဗျာ၊ အေးပါ။ ကျုပ်ကလည်း နောက်ချင်တာနဲ့ အတော်ပဲ ကိုမွတ်တားရေ အဟားဟားဟား"

မြင်းလှည်းသမားတို့ ဝိုင်းရယ်ကြလေ၏။ ထိုအခါ ကိုအေးကျော်က -

"ဟော့ကောင်တွေ ကြည့်လည်းလုပ်ကြနော်။ တော်ကြာ ဒေါက်တာသန်းကျော်ဆေးခန်းရောက်ပြီး ကတ်ကြေးနဲ့ဖြတ်နေရဦးမယ်"

ဟု ဆိုပြန်ရာ မွတ်တားက -

"ခွေးကောင် နင်အသာနေ၊ မွတ်တားတို့ လိပ်ခေါင်းဘယ်လိုကုတယ်ဆိုတာတွေ့ရမယ်။ ရာဇဝင်စာတင်သွားစေရမယ် အဟဲ ဟဲ ဟဲ"

**သတ်၍မရသောမျက်နှာပိုး**

မွတ်တားမှာ မဟုတ်တာလုပ်ရမည်ဆိုလျှင် ထိပ်ဆုံးကနေသူဖြစ်သည်။ ယခုလည်း တစ်ဖက်သားအပေါ် ဒုက္ခရောက်အောင် ချောက်တွန်းခဲ့ရလျှင် ပျော်တတ်၏။ ပြီးတော့လည်း တစ်ယောက်တည်း ကျိတ်ရယ်နေလေ၏။

မွတ်တားအကြောင်းကို နောကျေနေအောင်သိသော ဇနီးဖြစ်သူ မမြမြက မျက်နှာပိုးသတ်မရဘဲ စပ်ဖြဲဖြဲဖြစ်နေသောမွတ်တားကိုကြည့်ကာ မဟုတ်တာတစ်ခုခုတော့ လုပ်ခဲ့ပြီကို သိပြီးသား ဖြစ်သည်။ ထို့ကြောင့် မြင်းလှည်းမောင်းရင်း ဘာတွေရှုပ်ခဲ့သည်ကို မမြမြသိချင်ရာ ချော့မော့မေးကြည့်မိ၏။

"အိမ်က ဆရာကြီး၊ ပြုံးဖြီးဖြီးနဲ့ ဘာတွေမဟုတ်တာလုပ်ခဲ့တာလဲ။မှန်မှန်ပြော"

"အဟားဟား- ငါ သာဆန်းရဲ့ စာရင်းငှားလေး ထင်ပေါ်ကို လိပ်ခေါင်းကုနည်းပေးလိုက်တာကို တွေးပြီး ရယ်ချင်နေတာကွ"

"တော့်ဟာက ဘာဆေးမို့ ရယ်စရာကောင်းနေတာတုံး။ တစ်ဖက်သား ဒုက္ခရောက်အောင်လုပ်ခဲ့ပြန်ပြီ ထင်တယ်"

"မဟုတ်ရပါဘူး မိန်းမရာ။ လိပ်ခေါင်းကို ခွေးလှေးယားသီးမှုန့်လိမ်းခိုင်းလိုက်တာကွ ဟား ဟား ဟား"

"အောင်မလေးတော် - ဟိုခမျာ တော့ ဒုက္ခပါပဲ။ လိပ်ခေါင်းအသားနုကို ခွေးလှေးယားသီး လိမ်းခိုင်းရတယ်လို့။ မတော်လို့ သေများသွားရင် ရှင်တရားခံဖြစ်မှာနော် နောက်တယ်ပြောင်တယ်ဆိုတာ အတိုင်းအတာရှိရတယ်၊ သူများကို ဒုက္ခမရောက်စေရဘူး။ ဟိုတစ်ဖက်သား ဘယ်လောက် ဒုက္ခရောက်လိုက်လေမလဲ။ တော့်အသက်တော့်အရွယ်ငယ်တော့တာမဟုတ်ဘူး။ ကလေးတုန်းက နောက်ခဲ့ပြောင်ခဲ့တာတွေ ထားပါတော့။ ခုဟာက အရွယ်ကိုမှမငဲ့ နောက်ပြောင်ချင်စိတ်က မပျောက်သေးဘူး။ တော်တစ်နေ့ကောင်းကောင်းဝဋ်လည်ဦးမယ်"

ဟု ပွစိပွစိပြောကာ မွတ်တားကို ကျောခိုင်းသွားတော့၏။

မွတ်တားမှာမူ တစ်ဖက်သား ဆွေ့ဆွေ့ခုန်ခံစားရတော့မည်ကိုတွေးကာ ဝမ်းသာကြည်နူးရင်း မြင်းကိုအစာကျွေး၍ နေလေ၏။ ထိုသို့ မြင်းစာကျွေးနေရင်း တွေးနေမိသည်မှာ သူတို့ငယ်စဉ်က ဘုရားပွဲဘုန်းကြီးပျံပွဲတွေတွင် ပြုလုပ်လေ့ရှိသော ခွေးလှေးယားသီးထောင် ဖြစ်လေ၏။

**ခွေးလှေးယားသီးထောင်**

ဤရေဤမြေဤဒေသတွင် ရှေးခေတ်အခါက ပွဲလမ်းသဘင်ကျင်းပလေ့ရှိသည်မှာ ဆိတ်နံ့တုန်းရွာ ဆရာတော်ဘုန်းတော်ကြီးကျောင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးအား ဆွမ်းတော်ကြီးတင်လှူပွဲတော် ဖြစ်သည်။ တစ်နှစ်တစ်ကြိမ် တန်ဆောင်တိုင်ပွဲတော်ကာလတွင် ကျင်းပသည်။

ပြန်ကပြေးရွာတွင်မူ ဘုန်းတော်ကြီးပျံပွဲရှိမှသာ ဘုန်းကြီးပျံပွဲရက်ရှည်ကျင်းပလေ့ရှိ၏။ ထိုသို့ ကျင်းပလျှင် ရွှေဒေါင်းကြည်၊ ပသီစိန်၊ ပုလဲစိန်၊ ဗန္ဓုလကျော်စိန် ဟူသော ဇာတ်ပွဲတို့ကိုသာ အများအားဖြင့် ငှားလေ့ရှိကြ၏။

ထိုသို့ပွဲလမ်းသဘင်ရှိခဲ့သော် အုပ်ချုပ်သူတို့မှာ လူတို့မဟုတ်ဘဲ မြို့မှ ဝင်လာသော ရဟန်းပျိုတို့ ဖြစ်ကြ၏။ ထိုရဟန်းပျိုတို့ကို ဆရာတော်ကြီးကျောင်းခန်းနေ ဦးပဥ္စင်းကြီး ဦးဥ္စင်းကုလားက ဦးဆောင်၏။ ကြိမ်လုံးကိုယ်စီ ဓာတ်မီးကိုယ်စီဖြင့်အုပ်ချုပ်ရာ ငြိမ်ဝပ်ပိပြားလေ၏။ ပွဲကို မတ်တတ်ကြည့်ပါက ကြိမ်ဖြင့် ခေါင်းခေါက်ခံကြရ၏။

ထိုသို့ ပွဲသွားကြည့်တိုင်း ကလေးတို့ စိတ်အဝင်စားဆုံးမှာ ခွေးလှေးယားသီးထောင်ဖြစ်သည်။ ခွေးလှေးယားသီးထောင် ဟူသည်မှာ ကလေးတို့အခေါ်ဖြစ်၏။ အမှန်မှာ ခွေးလှေးယားသီး အချုပ်ခန်းသာ ဖြစ်ပါသည်။

(၁၀) ပေပတ်လည်ခန့်ရှိသော အဝင်ပေါက်တစ်ပေါက်သာရှိသော သစ်လုံးအခန်းလေးတစ်ခန်းဆောက်ထားရာ အားလုံး လက်မောင်းလုံးခန့်သစ်ချောင်းငယ်များများဖြင့် ပတ်လည်ရိုက်ကာ သစ်လုံးပင် မိုးထားလေ၏။ ထိုသစ်လုံးအချုပ်ခန်း၏ ခေါင်မိုး၌လည်းကောင်း၊ နံရံများ၌လည်းကောင်း၊ အောက်ခြေအခင်း၌လည်းကောင်း နေရာအနှံ့ ခွေးလှေးယားသီးများ ချိတ်ဆွဲထားလေ၏။ ခွေးလှေးယားသီးအခင်း၊ အကာ၊ အမိုးတို့ စီစဉ်ထားသဖြင့် ခွေးလှေးယားသီး ထောင်ထဲ အထည့်ခံရပါမူ ခွေးလှေးယားသီးဒဏ်မှ လုံးဝမလွတ်ကင်းနိုင်ပေ။

မူးရူးရမ်းကားခြင်း၊ ရန်ဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးများ ကာယိန္ဒြေပျက်အောင် ပြုမူခြင်းစသည်ဖြင့် သတ်မှတ်ထားသော စည်းကမ်းများ ဖောက်ဖျက်ပါက အချုပ်ခန်းထဲတွင် တစ်ညအိပ်ရမည် ဖြစ်သည်။ ခွေးလှေးယားသီးထောင်ကို မကြောက်သူ မရှိသဖြင့် ပွဲတော်များကျင်းပတိုင်း အေးချမ်းလေ၏။ ထိုခေတ်ထိုအခါသည် ဤမြေဤရေတွင် ကွန်မြူနစ်များကြီးစိုးသောခေတ်ဖြစ်ပေရာ ကွန်မြူနစ်တို့၏ တရားစီရင်ရေးကိုလည်း လူတိုင်းကြောက်ကြရသည်။ ကွန်မြူနစ်တို့သည် ထောင်တန်းဟူ၍မရှိရာ ထစ်ခနဲရှိလျှင် သတ်ပစ်သည်သာ များလေ၏။ ထို့ကြောင့် အမူးသမားတို့ လူစွမ်းကောင်း မလုပ်ရဲကြပါ။ ပွဲခင်းထဲ၌ ကွန်မြူနစ်များရှိနေတတ်၍ဖြစ်သည်။

ရှားရှားပါးပါး တစ်နှစ်တွင်မူ လူစွမ်းကောင်း (၂)ယောက် ပေါ်ဖူး၏။ ထို (၂) ယောက်မှာ ပြန်ကပြေးနှစ်ဆောင် ပြိုင်ရပ်မှ လူတိုင်း အော့ကြောလန်သော ဖိုးတေနှင့် ချက်ကြီးတို့ ဖြစ်သည်။ သူတို့သည် သူများနှင့် ရန်ဖြစ်သည်မဟုတ်ဘဲ အရက်ဆိုင်တွင် အတူတူသောက်ရာမှ ထ၍ နပန်းလုံးကြခြင်းဖြစ်ရာ ရဟန်းပျိုတို့က ထို(၂)ယောက်အား ခွေးလှေးယားသီးအချုပ်ခန်းထဲသို့ ထည့်လိုက်ကြလေ၏။

ထိုလူပေလူတေနှစ်ယောက်သည် ခွေးလှေးယားသီးထောင်ထဲသို့ ရောက်သည်နှင့် ခွေးလှေးယားသီးမွေ့ရာပေါ်ဝယ် ကျွမ်းပစ်၍နေကြရာ တအံ့တသြ လာရောက် ကြည့်ရှုကြလေ၏။

အဘယ်ကြောင့်ဆိုသော် သာမန်လူတို့ဆိုပါက အမယ်လေး၊ အဘလေး တ,ကာ မနားတမ်းကုတ်ဖွဲ့နေရမည်သာ ဖြစ်ပါသည်။ ခွေးလှေးယားသီးမွေးသည် သေးမျှင်ထောင်မတ်ပြီး ထက်မြက်သော အမျှင်မာများဖြစ်ရာ လေသင့်ရာ လွင့်ရုံနှင့်ပင် လူတို့ကို စူးနိုင်စွမ်းရှိ၏။ တစ်မွေးစူးလျှင်ပင် အဆိပ် တဖျဉ်းဖျဉ်းတက်ကာ ယားယံပြီး အဖုအပိမ့်တို့ထလာတတ်၏။ သွေးနှင့်မတည့်ပါမူ အင်ပြင်ဖြစ်သကဲ့သို့ ကြောက်လန့်ဖွယ်ရာ အဆိပ်တက်ကာ ယားလာ၏။

ဖိုးတေနှင့်ချက်ကြီးတို့မှာမူ မကုတ်ရုံမျှမက နံရံရှိ ခွေးလှေးယားသီးတွဲများကိုပါ ဆွဲ၍ဖြုတ်ချခြင်း၊ ခေါင်းမိုးပေါ်မှ ခွေးလှေးယားသီးများအား ဆွဲချခြင်းတို့ ပြုလုပ်ပြီး ပမာမခန့်ကစားနေကြရာ ပွဲခင်းထဲရှိ လူအတော်များများပွဲမှသည် ထိုလူစွမ်း(၂)ယောက်ကို အံ့သြခြင်းကြီးစွာ လာရောက် ကြည့်ရှုကြလေ၏။ ထိုအခါ ရဟန်းပျိုတို့က လူတို့ကို ပွဲခင်းဆီ ပြန်ခိုင်းရ၏။

လူပေလူတေနှစ်ဦးတို့ကလည်း သီချင်းတကြော်ကြော်ဖြင့် ကခုန်၍ပင် နေပေသေးရာ ခွေးလှေးယားသီးပြီးသော သူတို့ (၂)ဦးသည် ပွဲကသည်ထက်ပင် စိတ်ဝင်စားဖွယ်ကောင်းနေတော့၏။

“ဖိုးတေနဲ့ ချက်ကြီးတို့ဟာ ခွေးလှေးယားသီးထောင်ပြီးတဲ့အကောင်တွေ။ ဒီကောင်တွေဆေးစွမ်းကောင်းရှိတယ်။ လူစွမ်းကောင်း (၂)ယောက်ပဲ”

ဟု ထိုညတွင် နာမည်အရမ်းကြီးသွားလေ၏။

နံနက်လင်းသော် ထုံးစံအတိုင်း သူတို့ (၂) ဦးကို လွှတ်ပေးလိုက်လေ၏။ ထိုအခါ ခွေးလှေးယားသီးပြီးဆေးကို လူတိုင်းနီးပါးက မေးကြလေ၏။ ဖိုးတေတို့ကလည်း ဆရာစားမချန် ပြန်ပြောပြကြ၏။

“အေးကွ၊ တောထဲတောင်ထဲ ငါတို့တွေ နွားကျောင်းရတဲ့အခါ အလျဉ်းမသင့်ရင် ခွေးလှေးယားသီးထိတတ်တယ်ကွ။ တစ်ခါ ခွေးလှေးယားသီးထိလို့ ယားနေတုန်း ဆီးဖြူသီးပင်တွေ့တာနဲ့ ခူးစားလိုက်တာ ယူပစ်သလို အယားပျောက်သွားတယ်။ ဒါဆို ဆီးဖြူသီးဟာ ခွေးလှေးယားသီးဆိပ်ကို နိုင်တယ်ဆိုတာ သဘောပေါက်လိုက်တယ်။ ဒါနဲ့ ဆီးဖြူသီးစားရင်း ခွေးလှေးယားသီးကိုင်ကြည့်တော့ တစ်စက်မှ ယားတာမတွေ့ရဘူး။ ဒါကို ငါတို့ကနွားအတူတူကျောင်းတော့ သိထားတာ။ ဘယ်သူ့ကိုမှ မပြောဘူး။ ခုလို ပွဲကြုံမှ အစွမ်းပြကြစို့ဆိုပြီး တို့နှစ်ဦးသား ရန်ဖြစ်ချင်ယောင်ဆောင်ပြီး နပန်းလုံးကြတာ။ တို့အိတ်ကပ်ထဲမှာ ဆီးဖြူသီးတွေပါလာတော့ ဆီးဖြူသီး မနားတမ်းဝါးရင်း အစွမ်းပြလိုက်ကြတာကွ။ ဒါနဲ့ပဲ ငါတို့ကို လာကြည့်ကြတာ ပွဲတောင်ပျက်လုလုကွ ဟား ဟား ဟား”

ဟု ပြန်ပြောပြလေ၏။

ထိုလူပေလူတေနှစ်ယောက် ပြုလုပ်လိုက်သဖြင့် ခွေးလှေးယားသီးကို နိုင်သောအရာကို လူတို့သိသွားကြသဖြင့် နောင်အစဉ်အလာတွင် ခွေးလှေးယားသီးထောင် မပြုလုပ်ကြတော့ပေ။ ထိုမှစ၍ ခွေးလှေးယားသီးထောင် ကွယ်ပျောက်ရလေ၏။

**ဆရာကြီး ဦးမွတ်တား၏ဆေး**

ခွေးလှေးယားသီးပင်သည် မြန်မာနိုင်ငံ အပူပိုင်းဇုန်တို့တွင် အပေါက်များပြီး နွယ်ပင်ဖြစ်သည်။ အယဉ်နှင့်အရိုင်းဟူ၍ နှစ်မျိုးရှိရာ အရိုင်းမှာ ယားတတ်၍ အယဉ်မှာ မယားတတ်ပါ။ အရိုင်းက အတောင့်သေး၏။ အယဉ်က အတောင့်ကြီး၏။ အယဉ်မျိုးမှာ တောင်တန်းဒေသနှင့် စွတ်စိုဒေသတို့တွင် အပေါက်များသည်။ အလွန်ဖြစ်ထွန်းလွယ်သော အလေ့ကျပေါက်ပင်တို့ ဖြစ်လေသည်။ အယဉ်မှာ အတောင့်ကြီး၏။ ပဲစေ့ကဲ့သို့ အဆန်များရှိ၏။ ကြိုက်နှစ်သက်သူတို့က ကြော်၍စားသုံးကြ၏။ ခွေးလှေးယားသီးအရိုင်းမှာ ကတ္တီပါကဲ့သို့သော အမွေးဝါဝါများ လွှမ်းခြုံထားလေ့ရှိသည်။ အခိုင်လိုက် ပြွတ်ခဲနေအောင် သီးပြီး ခြောက်သည်နှင့် လေတိုက်တိုင်း အမွေးတို့ လွင့်ပျံ့ကြလေ၏။

သာယာကုန်းရွာပြင်ချုံတန်းတွင် ခွေးလှေးယားသီးများ လွန်စွာပေါများလှရာ ကိုသာဆန်းသည် သတင်းစာစက္ကူ တစ်ချပ်ယူလာပြီး မြေပေါ်တွင် ဖြန့်ခင်း၏။ ပြီးလျှင် ခွေးလှေးယားသီးခိုင်ကို ဓားထက်ထက်ဖြင့် ဖြတ်ကာ စက္ကူပေါ်၌ အမှုန့်ကို အသာအယာ ဓားဖြင့်ခြွေချ၏။ ခဲပြွတ်နေပြီး သုံးလေးဆယ်မျှရှိရာ တစ်ခိုင်ချွေရုံနှင့်ပင် ခွေးလှေးယားသီး မွေးလျက်ဆားတစ်ထုပ်စာခန့် ရ၏။ ထိုမျှဆိုလျှင် လုံလောက်ပေပြီ။

ကိုသာဆန်းမှာ တစ်ဖက်သားကို ဒုက္ခပေးရတော့မည်မို့ ကျေနပ်ပြီး ပြုံးနေလေ၏။ ခွေးလှေးယားသီးမှုန့်ကို စက္ကူဖြင့် ဆေးထုပ်သလိုထုပ်ကာ အိတ်ကပ်ထဲသို့ ထည့်လိုက်၏။ အချိန်မှာ နံနက်က ခိုင်းခဲ့သော မြင်းအား ထင်ပေါ်က ချောင်းထဲသို့ သွားကျောင်းတော့မည်ဖြစ်သည်။ အိမ်ရောက်သော် ထင်ပေါ်သည် မြင်းကျောင်းရန်နှင့် မြင်းစာထိုးရန် တူရွင်း၊ ခြင်းကြားတို့ဖြင့် အသင့်ဖြစ်နေ၏။

“ဟေ့မောင်ထင်ပေါ်၊ ချောင်းထဲသွားတော့မလို့လားကွ”

“ဟုတ်ကဲ့ ဦးလေး”

“နေဦးကွ၊ မင်းအတွက် ပြန်ကပြေးက ဆရာကြီး ဦးမွတ်တားဆီက လိပ်ခေါင်းဆေးတောင်းခဲ့တယ်။ အဲဒါဟောဒီဆေးမှုန့်ကို လိမ်းလိုက်ရုံပဲ။ ဆေးအစွမ်းက အနည်းငယ်ပူမယ်၊ ယားမယ်ပေါ့ကွာ။ ဒါဆိုရင် ရှားစေးဖိုဝဲထဲ ဆင်းပြီး စိမ်နေလိုက် ဟုတ်လား၊ အယားလည်းပျောက်၊ လိပ်ခေါင်းလည်းပျောက်

www.burmeseclassic.com

www.burmeseclassic.com

ကရောက္ခပုတ်လား။ ရှော့ရှော့ ချောင်းထဲကျမှလိမ်း။ ယောက်ျားပဲကွာ ဝေဒနာပျောက်အောင် ကျိတ်မှိတ်ခံပေါ့"

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်လိမ်းပါ့မယ်"

ဟု ပြောကာ နံနက်ကခိုင်းခဲ့သော မြင်းကြီး တိုင်းကျော်နှင့်အတူ ငလိုက်ချောင်းဘက်သို့ ထွက်သွားလေ၏။ ရှာနှင့် ငလိုက်ချောင်းဘက်သို့ ထွက်သွားလေ၏။ ရှာနှင့်ငလိုက်ချောင်းပြန့်ကား အလွန်ကြီး မဝေးလှပါ။ တစ်အောင့်မျှသွားလျှင် ရောက်၏။ ကိုသာဆန်းသည် လိပ်ခေါင်းကို ခွေးလှေးယားသီးတို့ပါက မည်သို့ခံစားရသနည်း ဆိုသည်ကို မြင်လိုလှရာ ငလိုက်ချောင်းဘက်သို့ နောက်မှ တိတ်တဆိတ်လိုက်၍ ချုံကွယ်မှ ချောင်းကြည့်နေမိ၏။

ငလိုက်ချောင်းတစ်လျှောက်တွင် ကျွဲ နွားမြင်းများကျောင်းချိန်ဖြစ်ရာ ကျွဲ၊ နွား၊ မြင်းတို့ ပြန့်ကြဲစွာ အစာစားနေကြသလို နွားကျောင်းသား၊ ကျွဲကျောင်းသားတို့မှာလည်း အရိပ်ကောင်းကောင်းတွင်ထိုင်ကာ စုဝေး၍ စကားပြောနေသည်ကို မြင်နရ၏။ ကျွဲ နွားတို့၏ လည်ပင်းများမှ ခလောက်တတောက်တောက်ကိုလည်း ကြားနေရလေ၏။ ဆောင်းရာသီ၏နေမှာလည်း ပူလောင်လှပေ၏။

**တောင်တွင်းကြီးရထား**

သူတစ်ထူးဒုက္ခရောက်မှာကို မြင်လိုသော ကိုသာဆန်းသည် စိတ်ရှည်စွာစောင့်၍ ကြည့်နေမိ၏။ မကြာလိုက်ပါချေ။ မောင်ထင်ပေါ်သည် ချုံတစ်ခုအကွယ်သို့ ဝင်သွားသည်ကို မြင်လိုက်ရ၏။ အချိန်မှာ တိုတောင်းလှပေ၏။ ထင်ပေါ်သည် ချုံထဲမှ ပြေးထွက်ကာ သဲပြင်ပေါ်တွင် လူးလိမ့်နေလေ၏။ ပါးစပ်မှလည်း မနားတမ်း အော်ဟစ်နေလေ၏။

"အောင်မလေးဗျ၊ လုပ်ကြပါဦးဗျ ကယ်တော်မူကြပါဦးဗျ သေတော့မှာပါဗျ အောင်မလေးလေး သွပ်သွပ်။ ကယ်တော်မူကြပါဦး"

ဟု ကယောင်ကတမ်း ညဦးညူကာ သဲခုံပေါ်တွင် ကျွမ်းပစ်၍နေလေ၏။

ထိုအခါ ခပ်လှမ်းလှမ်းမှ နွားကျောင်းသားများ စုဝေးရောက်လာကြ၏၊ ထိုသည်ကိုကြည့်၍ ကိုသာဆန်းရယ်နိုင်တော့ပေ။

"ဟေ့ကောင် ထင်ပေါ်၊ ဘာဖြစ်တာလဲ။ မြွေပွေးကိုက်တာလား"

"အားဟားဟားဟား - မြွေပွေးကိုက်တာကမှ ခံသာပါသေးတယ်ဗျာ။ ခုဟာက အဲဒီထက်ဆိုးတယ်ဗျ။ အမေရေ သားကိုကယ်ပါဦးဗျ။ အောင်မလေးလေး အရှင်လတ်လတ် ငရဲကျ ရောက်နေပါပြီဗျ အဟီးဟီးဟီး"

ဟု ဖင်ကို လက်နှင့်အုပ်ကာ လူးလိမ့်နေပေရာ ရေထဲဆင်းပြီးစိမ်ရန်မှာထားသော်လည်း မေ့နေဟန်တူသောကြောင့် ကိုသာဆန်းမှာလည်း မနေသာတော့ဘဲ ချုံထဲမှ ပြေးထွက်ကာ ထင်ပေါ်ဆီရောက်လာလေ၏။

"ဟေ့ကောင် ထင်ပေါ်၊ မင်းယောက်ျားပဲကွာ၊ ကြိတ်ခံပေါ့ကွ။ အားတင်းထားစမ်း။ လာ-ဟေ့ကောင် ရှားစေးဖိုဝဲထဲဆင်းပြီး ရေစိမ်နေလိုက်။ မင်းရောဂါပျောက်ပြီသာမှတ်"

ဟု ပြောပြောဆိုဆို မဝေးလှသော ရှားစေးဖိုဝဲဆီသို့ခေါ်ခဲ့ပြီး ရေစပ်တွင်ထိုင်ခိုင်းထားလိုက်၏။ အမေလေး၊ အဘလေး တ,သံတို့ကား ညံနေဆဲရှိ၏။ နွားကျောင်းသားတို့မှာမူ ဘာမှန်းမသိဘဲ ဝိုင်းအုံ၍သာကြည့်နေကြ၏။

"ဘာဖြစ်တာလဲ ကိုသာဆန်း"

"ထင်ပေါ်မှာ လိပ်ခေါင်းရှိတော့ လိပ်ခေါင်းကုပေးတာလေကွာ။ အဲဒါ မခံနိုင်လို့ အော်ဟစ်လူးလိမ့်နေတာ"

"သိပါဘူးဗျာ၊ မြွေပွေးများကိုက်လိုက်လေသလားဆို ပြီး စိုးရိမ်သွားကြတာ။ ဆေးကဘာဆေးမို့လဲဗျ။ ကုလားအော်ရှက်သီးထောင်းနဲ့ ကုပေးတာလား။ ဒီလောက် ပူရစပ်ရအောင်"

"ဘယ်ကလာ ဟုတ်ရမှာလဲကွာ။ လိပ်ခေါင်းကို ခွေးလှေးယားသီးမှုန့်နဲ့တို့ပေးတာကွ"

"ဟာဗျာ၊ မိုက်လိုက်တာ။ အသားနုကို တို့ရတယ်လို့။ ဟိုကောင်တော့ သေလောက်အောင်ကို ခံစားရမှာ။ ခွေးလှေးယားသီးဗျာ။ ဒီလောက်ယားတဲ့ဟာကို အုံတောင်အုံ့ပါရဲ့။ ဒါထက် ဒီဆေးနည်းက ဘယ်သူပေးတာလဲ"

"မင်းတို့ ပြန်ကပြေးက မြင်းလှည်းဆရာကိုမွတ်တားလေ"

"ဟာဗျာ၊ သေသာသေလိုက်ပါတော့။ ကိုမွတ်တားစကားများ ယုံလို့ဗျာ။ ကျွန်တော်တို့ ပြန်ကပြေးမှာတောင်တွင်းရထားကလည်း ဘယ်နှနာရီမှာဆိုက်မယ်လို့သာ စာရေးထားလည်း သူ့ဟာသူဆိုက်ချင်တဲ့အချိန်မှဆိုက်တာ။ ကိုမွတ်တားကလည်း စကားကို တည်တည်တံ့တံ့ပြောတာမဟုတ်ဘူး။ နောက်ပြောင်ပြီး ရယ်မောရအောင် ဖန်တီးပြောဆိုနေတတ်တာ။ ခုလည်း ထင်ပေါ်ချောက်ကျအောင် သက်သက်ချောက်ချတာနေမှာဗျ။ ခင်ဗျားတို့ကလည်းဗျာ။ ကိုမွတ်တားစကားများ အလေးထားရတယ်လို့။ ချင့်ချိန်ဦးမှပေါ့ဗျာ။ ဟိုမှာ ခင်ဗျားလူအတော်အီနေပြီ"

"အေးကွာ၊ ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်တော့ဘူးပေါ့ကွာ"

ဟု ပြောပြီး ထင်ပေါ်ဆီသို့သာ အာရုံရောက်နေကြလေ၏။ ညည်းညူသံတို့ တဖြည်းဖြည်းပျောက်ကွယ်သွားကာ နာရီဝက်ကျော်ကျော်ကြာမှ မောင်ထင်ပေါ် ရေပေါ်တက်ခဲ့လေ၏။

"ကဲ-ထင်ပေါ်ရေ မင်းအိမ်ကိုပြန်နှင့်တော့ကွာ။ မြင်းလည်း ငါကျောင်းလိုက်မယ်။ မြင်းစာလည်း ငါရှာခဲ့မယ်"

ဟု ပြောပြီး ထင်ပေါ်၏ တာဝန်ကို လွှဲပြောင်းရယူလိုက်လေ၏။ နွားကျောင်းသားတို့သည်လည်း ထိုအခါကျမှ ကိုသာဆန်းနှင့်ပြောဆိုကာ ရယ်မောပြောဆိုနိုင်ကြလေ၏။ ကိုသာဆန်းကား သူတစ်ပါး မကောင်းကြံမိသဖြင့် မြေစာမြက်တို့ရှာကာ တူးရှင်းနှင့်လိုက်ထိုးရပေဦးမည်။ ဝဋ် ဟူသည် သံသရာကိုမစောင့်ဘဲ ချက်ချင်းလည်ကာ ထင်ပေါ်၏။ အလုပ်တို့ကိုဝင်လုပ်ပေးရလေတော့၏။

ထိုနေ့ ညနေသည် မြင်းလှည်းလည်း မထွက်ဖြစ်တော့ပေ။

**ပျောက်သွားသောလိပ်ခေါင်း**

နောက်တစ်နေ့တွင် ထင်ပေါ်အကြောင်းပြော၍ (နေပြည်တော်) ပျဉ်းမနားမြို့၏ မြင်းလှည်းဂိတ်တွင် ရယ်ပွဲဖွဲ့ကြ၏။ ကိုသာဆန်းသည် ယနေ့မှပြော၍ ရယ်ပွဲဖွဲ့နိုင်၏။ ယခင်နေ့ကမူ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ရသည်။ ဆောင်းနှင့် နွေတို့တွင် ရေကြည်အနည်းငယ်သာလာသောချောင်း၌ အိပ်ပျော်နေသော ရှားစေးဖိုဝဲကြီးသည် ရေကြည်အိုင်ကြီးဖြစ်နေရာ ထိုရေဝဲအိုင်ထဲ၌ ဝေဒနာကို မချိမဆံ့ခံရင်း ရေဆင်းစိမ်နေသော ထင်ပေါ်အတွက် စိုးရိမ်သောကကြီးစွာဖြစ်ခဲ့ရ၏။ ယခုမှသာ ရယ်ပွဲဖွဲ့နိုင်ခြင်း ဖြစ်သည်။

အမှန်သော် ယခုလောက်ခံရမည်မထင်၍ အပျင်းပြေလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကိုမွတ်တားမှာမူ သူတစ်ထူးကို စနောက်ရ၍ပျော်နေ၏။ သို့သော် နောင်ရက်များတွင် ထင်ပေါ်မှာ ထိုပ်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်း လုံးဝမထွက်တော့ဘဲ အကောင်းပကတိဖြစ်သွားခဲ့လေ၏။ စ,ရာနောက်ရာမှ အောင်မြင်သွားခဲ့ခြင်း ဖြစ်လေ၏။ နောင်လည်း ထာဝရပျောက်သွားခဲ့ပါသည်။

ထင်ပေါ်မှာမူ သူ့လုပ်ငန်းရှင်ကိုသာဆန်းနှင့် ဆရာဦးမွတ်တားအား ကျေးဇူးတင်မဆုံးရှိနေခဲ့လေ၏။ ထိုကောင်းခြင်းမင်္ဂလာသတင်း မြင်းလှည်းအဖွဲ့သို့ ရောက်သွားသောအခါ ကိုမွတ်တားသည် နေရင်းထိုင်ရင်း လိပ်ခေါင်းအထူးကုဆရာကြီး ဟူ၍ ဂုဏ်ပုဒ်တစ်ခုရသွားခဲ့လေ၏။

ကိုမွတ်တားသည် သူများကိုလည်း ပြောချင်ရာ ပြော၏။ သူ့ကိုလည်း ပြောချင်ရာပြောနာတတ်သူမဟုတ်ရာ တဟဲဟဲဖြင့် ရယ်မောပျော်ရွှင်၍သာ နေတတ်သူဖြစ်သည်။

**လိပ်ခေါင်းအထူးကုသည်**

"ဟဲ့ - မွတ်တား၊ နင်ဘာတွေ မဟုတ်တာလုပ်လာပြန်ပြီလဲ"

"ဘာတုံး အမေရဲ့၊ သားက ကလေးမှ မဟုတ်တော့တာ ဘာလုပ်ရမှာလဲ"

"မွတ်တား၊ ငါက နင့်ကိုမွေးခဲ့တာပါနော်။ နင့်မျက်နှာပိုးမသေပုံနဲ့ နင့်မြင်းလှည်းကို မြင်တာနဲ့ငါသိတယ်။ နင်တစ်ယောက်ယောက်ကိုမဟုတ်တာလုပ်ခဲ့ပြီနေမှာ။ ဟုတ်တယ်မဟုတ်လား"

"အမေကလည်းဗျာ၊ တော်လိုက်တာလွန်လို့။ မွတ်တားအမေဟော့လို့ကို ပြောစရာမလိုအောင်တော်တာ။အတပ္ပနဟောတဲ့ ဗေဒင်ဆရာတောင် အမေ့လောက် မတော်ဘူး။ တကယ်ဗျာ၊ တကယ် ဟား ဟား ဟား"

"အောင်မာ၊ နင်ကများ ငါ့ကိုပြောရတယ်ရှိသေး။ နင်ဟာလေ လည်မလိုလိုနဲ့ ခပ်အူအူပါလားဟဲ့"

"ကျွန်တော်ဘာအူလို့လဲ အမေရာ"

"အူလို့ နင်မသိတာပေါ့။ နင့်မြင်းလှည်းနောက်မြီးမှာ ကြောင်ကုတ်လက်ရေးနဲ့ ရေးလွတ်လိုက်တာ နင်မမြင်ဘူးလား"

"ဘယ်မှာလဲ အမေရ"

"ဟောဒီမှာလာကြည့်"

မြင်းလှည်းဆွဲတန်ဆာပလာများ မြင်းတင်းကုပ်တွင် သိမ်းဆည်းချိတ်ဆွဲနေရာမှ မြင်းလှည်းဆီသို့ လာကြည့်မိ၏။ မည်သည့်သကောင့်သားက ရေးထားသည်မသိ။ သဘော်ဆေးအဖြူ သူငယ်တန်းလက်ရေးနှင့် ရေးထားသော စာတို့ကို တွေ့ရ၏။ ထိုသည်မှာ -

*ဆြာမွတ်တား*

*လိပ်ခေါင်းအထူးကုသည်*

ဟူ၍ ဖြစ်၏။

ကိုမွတ်တားကား သဘောကျလွန်း၍ မြေပေါ်တွင်ထိုင်ကာ ဖင်ဆောင့်၍ ရယ်မောနေလေ၏။ သူ့အလစ်တွင် မြင်းလှည်းသမားတို့ တိုင်ပင်ကာ ဖျက်မရအောင် အပင်ပန်းခံ၍ သဘော်ဆေးဘူးဝယ်ကာ ရေးလွတ်လိုက်ခြင်းဖြစ်လေ၏။ သူ၏အကွယ်၌ ကျောတွင် စာအကပ်ခံရသူကိုကြည့်ကာ ရယ်ကြသကဲ့သို့ ရယ်မောနေကြမည် ဖြစ်သည်။ ကိုမွတ်တားကား အရယ်သန်သူပီပီ ရယ်၍အတော်နှင့်မဆုံးပေ။

"ဟဲ့ကောင်၊ နင် ဘာမဟုတ်တာလုပ်ခဲ့သလဲပြောလေ"

အမေသား မဟုတ်တာမလုပ်ဘူး၊ ဟုတ်တာလုပ်ခဲ့တာ"

ဟု အစချီကာ လိပ်ခေါင်းဝေဒနာသည်အား ချောက်တွန်းချင်၍ ခွေးလှေးယားသီးဖြင့် တို့ခိုင်းကြောင်းကို ပြောပြကာ ရယ်စရာဟာသလုပ်သော်လည်း အမှန်တကယ် လိပ်ခေါင်းပျောက်ကင်းသွားကြောင်းပြောပြရာ မိခင်ကြီးဒေါ်မြဝေနှင့် ဇနီးဖြစ်သူ မမြမြတို့လည်း ရယ်မောကြရလေ၏။ အရယ်ရပ်သောအခါ ဒေါ်မြဝေက -

"အင်း-မွတ်တား၊ နင့်မှာသားသမီးတွေတောင် လူပျို၊ အပျိုတွေဖြစ်လာကြတော့မယ်။ ကလေးစိတ်ကမကုန်သေးဘူး။ နင့်က ဘာမဆို ရယ်စရာလောက်သာ အောက်မေ့နေတဲ့ကောင်ပဲ။ နင့်အတွက် ငါရင်လေးလိုက်တာဟယ်။ ကောင်းတာမှန်း၊ ဆိုးတာမှန်းမသိ လုပ်ချင်ရာလုပ်နေတုန်းပဲ။ ငယ်ငယ်တုန်းကလိုသာဆိုရင် တုတ်စာမိတာကြာပေါ့။ နင့်အတွက်ကတော့ ငါရင်လေးလိုက်ပါဘိတော့တယ် မွတ်တားရယ်။ နင့်အဖေကိုစံလှသာ ရှိနေရင်လည်း နင့်ကိုကြည့်ပြီး ငါ့လိုပဲရင်လေးနေမှာ။ လည်လွန်းတဲ့ ဘီးချေးသင့်သတဲ့ဟဲ့။ နင့်တစ်ကွေ့ကွေ့ ဒုက္ခတွေ့မှာစိုးလို့ငါပြောတာ"

ဟု တဖျစ်တောက်တောက်ဆိုနေရာ မိခင်ကိုကျောခိုင်း၍ ရေချိုးရန် ရေတွင်းဆီသို့ ထွက်ခဲ့တော့၏။

**လက်ရှိအခြေအနေ**

ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး တည်းဟူသော မြို့နယ် (၃)မြို့နယ်အား နေပြည်တော်ကြီးတည်သဖြင့် မြို့ပြကြီးပေါ်လာသောအခါ ဆိုင်ကယ်များ၊ လိုင်းကားများ တိုးတက်ပြောင်းလဲလာသဖြင့် မြင်းလှည်းတည်းဟူသော အနေ့ယာဉ်တို့ ကွယ်ပျောက်လုနီးနီးဖြစ်ခဲ့လေပြီ။ ယခုအချိန်ဆိုလျှင် ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်အဖြစ် အောင်ဇေယျ ရပ်ကွက်အဖြစ် ပြောင်းလဲလာသော မြန်ကပြေးတွင် မြင်းလှည်း (၁၀) စီးမျှသာ ကျန်ပါတော့သည်။ ကိုမွတ်တားမှာမူ အသက် (၄၀) ဝန်းကျင်ကသာ မြင်းလှည်းမောင်းခဲ့ပါသည်။ နောင်မမောင်းဖြစ်တော့ပါ။

ရွာတွင်ရှိသော ဘိုးဘွားအချို့မှာ ယခုထိတိုင် မြင်းလှည်းကို စီးမြဲစီးကြ၏။ ထိုမြင်းလှည်း (၁၀) စီးသည် သူတို့ကို အမြဲမပြတ် (နေပြည်တော်) ပျဉ်းမနားနှင့် ပြေးဆွဲနေဆဲ ရှိ၏။ မြင်းလှည်းခ (၃၀၀)၊ ကားခ (၂၀၀) ဖြစ်သည်။

လိုင်းကားတို့မှာမူ ရပ်ကွက်၏ တောင်ဘက်ခြမ်းရှိ (နေပြည်တော်) ပျဉ်းမနား-တောင်ညိုလမ်းမကြီးရှိ (အရှေ့မှအနောက်) ဘုရားကြီး၊ ဒံပေါက်၊ ကြံ့ရုံး၊ ဘုရားသုံးဆူ၊ စာသင်တိုက်၊ ထန်းတစ်ပင် ဟူသော မှတ်တိုင်များ၌သာ ဆင်းရလေ၏။ ရပ်ကွက်ထဲသို့ မရောက်ပါ။ ကုန်ပစ္စည်းများပါပါက ဆိုင်ကယ်(၅၀၀)ကျပ်ပေး၍ စီးရသေး၏။ ထို့ကြောင့် ပစ္စည်းများသွားဝယ်သူတို့က အိမ်အထိပို့ပေးသော မြင်းလှည်းအား (၃၀၀) ကျပ်ပေး၍ ယခုထိ စီးနေဆဲ ရှိ၏။

ကိုမွတ်တား၏ဖခင် ကိုစံလှသည် အသက်ငယ်ငယ် (၅၆) နှစ်အရွယ်တွင် ဆုံးပါးသွားခဲ့၏။ 'ချစ်သူပေးသော ငွေပုံ' ဝတ္ထုပါ သူ့ရင်ထဲအသည်းထဲ၌ မည်သို့မျှ ဖျောက်ဖျက်၍မရနိုင်အောင် မြတ်မြတ်နိုးနိုးချစ်ခဲ့ရသူ ကေသီမြင့်ထံရောက်သွားမည်ဟု မှန်းဆရပါသည်။ ကိုမွတ်တားသည် အသက် (၆၇) နှစ်ရှိပေပြီ။ သို့သော် ငယ်စရိုက်မဖျောက်ဘဲ ယခုထိတိုင် အပေါင်းအသင်းများနှင့် ပျော်ပျော်နေဆဲရှိချေ၏။

*(သူငယ်ချင်း မွတ်တားသို့ အမှတ်တရ)*

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ဆတဆ ၁ ၀၈၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - [illegible])

"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်၊ "ဩော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဝိုကြီးအိုပေါက်စ ကျနေတာပဲ၊ ချည့်နဲ့နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မှုဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး ဆေးစစ်ဆေးမှုတွေလဲ လုပ်တာပဲနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘောသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ "ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက သတိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော် တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာလန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ




ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့""ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ်ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောတိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်းစေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော မောင်ထွန်းကျော် ကျန်းမာစိုပြည်လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု. . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကိုသုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com

ဝဲကြီးဒေါင့်ရွာသည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် တည်ရှိသည်။ ဧရာဝတီမြစ်ရေသည် ပုသိမ်သို့ ခွဲထွက်စီးဆင်းလာရာ ပုသိမ်မြစ်ဟု ခေါ်ပြန်သည်။ ပုသိမ်မြစ်ကမ်းခြေတွင် သာပေါင်းမြို့၊ ပုသိမ်မြို့၊ ငပုတောမြို့၊ ဝါးခယ်မမြို့၊ မြောင်းမြမြို့တို့ရှိကြသည်။ ဝဲကြီးဒေါင့်ရွာသည်လည်း သာပေါင်းမြို့အနီး ပုသိမ်မြစ်ကမ်းတွင် တည်ရှိသည်။ ရွာသူရွာသားများမှာ

ဘာဖြစ်မည်ကို ကြိုသိလေသည်။ ဧရာဝတီတိုင်းဒေသကြီး၌ သာသနာပြုမည့် ရဟန်းတစ်ပါးဖြစ်လာမည်။ အခက်အခဲများလည်းကြုံရမည်။ မိမိနှင့် ပြန်ဆုံကြရဦးမည်။

"ကိုရင်လေး၊ လာပါဦး"

"ဘာလဲ ဒကာကြီး"

"ကိုရင်လေးရဲ့ဥပမိရုပ်ကြည့်ရတာ ရဟန်းဖြစ်မယ့်ရုပ်ပဲ။ ရော့ - ဒီရေနွေးကြမ်းသောက်၊ ဒီငှက်ပျောသီး(၃)လုံးကို

များဝင်သည်။

တောင်ပေါ်တွင် သာပေါင်းမြို့က ဒကာမကြီး ဒေါ်သိန်းရင်က ဘုရားတည်လေသည်။ ဘုရားအမကြီး ဒေါ်သိန်းရင်အကြောင်းကို အနည်းငယ်ပြောပြချင်ပါသည်။ ဒေါ်သိန်းရင်သည် သာပေါင်းမြို့တွင် ရွှေဆိုင်ပိုင်ရှင် ဖြစ်သည်။ ချမ်းသာသောမိသားစုဖြစ်သည်။

# အဏ္ဏဝါလှိုင်း

## ပုပ္ပားတောင်ကလပ်တွင် အဘအောင်မင်းခေါင်နှင့် ဆုံတွေ့ဖူးသော ဝဲကြီးဒေါင့်ဆရာတော်အကြောင်း



လယ်ယာလုပ်ကိုင်စားကြသည်။ တချို့တောတက်၍ သစ်ခုတ်ဝါးခုတ်ဖြင့်ရှာဖွေစားသောက်ကြလေသည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းသာ ရှိသည်။ ကျောင်းထိုင်ဆရာတော်မှာ ဦးသုနန္ဒဖြစ်သည်။ အမည်ရင်းကို မခေါ်ကြဘဲ ဝဲကြီးဒေါင့်ဆရာတော်ဟု ခေါ်ကြသည်။

ဆရာတော်၏ အသက်တော် (၈၀) အတွင်းသို့ ဝင်ရောက်လာသည်။ ငယ်စဉ်က ကိုရင်ဝတ်ဘဝဖြင့် ပုပ္ပားတောင်ကလပ်တွင်နေခဲ့ဖူးသည်။ ထိုစဉ်က နာမည်ကြီးသော လူဝိဇ္ဇာဓိုရ် ပုပ္ပားအောင်မင်းခေါင်ကို မီခဲ့သည်။ ကလေးအရွယ် ကိုရင်ဝတ်ဘဝဖြင့် အဘကိုစိတ်ထဲတွင် မနှစ်သက်ဘဲဖြစ်နေသည်။ လူဝတ်ကြောင်ဖြင့် ဘုန်းတန်ခိုးကြီးနေသဖြင့် သက်န်းဆီးထားသော ကိုရင်က ကြည့်မရ သဘောမကျခြင်းဖြစ်နေတော့သည်။

အဘအောင်မင်းခေါင်က ရှေ့

ဘုဉ်းပေးပါ"

ဟု ကိုရင်လေးကို ဆက်ကပ်လိုက်သည်။

"တပည့်တော် ဆက်ကပ်သော ဒီငှက်ပျောသီးဟာသိဒ္ဓိရှိတယ်။ တစ်ချိန်ကျရင် အကျိုးပေးလိမ့်မယ်။ ရဟန်းဖြစ်လို့ သာသနာပြုရင်း ဒုက္ခကြုံလာရင် ဒကာကြီးကို တ,လိုက်ပါ"

ဟု လျှောက်ထားခဲ့ပေသည်။

ကိုရင်လေးက ငှက်ပျောသီး (၃) လုံးကို ဘုဉ်းပေးပြီး မေ့မေ့ပျောက်ပျောက်နေခဲ့သည်။ နှစ်ကလည်း ကြာညောင်းခဲ့လေပြီ။ ကိုရင်လေးဘဝမှ ရဟန်းဘဝသို့ရောက်ခဲ့ပြီ။ ဝဲကြီးဒေါင့်ကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးရင်း ဝိဇ္ဇာပညာရပ်များကို လိုက်စားသည်။ သာပေါင်းတောင်ညိုသို့ ကြွသည်။ အဓိဋ္ဌာန်စခန်း

'ဒေါ်သိန်းရင်' ရွှေဆိုင်ဆိုလျှင် မသိသူမရှိပါ။ တိုက်နှင့်ကားနှင့် မိသားစုဘဝပျော်ပျော်ရွှင်ရွှင် နေထိုင်လာခဲ့သည်။ ဒေါ်သိန်းရင်သည် စီးပွားဥစ္စာတို့ကို သားသမီးများအား ခွဲဝေအပ်နှင်းပြီး သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်နေလေသည်။ ခင်ပွန်းမှာ ကလေးတွေငယ်စဉ်ကပင် ဆုံးပါးသွားခဲ့သည်။ ဒေါ်သိန်းရင်သည် သာပေါင်းမြို့မှ တောင်ညိုသို့ ရောက်လာသည်။ အဘအောင်မင်းခေါင်က ဘုရားတည်ခိုင်းလို့ ဘုရားလာတည်တာဟု ပြောသည်။

"အဘ၊ သမီး တောထဲမှာ ဘာစားရမှာလဲ"

ဟု လျှောက်ထားသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခဲတစ်လုံးကိုပေးသည်။

"သိန်းရင်၊ ငတ်မှာကြောက်တယ်ပေါ့။ ရော့ - ဒီကျောက်တုံး ရေစိမ်သောက်"

ဟု အဘက ပေးခဲ့သည်။

အဘပေးသော ကျောက်တုံးဖြင့် ရေစိမ်သောက်၍ သာသနာပြုနေသော ဒေါ်သိန်းရင် ယခု တောင်ညိုမှာ ဘုရားတည်နေလေသည်။ ဘုရားတည်ဖို့ အုတ်



ခုတ်သည်။ ရသေ့လေးတစ်ပါးအား အုတ်ဖုတ်သမားများကို ကြီးကြပ်ပေးပါ မှ အကူအညီတောင်းခံရသည်။ ထို ရသေ့လေးသည် သက်သတ်လွတ်စားသည်။ အမိဋ္ဌာန်ဝင်၍ တစ်ခါမီးလွှတ်ထားသည်။

ဝဲကြီးဒေါင့်ဆရာတော် ကြွလာသည်။ ဒကာမ ဒေါ်သိန်းရင် ဝတ်ချသည်။

"တပည့်တော် ဒီတောင်မှာ ဘုရားတည်နေတဲ့ ဒကာမ သိန်းရင်ပါ ဘုရား"

"အေးအေး- နင်ဘုရားတည်တာဘာလိုသလဲ၊ ဘာအခက်အခဲဖြစ်လဲ"

"တပည့်တော် အခက်ခဲဆုံးက ရေမရှိတာဘဲ ဘုရား။ ချောင်းကြိုချောင်းကြားမြောင်းကြိုမြောင်းကြားမှာရှိတဲ့ ရေကို တောင်ပေါ်ရောက်ဖို့တော်တော်ခက်တယ်ဘုရား"

"ဒီညရေတွေတောင်ပေါ်ရောက်လာလိမ့်မယ်၊ ထည့်စရာကောရှိရဲ့လား"

"အုတ်ကန် (၁) လုံး ရှိပါတယ်ဘုရား"

"အေးအေး- ဒကာမကြီးဆန္ဒပြည့်လိမ့်မယ်"

ဝဲကြီးဒေါင့် ဆရာတော်သည် တောင်ညိုဘုရားတွင် အမိဋ္ဌာန်ဝင်သည်။

ဝိဇ္ဇာအစည်းအဝေး တက်ရောက်နိုင်သော ရဟန်းဝိဇ္ဇာဖြစ်သည်။ ဆရာတော်ကြီး၏ ဘုန်းရိပ်ကံရိပ်မေတ္တာရိပ်ကို ခိုလှုံသော တောင်စောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ သိုက်နန်းရှင် အစရှိသောပုဂ္ဂိုလ်တို့ ရောက်လာကြသည်။ ဆရာတော်၏အမျှကို သာဓုခေါ်ချင်သည်။ သာဓုခေါ်ခွင့်ရပါက အဆင့်အတန်းတွေ တစ်ဆင့်မြင့်တက်သွားလေသည်။ စုဝေးရောက်ရှိလာသော မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာရပ်ခံလိုက်သည်။

"လူတွေနဲ့ ဘုရားတည်တာ ရေလိုနေတယ်။ မင်းတို့ ဒီည တောင်ပေါ်ကို ရေခပ်ပေးကြ၊ လက်တွေ့အကျိုးထူးတွေ ရလိမ့်မယ်"

ဟု နှုတ်မှမြွက်ကြားလိုက်သည်။

ထူးဆန်းသောအဖြစ်အပျက်တစ်



www.burmeseclassic.com

www.burmeseclassic.com

ခ ပေါ်ပေါက်လာသည်။ တောင်ခြေတွင်ရှိသော ရွာကြီး၊ ရွာငယ်အသွယ်သွယ်မှ ကလေး၊လူကြီးမကျန် ရွာလုံးကျွတ်ထွက်လာကြလေသည်။ လက်တွင် မီးတုတ်များ၊ ရေနံဆီမီးခွက်များကိုင်ပြီး ကျန်တစ်ဖက်က ရေပုံးကိုယ်စီကိုင်၍ တောင်ကျချောင်း၊ မြောင်းထဲမှ ရေများကို ခပ်ကြလေသည်။ ရေများကို တောင်ညိုတောင်ပေါ် သို့ပို့ကြလေသည်။ သီချင်းဆိုသူဆိုသည်။ အတင်းပြောသူကလည်း ပြောသည်။ အားလုံးပျော်ပျော်ရွှင်ရွှင်နှင့် တက်ညီလက်ညီ ရေခပ်ကြလေသည်။ ညလုံးပေါက်ရေခပ်၍ အုတ်ကန်ထဲ ရေပြည့်မှ ပြန်သွားကြလေသည်။

မနက်မိုးလင်းသောအခါ အုတ်ကန်တွင် ရေအပြည့်ဖြစ်နေလေတော့သည်။ ဘုရားအမကြီး ဒေါ်သိန်းရင်မှာ လွန်စွာ အံ့ဩ၍နေလေတော့သည်။

"ဆရာတော်ဘုရား၊ ညက ဘယ်ရွာကလူတွေလဲမသိဘူးဘုရား။ ကလေး၊လူကြီးအားလုံး ရေကုသိုလ်လုပ်ပေးသွားကြတာ ရေကန်မှာ ရေအပြည့်ပဲ ဘုရား"

"ဒကာမကြီး ဆန္ဒပြည့်ပြီ မဟုတ်လား။ ဘုရား ဆက်တည်တော့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

ဆရာတော်ကို ဝတ်ချပြီး ဘုရားတည်ခြင်းအမှုကို ဆောင်ရွက်လေတော့သည်။ ရေခပ်တာ ရွာကလူတွေဟု ထင်နေလေသည်၊ အမှန်မှာ ဆရာတော်ကြီး၏ မေတ္တာရပ်ခံချက်ကြောင့် သိုက်နန်းရှင်များ၊ ဥစ္စာစောင့်များ၊ နာနာဘာဝ၊ ဝိနာဘာဝများက လူယောင်ဖန်ဆင်း၍ ရေကုသိုလ်ပြုသွားခြင်း ဖြစ်သည်။ ဝဲကြီးဒေါင့်ဆရာတော်၏ ဂုဏ်သတင်းသည် သာပေါင်းမြို့တွင်မက ဧရာဝတီတိုင်းဒေသကြီးအနှံ့ ပျံ့နှံ့လေတော့သည်။

ဆရာတော်ဘုရား သာပေါင်းမှ တောင်ညိုသို့ ကြွသွားရာလမ်းတွင် အိမ်ခြေ(၂၀)စုရွာသေးသေးလေး (၂)ရွာကို ဖြတ်သွားရသည်။ ရွာတစ်ရွာတွင် ဝါးကျောင်းလေးတစ်ကျောင်းဆောက်ပြီး ဘုန်းကြီးတစ်ပါးပင့်၍ ကိုးကွယ်ထားလေသည်။ ထိုဦးပဉ္စင်းလေးမှာ ဝဲကြီးဒေါင့်ဆရာတော်ကို အလွန် ကြည်ညိုသည်။ ဆရာတော် အသွား/အပြန်တွင် သူ့ကျောင်းကိုဝင်၍ နားသည်။ ရေပူရေအေး ဆက်ကပ်သည်။

"မောင်ပဉ္စင်းဘွဲ့က ဘယ်လိုခေါ်လဲ"

"ဦးကုက္ကသရိယပါ ဘုရား"

"ရေပူရေအေး ဆက်ကပ်ဝတ်ဖြည့်တာ ကျေးဇူးတင်တယ်။ အိမ်ခြေက ဘယ်လောက်ရှိလဲ"

"(၂၀) ပါ ဘုရား"

"ဆွမ်းကွမ်းကော အဆင်ပြေလား"

"တပည့်တော်တစ်ပါးကတော့ လောက်ငပါတယ် ဘုရား။ တပည့်တော်က စေတီတစ်ဆူတည်ထားကိုးကွယ်ချင်တယ် ဘုရား"

"မင်းဘာတွေလုပ်ထားသလဲ"

"တပည့်တော်အင်အားနဲ့ ဘုရားမတည်နိုင်ဘူး။ သာပေါင်းမြို့နယ်ရုံးကို စာတင်ထားတယ်ဘုရား"

"ဘယ်လောက်ကြာပြီလဲ"

"(၃)နှစ်ကျော်ပါပြီ ဘုရား၊ ဘာအကူအညီမှ မရပါဘူး"

"ဦးပဉ္စင်းထက် အရေးကြီးတာတွေ ဦးစားပေးနေလို့ဖြစ်မှာပေါ့"

"တပည့်တော် လက်လျှော့လိုက်ပါပြီ ဘုရား။ ဒီလောက်တောခေါင်ခေါင်မှာ ဘယ်သူက ဘုရားလာတည်ပေးမှာလဲ"

"မောင်ပဉ္စင်း၊ တကယ် ဘုရားတည်ချင်တာလား"

"တကယ် ဘုရားမရှိလို့ တည်ချင်တာပါ ဘုရား"

ဤမျှ တောခေါင်သော၊ လူသူအရောက်အပေါက်နည်းသော တောရွာဇနပုဒ်က ဘုန်းကြီးတစ်ပါးက ဘုရားတစ်ဆူတည်ပေးဖို့ ဘယ်ဌာန၊ ဘယ်ရုံးမှ ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပေ။ ကိုယ့်အစီအစဉ်နှင့်ကိုယ်တည်ပါက လိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းများ လိုက်နာလျှင် သာသနာရေးဆိုင်ရာခွင့်ပြုချက်ထုတ်ပေးပါသည်။ ခွင့်ပြုချက်သာရမည်၊ ဘုရားအစအဆုံးတည်ပေးဖို့ဆိုတာ (လုံးဝ) မဖြစ်နိုင်ပါ။

ဝဲကြီးဒေါင့်ဆရာတော်က အကြံပေးလေသည်။

"ဦးပဉ္စင်းလေး တကယ်ဘုရားတည်ချင်ရင်တော့ အကြံတစ်ခုပေးခဲ့မယ်။ လုပ်နိုင်ရင်တော့ ဘုရားတစ်ဆူလာတည်ပေးလိမ့်မယ်"

"မှန်ပါဘုရား၊ တပည့်တော်လုပ်ပါ့မယ်ဘုရား"

ဝဲကြီးဒေါင့်ဆရာတော်မှ အကြံဉာဏ်ပေးလိုက်ရာ ဦးပဉ္စင်းလေးမှာ ထီပေါက်သလို ဝမ်းသာသွားသည်။ ထိုအကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရာ (၃)လခန့်ကြာသောအခါ ဘုရားတည်သောအဖွဲ့ ရောက်လာသည်။

ဘုရားတည်ပေးမည့် ဒကာကြီးမှာ ပုသိမ်မြို့ ရွှေမြင်တင်ဘုရားနားတွင် နေထိုင်ပါသည်။အမည်မှာ ဗိုလ်မှူးသိန်းတန် (အငြိမ်းစား) ဖြစ်သည်။ ကျောင်းသို့ရောက်လာပြီး ဆရာတော်အား ဝတ်ဖြည့်သည်။

"တပည့်တော်တို့က ပုသိမ်ရွှေမြင်တင်ဘုရားနားမှာ နေပါတယ် ဘုရား။ အရှင်ဘုရားဘွဲ့က ဘယ်လိုခေါ်ပါသလဲ ဘုရား"

"ဦးပဉ္စင်းဘွဲ့ ဦးကုက္ကသရိယပါ"

"ဒါဆိုရင် အရှင်ဘုရားက ဘုရားတည်ချင်တဲ့ ဦးပဉ္စင်းလား ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ဒကာကြီးတို့က ဘာလုပ်ဖို့လာကြတာလဲ"

"တပည့်တော်တို့က အရှင်ဘုရားကျောင်းမှာ (၉)တောင်ပြည့်ဘုရားတစ်ဆူတည်ပေးဖို့ လာခဲ့ကြတာ ဘုရား"

"ဒကာကြီးတို့ကို ဦးပဉ္စင်း မသိဘူး။ ဒါနဲ့ ဘယ်လိုဘယ်လို ဆက်စပ်ပြီး ရောက်လာကြတာလဲ"

"တပည့်တော်တို့ ကိုးကွယ်တဲ့ အဘ ဆိုတာရှိတယ်။ အခု ရန်ကုန်မှာ နေတယ်။ မနေ့က အဘထံမှ ဖုန်းဆက်တယ်။ ဒီသာပေါင်းကနေ တောင်ညိုသွားတဲ့လမ်းမှာ ရွာတစ်ရွာရှိတယ်။ ဆရာတော် ဦးကုက္ကသရိယလို့ ခေါ်တယ်။ ဘုရားတည်ချင်နေတာ (၃) နှစ်လောက်ရှိပြီ။ တည်ပေးမယ့် ဒကာမပေါ်ဘူးဖြစ်နေတယ်။ မင်းသွားတည်ပေးလိုက်လို့ ပြောတယ်"

"သြော် - ဒကာကြီးတို့ အဘက တည်ခိုင်းတာဟုတ်လား"

"ဟုတ်တယ် ဘုရား၊ အရှင်ဘုရားက တွေ့ဖူးလို့လား။ အဘထံ အကူအညီတောင်းထားတာလား ဘုရား"

"ဒကာတို့ရဲ့အဘကို မတွေ့ဘူးပါဘူး။ ဒါပေမယ့် အကူအညီတောင်းထားတာတော့ မှန်တယ်"

"တပည့်တော်မရှင်းဘူးဘုရား"

"ဒါဆိုရင် ဦးပဉ္စင်းအဖြစ်အပျက်လေး ပြောပြမယ်။ ခု ရေနွေးကြမ်းသောက်ပါဦး။ ထန်းလျက်လည်း သုံးဆောင်ပါဦး"

"တင်ပါ့ဘုရား"

"ဒကာကြီး၊ ဒီဘုရားခန်းထဲမှာ သေသေချာချာကြည့်ပါဦး။ ဘာထူး[illegible]လဲ"

"တပည့်တော် သေသေချာချာကြည့်ပါတယ်ဘုရား။ ထူးတာကတော့ အဘအောင်မင်းခေါင်ရုပ်တုတစ်ဆူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရတယ်ဘုရား။ ဒီရုပ်တုရှေ့မှာ အဝတ်သန့်သန့်ပေါ်မှာ တိုက်ပန်းကန်ပြားတစ်ချပ်လည်း တွေ့ရမယ်။ ဒီပန်းကန်ပြားပေါ်မှာလည်း စာအိတ်လေးတစ်အိတ်ရှိတယ် ဘုရား"

"ဟုတ်တယ်။ ဒါ ထူးခြားမှုပဲ ဒကာကြီး။ ဒီစာအိတ်ယူခဲ့။ ဒကာကြီးဖောက်ကြည့်လိုက်ပါ"

"တင်ပါ့ဘုရား"

ဗိုလ်မှူးသိန်းတန်သည် ဆရာတော်ညွှန်ကြားရာ တိုက်ပန်းကန်ပြားထဲမှ စာအိတ်ကို ယူလိုက်သည်။ စာအိတ်ကိုဖောက်၍ဖတ်လိုက်သောအခါ အံ့သြနေမိပါတော့သည်။

စာမှာ အောက်ပါအတိုင်း ရေးထားလေသည်။

*သို့/*

*ဒကာကြီးအောင်မင်းခေါင်(ပုပ္ပား)*

*ဝိဇ္ဇာခိုရ်ကြီး*

*ရက်စွဲ ၁-၁-၂၀၁၀*

*ဒကာကြီးဟာ ဝိဇ္ဇာမိုရ်ဖြစ်တယ်။ ဘုရားဆုပန်သော အာဇာနည်ပုဂ္ဂိုလ်ကြီးဟု ဦးပဉ္စင်း သိပါသည်။ ဂေါတမဘုရားရှင်သာသနာတွင် စွမ်းစွမ်းတမံ သာသနာပြုနေသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ဦးပဉ္စင်း ရွာတွင် (၉) တောင်ပြည့်ဘုရားတည်ချင်သည်။ ဘုရားကို ပူဇော်ချင်သည်။ မိမိအစွမ်းဖြင့် မည်သို့မျှမတတ်နိုင်ပါ။ ဦးပဉ္စင်း၏ဆန္ဒကို ဖြည့်ဆည်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။*

*ဒကာကြီးဟာ ပါရမီဖြည့်နေသော ပုဂ္ဂိုလ်ထူး ဖြစ်ပေသည်။ ဘုရားတည်သော ယခုအမှုကိစ္စကို လွယ်လွယ်ကူကူ ဆောင်ရွက်ပေးမည်ဟု ဦးပဉ္စင်း ယုံကြည်ပါသည်။*

(ဦးက္ကသရိယ)

"ဦးပဉ္စင်း၊ ဒီစာနဲ့ အဘအောင်မင်းခေါင်ထံ အကူအညီတောင်းထားဘာပဲ"

"ဟုတ်တယ် ဒကာကြီး"

ဗိုလ်မှူးသိန်းတန် အတော်အံ့သြသွားသည်။ ရုံးအဆင့်ဆင့်၊ အထက်ဌာနသို့ တင်ပြသောစာမျိုးဖြင့် သာပေါင်းရုံးတွင်မတင်ဘဲ မထင်မရှား အဘရုပ်တုရှေ့တွင် တင်ပြထားလေသည်။ ဒီစာကို အဘဘယ်လိုသိသလဲ။ ဒီစာကြောင့်ပင် ဘုရား (၁) ဆူတည်ပေးရန် ညွှန်ကြားခြင်းဖြစ်သည်။ လောကကြီးသည် တစ်ခါတစ်လေ ထူးထူးဆန်းဆန်းတွေဖြစ်တတ်လေသည်။

ဗိုလ်မှူးသိန်းတန် နားလည်သွားသည်။ ငါတို့အဘက ဝိဇ္ဇာပဲ။ လူလို စာတိုက်က ပို့စရာမလိုဘူး။ သူ့ပုံတော်ရှေ့မှာဘဲ စာထည့်လို့ရတာပေါ့။ ဒါဆိုလျှင် ရုပ်ရှိမှ နာမ်ကိန်းလို့ရတယ်ဆိုတာ လက်ခံလိုက်လေသည်။ အဘထံ ဖုန်းဆက်သည်။ အဘစေခိုင်းသောရွာသို့ ရောက်ပြီ။ အဘမေးခိုင်းလိုက်သော ဦးက္ကသရိယဘွဲ့လည်း မှန်တယ်။ ဘုရားတည်ချင်တာလည်း မှန်တယ်၊ ဘာဆက်လုပ်ရမှာလဲဟု လျှောက်ထားရာ အဘက (၉) တောင်ပြည့် ဘုရားတစ်ဆူတည်ပေးရန် ညွှန်ကြားလေတော့သည်။

ဗိုလ်မှူးသိန်းတန်နှင့် အဖွဲ့သည် (၉)တောင်ပြည့်ဘုရားတစ်ဆူကို သုံးလနှင့်အပြီး တည်ဆောက်လေသည်။ ထီးတင်ပွဲကို တပေါင်းလပြည့်တွင် တင်လှူပူဇော်မည်။ ရန်ကုန်က အဘလည်းကိုယ်တိုင်ကြွမည်။

ဦးပဉ္စင်းလေး 'ဦးက္ကသရိယ'သည် သူ့ဆရာ ဝဲကြီးဒေါင့်ဆရာတော်ထံသို့ ကြွပြီး အခြေအနေ အကျိုးအကြောင်းကို လျှောက်တင်လေသည်။

"ဆရာတော်ဘုရား၊ တပည့်တော် ဆရာတော်ပြောတဲ့အတိုင်း လုပ်တာ အခု ဘုရားတစ်ဆူ တည်ပြီးပြီ ဘုရား။ တပေါင်းလပြည့်မှာထီးတင်မယ်။ ဘုရားတည်ပေးတဲ့ အဘအောင်မင်းရှင်လည်း ကိုယ်တိုင် ကြွလာမယ်လို့ သိရတယ်ဘုရား"

ဝဲကြီးဒေါင့်ဆရာတော်သည် ပြုံးပြုံးနှင့်ပီတိဖြစ်နေလေတော့သည်။ ဘုရားတစ်ဆူရသောဦးပဉ္စင်းလေးကို ကြည့်ပြီး ကျေနပ်နှစ်သက်နေလေသည်။ ဝဲကြီးဒေါင့်ဆရာတော်၏ အပြုံးတစ်ချက် နောက်ကွယ်တွင် အကြောင်းတစ်ခုရှိပါသည်။ ထိုအကြောင်းကိုတော့ ဦးပဉ္စင်းလေး မသိပါ။ အမှန်မှာ တောင်ညိုတောင် ဝိဇ္ဇာအစည်းအဝေးတွင် ဝဲကြီးဒေါင့်ဆရာတော် တက်ရောက်ခဲ့သည်။ အဘအောင်မင်းခေါင်နှင့် တွေ့ဆုံ၍ ဘုရားတစ်ဆူတည်ပေးရန် မိမိမှ မေတ္တာရပ်ခံချက်ကြောင့် ယခု ဘုရားတည်ပေးခြင်း ဖြစ်ပါသည်။

ဘုရားထီးတင်ပွဲသို့ အဘအောင်မင်းရှင်ကိုယ်တိုင် ကြွလာသည်။ အဘအောင်မင်းရှင် ဆိုသည်မှာ မြန်မာပြည်သို့ ပြန်ဝင်လာသောကြောင့် လည်းကောင်း၊ ဒုတိယအကြိမ် လူ့ဘဝ၊ လူ့လောကတွင် ပြန်ရှင်လာသည်ဟု အတိတ်ဖြင့် 'အောင်မင်းရှင်'ဟု ခေါ်ခြင်းဖြစ်သည်။ တချို့က ပုပ္ပားအောင်မင်းခေါင်ဟု ပြောကြသည်။ အဘသည် သာပေါင်းသို့ရောက်သောအခါ ဝဲကြီးဒေါင့်ဆရာတော်လည်း ကြွလာသည်။ အဘက ဆရာတော်အား ဝတ်ဖြည့်သည်။

"ဆရာတော် ကျန်းမာရဲ့လားဘုရား"

"ဒကာကြီးမေတ္တာကြောင့် ကျန်းမာပါတယ်"

"ဝဲကြီးဒေါင့်ဆရာတော် ဆိုပြီး ဧရာဝတီတိုင်းဒေသကြီးမှာ နာမည်ကြီးနေပါတယ်"

"ဒကာကြီးရဲ့ကျေးဇူးတွေပဲ။ ပုပ္ပားတုန်းက ငှက်ပျောသီး(၃)လုံးကျွေးလို့"

"ပုပ္ပားတုန်းက အရှင်ဘုရားက ကိုရင်လေးပဲရှိသေးတာ။ တပည့်တော်ကို ကြည့်မရဘူး။ ဘာလို့လဲ"

"ကျောင်းထိုင်ဆရာတော်က ကိုရင့်ကို ဒကာကြီးစားဖို့ ဆွမ်းပို့ခိုင်းတာ။ သက်န်းဝတ်နဲ့ လူကို ဆွမ်းပို့ရတာကို မကျေနပ်ဘူးဖြစ်နေတာ"

"ဦးပဉ္စင်းက ခုထိ တပည့်တော်အပေါ် မကျေမနပ်ဖြစ်နေတာလားဘုရား"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ ကိုရင်ဘဝ ကလေးသဘာဝမို့ မလုပ်ပေးချင်တဲ့သဘောပါ။ ဒကာကြီးပြောခဲ့တာ ဦးပဉ္စင်း မှတ်မိနေသေးတယ်"

"ဒကာကြီးက ဘာပြောလို့လဲ"

"ဒကာကြီးက ငှက်ပျောသီး (၃) လုံးလည်း ကျွေးသေးတယ်၊ တစ်ချိန်ကျရင် သာသနာပြုရဟန်းတစ်ပါး ဖြစ်လိမ့်မယ်လို့လည်း ပြောတယ်"

"နောက်ထပ် စကားတစ်ခွန်းကျန်သေးတယ်ဘုရား"

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒကာကြီးနဲ့ ပြန်ဆုံမယ်လို့ ပြောတယ်"

"အရှင်ဘုရား၊ တပည့်တော်တို့ ကွဲသွားတာ အတော်ကြာပြီပဲ။ ခုလိုပြန်ဆုံတာ တပည့်တော် ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ် ဘုရား"

အဘနှင့် ဝဲကြီးဒေါင့်ဆရာတော်တို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုဆွေးနွေးနေကြသည်။ အဘ၏ သားသမီးများကလည်း အဘတို့စကားဝိုင်းဘေးတွင် ထေး၍ နားထောင်နေကြလေသည်။ အဘအောင်မင်းခေါင်ကိုမိခဲ့သော ဝဲကြီးဒေါင့်ဆရာတော်အား ဦးချကန်တော့ကြလေသည်။

အညာဥာဏ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖုန်အင်ခ။

သည်အခေါ်အဝေါ်က ကချင်စကား ဖြစ်သည်။ ဗမာလိုခေါ်တော့ 'ဖုန်အင်ချောင်း' ဟု ခေါ်ရမည်။ သို့ရာတွင် ဖုန်အင်ခသည် 'ဖုန်အင်ခ' သာ ဖြစ်သည်။ 'ခ' ဟူသည် 'ချောင်း၊ မြစ်၊ ရေ' ဟူ၍ ကချင်နယ်ရောက်သူတိုင်း သိကြသည်။ အထူးသဖြင့် ကျွန်တော်တို့ စစ်သားများသည် ကချင်စကားကို ထမင်းစားရေသောက် (ရှ,ရှား၊ ခ,ကု) လောက်တော့ အားလုံး သိကြတတ်ကြသည်။

ဖုန်အင်ခချောင်းသည် အင်ခရိုက်ဘွန်တောင်ကြီးအား ချောင်းဖျားခံ၍ တောင်မှမြောက်သို့ ဖီလာစီးဆင်းသည့် ချောင်း ဖြစ်သည်။

ချောင်းအကျယ်မှာ ပေ(၁၀၀)ခန့်သာ ကျယ်သည်။ ရာသီမရွေး ရေစီးဆင်းနေသည့် ဇောက်နက်တောင်ကြား ချောင်း ဖြစ်သည်။ အောက်ခြေတွင် ကျောက်သားအတိပြီးသကဲ့သို့ ဝဲ၊ ယာမှလည်း ကျောက်ကမ်းပါးများသာ ဖြစ်သည်။ သို့ဖြစ်၍ ချောင်းရေမှာ အမြဲကြည်လင်အေးမြလျက်ရှိသည်။

ဖုန်အင်ခချောင်းပေါ်တွင် အရှည်ပေ (၂၀၀) ခန့် သံတံတားခင်းထား၏။

မြစ်ကြီးနား - ဆွမ်ပရာဘွန်ကားလမ်းမကြီးသည် ဖုန်အင်ခချောင်း မလိခမြစ်အတွင်း စီးဝင်ခါနီးဆဲဆဲတွင် ဖြတ်သန်းသွားပါသည်။

မြစ်ကြီးနားနှင့် မိုင်(၄၀)ခန့်ဝေး၏။

ရွာမရှိ။ အိမ်မရှိ။ လူမရှိ။ တကယ့်တောခေါင်ခေါင်။ တစ်ခုတော့ရှိသည်။ ဖုန်အင်ခချောင်းနှင့် တော်တော်လှမ်းလှမ်းတွင် တောင်ယာတဲနှစ်လုံး၊ သုံးလုံးခန့်ရှိ၏။

ဖုန်အင်ခတံတား၏ အနောက်ကမ်း (ဆွမ်ပရာဘွန်) ဘက်တွင် တံတားလုံခြုံရေးတပ်စု ရုံးစိုက်သည်။ အရှေ့ဘက်ကမ်း (မြစ်ကြီးနား)ဘက်တွင် တပ်ဖွဲ့တစ်ဖွဲ့ (စစ်သည်သုံးဦး) အလှည့်ကျကာ ကင်းတစ်ဖွဲ့ရှိသည်။

လှုပ်ရှားတပ်ခွဲတစ်ခွဲရှိသည်။ မြစ်ကြီးနား - ဆွမ်ပရာဘွန်ကားလမ်းတစ်လျှောက်နှင့် ဝဲယာလှုပ်ရှားနေ၏။ သို့ဖြစ်၍ ကျွန်တော့်တပ်စုသည် တံတားလုံခြုံရေးသာ အဓိကတာဝန်ယူရသည်။ ရံဖန်ရံခါ ယာဉ်တန်းသွားလာမှုရှိမှ လမ်းကြောင်းလုံခြုံရေးယူရသည်။

တံတားလုံခြုံရေးတာဝန်အား (၆) လ (၁)ကြိမ်လဲလှယ်ပေးသည်။ မိမိတာဝန်ယူစဉ်ကာလအတွင်း ခြံစည်းရိုးကတုတ်ကျင်းများ ခိုင်မာတောင့်တင်းအောင်ပြုပြင်ရဆောက်လုပ်ရသည်။

၁၉၈၀ ပြည့်နှစ်။

ဖုန်အင်ခတံတားလုံခြုံရေးတာဝန်အား ကျွန်တော် ဦးစီးတပ်စုတစ်စု (လူသုံးဆယ်ခန့်) တာဝန်ယူရသည်။

လူသူအရောက်အပေါက်နည်းပါးသည်။ တစ်လနှစ်ခေါက်၊ သုံးခေါက်ခန့်သာ ဖြတ်သန်းသွားသည့် မြစ်ကြီးနား-ဆွမ်ပရာဘွန်ဈေးရောင်း၊ ဈေးဝယ်သွားသည့် ဂျစ်ကား (တစ်ခါတစ်ရံ နောက်တွဲပါ) တစ်စီး၊ နှစ်စီးရှိသည်။

သို့ဖြစ်၍ အသား၊ ငါး၊ အသီးအရွက်ရှားသည်။ အနေကြာလာမှသာ ကားသမားများ ရင်းနှီးလာ၍ မြစ်ကြီးနားသို့ လိုအပ်သည်များမှာယူရသည်။

ကျွန်တော်တပ်စုတွင် မုဆိုးကျော်တစ်ယောက်ရှိသည်။

သူ့အမည်ကား ဒုတပ်ကြပ်

# အောင်မြင့်မိုး

## နေရာအမှန်ပြန်တော့ကွယ်





www.burmeseclassic.com

www.burmeseclassic.com

ချမ်းဆောင် (ဆရာချမ်း) ဖြစ်သည်။
မုဆိုးကျော် ဆရာချမ်းသည် ကချင်မျိုးနွယ်ဝင် 'လာချိပ်' တိုင်းရင်းသား ဖြစ်သည်။
အသက် (၃၀) နီးပြီ။ လူပျိုဖြစ်သည်။
စွမ်းရည်ပြည့်ဝသည်။ သွက်လက်ဖျတ်လတ်သည်။ ယောကျ်ားပီသသည်။ စိတ်ရင်းသဘောကောင်း၍ ပျော်ပျော်နေတတ်သူပါ။ ရဲဘော်စိတ်အပြည့်ရှိသူဖြစ်၏။
မုဆိုးအလုပ်ကိုမူ အလွန် ကျွမ်းကျင်လှသည်။ သူ့အဝါး(အဖေ)မှာ မုဆိုးအလုပ်ဖြင့် အသက်မွေးခဲ့သည်ဟု ဆိုသည်။ ဆရာချမ်းလည်း ငယ်စဉ်ကပင် သူ့အဝါးထံမှ မုဆိုးတို့တတ်အပ်သည့် ပညာရပ်များကို ကျကျနန သင်ယူခဲ့





www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျွန်တော့် တပ်စုအတွက်ကား ဆရာချမ်းသည် တကယ့်ကို ရိက္ခာစို ဂိုဒေါင်ကြီးပမာတည်း။ စခန်းရှိစစ်သည် များ အသားဟင်းမပြတ်လှပါ။ အမဲပစ် ကျွေး၏။ ဖုန်အင်ခချောင်းအတွင်းမှ ငါး ရှာကျွေး၏။

ကျွန်တော်ကမူ ဘာသာတရား အတော်အတန်လိုက်စားသူ ဖြစ်သည်။ (လွန်လွန်ကဲကဲမဟုတ်)။ သို့ဖြစ်၍ အမဲသား၊ ငါး ရှာဖွေရန် ကျွန်တော် ကိုယ်တိုင်စေခိုင်းခြင်း မရှိပါ။ တားမြစ် ခြင်းလည်း မပြုပါ။

တပ်စုတပ်ကြီး၊ တပ်ကြပ်ကြီး သိန်း အောင်မှ နားလည်မှုရှိစွာ လုပ်ဆောင် သွားပါသည်။

"ဗိုလ်ကြီး၊ ဆရာချမ်းနဲ့ ရဲဘော် တစ်ယောက် ရန်သူ့သတင်းထောက် လှမ်းဖို့ လွှတ်ပါမယ်"

ဟူ၍သာ အာပတ်လွတ်သတင်း ပို့ပါသည်။

ကျွန်တော့်အနေနှင့်လည်း တာဝန် ရှိသည့်အားလျော်စွာ လုံခြုံရေးဂရုစိုက် ရန်၊ ရန်သူ့သတင်းရရှိရန်၊ မလိုလားအပ် သည့် အုပ်ချုပ်မှုဖြစ်စဉ်များ မဖြစ်ပွားရန် မှာကြားရသည်။

သို့ရာတွင် ကျွမ်းကျင်သော မုဆိုး သည် မိမိကိုယ်ကို ဖုံးကွယ်၍ လုံခြုံစွာ နေတတ်သည်။ ခြေရာခံခြေရာကောက် ကောင်း၏။ တောသဘာဝ၊ တောတွင်း နေထိုင်စားသောက်ခြင်းပညာပြည့်စုံ၏။ သို့ဖြစ်၍ ရန်သူသည် မုဆိုးကြောက် သည်။ မုဆိုးသည် ရန်သူ၏ အရိပ်အကဲ၊ အနံ့အသက်တို့ကို ရန်သူ့အလျင် သိနိုင် စွမ်းပေသည်။

သည်ကနေ့လည်း ဆရာချမ်း သည် သူ့တပည့်ကျော် မုဆိုးပညာဆည်း ပူးနေသူ ပုဂံသား တပ်သား အေးကိုနှင့် အတူ နံနက်(၄)နာရီကပင် ထွက်ခွာ၍ သွားကြသည်။

ယခု (၉) နာရီထိုးတော့မည်။ ပြန် ရောက်သင့်ပြီ။

"ဒိန်း"

စဉ်းစာနေစဉ်တွင်ပင် သေနတ်သံ တစ်ချက် ခပ်အုပ်အုပ်ကြားရသည်။ ဆရာချမ်းတို့ ပစ်ခတ်ခြင်း ဖြစ်မည်။

နံနက် (၉) နာရီခွဲခန့်တွင် ဆရာ ချမ်းတို့ (၂) ဦး ပြန်လာပြီ။

တစ်စုံတစ်ရာအား စစ်စောင်ကျား ဖြင့်ထုပ်၍ ဝါးလုံးလျှိုကာ ရှေ့နောက် နှစ်ဦးထမ်းလာကြသည်။

"ဘာများပါလိမ့်"

အတွေးပင်မဆုံး။ စစ်သည်များ ဝိုင်းကြည့်၍ အထုပ်ကို ဖြေလိုက်သည်။

"အောင်မလေး"

"မြွေကြီး"

ဟုတ်သည်။

မလှမ်းမကမ်းမှ ကျွန်တော် ကြည့် နေသည်။ အားလုံးမြင်နေ၊ ကြားနေရ သည်။

စပါးကြီးမြွေကြီးဖြစ်သည်။ လူကြီး ခြေသလုံးခန့်ရှိမည်။ ဦးခေါင်းတွင် ဒဏ် ရာရထားဟန်ရှိသည်။ ကိုယ်လုံးမှာ လှုပ် နေသည်။ မည်သည့်ဒဏ်မျှမတွေ့။

မြွေကို ကြောက်ရွံ့ဟန်ရှိသည်။ စစ်သည်များက နောက်ဆုတ်၍နေကြ သည်။ မြွေမကြောက်သည့် စစ်သည် များကား မြွေကို ကိုင်တွယ်ကြည့်ရှုနေ ကြသည်။

ဆရာချမ်းသည် ချွေးသံတရွှဲရွှဲ မောတဝင့်ဝင့်ဖြင့် -

"ဒီနေ့ဘာကောင်မှမတွေ့ဘူးကွ။ ဒါနဲ့ စားချင်သူစားဖို့ ဒီအကောင်ကြီးပဲ တွေ့တာနဲ့ ပစ်လာခဲ့တာ။ ဒဏ်ရာက သိပ်မပြင်းဘူး။ တပည့်ကျော်အေးကို ပစ် တာ။ စားမယ်ဆိုရင် သတ်လိုက်တော့ မယ်"

ဆရာချမ်းသည် မြွေကြီးလည်ပင်း အား ခုတ်ဖြတ်ရန် တာစူနေပြီ။ မဖြစ် တော့ပေ။ ဒီဇာတ်လမ်း ကျွန်တော်ဝင်မှ ဖြစ်တော့မည်။

"ဟေ့ဟေ့ - ဆရာချမ်း မလုပ်နဲ့။ ကျွန်တော် ကြည့်ဦးမယ်"

ပြောပြောဆိုဆို မြွေကြီးကို အနီး ကပ်ကြည့်လိုက်သည်။

မြွေကြီးဦးခေါင်းနောက်နားတွင် သေနတ်ရှပ်၍မှန်ထားသည်။ ဦးခေါင်း အနည်းငယ်လွတ်သွားသည်။ ကုသမှုပြု လျှင် ရှင်ကောင်းရှင်နိုင်သည်ကို တွေ့ရ သည်။

သို့ဖြစ်၍ -

"မင်းတို့ မလုပ်ကောင်းတာမလုပ် ကြနဲ့။ မြွေသားဆိုတာ မစားကောင်းတဲ့ အသားဖြစ်တယ်။ ငါထင်တယ်၊ မင်းတို့ မြွေသားချက်ရင်လည်း တို့တစ်စခန်းလုံး စားမှာမဟုတ်ဘူး။ ငါလည်း မစားဘူး။ စားလည်းမစားဖူးဘူး။ ဒီလိုလုပ်၊ မြွေကြီး ကို တဲအလွတ်ထဲရွှေ့လိုက်ကြ။ ဒီနေ့ ဆွမ်းပရာဘွန်တက်လာတဲ့ကားနဲ့ တန်ဖဲ ရှေ့တန်းရုံးက ဝက်သားနှစ်ပိဿာပါလာ လိမ့်မယ်။ အဲဒီဝက်သားဖိုး ငါပေးမယ်။ ကဲ- ဆရာသိန်းအောင်၊ ရဲဘော် နှစ် ယောက်၊ သုံးယောက်လောက်ကို ကား လမ်းပေါ်မှာ နွားချေးအစိုသွားရှာခိုင်း စမ်း"

ကျွန်တော့်စကားဆုံးသည်နှင့် စစ် သည်များလည်း ကျွန်တော်ခိုင်းသည် များ ဆောင်ရွက်ကြသည်။

အင်ဂျန်းယန်(မြစ်ဆုံတြိဂံဒေသ) တွင် စခန်းထိုင်စဉ်ကာလ ဒေသခံ မုဆိုး ကြီး ဦးအင်ဂျုံနော်မှ ပြောဖူးသည်။ မြွေ များဒဏ်ရာရ၍ ကုသလိုက နွားချေး အစိုဖြင့် အုံပေးပါ။ မကြာမီ ဒဏ်ရာများ ပျောက်ကင်းသွားမည်ဟု ပြောပြခဲ့ဖူး သည်။ ဟုတ်၊ မဟုတ် ယခုလက်တွေ့ ကြည့်ရမည်။

မကြာမီ ရဲဘော်များ နွားချေးအစို များကို တောင်စွန်ဖက်များဖြင့် ထုပ်ယူ လာကြသည်။ တောင်ယာများမှ နွားရိုင်း များ ကားလမ်းမပေါ်လာ၍ အနေများ သည်။ သို့ဖြစ်၍ နွားချေးများ လွယ်ကူ စွာ ရခဲ့ဟန်တူသည်။

ကျွန်တော်လည်း ဆရာချမ်းနှင့် စစ်သည်များ အကူအညီရယူ၍ ဒဏ်ရာ ရထားသည့် မြွေကြီး၏ ဦးခေါင်းနှင့် ကုပ်ပိုးတစ်ဝိုက်တွင် နွားချေးအစိုများ သုတ်လိမ်းပေးခြင်း၊ အုံပေးခြင်းများ ပြု လုပ်ပေးလိုက်သည်။

ကဲ - အေးကို၊ ငါလုပ်တာ မင်း တွေ့သွားပဲ။ ဘာမှမခက်ဘူး။ မင်းဒီနေ့ ကစပြီး မနက်တစ်ခါ၊ ညနေတစ်ခါ ငါ လုပ်သလိုလုပ်ကွာ။ လှဒွေး၊ မင်းလည်း ကူညီလုပ်ကိုင်ပေးလိုက်။ ချည်ထားတဲ့ ကြိုးတွေလည်း ဖြေပေးလိုက်။ သူသွား နိုင်လို့ ထွက်ရင်လည်း ထွက်သွားပါစေ"

"ဟုတ်ကဲ့၊ ဗိုလ်ကြီး"

"သတ္တဝါအသက်တစ်ချောင်းကယ် ကောင်းတယ်။ ကုသိုလ်ရတာပေါ့။ ကဲကဲ - ကိုယ့်နေရာကိုပြန်ပြီး လုပ်စရာရှိတာ ဆက်လုပ်ကြ"

◆

(၁၀) ရက်ခန့် ကြာသော် -

စပါးကြီးမြွေကြီးမှာ အခြေအနေ တော်တော်ကောင်းနေပြီ။ ဒဏ်ရာများ လည်း တော်တော်ပျောက်ကင်းနေပြီ။ အနည်းငယ်မျှပင် လှုပ်ရှားသွားလာ၍ နေလေပြီ။

မကြောက်မရွံ့သည့် စစ်သည်များ မှ ကိုင်တွယ်ပွတ်သပ်လျှင် မြွေကြီးမှာ ငြိမ်၍နေပြီ။

တစ်လခန့်ကြာသည်တွင် မြွေကြီး မှာ ဒဏ်ရာများ ပျောက်ကင်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းချက်သည့်တပ်သားလှဒွေးမှ သေတ္တာကြီးတစ်လုံး ကြံဖန်လုပ်၍ မြွေကြီးအား ထိုအဖုံးမပါသည့် သေတ္တာကြီးထဲ ထည့်ထားသည်။ မြွေကြီးကလည်း လူထားသည့်အတိုင်းနေသည်။ ဆရာချမ်းနှင့် အေးကိုမှ အသားစိမ်းငါးစိမ်းများ ရှာကျွေးသည့်အခါ သေတ္တာအတွင်းမှထွက်စားသည်။ စားပြီးနောက် တဲအတွင်း၌ လှုပ်ရှားသွားလာနေသည်။ တစ်ခါတစ်ရံ တဲအပြင်ထွက်၍ နေပူဆာလှုံနေတတ်သည်။ ကျွန်တော်လည်း မြွေကြီးကို ချုပ်နှောင်မထားတော့ပြီ။ ပြန်လိုကပြန်ပါစေဟု သဘောထားလိုက်သည်။

မြွေကြီးကား မပြန်တော့ပြီ။ စခန်းရှိလူများနှင့် ရင်းနှီး၍နေလေပြီ။ တစ်ခါတစ်ရံ လှဒွေး၏ အိပ်စင်အောက်၌ ဝင်၍ ခွေနေသည်။

မြွေကြီးမရောက်မီကပင် ကျွန်တော်စခန်း၌ ခွေးကလေးတစ်ကောင်ရှိသည်။ 'အောင်ကျော်'ဟု ခေါ်ကြသည်။ လှဒွေး၏အသည်းစွဲ။ လှဒွေးရှိလျှင်ခွေးရှိသည်။ 'ခွေးရှိလျှင် လှဒွေးရှိသည်။ လှဒွေးမရှိ၊ ခွေးမရှိ' ဟုပင် စစ်သည်များ၏ နောက်ပြောင်ခြင်းခံရသည်။

ယခုသော်ကား မြွေကြီးနှင့် အောင်ကျော်မှာ ခင်မင်နေပြီ။ မြွေကြီးခွေနေလျှင် အောင်ကျော်က မြွေကြီးဘေး၌ဝပ်၍နေသည်။ မြွေကြီးအား အစာကျွေးလျှင် ပိုလျှံနေသည့် အသားငါးအတိုအစတို့ကို အောင်ကျော်က စားသည်။

ဤသို့ဖြင့် စခန်းသို့ မြွေကြီးရောက်နေသည်မှာ နှစ်လခွဲကျော်လေပြီ။

တစ်နေ့။

ဆရာကြီး သိန်းအောင်နှင့် တပ်နှစ်စိတ်သည် မိမိစခန်းမှ သင်တန်းသွားမည့် စစ်သည်နှစ်ဦးအားပို့ရန်၊ အင်အားဖြည့်တင်းမည့်စစ်သည်နှစ်ဦးကြိုရန်နှင့် နောက်တန်းမှပေးပို့သည့်စာ၊ ပစ္စည်းများ လွှဲယူရန် တန်ဖဲဘက်သို့ ထွက်ခွာသွားကြသည်။

တန်ဖဲဘက်မှလည်း ရှေ့တန်းရုံး အစီအစဉ်ဖြင့် လာမည်။ ဆုံနေကျ ခရီးတစ်ဝက်၌ ဆုံကြမည်။

ရန်သူ၏ အလစ်အငိုက်အတိုက်ခံရရေး၊ မိမိတပ်အချင်းချင်းမမှားရေးတို့ကို မှာကြား၍ နံနက် (၅) နာရီကပင် စေလွှတ်လိုက်ပြီဖြစ်သည်။ ကျွန်တော်နှင့်အတူ စခန်း၌ကျန်ခဲ့သူများလည်း ကင်းစောင့်သူ၊ ထင်းဖြတ်သူ၊ ထမင်းချက်သူ၊ ခြံစည်းရိုးများ စစ်ဆေးနေသူနှင့် သူ့အလုပ်နှင့်သူ မအားလပ်ကြ။

ထိုအချိန် မြွေကြီးသည် သေတ္တာအတွင်း၌ ခွေနေသည်။ သေတ္တာနှုတ်ခမ်းပေါ် ခေါင်းတင်ကြည့်လိုက်၊ ပြန်ခွေသွားလိုက်ပြုလုပ်နေသည်မှာ သုံး၊ လေးကြိမ်ခန့်ရှိပြီ။

သည်အဖြစ်ကို သတိထားမိသူက တပ်သား လှဒွေး ဖြစ်သည်။ လှဒွေးမှ အရိပ်အကဲပြ၍ ကျွန်တော့်ကို လှမ်းခေါ်သည်။ ကျွန်တော်လည်း တိတ်ဆိတ်စွာဖြင့် လှဒွေးရှိရာ တဲထရံကာဘေးသို့ ကပ်သွားသည်။

"ဗိုလ်ကြီး၊ ဒီနေ့ မြွေကြီးငြိမ်နေတယ်။ နေမကောင်းဘူးထင်လို့ ကျွန်တော်ကြည့်နေတာ မဟုတ်ဘူး၊ နေကောင်းတယ်။ သေတ္တာပေါ် ခေါင်းထောင်ထောင်ကြည့်တာ သုံး၊ လေးခါရှိပြီ။ ကျွန်တော် မသင်္ကာလို့ချောင်းကြည့်နေတာ"

ဟု လေသံတိုးတိုးဖြင့် သတင်းပို့သည်။

လှဒွေးစကားမဆုံးခင်၌ပင် မြွေကြီး သေတ္တာအတွင်းမှထွက်လာသည်။ လျှာကိုထုတ်ချည်သွင်းချည်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်ကာကြည့်ကာလုပ်နေသည်။

ကျွန်တော်နှင့် လှဒွေး ငြိမ်နေသည်။

ခွေးလေးအောင်ကျော်သည် မြွေကြီးနှင့် မလှမ်းမကမ်း သုံး၊လေးကိုက်ခန့်အကွာ ပြာပုံဟောင်းတွင် အိပ်နေသည်။

မြွေကြီးသည် ဖြည်းညင်းစွာဖြင့် တွားသွားနေသည်။ အောင်ကျော်က မလှုပ်။ ခါတိုင်းလည်း မြွေကြီးနှင့် စားအတူနေအတူကိုး။

မြွေကြီး အောင်ကျော်အနီးရောက်ပြီ။

ရုတ်တရက် -

"ဝုန်း"

"ကိန်၊ ကိန်၊ ကိန်"

"ဟေး ဟေး ဟေး"

"ဒုန်း၊ ဒုန်း၊ ဒုန်း"

မြွေကြီးသည် ခွေးလေး အောင်ကျော်အား ပါးစပ်ဖြဲ၍လှမ်းကိုက်ခဲလိုက်သည်။ တစ်ချိန်တည်း သူ့ခန္ဓာကိုယ်ကြီးဖြင့် ရစ်ပတ်လိုက်သည်။ မြန်မှမြန်။

ကျွန်တော်နှင့်လှဒွေးသည် နှုတ်မှလည်း အော်ဟစ်ခြောက်လှန့်၏။ ဝါးပိုင်းအတိုဖြင့်လည်း ထရံကို ရိုက်သည်။ ကျောက်ခဲဖြင့်လည်းထု၏။

ချက်ချင်းပင် မြွေကြီးသည် ခွေးလေးအောင်ကျော်အား လွှတ်လိုက်ပြီး သေတ္တာခွံအတွင်းသို့ လျင်မြန်စွာပြန်ဝင်၍ခွေနေလေပြီ။ သူမဟုတ်သကဲ့သို့ပင်။

အောင်ကျော်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် တဲပြင်သို့ ပြေးထွက်လာသည်။

စခန်းရှိ လက်ကျန်စစ်သည်များလည်း တုတ်ကိုယ်စီဖြင့် ပြေးလာကြသည်။

ကင်းသမား စောစိန်အေးမှ အသားတဆတ်ဆတ်တုန်ကာ ကြောက်လန့်နေသည့် ခွေးကလေး အောင်ကျော်ကို ပွေ့ထားသည်။

ရဲဘော်များက မြွေကြီးကို သတ်မည့်တကဲကဲလုပ်နေကြသည်။ကျွန်တော်က တားရသည်။

"မလုပ်ကြနဲ့၊ မလုပ်ကြနဲ့။ ကဲ - လှဒွေးရေ၊ မင်းသေတ္တာခွံကြီးကို ငါ့အခန်းထဲက အထပ်သားပြားအတိုတစ်ပြားနဲ့ အလုံသံနဲ့ရိုက်ပိတ်လိုက်တော့"

ကျွန်တော် ပြောလိုက်သည်နှင့် လှဒွေးနှင့် အခြားသူများပါ လျင်မြန်စွာ လှုပ်ရှားကြတော့သည်။

သဘာဝသည် သဘာဝသာဖြစ်သည်။ အမှားအယွင်းမခံ။ အရိုင်းကောင်သည် အရိုင်းစိတ်မပျောက်။

ယခုလည်း မြွေကြီးအား မည်သို့ပင်အစာရေစာကျွေးကျွေး အာသာဆန္ဒမပြေပါ။ သူ့သဘာဝအရ သားကောင်(အစာ)အရှင်အား ဖမ်းဆီးသတ်ဖြတ်၍သာ စားသောက်လိုသည်။ အရိုင်းသဘာဝအရ ချစ်ခင်စိတ်မရှိ။

ထို့ကြောင့်ပင်လျှင် မိမိနှင့်အတူနေသည့်ခွေးကို စားရန်ကြံပြီ။ မကြာမီ လူများကို အန္တရာယ်ပြုတော့မည်။

မြွေကြီးသည် နေရာမှားယွင်းရောက်ရှိနေခြင်း ဖြစ်၏။

သူ့နေရာမှန်ဖြစ်သော သားရဲတိရစ္ဆာန်တို့ ပျော်စံရာ တောတောင်အတွင်းသို့ ပြန်ပို့ရမည်။ သို့မှသာ နေရာမှန်ဖြစ်ပေတော့မည်။

*(၂၀၀၅-၀၆ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ ဆုံတွေ့ခဲ့ရသော ဇာတ်လမ်းပြောပြသူ တပ်ခွဲတပ်ကြပ်ကြီးသန်းတင့်အောင်သို့ အမှတ်တရ)*

အောင်ခိုင်မိုး



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးသက်ထွန်းလင်း (အာယုဗေဒ)

# ကျော်ကြားသော အင်္ဂါရတ်ပညာရှင်အချို့

(၁၃) ရာစု အစောပိုင်းကာလက တည်းက အင်္ဂါရတ်ပညာသည် အလယ်ခေတ်ဥရောပယဉ်ကျေးမှုတွင် တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ခဲ့သည်။ အစ္စလာမ်အင်္ဂါရတ်လက်ရေးမူကို ဘာသာပြန်သည့်လုပ်ငန်း ပြီးဆုံးသည့်နောက် အယ်ဘတ်မက်ဂတ်၊ အာနေး၊ ရေမွန်သား၊ ဂျွန် စသူတို့သည် ကိုယ့်နည်းကိုယ်ဟန်ဖြင့် အင်္ဂါရတ်ကျမ်းများကို ရေးသားခဲ့ကြ၏။

(၁၄) ရာစုအလယ်ပိုင်းသို့ရောက်သောအခါ အင်္ဂါရတ်ပညာလောကထဲသို့ ခရစ်ယာန်ဘုန်းတော်ကြီးများ ဖြန့်ဝင်လာခဲ့၏။ အင်္ဂါရတ်ပညာရပ်သည် လူကြိုက်များ၍ ကျော်ကြားလာသောအခါ ၎င်းပညာရပ်ကို ရေးသားရန် လိုအပ်လာပြန်ပါသည်။

၁၃၃၀ ပြည့်နှစ်တွင် အီတာလျံသမားတော်ကြီး ပီးထရပ်ဘိုးနပ်သည် အကြီးမားဆုံးသော အင်္ဂါရတ်ကျမ်းကြီးတစ်စောင်ကို ရေးသားခဲ့၏။ ထိုကျမ်း၏ အမည်မှာ 'THE NEW PEARL OF GREAL PRICE' ဟူ၍ ဖြစ်၏။ ဤကျမ်းတွင် အလယ်ခေတ်က အင်္ဂါရတ်နှင့်ပတ်သက်၍ အချေအတင်ပြောကြသည့် စကားကို ပွဲတင်ထပ်စေ၏။ ပိုလာမြို့တွင် သမားတော်အဖြစ် အသက်မွေးနေရင်း ဤကျမ်းကိုရေးသားသည် ဟူသော အချက်မှတစ်ပါး စာရေးသူနှင့်ပတ်သက်၍ ဘာမှမသိရပေ။ သူ့ကိုချမ်းသာသော မိသားစုမှ ဆင်းသက်လာသည်ဟု ယူဆဖွယ်ရှိ၏။ အကြောင်းမှာမူ သူသည် စာတတ်ပေတတ်တစ်ဦး ဖြစ်ဦးအတတ်ပညာများစွာကို စိတ်ဝင်စားသူ ဖြစ်၏။ သူသည် ဆေးပညာကို နက်ရှိုင်းစွာ တတ်မြောက်ပြီး အလယ်ခေတ်၏ အင်္ဂါရတ်ပညာကိုလည်း ကျွမ်းကျင်သူ ဖြစ်၏။

ပရီတိုဆာမာဂရီတာ(PRETIOSA MARBARITA) ၎င်းသည် အင်္ဂါရတ်ကျမ်းတို့၏ ထုံးစံအတိုင်း ငြီးငွေ့ဖွယ်ကောင်း၍ စိတ်ဝင်စားစရာ လုံးဝမပါရှိပေ။ ထို့အပြင် ၎င်းကျမ်းပြုပီထရပ်ဘိုနပ်အင်္ဂါရတ်ပညာရှင်ကား မဟုတ်ပေ။ စာအုပ်၏ အဖွင့်စာကြောင်းတွင် သူက ဖော်ပြထားသည်မှာ သူသည် တစ်ခါဖူးမျှ အင်္ဂါရတ်လုပ်ငန်းကို . လက်တွေ့မလုပ်ဘူးကြောင်း ဝန်ခံထား၏။

သို့သော် အနာဂတ်တွင် သူလုပ်နိုင်လိမ့်မည်ဟု ဖော်ပြထား၏။ ထို့နောက်တွင် အင်္ဂါရတ်ပညာ၏ ရှုထောင့်ပေါင်းများစွာကို သူသည် လေ့လာခဲ့၏။ ထိုကျမ်းကို ရေးနေချိန်၌ သူသည် သာမန်သိပ္ပံသမားတစ်ဦးသာ ဖြစ်၏။ သူလေ့လာခဲ့သည့် ကျော်ကြားသော အစ္စလာမ်ဒဿနပညာရှင်၏ကျမ်းအတိုင်း သူသည် အင်္ဂါရတ်ပညာကို သိရှိနားလည်ထား၏။ သူသည် အင်္ဂါရတ်ပညာသဘောတရား၏အဓိပ္ပာယ်နှစ်မျိုးနှစ်ခွများကို စိတ်ဝင်စား၏။

ထို့ကြောင့် သူသည် 'စောဒကနှင့် ပြန်လှန်စောဒက' အမည်ရှိသော ကျမ်းကြီးကို ရေးသားခဲ့၏။ ရည်ရွယ်ချက်မှာ ထိုအကြောင်းရပ်နှင့်ပတ်သက်၍ ဖော်ပြရန် ဖြစ်ပေသည်။ အင်္ဂါရတ်ပညာ၏ ရုပ်ပိုင်းလွန်ဗေဒနှင့် သင်္ကေတဗေဒတို့ကိုမူကား စိတ်မဝင်စားပေ။

တစ်ခုတည်းသော သူ၏စိတ်ဝင်စားမှုမှာ သဘာဝအခြေခံမှ ပေါ်ထွက်သော အင်္ဂါရတ်ပညာဖြစ်ပြီး ဓာတ်ခွဲခန်းအစဉ်အလာသည်လည်း တစ်စုံတစ်ခုသော ရည်ရွယ်ချက်ကို ပြီးမြောက်စေမည်ဟု မျှော်လင့်ယုံကြည်ထားခြင်းပင် ဖြစ်၏။ ၎င်းကျမ်း PRETIOSA သည် အင်္ဂါရတ်ပညာ၏ အခြေခံကျသော အလယ်ခေတ်၏ ကျမ်းတစ်စောင် ဖြစ်၏။ အကြောင်းမှာမူ ၎င်းသည် အငြင်းအခုံပြုခြင်းဖြင့် အသိဉာဏ်ပညာကိုပေးပြီး အဆုံးအဖြတ်ပြုနိုင်သည်အချိန်အထိ အကျိုးဖြစ်စေ၏။

ထို့အပြင် ဟော်ဟိုလန်နပ်၊ အော်သိုလန်နပ်၊ အောတိုလန်နပ်တို့သည် အမည်မသိ အင်္ဂါရတ်ပညာရှင်တစ်ဦး၏ ကလောင်အမည်များ ဖြစ်နိုင်သည်။ ထိုပုဂ္ဂိုလ်အမည်များဖြင့် ၁၃၅၈ ခုနှစ်၌ ပဲရစ်မြို့တွင် TABULA SMARAGDINA ကျမ်း၏အဖွင့်နိဒါန်းကာကို ရေးသားကြရန် လက်မှတ်ထိုးခဲ့၏။

ရေမွန်လား သို့မဟုတ် သောမတ်အကွီးနပ် စသည့်ပုဂ္ဂိုလ်များကဲ့သို့ ကျမ်းကို ပြုစုရာတွင် ဟော်တိုလန်နပ်သည် အင်္ဂါရတ်လောက၌ သူ၏အမည်ကို ယခုကဲ့သို့ လျှို့ဝှက်ဖုံးကွယ်ထားလိုခြင်း ဖြစ်ပေမည်။

ဟော်တိုလန်နပ် ဟူသည့် စကားလုံး၏ အဓိပ္ပာယ်မှာ Gardener ဥယျာဉ်မှူး ဟူ၍ ဖြစ်၏။ သူ၏အဖွဲ့နိဒါန်းကာတွင် အမည်မသိ စာရေးဆရာသည် သူ့ကိုယ်သူ ဤသို့ဖော်ပြထား၏။ ၎င်းမှာ -

အဏ္ဏဝါဥယျာဉ်အတွင်းမှ ဤအမည်ကို ထုတ်ယူသောသူ ဟူ၍ ဆိုထား၏။ ဤထူးဆန်းသောအမည်သည် နောက်တစ်ယောက်မွေးဖွားသည့်ဒေသကို ရည်ညွှန်းသည်ဟု စောဒကတက်ကြ၏။ ၎င်းကို maritimi သို့မဟုတ် Hortomarino ဟု ခေါ်နိုင်၏။ သို့ရာတွင် ထိုအမည်သည် မူလရုပ်ဝတ္ထု၏ အမည်ဝှက်ဖြစ်နိုင်၏။ ၎င်းကို အင်္ဂါရတ်ပညာရှင်က ပင်လယ်ဟု ခေါ်လေ့ရှိ၏။ သို့တည်းမဟုတ် အင်္ဂါရတ်ပညာ၏ ဟာမစ်တစ်(ထည့်စရာခွက်)ဟု ခေါ်ကြ၏။ ပြုပြင်ရန် လိုအပ်နေသော ဥယျာဉ်နှင့် သင်္ကေတအားဖြင့် ဆက်စပ်လျက်ရှိကြ၏။ ထို့အပြင် အင်္ဂါရတ်ပညာ၏ ဓလေ့ထုံးတမ်းစဉ်လာအားဖြင့်မူ ဟောတိုလန်နပ်အား အဆင့်အမြင့်ဆုံး ကျမ်းပြုစုသူဟု အသိအမှတ်ပြုထားကြ၏။

သို့သော် အလယ်ခေတ်၏ အကျော်ကြားဆုံး အင်္ဂါရတ်ကျမ်းပြုသူမှာ နီကိုလပ်ဖလာမေး (၁၃၃၀-၁၄၁၇)



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်ပင် ဖြစ်၏။ ၎င်းသည်လည်း ဟော်တိုလန်နပ်ကဲ့သို့ပင် ပါရီ၌ နေထိုင်ခဲ့၏။ သူ၏အတ္ထုပ္ပတ္တိမှာ အမှန်တစ်ဝက်၊ စိတ်ကူးယဉ်တစ်ဝက်ဟု ယူဆရ၏။ မည်သို့ပင်ဖြစ်စေ သူသည် ကြွယ်ဝသော ပါရီမြို့သားတစ်ဦးဖြစ်လာပြီး ထင်ရှားသော ထုတ်ဝေသူတစ်ဦး ဖြစ်လာကြောင်းမှာမူ မငြင်းနိုင်သည့်အခြေအနေများနှင့် သက်သေခံအထောက်အထားများ ရှိနေပေသည်။ ၎င်းတို့မှာ သူ၏အမည်ပါရှိသော စာချုပ်စာတမ်းများ ဖြစ်၏။ သူ၏ မူရင်းလက်မှတ်အထောက်အထားကို ပဲရစ်နေရှင်နယ်ပြတိုက်၌ လည်းကောင်း၊ သူ၏ ထူးခြားသော သချိုင်းကမ္ပည်းတိုင်ကို ကလန်ဒီပြတိုက်တွင် လည်းကောင်း သိမ်းဆည်းထားရှိပြသထားလေသည်။

သူ့ဘဝ၏ အကြွင်းအကျန်အမှတ်အသားများအရ ထင်ရှားသောအချက်မှာ သူသည် ဘာသာရေးကိုင်းရှိုင်းသူတစ်ဦး ဖြစ်၏။ သူတို့ဒေသရှိ ဘုရားကျောင်းတွင် ဂေါပကအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်၏။ ကုသိုလ်ဖြစ်လုပ်ရပ်များကိုလည်း များစွာစိတ်ဝင်စား၏။ သူ၏ သေတမ်းစာအရ ဆေးရုံ(၁၄)ရုံ၊ ဘုရားကျောင်းငယ်(၃)ခု၊ ဘုရားရှိခိုးကျောင်း(၇)ကျောင်းကို တည်ဆောက်ခဲ့၏။ ထို့အပြင် သူသည် ဆင်းရဲသားများအတွက် ဖလန်နယ်ပိတ်ကိုက်ပေါင်း(၃၀၀)ကျော်နှင့် သူ၏အိမ်အကူအတွက်လည်း ထားရစ်ခဲ့သေး၏။

သူသည် သူ့ဝိညာဉ်အတွက်လည်း စိတ်ဝင်စားစွာ စီမံခဲ့သေး၏။ သူ၏ သေတမ်းစာတွင် ဖော်ပြထားသည်မှာ တစ်နှစ်လျှင် (၁၂) ကြိမ် သူ့ကိုရည်စူး၍ လူအများစုဝေးပွဲပြုလုပ်ပြီး သူ၏ဂူကို ရေမန်းဖြင့် ပက်ဖျန်းရမည် ဖြစ်၏။

နီကိုလတ်ဖလာမေးသည် ၁၄၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ကွယ်လွန်ခဲ့၏။ သူ၏ သေတမ်းစာတွင် ပါရှိသည့်အတိုင်း သူ့အလောင်းကို စိန့်ဂျက်ကီးဘုရာကျောင်းတွင် မြှုပ်နှံခဲ့၏။ သူ၏ဂူကို ကျောက်ဖြူပြားဖြင့် ကမ္ပည်းမှတ်တိုင်ပြုလုပ်ထားကာ ထိုကမ္ပည်းပေါ်တွင် သူမကွယ်လွန်မီ လပိုင်းအတွင်းက သူကိုယ်တိုင် ရေးသား စီကုံးထားသည့် စာလုံးများကို ထုထွင်းထားခဲ့ပေ၏။

အဆိုပါ စိန့်ဂျက်ကီးဘုရားကျောင်းသည် ၁၇၉၀ ပြည့်နှစ် ပြင်သစ်တော်လှန်ရေးကာလအတွင်း သိမ်းပိုက်ခံရပြီးနောက် (၇) နှစ် ကြာသောအခါ ၎င်းကို ဆောက်လုပ်ရေးလုပ်ငန်းလုပ်သူတစ်ဦးအား ရောင်းချလိုက်၏ အဆိုပါအရောင်းအဝယ်စာချုပ်၏တစ်စိတ်တစ်ဒေသတွင် ဘုရားကျောင်းအဟောင်းကို ဖျက်ပစ်ရမည်ဟု ပါရှိ၏။ ဤသို့ဖြင့် ဖလာမေး၏ ဂူကမ္ပည်းမှတ်တိုင်သည် ကွယ်ပျောက်ခဲ့ရ၏။ ထို့အပြင် အခြားရှေးဟောင်းပစ္စည်းအများအပြားလည်း ပျောက်ဆုံးခဲ့ရ၏။

အဆိုပါ နီကိုလပ်ဖလာမေး၏ သချိုင်းကမ္ပည်းကျောက်စာတိုင်သည် ကံကြမ္မာအလှည့်အပြောင်းအလဲများကြောင့် သစ်သီးဆိုင်တစ်ခုတွင် ခုတ်ထစ်စရာများ ပြုလုပ်ရသည့် စဉ်းတုံးအဲဖြစ်သို့ ရောက်ရှိသွားခဲ့တော့၏။ ဖြစ်ပုံမှာ ထိုပစ္စည်းသည် ရှေးဟောင်းပစ္စည်းရောင်းဝယ်သူတစ်ဦးတစ်ဦးထံသို့ရောက်ရှိသွားခဲ့၏။ ထိုပစ္စည်းကို ဆိုင်တွင် (၆) နှစ်တိတိ ဝယ်ယူသူမရှိဖြစ်နေခဲ့၏။ နောက်ဆုံးတွင် ထိုပစ္စည်းကို ဖရန့်(၁၂၀)ဖြင့် ရောင်းချလိုက်ရသဖြင့် ဆိုင်ပိုင်ရှင်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရ၏။ ထိုအခါတွင်မှ ထိုပစ္စည်းသည် ပြင်သစ်ကလန်ဒီပြတိုက်သို့ရောက်လာ၏။ အဆိုပါနေရာတွင် ဤပစ္စည်းကို ယနေ့အထိ တွေ့နိုင်ပါသည်။ ၎င်းကမ္ပည်းတိုင်တွင် ဂေါ့သစ်ဘာသာစာလုံးဖြင့် ရေးသားထားသည်ကို တွေ့ရှိရ၏။ ထိုစာ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

ဤနေရာတွင် နီကိုလပ်ဖလာမေး လဲလျောင်းနေသည်။ သူသည် တစ်ချိန်ကကျော်ကြားခဲ့သူ ဖြစ်၏။ သူ၏နောက်ဆုံးသေတမ်းစာအရ သူပိုင်ဆိုင်သော ပစ္စည်းအားလုံးနှင့် အိမ်များကို ဘုရားကျောင်းတွင် အပ်နှံထားရစ်ပြီး ဆေးရုံများ၊ ဘုရားကျောင်းငယ်များ၊ ဘုရားကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကာ သေဆုံးသူအတွက် ဝတ်ပြု ဆုတောင်းစေခဲ့၏။ ထိုကျောက်တုံး၏ အထက်ပိုင်းတွင် ခရစ်တော်၏ ရုပ်ပုံထုထွင်းထားပြီး ခရစ်တော်၏ လက်ဝဲလက်တွင် ကမ္ဘာလုံးနှင့် လက်ဝဲကပ်တိုင်ကိုင်ဆောင်ကာ လက်ယာလက်ဖြင့် ကရုဏာကို ပြသထား၏။ ခရစ်တော်၏ လက်ဝဲ၊ လက်ယာတို့၌ စိန့်ပီတာနှင့် စိန့်ပေါလ်သူတော်စင်ကြီးများ မတ်တတ်ရပ်နေကြ၏။ စိန့်ပီတာ၏ လက်တွင် ဧရာမသော့ကြီးတစ်ချောင်းကိုကိုင်ထားပြီး စိန့်ပေါလ်က ဓားရှည်ကို ကိုင်ထား၏။

ခရစ်တော်ရုပ်ပုံ၏ နောက်တွင် နေနှင့် လတို့၏ သင်္ကေတများရှိကြ၏။ ကျောက်တုံး၏ အောက်ခြေတွင် အလောင်းတစ်ခု ပုံသဏ္ဌာန်ပြထားပြီး ၎င်းအပေါ်၌ စာများရှိ၏။ ထိုစာများမှာ -

'အိုအရှင်၊ ကျွန်ုပ်သည် အရှင်၏ ကရုဏာတော်ကို ယုံကြည်ပါ၏' ဟူ၍ ဖြစ်၏။ အောက်တွင် ရေးထိုးထားသော စာမှာ အောက်ပါအတိုင်း ဖြစ်၏။

'ကျွန်ုပ်သည် ကမ္ဘာမြေမှရောက်လာခဲ့၏။ ကမ္ဘာမြေသို့ ကျွန်ုပ်ပြန်ပါသည်။အရှင့်အား ကျွန်ုပ်သည် ဝိညာဉ်ဖြင့် ရိုသေကျိုးနွံပါ၏။ ကယ်တင်ရှင်ခရစ်တော်သည် ကျွန်ုပ်တို့၏ အဖြစ်များကို ခွင့်လွှတ်တော်မူ၏'

ဟူ၍ ရေးထိုးထား၏။

အဆိုပါ ကျောက်ပြားတွင် ဖော်ပြထားသည့်စာနှင့် သင်္ကေတများသည် အဂ္ဂိရတ်ပညာနှင့် အကျုံးမဝင်ပေ။ ၎င်းတို့သည် ခရစ်ယာန်ဘာသာဆိုင်ရာဖော်ပြချက်များသာ ဖြစ်၏။

နေနှင့် လတို့၏ သင်္ကေတသည် အဂ္ဂိရတ်ပညာရပ်နှင့် အကျုံးဝင်ပေသည်။ ၎င်းကို နေနှင့်လတို့၏ အတတ်ပညာဟုခေါ်ကြသည်။ ပို၍ဖြစ်နိုင်သည်မှာ ထိုသင်္ကေတတွင် ဘာသာရေးဆိုင်ရာဖော်ပြချက်တစ်ရပ် ပါရှိနေပေသည်။ ထိုဖော်ပြချက်မှာ ခရစ်တော်၏ အလင်းရောင်သည် ကြီးများလွန်းလှသဖြင့် နေ၊ လတို့၏ အလင်းရောင်ကိုပင် မှေးမှိန်စေသည်ဟု အဓိပ္ပာယ်သက်ရောက်စေပါသည်။

နီကိုလပ်ဖလာမေး၏ ဘဝတွင် နောက်ထပ် ပျောက်ပျက်သော ကျန်ရစ်မှုမှာ အလွန်အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော အိမ်ကြီးတစ်လုံးဖြစ်၏။ ထိုအိမ်မှာ အမှတ် (၅၁)၊ မွန်ထရီလမ်းတွင် တည်ရှိ၏။ လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ခန့်အထိပင် ထိုအိမ်ကြီးသည် ခိုင်မြဲလျက်ရှိသေး၏။ ယနေ့တွေ့နိုင်သည့် ထိုအိမ်ကြီး၏အမှတ်အသားမှာ ဂေါ့သစ်အက္ခရာဖြင့် ထွင်းထုထားသည့်စာများပါရှိသောကျောက်တုံးတစ်တုံးသာ ကျန်တော့၏။ ရေးသားထားပုံမှာလည်း အလယ်ခေတ် နဘောကာရံတို့ဖြင့် ရေးသားခြင်းသာ ဖြစ်၏။ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

ဤအိမ်ကြီးတွင်နေထိုင်ကြသော ကျွန်ုပ်တို့ (ယောကျ်ားများနှင့်မိန်းများ) သည် နေ့စဉ်နေ့တိုင်း ဘုရားသခင်နှင့် အီဗာမာရီယာတို့၏ဝတ်ပြုဆုတောင်းကို ရွတ်ဆိုရပေမည်။ ဘုရားသခင်ကို ဝတ်ပြုဆုတောင်းခြင်းဖြင့် ဘုရားသခင်သည် သေဆုံးသူများအား အပြစ်မှ ခွင့်လွှတ်ခြင်းကို လည်းကောင်း၊ ဂုဏ်ကျေးဇူးတော်အပေါင်းဖြင့် ခွင့်လွှတ်ခြင်းကို ...



www.burmeseclassic.com

www.burmeseclassic.com

ပါစေ။ ဤအိမ်ကြီးကို ၁၄၀၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့၏ ဟု ထွင်းထုထား၏။ ထိုစာများသည် နီကိုလပ်ဖလာမေးနှင့် တစ်စုံတစ်ရာ မသက်ဆိုင်ပေ။

သို့ရာတွင် အများယုံကြည်လက်ခံထားသည့်ထုံးစံအတိုင်း ယေဘုယျသဘော ရေးထိုးထားခြင်းသာ ဖြစ်၏။ အမှန်မှာမူ ဤအိမ်ကြီးကို သူနှင့်သူ့ဇနီး ပါနယ်လီတို့က တည်ဆောက် လှူဒါန်းထားသဖြင့် သူတို့အတွက် ဝတ်ပြုဆုတောင်းပေးရန်ဖြစ်လေသည်။ ဤဓလေ့ထုံးစံကို ၁၉၀၀ ပြည့်နှစ်တွင် တရားဝင် အသိအမှတ်ပြုခဲ့၏။ ပြန်လည်တွေ့ရှိရသော ကျောက်တုံး၏ဘေး၌ ပါရှိသည့် စာတန်းမှာ အောက်ပါအတိုင်း ဖြစ်၏။

ဤနေရာတွင် နီကိုလပ်ဖလာမေးနှင့် သူ့ဇနီးတို့ပိုင်ဆိုင်သည့် အိမ်ကြီးရှိနေခဲ့၏။ ၎င်းတို့၏ဘာသာရေးကိုင်းရှိုင်းမှုကို အောက်မေ့ သတိရသောအားဖြင့် မူလစာထွင်းထု မှတ်တမ်းတင်သည့် ၁၄၀၇ ခုနှစ် ဖြစ်ကြောင်းကို ၁၉၀၀ ပြည့်နှစ်တွင် ပြန်လည် ရရှိထားသည်။

ဤမှတစ်ပါး နီကိုလပ်၏ဘဝနှင့် လုပ်ငန်းဆိုင်ရာအကြောင်းများနှင့် ပတ်သက်၍ ကျန်ရှိနေသည်မှာ စာကြောင်း ရေလက်တစ်ဆုပ်မျှနှင့် နောက်ပိုင်းရက်စွဲများ၌ ဆွဲထားသည့်ပုံများသာ ဖြစ်၏။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ ခိုင်မာမှုဆိုသည်မှာလည်း များစွာသံသယဖြစ်ဖွယ်ရှိနေပါသည်။ မည်သို့ပင်ဖြစ်စေ ထိုစာများနေ့စွဲများသည် နီကိုလပ်ဖလာမေး၏အကြောင်းအရာနှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှ ဖြည့်စွက်၍ မရခဲ့ပေ။

နီကိုလပ်ဖလာမေးနှင့်ပတ်သက်၍ အင်္ဂလိပ်လောကတွင် ယုံတမ်းပုံပြင်များရှိခဲ့သော်လည်း ယခုအခါတွင် ဖလာမေးအား ပါရီအဂ္ဂိရတ်အသိုက်အဝန်းမှ လုပ်ဖော်ကိုင်ဖက် အဂ္ဂိရတ်ပညာရှင်တစ်ဦးဟု အသိအမှတ်ပြုခဲ့၏။

၁၅၆၇ ခုနှစ်တွင် လီယိုဆူဖီးယပ်စုဆောင်း တင်ပြသည့် ကျော်ကြားသော အဂ္ဂိရတ်ပညာရှင်များစာရင်းတွင် ဖလာမေး၏ နာမည် ပါရှိခဲ့၏။ သို့ရာတွင် ဤအချက်မှာ စည်းမျဉ်းစည်းကမ်းမဟုတ်ဘဲ ခြွင်းချက်တစ်ရပ်သာ ဖြစ်၏။

သို့သော် (၁၅) ရာစု၊ (၁၆) ရာစုတွင် ကျော်ကြားသော အဂ္ဂိရတ်ကျမ်းတွင် တစ်စောင်တလေမှာမျှ သူ၏ နာမည် မပါရှိပေ။ ၁၅၉၉ ခုနှစ်တွင် ထုတ်ဝေသည့် ဂျိုဗင် ပြုစုခဲ့သော စာရင်းတွင်လည်း မပါရှိပေ။ အမှန်အားဖြင့် ဖလာမေးသည် ၁၆၁၂ ခုနှစ်အထိ မကျော်ကြားသေးပေ။ ထိုအချိန် အမည်မဖော်လိုသူတစ်ဦးက ကျမ်းသုံးကျမ်းပြုစုရာတွင် ကျမ်းတစ်ကျမ်း၌ သူ့နာမည်ပါရှိလာလေသည်။ ပထမပိုင်းမှာ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ (၁၃၉၉ ခုနှစ်မှ ၁၄၁၃ ခုနှစ်ထိပါရှိသော သူ့အကြောင်းကိုကူးရေးခဲ့ခြင်း ဖြစ်၏) စာရေးသူက နီကိုလပ်ဖလာမေးသည် ပါရီမြို့သားတစ်ဦးဖြစ်ပြီး အက်ခရီဗင်လမ်း၌နေထိုင်သည်ဟု ဖော်ပြထား၏။ မိဘများ ကွယ်လွန်ပြီးပြီးနောက် သူသည် စာရေးခြင်းအတတ်ပညာဖြင့် ဘဝကိုကောင်းမွန်စွာနေနိုင်ခဲ့၏။

ထို့အပြင် ဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာ ကုန်ကျစရိတ်များ၊ ဆရာနှင့်တပည့်ကုန်ကျစရိတ်များ စသည်တို့ကို စုပေါင်း၍ စာရင်းဇယားများ ပြုလုပ်ထား၏။ အဂ္ဂိရတ်ပညာရပ်နှင့်ပတ်သက်၍ သူ၏စိတ်ဝင်စားမှု ပထမဦးဆုံး နိုးကြားလာပုံကို ဤသို့ ရေးသားဖော်ပြထား၏။

'တစ်နေ့တွင် ပုံမှန်အလုပ်ကိုလုပ်နေစဉ် သူသည် ရွှေချထားသည့်စာအုပ်ကြီးတစ်အုပ်ကို တွေ့ရ၏။ သူသည် စာအုပ်နှင့်ပတ်သက်၍လည်း သတိပြုလိုက်မိ၏။ ဤစာအုပ်ကား အခြားစာအုပ်များကဲ့သို့ စက္ကူလည်း မဟုတ်၊ ပေစာလည်း မဟုတ်ပေ။ အမြင်အရ ချုံပင်ငယ်တစ်မျိုး၏အခေါက်မှ ပြုလုပ်ထားခြင်း ဖြစ်၏။ စာအုပ်၏အဖုံးကား ကြေးနီဖြင့် ပြုလုပ်ထား၏။ အလွန်နုနယ်၏။ စာအုပ်ထဲတွင် ထူးဆန်းသော စာလုံးများ၊ ပုံများဖြင့် ရေးခြယ်ထား၏။ ထိုစာသည် ရှေးဟောင်းစာပေ သို့မဟုတ် ဂရိဘာသာစကားဖြစ်နိုင်၏။ အကြောင်းမှာမူ အဆိုပါစာလုံးများကို ကျွန်ုပ်တစ်ခါမျှ မမြင်ဘူးသောကြောင့် ဖြစ်၏။ ထို့ကြောင့် မဖတ်တတ်ပေ။ ထိုစာသည် ကျွန်ုပ် ကျွမ်းကျင်သည့် လက်တင်စာလည်း မဟုတ်။ ဂဲလစ်ဘာသာလည်း မဟုတ်ပေ။ အတွင်းရှိစာရွက်များတွင် အလွန်လှပသည့်စာလုံးများ ရေးသားထား၏။၎င်းစာလုံးများကို သံမဏိအချွန်ဖြင့်ရေးခြစ်၍ အရောင်ကို အသုံးပြုထား၏။'

'ဤဂမ္ဘီရဆန်သောကျမ်း၌ စာရွက် (၇) ရွက်လျှင် တစ်ပိုင်းပါရှိသော အပိုင်း (၃) ပိုင်း ပါရှိ၏။ စာရွက် (၇) ရွက်တွင် စာတစ်လုံးမျှ ရေးမထားပါ။ သို့သော် ပထမ(၇)ရွက်တွင် စာတစ်လုံးမျှ ရေးမထားပေ။ သို့သော် ပထမ (၇)ရွက်တွင် တောင်ဝှေးတစ်ခုပုံ ဆွဲထားပြီး မြွေနှစ်ကောင်က အချင်းချင်းရစ်ပတ်ပြီးခဲနေပုံကို ပြထား၏။ ဒုတိယ (၇) ရွက်တွင် လက်ဝါးကပ်တိုင်ပုံကို ဆွဲပြထားပြီး ၎င်းပေါ်တွင် မြွေတစ်ကောင်အား ကားစင်တင်ထားပုံကို ပြ၏။ နောက်ဆုံးနှင့် တတိယ (၇)ရွက်တွင်မူ လှပသောရေပန်းများကို ရေးဆွဲပြီး ပြသထား၏။ ထိုနေရာတွင် မြွေပေါင်းများစွာတို့ ထိုမှဤမှ သွားလာနေကြပုံကို ပြသထား၏။

ပထမစာမျက်နှာတွင်ကြီးမားသော ရွှေစာလုံးကြီးများဖြင့် ရေးသားထား၏။ ထိုစာများမှာ -

'အေဗရာဟမ်၊ ဂျူးလူမျိုး၊ မင်းသား၊ ဘုန်းတော်ကြီးလီဗိုက်၊ နက္ခတ္တပညာရှင်များနှင့် ဒဿနပညာရှင်၊ ဂျူးဇာတိ၊ ဘုရားသခင်၏ ဆုံးမမှုကြောင့် ဂေါလ်လူမျိုးတို့အကြားတွင် ပျောက်ကွယ်သွားရ၏' ဟု ရေးသားထား၏။

ဤရှည်သောနိဒါန်းပြီးဆုံးကာမှ စာရေးသူသည် သူ၏ အဂ္ဂိရတ်လမ်းစဉ်ကို ရေးသားခဲ့၏။ သူ့ကိုယ်ပိုင်ဇာတ်လမ်းနှင့် ရေးသားချက်တို့၏ တူညီမှုကြောင့် ဖလာမေးသည် စာအုပ်ပါ အဓိပ္ပာယ်များကို ရှာဖွေရင်း သတ္တုပြောင်းလဲမှုသဘောတရားကိုလည်း ရှာဖွေခဲ့သည်။ အေဗရာဟမ်၏ကျမ်းတွင် ထိုဂျူးသည် သတ္တုပြောင်းလဲရန်လိုအပ်သည့်အချက်များကို ဖော်ပြထားသော်လည်း အရေးပါဆုံးဓာတ်ဖြစ်သော ပထမဆုံးဓာတ်၏ အမည်ကို ချန်လှပ်ထားခဲ့၏။ ထိုအခါ ဖလာမေးသည် ဤပြဿနာကြောင့် စိတ်ညစ်သွား၏။

သူ၏ လောလောဆယ်လက်ထပ်ထားသောဇနီးဖြစ်သူမှာ မုဆိုးမတစ်ဦးဖြစ်၏။ သူမသည် ခင်ပွန်းကို အမျိုးမျိုး တိုက်တွန်းအားပေးသော်လည်း ကျမ်းတွင် ပါရှိသည့် စကားဝှက်များကို သူမနားမလည်နိုင်ပေ။ ဤသို့ဖြင့် ဖလာမေးသည် ဓာတ်ခွဲခန်းလုပ်ငန်းတွင် မအောင်မြင်နိုင်ဘဲဖြစ်ရ၏။ ထို့ကြောင့် ဖလာမေးက သူ့တွင် ပိုင်ဆိုင်မှုဟူ၍ ကြက်မတမ်းအကောင် တစ်ထောင်သာ ရှိသည်ဟု ဖွင့်ဟဝန်ခံခဲ့၏။

နှစ်(၂၀)နှစ်ကျော်ကြာခဲ့ပြီးသည့်နောက် တွေးမိသည်မှာ အကယ်၍ ဤကျမ်းသည် အေဗရာဟင်က ဂျူးလူမျိုးများအတွက်သာ ရေးသားခဲ့သည် မှန်လျှင် ဤစာအုပ်ပါ အချက်အလက်များကို ဂျူးလူမျိုးမှတစ်ပါး အခြား မည်သူမျှ နားလည်မည် မဟုတ်ပေ။

ထို့နောက် ဖလာမေးသည် စပိန်နိုင်ငံ စိန့်ဂျိန်းစင်တီယာဂိုသို့ ဘုရားဖူးထွက်ရန် ဆုံးဖြတ်လိုက်၏။ ထိုဒေသတွင် ဤကျမ်းပါအချက်တို့ကို သူ့အား



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြနိုင်မည့် ဂျူးလူမျိုးတစ်ယောက်ယောက်နှင့် တွေ့ရမည်ဟု မျှော်လင့်ထား၏။ ဤသို့ဖြင့် သူသည် ခရီးရှည်ကို စတင်ထွက်ခဲ့၏။

ဤခရီးမှာ ဘုရားဖူးကို့အတွက် လွယ်ကူသောခရီး မဟုတ်ပေ။ သို့သော် ရောက်အောင်သွားခဲ့၏။ သို့ရာတွင် စင်တီယာဂိုသို့ ရောက်သောအခါ စာတတ်ပေတတ်ဂျူးဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။ ဤသို့ဖြင့် ဘုရားဖူးထွက်ခဲ့ရသည့် သူ့ရည်ရွယ်ချက် မအောင်မြင်ခဲ့ရပေ။

ဤသို့ဖြင့် ဖလာမေးသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ ဌာနေသို့ ပြန်လာခဲ့ရလေသည်။ သို့သော် သူသည် လီယွန်သို့ ရောက်သောအခါ သူနှင့်လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ဖူးသော တောသားတစ်ဦးကို တွေ့ရ၏။ ထိုသူက သူ့အား စာတတ်ပေတတ် ဂျူးတစ်ယောက်နှင့် မိတ်ဆက်ပေးခဲ့၏။ ထိုအခါ ဖလာမေးက သူ၏ စာအုပ်ကြီးထဲမှ မိတ္တူပုံများကို ထုတ်ပြပြီး အင်္ဂရတ်ဆိုင်ရာ သူ၏စွန့်စားခန်းကို ပြောပြ၏။ ထိုအခါ ဂျူးက ဖလာမေးအား ပြင်သစ်သို့ အနီးဆုံးလမ်းဖြင့် ပြန်မည်ဟု သဘောတူလိုက်၏။ သင်္ဘောပေါ်သို့ တက်ကြသာအခါ ဂျူးသည် သင်္ဘောလှိုင်းမူးနေ၏။ သူတို့ အောသင်မြို့သို့ ရောက်သာအချိန်တွင် ဂျူး၏ ဝေဒနာမှာ ပိုဆိုးလာ၏။ ရက်သတ္တတစ်ပတ်အကြာတွင် ထိုဂျူးသေဆုံးသွားတော့၏။

သို့ရာတွင် ကံတစ်ခုကောင်းသည်မှာ ထိုဂျူးသည် သူ့အား မသေမီက ထိုစာအုပ်နှင့်ပတ်သက်သည့် အချက်အလက်အတော်များများကို နည်းနည်းချင်းစီ ပြောပြထားပြီးဖြစ်သဖြင့် နီကိုလပ်ဖလာမေးသည် သူနေရပ်သို့ ပြန်ရောက်သည်တွင် သူ၏ဇနီးနှင့်အတူ သူ၏ အင်္ဂရတ်လုပ်ငန်းကို ပြန်လည်စတင်တော့၏။ သူသည် နောက်သုံးနှစ် ခဲယဉ်းပင်ပန်းစွာလုပ်ကိုင်ပြီးနောက် ဖလာမေးသည် အန္တိမအဆင့်သို့ ရောက်ရှိလာခဲ့၏။ ကျန်နေသေးသည့်အဆင့်မှာ သူထုတ်လုပ်ထားခဲ့သည့်ပစ္စည်းကို စမ်းသပ်ရန်သာ ဖြစ်၏။ သူရေးခဲ့သည့် စာပိုဒ်တစ်ပိုဒ်၌ ဤသို့ဆို၏။

'၁၃၈၂ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ တနင်္လာနေ့တွင် ပထမဆုံးအောင်မြင်မှုရရှိ၏။ သူ့မိန်းမတစ်ဦးတည်းသာရှိနေသည့်အချိန်တွင် ခဲသတ္တု(နာ)ပေါင်တစ်ဝက်သည် ဘော်ဖြစ်သွား၏။ ထိုနှစ် ဧပြီလ ၂၅ ရက်နေ့မှာပင် ပြဒါးပေါင်တစ်ဝက်မှာ ထိုအလေးချိန်အတိုင်းပင် ရွှေသားပကတိဖြစ်သွားခဲ့၏။ ထိုရွှေသည် ရိုးရိုးသာမန် ရွှေထက် ပို၍နူးညံ့ပျော့ပျောင်းနေ၏။ ကျွန်ုပ်သည် ဤကိစ္စကို ဇနီး၏အကူအညီဖြင့် (၃)ကြိမ်တိတိလုပ်ခဲ့ပြီးပြီဖြစ်ပါသည်။ သူမသည်လည်း ဤလုပ်ရပ်ကိုနားလည်ပါသည်။ အကြောင်းမှာမူ သူမသည် ကျွန်ုပ်ကို ကူညီခဲ့သူဖြစ်ပြီး သူမတစ်ယောက်တည်း ပြုလုပ်လျှင်လည်း အစမှအဆုံးအထိ ဤပုံစံအတိုင်းဖြစ်လိမ့်မည်ဟု သံသယဖြစ်ဖွယ်မရှိပေ။

LES FIGURES ကျမ်းရေးသူ (ကျွန်ုပ်) က ဖလာမေးအား မင်းချမ်းသာလာပြီဟု ဆို၏။ ၁၄၁၃ ခုနှစ်ကုန်ခါနီးတွင် ဤကျမ်း၏နိဒါန်းကို ကျွန်ုပ်ရေးနေချိန်၌ နှစ်ဦးလုပ်ကိုင်ခဲ့သည်။ ဤလုပ်ငန်းဖြင့် ကျွန်ုပ်တို့သည် ပါရီမြို့တွင် ဆေးရုံ (၁၄) ရုံကို တည် ဆောက်လှူဒါန်းခဲ့ပြီး ဖြစ်၏။ ထို့အပြင် ကျောင်းငယ် (၃) ကျောင်း၊ ဘုရားကျောင်း (၇) ကျောင်းနှင့် ကျောင်းဝင်းအတွင်း ပြုပြင်စရာများ ပြုပြင်လျက် ဘိုလုံးမြို့တွင်လည်း အလားတူ ကောင်းမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်၏။

မုဆိုးမများနှင့် ဆင်းရဲသော မိဘမဲ့များကို ဦးစားပေး၍ ဆင်းရဲသားများ၏အကျိုးကို ဇနီးမောင်နှံ လက်တွဲ၍ ဆောင်ရွက်ခဲ့ကြပါသည်'

ဟု ရေးသားထား၏။

ဤကဲ့သို့ ဖလာမေး၏ ချမ်းသာကြွယ်ဝမှုနှင့် ထင်ပေါ်ကျော်ကြားမှုကို ဆဋ္ဌမမြောက် ချားလ်ဘုရင်သည် သံသယရှိခဲ့၏။ ဖလာမေးတို့ ဇနီးမောင်နှံတွင် ပြဒါးရှင်လုံးရှိသည် ဟူသော သတင်းကြောင့် သူတို့အိမ်သို့ အိမ်တိုင်ရာရောက်သွား၍ စစ်ဆေးကြည့်ကြ၏။ သို့သော် အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဘာတစ်ခုမှ မတွေ့ရှိရပေ။ သို့သော် ဇနီးမောင်နှံနှစ်ဦး၏ နေပုံထိုင်ပုံရိုးသားမှု သိက္ခာသမာဓိရှိကြောင်းကိုကား ထုတ်ဖော်ဝန်ခံခဲ့ကြရ၏။ဖလာမေးတို့ဇနီးမောင်နှံ အနေအထိုင်အလွန်ပင်သိပ်သည်းကျစ်လျစ်၏။ ပြဒါးရှင်လုံး ရရှိပြီးသည့် နောက်ပိုင်းတွင်ပင်လျှင် ဘဝနေနည်းကိုပုံစံမပြောင်းလဲဘဲ ယခင်နေမြဲအတိုင်းပင် ရိုးသားစွာ နေခဲ့ထိုင်ခဲ့ကြ၏။

နောက်ထပ် ဖလာမေးနှင့် ပတ်သက်သော အကြောင်းခြင်းရာတစ်ခုတွင်လည်း ဖလာမေးက လောကရာမိစီကို သူတွင် ပြဒါးရှင်လုံးလုပ်၍ ဖြစ်မည့် ဆေးမှုန့်ရှိနေကြောင်း ပတ်သက်ပြီး တစ်လုံးတစ်ပါဒမျှ မဟခဲ့ပေ။

ကာလအတန်ကြာပြီးနောက်ပိုင်းတွင် ဖလာမေးနှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ်သတင်းများ ထွက်ပေါ်လာခဲ့၏။ ၁၄၁၇ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် နီကိုလပ်ဖလာမေးသည် သူ့ကိုယ်သူသေအောင်လုပ်လိုက်၏။ အမှန်တကယ်တွင် သူသည် အမတကို ရရှိသွားပြီ ဖြစ်၏။ အသက်ရှည်ဆေးကိုကား မေ့လျော့သွားပြီ ဖြစ်၏။ ဖလာမေးသည် တမလွန်ရှိ သူ့ဇနီးနှင့် တွေ့ဆုံခဲ့၏။ သူ့ဇနီးကလည်း သူမသည် အမတကို ရရှိပြီးဖြစ်လို့ အခြားသော တစ်နေရာတွင် အခြားအမည်တစ်ခုနှင့် အသက်ရှင်နေကြောင်း ပြောပြခဲ့၏။ လာမည့် (၁၇) ရာစုအတွင်းတွင် 'ပေါ်လူးကပ်' ဟူသော အမည်ဖြင့် ဘဝသစ်တစ်ခုသို့ ရောက်ရှိသွားမည်ဖြစ်၏။ ထို့နောက် ဖလာမေးသည် အရှေ့မိုင်းနားဒေသသို့ သွားရောက်ခဲ့၏။ ထိုမှ ဇာတိမြေသို့အပြန်တွင် ဖလာမေးသည် ပြဿနာအနည်းငယ်ကြုံတွေ့ခဲ့ရ၏။

ဥဇဗက်နိုင်ငံသား ဒါဗစ်ဆိုသူက ပြောသည်မှာ ဖလာမေးသည် ယခုအခါတွင် အိန္ဒိယနိုင်ငံ၌ နေထိုင်နေကြောင်း၊ ပါရီမြို့ရှိ သူ၏သင်္ချိုင်းဂူတွင် အတွင်း၌ သူ့အလောင်းမရှိဘဲ သစ်သားတုံးများကို အသုဘဝတ်ရုံဖြင့် ပတ်ထားခြင်းသာ ကျန်ခဲ့ကြောင်း သူ့အား ပြောကြားခဲ့ကြောင်း ဆိုပါသည်။

ထို့နောက် (၁၈) ရာစုတွင် နီကိုလပ်ဖလာမေးနှင့် သူ့ဇနီး ပါနယ်လီတို့သည် အိန္ဒိယမှ ပြန်လည် ထွက်ခွာကာ ပါရီသို့ ပြန်သွားခဲ့ကြကြောင်း သတင်းများ ထွက်ပေါ်လာခဲ့၏။

သူတို့သည် ပါရီတွင် ယခင်အိမ်ဟောင်း၏ မြေအောက်တိုက်ခန်းထဲတွင် သူတို့နေကြ၏။ ထိုမြေအောက်ခန်းမှာ သူတို့ကိုယ်တိုင် ဓာတ်ခွဲခန်းအဖြစ် ပြောင်းလဲခဲ့သောအခန်း ဖြစ်၏။

သူတို့သည် သိုသိပ်ကျစ်လျစ်စွာ ပေါင်းသင်းနေထိုင်ကြပြီး သားတစ်ယောက်ရသည်အထိ ဖလာမေး၏ ဂုဏ်သတင်းသည် တက်မြဲတက်နေ၏။ လူအများလည်း သူ့အား ရွှေဖြစ်ငွေဖြစ် အင်္ဂရတ်ဆရာကြီးဟု သမုတ်ခေါ်ဝေါ်ခဲ့ကြ၏။

ထို့ကြောင့် နီကိုလပ်ဖလာမေးဟု အမည်ရှိသည့် အင်္ဂရတ်ပညာရှင်သည် အမှန်တကယ်ရှိခဲ့ပါသလော။ သို့တည်းမဟုတ် ဂုဏ်သတင်း ကျော်ကြားသည့် နီကိုလပ်ဖလာမေးသည် တကယ့်အင်္ဂရတ်ပညာရှင် ဟုတ်ပါသလော။ သူသည် LES FIGURES HIERO GLYPHIQ

www.burmeseclassic.com

www.burmeseclassic.com

ES ကျမ်းကို တကယ်ရေးခဲ့ပါသလား။ ကျွန်ုပ်တို့အသေအချာသိသည်မှာ ကျော်ကြားသည့် နီကိုလပ်ဖလာမေးသည် နေထိုင်လုပ်ကိုင်ခဲ့ပြီး သူ၏ အရှက်အကြောက်ကြီးမားသောဘဝက ခွင့်ပြုသည်ထက် ပို၍ချမ်းသာခဲ့၏။ ထိုကဲ့သို့ ချမ်းသာလွန်းသဖြင့် ကြီးကျယ်သောကုသိုလ်ကောင်းမှုများ၊ အလှူဒါနများကို ပြုလုပ်နိုင်ခဲ့လေသည်။ ပါနယ်လီ၏ ယခင်အိမ်ထောင်လက်ထက်က ကျန်ရှိခဲ့သော ဥစ္စာနေများ ဖြစ်လေသလောဟု ဝေဖန်သူအချို့က ပြောဆိုကြသည်လည်း ရှိ၏။

ရိုးရိုးသားသား လူအများကို လက်ခံအောင် ပြသလိုသည်မှာ ဤကိစ္စသည် အဂ္ဂိရတ်ပညာ၏ အသီးအပွင့် ရလဒ်များဖြစ်သည် ဟူသော အချက်ပင် ဖြစ်၏။ ဤကျမ်းနှင့်ပတ်သက်၍မူ ဖြစ်နိုင်သည်မှာ ဤကျမ်းကို အမှန်တကယ်ရေးသားပြုစုသူသည် အခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ဖလာမေးနှင့် တစ်ခေတ်တည်းကျသူ ဖြစ်နိုင်ပေသည်။ ပုပ်ရဟန်းမင်းကြီးဂျွန်ကိစ္စတုန်းကလည်း အလားတူဖြစ်ရပ်မျိုးဖြစ်ခဲ့ဖူး၏။

၎င်းသည် ဤကျမ်းကို ရေးသားသဖြင့် မကြာခဏ သံသယဖြစ်ခဲ့ရ၏။ ကျမ်းပြုသူက ၁၃၈၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပထမဦးဆုံးသောသတ္တုပြောင်းလဲမှုကို သူအောင်မြင်ကြောင်း ကြေညာခဲ့၏။ နောင်နှစ်ပေါင်း (၂၅) နှစ်တိတိမရပ်မနားကြိုးစား၍လည်းကောင်း၊ ထိုအနက်မှ (၂၁) နှစ်လောက်တွင် အဂ္ဂိရတ်လုပ်ငန်းကို ကြိုးစားလုပ်ကိုင်၍ ဘုရားဖူးတစ်ခေါက်သွားခဲ့ရ၏။ နောက် (၃)နှစ်ခန့်ကြာအောင် သူကြိုးစား၍ ရသမျှကို အမှား၊ အမှန်ပြန်လည်ဆန်းစစ်နေခဲ့၏။

ထို့ပြင် ဖလာမေးသည် အေဗရာဟမ်၏ ဂမ္ဘီရကျမ်းကို ၁၃၅၇ ခုနှစ်တွင် ဝယ်ယူခဲ့ဟန်တူ၏။ ဖလာမေးအစစ်သည် ဇနီးဖြစ်သူ ပါနယ်လီကို ၁၃၆၈ နှင့် ၁၃၇၀ ပြည့်နှစ်အကြားတွင် လက်ထပ်ခဲ့၏။ နောက်ထပ် (၁၁)နှစ်မှ (၁၃) နှစ်ကြာသောအခါ သူသည် အေဗရာဟမ်၏ကျမ်းကို ဖတ်ရှုပြီး မကြာမီတွင် ဤအမျိုးသမီးကို လက်ထပ်ခဲ့ကြောင်း ဝန်ခံခဲ့၏။ ကျမ်းတွင် ဖော်ပြထားသော လွဲချော်မှုတစ်ခုမှာ ဖလာမေး ပထမဆုံး ရွှေဖြစ်သည့်နေ့မှာ ၁၃၈၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ တနင်္လာနေ့ဟု ဆို၏။ ထိုနေ့မှာ အမှန်တကယ် စစ်ဆေးကြည့်ရာတွင် တနင်္လာနေ့မဟုတ်ဘဲ သောကြာနေ့ဖြစ်ကြောင်း တွေ့ရ၏။

နီကိုလပ်ဖလာမေးက ၁၃၈၂ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ ဒုတိယပရိုဂျက်ရှင်းကို လုပ်ဆောင်ခဲ့သည်ဟု ဆို၏။ ၁၆ ရာစုနှစ်အလယ်ပိုင်းအထိ နှစ်များသည် ဧပြီ ၆ ရက်နေ့တွင် (အီစတာနေ့) စတင်ခဲ့ကြောင်း တွေ့ရ၏။ ဤသို့သော ကွဲလွဲချက်များကြောင့် ဝေဖန်သူများက ဖလာမေးဆိုသူသည် ဒဏ္ဍာရီပုံပြင်မျှသာ ဖြစ်ကြောင်း၊ LES FIGURE ကျမ်းကိုလည်း ပယ်ရီအာနေ့က ရေးသားခဲ့ခြင်းသာဖြစ်သည်ဆို၏။ ၎င်းသဘောတရားတို့သည် လည်းကောင်း၊ ထင်မြင်ယူဆချက်တို့သည် လည်းကောင်း စစ်ဆေးရလောက်အောင်မခိုင်မာချေ။ အကြောင်းမှာ ပထမအချက်အနေဖြင့် ဖလာမေးရေးသည့်ကျမ်းကို ပြင်သစ်အဂ္ဂိရတ်ပညာရှင်များက သိရှိခဲ့ကြပြီး ဒုတိယအချက်မှာ ထိုကျမ်းတွင် ယခင်က ဖလာမေး ရေးသားခဲ့သောကျမ်းကို ညွှန်ပြထားကြောင်း တွေ့ရ၏။

THE PHILOPSOPHICAL SUMMARY ကျမ်းကို ဂရမ်တက္ကသိုလ်တွင် အသေးစိတ်လေ့လာပြီး ၎င်းသည် ၁၅ ရာစုနှစ်ဦး သို့မဟုတ် ၁၄ ရာစုနောက်ပိုင်းတွင် ထွက်ပေါ်သောကျမ်း ဟူ၍ အချိန်ကာလကို သတ်မှတ်ကြ၏။ နီကိုလပ်ဖလာမေး ရေးသားသည်ဟု ဆိုသောကျမ်းသည် အဂ္ဂိရတ်ပညာရှင်များ ကျမ်းရေးသည့်ခေတ်က ပေါ်ထွက်ခဲ့ခြင်း၏။ သို့သော် နီကိုလပ်ဖလာမေးသည် ကျမ်းပြုပညာရှင် မာမေးနိုထရီနှင့် အတူတူဖြစ်ကြောင်း ထင်မြင်ယူဆချက်မှာ မဖြစ်နိုင်ပေ။ သို့သော်လည်း ထိုကျမ်းသည် အလွန်တန်ဖိုးရှိသည့် ကျမ်းတစ်ကျမ်းဟု အဂ္ဂိရတ်ပညာရှင်အများစုက သတ်မှတ်ထားကြ၏။

ကျမ်းတစ်ကျမ်း၏အဓိကတန်ဖိုးမှာ ကျမ်းပြုသူ မဟုတ်ပေ။ ထိုကျမ်းတွင် ပါရှိသည့်စာသားများသာ ဖြစ်ပေသည်။ အဓိကပြဿနာမှာလည်း အဂ္ဂိရတ်ကျမ်းတစ်ခုကို တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးပမ်းခြင်း ဖြစ်၏။ အဂ္ဂိရတ်ဆိုင်ရာ ၎င်း၏ သင်္ကေတဝါဒကို မလေ့လာဘဲ ပြန်ဆိုခြင်းသည် ဆုံးရှုံးခြင်းကို ဖြစ်စေနိုင်၏။ ဖူကန်နေ၏ LESDEMEURE PHILOSOPHALES ကျမ်း ပထမတွဲ၌ ဖလာမေး၏ ကျမ်းကို ဖွင့်ဆိုရှင်းပြထား၏။

ဖူကန်းနေးက ဆိုသည်မှာ အလွန်ဟောင်းနွမ်း၍ ရွှေချထားသော အေဗရာဟမ်(ဂျူးလူမျိုး)ရေးသားသည့် ထိုကျမ်းသည် အေဗရာဟမ်၏ အသက်မျှပင် အိုမင်းနေပြီ ဖြစ်၏။

၎င်းကျမ်းတွင် သတ္တုပြောင်းလဲဝံ့သဘာဝနှင့် ဤပညာရပ်ဆိုင်ရာသုတ၏ အဆုံးအမဲ့ရှိကာ ကြီးမားကျယ်ပြန့်ပုံကို ဖော်ပြထား၏။ ထိုကျမ်း၏ လျှို့ဝှက်ချက်မှာ အောက်ပါအတိုင်းဖြစ်၏။ ကျမ်း၏ စာမျက်နှာ (၂၁) မျက်နှာ၊ ကျမ်း၏ သက်တမ်း (၂၁) နှစ် ၎င်းတို့သည် ဤအဂ္ဂိရတ်လုပ်ငန်းစဉ်ကြီး၏အဆင့်ပေါင်း (၂၁) ဆင့်ကို လျှို့ဝှက်ဖော်ပြထားခြင်း ဖြစ်၏။

ဖူကန်နေး၏ အဆိုအရ ဖလာမေး၏ စင်တီယာဂိုဘုရားဖူးခရီးသည် အမှတ်အသားမျှသာဖြစ်ပြီး အဂ္ဂိရတ်လုပ်ငန်းကြီးတစ်ခုကို ကိုယ်စားပြု ရည်ညွှန်းထားခြင်းသာ ဖြစ်၏၊ ဖလာမေး၏ ၁၄ ရာစု၌ စင်တီယာဂိုသို့ ဘုရားဖူးသွားခြင်းကို အဂ္ဂိရတ်ပညာနှင့် ညီမျှသည်ဟု တန်းတူသတ်မှတ်ကြ၏။ ဤကိစ္စသည် ရေမွန်လား၏ အဂ္ဂိရတ်ဆိုင်ရာပုံပြင်များမှ ရရှိလာသောအဆို ဖြစ်၏။

သူ့ခေတ်သူ့အခါက သြဇာအညောင်းဆုံး အဂ္ဂိရတ်ပညာရှင်ဖြစ်သော ရေမွန်လားသည် ၁၂၆၄ မှ ၁၂၆၇ ခုနှစ်အတွင်းတွင် စင်တီယာဂိုသို့ ဘုရားဖူးထွက်ခဲ့ပေသည်။ ဤဘုရားဖူးသွားခြင်းနှင့် ဤလုပ်ငန်းကြီးတို့ သဘောချင်းကိုက်ညီမှုသည် သင်္ကေတဝါဒမှ ပေါ်ပေါက်လာခြင်း ဖြစ်၏။ ထိုမှ အရာဝတ္ထု (၃) ခု ဖြစ်သော တောင်ဝှေး၊ ဖရုံသီးခွံ၊ ယောက်သွားခွံတို့နှင့် ဘုရားဖူးသွားခြင်းတို့သည် အထူးဝိသေသ သင်္ကေတများ ဖြစ်၏။

ထိုကျမ်း၏ အသေးစိတ်များကို ဖူကန်နေးက ရှင်းပြထား၏။ လိုင်ယွန်တွင် ၎င်းတို့ (၃) ဦး တွေ့ဆုံကြသည် ဆိုသောစကားရပ်၏ အဓိပ္ပာယ်မှာ နီကိုလပ်ဖလာမေး ဘိုလုံးမြို့မှ ကုန်သည်၊ မာထရီကန်ချီတို့ ဖြစ်၏။ ၎င်းတို့သည် ဒဿနပညာရှင်၏ပြဒါးကို သင်္ကေတပြုထားခြင်း ဖြစ်၏။

ပြဒါး (ဖလာမေး၊ ဘုရားဖူးခြင်း)၊ ကန့်ဖြူ (မာထရီကန်ချီ)၊ ကြားခံအငွေ့ထွက်ဓာတ်ကူပစ္စည်း (ဘိုလုံးကုန်သည်) တို့ ဖြစ်၏။ ထို့အပြင် ဖလာမေးသည် ပြင်သစ်သို့ပြန်ရာတွင် ရေကြောင်းခရီးဖြင့် သွားခြင်းသည် အခြောက်နည်းကို မသုံးဘဲ အစိုလမ်းနည်းစနစ်ကိုသာ အသုံးပြုခြင်း ဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

အော်လင်းမြို့တွင် မာထရီကန်ချီ သေဆုံးခြင်း ဟူသည့် အဖြစ်အပျက်၏ အဓိပ္ပာယ်မှာ မူလဓာတ်ပျက်စီးခြင်း၏ သင်္ကေတဖြစ်၏။ အလားတူ ပြန်ဆိုချက်များသည် ဇာတ်လမ်း၏အခြားဖြစ်ရပ်များတွင်လည်း အသုံးပြုထား၏။

ထိုကျမ်း၏ အခန်း(၁)၌ အတိအကျ ဖော်ပြထားသည်မှာ ထိုကျမ်းသည် အတ္ထုပ္ပတ္တိလည်းမဟုတ်၊ လိမ်ဆင်လည်း မဟုတ်ပေ။ သို့သော် လိမ္မာပါးနပ်စွာ ဝိနည်းရှောင်ပြီး စိတ်ကူးဖြင့် တန်ဆာဆင်ပြီး ဖော်ထုတ် ပြသထားသည့် အတ္ထုပ္ပတ္တိသာ ဖြစ်ပါသည်။ ၎င်းကိစ္စ၏ အသေးစိတ်မှန်သမျှ၌ သီးသန့်သင်္ကေတရှိနေပါသည်၊ အဂ္ဂိရတ်ဆိုင်ရာစာပေသည် သင်္ကေတများပါဝင်သော ဝါဒအမြောက်အမြားရှိနေပါသည်။

နောက်ဥပမာတစ်ခုမှာ ဘားနပ် ရေးသား ပြုစုသည့် ON THE SECRET CHEMICAL WORIL OF THE PHILOSOPHERS) ကျမ်း ဖြစ်၏။ သူသည် မူလက ထရာဗိဆိုနယ်စားကြီးဖြစ်ခဲ့ပြီး သူ၏သက်တမ်းကာလမှာ ၁၄၀၆ ခုနှစ်မှ ၁၄၉၀ ပြည့်နှစ်အထိ ဖြစ်ပါသည်။

၎င်းသည် ထရာဗီးမြို့မှ ဂျာမန် အဂ္ဂိရတ်ပညာရှင်တစ်ဦး ဖြစ်ဟန်တူ၏။ ၎င်းသည် ဟောတုလန်နပ်၊ ဖလာမေးတို့နှင့်ခေတ်ပြိုင် ဖြစ်ဟန်တူ၏။ ကာလသက်တမ်းက သေချာပါသည်။ အကြောင်းမှာမူ ဘားနပ်သည် ဘိုလုံးမြို့မှ သောမတ်နှင့် တက်ကြွစွာ စာအဆက်အသွယ် ပြုလုပ်နေခဲ့၏။ ၎င်းသည် ပြင်သစ်နိုင်ငံ ပဉ္စမမြောက် ချားလ်ဘုရင်၏သမားတော်ကြီးနှင့် နက္ခတ်ပညာရှင်၊ တက္ကသိုလ်ဆရာမ၏ ဖခင်၊ သမိုင်းပညာရှင်၊ အမျိုးသမီးရပိုင်ခွင့်ကို ထောက်ခံသူ ဖြစ်၏။

သူ့ကို ၁၃၆၃ (သို့) ၁၃၆၄ ခုနှစ်တွင် မွေးသူ ဖြစ်၏။ DESECR E EISS-IMO PHI LOSOPHORUM OPERE CHEMICO အမည်ရှိ ကျမ်းကြီးသည် မူလက ဘားနပ်၏ လက်ရာ ဖြစ်၏။ ထိုကျမ်းကို ၁၅ ရာစုနောက်ပိုင်းတွင် ရေးသားခဲ့ခြင်း ဖြစ်၏။ သို့သော် အလွန်စိတ်ဝင်စားဖွယ်ကောင်းသောကျမ်းလည်း ဖြစ်၏။ စာဖတ်သူများအား အဂ္ဂိရတ်ပညာရှင်အတုများကို သတိထားရန် အသိပေးသည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ခြင်းလည်း ဖြစ်၏။ ၁၅ ရာစုတွင် အဂ္ဂိရတ်ပညာကို လူအများက အရှူးအမူးလေ့လာခြင်း၊ စိတ်ဝင်စားခြင်းတို့ကြောင့် သူက ခေတ်ကာလ အခြေအနေ၏ အန္တရာယ်ကို အသေးစိတ်ဖော်ပြထား၏။

ဘားနပ်က ဤသို့ဆို၏။

'ကျွန်ုပ်တွေ့မြင်ရသော ပထမဆုံး အဂ္ဂိရတ်ကျမ်းမှာ ရာဇီး ရေးသားပြုစုသည့် လက်ရေးစာမူ ဖြစ်၏။ အချိန်ကာလအားဖြင့် (၄) နှစ်ကြာ လေ့လာခဲ့ပြီး ရွှေဒင်္ဂါး အပြား (၄၀၀) ကုန်သည်အထိ စမ်းသပ်မှု ပြုလုပ်ခဲ့၏။ ဂါဗာ ရေးသားပြုစုခဲ့သည့်ကျမ်းကို ရွှေဒင်္ဂါးအပြား (၂၀၀၀)ကုန်သည်အထိ စမ်းသပ်မှုပြုခဲ့၏။ အတုအယောင်များက ကျွန်ုပ်ကို ဝန်းရံထားခဲ့၏။ ၎င်းတို့သည် ကျွန်ုပ်၏ ရှိသမျှ စည်းစိမ်ချမ်းသာများ ကုန်ခန်းလုခမန်း ဖြစ်အောင် ဖျားယောင်းသွေးဆောင်ကြ၏။ နောက် (၃) နှစ်ကြာအောင် အာခီလော၏ကျမ်းကို လေ့လာခဲ့ရာ ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက်ကို တွေ့ခဲ့ရ၏။ ထိုမိတ်ဆွေမှာ ဘုန်းကြီးတစ်ပါး ဖြစ်၏။ ကျွန်ုပ်သည် (၅) နှစ်ကြာသည့်တိုင်အောင် ရူပီစစ်ဆာနှင့်ဂျွန်တို့၏ ကျမ်းများကို လေ့လာခဲ့ကြပြီး ဝိုင်အရက်ဖြင့် အကြိမ်ပေါင်း(၃၀)ပြန်လည် ပြုပြင်ထားသော အသက်ရှည်ဆေးရည်ကို ဖော်စပ်ရန် ကြိုးပမ်းခဲ့ကြ၏။

ရရှိသည့် ဆေးရည်မှာ ပြင်းထန်သောအာနိသင်ရှိသဖြင့် ဖန်ကဲ့သို့သော ခွက်လိုမျိုးတွင် ထည့်၍မရနိုင်ပေ။ ဤစမ်းသပ်မှုကြောင့် ကျွန်ုပ်သည် ရွှေဒင်္ဂါး အပြား (၃၀၀) ကုန်ကျခဲ့၏။ နောက်ထပ် (၁၂) နှစ် (သို့) (၁၅)နှစ် ကြာသည့်တိုင်အောင် ကျမ်းပေါင်းစုံ နည်းပေါင်းစုံကို စမ်းသပ်လုပ်ကိုင်ခြင်းဖြင့် အချိန်ကုန်ခဲ့သော်လည်း မည်သည့်အကျိုးမျှ မဖြစ်ခဲ့ပေ။ နောက်ဆုံးတွင် ဆားမျိုးစုံ ချက်လုပ်၍ (၂) နှစ်အတွင်း အကြိမ် (၁၀၀) မက ထိုဆားကို ထုတ်ဖော်ခြင်း၊ ပြာချခြင်း စသည်တို့ ပြုလုပ်ခဲ့ကြ၏။

ကျွန်ုပ်သည် ကျောက်ချဉ်၊ လူ့ကိုယ်မှ ထွက်သည့် ဆီး၊ သုက် စသည့် အရာအားလုံး၊ အပင်ထွက်အရာအားလုံး၊ တိရစ္ဆာန်ထွက်အရာအားလုံးတို့ကို ဓာတ်ပေါင်း၊ ဓာတ်ခွဲအငွေ့ပြန်ပေါင်းတိုက်၊ ဆားချက်၊ ပြာချ၊ အနှစ်ထုတ်စသည်ဖြင့် နည်းမျိုးစုံစမ်းသပ်လုပ်ကိုင်ခဲ့လေသည်။

ဤကဲ့သို့ စမ်းသပ်လုပ်ကိုင်ခဲ့နေသော်လည်း ကျွန်ုပ်၏ အသက်သည် (၃၈)နှစ်သို့သာတိုင်ခဲ့၏။ သို့သော်လည်း ပြဒါးကို မည်သို့မျှ ထုတ်ယူခြင်းမပြုနိုင်ခဲ့ပေ။ ဤသို့ဖြစ်ရခြင်းမှာ အတုအယောင်များကို ဆရာတင်မိ၍ ၎င်းတို့၏ ဖြားယောင်းသွေးဆောင်မှု မြောက်ပင့်ပြောဆိုမှုများကို နားထောင်ခဲ့သောကြောင့် ဖြစ်ပေသည်။ ဤအချိန်ကုန်လုပ်ငန်းအကျိုးမဲ့လုပ်ရပ်ကို လုပ်ကိုင်ခြင်းဖြင့် ကျွန်ုပ်သည် စုစုပေါင်း ရွှေဒင်္ဂါး (၆၀၀၀) မျှ ဆုံးရှုံးခဲ့၏။ ရွှေတိုးလေလေ ဒုက္ခရောက်လေလေဖြစ်သဖြင့် နောက်ဆုံးတွင် ကျွန်ုပ်သည် ဤပညာရပ်အပေါ်၌ ယုံကြည်ချက်ကင်းမဲ့လာခဲ့လေတော့၏။ သို့ရာတွင် ကျွန်ုပ်၏ ကြိုးပမ်းမှုများအား ကောင်းချီးပေးပါရန် ဘုရားသခင်ထံ ဝတ်ပြုဆုတောင်းခြင်းကိုကား တစ်ရက်တလေမျှ မရပ်နားခဲ့ပါ။ ဤတွင် ကျွန်ုပ်နှင့်တစ်နိုင်ငံတည်းသားဖြစ်သူ ပညာရှင်တစ်ဦးကို တွေ့ခဲ့ရ၏။ ထိုသူကား အဂ္ဂိရတ်သမားတစ်ဦးဖြစ်ပြီး ထိုသူက ရိုးရိုးအိမ်သုံးဆားကို အရည်ပျော်စေပြီးနောက် အခဲကျအောင် ပြုလုပ်၏။ ထို့နောက် နေရောင်ဖြင့် ပြန်ချက်ပြ၏။ ဤသို့ဖြင့် သူသည် ဖော်ပြရန် ရှုပ်ထွေးခက်ခဲလှသည့် လုပ်ရပ်မျိုးစုံကို ပြုလုပ်ပြခဲ့၏။

ဤလုပ်ငန်းများကို ကျွန်ုပ်တို့နှစ်ဦးသည် တစ်နှစ်ခွဲကြာမျှ လုပ်ကိုင်ခဲ့ကြ၏။ သို့သော် ဤလုပ်ငန်းကလည်း အကျိုးမပြုပေ။ CODE OF TRUTH ကျမ်း၌ ပြဆိုထားသည့်အတိုင်း အရာဝတ္ထုတစ်ခုတွင် မပါရှိသောအရာကို ၎င်းအရာဝတ္ထုမှ ထုတ်ယူ၍မရနိုင် ဟူသည့်စာပိုဒ်ကို သွားတွေ့ခဲ့၏။ အိမ်သုံးဆားတွင် ကျွန်ုပ်တို့ ရှာဖွေနေသော ဓာတ်ပစ္စည်းမရှိကြောင်း သေချာနေ၏။

ထို့ကြောင့် အဆိုပါစမ်းသပ်မှုကို (၁၅) ကြိမ်တိတိ ပြုလုပ်၍ အကြောင်းမထူးကြောင်း သိရှိရသောအခါတွင်ကား ထိုလုပ်ငန်းအစီအစဉ်ကို စွန့်လွှတ်လိုက်တော့၏။ ကျွန်ုပ်တို့သည် အခြားအဂ္ဂိရတ်ပညာရှင်တစ်ဦးနှင့် တွေ့ကြ၏။ ထိုသူ ရွှေ ငွေနှင့် ကြေးတို့ကို အရည်ပျော်စေနိုင်သည့် အရည်တစ်မျိုး (aquafor-tis) ကို ပြုလုပ်နေသူ ဖြစ်၏။ ငွေသတ္တုကို ခွက်တစ်ခုတွင် ထည့်၍ အရည်ဖျော်လိုက်၏။ အရည်ပျော်သွားသောအခါ ဓာတ်နှစ်မျိုးကို ထိုခွက်ထဲတွင်ပင် (၁)နှစ်တိတိထားလိုက်၏။ ထို့နောက် ၎င်းနှစ်မျိုးကို ခွက်တစ်ခုထဲ၌ ရောထည့်လိုက်၏။ ဤသို့ ရောစပ်ခြင်းကို ရုပ်နှင့်နာမ်ပေါင်းစပ်ခြင်းဟု ရှင်းပြ၏။ ရောစပ်ပြီး အရည်ကို အပူပေး၍ မူလပမာဏ၏ သုံးပုံနှစ်ပုံကျန်အောင် ချက်ရ၏။

သုံးပုံနှစ်ပုံကျန်လျှင်လည်းကောင်း အရည်ကိုကျဉ်းမြောင်းရှည်လျားသော ခွက်၌ ထည့်ထား၏။ ၎င်းသည် ပူနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

အရည်ဖြစ်နေသော်လည်း လေနှင့်တွေ့လျှင် မာခဲသွားမည်ဖြစ်၏။ ထိုအမာခဲလေးကို ကျောက်ဖြူဟု ဆိုကြ၏။ ဤသို့ဖြင့် ဖန်ခွက် (၂၂) လုံးတွင် ထိုအရည်များကို ပြုလုပ်ထားပြီး ကျွန်ုပ်တို့အား ဖန်ခွက်(၃)လုံးကို ပေးအပ်၏။ ထိုဖန်ခွက်(၃)လုံးကို (၅)နှစ်ထားပြီး နေ့စဉ်နေ့တိုင်းပင် အဖြူရောင်ပုံဆောင်ခဲများ ဖြစ်ပေါ်လေမလားဟု မျှော်လင့်၍စောင့်ကြည့်ကြ၏။ နောက်ဆုံးတွင် ကိစ္စသည် ဖြစ်လာမည်မဟုတ်ကြောင်း သိရှိရ၏။

ကျောက် (stone) ဖြစ်ရန် ပြင်ပပစ္စည်း တစ်စုံတစ်ရာ မလိုအပ်ပါ။ ထိုဓာတ်လုံးသည် သူ့ပင်ကိုမူလသဘာဝအတိုင်း ပြီးမြောက်စေလိမ့်မည်ဖြစ်သောကြောင့်တည်း။ ကျွန်ုပ်တို့မှာ များစွာစိတ်ပျက်မိ၏။ ကျွန်ုပ်၏ အသက်မှာလည်း (၄၅)နှစ် ရှိပြီဖြစ်၏။ ထို့နောက်တွင် ဘုန်းတော်ကြီးတစ်ပါးနှင့်တွေ့ပြန်၏။ ၎င်း၏အမည်မှာ ဂေါဖရီ ဖြစ်၏။ ထိုအခါ ကျွန်ုပ်က ဓာတ်လုံးအကြောင်း ပြောလိုက်၏။ စကားစပ်၍ ပြောကြသောအခါ ဓာတ်လုံး၏ဓာတ်ကိစ္စမှတစ်ပါး အခြားဘာမှလုပ်စရာမရှိဟု ထင်မြင်လာတော့၏။ ထို့ကြောင့် ကြက်ဥအလုံးနှစ်ထောင်ကို အကျက်ပြုလေ၏။ ထို့နောက် အခွံကို ခွာလိုက်၏။ ထိုအခွံများကို ဖြူဖွေးအောင် ပြာချလိုက်၏။

ကြက်ဥ၏အနှစ်နှင့်အကာများကို အပုပ်ခံ၍ ဓာတ်လုံးအား အကြိမ်ပေါင်း (၃၀) ပေါင်းတိုက်၏။ ထို့နောက် ရေရိုးရိုးဖြင့် (၁) ကြိမ်၊ ဝိုင်အနီဖြင့် (၁)ကြိမ် ပေါင်းတိုက်ပြန်၏။ အခြားသော လုပ်ဆောင်ရသည့်လုပ်ငန်းများကို လုပ်လိုက်သေး၏။ သို့သော် နောက် (၂) နှစ်ခွဲကြာသောအခါ ကျွန်ုပ်တို့ လိုချင်သော ပစ္စည်းကို မရနိုင်ကြောင်း သိလာရ၏။ ထိုအခါ စိတ်ပျက်စွာဖြင့် အားလုံးကို စွန့်လွှတ်လိုက်တော့၏။ ထိုအခါတွင် ကျွန်ုပ်တို့သည် မှားယွင်းသော ရုပ်ဝတ္ထုပစ္စည်းများကို အသုံးပြုနေခဲ့မိကြောင်း သိလာရ၏။

ကျွန်ုပ်တို့သည် အရက်ပြန်ချက်ခြင်း၊ ရေပြင်းချက်ခြင်း၊ ဓာတ်အရည်ဖျော်နည်း၊ ပေါင်းတိုက်နည်း၊ ဓာတ်ထုတ်နည်း၊ ဓာတ်ခွဲနည်းတို့အပြင် ပေါင်းဖိုအမျိုးမျိုး၊ မီးအမျိုးမျိုးကိုကာ ကောင်းစွာကိုင်တွယ်သွားတတ်လေတော့၏။ ကျွန်ုပ်သည် ဤကဲ့သို့ ညှပ်ကိုင် လုံထား မီးအနေအထားများကို ကျွမ်းကျင်ရန် (၄) နှစ်မျှ ကြာမြင့်၏။

ထိုအခါတွင် ဘာသာရေးဆရာတစ်ဦးဖြစ်သူ ပရိုနိုထရီက အကြံပေးသည်မှာ ဒုတ္တာဖြင့် ဓာတ်ကိုထိုးရန် အကြံပေး၏။ ရှာလကာရည်အကောင်းစားဖြင့် (၈)ကြိမ်တိတိ ပေါင်းတိုက်ပြီး ထိုအရည်တွင်ပြချထားသော ဒုတ္တာကို ထည့်ရ၏။ ၎င်းကိုထုတ်ယူ၍ ရှာလကာရည်တွင် တစ်နေ့လျှင် (၁၅) ကြိမ်ပြောင်းရွှေ့ထည့်ရ၏။ ဤကဲ့သို့ (၂)လကြာလုပ်ရ၏။

ထိုလုပ်ငန်းမှ ထွက်လာသော အငွေ့များမှာ ပြင်းထန်လွန်းသဖြင့် ထိုအငွေ့ကို ရှူရှိုက်ရသဖြင့် ကျွန်ုပ်သည် (၁၄)လအကြာတွင် (၄)ရက်ခြား အဖျားတစ်မျိုးဖြစ်ရတော့၏။ ထို့ကြောင့် ထိုကဲ့သို့ ရောနှောပြီးသော ဓာတ်ကို (၁)နှစ်ကြာထားလိုက်၏။ သို့သော် အောင်မြင်မှုကား မရခဲ့ပေ။ နောက်တစ်ကြိမ် ထပ်၍ ရုပ်ဝတ္ထုများကို သုံးစွဲခဲ့လေ၏။

တစ်နေ့တွင် စာတတ်ပေတတ်ပုဂ္ဂိုလ်တစ်ဦးက လာ၍ပြောပြသည်မှာ မာစတာဟင်နရီ အမည်ရှိ ဘုရင်အကြံပေးပုဂ္ဂိုလ်သည် ဓာတ်လုံးနှင့် ပတ်သက်၍ လျှို့ဝှက်ချက်အားလုံးကို သိသူဖြစ်သည်ဆို၏။ ထိုသူနှင့် ချက်ချင်းတွေ့ဆိုပြောဆိုရန် စိတ်ကို ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ထိုသူနှင့်တွေ့ဆုံရန် မိတ်ဆွေများမှ တစ်ဆင့်ကြားခံပြုကာ ရွှေဒင်္ဂါး (၂၀၀) အကုန်ခံရသေး၏။ သူ၏နည်းမှာ ငွေသတ္တုနှင့် ပြဒါးကို ရောကြိတ်၍ ရသောဆေးတွင် ကန့်၊ သံလွင်ဆီ ရောကြိတ်ထားသောဆေးနှင့် ထပ်ရောရသောနည်း ဖြစ်၏။

၎င်းကို မီးမျှဉ်းမျှဉ်းဖြင့်ချက်ရ၏။ သစ်သားယောက်မဖြင့်မွှေရ၏။ သို့သော် (၂)လကြာပြီးသည်တွင်လည်း ရောထားသောအရာများမှာ ရောယှက်ခြင်းမရှိကြောင်း တွေ့ရ၏။ နောက်ဆုံးတွင် ရောပြီးသားကို နောက်ထပ် ဖန်ခွက်တစ်ခု၌ ထည့်လိုက်၏။ ၎င်းကို ပြာပုံထဲ၌ မြှုပ်ထားလိုက်၏။ ကြာရှည်စွာထားခြင်းဖြစ်၏။ ပြာပုံပတ်လည်တွင် မီးဖို၍ အပူပေးထား၏။ ကာလအားဖြင့် (၁၅) ရက်မှ (၂၁)ရက်အတွင်းတွင် ထိုဆေး၌ ပါရှိသော ကန့်ဓာတ်များကြောင့် ပြဒါးသည် အကောင်းဆုံးအမျိုးအစား ငွေသတ္တုဖြစ်သွား၏။

အပူပေးခြင်းကိစ္စပြီးသွားသောအခါ မာစတာဟင်နရီသည် ခဲသတ္တုအနည်းငယ်ကို ရောထည့်လိုက်၏။ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဖန်ပုလင်းဆုံသရွှေ့ထည့်ပြီး အားလုံးကို ရောစပ်၍ တစ်ခုဖြစ်အောင် ကျိုလိုက်၏။ ထို့နောက် ဖန်ဘူးကို မီးဖိုပေါ်မှချ၍ အအေးခံလိုက်၏။ ဤအချိန်တွင် ငွေသည် (၃) ဆ တိုးနေရမည်ဖြစ်၏။ ဤစမ်းသပ်မှုတွင် ပါဝင်ရန်အတွက် ရှယ်ယာသုံးစွဲကုန်ကျစရိတ်အတွက် ငွေ (၁၀) မတ်ကို ထည့်သွင်းခဲ့ရ၏။ အခြားသူများကမူ (၃၂) မတ် တည့်ဝင်ကြ၏။ ၎င်းမှ ကျွန်ုပ်တို့သည် ငွေဒင်္ဂါး (၁၃၀) ရရှိရန် ကြိုးစားကြ၏။ တကယ်တမ်းဖြစ်လာသောအခါတွင် ကျွန်ုပ်တို့ရရှိသည့် ခွဲတမ်းမှာ မတ်ငွေ (၃၂) မတ် ထည့်ထားသူမှာ (၁၂)မတ်ရပြီး ကျွန်ုပ်၏ အရင်းငွေ (၁၀)မတ်မှာမူ (၄)မတ်ရခဲ့၏။

ဓာတ်လုံးထိုးရန်အတွက် မာစတာဟင်နရီထံမှ ပညာရရှိသည်။ ကျွန်ုပ်သည် နောက်ထပ် ရွှေဒင်္ဂါး(၄၀၀) အကုန်ခံရပြန်၏။ ဖြစ်ရပ်အားလုံးကို နောင်တရရှိသဖြင့် ကျွန်ုပ်သည် အဂ္ဂိရတ်လုပ်ငန်းကြီးတစ်ခုလုံးကို လုံးဝစွန့်ပစ်မေ့လျော့ထားလိုက်တော့၏။ ဤသို့ဖြင့် (၂)လတိတိ ကြာသွားခဲ့၏။ ထိုကာလအတွင်းတွင် ကျွန်ုပ်သည် အဂ္ဂိရတ်အကြောင်းကိုလည်း မပြောလို။ သူတစ်ပါးပြောသည်ကိုလည်းမကြားလိုပေ။ အကြောင်းမှာ ကျွန်ုပ်၏ဆွေမျိုးများက ကျွန်ုပ်၏ မိုက်မဲမှုကိုလှောင်ပြောင်ကြသောကြောင့် ဖြစ်၏။

ကျွန်ုပ်၏ အခြေအနေမှာလည်း မစားနိုင်မသောက်နိုင်ဖြစ်ပြီး ထိန်းချုပ်နေသဖြင့် အချို့ အဆိပ်မိလေသလောဟုပင် ထင်ကြ၏။

သို့သော် ကျွန်ုပ်၏ တကယ့်ပကတိအတွင်းစိတ်ကမူ ယခင်ကထက်အဆ (၁၀၀၀) ပိုမိုကြိုးစားလုပ်ကိုင်ရန် ကျွန်ုပ်၏ စိတ်ကို တုံးတုံးချ ဆုံးဖြတ်ထားပြီးဖြစ်၏။ ယခုအခါတွင်ကား ကျွန်ုပ်၏အသက်မှာ (၅၈)နှစ် ကျော်လွန်ပြီ ဖြစ်သဖြင့် ယခင်ကကဲ့သို့ အချိန်ပေးနိုင်တော့မည် မဟုတ်ပေ။ ကံဆိုးသည်မှာကား ကျွန်ုပ်သည် ယခုထက်တိုင်ပင် အမှားတစ်ခုကို ပြုနေဆဲဖြစ်၏။ ဓာတ်ပစ္စည်း အစစ်အမှန် မသုံးမိခြင်းကြောင့်လည်း ဖြစ်၏။ ကျွန်ုပ်ရရှိသုံးစွဲနေသည့် ပစ္စည်းတို့မှာ ဝါယောဓာတ်ဆိုင်ရာ ပစ္စည်းများ ဖြစ်နေ၏။

ဂီဗာကဆိုသည်မှာ အပြစ်မကင်းသော သတ္တုသည် ဥပမာ ခဲ၊ ဘင်၊ သံ၊ ကြေးတို့သည် အပြစ်ကင်းသော သတ္တုနှင့် မည်မျှပင်ပေါင်းစပ်စေကာမူ အပြစ်ကင်းသောသတ္တုသည် အနည်းငယ်မျှ ပို၍လာမည် မဟုတ်ပေ။ ထိုအညံ့စား သတ္တုများသည် သတ္တုတွင်းထဲ၌ရှိ



www.burmeseclassic.com

www.burmeseclassic.com

ထားသောအခြေအနေထက် ပို၍ ကောင်းမွန်ပြည့်စုံသောအဖြစ်သို့ မကူးပြောင်းနိုင်ပေ။

ထိုအညံ့စားသတ္တုများသည် ပြီးပြည့်စုံသောအဆင့်သို့ မရောက်စေကာမူ မူလထက် (၇)ဆ၊ (၁၀)ဆ၊ (၁၂)ဆမျှ ပို၍ သန့်စင်ကောင်းမွန်လာနိုင်ပေသည်။ ကျွန်ုပ်တို့ ပြုလုပ်၍ရသော ရွှေသည် ပို၍ အသက်ဝင်၏။ ကျွန်ုပ်တို့ ရရှိသည့် ရွှေနှင့်ငွေသည် အကြမ်းစား၊ အရိုင်းစား၊ အညံ့စားသတ္တုများ မဟုတ်ပေ။ အမှန်မှာမူ ရွှေနှင့်ငွေသည် သက်ရှိသတ္တု ဖြစ်၏။ ခွန်အားသတ္တိများရှိ၏။ အခြားသောတွင်းထွက်သတ္တုများသည် ခွန်အားသတ္တိမရှိကြပေ။ ဤအချက်ကို ကျူမာကျမ်းနှင့် အခြားသောကျမ်းများစွာ၌ တွေ့ရှိနိုင်၏။

အရာဝတ္ထုအားလုံးသည် အသုံးပြု၍ အဖြူရောင်လုပ်ငန်းနှင့် အနီရောင်လုပ်ငန်းများကို လုပ်ကိုင်နေကြသူအများစုကို ကျွန်ုပ်တွေ့ဖူးပါသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် အခက်အခဲများစွာ တွေ့ရှိခဲ့ရ၏။ မောပန်းမှုများလည်း ခံစားခဲ့ရ၏။ သို့ရာတွင် ကျွန်ုပ်ကိုယ်ပိုင် ရွှေ ငွေတို့၏ နှစ်ဆ၊ သုံးဆ တိုးရန်မဆိုထားနှင့် မူလရှိရင်းထက် တစ်ဒီဂရီမျှပင် တိုးမလာခဲ့ပေ။ ကျွန်ုပ်သည် ကမ္ဘာနှင့်အဝန်း အဖြူရောင်လုပ်ငန်းစဉ် (white works)၊ အနီရောင်လုပ်ငန်းစဉ် (Red works) လုပ်သူပေါင်းများစွာတွေ့ဖူးပါသည်။

ကျွန်ုပ် တွေ့ခဲ့ဖူးသမျှသော လူအားလုံးမှာ ရှုပ်ထွေးဆန်းပြားသော ပစ္စည်းများဖြင့် လုပ်ကိုင်နေကြသူများဖြစ်၏။ ဆိုလိုသည်မှာ ဆေးပင်များ၊ တိရစ္ဆာန်နှင့် အသီးအရွက်၊ အပင်များ၊ ဓာတ်သတ္တုများ၊ ဆားများ။ ကျောက်ချဉ်၊ ရေပျော်စေသော အရည်၊ ပေါင်းခံခြင်း၊ ဓာတ်များကို ခွဲထုတ်ခြင်း၊ အငွေ့စုခြင်း၊ ပြာချခြင်း၊ ပြဒါးစမ်းခြင်း၊ ဆေးပင်များ၊ ရေများ၊ ဆီများ၊ ကျောက်မျက်များ၊ မီးအမျိုးမျိုး ထူးခြားသောခွက်များကို သုံး၍ လုပ်နေကြခြင်းဖြစ်၏။

သင့်လျော်သည့်ပစ္စည်းများ၊ ကိရိယာများဖြင့် အလုပ်လုပ်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။ ကျွန်ုပ်ရောက်ခဲ့သမျှ အရပ်အားလုံးတွင် ဓာတ်သုံးအကြောင်းသိရှိသူ၊ ဓာတ်လုံးဖြစ်အောင်ထိုးနိုင်သူများအကြောင်းတို့ကို ပြောပြကြသဖြင့် များစွာပင်ကြားသိရပေသည်။ သို့သော် ထိုပုဂ္ဂိုလ်များနှင့်မူ တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံရမသိကျွမ်းရပေ။ ဤသို့ဖြင့် ခရီးသွားရင်း၊ လေ့လာစုံစမ်းရင်း၊ စမ်းသပ်လုပ်ကိုင်ရင်း ကျွန်ုပ်သည် ရွှေဒင်္ဂါးပေါင်း (၁၀၁၀၀) ကုန်သည့်အပြင် ကျွန်ုပ်ပိုင်မြေများကိုလည်း ဖလော့ရင် (၈၀၀၀)ဖြင့် ရောင်းချခဲ့ရပေသည်။

ကျွန်ုပ်၏ဆွေမျိုးများက ကျွန်ုပ်ကို နှာခေါင်းရှုံ့ကြ၏။ အကြောင်းမှာမူ ကျွန်ုပ်သည် ဆင်းရဲသွားပြီဖြစ်ပြီး အသက်ကလည်း (၆၀) ကျော်ကာ ကိုယ်ပိုင် ငွေကြေး ဟူ၍လည်း အနည်းငယ်မျှသာရှိတော့၏။ ဤအဆုံးမရှိသော ဒုက္ခများက ကျွန်ုပ်၏ ရုပ်ပိုင်းရော စိတ်ပိုင်းကိုပါ ပျက်စီးသွားစေ၏။ သို့ရာတွင် ကျွန်ုပ်ရင်ဆိုင်ရသော အကြီးမား အဆိုးရွားဆုံး ပြဿနာမှာမူ အရှက်ရခြင်း ဖြစ်၏။ ကျွန်ုပ်သည် အမိနိုင်ငံကို စွန့်ခွာလိုစိတ် ချက်ချင်းပင် ဖြစ်ပေါ်လာတော့၏။

ကျွန်ုပ်သည် ဘုရားသခင်၏ ကရုဏာတော်နှင့် ကူညီမှုကို အမြဲတမ်း ယုံကြည်လေသည်။ ဘုရားသခင်ကလည်း အလုပ်လုပ်ချင်စိတ်ရှိသူတိုင်းကို ကူညီပေးရန်ငြင်းဆန်လေ့ မရှိပေ။ သို့သော် ကျွန်ုပ်အား မှတ်မိမည်စိုး၍ ကျွန်ုပ်အား သိရှိနိုင်သူ တစ်ဦးတလေမျှ မရှိနိုင်သည့် ရိုဒီးရေခဲပြင်ကျွန်းသို့ သွားရောက်ခဲ့၏။ သို့သော် ကျွန်ုပ်အား ထိန်းချုပ်နိုင်မည့်သူ တစ်ဦးဦးကိုကား ရှာဖွေနေမိပါသည်။

ဤသို့ဖြင့် နောက်ဆုံးတွင် ဘာသာရေးဆိုင်ရာပညာရှိတစ်ဦးကို တွေ့ခဲ့ရ၏။ ထိုသူကား ဓာတ်လုံး၏ လျှို့ဝှက်ချက်ကို သိသူ ဟူ၍ ကျော်ကြား၏။ ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ထံ ချက်ချင်းသွား၍ ဆွေးနွေးတိုင်ပင်၏။ ထိုသူ၏ ယုံကြည်မှုနှင့် ခင်မင်မှုရရှိရန်အတွက် အကုန်အကျများလှ၏။ ထို့ကြောင့် ငွေလိုသဖြင့် ကျွန်ုပ်သည် လူတစ်ယောက်ထံမှ ဖလောရင့်ငွေ (၈၀၀) ကို ချေးရ၏။ ထိုသူသည် ကျွန်ုပ်၏ မိသားစုကို သိသူဖြစ်၏။ အထက်ပါ ဘာသာရေးဆိုင်ရာပညာရှိသည် လုပ်ငန်းကို အောက်ပါအတိုင်းလုပ်၏။

ပေပေါ်တွင် တင်၍ ထုပြီးသား ရွှေကို ခွက်ထဲ၌ထည့်၍ ၎င်း၏ (၄)ဆ ပြဒါးကို ထည့်သွင်း၏။ အဆိုပါ ခွက်ဆိုသည်မှာ လုံပင် ဖြစ်၏။ ထိုလုံကို ဇော်မံထားကာ မြင်းချေးတွင် (၁၁) လကြာအောင် မြှုပ်ထားလိုက်၏။ ထို့နောက် ထုတ်ယူပြီး မီးပြင်းတိုက်ရ၏။ မီးဖြင့်တိုက်ပြီးသောအခါ ဖန်ခွက်ထဲတွင် ထည့်၍ အပေါ်ယံတွင် အရည်ကြည်ဖြစ်နေ၏။ အောက်တွင် အနယ်အနှစ်များကျနေ၏။ အရည်ကြည်ကို ကဲ့ယူထား၏။ ထို့နောက် အောက်ရှိ အနယ်အနှစ်များကို ခရမ်းရောင်မီးဖြင့် မီးပြင်းတိုက်ပြီးပြာချရ၏။ အပေါ်ပိုင်းအရည်ကြည်ကို (၆) ကြိမ်တိတိ ပေါင်းလိုက်ရ၏။ အကြိမ်တိုင်းတွင် ရရှိလာသောအနယ်အနှစ်များကို ပထမဆုံး ရရှိလာသော အနယ်အနှစ်နှင့် ပေါင်းရ၏။ အနယ်အနှစ် မကျန်တော့သည်အထိ ပေါင်းတိုက်မှုကို ဆက်လက် ပြုလုပ်ရ၏။

အနယ်အနှစ်များကို ခွက်တစ်ခုတွင် ထည့်၍ အရည်ကြည်ကို အခြားခွက်တစ်ခုတွင်ထည့်ကာ ထိုအရည်ကြည်ကို အနယ်အနှစ်များပေါ်သို့ တဖြည်းဖြည်းလောင်းချရ၏။ မည်မျှပင်ကြိုးစားသော်လည်း အနယ်အနှစ်များနှင့် အရည်ကို ပေါင်းစပ်အောင်လုပ်၍ မတတ်နိုင်ခဲ့ပေ။ အရည်က အနယ်အနှစ်၏ အပေါ်တွင်သာ ရှိနေ၏။ ထိုအတိုင်း (၇) လ ထားလိုက်၏။ ထိုအတောအတွင်းတွင် မည်သည့်ပြောင်းလဲမှုမျိုးမျှ ဖြစ်ပေါ်မလာခဲ့ပေ။ အားလုံးအချည်းအနှီးပင် ဖြစ်ခဲ့ရ၏။ ဤသို့ဖြင့် ကျွန်ုပ်သည် အသက်(၃)နှစ်ကြီးလာပြီး ရွှေဒင်္ဂါး (၅၀၀)လည်း ထပ်ကုန်ခဲ့ရပြန်၏။

ထိုသူ (ရိုဒီးမှဘုန်းတော်ကြီး) တွင် အဂ္ဂိရတ်နှင့် ပတ်သက်၍ ကြီးကျယ်ခမ်းနားသော ကျမ်းအချို့ရှိ၏။ ၎င်းတို့မှာ ရိုဆာရင်(ROSARIUM)နှင့် အခြားကျမ်းများဖြစ်၏။ ထိုကျမ်းများကြောင့် ကျွန်ုပ်သည် အဂ္ဂိရတ်နှင့် ပတ်သက်၍ နောက်တစ်ကြိမ် ဆေးမိသွားပြန်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုကျမ်းများကို ထိုနေရာတွင်ပင် လေ့လာလိုစိတ် ဖြစ်ပေါ်လာလေသည်။ ကျွန်ုပ်သည် အာနေ၏ ကျမ်း၊ မာရီယာပရောဖက်တီကျမ်းများနှင့် အခြားသော ကျမ်းများကို ထပ်မံလေ့လာခဲ့၏။ ကျွန်ုပ်သည် ကျွန်ုပ်ဖတ်ခဲ့ပြီးသမျှနှင့် လုပ်ခဲ့ပြီးသမျှကို ပြန်လည်၍ တွေးတောနေမိ၏။ ၎င်းကျမ်းများကို (၄) နှစ်တိတိ လေ့လာပြီးသည်တွင် ထိုကျမ်းများ၌ ဒဿနအတွေးအခေါ်ပါရှိကြောင်း တွေ့ရ၏ ။ ထိုအတွေးအခေါ်တို့သည် သာမန်မျှမဟုတ်ဘဲ အပြည့်အဝပင်ပါရှိကြောင်း တွေ့ရ၏။ ထိုအခါတွင်မှ -

ကျွန်ုပ် လုပ်ခဲ့သမျှအားလုံးတို့ မအောင်မြင်ရခြင်း၏ အကြောင်းကို သဘောပေါက်လာမိပါတော့သည်။ ထို့တွင် ကျွန်ုပ်သည် ကျူဇာကျမ်းမှ ဆောင်ပုဒ်များကို စေ့စေ့တွေးမိပါတော့သည်။

(ရှေ့လဆက်ဖတ်ပါရန်)

ဆရာဦးဆက်ထွန်းသင်း

(အာယုဒွေး)



www.burmeseclassic.com

www.burmeseclassic.com

**ဟင်းလေးအိုးကြီး**

ဘအောင်စိန် ကျွန်တော်တို့ရွာကို ရောက်လာသည်မှာ ကျွန်တော်တို့ရွာကံကောင်းသည်ဟု ဆိုရပါမည်။ ကျွန်တော်သာ ဘွဲ့ထူးဂုဏ်ထူးတွေပေးနိုင်သည့် အာဏာသာရှိလျှင် အမြင့်ဆုံးဘွဲ့ကို ပေးမည်ဖြစ်သည်။ ဘအောင်စိန်သည် မသိတာ၊ မတတ်တာ၊ မလုပ်ဘူးတာဆို၍ ဘာမှမရှိ။ သူ့ဘဝနှင့်ရင်း၍ အတွေ့အကြုံများခဲ့သူပါ။

သူ့ကိုမွေးစားခဲ့သည့် ဘဘုန်းနှင့် ဘကြီဘာတို့ကျေးဇူးလည်းပါလေသည်။ ဘဘုန်းနှင့် ဘကြီဘာတို့ ဘယ်လောက်ပင် သင်ပေးညွှန်ပြပါစေ သင်ချင်သူက စိတ်မဝင်စားလျှင် အလကားပါပဲ။ အခုတော့ ပေးဝေသူတွေကလည်း တတ်သိနားလည်သူတွေ၊ စေတနာပါပါနှင့်လည်း သင်ပြပေးကြသည်။ ဘအောင်စိန်ကလည်း လိုလိုလားလားနှင့် မှတ်သားသင်ယူသည်။ ဒါကြောင့်လည်း ဘအောင်စိန်သည် ကျွန်တော်တို့အတွက် ဟင်းလေးအိုးကြီးဖြစ်နေလေသည်။

ဟင်းလေးအိုး ဆိုတာ ဘုန်းတော်ကြီးကျောင်းနေဖူးသူတွေသာ သိကြမှာပါ။ ဘုန်းကြီးကျောင်းတွင် မပြတ်မီးဖိုပေါ်တင်ထားသည့် ဟင်းပေါင်းအိုးကြီးကို ဆိုတာပါ။ ထိုဟင်းပေါင်းအိုးသည် ဟင်းပေါင်းစုံထည့်၍ တည်ထားလေသည်။ နေ့ဆွမ်းစားပြီး ကျန်နေသည့် အသီးအရွက်ကြော်၊ ချဉ်ရည်ဟင်း၊ ကြက်၊ ဝက်၊ ငါးတို့နှင့် နောက်ဆုံးငါးပိရည်ပါ စုပေါင်းရော၍ ချက်ထားခြင်းကြောင့် ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး ရသာစုံလင်နေပေသည်။ ဘအောင်စိန်သည်လည်း ထိုဟင်းပေါင်းအိုးကြီးလို ရသာစုံလင် (ဗဟုသုတ) နေသည်ဟု ထင်ပါသည်။

ကျောင်းမှာနေကြသည့် ဘုန်းကြီးကျောင်းသားတွေတော့ ကြိုက်၊ မကြိုက်မသိ။ ကျွန်တော်တို့ ကျောင်းတွင်အလုပ်လုပ်ပေးပြီး ထမင်းစားကြလျှင် ထိုဟင်းပေါင်းနှင့်ပင် ဗိုက်ကားသွားလေသည်။ အခြားကြက်၊ဝက်၊ငါးကိုမကိုင်ကြတော့။ ထိုဟင်းပေါင်းသည် သည်လောက်ထိတာသွားလေသည်။

**သိဒ္ဓိဝင်ကိုလေအိုး**

ကျွန်တော်တို့ စက်မှုသိပ္ပံမှာ နောက်ဆုံးနှစ်စာမေးပွဲရှိနေ၍ ရွာကို မဆင်းနိုင်။ စာတွေက ကျွန်တော်တို့သုံးဦးကို ခေါင်းမဖော်နိုင်အောင်ဖိထားလေသည်။ နောက်ဆုံးနှစ်မို့ ရိုးရိုးအောင်ရုံနှင့်မပြီး။ B.Eတန်းဝင်နိုင်ဖို့ အသေအလဲကြိုးစားနေကြရ၏။ B.E ဝင်မှ ကျောင်းပြီးတာနှင့် အငယ်တန်းအင်ဂျင်နီယာတန်းရမှာမို့ မလွယ်။ သည်ကြားထဲလက်တွေ့ကလည်း ကျွန်တော်တို့ကို ဒုက္ခကောင်းကောင်းပေးနေသေးသည်။ တစ်ခါတလေ ည (၉) နာရီ (၁၀)နာရီထိ လုပ်ရသည့်နေ့တွေလည်းရှိသေးသည်။

စာမေးပွဲကို အစွမ်းကုန်တော့ ကြိုးစားခဲ့တာပါပဲ။ အောင်၊ မအောင်တော့ မသိသေးပါ။ ကျွန်တော်နှင့် သူငယ်ချင်းတွေဖြစ်ကြတဲ့ ဖိုးတာ (ခေါ်) ခင်မောင်ဦးနဲ့ ဂျယ် (ခေါ်) ကိုကိုနိုင်တို့သုံးဦးသည် လွတ်လပ်ပေါ့ပါးစွာနှင့် ဘီလူးကျွန်းကို ပြန်မည့် ဇက်အိုကြီးပေါ် ရောက်နေကြသည်။ (၂း၁၀) နာရီခေါက်နှင့် ပြန်ကာရွာကို စောစောရောက်နိုင်ပြီး မမိတော့၍ ညအိပ်ခေါက်နှင့်ဆိုတော့ ရွာကို မိုးစုံးစုံးချုပ်မှရောက်ပေမည်။ ရေတက်နှင့်ဆုံလျှင် ဇက်အိုကြီးမှာ နောက်ပြန်ဆုတ်သွားသလိုဖြစ်ပြီး တစ်ရေးအိပ်လို့တောင် ရသည်။

အခုလည်း မိုးချုပ်မှရောက်တော့ ရေအမြန်ချိုး၊ ထမင်းအမြန်စားပြီး အဘိုးရွှေလေးအိမ်ကို ထွက်လာခဲ့လေသည်။ အမေက နားပါဦးလားဆိုတာတောင် မနားနိုင်တော့ချေ။ အဘိုးရွှေလေးအိမ်တွင် ဘသူတော်၊ ဘအောင်စိန်တို့နှင့် ကိုဖိုးခင်ကိုပါ တွေ့ရသည်။

"ကိုတင်လှနိုင်တို့နောက်ကျနေပါလား။ စာမေးပွဲကောပြီးသွားပြီ မဟုတ်

# (မော်လမြိုင်)
# မောင်လှယဉ်
## နှန်းထိုင်အန္တရာယ်နှင့် ဟင်းလေးအိုး ဘအောင်စိန်





www.burmeseclassic.com

www.burmeseclassic.com

လား။ ဖြေနိုင်ရဲ့လား"

"ကြိုးစားပြီးတော့ ဖြေခဲ့တာပါပဲ။ ဘီအီးဝင်နိုင်, မဝင်နိုင် မသိသေးပါဘူး"

ဆရာမ မနှင်းရည်ရဲ့ အမေးကို ကျွန်တော်ဖြေပြီးသည်နှင့် ဘအောင်စိန်က နောက်လာပြန်သည်။

"သည်ငလူက စာမေးပွဲမှာစိတ်ရှိနေတာမဟုတ်ပါဘူး သမီးဆရာမရယ်။ သူ့စိတ်က ဒီကိုပဲရောက်နေမှာပါ။ ဟုတ်တယ်မဟုတ်လား ငလူ"

"ဘအောင်စိန်ကတော့ ပြောရော့မယ်။ ဒီနှစ်က နောက်ဆုံးနှစ်ဆိုလည်း ဟုတ်တော့ စိတ်မရောက်နိုင်ပါဘူး



ဘရာ။ စာထဲမှာပဲနစ်နေတာပါ။ တစ်ခါဘစ်ခါတော့ ဘအောင်စိန်တို့စကားဝိုင်းကို သတိရတာပါပဲ"

ကျွန်တော်က ဘအောင်စိန်ကို ပြောပြီး ဆရာမကိုကြည့်လိုက်မိပါသည်။ ဆရာမကလည်း ပြန်ကြည့်နေတာနှင့် ဆုံသွား၍ ရင်ခုန်စွာနှင့် မျက်လွှာချလိုက်ရသည်။

"အေးပါ မောင်ရာ။ တို့စကားဝိုင်း ကယ်လို့သာပေါ့၊ ကယ်များမကယ်ရင်ခက်ရသေးရဲ့"

သည်နေ့ည အဘိုးရွှေလေးကို မတွေ့ရ၍ ကျွန်တော်မေးကြည့်တော့ အဘိုးနေစားမကောင်းသလိုဖြစ်နေ၍လဲ နေသည်ဟု ဆရာမလေးက ပြောလာသည်။ ဒါကြောင့်မို့ ဘအောင်စိန် ပေါက်ကရစကားတွေပြောနေခြင်း ဖြစ်လေသည်။ ကျွန်တော်က ဘားအံမှ သူငယ်ချင်းကျောင်းသား လက်ဆောင်ပေးလာသည့် မြေပဲလှော်ထုပ်ကို ဆရာမအား ပေးလိုက်သည်။

"ကိုတင်လှနိုင် မနက်ဖြန် အားတယ်မဟုတ်လား။ အားရင် မနက်စောစောခေါက်နဲ့ မော်လမြိုင်ကို လိုက်ခဲ့ရေ

www.burmeseclassic.com

www.burmeseclassic.com

ပါလား။ အဘိုးကို ဆေးခန်းသွားပြမှာမို့ပါ"

"ဟုတ်ကဲ့ အားပါတယ်၊ ကျွန်တော်လိုက်ပေးပါ့မယ်။ ကိုဖိုးခင်ကမလာစဖူး အလာထူးချည်လား။ ဘအောင်စိန်တို့ စကားဝိုင်းကို သဘောကျနေပြီလားဗျ"

"စိတ်ဝင်စားတာလည်း တစ်ကြောင်း၊ ဘအောင်စိန်ကိုလည်းမေးစရာလေးရှိလို့ပါ ညီရာ"

ကိုဖိုးခင်က ဘအောင်စိန်မျက်နှာကို ကြည့်နေလေသည်။ ဘအောင်စိန်ကတော့ မသိသလို မြေပဲလှော်ဝါးနေပြီး ရေနွေးငုံ့သောက်နေလေသည်။ ကိုဖိုးခင်သည် ရွာမှာ ဟိုစပ်စပ်သည်စပ်စပ်လုပ်သူဖြစ်သည်။ သူ့ဝါသနာက တစ်မျိုး။ ဂမ္ဘီရပစ္စည်းများကို ကောင်း၊ မကောင်းမသိ။ သူများကကောင်းတယ်၊ သိဒ္ဓိဝင်တယ်ဆို ရသည့်နည်းနှင့် လိုက်ဝယ်သည်။ ဂမုန်းပင်များလည်း သူ့အိမ်မှာ တော်တော်များများစိုက်ထားသည်။ နားလည်၍တော့မဟုတ်၊ ဝါသနာပါသူသာဖြစ်သည်။ ဝမ်းရေးကတော့ တံငါသည်လည်းမဟုတ်၊ လယ်လည်းမဟုတ်။ သူလုပ်တာက တံငါသည်များထံမှ ငါးတွေဝယ်ပြီး မော်လမြိုင်အဝယ်ဒိုင်တွင် သွားသွင်းသည့်အလုပ်နှင့် စပါးပွဲစားအလုပ်ကို အလျဉ်းသင့်သလို 'လုပ်ကိုင်နေသည်မို့ အူစိုသည်၊ လည်လည်ဝယ်ဝယ်ရှိသူဟု ဆိုရမည်။

သူ့အိမ်သွားကြည့်လျှင် သစ်ကွင်းထိုး၊ သစ်တံခါး၊ နွယ်လိမ် စသည်ဖြင့် အစုံတွေ့ရမည်။ ဘာတွေကောင်လဲမေးလျှင် သူမသိ။ ဘယ်သူမေးမေး သူဖြေနေကျအဖြေက 'ဒါသိဒ္ဓိဝင်ပစ္စည်းတွေကွ' လို့ ဆိုနေကျ။ သူ့ကို ကျွန်တော်တို့က နောက်ပြီး 'ဦးသိဒ္ဓိဝင်' လို့ခေါ်ကြတာကို သူစိတ်မဆိုး။ ကိုသိဒ္ဓိဝင် ကိုဖိုးခင်သည် ဘအောင်စိန် သူ့ကို မကြည့်၍ အဝင်ခက်နေပုံရသည်။

"ဘအောင်စိန်ကို ကျွန်တော် တစ်ခု လောက်မေးပါရစေဗျာ။ မေးချင်လို့ ဘအောင်စိန်တို့ စကားဝိုင်းကိုလာရတာပါ"

"ဘာမေးမှာလဲ၊ သိဒ္ဓိဝင် အဲ ဖိုးခင်"

ဘအောင်စိန်က ကိုဖိုးခင်ကို မကြည့်ဘဲ မေးလိုက်သည်။

"ကျွန်တော် လွန်ခဲ့တဲ့အပတ်က မော်လမြိုင်ကိုငါးသွားသွင်းတယ်။ ကျွန်တော်နဲ့ ငါးအပြိုင်သွင်းနေတဲ့ လူတစ်ဦးက ဂမုန်းတစ်ပင်လက်ဆောင်ပေးလိုက်တယ်ဗျ။ သူပြောတာက ခင်ဗျားဂမုန်းဝါသနာပါလို့ မေးတာပါ။ ဒီဂမုန်းက အလွန်ရှားပြီး သိဒ္ဓိဝင်ကြောင်း၊ ဂမုန်းပွင့်လာလို့ကတော့ ခင်ဗျားစီးပွားရေးဒီရေအလားတက်လာပြီလို့ မှတ်ပေတော့လို့ ပြောတယ်ဗျ။ သူ့အိမ်မှာလည်း တစ်ပင်စိုက်ထားတယ်လို့ပြောတယ် ဘအောင်စိန်"

"မင်းရထားတဲ့ ဂမုန်းအရွက်က ဘယ်လိုပုံစံလဲကွ"

"ဒါတော့ မသိသေးဘူးဗျ။ အတက်လေးပဲ ထွက်ရုံရှိသေးတယ်"

"ကဲ-သရဲရေ၊ ဘိုးရွှေလှေးလည်း နေမကောင်းဘူးဆိုတော့ စောစောဝိုင်းသိမ်းကြစို့ကွာ။ ဆရာမလေးတို့လည်း မနက်စောစောခေါက်နဲ့ အဘိုးကို ဆေးခန်းသွားပြမယ် မဟုတ်လား"

ဘသူတော်ရဲ့ စကားနည်းလမ်းကျနေ၍ ကျွန်တော်တို့စကားဝိုင်း စောစောပဲသိမ်းလိုက်ပါတော့သည်။

**ခဏအပျော်လေးမြဲပါစေ**

"ဟေ့ကောင် တင်လှနိုင်၊ မနက်ဖြန် ဆရာမလေးနဲ့ မြို့သွားရမှာမို့ ပျော်နေတယ် မဟုတ်လားကွ"

ကျွန်တော်တို့သုံးဦး ကိုယ့်အတွေးနှင့်ကိုယ်ပြန်လာရင်း ဖိုးတာက ဖောက်လာသည်။ ဖိုးတာပြောတာလည်းမှန်နေပါသည်။ ကျွန်တော် တိတ်တခိုးချစ်နေရသည့် ဆရာမလေးနှင့် မနက်မြို့တက်ရမှာမို့ ရင်ထဲမှာ ကုလားဘုရားပွဲလှည့်နေသလိုပါပဲ။ ကျွန်တော် ဆရာမလေးကို ချစ်မိနေပြီလား။ အကယ်၍ ချစ်နေမိပြီဆိုလျှင် ဘာပြောရမှာလဲ။ သူမကကော ကျွန်တော့်ကို ချစ်နိုင်ပါ့မလား။ စစ်မရောက်ခင်ကပင် ကျွန်တော် မြားကုန်ချင်နေပြီ ဖြစ်ပါသည်။

"ဟေ့ကောင်၊ ငါမေးတာ ကြားသေးရဲ့လား"

"အေး- ကြားပါတယ်ကွာ။ ပျော်သလိုလားဘာလားတော့ မသိပါဘူး။ ရင်ခုန်နေတာတော့ ငါဝန်ခံပါတယ်"

"အေး- ဒါအချစ်ပဲဖြစ်ရမယ်ကွ။ မင်းကို သူကြည့်တဲ့ မျက်လုံးကလည်း မရိုးသားဘူး သူငယ်ချင်း။ သံယောဇဉ်ရှိတဲ့မျက်လုံးနဲ့ကြည့်နေတာတော့ ငါသိတယ်ကွ။ ဒီတော့ မနက်ဖြန်အကွက်ကောင်းပဲ ဖွင့်ပြောကွာ။ မင်းနဲ့ ဆရာမ အသက်ဘယ်လောက်ကွာသလဲကွ"

"သုံးနှစ်လောက်၊ သုံးနှစ်လောက် ဆရာမကကြီးမယ်ထင်တယ်ကွ"

ဖိုးတာရဲ့ အမေးကို ဖြေနေရပေမယ့် အားမရှိသလိုပါဘဲ။

"ဒီလောက်လေးအသက်ကွာနေတာက အကြောင်းမဟုတ်ပါဘူး နိုင်ကြီးရာ။ ကြီးရင်မို့ ငယ်ရင်ချို ဆိုတဲ့ စကားလည်းရှိသား မဟုတ်လား။ ဒီလိုလုပ်ကွာ၊ မင်းစကားမပြောရဲရင် စာရေး။ ငါ့ အစ်မနဲ့ ပေးခိုင်းမယ်"

"အေး- ဂျယ့်အကြံကောင်းတယ်လေ့ရ။ ဂျယ်က ဒီနေရာမှာ တော်ပြန်ရော။ ဒါကြောင့် ငါ့ယောက်ဖကို ချစ်နေရတာ"

ကိုနိုင်ကို ဖိုးတာက နောက်လိုက်လေသည်။ ကိုနိုင်တွင် အစ်မနှစ်ယောက်ရှိသည်။ တစ်ယောက်က ဆရာမ မနှင်းရည်နဲ့ လုပ်ဖော်ကိုင်ဖက်၊ တစ်ယောက်က မိမိတွင်းပုန်း။ ဖိုးတာဆိုတဲ့ကောင်က ငါးရံ့နှစ်ကောင်စလုံးကို ဖမ်းချင်နေတဲ့ကောင်။ တစ်ယောက်မရ၊ တစ်ယောက်ရဆိုပြီး ချိန်နေတာကို ကျွန်တော်ရော ဂျယ်ပါ သိကြသည်။

"မင်းအကြံ မဆိုးဘူးဂျယ်။ ငါ စဉ်းစားဦးမယ်ကွာ"

မနက်အစောကြီးကားနှင့် အဘိုးရွှေလှေးကို ကျွန်တော်တို့ မော်လမြိုင် အထူးကုဆေးခန်းကို သွားပြကြသည်။ အဘိုးရွှေလှေးက အစာမဝင်၍ အားပြတ်နေသည့်အတွက် ကျွန်တော်တို့တွဲခေါ်ကြရသည်။ သည်တွင် မနှင်းရည်လက်နှင့် ကျွန်တော်လက်တို့ ကိုင်မိဆုပ်မိကြပြီး တစ်ဦးကိုတစ်ဦး ကြည့်မိရက်သားဖြစ်နေကြသည်။ နှစ်ဦးလုံး ရင်ခုန်မြန်နေကြမည်မှာ ကျွန်တော်သိနေသည်။ မျက်လုံးလေးများကတော့ အကြင်နာမျက်လုံးလေးများနှင့် ရှက်ရွံ့နေတဲ့ အရိပ်အယောင်များကိုမြင်နေရ၍ ကျိတ်ဝမ်းသာနေမိသည်။

အထူးကုဆရာဝန်ကြီးက အဘိုးကို ဆေးရုံတင်ခိုင်း၍ တင်လိုက်သောကြောင့် ဆရာမ မနှင်းရည်လေး စိုးရိမ်ပြီး မျက်ရည်ကျလေသည်။ ဆရာဝန်ကြီးက စိုးရိမ်စရာမရှိကြောင်း၊ အားနည်းနေ၍ တစ်ပတ်သာအားမွေးဖို့ရန်ဖြစ်ကြောင်း ပြောပြလေသည်။ ကျွန်တော်ချစ်ရသော ဆရာမလေး မနှင်းရည်ရဲ့ ခိုင်းစေချက်ကြောင့် ရန်ကုန်ရှိ ဆရာမလေးမိဘနှစ်ပါးထံ အကြောင်းကြားပေးပြီး အဘိုးကိုစောင့်ရန် တာဝန်ယူရပါသည်။

အဘိုးဆေးခန်းတွင် တစ်ပတ်နေပြီး အတော်ကျန်းမာ၍ အားပြည့်လာသည်။ သားသမီးတို့က ရန်ကုန်လိုက်ခဲ့နေဖို့ ပြောသော်လည်း မြေးဆရာမလေးနှင့် သူ့ရွာကို မခွဲနိုင်ဘူးလို့ ငြင်းနေ၍ ဘသူ

www.burmeseclassic.com

www.burmeseclassic.com

ဘော်နှင့် ဘအောင်စိန်တို့က နားချကြ၍ ဆရာမလေးပါ ရန်ကုန်လိုက်သွားရသည်၊ အိမ်ကိုတော့ ကျွန်တော့်ကို စောင့်ခိုင်းကြလေသည်။

ဘအောင်စိန်နှင့် ဘသူတော်၊ ဘာ၊ ခင်မောင်ဦးနှင့် ကိုကိုနိုင်တို့ ညလာစကားဝိုင်းဖွဲ့နေ၍ ကျွန်တော်လင်းဘဲဖြစ်နေရသည်။

**ထိုင်လား၊ ကြောက်စရာလား**

"ဟေ့ - အိမ်ရှင်တင်လှနိုင်၊ ဘာလုပ်နေတာလဲကွ။ ဒီမှာ မင်းဆရာတွေ လာနေတယ်ကွ။ အိမ်ရှင်လုပ်သူက ဘယ်ပေါ့တာကိုး"

"ဟာ-ဘအောင်စိန်ဘာတွေပြောနေတာလဲဗျာ။ ဟိုကကြားရင် တလွဲထင်နေပါဦးမယ်။ ကျွန်တော် ဘတို့အတွက် ရေနွေးကျိုနေတာပါ"

"အေး - မင်းဒီလိုလိမ္မာလို့လည်း လူယုံအိမ်စောင့် ဖြစ်နေတာပေါ့ကွာ။ နောက်ဆို အိမ်ကြီးရှင်ဖြစ်မှာတောင် မြင်ယောင်သေးမောင်"

"ဟာ - ဘကလည်း ပြောလေဆိုးလေဖြစ်နေပါပြီ။ သည်ည ဘတို့စားဖို့ ကန်စွန်းဥပြုတ်ကျက်နေပြီ၊ အခုယူလာမယ်နော်"

ဘအောင်စိန် နောက်နေ၍ ကျွန်တော်နေရခက်ပြီး စကားရပ်သွားအောင် လေချိုသွေးလိုက်ရသည်။ ကျွန်တော့်ရင်ထဲမှာတော့ ဘတို့ပြောသလိုဖြစ်ပါစေလို့ ဆုတောင်းရအခါခါပါ။

ဘအောင်စိန်နှင့် ဘသူတော်တို့ နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး နောက်ပြောင်၍ ကန်စွန်းဥပြုတ်စားလိုက်၊ ရေနွေးကြမ်းသောက်လိုက်နှင့် ဖိမ်ကျနေကြသည်။ ရှေ့ဆင့်နောက်ဆင့် ဖိုးတာနှင့် ကိုကိုနိုင်တို့ရောက်လာကြပြီး နောက်မှာတော့ ကိုဖိုးခင် ကျွန်တော်တို့အခေါ် ကိုသိဒ္ဓိဝင်ကြီး တစ်စုံတစ်ခုကိုပိုက်ကာ ရောက်လာလေသည်။

"ဟေ့- သိဒ္ဓိဝင်ပွဲစား။ မင်းလက်ထဲက ဘာအိုးကြီးလဲကွ။ သိဒ္ဓိဝင်အိုးကြီးလား ဟကောင်"

ဘအောင်စိန်က ရောက်ရောက်ချင်း အနောက်အပြောင်လေးနှင့်စ၊လိုက်ပါသည်။

"ဘအောင်စိန်ကလည်းဗျာ။ ကျွန်တော့်ကို သိဒ္ဓိဝင်လို့ခေါ်ပါပါဗျာ။ ပွဲစားဆိုတာကြီးတော့မထည့်ပါနဲ့၊ တောင်းပန်ပါရစေ"

"အေးကွာ၊ မင်းမကြိုက်ရင်မခေါ်တော့ပါဘူး ပွဲစားဖိုးခင်ရယ် အဲ- သိဒ္ဓိဝင်ရယ်။ မင်းယူလာတာ ဘာပန်းအိုးကြီးလဲဟ"

"အဲဒါ ဘာဂမုန်းမှန်းမသိလို့ ဘအောင်စိန်ကို ယူလာပြတာပါ။ ကျွန်တော် ဟိုတစ်ပတ်ကပြောတဲ့ ဂမုန်းပင်လေ"

ကျွန်တော်တို့လည်း ကိုသိဒ္ဓိဝင်ယူလာသည့် ပန်းအိုးထဲကအပင်ပေါက်ကလေးကို ဝိုင်းကြည့်ကြသည်။ အပင်လေးသည် အရွက်နှစ်ရွက်သာထွက်သေးပြီး အပေါ်ဘက်တွင် မြစိမ်းရောင်ကဲ့သို့ စိမ်းမြနေသည်။ ဘအောင်စိန်သည် ပန်းအိုးကိုမ,ခိုင်းပြီး အရွက်အောက်ဘက်ခြမ်းကို ဓာတ်မီးထိုးကြည့်ရာ အနီရောင်သန်းနေတာကို တွေ့ရ၍ အောက်ပြန်ချခိုင်းပြီး ရေနွေးတစ်ပန်းကန် ငုံ့သောက်လေသည်။

အားလုံးက ဘအောင်စိန် ပြောလာမည့်စကားကို စောင့်နေကြသည်။ ဘအောင်စိန်က မပြောသေး၊ လက်ကိုသုတ်ပြီး ကန်စွန်းဥတစ်လုံးကို အခွံနွှာ၍ ဆိတ်စားနေပြန်သည်။

"ဟေ့- သနဲ့ မင်းအိုက်တင်ခံနေတာတော်လောက်ပြီကွာ။ တို့က မင်းစကားကို စောင့်နေကြတာ"

ဘသူတော်က စိတ်မရှည်တော့၍ ပြောသော်လည်း အင်းမလုပ်အဲမလုပ်နှင့် ဆေးလိပ်ဖွာဖွာနေပြန်သည်။ ဆေးလိပ်သောက်ပြီးမှ လည်ချောင်းရှင်းကာပြောလာသည်။

"အဟမ်း-သိဒ္ဓိဝင်၊ မင်းကိုဒီဂမုန်းပေးတာ ဘယ်သူလဲကွ"

"မော်လမြိုင် ကျောက်တန်းကပဲ ဘအောင်စိန်။ ကျွန်တော်ငါးသွင်းနေတဲ့ ဟိုးဒင်းကုမ္ပဏီမှာ သူလည်းငါးသွင်းနေသူပဲဗျ"

"ဟုတ်ပြီ၊ ကုမ္ပဏီက မင်းတို့နှစ်ဦးနဲ့ ဆက်ဆံရေးကကော ဘယ်လိုရှိလဲ"

"ကုမ္ပဏီက သူ့ကို သိပ်အရေးမပေးဘူးဗျ။ သူ့ငါးဆိုသေးတယ်၊ မလတ်ဘူးလို့ အမြဲပြောပြီး ဈေးသိပ်မပေးဘူး။ ကျွန်တော့်ငါးတွေကျတော့ ကုမ္ပဏီက ဈေးအတိုင်းပေးပြီး၊ တစ်ခါတလေ ဈေးတိုးပေးတာတွေရှိပါတယ်။ သူက ငါးဒိုင်နှစ်ခု၊ သုံးခုကို လှည့်သွင်းနေတာကိုလည်း သိထားတယ်ဗျ"

"အေး- ဒါကြောင့် မင်းကို မနာလိုလို့ မင်းကိုစီးပွားပျက်အောင်ကြံတာကွ။ ဒီအပင်ကို မနက်ကျရင် နုတ်ပြီး သူ့ဥကိုထုခြေ၊ ရေထဲသာမျှောလိုက်ကွာ။ ဒီအပင် ပွင့်လာလို့ကတော့ မင်းတို့မိသားစု မချောင်တော့ဘူးသာမှတ်ပေတော့ သိဒ္ဓိဝင်။ နုတ်ပြီးရင် သေသေချာချာကြည့်ထား၊ ဘယ်လိုပုံစံလဲဆိုတာ"

"ဟာ - ဘအောင်စိန်ကလည်း၊ နုတ်ပစ်ရမှာ နှမြောစရာကြီးဗျာ"

"အေးလေ - မင်းပစ္စည်း မင်းသဘောပေါ့ သိဒ္ဓိဝင်ရာ။ ပစ်ချင်ပစ်၊ မပစ်ချင်စိုက် မင်းထိုက်နဲ့မင်းကံပေါ့ကွာ။ ငါ့စကားကနေတော့ကုန်ပြီ"

"ဟုတ်သားပဲ သိဒ္ဓိဝင်ရာ။ အောင်စိန်ကသိလို့ပြောတာကို လက်ခံမှပေါ့ကွ"

ဘသူတော်ကပါ ပြောလာသော်လည်း ကိုသိဒ္ဓိဝင်က အင်းမလုပ်အဲမလုပ်နှင့် နှမြောနေပုံရလေသည်။

"ကဲ - ဦးသူတော်ရေ၊ သတို့သားလောင်းလေးရဲ့ ကန်စွန်းဥကလည်း အရသာရှိပါ့ဗျာ၊ ရေနွေးကြမ်းကလည်း ကောက်ညင်းမွှေးလက်ဖက်ခြောက်နဲ့ဆိုတော့ မော်လမြိုင်လေသံနဲ့ ပြောရရင်၊ အားပါး - ကောင်းမှကောင်းပေါ့ဗျာ။ မင်းရဲ့အကြံအစည်တွေ အောင်မြင်ပါစေလို့ ငါရောကိုသူတော်ပါ ဆုတောင်းပေးပါတယ်ကွာ။ ဟုတ်တယ်မဟုတ်လား ဦးသူတော်"

"ဟုတ်ပါ့ သရဲရေ ဟုတ်ပါ့"

နောက်လည်းနောက်တတ်သည့် ဘတို့နှစ်ဦးကို ကျွန်တော်ကြည့်ရယ်နေလိုက်ပါသည်။ ထပ်ပြန် ဘအောင်စိန်က ပြောသွားပါသေးသည်။

"ဟေ့- အိမ်ကြီးရှင်၊ မနက်ဖြန်ညတော့ ရေနွေးပဲကျိုထားမောင်။ ငါစားစရာယူလာမယ်"

**ဘအောင်စိန်ဆွဲလာသည့်ပုံတစ်ပုံ**

"တင်လှနိုင်ရေ၊ အစ်ကို သစ်ပင်လေးတစ်ပင်ကို သတ်ပစ်ရမှာနှမြောလို့ ပြောမိတာ ဘအောင်စိန် စိတ်များဆိုးသွားလား မသိပါဘူးကွာ။ ဒီညမှာတော့ တောင်းပန်ရမှာပဲ"

ညနေ (၆) နာရီတောင် မထိုးသေးခင် သိဒ္ဓိဝင်ကိုဖိုးခင် ရောက်လာပြီး ညည်းညူလေသည်။

"ကိုသိဒ္ဓိကလည်း ကိုသိဒ္ဓိပဲကိုဗျ။ ဘအောင်စိန်က သိလို့တတ်လို့ပြောတာကို သွားဆင်ခြေတက်နေတာကိုးဗျ။ တောင်းပန်လိုက်ပေါ့ဗျာ။ ထမင်းကောစားပြီးပြီလားဗျ။ ကျွန်တော် ထမင်းစားလိုက်ဦးမယ်။ မစားရသေးရင် ဝင်စားပါလားဗျ။ ရေနွေးအိုးတော့ တည်ထားတုန်းပဲ ဆုတော့မှာပါ"

"စားကွာ တင်လှနိုင်၊ အစ်ကို စားခဲ့ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ထမင်းစားနေစဉ် ဖိုးတာနှင့် ကိုနိုင်တို့ရောက်၍ သည်ကောင်နှစ်ကောင်ပါ ဝင်စားကြသည်။ ကျွန်တော်တို့ ထမင်းစား၍မပြီးမီ ဘအောင်စိန်နှင့် ဘသူတော်တို့ ရောက်လာကြသည်။

"ဟော့-တင်လှနိုင်။ အခုမှ ထမင်းစားတုန်းလား။ လာ-ဒီမှာလာယူ၊ ငါးလိပ်ကျောက်မီးဖုတ်ပြီး ချဉ်စပ်လုပ်လာတယ်။ တစ်ဝက်ကို ပန်းကန်ပြားနဲ့ ထည့်လာ၊ တစ်ဝက်ကို နောက်နေ့ မင်းတို့ ထမင်းစားဖို့ ဖယ်ထားကွ"

ဘအောင်စိန် ကမ်းပေးလာသည့် ငါးလိပ်ကျောက်အထုပ်ကို လှမ်းယူပြီး ပန်းကန်ပြားတွင် တစ်ဝက်ခွဲထည့်၍ ရေနွေးခေတ်ဘူးတို့နှင့်အတူ ချထားပေးလိုက်ပါသည်။

"ဘ၊ ကျွန်တော်တို့ ထမင်းဆက်စားလိုက်ဦးမယ်နော်"

"အေး - စားကြကွာ။ ငါးလိပ်ကျောက်လည်း ဖယ်ထားတယ် မဟုတ်လား။ စားကွ၊ ကောင်းမှကောင်းပဲ။ မင်းအဒေါ် ငါ့ချစ်ချစ်လုပ်ပေးလိုက်တာကွ"

"သရဲရာ၊ မဏ္ဍပ်တိုင်တက်မပြနေပါနဲ့။ ပြုတ်ကျမှ ဟုတ်ပေ့ဖြစ်နေပ့ါမယ်"

"ဦးသူတော်မှာ အဲဒီလိုပြောနိုင်တဲ့ အခွင့်အရေးကောရှိလို့လားဗျ။ မနာလိုဖြစ်မနေပါနဲ့၊အောင်စိန်တို့ ကောင်းစားနေတာကို။ ဩော်- ဆရာသိဒ္ဓိဝင်လည်း ရောက်နေပြီကိုး။ မင်းအပင်ကို ကပ္ပိလိုက်ပြီလား မောင်"

"ဟုတ်ကဲ့ - ဘအောင်စိန်။ ကျွန်တော်လည်း မလုပ်ရက်လုပ်ရက်နဲ့ အပင်ကိုနုတ်လိုက်တော့ ဥက ကြောက်စရာကြီးဗျာ။ ပြောရရင်တောင် ကြက်သီးထပါရဲ့။ သရဲခေါင်းပုံလိုလို၊ ဘီလူးခေါင်းပုံလိုလိုနဲ့ မနေ့က ကျွန်တော်ပြောမိတာ တောင်းပန်ပါတယ် ဘအောင်စိန်"

"ငါစိတ်မဆိုးပါဘူးကွာ။ မင်းကမှ မသိသေးတာကိုး။ ကဲ - စားကြသောက်ကြဗျာ။ ရေနွေးကြမ်းပူပူလေးနဲ့ ငါးလိပ်ကျောက်နဲ့လိုက်ပ့ါဗျာ"

"လိုက်တာကနောက်ထား သရဲ။ သိဒ္ဓိဝင်ရဲ့သစ်ပင်ကိစ္စကို ပြောပါဦးကွ။ ဘာအပင်ခေါ်တယ်၊ ဘာတွေဆိုးကျိုးပေးတယ်ဆိုတာကို"

"ပြောပ့ါမယ် ဦးသူတော်ရယ်။ ဟိုကလေးသုံးယောက် ထမင်းစားပြီးအောင် စောင့်နေတာပါ။ သူ့ဥကိုတောင် ကျွန်တော် ပုံကြမ်းဆွဲလာပါသေးတယ်။ ပြပ့ါမယ်။ ခဏတော့ ရေနွေးသောက်ရင်း စောင့်ကြနော်"

"အထဲက မျောက်သုံးကောင်စားလို့မပြီးသေးဘူးလား"

"အခု လာမယ် ဘသူတော်ရေ။ ပန်းကန်တွေဆေးနေလို့"

ဘသူတော် လှမ်းအော်နေ၍ ကျွန်တော်တို့ အမြန်ဆေးကာ အိမ်ရှေ့စကားဝိုင်းသို့ ထွက်လာကြသည်။

"ကဲ - ထိုင်ကြ၊ မောင်လှနိုင်တို့ မင်းတို့သုံးယောက်ပါ ဗဟုသုတရအောင် ပြောမလို့စောင့်နေတာကွ"

ဘအောင်စိန်က ကျွန်တော်တို့ ရောက်လာ၍ အိတ်ထဲမှ စက္ကူတစ်ရွက်ထုတ်ပြီး ဖြန့်ပြကာ ကိုဖိုးခင်ရဲ့ သစ်ပင်အကြောင်းကို ပြောပြလေသည်။

**နန်းထိုင်အန္တရာယ်**

"သိဒ္ဓိဝင်၊ မင်းကပ္ပိလိုက်တဲ့ ဂမုန်းပင်ကဥနဲ့ အခုငါဆွဲလာတဲ့ပုံနဲ့ မတူဘူးလား"

"အတူတူပါပဲ ဘအောင်စိန်ရေ"

ဦးသူတော်နှင့် ကျွန်တော်တို့ပါ ဘအောင်စိန် ဆွဲလာသည့်ပုံကို ကြည့်လိုက်ရာ ကြောက်စရာကောင်းသည့်ပုံဖြစ်နေလေသည်။

"ဟ - သရဲရ။ မင်းဥပုံကလည်း မင်းနဲ့တူသလိုပဲကွ။ သရဲလိုလို၊ ဘီလူးလိုလိုနဲ့ပါလား"

ဘသူတော် နောက်နေပေမယ့် ဘအောင်စိန်က အတည်ပြောလာသည်။

"ဟုတ်ပါတယ် ဦးသူတော်။ ဒါနန်းထိုင်ဂမုန်းလို့လည်း ခေါ်တယ်၊ ဘီလူးဂမုန်းလို့လည်းခေါ်တယ်။ သူ့ကို စိုက်ရတာ သရဲမွေးတာနဲ့ အတူတူပဲဗျ။ သူ့ကိုစိုက်မယ်ဆိုရင် ကြက်သွေး၊ အမဲသွေးကို (၁၅) ရက် (၁)ခါ လောင်းပေးရတယ်ဗျ။ မေ့ပြီးမကျွေးမိလို့ကတော့ ကိုယ်ဒုက္ခရောက်ပြီဆိုတာ မှတ်ပေတော့ဗျို့"

"ဒီဂမုန်းက ကောင်းကျိုးပေးတာ မရှိဘူးပေ့ါ ဘအောင်စိန်"

"ဟုတ်တယ်သိဒ္ဓိဝင်။ ဘာကောင်းကျိုးမှမရှိဘဲ ဆိုးကျိုးတွေသာရှိတယ်"

ဘအောင်စိန်က သိဒ္ဓိဝင်အမေးကို ဖြေလိုက်ပြီး ငါးလိပ်ကျောက်ကို ချဉ်စပ်နှင့်တို့စားလိုက်၊ ရေနွေးပူပူကို မှုတ်သောက်လိုက်နဲ့ ဇိမ်တွေ့နေသည်။ ငါးလိပ်ကျောက်ရဲ့အရသာနဲ့ ချဉ်စပ်အရသာတို့ ပေါင်းစပ်လိုက်တော့ မျက်နှာတစ်ပြင်လုံးချွေးစို့လာသည်။

"ဟော့ တင်လှနိုင်၊ ဖိုးတာ၊ ကိုနိုင်တို့ရေ။ ရောဂါခံရှိရင် ငါးလိပ်ကျောက်ကို သိပ်မစားနဲ့နော်။ ကုတ်မနိုင်ဖဲ့မနိုင်ဖြစ်နေဦးမယ်။ ဦးသူတော်လည်း ကြည့်စားဗျို့၊ ခင်ဗျားရောဂါက ပိုဆိုးတယ်။ ကုတ်ပါများလို့ ခင်ဗျားခြေ၊ လက်တွေ ဖားပြုပ်လိုဖြစ်လာမယ်နော်"

"ငါ့မှာ ဘာရောဂါမှ မရှိဘူးကွ။ မင်းပဲ ခရီးသွားများလို့ AIDS ရောဂါ၊ ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါတွေ အစုံဝင်လာမှာ"

ဘသူတော်စကားကြောင့် ကျွန်တော်တို့ ရယ်မောလိုက်ကြသည်။

"ဘအောင်စိန်ရယ်၊ ဒီကလေးဆိုးကြီးကို နောက်မနေပါနဲ့တော့။ ဒီနန်းထိုင်ဂမုန်းအကြောင်းကို ပြောပြပါဗျာ။ ကျွန်တော်တို့ ဗဟုသုတရတာပေါ့"

"အဘိုးရွှေလေးမြေးလို့ မပြောရဘူး၊ အဘိုးရွှေလေးအတိုင်းပါလား ဦးသူတော်"

"မင်းက ပေါက်ကရစကားတွေ ပြောနေတာကိုးကွ။ ကဲ-ပြောတော့ကွာ"

"ဒါဆို နားထောင်ကြဗျာ။ နောက်မြင်ရင်သိရအောင်"

**ဘအောင်စိန်၏ နန်းထိုင်ဂမုန်းကိုယ်တွေ့**

ဘီလူးဂမုန်းမျိုး နှစ်မျိုးရှိတယ်။ သိဒ္ဓိဝင်ယူလာတာက နန်းထိုင်ဂမုန်းလို့ခေါ်တယ်။ နောက်တစ်မျိုးက တောဘီလူးဂမုန်းဆိုတာ ရှိသေးတယ်။ သူ့ဥကိုကြည့်ရင် ခွဲခြားလို့ရပါတယ်။ ဇာတ်ပွဲတွေထဲမှာ ဆောင်းကြတဲ့ ဘီလူးခေါင်းကို မြင်ဖူးကြတယ် မဟုတ်လား။ သူတို့ဥက ဒီပုံအတိုင်းပဲဗျ။ နန်းထိုင်ဂမုန်းဥက ထိပ်မှာ အချွန်ပါတယ်။ တောဘီလူးဥက အချွန်မပါတာဘဲ ကွာတယ်။ ဒီဂမုန်းနှစ်မျိုးထဲမှာ တောဘီလူးက ပိုကြမ်းတယ်ဗျ။ အရွက်ပုံစံက ဟိုနေ့က တွေ့တဲ့အတိုင်းပဲဗျ။ အပေါ်က အစိမ်းရောင်၊ အောက်ဘက်က အနီရောင်သန်းနေတယ်။ မင်းသားကြီးဂမုန်းနဲ့ အရွက်ပုံစံချင်းလည်း တူတယ်ဗျ။ ခွဲခြားလို့မရချင်ဘူး။ သေသေချာချာကြည့်မှ အပေါ်ဘက် အစိမ်းထဲမှာ အနီစင်းလေးတွေပါတာပဲ ကွာတယ်။ အပေါ်စိမ်း၊ အောက်အနီချင်း တူကြတာပါ။ ဒီဂမုန်းနှစ်မျိုးကို နိုင်တာက မင်းသားကြီးဂမုန်းပဲရှိတယ်။

တစ်ခါက ရန်ကုန်မြို့ တိုက်ခန်းတစ်ခန်းမှာနေတဲ့ ကျွန်တော့်အသိ ဦးသန်းမောင်ဆိုတာ ရှိတယ်။ သူက ဂမုန်းဝါသနာအိုးကြီး။ သူက မစိုက်ဘူးသေးတဲ့ ဂမုန်းမျိုးကိုမှ ရှာဖွေစိုက်ပြီး သုတေသနလုပ်တယ်။ အဲ - တစ်နေ့ သူ့အသိ ဂမုန်းဝါသနာအိုးတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

နန်းထိုင်ဂမုန်းတစ်ပင်ရလာပြီး တိုက်ခန်းအရှေ့ဝရန်တာမှာ စိုက်ထားပြီး ဘာထူးခြားလာမလဲပေါ့ဗျာ ကြည့်နေတာပေါ့။ တစ်ပတ်လောက်ထိတော့ မထူးခြားသေးဘူး။ တစ်ပတ်လောက်အကြာမှာ ထူးခြားလာတာရှိတယ်ဗျ။ နန်းထိုင်ဂမုန်းအောက်မှာ အရင်ကစိုက်ထားတဲ့ ဒေါင်းဂမုန်းအဖိုနဲ့ အမအပင်တွေ စိုက်ထားတယ်ဗျ။ အခါတိုင်း အမြဲကနေလေ့ရှိတဲ့ ဒေါင်းဖို၊ ဒေါင်းမဂမုန်းပင်တို့ဟာ နန်းထိုင်ဂမုန်းရောက်လာပြီး တစ်ပတ်အကြာကစပြီး မကတော့တာကို ဦးသန်းမောင်တွေ့ရတယ်။ မကတဲ့အပြင် ညှိုးနေတာဗျ။ ဒါကို ဦးသန်းမောင်က နန်းထိုင်ဂမုန်းကြောင့်လို့ မထင်သေးဘူး"

ဘအောင်စိန် စကားရပ်ပြီး ငါးလိပ်ကျောက်ယူ၍ ဝါးနေပြန်သည်။ ရေနွေးကြမ်းကို စိမ်ပြေနပြေ သောက်နေပြန်သည်။ ကျွန်တော်တို့မှာတော့ ဘာဖြစ်လာမလဲ၊ ဘာဖြစ်လာမလဲ စိတ်တထင့်ထင့်နှင့် ဆက်လာမည့်စကားကို စောင့်နေရပါသည်။ ဆက်ပြောပါလို့လည်း မပြောရဲ။ ဒါကို ဖြေရှင်းလိုက်သူက ဘသူတော်။

"ဟေ့ - သရဲ စိတ်ဝင်စားနေပြီဆို မင်းစကားရပ်ပစ်ပြီ။အတော်ဒုက္ခပေးတဲ့ကောင်ပဲ"

"ဟဲဟဲဟဲ - လာမှာပေါ့ ဦးသူတော်ရယ်။ နောက်တစ်ပတ်လောက်လည်းကျရော ဒုက္ခစလာပြီဗျို့။ ပထမ သူ့ဇနီး တရောင်ရောင်ဖြစ်လာရော။ ဆေးခန်းသွား ခဏပဲဗျ၊ ပြန်လဲတာပဲ။ နောက်သူ့သားလတ် လဲပြန်ရော။ ဦးသန်းမောင် ဗျာများပြီပေါ့ဗျာ။ ဆရာဝန်တွေ ရောဂါရှာလည်း ဘာမှမတွေ့။ ငွေသာသောက်သောက်လဲကုန်နေတာပေါ့။ ညဘက်ဆိုလည်း ဝရန်တာကတဒုန်းဒုန်းနဲ့ လမ်းလျှောက်သံတွေကြားနေရတယ်။ ထွက်လည်းမကြည့်ရဲကြဘူးဗျ။

ပိုထူးခြားလာတာက သူတို့အိမ်မှာ ကြောင်ငါးကောင်ရှိတယ်။ သုံးရက်ခြားလောက်မှာ ကြောင်တစ်ကောင်ပျောက်သွားတယ်။ အိမ်လည်လွန်းလို့ သူများတွေ ကပွိလိုက်ပြီလို့ထင်တာပေါ့။ နောက်တစ်ခါ လေးရက်လောက်ကြာတော့ တစ်ကောင်ထပ်ပျောက်ပြန်ရော။ သည်တော့ ဦးသန်းမောင် စဉ်းစားရပြီပေါ့ဗျာ။ နန်းထိုင်ဂမုန်းအိုးနား သွားကြည့်တော့ သွေးစသွေးနဲနဲ ကြောင်မွှေးတချို့သွားတွေ့တယ်။ ဘေးအိမ်တွေကလည်း ပြောလာကြတယ်ဗျ။ ဦးသန်းမောင်တို့ဝရန်တာမှာ ညဘက် မည်းမည်းကောင်ကြီးတစ်ကောင် လမ်းလျှောက်နေတာတွေ့ကြတယ်တဲ့ဗျာ။

ဦးသန်းမောင်လည်း အဖြေရှာမရဖြစ်နေတုန်း သူတို့ရွာက သူတို့မိဘတွေကိုးကွယ်တဲ့ ဆရာတော်ကြီးတစ်ပါး သူ့အိမ်ကိုကြွလာတယ်။ ဦးသန်းမောင်တို့လည်း ရွာက သူတို့ကိုးကွယ်တဲ့ ဆရာတော်ကြီး ကြွလာတာဆိုတော့ ဆွမ်းကပ်ဖို့ ပြင်ဆင်ကြတယ်။ ဒကာမကြီးကိုမေးတော့ နေမကောင်းလို့လဲနေတဲ့အကြောင်း၊ သူ့သားလည်း နေမကောင်းဖြစ်နေကြောင်းနဲ့ ကြောင်ပျောက်တဲ့ကိစ္စ၊ ညဘက် ဝရန်တာက ဝုန်းဒိုင်းလမ်းလျှောက်သံကြားရတဲ့အကြောင်းတွေလျှောက်ထားတော့ ဆရာတော်ကြီးက ဦးသန်းမောင်ကိုခေါ်ပြီး ဝရန်တာဘက် ထွက်ကြည့်ပြီး -

'သန်းမောင်၊ မင်းဒီဂမုန်းဘယ်ကရတာလဲ'

'အသိတစ်ယောက်ပေးလို့ လှတာနဲ့ စိုက်ထားတာပါဘုရား'

'အေး- ဒါဆိုလည်း ငါပြန်ရင် ငါတည်းခိုတဲ့ကျောင်းကို လိုက်ခဲ့ဦး'

လို့ မိန့်ကြားပြီး ဆွမ်းစားပြီးတော့ ဦးသန်းမောင်ကို ခေါ်သွားပြီး တည်းတဲ့ကျောင်းက ဂမုန်းတစ်အိုးပေးလိုက်ပြီး မှာလည်းမှာလိုက်တယ်။

'သန်းမောင် မင်းဒီအိုးကို မင်းစိုက်ထားတဲ့ ဂမုန်းပင်ဘေးမှာ ယှဉ်ထားလိုက်။ မင်းမိန်းမနဲ့ မင်းသားကောင်းသွားလိမ့်မယ်'

'ဒါ ဘာဂမုန်းလို့ ခေါ်ပါသလဲဘုရား'

'သူ့ကို မင်းသားကြီးဂမုန်းလို့ခေါ်တယ်။ ယူသွားတော့'

ဒီလိုနဲ့ ဦးသန်းမောင်လည်း မင်းသားကြီးဂမုန်းကို အငှားကားနဲ့သယ်လာပြီး သူစိုက်ထားတဲ့ ဂမုန်းပင်နားမှာ ယှဉ်ထားလိုက်တယ်။ ညဘက်လည်း ရောက်ရောဗျို့။ ဦးသန်းမောင်တို့ ဝရန်တာကနေ ဝုန်းဒိုင်းဝုန်းဒိုင်းအသံတွေကြားရတယ်။ လူနှစ်ယောက် သတ်ပုတ်နေသံမျိုးတဲ့။ နောက်တော့ ဘုတ်ခနဲ ဘုတ်ခနဲ ဝရန်တာက ခုန်ချသံတွေကြားရပြီး အားလုံးတိတ်ဆိတ်သွားတယ်တဲ့ဗျို့"

မနက်လင်းတော့ ဦးသန်းမောင်အခန်းကို ဘေးအိမ်၊ အိမ်ရှေ့အိမ်တွေကလာပြီး မေးကြတယ်။

'ဦးသန်းမောင်တို့များ ညက ခင်ဗျားတို့ ဝရန်တာမှာ ဘာသံမှ မကြားရဘူးလားဗျ'

'ကြားပါတယ်ဗျာ။ ကြောက်လွန်းလို့ အသံတောင်မထွက်ရဲဘူးဗျို့၊ ခင်ဗျားတို့ ဘာတွေတွေ့ရလို့လဲဗျ'

'ခင်ဗျားအိမ်ရှေ့က ဆူညံသံတွေကြားလို့ ကျွန်တော်တို့လည်း အိမ်ရှေ့တံခါးအသာဟပြီး ကြည့်ကြတယ်ဗျ။ ခင်ဗျားတို့ ဝရန်တာပေါ်မှာ ဖြူဖြူတစ်ကောင်နဲ့ မည်းမည်းတစ်ကောင် သတ်ပုတ်နေကြတယ်ဗျို့။ ကြောက်စရာကြီးဗျာ။ ဖြူဖြူအကောင်ကြီးက မည်းမည်းအကောင်ကြီးပေါ် ခွထိုင်ပြီး ဓားရှည်နဲ့ခုတ်နေတာဗျ။ မည်းမည်းကောင်ကြီးလည်း အတင်းရုန်းထွက်ပြီး ဝရန်တာပေါ်မှ ခုန်ချပြေးတာပဲဗျို့။ နောက်က ဖြူဖြူကောင်ကြီးကလည်း ဓားနဲ့လိုက်ခုတ်နေတာ မြင်ရတယ်ဗျ။ ရုပ်ရှင်ရိုက်နေသလိုပဲဗျို့။ သည်းထိတ်ရင်ဖိုဇာတ်ကားလား အောက်မေ့ရတယ်။ ခင်ဗျားဝရန်တာမှာ ဘာတွေရှိလို့လဲဗျ။ သည်လောက် သောင်းကျန်းတာ'

"ဘာရှိမှာလဲဗျာ၊ ခင်ဗျားတို့အမြင် ပန်းပင်၊ ဂမုန်းပင်တွေပဲရှိတာပဲဗျာ"

အဲဒီလိုဖြစ်ပြီးတဲ့နေ့ကစပြီး ဦးသန်းမောင်ဇနီးနဲ့ သားအလတ်ကောင်လည်း ယူပစ်သလို ကျန်းမာလာရော။ ရက်အနည်းငယ်အတွင်းမှာပဲ ဦးသန်းမောင်ဂမုန်းပင်လည်း ညှိုးပြီးသေသွားတော့တာပဲဗျ။ အဲဒီ ဦးသန်းမောင် စိုက်ထားတဲ့ ဂမုန်းပင်က နန်းထိုင်ဂမုန်းပင်ပဲဗျို့။

နောက်ရှိသေးတယ် သိဒ္ဓိဝင်ရဲ၊ ဒီနန်းထိုင်ဘီလူးဂမုန်း ဘယ်၊ ညာအပွင့်နှစ်ပွင့်ပွင့်လာရင် (မျက်စိပွင့်လာတာပေါ့ကွာ) မချောင်တော့ဘူးကွ။ အိမ်ရှိလူတွေကို အသေလုပ်တော့တာပဲ"

"ကြောက်စရာကြီးပါလား ဘအောင်စိန်ရယ်။ ဟိုကောင် ကျွန်တော့ကို သေအောင်ကြံတာပဲဗျ။ ဘအောင်စိန် ကျေးဇူးကြီးပါပေတယ်ဗျာ"

"ကဲ-ဦးသူတော်ရေ အချိန်လည်းနှောင်းသွားပြီ ပြန်ကြစို့ရဲ့။ ဘိုးရွှေလေး မြေသမက် တင်လှနိုင်ရေ တို့လည်းပြန်တော့မယ်။ သတိဝီရိယနဲ့အိပ်ကြနော်"

ဘအောင်စိန်က နောက်ပြီး ပြန်သွားတော့သည်။

*ကောင်းကျိုးလိုရာပြည့်ပါစေ*

**မောင်လှယဉ် (မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးကြီးသိန်းဝင်း

## အကျဉ်းထောင်အရာရှိတစ်ဦး၏ဘဝမှတ်တမ်း

ကျွန်တော့်တာဝန်က အင်းစိန်ထောင်အချုပ်ရုံးတာဝန်ခံထောင်မှူးကြီး အမှတ် (၂) အိပ်ဆောင်တာဝန်ခံအဖြင့် ပုံသေပစ္စည်းဌာနတာဝန်ခံလည်း ဖြစ်သည်။ ပုံသေပစ္စည်းဆိုသည်မှာ အလွန်တာဝန်ကြီးသည်။ ပုံသေပစ္စည်းများအား လိုအပ်ရာဌာနများသို့ ထုတ်ပေးထားသော်လည်း ပင်မမှတ်ပုံတင်စာအုပ်ကြီးနှင့် လချုပ်မှတ်တမ်းတွင် အမြဲတမ်းပေါ်နေသည်။ ခြောက်လတစ်ခါမှ ငွေကျပ် (၅၀၀၀) ဖိုးထက်မပိုစေဘဲ မီးစာရင်း (RIPE OUT) ပြုရသည်။အင်္ဂလိပ်ခေတ်





www.burmeseclassic.com

www.burmeseclassic.com



ပါလီမန်ခေတ်များကတည်းက အသုံးပြုခဲ့သောပဲကြိတ်ကျောက်ပြား၊ ကြိမ်ရိုက်ခုံ၊ သော့ခလောက်အမျိုးမျိုး၊ လက်နှိပ်စက်အမျိုးမျိုးတို့အား ပုံမှန်စစ်ဆေး၍ မီးစာရင်းမပြခဲ့ကြသောကြောင့် ကျွန်တော့်လက်ထက်တွင် ပိုက်ဘောမိတော့သည်။

အရေးထဲ ပုံသေပစ္စည်းကိုင်သူ ထောင်မှူးဦးထွန်းရှိန်က တီဘီရောဂါဖြင့် ချတ်တရက်ဆုံးပါးသွားသဖြင့် ကောက်လက်စ စာရင်းတန်းလန်းဖြင့် ထောင်ပိုင်ကြီးက ကျွန်တော့်အား ဆက်လုပ်ခိုင်းခြင်း ဖြစ်သည်။ အချုပ်ရုံးတာဝန်တစ်ဖက်၊ အဆောင်မှူးတာဝန်တစ်ဖက်ဖြင့် အစဉ်အဆက်က ဇာတ်ရှုပ်ကြီးအားရှင်းရတော့သည်။ လိုအပ်သောပစ္စည်းများက ဒန်ပန်းကန်ပြား၊ ဒန်ပန်းကန်လုံး၊ မတ်ခွက်များ၊ လက်နှိပ်စက်နှင့် စက်ဘီးများ ဖြစ်ကြသည်။ ပုံသေပစ္စည်းများသဘောက အသုံးပြု၍ ပျက်စီးလျှင်လည်း ပင်မစတိုသို့ ပြန်အပ်ရသည်။ နှစ်စေ့မှ မီးစာရင်းတင်ပြခွင့်ရှိသည်။ မီးစာရင်းကလည်း (၆)လတစ်ကြိမ် အထက်က တင်ပြခဲ့သလို ငွေ (၅၀၀၀) ကျပ်ထက်မပိုရပါ။ ကြိုးနီစနစ်ကြီးဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်သည်။ အင်္ဂလိပ်ခေတ်ပါလီမန်ခေတ်တို့တွင် ငွေကျပ်(၅၀၀၀) ဆိုသည်မှာ အလွန်တန်ဖိုးကြီးသော်လည်း ဤမှာဘက်ခေတ်များတွင် တန်ဖိုးမကြီးတော့။ သို့သော် ထိုဥပဒေ၏ခေတ်နောက်ကျမှုကို ပြင်ဆင်ခြင်း မရှိ။ စိတ်လည်းမဝင်စားကြ။ လျော်ရသူ၊ သတိပေးခံရသူ ထောင်မှူးများလည်း မနည်းတော့။ ထို့ကြောင့် ပုံသေပစ္စည်းဌာနကို မည်သူမျှ မကိုင်ချင်ကြပါ။ လွန်စွာ စိတ်ပျက်စရာကောင်းလှပေသည်။

ကျွန်တော့်တွင် ပုံမှန်တာဝန်များများပြားလှသဖြင့် ပုံသေပစ္စည်းစာရင်းများနှင့် အလုပ်ဘက်ရှိ ပုံသေပစ္စည်းဂိုဒေါင်ပိတ်ရက်များတွင်သာ စစ်ဆေးနိုင်သည်။ ထို့ကြောင့် ဘွဲ့ရရဲဘက် အောင်မြင့်ဒင်နှင့် ဘွဲ့ရဝန်ထမ်းတပ်သားဂျမ်းဇော်တို့အား အမြဲတမ်းတာဝန်ပေးထားရသည်။ သူတို့ကလည်း စေတနာပါပါဖြင့်လုပ်ရှာပါသည်။ သို့သော် အမျိုးသား၊ အမျိုးသမီးအိပ်ဆောင်များ၊ ထောင်ဆေးရုံနှင့် ဖိုကြီး၊ မိန်းဂျေး၊ တိုက်ခန်းများကို စစ်ဆေးလျှင်တော့ ကျွန်တော် မပါ၍မဖြစ်။ ထို့ကြောင့်လည်း အလုပ်က ကြန့်ကြာနေပါသည်။

တစ်လခန့်အကြာ မြေပေါ်ရှိ လက်ကျန်စာရင်းနှင့် လချုပ်စာရင်းများ တိုက်ကြည့်တော့ ဒန်ပန်းကန်လုံး၊ ပန်းကန်ပြားများ၊ ကြွေမတ်ခွက်များ၊ စက်ဘီးဟောင်းများနှင့် လက်နှိပ်စက်ဟောင်းများ အတော်များများ လိုနေသည်။ ဤလိုအပ်ပစ္စည်းများအား မည်သည့် တာဝန်ခံထောင်မှူးမှ အလွဲသုံးစားလုပ်မည် မဟုတ်။ ပေါ့ပေါ့ဆဆလုပ်၍ စာရင်းမနိုင်ခြင်းသာ ဖြစ်သည်။ လချုပ်များကို စစ်ဆေး၍ တာဝန်ခွဲတော့ လွှဲပြောင်းစာရင်းကောက်နေစဉ် ကွယ်လွန်သွားသော ထောင်မှူးကြီး ဦးထွန်းရှိန်နှင့် ထောင်မှူးကြီး ဦးထွန်းခင်တို့ လက်ထက် လိုနေခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ထောင်ပိုင်ကြီးအား တင်ပြ၍ လချုပ်ဆွဲတော့ မှတ်ချက်တွင် မည်သူ့လက်ထက်က လိုအပ်ကြောင်း ဖော်ပြရန်ခွင့်ပြုသည်။ သို့သော် ထို လိုအပ်ပစ္စည်းများအား ခြောက်လတစ်ကြိမ် စာရင်းပြု၍ ဦးစားပေးပယ်ဖျက်ရန်လည်း ညွှန်ကြားပါသည်။

ကျွန်တော် အပင်ပန်းခံသမျှ တာဝန်ကင်းသွားသည်။ သို့သော် သွားလေသူများအား အကြွေးမတင်စေရန် စီမံရသည်က ကျွန်တော့်တာဝန်လုံးလုံး ဖြစ်တော့သည်။ ပိုနေတာတွေလည်း ရှိပါသေးသည်။ သော့ခလောက်အပျက်များ ဖြစ်သည်။ သီးသန့်ထောင် (ANNEX JAIL) သွားစစ်တော့ လေးပေမီးချောင်းကိုယ်ထည်များနှင့် အင်္ဂလိပ်ခေတ်က ပန်ကာကြီးများ အပိုထွက်လာပြန်သည်။

တစ်ခါ ထောင်ပိုင်ကြီးက ထောင်ပိုင်ရုံးခန်းအနောက်ဘက်၌ ပုံသေပစ္စည်းစတိုခန်းတစ်ခုရှိသေးကြောင်း စစ်ဆေးရန် သတိပေးလာပြန်သည်။ ထိုစတိုခန်းရှိလို့ရှိမှန်းပင် ကျွန်တော်မသိ။ ထောင်ပိုင်ရုံးခန်း၏ လက်ဝဲဘက် ဘေးခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အော်ဒလီတပ်ကြပ်ကြီးဦးစိုးတင့်အခန်း၊ စာရွက်စာတမ်းထည့်သည့်ဗီရိုကြီးများဖြင့် စာရေးစာပွဲတစ်လုံး၊ ကုလားထိုင် (၂)လုံး။ ဗီရိုကြီးများကွယ်၍ လိုက်ကာကလေးကာလျက် စဉ့်အိုးကြီးအား ဆီးအိုးလုပ် ၍ အပေါ့သွားခန်းလုပ်ထားသည်။ အလေးသွားရန် အိမ်သာမရှိ။ ယာယီ အပေါ့သွားရန်သာ ဖြစ်သည်။ မိလ္လာထုတ်အကျဉ်းသားများက မနက်နှင့် ညနေ ထိုစဉ့်အိုးကြီးအား ဆိုင်းထမ်းဖြင့် သယ်ယူ၍သွန်ပေးရသည်။

ထောင်ပိုင်ကြီးဆိုသည်မှာ ထောင်အတွင်း၌ ဘုရင်တစ်ဆူပင်။ သူ့နတ်က ထွက်သည်နှင့် အမိန့်ဖြစ်သည်။ ဘာကြောင့် အိမ်သာခန်း အကျအနမလုပ်သည်မသိ။ သူတို့ကိုယ်တိုင်ကလည်း အလေးသွားလိုလျှင် ထောင်တွင်းရိက္ခာရုံးနှင့် သူတို့အိမ်ပေါ်တက်၍သွားကြသည်။ အရေးပေါ် ဝမ်းသွားလျှင် လွယ်မည်မထင်။ ထို့ကြောင့် ကျွန်တော်က ထိုအကြောင်းကိုမေးတော့ ထောင်ပိုင်ကြီးက အင်္ဂလိပ်ခေတ်ကတည်းက ပုံစံအလေ့အထဖြစ်သဖြင့် အသားကျနေပြီဟု ဆိုပါသည်။

ထောင်တွင်း၌လည်း အကျဉ်းသားများအတွက် မြောင်းတူးပြီး သွပ်မိုး၊ သွပ်ကာလုပ်ထားသော မိလ္လာချောင်တန်းရှိသည်။ ဝန်ထမ်းများအတွက်တော့ အပေါ့သွားရန် စဉ့်ဆီးအိုးကြီးသာရှိသည်။ အရေးပေါ်အလေးသွားလိုပါက အထူးဆောင်တွင် စစ်ကြောရေးအဖွဲ့များသာလျှင် အသုံးပြုရန် တည်ဆောက်ထားသည့် ရေလောင်းအိမ်သာသို့ ကျွန်တော်တို့ ပြေးရသည်။ ဤစနစ်ကတော့ ခေတ်မမီ ပုံစံမကျ အတော်ဆိုးပေသည်။ ယခုခေတ်ကျမှသာ အကျဉ်းသား၊ အချုပ်သားနှင့် ဝန်ထမ်းများအတွက် အဆောင်တိုင်း၌ ရေလောင်းအိမ်သာစနစ် ပေါ်လာပြီး ထောင်ပိုင်ကြီးရုံးခန်းအနောက်ဘက် စတိုခန်းအားလည်းဖျက်၍ ရေလောင်းအိမ်သာနှင့် ရေသုံးရန် ရေကန်များ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

အရင်ခေတ်က ထောင်ပိုင်ကြီးရုံးခန်း၊ အနောက်ဘက်စတိုခန်းအကြောင်း ပြောပြပါဦးမည်။ (၁၀)ပေ × (၁၀)ပေ ပတ်လည်ခန့် ကျယ်ဝန်းသော စတိုခန်းကလေးဖြစ်သည်။ အထက်က တင်ပြခဲ့သော အပေါ့သွားခန်းအနောက်ဘက်၌ ကျွန်းတံခါးမည်းမည်းကြီးကို အင်္ဂလန်နိုင်ငံလုပ် CHUBB သော့ခလောက်ကြီးကို အမြဲတမ်းခတ်ထားသည်။ ကျွန်တော့်အထင်က အရေးပေါ်ထွက်ပေါက်ဟု ယူဆပါသည်။

မဟုတ်ပါ။ ထောင်ပိုင်ကြီးပြောမှ ပုံသေပစ္စည်းစတိုခန်းမှန်း သိရတော့သည်။ ထောင်ပိုင်ကြီး၏ အော်ဒလီ ဦးစိုးတင့်က တံခါးဖွင့်ပေးသည်။ ကျွန်တော် ခေါင်းဆောင်ပြီး တပ်သားဂျမ်းဇော်နှင့် ရဲဘက်စာရေးအောင်မြင့်ဒင်တို့ ဝင်စစ်ဆေးကြသည်။ အခန်းထဲ၌ (၆၀) ဝပ်အား မီးလုံးတစ်လုံးထွန်းထားသည်။ စင် (၄)ခုအား တန်းစီပြီးချထားသည်။ မဖွင့်တာကြာ၍ အခန်းထဲ၌ အနံ့အသက်က အောက်သိုးသိုး။ လေရှူ၍လည်း မဝပါ။ အဝင်တံခါးကို ဖွင့်ထားရသေးသည်။

အဝင်းတံခါး လက်ယာဘက်ကို ကြည့်လိုက်တော့ ကြိုးပေးပြီးကြိုးသမားများ၏ ကြိုးကွင်းများကို အမှတ်စဉ်နှင့် နာမည် (LABEL) လုပ်၍ နံရံ၌ သံရိုက်ပြီး ချိတ်ဆွဲထားသည်။ ညီစီစီအနံ့များမှာ ထိုမှလာခြင်း ဖြစ်ပါသည်။ ကြိုးပေးစဉ်တုန်းက ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့ဝင်ခဲ့ရသော ကြိုးသမားများဖြစ်ကြသည့် သက်ဦး၊ တက်မောင်၊ မောင်ကြီး၊ မောင်ငယ် အစဉ်အတိုင်းဖြစ်သည်။ အနောက်ဘက်အတန်းကတော့ မီးအလင်းရောင် မမီသဖြင့် ဖတ်၍မရ။ (၁၀)ယောက်ကျော်ခန့်ရှိပေလိမ့်မည်။ ထိုထက်မကနိုင်။ အခြားကြိုးကွင်းများကို ဘယ်မှာ ချိတ်ဆွဲထားသည်မသိ။ ကျွန်တော်တို့က ပုံသေပစ္စည်းများကိုစစ်ဆေးရခြင်းသာဖြစ်သည်။

"ဟဲ့ကောင်တွေ မြန်မြန်လုပ်။ အသက်ရှူကျပ်လာပြီ။ ဟိုစင်ပေါ်က ပုံသေပစ္စည်းတွေကိုသာ စစ်၊ စာအုပ်စာတမ်းဖိုင်တွေနဲ့ ကြိုးခွေတွေကို စစ်စရာမလိုဘူး"

ထိုအခါမှ တပည့်များ သက်ပြင်းချကြသည်။

"ဟင်း. . ."

ကျွန်တော် အခန်းအပြင်ထွက် အသက်ဝဝရှူပြီး အထဲပြန်ဝင်ခဲ့သည်။ အင်္ဂလိပ်ခေတ်က ထောင်တွင်းစန္ဒရီများ အသုံးပြုခဲ့သော အင်္ဂလန်နိုင်ငံလုပ် လမ်းလျှောက်အချိန်မှတ်နာရီ၊ ဟာရီကိန်းမီးအိမ်၊ အရေးပေါ်သုံးခရာ၊ EVE-READY HUNTER LIGHT (၈) ခဲထိုး လက်ဆွဲဓာတ်မီး၊ (၅) ခဲထိုးလက်နှိပ်ဓာတ်မီးအရှည်ကြီးများ၊ ချပ်သော့ခလောက်များ အများအပြားထွက်လာသည်။ ဘူးခွံအိမ်များဖြင့် နှစ်ပေါင်းများစွာ ကြာသော်လည်း အသစ်အတိုင်း ပုံသေပစ္စည်းစာရင်း၌ ပျောက်ဆုံးနေသောပစ္စည်းများ ဖြစ်ပါသည်။ ကျွန်တော်တို့ အလျှင်အမြန် ရေတွက်ပြီး စာရင်းယူ၍ထွက်ခဲ့ကြသည်။ အနံ့အသက်မကောင်းသည့်ပြင် လှောင်အိုက်နေသဖြင့် ချွေးတလုံးလုံး။ ပျောက်ဆုံးပစ္စည်းများ ပြန်တွေ့ရသဖြင့် ဝမ်းသာရသော်လည်း စိတ်ရောလူပါ မသက်သာပါ။

"ရော့ - ဦးစိုးတင့်၊ စတိုခန်းသော့"

"ဆရာ့ပစ္စည်းတွေတွေ့သလား"

"တွေ့ပါတယ်။ ပျောက်နေတာတွေပြန်ရလို့ ဝမ်းသာပါရဲ့။ ဒါပေမယ့် အခန်းက လေဝင်လေထွက်မရှိ လှောင်ပြီးမှောင်ပဲနေတော့ အတော်ဒုက္ခရောက်တယ်"

"ဆရာကလည်း၊ ကျွန်တော်တစ်ယောက်တည်း ဝင်နေကျပါ"

"အေးပေါ့ဗျာ၊ ခင်ဗျားကတော့ ရိုးနေရောပေါ့။ ကျွန်တော်တို့မှာတော့ အတော်မသက်မသာဖြစ်ရတယ်"

"ဟဲဟဲ - ဆရာတို့ ကျွန်တော့်လို ဆို အခက်သားပဲ"

ဟုတ်ပါသည်။ ဦးစိုးတင့်မှာ ကြိုးသမားကိစ္စတွင် အလွန်ကျွမ်းကျင်ပြီး လို့ဝှက်စွာ တစ်ဦးတည်း မကြောက်မရွံ့ လုပ်ကိုင်တတ်သူ ဖြစ်သည်။ ညဉ့်သန်းခေါင် ကြိုးစင်ပေါ်တက်၍ ကြိုးဆင်သည်။ ခြေနင်းသံဘာဂျာတံခါးနှင့် လက်ဆွဲမောင်းတံအား အမဲဆီထည့်သည်။ သဲအိတ်ဖြင့် လေ့ကျင့်သည်။ ကြိုးပေးပြီး ကြိုးအား ဖြုတ်သိမ်းခြင်းကလည်း သူ့အလုပ်ပင်။ အာဂအဘိုးကြီးဖြစ်သည်။ အသက်က ငါးဆယ်ကျော် ခြောက်ဆယ်နား ကပ်နေသော်လည်း အလွန်လျင်မြန်သွက်လက်သည်။ ခန္ဓာကိုယ်က သေးသေးသွယ်သွယ်။ ရင်ကျပ်ရောဂါတော့ရှိသည်။

အလုပ်ပြီးသည်နှင့် ကျွန်တော် ထောင်ပိုင်ကြီးအား သတင်းပို့၍ ထောင်အပြင်အိမ်သို့ ထွက်ခဲ့သည်။ တပည့်များက အချုပ်ရုံးသို့ ပြန်ဝင်သွားကြသည်။ စတိုခန်းထဲဝင်မိ၍ ချွေးတွေကရွှဲနစ်နေသည်။ ကိုယ့်ကိုယ်ကိုယ် မသတီတော့။ အိမ်ပြန်ရောက်တော့ အဝတ်အစား အကုန်ချွတ်၍ ချက်ချင်းလျှော်ခိုင်းပြီး ကျွန်တော်ကိုယ်တိုင် ခေါင်းလျှော်၊ ရေချိုးပြီး ယူနီဖောင်းအသစ်လဲဝတ်သည်။ ထိုနေ့က ဆာနေသော်လည်း နေ့လယ်

www.burmeseclassic.com

စားစား၍မကောင်း။ နှာခေါင်းထဲ၌ ညှီစို့စို့အနံ့ကြီးက စွဲကျန်နေသည်။

ယနေ့ ကျွန်တော် တာဝန်မှူးကြီး ဖြစ်သည်။ ထို့ကြောင့် အိမ်တွင် အေးအေးဆေးဆေး အနားမယူနိုင်တော့။ အလုပ်များ တန်းစီစောင့်နေမည် ဖြစ်သဖြင့် ထောင်ထဲသို့ဝင်ခဲ့သည်။ အမှတ် (၂) အိပ်ဆောင်ရောက်တော့ ကျွန်တော်အောက်က ထောင်မှူးဦးထွန်းခင်မရှိ။ လူသစ်ကြည့်ရန် ပုံစံခန်းကတန်းစီပြီး ပုံစံထိုင်၍ စောင့်နေကြောင်း၊ အချုပ်သားအား ရန်ကုန်ဆေးရုံကြီးပို့ရန် ထောင်ပိုင်ကြီးရုံးခန်းသွား၍ လက်မှတ်ထိုးရန် အရာရှိတစ်ဦးလိုက်ပို့ရန် ညနေစောင်းပြီးဖြစ်၍ တဖွဲဖွဲဝင်လာသော အချုပ်အာမခံလူများကိစ္စ ကျွန်တော်နှစ်ကိုယ်ခွဲ၍ပင် မရနိုင်။

"ဝင်းမြင့်၊ ဦးထွန်းခင်က ဘယ်သွားတာလဲကွ"

"အသုဘကိစ္စဆိုလားပဲ။ ဆရာဦးထွန်းခင်က တပ်ကြပ်ကြီး စံသိန်းနဲ့ ထွက်သွားတာ ဆရာ"

"ဒီမှာအလုပ်တွေတစ်ပုံတစ်ခေါင်းနဲ့ ကိုယ်ချင်းမစာတတ်ကြဘူးကွာ၊ အသုဘကိစ္စ စံသိန်းသွားရင် ပြီးတာပဲ။ ဘာကြောင့် ထောင်မှူးဦးထွန်းခင်က လိုက်သွားရတာလဲ။ ဒီမှာ လူသစ်ကြည့်ရမယ်၊ ဆေးရုံပို့ဖို့ကိစ္စလုပ်ရမယ်၊ တော်ကြာအာမခံလွတ်လူကိစ္စတွေ ဝင်လာတော့မှာ"

"ဒါနဲ့ ဂျမ်းဇော်နဲ့ အောင်မြင့်ဒင်ကော မမြင်ပါလား"

"အောင်မြင့်ဒင်က ချွေးထွက်လွန်ပြီး ဖျားနေတယ် ဆရာ။ ဂျမ်းဇော်က ထောင်ဆေးရုံသွားပြီး အောင်မြင့်ဒင်အတွက် ဆေးသွားတောင်းနေတယ်"

"တပ်သားသက်ဦးနဲ့ မောင်မောင်ကြီးကကောကွာ"

"အချုပ်သစ်မှတ်ပုံတင် လူသစ်ကြည့်ဖို့ ပုံစံခန်းမှာ ဆရာ့ကို စောင့်နေကြပါတယ်"

"အေး - အဲဒီနှစ်ယောက်က တစ်ယောက်သွားခေါ်ချေ။ ဆေးရုံကြီးကို လူနာလိုက်ပို့ရမယ်။ ငါဘူးဝသွားပြီး ထောင်ပိုင်ကြီးကို လက်မှတ်ထိုးပြီး ငါတို့ကိုယ်စားတာဝန်မှူးကိုထည့်ပေးမယ်။ ကားစီစဉ်ပေးမယ်။ ခဏနေမှ လူသစ်ကြည့်မယ်။ လူသစ်တွေပုံစံမထိုင်သေးဘဲ လွတ်လွတ်လပ်လပ် နေပါစေလို့ အခန်းလူကြီး မြင့်ဦးကိုပြော။ ညနေစောင်းတာနဲ့ အချုပ်ရုံးခန်းပြန် အာမခံလွတ်လူတွေနဲ့ ရှုပ်တော့မယ်"

ကျွန်တော့် လက်အောက်က ထောင်မှူးဦးထွန်းခင်မှာ တပ်မှ အရာခံဗိုလ်ဖြင့် ပြောင်းလာခြင်း ဖြစ်သည်။ ကျွန်တော်နှင့်အတူ အချုပ်ရုံးဒုတိယတာဝန်ခံ၊ အမှတ် (၂) အိပ်ဆောင်အဆောင်မှူးဖြစ်သော်လည်း အလုပ်ကိုစိတ်မဝင်စား၊ တပ်ကြပ်ကြီးစံသိန်းနှင့် တာဝန်ကျ၍ ကားတစ်စီးဖြင့် အပြင်ထွက် စားသောက်ခြင်းကိုသာ ဝါသနာပါသည်။ ဘက်စုံပင်ပန်းသည်က ကျွန်တော်။ တာဝန်မှူးကျသဖြင့် ညကျတော့လည်း ကောင်းစွာ အိပ်ရခြင်း မရှိ။ လွန်စွာ စိတ်ပျက်စရာကောင်းသည်။ အတွဲမညီသဖြင့် လူစားလဲပေးရန်ပြောသော်လည်း ထောင်ပိုင်ကြီးက တပ်ကပုဂ္ဂိုလ်များကိုတော့ ကြောက်လန့်ဟန်တူပါသည်။

ကျွန်တော် ဇယ်ဆက်သလိုလုပ်ရတော့သည်။ ထောင်ပိုင်လက်မှတ်ထိုးပြီးသည်နှင့် တပ်သားသက်ဦးအား ယနေ့တာဝန်မှူးကျသူ ထောင်မှူးဦးအောင်ကြီးကို အခေါ်ခိုင်း၊ ကျွန်တော်က ရိက္ခာဌာနမှ ကားတောင်း၊ ဆေးမှူးပါ ခေါ်ခိုင်းပြီး ဆေးရုံကြီးသို့အမြန်ပို့စေရသည်။ အချိန်က ညနေ (၃) နာရီ။ အဆောင်ပြန်၍ အချုပ်လူသစ်ကြည့်၊ ညနေ (၄) နာရီထိုးတော့ အချုပ်အာမခံလွတ်ဝရမ်းများ ဝင်လာချေပြီ။ လွတ်လူတစ်ဦးချင်းအား အချုပ်သားမှတ်ပုံတင် စာအုပ်ကြီးဖြင့် တိုက်ဆိုင်စစ်ဆေး အမှတ်အသားရှာ အသေအချာစစ်ဆေးပြီး လွတ်ဝရမ်းမကုန်မချင်း စောင့်ရသည်။

ညနေ (၅) နာရီတွင် လွတ်လူများအားခေါ်၍ အပြင်ဘူးဝထောင်ပိုင်ကြီးရုံးခန်းတွင် ဒုတိယအကြိမ် ပြစစ်ဆေးရသည်။ ပြီးမှတန်းစီ၍ တံခါးကြီးမှ တစ်ကျလွှတ်ရသည်။ လူမမှားစေရန် အလွန်ဂရုစိုက်ရပါသည်။ ထိုအချိန် မြို့နယ်အသီးသီးမှ ရုံးပြန်နှင့် အချုပ်သစ်များက ဝင်လာကြပြန်ပြီ ဖြစ်သည်။ ထိုအချိန်က ရုံးထုတ်၊ ရုံးပြန်နှင့် အချုပ်နှင့်နောက်မှုရုံးထွက်၊ ရုံးပြန်များမှာ အမျိုးသမီးများဖြင့် ပေါင်းပါက နေ့စဉ် အဝင်အထွက်ထောင်ဂဏန်းရှိသည်။ ထောင်တွင်းအချုပ်၊ ထောင်ကျဦးရေက တစ်သောင်းခန့်ရှိသည်။

ညနေသတ်မှတ်ချိန် (၆) နာရီ ထောင်မပိတ်နိုင်။ ည (၇) နာရီခန့်မှ ထောင်စပိတ်နိုင်ရာ ည (၈) နာရီခန့်မှ လူပေါင်းအဝင်အထွက်ကိုက်၍ ထောင်ပိတ်နိုင်သည်။ ထောင်ပိတ်ပြီးသော်လည်း ကျွန်တော်နှင့် တွဲဖက်တာဝန်ကျသည့် ထောင်မှူး အောင်ကြီး ဆေးရုံကြီးလူနာပို့ရာမှ ပြန်မလာသေးသဖြင့် အိမ်ပြန် ညစာမစားနိုင်သေး။ မိန်းဂျေးတွင်ထိုင်ပြီး တဂွီဂွီမြည်နေသောဗိုက်ကို ရေနွေးကြမ်းသောက်၍ ညတာဝန်ကျသူ တာဝန်ကြပ်ဦးမြသိန်းနှင့် စကားပြော၍ ဖြေသိမ့်ရသည်။ ကျွန်တော် ဆာလောင်နေမှန်းသိသဖြင့် ဦးမြသိန်းက -

"ဆရာတစ်ခုခုစားထားမှဖြစ်လိမ့်မယ်။ တော်ကြာဘာအရေးပေါ် မယ်မှန်းမသိ။ စားကောင်းအောင် ကျွန်တော် စီစဉ်ပေးမယ်"

"ကျွန်တော်လည်းငြိမ်နေမိသည်။ မကြာပါ၊ တာဝန်ကြပ်ဦးမြသိန်း ဖိုကြီးထဲမှ ပြန်ထွက်လာတော့ နောက်က ရဲဘက်ဖိုးခေါင်းက ထမင်းပန်းကန်(၂)ပန်းကန်ကိုင်၍လိုက်လာသည်။ ကျွန်တော့်ရှေ့ချပေး၍ကြည့်တော့ လုံးတီးထမင်းပူပူအားကုလားပဲပြုတ်နဲ့ရော၍ ဆီဆမ်း၊ ဆားဖြူးထားခြင်း ဖြစ်သည်။ ထမင်းနံ့ကသင်းနေသည်။ကျွန်တော်လည်း ဗိုက်ဆာဆာဖြင့် တစ်ဇွန်းစားကြည့်တော့ အလွန်အရသာရှိသည်။ ကျေနပ်စွာစားပြီး တာဝန်ကြပ် ဦးမြသိန်းအား ကျေးဇူးတင်ကြောင်း ပြောရသည်။ ဆာနေချိန်ဖြစ်၍ လုံးတီးဆန်ပူပူနွေးနွေးမှာ နတ်သုဒ္ဓါအလား လွန်စွာမှအရသာရှိလှပေသည်။

ထိုစဉ် တယ်လီဖုန်းမြည်လာသည်။ ရန်ကုန်ဆေးရုံကြီးရောက်နေသော တာဝန်မှူးက ရဲဘက်လူနာဆုံးသွားသဖြင့် သေမှုသေခင်းလုပ် စောင့်နေရသဖြင့် အပြန်နောက်ကျမည်ဖြစ်ကြောင်း။

ကျွန်တော်တို့ လုံးတီးထမင်းဆီဆမ်းစားလိုက်သည်မှာ မှန်ချေပြီ။ တာဝန်မှူးမရှိဘဲ ကျွန်တော်တို့ အပြင်ထွက်ထမင်းစားလို့မရတော့။ နေ့တွင် ထောင်တာဝန်ခံရှိသော်လည်း ညဘက်တွင် တာဝန်မှူးကြီးနှင့် တာဝန်မှူးကသာ ထောင်ပိုင်ကိုယ်စား ပြဿနာအရပ်ရပ်အား ဖြေရှင်း၍ တာဝန်ယူရမည် ဖြစ်ပါသည်။

ထိုစဉ် အိပ်ဆောင်အမှတ်(၂)မှ တာဝန်မှူးအားခေါ်ကြောင်း၊ ညဝန်ထမ်းမှ သတင်းပို့လာပြန်သည်။ ဆေးမှူးခေါ်ခြင်းမဟုတ်၍ ထူးခြားနေသည်။ တာဝန်ကြပ်အား ရိက္ခာရုံးခန်းတွင် အမှတ် (၂) အိပ်ဆောင်သော့သွားထုတ်ခိုင်း၍ ကျွန်တော် ညကင်းသမားနှင့် အမှတ်(၂)အိပ်ဆောင်သို့ လာခဲ့သည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

အချုပ်ရုံးရဲဘက်စာရေးများမှာ အောက် (၁)ခန်း၌သာ အိပ်ကြသဖြင့် အခန်းလူကြီး မြင့်ဦးအားခေါ်၍ -

"မြင့်ဦး၊ ဘယ်သူဘာဖြစ်လို့လဲ"

"ဆရာ့တပည့် အောင်မြင့်ဒင် ဆရာ၊ ဘာဖြစ်နေမှန်းမသိဘူး။ အံကြိတ်ပြီး ထထအော်နေတယ်။ တစ်ခုခုပူးကပ်နေသလိုပဲ။ မျက်ထောင့်နီကြီးနဲ့ တာဝန်မှူးခေါ်ပေးတဲ့လေ"

"ဒီဘာယာတန်းနားခေါ်ခဲ့စမ်း။ ဟဲ့ကောင် - အောင်မြင့်ဒင်၊ ဘာဖြစ်တာလဲပြောစမ်း"

"ဆရာ၊ ကျွန်တော်ကြိုးသမားသက်ဦးပါ။ ကျွန်တော်ဒုက္ခရောက်နေပါတယ်။ ကျွန်တော့်အိမ်ကို ဘုန်းကြီး (၅) ပါး ပင့်ပြီး ကျွန်တော့်အတွက် အလှူလုပ်၊ အမျှအတန်းဝေပေးဖို့ ပြောပေးပါ"

"ဩော် - အေးအေး၊ ငါပြောပေးမယ်"

"ဟုတ်ကဲ့ဆရာ၊ ဆက်ဆက်ပြောပေးပါ။ ကျွန်တော်မတတ်သာလွန်းလို့ အကူအညီတောင်းတာပါ။ အမှောင်ခန်းထဲမှာနေရတာ ဆရာတို့ ဒီနေ့လာဖွင့်မှ အောင်မြင့်ဒင်နဲ့ ကပ်ပြီးလိုက်ခဲ့ရတာပါ"

"အေးအေး - ငါကူညီပါ့မယ်။ စိတ်ချပါ"

ကြိုးသမားသက်ဦး ထွက်သွားတော့ အောင်မြင့်ဒင်မှာ သတိမေ့နေသဖြင့် ထောင်ဆေးရုံမှ တာဝန်ကျဆေးမှူးအား ဖုန်းဆက်ခေါ်ရတော့သည်။ ဆေးမှူး ရောက်လာတော့ အခန်းသော့ဖွင့်ဝင်ပြီး ပြုစုရသည်။ သတိရလာတော့ နေ့လယ်စာပင် မစားရသေးသဖြင့် အားပြတ်နေသည်။ စားစရာလည်းရှိဟန်မတူ။ ထို့ကြောင့် တာဝန်ကြပ်အား ကျွန်တော်တို့စားသလို လုံးတီးထမင်းပူပူနွေးနွေးအား ဆီဆမ်း၊ ဆားဖြူး၊ ကုလားပဲပြုတ်ဖြင့် ကျွေးရပြန်သည်။ အောင်မြင့်ဒင် နေကောင်းသွားတော့ ကျွန်တော်တို့ မိန်းဂျေးသို့ ပြန်လာကြစဉ် ဖုန်းဝင်လာပြန်သည်။ အမျိုးသမီးအချုပ်ဆောင်က ဗိုက်အောင့်သဖြင့် ဆေးမှူးခေါ်သတဲ့။

တော်ပါသေးသည်။ ဆေးမှူးသိန်းဆန်းက ကျွန်တော်တို့နှင့်အတူ ရှိနေသဖြင့် တာဝန်ကြပ်အား ခေါ်၍ အမှတ် (၂) အိပ်ဆောင်သော့အား ပြန်အပ်၊ အမျိုးသမီးအချုပ်ဆောင်သော့အားထုတ်၍ ဝင်ခဲ့ကြပြန်သည်။ အမျိုးသမီးအိပ်ဆောင်များအားဝင်ရသည်မှာ အလွန်စိတ်ညစ်စရာကောင်းသည်။ အနံ့ကပေါင်းစုံ၊ အသက်ရှူပင်မဝချင်။ လူနာအား ရုံးခန်းထုတ်၍ ပြုစုရသည်။ ဆေးမှူး သိန်းဆန်းက လူနောက်လူပြောင်။ လူနာအား စမ်းသပ်စစ်ဆေးပြီး ဗိုက်အား ပရုတ်ဆီလူးပေး၍ လက်ဖဝါးအား ဆုပ်ကိုင်ထားသည်။ မကြာပါ။ လူနာမှာ ငြိမ်သက်ပြီး အိပ်ပျော်သွားသည်။ အသက်အရွယ်က (၂၀)ကျော်ခန့်သာရှိပါလိမ့်ဦးမည်။ ဆေးများပေးခဲ့ပြီး ကျွန်တော်တို့ အမျိုးသမီးအချုပ်ဆောင်ထဲက ပြန်ထွက်လာမှ ကျွန်တော်က -

"ကိုသိန်းဆန်း၊ ကလေးမက ဘာရောဂါဖြစ်တာလဲ"

"အဖိုဓာတ်လိုတဲ့ရောဂါပါ"

"ဘယ်လိုဗျ"

"ယောကျ်ားဖိုဓာတ်နဲ့ဝေးပြီး နှစ်နဲ့ချီထောင်ထဲနေရတော့ အမျိုးသမီးတွေဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝပါ။ ဗိုက်အောင့်တယ်ဆိုတာ တကယ်ပါ။ ကျွန်တော် မကြာခဏကြုံဖူးလို့ရိုးနေပြီ။ သူ့ဗိုက်ကလေးပွတ်သပ်ပေးပြီး လက်ဖဝါးလေးဆုပ်၊ အဖိုဓာတ်ပေးရုံနဲ့ ကျေနပ်နှစ်သိမ့်ပြီး ပျောက်ကင်းသက်သာတာပါပဲ။ အစာကြေ၊ ဗိုက်အောင့်ပျောက်ဆေးတွေလည်း လိုရမည်ရပေးခဲ့ပါသေးတယ်ဆရာ။ စိတ်ချပါ၊ ကောင်းသွားမှာပါ"

"ယောကျ်ားတွေကတော့ကော ကိုသိန်းဆန်း"

"ယောကျ်ားတွေကျတော့ ပိုဆိုးတယ်ဆရာ။ တိုနာလို့ခေါ်တယ်။ မရှိမသေဆရာ။ ဒီရောဂါကလည်း မဓာတ်နဲ့ ဝေးလို့ဖြစ်ရတာ။ ထောင်ထဲမှာ နှစ်ပေါင်းများစွာ နေရတဲ့သူတွေမှာ ဖြစ်တတ်တယ်။ ယောကျ်ားတန်ဆာတိုဝင်သွားပြီး ဗိုက်အလွန်အောင့်တာပဲ။ အဲဒီအချိန်မှာ ဆေးမြစ်မှာရတော့တာပဲ။ အချိန်မီမရရင် သေနိုင်တယ် ဆရာ။

"ဆေးမြစ်ဆိုတာက မဓာတ်ပေးနိုင်တဲ့ အမျိုးသမီးဆီးခုံမွေးဆရာ။ ရိုင်းတယ်မထင်ပါနဲ့။ တကယ့်အဖြစ်အပျက်တွေပါ။ ကျွန်တော် ခဏခဏကြုံဖူးလို့ ရိုးနေပါပြီ။ အဲဒီပစ္စည်းကို အမျိုးသမီးဆောင်သွားတောင်းရတာ"

"ဘယ်လိုပြောတောင်းရမှာလဲ၊ ရှက်စရာကြီးဗျာ"

"အဲဒီကိစ္စက ဆရာ့တာဝန်ကြပ်ဆရာကြီးကိုသာ မေးကြည့်ပေတော့ဆရာ"

တာဝန်ကြပ်ဆရာ ဦးမြသိန်းက -

"ဒီလိုဆရာ၊ ညဘက်ဖြစ်တတ်တာဆိုတော့ မှောင်ထဲမှာ အမျိုးသမီးဆောင်တံခါးကို ခေါက်ပြီး တာဝန်ကျဆရာမကို အမျိုးသားဆောင်က လူနာတစ်ယောက်ဗိုက်အောင့်ပြီး တိုနာဖြစ်နေလို့ ဆေးမြစ်ပေးကြပါလို့ တောင်းရတယ်။ အဲဒါနဲ့ တာဝန်ကျဆရာမတောင်းပြီး သတင်းစာစက္ကူကလေးနဲ့ ထုတ်ပြီးပေးတာ။ ညဘက်အမှောင်ကြီးထဲမှာဆိုတော့ မျက်နှာပူစရာလည်းမရှိပါဘူး။ သူတို့လည်း နားလည်သဘောပေါက်ကြတယ်လေ။ အဲဒါကို မီးရှို့ပြီး ရှူတာနဲ့ လူနာ ချက်ချင်း သက်သာပျောက်ကင်းပါတယ်"

"အင်း - အံ့ဩစရာပဲ။ ကျွန်တော်တော့ ကံကောင်းတယ်မှတ်တယ်။ တစ်ပတ်တစ်ခါ တာဝန်မှူးကျပေမယ့် တစ်ခါမှ မကြုံဖူးဘူး"

"နောက်ကြုံမှာပါ ဆရာရယ်။ ဒီရောဂါတွေက ရာသီဥတုအေးတဲ့ဆောင်းတွင်းအဖြစ်များတယ်"

ကျွန်တော်တို့ မိန်းဂျေးပြန်ရောက်တော့ ခေတ္တနားရေနွေးကြမ်းသောက်ပြီး အိပ်ဆောင်များနှင့် တိုက်ခန်းများအား လှည့်လည်စစ်ဆေးရသည်။ ပြီးနောက် အတွင်းအုတ်ရိုး၊ မျှော်စင်များအား ကင်းစစ်ဆေးရသည်။ ကျွန်တော်အဝင်ဝဘူးတံခါးကြီး ပြန်ရောက်တော့ ရန်ကုန်ဆေးရုံကြီးသွားကြသည့် တာဝန်မှူးထောင်မှူးအောင်ကြီးနှင့်အဖွဲ့ ပြန်ရောက်လာကြောင်း သတင်းပို့သည်။

"ကဲ - အောင်ကြီးရေ မင်းမိန်းဂျေးမှာ ထိုင်အနားယူရင်း အိပ်ဆောင်တွေကို သတိထားပေတော့။ ငါလည်း စစ်ဆေးပြီးပါပြီ။ အခုတော့ ထောင်အပြင်ကင်းတွေနဲ့ သီးသန့်ထောင်ဘက် ပတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော် စက်ဘီးတစ်စီး၊ လက်နှိပ်မီးတစ်လက်ဖြင့် ကျယ်ဝန်းလှသော အင်းစိန်ထောင်ကြီး၏ အပြင်စည်းကို ပတ်ရတော့သည်။ သရဲတစ္ဆေဆိုသည်မှာ ထောင်ဝန်ထမ်းတစ်ဦးအတွက် ကြောက်လန့်စရာ မဟုတ်တော့။ တာဝန်ဟာ တာဝန်ပဲဖြစ်သည်။

ဤသည်မှာ ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကြုံဆုံခဲ့စဉ်က ဘဝမှတ်တမ်းအစိတ်အပိုင်းတစ်ခုသာ ဖြစ်တော့ သတည်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

## အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ယေးပုံ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံ့ခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ." **ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခေါက်နဲ့ဆို ဒီရွာလေးကို ကျွန်တော်ရောက်တာ နှစ်ခါရှိပြီ။

ပထမအခေါက်ကို အလယ်တန်းကျောင်းသားဘဝက ရောက်ဖြစ်ခဲ့တာ။ ရောက်တယ်ဆိုတာကလည်း ဒီရွာမှာ ဆွေမျိုးသားချင်းရှိလို့တော့ မဟုတ်ဘူး။ ကျောင်းက အတန်းဖော် သူငယ်ချင်း ထွန်းဇော် သူ့ရွာကို အလည်ခေါ်လို့ ရောက်ဖြစ်ခဲ့တာ။

လိုက်တုန်းကတော့ တော်တော်စည်စည်ကားကားရှိမယ်အထင်နဲ့ လိုက်သွားတာ။ ဟိုရောက်တော့ ဘယ်ဟုတ်လိမ့်မတုံး။ အိမ်ခြေရှိလှမှ ငါးဆယ်နဲ့ ရွာမည်ကာမတ္တာပဲ။ ကျောင်းမရှိ ရုံးမရှိ ဆေးပေးခန်းမရှိ၊ ဗွီဒီယိုရုံမရှိ။ အဲ - တောအရက်ဆိုင်လေးတော့ ရှိတယ်။ အဆိုးဆုံးက ကျွန်တော်တို့လူငယ်တွေအဟွက်လက်ဖက်ရည်ဆိုင်မရှိတာဘဲ။ မဖြစ်မနေသောက်ချင်တယ်ဆိုရင် ရွာနဲ့တစ်မိုင်ခွဲ၊ နှစ်မိုင်ခွဲလောက်ဝေးမယ့် ဂုန်နီစက်ရုံကို စက်ဘီးရှိ စက်ဘီးနဲ့သွား၊ မရှိရင်တော့ ခြေကျင်သာလျှောက်ပေတော့ပဲ။

# မြောင်းမြ-မြင့်လှိုင်

## တစ်ခဏအမှားကြောင့် ကာလအလျားရှည်ကြာစွာ ပေးဆပ်ခဲ့ရသူ



www.burmeseclassic.com

www.burmeseclassic.com

ရွာနာမည်က လက်ပံကုန်းတဲ့၊ ဘယ်သူကစပြီး နာမည်ပေးကင်ပွန်းတပ်တယ်တော့မသိဘူး၊ တစ်ရွာလုံး လက်ပံပင်နဲ့တူတာဆိုလို့ ရွာအဝင် ချောင်းကူးတံတားလေးနားမှာ ခပ်ကြီးကြီးတစ်ပင်လားရှိတယ်။ ဒါကိုပဲ လက်ပံကုန်းလုပ်လေရော့သလားတော့ မဆိုနိုင်ဘူး။

အခုအနှစ်နှစ်ဆယ်ကျော်ကြာပြီးမှ ဒီရွာကိုတစ်ခေါက်ပြန်ရောက်တော့ ယခင် ကျွန်တော်ရောက်ခဲ့တဲ့ လက်ပံကုန်းနဲ့ လားလားမှမတူတော့ဘူး။ အင်းလေ - နှစ်ပရိစ္ဆေဒတွေ ကြာလာတာနဲ့ အမျှ ခေတ်ကာလအခြေအနေတွေကလည်း လောကဓမ္မတာအတိုင်း ပြောင်းလဲတိုးတက်နေကြတာကိုး။

သွားတုန်းကတော့ ဒီရွာကို တာကန်တကသွားတာ မဟုတ်ဘူး။

ကီစွတစ်ခုနဲ့ မြောင်းမြကို ခဏ





www.burmeseclassic.com

www.burmeseclassic.com

ပြန်ရင်း လစာလာထုတ်တဲ့ သူငယ်ချင်း ထွန်းဇော်နဲ့ အမှတ်မထင် ပြန်တွေ့တာနဲ့ ဒီရွာလေးကို ဒုတိယမ္ဘိရောက်ခဲ့ပြန်တယ်။

ထွန်းဇော်က အခု သူ့ရွာလေးမှာပဲ မှူး/အုပ်အဖြစ် တာဝန်ထမ်းဆောင်နေရပြီကိုး။ ပြီးတော့ သူ့ရွာလေးက နဂိုကလို ရွာသိမ်ရွာငယ်လေးမဟုတ်တော့ဘူး။ အိမ်ခြေနှစ်ရာကျော်လောက်ရှိနေပြီ။ ကျောင်းတွေ၊ ကျန်းမာရေးဌာနတွေ ဗွီဒီယိုရုံတွေ၊ လက်ဖက်ရည်ဆိုင်တွေနဲ့ အတော်လေး စည်ကားနေပြီ။ ရွာဦးက ဆရာတော်ကျောင်းလေးတောင် နဂိုလို ခနော်နီခနော်နဲ့ ဝါးကျောင်းလေးမဟုတ်တော့ဘူး။ သွပ်မိုး၊ ပျဉ်ကာနဲ့ တိုက်ခံကျောင်းလေးဖြစ်နေပြီ။

မြို့ပေါ်နဲ့ မိုင်နှစ်ဆယ်နီးပါးဝေးတယ်။ ကျွန်တော်ရောက်တဲ့အချိန်အထိတော့ ရွာထဲအထိ ကားလမ်းမပေါက်သေးဘူး။ မြို့ပေါ်ကနေ လိုင်းကားစီးပြီး လက်ပံကုန်းပါတယ်ဆိုရင် ရွာထိပ်က ချောင်းကူးတံတားလေးထိပ်မှာပဲ ရပ်ပေးတယ်။

ကျွန်တော်ရောက်တဲ့နေ့ ညနေစောင်းလောက် ထမင်းစားသောက်ပြီး ကျွန်တော်ရယ်၊ ထွန်းဇော်ရယ်၊ ထွန်းဇော်အမေ ဒေါ်လေး ဒေါ်ငွေစိန်ရယ် အိမ်ရှေ့ ခရေပင်အောက်က ညောင်စောင်းလေးမှာ ရေနွေးကြမ်းထိုင်သောက်ရင်း ရောက်တတ်ရာရာစကားပြောနေကြတယ်။ ဒီအချိန်မှာ ရွာလမ်းဘက်က ခွေးပေါင်းစုံတွေ နားကွဲလုမျှ ဟိန်းဟိန်းညံအောင် အူသံ၊ ဟောင်သံတွေ ခြံရံပြီး အကျီဗလာ၊ ဘောင်းဘီပွပွတိုတိုနဲ့ အသက်ခြောက်ဆယ်ကျော်လောက်ရှိမယ်ထင်ရတဲ့ အဘိုးကြီးတစ်ယောက် ပါးစပ်ကလည်း ဘာရယ်လို့သိရခက်တဲ့ ဗလုံးဗထွေးစကားတွေပြောလို့။ မျက်လုံးကလည်း ကျီးကြည့်ကြောင်ကြည့် ဂနာမငြိမ်ဘူး။ လည်ပင်းမှာလည်း နို့ဆီခွက်တွေသီတွဲလို့ဆွဲထားတယ်။ လေး၊ ငါးလှမ်းလောက်ပြေးလိုက်ပြီးတော့ မှန်မှန်ပြန်လျှောက်လိုက်နဲ့ ရွာလမ်းအတိုင်း ခွေးတစီစီနဲ့ထွက်သွားတယ်။ လူကလည်း အရိုးပေါ် အရေတင် ပိန်လှီလွန်းလှတယ်။

မြင်တဲ့သူတိုင်း စိတ်မနှံ့သူလို့ ခန့်မှန်းမိကြမှာပဲ။ ဒါနဲ့ -

"ဟေ့-ထွန်းဇော်၊ ဒီအဘကြီးက ဘာလဲကွ၊ မင်းတို့ရွာလူကြီးလား။ လည်ပင်းမှာလည်း ရွှေစလွယ်တွေဘာတွေနဲ့"

လို့ ထွန်းဇော်ကို လှမ်းနောက်လိုက်တယ်။

ထွန်းဇော်က ဟတ်ခနဲ တစ်ချက်ရယ်လိုက်ပြီး -

"ဟုတ်တယ်ဟေ့ကောင်ရေ၊ ဟုတ်တယ်ကွ။ အခုမဟုတ်တော့ပေမယ့် တို့ခပ်ငယ်ငယ်တုန်းကတော့ ဒီရွာလေးမှာ သူလည်း ရွာလူကြီးတစ်ယောက်နီးပါးတော့ ဩဇာညောင်းခဲ့ဖူးတယ်။ သူအခုလိုဘဝ ဘာဖြစ်လို့ရောက်သွားတယ်ဆိုတာကိုတော့ ဘယ်သူမှ အပ်ကျမပ်ကျ မပြောနိုင်ဘူး။ ရွာက လူအများစုကတော့ အဘကိုးမြို့ရှင် ဒဏ်ခတ်ထားလို့ အခုလို စိတ်ရောဂါဖြစ်သွားတာလို့ ပြောကြတာပဲကွာ"

"ဟ-ထွန်းဇော်ရ၊ မင်းစကားက အဆန်းပါလား။ ငါတောင် စိတ်ဝင်စားလာပြီ။ ငါ့ကို ဇာတ်ရည်လည်အောင် လင်းစမ်းပါဦး"

လို့ ကျွန်တော် တောင်းဆိုလိုက်တယ်။

ထွန်းဇော် ရေနွေးကြမ်းတစ်ခွက်တရှုးရှုးမှုတ်သောက်တယ်။ ပြီးတော့ ကွမ်းအစ်ထဲက ကွမ်းတစ်ယာထုတ်ယာနေပြန်တယ်။ ဒီအချိန်မှာ လိမ္မော်ရောင်အဆင်းနဲ့နေဝန်းကြီးကလည်း အနောက်မိုးကုပ်မှာမေးတင်စပြုနေပြီ။

တစ်ချက်တစ်ချက် ကလူကျီစယ်တိုက်ခတ်နေတဲ့ ဆောင်းဦးလေထဲမှာ နှင်းမှုန်ငွေ့တွေက ရောယှက်ပါလာတယ်။ အကျီဗလာ၊ ခွေးတစာစာနဲ့ ရွာလယ်လမ်းအတိုင်းချီတက်သွားတဲ့ လူကြီး ဘယ်လိုနေမယ်မသိပေမယ့် ကျွန်တော်တို့ကတော့ ရေနွေးပူပူသောက်နေသည့်တိုင် ချမ်းစိမ့်စိမ့်ခံစားနေကြရတယ်။

"ဒီလိုကွ မြင့်လှိုင်ရ၊ ဒီအကြောင်းကို မင်းဇာတ်ရည်လည်အောင် ရှင်းပြဖို့ ငါ့ထက်စာရင် အမေပြောတာပိုပြီးပြည့်စုံလိမ့်မယ်။

အမေ ဒီကောင့်ကို ဦးထွေးမောင်အကြောင်း ပြောပြလိုက်စမ်းပါ အမေရာ"

ဆိုတော့ -

ဒေါ်လေး ဒေါ်ငွေစိန် မီးသေနေတဲ့ သူ့ရဲ့ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို မီးတို့ရင်း တစ်ချက်၊ နှစ်ချက်ဖွာလိုက်တယ်။ ပြီးတော့ မီးခိုးငွေ့တွေကို နှာခေါင်းက ဖြည်းဖြည်းချင်း မှုတ်ထုတ်ရင်း ဒေါ်လေးဒေါ်ငွေစိန်ရဲ့ စိတ်အစဉ်ကလည်း မီးခိုးငွေ့နဲ့အတူ အတိတ်ချောင်ကို လူးလွန့်သွားတော့တယ်။

◆

ဒီလက်ပံကုန်းရွာလေးမှာ ကိုထွေးမောင်ဆိုရင် မသိတဲ့လူတော်တော်ရှားတယ်။ လက်ပံကုန်းမှ မဟုတ်ပါဘူး။ ဒီရွာလေးနဲ့ အနီးဝန်းကျင်ရွာတွေကပါ သိကြတယ်။ သိတယ်လို့ ဆိုရလောက်အောင်လည်း ကိုထွေးမောင်က ဒီရွာတွေ အားကိုးအမှုပြုရလောက်တဲ့ လက်သမားဆရာကြီးကိုး။

လက်ပံကုန်းရွာရဲ့ အိမ်ခြေတစ်ရာမှာ ကိုးဆယ်လောက်က ကိုထွေးမောင်လက်ရာချည်းပဲ။ ဝါးနဲ့တတ်နိုင်တဲ့သူကို ဝါးနဲ့၊ သစ်နဲ့တတ်နိုင်သူကို သစ်နဲ့။ လိုချင်တဲ့ပုံစံသာပြောဖြစ်အောင် ဆောက်ပေးနိုင်တယ်။ ဒီအကြမ်းထည်တွေပဲလုပ်တတ်တာလားဆိုတော့မဟုတ်ဘူး။ အနုစိတ်ပရိဘောဂတွေလည်း နိုင်နင်းတယ်။

ဒီရွာကလူတွေ ဆိုတာကလည်း အိမ်ဆောက်တာပဲဖြစ်ဖြစ်၊ ပရိဘောဂလုပ်ချင်တာပဲဖြစ်ဖြစ်၊ ဘယ်သူမှမြို့ပေါ်က လက်သမားဆရာကို တကန်တကငှားတယ်လို့ မရှိပါဘူး။ သူနဲ့ပဲ ညှိညှိနှိုင်းနှိုင်းလုပ်ကြတာ များတယ်။

ဒီအနီးအနားဝန်းကျင်မှာလည်း လက်သမားဆရာဆိုလို့ သူနဲ့ သူ့တပည့်လေး၊ငါးယောက်ကလွဲရင် ဘယ်သူမှမရှိဘဲကိုး။ လက်ခအဖိုးစာနားနဲ့ ပတ်သက်ပြီးလည်း ကိုထွေးမောင်က ဖုတ်ပူမီးတိုက်မရှိဘူးလေ။ စပါးပေါ်မှ ပေးရတယ်။ ပဲပေါ်မှပေး မငြင်းဘူး။ ကိုထွေးမောင်က ဒီလိုလူမျိုးကိုး။

ရွာရဲ့သာမှု၊ နာမှုဆိုလည်း သူ့လက်သူ့ခြေ။ သူမပါရင် ပွဲမစည်သလောက်။ သူကြီးခေတ်မဟုတ်ပေမယ့် ကျေးရွာရဲ့ကာလသားခေါင်းနေရာမှာ ရပ်တည်နေရတယ်။ ရွာရဲ့အရေးကြီး၊ ငယ်ကိစ္စတွေကို ရွာလူကြီးတွေနဲ့ အိမ်ဦးခန်းမှာရောပြီး ဖြေရှင်းခွင့်ရတဲ့သူ။ ပြီးတော့ ရွာကအပျိုကြီးတွေရဲ့အရေးပေးမှုကိုလည်းခံရသူ။

သူကိုယ်တိုင်ကလည်း တစ်ကိုယ်ရေတစ်ကာယလူပျိုကြီးကိုး။ နောက်ဆံတင်းစရာမရှိသလို အပူအပင်လည်းမရှိဘူး။ ဒါပေမယ့် လူဆိုတာ ပြောရတော့ ခက်သားလား၊ ဘယ်လိုပုထုဇဉ်မှာဖြစ်ဖြစ် အကောင်းတွေချည်းပဲ စုမနေတတ်တာ ဆိုတော့ ကိုထွေးမောင်ကလည်း ပုထုဇဉ်ထဲကတစ်ယောက်ဆိုတော့ ဆိုးကွက်လေးတွေတော့ ရှိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အရက်ကို စွဲစွဲလမ်းလမ်းသောက်တတ်တာ မဟုတ်ပေမယ့် အပေါင်းအသင်းတွေ အဆွယ်ကောင်းတဲ့အခါဆိုရင်တော့ ခေါင်းမထောင်နိုင်အောင် သောက်တတ်တယ်။ ဖဲဝိုင်းကို လိုက်ရှာပြီးရိုက်တာမဟုတ်ပေမယ့် တည့်တည့်တိုးတဲ့အခါဆိုရင် ထမင်းမေ့ဟင်းမေ့ပဲ။ လက်ထဲငွေမရှိရင် အိမ်ပေါင်ပြီးတော့ကို ရိုက်တာ။ ထားပါတော့။

တစ်နေ့ မြောင်းမြက အပေါင်းအသင်းတစ်ယောက် အလုပ်ကိစ္စရှိလို့ ကိုထွေးမောင်ကို လာခေါ်သွားတယ်။ နှစ်ရက်၊သုံးရက်ရွာမှာတောင်ပြန်မအိပ်ဖြစ်ဘူး။ အလုပ်ကိစ္စတွေပြီးတော့ သူ့အပေါင်းအသင်းတွေနဲ့ မြို့မှာပဲ သောက်ဖြစ်စားဖြစ်ကြတယ်။ အချိန်လေးရလာတော့ အပျင်းပြေ ဖဲလေးပါရိုက်ဖြစ်ကြတယ်။ ရိုက်ဖြစ်တော့ ကိုထွေးမောင်ပါလာတဲ့ ပိုက်ဆံကုန်တဲ့အပြင် အကြွေးနှစ်ထောင် လောက်တင်ခဲ့တယ်။

ဒီတုန်းက ငွေနှစ်ထောင်ဆိုတာလည်း အတော်လေးကို ခရီးရောက်တဲ့အချိန်ကိုး။ သူအကြွေးပေးရမယ့် အပေါင်းအသင်းကလည်း ဒီငွေနှစ်ထောင် ပြန်မပေးနဲ့တဲ့။ သူ့ညီတစ်ယောက်မင်္ဂလာဆောင်ကို လက်ဖွဲ့ဖို့ နှစ်ထပ်ဗီရိုတစ်လုံးသာ လုပ်ပေးလို့ ပြောလိုက်တယ်။ သူကလည်း ရတယ်၊ ဖြစ်တယ်ပေါ့ မူးမူးနဲ့ အာမခံလိုက်တယ်။

ရွာပြန်ရောက်ပြီး နှစ်ရက်၊သုံးရက်လောက်နေတော့ ကိုထွေးမောင် သူအာမခံခဲ့တဲ့ဗီရိုအတွက် တော်တော်လေး ခေါင်းစားသွားတယ်။ ဗီရိုမရိုက်တတ်လို့တော့မဟုတ်ဘူး။ ရိုက်ဖို့သစ်ရှာမရလို့။ ဟိုလူက သေသေချာချာမှာလိုက်တယ်။ တောသစ်အရိုင်းသားတွေနဲ့ဆို မယူဘူးတဲ့။ ကျွန်းနဲ့ စရွေးဖောက်တောင်းကောင်းလေး ရိုက်ပေးလို့ မှာလိုက်တာ။ ပေးရမယ့်ရက်ချိန်းကလည်း နီးနေပြီ။ ခက်တာက သူ့ရွာမှာ ကျွန်းသစ်လည်း မရှိဘူး။ ကျွန်းပင်လည်း မရှိဘူး။ သစ်ပင်ကြီးကြီးမားမားဆိုလို့ ညောင်ပင်တွေပဲ ရှိတယ်။ ရွာကလူတွေ ပရိဘောဂမှာရင်တောင် သူကိုယ်တိုင် တောသစ်အရိုင်းတွေနဲ့ပဲ လုပ်ပေးခဲ့တာ။ ကျွန်းဆိုတာ မြို့ပေါ်တက်ဝယ်ရင်တော့ ရတာပေါ့။ ဒါပေမယ့် လတ်တလော သူ့မှာငွေမှမရှိတာ။ အချေးအငှားလည်း သူမလုပ်ချင်ဘူး။

ဒါနဲ့ ဂုန်နီစက်ရုံက သူ့အသိလက်သမားတစ်ယောက်ဆီ အကူအညီတောင်းတယ်။ ကျွန်းသားလေးဗီရိုတစ်လုံးစာလောက်ရှိမလားပေါ့။ မရှိပါဘူး။ ဗီရိုတစ်လုံးစာမပြောနဲ့၊ အံဆွဲတစ်လုံးစာတောင်မရခဲ့ဘူး။ သူစိတ်ညစ်ညစ်နဲ့ ရွာပြန်လာတော့ ဂုန်နီစက်ရုံနဲ့သူတို့ရွာကြားကားလမ်းမကြီးဘေးနားမှာ နတ်ကွန်းခပ်ကြီးကြီးတစ်ခုသွားတွေ့တယ်။ တွေ့တုန်းကတော့ အမှုမဲ့အမှတ်မဲ့ပဲ။ နေပူလို့ နတ်ကွန်းဘေးအရိပ်ဝင်ခိုရင်း ခဏဝင်ထိုင်တာ။ ထိုင်ရင်းက နတ်ကွန်းကို သေသေချာချာကြည့်မိတယ်။

ဟိုတုန်းကလည်း ဖြတ်သွားဖြတ်လာတွေ့တွေ့တော့နေတာပဲ။ ဒါပေမယ့် အခုလိုတော့ နီးနီးကပ်ကပ် တစ်ခါမှ မကြည့်မိဘူး။ နတ်ကွန်းက နှစ်ရှည်လများခံအောင် ထုထည်ကောင်းကောင်းသစ်တွေနဲ့ ဆောက်ထားပြီး ခြောက်ပေပတ်လည်လောက်ကို ကျယ်ကျယ်ဝန်းဝန်းရှိတယ်။သူလည်း ဘာရယ်လို့မဟုတ်ဘူး ခါးကြားမှာ ထိုးထားတဲ့ လက်သမားသုံး ရဲတင်းလေးနဲ့ နတ်ကွန်းတိုင်ကို ဆွဲခြစ်ကြည့်လိုက်တယ်။

သစ်ကအပေါ်ယံသာရေညှိတက်နေပေမယ့် အထဲသားကဝင်းပြီး အကွက်လည်နေတယ်။ သူလည်း လက်သမားလုပ်လာတာ နှစ်တွေမှ မနည်းဘဲ။ ဒါဘာသားနဲ့ ဆောက်ထားတယ်ဆိုတာ တန်းသိတယ်။ နတ်ကွန်းက ဆက်မယ့်သမယ့် လူအရောက်အပေါက်နည်းလို့ ပန်းအိုးတွေတောင် အလဲလဲအကွဲကွဲဖြစ်နေတယ်။ ပင့်ကူအိမ်တွေကလည်း သီလို့တန်းလို့ပေါ့။

ကိုထွေးမောင် နတ်ကွန်းကို သေသေချာချာလှည့်ပတ်ကြည့်ရင်း သူ့အတွေးနဲ့သူ တစ်ချက်ပြုံးလိုက်တယ်။ ပြီးတော့ ရွာကို သုတ်ခြေတင်ပြန်ခဲ့တယ်။ အဲဒီညက လပြည့်ကျော်တစ်ရက်၊ နှစ်ရက်ဆိုပေမယ့် တိမ်သားတိမ်လိပ်တွေက ထူထူထပ်ထပ်။ သက်ကြီးခေါင်းချ၊ သန်းခေါင်ကြက်တွန်ချိန်လောက်တော့ လေရောမိုးပါ တပြောပြောရွာချလာတယ်။

တစ်ရွာလုံးကတော့ ငြိမ်ချက်သားကောင်းကောင်းနဲ့ အိပ်မောကျနေကြတယ်။ ဒါပေမယ့် လေနဲ့မိုးကိုအန်တုနေတဲ့ လူတစ်ယောက်ကတော့ ရွာလယ်လမ်းကို ခပ်သုတ်သုတ်လျှောက်ရင်း ရွာပြင် ကားလမ်းမရှိရာကို ဦးတည်သွားနေတယ်။ ရွာထဲက ခွေးတစ်ကောင် စူးစူးဝါးဝါးတစ်ချက်ထိုးဟောင်ပြီး ညဟာမိုးသံလေသံတွေနဲ့အတူ ပြန်လည်အိပ်မောကျသွားပြန်တယ်။

"ဂီး . . . ဂီး"

"အောင်မလေးဗျ၊ အောင်မလေးဗျ၊ ကယ်ကြပါဦးဗျ။ ကြောက်ပါပြီဗျ၊ ပူလို့ပါဗျ၊ နာလို့ပါဗျ"

လက်ပံကုန်းရွာလေးပေါ်က ဖြတ်ပျံသွားတဲ့ ငှက်စုန်းတစ်ကောင်ရဲ့ စူးစူးရဲရဲအော်မင်္ဂလာသံနှင့် မရှေးမနှောင်းမှာ ထွက်ပေါ်လာတဲ့ လူတစ်ယောက်ရဲ့ အော်ဟစ်ညည်းညူသံဟာ အိပ်မောကျနေတဲ့ လက်ပံကုန်းရွာလေးကို ပုတ်ခတ်လှုပ်နှိုးလိုက်တယ်။ အိမ်တချို့ဆီမှ အလင်းရောင်ပျပျဟာလည်း အပြင်အမှောင်ထုကို မလွှမ်းမိုးနိုင်ခဲ့ဘူး။

ရွာသားကြီးဆယ့်လေးငါးယောက် ရွာလမ်းမပေါ် ဓာတ်မီးတဝင်းဝင်းနှင့် စုရုံးရောက်ရှိလာချိန်မှာတော့ ရွာလမ်းမကြီးအတိုင်း ဝတ်လစ်စလစ်နဲ့ ပြေးလိုက်၊ မြေကြီးပေါ် တလူးလူးတလိမ့်လိမ့်ဖြစ်လိုက်ဖြစ်နေတဲ့လူတစ်ယောက်ကို အံ့သြစွာ တွေ့လိုက်ကြရတယ်။ ပထမတော့ ဘယ်သူဘယ်ဝါမှန်းလဲ မသိ။ ဘာဖြစ်လို့ဖြစ်နေမှန်းမသိလေတော့ ဘယ်သူမှ အနားမကပ်ဝံ့ကြဘူး။

မြေပြင်မှာ လူးလိမ့်နေတဲ့လူရဲ့ မျက်နှာကို ဓာတ်မီးအလင်းရောင်နဲ့ မြင်တွေ့မိချိန်မှာတော့ -

"ဟင် - ဟာ. . . ဒါ ကိုထွေးမောင် မဟုတ်လား"

"ဟုတ်ပါရဲ့ကွာ၊ ရွံ့တွေဗွက်တွေပေကျံနေတော့ မနည်းရုပ်ဖမ်းယူရတယ်။ အဝတ်မပါဘာမပါနဲ့၊ ဘယ်လိုဖြစ်ရတာလဲ မေးစမ်းကြည့်ကြပါဦး"

ရွာသားတွေ တစ်ယောက်တစ်ပေါက် မေးကြမြန်းကြပေမယ့် ကိုထွေးမောင်ခမျာ တုန်ရီဘာဝေ ဘာမှစကားမေးမရခဲ့ဘူး။

"ကဲကဲ - လူမြင်လို့မကောင်းဘူး၊ လာလာ - သူ့အိမ်ကို တွဲခေါ်သွားရအောင်"

အိမ်ရောက်လို့ ကိုထွေးမောင်ကို အဝတ်အစားပေးဝတ်ကြပေမယ့် ကိုထွေးမောင်ခမျာ ပူတယ်ပူတယ်လို့အော်ဟစ်ပြီး အကုန်ဆွဲချွတ်ရှာတယ်။

ဒီအချိန်မှာ အရှေ့ကျွန်းက ရောင်နီပျို့လာလို့ လက်ပံကုန်းရွာလေးအပေါ် အလင်းရောင်တွေယှက်ဖြာနေပြီ။

ကိုထွေးမောင်က နဂိုကတည်းက လူချစ်လူခင်များတဲ့သူဆိုတော့ သတင်းကြားကြားချင်း ကိုထွေးမောင်ရဲ့အိမ်ဟာ ဆက်ရက်တွေ အိပ်တန်းဝင်တဲ့ လက်ပံပင်လို ဖြစ်နေတော့တာပဲ။ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com

အောင်သိန်းချစ်

# အဘဘိုးမင်းခေါင်ရဲ့ အံ့စရာကုထုံး

အချိန်ကတော့ ၁၉၈၆ ခုနှစ်ဖြစ်ပါတယ်။ ကျွန်တော်နေတဲ့ ဗဟိုစာတိုက်ကြီးအနောက်ပေါက် သူဌေးတန်း ဂုံနီဂိုဒေါင်ဝင်းအိမ်ကို အောင်ပုဗ္ဗခာတ်နန်းအဖြစ်ဖွင့်လှစ်ပြီး နာမ်ကိန်းရှင်က တစ်ဆင့် အဘဘိုးမင်းခေါင် ကြွနေချိန် ဖြစ်တယ်။

လောလောဆယ် အလာများနေတာတွေကတော့ ရောဂါဝေဒနာသည်အမျိုးမျိုးပါ။ အချို့ဆို စိတ်ရောဂါဆေးရုံမှာကုသခဲ့ပေမယ့် ရောဂါမပျောက်ဘဲ ညအိပ်ချိန် လူခြေတိတ်မှာ ထပြေးနေလေ့ရှိတဲ့ ဝေဒနာသည်လို စိတ်ရောဂါသည်တောင် ပါလာတယ်။

အခုလည်း ရောဂါအမျိုးမျိုးကို ကုပေးနေတဲ့ အဘ ဘိုးမင်းခေါင်ဆီ ဂုန်နီဂိုဒေါင်စောင့် ဦးတင်ဝင်းက သူ့သားတော်မောင် တရုတ်ကြီးကို ခေါ်လာတယ်။ တရုတ်ကြီးရဲ့ မျက်စိတစ်ဖက် ရောင်ကိုင်းပြီး နီရဲနေတယ်။ ဦးတင်ဝင်း အမှုထမ်းနေတဲ့ ဂိုဒေါင်က ကျွန်တော့်အိမ်ရှေ့တည့်တည့်မှာ ရှိတာကြောင့် ဦးတင်ဝင်းက ကျွန်တော်တို့ မိသားစုနဲ့ ဆွေမျိုးရင်းချာလိုနေသူပါ။ ဒါကြောင့်လည်း အဘနာမ်ကိန်းနေခိုက်မှာ လက်အုပ်ချီပြီး ရဲရဲတင်းတင်းဝင်လာတာ ဖြစ်တယ်။ ကန်တော့ပြီးတာနဲ့ ဦးတင်ဝင်းက -

"အဘခင်ဗျား၊ ကျွန်တော့်သားလေး မျက်စိနီရဲပြီး ရောင်ကိုင်းနေလို့ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံမှာ သွားပြနေတာ တစ်လပြည့်ပါတော့မယ်။ ဘယ်လိုမှ မထူးခြားလို့ အဘဆီခေါ်လာပါတယ်။ သားလေး မျက်စိကို ကုပေးပါအဘ"

အဘဘိုးမင်းခေါင်က -

"ကဲ - ရှေ့တိုးပြစမ်း"

ဆိုပြီး ဦးတင်ဝင်းသားရဲ့ မျက်စိကိုကြည့်ရင်း -

"အောင်သိန်းကျော်၊ ဖန်ခွက်ထဲမှာ ရေအပြည့်ထည့်ပြီး အလင်းတိုင်တစ်တိုင်ကို ဘုရားဆောင်မှာ မီးထွန်းပူဇော်ပေးပါ။ ရေထည့်ထားတဲ့ ဖန်ခွက်ကိုတော့ ငါ့ပေး"

အဘက ရေဖန်ခွက်ကို ကိုင်ပြီး မန်းတယ်။ တစ်ခါ ကိုတင်ဝင်းသားလေးရဲ့ နီရဲရောင်ကိုင်းနေတဲ့ မျက်စိကို အဘလက်ဖဝါးနဲ့ ခေတ္တအုပ်ထားတယ်။ ပြီးတော့ အဘလက်ကို ရုပ်လိုက်တယ်။ မျက်လှည့်ပြလိုက်သလား ထင်မှတ်ရတယ်။ ဦးတင်ဝင်းသားလေးရဲ့ မျက်စိ နီရဲရောင်ကိုင်းနေရာကနေ နဂိုအတိုင်း အဖြူရောင် ပြန်ဖြစ်သွားတာကို ကျွန်

---

ရှိတဲ့လူကြီးသူမတွေကတော့ ဒီကိစ္စကို သွေးရိုးသားရိုးတောင်ဟုတ်ပါ့မလားလို့ သံသယရှိနေကြတယ်။

ဒီသံသယကို ပိုခိုင်မာစေတဲ့ အကြောင်းက -

"ဘကြီးကောင်း၊ ဘကြီးကောင်း- ဒီမှာတစ်ချက်လောက်လာကြည့်စမ်းပါဗျ"

အိမ်ရှေ့က ရေးကြီးသုတ်ပျာခေါ်သံကြောင့် ကိုထွေးမောင်အခြေအနေကို စောင့်ကြည့်နေတဲ့ ရွာလူကြီး ဦးကောင်းစံ အိမ်ရှေ့ထွက်လာတယ်။ ပြီးတော့ -

"ဟေ့ကောင် သံချောင်း၊ ဘယ်လိုဖြစ်လို့ ဒီလောက်အောင်အော်နေရတာတုံးကွ"

"ဒီမှာ ကြည့်စမ်း ဘကြီး၊ ဒီသစ်တွေ ကိုထွေးမောင်အိမ်ခေါင်းရင်းမှာ ပုံထားတာတွေ့လို့"

သံချောင်း လက်ညှိုးထိုးပြလိုက်တဲ့ သစ်ပုံကို ဦးကောင်းစံ တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ အပေါ်ဆုံးက သစ်ပြားထူထူမှာ အရောင်မှိန်နေပြီး ပတ်ကြားအက်တွေထနေတဲ့ သဘော်ဆေးနဲ့ ရေးထားတဲ့ စာတန်းတစ်ခုကို ဦးကောင်းစံ ခပ်တိုးတိုးရေရွတ်လိုက်တယ်။

"အ. . ဘ. . . ကိုးမြို့ရှင်နတ်နန်း၊ ဟင် - ဘုရား၊ ဘုရား"

ဦးကောင်းစံ သူ့ရှေ့မှာ အဆိပ်ပြင်းပြင်းမြွေတစ်ကောင် တွေ့လိုက်ရသည့်အလား ဘုရားတရင်းက နောက်ကို ခြေတစ်လှမ်းပြန်ဆုတ်လိုက်တယ်။ ပြီးမှ -

"တယ်ခက်တဲ့ ထွေးမောင်ကွာ။ ဒါကို သူဖျက်ယူလာမိပြီထင်တယ်။ မကြံကောင်းမစည်ရာ ဖြစ်မှဖြစ်ရလေကွာ"

ဒေါ်လေးဒေါ်ငွေစိန် အာခြောက်သွားဟန်နဲ့ ရေနွေးကြမ်းတစ်ကျိုက် ကျိုက်လိုက်သည်။ ပြီးတော့ ဆေးပေါ့လိပ်ကိုဖွာရင်း -

"နောက်ပိုင်း သူတပည့်တွေနဲ့ ရွာကလူတွေ ဆရာမျိုးစုံခေါ်ကုပေးကြရှာတယ်။ အဘကိုးမြို့ရှင်နတ်နန်းကိုလည်း အင်တေနဲ့ အခိုင်အမာပြန်ဆောက် လှူဒါန်းပေးတယ်။ ဒါပေမယ့် ကိုထွေးမောင်အခြေအနေကတော့ စောစောက မင်းမြင်တဲ့အတိုင်းပါပဲ ငါ့တူရယ်။ အော်ဟစ် ညည်းညူမနေတော့ပေမယ့် လူကောင်းတစ်ယောက်တော့ ပြန်ဖြစ်မလာတော့ဘူး"

ဒေါ်လေး ဒေါ်ငွေစိန် ပြောပြတဲ့ ဦးထွေးမောင်အဖြစ်ကြားရတာ စိတ်မကောင်းစရာလို့ဆိုခြင်းထက် စိတ်မချမ်းမြေ့စရာလို့ ဆိုခြင်းက ပိုမှန်လိမ့်မယ်ထင်တယ်။ အဲဒီညက ကျွန်တော် အိပ်ရာဝင်နောက်ကျပေမယ့် တော်တော်နဲ့ အိပ်မပျော်ခဲ့ဘူး။

ဦးထွေးမောင်ရဲ့ ဘဝတိုတိုမှာ နောက်တ သံဝေဂရစရာတရားတွေက ရှည်လျားလွန်းလှပါတယ်။ ကိုယ်မယုံကြည်လို့ မကိုးကွယ်တာ အန္တရာယ်မရှိပေမယ့် အခုလို စော်ကားသလို ဖြစ်သွားတဲ့ အပြုအမူမျိုးကတော့ မလုပ်သင့်တာအမှန်ပဲလို့ ထင်တယ်။ မမြင်ရမတွေ့ရတာနဲ့ မယုံကြည်ဘူးလို့တော့ မဖြစ်သင့်ဘူး။ ကိုယ်ကမဆောင်နိုင်ရင် ရှောင်နေတာ အကောင်းဆုံးပဲ မဟုတ်လား။

ကိုထွေးမောင်ခများတော့ သူမြင်မိခဲ့တဲ့ အမှားနောင်တကို ကာလအလျားဘယ်လောက်ထိ လေးလံစွာ သယ်ပိုးထားရဦးမယ် ဆိုတာကိုတော့ ကျွန်တော်တို့သာမန်ပုထုဇဉ်တွေ သိနိုင်ဖို့ ခဲယဉ်းလှပါတယ်။

မြောင်းမြမြင့်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့ တအံ့တသြမြင်ကြရတယ်။

ဦးတင်ဝင်းကတော့ သူ့သားလေး မျက်စိနဂိုအတိုင်း ပြန်ကောင်းသွားတာကို မြင်ရတာကြောင့် အားရဝမ်းသာနဲ့-

"ကျေးဇူးကြီးမားလှပါတယ်အဘ။ ခေတ်သစ်ဆေးဝါးတွေနဲ့ ကုလို့မရတဲ့ ကျွန်တော့်သားလေး မျက်စိနီကြီး မိနစ်ပိုင်းအတွင်းမှာ နဂိုအတိုင်း ပြန်ဖြူသွားပြီ ရောင်ကိုင်းနေတာလည်း မရှိတော့ပါဘူး"

ဆိုပြီး အကြိမ်ကြိမ်ဦးချနေပါတော့တယ်။

အဘက ပြုံးရင်း -

"ကဲကဲ - မောင်တင်ဝင်းတို့ သားအဖ ပြန်ကြပေတော့"

အဘမှာ အလုပ်တွေရှိနေတာကို သိထားတဲ့ ဦးတင်ဝင်းရော သူ့သားလေးကပါ လက်အုပ်ချီပြီး အဘကို မျက်နှာမူရင်း တံခါးပေါက်အထိ နောက်ဆုတ်သွားခဲ့ကြတယ်။

မြင်ကွင်းကနေ ဦးတင်ဝင်းတို့သားအဖနှစ်ဦးလုံး ပျောက်သွားတာနဲ့ တစ်ပြိုင်နက် အဘက -

"အောင်သိန်းကျော်ရေ ငါ့သားလေး မျက်စိတစ်ဖက် နီရဲရောင်ကိုင်းပြီး ကျန်နေခဲ့ပြီကွ"

အဘပြောမှပဲ နာမ်ကိန်းရှင်မျက်စိ တစ်ဖက်နီရဲဖူးရောင်နေတာကို သတိထားမိပါတော့တယ်။ ဒါကြောင့် ကျွန်တော်လည်း စိုးရိမ်စိတ်နဲ့ -

"အဘကလည်း၊ ကိုတင်ဝင်းသားကို မျက်စိပြန်ကောင်းသွားအောင် ကုပေးပြီး အဘသားမှာတော့ မျက်စိနီရဲရောင်ကိုင်းနေခဲ့ပါပကော အဘရယ်"

"အေးကွ၊ မင်းတို့ ခေတ်သစ်ဆေးသိပ္ပံမှာတော့ ဒီကုထုံးမရှိသေးဘူး။ ရောဂါကူးတဲ့ ကုထုံးကွ။ ဒီကုထုံးကို သုံးချင်ရင် စာတွေချည်း အလွတ်ကျက်ရုံလောက်နဲ့ မရဘူး။ တရားကျင့်ကြံအားထုတ်ရမယ်။ တရားမှာ အဆင့်တွေရှိတယ်ကွ။ မင်းတို့အခေါ် တော့ ဉာဏ်စဉ်ပေါ့ကွာ။ ပုဂ္ဂိုလ်တွေထဲမှာတောင် ပုဂ္ဂိုလ်တိုင်း ရောဂါကူးယူတဲ့ကုထုံးကို သုံးနိုင်ကြတာ မဟုတ်ဘူး"

ကျွန်တော်ကတော့ သောကပွားပြီး -

"ဒါဆိုရင် နာမ်ကိန်းရှင်တွေကတော့ ဝေဒနာသည်တွေ ဖြစ်ကုန်ကြရတော့မှာလား အဘ"

"ဟား ဟား ဟား - မင်းက နာမ်ကိန်းရှင်အတွက် ပူပင်နေတာကိုး။ ခေတ္တတော့ခံကြရတာပေါ့။ ငါ့သားလေးကို တစ်နေ့ ရေမန်းသုံးကြိမ်မျက်စဉ်းခတ်ပါစေ။ အနည်းဆုံး သုံးရက်၊ အများဆုံး ငါးရက်ကြာရင် သူ့မျက်စိလည်း နဂိုအတိုင်း ပြန်ကောင်းသွားပါလိမ့်မယ်"

◆

မည်သို့ပင်ဖြစ်စေ နာမ်ကိန်းရှင်ကတော့ နီရဲရောင်ကိုင်းနေတဲ့ သူ့မျက်စိကို မှန်ထဲမှာကြည့်ပြီး စိတ်မကောင်းဖြစ်နေပုံရပါတယ်။ ဒီတော့မှ ကျွန်တော်လည်း နာမ်ကိန်းရှင်ဆိုတာ အပူဇော်အကန်တော့ခံနေရတာလည်း မဟုတ်ဘဲ အခုလို အနစ်နာခံရတာကိုလည်း ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် အဘနာမ်ကိန်းပြီးသွားရင် နာမ်ကိန်းရှင် တုံးလုံးလဲသွားပြီးသတိမေ့မြောတဲ့ထိ ခံရပါတယ်။ အစကနဦးတုန်းကတော့ သတိပြန်လာအောင် ကျွန်တော်တို့က ခြေမကိုချိုးသူချိုး၊ ပါးရိုက်သူရိုက်၊ ခန္ဓာကိုယ်ကြီးကိုဆွဲလှုပ်သူကလှုပ် စတာတွေ လုပ်ခဲ့ကြတယ်။ နောင်ကျမှ နာမ်ကိန်းနေစဉ် အဘမန်းပေးထားခဲ့တဲ့ ရေမန်းနဲ့ အဘခိုင်းတဲ့အတိုင်း နာမ်ကိန်းရှင် မျက်နှာကို ရေစက်လေးတွေနဲ့ ပက်ရတယ်။သတိပြန်လည်လာတော့မှ ရေမန်းတိုက်လိုက်ရင် နာမ်ကိန်းရှင် ပုံမှန်လူကောင်းပကတိဖြစ်သွားလေ့ ရှိတယ်။ ဒီနေရာမှာ နာမ်ကိန်းရှင် မေ့မြောနေခိုက် သွေးခုန်နှုန်းကို တိုင်းကြည့်ရင် အပေါ်သွေး (၂၀၀) မှ (၂၁၀) နဲ့ အောက်သွေး (၁၁၀) ဝန်းကျင်ဖြစ်သွားတာတွေ့ကြရလိမ့်မယ်။ သတိလစ်ဟန်ဆောင်သလားမဆောင်သလားဆိုတာကို သွေးခုန်နှုန်းစစ်ကြည့်လို့ ရပါတယ်။ နာမ်ကိန်းရှင် ပုံမှန်သွေးခုန်နှုန်းနဲ့ သိပ်ကိုကွာခြားသွားတာ တွေ့ကြရလိမ့်မယ်။

ရောဂါကူးယူတဲ့ ကုထုံးကို ဒီတစ်ကြိမ်ပဲ အဘသုံးခဲ့ပါတယ်။ ဒါလည်း မသုံးရင် မဖြစ်တော့လို့ သုံးခဲ့ရတာလို့ အဘက ရှင်းပြတယ်။ ခြောက်နှစ်တာ နာမ်ကိန်းနေစဉ် ကာလအတွင်းမှာ အခြားကုထုံးတွေကိုသာ အဘသုံးခဲ့ပါတယ်။

ခေတ်သစ်ဆေးသိပ္ပံမှာတောင်မရှိတဲ့ အဘဘိုးမင်းခေါင်ရဲ့ ရောဂါကုထုံးနဲ့ အကုသခံရတဲ့ မောင်တရုတ်ကြီးကတော့ အသက် (၂၀) ကျော်အရွယ်မှာ (၉၆) ပါးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။ ၎င်းအသက် ဆယ်ကျော်သက်က အဘနဲ့ တွေ့ခဲ့တာ ဖြစ်တယ်။

သူ့ဖခင် ဦးတင်ဝင်းနဲ့ မိခင် ဒေါ်ငွေးရီ၊ အစ်မကြီး မအေးခိုင်တို့ကတော့ မဟာသန္တာရုံကျောင်းအနောက်ဘက်၊ အုတ်လှော်ဝင်း ညောင်ကွဲရပ်အောင် မြေသာစံမြို့နယ် မန္တလေးမှာ ဒီနေ့ထိ အသက်ရှင်နေထိုင်လျက် ရှိနေကြပါတယ်။



ဂိုခေါင်စောင့် ဦးတင်ဝင်း

အောင်သန်းချစ်



www.burmeseclassic.com

www.burmeseclassic.com

ကရာဇက်ရဲ့ စိတ်စွမ်းအင်နဲ့ ဖော်ထုတ်ခဲ့တဲ့ အလွဲသုံးစားမှုမှာ ပါဝင်နေတဲ့ သက်ဆိုင်သူတွေရဲ့ မိသားစုကို ထိခိုက်မှာစိုးလို့ နာမည်တွေကို မဖော်ထုတ်တော့ပါ။ လှိုးလွှဲထားပါတယ်။

ဟော်လန်ပြည် မြို့ကြီးတစ်မြို့က ဓာတ်ငွေ့ကုမ္ပဏီဝန်ထမ်းတစ်ဦးဟာ ညနေအလုပ်ဆင်းချိန်မှာ အိမ်ပြန်မလာလို့ ဇနီးသားသမီးတွေက စိတ်ပူပြီး ရဲစခန်းကိုတိုင်တယ်။ ရဲတွေကလည်း စုံစမ်းကြည့်ကြပေမယ့် ဘာသဲလွန်စမှမရဘူး။

ဒီတော့ မိတ်ဆွေတစ်ဦးက အကြံရပြီး ကရာဇက်ဆီကို အကူအညီတောင်းတယ်။ လူပျောက်ကိစ္စလောက်သာပြောပြီး တခြားအချက်အလက်တွေကို ဘာမှမပြောဘူး။ ဒါပေမယ့် ကရာဇက်အာရုံခံကြည့်ရာမှာ လွယ်ကူအောင်လို့ ပျောက်နေတဲ့သူရဲ့ ဦးထုပ်တစ်လုံးကို တော့ယူလာတယ်။

ကရာဇက်က ဦးထုပ်ကိုအသာထိထားပြီးတော့ သူ့အာရုံထဲပေါ်လာတာတွေကို မြင်တဲ့အတိုင်းပြောပြတယ်။

"ဒီဦးထုပ်ပိုင်ရှင်ဟာ စိတ်တွေမတည်မငြိမ် ကယောင်ချောက်ချားဖြစ်နေတာ တွေ့မြင်ရတယ်။ သူ့ရဲ့ အလုပ်အကိုင်က ကျောက်မီးသွေးနဲ့ပတ်သက်နေတယ်။ ဒီလူဟာ ခိုးတယ်ထင်တယ်။ သူတစ်ပါးပစ္စည်းတွေကို အလွဲသုံးစားလုပ်မှုတွေနဲ့ပတ်သက်နေတယ်။ ဟော-သူဟာ ဘိုင်စကယ်ပေါ် ခုန်တက်လိုက်တယ်။ သူဟာ အလုပ်ရုံဘောင်းဘီနဲ့ ဂျာကင်အကျီအပြာကို ဝတ်ထားတယ်။ သူဟာ စက်ဘီးနဲ့ ဘီမြို့ကိုသွားနေတာ။ လမ်းတစ်လျှောက်မှာလည်း ထင်းရှူးပင်တွေ စီတန်းစိုက်ထားတယ်။ အဲဒီထင်းရှူးပင်တွေလမ်းဘေးတစ်ဖက်တစ်ချက်စိုက်ထားတဲ့ လမ်းမကြီးအတိုင်း စက်ဘီးစီးသွားနေတာ။ လမ်းရဲ့ဘယ်ဘက်ဘေးမှာ ထင်းရှူးတောရှိတယ်။ အဲဒီထင်းရှူးတောရောက်တော့ သူဟာ စက်ဘီးပေါ်က ဆင်းလိုက်တယ်"

ကရာဇက်က သူ့ခေါင်းကို ယမ်းလိုက်ပြီးတော့ -

"ဝမ်းနည်းပါတယ်။ ဒီလူအသက်မရှိတော့ဘူး။ ဒီလူဟာ ထင်းရှူးပင်မှာ ကြိုးချည်ပြီးတော့ သူ့ကိုယ်သူ ဆွဲကြိုးချလိုက်တယ်။ ဒီလူ မရှိတော့ပါဘူး"

လို့ ကရာဇက်က ဝမ်းနည်းပန်းနည်းပြောလိုက်တယ်။

နောက်တစ်နေ့ကျတော့ ပျောက်ဆုံးနေတဲ့လူရဲ့ အဲဒီမိတ်ဆွေက သူ့ကို ကရာဇက်က ပြောတဲ့အတိုင်း ရဲကို သွားပြီးတိုင်ကြားတယ်။ နောက်နှစ်ရက်ကြာတော့ ရဲတွေက လူပျောက်ကို ရှာတွေ့တယ်။ ကရာဇက်အမြင်အာရုံမှာ တွေ့ခဲ့တဲ့လမ်းနဲ့ တောအုပ်မှာ သွားရှာတော့ ကရာဇက်ပြောတဲ့အတိုင်းပဲ ဒီလူဟာ ဆွဲကြိုးချသေနေတာ တွေ့ရတယ်။ ဒီလူရဲ့ အဝတ်အစားကလည်း ကရာဇက်ပြောတဲ့အတိုင်းပဲ၊ စက်ရုံအဝတ်အစားတွေ ဝတ်ထားတာ တွေ့ရတယ်။

ဒီလူပျောက်ကိစ္စကို သူ့ရဲ့မိတ်ဆွေက ကရာဇက်ရဲ့အိမ်မှာရှိနေတုန်း လာမေးတာဖြစ်တယ်။ ပါမောက္ခတင်ဟက်ရဲ့ ပရစိတ်ပညာဌာနမှာ ပါမောက္ခတင်ဟက်ကတစ်ဆင့် တွေ့ဆုံမေးတာ မဟုတ်ဘူး။ ဒါပေမယ့် ဒီကိစ္စကို ကရာဇက်က ပေါ်မောက္ခတင်ဟက်ထံ နောက်မှတင်ပြတာပါ။ ပါမောက္ခတင်ဟက်ကလည်း ကရာဇက် ပြောပြတာတွေကို မှတ်တမ်းတင်ထားတယ်။ ပရစိတ်ပညာဌာနရဲ့ သုတေသနလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပြီး မှတ်တမ်းတင်ထားတာဖြစ်တယ်။ တကယ်လို့ နောက်ထပ် အဆက်အစပ်ကိစ္စတွေပေါ်လာရင် ဒီမှတ်တမ်းနဲ့ ဆက်ပြီး ကရာဇက်ရဲ့ စိတ်စွမ်းအင်

# မနောသုတေသီ

## စိတ်စွမ်းအင်ရှင်စုံထောက်ကြီးကရာဇက်၏ အလွဲသုံးစားမှုကိုဖော်ထုတ်ခြင်း





www.burmeseclassic.com

www.burmeseclassic.com

အမြင်တွေ ဘယ်လောက်အထိမှန်သလဲ၊ မှားသလဲဆိုတာကို အကဲဖြတ်ဖို့ဖြစ်တယ်။

ပါမောက္ခတင်ဟက်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆက်လက် စုံစမ်းသေးတယ်။ အလောင်းကို ရင်ခွဲရုံပို့ပြီး ရင်ခွဲစစ်ဆေးချက်မှတ်တမ်းလုပ်ရတယ်။ အဲဒီ ရင်ခွဲစစ်ဆေးချက်အရ သေဆုံးတဲ့အချိန်ဟာ ကရာဇက်က သူ့မိတ်ဆွေကို အာရုံအမြင်နဲ့ ကြည့်နေချိန်ဖြစ်တယ်။ အဲဒီလို ကရာဇက်က ဒီလူမရှိတော့ဘူး။ ဆွဲကြိုးချသေသွားပြီလို့ မြင်တဲ့အချိန်လောက်မှာပဲ သေသွားတာဖြစ်တယ်လို့ ရင်ခွဲရုံ စစ်ဆေးချက်မှတ်တမ်းမှာ ရေးထားတယ်။

ခာတ်ငွေ့ကုမ္ပဏီက ဝန်ထမ်း ပျောက်ဆုံးနေမှုမှာ ဒီဝန်ထမ်းဟာ ကုမ္ပဏီရဲ့ ငွေတွေကို အလွဲသုံးစားလုပ်ပြီးတော့ ဒီအမှုပေါ်တော့မယ့်အချိန်မှာ သူ့ကိုယ်သူသတ်သေသွားတာဖြစ်တယ်လို့ ရဲတွေကပြောတယ်။

ဒီလိုအလွဲသုံးစားမှု၊ ခိုးမှုစတဲ့ ကိစ္စမျိုးကို ကရာဇက်က စိတ်မဝင်စားဘူး။ အာရုံခံပြီးတော့လည်း ကြည့်ပေးလေ့မရှိဘူး။ ဒီအမှုမျိုးဟာ ကျန်ရစ်သူမိသားစုတွေအတွက်လည်း ထိခိုက်နစ်နာနိုင်တယ်။ ပြီးတော့ ကုမ္ပဏီစတဲ့ ပုဂ္ဂလိကလုပ်ငန်းတွေရဲ့ စီးပွားရေးကိစ္စလည်းဖြစ်နေလို့ ကရာဇက်က လက်ရှောင်လေ့ရှိပါတယ်။ တစ်ခါတစ်ရံ မလွှဲသာတဲ့ ကိစ္စမျိုးနဲ့ ကြုံမှသာ ဆောင်ရွက်ပေးလေ့ရှိပါတယ်။

နောက်အလွဲသုံးစားမှုတစ်ခုလည်း ဒီလိုပဲ ကရာဇက် ကူညီခဲ့ရသေးတယ်။ ကရာဇက်ဟာ လူပျောက်မှု၊ ရာဇဝတ်မှု၊ လူသတ်မှုတွေကိုသာ ရဲက အကူအညီတောင်းရင် ပါမောက္ခတင်ဟက် ခွင့်ပြုချက်အရ အမြင်အာရုံထူးနဲ့ ကြည့်ပေးလေ့ရှိပါတယ်။

ဒီအမှုက ကမ္ဘာကျော်ပန်းချီဆရာကြီး ရမ်းဘရန့်ရဲ့ဇာတိမြို့မှာ ဖြစ်ခဲ့တာပါ။ လေဒင်ဆိုတဲ့မြို့မှာပေါ့။ ဂျန်စတင်ဆိုတဲ့ ပန်းချီဆရာလည်း ဒီလေဒင်မြို့သားပါပဲ။ ပါမောက္ခတင်ဟက်အမှုထမ်းတဲ့ ယူထရက်တက္ကသိုလ်နဲ့ လေဒင်တက္ကသိုလ်ဟာလည်း ပြိုင်ဘက်ပါပဲ။ အင်္ဂလန်မှာ ကင်းဘရစ်နဲ့ အောက်စ်ဖို့၊ အမေရိကန်မှာ ယေးလ်တက္ကသိုလ်နဲ့ ဟားဗတ်တက္ကသိုလ်ဟာ ယှဉ်ပြိုင်ဘက်ဖြစ်နေသလို သဘောမျိုးပါ။

ဒီအမှုမှာလည်း သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေ့ရဲ့အမည်တွေကို လှီးလွဲထားပါတယ်။ လေဒင်မြို့ရဲ့ အမြတ်ခွန်ရုံးက စာရေးနှစ်ယောက်ဟာ အရက်ဆိုင်တွေ ဆီကပေးတဲ့ငွေတွေ လာဘ်စားနေတယ်လို့ အင်စပက်တော် မစ္စတာဒီက သင်္ကာမကင်းဖြစ်နေတယ်။ ဒီမြို့မှာ အရက်ရောင်းနေတဲ့ အရက်ဆိုင်ပိုင်ရှင်တွေက အရက်အခွန်တော်မပေးရအောင် စာရေးတွေကို လာဘ်ထိုးနေတယ်လို့ သတင်းတွေရထားတယ်။

တစ်နေ့မှာ ဒီမသင်္ကာသူတွေရဲ့ အကြောင်းကိုကြည့်ပေးဖို့ ကရာဇက်ဆီ အကူအညီရလိုရငြား တောင်းရင်ကောင်းမယ်လို့ အင်စပက်တော်မစ္စတာဒီက အကြံရလာတယ်။ ဒါကြောင့် ပါမောက္ခတင်ဟက်ကတစ်ဆင့် အကူအညီတောင်းကြည့်တယ်။ ပါမောက္ခတင်ဟက်က ကရာဇက်ဟာ ဒီလိုစီးပွားရေးကိစ္စတွေကို သူစိတ်မဝင်စားဘူး။ အကူအညီရချင်မှရမှာ။ ဒါပေမယ့် ပြောကြည့်ပါဦးမယ်လို့ဆိုတယ်။ ဒါပေမယ့် မစ္စတာဒီက ခဏခဏ နားပူနားဆာလုပ်နေတော့ ပါမောက္ခတင်ဟက်က ကရာဇက်ကို ကူညီဖို့ပြောရတယ်။ ကရာဇက်ကလည်း သူ့ဆရာ ပါမောက္ခတင်ဟက်က ပါ တိုက်တွန်းနေတော့ နောက်ဆုံး မနေသာတော့ဘဲ ကြည့်ပေးပါမယ်လို့ အာမဘန္တေခံလိုက်ရတယ်။

မကြာပါဘူး။ အင်စပက်တော် မစ္စတာဒီရောက်လာပြီးတော့ လူ (၆၀) ယောက်စုပြီး ရိုက်ထားတဲ့ ဓာတ်ပုံတစ်ခု ယူလာပြတယ်။ မစ္စတာဒီက ဓာတ်ပုံထုတ်ပြလိုက်တာနဲ့ပဲ ကရာဇက်က ဓာတ်ပုံထဲက လူနှစ်ယောက်ဟာ လာဘ်စားတဲ့ လူတွေပေါ့လို့ ကောက်ကာငင်ကာ ဇွတ်ခနဲ ပြောပြလိုက်တယ်။ (နောင်အမှုပေါ်တဲ့အခါ ထိုလူနှစ်ယောက်ဟာ လာဘ်စားကြောင်း တွေ့ရတယ်။) ဒီလာဘ်စားတဲ့လူနှစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ရယ်၊ အဝတ်အစားရယ်၊ သူတို့ရဲ့ ဉာဉ်တွေရယ်၊ လာဘ်ဘယ်လောက်စားထားတယ်၊ ဘယ်အရက်ဆိုင်က ဘယ်လောက်စားထားတယ်ဆိုတာကို အသေးစိတ်ပြောပြတယ်။ ဒါပေမယ့် သူတို့ရဲ့ ရာဇဝတ်မှုဟာ ပုဂ္ဂိုလ်ရေးလည်းဖြစ်၊ ကြီးကျယ်တဲ့ရာဇဝတ်မှုမျိုးလည်း မဟုတ်တော့ ကရာဇက်က သိပ်စိတ်မဝင်စားပါဘူး။ ရှောင်လွှဲလို့မကောင်းတတ်လို့သာ ပြောရတာပါ။

ဓာတ်ပုံကို ကြည့်လိုက်ပြီးတော့ လာဘ်စားတဲ့ဝန်ထမ်းနှစ်ဦးထက် ဒီပြင်တစ်ဦးကို ကရာဇက်က စိတ်ဝင်စားသွားတယ်။ ဒီလူကမှ ရာဇဝတ်မှုကြီးတာပဲလို့ လူတစ်ဦးရဲ့ ပုံကိုထောက်ပြပြီး ဖြုန်းခနဲ ပြောလိုက်တယ်။

"ဒီလူဟာ စစ်ဘေးဒဏ်သင့်တဲ့ မိဘမဲ့ကလေးစောင့်ရှောက်ရေးအသင်းက အရေးပါသူဖြစ်တယ်။ မိဘမဲ့ကလေးတွေကို စောင့်ရှောက်ထောက်ပံ့ဖို့ ရန်ပုံငွေတွေရှိတယ်။ ဒီရန်ပုံငွေကို သူ့ကိုယ်ကျိုးအတွက် ခိုးနေတဲ့သူပေါ့။ အခုမှ မဟုတ်ဘူး။ တော်တော်ကြာကတည်းက သူဟာ ခိုးနေတာ။ အမြင်ဂေါ်ပြက အတွင်းကသူခိုးပေါ့၊ သူ့မှတ်တမ်းစာအုပ်ကို ခင်ဗျားတို့ မကြာသေးခင်လေးက ကောက်ရထားတယ် မဟုတ်လား။ ဒီစာအုပ်ထဲမှာ ကလေးတွေရဲ့ရန်ပုံငွေထဲက သူဘယ်လောက်ခိုးယူထားတယ်ဆိုတာတွေ မှတ်ထားတယ်"

လို့ ကရာဇက်က အလန့်တကြား ပြောလိုက်တယ်။

အင်စပက်တော် မစ္စတာဒီဟာ ကရာဇက်ပြောတာ ကြားလိုက်ရတော့ မျက်လုံးပြူးသွားပြီး ကရာဇက်ပြောတာ မှန်ပါတယ်။ တစ်နေ့မှာ လမ်းလျှောက်ရင်း မှတ်တမ်းစာအုပ်တစ်အုပ် ကောက်ရတော့ ဒီစာအုပ်ဟာ မရိုးသားတဲ့လူရဲ့ စာအုပ်ဖြစ်မှန်း သိရတယ်။ ဒီစာအုပ်ထဲမှာ သူငွေတွေ ဘယ်နှကြိမ်ခိုးယူထားတယ်ဆိုတာတွေ မှတ်သားထားတယ်လို့ ဝန်ခံတယ်။ ဆက်ပြီးတော့ ဒီကိစ္စကို ရဲတိုင်ရမလားလို့ စိတ်ကူးနေတယ်လို့လည်း မစ္စတာဒီကပြောတယ်။

"ကရာဇက်ဟာ လူ (၆၀) ထဲက ဒီတစ်ယောက်ကိုမှရွေးပြီး ဘယ်သူကမှ မမေးတဲ့ဟာကို ကောက်ကာငင်ကာ ပြောနိုင်တာ အလွန်အံ့သြဖို့ကောင်းတယ်။ သာမန်အကြားအမြင်ဆရာတွေတောင် ဒီလိုမပြောနိုင်ဘူး။ ကရာဇက် ငယ်စဉ် မိဘမဲ့ကလေးဘဝနဲ့ နေခဲ့ရတော့ ဒီလိုမိဘမဲ့ကလေးတွေ ကိစ္စဆိုရင် သူဟာ အလွန်စိတ်ဝင်စားတယ်။ စာနာတတ်တယ်။ ဒီလိုဘဝမျိုးမှာနေခဲ့ရဖူးလို့ အခုလို မိဘမဲ့ကလေးတွေရဲ့ငွေကို ခိုးတာကို စိတ်စွမ်းအင်နဲ့ ချက်ချင်းသိနိုင်တာဖြစ်တယ်"

လို့ ပါမောက္ခတင်ဟက်က မှတ်ချက်ချလိုက်ပါတယ်။

မနော်သုတေသီ

*စာညွှန်း- CROIST*



www.burmeseclassic.com


www.burmeseclassic.com

ကျွန်တော် ကားသမား လှမှန်းဟာ တောမြို့လေးမှာ အငှားကားလိုက်စားတဲ့ကားသမား ဆိုတော့ ဆရာတို့ရန်ကုန်မှာလို ခရီးသည်နဲ့ ဒီနားတွေ့ ဟိုနားမှာချထားခဲ့တဲ့ အချိန်ပိုင်းလေးလောက် ခရီးသည်နဲ့တွေ့ရတဲ့ ကားသမားမျိုး မဟုတ်ဘူး။ ကျွန်တော်တို့နယ်မြို့မှာက မြို့တွင်း ဟိုနားဒီနားသွားဖို့ ကားငှားတာနည်းတယ်။ ခရီးတော်တော်လှမ်းတဲ့ ဟိုရွာဒီရွာ၊ ဟိုမြို့ဒီမြို့သွားချင်မှ ကားအငှားစီးကြတာ။ ဒီတော့ ခရီးသည်နဲ့ ကားသမားက မဟုတ်တောင် အချိန်အတော်ကြီးကြာအောင် ထိတွေ့ဆက်ဆံနေကြရတယ်လေ။ ဒီတော့ ခရီးသည်တွေဆီက ဘဝဇာတ်ခုံဇာတ်လမ်းစုံကြားရ၊ သိရတာပေါ့။ တစ်ခါတစ်ခါတော့လည်း လှမှန်းကိုယ်တိုင် အဓိကဇာတ်ဆောင်နေရာ ရောက်ချင်ရောက်သွားတယ်။ တစ်ခါတစ်ခါကျတော့လည်း ဇာတ်ပို့၊ ဇာတ်ရန်နေရာကနေရတာ မထင်မှတ်ဘဲ လှမှန်းကိုယ်တိုင် အဓိကဇာတ်ဆောင်နေရာက ကခဲ့ရတဲ့ ဇာတ်လမ်းတွေလည်း အများကြီးပေါ့ ဆရာရယ်။ ဆရာက ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရဇာတ်လမ်းတွေ ဦးစားပေးရေးချင်တာဆိုလို့ အလျှဉ်းသင့်သလို ဆန်းကြယ်တာလေးရွေးပြီး ဆရာ့ကို ပြောပြနေရာတာမို့ လှမှန်းလည်း ကျရာနေရာက သရုပ်ဆောင်ရင်း တွေ့ရကြုံရ ကားသမားဘဝဇာတ်လမ်းတွေကို ပြောပါ့မယ် ဆရာ။

◆

ဒီတစ်ခါတော့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ် ရွာတစ်ရွာက လူတစ်ယောက်ရဲ့ အံ့ဩစရာကောင်းတဲ့ဖြစ်ရပ်ကို ပြောပြပါ့မယ်။

ဒီလူနဲ့ လှမှန်းဟာ အမှတ်မထင် တွေ့ခဲ့ရာက ခင်မင်ရင်းနှီးလာမှ သူ့ဘဝဇာတ်ကြောင်းကို သိခွင့်ရခဲ့တာပါ။ သူတို့ရွာဘက်ရောက်ရတဲ့အကြောင်းက လှမှန်းရဲ့ကားကို စီမံကိန်းလုပ်ငန်းကြီးတစ်ခုမှာသုံးဖို့ အင်ဂျင်နီယာတပ်က ဒုအရာခံဗိုလ် ဝန်ထောက်လေး ဆရာမြင့်ကိုသိန်းက လပြတ်ပေးပြီး ငှားပါတယ်။ အဲဒီဝန်ထောက်ကလေးရဲ့ ဇနီးက စောစောကပြောတဲ့ နွယ်တန်းရွာရဲ့အရှေ့ဘက် သရက်ပင်ရွာသူ။ မုံရွာကနေ သရက်ပင်ရွာကိုသွားရင် နွယ်တန်းရွာလယ်ကဖြတ်မောင်းပြီးမှ ရောက်တာ။ ဇနီးမောင်နှံနှစ်ယောက်ရွာမှာနေကြတဲ့ မိခင်၊ ဖခင်တို့ဆီသွားတဲ့အခါ လှမှန်းကားနဲ့ လိုက်ပို့ရတော့ အဲဒီဘက်ကရွာတွေကို လှမှန်း ခဏခဏရောက်တာပေါ့။ တစ်ရက်



(မုံရွာ) မောင်မောင်တိုးမြင့်

ကားသမား လှမှန်နှင့် ဆိတ်ကျောင်းသမား မောင်လှဒေး



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဇနီးမောင်နှံကို သရက်ပင်ရွာပို့ပြီး အပြန် စွယ်တန်းရွာအရှေ့ထိပ်လည်း ရောက်ရော ကားရေတိုင်ကီ ရေဆူပါလေရော။ ဒါနဲ့ လူမုန်းလည်း ကားကို လမ်းဘေးချရပ် ကားရှေ့ဖုံးဖွင့်ကြည့်လိုက်တော့ ကားပန်ကာကြိုးက အတွင်းဘက်ဗိုက်သားတွေကြေပြီး ပန်ကာကြိုးကချောင်သွားတော့ ပန်ကာမလည်တော့တဲ့အတွက် ရေဆူရတော့တာ။ လူမုန်း အိမ်ကမထွက်ခင်ကတည်းက အင်ဂျင်ဝိုင်၊ ရေတိုင်ကီထဲကရေ၊ ဘက်ထရီဖွင့် အက်စစ် ရှိ၊ မရှိကြည့် အကုန်စစ်ခဲ့တာ။ ပန်ကာကြိုးကိုတောင် လက်နဲ့အလျော့၊ အတင်းဖိစမ်းလိုက်သေးတယ်။ ဖြစ်ချင်တော့ ဒီလိုတောလမ်း သဲတောတွေ ရုန်းမောင်းရတဲ့အခါ အောက်က အင်ဂျင်ကာတာမပါတော့ ကားရှေ့ဘီးက ယက်လိုက်တဲ့သဲတွေက အရှိန်နဲ့ လည်နေတဲ့ ပန်ကာကြိုးနဲ့ ဘီးကြားထဲရောက်၊ ကြိုးဗိုက်သားကြက်ပေါင်တွေ သဲဒဏ်ကြောင့် ကြေမွပြီး ပန်ကာကြိုးချောင်၊ ပန်ကာမလည်တော့ ရေဆူ။ အဖြေက အဲဒါပဲ။

ဩော် - ဒါနဲ့ လူမုန်း ဆရာလုပ်တယ်လို့လည်း မထင်ပါနဲ့။ ကြုံတုန်း သတိပေးရဦးမယ်။ ကားအတွေ့အကြုံမရှိသေးတဲ့ ကားမောင်းကြတဲ့သူများ ပန်ကာကြိုးပြတ်လို့ပဲရေဆူဆူ၊ ဂတ်စကက်ပြတ်လို့ပဲ ရေဆူဆူ၊ ရေငွေ့တွေ တထောင်းထောင်းထနေရင် ကြောက်အားလန့်အားနဲ့ ရေတိုင်ကီအဖုံးမဖွင့်လိုက်ကြပါနဲ့။ ဖွင့်လိုက်လို့ကတော့ ရေတိုင်ကီထဲက လက်ကျန်ဆူနေတဲ့ရေနွေးတွေဟာ တိုင်ကီအပေါက်က ပန်းထွက်လာပြီး လက်၊ မျက်နှာတွေကို ရေနွေးပူလောင်ခံရပါတယ်။ အရမ်းမဖွင့်လိုက်ကြပါနဲ့။ အဲဒါရေတိုင်ကီအဖုံးဖွင့်ချင်ရင် မဖွင့်ခင် ရေအေးနဲ့ရေဆူရပ်သွားအောင် များများလောင်းချ။ ရေအဆူရပ်သွားမှ ဖွင့်ကြပါ ခင်ဗျား။

လူမုန်းလည်း ကားမှာ ပါလာတဲ့ ရေက တိုင်ကီကို လောင်းချဖို့ မလုံလောက်တာနဲ့ အင်ဂျင်ဝိုင်ပုံးလွတ်ကလေးကိုင်ပြီး ရေရှာဖို့ ပတ်ဝန်းကျင်ကို





www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တော့ လမ်းတစ်ဖက်ရွာအစွန် ခြံဝင်းကျယ်ကျယ်ထဲက နံကပ်တိုက်ကြီး ကြီးဆီကိုသွားပါတယ်။ တိုက်တံခါးဝ အရောက်မှာ တိုက်ထဲက အသက် (၇၀) ခန့် အသားလတ်လတ် အိမ်ရှင်လို့ ထင်ရတဲ့ လူကြီးတစ်ယောက်က -

"မောင်ရင်၊ ဘာကိစ္စရှိလို့လဲကွယ့်"

"ကျွန်တော့်ကားရေတိုင်ကီရေဆူလို့ ရေအေးလေးနည်းနည်းရချင်လို့ပါ ခင်ဗျာ"

"ဪ - အေး၊ ခေါင်းရင်းက ရေတွင်းနဲ့ ရေကန်မှာ ကြိုက်သလောက်ယူဗျာ"

ဒါနဲ့ လူမှုန်းလည်း ရေတိုင်ကီအေးသွားအောင် ရေလောင်းဖွင့်၊ တိုင်ကီမှာ ရေအေးပြည့်အောင်ဖြည့်ပြီး ပန်ကာကြိုးလဲဖို့ ကားထဲမှာရှာတော့ အပိုဝယ်ထားတဲ့ပန်ကာကြိုးက လမ်းမှာ ပန်ကာကြိုးပြတ်တဲ့ တခြားကားတစ်စင်းကို ပေးခဲ့ပြီး အစားပြန်ဝယ်ထည့်မထားဖြစ်တော့ ပါမလာခဲ့ဘူး။ လူမှုန်းတော်တော်စိတ်ညစ်သွားတယ်။ အဲဒီအချိန်မှာပဲ အိမ်ထဲကနေ လူငယ်လေးတစ်ယောက် ဆိုင်ကယ်တစ်စီးနဲ့ ထွက်လာတယ်။

"ညီလေး၊ ဘယ်သွားမလဲ"

"ကျွန်တော် ကနီကို ဈေးဝယ်သွားမှာဗျ"

"ဟာ - အဲဒါဆို အတော်ပဲ။ ကိုယ် လိုက်လို့ရမလား"

"လိုက်လို့ကတော့ ရပါတယ်။ အပြန်မှာ ပစ္စည်းတွေ နောက်ကတင်ရဦးမှာ ဆိုတော့ အပြန်ခက်တာ"

"ဪ - ဒီလိုဆိုရင်လည်း ဒီလို ပန်ကာကြိုးလေးတစ်ချောင်း ရှာဝယ်ခဲ့ပါ။ အစ်ကို ဒီကစောင့်ပါ့မယ်"

"ဟုတ်ကဲ့ - အဲဒီကြိုးလေးပါ နမူနာပေးလိုက်ပါ၊ ဝယ်ခဲ့မယ်။ နားနားနေနေအိမ်ထဲမှာ ထိုင်စောင့်ပါ ခင်ဗျာ"

"အဘရေ၊ ဧည့်သည်ကို အိမ်ထဲ ခေါ်လိုက်ပါခင်ဗျာ"

"မောင်ရင် လာကွယ့်၊ အိမ်ထဲဝင် ထိုင်။ အားနာစရာမရှိပါဘူး လာပါကွယ်။ မင့်ကားပါ ခြံထဲရွှေ့ထားလိုက်ပါလား"

ပြောတာနဲ့ ကားကို ခြံထဲရွှေ့ထားပြီး အဲဒီအိမ်မှာ အချိန်တော်တော်ကြီးကြာအောင်ထိုင်၊ အိမ်ရှင်အဘိုးကြီး ဦးလူလေးနဲ့ စကားတွေပြောဖြစ်ကြပါတယ်။ ဦးလူလေးဟာ အသားလတ်လတ် သျှောင်တစောင်းနဲ့ ခေါင်းပေါင်းနဲ့ ရှေးမြန်မာကြီးတစ်ယောက်ရဲ့ ပုံစံပါ။ စကားကို လေးလေးမှန်မှန်နဲ့ ပြောပြီး အသံဩဇာတော်တော်ကောင်းပါတယ်။ ဦးလူလေးနဲ့စကားတွေပြောကြတဲ့အထဲမှာ လူမှုန်းတစ်ယောက် အိမ်ထောင်မရှိဘဲ အမိနဲ့ အဖကို လုပ်ကိုင်ကျွေးမွေးနေတယ်ဆိုတဲ့အချက်က ဦးလူလေးနဲ့ လူမှုန်း အင်မတန် ရင်းနှီးခင်မင်ကြဖို့ အကြောင်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။

ပွင့်လင်း ရိုးသားတဲ့ ဦးလူလေးဟာ ဘာသာတရားကိုင်းရှိုင်းပြီး ဥစ္စာဓန အလွန်ချမ်းသာတဲ့အခြေအနေရှိတာကို လူမှုန်း အကဲခတ်မိပါတယ်။ ဦးလူလေး ပြောစကားအရ မိသားစုအားလုံး စွယ်တန်းတွင်နေသော်ငြား အမြော်အမြင်ကြီးစွာ မုံရွာ အိုးဘိုတောင်မြို့သစ်မှာ အိမ်ဝင်းခြံမြေများ ဝယ်ယူထားတယ်လို့လည်း လူမှုန်း သိရပါတယ်။ လူမှုန်း အဲဒီရွာတွေဘက်ကိုရောက်တဲ့အချိန်က ယာကြီး - ကလေးဝလမ်းနဲ့ ချင်းတွင်းတံတားကြီးမရှိသေးတဲ့အချိန်ဖြစ်လို့ အဲဒီရွာတွေဆီသွားချင်ရင် မုံရွာက ညောင်ပင်ကြီးကို ဇက်ပေါ် ကားတင်ကူး၊ ညောင်ပင်ကြီးမှ ယင်းမာပင်-ပုလဲ-ဂန့်ဂေါလမ်းအတိုင်းမောင်း၊ နှောရိုးရွာရောက်တော့ လမ်းမကြီးအတိုင်း မသွားတော့ဘဲ ညာဘက်လမ်းချိုး၊ ရွာသာယာရွာဘေးမှကပ်ပြီး မောင်းပြန်လှည့်၊ သီးကုန်းရွာရောက်တော့ ရေတသွင်သွင်စီးနေတဲ့ ယမားချောင်းကြီးဖြတ်၊ မြေသားလမ်း လမ်းကြမ်းအတိုင်း ရေမရှိတဲ့ သဲချောင်းတွေ အတန်တန်ဖြတ်မောင်းရပါတယ်။ ဖန်တော၊ သဲတောမောင်းခဲ့ရလို့လည်း ပန်ကာကြိုးပြတ်တော့တာလေ။ အဲဒီလမ်းက ကနီမြို့ထိ ရောက်ပါတယ်။ ခုလူမှုန်းသွားတဲ့ စွယ်တန်းတို့၊ သရက်ပင်တို့ဆိုတဲ့ ရွာတွေကတော့ ကနီမရောက်ခင်မှာ ညာဘက်ကို ချိုးမောင်းခဲ့ရတာ။ သွားရေးလာရေး အရင်ကတော်တော်ခက်ခဲပါတယ်။

တော်ရုံတန်ရုံကားလေးတွေ အဲဒီလမ်းတွေ မသွားပါဘူး၊ လူမှုန်းသာ ဝန်ထောက်ကလေးဇနီးမောင်နှံကို အားနာလို့လိုက်ပို့တာပါ။ ခုတော့ ယာကြီး-ကလေးဝလမ်းလည်းပေါက်၊ ချင်းတွင်းမြစ်ကူးတံတားကြီးကလည်း ပြီးသွားခဲ့ပြီဆိုတော့ နွယ်တန်း - သရက်ပင်ကို မုံရွာကသွားရင် အညာအသုံးအနှုန်းနဲ့ ပြောလိုက်မယ်။ နာရီတစ်ပတ်မကြာပါဘူးဗျာ၊ (တစ်နာရီ) ကို ပြောတာ။

ဦးလူလေးနဲ့ လူမှုန်း စကားတွေ အတော်ပြောကြပြီး လူချင်းလည်း အတော်ရင်းနှီးသွားကြပြီ။ အချိန်လည်း အတော်ကြီးကြာသွားတဲ့အခါ ကနီသွားတဲ့ ဦးလူလေးရဲ့ မြေးကလေးလည်း ပြန်ရောက်လာပါပြီ။

"အစ်ကိုကြီးမှာလိုက်တဲ့ ပန်ကာကြိုးက မရခဲ့ဘူး။ တစ်မြို့လုံးဘယ်ဆိုင်မှာမှ မရှိဘူးဗျ"

"အေးကွာ၊ အစ်ကိုကလည်း ရလိုရငြားမှာလိုက်ရတာ၊ မရတော့လည်း ဘာတတ်နိုင်မလဲကွာ"

အဲဒါ ဦးလူလေးက သူတို့အိမ်က ဆိုင်ကယ်ယူစီးပြီး မုံရွာသွားဝယ်ခိုင်းပါတယ်။ ဒါပေမယ့် လူမှုန်းလည်းပြန်လိုက်သွားလိုက်နဲ့ အချိန်လင့်မှာစိုးတာရော လုပ်ငန်းမပျက်စေချင်တာရောကြောင့်ပါ နွားချည်ကြိုး ဝါချည်ကျစ်ထားတဲ့ ခဲတံလုံးလောက်ကြိုးသေးသေး ရှာထဲမှာရှာပြီး အရေးပေါ် ပန်ကာကြိုးလုပ်ပြီးမောင်းပြန်ခဲ့ပါတော့တယ်။

ဝန်ထောက်ကလေး ဇနီးမောင်နှံကို အကြောင်းပြုပြီး နွယ်တန်း-သရက်ပင်ကို လူမှုန်း မကြာခဏသွားနေရတော့ ဦးလူလေးတို့မိသားစုနဲ့ လူမှုန်းဟာ ဆွေမျိုးအရင်းအချာလို ခင်မင်ခဲ့ရပြီးတဲ့နောက် ဦးလူလေးရဲ့ စိန်ရတုမွေးနေ့ အကြီးအကျယ် အလှူဒါနပြုတဲ့ပွဲမှာ အထူးတလည် ဖိတ်ကြားခြင်းခံရလို့ လူမှုန်းနဲ့ ဝန်ထောက်လေးဇနီးမောင်နှံတို့ ညအိပ်ညနေသွားတဲ့အခါမှာမှ ဒီပတ်ဝန်းကျင်ရွာတွေရဲ့ သမိုင်းကြောင်းနဲ့ ဦးလူလေးရဲ့ စည်းစိမ်ဥစ္စာချမ်းသာလာတဲ့ဘဝဇာတ်ကြောင်းကို သိခွင့်ရလိုက်တဲ့ အတွက်လည်း လူမှုန်း ဆရာ့ကို ပြန်ပြီး ဖောက်သည်ချနိုင်တာပါ။

ဦးလူလေးရဲ့ စိန်ရတု (၇၅) နှစ် မြောက်မွေးနေ့ပွဲမှာ လူမှုန်း အထူးဧည့်သည်တော်အဖြစ်နဲ့ ဖိတ်ကြားခြင်းခံရလို့ နားနားနေနေ တစ်ညအိပ်တဲ့နေ့မှာ စကားပြောကြရင်း အိမ်ပေါ် ထပ်မှာရှိတဲ့ ဦးလူလေးရဲ့ ဘုရားကျောင်းဆောင်က ဘုရားတွေကို ဖူးမြော်ကြည်ညိုတဲ့အခါ ဘုရားရှင်ရဲ့ ကိုယ်စားတော်ရှေ့မှာ ပန်းကန်နဲ့ထည့်လှူထားတဲ့ ကြက်ဥနီးပါး ရှိတဲ့ ရွှေသံပရာသီးသုံးလုံးကို လူမှုန်း တွေ့လိုက်ရပါတယ်။ ဒါနဲ့ လူမှုန်းလည်း-

"ဦးလေး၊ ဒါရွှေအစစ်တွေလား"

"ဟုတ်တယ် ကိုလူမှုန်း။ ဒါတွေဟာ ကျုပ် အသက် (၁၆) နှစ်သားက ရခဲ့တာတွေထဲက ဘုရားလှူထားတာလေ"

"ဘယ်ကရခဲ့တာလဲ ဦးလေး။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သိခွင့်ရှိရင် ပြောပြပါလား"

"အင်း - ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်လောက်က အဖြစ်အပျက်ကို ယနေ့အချိန်အထိ သူစိမ်းတစ်ဦးတစ်ယောက်ကိုမှ ကျုပ်ပြောမပြခဲ့ဖူးပါဘူး။ အခု ကိုလူမုန်းကတော့ အိမ်ထောင်လည်းမရှိ၊ အမိနဲ့အဖကို လုပ်ကျွေးပြုစုနေတဲ့လူတစ်ယောက်မို့ ပြောပြတာပါ။ မိအို၊ ဖအိုကို လုပ်ကျွေးခြင်းဟာ မင်္ဂလာတစ်ပါးပဲ။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ်တရားတော်မှာ မာတာ ပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊ အနာကုလာစ ကမ္မန္တာ ဧတံ မင်္ဂလ မုတ္တမံ - အမိ၊ အဖကို လုပ်ကျွေးခြင်း၊ သားမယားကို ထောက်ပံ့ပေးကမ်းခြင်း၊ မည်သူ့ကိုမျှ မထိခိုက်သောအလုပ်မျိုးကိုလုပ်ခြင်း ဆိုတဲ့ တရားသုံးပါးဟာ မြတ်သောမင်္ဂလာလို့ ဟောတော်မူထားတာ ကိုလူမုန်းလည်း သိပြီးသားပဲ။ အမိနဲ့ အဖကို ကျွေးမွေးပြုစုတဲ့ ကုသိုလ်ကံကြီးဟာ ဘဝသံသရာမှာတင်မဟုတ်ဘဲ အခုလက်ရှိပစ္စုပ္ပန်ဘဝမှာကိုပဲ အကျိုးပေးပါတယ်။ မိမိရဲ့ အတိတ်ဘဝက ဒါနကုသိုလ်များ ပါလာလို့ကတော့ လက်ရှိဘဝမှာ မတောင့်မတ မကြောင့်မကြနေသွားပေတော့ဗျား။ မယုံမရှိပါနဲ့ ကိုလူမုန်း၊ ကျုပ်လက်တွေ့ပါ။ ကိုလူမုန်း အခု အကျိုးမပေးသေးလည်း တစ်ချိန်မှာ ပေးပါလိမ့်မယ်။

ဒီအကြောင်းကိုပြောရမယ်ဆိုရင် ဒီရွာတွေရဲ့သမိုင်းကြောင်းက စပြောမှ ပြည့်စုံလိမ့်မယ် ကိုလူမုန်း။ ဒီရွာဒီနယ် ဒီဒေသဟာ ဗိမ္ဗိသာရမင်းရဲ့ မင်းဆက်၊ အဇာတသတ်မင်းရဲ့ အဆက်အနွယ်၊ မင်းညီမင်းသား မင်းမှုထမ်း၊ သူဌေး၊ သူကြွယ်၊ အမှုလုပ်ကျွန် အစရှိတဲ့သူတွေရောက်ရှိနေထိုင်ခဲ့ကြတယ်လို့ဆိုပါတယ်။ ဘုရင်ဗိမ္ဗိသာရကို အဇာတသတ်မင်းသားကသတ်ပြီး နန်းတက်တာ နန်းသက်(၃၂)နှစ်ကြာတော့ အဇာတသတ်မင်းကို သားတော် ဥဒ္ဒယဘဒ္ဒက သတ်ပြီး နန်းတက်တယ်။ နန်းသက် (၁၆) နှစ်မှာ တစ်ခါ သူ့သားတော် အနုရုဒ္ဓါက သတ် နန်းတက်ပြန်ရော။ နန်းသက် (၈) နှစ်မှာ သားဖြစ်သူ မဟာမုဏ္ဍိတက သတ် နန်းတက်တော့ နန်းသက်(၈)နှစ်ကြာတယ်။ တစ်ခါ မဟာမုဏ္ဍိတကို သားတော် နာဂဒါသသတ်ပြီး နန်းတက်ပြန်တယ်။ နာဂဒါသ နန်းသက်(၁၄)နှစ်ကြာတဲ့အခါမတော့ အဖသတ်ပြီး နန်းတက်တဲ့ မင်းဆက်ပြတ်အောင် ပြည်သူတွေက အမတ်ကြီး သုသုနာဂကို နန်းတင်ပြီး တော်လှန်ပုန်ကန်ကြတော့ နာဂဒါသမင်းနဲ့ အနွယ်တော်တွေ၊ မင်းမှုထမ်း အမှုလုပ်တွေနဲ့ သူဌေးသူကြွယ်တွေဟာ ရာဇဂြိုဟ်မှာမနေရဲတော့ဘဲ ထွက်ပြေးလာကြတာမှာ မြန်မာပြည် ကလေးနယ်ထဲရောက်လာပြီး အခု ရာဇဂြိုဟ်ရွာနေရာမှာ အခြေချနေထိုင်နေကြရာက ရန်သူတွေရဲ့ အထောက်တော်တွေအရိပ်အယောင်တွေ့လာရတော့ နောက်ကြောင်းမအေးပြန်တာနဲ့ တချို့ဒီမှာနေ၊ တချို့က မြစ်သာမြစ်အတိုင်း စုန်ဆင်း ချင်းတွင်းကိုရောက်၊ ချင်းတွင်းမြစ်ကို စုန်ဆင်းလာလိုက်ကြတာ ကနီမြို့ရောက်တော့ တချို့က ကနီရဲ့အရှေ့ဘက် ကနဲဘက်ကိုတက်၊ အရှေ့ကိုလာကြတာ။ အခု ညောင်ကန်ရွာနေရာကို ရောက်တော့ ရွာတည်ပြီး ရှိနေတဲ့ရေကန်ကြီးနဲ့ ညောင်ပင်ကြီးကို အစွဲပြုပြီး ညောင်ကန်လို့ ရွာအမည်မှည့်ခေါ်ကြတယ်။ အဲဒီအထောက်အထားအဖြစ် ညောင်ကန်ရွာနဲ့တစ်ဆက်တည်း အုတ်အိုင်ရွာမှာ ဒီဘက်ခေတ်ရောက်တော့ ကျောက်ဖြစ်ရုပ်ကြွင်းတွေနဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ အမြောက်အမြား တွေ့ရတယ်။

တချို့အုပ်စုတွေက ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတက် ကနီရဲ့အောက်ဘက်ကိုဆင်းလာကြတာ။ အခု ကျုပ်တို့ရွာနဲ့ သရက်ပင်ချိုင့်၊ ဒင်ပေါက် ဆိုတဲ့ရွာတွေ အခြေချနေထိုင်ခဲ့ကြတယ်။ ကျုပ်တို့ရွာတွေမှာတော့ အထောက်အထားဆိုတာ မတွေ့ရပေမယ့် ကျုပ်ငယ်ငယ်ကတည်းက ရွာရဲ့အရှေ့တောင်ခပ်လှမ်းလှမ်းမှာ သူဌေးကုန်း ဆိုတဲ့ ကုန်းပြေပြေနဲ့တောတန်းလေးရှိတယ်။ အဲဒါ ဟိုအရင်က သူဌေးတွေ သီးခြားနေတဲ့ကုန်းလို့ ပြောကြတယ်။ အခု ဘယ်သူမှ မရှိတော့တဲ့အပြင် အဲဒီတောင်ကုန်းတောတန်းဆီကို ကျတ်ဆိုတဲ့ပရလောကသားတွေရှိလို့ဆိုပြီး နွားခင်းတောင် တစ်ယောက်တည်း မသွားရဲကြဘူး။

အခု ကျုပ်ပြောတဲ့ သူဌေးကုန်းဟာ ကျုပ်ဘဝကိုအကြီးအကျယ်ပြောင်းလဲသွားအောင် ဖန်တီးလိုက်တဲ့ ကျုပ်ရဲ့အဓိကနေရာမို့ ထည့်ပြောရတာ။ နွယ်တန်းဟာ ကျုပ်ချက်မြှုပ်တဲ့ရွာမဟုတ်ဘူး။ အမေ့ရွာ။ အဖေက ချိုင်ဒင်ပေါက်ရွာသား။ အမှန်က တစ်ရွာစီ နှစ်ရွာတွဲခေါ်တဲ့ နှုတ်အကျင့်ပါနေလို့ အဖေနဲ့အမေညားတော့ သျှောင်နောက်ဆံထုံးပါဆိုသလို အဖေ့နောက် အမေတလိုက်ခဲ့တယ်။ အဖေ့အလုပ်က ထင်းလှေသူကြီးအလုပ်လေ

ဒီလိုဗျ။ မိုးတွင်းကာလ ချင်းတွင်းမြစ်ရေကြီးတော့ ဟိုအထက်အညာချောင်းတွေ၊ မြောင်းတွေက မျောပါလာတဲ့ ထင်းတုံးတွေကို ချိုင်ဒင်ပေါက်ရွာက လူတွေက လိုက်ဆယ်၊ ကမ်းမှာကပ်ထား၊ မိုးကာလကုန်သွားပြီဆိုတော့မှ ငါးမန်းလှေတွေနဲ့ ဖြတ်ထင်းလုပ်ကြတော့ အဖေက ဒါတွေကို စုဝယ်၊ လှေကြီးပေါ်တင်ပြီး ထန်းလျက်ချက်တဲ့ ရေစကြို၊ ပခုက္ကူ မြင်းခြံအထိဆင်းရောင်းတဲ့အလုပ်လုပ်တာ။ အဲဒါ ကျုပ်အသက် (၁၂) နှစ်သားလောက်အထိ ချိုင့်ရွာမှာနေခဲ့ရတာ။

နောက်တော့ အဖေ့လှေကြီး ရွှေစာရေးဝဲမှာနစ်သွားပြီးမှ အမေ့ဇာတိနွယ်တန်းကိုပြောင်းခဲ့ကြတာ။ ဩော် - ရွှေစာရေးဝဲက ကျုပ်တို့ရွာရဲ့အောက်မှာလေ။ ကိုလူမုန်းကလည်း မုံရွာသားလုပ်နေပြီး ရွှေစာရေးဝဲတောင် မသိဘူးလား။

ကျုပ်တို့ချင်းတွင်းမှာ ကလေးဝ-မုံရွာ ဖောင်သမား၊ လှေသမားရေကြောင်းသွားကြတဲ့သူတွေ စာဆိုရှိတယ်လေ။ 'အထက်မှာပေ၊ အောက်မှာရွှေ၊ အလယ်ဝက်သိုက် မျက်ဖြူဆိုက်' တဲ့။ ဖောင်သမားတွေကြောက်တဲ့ ဝဲကြီးတွေပေါ့။ ပေဝဲက ကလေးဝရဲ့ အောက်နားမှာ၊ ဝက်သိုက်ဝဲက မင်းကင်းနယ်ထဲမှာ၊ ရွှေစာရေးဝဲက ကနီနယ် မအိုအိုင်တောင်ရွာရဲ့ အောက်ဘက်နားမှာ ရွှေစာရေးရွာမှာရှိတာလေ။ လှေနစ်ပြီးကတည်းက အဖေလည်း ဒီအလုပ်မလုပ်တော့ဘဲ အမေ့ရွာ နွယ်တန်းကို ပြောင်းခဲ့ကြတယ်။

မွေးချင်းပေါက်ဖော်မရှိတဲ့ ကျုပ်မှာ အမေတို့ နွယ်တန်းပြောင်းတော့ ဆွေမျိုးတွေနဲ့နေရမှာဆိုပြီး ပျော်လိုက်တာ။ ဒါပေမယ့် ကိုလူမုန်းရေ၊ လောကသဘာဝ လူတွေရဲ့သဘောက စီးပွားရေးနိမ့်ကျသွားပြီး ငွေမရှိရင် အမျိုးမတော်ချင်ကြတော့ဘူး။ အဖေ့ခမျာ စီးပွားရေးကျတော့ စိတ်ပါကျသွားပြီး ကျန်းမာရေးသိပ်မကောင်းချင်တော့ဘူး။ အမေ့အတွက် အမွေရတဲ့ ယာကလေးမဖြစ်စလောက်မှာ ထွန်ယက်လုပ်ကိုင်ရတာ။ မလုပ်နိုင်တော့လို့ လူငှားခေါ်တန်ခေါ် ဖြစ်သလိုလုပ်နေရတယ်။ ဒီယာမြေလေးတောင် မသထာရေစာရထားတာ။ အဖေ ထင်းလှေသူကြီးဘဝက ချိုင့်ဒိုင်



www.burmeseclassic.com

www.burmeseclassic.com

လာ ဝင်ထွက်နေကြတဲ့ ဆွေမျိုးတွေ နွယ်တန်းရောက်တော့ ဘယ်ပျောက်သွားမှန်း မသိတော့ဘူး။

ဒါနဲ့ မိသားစုစားဝတ်နေရေးအတွက် ကျုပ် ကျောင်းမနေတော့ဘဲ ဆိတ်အငှားကျောင်းနေရတယ်။ ကျုပ်တို့ဒေသက ဆီးပင်တွေ တအားပေါတာ။ ဆီးကြိုက်တဲ့မြေမို့ အလေ့ကျဆီးပင်တွေ ပေါတယ်။ အဲဒီတော့ ဆီးသီးကြိုက်တဲ့ ဆိတ်မွေးမြူရေးလုပ်ငန်းတွေ လုပ်ကြတယ်။ ကျုပ်လည်း ငယ်ငယ်ရွယ်ရွယ် ဆိတ်ကျောင်းသမားဖြစ်သွားတော့ ကျုပ်က ဆိတ်လေးတွေအပေါ်မှာ စေတနာထားပြီး အစာပေါတဲ့နေရာတွေကျောင်းပေးတယ်။ လခရပြီးရော သဘောမထားဘူး။ ဘာအလုပ်ပဲလုပ်လုပ် စိတ်ကောင်းထားဖို့လိုတယ် ကိုလူမှန်း။ ကျုပ်ဆိတ်အုပ်က အကောင်တစ်ရာကျော်လောက်ရှိတော့ သူများတွေကျောင်းတဲ့စားကျက်မှာလိုက်ကျောင်းရင် ဆိတ်လေးတွေ အစာမဝမှာစိုးတဲ့အတွက် အစာလည်းပေါ ဘယ်သူမှမကျောင်းတဲ့ သူဌေးကုန်းဘက်ကို သွားကျောင်းတာ။ အချင်းချင်းက မေးကြတယ်။ လူလေး၊ မင်းသူဌေးကုန်းဘက်သွားတာ မကြောက်ဘူးလားလို့ပေါ့။ ကျုပ်က မကြောက်တတ်ဘူး။ ကျုပ်မှာ လက်စွဲတော်ဘတ်ခွနဲ့ လောက်စာလုံးတစ်အိတ်ပါတယ်လေ။ ကျုပ်တို့ဆီကတော့ ဘတ်ခွလို့ခေါ်တယ်။ တချို့အရပ်တွေက လောက်လေးခွလို့ခေါ်ကြတာ။ တစ်ရွာတစ်ပုဒ်ဆန်းပေါ့ဗျာ။

ဆိတ်ကျောင်းထွက်ရတာ တစ်နေ့နှစ်ကြိမ် နံနက်တစ်ကြိမ် နွေဆိုရင် နံနက် (၅) နာရီရွာကစထွက် နေ့ (၁၁) နာရီ၊ (၁၂) နာရီလောက်ပြန်လာ။ ညနေ (၂) နာရီ၊ (၃) နာရီထွက် ညနေ (၆) နာရီလောက်ပြန်လာ။ အမေက ကျုပ်ဆိတ်ကျောင်းမထွက်ခင် အစောကြီးထ ထမင်းလေးချက်၊ ကြော်တန်ကြော်ပြီး တောထဲမှာစားဖို့ထုတ်ပေးလိုက်တယ်။ ရေဘူးနဲ့ လေးခွအိတ်လွယ်၊ ထမင်းထုပ်နဲ့ ဆိတ်ကျောင်းထွက်ခဲ့ရတော့တာ။ ဘတ်ခွကို ကျုပ်က ငှက်ပစ်တဲ့နေရာ မသုံးဘူး။ ဆိတ်ကျောင်းတဲ့နေရာ စားကျက်နယ်လွန်နေတဲ့ဆိတ်ကို လှမ်းပစ်အချက်ပေးရုံလောက်သုံးတာ။ ကျုပ် ဘတ်ခွနဲ့ ဘာကောင်မှမပစ်ဘူး။ အကုသိုလ်အလုပ်ဝါသနာမပါဘူး။ ပြီးတော့ ကျုပ်တောထဲသူဌေးကုန်းဘက်ရောက်တော့ သူဌေးကုန်းအဆင်းမှာ သခွတ်ပင်အကြီးကြီးရှိတယ်။ တချို့ကလည်း ဟင်းငုတ်ပင်လို့ ခေါ်ကြတယ်။ ကျုပ်အမေက အဲဒီဟင်းငုတ်ပွင့်ကို သိပ်ကြိုက်တာ။ ဟင်းငုတ်ပွင့်ပွင့်တဲ့ရာသီရောက်ရင် အမေ့အတွက် အမြဲကောက်ခဲ့တာ။ အစိုကြော်စားတယ်။ အခြောက်လှန်းထားတယ်။ ကြော်စား၊ ပြုတ်သုပ်စား ကျုပ်လည်းကြိုက်တယ်။ ဟင်းငုတ်ပွင့်က လူနဲ့တည့်တယ်။ ဆေးဖက်ဝင်တယ်တဲ့။ အဲဒီအပင်ရဲ့အခေါက်ကို အမှုန့်ကြိတ်၊ ပျားရည်နဲ့လုံးထား။ မြွေကိုက်ခံရတဲ့လူနာကိုတိုက်ရင် မြွေဆိပ်ပြေတယ်လို့တောင် ပြောကြတယ်။ ဟင်းငုတ်ပွင့်ပွင့်တဲ့ရာသီမှာ ဟင်းတစ်ခွက်အမြဲရတော့ အမေကပြောတယ်။

'ငါ့သားဟင်းငုတ်ပင်ကြီးအောက်မှာ မဖွယ်မရာမလုပ်နဲ့နော်။ စားဦးစားဖျားလေးလည်း တင်ပြုစား။အရှိအသေပြုကွယ့်။ အစောင့်အစွဲကြီးတယ်'

လို့ ပြောတာနဲ့ သူ့အပင်ကအပွင့်နေ့တိုင်းစားနေရတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ ကျုပ် မစားခင် စားဦးစားဖျားထမင်းထုပ် အမြဲတင်ပါတယ်။ ပြီးတော့ ကျုပ်ထမင်းမစားခင် သူဌေးကုန်းမှာရှိတယ်ဆိုတဲ့ မမြင်ရတဲ့ ကျတ်၊ တစ္ဆေတွေစားကြဆိုပြီး ထမင်းလက်တစ်ဆုပ် အမြဲကြဲပေးတယ်။ ကလေးအရွယ်ဆိုတော့ ဘာရည်ရွယ်ချက်မှမရှိပါဘူး။ ဒီလိုလုပ်ရင် ကောင်းတယ်ပြောကြတော့ ကောင်းတဲ့ အလုပ်လုပ်တာပဲလေ။ ပြီးတော့ သူတို့နေတဲ့နေရပ်က ချုံနွယ်သစ်ပင်စားပင်က အသီးအရွက်တွေလည်း အမြဲရနေတော့ ကျေးဇူးပြုတဲ့သဘောပေါ့။ တောမှာက ဝယ်စားလို့ရတာမဟုတ်ဘူး။ ကင်းမုံသီး၊ ကင်းမုံရွက်၊ ကြက်ဟင်းခါးသီး၊ ခွေးတောက်ရွက်၊ ဆူးပုပ်ရွက်၊ နေ့တိုင်းဆိတ်ကျောင်းရင်းခူး၊ အဲဒါဟင်းပဲလေ။ အမေနဲ့ အဖေခမျာလည်း ကလေးလုပ်စာ စားနေရသလိုဖြစ်နေတော့ စိတ်မကောင်းရှာကြဘူး။ ကျုပ်က ဒီလိုကျွေးခွင့်ရတာကို ကလေးဘဝကတည်းက ဝမ်းသာနေခဲ့တာဗျ။ ကျုပ်မှာတော့ ပျော်လို့။ ဒီအသီးလေးဒီအရွက်လေးက အမေကြိုက်တတ်တာ၊ ဒါလေးက အဖေကြိုက်တာနဲ့ ကလေးသဘာဝ ခူးရင်းဆွတ်ရင်း ကျုပ်ကပျော်နေတာ။ ဒီလို ဆိတ်ကျောင်းနေရင်းက ဆိတ်တွေက ပွားလာတော့ ဆိတ်အုပ်က ကြီးကြီးလာတယ်။ ဆိတ်က အင်မတန်အပွားမြန်တာ။ တစ်နှစ်ကို ဆိတ်ဟာ နှစ်သားနဲ့တစ်ဗိုက်။ တစ်ခါကျရင် နှစ်ကောင်၊ သုံးကောင်ကျတာ။ ဆိတ်အုပ်ကြီးကြီးလာလို့ ဆိတ်ပိုင်ရှင် ဦးဘိုးရင်က ဆိတ်ဝယ်တဲ့ကုလားတွေမှာပြီး ဆိတ်တွေထုတ်ရောင်းရင် ကျုပ်မှာ စိတ်မကောင်းဖြစ်ရပြီ။ တစ်ခါတစ်ခါ ကျုပ်ချစ်တဲ့ဆိတ်လေးတွေရောင်းတဲ့အထဲပါသွားရင် ကျုပ်လေ ထမင်းတောင် မစားနိုင်ဘူး။ နေ့စဉ်နဲ့အမျှ ထိတွေ့နေရတော့ လူနဲ့တိရစ္ဆာန်ဆိုပေမယ့် သံယောဇဉ်ကဖြစ်လာသေးတာဗျ။

ဒီလိုနဲ့ ကျုပ်အသက်(၁၆)နှစ်သားလောက်မှာ ဘဝအလှည့်အပြောင်းကကြုံလာခဲ့ပြီဗျို့။ အတိတ်က ကုသိုလ်ကံ၊ ယခုဘဝလုပ်တဲ့ ကုသိုလ်ကံတွေရဲ့ အကျိုးပေးမယ့်အချိန်ကျလာတယ်ဆိုရမှာပေါ့။ ပြီးတော့ ဘဝဘဝတွေက ပဋ္ဌာန်းဆက်တွေရဲ့အထောက်အပံ့တွေ၊ အကူအညီတွေလည်း ပါမယ်ထင်ပါတယ်။

တစ်နေ့မှာ ညနေပိုင်း ဆိတ်ကျောင်းထွက်လာတယ်။ မွန်းလွဲနှစ်နာရီလောက်မှာပေါ့ဗျာ။ မိုးခါလေခါမို့ အခါတိုင်းထက် နည်းနည်းစောထွက်လာခဲ့တာ။ ဆိတ်တွေနဲ့ တောထဲရောက်လို့ မကြာခင်မှာပဲ ကောင်းကင်ကြီးတစ်ခုလုံးဟာ မည်းမည်းမှောင်လာပြီး လေပြင်းမုန်တိုင်းတွေတိုက်လာလိုက်တာ ပတ်ဝန်းကျင်တစ်ခုလုံး ဘာမှမမြင်ရအောင် မှောင်သွားတယ်ဗျာ။ လေပြင်းတွေကြောက်စရာကောင်းအောင် တိုက်လာတော့ ကျုပ်လည်း ချုံလေးတစ်ချုံအောက်မှာ ဝပ်နေလိုက်တယ်။ လေတွေတိုက်ပြီး အတော်ကြာတော့ မိုးတွေ သဲသဲမဲမဲရွာလာတယ်။

ကျုပ် ဆိတ်တွေကိုလည်း မကြည့်နိုင်ဘူး။ မိုးတိတ်တော့ ညပိုင်းရောက်လာပြီး ဆိတ်တွေကို လရောင်မှိန်မှိန်အောက်မှာ ရှာကြည့်ပေမယ့် တစ်ကောင်မှမတွေ့တော့ဘူး။ မိုးက ရှိရှိသမျှသဲကြီးမဲကြီးသွန်ချရွာလိုက်လို့လားတော့ မသိဘူး၊ ကောင်းကင်ဟာ ကြည်လင်ပြီး လဆန်းရက် လရောင်မှိန်မှိန်လေးတော့ လင်းနေတယ်။ ကျုပ်လည်း ရွာဆီမှန်းပြီး ပြန်လာတာ။ ရွာဆီမရောက်ဘဲ ဘယ်ရောက်နေပြီလဲလို့ မှန်းမရအောင်ဖြစ်ပြီး တောထဲမှာ မျက်စိလည်နေတော့တယ်။ တောထဲမှာ မျက်စိလည်တာ ကျုပ်က မစိုးရိမ်ဘူး။ ကျုပ်ပြန်မရောက်လို့ စိတ်ပူနေရှာမယ့် အဖေနဲ့အမေကို သနားတာ။ ဟိုရောက်ဒီရောက်နဲ့ တောထဲလျှောက်သွားနေရင်းက မီးရောင်လက်လက်မြင်တာနဲ့ မီးရောင်ရှိရာကို ကျုပ်လျှောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တဖြည်းဖြည်းနဲ့ လာလိုက်တာ မီးရောင်ရှိရာရောက်တော့ တဲလေးတစ်တဲမှာ ဘကြီးတစ်ယောက် ဖိုထိုးနေတာ တွေ့လိုက်ရတယ်။ သျှောင်တစောင်းနဲ့ ဘကြီးနား မရဲတရဲကပ်ပြီး -

'ဘကြီးခင်ဗျား၊ ကျွန်တော် နွယ်တန်းရွာက ဦးလှဒင်၊ ဒေါ်ခင်မိရဲ့သား ဆိတ်ကျောင်းသမား မောင်လူလေးပါ။ ဆိတ်ကျောင်းလာရင်း မုန်တိုင်းမိပြီး တောထဲမျက်စိလည်နေလို့ ရွာပြန်တဲ့ လမ်းပြပေးပါ'

ပြောတော့ အဘက ကျုပ်ကိုတစ်ချက်ကြည့်ပြီး သူ့ဖိုပဲဆက်ဆွဲနေတယ်။ မီးသွေးမီးဖိုက လေပြင်းလာတော့ မီးသွေးတွေက မီးတောက်လာတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး မီးရောင်နဲ့လင်းတော့မှ ကျုပ်ကကြည့်မိတာ။ တဲရဲ့နောက်မှာ ပွတ်သိပ်နေအောင်သီးနေတဲ့ သံပရာပင်က သံပရာသီးတွေကို မြင်လိုက်ရတော့ မူးတတ်ဝေတတ်တဲ့ အမေ့အတွက် သံပရာရည် ဖျော်ဖျော်တိုက်နေရတာ။ ကြုံတုန်း အမေ့အတွက် သံပရာသီး တောင်းဦးမှာပဲ အတွေးပေါက်တာနဲ့ -

'အဘခင်ဗျား၊ ကျွန်တော့်အမေ့အတွက် သံပရာသီးခူးခွင့်ပြုပါ။ အမေက မူးတတ်ဝေတတ်တော့ သံပရာရည် ဖျော်တိုက်ချင်လို့ပါ ခင်ဗျား'

'အိမ်း - မိခင်၊ ဖခင်အတွက် သားကောင်းလေးတစ်ယောက်ပါပဲကလား။ အေး - ခူးစေဗျား၊ ကြိုက်သလောက်နိုင်သလောက်ခူးသွားဗျာ'

ခွင့်ပြုချက်လည်းရရော ကျုပ်လည်း ဝမ်းသာအားရ လောက်စာအိတ်ထဲက လောက်စာလုံးတွေသွန်ပစ်၊ အိတ်နဲ့အပြည့်နီးပါးခူးထည့်၊ ဘကြီးကို အရိုအသေပေးပြီး -

'ကျေးဇူးတင်ပါတယ် အဘ။ ကျွန်တော် ရွာကိုဘယ်လမ်းကပြန်ရမှာလဲ။ လမ်းလေးပြပေးပါဦး ခင်ဗျာ'

'အေး- ဟောဒီလမ်းလေးအတိုင်း ဆင်းသွား၊ ချုံတန်းလွန်တော့ ညာဘက်ချိုးကွေ့သွား။ မင့်ရွာရောက်ကရောပေါ့ကွာ'

ဘကြီးပြောတဲ့အတိုင်း လာလိုက်တာ မကြာခင်ပဲ ရွာကိုပြန်ရောက်ခဲ့တယ်။ အဖေနဲ့ အမေနဲ့ ဦးဘိုးရင်တို့က လူစုပြီး ကျုပ်ကိုအရှာထွက်ကြမလို့ပြင်နေကြပြီ။ အံ့သြစရာကောင်းလိုက်တာဗျာ။ ကျုပ်ကျောင်းတဲ့ဆိတ်တွေအကုန်လုံး ခြံထဲပြန်ရောက်နေကြပြီတဲ့။ တိရစ္ဆာန်ပေမယ့် သူတို့ပြန်ရမယ့်နေရာကို မှတ်မိကြတယ်။ ဆိတ်တွေ ရောက်လာပြီး လူမပါလာတော့ အားလုံးကစိတ်ပူကြတာပေါ့။

ကျုပ်လည်း ဆာဆာနဲ့ အမေပြင်ကျွေးတဲ့ ထမင်းစား၊ ပါလာတဲ့ သံပရာသီးတွေကို ရေအိုးဟောင်းတစ်လုံးထဲ သွန်တည့်အုပ်ထားလိုက်တယ်။ နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ နေ့လယ် ဆိတ်ကျောင်းနားတဲ့အချိန် ရွာထဲ သကြားလေးသွားဝယ် အမေ့ကို သံပရာရည်လေးတိုက်ဖို့ အိုးကိုဖွင့်၊ သံပရာသီးတစ်လုံးနှိုက်ယူလိုက်တာ သံပရာသီးဟာ လေးလေးပင်ပင်နဲ့ ရွှေရောင်ဝါနေတာ။ ပြီးတော့ ကျောက်ခဲတစ်လုံးကိုကောက်ကိုင်လိုက်ရသလိုပဲ။ အိုးထဲကြည့်လိုက်တော့ အားလုံးဟာ အဲဒီလိုဖြစ်နေပြီ။ ကျုပ် နေ့လယ်ကြီးအိပ်မက်များမက်နေသလားပေါ့။ ဒါနဲ့တိုးတိုးတိတ်တိတ်လေး အဖေနဲ့အမေကိုခေါ် အကျိုးအကြောင်းပြောပြတော့ အဖေက -

'ငါ့သား၊ ဘယ်သူမှမပြောကြနဲ့။ ဟန်မပျက် အသာလေးနေ။ ဒါတွေဟာ ရွှေတွေပဲဖြစ်မယ်။ ဘယ်သူမှမသိစေနဲ့လို့ ပြောတယ်။ အဖေပြောတဲ့အတိုင်း ကျုပ်လည်း ဆိတ်ကျောင်းတဲ့အလုပ်ပဲဆက်လုပ်နေလိုက်တယ်။ အဖေကျန်းမာရေးလေးကောင်းလာလို့ထူထူထောင်ထောင်ဖြစ်တဲ့ တစ်နေ့မှာ အဲဒီအထဲကတစ်လုံးယူပြီး အဖေမြို့ကို သွားပါတယ်။ အဖေက လှေသူကြီးဟောင်း ဆိုတော့ မုံရွာ၊ ရေစကြို၊ မြင်းခြံတို့မှာ အဆက်အသွယ်တွေ၊ အပေါင်းအသင်းတွေရှိတယ်လေ။ အဦးဆုံးဖြစ်တဲ့ မုံရွာကိုသွား၊ မိတ်ဆွေတစ်ယောက်ရဲ့ ပန်းထိမ်ဖိုသွားပြီး စစ်လိုက်တော့ ရွှေအစစ်ဖြစ်တယ်။ ပေါက်ဈေးနဲ့ရောင်းချင်ရင် အချိန်မရွေးလာရောင်းလှည့်ဖို့ပြောလိုက်တော့ အဖေလည်း ရောင်းမယ့်အချိန်လာခဲ့ပါမယ် ပြောပြီး ပြန်လာခဲ့တယ်။ မြို့ကပြန်လာပြီး -

'ငါ့သား လူလေး၊ အဖေတို့ချမ်းသာပြီကွ။ ရွှေအစစ်လို့ အဖြေရပြီ။ သိုသိုသိပ်သိပ်နေ။ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ယောင်လို့တောင်မပြောမိစေနဲ့လို့ ပြောရှာတယ်။ မိသားစုသုံးယောက် ဟန်မပျက်လေးနေပြီး အဖေရဲ့ မိတ်ဟောင်းဆွေမဟောင်းတွေက ကူညီလို့ရတာလိုလိုဘာလိုလိုနဲ့၊ အရောင်းအဝယ်လေးလုပ်လို့ရတာလိုလိုနဲ့ ရွှေလေးတွေ ထုခွဲရောင်းချ၊ မြေယာလေးတွေ နည်းနည်းချင်းဝယ်၊ နွားတွေဝယ်နဲ့နေလာခဲ့တယ်။ အကုသိုလ်ကင်းတဲ့စိုက်ပျိုးရေးအလုပ်တွေပဲ ဦးစားပေးလုပ်တယ်။ အကုသိုလ်မကင်းတဲ့ ဆိတ်မွေးမြူရေး ဝက်မွေးမြူရေးတွေမလုပ်ဘူး။ အံ့သြစရာကောင်းတာက ကျုပ်ဆိတ်ကျောင်းထွက်ရင်း တောအနှံ့လျှောက်ရှာတာ အဘိုးအိုရဲ့တဲနဲ့ သံပရာပင်ကို ဘယ်လိုမှ ရှာမတွေ့ရတော့ဘူး။ ရက်ပေါင်း၊ လပေါင်းများစွာ တောအနှံ့ ခြေရာထပ်အောင် ဆိတ်ကျောင်းရင်းရှာခဲ့တာလုံးဝ ရှာမရဘူးဗျာ။

ဒီရွှေတွေဟာ ကျုပ်ဘဝဘဝတွေက ပဌာန်းဆက်ခဲ့တဲ့ အဆက်သိဒ္ဓိရှင်ပုဂ္ဂိုလ်များက ပေးသလား၊ တောစောင့်နတ်တောင်စောင့်နတ် ရုက္ခစိုးတွေကပဲ ပေးလေသလား၊ အမြဲတမ်း ကျုပ်စားမယ့်အထဲက မျှဝေကျွေးခဲ့တဲ့ ကျွတ်၊ တစ္ဆေ၊ ပရလောကသားတွေကပဲ ကျေးဇူးပြုကြလေသလား၊ အမိနဲ့အဖကိုကျွေးမွေးပြုစုနေလို့ နတ်ကောင်းနတ်မြတ်တွေကစောင့်ရှောက်လေသလားမတွေးတတ်တော့ဘူး။ တစ်ခုတော့ရှိတာပေါ့လေ။ ကျုပ်ရဲ့အတိတ်ဘဝဘဝ တွေက ပြုခဲ့တဲ့ ဒါနကုသိုလ်တွေက ပြန်အကျိုးပေးမယ့် အချိန်ရောက်လာလို့ တစ်ဦးဦးက ကူညီစောင့်ရှောက်ပေးတာ ဖြစ်နိုင်ပါတယ်။ ပစ္စည်းဥစ္စာဆိုတာကလည်း ပေးချင်တဲ့သူက ဘယ်လိုပေးချင်ပါစေ လက်ခံရမယ့် သူရဲ့အတိတ်က ရနိုင်တဲ့ ကုသိုလ်ကံပါမှလည်း ပေးနိုင်၊ရနိုင်တာမျိုးမဟုတ်လား။ ရနိုင်တဲ့ကုသိုလ်မပါခဲ့ပြန်ရင်လည်း ပေးပေမယ့် မရနိုင်ပြန်ဘူး။ အကြောင်းအကျိုး အဖြစ်အပျက်တွေက တိုက်ဆိုင်ညီညွတ်လာမှဖြစ်နိုင်တာမျိုး။ ပစ္စည်းဥစ္စာရမှု၊ မရမှုက ကံအကြောင်းတရားနဲ့ဆိုင်တယ်။ လူ့ရယ်လို့ဖြစ်လာမှတော့ ကိုလူမုန်းရေ၊ လူကျင့်ဝတ္တရားနဲ့အညီ အမိ၊ အဖလုပ်ကျွေးခြင်းဆိုတဲ့ ကိုယ်လုပ်ရမယ့် ဝတ္တရားအတိုင်းကတော့ မဖြစ်မနေ စေတနာနဲ့လုပ်ကြရမှာပဲ။ ကိုလူမုန်းလည်း မိအိုဖအိုလုပ်ကျွေးနေတဲ့သူတစ်ယောက်ပဲ။ကံကြီးတွေဟာ သံသရာတစ်လျှောက်လုံး အကျိုးပြုနေမှာဗျ"

အဲဒီလို ဦးလူလေးဟာ သူ့ရဲ့ (၇၅) နှစ်မြောက်မွေးနေ့မှာ ကျွန်တော် လူမုန်းကို ပြောပြလို့ ဆရာ့ကို ပြန်ပြောနိုင်တာပဲ ဆရာ။

*(ရွာအမည်၊လူနာမည်များပြောင်းလဲရေးထားပါသည်။)*

မောင်မောင်တိုးမြင့် (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

(ဝါးခယ်မ)

# ကျော်မိုးလွင်

## အဘာင်ပြောပြသောဖြစ်ရပ်ဆန်းများ



ကျွန်တော် ဆုံတွေ့ခဲ့ရတဲ့ အဘ ဦးအောင်ဖြိုးဟာ ထူးခြားပါတယ်။

အဘက အိမ်မဲအပိုင် မကျီး ချောင်းဇာတိပါ။

ရောင်စုံသောင်းကျန်းသူတွေခေတ် ထနေတဲ့အချိန် တောမှာမနေနိုင်တော့ လို့ မြို့တက်လာခဲ့တဲ့သူတစ်ယောက်ပါ။

အဘသား ဦးမောင်စံနဲ့ ကျွန်တော့် အဒေါ် ဒေါ်လှဌေး ဝါးခယ်မမြို့အပိုင် ရွာသစ်ရွာမှာ အကြောင်းဆက်လို့ ပေါင်း ဖက်ခဲ့ရပါတယ်။

ကျွန်တော်တို့ မေမေကြီးလို့ ခေါ်တဲ့ ဒေါ်မိက ဒေါ်လှဌေးရဲ့အမေ (မုဆိုးမ) ကြီး ဖြစ်ပါတယ်။

ကျွန်တော့်အဖေဆုံးတော့ ကျွန် တော့အမေကို မေမေကြီးက သူ့ဆင်ဝင် အိမ်ကြီးကို ခေါ်ထားပါတယ်။

အမေ့ကို ခေါ်ထားတယ်ဆိုတော့ ကျွန်တော်တို့ညီအစ်ကိုလည်း လိုက်ပါ ခဲ့ရတာပေါ့။

အဖေ၊ အမေတို့ပိုင်တဲ့အိမ်ကို တော့ လူငှားတင်ထားလိုက်တယ်ပေါ့ လေ။

သားက ခေါ်ထားလို့ အဘ ဦးအောင်ဖြိုးဟာ ဆင်ဝင်အိမ်ကြီးကို ရောက်လာပါတယ်။

မေမေကြီးခေါ်လို့ ကျွန်တော်တို့ သားအမိလည်း သည်ဆင်ဝင်အိမ်ကြီးကို ပဲ ရောက်လာခဲ့တယ်ပေါ့။

ဒါဟာ ကျွန်တော်နဲ့ အဘ ဦးအောင်ဖြိုး ဆုံတွေ့ခဲ့ရတဲ့ အကြောင်း အစပါဖဲ။

◆

အဘဦးအောင်ဖြိုးက ဒီတုန်းက ကလေးဖြစ်တဲ့ကျွန်တော့်ကို ထူးဆန်းတဲ့ ပုံပြင်လေးတွေ ပြောပြခဲ့ပါတယ်။

ဘုရားရှိခိုး၊ ပုတီးစိပ်နည်းတွေ လည်း သင်ပြခဲ့တယ်။

"ငါ့မြေးအသက်ရှည်ချင်ရင် ရှင် အရဟံဂါထာကို အမြဲရွတ်ကွယ့်၊ ပုတီး စိပ်ကွယ့်"

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ နာမရုပ် အနိစ္စ ဒုက္ခ အစချီတဲ့ ပုတီးစိပ်နည်း ဖြစ် ပါတယ်။

ဒါကြောင့်ထင်ပါရဲ့။ အဘက အသက်ရှစ်ဆယ်ကျော်တဲ့အထိနေသွား ခဲ့ပါတယ်။

အဘပြောပြသွားခဲ့တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ ကျွန်တော်မှတ်မိနေတဲ့ အကြောင်း နှစ်ခုရှိပါတယ်။

အဘက ငယ်ငယ်က ထူးဆန်းတဲ့ အိပ်မက်မက်ခဲ့တယ်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးကြီး တစ်ဦးက အိပ်မက်ထဲမှာ ပေါ်လာပြီး အဘကို ပြောလာခဲ့တယ်။

'အောင်ဖြိုး၊ မင်းတို့အိမ်ခေါင်းရင်း အလယ်တိုင်နားမှာ ရွှေချိတ်တွေရှိတယ်။ မနက်စောစောထပြီး တူးယူပေတော့။ တစ်ခုတော့ သတိထားရမယ်။ မင်းကို

အဘက အိပ်မောကျနေတဲ့အဖေ နဲ့ အမေကြားကထ မီးဖိုချောင်ကဓားယူ ပြီး အိမ်အောက်ဆင်းခဲ့တယ်။ ခေါင်းရင်း တိုင်နားရောက်တော့ ယူလာတဲ့ဓားနဲ့ တူးတော့တာပေါ့။

လပြည့်ညရဲ့ လရောင်က ထရံ တွေကို ထိုးဖောက်ပြီး အိမ်အောက်မှာ ဖြာကျနေတယ်။

လူတစ်ရပ်စာလွတ်မို့ အိမ်အောက် မှာထိုင်ပြီး အေးအေးဆေးဆေးပဲ တူးနေ ခဲ့တယ်ပေါ့။

'အောင်ဖြိုး၊ အောင်ဖြိုး မင်းဘယ် မှာလဲ။ ခေါ်တုန်းလာနော်၊ မလာရင် ငဆော်ကြီးနဲ့ တွေ့ပြီမှတ်'

ငဆော်ကြီး ဆိုတာက အဘကိုင် တဲ့ကြိမ်တုတ်ကိုပြောတာ ငါ့မြေး။

အဘက အဖေ့ကို အမေ့ထက် ကြောက်တာကွ။ အဖေအသံလည်း ကြားရော အိပ်မက်က မှာထားတာကို မေ့ပြီး -

'ကျွန်တော် အိမ်အောက်မှာ အဖေရေ'

ဆိုပြီး ပြန်ထူးလိုက်မိတယ်။



ဘယ်လူကခေါ်ခေါ် ပြန်မထူးနဲ့ ကြား လား' တဲ့။

အဘက အဖေ၊ အမေတို့ကြားမှာ အိပ်တာကွယ့်။ အဘတို့အိမ်က ဝါးနဲ့ ဆောက်ထားတဲ့ ခြေတံရှည်အိမ် ဖြစ် တယ်။

အဘလည်း အိပ်မက်မယုံလို့ ဒီ တိုင်းပဲနေတယ်ကွယ့်။

'ဟော့ကောင် အောင်ဖြိုး၊ ငါပြော တာ မယုံလို့လား။ ဘဝဟောင်းက မင်း က ငါ့သားဖြစ်ခဲ့လို့ပေးတာကွ။ ပေးတုန်း ယူ၊ နောင်မှနောင်တမရစေနဲ့' တဲ့။

အဘလည်း ညစဉ် ဒီအိပ်မက်ပဲ မက်နေလေတော့ သူပြောသလိုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့ကွာ။

တစ်မနက်မှာပေါ့။

ကွမ်းတစ်ယာညက်ပဲ ကြာမယ် ထင်ပါရဲ့။

လရောင်အောက်မှာ ဝင်းဝင်း လက်လက်အရာတွေပေါ်လာခဲ့တယ်။

သေသေချာချာ မျက်လုံးပွတ်ပြီး ကြည့်လိုက်တော့ ရွှေချိတ်တွေဖြစ်နေ တယ် ငါ့မြေးရဲ့။

အဘလည်း အားရဝမ်းသာဖြစ်ပြီး ဆက်တူးနေလိုက်တာ ရွှေချိတ်တွေဟာ လူတစ်ရပ်စာဖြစ်လာခဲ့တယ်။

အဲဒီမှာပဲ အဖျက်ကဝင်လာခဲ့ တယ်ကွယ့်။

အိပ်ရာထဲမှာ အဘကိုမတွေ့လို့ အမေကစပြီး အော်ခေါ်လိုက်တာ။ အဖေပါ နိုးလာပြီး တစ်အိမ်လုံး ဆူညံ သွားတော့တာပေါ့။

အဘက အဲဒီလိုလည်း ပြန်ပြော လိုက်ရော တူးနေတဲ့ချိတ်က ပြတ်သွား ပြီ၊ အဘလည်း ဖင်ထိုင်လဲတော့တာပဲ ပေါ့။

ထူးဆန်းတာ က အဘရထားတဲ့ ချိတ်တွေက အဘစည်းဖောက်လို့ထင်ပါ ရဲ့။ ရွှေချိတ်တွေကနေ ကြေးချိတ်တွေ ဖြစ်သွားခဲ့တယ် ငါ့မြေး။

အဘ မဆုံးခင်က ကျွန်တော့်ကို တူးရခဲ့တဲ့ ကြေးချိတ်ဆယ်ခုလောက် ပေးခဲ့ပါတယ်။

အခု တစ်ခုမှ ကျွန်တော့်မှာ မရှိ တော့ပါဘူး။ ပျောက်ကုန်တယ်ပေါ့။

အဘပြောပြခဲ့တဲ့ ဒုတိယဖြစ်ရပ် ကလည်း ဆန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဘ မကျီးချောင်းကနေ ကျွန်းကုန်းဘက်ကမ်းကို အမေခိုင်းလို့ လှေကြုံစီးဖို့စောင့်နေခဲ့တယ်။ ဝါးခယ်မမြစ်ကို ကျော်ဖြတ်သွားရမှာမို့ လှေလိုတယ်ပေါ့ ငါ့မြေးရယ်။

အခါတိုင်း ဒီခရီးကလှေဖြတ်လှေဖြတ်ထမရှိခဲ့ဘူး။ တံငါလှေတွေ့တောင် အဆင်ပြေတယ်ကွယ့်။ အဲဒီနေ့က မြစ်လယ်မှာ ရှင်းနေတယ်။ လှေနဲ့တူတဲ့အရာဆိုလို့ ဘာမှကို မတွေ့ခဲ့ရပါဘူး။

'အောင်ဖြိုး ဘယ်မှဝင်မနေနဲ့၊ ဟိုကပေးလိုက်တဲ့ငွေကို သေသေချာချာရေယူ၊ ပျောက်ရင် ငဆော်ကြီးနဲ့ အတွေ့ပဲမှတ်'

အမေက တဖွဖွမှာလိုက်တယ်။

အဖေက တုတ်ကျိန်းကျိန်းတယ်။

လှေတစ်စင်းမှ ရှာမတွေ့တော့ အဘလည်း ဘာလုပ်ရမယ်မသိဖြစ်နေခဲ့တယ်ပေါ့။

အဲဒီမှာပဲ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့လူကြီးတစ်ယောက် အနားရောက်လာတာ တွေ့လိုက်ရတယ်။

'လူလေးဘာရှာနေတာလဲ၊ အဘကို ဟိုဘက်ကမ်းမှာ ကွမ်းယာနဲ့ ဆေးလိပ်ဝယ်ပေးစမ်းပါ' တဲ့။

လှေမတွေ့လို့ စိတ်ညစ်နေရတဲ့ အဘဟာ ဒီလူကြီးစကားကြောင့် ပိုစိတ်ညစ်သွားရတာပေါ့ ငါ့မြေးရယ်။

'ရော့ - ဒီလွယ်အိတ်လွယ်သွား။ အထဲမှာငွေရှိတယ်။ အဘမှာတာလည်းဝယ်၊ မင်းကြိုက်တာလည်းဝယ် ဟုတ်လား'

အဘိုးကြီးက သူလွယ်ထားတဲ့ ယောဂီရောင် လွယ်အိတ်ကြီးကို အဘလှမ်းပေးတယ်။

လွယ်အိတ်က ဘာလုပ်ရမှာလဲ။ တကယ်လိုအပ်နေတာက ဟိုဘက်ကမ်းကူးဖို့လှေလေ။ လှေရှိမှကူးလို့ရမှာပေါ့။

အဘလည်း အဘိုးကြီးပေးတဲ့ လွယ်အိတ်ကိုလွယ်ပြီး ကမ်းနားတစ်လျှောက် လှေလိုက်ရှာခဲ့တယ်။

ဘယ်လှေမှ မတွေ့ပါဘူး ငါ့မြေးရယ်။ နေကလည်းစောင်းစပြုနေပြီ။

အဖေ၊ အမေခိုင်းထားတဲ့ ကြွေးတောင်းကိစ္စလည်း ပျက်ပြီပေါ့။

အဖေ ငဆော်ကြီးနဲ့ ရိုက်လည်းခံလိုက်ရုံပေါ့။ ခက်တာက လွယ်အိတ်ကြီးနဲ့ အဘိုးကြီးကိစ္စပါပဲ။ လှေရှိရင် ကွမ်းယာ၊ ဆေးလိပ် ဝယ်ဖို့ဝန်မလေးပါဘူး။

ဇရီးသင့်နေတာပဲလေ၊ ဝယ်ပေးမယ်ပေါ့။

အဘလည်း မတတ်သာလေတော့ အဘိုးကြီးဆီ လျှောက်သွားပြီး သူ့လွယ်အိတ်ကို ပြန်ပေးလိုက်ရတယ်။

'ကျွန်တော်လည်း ကျွန်းကုန်းသွားကြွေးတောင်းမလို့ အဘရေ၊ ဒီနေ့ကျမှ လှေကလည်း တစ်စီးမှ ရှာမတွေ့ဘူး။ ရွာပဲပြန်တော့မယ်'

အဘကအဲဒီလိုပြောတော့ အဘိုးကြီးက အဘကိုကြည့်ပြီးရယ်နေတယ်။

ထူးထူးဆန်းဆန်းစကားကိုလည်း ပြောတယ်ကွယ့် ငါ့မြေးရဲ့။

'ထိုက်သူမှ စံရတယ်ကွယ့်။ ဟောဒီမှာကြည့်၊ ဒါရှိရင် ကူးလို့ရတယ်။ ဝယ်လို့လည်းရတယ်'

အဘိုးကြီးက လွယ်အိတ်ကြီးကို ပုတ်ပြပြီး အဘရှေ့တင် မြစ်ပြင်ကို ကုန်းပြင်အမှတ်နဲ့ ဖြတ်ကူးသွားခဲ့တယ်။ ရုပ်ရှင်ပြနေသလိုပါပဲ။

အဘလည်း အံ့သြလွန်းလို့ ငေးကြည့်ပြီး ကျန်ရစ်ခဲ့တယ်ပေါ့။

ကျွန်တော်ကို ပြောပြခဲ့တဲ့ အဘရဲ့ဖြစ်ရပ်ဆန်းကြယ်တာ ဒါပါပဲ။

အဘက အသက်ရှစ်ဆယ်ကျော်အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတော့တယ်။

အဘမှာ စစ်စစ်ပေါက်ပေါက် သမီးတစ်ယောက်ကျန်နေခဲ့ပါတယ်။

အမည်က အမေအုန်းတဲ့။

ပြည်မြို့မှာ ဒီနေ့အထိရှိနေပါသေးတယ်။

အသက် (၉၀) နားကပ်နေပါပြီ။

သားဖြစ်သူက နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေပါတယ်။

အမေအုန်းမောင်အကြီး ဦးမောင်စံ။

အမေအုန်းမောင်ငယ် ဦးမြအေး။

နှစ်ယောက်စလုံးမရှိတော့ပါဘူး။

ဦးမြအေးမကွယ်လွန်ခင်က အဘဦးအောင်ဖြိုးအဖေ ဦးနီတာအကြောင်း ကျွန်တော့်ကို ပြောသွားခဲ့ပါတယ်။

ဂမ္ဘီရဆန်တဲ့ဖြစ်ရပ်တစ်ခုပါပဲ။

အလျဉ်းသင့်ရင် မကျီးချောင်း ဇာတ်လမ်းတွဲလေးကို ရေးပြပါဦးမယ်။

*အဘဦးအောင်ဖြိုးအမှတ်တရ*
*လေးစားစွာဖြင့်*

ကျော်မိုးထွင် (ဝါးခယ်မ)

# မျက်စိနာကျင် ကိုက်ခဲလျှင်

အလင်းစူးစူးများ၊ အကြည့်များခြင်း၊ စာကြည့်၊ စာဖတ်၊ စာရေးများခြင်း၊ တီဗွီ၊ ဗွီဒီယိုအကြည့်လွန်ခြင်း၊ အညောင်းထိုင်များခြင်း၊ နေပူထဲသို့အသွားအလာလွန်ကဲခြင်းတို့ကြောင့် မျက်စိစူးသည့်အဆင့်မရောက်မှ မျက်စိနာကျင်ကျိန်းစပ်ခြင်း၊ မျက်စိ၊ မျက်ရိုးကိုက်ခဲခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ မျက်ချေးပိတ်၊ မျက်တောင် (အထက်နှင့် အောက်) ကပ်ခြင်းများ ဖြစ်ပေါ်ခံစားခဲ့ဖူးပါသည်။

ထိုသို့ မျက်စိကျိန်း၊ မျက်စိနာကျင်ကိုက်ခဲခြင်းအတွက် ဖန်ခါးသီးအစိသည် အလွန်ပင် အစွမ်းထက်သောဆေးဖက်ဝင်ပစ္စည်း ဖြစ်ပါသည်။ 'ဆီးဖြူ၊ ဖန်ခါး ရဟန်းစား' ဟု စာဆိုရှိပါသည်။ ဖန်းခါးသီးအစိများကို နွားကျင်ငယ်ရည်နှင့်စိမ်ထားပြီး တစ်နေ့ နှစ်လုံး၊ သုံးလုံး မှန်မှန်စားလျှင် ရောဂါကင်း၍ အသက်တစ်ရာ့နှစ်ဆယ်ရှည်ခြင်းအကျိုး ရနိုင်သည်ဟု ဆေးကျမ်းများတွင်ဆိုပါသည်။ မျက်စိနာကျင်ကိုက်ခဲခြင်းအတွက်ဆိုလျှင် -

ဖန်ခါးသီးအစို လက်လတ်ဆတ်ဆတ် ဆယ်လုံးခန့်ကို ထုခြေပြီး ရေတစ်ဖလားတွင် တစ်ညသိပ်စိမ်ထားပါ။ နောက်နေ့မနက်တွင် ဖန်ခါးသီးစိမ်ရည်ကို ရေစစ်ဖြင့် စစ်ယူပြီး ထိုရေတွင် မျက်စိကို ဖွင့်လိုက်၊ ပိတ်လိုက် လေး၊ ငါးကြိမ်ဆေးပေးပါ။ ချက်ချင်းသက်သာပျောက်ကင်းပြီး အမြင်ကြည်လင်ကာ ကြည့်ကောင်းလာပါမည်။ မျက်စိအေးမြကြည်လင်လျက် မျက်စိစူးခြင်း၊ မှုန်သီဝေဝါးကြည့်မကောင်းခြင်းပါ ပျောက်ကင်းသွားစေပါသည်။

စာရေးသူကိုယ်တိုင် အကြိမ်ကြိမ်အသုံးပြုဖူးခဲ့ပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမှုမရှိဘဲ အဆင်ပြေ အသုံးတည့်သဖြင့် စာရေးသူကဲ့သို့ စာရေး၊ စာဖတ်များသူများကို လိုလျှင် သုံးနိုင်ကြစေရန် တင်ပြ ရေးသားအပ်သည် ခင်ဗျား။

နတ်မောက်မင်းသန့်ဇင်




www.burmeseclassic.com

www.burmeseclassic.com

ဆရာစော(အင်းတစ်ထောင်) ၆

# အင်းကောင်းတစ်ကွက်နှင့် စကြာအင်းများ




သည့်တစ်ပတ်-

အင်းပညာရပ်နယ်ပယ်ထဲ စတင်ခြေချကြမည့် လူသစ်များအတွက် အမှန်တကယ်သိရှိရန် လိုအပ်ပြီး ပညာရှင်များအဖွက်လည်း တစ်ထောင့်တစ်နေရာမှနေ အထောက်အကူပြုပေးမည့် အင်းသွားများကို အလျင်ဆုံး ဖော်ပြပြီး စကြာအင်းများဆီသို့ ဆက်လက်သွားပါမည်။

## (က) အခြေခံအင်းသွားများ

မြန်မာ့အင်းပညာရပ်၌ အခြေခံအင်းသွား (၃) မျိုးသာ ရှိသည်။ ထို (၃) မျိုးစလုံးသည် မြန်မာ့စစ်တုရင်ပညာမှ အခေါ်အဝေါ်များအတိုင်း ဖြစ်ပါသည်။ ၎င်းတို့မှာ ဗိုလ်သွား၊ ရထားသွားနှင့် မြင်းသွားတို့ ဖြစ်ကြ၏။

(ပုံ-၁) အခြေခံအင်းသွား(၃)မျိုး



ပုံ (၁)။ ။ ဗဟိုမှနေ၍ အရပ်(၈) မျက်နှာသို့ ဗိုလ်သွား၊ ရထားသွားနှင့် မြင်းသွားတို့ကို ပြထားပါသည်။

ဗိုလ်သွားဖြင့် (၈) ကွက်၊ ရထားသွားဖြင့် (၈) ကွက်၊ မြင်းသွားဖြင့် (၈) ကွက်အညီအမျှရှိကြပြီး ဤ (၃) မျိုးဖြင့် ပဆစ်ကွက်အားလုံး ပြည့်သွားအောင် သွားနိုင်ကြောင်းကို လည်းကောင်း၊ အခြေခံအင်းသွား (၃)မျိုးသာရှိကြောင်း ပေါ်လွင်စေရန်လည်းကောင်း ဤသရုပ်ပြပုံဖြင့် ပြလိုက်ခြင်း ဖြစ်ပါသည်။ ထိုအသွား (၃) မျိုးတွင် တစ်မျိုးသာလျှင် ရှင်သန်ခြင်းဂုဏ်သတ္တိရှိပါသည်။

### ရှင်သန်ခြင်းဂုဏ်သတ္တိမရှိသော ဗိုလ်သွားနှင့် ရထားသွား

ဗိုလ်သွားခေါ် စစ်ကဲသွားသည် ထောင့်တန်းသွားပြီး ရထားသွားသည် အလျားလိုက်သွားသည်။ ဗိုလ်သွားနှင့် ရထားသွားနှစ်မျိုးစလုံးသည် ဦးတည်ဘက် တစ်ဖက်တည်းသို့သာသွားကြ၏။ ကွေ့လည်းမကွေ့၊ နောက်လည်းပြန်မဆုတ်ကြပါ။ ထို့ကြောင့် မူလအစနေရာသို့ ပြန်ဝင်နိုင်ခြင်းမရှိ (ဝါ) တစ်ပတ်လည်နိုင်ခြင်း မရှိ။ ဤအချက်သည် အရေးကြီးပါသည်။ ဤအသွားများသည် တစ်ပတ်လည်နိုင်ခြင်းဂုဏ်သတ္တိများမရှိသောကြောင့် ရှင်သန်ခြင်းဂုဏ်သတ္တိများ မရှိကြပါ။

### ရှင်သန်ခြင်းဂုဏ်သတ္တိရှိသောမြင်းသွား

မြင်းသွားသည် အလျားလိုက်တစ်ကွက်ကျော်၍ဘေးဘယ်၊ညာကွက်များသို့သွားပါသည်။ အလျားလိုက်သီးသီး သို့မဟုတ် ထောင့်တန်းသီးသီး သို့မဟုတ် ဦးတည်ဘက်တစ်ခုတည်းသီးသီး မည်သည့်အခါမျှ မသွားပါ။ ထို့ကြောင့်ပင်လျှင် မူလအစနေရာသို့ ပြန်လည် ဝင်ရောက်နိုင်သောဂုဏ်သတ္တိရှိ၏။ ထို့ကြောင့် ရှင်သန်ခြင်းဂုဏ်သတ္တိကို ဤအသွားမှသာရနိုင်ပါသည်။ မူလအစနေရာသို့ ပြန်လည်ဝင်ရောက်သော မြင်းသွားကို မြင်းသေမြင်းကိုက်ဟု ခေါ်ကြပါသည်။


## (ခ) ပြုပြင်ဆင့်ပွား အင်းသွားများ

မူလအခြေခံအင်းသွား(၃)မျိုးကို အခြေခံလျက် ရှင်သန်ခြင်းဂုဏ်သတ္တိရှိသောအင်းသွားများကို ကြံဆကြရာမှ ဆင့်ပွားအင်းသွားများပေါ် ပေါက်လာပါသည်။ တချို့မှာ မူလအခြေခံအင်းသွား (၃) မျိုးကို ပြုပြင်ပေါင်းစပ်ထားကြပြီး အချို့မှာ အင်းသွားအသစ်များ ဖြစ်ကြသည်။


### ၁။ ခရုပတ်အင်းသွား

ရထားသွားကို ပြုပြင်ထားခြင်း ဖြစ်ပါသည်။

(က)



(ခ)



(ပုံ-၂) ခရုပတ်

ရထားသွားသည် ဝဲမှယာ သို့မဟုတ် အထက်မှအောက် ဦးတည်ဘက်တစ်ဖက်တည်းသာသွားကြောင်း၊ လမ်းဆုံးလျှင် ရပ်ပြီး မကွေ့ကြောင်း၊ ထို့ကြောင့် မူလအစသို့ မည်သည့်အခါမျှ ပြန်မဝင်နိုင်ကြောင်း စသည့် အားနည်းချက်များကြောင့် ရှင်သန်ခြင်းမရှိကြောင်းကို တွေ့ရ၏။ ထိုအားနည်းချက်များကို ဖြည့်စွမ်းရန် ခရုပတ်အသွားကို ဖော်ထုတ်လာကြ၏။

ပုံ (၂)။ ။ ခရုပတ်သွား၏ ဂုဏ်သတ္တိမှာ လမ်းကြောင်းဆုံးလျှင် ကွေ့၏။ သွား၍မရမှသာ ရပ်၏။

(က) ၌ တစ်ပတ်လည်နိုင်ခြင်းမရှိ။ ထို့ကြောင့် ရှင်သန်ခြင်းမရှိ။

(ခ) ၌ တစ်ပတ်လည်၏။ ထို့ကြောင့် ရှင်သန်ခြင်းရှိ၏။

ခရုပတ်အသွား၌ (၄) ကွက်စတုရန်းအင်းသာလျှင် ရှင်သန်ခြင်းရှိ၏ဟု တွေ့ရမည်။ ထို့ပြင် (က) ၌ မှန်ထောင်ပုံရိပ်များ မတူကြ။ (၉၀) ဒီဂရီလှည့် အကြိမ်တိုင်း၌ ပုံပျက်၏။ (ခ) ၌မူ မှန်ထောင်ပုံရိပ်(၂)ခုတို့ တူကြသည့်အပြင် မူလအသွားနှင့်လည်း တူ၏။ (မြားခေါင်းများကို ထည့်မကြည့်ရ။) (၉၀) ဒီဂရီ ဘယ်နှကြိမ်လှည့်လှည့် ပုံမပျက်။ ထို့



www.burmeseclassic.com


www.burmeseclassic.com

လျှင် ဂုဏ်အရည်အချင်းများ ကွာခြားကြ၏။

### ၂။ ဝါကြိုတ်လိမ်အင်းသွား

ဗိုလ်သွားနှင့်ရထားသွားကို ပေါင်းစပ်ထားသောအသွား ဖြစ်ပါသည်။

(ပုံ-၃) ဝါကြိုတ်လိမ်




ပုံ (၃) ။ ။ ပုံကိုကြည့်ရုံဖြင့် နှစ်ချိုးညီကြောင်းမြင်ရမည်။ ထို့ကြောင့် စကြာအသွားရှိနေ၏။ အဆုံးမှ အစသို့ တစ်ပတ်လည်ပြီး ရှင်သန်ခြင်းဂုဏ်သတ္တိရှိ၏။ ဤဝါကြိုတ်လိမ်သွားသည် လေးကွက်စတုရန်းအင်းများ၌သာရှိ၏။ လက်ဝဲရစ် (၂) ကြိမ်နှင့် လက်ယာရစ် (၂) ကြိမ် အားမျှနေသဖြင့် အုပ်စုဖွဲ့အင်းများဖြင့်သာ လက်ယာရစ်များ ဖော်ဆောင်ရန် အသုံးပြုကြရပါသည်။ ဤဝါကြိုတ်လိမ်အသွားသည်လည်း မှန်ထောင်ခြင်းဖြင့် ပုံမပျက်ပါ။ (၉၀) ဒီဂရီ နှစ်ကြိမ်လှည့်လျှင် မူလပုံပြန်ရပြီးပုံမပျက်ပါ။

### ၃။ စမ္ဗာနဝအင်းသွား

ကိုးကွက်စတုရန်းအင်းများ၌ မြင်းသွားဖြင့် ကုန်စင်အောင် မသွားနိုင်ပါ။ ပဆစ်ကွက်ကိုးကွက်စလုံး၌ . အင်းဆန်ကိုးလုံး အတိအကျ ဖြည့်သွင်းလိုရာမှ ကြံဆကြပြီး ဤအသွားဖြစ်ပေါ်လာပါသည်။ မြင်းသွား၊ ရထားသွားနှင့် ဗိုလ်သွားတို့ ပေါင်းစပ် ဖွဲ့စည်းထားပါသည်။

(ပုံ-၄) စမ္ဗာနဝ





ပုံ (၄)။ ။ ပုံကိုကြည့်ရုံဖြင့် နှစ်ချိုးညီကြောင်း တွေ့ရမည်။ ထို့ကြောင့် စကြာအသွားရှိနေ၏။ လက်ယာရစ်များနှင့် လက်ဝဲရစ်များ အားမျှနေသဖြင့် အုပ်စုဖွဲ့အင်းများအဖြစ်သာ သုံးကြ၏။ ဤစမ္ဗာနဝအင်းအသွား၌ အဆုံးအင်းဆန်(၉)နှင့် အစအင်းဆန်(၁)တို့ ဆက်သွယ်သောအသွားတစ်ခု ရှိ၏။ တစ်ကွက်ကျော် ခြသေ့်သွား ဖြစ်၏။ ဤအသွားကို နောက်ဖော်ပြမည့် ဗီလာပုတ်အင်းသွား၌လည်း တွေ့ရပါမည်။ (၉) သည် (၁) သို့ တစ်ပတ် ပြန်လည်ပါသည်။ ထို့ကြောင့် ရှင်သန်ခြင်း ရှိပါသည်။ စမ္ဗာနဝအင်းသွားသည်လည်း မှန်ထောင်ပုံရိပ် (၂) ခု တူကြပြီး (၉၀) ဒီဂရီ နှစ်ကြိမ်လှည့်လျှင် မူလပုံပြန်ရပါသည်။

### ၄။ ဗီလာပုတ်အင်းသွား

ဗီလာပုတ်အင်းသွားသည် စမ္ဗာနဝအင်းသွားထက် စောသည်ဟု ယူဆရပါသည်။ ဗီလာပုတ်အင်း၌ အင်းကောင်းတစ်ကွက်၏ဂုဏ်အင်္ဂါရပ်များ တစ်ခုမျှ မတွေ့ရပါ။ ထို့ကြောင့်လည်း စမ္ဗာနဝအင်းများ ကြံဆ ပေါ်ပေါက်လာသည်ဟု ယူဆရခြင်း ဖြစ်ပါသည်။

(ပုံ-၅) ဗီလာပုတ်




ပုံ (၅) ။ ။ ရထားသွား၊ မြင်းသွား၊ ဗိုလ်သွားနှင့် ခြသေ့်သွားများ ပေါင်းစပ်ထားပါသည်။ (၄ မှ ၅ သို့) နှင့် (၇ မှ ၈ သို့) တို့သည် တစ်ကွက်ကျော် ခြသေ့်သွားများ ဖြစ်ကြ၏။ တစ်ပတ်မလည် ရှင်သန်ခြင်းမရှိ။

အချိုးမညီ၊ စကြာသွားမရှိ။


မှန်ထောင်လည်းမခံ၊ (၉၀) ဒီဂရီ အလှည့်လည်း မခံပါ။

ဤအင်းမျိုးကား သုံးရန်မဟုတ်၊ ရှိကြောင်းသိရုံမျှသာ။

### ၅။ ပိုက်တန်းကျော်အင်းသွား

(၂၅) စတုရန်းအင်းများ၌ မြင်းသွားဖြင့် မြင်းသေမြင်းကိုက် မရနိုင်သောကြောင့် ကြံဆရာမှ ပိုက်ကျော်တန်းအင်းများ ပေါ်ပေါက်လာသည်ဟု သုံးသပ်မိပါသည်။ အဘဖားမဲ့ဆရာတော်၏ ဖားမဲ့လက်တွေ့ကျမ်း ဒုတိယအတွဲနှင့် တတိယအတွဲတို့တွင် ဤအင်းများ တော်တော်များများ ပါရှိသည်။ လောကီအသုံးများလှ၏။

(ပုံ-၆) ပိုက်တန်းကျော်





ပုံ (၆)။ ။ က၊ ဃ၊ ဏ၊ ငု နေရာများမှာ အင်းဆန်များ စတင်သွင်းရပါသည်။ အစ (၄) နေရာရှိပြီး လမ်းကြောင်း (၄) ခု ဖြစ်ပေါ်လာ၏။ ပုံတွင် ကမှ စ,သော လမ်းကြောင်းနှင့် ဏမှ စ,သောလမ်းကြောင်းနှစ်ကြောင်းကိုသာ ဖော်ပြထားပါသည်။ စုစုပေါင်း လမ်းကြောင်း (၄) ကြောင်းရှိကြပြီး လမ်းကြောင်းအားလုံးသည် အသွားများတူကြ၏။ ထို့ကြောင့် (၄)ချိုးညီပြီး စကြာအသွားရှိ၏။ မှန်ထောင်ခံ၏။ (၉၀)ဒီဂရီ အလှည့်ခံ၏။ အားလုံး လက်ယာရစ်များဖြစ်၏။ ဥပါဒ်၊ ဌီ၊ ဘင် သက်တမ်းလေးခုစာသက်တမ်းရှိ၏။တစ်ပွဲတိုးအင်းအဖြစ် အသုံးပြုပြီး စွမ်းအားထက်၏။ ဗဟိုမှ လမ်းကြောင်းတစ်ခုစီ၏အဆုံးသို့ မြင်းသွားဖြစ်နေ၏။ ဤမြင်းသွားမျိုးကို မြင်းလှန်ဟု ဖားမဲ့လက်တွေ့ကျမ်း၌ အမည်ပေးထားပါသည်။

### ၆။ မှန်ထောင်အင်းသွား

ရှေးက အင်းများ၌ မတွေ့ရပါ။ နှောင်းပညာရှင်များ ဖော်ထုတ်ကြံဆမှုတစ်ခု ဖြစ်ပါသည်။ မူလ ပဆစ်ကွက်နှင့် မှန်ထဲမှာ မြင်ရသည့် ပဆစ်ကွက်များ၌ တစ်လှည့်စီ အလှည့်ကျ အင်းဆန်ရေးသွင်းနည်း ဖြစ်ပါသည်။

(ပုံ-၇) မှန်ထောင်






www.burmeseclassic.com

www.burmeseclassic.com

ပုံ (၇) ။ ။ မဏ္ဍိုင်၏ဘယ်၊ ညာ တစ်ဖက်စီ၌ အလှည့်ကျ အင်းဆန်များ ရေးသွင်းထားပါသည်။ မှန်ထောင်အသွားဟု ခေါ်ပါသည်။

ဤမှန်ထောင်အသွား၌ အတွင်း မှန်ထောင်ခြင်း 'အား' တစ်ခုသာ ရှိ၏။

အပြင်မှန်ထောင်မရ။

(၉၀) ဒီဂရီအလှည့်မခံ။

ရှင်သန်ခြင်းမရှိ။

စကြာအသွားမရှိ။

အလွန် အားနည်းသောကြောင့် မဏ္ဍိုင် (၄) ခုရှိ စကြာအင်းများနှင့်တွဲ၍ သုံးရပါသည်။ (ဥပမာ၀ ရတနာဒီပံမီးထွန်းအင်းများ)

မှန်ထောင်ခြင်းသည် ပွားများခြင်းကို ဖြစ်စေ၏။ 'မှန်ထောင်တတ်လျှင်' စွမ်းအားများကို ဆတက်ထမ်းပိုး တိုးစေပါသည်။

စာဖတ်သူများသို့ မြန်မာ့အင်းပညာရှိ မူလအခြေခံအင်းသွားများနှင့် ပြုပြင်ဆင့်ပွား အင်းသွားများအလုံးစုံကို ကျွန်ုပ်သိသမျှဖော်ပြလိုက်ပါသည်။ ကျန်နေသေးလျှင် ကျွန်ုပ်၏လေ့လာမှု အားနည်းခြင်းကြောင့် ဖြစ်ပါမည်။ ဂျူန်ပုတ်သင်ကိုက်အင်းတို့၊ မိတ်ဂြိုဟ်တက်အင်းတို့မှာ အင်းသွားများကြောင့် ရလာသော အမည်များ မဟုတ်ကြပါ။ ထို့ကြောင့် ချန်လှပ်ခဲ့ပါသည်။

ယခုဆောင်းပါးတွင် ဖော်ပြထားသော အင်းသွားများနှင့် ယခင် ဆောင်းပါးတွင် ဖော်ပြခဲ့သော အခြေခံအသိပညာများ၊ အခြေခံယူဆချက်များသည် ဆက်လက်သွားမည့် စကြာအင်းများဆီသို့ ချီတက်ရမည့်ခြေလှမ်းများ ဖြစ်ကြပါသည်။

အချိုးညီသော အသွားများ၌ စကြာအသွားလည်းရှိနေပြီဖြစ်ကြောင်း ရှေ့တွင် ခဏခဏဖော်ပြခဲ့ပါသည်။ သာမန်အသွားများကို ဖော်ထုတ်ရခြင်းထက် နှစ်ချိုးညီအသွားများရအောင် ဖော်ထုတ်ရခြင်း၊ တည်ဆောက်ရခြင်းက အခဆများစွာ ပို၍ခက်၏။ ထို့ထက် ပို၍ လေးချိုးညီအောင်၊ ထို့ထက်ပို၍ သုညညီအောင် ဖော်ထုတ်တည်ဆောက်ရခြင်းမှာ အဆပေါင်း အဆပေါင်း များစွာသာလွန်၍ခက်ခဲပါသည်။ မိမိကိုယ်တိုင် ထိုအချိုးညီအသွားများကို ရအောင် တည်ဆောက်ကြည့်ပါက သိပါလိမ့်မည်။

အင်းများ၌ အချိုးညီခြင်းဆိုသော 'အရာ' သည် တည်ရှိနေမှန်း စကြာအသွားများကို မဖော်ထုတ်နိုင်မီ နှစ်ပေါင်း (၂၀) ကျော်ကပင် သိထားပြီး ဖြစ်၏။ သို့သော် စကြာအသွားဟု အမည်မတပ်တတ်သေး။ ထူးခြားမှုရှိနေမှန်းလည်းသိ၏။ မပြောပြတတ်ခဲ့ပါ။

ခရုပတ်-လေးကွက်စတုရန်းအင်းများ၊ ဝါကြိတ်လိမ်-လေးကွက်စတုရန်းအင်းများ၊ သရဏဂုံ-ကိုးကွက်စတုရန်းအင်းများနှင့် ခာတ်ကြီးလေးပါး-ဆယ့်နှစ်ကွက် နန်းချိုးအင်းများ၌ လေးချိုးညီခြင်းများ၊ သုညညီခြင်းများကိုလည်း သိထားပါ၏။ သို့သော် စကြာအသွားမှန်း၊ စကြာအင်းများမှန်း မသိသေး။

အဘဗားမဲ့ဆရာတော်၏ ဗားမဲ့လက်တွေ့ကျမ်းရှိ သဗ္ဗဘိဘူအင်းတော်ကသာ ကျွန်ုပ်အား နှစ်ချိုးညီခြင်းများသည် အင်းတိုင်း၌ရှိကိုရှိရမည် ဟူသော ခံယူချက်ကို ပြတ်ပြတ်သားသားဖြစ်စေရုံမျှသာမက စကြာပုံဆောင်ခြင်းကိုလည်း တွေ့မြင်စေခဲ့ပါသည်။ ထို့ပြင် စကြာအသွား ဆိုသည်ကို သိမြင်စေနိုင်သောဉာဏ်အားကိုလည်း ရရှိစေခဲ့ပါသည်။

ယခု စာဖတ်သူတို့အား လက်ဆင့်ကမ်းဖြန့်ဝေပေးနေသော အသိအမြင်များသည် ဗားမဲ့ဆရာတော်၏ ထိုသဗ္ဗဘိဘူအင်းမြတ်၏ကျေးဇူးကြောင့် ရလာသော အသိအမြင်များ ဖြစ်ပါသည်။

(အင်းကောင်းတစ်ကွက်နှင့်စကြာအသွား-၃ ၌ ထိုအင်းကို ဖော်ပြပေးခဲ့ပြီးပါပြီ။)

**စကြာအင်းများ**

စကြာအသွားရှိနေသောအင်းများကို စကြာအင်းဟု ခေါ်ပါသည်။

စွမ်းအားတူကြသော ပဆစ်ကွက်များ၌ စွမ်းအားတူကြသော အင်းဆန်များကို အလှည့်မှန် နေရာမှန် ရေးသွင်းခြင်းဖြင့် ရလာသောအသွားကို စကြာအသွားဟု ခေါ်ပါသည်။

**စွမ်းအားတူကြသော ပဆစ်ကွက်များ (နေရာပြစက်များ)**

ဗဟိုမှ တူညီစွာ ကွာဝေးနေကြသော ပဆစ်ကွက်များသည် စွမ်းအားတူကြသည်။ (အခြေခံအယူအဆမှ)။ ထိုမှတစ်ဆင့် ဗဟိုကိုဖြတ်လျက် မျက်နှာချင်းဆိုင်အကွာအဝေးတူနေကြသော ပဆစ်ကွက်များသည် စွမ်းအားတူအတွဲများဖြစ်ကြသည် ဆိုသည်ကား တစ်ဆင့်တိုးပြီး မှတ်ယူပါ။

(ပုံ-၈) နေရာပြစက်များ

| | | |
|---|---|---|
| က | A | ခ |
| D | | B |
| ဃ | C | ဂ |

ပုံ (၈)။ ။ A,B,C,D ပဆစ်ကွက်များသည် စွမ်းအားတူ ပဆစ်ကွက်များ (စက်များ) ဖြစ်ကြပြီး A နှင့် C၊ B နှင့် D တို့သည် စွမ်းအားတူအတွဲများ (စက်အတွဲများ) ဖြစ်ကြပါသည်။ က၊ ခ၊ ဂ၊ ဃ ပဆစ်ကွက်များသည် စွမ်းအားတူ ပဆစ်ကွက်များ (စက်များ) ဖြစ်ကြပြီး က နှင့် ဂ၊ ခ နှင့် ဃ တို့သည် စွမ်းအားတူအတွဲများ (စက်အတွဲများ) ဖြစ်ကြပါသည်။ ဗဟိုပဆစ်ကွက်၌ စက်အတွဲမရှိပါ။ ထို့ကြောင့် စက်အတွဲ (၄) တွဲ ရပါသည်။ ဤအဆင့်အထိမှာ စွမ်းအားတူရာ ပဆစ်ကွက်များကိုတွဲတာ ဖြစ်ပါ၏။ ထိုအတွဲများကို ခဏမှတ်ထားပါဦး။

**စွမ်းအားတူကြသော အင်းဆန်များ (အင်းဆန်ပြစက်များ)**

အလှည့်မှန်၊ စည်းဝါးမှန် အကွာအဝေးများရှိနေကြသောအင်းဆန်များသည် စွမ်းအားတူအင်းဆန်များ (စက်များ) ဖြစ်ကြပါသည်။ ထိုစွမ်းအားတူ အင်းဆန်များထဲ၌ ထပ်မံပြီး စွမ်းအားအတူများကို ရှာယူရပါသည်။

◆ အင်းဆန်က 'ဗု ဒ္ဓ သ ရ ဏံ ဂ စ္ဆာ မိ' ဖြစ်သည် ဆိုပါစို့။ အင်းဆန် (၈) လုံး ပါရှိသည်။

◆ နှစ်ချိုးညီခြင်းကို ဖော်ထုတ်ရန်အတွက် ထို (၈) လုံးကို ထက်ဝက်စီခွဲပါမည်။

◆ ထိုအခါ ဗု၊ ဒ္ဓ၊ သ၊ ရ လေးလုံးသည် အုပ်စုတစ်ခုဖြစ်လာပြီး ဏံ၊ ဂ၊ စ္ဆာ၊ မိ လေးလုံးက တစ်အုပ်စုဖြစ်လာသည်။

◆ ထိုအုပ်စုနှစ်ခုမှ ပထမ-ပထမချင်း၊ ဒုတိယ-ဒုတိယချင်း စသည်ဖြင့် အလှည့်တူရာများကို အစဉ်အတိုင်းတွဲယူရပါမည်။

ထိုအခါ -

ဗုနှင့်ဏံ၊ ဒ္ဓနှင့်ဂ၊ သနှင့်စ္ဆာ၊ ရနှင့်မိ ဟူ၍ အင်းဆန်အတွဲ (၄) တွဲ ရလာပါသည်။ အချိုးညီ စွမ်းအားတူ အင်းဆန်



www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်၏။

ထိုအဆင့်လေးဆင့်ကို အောက်ပါ ဇယားဖြင့် အနှစ်ချုပ် ဖော်ပြပါမည်။ အဆင့်များကို ခဏခဏ ပြန်လည် ရေးသား ဖော်ပြနေရလျှင် စာမျက်နှာလည်း ကုန်ပြီး လက်လည်းဝင်လှပါသည်။ ထိုအဆင့်လေးဆင့်နှင့်အတူ ဇယားကို လေ့လာလျှင် တစ်ခေါက်တည်းနှင့် နားလည်နိုင်ပါသည်။ စက်တွဲဇယားဖြစ်ပါ၏။

**စက်တွဲနယား**

| ဗု | ဒွိ | သ | ရ | ) ထက်ဝက်စီ |
|---|---|---|---|---|
| ဏံ | ဂ | စ္ဆာ | မိ | ) ခွဲတာ |
| ↓ | ↓ | ↓ | ↓ | |

အထက်တစ်လုံး အောက်တစ်လုံးတွဲမှာ


**စကြာအသွားဖော်ခြင်း**

စွမ်းအားတူကြသော ပဆစ်ကွက် အတွဲများလည်း သိနေပြီ။

စွမ်းအားတူကြသော အင်းဆန် အတွဲများလည်း သိထားပြီ။ ထို့ကြောင့် စွမ်းအားတူကြသော အင်းဆန်အတွဲများကို စွမ်းအားတူသော လိုက်ဖက်ပဆစ်ကွက်များ၌ ထည့်သွင်းရုံသာ ရှိတော့၏။ ဇယားမှအတွဲများကို ပြန်ကြည့်ပါ။ ထို့နောက် ပုံ (၈) တွင် ပြထားသော နေရာပြစက်များ၌ နေရာချပါ။

**ပထမအတွဲ (ဗု နှင့် ဏံ)**

(ပုံ-၉)





ပုံ (၉)။ ။ အင်းဆန် 'ဗု' သည် ပဆစ်ကွက် (က) နေရာမှာရှိလျှင် အင်းဆန် 'ဏံ' သည် ပဆစ်ကွက် (ဂ)နေရာ၌ ရှိရမည်။

*(အခြားနေရာ၌ မရပါ။ စွမ်းအားတူသော အင်းဆန်များကို စွမ်းအားတူသော ပဆစ်ကွက်များ၌ နေရာချခြင်း ဖြစ်ပါသည်။)*

**ဒုတိယအတွဲ (ဒွိ နှင့် ဂ)**


(ပုံ-၁၀)




ပုံ (၁၀) ။ ။ အင်းဆန် 'ဒွိ' သည် ပဆစ်ကွက် (B) နေရာမှာရှိလျှင် အင်းဆန် (ဂ) သည် ပဆစ်ကွက် (D) နေရာ၌ ရှိရမည်။ (အခြားနေရာ၌မရ။)

**တတိယအတွဲ (သ နှင့် စ္ဆာ)**


(ပုံ-၁၁)




ပုံ (၁၁)။ ။ အင်းဆန် 'သ' သည် ပဆစ်ကွက် (ဃ) နေရာ၌ရှိလျှင် အင်းဆန် 'စ္ဆာ' သည် ပဆစ်ကွက် (ခ)နေရာ၌ ရှိရမည်။ (အခြားနေရာ၌မရ။)

**စတုတ္ထအတွဲ (ရ နှင့် မိ)**

(ပုံ-၁၂)




ပုံ (၁၂)။ ။ အင်းဆန် (ရ) သည် ပဆစ်ကွက် (A) နေရာ၌ရှိလျှင် အင်းဆန် 'မိ' သည် ပဆစ်ကွက် (C) နေရာ၌ရှိရမည်။ (အခြားနေရာ၌မရ။)

ဤကဲ့သို့ စွမ်းအားတူရာ အင်းဆန်များကို စွမ်းအားတူရာ ပဆစ်ကွက်များ၌ အလှည့်မှန်စည်းဝါးမှန်ရေးသွင်းခြင်းဖြင့် စကြာအသွားကို ဖော်ဆောင်ပြီးသောအခါ၌ ပုံတွင် တွေ့မြင်ရသည့်အတိုင်း မဏ္ဍိုင်(၄)ခု၊ အရွက်(၈)ရွက်ပါသော ရှစ်ကွက်စကြာကို တွေ့မြင်နိုင်ပါသည်။

ဤကဲ့သို့ စကြာအသွားများပါရှိနေသောအင်းများကို စကြာအင်းများဟု ခေါ်ပါသည်။

ပုံ (၉)၊ (၁၀)၊ (၁၁)၊ (၁၂) တို့ဖြင့် ဖော်ပြခဲ့သော အဆင့်များသည် စကြာအသွားကို မြင်သာစေရန် ဖော်ပြခြင်းသာဖြစ်ပြီး အင်းဆန်ရေးသွင်းရမည့်အစီအစဉ် မဟုတ်ပါ။ 'ဗု - ဏံ - ဒွိ - ဂ - သ - စ္ဆာ - ရ - မိ' မဟုတ်ပါ။ 'ဗု - ဒွိ - သ - ရ - ဏံ - ဂ - စ္ဆာ - မိ' အစဉ်အတိုင်း မြင်းသွားဖြင့် ရေးသွင်းရန်သာဖြစ်ပြီး မိမိရေးသွင်းပြီး သောအင်းဆန်များကို အထက်ဖော်ပြပါ အတွဲများ၊ နေရာများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရန် ဖြစ်ပါသည်။

စကြာအသွားဖော်ထုတ်ကြည့်ပုံကို 'အင်းကောင်းတစ်ကွက်နှင့် စကြာအသွား' ဆောင်းပါး၌ တစ်ကြိမ်ဖော်ပြခဲ့ပြီးပါပြီ။ မရှင်းလင်းကြမည်စိုးသဖြင့် ယခုတစ်ကြိမ် ထပ်မံပြီး ပို၍ ပြည့်ပြည့်စုံစုံ ရေးသားရှင်းပြထားပါသည်။ ရှင်းရှင်းလင်းလင်း သိမြင်သွားကြလိမ့်မည်ဟု ယူဆပါသည်။


**မြန်မာ့ရိုးရာအင်းများအားလုံးသည် စကြာအင်းများသာ ဖြစ်သည်**

ခေါင်းစဉ်ကိုကြည့်ပြီး အလွန်အကြူးဖွဲ့ဆိုထားသည်ဟု မထင်ပါနှင့်။ အမှန်တကယ်ကို စကြာအင်းများ ဖြစ်ကြပါသည်။ မြန်မာ့ရိုးရာ အင်းပညာ တစ်နံတစ်လျား အသုံးလည်းများပြီး အစွမ်းလည်းထက်ကြသော စတုရန်းအင်းများ၊ နန်းချိုးအင်းများအားလုံး၌ စကြာအသွားရှိနေပါ၏။ သက်သေပြပါမည်။

**၁။ ခရုပတ်-လေးကွက်စတုရန်း**

(ပုံ-၁၃)

(က) (ခ)




ပုံ (၁၃)။ ။ (က)သည် အင်းကွက်ဖြစ်ပြီး (ခ) သည် ခရုပတ်အသွား ဖြစ်၏။ အင်းဆန်မှာ 'စ၊ ခ၊ ဗ၊ ဝ' ဖြစ်ပြီး စက်ဖွဲ့ဇယားမှာ-

စ ခ / ဗ ဝ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စက်ဖွဲ့ဇယားကို အသုံးပြုလျက် စကြာအသွား ရှိ၊ မရှိ သုံးသပ်ပါ။ စကြာအသွားအား ပုံဖြင့်မပြတော့ပါ။


**၂။ ဝါကြိတ်လိမ်-လေးကွက်စတုရန်း**

(ပုံ-၁၄)

(က)

| | |
|---|---|
| ဓ | ဝ |
| ဗ | စ |

(ခ)



ပုံ (၁၄)။ ။ (က)သည် အင်းကွက် (ခ) သည် ဝါကြိတ်လိမ်အသွား၊ အင်းဆန်မှာ 'စ၊ ဓ၊ ဗ၊ ဝ' ဖြစ်၏။

စက်ဖွဲ့ဇယားမှာ-

စ ဓ / ဝ ဗ ဖြစ်၏။

မှတ်ချက်-

ခရုပတ်စက်ဖွဲ့ဇယားနှင့် ဝါကြိတ်လိမ်စက်ဖွဲ့ဇယားများ တည်ဆောက်ပုံ မတူပါ။ ပုံ-၁၃ (ခ) မှာကဲ့သို့ အသွားများဗဟိုကို မဖြတ်လျှင် ခွဲပုံနှင့် ပုံ-၁၄ (ခ) မှာကဲ့သို့ အသွားများဗဟိုကိုဖြတ်လျှင် ခွဲပုံတို့မတူကြသည်ကို သတိပြုပါ။


**၃။ စမ္မာနဝ-ကိုးကွက်စတုရန်း**

(ပုံ-၁၅)

(က)

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

(ခ)



ပုံ (၁၅)။ ။ အင်းဆန် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉။

စက်ဖွဲ့ဇယားမှာ-

၁ ၂ ၃ ၄ / ၉ ၈ ၇ ၆ ← ၅

ဗဟို (၅) မှာ စက်အတွဲမရှိပါ။


**၄။ ခရုပတ်-ကိုးကွက်စတုရန်း**

(ပုံ-၁၆)

(က)

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၈ | ၉ | ၄ |
| ၇ | ၆ | ၅ |

(ခ)



ပုံ (၁၆)။ ။ အင်းဆန် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉။

စက်ဖွဲ့ဇယားမှာ-

၁ ၂ ၃ ၄ / ၅ ၆ ၇ ၈ .

ဗဟို (၉) မှာ စက်အတွဲမရှိပါ။

မှတ်ချက် -

စမ္မာနဝအင်းမှ စက်ဖွဲ့ဇယားနှင့် ခရုပတ်အင်းမှဇယားတို့၌ ဇယားများ တည်ဆောက်ပုံမတူသည်ကို သတိပြုပါ။ ခရုပတ်အင်း၌ စကြာအသွားရှိသော်လည်း ရှင်သန်ခြင်းဂုဏ်သတ္တိမရှိသည်ကိုလည်း သတိပြုပါ။

**၅။ ခရုပတ်-၁၆ ကွက်စတုရန်း (အုပ်စုဖွဲ့)**

(၁၆) ကွက်စတုရန်းအင်းများ၌ မြင်းသွားဖြင့် ပဆစ်ကုန်အောင်မသွားနိုင်။ မြင်းသေမြင်းကိုက်ရရန်မှ ဝေးစွ။ သို့အတွက် (၄)ကွက်စီခွဲ၍ ခရုပတ်သွားဖြင့် လည်းကောင်း၊ ဝါကြိတ်လိမ်သွားဖြင့် လည်းကောင်း အုပ်စုဖွဲ့အင်းများ တည်ဆောက်ကြပါသည်။ ယခု ခရုပတ်ဖြင့် အုပ်စုဖွဲ့အင်းကို ပြထားပါသည်။ ဝါကြိတ်လိမ်အသွားဖြင့်လည်း ဤနည်းနှင့်နှင့် သိနိုင်ပါသည်။


(ပုံ-၁၇)

ပ-အုပ်စု ဒု-အုပ်စု

| | | | |
|---|---|---|---|
| ၁ | ၂ | ၆ | ၅ |
| ၄ | ၃ | ၇ | ၈ |
| ၁၆ | ၁၅ | ၁၁ | ၁၂ |
| ၁၃ | ၁၄ | ၁၀ | ၉ |

စ-အုပ်စု တ-အုပ်စု

ပ-အုပ်စု ဒု-အုပ်စု



စ-အုပ်စု တ-အုပ်စု

ပုံ (၁၇) ။ ။ အင်းဆန်များမှာ -

ပအုပ်စု - ၁၊ ၂၊ ၃၊ ၄

ဒု-အုပ်စု - ၅၊ ၆၊ ၇၊ ၈

တ-အုပ်စု - ၉၊ ၁၀၊ ၁၁၊ ၁၂

စ-အုပ်စု - ၁၃၊ ၁၄၊ ၁၅၊ ၁၆

စက်ဖွဲ့ဇယားများမှာ-

ပ-အုပ်စု: ၁ ၂ / ၃ ၄

ဒု-အုပ်စု: ၅ ၆ / ၇ ၈

တ-အုပ်စု: ၉ ၁၀ / ၁၁ ၁၂

စ-အုပ်စု: ၁၃ ၁၄ / ၁၅ ၁၆

**အုပ်စုအချုပ်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |

ဤအင်းကွက်၏ထူးခြားချက်မှာ အုပ်စုတစ်ခုချင်းစီ၌ စကြာအသွားများ ရှိနေသည့်အပြင် အင်းကွက်တစ်ခုလုံးကို ခြုံငုံ၍လည်း စကြာအချုပ်ရှိနေခြင်းပင် ဖြစ်သည်။

ပင်မစကြာကြီး၌ စကြာငယ်များ ထပ်မံ ခွဲထွက်လျက် ပဒေသာကဲ့သို့ဖြစ်နေသောကြောင့် ဤစကြာမျိုးကို ပဒေသာစကြာဟု လည်းကောင်း၊ ဤကဲ့သို့ စကြာခွဲများမရှိဘဲ ပင်မစကြာတစ်ခုတည်းသာရှိသော စကြာမျိုးကို တစ်ပင်တိုင်စကြာဟု လည်းကောင်း အမည်ပေးထားပါသည်။

ထို့ပြင် ဤအင်းကွက်၏ ထူးခြားချက်တစ်ခု ရှိသေး၏။ ၎င်းမှာ မှန်ထောင်ခြင်းဂုဏ်သတ္တိကို အပြည့်အဝ ရယူထားခြင်း ဖြစ်သည်။ အင်းဆန်၏ အစနေရာ (၄) ခုကို မှန်ထောင်မြင်ရသည့်အတိုင်း (၄) နေရာခွဲ၍ ယူထားသည်။ မှန် (၄) ကြိမ် ပတ်လည်ထောင်ထားသဖြင့် စွမ်းအားများအချင်းချင်း ရိုက်ခတ်ပြီး အဆပေါင်းများစွာ တိုးပွားစေပါသည်။

အင်းကွက်၏ပထမအုပ်စုနှင့်တတိယအုပ်စုတို့သည် လက်ယာရစ်များဖြစ်နေပြီး ဒုတိယအုပ်စုနှင့် စတုတ္ထအုပ်စုတို့သည် လက်ဝဲရစ်များဖြစ်ကြကာ အားများ ချေဖျက်နေသည်ကို တွေ့ရမည်။ လက်ဝဲရစ်အုပ်စု (၂) ခု ပါဝင်နေခြင်းမှာ အင်းကွက်ဖော်ဆောင်သူ၏ ဉာဏ်နှံ့နည်းမှုကြောင့်မဟုတ်ဘဲ မှန်ထောင်ဂုဏ်သတ္တိဖြင့် အင်းတည်ဆောက်မှုအရ ရကိုရလာမည့်လက်ဝဲရစ်သာ ဖြစ်ပါ၏။ ဖွဲ့စည်းပုံအရ ဖြစ်ပေါ်လာသော လက်ဝဲရစ်နှင့် အင်းတည်ဆောက်သူ၏ဉာဏ်နှံ့နည်းမှုကြောင့် ရလာသော လက်ဝဲရစ်များသည် မတူကြပါ။ အနှစ်သာရကွဲပြားပါသည်။ ဤအင်းသည် ပထမအုပ်စုထိုမှ ဒုတိယ၊ တတိယ၊ စတုတ္ထအုပ်စု



www.burmeseclassic.com

www.burmeseclassic.com

များသို့ အင်းဆန်များဖြည့်သွင်းထားခြင်း ဖြစ်သောကြောင့် အုပ်စုအသွားသည် လက်ယာရစ်ဖြစ်လာပြီး အင်းကွက်သည်လည်း လက်ယာရစ်အင်း ဖြစ်ပါသည်။

**၆။ မြင်းသွား-၂၅ ကွက်စတုရန်း**


(၂၅) ကွက်စတုရန်းအင်းများကို ပိုက်တန်းကျော်အင်းများ၌ အသုံးပြုပါသည်။ ထို့ပြင် အုပ်စုဖွဲ့ စမ္ဗာနဝအင်းများ၌လည်း သုံးပါသည်။ ယခုဖော်ပြမည့် အင်းကွက်မှာ မြင်းသွားဖြင့်သွားပြီး ဗဟိုကွက်လွတ် (၂၄) ကွက် ရှိပါသည်။ မြင်းသေမြင်းကိုက် မရပါ။ သို့သော်လည်း စကြာအသွားကတော့ ရှိနေမြဲပါ။

(ပုံ-၁၈)

(က)

| | | | | |
|---|---|---|---|---|
| ဗု | ရေ | ဣ | ဝ | သံ |
| မိ | သံ | ဒ္ဓံ | ဣ | မ |
| ဟာ | မိ | | ရ | သံ |
| မာ | ပေ | ဂ | သ္မိံ | မံ |
| စ္ဆာ | ဝိ | တေ | ဥ | ဏံ |

(ခ)



ပုံ (၁၈)။ ။ (က)သည် အင်းကွက်ဖြစ်ပြီး (ခ) သည် မြင်းသွား သွားထားပုံဖြစ်၏။ သာမန်ကြည့်ရုံဖြင့် စကြာနှစ်ခုပါဝင်နေကြောင်း မြင်ရမည်။

အင်းဆန်မှာ -

ဗုဒ္ဓံသရဏံဂစ္ဆာမိ။

ဣမသ္မိံ ဝိဟာရေ ဣမံ တေ မာ သံ ဝသံ ဥပေမိ။

စက်ဖွဲ့ဇယားမှာ-

**ပထမစကြာ**

| | | | |
|---|---|---|---|
| ဗု | ဒ္ဓံ | သ | ရ |
| ဏံ | ဂ | စ္ဆာ | မိ |

**ဒုတိယစကြာ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဣ | မ | သ္မိံ | ဝိ | ဟာ | ရေ | ဣ | မံ |
| တေ | မာ | သံ | ဝ | သံ | ဥ | ပေ | မိ |

ပထမစကြာ၏အဆုံး A မှ ဒုတိယစကြာ၏အစ B သို့ မြင်းသွားဖြင့် လမ်းတစ်သွယ်နှင့် အင်းကွက်၏ဗဟိုသို့ မြင်းသွားဖြင့်လမ်းတစ်သွယ်၊ ပေါင်းလမ်း နှစ်သွယ် ရှိ၏။

တစ်ပင်တိုင်စကြာမရသော်လည်း နှစ်ထပ်စကြာ ဖြစ်သည်။ အင်းဆန်အဆုံးနှင့် မူလအစတို့ တစ်ပတ်မလည်နိုင်သောကြောင့် ဥပါဒ်-ဋ္ဌီ-ဘင် သက်တမ်းတစ်ခုစာသာ သက်တမ်းရှည်၏။ တစ်ပွဲတိုးလောကီအသုံးများလှသည်။ အဘဘားမဲ့ဆရာတော် နောက်ဆုံးဆောင်တော်မူသောအင်း ဖြစ်ပါသည်။

**၇။ မြင်းသွား-၃၆ ကွက်စတုရန်း**

(၃၆) ကွက်စတုရန်းအင်းများကို စမ္ဗာနဝအုပ်စုဖွဲ့ အင်းများအဖြစ်သာ အတွေ့ရများပါသည်။ မြင်းသွားသီးသီးဖြင့် မတွေ့ရသလောက် ဖြစ်၏။


အင်းဆန် (၃၆) လုံးရှိသောဂါထာများ၊ အင်းဆန်များဖြင့် အင်းအစီအရင်ပြုလိုသူများအတွက် ယခုဖော်ပြထားသော (၃၆) ကွက်စတုရန်းအင်းအသွားသည် များစွာ ထောက်ကူပေးပါလိမ့်မည်။

(ပုံ-၁၉)

(က)

| | | | | | |
|---|---|---|---|---|---|
| ၁ | ၁၂ | ၃၅ | ၂၄ | ၃ | ၁၀ |
| ၃၄ | ၂၃ | ၂ | ၁၁ | ၃၂ | ၂၅ |
| ၁၃ | ၃၆ | ၃၃ | ၂၆ | ၉ | ၄ |
| ၂၂ | ၂၇ | ၈ | ၁၅ | ၁၈ | ၃၁ |
| ၇ | ၁၄ | ၂၉ | ၂၀ | ၅ | ၁၆ |
| ၂၈ | ၂၁ | ၆ | ၁၇ | ၃၀ | ၁၉ |

(ခ)



ပုံ (၁၉) ။ ။ အင်းဆန် ၁ မှ ၃၆ အထိ။

စက်ဖွဲ့ဇယားမှာ-

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ |

နှစ်ချိုးညီလျှင် စကြာအသွားရှိနေပြီဖြစ်ကြောင်း ခဏခဏပြောပြခဲ့ပြီး အချိုးညီခြင်းကို အလွယ်ကူဆုံးကြည့်နိုင်သောနည်းရှိပါသည်။ အသွားပုံကို (၉၀) ဒီဂရီလှည့်ကြည့်လိုက်ပါ။

(၉၀) ဒီဂရီ တစ်ကြိမ်လှည့်ရုံဖြင့် မူလအသွားပုံပြန်ရလျှင် လေးချိုးညီပါသည်။

(၉၀) ဒီဂရီ နှစ်ကြိမ်လှည့်ပါက မူလအသွားပုံ ပြန်ရလျှင် နှစ်ချိုးညီပါသည်။

(၉၀) ဒီဂရီ လေးကြိမ် (တစ်ပတ်လည်) လှည့်ပါမှ မူလအသွားပုံပြန်ရလျှင် တစ်ချိုးမှမညီပါ။

ယခုဖော်ပြခဲ့သော အသွားအားလှည့်ကြည့်ပါ။ နှစ်ကြိမ်လှည့်လျှင် မူလအသွားပုံပြန်ရကြောင်း တွေ့ရပါမည်။ ဤကဲ့သို့ နှစ်ချိုးညီအသွားများ များစွာ ဖော်ထုတ်ယူနိုင်ပါသည်။ ဤအင်းကွက်၌ လေးချိုးညီအသွားကိုလည်းဖော်ထုတ်ယူနိုင်ပါသည်။ သို့သော် မများပါ။ ကြိုးစားကြည့်ပါကုန်။

**၈။ မြင်းသွား-၄၉ ကွက်စတုရန်း**

ဤအင်းမျိုး၌လည်း နှစ်ချိုးညီများစွာရှိသည်။ လေးချိုးညီလည်းရှိသည်။ ထိုအချိုးများထဲမှ နှစ်ချိုးညီအသွားတစ်မျိုးဖြင့် စကြာအသွားကို ဖော်ပြလိုက်ပါသည်။

(ပုံ-၂၀)

(က)


| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၂၀ | ၃၁ | ၁၂ | ၃ | ၂၂ | ၃၃ |
| ၃၀ | ၁၇ | ၂ | ၂၁ | ၃၂ | ၃၉ | ၄ |
| ၁၉ | ၄၈ | ၁၁ | ၃၈ | ၁၃ | ၃၄ | ၂၃ |
| ၁၆ | ၂၉ | ၁၈ | | ၄၂ | ၅ | ၄၀ |
| ၄၇ | ၁၀ | ၃၇ | ၁၄ | ၃၅ | ၂၄ | ၄၃ |
| ၂၈ | ၁၅ | ၈ | ၄၅ | ၂၆ | ၄၁ | ၆ |
| ၉ | ၄၆ | ၂၇ | ၃၆ | ၇ | ၄၄ | ၂၅ |



www.burmeseclassic.com

www.burmeseclassic.com

(ခ)



ပုံ (၂၀) ။ ။ အင်းဆန်များနှင့်စက်ဖွဲ့ဇယားများကို မဖော်ပြလိုက်တော့ပါ။ အသွားပုံကြည့်ရုံဖြင့် နှစ်ချိုးညီကြောင်း၊ ထို့ကြောင့် စကြာအသွားရှိနေကြောင်း သိမြင်လောက်ပြီဟု ယူဆပါသည်။ ဤအင်း၌ရှိသော ထူးခြားချက်မှာ အဆုံးအင်းဆန် (၄၈) သည် အစအင်းဆန်(၁) သို့ တစ်ပတ်လည်ရုံသာမက အလယ်ဗဟိုကွက်သို့လည်း မြင်းသွားဖြင့် ဝင်နိုင်ကြောင်းပင် ဖြစ်ပါသည်။

အလျားအနံတူသော စတုရန်းအင်းများကို ဆက်လက် ဖော်ပြရလျှင် မဆုံးနိုင်ပါ။ စတုရန်းအင်းများကို သည်တွင်ရပ်ပြီး နန်းချိုးအင်းများ ဖော်ပြပေးပါမည်။ အကျဉ်းချုံ့ပြီး ဖော်ပြပါမည်။


**၉။ တစ်ဆယ့်နှစ်ကွက်နန်းချိုးအင်း**

(ပုံ-၂၁)

(က)

| | | | |
|---|---|---|---|
| | ၁၁ | ၂ | |
| ၁ | ၆ | ၉ | ၄ |
| ၁၀ | ၃ | ၁၂ | ၇ |
| | ၈ | ၅ | |

(ခ)




**၁၀။ တစ်ဆယ့်ခြောက်ကွက်နန်းချိုးအင်း**

(ပုံ-၂၂)

(က)

| | | | | |
|---|---|---|---|---|
| | ၁ | ၁၂ | ၇ | |
| ၁၁ | ၆ | | ၂ | ၁၃ |
| ၁၆ | | | | ၈ |
| ၅ | ၁၀ | | ၁၄ | ၃ |
| | ၁၅ | ၄ | ၉ | |

(ခ)




**၁၁။ သုံးဆယ့်နှစ်ကွက်နန်းချိုးအင်း**

(ပုံ-၂၃)

(က)

| | | | | | |
|---|---|---|---|---|---|
| | ၂၁ | ၂ | ၂၇ | ၈ | |
| ၁ | ၂၆ | ၁၅ | ၂၂ | ၃ | ၂၈ |
| ၂၀ | ၁၃ | ၃၀ | ၇ | ၁၆ | ၉ |
| ၂၅ | ၃၂ | ၂၃ | ၁၄ | ၂၉ | ၄ |
| ၁၂ | ၁၉ | ၆ | ၃၁ | ၁၀ | ၁၇ |
| | ၂၄ | ၁၁ | ၁၈ | ၅ | |

(ခ)



စာဖတ်သူ -

ဤဆောင်းပါး၌ အခြေခံအင်းသွား (၃) မျိုးနှင့် ပြုပြင်ဆင့်ပွားအင်းသွား (၇) မျိုးတို့ကို ဖော်ပြခဲ့၏။ ထို့ပြင် အင်းများ၌ စကြာအသွားရှာနည်းနှင့် အင်းကွက်အမျိုးအစား (၁၀) မျိုးတို့ကို အသုံးပြုလျက် အင်းတိုင်း၌ စကြာအသွားရှိနေကြောင်းတို့ကို သက်သေပြ ဘိအလား ထင်ရှားအောင် ပြခဲ့၏။

အင်းကွက်တစ်ကွက်ကိုတွေ့သည်နှင့် ထိုအင်းကွက်၌ -

၁။ ရှင်သန်ခြင်းရှိ၊ မရှိ၊
၂။ လက်ယာရစ်များ အားကောင်း၊ မကောင်း၊
၃။ မှန်ထောင်ကြည့်က ပုံပျက်၊မပျက်၊
၄။ စကြာပုံဆောင်နိုင်ခြင်းရှိ၊ မရှိ၊
၅။ ထောင့်မတ်ကျ လှည့်ကြည့်ပြီး အချိုးညီ၊မညီ၊ စကြာအသွားရှိ၊ မရှိ စသည်တို့အား ကြည့်ရှု သုံးသပ် အကဲဖြတ်ခြင်းကိုပြုကြစေချင်၏။ အဆင့်မြင့်အင်းများဆီသို့ ဤဂုဏ်အင်္ဂါရပ်များမပါဘဲ မရောက်ပါ။

စာဖတ်သူ -

ကျွန်ုပ်တို့သည် မြင်းသေမြင်းကိုက်မှာတင် ရပ်မနေသင့်ပါ။ ရှေ့သို့လျှောက်ရပါမည်။ အင်းကောင်းတစ်ကွက်၏ဂုဏ်အင်္ဂါရပ်များ များသည်ထက်များအောင် အင်းတစ်ကွက်ကို တည်ဆောက်ကြရပါမည်။ ရသင့်ရထိုက်သောအကျိုးရလဒ်များကို အချည်းနှီးမဖြစ်စေဘဲ အပြည့်အဝ ရရှိအောင် လုံ့လပြုရပါလိမ့်မည်။

စာဖတ်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ။

*အနန္တငါးပါးနှင့်တကွ*
*ဗားမဲ့ဆရာတော်အား*
*ဦးထိပ်ထားလျက်*

ဆရာစော (အင်းတစ်ထောင်)



www.burmeseclassic.com

www.burmeseclassic.com

**စလင်းမြို့ ဝက်သည်းကန်တော်ကြီး**

လုပ်လုပ်လုပ်လီ၊ ယိမ်းနွဲ့ကာဟန်စုံ ချိုလို့၊ နီလွင်လွင်၊ လွှာရုံစမ်းရယ်နဲ့၊ ပဒ္မမှာဆိုတဲ့ ပန်းတွေက၊ လန်းပွင့် လို့စီပ၊ ငွေရောင်ပြာနုံ့သာလူးပါတဲ့၊ ဇေဒါဘောင်၊ ပြာအဖူးတွေက၊ လာ ဖူးအောင်ပါလို့၊ သံစာစာမခေါ်ရှိ သော်လည်း၊ ခေါ်ဘိသလိုလိုနဲ့၊ ဘိုကယိုကြိုဆိုလင့်ရှာကြ၊ ထူးတင့် ပွေ့လီ၊ စိမ်းလဲ့လဲ့ရီ၊ မြသွေးရောင် ကတ္တီဒွိ၊ ရွှေပန်းချီ၊ စုတ်မှင်ဆေး ငယ်နဲ့၊ အကြံကုန် ဉာဏ်စုံတွေးပါ လို့၊ ခြယ်ရေးသည် ထင်ရောင်မှန်း ရှာရ၊ ဝက်သည်းကန်၊ ရေပြင်မှာ၊ ပန်းတွေကပြာဝါနီ၊ ခါတော်မီရယ် လို့၊ ပွင့်ရှာဆဲ၊ မူယာငယ်ကြွယ်၊ သူဇာမယ်အရွယ်အရွယ်တင့်ပါသင့် ပေထင့်၊ စလင်းသူ ဝင်းဖြူညက် ကယ်တို့၊ အောင်သပြေ ညောင်ရေ ခက်တွေနှင့်၊ နံနက်ခါ၊ ညနေခင်းမှာ၊ ကန်တွင်းစေတီရှင်သို့၊ ကေသီမှင် ဆံခွေသပါလို့၊ ဦးချစမြဲ။ ။

**ဆရာဦးမြလတ် (စကု)**
**စလင်း၊ ၁၉၄၀ ခု**

ငလင်ဘမ်း၂ရွာ ကိုအောင်ဗလ မှာ အလွန်စိတ်မြန်သော သူကြီးဟု ကျော်ကြားလေသည်။ စလင်းမြို့ အနောက်တံခါးအနီး မြို့ရိုးပေါ်တွင် ကျွန်ုပ်တို့၏ဘိုးဘွားများ ပြုပြင်ကိုးကွယ် ခဲ့သော ရှင်ပင်ဆုတောင်းပြည့်မြတ်စွာ ဘုရားပွဲတော်တွင် ဆွမ်းတော်ကြီးပွဲ သွင်းလျှင် ကိုအောင်ဗလ ဦးစီးသော ငလင်ဘမ်းရွာမှ ဆွမ်းတော်ကြီးအဖွဲ့ လှည့်လာပြီဆိုက ကြည့်သူများမှာ စည်း ကမ်းတကျကြည့်ကြတော့။ စည်းမဲ့ကမ်း မဲ့ ဝင်ရောက် နှောင့်ယှက်မည်ကြံလျှင် ထိုသူ၏မဏိသည် ကွမ်းစားသည့်ပမာ ရဲရဲနီလတ္တံ့ဟု စလင်းမှ အမောင်ကာလ သားတို့သည် အထူးသတိကြီးစွာဖြင့် မှတ်ယူကြရ၏။

ကျွန်ုပ်မိတ်ဆွေကြီး ကျောင်း ဒကာရွှေ၏ရွာနှင့် မနီးမဝေးတွင်ရှိသော ကြောင့် ငသန်ကောင်းသူကြီးမင်း

**ကိုလိုနီခေတ် မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း**

# ထိန်းမရသောဒေါသမုန်တိုင်း

## အနောက်တံခါးမှုမှုထောင်မှုုး



www.burmeseclassic.com

www.burmeseclassic.com

ပောင်း ကျောင်းတကာရွှေသည်လည်း ကိုအောင်ဗလ၏ လက်မြန်ခြေမြန်သော အရည်အချင်းကို လေးစားရ၏။ ယခု ကျွန်ုပ်တို့သုံးဦးသော မိတ်ဆွေများ ဖြစ်ကြသည့် ညီဘိုးထွန်းအင်၊ ကျွန်ုပ် ပင်စင်စား စစ်ကဲတန်းဝင်ထောက်ကြီး၊ ကျောင်းဒကာရွှေတို့သည် ငလင်ဘမ်း ရွာ ကျွန်ုပ်တို့၏လယ်သမား မောင်လှ အောင်၊ မောင်လှဆောင်တို့အလှူမှပြန် လာကြသည်။ ညီဘိုးထွန်းအင်က ကျွန်ုပ် ၏ အောင်ပွဲရန္တားများ ဖြစ်ကြသော ရဲအောင်ကြည်နှင့် ရွှေမင်းသားတို့ကို ညနေစောင်း နေညိုချိန် အသော့နှင် သည်။ ငလင်ဘမ်း၊ ပေါက်ဆိန်ပေါက်၊ မြောက်တောဂေါ်တမဘုရား၊ အနောက် ကန်ဘောင်တို့ကို ဖြတ်သန်းလျက် မြို့ နယ်နိမိတ်အတွင်းဝင်လေပြီ။ မြို့ဝင် သော် လှည်းအရှိန်သတ်ရသည်။ ပေ တစ်ရာကျောက်လမ်းပေါ်တွင် နွားများ ၏ခွာက အားနှင့်မဆွဲသာ၊ ခွာနာမည်။ လမ်းသွားလမ်းလာကိုလည်း သတိမူရ သည်။

လွန်ခဲ့သော ဒုတိယကမ္ဘာစစ် မဖြစ်မီ ၁၉၃၉ ခုနှစ်ခန့်က ကျွန်ုပ်၏ညီ မောင်သာဒွန်းအောင်သည် ငလင်ဘမ်း ရွာမှအလှူတစ်ခုတွင် ကျွန်ုပ်၏ သား မောင်ဆိတ်ဖားကို ခေါ်ကာသွား၏။ ကိုကြီးအောင်ဟု ကျွန်ုပ်တို့ သူကောင်း အသိုင်းအဝန်းကခေါ်သော သူကောင်း ပင်စင်စားမြို့အုပ်ကြီး ဦးအောင်ကြီးသည် သူ၏တူမ စကုမြို့ဝန်သား မြို့အုပ်ပင် စင်စားဦးသိုက်၏ သမီးဖြစ်သူ မလေး လေးအား ငလင်ဘမ်းအလှူသို့ ခေါ် လာ၏။ အလှူတွင် ထမင်းစားရာ၌ အလှူရှင်က ဦးသာဒွန်းအောင်နှင့် ဦးအောင်ကြီးတို့ကို ထမင်းစားပွဲသီးသန့် ကျွေးမွေးလေရာ လယ်ကိုင်းမြို့သူကြီး ရိုး မောင်ဆိတ်ဖားနှင့် စကုမြို့ဝန်မြေး မလေးလေးတို့မှာ ထမင်းစားပွဲတွင် မျက် နှာချင်းဆိုင်ထိုင်လျက် ထမင်းစားရန် အမှုကို ပြုကြ၏။

ကျွန်ုပ်၏သား မောင်ဆိတ်ဖား သည် လူကဲခတ်မည့်သူဖြစ်လေရာ၊ ရှပ် အင်္ကျီလက်တို၊ ပိုးပုဆိုးဝတ်လျက်၊ ခေါင်း တွင်မူ ကြက်တောင်စည်းထားသူ မလေး လေးအား ပဋိသန္ဓာရ ချစ်ဖွယ်စကား ဖြင့် -

"မင်းက ဘယ်ဘုန်းကြီးကျောင်း ကလဲ"

ဟု မေးလေရာမှစ၍ သူတို့နှစ်ဦး ရန်ဖြစ်ကြရာ ဦးလေးများက ရန်ပွဲကို ရပ်တန့်စေရသည်။ ဘိုးထွန်းအင်အား ပြောပြရသည်။

ယခုမူ ကျွန်ုပ်သား မောင်ဆိတ် ဖားမှာ လူဝင်မှုကြီးကြပ်ရေးမှူးအဆင့် ဖြင့် ကျိုင်းတုံနယ်တွင် တပ်မတော်မှ ပြုလုပ်သောစစ်ဆင်ရေးတွင် တရုတ်ဖြူ အကြွင်းအကျန်များကို နယ်စပ်ကျေးရွာ များသို့ ဆင်း၍ စစ်ဆေးအရေးယူနေရ သည်။ နယ်စပ်မှနေ၍ သူ့မိခင်ထံ စာ တစ်စောင်၊ မလေးလေးထံလည်း စာ ပေးပို့သည်ဟု ကြားသိရသည်။ သူတို့





www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦး သင့်မြတ်စေချင်သည်မှာ သူတို့၏မိခင်နှစ်ဦးဆန္ဒ ဖြစ်သည်။ ကျွန်ုပ်နှင့် ကိုကြီးသိုက်ဆန္ဒကလည်း အကြောင်းသင့် ပေါင်းဖက်စေချင်သည်မှာ အလွန်ပင် ဖြစ်၏။ စာရေးကြပြီး ရန်မဖြစ်စေရန် ဆုတောင်းရသည့်အကြောင်းကို မိတ်ဆွေအပေါင်းအား ပြောရသည်။

သုံးဦးသောမိတ်ဆွေတို့သည် ဝက်သည်းကန်လမ်း ကျောင်းဒကာရွှေ၏ အိမ်ရှေ့သို့ ရောက်သောအခါ ကျောင်းဒကာကြီးအား လှည်းပေါ်မှဆင်းစေ၍ သူ့သမီးများထံအပ်ရပါသည်။ အိုမင်းသောအချိန်အခါတွင် ဘုရားသွား၊ ကျောင်းတက် ပေါင်းဖက်၍ကောင်းလှသော ဦးဘိုးရွှေသည် မိတ်ကောင်းဆွေကောင်း ပီသလှသည်။ ကြီးသောအမှု ငယ်စေ၍ ငယ်သောအမှု ခွင့်လွှတ်တတ်စေရန် ကောင်းသောစကားဆိုတတ်လှသည်။

ကျောင်းဒကာရွှေ၌ ဒေါသ၊ မောဟ၊ မာန်မာန၊ လောဘရှိသည်ဟု သတင်းမကျော်၊ သူများချမ်းသာသည်ကိုလည်း မနာလို၊ ဂုဏ်တုဂုဏ်ပြိုင် ကင်းလှသည်။ စလင်းမြို့တွင် ချမ်းသာသောသူကြီးများလည်းရှိသေး၏။ အလိုရမ္မက်ကြီးလှသောသူတို့ကား မျက်နှာကို မိုးမျှော်၍ လမ်းလျှောက်သည်အထိ ဖြစ်၏။ အကျိုးမရှိသူတို့နှင့် မတွေ့လို၊ အကျိုးမရှိသည့်စကားကိုလည်းမဆိုရအောင် ကောင်းကင်ကို မျက်နှာမူကာ ပြုံးသောမျက်နှာပြု၍ လမ်းလျှောက်ခြင်းဖြစ်၏။ သူ့အကျိုးလိုသည့်သူကို လမ်းတွင် မခေါ်၊ အိမ်ခေါ်၍ စကားပြောသည်။ ကျောင်းဒကာရွှေတွင် ရိုးသားသည်၊ ဖော်ရွေသည်၊ လောဘမရှိ ရောင့်ရဲသည်ဟု ကောင်းသတင်းသာထွက်လေသည်။

ကျောင်းဒကာရွှေအိမ်အနောက်ဘက် သုံးအိမ်ကျော်လောက်တွင် သူကောင်း ဦးအောင်ကြီးမြေထဲတွင် နေထိုင်သော ကိုအောင်ကြီးမရှိပြီ၊ မြေရှင်သူကောင်း ဦးအောင်ကြီးလည်း မရှိပြီ။ ကိုအောင်ကြီးနေထိုင်ခဲ့သော အိမ်နေရာလည်း မတွေ့ရတော့ပြီ။ အနိစ္စသဘောတရားကို မလွန်ဆန်နိုင်ဟု သံဝေဂတရားကိုရလေသည်။ နိယာမတရားတို့သည် အစဉ်ဖြစ်ပျက်နေရာ တရားယူတတ်ပါက နေ့ ညအစဉ် ရနိုင်သည်။ သိသူဖော်စား၊ မသိသူကျော်သွားဆိုသောစကားရပ်သည် မှန်လေစွတကား။

ကျောင်းဒကာရွှေအိမ်မှ လှည်းထွက်လျှင် ကျွန်ုပ်ကစ၍ -

"အရင်က ကိုအောင်ကြီးမှာ သားတစ်ဦးရှိပါတယ်ဗျာ။ ခင်ဗျားအိမ်နီးနားချင်းပဲ၊ သိမှာပေါ့"

ဟု မေးမိရာက ယခုရေးမည့် အကြောင်းအရာများပေါ် လာလေသည်။ သတိသံဝေဂတရားကိုရရန်နှင့် မိတ်ဆွေတို့အချင်းချင်းဆက်ဆံရာတွင် ကိုယ်နှုတ်အမူအရာ ဂရုစိုက်စောင့်စည်းရမည်တို့ကို သတိရ မှတ်သားဖွယ်ရှိပါသဖြင့် အများပြည်သူအကျိုးငှာ မှတ်တမ်းတင်လိုက်ရပါတော့သည်။ ကျွန်ုပ် ရမည်းသင်းမြို့တွင် ငွေတိုက်ဝန်ထောက်တာဝန်ထမ်းဆောင်စဉ်က စလင်းမြို့တွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာကို ဘိုးထွန်းအင်က ပြောပြချက်အရ အများသူငှာ မိတ်ဆွေသူငယ်ချင်း ပေါင်းသင်းဆက်ဆံရာတွင် သတိပြုရန် အကြောင်းတစ်ရပ် ဖြစ်၏။

**အချိန်ကား ၁၉၄၀ - ၁၉၄၁ ခု ဒုတိယ ကမ္ဘာစစ်ကြိုကာလ**

စလင်းမြို့တွင် ကျောင်းဆရာဆိုသောအဆင့် အလုပ်အကိုင်သည် လွန်စွာသိက္ခာရှိသည်။ ပေါင်းပင်ဇင်းရပ်ကွက် အဘကျော်ဟု ခေါ်လေ့ရှိသော ဦးဘိုးကျော်သား ဆရာဦးကျော်သိန်း၊ ပေါင်းပင်းဇင်းရပ် ဝက်သည်းကန်လမ်း ဦးအောင်ကြီးသား၊ ဆရာဦးဘသင်တို့မှာ စလင်းမြို့ မြူနီစီပယ်ကျောင်းဟု ဆိုအပ်သော မြို့လည်ကျောင်းတွင် ဆရာများဖြစ်၏။ ထိုကျောင်းတွင်ပင် စကုမြို့မှ ကျောင်းဆရာ ဦးမြဆက်သည် လည်း သူတို့နှင့်အတူ တစ်ကျောင်းတည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဦးမြဆက်မှာ စကုဆက်ဖြစ်၍ စလင်းမြို့ နရပတိစည်သူလမ်းပေါ် ရှိ သူကောင်းဦးအောင်ကြီးနှင့် ဦးသိုက်ဇနီး ဒေါ်ရိုးပိုင်ဝိုင်းထဲတွင် နေထိုင်သည်။ အသက်(၂၀)ကျော် ကျောင်းဆရာ သုံးဦးတို့သည် တစ်ဦးနှင့်တစ်ဦး အလွန်ခင်မင်ရင်းနှီးစွာဖြင့် ပေါင်းသင်းဆက်ဆံကြလေသည်။

ဆရာမြဆက်က မြန်မာစာရေးအသားတော်သည်။ ထိုခေတ်က ဒဂုန်မဂ္ဂဇင်းတွင် ရေးသားလေ့ရှိ၏။ စလင်းမြို့တွင် သူရှိစဉ်အခါက စလင်းမြို့ ဝက်သည်းကန်အကြောင်း ရေးစပ်ထားသည့် တေးတပ်မှာ ယခုအချိန်အထိ စလင်းသားတို့က နှစ်သက်စွာ တေးဆိုလျက်ရှိသေး၏။ ဆရာဘသင်က ဆရာမြဆက်ကို ပိုမို ခင်မင်ရင်းနှီးလေရာ တစ်ဦးနှင့်တစ်ဦး ပြောမနာဆိုမနာ လူပျိုတို့သဘာဝ တစ်ဦးအကြောင်းတစ်ဦး အတွင်းသိဖြစ်သည့်အလျောက် နောက်ပြောင်ကျီစယ်လေ့ရှိ၏။ တစ်ခါတစ်ရံ တစ်ဦးနှင့်တစ်ဦး အငြင်းပွားသည်အထိ ဖြစ်လေ့ရှိ၏။ မကြာခဏ စကားနိုင်လုရာမှ စကားများသည်အထိဖြစ်ပြီး သူတို့အချင်းချင်း ခင်မင်ရင်းနှီးမှုမပျက် ခေါ် မြဲပျော်မြဲနေကြသဖြင့် သူတို့နှစ်ဦး စကားများသော်၊ မကြာခင် ခေါ်မှာပါ ဟူသော အသိသည် ကျောင်းအုပ်ဆရာကြီးမှအစ ကျောင်းသူကျောင်းသားအပေါင်းသည် သိကြသည်။

ကျောင်းဆရာ ဦးကျော်သိန်းမှာ စကားနည်း၏။ အေးဆေးစွာနေလေ့ရှိသဖြင့် သူတို့နှစ်ဦးက တစ်ခါတစ်ရံ ဆုံးဖြတ်ချက်ပြုပေးရန် ဒိုင်ပင်ရသူ တစ်ဦးအဖြစ် ရပ်တည်ရသည်။ တစ်ဦးက မြန်မာစာ၊ တစ်ဦးက သမိုင်း၊ တစ်ဦးက သင်္ချာစာပြ တော်သဖြင့် မြို့လယ်ကျောင်းတွင် တပည့်များအလယ် ချစ်ခင်လေးစားမှုအပြည့်နှင့် သင်ကြားနေကြသူများ ဖြစ်၏။ ထိုစဉ်က မြို့လယ်ကျောင်းမှာ မြန်မာစာသာပြသည်။ အသင်အပြကောင်းသော သူငယ်ချင်းကျောင်းဆရာသုံးဦးသည် အစဉ်အမြဲ တွဲလျက်ရှိသည်။

တစ်နေ့သောအခါ နေ့လယ်ထမင်းစားကျောင်းဆင်းချိန်၌ ဆရာမြဆက်သည် သူ၏အတန်းစားပွဲ၌ ခဲတံချွန်နေ၏။ စလင်း၊ မင်းဘူး၊ ချောက်၊ ပခုက္ကူမြို့နှင့် ဆိပ်ဖြူကြားရှိ ရွာမှပြုလုပ်သောအရိုးကို ကျွဲချိုဖြင့်ပြုလုပ်သည့် မောင်းချခါးကို သုံးကြသည်။ မောင်းချခါးသွားမှာ (၄) လက်မခန့်ရှိ၍ နိုင်ငံခြားမှလာသော မောင်းချခါးတို့ထက် အနှောင့်မှာ ထုကောင်းသည်။ ထုကောင်းသည့်အတွက် လှီးဖြတ်ရာတွင်လည်း လက်ဆကောင်းသည်။ ဝံသာနုခေတ်ဖြစ်ရာ ပြည်တွင်းဖြစ်လည်းဖြစ်၊ ခားဆေးသားကလည်းကောင်း၊ လှီးဖြတ်ရာတွင် အသုံးဝင်သော ခြင့်မောင်းချခါးမှာ ပခုက္ကူနှင့် ပြည်မြို့အကြားတွင် အသုံးများလေသည်။ ခြင့်မောင်းချခါး၊ ကွမ်းညှပ်၊ မကွေးကတ်ကြေး စသည်တို့မှာ မြေလတ်ပိုင်း သံဆိုင်တိုင်း၌ ဝယ်ယူရရှိနိုင်သောအရာများ ဖြစ်လေသည်။ ဆေးသားကကောင်း၍ တစ်ခါသွေးပြီးသော် သုံးလိုရာသုံးပေတော့ဟု မြန်မာမောင်းချခါးက အင်္ဂလန်ရှက်ဖွီး၊ ဘာမင်ဟန်

www.burmeseclassic.com

www.burmeseclassic.com

ဂျာမနီ၊ ဆွစ်လုပ်စားတို့ကိုဖြတ်၍ မိတ်ဒ် အင်ချိုင့်က မြေလတ်ပိုင်းတွင် အသုံးများသည်။

ဆရာမြဆက်သည် ထိုနေ့က အခြားသောသူနှင့် စကားမပြောလို။ စိတ်ထဲတွင် ဝမ်းနည်းခြင်း၊ မခံချင်စိတ်လည်း ဖြစ်ပေါ်နေသည်။ ရည်မှန်းသူသည် အခြားသူနှင့် လက်ထပ်သည်။ သူရည်မှန်းသည်ကိုလည်း ကာယကံရှင်က မသိ။ မိမိမှာ အရှက်အကြောက်ကြီးတတ်သူဖြစ်ရကား ဖွင့်ဟချစ်ရေးဆိုရန် ဝန်လေးလျက် အချိန်အခါစောင့်စဉ် ရည်မှန်းသူမှာ လက်ထပ်သွားခြင်း ဖြစ်သည်။ မိမိရည်မှန်းထားချက်ကို သူငယ်ချင်း (၂) ဦးသာ သိသော်လည်း မျက်နှာပူသည်၊ ရှက်သည်၊ စိတ်မချမ်းသာ။ စကားပြောလျှင် အမှားပါ၍ စကားများမည်စိုးသည့်အတွက် ကျောင်းအားချိန်၌ ခဲတံချွန်ရင်း မိမိစားပွဲရှေ့ရှိ မသောင်းတင်၊ မလှငွေး[၇]တို့အား သူတို့သိလိုသော အချက်အလက်များကို ရှင်းလင်းသင်ပြပေးလျက်ရှိ၏။ မိမိစိတ်မလွင့်ပြန့်စေရန် ခဲတံချွန်ခြင်း၊ စာပြခြင်းတို့ဖြင့် ထိန်းထားခြင်း ဖြစ်၏။ ကံကြမ္မာရဟတ်သည် ဖြစ်ရမည့်အချိန်တွင် ဖြစ်ရန်သာ ဖန်တီးလေရကား အစဉ်အမြဲ အနောက်အပြောင်သန်လှသော သူငယ်ချင်း ဆရာ ဦးဘသင် ရောက်လာလေတော့သည်။

"ဟေ့-မင်းနှလုံးသားကကွဲပလား။ သုံးလုံးဖြစ်သွားပလား"

စသည်ဖြင့် နောက်ပြောင်ရာက အစ မင်္ဂလာဆောင်ကိစ္စ မဆင်မခြင် တပည့်မနှစ်ဦးရှေ့တွင် ထုံးစံအတိုင်း နောက်ပြောင်လေတော့သည်။ အစဦးကပင် မည်သူနှင့်မျှ စကားမပြောလို၍ သီးခြားရှောင်နေရာတွင် လိုက်လံပြီး နောက်ပြောင်မှုမှာ ဆရာမြဆက်အတွက် အရှက်ရစေသည်။ အံနာပေါ် တုတ်ထိသည် ဟူသော စကားအတိုင်း ဆတ်ဆတ်ခါ နာကြည်းဒေါသထွက်လေတော့သည်။ ဒေါသမုန်တိုင်းအဟုန် မည်မျှပြင်းထန်သည်ကို ဆိုရသော် သူသတိရသည့်အချိန်တွင် တပည့်မ သောင်းတင်က လက်ဆွဲထား၍ မငွေးက အခြားဆရာများ ခေါ်လာသည်။ သူငယ်ချင်းဆရာဘသင်မှာ သူ့ကုလားထိုင်ပေါ်တွင် မောင်းချစားတန်းလန်းနှင့် အသက်ပျောက်နေသည်ကို တွေ့ရလေတော့သည်။

"ဆရာမြဆက်ကို မင်းဘူးစက်ရှင်ရုံးမှာစစ်ပါတယ်။ ဘုရားတရားမြဲသူဖြစ်လေတော့ တရားသူကြီးက အရှက်နဲ့ယှဉ်သော 'ထိန်းမရသော ဒေါသမုန်တိုင်းကြောင့် ဖြစ်ပွားသောမှုခင်း' လို့ မှတ်ချက်ပြုပြီး ထောင်ဒဏ်ကျခံစေပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားတော့ ဆရာမြဆက်တို့လည်း ထောင်ကလွတ်ပါတယ်"

ဟု ဘိုးထွန်းအင်က သင်ခန်းစာယူသင့်သည့် ဝမ်းနည်းဖွယ် ရေးဖြစ်ဟောင်းအကြောင်းကို အဆုံးသတ်လိုက်လေသည်။

ကျွန်ုပ်သည် အထူးအာဏာရ ပထမတန်း နယ်ပိုင်ရာဇဝတ်တရားသူကြီးတစ်ဦးအဖြစ် အမှုများစစ်ဆေးခဲ့ရာတွင် ကြိုတင်စီမံဆောင်ရွက်သောအမှု၊ ပြုလေ့ရှိသောပြစ်မှု၊ အရှက်ကိုကာကွယ်သောအမှု၊ အသက်ကို ကာကွယ်ရာမှ ဖြစ်သောပြစ်မှု၊ စည်းစိမ်ဥစ္စာကို ကာကွယ်ရာမှ လက်လွန်မှုစသည်တို့ကို စစ်ဆေးကြားဖူးရာ ဤအမှုမှာ စိတ်ညစ်လျက်ရှိနေသူတစ်ဦးကို မဆင်မခြင် သွားရောက် နောက်ပြောင်ခြင်းမှ လူသတ်မှုအဖြစ်အထိ ဖြစ်ပွားရခြင်း ဖြစ်သည်။ သို့ဖြစ်ရာ နောင်လာနောက်သား လူငယ်များအတွက် အချင်းချင်း နောက်ပြောင်မှုက အဆင်မသင့်လျှင် အသက်အန္တရာယ်ပင် ရနိုင်သည်ဟူသော သတိတရားရစေရန် မှတ်တမ်းပြုလိုက်ပါသည်။

ဆရာမြဆက်သည်လည်း လူ့အဖိုးတန်၊ ဆရာဘသင်လည်း သူ့အဖိုးတန်၊ အချိန်အခါမဟုတ်သည့်တိုင် တန်ဖိုးမရှိသောစကားကိုဆိုမိသောကြောင့် ဒေါသမုန်တိုင်းထန်ကာ နှစ်ဦးစလုံး အကျိုးမဲ့စေသည်ကို သတိပြု နမူနာယူရပါမည်။ သူတို့နှစ်ဦးတွင်သာ အကျိုးမဲ့သည်မဟုတ်၊ စလင်းမြို့နီစီပယ်ကျောင်းတွင် ဆရာကောင်း (၂) ဦးဆုံးရှုံးရသည်။ တပည့်များအတွက် သင်ကြားလက်စ ဆရာကောင်းများ လက်လွှတ်ရသည်။ သူတို့တွင်မက ပတ်ဝန်းကျင်ပါ ပျက်စီးသွားရာ ဤအမှုမျိုးမဖြစ်စေရန် အားလုံးက ဝိုင်းထိန်းရန် လိုအပ်လာသည်။

ဘိုးထွန်းအင်နှင့် စကားအဆုံးတွင် တိုက်တိုက်ဆိုင်ဆိုင် -

လယ်ပြင်ကျောင်း ဆရာတော် ဦးကုသလ ကြွလာသည်ကို တွေ့ရ၍ ဆရာတော်ဖူးရန် တိုက်ခြောက်ဘက်ရှိ ကွပ်ပျစ်များတွင်သာ နေရာယူကြရသည်။ ဆရာတော်သည် အခါအားလျော်စွာ ညနေခင်းပိုင်းတွင် ကြွစမြဲဖြစ်ပါသည်။ ကျွန်ုပ်ယောက္ခမ သူကောင်းမ မယ်ဉာဏ်[၁]သည် လယ်ပြင်ကျောင်းဒါယိကာမဖြစ်ရာ အသက်(၉၀)ကျော် ကျောင်းအမအား ဆရာတော်သည် မကြာခဏ ကြွရောက်တရားပြမြဲဖြစ်သည်။ ကျောင်းအမနေမကောင်းဟု ကြား၍ ကြွလာတော်မူခြင်း ဖြစ်၏။

ဆရာတော်အား ကန်တော့နေစဉ် မင်းကတော် အိုးသူကြီးမယ်မှင်ထံမှ အိုးသံပန်းကန်သံများ ကြားရတော့သည်။ အိုးသူကြီး မယ်မှင်သည် သူ့ခင်ပွန်း မောင်လှ အရက်သောက်လာသည်ထင်၍ ဒေါသထပြန်ပြီ။ ကျွန်ုပ်၏ နှမ မယ်ဂိုသည်လည်း သူ့ခင်ပွန်း မြတ်သာဒွန်းနှင့် မကြာခဏ ဒေါသပုန်ထတတ်သည်။ ကျွန်ုပ်မှာ အိုးသူကြီး မယ်မှင်ကို သတိပေးရန်လိုသည့်အတွက်၊ ဆရာတော် ကြွရောက်တော်မူကြောင်းသိစေရန်အတွက် အိမ်ရှေ့ထွက်၍ ဆရာတော်အား ဖူးမြော်စေရန် အခေါ် လွှတ်ရပါသည်။

ဆရာတော်သည် သူ၏ကျောင်းအမကြီး နေမကောင်းချိန်၌ ဆူညံပြုမှုဆောင်ရွက်မှုကို မနှစ်သက်လေရကား ဆရာတော်က -

"ဟဲ့ - မယ်မှင်၊ နင်ငါရောက်မှန်း မသိဘူးလား"

ဟု မေး၏။

"တပည့်တော်မ မသိကြောင်းပါဘုရား"

ဟု ဖြေလေသည်။

"မယ်မှင်၊ နင့်ဘဘကြီးမျက်နှာသစ်တဲ့ကြေးဖလားထဲက ရေကို နင် ငုံ့ကြည့်လျှင် ဘာတွေ့မလဲ"

ဟု ဆရာတော်က မေးမြန်းသည်။

မယ်မှင်က သွက်လက်စွာဖြင့် -

"ရေတွေတွေ့တယ်ဘုရား"

ဟု ဖြေသည်။

"ဪ - တယ်ခက်တာကိုး။ ကဲကဲ-ငါမေးပါဦးမယ်၊ နင်ကန်လည်ဘုရားရောက်ဖူးလား"

ဟု မေးသည်။

"ရောက်ဖူးပါတယ် ဘုရား"

ဟု ဖြေသည်။

"လေမိုးမရှိတဲ့အချိန်မှာ ကန်ရေပြင်ကို ငုံ့ကြည့်ရင် နင့်မျက်နှာကိုမြင်ရတယ်မဟုတ်လား"

ဟု မေးလေသည်။

"မှန်လှပါဘုရား"

ဟု မယ်မှင်က ဖြေသည်။ ဆရာ



www.burmeseclassic.com


www.burmeseclassic.com

# လေယာဉ်ရတနာသိုက်များ

## လှမိုး(မဉ္ဇာရေး)

ကျွန်တော်သည် ဤမဂ္ဂဇင်းကြီး အပါအဝင် အခြားမဂ္ဂဇင်းများနှင့် ဂျာနယ်အချို့တွင် ဒုတိယကမ္ဘာစစ်ကြီး အတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးသွားခဲ့သော ရတနာရွှေငွေ များကို သိုက်ဆရာရတနာမုဆိုးများက တစိုက်မတ်မတ်ရှာဖွေခဲ့ကြပုံဆောင်းပါး များကို အခါအားလျော်စွာ ရေးသား ဖော်ပြခဲ့ပါသည်။ သာဓကအားဖြင့် ပျောက်ဆုံးခဲ့ရသော အီတလီဖက်ဆစ် ခေါင်းဆောင်ကြီး မူဆိုလီနီနှင့် အင္ဂတ္တဝါ ပျော် ပင်လယ်ဓားပြကြီး ဗိုလ်မုတ်ဆိတ်၏ ရတနာသိုက်တို့ကို ဆက်လက် ရေးသားခဲ့ပါသည်။

မှန်ပါသည်။ဤလောကီဘုံအဆန် တွင် လူအများသည် သဘော်ပျက်များမှ ရတနာများ၊ တောတောင်စုံမြိုင်ဂနိုင် အတွင်းမှ ရတနာရွှေငွေများကို ချမ်းသာ တောတောင် ကန္တာရများအတွင်း လည်းကောင်း ဒုတိယကမ္ဘာစစ်ကြီးအ တွင်းက ပျောက်ဆုံးခဲ့ရသော လေယာ ပုံများကို စွန့်စွန့်စားစား ဘေးအန္တရာယ အမျိုးမျိုးရင်ဆိုင်၍ ရှာဖွေခဲ့ကြသည် တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့ မည်။ ဤဆောင်းပါး ရေးသားနေစဉ်မှာ ပင် အေပီသတင်းဌာနမှ သတင်းတစ်ပု ကို ကိုးကား၍ စိတ်ဝင်စားဖွယ် ခေါင်း စဉ်ဖြင့် ဖော်ပြထားသော အင်တာနက်



ပျောက်ဆုံးနေသော နာဇီဂျာမန်တို့၏ ရတနာပစ္စည်းများ၊ ဗိုလ်ချုပ်ကြီးရာမာရှိ တာ၏ပျောက်ဆုံးနေသောရတနာသိုက် နှင့် ဗိုလ်ချုပ်ကြီးမတ်အာသာ၏ရတနာ သိုက်တို့ ဖြစ်ကြပါသည်။

ယခု ရေးသားမည့် ဆောင်းပါး အား ထိုစဉ်ကာလကပင် ဆက်လက် ရေးသားမည်ဟု ကြံရွယ်ကာ စာအုပ် စာတမ်းများကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုခဲ့ပါသည်။ သို့သော် ခိုင်မာ တိကျသော အထောက်အထား အချက် အလက်များမတွေ့ရသဖြင့် ယခုဆောင်း ပါးအား ဆက်လက်ရေးသားခြင်းမပြုခဲ့။ အခြားဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကြွယ်ဝလိုသော ဝိသမလောဘကြောင့် မိမိတို့အသက်ကိုစွန့်၍ ဆင်းရဲဒုက္ခနှင့် ဘေးအန္တရာယ်အသွယ်သွယ်ကို ကျော ခိုင်းကာ ရှာဖွေခဲ့ကြပါသည်။ သို့သော် အချို့သောလူစွန့်စားများမှာမူ အထက် ဖော်ပြပုဂ္ဂိုလ်များကဲ့သို့ ရတနာရွှေငွေ များ၊ ရတနာသိုက်များကို ရှာဖွေခြင်း မပြုကြဘဲ မိမိတို့ ဝါသနာအရ ပင်လယ် အောက်ကြမ်းပြင်သို့ လည်းကောင်း၊ သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပျောက်ဆုံးခဲ့သော နာဇီဗုံးကြဲတိုက်လေယာဉ်တစ်စင်း မြိတ်သျှရေလက်ကြားမှ ဆယ်ယူရရှိ**

*လန်ဒန် ၂၀၁၃၊ ဇွန်လ၊ ၁၀ ရက်*

အင်္ဂလန်နိုင်ငံမှ ပြတိုက်တစ်ခု

---

တော့်ထံမှ သက်ပြင်းချသံလည်း ကြား မိသည်။

"ကိုင်း- မယ်မှင် သဘောပေါက် ပြီ။ အဲဒီကြည်နေတဲ့ ကန်ရေပြင်မှာ မိုး ရော လေမုန်တိုင်းပါကျနေရင် ဘာတွေ ဖြစ်နေမလဲ"

ဟု မေးပြန်သည်။

"လှိုင်းများထနေပါဘုရား"

ဟု ဖြေသည်။

"ကဲ - ဒကာမကြီး မယ်ဂိုကဖြေ။ အဲဒီအချိန်မှာ မယ်မှင်က ရေပြင်ငုံ့ကြည့် ရင် အရင်လို သူ့ရုပ်သူမြင်ရဦးမလား"

ဟု ကျွန်ုပ်၏နှမမယ်ဂိုကို မေးလေ သည်။

ထိုအခါ မယ်ဂိုတွင်မဟုတ် မယ် မှင်ကပါ -

"လှိုင်းထနေတော့ ကိုယ့်ရုပ်ကို မမြင်နိုင်ပါဘုရား"

ဟု လျှောက်ကြသည်။

"အေး - လှိုင်းထလို့ ဒေါသမုန် တိုင်းကြီးတိုက်ပြီဆိုရင် ဆင်ခြင်ဉာဏ် မရှိဘူး။ အမှား၊ အမှန်မသိတော့ဘူး။ ဒကာမကြီး မယ်ဂိုရော မယ်မှင်ပါ သတိ တရားထားပါ။ ဒေါသမုန်တိုင်းဟာ ဆိုး လှပါတယ်။ ဒေါသမုန်တိုင်းမထအောင် နေကြ။ သံသရာမှာရော ယခုဘဝမှာပါ အကျိုးပေးလိမ့်မယ်"

ဟု ဆုံးမစကားဟောကြားတော် မူလေသည်။

ကျွန်ုပ်၏ သားသမီးမြေးမြစ်များ ဒေါသမဖြစ်အောင် ဆင်ခြင်နိုင်ကြပါ စေ။ ဒေါသသည် အမှားကိုသာ ဖြစ်စေ သည်။

**အနောက်တံခါးမှူးမောင်မှူး**

၁။ Un controllable anger

၂။ ဓားပြလင်အား ဖမ်းမိရာ ဒေသ ကို ရွာတည်သည်ဟု ကြားဖူးပါ သည်။ ငလင်ဘန်း မဟုတ်ပါ။

၃။ အငြိမ်းစား ကျောင်းအုပ်ဆရာ ကြီး ဦးကျော်သိန်းမှာ တောင် ဥက္ကလာတွင် နေထိုင်လျက်ရှိ သည်။


၄။ နောင်တွင် လွတ်လပ်ရေးမော် ကွန်းဝင် ဒေါ်သောင်းတင်၊ ဗိုလ် မှူးကျော်လှအောင်ဇနီး (ကွယ် လွန်)၊ မလှဋ္ဌေးမှာ ပေါင်းပင်းဇင်း ရပ်ကွက်သူကြီး ဦးညွန့်လှိုင်၏ ညီမ (ကွယ်လွန်)


၅။ လယ်ပြင်ကျောင်းဒါယိကာမ သူ ကောင်း မယ်ဉာဏ် နေထိုင်ခဲ့ သော တိုက်နေရာနှင့် ဝိုင်းအရှေ့ ဘက်ခြမ်းတစ်ဝက်ကို ပေါင်းပင် ဇင်းရပ် မူလတန်းကျောင်းအတွက် သူ၏မြေးများဖြစ်သော ဒေါ်ခင် စိန်ဒိုင်နှင့် ဦးစိန်ရိုးတို့က လှူဒါန်း ထားသည်။ သူကောင်းမ မယ် ဉာဏ်သည် ၁၉၅၈ ခုနှစ်တွင် ကွယ်လွန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဟိုးဟိုးကျော်ခဲ့သော ရှားပါးလှသည့် နာဇီတိုက်လေယာဉ်တစ်စင်းကို ဗြိတိသျှ ရေလက်ကြားအတွင်းမှ အောင်မြင်စွာ ဆယ်ယူနိုင်ခဲ့သည်ဟု သတင်းရရှိသည်။

ထိုစဉ်ကာလက ဗြိတိသျှအမျိုးသားများက 'ခဲတန်ပျံ' (Flying Pencil) ဟု ကင်ပွန်းတပ်အမည်ပြောင်ပေးထားသော အဆိုပါ လေယာဉ်သည် ဗြိတိန်နိုင်ငံတိုက်ပွဲအတွင်း (Battle of Briton) လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်က အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း ကန်မြို့ ကမ်းရိုးတန်း၌ ဗြိတိသျှဘုရင့် လေတပ်မတော်မှ လေယာဉ်များက ပစ်ချခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က နာဇီဂျာမန်လေတပ်မတော်သည် အင်္ဂလန်နိုင်ငံ အရှုံးပေး၍ ငြိမ်းချမ်းရေးလက်ကမ်းရန် နေ့စဉ် နေ့ ညအဆိုင်းခွဲ၍ အင်္ဂလန်နိုင်ငံရှိ မြို့ရွာအများအား ဗုံးကြဲတိုက်ခိုက်နေသည့် အချိန် ဖြစ်သည်။ အထက်ဖော်ပြပါ ဆယ်ယူရရှိသော လေယာဉ်မှာ နာဇီဂျာမန် ဒွန်နီယာဒို အမှတ်(၁၇)ဖြစ်သည်။ ထိုလေယာဉ်၏ စွမ်းအင်ကို နာဇီလေတပ်မတော် ဝန်ကြီး မာရှယ်ဂိုအာရင်းက မကြာခဏကြွားလုံးထုတ်ခဲ့သည်ဟုလည်း သိရ၏။ အထက်ဖော်ပြပါ ဆယ်ယူရရှိသော လေယာဉ်ကိုဆိပ်ကမ်းသို့ သယ်ဆောင်လာမည်ဖြစ်ကြောင်း ပြတိုက်မှ ပြောရေးဆိုခွင့်ပြုသူတစ်ဦးက မီဒီယာများအား ထုတ်ဖော် ပြောပြခဲ့သည်။

ဗြိတိသျှဘုရင်မကြီး၏ လေတပ်မတော်ပြတိုက် (R.A.F) သည် အဆိုပါ လေယာဉ်ကို ပင်လယ်ကြမ်းပြင်မှ ဆယ်ယူရန် သီတင်းပတ် အနည်းငယ် နှောင့်နှေးခဲ့ရသည်ဟုဆိုသည်။ ကျွမ်းကျင်သော ရေငုပ်သမားများသည် ရေအနက် တစ်ဆယ့်ငါးမီတာ၌ မပျက်စီးဘဲရှိနေသော အဆိုပါ လေယာဉ်ကို ၂၀၀၈ ခု နှစ်ဦးပိုင်းကပင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆယ်ယူနိုင်ခြင်းမရှိခဲ့။

အဆိုပါလေယာဉ်မှာ နှစ်ပေါင်း (၆၀) ကျော် (၇၀) နီးပါး အချိန်ကာလကြာမြင့်ခဲ့သော်လည်း အံ့ဩစရာကောင်းလောက်အောင် မပျက်စီးဘဲရှိနေသည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်ဟုလည်း ဆိုသည်။

အထက်ဖော်ပြပါ ဗြိတိသျှဘုရင်မကြီး၏ လေတပ်မတော်မှ ပြတိုက်အရာရှိများသည် ယင်းဒုတိယကမ္ဘာစစ်ကြီး၏ အမှတ်အနှစ်တစ်ခုဖြစ်သော ထိုလေယာဉ်ကို စနစ်တကျ ပြန်လည်ထိန်းသိမ်းထားရန် စီစဉ်ထားပြီး အထက်ဖော်ပြပါ ဗြိတိန်နိုင်ငံ လေကြောင်းစစ်ပွဲအတွင်း ပျက်ကျခဲ့သော ဗြိတိသျှဘုရင့်လေတပ်မတော်မှ ဟော့ကာဟာရီကိန်းတိုက်လေယာဉ်ပျက်တစ်စီးနှင့်အတူ ပြသထားရန် စီစဉ်ထားသည်ဟု ဆိုသည်။

ယင်းသတင်းကိုပင် အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများ၊ ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း ဖော်ပြခဲ့သဖြင့် မျိုးဆက်သစ်လူငယ်အများအပြားက ထိုလေယာဉ်အား တစုတဝေး သွားရောက် ကြည့်ရှုကြသည်ဟု သိရ၏။ ဘီဘီစီရုပ်သံလွှင့်ဌာနမှလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ပွဲများအကြောင်းဆွေးနွေးခန်းကို ထိုစဉ်ကာလက ဘုရင်လေတပ်မတော်မှ စစ်မှုထမ်းဟောင်းများနှင့် ဆွေးနွေးခန်းကို ထုတ်လွှင့်ပေးခဲ့သဖြင့် ထိုလေယာဉ်မှာ ဟိုးဟိုးကျော်ခဲ့ရ၏။

အခြားလေယာဉ်ပျက်ရှာပုံတော်ဖွင့်ခဲ့သူများမှာ အမေရိကန်ပြည်ထောင်စု ကန်တပ်ကီပြည်နယ်မှ လေယာဉ်ပျံသိက်ရှာပုံတော်ဖွင့်ခဲ့သူများ ဖြစ်သည်။ ထိုအဖွဲ့ဝင်များသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း လူလူသူသူဖြစ်လာကြသူများ ဖြစ်ကြသော်လည်း စစ်မှုထမ်းရန် အသက်မပြည့်သဖြင့် ကျောင်းသားငယ်များအဖြစ် ဒုတိယကမ္ဘာစစ်ကြီး၏ ဝမ်းနည်းကြေကွဲဖွယ် အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင် စောင့်ကြည့်ခဲ့ရသူများသာဖြစ်၏။ ထိုအဖွဲ့အားလုံးသည် ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ စစ်မျက်နှာအသီးသီးတွင်အသုံးပြုနေသော P-38 အမျိုးအစား လျှပ်စီးဟု (P - 38 Lightning) အမည်ပေးထားသော လေယာဉ်ပျံကို အသုံးပြု၍ တိုက်ပွဲဝင်ခဲ့သည်။

ယင်းလေယာဉ်ပျံများမှာ အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာကျော် လေယာဉ်တည်ဆောက်ရေးကုမ္ပဏီဖြစ်သော လော့ဟီ(Lockheed)ကုမ္ပဏီကြီးမှ တည်ဆောက် ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး တစ်နာရီလျှင် မိုင် (၄၀၀) နှုန်း မောင်းနှင်ပျံသန်းနိုင်ပြီး ဥရောပတိုက်စစ်မျက်နှာ အရှေ့တောင်အာရှနှင့် ပစိဖိတ်စစ်မျက်နှာများတွင် အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ အသုံးပြုခဲ့သည်။ အင်ဂျင်နှစ်လုံးတပ်လေယာဉ်ပျံများဖြစ်သည်။ ထိုစဉ်က ပြိုင်ဘက်နိုင်ငံများဖြစ်သော ဂျာမနီနိုင်ငံ နာဇီလေတပ်မတော်မှ ဗုံးကြဲလေယာဉ်နှင့် တိုက်လေ



www.burmeseclassic.com

www.burmeseclassic.com

ယာဉ်များ၊ ဂျပန်ဘုရင်လေတပ်မတော်မှ ဇီးရိုးတိုက်လေယာဉ်ပျံများထက် အစစအရာရာ လွှမ်းမိုးနိုင်သည်ဟု ဆိုသည်။ သို့ဖြစ်၍ စစ်ပြိုင်နိုင်ငံများမှ လေတပ်မတော်များကကြောက်ရွံ့ကြရပြီး အမေရိကန်လေတပ်မတော်မှ လေတပ်မတော်သားများက အထူးနှစ်သက်ကြသည်ဟု သိရ၏။

မှန်ပါသည်။ ထိုလေယာဉ်ပျံအမျိုးအစားများသည် ကျွန်တော်တို့မြန်မာနိုင်ငံစစ်မျက်နှာတွင် အမေရိကန်ပြည်ထောင်စုလေတပ်မတော်က အသုံးပြုခဲ့ရာ မြန်မာလူထုကမူ ထိုလေယာဉ်ပျံများကို ကြွေများဟု ကင်ပွန်းတပ်ခဲ့ကြသည်။ လေယာဉ်တွင် တပ်ဆင်ထားသော စက်သေနတ်များ စစ်အမြောက်များဖြင့် လှည်း၊ မော်တော်ကား၊ လှေ၊ သင်္ဘောများကို ပစ်ခတ်နှစ်မြှုပ်လေ့ရှိသည်။ ယင်းလေယာဉ်များတွင် တပ်ဆင်ထားသော (50 caliber) စက်သေနတ်များမှာ ပစ်အားကောင်းသည်ဟု ဆိုသည်။

ယခု ရေးသားဖော်ပြမည့်ဖြစ်စဉ်မှာ အတော်အသင့်ဆန်းသည်ဟု ဆိုရမည် ဖြစ်ပါသည်။ ထိုဖြစ်စဉ်တွင် ၁၉၄၂ ခု၊ ဇူလိုင်လအတွင်း အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ အထက်ဖော်ပြပါ P-38 အမျိုးအစား တိုက်လေယာဉ်ရှစ်စင်းနှင့် P-17 အမျိုးအစား ဗုံးကြဲလေယာဉ် နှစ်စင်းအား အင်္ဂလန်နိုင်ငံသို့ပို့ရန် မြောက်အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ပို့ဆောင်စဉ် လေယာဉ်အားလုံး ပျောက်ဆုံးသွားခဲ့သည်။ ဗြိတိသျှအစိုးရနှင့် အမေရိကန်ပြည်ထောင်စုလေတပ်မတော်တို့သည် ယင်းပျောက်ဆုံးသွားသော လေယာဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေခဲ့ကြသော်လည်း တစ်စုံတစ်ရာ သဲလွန်စ မရရှိခဲ့။ ထိုလေယာဉ်ပျံများ ပျောက်ဆုံးသွားရမှုသည် ဒုတိယကမ္ဘာစစ်သမိုင်းတွင် မည်သူမျှ လူအများ လက်ခံနိုင်မည့် သဘာဝကျသောအဖြေကို မပေးနိုင်ခဲ့ကြ။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ နှစ်ပေါင်း (၆၀) ကျော်ခဲ့သောအခါ ဤဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စု ကန်တပ်ကီပြည်နယ်မှ လေယာဉ်ပျံသိုက်ရှာဖွေသူများသည် အထက်ဖော်ပြပါ P-38 အမျိုးအစား လေယာဉ်ပျက်တစ်စီးအား မြောက်အတ္တလန္တိတ်ရေခဲပြင်အောက်မှ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုလေယာဉ်မှာ အထက်ဖော်ပြပါ ပျောက်ဆုံးခဲ့သော လေယာဉ်အုပ်စုမှ လေယာဉ်ပျံတစ်စင်း ဖြစ်နေသည်ကို တွေ့ရတော့၏။

အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးပြီးသည်နှင့် အထက်ဖော်ပြပါ လေယာဉ်အမျိုးအစားပေါင်း တစ်သောင်းကျော်ကို စစ်ပိုလျှံပစ္စည်းများအဖြစ် ရောင်းချခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ယခုရေခဲပြင်အောက်မှ တွေ့ရှိရသော P-38 အမျိုးအစား လေယာဉ်ပျက်အား အမေရိကန်ပြည်ထောင်စုသို့ သယ်ဆောင်၍ အမေရိကန်ပြည်ထောင်စု လေတပ်မတော် ပြတိုက်တွင်း ပြသထားရန် စီစဉ်ထားသည်ဟု သိရ၏။

၂၀၁၂ ခုနှစ်၊ ဇူလိုင်လအတွင်း ထုတ်လွှင့်ခဲ့သော ဘီဘီစီရုပ်သံလွှင့်သတင်းနှင့် အင်တာနက်သတင်းများတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရန်ကုန်မြို့တော်အား ဂျပန်တို့ သိမ်းယူခြင်းမှကာကွယ်ရန် ကြိုးပမ်းခဲ့သော ဗြိတိသျှဘုရင့်လေတပ်မတော်တို့ ရန်ကုန်မှ အောင်မြင်စွာ ဆုတ်ခွာခဲ့သောအခါ အထက်ဖော်ပြပါ စပစ်ဖိုင်းယားလေယာဉ်ပျံအသစ်အချို့အား ရန်ကုန်မြို့ဆင်ခြေဖုံးတစ်နေရာတွင် ဗြိတိသျှဘုရင်တပ်မတော် အာဏာပိုင်များက စနစ်တကျ လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့သည်ဟု သတင်းမီဒီယာတစ်ခု၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြခဲ့သည်။

ယင်းသတင်းကို နိုင်ငံတကာမှ ရုပ်သံလွှင့် အစီအစဉ်များမှလည်း ထုတ်လွှင့်ခဲ့ပြီးခဲ့ပြီ။ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်း အကျယ်တဝင့် ဖော်ပြခဲ့သဖြင့် အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။ သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှဘုရင့်လေတပ်မတော်မှ စပစ်ဖိုင်းယားလေယာဉ်များမှာ ထိုစဉ်ကာလက စစ်ပြိုင်နိုင်ငံများမှ တိုက်လေယာဉ်များထက် ခေတ်မီ၍ လေယာဉ်မှူးများကြိုက်နှစ်သက်သော တိုက်လေယာဉ်များဖြစ်သည်ဟု သိရ၏။ စပစ်ဖိုင်းယားလေယာဉ်မှာ ကိုယ်ထည်အရှည် ပေလေးဆယ်၊ အမြင့် တစ်ဆယ့်တစ်ပေ၊ အတောင်ပံအကျယ် ကိုးပေရှိသည်ဟုဆိုသည်။

ထိုသတင်းကို အခြေခံ၍ ၎င်းရန်ကုန် အခြေစိုက်သတင်းထောက်တစ်ဦး၏ သတင်းပေးပို့ချက်ကို အခြေပြုကာ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် ဩစတြေးလျနိုင်ငံ ရုပ်သံလွှင့်ဌာနမှ ထုတ်လွှင့်သော ဝက်(ဘ်)ဆိုက်သတင်းတွင် အထက်ဖော်ပြပါ စပစ်ဖိုင်းယားလေယာဉ်ပျံများ၏ သတင်းကို အသေးစိတ် ဖော်ပြထားခဲ့သည်။ ထိုဝက်(ဘ်)ဆိုက်သတင်းအရ ဖော်ပြရလျှင် လက်ရှိအနေအထားအရ ကမ္ဘာပေါ်တွင် စပစ်ဖိုင်းယားလေယာဉ် သုံးဆယ့်ငါးစင်းခန့်သာ ကျန်တော့သည်ဟု ဆိုသည်။

ပျံသန်းနိုင်သောအဆင့်ရှိသည်။ စပစ်ဖိုင်းယားလေယာဉ်များမှ လက်ရှိလေယာဉ်ဟောင်း စုဆောင်းသူများအကြားတွင် အလွန်နာမည်ကျော်ကြားလူကြိုက်များခဲ့ရာ ၂၀၀၉ ခုနှစ်က ဗြိတိသျှလေလံကုမ္ပဏီတစ်ခုဖြစ်သော ဘွန်ဟမ်သည် အထက်ဖော်ပြပါ စပစ်ဖိုင်းယားလေယာဉ်တစ်စင်းကို လေလံတင်ရောင်းချခဲ့ရာ စတာလင်ပေါင်တစ်သန်းခုနှစ်သိန်းကျော် ရရှိခဲ့သည်။ (အမေရိကန်ဒေါ်လာနှစ်သန်းခွဲ)

ထိုဝက်(ဘ်)ဆိုက် သတင်းမှာပင် အင်္ဂလန်နိုင်ငံသား လေကြောင်းသုတေသီတစ်ဦးဖြစ်သော ဒေးဗစ်ဂျေကန်ဒေါ(လ်) ဆိုသူသည် မြန်မာနိုင်ငံသို့ (၁၂) ခေါက်တိတိ လာရောက်၍ စနစ်တကျ ပတ်ဝန်းကျင် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ ဤသို့ရှာဖွေရန်အတွက် အမေရိကန်ဒေါ်လာ နှစ်သိန်းခန့်ကအကုန်ခံ၍ စုံစမ်းရှာဖွေခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ မှတ်တမ်းများအရ ထိုလေယာဉ်ပျံများကို ဒုတိယကမ္ဘာစစ်အတွင်းက ပို့ဆောင်ထားခဲ့ခြင်းဖြစ်ပြီး ထိုလေယာဉ်များကို ပထမအဆင့်အနေဖြင့် အစင်း(၆၀)တူးဖော်မည်ဖြစ်ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မင်္ဂလာဒုံတွင် (၃၆) စင်း၊ မြစ်ကြီးနားတွင် (၁၈) စင်းနှင့် မိတ္ထီလာတွင် (၆) စင်းဖြစ်သည်ဟု သိရ၏။

ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကလည်း ဤသို့တူးဖော်ရာတွင် မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်မည်ဟု အတည်ပြုပြောကြားသဖြင့် ဤလေယာဉ်ပျံသိုက်ရှာပုံတော်ကို ကျွန်တော်တို့အဖို့ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

လှမိုး (ပညာရေး)

**ကျမ်းကိုး -**

၁။ The Hunt for Amazing Treasure

၂။ အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဒလမင်းခေါင်
# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်




### အခန်း (၁၉)
### စီးပွားရေး လူမှုရေးနှင့် အိမ်ထောင်ဖက်ရွေးချယ်ခြင်း
### (How to Select Partner in Marriage, Business and for Social Pur- poses)

ယနေ့ခေတ်တွင် အိမ်ထောင်ရေး ကွာရှင်းပြတ်စဲမှုပေါများနေခြင်းမှာ အိမ်ထောင်ဖက် အရွေးအချယ်မမှန်၍ ဖြစ်သည်။ လက်တွေ့အမြင်အနေနှင့် ဆွဲဆောင်မှုရှိသော်လည်း အယူအဆ၊ အကျင့်စရိုက်အနေနှင့် မိမိနှင့်မတူခြားနားနိုင်သည်။ ထို့ကြောင့် ပြတ်စဲရခြင်းအကြောင်းရင်းမှာ အိမ်ထောင်ရွေးချယ်မှုအပေါ် မူတည်ပါသည်။

**အိမ်ထောင်ဖက်ရွေးနည်း**

**(How to select your partner in marriage)**

အိမ်ထောင်ရေးမှာ ရာသက်ပန်တည်မြဲရေးအတွက် အမြင်ပြောင်းချိန်ရောက်လာပါပြီ။ အိမ်ထောင်ဖက်ရွေးရာတွင် 'အသွင်တူမှ အိမ်ထောင်ဖြစ်' ဥပဒေသကို အသုံးပြုရမည်။ အသွင်မတူသူ၊ ဆန့်ကျင်ဘက်၊ အစွန်းရောက်သူများကို ရှောင်ရမည်။ အိမ်ထောင်ဖက်အချင်းချင်း တုန်လှုပ်ရိုက်ခတ်မှုတူညီလေလေ အိမ်ထောင်ရေးသာယာပျော်ရွှင်တည်မြဲမှုရှိလေလေ ဖြစ်သည်။

**ဘယ်လိုလူကို လက်ထပ်သင့်သလဲ**

**(Whom you should marry)**

အိမ်ထောင်ပြုပါက ဘဝမှတ်တိုင်ဂဏန်းနှင့် ကိုယ်ပိုင်နှစ်ဂဏန်းများသည် အရေးပါသည်။ သို့သော် ၎င်းတို့ကို ပြောင်းနိုင်သည်။ သို့ဖြစ်၍ နှလုံးသားဆန္ဒ၊ ဝိညာဉ်တွန်းအားဂဏန်းကို ဆန်းစစ်ရမည်။ အိမ်ထောင်ဖက်နှစ်ဦး၏ ဂဏန်းများကို ဆန်းစစ်ရမည်။ ၎င်းဝိညာဉ်တွန်းအားဂဏန်းသည် အသက်ရှင်နေသမျှ ကာလတစ်လျှောက် တည်ရှိနေသည့်ဂဏန်း ဖြစ်သည်။ ၎င်းဂဏန်းကို ဆန်းစစ်ရာ၌ ကိုယ်ရေးကိုယ်တာကို အလေးထားသော အတွင်းစိတ်သမားနှင့် သူတစ်ပါးအရေး၊ ပြင်ပရေးရာကို အလေးထားသော အပြင်သမားလား ဆန်းစစ်ရမည်။

အကယ်၍ အိမ်ထောင်ဖက်အမျိုးသမီးက အပြင်စိတ်သမားဖြစ်က ယောကျ်ားဖြစ်သူက ကြီးကြပ်စီစဉ်သူအဖြစ်နေရာပေးရမည်။ အချစ်စိတ်ကြောင့် လူတွေသည် အကျိုးအကြောင်းဆင်ခြင်ရန်ခက်ခဲသည်။ သို့ဖြစ်၍ ဝမ်းနည်းကြေကွဲစရာမဖြစ်အောင် ကြိုတင်သတင်းပေးချက်ကို သတိပြုလိုက်နာသင့်သည်။ ဂဏန်းဗေဒင်ပညာက အိမ်ထောင်ဖက်၏ စိတ်နေစိတ်ထားကို ဖော်ပြသည်။ သို့ရာတွင် ရွေးချယ်မှုကား ကာယကံရှင်အပေါ် မူတည်သည်။

လက်မထပ်မီ အောက်ပါအချက်ဆန်းစစ်ထားပါက အဆင်ပြေ၍ သာယာသော အိမ်ထောင်ရေး ဖြစ်နိုင်ပါသည်။

အဆင့်(၁) နှလုံးသားဆန္ဒဝိညာဉ်တွန်းအားဂဏန်းချင်းတူက နှစ်ဦးသားမှာ ဆွဲအားကောင်းသည်။ ထို့ပြင် ဘဝလမ်းကြောင်းဂဏန်းချင်းတူပါက အတွဲညီ အိမ်ထောင်ဖက် ဖြစ်သည်။

အဆင့်(၂) စုံဂဏန်း၊ မဂဏန်း အရတူညီခြင်း၊ လိုက်ဖက်ခြင်း၊ ဆန့်ကျင်ခြင်းကို ကြည့်ရမည်။ တူညီက သဟဇာတဖြစ်မည်။ စုံနှင့်စုံ၊ မနှင့်မဖြစ်က လိုက်ဖက်၍ အကယ်၍ စုံနှင့်မ၊ မနှင့်စုံ ဆန့်ကျင်ဘက်ဖြစ်က မလိုက်ဖက်ပါ။

အဆင့်(၃) ဘဝကံကြမ္မာဂဏန်းချင်းတူက အပြန်အလှန် စိတ်ဝင်စား၍ လုပ်ရှားဆောင်ရွက်မှုတူညီပြီး ပျော်ရမည်။

အဆင့်(၄) ဘဝလမ်းကြောင်းချင်းတူညီပါက စီးပွားရေး၊ လူမှုရေး ရပ်တည်မှုတူညီ၍ အပြန်အလှန် ဆွဲဆောင်မှုရှိမည်။ လေ့လာမှုချင်း၊ အသိဉာဏ်ပညာချင်း တူညီမည်။

အဆင့်(၅) လေဓာတ်ချင်း၊ ရေဓာတ်ချင်း၊ မီးဓာတ်ချင်း သဘောတူပါက ရှုမြင်ပုံ၊ ချဉ်းကပ်ပုံ၊ လုပ်ဆောင်ပုံ တူညီသည်။

အဆင့်(၆) ဘဝပန်းတိုင်ဂဏန်းချင်းတူပါက ရည်မှန်းချက်ပန်းတိုင်ချင်းနှင့် ခရီးသွားလိုသော ဦးတည်ချက်တူ၍ အပြန်အလှန် ဆွဲဆောင်မှုရှိသည်။

အဆင့်(၇) ကိုယ်ပိုင်နှစ်ဂဏန်းချင်း (ဥပမာ နှစ်ဦးစလုံး ၆ ဖြစ်က) တူက အိမ်ထောင်ကျရန် အားကောင်း၍ စိတ်ထဲပြင်းပြမှုရှိနေသည်။

အဆင့်(၈) အကျင့်စရိုက်များနှင့် စိတ်၊ ရုပ်၊ နှလုံးသားခံစားမှုကို ဝိညာဉ်အပိုင်းကို ဆန်းစစ်ရမည်။ တစ်ဦးက နှလုံးသားခံစားချက်ပြင်းပြပါက အခြားစိတ်ပိုင်းဆိုင်ရာအပိုင်းနှင့် ပေါင်းဖက်ပေးရမည်။

အဆင့်(၉) ဘဝကံကြမ္မာဂဏန်းနှင့် ဘဝပန်းတိုင်ဂဏန်း ဆက်စပ်မှုကို ဆန်းစစ်ရမည်။ ဘဝပန်းတိုင်ဂဏန်းက (၉)၊ ဘဝကံကြမ္မာဂဏန်း (၇) ဖြစ်က အိမ်ထောင်ပြုရန် မသင့်တော်ပါ။ ကံကြမ္မာဂဏန်း ၇၊ ၅၊ ၉ ဖြစ်က အိမ်ထောင်ရေး မတည်ငြိမ်တတ်ပါ။ ထို့ပြင် ကိုယ်ရေးကိုယ်တာကို အရေးထားသော အတွင်းစိတ်သမားလား၊ ပြင်ပရေးရာကို အလေးထားသော အပြင်စိတ်သမားလားဆိုသည်ကို ဆန်းစစ်ရမည်။

**ကိုယ်ရေးကိုယ်တာ အလေးထားသူ အတွင်းစိတ်သမားနှင့် ပြင်ပအရေးကို အလေးထားသော အပြင်စိတ်သမားများ ရွေးချယ်နည်း**

**(How td recognize your type- introvert or extrovert)**

ဂဏန်းနှစ်မျိုးရှိသည်။ ၎င်းတို့မှာ အတွင်းစိတ်နှင့် အပြင်စိတ်သမားများ ဖြစ်သည်။ အတွင်းစိတ်သမားများကို 'မ'ဂဏန်းက (၁၊ ၃၊ ၅၊ ၇၊ ၉) ဖြစ်သည်။ အပြင်စိတ်သမားမှာ စုံဂဏန်း (၂၊ ၄၊ ၆၊ ၈) ဂဏန်းနှင့် အထူးဂဏန်းများ ဖြစ်သော (၁၁၊ ၂၂) တို့ ဖြစ်သည်။ အပြင်စိတ်သမားမှာ အပြင်အပတွင် လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်ရခြင်းကို နှစ်သက်၍ အပြင်အပတွင် လှုပ်ရှားရသော ဘဝပျော်ပွဲရှင်ပွဲများသွားရခြင်း၊ လူအများနှင့်တွေ့ဆုံရခြင်း၊ လူမှုရေးအဖွဲ့တွင် လှုပ်ရှားဆောင်ရွက်ခြင်း၊ ပေါင်းသင်းဆက်ဆံတတ်သည့် အတွင်းစိတ်သမားမှာ ပညာရှာမှီးသူနှင့် တွေးခေါ်ပညာရှင်များ ဖြစ်သည်။ ၎င်းတို့သည် နောက်ဆုတ်တတ်ခြင်း၊ တိတ်တိတ်နေတတ်ခြင်း၊ ဣန္ဒြေရှိခြင်း၊ ၎င်းတို့ရည်ရွယ်ချက်၊ သူတို့ရွေးချယ်သောလုပ်ငန်းမှာ အောင်မြင်ရန် ဖြစ်သည်။ ၎င်းတို့သည် မဟာသိပ္ပံပညာရှင်၊ မဟာအနုပညာရှင်ကြီးများ၊ ပညာရေးပါရဂူများ ဖြစ်ကြသည်။ များသောအားဖြင့် ၎င်းစိတ်နှစ်ခုရောနေတတ်သည်။ ညီမျှသော အခြေအနေ ဖြစ်လာစေတတ်သည်။

**အိမ်ထောင်ဖက်၊ မိတ်ဆွေနှင့် စီးပွားဖက်တို့ ကိုက်ညီမှုရှိ၊ မရှိ နှိုင်းယှဉ်ချက်**

**(Chart comparisons to learn if partners in same condcord- business, friends associates)**

ညီညွတ်မှု သဟဇာတဖြစ်ရေး ဂဏန်းဗေဒင်အရကို စီးပွားဖက်၊ မိတ်ဆွေ၊ အိမ်ထောင်ဖက်၊ နံပါတ်ရွေးချယ်မှု၊ မြို့ရွာရွေးချယ်ရေးကို ဆောင်ရွက်၍ရသည်။ စုံမဂဏန်းတို့၏ တူညီလိုက်ဖက်မှု၊ ဆန့်ကျင်မှု နှိုင်းယှဉ်၍ရသည်။

ရေဓာတ်၊ လေဓာတ်နှင့် မီးဓာတ်ချင်းတူက အလွှာချင်း ရောယှက်မှုထက်ပိုသင့်မြတ်ပါသည်။ ဥပမာ လေဓာတ် (၃၊ ၆၊ ၉)ဂဏန်းဖြစ်က ယင်းဂဏန်းထဲကဖွားသူနှင့် ပေါင်းသင်းက အကောင်းဆုံး ဖြစ်မည်။ အလားတူပင် (၁၊ ၅၊ ၇) နှင့် မီးဓာတ် (၂၊ ၄၊ ၈၊ ၁၁၊ ၂၂) ချင်း ပေါင်းသင်းဆက်ဆံမှုပြုရမည်။

ဥပမာ-

John Brower　　Alfred Smiley

ဇွန်(၆)ရက်၊ အောက်တိုဘာ (၁၂) ရက်

အခြားဂဏန်းများ လိုက်ဖက်က ၎င်းတို့အတွက် သဟဇာတလိုက်ဖက်မှု အဖြစ်ဆုံးအတွဲ ဖြစ်သည်။ စီးပွားဖက်အနေနှင့် ဘဝကံကြမ္မာဂဏန်းတူညီရန် အရေးကြီးသည်။ စီးပွားဖက်၊ မိတ်ဆွေရွေးချယ်မှုနှင့် အိမ်ထောင်ဖက်ရွေးနည်းအတိုင်း ဖြစ်သည်။

ကံကြမ္မာဂဏန်းသည် အခွင့်အရေးဖော်ပြ၍ မလွဲမသွေ လုပ်ဆောင်ရသည်။ လုပ်ဖော်ကိုင်ဖက်နှစ်ဦး၏ ဘဝကံကြမ္မာဂဏန်း တူညီပါက သူတို့၏ အလှူင်းသဘော (နာမည်၏ သရဂဏန်းပေါင်းခြင်း) ကွဲပြားမှုရှိသည်ကို ကောင်းမွန်သင့်မြတ်သည်။ သို့ရာတွင် အတွေးအကြံ၊ ကွဲပြားသော်လည်း လုပ်ဆောင်မှုမှာ တူညီသည်။

**လိုက်ဖက်ညီမှုရှာခြင်း အကျဉ်းချုပ်**

ဘဝကံကြမ္မာဂဏန်းနှင့် ဘဝလမ်းကြောင်းဂဏန်း တူညီပါက လိုအင်ဆန္ဒပြည့်ဝ၍ အခွင့်အလမ်းရှိပြီး ဘဝအခက်အခဲနည်းမည်။

ဥပမာ -

| | |
|---|---|
| Jack | + Paar |
| ၁၁၃၂ | + ၇၁၁၉ |
| ၇ | + ၁၈ |
| ၇ | + ၉ |
| ၁၆ | = ၇ (ဘဝကံကြမ္မာဂဏန်း) |
| မေလ ၁ ရက် | + ၁၉၁၈ |
| ၅　၁ | + ၁၀ |
| ၁၆ | = ၇ (ဘဝလမ်းကြောင်းဂဏန်း) |

ဝိညာဉ်တွန်းအား နှလုံးသားဆန္ဒဂဏန်း (အမည်မှ အက္ခရာပေါင်း ၇ ဂဏန်း) သည်။ ဘဝကံကြမ္မာဂဏန်းနှင့် တူက ဆန္ဒအတိုင်း လုပ်ဆောင်နိုင်သည်။ သို့သော် အလွန်အကျွံလုပ်ဆောင်ခြင်း၊ စိတ်ငြီးငွေ့ခြင်းအကြောင်းခံဆိုးဝါးသော အကျိုးသက်ရောက်မှု ဖြစ်သည်။ ၎င်းနှင့် ဆန့်ကျင်စွာ ဆိုးဝါးသောဂဏန်းများ အချင်းချင်းပေါင်းစပ်ပါက အကောင်းဖြစ်တတ်သည်။

ဥပမာ ဝိညာဉ်တွန်းအားဂဏန်း (၅)၊ ဘဝကံကြမ္မာဂဏန်း (၅) ဖြစ်ပါက ပေါင်း (၁၀) ရ၍ ကောင်းသည်။

ထို့ကြောင့် -

နှလုံးသားဆန္ဒ ဝိညာဉ်တွန်းအားဂဏန်း= ၅

ကိုယ်ရည်ကိုယ်သွေးဂဏန်း= ၉

ဘဝကံကြမ္မာဂဏန်း = ၅

(၅) နှင့် (၅) ပေါင်းက (၁၀) ရသည်။

အကယ်၍ လူတစ်ဦး၏ဝိညာဉ်တွန်းအားဂဏန်း (၄)၊ ကိုယ်ရည်ကိုယ်သွေးဂဏန်း (၅)၊ ဘဝကံကြမ္မာဂဏန်း (၉) ဖြစ်ပြီး အခြားသူတစ်ဦး၏ဝိညာဉ်တွန်းအားဂဏန်း (၃)၊ ကိုယ်ရည်ကိုယ်သွေးဂဏန်း (၆)ဖြစ်ကာ ဘဝကံကြမ္မာဂဏန်း (၉) ဖြစ်က ၎င်းတို့နှစ်ဦး ပူးပေါင်းလုပ်ကိုင်ပါက သင့်သည်။

ဥပမာ -

Mr A

ဝိညာဉ်တွန်းအားဂဏန်း- ၄

ကိုယ်ရည်ကိုယ်သွေးဂဏန်း- ၅

ဘဝကံကြမ္မာ- ၉

Mr B

ဝိညာဉ်တွန်းအား - ၃

ကိုယ်ရည်ကိုယ်သွေးဂဏန်း - ၆

ဘဝကံကြမ္မာဂဏန်း - ၉

၎င်းတို့နှစ်ဦးမှာ လုပ်ဖော်ကိုင်ဖက်ကောင်း ဖြစ်နိုင်သည်။ သို့သော် သူတို့နှစ်ဦး လိုအင်ဆန္ဒချင်း ကွဲသော်လည်း ဦးတည်ချက်လည်းညီသည်။ ဘဝကံကြမ္မာဂဏန်းကိုကြည့်ပါ။ တစ်ဦး၏ ကံကြမ္မာဂဏန်းသည် နောက်တစ်ဦး၏ ဘဝလမ်းကြောင်းဂဏန်းဖြစ်က ဆရာ၊ တပည့်ဆက်စပ်မှုမျိုး ဖြစ်သည်။ ဝိညာဉ်တွန်းအား နှလုံးသားဆန္ဒဂဏန်းသည် ဘဝကံကြမ္မာဂဏန်းထက်မြင့်နေပါက ဥပမာ ဝိညာဉ်တွန်းအား နှလုံးသား ဆန္ဒဂဏန်း (၇)၊ ဘဝကံကြမ္မာဂဏန်း (၂) ဖြစ်ပါက ဖော်ထုတ်လုပ်ကိုင်နိုင်မှုစွမ်းအားထက် အတွေးစွမ်းအားက ပိုထက်သန်သည်။ ဤသို့ဖြစ်က ထိုးမြဲလက်မှတ်ကို ဂဏန်းကြီးနှင့်အညီ ပြောင်းပေးရမည်။

ဘဝကံကြမ္မာဂဏန်းသည် ဝိညာဉ်တွန်းအား နှလုံးသားဆန္ဒဂဏန်းထက်မြင့်က ဥပမာ ဝိညာဉ်တွန်းအား (၃)၊ ဘဝကံကြမ္မာဂဏန်း (၇) ဖြစ်ပါက အတွေးများကို လက်တွေ့ဖော်ဆောင်နိုင်သည်။ ထို့ကြောင့် ရည်မှန်းချက်ပန်းတိုင်တက်လှမ်းနိုင်ပြီး လိုအင်ဆန္ဒပြည့်ဝမည်။

ဝိညာဉ်တွန်းအားဂဏန်းက ကိုယ်ရည်ကိုယ်သွေးဂဏန်းထက် မြင့်ပါက ဥပမာ ဝိညာဉ်တွန်းအားဂဏန်း (၉)၊ ကိုယ်ရည်ကိုယ်သွေးဂဏန်း ( )ဖြစ်က



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ရေးအရည်အသွေးထက် ပိုစွမ်းဆောင်နိုင်၍ ချမ်းသာကြွယ်ဝနိုင်သည်။

ဝိညာဉ်တွန်းအား ဂဏန်းသည် ကိုယ်ရည်ကိုယ်သွေးဂဏန်းထက်နိမ့်ပါက ဥပမာ ဝိညာဉ်တွန်းအား (၃)၊ ကိုယ်ရည်ကိုယ်သွေးဂဏန်း(၈)ဖြစ်က အတွေးထက် ကိုယ်ရည်ကိုယ်သွေးက ပိုမြင့်သည်။ အရည်အချင်းထက် ရုပ်လက္ခဏာက ပိုကောင်းသည်။ နောက်ပိုင်းယင်းအချက် ပေါ်လွင်လာတတ်သည်။

ဝိညာဉ်တွန်းအားသည် ဘဝလမ်းကြောင်းဂဏန်းထက်မြင့်ပါက ဝိညာဉ်တွန်းအားဂဏန်း (၆)၊ ဘဝလမ်းကြောင်းဂဏန်း (၄) ဖြစ်ပါက ဦးဆောင်နိုင်သူ၊ နည်းပေးလမ်းပြနိုင်သူဖြစ်သည်။

**မိတ်ဆွေအပေါင်းအသင်း**

(Friendships)

မိတ်ဆွေအပေါင်းအတွက် အိမ်ထောင်ဖက်ရွေးချယ်သော နည်းအတိုင်းသုံးရမည်။ အနီးကပ်မိတ်ဆွေကို ပေါင်းသင်းသောအခါ ဝိညာဉ်တွန်းအား နှလုံးသား ဆန္ဒဂဏန်းချင်းတူသူကို ရှာပါ။ သို့မှသာ အချင်းချင်း အပြန်အလှန် ဆွဲဆောင်နိုင်ပြီး လုပ်ရည်ကိုင်ရည်တူသည်။

**ထုတ်ကုန်၊ နေအိမ်နှင့် မြို့ရွာ**

(Products- Homesites-cities)

ထုတ်ကုန်၊ နေအိမ်နေရာ၊ မြို့ရွာတို့၏အမည်များသည် အရေးကြီးသည်။

(ဥပ)မာ
(P)ALMOLIVE=6 (အိမ်သုံးဆပ်ပြာ)
(7)13 46 3945

(C)HESTERFIELD=6 (စီးကရက်)
(3)51 25969534
=0
(H)AMMOND ORGEN = 6 အိမ်သုံးတူရိယာ
(1)4 4654 69715
28
1

(...)ERS=5 (ဖက်ရှင်ဦးစီး)
(...)7951

နေရာဒေသ၏ အမည်စုစုပေါင်းဂဏန်း (၆)ဖြစ်၍ အလွန်ကောင်းသည်။

ဥပမာ -
TIMBERCREST=6 (အိမ်နှင့်မီသားစု အကောင်းဆုံးနေ)
294 2 5939512
51
6
ENENWOOD PARE=6
73 55 5664 7192
41 19
5 1
BRIARWOOD =6
2 9919 5 66 4=6
51
6

**မြို့ကြီးများ**(Cities)

နေထိုင်သော လိုအပ်ချက် ဖြစ်ပါသလား။ နေရသောမြို့တွင် မပျော်ရွှင်က အပြောင်းအလဲမလုပ်ခင် မြို့ကို ရွေးချယ်ရာတွင် ဝိညာဉ်တွန်းအားဂဏန်းနှင့် ဘဝကံကြမ္မာဂဏန်းတို့ကိုကြည့်၍ ရွေးချယ်ရမည်။ ဘဝလမ်းကြောင်းဂဏန်းအရ ရွေးချယ်နေထိုင်ပါက အခက်အခဲကြုံတွေ့ရတတ်သည်။

ဥပမာ -
5 6= 11
(ဝိညာဉ်တွန်းအားဂဏန်း)
NEW YORK
5 5 7 92
1 9
6+6 =3 (ဘဝကံကြမ္မာဂဏန်း)

**နေထိုင်မည့်မြို့နှင့်ကိုက်ညီမှုရှာခြင်း**

(How to tell if you one in harmony wiht your city)

မြို့ကြီးများနှင့် ပြည်နယ်ကြီးများတွင် ဆိုင်ရာဆန္ဒ ကံကြမ္မာများရှိသည်။ ထိုအခြေအနေများနှင့် လိုက်လျောညီထွေနေထိုင်ပြီး ဆွေမျိုးမိတ်သင်္ဂဟများ ပူးပေါင်း လုပ်ကိုင်ရမည်။ လေ၊ ရေ၊ မီး၊ ဓာတ်စသည်များနှင့် ကိုက်ညီသော မြို့များတွင်နေထိုင်ခြင်းဖြင့် သဟဇာတဖြစ်မည်။ ပြောင်းရွှေ့ရန် အစီအစဉ်ရှိပါက ဘဝကံကြမ္မာဂဏန်း၊ ဘဝလမ်းကြောင်းဂဏန်းများကို လိုအင်ဆန္ဒနှင့် လိုအပ်ချက်တို့ကို နားလည်သဘောပေါက်ပါက ပြောင်းရွှေ့မည့် မြို့ရွာဒေသကိုရွေးရန်ပိုလွယ်သည်။

မနားရခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အောင်မြင်မှုမရ၍ ပြောင်းရသော အကြောင်းရင်းများစွာရှိသည်။ ပြောင်းလိုသည့် မြို့ရွာဒေသ၏ဆန္ဒနှင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမည်။ လိုအပ်ချက်ကိုက်ညီက အခွင့်အလမ်းရနိုင်ပါသည်။ သို့ရာတွင် စီးပွားရေးကြောင့် ပြောင်းရက ကြည့်ရတော့မည်။

နယူးယောက် (NEW YORK) မှာ တွေးတောကြံစည်ရသည့်မြို့ ဖြစ်သည်။ အများနှင့်ဆိုင်၍ အများထဲမှာ ထူးချွန်မှုများနှင့်ကိုက်ညီသည်။ ကံကြမ္မာဂဏန်း (၃) ဖြစ်၍ ပေါ်လွင်အောင် လုပ်ဆောင်တီထွင်ဖန်တီးနိုင်ခြင်းနှင့် အနုပညာအရည်အသွေးရှိပြီး ပျော်ရွှင် ဖျော်ဖြေမှုများကို ဆွဲငင်သည်။

9 1 6 =7 (ဝိညာဉ်ဂဏန်း)
CHICAGO
38 3 7
21
3
3+7= 10 (ဘဝကံကြမ္မာဂဏန်း)

ချီကာဂို(CHICAGO)၏ ဝိညာဉ်တွန်းအားဂဏန်းမှာ (၇) ဖြစ်သည်။ တွေးခေါ်ပညာရှင်၊ သိပ္ပံပညာရှင်၊ ခွဲခြမ်းစိတ်ဖြာသူများနှင့် ကိုက်ညီသည်။ ဘဝကံကြမ္မာဂဏန်း (၁၀ = ၁) ဖြစ်သည်။ ၎င်းက ပင်ကိုစွမ်းရည်ရှိခြင်း၊ ဦးဆောင်နိုင်ခြင်း၊ ၎င်းမြို့နေသူများ လွတ်လပ်မှုနှင့် တာဝန်ယူတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

9
6 66
HOLLYWOOD = 3 (အနုပညာမြို့တော်)
8 3 3 7 5 4
30
3
9 + 3 = 3 (ကံကြမ္မာဂဏန်း)
ဖျော်ဖြေရေးမြို့၊ တေးဂီတပြဇာတ် ဖော်ထုတ်ရာမြို့
JOHN ALBERT BROWN = 6
1 6 8 5 1 3 2 5 9 2 2 9 6 5 5
2 22 27/9
၁၉၄၃ ဖေဖော်ဝါရီ (၉) ရက် = ၁၀
၈ ၂ ၉ (+၉)

John Albert Brown သည် ဟောလိဝုဒ်မြို့၏ အနုပညာကိုက်ညီမှု လေဓာတ်အုပ်စုဝင် ၃၊ ၆၊ ၉နှင့် ကိုက်ညီသူ လေဓာတ်အုပ်စုဝင် ၃၊ ၆၊ ၉ နှင့် ကိုက်ညီ၍ အောင်မြင်မှုရခဲ့သည်။ မွေးရက် (၉) ရက်နေ့ဖြစ်၍ ဘဝလမ်းကြောင်းဂဏန်း (၁၀) နှင့် ကိုက်ညီသော (၁၊ ၅၊ ၇) ရသော မြို့ရွာဒေသများတွင် နေ နိုင်ပါသည်။

မြို့အရပ်ဒေသ၏ ဂဏန်းရှာယူရာတွင် (မြို့အမည်၏) သရစာလုံးများလောက် ဝိညာဉ်တွန်းအားဂဏန်းကိုရသည်။ အက္ခရာစာလုံးများပေါင်းပါက မြို့၏ ကံကြမ္မာဂဏန်းရသည်။ ၎င်းဂဏန်းတို့သည် မွေးရက်သို့မဟုတ် ဘဝလမ်းကြောင်းဂဏန်းနှင့် ကိုက်ညီပါက ၎င်းမြို့တွင် နေထိုင်ရန် သင့်လျော်သည်။

6 6 (ဝိညာဉ်ဂဏန်း)
1 5
FORT WAYNG
6692 5 1 7 5 5
23 23
5 5 =10 (ဘဝကံကြမ္မာဂဏန်း)

Fort Wayne မှာ လေဓာတ် (၃) ဂဏန်းနှင့် ရေဓာတ် (၁၀) ဂဏန်းတို့ရသည်။ အထက်ပါ ဥပမာ John Albert Brown နှင့် ကိုက်ညီသည်။ မွေးရက်ဂဏန်းက (၉) ဖြစ်ပြီး မြို့၏ ဝိညာဉ်တွန်းအားဂဏန်းနှင့် ကိုက်ညီသည်။ ဘဝလမ်းကြောင်းဂဏန်း (၁၀) ဖြစ်၍ မြို့၏ ကံကြမ္မာဂဏန်းနှင့် ကိုက်ညီပေသည်။

## အိမ်နံပါတ်များ၏အဓိပ္ပာယ်

(What does your house number mean)

အခြားသောမြို့ရွာသို့ ပြောင်းရွှေ့နေထိုင်ပါက နေရာသစ်အတွက် လိုလားချက်နှင့် မျှော်မှန်းချက်များထည့်စဉ်းစားရမည်။ အိမ်များတွင် ကိုယ်ပိုင်သဘာဝနှင့် သဘောတရားရှိသည်။ ဥပမ (၃) ဂဏန်းရသောအိမ် (၂၁၃၆-၃) သို့ ရွှေ့ပြောင်းနေရက ပျော်ရွှင်ခြင်း၊ ပူးပေါင်းလုပ်ရခြင်းကိုရမည်။ သို့သော် ဘဝကံကြမ္မာဂဏန်း (၇) ဖြစ်က အေးအေးဆေးဆေးအနားယူခြင်း၊ ပညာလေ့လာရှာမှီးလိုခြင်းတို့ဖြစ်၍ပျော်ရွှင်မှုမရနိုင်။ အိမ်အမှတ် (၅) ရပါက လွတ်လပ်လိုခြင်း၊ အပြောင်းအလဲကြိုက်၊ အဘက်ဘက်မှ စွယ်စုံရခြင်းကို ဖော်ပြသည်။

နေထိုင်သောအိမ်သည် အဆင်မပြေမှု၊ ငြိုငြင်မှုများဖြစ်ပါက အလျင်အမြန် မပြောင်းရွှေ့သင့်ပါ။ အိမ်နံပါတ်ဂဏန်း၏ တုန်ခါလှိုင်းရိုက်ခတ်မှု အရင်လေ့လာရမည်။ လိုအပ်ချက်နှင့်အညီ နေနိုင်အောင် ကြိုးစားရမည်။

ဥပမာ (၄) ဂဏန်းရသောအိမ် (အလုပ်ကြိုးစား၍ ပုံမှန်လုပ်ရသော) သို့ ပြောင်း၍နေထိုင်သော်လည်း လူမှုဆက်ဆံရေး (၃) ကို လိုလားနှစ်သက်သူဖြစ်၍အိမ်သစ်မှာ ပျော်ပျော်ရွှင်ရွှင်နေရမည်ဖြစ်သော်လည်း မပျော်မရွှင်အဖြစ် ခံစားနေရသည်။ ထို့ကြောင့် ကိုယ်ပိုင်ဂဏန်းနှင့်ကိုက်ညီသောအိမ်ကို ရှာဖွေရန်ဖြစ်သည်။ ဤသို့ မနေသာက စိတ်တွင်းပဋိပက္ခဖြစ်တတ်သည်။

နေထိုင်သောနေအိမ်၏ ရိုက်ခတ်မှုမှာ ဘဝတစ်ခုလုံးမလွှမ်းမိုးသင့်။ ကိုယ်ပိုင်ဘဝပေးတာဝန်ကို ထမြောက်အောင်လုပ်ဆောင်ရမည့်တာဝန်ရှိသည်။ အိမ်နံပါတ်ဂဏန်းတွင် လမ်းအမည့်ဂဏန်းများ၊လမ်းနံပါတ်ဂဏန်းများ ပေါင်းပါက မိမိနေထိုင်သောအိမ် ပို၍အဓိပ္ပာယ်ရှိမည်။ သို့ရာတွင် အိမ်နံပါတ်ဂဏန်းသည် ပိုမိုအားကောင်းစွာ လွှမ်းမိုးတတ်ပါသည်။

## အိမ်နံပါတ်ဂဏန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

အိမ်နံပါတ် (၁) ဂဏန်း ဥပမာ (၁၂၆၁) ဖြစ်ပါက တီထွင်ဖန်တီးတတ်လိုပြီး ပင်ကိုစွမ်းရည်ရှိ၍ လွတ်လွတ်လပ်လပ်နေလိုသည်။ ၎င်းသဘာဝအားနည်းသူများ (၁) ဂဏန်းရသောအိမ်တွင်နေသင့်သည်။ ၎င်းတို့သည် ကိစ္စများစွာကိုလုပ်ဆောင်လိုစိတ်ရှိ၍ အဖွဲ့အစည်းတွင် ခေါင်းဆောင်နေရာ ရတတ်သည်။ ဂုဏ်ယူလောက်သူ ဖြစ်သည်။

အိမ်နံပါတ် (၂) ဂဏန်း အိမ်အမှတ် (၂) ဂဏန်း၊ ဥပမာ (၁၉၁) ဖြစ်က ၎င်းအိမ်သည် တိတ်ဆိတ်ငြိမ်သက်သည်။ ရိုးရိုးရှင်းရှင်းနေ၍ ဂုဏ်သိက္ခာထိန်းသူ ဖြစ်သည်။ ၎င်းတို့သည် ပေါင်းသင်းဆက်ဆံရေး၊ လိမ္မာပါးနပ်သည်။ နိုင်ထက်စီးနင်းပြုတတ်၍ အာဏာပြသူများ ဤအိမ်မျိုးမသင့်တော်ပါ။ စီးပွားရေးရော မိသားစုဘဝပါ ကာလရှည်စွာ ပေါင်းသင်းလုပ်ကိုင်သူများ ဖြစ်သည်။

အိမ်နံပါတ် (၃) ဂဏန်း - အိမ်အမှတ် (၃) ဂဏန်း (၃၀၉) ကဲ့သို့ ဖြစ်က ပျော်ရွှင်ကြည်နူးရသောအိမ်၊ ဖျော်ဖြေရေးဌာနတစ်ခုအဖြစ် သင့်လျော်သည်။ သို့သော် လွန်ကဲမှု မဖြစ်စေသင့်ပါ။ ဖန်တီးတီထွင်နိုင်မှုများ ဤအိမ်တွင်ကောင်းသည်။

အိမ်နံပါတ် (၄) ဂဏန်း ဥပမာ (၂၉၂) ကဲ့သို့သော အိမ်ဖြစ်ပါက လက်တွေ့ကျသောအိမ် ဖြစ်သည်။ ၎င်းတို့သည် ရိုးသားပြီး စည်းကမ်းရှိကာ ဖြိုးဖြိုးခြောက်တာတတ်သည်။ အလုပ်ကြမ်းလုပ်ရမည်ကို မကြောက်။ ၎င်းတို့သည် ထူးချွန်သော မန်နေဂျာများ ဖြစ်သည်။ သူတစ်ပါးလေးစားပြီး လူအများနှင့် ဆက်ဆံရမှုကို နှစ်သက်သည်။

အိမ်နံပါတ် (၅) ဂဏန်း - ဥပမာ (၄) ကဲ့သို့ အိမ်ဖြစ်ပါက အမြဲပြောင်းရွှေ့တတ်။ ပြီးပြည့်စုံ၍ ပျော်ရွှင်နေသူများ ဖြစ်သည်။ ၎င်းတို့သည် မိသားစုနှင့် မနေလိုကြ။ လူ့အဖွဲ့အစည်းက မနိုင်ဝန်ကိုထမ်းပြသည်။ သို့မဟုတ် မနိုင်ဝန်ကိုထမ်း၍ မနိုင်မနင်းအလုပ်ကြီးများ လုပ်ကိုင်တတ်သည်။ ဘယ်လိုကြုံကြုံ ရှန်းကန်လှုပ်ရှားရတာ နှစ်သက်သူများ ဖြစ်သည်။

အိမ်နံပါတ် (၆) ဂဏန်း - ဥပမာ (၂၅၈) ကဲ့သို့ အိမ်မှာ အများကို ဆွဲဆောင်နိုင်၍ မိသားစုနီးနီးကပ်ကပ်နေရ၍ ပျော်ရွှင်ရသည်။ တာဝန်ယူတတ်၍ မိသားစုကိစ္စ စိတ်ဝင်စားတတ်သည်။ အပြုသဘောနေနိုင်ပါက ငွေကြေးမတ္တာရေးမှာ အေးအေးဆေးဆေးနေရတတ်သည်။ သာယာသော ဂေဟာဖြစ်သည်။ အိမ်အတွင်းပိုင်းမှာ အနုပညာလက်ရာများဖြင့် ထုံမွှမ်းထားတတ်ပြီး အိပ်ရန်သက်သက်မဟုတ်ပါ။ အိမ်မှာနေသူများ သက်သာချောင်ချိမှုနှင့် လူမှုရေးကျေပွန်ကြသည်။

ဆရာဒလမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

*'ကတိသစ္စာ တည်သောအခါ ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြက် သစ်ပင် ဆေးဖက်ဝင်၏'*

မှန်ကန်သော သစ္စာစကားတစ်ရပ်ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော နွယ်မြက်သစ်ပင်တို့သား ဆေးဖက်ဝင်ဆေးပင်များပင် ဖြစ်ပါ၏။ ဆေးပင်များသည် ပေါလွန်းသဖြင့် သာမန်လူများမှာ အသိအမှတ်မပြုကြ။ အမှတ်မထင်နေလာကြ၏။

ပညာရှင်များက ထိုဆေးပင်များထဲမှ လူသားများအတွက် အကျိုးရှိစေသော ဆေးပင်တို့ကို စုပေါင်းပြီး ထုထောင်းကာ တံဆိပ်အမျိုးမျိုးရိုက်နှိပ်ပြီး ရောင်းချကြလေ၏။ လူသားများကလည်း အလွယ်တကူ ဝယ်ယူသုံးစွဲကြလေ၏။ ခံစားနေရသော ရောဂါများလည်း လွင့်စဉ် ပပျောက်သွားလေ၏။ တစ်ယောက်က အသုံးပြုလျှင် နောက်လူတွေကလည်း အားပေးကာ ဝယ်ယူသုံးစွဲလာကြ၏။

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်



မိချောင်းကွမ်းဖတ်

ဤဆေးဆောင်းပါးတွင် လူများအတွက် အကျိုးရှိသော ဆေးတစ်ပင်အကြောင်း တင်ပြသွားပါမည်။ ဆေးပင်၏အမည်မှာ မိချောင်းကွမ်းဖတ်ပင် ဖြစ်ပါသည်။ မိချောင်းကွမ်းဖတ်ဆေးပင်ကို ပြားနမ်းပင်ဟုလည်း ခေါ်ဆိုကြ၏။

**ဆေးပင်၏ပုံသဏ္ဌာန်**

မိချောင်းကွမ်းဖတ်ဆေးပင်သည် ချုံဆန်သော တစ်နှစ်ခံ ပင်ပျော့ပင်ငယ်များ ဖြစ်၏။ အပင်၏အမြင့်မှာ ၁½ ပေမှ (၁) ပေခန့်ထိမြင့်၏။ ပင်စည်နှင့် ရိုးတံမှာ လေးထောင့်ပုံဖြစ်ပြီး အနည်းငယ်မာကျော၏။ ပင်စည်အဆစ်များမှ အကိုင်းများ မျက်နှာချင်းဆိုင် အလှည့်ကျထွက်ကြ၏။ အပင်ရိုးတံတစ်လျှောက်လုံးမှာ အမွေးနုကလေးများပါရှိ၏။

အရွက်မှာ ရွက်ဆိုင်ထွက်ကြ၏။ အလျား (၂) လက်မခန့်ရှိသည်။ ၎င်းတောင်ပုံဖြစ်ပြီး ရွက်ညှာမရှိသလောက်ဖြစ်၏။ အရင်းအနည်းငယ်ချွန်ပြီး အဖျားဝိုင်း၍ ရွက်နားလှိုင်းတွန့်ပါ၏။ အရွက်၏ထက်အောက်မှာ အမွေးနုလေးများပါရှိ၏။

အပွင့်မှာ အဖြူရောင်တွင် မရန်းစေ့ရောင် အနားကွပ်ထားပါ၏။ ပွင့်ချပ်အုံသည် ပင်မနှင့် အကိုင်းတို့၏ အဆစ်အဖုကို ကပ်တွယ်ပြီး ပတ်လည်ပွင့်၏။ သီတင်းကျွတ်လကုန်၍ စတင်ပွင့်လာကြ၏။

အသီးမှာ ခံပျော့အက်ကွဲသီးဖြစ်၏။ အစေ့ဆန်အနီရောင်ဖြစ်၍ မုန်ညင်းစေ့ခန့်ရှိ၏။ တပေါင်းလတွင် အသီးရင့်မှည့်၏။ ဤဆေးပင်သည် အပူပိုင်းဒေသတွင် ပေါက်ရောက်ကြ၏။

ဆေးအဖြစ် အသုံးပြုသော အစိတ်အပိုင်းမှာ အစေ့သာဖြစ်၏။

**ဆေးဂုဏ်သတ္တိ**

မိချောင်းကွမ်းဖတ်အစေ့သည် ဆိမ့်၍ အနည်းငယ်ခါးသော အရသာရှိ၏။ ပူ၏။ အားကိုဖြစ်စေ၏။ ဝမ်းမီးကိုတောက်စေ၏။ အရေပြားပေါ်၌ဖြစ်သောအနာများကိုနိုင်ပါ၏။

**ဆေးအဖြစ်အသုံးပြုပုံ**

မိချောင်းကွမ်းဖတ်အစေ့ကို အမှုန့်ပြုထားပါ။ ပြည်တည်နာနှင့် မကျက်နိုင်သောအနာအိုအနာဟောင်းများကို ဆေးအမှုန့်ထည့်ပေးပါ။ ချက်ချင်းအနာကျက်လာပါလိမ့်မည်။ အနာမှာ အသားနုတက်လာပါလိမ့်မည်။ အနာမှာလည်း ပျောက်ကင်းပါလိမ့်မည်။

မိချောင်းကွမ်းဖတ်၏အစေ့ဖြင့် မျက်စိနာ၊ လေနာရောဂါ၊ ပွေး၊ ညှင်း၊ တင်းတိပ်နာတို့ကို လိမ်းဆေးအဖြစ် လိမ်းပေးနိုင်၏။

အားကုန်ခန်းသောရောဂါရှင်များသည် မိချောင်းကွမ်းဖတ်အစေ့ကို စားခြင်းဖြင့် ကုန်ခန်းသောအား ပြန်လည်ပြည့်ဖြိုးလာပါလိမ့်မည်။ အိန္ဒိယနိုင်ငံမှ ဟိန္ဒူအမျိုးသားများသည် ဤဆေးကို အမြဲတမ်းသုံးဆောင်ကြ၏။

**ကင်ဆာ (ခ) မှိုနာပွင့်ပျောက်ဆေး**

ကင်ဆာ (ခ) မှိုနာသည် ရင့်လာသဖြင့် နောက်ဆုံးမှာ ပွင့်ထွက်လာ၏။ မည်မျှပင် မှိုနာပွင့်လာသည်ဖြစ်စေ ကြောက်စရာမလိုပါ။

**ဆေးကား ဤသို့တည်း**

မိချောင်းကွမ်းဖတ်အစေ့ကို အမှုန့်ပြု တစ်ကျပ်သား၊ သင်းကနတ် (သစ်ကနက်) ပင်၏အစေး တစ်ကျပ်သား။

**ပြုလုပ်နည်း**

ဆေးကိုရောပြီး ပေါင်းကြိတ်ထားပါ။ အနာကို ထည့်လိုသောအခါ ပျားရည်စင်စစ်ဖြင့် သင့်သလိုရောစပ်ပေးပါ။ ဆေးပေါင်းစပ်ပြီးပါက ကင်ဆာ (ခ) မှိုနာပွင့်နေသောအနာကို ထည့်ပေးပါ။ အနာသည် အသားတက်၍ အနာကျက်လာပါလိမ့်မည်။ လက်တွေ့ဆေးနည်းဖြစ်ပါ၏။

ဤအထက်ပါ ဆေးနည်းကို တရုတ်အမျိုးသားတစ်ဦးက ချီးမြှင့်ခဲ့သောနည်းဖြစ်ပါ၏။ လက်တွေ့ အသုံးပြုကြည့်ကြပါ။ ဆေးက သက်သေခံပါလိမ့်မည်။

**အနာဆိုးအနာပျက်ဆေး**

အနာဆိုးအနာပျက်တို့မှာ ပြည်တည်ရွှဲဖြင့် မည်သည့်ဆေးနှင့်မျှ မအပ်စပ်ဘဲ၊ မပျောက်ဘဲရှိနေတတ်ကြ၏။ ယင်းအနာတို့ကို ချက်ချင်းပျောက်ကင်းစေရန် အောက်ပါဆေးကို ထည့်ပေးပါ။ အနာသည် ချက်ချင်း အသားတက်၍ပျောက်ကင်းပါလိမ့်မည်။

**ဆေးကား**

မိချောင်းကွမ်းဖတ်အစေ့ တစ်ကျပ်သား၊ သစ်ကနက်အစေး တစ်ကျပ်သား။

**ပြုလုပ်နည်း**

ဆေးနှစ်ခုကိုပေါင်း၍ ညက်စွာအမှုန့်ထောင်းထားပါ။ မပျောက်နိုင်သော အနာဆိုးအနာပျက်တို့မှာ ဆေးကို ထည့်ပေးပါ။ ပျောက်ကင်းကြောင်း လက်တွေ့သိရှိရပါလိမ့်မည်။

*တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။ လုပ်သားပြည်သူများ ဆေးပညာဗဟုသုတ ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။ ကျန်းမာချမ်းသာကြပါစေ။*

မေတ္တာသစ္စာတရားများစွာဖြင့်-

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ တိုးတက်နေပါသည် ဆိုသောကမ္ဘာကြီးမှာ လူသားတိုင်း ရုပ်ဝါဒီ အယူအဆများကိုသာ များသောအားဖြင့် လက်ခံလေ့ရှိကြသည်။ မှန်သင့်သလောက်တော့ မှန်ပေမည်။ သို့သော် နာမ်တရား ဦးဆောင်မှုဖြစ်သော စိတ်စေတသိက် မပါရှိလျှင် ဘယ်အရာမျိုးမဆို အဆုံးတိုင် မရောက်ရှိနိုင်ပါ။ ထို့အတူ နာမ် ဟူသော စိတ်တစ်လုံးကို အပိုင်အနိုင် အသုံးပြုတတ်ပါက မည်သည့် အရာဝတ္ထုမဆိုထားနှင့် မြင်းမိုရ်တောင်ပင် ပြာကျသွားအောင် စွမ်းဆောင်နိုင်ကြောင်းကို မြတ်စွာဘုရားရှင်သည် နိပါတ်တော်လာ ဇာတ်ဝတ္ထုများကို သာဓကပြု၍ ဟောကြားတော်မူခဲ့သည်။ ရှေးဆရာတော်ကြီးများနှင့် ရဟန်းကိစ္စ ပေါက်မြောက်တော်မူသော ဆရာတော်ကြီးများသည် -

"စိတ်ကို နိုင်နင်းရင် အရာရာ အောင်မြင်တယ်ကွယ့်"

ဟု ဆိုဆုံးမခဲ့ဖူးကြသည်။


ပမာပြုရသော် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထင်ရှားကျော်ကြားခဲ့သော ဝေဘူဆရာတော်ကြီးသည် သူ့တပည့်တစ်ဦးကို ဆိုဆုံးမခဲ့သည်မှာ မှတ်သားဖွယ်ကောင်းလှပါသည်။

ဆိုဆုံးမပုံမှာ -

"ဟဲ့ - သူများနိုင်ငံက ဘာကြီးနဲ့ ပစ်လိုက်မယ်ညာကြီးနဲ့ပစ်လိုက်မယ်ပြော

တာကို သောကဝင်ပြီး ကြောက်နေမယ့် အစား မိမိရဲ့စိတ်ကိုနိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရင် အဲဒီဘာကြီး ညာကြီးတွေကို လက်ညှိုးညွှန်ပြီး လွှဲပစ်လို့ရနိုင်တယ်။ လက်ခုစုတ် (မီးဖိုချောင်သုံးအဝတ်) လို ကြေးအထပ်ထပ်ဖြစ်နေ

တာကို ဖြူဖွေးအောင် အရင်လျှော်ပြီး ကြိုက်တဲ့အရောင်ဆိုးရင် အရောင်ထွက်လာမှာပေါ့ဟဲ့။ ဒါကြောင့် နင်တို့စိတ်တွေကို ဖြူဖွေးအောင် အရင်ကြေးချွတ်ပြီး စိတ်ကိုနိုင်အောင် ထိန်းသိမ်းစောင့်





www.burmeseclassic.com

www.burmeseclassic.com

ရှောက်ရင် တရားကပြန်ပြီးစောင့်ရှောက်မှာပေါ့"

ဟု မိန့်ကြားသည်မှာ ကြက်သီးထဖွယ်ရာ ဖြစ်သည်။

ဒါကြောင့် အချို့သောပုဂ္ဂိုလ်တွေဟာ နာမ်လောကကို မထိမဲ့မြင်သိသိကြီးနှင့်ပြုကြပါသည်။ ဒါကလည်း ထိထိရောက်ရောက် ကိုယ်တွေ့ကြုံမခံစားဘူးသေးလို့ပါ။ ကြုံဖူးမိလျှင် ဆုံမိမှာကိုတောင် ကြောက်ကြမှာပါ။

ယခု တင်ပြမယ့် အကြောင်းအရာဟာ မကြုံသေးဘူးသေးတဲ့ လူတစ်ယောက် ဆုံမိသွားတဲ့ တကယ့်ဖြစ်ရပ်မှန်လေးပါ။ အချို့ကပြောကြသေးသည်။ လက်တွေ့ကြုံမှ ယုံမယ် ဆိုတဲ့သူတွေပါ။ ဘုရားမှန်းမသိ၊ တရားမှန်းမသိ ဆိုတော့ ဘုရားမရှိ၊ တရားမရှိသူတွေပေါ့။ တကယ်တမ်း နာမ်လောကကို စိန်ခေါ်ပြီး တကယ်ပဲ လက်တွေ့နဲ့ကြုံပြီဆိုရင်တော့ စာဖတ်ပရိသတ်စဉ်းစားကြည့်ပါ။ စိတ် (သို့) ကိုယ့်မှာဒဏ်ရာအနာတရနှင့်ဖြစ်စေ၊ အသက်ခန္ဓာနှင့်ဖြစ်စေ အလျော်အစား ပေးဆပ်လိုက်ရတာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာလူမသိလိုက်ရတဲ့ အဖြစ်အပျက်တွေအများကြီးပါ။

လောကကြီးမှာ လူစည်း၊ ဘီလူးစည်းဆိုတာရှိပါသည်။ ကိုယ့်စည်းကိုယ်မလုံလျှင်တော့ နာမ်လောကကို အသာထားဦး။ ကြက်တွေ၊ ဝက်တွေ၊ ခွေးတွေ၊ နွားတွေကအစ ဝင်ရောက်လာနိုင်တယ်ဆိုတာ လက်တွေ့ပါ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားမှန်းမသိဘဲ လူကြမ်းလျှင် နတ်ကြမ်းမခံနိုင်ဘူးဆိုတဲ့သူတွေ၊ မိုက်တိမိုက်ကန်းသားသမီးတွေ၊ နာမ်လောကသားတွေကို စိန်ခေါ်ကြည့်ပါ။ မယုံဘူးဆိုတဲ့သူတွေ ကြုံဖူးသွားအောင် စာရေးသူက စမ်းကြည့်ပါလို့ပြောကြားလိုက်ပါသည်။

(ပြည့်-အည့်ပြောင်း)

# ရွာသာဂမ္ဘီရ-ကျော်ဝင်းအောင်

## မယုံမရှိနဲ့. . . ကွင်းပိုင်တောပိုင်ဆိုတာ တကယ်ရှိတယ်



ယခု အဖြစ်အပျက်ကလေးဟာ နှစ်ပေါင်းတော်တော် ကြာခဲ့ပါပြီ။ ခုနှစ်အတိအကျကို စာရေးသူ မမှတ်မိတော့ပါ။ ယခုလက်တွေ့ကြုံလိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ စာရေးသူလိုပဲ ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတစ်ယောက်ပါ။ သူဟာဝန်ထမ်းအဖြစ်နှင့် ပဲခူးတိုင်းဒေသကြီးပြည်ခရိုင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၂) မှာ တာဝန်ထမ်းဆောင်နေတဲ့အတွက် ဘုရင့်နောင်လမ်းမကြီးဘေးဘက်မှာရှိတဲ့ ရွှေလင်ပန်းဘုရားအနီးက ဆည်မြောင်းပန့်ဝင်း ဝန်ထမ်းအိမ်ယာမှာ သူ့ရဲ့ဇနီး၊ သားသမီးများနှင့်အတူ နေထိုင်တဲ့သူပါ။ ထိုပုဂ္ဂိုလ်ရဲ့အမည်ကတော့ ဦးငွေသိန်းလို့ ခေါ်ပါသည်။ သူ့ရဲ့ဇနီးကိုတော့ အများအားဖြင့် မချိုလို့ ခေါ်ကြသည်။ ယခု ကိုငွေသိန်းဟာ စာရင်းကိုင်ဘဝနှင့် အငြိမ်းစားယူပြီးဆည်တွေမှာ ဈေးလိုက်ရောင်းနေတယ်လို့ သူ့ရဲ့ဇနီးက ပြောပြပါသည်။ ဒါကနာမ်လောကနှင့် လက်တွေ့ကြုံခဲ့ရတဲ့ပုဂ္ဂိုလ်ရဲ့ . ကိုယ်ရေးအကျဉ်းဆိုလည်းမမှားပါဘူး။

ကိုငွေသိန်းဟာ ဝန်ထမ်းဘဝတုန်းက လင်နဲ့မယားလျှာနဲ့သွားဆိုသလို တစ်ခါတစ်ရံ လင်မယားချင်း စကားများလေ့ရှိသည်။ အဲဒီလိုနှင့် တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com

ရွာကမိတ်ဆွေတွေနှင့်တွေ့ခိုက်မှာ -

"ဟော့ - ကိုငွေသိန်း၊ ခင်ဗျားတို့ မိသားစု နေကောင်းကျန်းမာကြတယ် မဟုတ်လား။ ဒါပေမယ့် ဦးကြီး (ကိုငွေသိန်း၏ဖခင်) ကတော့ ကျန်းမာရေး ကောင်းလိုက်၊ မကောင်းလိုက်ပါဘဲ။ အသက်ကြီးလာတော့ မတ်တတ်နာလို့ ဆိုရမှာပေါ့ဗျာ။ ခင်ဗျားလည်း အားရင် ရွာကို အလည်လာဦးလေ"

"ဟုတ်ကဲ့ ဦးလေး၊ လာပါ့မယ်"

"မင်း ဦးကြီးအတွက် စိတ်ပူမနေနဲ့ ဦးနော်။ ဆိုးဆိုးဝါးဝါးဖြစ်တာမှမဟုတ်တာ။ ငါတို့တွေလည်းရှိတာပဲ။ ကဲ-ငါတို့ သွားပြီဟေ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ရုံးမှအိမ်သို့အပြန် ကားဂိတ်တွင် တွေ့ရသော ရွာမှဆွေမျိုးမကင်းသူများ၏ သတင်းစကားကြောင့် ကိုငွေသိန်းဟာ မိဘတွေအတွက် စိုးရိမ်စိတ်ပိုသွားသည်။ ဒါပေမယ့် မိမိကိုယ်မိမိလည်း အသက်ကြီးလာလျှင် အာဂန္တုဝေဒနာတွေ ကပ်ရောက်လာမှာပဲဟု စိတ်ထဲမှဖြေသိပ်လိုက်သည်။ အမှန်မှာ ကိုငွေသိန်းသည် မိဘကို စိုးရိမ်စိတ်ပူတတ်သော သားတစ်ဦး ဖြစ်သည်။

◆

ဒီလိုနှင့် ကိုငွေသိန်းတစ်ယောက် ရုံးမှ နှစ်ချုပ်စာရင်းလုပ်ကိုင်ရင်း အိမ်အပြန် အမြဲနောက်ကျလေ့ရှိလေသည်။ အကြောင်းမှာ ရုံးမှာ လုပ်ကိုင်ရသော စိတ်ပင်ပန်းမှုကို ခဝါချရန်အတွက် သောက်တတ်စားတတ်သော အပေါင်းအသင်းများသည် ယမကာဆိုင်သို့ ဝင်ရောက်ပြီးမှ အိမ်ကို ပြန်လေ့ရှိသည်။ ဘယ်တော့မှ အိမ်ကိုတိုက်ရိုက်ပြန်လေ့ မရှိကြပါ။

တစ်နေ့ ရုံးအပြန် ကိုငွေသိန်းကို ရုံးမှမိတ်ဆွေအပေါင်းအသင်းများက -

"ဗျို့-ကိုငွေသိန်း၊ ညနေ ရုံးဆင်းရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ဗျာ။ ကျွန်တော်တို့ အာခံပါမယ်။ ရုံးမှာ စိတ်ပင်ပန်းတာ လန်းသွားအောင် စိတ်ပြေလက်ပျောက် တစ်ခွက်တစ်ဖလားပေါ့ဗျာ၊ လိုက်မယ်မဟုတ်လား"

"အင်း၊ အင်း"

ကိုငွေသိန်းလည်း တစ်ရုံးထဲရှိ လုပ်ဖော်ကိုင်ဖက်ကိုလိုက်ဖို့အသိအမှတ်ပြုလိုက်ပါသည်။ ဟိုတစ်လောက မိမိ၏ မိဘများ ကျန်းမာရေးမကောင်းကြောင်း သတင်းကြားပြီးကတည်းက ကိုငွေသိန်း၏ စိတ်အာရုံများမှာ မိဘရပ်ထံတွင် ပြန်ဝဲရောက်ရှိနေသည်။ ရွာကို နေ့ချင်း ပြန်သွားနိုင်သော်လည်း အလုပ်က မအားမလပ်မို့ မိမိစိတ်ကို ချိုးနှိမ်နေရသည်။ တစ်ရက်၊ နှစ်ရက်အတွင်း စာရင်းချုပ်သော လုပ်ငန်းကိစ္စလည်း ပြီးပြတ်တော့မည်ဖြစ်၍ တော်ရုံ အသေးအမွှားကိစ္စရပ်များအတွက် မိမိမရှိလျှင်လည်း အရေးမကြီးလှဟု စိတ်ထဲမှတွေးနေမိ၏။

ဒီလိုနှင့် ညနေ ရုံးဆင်းတော့ ရုံးမှ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတွေနှင့် ယမကာဆိုင်ဝင်ပြီး အိမ်ကိုပြန်လာခဲ့ပါသည်။ အဲဒီနေ့မှာပဲ အပေါင်းအသင်းတွေနှင့်တွေ့ပြီး ယမကာလေးလည်းဝင်၊ နှလုံးသားမှာ မိဘကျန်းမာရေးက ဘယ်လိုနေလဲမသိနှင့် အတွေးများနေချိန် အိမ်ပြန်ရောက်တဲ့အခါ ဇနီးဖြစ်သူ မချိုနှင့် စကားများပြီး မိဘတွေဆီသွားမယ်ဆိုပြီး အိမ်ကထွက်ခဲ့ပါသည်။ ညနေစောင်းဆိုပေမယ့် တပေါင်းလနေကတော့ ညနေ (၆) နာရီသာသာမှာ နေဝင်တာပါ။

◆

အိမ်မှ ယမကာအရှိန်နှင့် ထွက်လာပြီး ကားကြီးဝင်းနားရောက်တဲ့အခါ ပြည်-ဝက်ထီးကန်ကားကို အဆင်သင့်တွေ့ရပေမယ့် ညနေစောင်းမို့လို့လား မသိ ကားပေါ်မှာ ဝက်ထီးကန်သွားမယ့် ခရီးသည်တွေ ပြွတ်သိပ်ကျပ်ခဲနေတာ တွေ့ရသည်။ ယောက်ျားပဲ၊ တွယ်စီးလည်းရတာပဲဆိုပြီး ကားဆီကို ဦးတည်ကာ ကားစပယ်ယာကို တစ်ဆက်တည်း -

"ဟိုးထား နေဦး၊ လျှော်ထုံးလိုက်မယ်"

"ဟိုးထား ဆရာရေ တစ်ယောက်လိုက်ဦးမယ်"

"ရပြီ ဆရာရေ၊ ဆွဲတော့ မြန်မြန်လေး။ လမ်းကြုံတင်မယ်"

ကားစပယ်ယာလေး စကားဆုံးသည်နှင့် ပြည်-ဝက်ထီးကန်လိုင်း ဟိုင်းလက်ကားလေးဟာ မြားသွားပြေးသလို တစ်ဟုန်ထိုး မောင်းထွက်လာပါတော့တယ်။ ဂျီ-တီ-အိုင် ကျောင်းရှေ့မှ လိုက်မည့်သူနှစ်ယောက်ကိုထပ်တင်ပြီး မရပ်မနား မောင်းနှင်ခဲ့ရာ ပြည်-အောင်လံကားလမ်းမကြီးမှ ညာဘက်ချိုးပြီး တီတွတ်ရွာမှာ ခေတ္တရပ်နားကာ လူအဆင်း၊ အတက်နှင့် ကုန်တင်ကုန်ချလုပ်နေတုန်း ကားစပယ်ယာမှ -

"ဝက်ထီးကန်၊ ဝက်ထီးကန်လိုက်မယ့်သူများ ဒီလိုလာပါ၊ အမြန်သွားမယ်"

"အစ်မကြီး ငုံးဥယူမလား၊ စာလေးခွလား၊ ကွမ်းယာလား"

"ဖရဲသီးစိတ်တွေ အားပေးဦးနော်"

ကားစပယ်ယာအသံနှင့် ဈေးရောင်းဈေးသည်တို့၏ အသံများမှာ ပတ်ဝန်းကျင်မှာ လွှင့်ပျံ့နေသည်။ ညနေစောင်းသော်လည်း သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရိုးသားစွာ ကြိုးစားရှာဖွေနေသူလေးတွေကို ငေးမောကြည့်ရှုနေမိသည် အရေးထဲ ကွမ်းယာကုန်နေသဖြင့် ကွမ်းယာထပ်ဝယ်ကာ ကွမ်းတစ်ယာကို ထုတ်ပြီးဝါးနေစဉ်မှာ -

"လိုက်မယ့်သူတွေ ပြန်တက်မယ်၊ ကားထွက်တော့မယ်။ ခရီးသည်တွေ ကျန်သေးလား"

တစ်အောင့်လောက်အကြာမှာ ပြည်-ဝက်ထီးကန်ကားလေးဟာ ဆည်မြောင်းက ဆောက်လုပ်ထားတဲ့ ကွန်ကရစ်လမ်းမကနေ မောင်းသွားရာ မိနစ် (၃၀) ခန့်အကြာမှာ -

"လျှော်ထုံးဆင်းမယ့်သူပါတယ်။ ဟိုးထား"

"ရပြီ၊ ဆွဲ ဆရာရေ"

ကားပေါ်မှဆင်းပြီး ရွာကို ခြေကျင်သွားရမှာပါ။ တပေါင်းလ ညနေစောင်း နေကမဝင်သေးတော့ မှောင်ရိပ်မရောက်မီ ရွာကိုရောက်နိုင်ပါသည်။ ဒီလမ်းဒီခရီးဟာ ကိုငွေသိန်းသွားနေကျလမ်းမို့ ကျွမ်းကျင်သူအဆင့်မှာရှိပါရဲ့။ ညနေစောင်းဆို တောကွင်းအကျယ်ကြီး တစ်မျှော်တစ်ခေါ် လျှောက်ရမယ့်ခရီးကို တော်ရုံလူမသွားရဲ။ လောလောဆယ် မြွေပါးကင်းပါးလည်း ကြောက်ရသေးသည်။ ကိုငွေသိန်းကတော့ ကိုယ့်ဇာတိရပ်မြေဆိုတော့ ကြောက်စရာမလိုဘူးပေါ့။

ဒီလိုနှင့် ယမကာအရှိန်လေးနဲ့လာတဲ့ ကိုငွေသိန်းဟာ မှောင်ရီပျိုးစအချိန် ကွင်းပြင်ထဲမှာ တစ်ပင်တည်း ထီးထီးကြီးပေါက်နေတဲ့ သစ်ပင်ကြီးအောက်မှာ အမောဖြေရင်း မီးရောင်မှိတ်တုတ်မှိတ်တုတ်လင်းနေတဲ့ လျှော်ထုံးရွာကို လှမ်းမြင်နေရပါပြီ အဲဒီအချိန်မှာ အိမ်ကထွက်ကတည်းက အပေါ့မသွားခဲ့ရတဲ့ ကိုငွေသိန်းဟာ ဆီးသွားချင်လွန်းတာရော ယမကာအရှိန်နဲ့ သွေးကြွနေတာပါ ပေါင်းစပ်သွားပြီးသကာလမှာ -



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်သူမှမရှိဘူး၊ လူပြတ်နေတာပဲ။ ရှက်စရာမှမလိုတာ'

ဒါဟာ ကိုငွေသိန်းစိတ်ထဲကပြောလိုက်တဲ့စကားပါ။ သူတစ်ဦးတည်းကလွဲလို့ ဘယ်သူမှ မသိလိုက်ပါ။ ထိုသို့ စိတ်ထဲကပြော ယမကာအရှိန်နှင့် မတ်တတ်ရပ်ပြီး သစ်ပင်ကြီးအောက်မှာပဲ ဆီးသွားလိုက်သည်။ အဲဒီအချိန်ဟာ စာဖတ်ပရိသတ်တွေ အသည်းတုန်ရင်တုန်လောက်တဲ့အချိန်ပါ။ သစ်ကြီးဝါးကြီးအောက်မှာ ဘယ်လိုလူမျိုးမှ အပေါ့အလေးမသွားကြပါဘူး။ ဒါတွေ ကိုငွေသိန်းက အယုံအကြည်မထားပါဘူး။ တော်တော်ဆိုးတဲ့သူပဲ အဲဒီလို ဆီးသွားအပေါ့စွန့်ပြီးတာနဲ့ ကိုငွေသိန်းဟာ မီးရောင်မှိတ်တုတ်မှိတ်တုတ်နဲ့ မြင်နေရတဲ့ လျှော်ထုံးရွာကို ဦးတည်ပြီး ယောက်ျားခြေလှမ်းနှင့်လှမ်းသွားလိုက်တာ နှစ်နာရီသုံးနာရီခန့်ကြာသော်လည်း လျှော်ထုံးရွာကို မရောက်သေးဘဲ လယ်ကွင်းပြင်ကြီးထဲမှာ တဝဲလည်လည်ဖြစ်ပြီး သူအပေါ့စွန့်ခဲ့တဲ့ သစ်ပင်ကြီးအောက်ကို ပြန်ပြန်ရောက်နေတာ လေးငါးကြိမ်မကရှိနေပါတော့သည်။ အဲဒီတော့မှ ကိုငွေသိန်းသောက်စားခဲ့တဲ့ ယမကာအရှိန်ဟာ ကြောက်လန့်စိတ်အနည်းအငယ်ဝင်သွားလို့ အမူးပြေသွားပြီး ပြန်ပြီးရောက်ရှိလာတဲ့ သစ်ပင်ကြီးအောက်မှာ ဟိုဟိုဒီဒီစဉ်းစားတွေးတောနေမိသည်။ သူ့ရဲ့စိတ်ထဲမှာလည်း -

'ငါဘာတွေစော်ကားမိပါလိမ့်။ ကွင်းပိုင်တောပိုင်ဆိုတာရှိတယ်လို့ အဖေအမေတို့ပြောသံကြားဖူးတယ်။ တကယ်ပဲ ရှိနေလား မသိဘူး။ ဒါကြောင့်များ ကွင်းမှောက်ထားတာလား။ ဟာ - ငါ မှတ်မိပြီ။ ဒီအပင်ကြီးအောက်မှာ ငါမဆင်မခြင် မတ်တတ်ရပ်အပေါ့စွန့်မိတဲ့အပြစ်လားမသိဘူး။ လူကြီးတွေက ပြောဖူးတယ်။ သစ်ပင်ကြီးအောက်တွေမှာ မတ်တတ်ရပ် ဆီးမသွားရဘူး။ ဒုက္ခရောက်တတ်တယ်လို့ အဲဒါဆိုရင်၊ အဲဒါဆိုရင်'

ဒီတော့မှ ကိုငွေသိန်းဟာ ကြောက်ရွံ့ထိတ်လန့်သွားပြီး မိမိမျက်စိရှေ့မှောက်တွင် မီးရောင်မှိတ်တုတ်မှိတ်တုတ်နှင့် တွေ့မြင်ရသော လျှော်ထုံးရွာမှာ မိမိ၏မြင်ကွင်းမှာ ကွယ်ပျောက်သွားသဖြင့် ပိုမိုထိတ်လန့်ခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် ကိုငွေသိန်းသည် ယခုတွေ့ကြုံနေရသောအခက်အခဲကို ပြေလည်အောင် ဖြေရှင်းနိုင်မည့်နည်းကို စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူပီပီ အလျင်အမြန် ခေါင်းထဲမှာ အဖြေရှာနေတော့သည်။ ခဏကြာလျှင် သစ်ပင်ခြေရင်းကပ်သွားကာ သစ်ပင်ကြီးပေါ် မော့ကြည့်ပြီး -

"ဤသစ်ပင်ကြီးတွင်စောင့်ရှောက်နေထိုင်သော ရုက္ခစိုးကြီးနဲ့ ကွင်းပိုင်၊ နယ်ပိုင်၊ တောပိုင်ကြီးများ ခင်ဗျား။ ကျွန်တော်မသိလို့ အပေါ့စွန့်မိပါသည်။ လမ်းလျှောက်လာရ၍ မအောင့်အည်းနိုင်တာလည်း ပါပါသည်။ ဤခရီးမှာ မိဘများ ကျန်းမာရေးမကောင်းသည်ဟု သတင်းကြား၍ စိတ်ပူပန်ခြင်းဖြင့် လာရခြင်းပါ။ တွေ့နေသောရွာလည်း ပျောက်နေပါသည်။ လမ်းလည်း မမြင်ပါ။ လမ်းပြတော်မူပါ။ ကျွန်တော်မသိလို့ အပေါ့စွန့်မိသည်ကို ခွင့်လွှတ်တော်မူပါ။ တောင်းပန်ပါတယ် ခွင့်လွှတ်တော်မူပါ"

ကိုငွေသိန်းဟာ အထက်ပါအတိုင်း ပြောဆိုတောင်းပန်ပြီး မောမောနှင့် သစ်ပင်ကြီးအောက်မှာ နားနေမိပါသည်။ ထိုသို့ ခေတ္တခဏနားနေစဉ်အတွင်း ခပ်ဝေးဝေးမှ မီးအုပ်ဆောင်းနှင့် ကြွက်ရှာသူလား၊ ဖားရှာသူလားမသိပါ။ တဖြည်းဖြည်းနှင့် သူနားနေရာ သစ်ပင်အနီးကို ရောက်လာပါသည်။ သေချာကြည့်လိုက်တဲ့အခါ ငါးရှာဖားရှာထွက်လာသူ သားအဖလို့ထင်ရတဲ့သူနှစ်ဦးဖြစ်နေပါသည်။ အဲဒီ သားအဖလို့ထင်ရတဲ့ သူနှစ်ဦးမှာ မီးအုပ်ဆောင်းတစ်ခုနှင့် တစ်ယောက်ကို ပလိုင်းတစ်လုံးစီပါလေသည်။ အဲဒီသားအဖနှစ်ဦးဟာ ကိုငွေသိန်းကို ဘာစကားမှမပြော။ ဒါနှင့် ကိုငွေသိန်းဟာ အဲဒီသားအဖနှစ်ဦးကို သူ့ရဲ့အခက်အခဲကို အကူအညီတောင်းလိုက်ပါသည်။ ထိုအချိန်မှာ ကိုငွေသိန်းဟာ ခေါင်းတွေကြီးပြီး ကြက်သီးမွေးညင်းထသွားပါသည်။

"အဘ၊ ကျွန်တော့်မိဘတွေကျန်းမာရေးမကောင်းလို့ လျှော်ထုံးရွာသွားမလို့ဟာ၊ လမ်းမသိလို့ လမ်းပျောက်နေပါတယ်။ ကျွန်တော့်ကို ကူညီပါဦး ခင်ဗျား"

"ကဲကဲ - ငါတို့နောက်လိုက်ခဲ့၊ ရွာထိပ်အထိပို့ပေးမယ်"

ဒီလိုနှင့် ကိုငွေသိန်းဟာ ပြောပြောဆိုဆို ဖားရှာငါးရှာထွက်လာတဲ့ သားအဖနောက်ကနေ လိုက်သွားပါတော့သည်။ ထိုသို့ လိုက်သွားရာ မကြာခင်အတွင်းမှာပဲ လျှော်ထုံးရွာထိပ်ကို ရောက်လာပါတော့သည်။ မီးခွက်အလင်းရောင်ကြောင့် မှိတ်ချည်လင်းချည်နှင့် လျှော်ထုံးရွာလေးဟာ ကိုငွေသိန်းကို ပြောင်ပြနေသလိုပါပဲ။ အဲဒီအချိန်မှာပဲ လိုက်ပို့တဲ့သားအဖမှ အသက်ကြီးတဲ့ အဘကြီးဟာ ကိုငွေသိန်းကို လက်ဟန်နှင့် ရွာထဲဝင်ဖို့ ညွှန်ပြပြီး သူ့ဘေးကနေ လယ်ကွင်းထဲ ပြန်သွားတဲ့အခါ ကိုငွေသိန်းဟာ ထိုသားအဖနှင့် ပထမဆုံး အကြိမ် ဆုံမိတုန်းကလို ခေါင်းတွေကြီးပြီး ကြက်သီးမွေးညင်းထသွားပါတယ်။ ကိုငွေသိန်း အမှတ်တမဲ့ ဝါးတစ်ပြန်လောက်လျှောက်သွားပြီးမှ ကျေးဇူးတင်စကားပြောရန် နောက်ဘက်လှည့်ကြည့်လိုက်တဲ့အခါ မီးအုပ်ဆောင်းကိုင်လာသူသားအဖကို ဘယ်လိုမှမတွေ့တော့ပါ။ ဒီလောက် ကွင်းပြင်ထဲ ပျောက်သွားတာ ထူးဆန်းလို့ ကိုငွေသိန်းလည်း ကြောက်ကြောက်လန့်လန့်နှင့် ရွာထဲကို ခြေကုန်သုတ် အပြေးဝင်သွားပါတော့သည်။

◆

အဲဒီကတည်းက ကိုငွေသိန်း နောင်ကျဉ်သွားပါတော့သည်။ နောင်အခါ လူကြီးသူများ၏ ပြောဆိုဆုံးမစကားကြောင့် ကွင်းပြင်ထဲတွေမှာ သစ်ပင်ကြီးအောက်တွေမှာ အပေါ့အလေးမစွန့်မိဖို့ အပေါ့အလေးစွန့်မိလျှင်လည်း မတ်တတ်ရပ်မစွန့်မိဖို့နှင့် စွန့်မိချင်လည်း တောင်းပန်တိုလှူးပြီးသွားဖို့ စာရေးသူတို့ငယ်စဉ်ဘဝက ဆိုဆုံးမတာ နာခံမှတ်သားရဖူးပါသည်။ တကယ်တော့ ကိုငွေသိန်းဟာ မိဘဇောနှင့် မှားသွားတာကို တောင်းပန်ဝန်ချတဲ့အတွက် မိဘကို ချစ်တတ်တဲ့ သားသမီးကို သည်းခံခွင့်လွှတ်ပြီး ဘေးမသီရန်မခအောင် ရွာထိပ်အထိ လိုက်လံပို့ဆောင်သူများမှာ ယနေ့ထက်တိုင် မြို့တော်ရှင်လား၊ နယ်တော်ရှင်လား၊ ကွင်းပိုင်လား၊ တောပိုင်လားဆိုတာ မခွဲခြားမခန့်မှန်းတတ်သလို နောက်နောင်လည်း ဘယ်တော့မှ မလေးမစားလုပ်ရဲမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ဆိုင်ရာပိုင်ရာ တကယ်ရှိတယ်ဆိုတာ လက်တွေ့ကြုံသွားလို့ ယုံရတဲ့သူတစ်ယောက်ရဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကို တင်ပြရခြင်းပါ။

*ကိုငွေသိန်း (ဆည်မြောင်းစာရင်းကိုင်-အငြိမ်းစား) ရဲ့ ဇနီး ဒေါ်ချိုပြောပြသည်ကို ခံစားရေးသားပါသည်။*

ရသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် -

ဓာတ်တိုင်တစ်တိုင်ခန့်အကွာမှ ဆူဆူညံညံမြင်ကွင်းကို လှမ်းကြည့်နေလိုက်၏။

စိတ်မနှံ့သူတစ်ယောက်သည် သူ့ဘေးနားတွင် ပတ်ချာလည်ဝိုင်းဟောင်နေသော ခွေးနှစ်ကောင်၊ သုံးကောင်ခန့်အား လက်ထဲရှိ ဝါးလုံးပိုင်းလေးနှင့် လှည့်ကာပတ်ကာရိုက်နေသောမြင်ကွင်းဖြစ်၏။

သူက ဝါးလုံးနှင့် လှမ်းရိုက်လိုက်၊ ခွေးတွေက ရှောင်ပြေး ပြန်ဟောင်လိုက်၊ ကိုက်မည်ပြုလိုက်၊ သူကရိုက်လိုက်၊ မထိလိုက်နှင့် အတော်ကြာကြာဖြစ်နေ၏။

ကြည့်နေရင်းနှင့် စိတ်မနှံ့သူသည် မျက်နှာမူရာတည့်တည့်မှ လျှောက်လာနေသောကြောင့် ကျွန်ုပ်လည်း ခပ်ဝေးဝေးကွေ့သွားလိုက်၏။ သူ၏ လက်ထဲမှ တောင်ဝှေးပုံဝါးလုံးသည် ဘေးဘီကို အချိန်မရွေးလှမ်းယမ်းနိုင်သလို သူလှမ်းလှမ်းရိုက်နေသည့် ခွေးများကလည်း အချိန်မရွေး လှမ်းဟပ်နိုင်ကိုက်နိုင်သောကြောင့် ခပ်ရှောင်ရှောင်နှင့်ကြည့်သွားသွားနေရ၏။ အခြားလမ်းသွားလမ်းလာများ တစ်ဦးစနှစ်ဦးစသည်လည်း ကျွန်ုပ်ကဲ့သို့ ခပ်ဝေးဝေးမှ ကွေ့သွားကြ၏။ စက်ဘီးစီးလာသောကလေးမလေးတစ်ဦးပင်လျှင် စက်ဘီးပေါ်မှဆင်း၍ ခပ်လှမ်းလှမ်းမှ စက်ဘီးတွန်းရင်း ကွေ့သွား၏။

ထိုသူမှာ ကုန်းဘောင်လမ်းမကြီးအတိုင်းမှသည် အင်းဝလမ်းဘက်ဆီသို့ ဆက်လျှောက်သွားတော့၏။ သူသွားရာတစ်လမ်းလုံး ခွေးဟောင်သံဆူညံလျက်။


◆

အတွေးအမြင်အလင်းအဖွင့်

# အင်္ဂလိပ်ဗဟုသုတ ပညာဉာဏ်ရည်သုံးသပ်ပွဲ

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)





www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေတစ်ယောက်တည်းထိုင်ပြီး သဘောကျနေတာတုံး"

အသံကြားမှမော့ကြည့်လိုက်မိ၏။

"ဟော - မောင်လှ၊ လာထိုင်"

ဖတ်လက်စ မြို့ရာဇာတွတ်ပီ ကာတွန်းစာအုပ်လေးအား ဘေးသို့ခဏချထားလိုက်ပြီး မောင်လှကိုကြည့်လိုက်၏။ ကာတွန်း၏ ဆွဲဆောင်မှုကြောင့် ပါးစပ်မှာ ရယ်ချင်နေသေး၍အရှိန်ဆက်နေ၏။

"တော်တော်သဘောကျနေတယ် ဟုတ်လား"

"အေး - ငါကတော့ ကာတွန်းစာအုပ်လေးတွေဖတ်ရင် အဲလိုပဲ အားရပါးရရယ်တာ"

"သိပါတယ်။ မင်းနဲ့ငါ ဆရာအိမ်မှာတုန်းကလေ မှတ်မိလား"

"ဘာကိုလဲ"

"မင်းလေ သူခိုးကြီးတောက်ပြား ကာတွန်းဖတ်ပြီး ပါးစပ်ကပြန်မတည်ဘဲ မင်းမျက်နှာ ရယ်ကြဲကြဲကြီးဖြစ်နေလို့ ဆရာနားရင်းအုပ်မလို့ ကံကောင်းလို့"

"သြော် - အေး၊ ငါကလည်း ရယ်မိရင် အားရပါးရရယ်တတ်တော့"

"ဘာလုပ်နေလဲဒါ"

"သြော် - ကာတွန်းဖတ်နေတာပါဆို၊ မင်းလည်းမြင်သားနဲ့"

"မဟုတ်ဘူးလေ - အပြင်သွားဦးမလားလို့၊ ဘုရားဘက်လေ"

"မနက်ကပဲ ခြောက်နာရီလောက်ထပြီး ကျိုက္ကဆံဘုရားကြီးကို ခြေကျင်လျှောက်သွားပြီး ဘုရားကြီးမှာ ပဌာန်းသွားရွတ်ပြီးပြီ။ မုန့်လည်းစားပြီးပြီ။ တော်ကြာ (၉) နာရီဆို ဧည့်သည်တွေလာတော့မယ်လေ။ အပြင်ဘယ်သွားလို့ဖြစ်မလဲ"

"အေးအေး - ဒါဆိုလည်းပြီးရော"

စကားတပြောပြောနှင့် အားရပါးရထိုင်ချလိုက်သော မောင်လှကို ကြည့်လိုက်၏။ဇာရာ၏သတ္တိမှာ မြန်ဆန်လွန်းလှ၏ဟု ကျွန်ုပ်တွေးရင်း မောင်လှ၏ ဆွတ်ဆွတ်ဖြူဖွေးနေသော ကတုံးဆံတောက်ဆံပင်များကို ကြည့်နေမိ၏။ မျက်မှန်မှာ အထူကြီး။

"တို့တွေ ဆရာ့ဆီမှာပညာသင်ခဲ့ကြတာ မနေ့တစ်နေ့ကလိုပဲနော်။ အချိန်တွေများအကုန်မြန်လိုက်တာ"

"အေးလေ"

"မင်းဘာစားပြီးပလဲ"

"ပြီးပြီ။ မင်းဆီကို ကိစ္စလေးတစ်ခုရှိလို့ ငါလာတာကွ"

"ပြောလေ"

"ငါ့မယားညီအစ်ကိုတစ်ယောက်ကို ငါ မင်းဆီခေါ်လာမလို့"

မောင်လှပြောလိုက်ချိန်မှာ (၈) နာရီထိုးခါနီးချေပြီ။

နေ့က ဗုဒ္ဓဟူးနေ့၊ စနေ္ဒြအခါ။

"မင်းမယားညီအစ်ကိုအကြောင်းကို မင်းပြောလိုက်ချိန်ဟာ လူထွက်တတ်တဲ့အချိန်ပဲ၊ လူထွက်တတ်တယ်"

မောင်လှသည် ကျွန်ုပ်အား ဆတ်ခနဲမော့ကြည့်လိုက်ရင်း မျက်မှန်အထူကြီးနှင့်ကြည့်နေသည့် မျက်လုံးအစုံမှ ပုတ်ခတ်ပုတ်ခတ်ဖြစ်သွား၏။

"ဟုတ်တယ်ကွ"

"ဟုတ်ရင် အဲဒီလူခေါ်င်းမကောင်းဘူး။ ကောင်းရင် အဲဒီလူ အလုပ်နဲ့ပတ်သက်ပြီး ခိုက်နေတဲ့သူ၊ အလုပ်ခဏရပ်သွားမယ့်လူ"



www.burmeseclassic.com

www.burmeseclassic.com

မောင်လှအကြာကြီးကြည့်နေပြန်၏။ တစ်ခုခုပြောချင်နေသလိုလိုဘာလိုလိုနှင့်။

"ဟုတ်တယ်၊ မင်း. . ."

"ဘာဆန်းလဲ။ မင်းနဲ့ ငါက အတူတူသင်ဖော်သင်ဖက်တွေပဲကွာ။ ဒါလေးများ မင်းလည်းပြောနိုင်တာပဲ"

"ဟား - တချို့ဟာတွေမရတော့ဘူးကွာ။ မနည်းစဉ်းစားပြီးပြောရင်တောင် တလွဲချည်းပဲ"

"ပါရမီရှင်ကိုးကွ"

ကျွန်ုပ်၏စကားကို သဘောကျသွား၍ ကျိုးတိုးကျဲတဲဖြစ်နေသောသွားများပေါ်အောင်ရယ်ရင်း ကျွန်ုပ်၏ ပခုံးအား လှမ်းပုတ်လိုက်၏။

"ဟုတ်ပြီကွာ၊ ဒါဖြင့် မင်းအခုပြောလိုက်တာတွေ ငါစဉ်းစားရင်းနဲ့ ငါ့မယားညီအစ်ကိုမိသားစုကို သွားခေါ်မယ်"

"အေးအေး - သွား"

နာရီလက်တံများတရွေ့ရွေ့သွားရင်းမှ (၁၀) နာရီထိုးပြီ ဖြစ်၏။ မောင်လှပြန်သွားပြီး သိပ်မကြာခင် ရောက်လာကြသူများကို (၈)ဦးခန့်ပြောပြီးပြီလည်း ဖြစ်၏။

(၉) ဦးမြောက်ပုဂ္ဂိုလ်ကို စကားပြောရန်အစ မောင်လှအသံကြောင့် အိမ်ရှေ့ဆီ ကဲကြည့်လိုက်၏။ သူ့လိုအရွယ် အမျိုးသားကြီးတစ်ဦး၊ ဒေါင်ကောင်းကောင်းနှင့် အမျိုးသမီးကြီးတစ်ဦး၊ အသားဖြူဖြူ ကိုယ်လုံးတုတ်တုတ်နှင့် အသက်သုံးဆယ့်ငါးနှစ်သာသာခန့် ကလေးမလေးတစ်ဦးလည်း နောက်ကကပ်ပါလာကြ၏။

(၉)ဦးမြောက်ဧည့်သည်ကို စကားပြောပြီးချိန်တွင် (၁၀)နာရီ၊ (၁၅)မိနစ်ပြည့်တော့မည်ဖြစ်၏။ အချိန်မှာ သောရီအခါ။

"ဒီမှာလေ သူငယ်ချင်း။ ငါပြောတဲ့ ငါ့မယားညီအစ်ကို။ သူ့နာမည် ဦးလှဟန်တဲ့။ ဒါက ငါ့မိန်းမရဲ့အစ်မ မညိုမြရီ။ ဒါက သူတို့သမီးလေး ခင်မြင့်"

"ဩော် - ဟုတ်ကဲ့"

"ဟဲဟဲ - သောရီအခါတော့ ဖြစ်သွားပြီ"

"အေး-ဟုတ်တယ်။ မင်းပြောတဲ့ သောရီအခါပဲ"

ထိုင်လိုက်ကြသည့် မိသားစုသည် ကျွန်ုပ်အား ခင်ခင်မင်မင်နှင့် ပြုံး၍ နှုတ်ဆက်ကြ၏။

"နာမည်က"

"လှဟန်ပါ"

"ကျန်းမာရေးမကောင်းဘူးနော်။ လှုပ်ရှားမှုတွေ ရပ်ဆိုင်းသလိုဖြစ်ပြီး လုပ်ငန်းတွေရပ်တာ ဟို ခဏဖြစ်ဖြစ်ရပ်တာဖြစ်တတ်တယ်"

"ဟုတ်ကဲ့ ဆရာ၊ ဆိုင်ခဏပိတ်ထားခဲ့ရပါတယ်"

"ဩော် - မိတ်ဆွေအပေါင်းအသင်းသတိထားပေါင်း။ မိတ်ဆွေကို အကြောင်းပြုပြီး ပြဿနာဖြစ်တတ်တယ်"

"ဖြစ်ခဲ့ပြီးပြီ ဆရာ"

"ဟုတ်လား၊ အင်းပေါ့လေ။ အတူနေတဲ့ အောက်လူတွေကြောင့် စိတ်ညစ်ရတတ်တယ်။ အတူနေကြတဲ့ အောက်လူတွေခမျာလည်း ဘာမှလုပ်မရကိုင်မရဖြစ်တတ်တယ်။ စောစောက ဆိုင်ခဏပိတ်ထားခဲ့တယ်ဆိုတာ ဘာဆိုင်လဲ"

"ထမင်းသုပ်၊ ခေါက်ဆွဲသုပ်၊ ချင်းသုပ်၊ လက်ဖက်သုပ်၊ အအေး အကုန်ရောင်းတဲ့ဆိုင်ပါ ဆရာ"

"ခဏပိတ်ထားခဲ့ရတယ်ပေါ့"

"ဟုတ်ကဲ့"

ကိုလှဟန်နှင့် ကျွန်ုပ်စကားပြောနေသည်ကို မညိုမြရီဟု အမည်ရသူသည် သေချာအာရုံစိုက်နားထောင်နေ၏။ သူတို့သမီး မခင်မြင့်က တစ်ခါတစ်ခါ ခေါင်းညိတ်လိုက်နှင့် လိုက်နားထောင်၏။

"ကဲကဲ - ကိုလှဟန်၊ လိုအပ်တာလေးတွေလုပ်ပေးရအောင်ပြောပြလိုက်လေ။ မင်းခေါင်းမကောင်းတာကို သူခုနပြောလိုက်ပြီးပြီ။ လမ်းမှာ ငါပြောခဲ့သားပဲ"

"ဟုတ်ကဲ့၊ ဟိုဒင်းပါဆရာ။ ဒီအစားအသောက်လုပ်ငန်းဟာ ကျွန်တော်တို့မိသားစုနဲ့ ဆက်အကျိုးပေးမပေး၊ ဆက်လုပ်သင့်၊ မလုပ်သင့်။ ဘာဖြစ်လို့လဲဆိုတော့ (၂) နှစ်အတွင်းမှာ စိတ်ညစ်စရာတွေနည်းဘူး"

"ပြောပါဦး"

ကျွန်တော်တို့မိသားစုက ခုနပြောတဲ့ စားသောက်ဆိုင်လေး ဖွင့်တယ်ဆရာ။ စစဖွင့်တော့ ရောင်းကောင်းပါတယ်။ ကျွန်တော်က ဦးစီး၊ သမီးက ရောင်းပေါ့။ လူများလာတော့ ခင်မြင့်မှာ ဝိုင်းလုပ်ဖို့ အဖော်ကလိုလာပြီလေ။ အေးအေးဆင့်ဆိုတဲ့ ကလေးမလေးတစ်ယောက်ခေါ်ရတယ်"

"ဒါဆို ပိုရောင်းကောင်းမှာပါ"

"အယ် - ဟုတ်တယ်ဆရာ၊ အေးဆင့်လာနေတော့ ရောင်းကောင်းတယ်။ စီးပွားဖြစ်တယ်။ လေးလ၊ ငါးလလောက်လည်းကြာရော အေးဆင့်ကိုစကားဆိုချင်တဲ့ ကောင်လေးတစ်ယောက်က လူငယ်တို့ဘာသာဘာဝ ချစ်တယ်ကြိုက်တယ်လုပ်ကရော"

ကိုလှဟန် အားရပါးရပြောလိုက်သည်တွင် သူတို့သမီး မခင်မြင့်မျက်နှာမှာ ပြုံးစိစိဖြစ်သွား၏။ ရှိုးသားလွန်း၏။

"ကောင်လေးနာမည်ကအုန်းမြင့်။ သူငယ်ငယ်က ကျန်းမာရေးမကောင်းလို့ ကတုံးနဲ့အကြာကြီးနေရတော့ သူ့ကို ကတိန်း၊ ကတိန်းနဲ့ ခေါ်ရာက ကတိန်းပဲတွင်တယ်"

"ဩော် - ကတိန်းနဲ့တွေ့ရင်တော့ အေးဆင့် သွားပြီပေါ့။ အလုပ်ထဲဘယ်စိတ်ဝင်စားတော့မလဲ"

"ဟာ - ဟုတ်တယ်နော် ရှင်မ"

မညိုမြရီဘက်သို့ လှည့်ကြည့်လိုက်ပြီးအပြော မညိုမြရီကလည်း ကျွန်ုပ်ကိုကြည့်၍ ခေါင်းညိတ်ပြ၏။

"ဟုတ်သား၊ ခင်မြင့်နဲ့ မနေချင်တော့သလိုဘဲ။ အကြောင်းအမျိုးမျိုးရှာပြီးထွက်သွားတယ်"

"ရှင်ကလည်းလေ၊ လိုရင်းကိုပြောပြလိုက်ပါ"

"မဟုတ်ဘူး မညို. . .၊ ရတယ် ရတယ် ပြောပြော။ ကိုလှဟန်ပြော။ ဒါမှလည်း ငါ့သူငယ်ချင်းက မင်းတို့ကို ဘာလိုနေလဲ၊ ဘာမှားနေလဲဆိုတာသိမှာပေါ့ပြောပြော"

"အယ်-နောက်တစ်ယောက်ထပ်ခေါ်တယ်။ အဲဒီမှာ ကျွန်တော်တို့နားက နော်ရှင်မ၊ ဘန့်ဘွေးကုန်းကနော်"

"ကုန်းမြင့်ကပါ။ ဟိုဆေးဆရာကိုပြောတာမို့လား"

"အေးအေး - ဟုတ်တယ်။ အဲဒီအသိက လူမြချင်ရင် ကက်ကင်းနာမည်ခေါ်လို့ပြောလို့ နောက်တစ်ယောက်ကို ကက်ကင်းလုပ်ပြီးခေါ်ရသေးတယ်။ သူ့နာမည်က ထွေးလေး။ ပြောင်းပြန်ခေါ်ဆိုတော့ အတိတ်တွေနိမိတ်တွေလည်း ကောင်းအောင် ရွှေတိုးလို့ ခေါ်ကြပြန်ရော"

"သမီးနာမည်က. . ."

"ခင်မြင့်ပါ"

"ဒါဆို အဲဒီရွှေတိုးက သမီးအတွက် မကောင်းဘူး"

"ဟာ - ကတဲ ဟုတ်ပ့ါဗျာ။ ခင်မြင့်ဘာတွေဖြစ်လာမှန်းမသိဘူး။ အလိုက်ကျ



www.burmeseclassic.com

www.burmeseclassic.com

မှုတွေများလာလိုက်တာမှ"

ပြုံးရင်းနားထောင်နေရာမှ ကျွန်ုပ်ဘက်လှည့်၍ -

"ဟုတ်တယ်၊ သမီးဘာဖြစ်မှန်းမသိဘူး။ အဲဒီ ရွှေတိုး ရောက်လာတာ သမီးမပျော်သလိုကြီးဘဲ။ ဘာတွေကိုအလိုမကျဖြစ်နေမှန်းကိုမသိဘူး။ သူ့ခမျာလည်း လုပ်တာ့လုပ်ရှာပါတယ်။ ဖေဖေကဘာမှမဖြစ်ဘူး။ သမီးပဲ တော်နေရင်းချွဲချာ၊ တော်နေရင်းချွဲချာနဲ့။ ဦးပြောတာဟုတ်တယ်။ ဖေဖေကခေါ်ပေမယ့် သမီးနဲ့အတူတွဲလုပ်ရတာကများတယ်လေ"

တစ်ချိန်လုံးထိုင်နားထောင်ပြီး ဟိုမျက်နှာလှည့်ကြည့်လိုက်ဒီမျက်နှာလှည့်ကြည့်လိုက် မောင်လှသည် ကျွန်ုပ်အားသေချာစိုက်ကြည့်နေတော့၏။ ပြီးမှကြည့်နိုင်မှမြင်ရမည်ဖြစ်သော ညင်သာလွန်းသည့် ခေါင်းညိတ်ခြင်းအား လေးငါးချက်ခန့်ပြုနေ၏။ ကျွန်ုပ်ကလည်း သူ့အား ပြန်ပြုံးကြည့်လိုက်ရင်း သူ၏ လည်ကတုံးကော်လာမှ ငွေရောင်ကြယ်သီးလုံးလေးကို သတိထားလိုက်မိ၏။ တော်တော်ရှားသွားပြီ ဖြစ်၏။

"သူလည်း မကြာဘူး။ တစ်မိုးပဲနေဉ် ရှင်မ"

"အင်း - တစ်မိုးသာသာပါပဲ။ မပျော်ဘူးဆိုပြီး ပြန်သွားပြန်ရော။ အလုပ်ကတော့ လုပ်ရှာပါတယ်။ ဘာမပျော်တာလဲတော့မသိဘူး"

မညိုမြရီက တစ်လုံးချင်းပြောလိုက် ခေါင်းလေးညိတ်လိုက်နှင့် ခပ်အေးအေး။

"ဒါနဲ့ သမီးတစ်ယောက်တည်းပေါ့"

"မရဘူး ဦး။ ဖေဖေလူထပ်ခေါ်ရတယ်။ ဟိုးကုန်းမြင့်ဘက်က ဖေဖေ့တူမ"

"နာမည်ဘယ်သူတဲ့လဲ"

"သန်းသန်းငွေတဲ့ ဆရာ။ သူရောက်လာတော့ ဟိုဆရာကြီးပြောသလိုကက်ကင်းသတိရပြီး ချစ်စရာကောင်းတဲ့ တူမလေးလည်းဖြစ်၊ အစ်မရဲ့ သမီးလည်းဖြစ်လို့ နှင့်နာမည်ကို ငါ့နာမည်ပါအောင်ပြောင်းမယ်ဆိုပြီး ငွေငွေဟန်လို့ခေါ်ကြပြန်ရော"

"ငွေငွေဟန်"

"ဟုတ်တဲ့"

"ဒါဆို ကိုလှဟန်အတွက် လုံးဝမကောင်းဘူး"

ကိုလှဟန်ရော မညိုမြရီပါမက မောင်လှပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြီး တအံ့တသြတွေဖြစ်နေကြ၏။ သူတို့၏အကြည့်များတွင် ကျွန်ုပ်အား အလွန်အထင်ကြီးနေကြပုံရ၏။

"ဒါလောက်က မောင်လှတောင်သိပါတယ်။ ကျွန်တော်တို့က သင်ဖော်သင်. . ."

"မဟုတ်ဘူးလေ ဆရာရဲ့"

"သူငယ်ချင်းက သူငယ်ချင်းပဲ- လုပ်ပါ။ ဘယ့်နှယ်"

"အေးအေး - သူငယ်ချင်း၊ ငါက စာတွေကျောင်းပြန်ကုန်ပြီ။ ဘာမှကိုမသိတော့တာ။ မင်းပြောတာ ဟုတ်တယ်။ ပြောလိုက်လေ ကိုလှဟန်ကလည်း"

"ဟုတ်သား ဆရာ၊ တစ်လနှစ်လလောက်ကြာတော့ ကျွန်တော်တို့ဆိုင်မှာ လူငယ်ချင်းရန်ဖြစ်တာကို ဝင်ဆွဲရင်း ခေါင်းထိသွားတာ ချိုစောင်းမှာ ဒီမှာ ကွဲသွားတာ"

ပြောရင်း သူ၏ ဘယ်ဘက်ချိုစောင်းမှ ဆံပင်အနည်းငယ်ကို ချဲပြ၏။ ချုပ်ရာကိုတွေ့နေရ၏။

"သုံးချက်ချုပ်လိုက်ရတယ်။ မကြာသေးဘူး"

"ဒါဖြင့်၊ ဟိုကလေးကလေးကို ခေါ်တာလည်း မကြာသေးဘူးပေါ့"

"အင်းလေ - ပြီးခဲ့တဲ့ တစ်လ၊ နှစ်လကျော်က"

"သြော်"

"အဲဒီ သူက ယကြာချေတဲ့အနေနဲ့ သူ့အစ်မဆီတစ်ပတ်သွားနေတယ်လေ။ အဲဒီမှာနေတုန်း အသိတစ်ယောက်က ဒီလိုတွေဖြစ်နေတာ မင်းတို့တွေ ဘာတွေများဖြစ်နေကြလဲဆိုပြီး ဟိုမေးဒီစမ်းလုပ်ဖို့ ပြောတာပေါ့"

"အဲဒီအချိန်မှာ ငါကလည်း သူတို့ဆီရောက်သွားနဲ့ဆုံတော့ မင်းအကြောင်းကို နည်းနည်းပါးပါးပြောပြီး ရန်ကုန်ကိုလာဖို့ခေါ်ခဲ့တာ"



"သြော်"

"သူ့ခေါင်းက ဒဏ်ရာကြောင့် ခုမှလာဖြစ်ကြတာ။ သင်္ဃန်းကျွန်းမှာတည်းတယ်လေ သူတို့"

"သြော်"

ကိုလှဟန်ကတော့ ဘာမှမပြော။ မညိုမြရီနှင့် မောင်လှတို့နှစ်ဦး ကျွန်ုပ်အား ပြောပြနေကြသည်ကိုသာ ကြည့်နေ၏။

"ဦး"

"ဟေ၊ ပြော သမီး"

"ဘုရားကျောင်းဆောင်ရှေ့မှာလေ ဆင်ရုပ်တစ်ခုထားတယ်။ အဲဒီဆင်က ညာဘက်အစွယ်ကျိုးနေတယ်"

"ဟုတ်လား"

ကိုလှဟန်သမီးက ကျွန်ုပ်အားပြုံးရွှင်စွာဖြင့် ပြောလိုက်၏။ ပြုံးနေသောမျက်နှာနှင့် ပြောသည့်မှန်သော်လည်း အကြောင်းအရာမှာ မကောင်းလှ။ သမီးပြောနေသည်ကိုလည်း ကိုလှဟန်ရော မညိုမြရီပါ သေချာကြည့်နေ၏။

"သြော်- အဲဒါမကောင်းဘူး သမီးရဲ့"

"ကျွန်တော် မအားတာနဲ့၊ မေ့မေ့နေတာနဲ့ အစွယ်မတပ်ဖြစ်သေးတာပါ ဆရာ"

"ဘယ်လောက်ကြာပြီလဲ"

"တဲတဲ - သိပ်တော့. . . ."

"ဖေဖေကလည်း ကြာပါပြီ။ (၂) နှစ်လောက်တောင် ရှိမလားဘဲ"

သမီးပြောနေသည်ကို နားထောင်နေရင်းမှ မညိုမြရီမျက်နှာ ကျွန်ုပ်ဘက်လှည့်လာပြီး -

"တံပိုးအကျိုးကြီးတစ်ခုလည်းရှိတယ် ဆရာ၊ တစ်ထွာလောက်ကြီး"

"ဘုရားကျောင်းဆောင်မှာလေ"

"ဟုတ်တယ် ဆရာ။ တစ်ထွာလောက်ရှိတယ်၊ အကျိုးကြီးတင်ထားတာ"

"ကိုလှဟန်၊ အဲဒါဘာလုပ်ဖို့လဲ"

"ဟိုဒင်းဆရာ၊ ဆရာတစ်ယောက်ကဘာရုပ်ဆိုလားထုပေးမလို့၊ ဟိုးတောကတောင် မှာယူထားရတာ၊ ရှားတယ်"

"အင်း - မကောင်းဘူးဘဲပြောရမယ် ကိုလှဟန်။ အဲဒါတွေဖယ်ပစ်လိုက်ပါ။ စွန့်ပစ်လိုက်ပါ"

"ဘယ်ကောင်းမလဲနော်၊ အကျိုးကြီးတွေဆိုတော့"

မောင်လှ ဝင်ပြော၏။

ကျွန်ုပ်က သူ့အား ပြန်ကြည့်လိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"မင်းပြောပါလား အဲဒီတုန်းက"

"ဘယ်တုံးကလဲ"

"မင်းသူတို့ဆီရောက်သွားတုန်းကလေ"

"ငါကမမေးမိဘူးလေကွာ။ ငါ့ကျတော့လည်း သူတို့က ခုလိုမပြောပြဘူး"

"မပြောဖြစ်တာပါဆရာ၊ မပြောဖြစ်တာ"

"ဪ"

ကျွန်ုပ်သည် အလွန်ရိုးသားကြသော၊ အလွန်ဟန်ဆောင်မှုကင်းကြသော သားအမိသားအဖ (၃) ယောက်အား တစ်လှည့်စီကြည့်လိုက်ရင်း တစ်ခုခုကို စဉ်းစားနေလိုက်၏။ မညိုမြရီသည် ညောင်းသွားသည့်ဟန်နှင့် ခြေထောက်ဘယ်ညာရွှေ့ထိုင်လိုက်ပြီး -

"ပြောပါဆရာ၊ အဲဒါတွေဘာလုပ်ပစ်ရမလဲ"

"အကောင်းဆုံးကတော့ စွန့်လိုက်ပါ။ မစွန့်ရင် ကိုလှဟန်လည်း ဘုန်းတွေကံတွေမရှိ ခုလိုပေါ့၊ အလုပ်ကရပ်ထားရသလိုဖြစ်တတ်နဲ့ မကောင်းပါဘူးဗျာ။ ခင်ဗျားက အိမ်ထောင်ဦးစီး။ ခင်ဗျားဘုန်းကံရှိမှ၊ ခင်ဗျားကံကောင်းမှ သမီးကလည်း အလုပ်လုပ်ရတာတွေ အဆင်ပြေမှာပါ"

"သူတို့ဆိုင်လေးက တောက်လျှောက်ကောင်းချင်သား သူငယ်ချင်း။ နာမည်လှလှလေးလည်း ပေးထားတယ်။ ငါကလည်း ကောင်းတယ်လို့ပြောထားတယ်"

"ဘာတဲ့တုံး"

"ဆိုင်နာမည်လေးက ဘာ. . ."

"အောင်မြင်တိုးပါ ဆရာ"

"အောင်မြင်တိုး၊ ဟာ - ကောင်းတာပေါ့။ လုပ်ငန်းကို အကြီးကြီးကိုချဲ့ပြီး ဒီလိုနာမည်မျိုးသာပေးလိုက်လို့ကတော့ ကိုလှဟန် ပြီးပြီ၊ ကြီးပွားပြီ"

"ဟုတ်လား ဆရာ။ ကျွန်တော် ရမ်းမှည့်ထားတာ"

"ဟုတ်တယ်၊ ရမ်းမှည့်ပေမယ့် ကောင်းတယ်။ နိမိတ်ကောင်းလိုက်တာ။ ကျွန်တော်ဆိုရင်တောင် စဉ်းစားမိမှာ မဟုတ်ဘူး"

"ဒါဖြင့် ဆက်လုပ်ရင်လည်း ကောင်းတာပေါ့နော် ဆရာ"

"လုပ်ပါ၊ အောင်မြင်မှာပါ။ ဒါပေမယ့် မကောင်းတဲ့ခတ်တွေ၊ ဂြိုဟ်တွေရဲ့ ထိခိုက်ထားတာတွေကြောင့် ကိုလှဟန် ပိတောက်(၂၉)ညွှန့်တော့ ဘုရားပူဇော်ရလိမ့်မယ်။ အိုးတစ်လုံးသတ်သတ်နဲ့"

"ပိတောက်၊ ပူဇော်မယ်လေ ဆရာ"

"မစွန်နဲ့၊ တောက်လျှောက်ပူဇော်ထား"

"ဟုတ်ကဲ့"

"ဒါပေမယ့် ဟိုအရုပ်တွေ၊ အကျိုးတွေစွန့်ပြီးမှ၊ ဘုရားဆောင်ကို သန့်ရှင်းနေအောင် အမှိုက်သရိုက်တွေရှင်းပြီးမှ ပူဇော်ရလိမ့်မယ်။ ဘာရုပ်မှမဆောင်နဲ့"

"ဟုတ်ကဲ့၊ လုပ်ပါ့မယ်"

"ပြီးတော့ သန်းသန်းဌေးလား၊ ခုနတုမလေး"

"ဟုတ်ကဲ့"

"ပြန်ခေါ်ထား၊ သူပဲခေါ်ထား။ သန်းသန်းဌေးပဲ ရိုးရိုးပဲခေါ်။ ကွန့်ပြီး ဌေးဌေးဟန်တွေဘာတွေလျှောက်မလုပ်နဲ့"

"ဪ - ကက်ကင်းမခေါ်ရဘူးပေါ့"

"ကက်ကင်းဆိုတာ ကောင်းတာရှိသလို ဆိုးတာရှိတယ် ကိုလှဟန်ရဲ့။ ကက်ကင်းတိုင်းကောင်းတာမဟုတ်ဘူး။ မောင်လှက ပြောပြဖို့ကောင်းတယ်"

"အဲလောက်လည်း မသိတော့ဘူးလေ သူငယ်ချင်း"

"ကဲ- ဒါဖြင့် ကိုလှဟန်က မိုးလင်းလို့ မျက်နှာသစ်ပြီးပြီဆိုတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူ၊ နေ့တိုင်း"

"ဟုတ်ကဲ့"

"မညိုမြရီက ယပ်တော်တစ်ချောင်းဝယ်ထား၊ ရိုးရိုးယပ်တောင်ပဲ။ လူခတ်တဲ့ ယပ်တောင်ပဲ။ အဲဒီယပ်တောင်နဲ့ ဘုရားရှင်ကို ယပ်တော်သွင်းပူဇော်၊ မနက်တိုင်းပူဇော်။ ဘုရားဂုဏ်တော်တွေ အာရုံပြု။ နှုတ်ကလည်းရွတ်ပြီး ယပ်တော်ကို ဖြည်းဖြည်းချင်းသွင်း။ ပူဇော်ပြီးရင် ယပ်တောင်ကို ဘုရားဆောင်မှာပဲ ပြန်ချိတ်ထား။ လူယူမခတ်နဲ့"

"ဟုတ်ကဲ့၊ နေ့တိုင်းလား ဆရာ"

"နေ့တိုင်းလုပ်ရမယ်၊ မပျက်နဲ့"

"ဟုတ်ကဲ့"

"သမီးက အိမ်မှာ ဘုရားပန်းပူဇော်တာကို တာဝန်ယူ။ အသစ်ပူဇော်တာပဲဖြစ်ဖြစ်၊ ပန်းဟောင်းရေလဲတာပဲဖြစ်ဖြစ် သမီးလုပ်"

"ဟုတ်ကဲ့ ဦး"

"ကဲ - ဒါဖြင့် အဲဒီလိုလုပ်ကြ။ ရွတ်တာဖတ်တာတော့ ခါတိုင်းလိုပဲ ရွတ်ကြဖတ်ကြ။ ခင်ဗျားတို့စီးပွားတက်ကိုတက်လိမ့်မယ်သေချာတယ်။ မောင်လှ"

"ဟေ၊ ဗျာ"

"ခု သူတို့ ငါ့ဆီကပြန်သွားပြီးရင် တစ်နှစ်ပြည့်တာနဲ့ သူတို့နဲ့ပြန်ဆုံချင်တယ်။ မင်းတာဝန်ယူကွာ"

"ဪ - စိတ်ချပါ ဆရာ။ သမီးတို့ လာပါ့မယ်။ တစ်နှစ်မှလား၊ ကြားထဲမှာ မလာရဘူးလား"

"ပြောတာသာ နေ့တိုင်းမပြတ်စေနဲ့။ တက်ကိုတက်လာစေရမယ်။ တစ်နှစ်ပြည့်ရင်သာ လာခဲ့"

ခုနှစ်သက္ကရာဇ်မမေးဘာမမေးနှင့် ပြောလိုက်ရသော အကြံပြုစကားဝိုင်းလေး ပြီးသွားပြီဖြစ်သောကြောင့် ကိုလှဟန်တို့ပြန်ရန်ပြင်ကြပြီ ဖြစ်၏။ အခြားအာလာပသလ္လာပများပြောရင်း ဆယ်မိနစ်ခန့် စကားလက်ဆုံကျနေသေး၏။ ပြီးမှ မောင်လှက ဦးဆောင်ပြီး ပြန်ကြတော့၏။

◆

သူတို့မိသားစုအား တစ်ခါတစ်ခါ သတိရလိုက်၊ အလုပ်များချိန်များတွင် သတိမထားမိလိုက်ဖြစ်နေခဲ့ပြီး တစ်နှစ်ကျော်အကြာတွင် -

တစ်နေ့ -

"ဆရာနေကောင်းတယ်နော်"

"ကောင်းတယ်၊ ဪ - ဟို. . . ကိုဘယ်သူ. . ."

"လှဟန်လေ ဆရာ"

"အေး- ဦးလှဟန် လာ။ သားအမိနှစ်ယောက်ရောပါလား၊ လာ - ထိုင်ကြ"

သူတို့မျက်နှာများမှာ ပြုံးရွှင်ကြည်လင်နေကြပြီး တက်တက်ကြွကြွလို ဖြစ်နေကြ၏။

"မိသားစုတွေ ကိုယ်ရောင်ကိုယ်ဝါတောက်နေသလိုပဲ"

"အယ်. . . ဟုတ်လား ဆရာ"

"ဟုတ်တယ် မညို. . . ဘယ်သူ"

"ညိုမြရီ"

"အေး၊ အေး - မညိုမြရီ၊ ဟုတ်တယ်ဗျ။ ကြည့်ရတာ ကြည့်ရတဲ့သူတောင်စိတ်ချမ်းသာတယ်"

"သမီးတို့ ကျိုက်ထီးရိုးဘုရားဖူးခဲ့ပြီး ရန်ကုန်အဝင်မှာ ဦးဆီရောက်အောင် ဝင်လာတာ"

"ဪ - အေး"

"ကျွန်တော်က အိမ်မှာကတည်းက ပြောလာတာ။ တို့တွေ ကျိုက်ထီးရိုးဘုရားကြီးသွားဖူးမယ်။ အပြန်မှာ ဆရာ့ဆီရောက်အောင် ဝင်လည်ကြမယ်လို့"

"ကောင်းတယ်ဗျာ၊ ကိုဟိုဒင်းပြီးတော့ မောင်လှ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုမောင်လှဆီကို ဒီကအပြန်ကျမှ ဝင်မလို့"

"ဪ- အင်းပါ၊ ရောက်အောင် သွားလိုက်ကြပါဦး"

"သွားမယ်ဆရာ။ သူနဲ့မတွေ့တာလည်း တစ်နှစ်လောက်ရှိနေပြီ။ ဟိုတစ်ခါ ဒီလာပြီးကတည်းက. . ."

"ဪ - အဲဒီထဲက မတွေ့ကြတာပေါ့"

"ဟုတ်ကဲ့"

"ကြည့်ရတာ အဆင်ပြေကြတယ်မို့လား"

"ဟုတ်ကဲ့၊ တော်တော်ကိုပြေပါတယ်ဆရာ"

"ဆိုင်ကော"

"ထွက်ပါတယ် ဆရာ၊ ဆိုင်ကြီးဖြစ်နေပါပြီ။ ခုဘုရားဖူးထွက်လာကြတော့ သန်းဌေးပဲထားခဲ့ရတယ်။ ကလေးမလေးတစ်ယောက်အကူနဲ့"

"ဪ. . ."

"ဆရာ့အတွက်ပါ"

ဒေသထွက် မုန့်မျိုးစုံ၊ လုံချည်၊ အကျီများကို သတိထားလိုက်မိ၏။ သူတို့၏ ဝမ်းမြောက်မှုကို ကျွန်ုပ်ပီတိဖြစ်၍ မဆုံး။

"ဆရာပြောလိုက်တယ်နော်"

"ဘာကိုလဲ မညီမြရီ"

"စီးပွားတက်ကိုတက်မယ်ဆိုတာ တက်တာပဲ ကတဲ့"

"ဝမ်းသာတယ်၊ တကယ်ကို ဝမ်းသာတယ်"

◆

ဤမိသားစု (၃) ယောက်နှင့် ဆုံခဲ့ရပုံကို -

ဤနေရာတွင် ခေတ္တရပ်နားထားလိုက်ပါသည်။

မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် မြန်မာတို့ချစ်ကြသော၊ လေးစား မြတ်နိုးကြသော၊ အားထားကြသော အင်္ဂဝိဇ္ဇာ ပညာရပ်ကြီးရှိ၏။

'ရုပ်ကြည့်အကဲခတ်ပြီး ပြောကြတာပါကွာ'

ဟူသော အများလွယ်လွယ်ခေါ်ကြသည့် အင်္ဂဝိဇ္ဇာမဟုတ်ပါ။

အကြောင်းအကျိုး စုံလင်စွာဖြင့် ခိုင်မာသေ ဂကိန်းဂဏန်းများ၊ ဂြိုဟ်များ အံ့ဩဖွယ်ရာတည်နေသည့် ပညာရပ်ကြီး ဖြစ်၏။

ဤကိန်းမြင်လျှင် ဤသို့ဖြစ်မည်ဟုဆိုလိုက်သည်နှင့် ကြီး၊ ငယ်မဟူ မျက်



နှာမရွေး ကြုံကိုကြုံရ၏။ ဖြစ်ကိုဖြစ်ရ၏။ ရှောင်လွှဲ၍မရ။ ဖြစ်မယ်မထင်ပါဘူးဟု ခပ်ပေါ့ပေါ့နေ၍မရ။

ဖြစ်မှာကိုကြောက်ပြီး မသိချင်ယောင်ဆောင်နေ၍မရ။

ဖြစ်မည်ဆိုလျှင် ဖြစ်ကိုဖြစ်၏။

ပျက်မည်ဆိုလျှင် ပျက်ကိုပျက်၏။

ဒီဂြိုဟ်နဲ့ဒီဂြိုဟ်ကို ဒီလိုပူးယှဉ်ပြီး ဒီလိုစီရင်လိုက်ရင် ဒါဖြစ်လိမ့်မယ်ဟု ဆိုလိုက်သည်နှင့် 'ဟုတ်လားမသိဘူး။ လုပ်ကြည့်လိုက်ဦးမယ်' ဟူ၍ မရ။

ဖြစ်မည်ဆိုလျှင် ဖြစ်ကိုဖြစ်၏။

ချမ်းသာမပေး။

ခံရမည်ဆိုလျှင် ခံကိုခံရ၏။

ဂဏန်းလုံးလေးများမှာ (၇) လုံးသာရှိ၏။

ထို(၇)လုံး၏ နက်ရှိုင်းလှစွာသော ပညာကြီးများမှာ တော်ရုံဉာဏ်မီရုံနှင့် မမြင်ရ၊ မတွေ့ရ၊ ခက်ခဲလှစွာ၏။

စာအုပ်စာပေများကို လေ့လာရုံနှင့်လည်း တတ်မြောက်သည့် ပညာမဟုတ်။

တတ်ကျွမ်း နားလည်သော ပညာရှင်ကြီးများထံ ခြေသုတ်ပုဆိုး မြေစွယ်ကျိုးကဲ့သို့ ရိုရိုသေသေ ပြားပြားဝပ် ချဉ်းကပ်နိုင်မှသာ၊ ဂါရဝတရားရှိနိုင်မှသာ၊ နိဝါတတရားနှင့် ပြည့်စုံနိုင်မှသာ သင်ကြားတတ်မြောက်နိုင်သည့် ပညာကြီးဖြစ်၏။ ကိုယ်သင်ချင်တိုင်း သင်မရသောပညာ ဖြစ်၏။

'ဆရာ၊ ကျွန်တော် ဆရာ့ဆီမှာ တစ်နှစ် တပည့်ခံမယ်။ အင်္ဂဝိဇ္ဇာတတ်အောင် သင်ပေးပါ' ဟူ၍ မရပါ။

လက်တွေ့မရှိပါဘဲနှင့် စာတွေ့နှင့် သင်၍မရပါ။

ဆရာ့နှုတ်က ခေါ်သမျှကို လိုက်ကူးရေး၍ တတ်မြောက်နိုင်သောပညာလည်းမဟုတ်ပါ။

ရှေးကျမ်းများကို ဖတ်ရှုလျှင် ပို၍ ခက်ခဲလွန်းပါ၏။

ဘာမှနားမလည်ဖြစ်ရပါ၏။

လင်္ကာများ၊ အဖျောက်များနှင့် ထားရစ်ခဲ့ကြပုံမှာ အတော့်ကို ပညာသားပါလှ၏။

ဖွဲ့ လုံ့လ၊ ဝီရိယ အတော့်ကို များပြားစွာထားရသည့်၊ ကြိုးစားရသည့် ပညာကြီး ဖြစ်၏။

ရှေးယခင်က -

ဆရာ့ထံတွင် ပညာယူရန်သွားလျှင် တစ်ရက်ပေးနိုးတစ်ရက်ပေးနိုးနှင့် ဆရာ့အရိပ်အခြည်ကို ကြည့်နေရသည်က များ၏။

တစ်ခါတစ်ရံ တစ်လသာကြာလျှင် ကြာသွားမည် တစ်လုံးမှမသင်ရ။

တစ်လနေမှ တစ်ကွက်ရရ၊ နှစ်လနေမှတစ်ကွက်ရရ မျက်နှာပျက်၍မရ၊ ဖွဲ့လျှော့၍မရ၊ စိတ်ပျက်၍မရ။

အားမာန်အပြည့်ရှိသော စိတ်ဓာတ်ခွန်အားနှင့်သာ သင်ကြား တတ်မြောက်နိုင်သည့်ပညာကြီး ဖြစ်၏။

ထိုသို့ မဟုတ်ပါဘဲနှင့် ဆရာကို မေးမြန်း၍ သိလိုသည်များကို ရေးမှတ်ရုံနှင့်မရ၊ စာတွေ့နှင့် မေးမြန်းသင်ယူရုံဆိုလျှင် ဂြိုဟ်တို့အကြောင်း၊ ဂဏန်းတို့အကြောင်း၊ ဓာတ်တို့အကြောင်းတွေကိုသာ သိရမည် ဖြစ်၏။

ဂြိုဟ်တစ်လုံးနှင့် ဂြိုဟ်တစ်လုံး ပူးယှဉ်လိုက်ပြီဆိုသည်နှင့် ဘာဖြစ်တော့မည်ဆိုသည်မှာ လက်တွေ့မပါဘဲနှင့် မရနိုင်ပါ၊ မသိနိုင်ပါ၊ မမြင်နိုင်ပါ၊ မတတ်နိုင်ပါ။

ရှေးယခင်က သင်ကြားပြသခဲ့သော ဆရာကြီးများမှာ ထိုသို့ဂြိုဟ်ချင်းပူးပုံကို လက်တွေ့ပြပြီး သင်ပေးကြသောကြောင့် မှတ်စုမလိုဘာမလို စိတ်ထဲနှလုံးသားထဲဝယ် စွဲထင်သွားတော့၏။

သွားလေရာ မှတ်စုစာအုပ်ကြီး တကိုင်ကိုင်လုပ်စရာမလိုတော့။

ဥပမာ -

'နေမကောင်းရင် အထက်ဆောင်ပန်းပေးလိုက်ကွာ' ဟု ဆရာက ပြောလိုက်သည်နှင့် အထက်ဆောင်ပန်းပေးပုံကို တန်းသိနိုင်၏။

အထက်ဆောင်ပန်းဟု စာအုပ်ထဲဖတ်ထားရုံနှင့် ဘယ်အချိန်၊ ဘယ်လိုပေးရမယ်မှန်းမသိနိုင်။

ဥပမာ ဥန္နဲသားကို သုံးမှာလား၊ အင်တုံကိုသုံးမှာလား၊ ဦးထုပ်ကိုသုံးမှာလားဟု ဆိုလိုက်လျှင် တနင်္ဂနွေ၊ စနေ အတွဲမှန်သော်လည်း ကွာသွားပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူပင် ကရွတ်ကိုသုံးမှာလား၊ ခရားကိုသုံးမှာလား၊ ခရေကိုသုံးမှာလား၊ ခရုကိုသုံးမှာလားဟု စဉ်းစားပြီဆိုသည်နှင့် အဖြေကို တန်းထုတ်နိုင်ရမည် ဖြစ်၏။

အုန်းကို ထုတ်လိုလျှင် ဩဇာဟု ဆိုလိုက်သည်နှင့် ဩဇာကို ဘယ်လိုသုံးမှာလဲ စဉ်းစားရပေတော့မည်။ အုန်းသီးပုံပေါ် ဩဇာညွန့်တင်ထားရုံနှင့် မရ။ ဩဇာသီးတင်ထားရုံနှင့်မရ။ ဩဇာတော့ ဩဇာဖြစ်၏။

အုန်းသီးကိုရိုက်ရတော့မည်။

အုန်းသီးကို ရိုက်လိုက်ပြီဆိုသည်နှင့် ရိုက်ပြီးမကြာခင် အသီတစ်ယောက်ရောက်လာပြီး အုန်းသီး စားချင်၍ အလကားတောင်းသွားလျှင်လည်း ထွက်ခြင်းဖြစ်၏။ အုန်းသီးပုပ်သွားလျှင်လည်း ထွက်ခြင်းဖြစ်၏။

ရိုက်ပြီးသည့်အပုံအား အကြောင်းတစ်ခုကြောင့် ဟိုရွှေ့ပုံဒီရွှေ့ပုံလုပ်ရလျှင်လည်း ထွက်ခြင်း ဖြစ်၏။

အလွန်မှုန်းညှံ့သိမ်မွေ့လှပါသည်။

လက်တွေ့မပါဘဲ စာဖတ်ရုံနှင့် ထဲထဲဝင်ဝင်မသိနိုင်ပါ။

'ဆရာကလည်းကွာ၊ တစ်နေ့လာသင်နိုး၊ တစ်နေ့လာသင်နိုးနဲ့ ဆရာ့ဆီသွားရတာကွာ အချိန်တွေသာကုန်ပါတယ်။ အလကား၊ ဘာမှလဲသင်မပေးဘူး' ဟူသောစိတ်နှင့် နောက်ဆုတ်ပြီဆိုသည်နှင့် ပညာနှင့် ဝေးသွားပြီ ဖြစ်၏။

အင်္ဂဝိဇ္ဇာပညာ သင်ယူရပုံမှာ အတော်ခက်ခဲလွန်းပါသည်။

ပုံသေကြည့်၍မရပါ။

ငွေနံပျက်ပြီဆိုသည်နှင့် ချေးကျွေးရမှာလား၊ ကျီးကျွေးရမှာလား၊ ခိုကျွေးရမှာလား၊ ခြေထောက်မကောင်းသူကို လှူရမှာလား၊ ခါးမကောင်းသူကို လှူရမှာလား ငါးစာကျွေးရမှာလား များပြားလာပြီ ဖြစ်၏။

ရိုးရိုးပေး၊ ရိုးရိုးကျွေးခြင်းသည် ကုသိုလ်ရရာရကြောင်းဖြစ်၍ အကြောင်းမဟုတ်သော်လည်း ဓာတ်ရိုက်ပြီဆိုလျှင် ခပ်လွယ်လွယ် လုပ်၍မရတော့။ စည်းများ၊ ဘောင်များ၊ သတ်မှတ်ချက်များရှိလာပြီ ဖြစ်၏။

'သူ့ကိုနိုင်လို ဆကိုခို၊ လိုရာဆေးဖော်သုံး'

အင်္ဂဝိဇ္ဇာစာပေကျမ်းများကို လေ့လာသူတိုင်း ဤပညာခန်းကို သိကြ၏။ ကြားဖူးကြ၏။

သို့သော် -

## မေးခွန်းများ

၁။ မောင်လှမှ သူ၏ မယားညီအစ်ကိုအကြောင်းကို စပြောလိုက်သည်နှင့် 'လူထွက်တတ်တယ်' ဟု ပြောလိုက်ပါသည်။
အဘယ်ကြောင့်နည်း။
လူထွက်တာမှန်ရင် အဲဒီလူ ခေါင်းမကောင်းဘူး။ ကောင်းရင် အလုပ်နဲ့ ပတ်သက်ပြီး ခိုက်နေသူဟု ပြောခဲ့ပါသည်။
မည်သို့သော အကြောင်းအကျိုးများ ဆက်စပ်၍ ပြောခဲ့ခြင်းကို ပြည့်စုံစွာဖြေဆိုပါ။

၂။ ဦးလှဟန်ကိုမြင်လိုက်သည်နှင့် ကျန်းမာရေးမကောင်းကြောင်း၊ လုပ်ငန်းတွေရပ်နေကြောင်း၊ မိတ်ဆွေအပေါင်းအသင်းကြောင့် ပြဿနာဖြစ်တတ်ကြောင်း ပြောပြခဲ့ပါသည်။
အဘယ်ကြောင့် ဤသို့ပြောခဲ့သည်ကို အကြောင်းအကျိုးများ ဆက်စပ်၍ ဖြေဆိုပါ။

၃။ ခင်မြင့်ကြောင့် အေးအေးဆင့်ကို ခေါ်ရသောအခါ ပိုရောင်းကောင်းမှာပေါ့ဟု ပြောခဲ့ပြီး အေးအေးဆင့်၏ ကိုယ်ရေးကိုယ်တာတစ်ခုကြောင့် အလုပ်ထဲကို စိတ်ဝင်စားမှုမရှိတော့ကြောင်း ပြောခဲ့ပါသည်။
ကာယကံရှင်များကလည်း ဝန်ခံကြ၏။
အေးအေးဆင့်ကြောင့် ရောင်းကောင်းရခြင်း၊
အေးအေးဆင့် အလုပ်ထဲ စိတ်မဝင်စားလောက်အောင်ဖြစ်သွားရခြင်းများကို ပြည့်စုံစွာ ဖြေဆိုပါ။

၄။ ဦးလှဟန်တို့ နောက်ထပ် လူတစ်ယောက် ထပ်ခေါ်ခဲ့ပါသည်။
နောက်ခေါ်သူမှာ ထွေးလေးဖြစ်ပြီး ရွှေတိုးဖြစ်သွားသည်နှင့် အဘယ်ကြောင့် ခင်မြင့်ကို ထိခိုက်ရပါသနည်း။

၅။ ဦးလှဟန်ထိခိုက်ရပုံကို ပြည့်စုံစွာ ဖြေဆိုပါ။

၆။ ဘုရားကျောင်းဆောင်တွင်ရှိနေသော ပစ္စည်းများအား ဖယ်ခိုင်းရပုံကို စုံလင်စွာ ဖြေဆိုပါ။

၇။ ဆိုင်နာမည် အောင်မြင်တိုး ဟု ပြောလိုက်သည်နှင့် ကြီးပွားမည့်နာမည်ဟု အဘယ်ကြောင့် ပြောလိုက်ရပါသနည်း။

၈။ သန်းသန်းဌေးကို အဘယ်ကြောင့် ပြန်ခေါ်ခိုင်းရပါသနည်း။

၉။ ပိတောက် (၂၉) ညွှန့်လှူခိုင်းခဲ့ပုံအား သိသမျှ ဖြေဆိုပါ။

၁၀။ တစ်ဦးချင်းစီကို တစ်မျိုးစီ ဘုရားပူဇော်ခိုင်းခဲ့ပါသည်။
မည်သည့်အတွက်ကြောင့် ဤသို့ ပူဇော်ခိုင်းခဲ့ရပုံများကို ပြည့်စုံစွာ ဖြေဆိုပါ။

၁၁။ ဤမိသားစုအား စီးပွားတက်ကိုတက်ရစေမယ်ဟု ရဲရဲဝံ့ဝံ့ပြောခဲ့ပါသည်။
အမှန်တကယ်လည်း တက်ခဲ့ကြပါသည်။
အဘယ်ကြောင့် ဤသို့ပြောခဲ့သည်ကို အကြောင်းအကျိုး စုံလင်စွာနှင့် ဖြေဆိုပါ။

ဆပွတ်သည် အဘယ်သို့သော သဘောရှိသည်ကိုမှ ဆကိုခို၍ ရနိုင်မည် ဖြစ်၏။

တနင်္ဂနွေ ဆိုလိုက်သည်နှင့် 'သူ့ ဆပွတ်သောကြာပါကွာ။ အဲဒါနဲ့ စီရင်လိုက်ပေါ့' ဆို၍ မရပါ။

သောကြာ သီးလား၊ သံသတ်လား၊ သီဟိုဠ်လား။

အခြားနံများပါ တွဲသော သောကြာဖြစ်လျှင် -

သပြေလား၊ သစ်တော်လား၊ သဖန်းလား၊ သပြုလား၊ သစ်မင်းလား၊ သီမနိုင်ကျောက်မနိုင်လား။

တနင်္ဂနွေကို ဘုန်းကံတက်စေမှာလား၊

နေကောင်းစေမှာလား၊

ရန်များနေတာတွေ ရှင်းပေးချင်တာလား ဟူ၍ ပညာကောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း သွားရတော့မည် ဖြစ်၏။

'မိတ်ခတ်နဲ့ ရိုက်လိုက်'

ဟူသော စကားလုံးတစ်လုံးမှာ လွယ်ပါ၏။

သို့သော် မိတ်ခတ်နှင့် ခတ်မိတ် ကွာခြားသောအခန်းများကို ဦးစွာ သိထားမှ မိတ်ခတ်နှင့်ရိုက်ရမှာပါ။ ခတ်မိတ်နှင့် ရိုက်ရမှာလား ဟူသည်ကို ဆောင်ရွက်နိုင်မည် ဖြစ်၏။

ဤသည်မှာ -

တစ်ခုစနှစ်ခုစ အကျဉ်းမျှသာဖြစ်၏။

ပညာခန်းကြီးများ မဟုတ်သေးပါ။

ထိုမျှ နက်ရှိုင်းလှသော ပညာကြီးကို အလွန်ပင် ပြန့်ပွားစေချင်လှပါ၏။ ဖြစ်နိုင်လျှင် အလွန်ကျယ်ပြန့်သွားစေချင်ပါသည်။

လူတစ်ယောက်၏ဘဝကို အညွန့်တလူလူနှင့် တိုးတက်ထွန်းကားသွားသည့်ထိ အောင်မြင်သွားစေနိုင်သော ပညာကြီးဖြစ်၍ အလွန်မှလေ့လာသင့်ပါသည်။ ဗဟုသုတများစွာ ရယူစေလိုပါသည်။ အသိအမြင်များ တဖြည်းဖြည်း များပြားလာကာ ဒိုးခနဲဒေါက်ခနဲဆုံးဖြတ်နိုင်သည့်ထိ တတ်မြောက်ကြစေချင်ပါသည်။

ကျွန်ုပ်သည် -

ဤပညာကို စတင် သင်ကြားခဲ့ရချိန်မှစ၍ ယခုအချိန်ထိ ကြိုးစားဆဲ၊ လေ့လာဆဲ၊ သင်ယူနေဆဲပင် ဖြစ်၏။

လက်တွေ့ ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများ၊ ပညာနှင့် မြင်ကြည့်သော ဗဟုသုတများစွာကိုလည်း ဖြန့်ဝေနေသူလည်း ဖြစ်၏။

ပညာကိုချစ်သူတို့လျှောက်သော လမ်းမှာ လွယ်ကူချောမွေ့လှသည်ဟူ၍ မရှိပါ။ ခက်ခဲခြင်း၊ ကြမ်းတမ်းခြင်းတို့နှင့် ပြည့်စုံနေပါသည်။ ဤသည်ပင်လျှင် တန်ဖိုးမဖြတ်နိုင်သော ပညာအတွေ့အကြုံများပင် ဖြစ်တော့၏။

ပညာကို ချစ်ကြသော၊ ပညာကို ဝါသနာပါကြသော ဝါသနာရှင်များ၊ လူငယ်လူရွယ်များကို ကျွန်ုပ် အလွန်လေးစား၏။ သူတို့အတွက် အမြဲတမ်း ဂုဏ်ယူ၏။

ကျွန်ုပ်ထံသို့ မသိ၍ လာမေးကြသော လူငယ်လူရွယ်များ၊ ဝါသနာရှင်များအား ကျွန်ုပ်သင်ကြားခဲ့ရသလောက်၊ သိသလောက်၊ မှတ်သလောက်လေးများအား ပြသပေးလေ့ရှိ၏။ မသိလျှင် မသိကြောင်း ပြော၏။ မတတ်လျှင် မတတ်ကြောင်း ပြော၏။ သိသမျှလေးများကိုတော့ ရှင်းပြတတ်၏။

ယခုလည်း -

ဤဆောင်းပါးသည် အင်္ဂဝိဇ္ဇာပညာကြီးကိုချစ်ကြသော၊ လေးစားမြတ်နိုးကြသော ဝါသနာရှင်များကို ရည်ရွယ်၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးတွင် နာမည်နှင့်ဆိုင်သောပညာခန်းများပါ ပြသထားပါသည်။

အလွန် လွယ်ကူလွန်းလှသော အခြေခံအဆင့်လေးများသာ ဖြစ်ပါသည်။

ဤအဆင့်သည် လွယ်ကူလွန်းရကား လက်တွေ့ဟောပြောနေကြသော ပုဂ္ဂိုလ်များ သိပြီးသားပင် ဖြစ်ပါသည်။

ထို့ကြောင့် -

ဟောပြောခြင်း မပြုကြသော ဝါသနာရှင် လူငယ်လူရွယ်လေးများအတွက်ကိုသာ ရည်ရွယ်ပါသည်။ ယခုမှ စတင်ဖတ်ရှုလေ့လာလိုက်စားကြသော ဝါသနာရှင်များ၊ လူငယ်လူရွယ်လေးများကိုသာ ရည်ညွှန်းပါသည်။

တတ်ကျွမ်း နားလည်ပြီးသူများ မြင်ပြသောအမြင်နှင့် -

ယခုမှ စတင် ဖတ်ရှု လေ့လာလိုက်စားကြသော ဝါသနာရှင်များမြင်ပြသောအမြင် လုံးဝမတူနိုင်ပါ။

ထိုသို့မတူနိုင်သော **အစိမ်းသတ်** သက်မြင်ပြခြင်းကိုသာ လိုလားပါသည်။

အဓိကရည်ရွယ်ချက်မှာ -

ပညာလိုလားကြသူများအတွက်သာ ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာကို ဝါသနာပါလွန်း၍လေ့လာရင်း စာပေများကို ဖတ်ရှုရင်း တွဲပုံ၊ ယူဆပုံ၊ တွေးခေါ်ပုံ၊ သုံးသပ်ပုံလိုအပ်နေကြသူများအတွက် ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာကို မြတ်နိုးလေးစားလွန်းလှသော်လည်း သိလာအောင်၊ တတ်လာအောင် ကြိုးစားဖို့ အချိန်မပေးနိုင်ဖြစ်နေကြသော အလုပ်မအားမလပ်ကြသူများအတွက်ကိုလည်း ရည်ရွယ်ပါသည်။

မြန်မာ့မြေ မြန်မာ့ရေပေါ်မှ မြန်မာတို့ ချစ်မြတ်နိုးလေးစားကြသော အင်္ဂဝိဇ္ဇာပညာကြီးကို နေရာအနှံ့ ပြန့်ပွားသွားစေချင်လွန်းလှပါသည်။

ဤရည်ရွယ်ချက်များဖြင့် -

ယခုပြသတော့မည်ဖြစ်သော မေးခွန်းလေးများကို မေးလိုက်ရခြင်း ဖြစ်ပါသည်။

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

## ဝင်ရောက်ဖြေဆိုသူများသို့

ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ၏ ဆောင်းပါးများကို တစိုက်မတ်မတ် ဖတ်ရှု လေ့လာ ပညာယူခဲ့ကြသော အင်္ဂဝိဇ္ဇာချစ်သူ ဝါသနာရှင်များအနေနှင့် အဖြေလွှာများကိုဖြေဆိုကြပြီးသည်နှင့် အဖြေလွှာများအား ( ၃၁ ဒီဇင်ဘာလ ၂၀၁၃ ) (**အင်္ဂါနေ့**) နောက်ဆုံးထား၍

**သူရဋ္ဌမဂ္ဂဇင်း (အင်္ဂဝိဇ္ဇာပညာဉာဏ်စမ်းပွဲ)**
**ပညာရွှေတောင်စာအုပ်တိုက်**
**အမှတ် (၉၀-၉၂) ပန်းဆိုးတန်းလမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** သို့ လိပ်မူ၍ပေးပို့ပါရန်။

အကောင်းဆုံး မြင်ပြဖြေဆိုနိုင်သူ၏ အဖြေလွှာများအား သူရဋ္ဌမဂ္ဂဇင်းကြီးတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး---

ပထမဆု - ၁၀၀,၀၀၀ (ကျပ်ငွေတစ်သိန်း)
ဒုတိယဆု - ၈၀,၀၀၀ (ကျပ်ငွေရှစ်သောင်း)
တတိယဆု- ၅၀,၀၀၀ (ကျပ်ငွေငါးသောင်း)

တို့ကို ဆရာဦးမောင်မောင်သန်း (ရင်ကို အေးမြစေသား)ကိုယ်တိုင် ချီးမြှင့်သွားမည် ဖြစ်ပါသည်။

ဆုမရရှိသော်ငြားလည်း ဝင်ရောက်ဖြေဆိုကြသည့် ဝါသနာရှင်များကို အဖြေလွှာဆောင်းပါးရှိသောသူရဋ္ဌမဂ္ဂဇင်းတစ်အုပ်စီ မေတ္တာလက်ဆောင် ချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာကိုယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကြမ္မာကတော့ ဘယ်သူ့ကိုမှ မရှောင်ဘူး။ မျက်နှာမလိုက်ဘူး။ ဘုရင်ဧကရာဇ်ကြီးတွေ၊ သမ္မတကြီးတွေကိုလည်း ချမ်းသာမပေးဘူး။ ဒီလို ကြမ္မာငင်ခြင်းခံရတဲ့ ခေါင်းဆောင်ကြီးတွေ၊ ဧကရာဇ်ကြီးတွေ၊ သမ္မတကြီးတွေ အများအပြားရှိတယ်။

ရောမက ဆီဇာဘုရင်ကြီး ဒုက္ခတွေ့တော့မယ်ဆိုတာ သတိပေးတဲ့လူရှိပေမယ့် မရှောင်နိုင်ခဲ့ဘူး။ နဘူခနက်ဇာဘုရင်ကြီးကိုလည်း ပရောဟိတ်တွေက သတိပေးထားတဲ့ကြားထဲက ကြမ္မာငင်တာခံခဲ့ရတယ်။ ကူဗလိုင်ခန် ဧကရာဇ်ကြီးလည်း လက်နက်အင်ပါယာကြီး ထူထောင်ဖို့ ကံကြမ္မာပါလာတယ်လို့ ကူဗလိုင်ခန်ကဗျာထဲမှာ ဖော်ပြထားတယ်။ စစ်သူကြီး အလက်ဇန္ဒားဟာ တိုင်ယာမြို့ကို သိမ်းပိုက်ဖို့ ကံကဖန်လာတော့ အိပ်မက်အရ တိုက်လိုက်တာ တိုင်ယာမြို့ကြီးကို လက်ရသိမ်းနိုင်တယ်။ နပိုလီယံကို ခြေလှမ်းမမှားအောင် အိပ်မက်တွေက သတိပေးတဲ့ကြားက ကြမ္မာငင်တော့ အမှားတွေလုပ်မိပြီး နောက်ဆုံးစိန့်ဟယ်လီနာကျွန်းမှာ တစ်ကျွန်းကျခံရတယ်။ ဗေဒင်ပညာရှိကြီး စလေဦးပုညလည်း ကြမ္မာငင်တော့ ကားစင်တင်ခံရတာပါပဲ။

ဒီလိုကြမ္မာငင်တတ်တာကို ဦးပုညက-

*'ဝိပါက်ကြမ္မာငင်တော့ ရွှေညာက်ရှင် ဆင်ခြင်နိုင်ဖူး ပွဲတွေ့အမှား'*

လို့ စာစပ်ထားတယ်။

သမ္မတကြီး လင်ကွန်းကလည်း ဒီလိုကြမ္မာငင်လာတာကို သိပါလျက်နဲ့ ဆင်ခြင်ဖို့ သတိမရလိုက်လို့ လုပ်ကြံခံလိုက်ရတာပါ။ လင်ကွန်းဟာ ဗေဒင်၊ နက္ခတ်၊ လက္ခဏာ၊ ဝိညာဉ်တွေနဲ့ ဆက်သွယ်တာ၊ အကြားအမြင်အာရုံတွေ ဟောပြောတာ၊ အိပ်မက်ထူးတွေဟာ ရှေ့ဖြစ်ကို ကြိုတင်ဟောနိုင်၊ သတိပေးနိုင်တဲ့ လောကီပညာတွေ၊ ဂန္ဓာရီပညာတွေကို ဝါသနာပါတယ်။ ယုံကြည်တယ်။

လင်ကွန်းဟာ နာမည်ကျော် ဂန္ဓာရီပညာရှင်တွေ၊ အာရုံထူးမြင်တဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း ဆက်သွယ်တယ်။ လောကီပညာတွေကို သူတို့နဲ့ လေ့လာတယ်။ ဒီအချိန်မှာ ဝိညာဉ်တွေနဲ့ ဆက်သွယ်ပြီး တမလွန်လောကသားတွေရဲ့ အကူအညီနဲ့ စိတ်တန်ခိုးပြတာတွေ ခေတ်စားနေတယ်။ ပစ္စည်းတွေကို ရွှေ့ပြတယ်။ လေပေါ်ပျံအောင်လုပ်ပြတယ်။ အသံမျိုးစုံကြားရအောင်ပြနိုင်တယ်။

ဒီလို ဝိညာဉ်လောက အကူအညီနဲ့ စန္ဒရားကြီးကို အထက်မြောက်လာအောင်ပြနိုင်တဲ့ မစ္စက်မီလာနဲ့ လင်ကွန်းဟာ ဆက်သွယ်မိတယ်။ မစ္စက်မီလာက ဓာတ်စီးပြီးစန္ဒရားတီးပြနေစဉ်မှာ စန္ဒရားကြီး အထက်ကိုမြောက်ကြွလာတယ်။ ဒီလိုကြွလာတဲ့ စန္ဒရားကြီးပေါ်ကို လင်ကွန်းနဲ့ သူ့မိတ်ဆွေတွေက တက်ဖိကြပေမယ့် မရဘူး ကြွမြဲကြွနေတာ တွေ့ရလိမ့်မယ်။

ဝိညာဉ်တွေနဲ့ ဆက်သွယ်ပြီး မေးလိုရာကို ဖြေနိုင်တဲ့သူ တစ်ဦးကတော့

# မောင်ကျော်ထိုင်

## ကြမ္မာငင်တဲ့ လင်ကွန်း





www.burmeseclassic.com

www.burmeseclassic.com

မစ္စမေယတ် ဖြစ်တယ်။ မေယတ်ဟာ ဘဝင်ဆိုက်ပြီး မြောသွားအောင် အာရုံ ယူလိုက်ရင် ပရလောကသားက မေယတ် ရဲ့နှုတ်ကိုစီးပြီး ဟောနိုင်တယ်။လင်ကွန်း ဟာ ဒီလိုမေးရတာမျိုးကို ဝါသနာပါ တော့ မေယတ်ကိုလည်းချိန်းပြီး ဟော ပြောစေတယ်။ ဒါပေမယ့် ဒါမျိုးတွေကို တခြားလူတွေမသိအောင် တိတ်တဆိတ် အတွင်းလူနဲ့ ဆက်သွယ်ချိန်းဆိုရတာ ဖြစ်တယ်။ ဒီလိုအတွင်းကျိတ် ဓာတ်စီး နတ်ဝင်သည်တွေနဲ့ ချိန်းတွေ့ရတာမျိုး တွေဟာ မနည်းလှပါဘူး။

ဒီအချိန်က အမေရိကန်မှာ လူဖြူ လူမည်း ပြဿနာတွေပေါ်နေတယ်။ လူမည်းတွေဟာ ကျွန်ဖြစ်နေတာများတယ်။ ဒီတော့ ဒီလူမည်းကျွန်တွေက မကျေနပ်ကြဘူး။ အမေရိကန်တွေထဲမှာလည်း လူမည်းကျွန်တွေကို အခွင့်အရေးပေးချင်သူနဲ့ အခွင့်အရေးမပေးချင်သူ ဆိုပြီး သဘောထားတွေ အမျိုးမျိုးဖြစ်နေတယ်။ ပုံမှာပါတဲ့ လင်ကွန်းနဲ့ရပ်ပြီး စကားပြောနေသူဟာ ဓာတ်စီးဟော ပြောနေတဲ့ မစ္စမေယတ် ဖြစ်တယ်။ မေယတ်က လင်ကွန်းဟာ လူမည်းကျွန် တွေကို ကရုဏာထားပြီး သူတို့ကို သက်ညှာပေးဖို့ ဓာတ်စီးဟောပြောခဲ့တယ်လို့ ဆိုတယ်။ မပြေးသော်လည်း ကန်ရာရှိ ဆိုသလိုပဲ သမ္မတကြီး လင်ကွန်းဟာ ဒီ လူမည်းကျွန်တွေရဲ့ အခွင့်အရေးအတွက် ဆောင်ရွက်ခဲ့တယ် ဆိုတာကတော့ အထင်အရှားပါပဲ။ ဒါကြောင့်လည်း လုပ်ကြံခံရတာလို့ ဆိုကြတယ်။

ဒီလိုဓာတ်စီးဟောပြောတာ၊ ဂန္ဓာရီတန်ခိုးပြတာတွေထက် အရေးပါတာ ကတော့ လင်ကွန်းဟာ ဖရီးမေဆင်ဂန္ဓာရီဂိုဏ်းသားဖြစ်နေတာပါ။ ဖန်ရီးမေဆင် ဂိုဏ်းဟာ လူသားတွေ ကိုယ်ကျင့်တရား မြင့်မြတ်ဖို့၊ လူသားချင်းညှာတာဖို့ကို ရှေ့တန်းတင်ထားသူများဖြစ်နေလို့ လင်ကွန်း ကလည်း ဂန္ဓာရီပညာတွေ၊ လောကီ ပညာတွေကို လိုက်စားတာ ဖြစ်တယ်။ ရှေးခေတ်က အမေရိကန် တိုင်းပြည် ခေါင်းဆောင်တွေဟာ ဖရီးမေဆင်နဲ့ နိုဆီကရုစီယင် ဂန္ဓာရီဂိုဏ်းဝင်တွေ ဖြစ်တယ်။ လစ်ဘာတီရုပ်တုကြီးနဲ့ အိမ်ဖြူ တော်ကိုတည်ဆောက်တာဟာ လောကီ ပညာအစီအရင်တွေနဲ့ တည်ဆောက် ထားတာ ဖြစ်တယ်။ သူတို့ တိုင်းပြည်နဲ့ တိုင်းပြည်ခေါင်းဆောင်တွေ အန္တရာယ် ကင်းဖို့၊ အောင်မြင်ဖို့ ရည်ရွယ်ပြီး အစီအရင်တွေကို လုပ်ဆောင်ထားတာ



ကြွလာတဲ့ စန္ဒရားကြီးပေါ်ကို လင်ကွန်းနဲ့ သူ့မိတ်ဆွေများ တက်ဖိကြပေမယ့် ကြွမြဲကြွနေတာကို ဖော်ပြထားတဲ့ပုံ

ဖြစ်တယ်။

ဘယ်လိုပဲ ဓာတ်တွေ၊ယတြာတွေ လုပ်ပေမယ့် ဘဝင်္ဂကြွေးပါလာလို့ ကြမ္မာငင်လာရင်လောကီပညာတွေလည်း မတတ်နိုင်ပါဘူး။ တမလွန်လောက ဝိညာဉ်တွေကလည်း မကယ်နိုင်ပါဘူး ဆိုတာ သမ္မတလင်ကွန်းသာ မဟုတ်ပါဘူး။ အခြားသူတွေလည်း 'မလွတ်ကြမ္မာ ရှိမြဲသာ' ဆိုတဲ့ စကားအတိုင်းပါပဲ။

လင်ကွန်းဟာ လောကီပညာရှင်တွေ၊ ဂန္ဓာရီပညာရှင်တွေနဲ့ ဆက်သွယ်တယ်။ ဓာတ်စီးဟောပြောပွဲတွေကို တက်ရောက်ခဲ့တယ်။ အထက်ကြွတက် နေတဲ့ စန္ဒရားကြီးပေါ် လည်း ဖိထိုင်ဖူး တယ်ဆိုတဲ့ သတင်းတွေပြန့်နေတော့ CLEVELANDPLAINDEALER သတင်း စာမှာ ဒီအဖြစ်အပျက်တွေကို ရေးသား ဖော်ပြထားတယ်။ အဲဒီသတင်းစာမှာ ဖော်ပြထားတဲ့ပုံတွေကို အခုကူးယူဖော် ပြထားတာ ဖြစ်ပါတယ်။ ပုံထဲမှာ သမ္မတ ကြီးလင်ကွန်းရဲ့ပုံဟာ သိသာထင်ရှား ပါတယ်။

သတင်းထောက်တွေက သမ္မတ ကြီးလင်ကွန်းဟာ ဒီလိုဓာတ်စီးနတ်ဝင် မစ္စက်မီလာနဲ့တွေ့ဆုံပြီး စန္ဒရားကြီး ကြွ တက်လာလို့ အပေါ်တက်ဖိထိုင်ပေးရ တာ၊ မစ္စက်မီလာ စန္ဒရားတီးတာရပ်လိုက် တော့မှ စန္ဒရားကြီးအောက်ကို ပြန်ကျ သွားတာ၊ လောကီပညာရှင် မစ္စက်မေ ယက်က လူမည်းကျွန်တွေကို သက်ညှာ ပြီး အခွင့်အရေးပေးဖို့ ပြောခဲ့တယ်ဆို တာ မှန်ပါသလားလို့ မေးမြန်းကြတယ်။

လင်ကွန်းက -

"ဒီသတင်းတွေဟာ တစ်ဝက်မှန် ပြီး၊ တစ်ဝက်မှားနေတယ်။ သူတွေ့ခဲ့ရတဲ့ အလွန်အံ့ဩဖွယ်ကောင်းတဲ့ အချက် တွေကိုတော့ မဖော်ပြကြဘူး"

လို့ ပြန်ဖြေလိုက်တယ်။

စင်စစ်အားဖြင့်တော့ လင်ကွန်း ဟာ ဒီမစ္စက်မီလာ၊ မစ္စက်မီယတ်တို့ အပြင် အခြားဂန္ဓာရီပညာရှင်၊ ဓာတ်စီး နတ်ဝင်သည်တွေနဲ့လည်း ဆက်သွယ်ခဲ့ တာ ဖြစ်တယ်။ သူတို့ ဓာတ်စီးဟော ပြောတာတွေကိုလည်း ကိုယ်တိုင် ကြား နာခဲ့ဖူးတာ ဖြစ်တယ်။ အချို့အာရုံထူး ပိုင်တဲ့ပုဂ္ဂိုလ်တွေက လင်ကွန်းကို လုပ်ကြံ ခံရမယ့်အန္တရာယ်ကို သတိထားဖို့ပြော ခဲ့တယ်။ စစ်မဖြစ်ခင်က လင်ကွန်းနဲ့ ဒီလို လောကီပညာရှင်တွေ လုပ်ကြံခံရမယ့် အကြောင်း သတိပေးတဲ့အချက် စတာ တွေကို ရေးထားတဲ့ စာအုပ်တွေ အများ ကြီး ထွက်ဖူးပါတယ်။

သူတစ်ပါး ဟောပြောတာချည်း မဟုတ်ပါဘူး။ လင်ကွန်းကိုယ်တိုင်က လည်း ဒီလိုစိတ်စွမ်းအင်ပါရမီရှိသူပါ။

တစ်နေ့မှာ အလွန်ထင်ရှားတဲ့ အိပ်မက်မက်ပြီး လင်ကွန်းဟာ လန့်နိုး လာတယ်။ အိပ်မက်ထဲမှာ ရှိုက်ကြီးတ ငင်ငိုကြွေးသံကြားရတယ်။ ဒီလိုရှိုက်သံ ထွက်လာတဲ့နေရာကို လိုက်ရှာကြည့် တယ်။ နောက်ဆုံးတော့ အိမ်ဖြူတော် အတွင်းမှာ နိုင်ငံတော်အလံဖုံးလွှမ်းထား တဲ့ ခေါင်းတလားကြီး အနီးရောက်သွား ပြီး အဲဒီနေရာက ငိုရှိုက်သံထွက်နေတာ ဖြစ်တယ်။ အနီးမှာစောင့်နေတဲ့ အစောင့် စစ်သားကလေးကို ဘယ်သူသေတာလဲ လို့ မေးမြန်းလိုက်တယ်။ အစောင့်ရဲ့ ဘော်က ဒါနိုင်ငံတော်သမ္မတကြီးလေ၊ လုပ်ကြံခံရလို့ ကျဆုံးသွားတာလို့ ပြန် ဖြေလိုက်တယ်လို့ အိပ်မက်မက်တယ်။

ဒီအိပ်မက်ဟာ လင်ကွန်းလုပ်ကြံ မခံရခင် ရက်ပိုင်းလေးအတွင်းက မက် တဲ့အိပ်မက်ပါ။ ဖရီးမေဆင်ဂိုဏ်းသား တစ်ဦးဖြစ်တဲ့ လင်ကွန်းကိုယ်တိုင်က လည်း စိတ်စွမ်းအင်ရှိလို့ စိတ်စွမ်းအင် ပိုင်ရှင်တစ်ဦးဆိုတာ သိရတော့ -

*'ဝိပါက်ကြမ္မာငင်တော့ ရွှေဉာဏ် ရှင် ဆင်ခြင်နိုင်ဖူး ပွဲတွေ့အများ'*

ဆိုတဲ့ ဦးပုညရဲ့စကားဟာ မှန်လှ ချေလားလို့ ပြောရမှာပါပဲ။

မောင်ကျော့တိုင်

*စာညွှန်း- MARVEL OF MIND*



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ခေါင်းမူးတတ်သူများအတွက်

"အစ်ကိုလေး၊ ခေါင်းမူးဖူးလား"

တစ်နေ့သောအခါ နေ့လယ်ခင်းပျင်းပျင်းရှိတာနဲ့ မောင်မြတ်ထွန်းတို့အိမ်ကိုကူးခဲ့ပါတယ်။ ဧည့်ခံတန်းလျားပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် မောင်မြတ်ထွန်းက စကားနိဒါန်းချီလိုက်ခြင်းပါပဲ။

ကျွန်တော်သိလိုက်တယ်။ ညီဖြစ်သူ မောင်မြတ်ထွန်းက ဆေးနည်းပေးတော့မယ်ဆိုတာကိုပါပဲ။ ဒါနဲ့ ကျွန်တော်က ချင့်ချင့်ချိန်ချိန်ပြန်ဖြေရပါတယ်။

"ခေါင်းမူးဖူးတာပေါ့ကွာ၊ ဖျားနာတဲ့အခါ၊ ကားမူးတဲ့အခါ၊ အရက်မူးတဲ့အခါတွေမှာတော့ မူးဖူးတာပေါ့"

"ကျွန်တော်လည်း အမျိုးစုံ မူးဖူးပါတယ်။ ဒါပေမယ့် အဲဒီတစ်ခါလောက်မူးတာ တစ်ခါမှမကြုံဖူးသေးဘူးဗျ။ အမှန်တော့ ငလျင်တောက်တယ်ခေါ်ရမှာပဲ"

"မင်းဟာအဆန်းပါလားဟ၊ ငလျင်တောက်ရတယ်လို့။ ငလျင်က ဘယ်လိုတောက်တာလဲ"

"ဟိုလိုပေါ့ အစ်ကိုလေးရယ်။ လေယာဉ်မစီးဖူးရင် လေယာဉ်မူးတတ်တယ်။ သင်္ဘောမစီးဖူးရင် လှိုင်းမူးတတ်တယ်။ ကားမူးသလိုမျိုးပေါ့ဗျာ။ ကျွန်တော်တို့ဆီမှာ မှိုစားပြီးမူးရင် မှိုတောက်တယ်လို့ ခေါ်တယ် မဟုတ်လား။ ခုလည်း ငလျင်တောက်တယ်ဆိုတာ ငလျင်မူးတာကို ဆိုလိုတာဗျ။ မူးတယ်ဆိုတာ တောက်လို့မူးတာပဲလေ"

"မင်းဟာ ရှုပ်ရှုပ်လုပ်ပါ မောင်မြတ်ထွန်းရယ်။ ငါက ဉာဏ်မမီဘူးကွ မောင်မြန်ထွန်းရ ဟား ဟား ဟား"

ဆိုတော့ နှစ်ဦးသား သဘောကျပြီး ရယ်မောနေကြပါတယ်။

"ဒီလို အစ်ကိုလေးရေ၊ အဖြစ်က ခုနှစ်သက္ကရာဇ်တွေ မမှတ်မိတော့ဘူး။ နှစ်တော့အတော်ကြာသွားပြီ။ အဲဒီတုန်းက ကျွန်တော်က ငန်းစပ်က လယ်တောဖွေ့ထဲမှာ ထယ်ထိုးဖို့ ရောက်နေချိန်ဆိုပါတော့။ အဲဒီညနေမှာ လှုပ်လိုက်တဲ့မြေငလျင်ကတော့ သွက်သွက်ခါအောင်လှုပ်တာ။ တဲကို ပြိုကျလုမတတ်ပါဘဲ။ ဖန်ပုလင်းနဲ့လုပ်ထားတဲ့ ရေနံဆီမီးခွက်တောင် စားပွဲပေါ်ကနေ ပြုတ်ကျတယ်ဗျာ။ ကြမ်းချက်တော့ မကျန်းဘူးဗျ။ အချိန်လည်းနည်းနည်းကြာတယ်။ ကမ္ဘာပျက်သလားတောင် မှတ်ရလောက်အောင် ကြမ်းတဲ့ငလျင်ဗျ။

ဒါနဲ့ ငလျင်ကြီးပြီးတော့ ထုံးစံအတိုင်း အဖော်တွေနဲ့ စကားပြောပြီးပြန်အိပ်လိုက်တာ အလုပ်သမားတွေက 'အစ်ကိုထတော့၊ ထယ်ထိုးဖို့ ထယ်ရှဉ်းတွေ ရောက်နေပြီ' ဆိုမှ အိပ်ရာကနိုးတော့တယ်ဗျာ။ အိပ်ရာနိုးလို့ မျက်စိဖွင့်ကြည့်လိုက်တော့ တဲတံခါးဝက ချာချာလည်နေတာကိုမြင်ရတော့တာပဲ။ မနက်စောစော ထယ်ထိုးဖို့အချိန်ရောက်နေပြီလေ။ ဖြည်းဖြည်းချင်းလည်နေတာပါ။

အဲဒီမှာ စိတ်ထဲက မြေငလျင်များ အရှိန်မသေသေးတာလားဆိုပြီး 'ဟေ့ မြေငလျင်လှုပ်နေသေးလားကွ' လို့ မေးတော့ 'မလှုပ်တော့ပါဘူး' လို့ ပြောတယ်။ ဒါဆို ကျွန်တော်ခေါင်းမူးနေတာပဲဆိုတာကို သိလိုက်ပါတယ်။ ငှားထားတဲ့ ထယ်ရေ၀င်မယ့် ထယ်ရှဉ်းတွေ ရောက်နေပြီဆိုတော့ ခေါင်းချာလည်လည်နေပေမယ့် အားတင်းပြီးထလိုက်တယ်ဗျ။ အဲဒီမှာ ထိုးအန်တော့တာပဲဗျို့။ ခေါင်းကိုထောင်လို့ မရဘူးဗျ။ ဒါနဲ့ပဲ အခြေအနေမကောင်းတာနဲ့ ထယ်သမားတွေ နောက်နေ့မှလာကြဖို့ တောင်းပန်လွှတ်ရပါတယ်။

ကျွန်တော် သိလိုက်တယ်။ မနေ့ညက ငလျင်တောက်တယ်ဆိုတာကိုပါပဲ။ ခေါင်းထောင်လို့မရဘူး၊ မျက်စိဖွင့်ကြည့်လို့မရဘူး၊ မျက်စိဖွင့်ကြည့်ရင် အန်တော့တာပဲ။ ဒါနဲ့ ငန်းစပ်မှာရှိကြတဲ့ တူတွေ၊ တူမတွေက အမူးပြေအောင် သံပရာသီးရအောင်ရှာပြီး သကြားနဲ့ဖျော်တိုက်ကြတယ်။ နည်းနည်းလေးတော့ သက်သာတယ်ဗျ။ သံပရာသီးရှူဆိုလို့ ရှူပြန်တော့လည်း နည်းနည်းပဲ သက်သာတာပါ။ မူးမြဲမူးနေတာမို့ မျက်စိမှိတ်ပြီး လှဲနေရတယ်။

ဒါနဲ့ဗျာ - တူ၊ တူမတွေက ဆရာတစ်ဦးခေါ်လာတယ်။ ဦးစိန်မောင်တဲ့။ ဖြစ်ကြောင်းကုန်စင် မေးပြီးတဲ့အခါ ဩဇာရွက်နဲ့ ငါးခူချက်စားလိုက်၊ ပျောက်သွားလိမ့်မယ်လို့ ဆိုပါတယ်။

ဩဇာရွက် ဆိုတာက ကျွန်တော်တို့ တောရွာတွေမှာ အိမ်တိုင်းနီးပါးရှိနေတော့ အခက်အခဲမရှိပါဘူး။ ငါးခူ ဆိုတာမှာလည်း မွေးမြူရေးငါးခူထက် သဘာဝငါးခူက ပိုပြီးကောင်းတော့ကာ မဝေးလှတဲ့ ဘုရားကုန်းဈေးကို ငါးခူအဝယ်လွှတ်ရပါတယ်။ သဘာဝငါးခူမရမှ မွေးမြူရေးငါးခူဝယ်ခဲ့ဆိုပြီး မှာလိုက်ပါတယ်။ ဒါနဲ့ ဘုရားကုန်းဈေးက သဘာဝငါးခူရခဲ့တယ်ဗျ။

အဲဒီကျမှ ငါးခူနဲ့ ဩဇာရွက်ကို ရောက်ချက်ပြီး ထမင်းနည်းနည်းနဲ့ဟင်းကို အဝတွယ်ထည့်လိုက်တာပဲ၊ ပတ်ချာလည်အောင်မူးနေတဲ့ အမူးဟာ တဖြည်းဖြည်းကျသွားပြီး ညနေပိုင်းလောက်မှာ အကောင်းပကတိ ဖြစ်သွားခဲ့တယ်။

ဘဝတစ်သက်တာမှာ ဒီလောက်ကြောက်စရာကောင်းတဲ့အမူးမျိုး လုံးဝမမူးဖူးဘူးဗျာ။ ကြောက်စရာအရမ်းကောင်းတယ်။ မျက်စိကို ဖွင့်မကြည့်ရဲတာ။ အိပ်နေရင်းကို လှိုင်းစီးသလို တရိပ်ရိပ်နဲ့ ခံစားနေရတာ။ အနာနဲ့ဆေးတွေ့တော့လည်း အလွယ်ကလေးဗျ။ ဦးစိန်မောင်ကို ခုထိကျေးဇူးတင်နေတုန်းပါဗျာ"

"ငလျင်နဲ့ ပတ်သက်တာကော အမှတ်တရရှိသေးလား"

"ဟာ - ရှိတာပေါ့ အစ်ကိုလေးရာ။ အဲဒီမြေငလျင်ဟာ ကျွန်တော်တို့ဆီမှာ အမှတ်တရရှိနေကြပါတယ်။ နောက်နေ့ ကျွန်တော်နေကောင်းသွားလို့ လိုက်ကြည့်တော့ ကျွန်တော့်လယ်ကွက်ထဲမှာ အက်ကွဲကြောင်းကြီးဖြစ်ပြီး အောက်က မြေမည်းတွေမှုတ်ထုတ်ထားတာ အတော်များတယ်။

ငန်းစပ်က ရေတွင်းတစ်တွင်းကျတော့ မြေမည်းတွေ မှုတ်ထုတ်ထားတာ ရေတွင်းပြည့်ရုံမကဘူး၊ ဘေးအထိလျှံထွက်ကုန်တယ်။ အဲဒီရေတွင်းကို အစအဆုံးပြန်ဆယ်ရတယ်။ အချို့ရေတွင်းတွေ ရေကြောတွေပြတ်ထွက်ကုန်ကြတယ်။

တောင်တွင်းကြီးက ကားလမ်းတွေဆိုရင် ကွဲအက်ထွက်ကုန်တာ အတော်ပြုပြင်ယူရတယ်လို့ သိရတယ်။ အတော်ကြောက်စရာကောင်းတဲ့ မြေငလျင်ပါဗျာ။ ပုခက်စီးနေသလား မှတ်ရအောင် အလှုပ်ကြမ်းတာဗျ။

ကျွန်တော်တို့ပြန်ကပြေးက ကျွန်တော်တို့နေခဲ့တဲ့ မှန်ကျောင်းဆိုရင် ရတနာမှန်ကျောင်းဆိုတဲ့ မုခ်ဦးကြီး ပြိုကျလိုက်တာ လမ်းမြောက်ဘက်က အိုးဝိုင်းထဲတောင်အုတ်ခဲတွေရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ထီ

## ဆရာဦးမောင်မောင်သန်း (ရှင်ကိုအေးမြစေသား)

အကြိမ် (၃၀၀) မြောက်-
ထီဖွင့်ပွဲကြီးနီးလာပါတော့မည်။
ချမ်းသာခြင်းများစွာကို ဖြစ်လာစေတော့မည့် ဂဏန်းလုံးလေးများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဒီဇင်ဘာလတွင် ၇၊ ၁၇၊ ၂၁၊ ၂၅ ရက်များမှာ ထီထိုးပါ။

ယခုလမှာ ဖြစ်နိုင်သမျှ အချိန်ယူပြီး ဘုရား (၉) ဆူပြည့်အောင် သွားရောက် ဖူးမြော်ကာ ဘုရားတစ်ဆူတိုင်းတွင် ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပါ။ တစ်နေ့တစ်ဆူသွားပါ။

အိမ်အနီးတွင် ဘုရားစေတီရှိ၍ နေ့စဉ်မပျက် (၉) ရက် သွားရောက်ပူဇော်လျှင်လည်း ရပါသည်။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။

ဇန်နဝါရီလတွင် ၃၊ ၁၊ ၄၊ ၈၊ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဒီဇင်ဘာလတွင် ၁၅၊၁၉၊၂၂၊၂၆ ရက်များမှာ ထီထိုးပါ။

တန်ခိုးကြီး ဘုရားတစ်ဆူဆူသို့ သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဓမ္မစကြာသုတ်တော်ရွတ်ဖတ်ပူဇော်ပါ။ ဖယောင်းတိုင်(၇)တိုင် ထွန်းညှိပြီးမှ ရွတ်ဖတ်ပါ။ ဘုရားမှအပြန်မှာ ထီထိုးပါ။

ဇန်နဝါရီတွင် ၇၊ ၂၊ ၉၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဒီဇင်ဘာလတွင် ၉၊ ၁၅၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ယခုလ အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲနှင့်ကြုံလျှင် ငွေများစွာလှူပါ။ သံဃာတော်အရှင်သူမြတ်များအတွက် လှူပါ။ လှူပြီးအပြန်မှာ ထီထိုးပါ။ ငွေဝင်အားကောင်းနေခြင်းကို ကောင်းကံနှင့်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

အကယ်၍ အသံမစဲမဟာပဋ္ဌာန်း ပူဇော်ပွဲနှင့် မကြုံရသောအခါ တန်ခိုးကြီး ဘုရားတစ်ဆူဆူသို့သွား၍ ကိုယ်တိုင် ပဋ္ဌာန်းရွတ်ပူဇော်ပြီး အပြန်မှာ ထီထိုးပါ။

ဇန်နဝါရီလတွင် ၁၊ ၃၊ ၆၊ ၇ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဒီဇင်ဘာလတွင် ၂၁၊ ၂၄၊ ၂၅၊ ၂၉ ရက်များတွင် ထီထိုးပါ။

အလှူကြီးတစ်ခုခုလှူသောနိမိတ်ကောင်းကိုမြင်လျှင် နောက်နေ့၌ တစ်မနက်တည်း ဘုရား (၃) ဆူပြည့် အောင်သွားဖူးပါ။ ဖူးပြီးမှ ထီထိုးပါ။ လိုရာလှူခဲ့ ပူဇော်ခဲ့၍ရပါသည်။

ဇန်နဝါရီလတွင် ၁၊ ၃၊ ၄၊ ၈၊ ၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဒီဇင်ဘာလတွင် ၈၊ ၁၄၊ ၂၅၊ ၂၈ ရက်များမှာ ထီထိုးပါ။

မွေးနေ့မှစ၍ (၇) ရက်ပြည့်သည်ထိ အမိဋ္ဌာန်တစ်ခုခုဝင်ပါ။ဥပမာ နေ့စဉ်ပုတီး (၉) ပတ်စိပ်မည်ဆိုလျှင်လည်း ရအောင်စိပ်ပါ။

(၇) ရက်ပြည့်သည့်နေ့တွင် သမ္ဗာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာအထူးပို့ အမျှဝေပါ။ ပြီးလျှင် သွား၍ ထီထိုးပါ။

ဇန်နဝါရီလတွင် ၃၊ ၂၊ ၉၊ ၁၊ ၆ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဒီဇင်ဘာလ ၉၊ ၁၅၊ ၁၉၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

အိမ်မှာနေရင်း ဂုဏ်တော်ကွန်ချာကို ပုတီးစိပ်ပါ။ အမိဋ္ဌာန် (၉) ရက်ဝင်ပြီး စိပ်ပါ။ ပြည့်သည့်နေ့တွင် ထီထိုးပါ။ ကိုယ်အာရုံရသောအပတ်အရေအတွက် စိပ်ပါ။ ဥပမာ (၉) ပတ်၊ (၁၈) ပတ်။

ဇန်နဝါရီလတွင် ၁၊ ၃၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

ဒီဇင်ဘာလတွင် ၉၊ ၁၆၊ ၂၀၊ ၂၄၊ ၂၇ ရက်များမှာ ထီထိုးပါ။

ယခုလမှာ ဘုရားတစ်ဆူဆူ၏ ရုပ်ပွားတော်ရှေ့တွင် ထီး၊တံခွန်၊ကုက္ကား အစုံကိုလှူပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။ (၃) ကြိမ် ပြုလုပ်ပြီးပြီဆိုလျှင် ထီထိုးပါ။

ဇန်နဝါရီလတွင် ၂၊ ၉၊ ၁၊ ၆ ဂဏန်းများနှင့် ကံစပ်နေပါသည်။

၂၄-၁၂-၂၀၁၃၊ အင်္ဂါနေ့မှာ ခုနစ်ရက်သားသမီး မည်သူမဆို ထီထိုးကြပါရန် အကြံပြုပါသည်။

ထီထိုးရန်ရက်များသည် အလုပ်များပြား၍ မအားမလပ်ဖြစ်နေကြပါသည်ဆိုလျှင် -

မိမိ၏မွေးနေ့ မနက် (၉) နာရီတွင် ဖြစ်အောင် ထီထိုးပါ။

ထိုးလျှင် မွေးနံဂဏန်းအဓိကပါပါစေ။

ဥပမာ အင်္ဂါနေ့မနက် (၉) နာရီမှာ အင်္ဂါသား ထီထိုးမည်ဆိုလျှင် (၃) ဂဏန်း မဖြစ်မနေ ပါရပါမည်။

ဆရာဦးမောင်မောင်သန်း
(ဧင်ကိုအေးမြစေသား)

---

လွင့်စဉ်တယ်လို့ သိရတယ်။ ရေကန်ထဲက ရေတွေကလည်း ဘောင်ဘင်ခတ်လိုက်တာ မှန်ကျောင်းထဲအထိတောင် ရွှဲနစ်ကုန်တယ်လို့ သိရတယ်။ မဟာစည်ကျောင်းတိုက်ရဲ့အနောက်ဘက်က တံတိုင်းတွေလည်း ပြိုကျကုန်တယ်။ အသေးအဖွဲတွေတော့ အများကြီးပေါ့ အစ်ကိုလေးရယ်။ ကျွန်တော်ကတော့ ___တ်မှတ်ရရ ငလျင်တောက်ပြီး မူးလိုက်___ဘာ အမှတ်တရပါပဲဗျာ”

လို့ ပြောပြပါတယ်။

ဘာကြောင့်မူးမူး ခေါင်းမူးတဲ့ ဝေဒနာဆိုတာ လူတိုင်းနီးပါး ခံစားဖူးပါတယ်။ အလျဉ်းမသင့်ရင် ခေါင်းမူးတဲ့ ဝေဒနာဟာ ရက်ရှည်လများ တရိပ်ရိပ်နဲ့ ခံစားနေရတတ်ပါတယ်။

အဲဒီလိုများ ခေါင်းမူးဝေဒနာ ခံစားကြရမယ်ဆိုရင်တော့ အခြားနည်းတွေနဲ့ ကုမရရင် အထက်ပါ ဩဇာရွက်နုနဲ့ ငါးခူဟင်းသာ ချက်စားလိုက်ကြပါလို့ အကြံပေးချင်ပါတယ်။ ဓာတ်စာဆေးဆိုတော့ ဘေးထွက်ဆိုးကျိုးအတွက်လည်း မပူရသလို စားလို့လည်းကောင်း၊ အာဟာရလည်း ဖြစ်ကြောင်း ထပ်လောင်းလို့ အသိပေးလိုက်ရခြင်းပါပဲ။

(မောင်မြတ်ထွန်း၊ မရီရီဝင်း မိသားစုသို့ ကျေးဇူးတင်လျက်)

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်မိုး



www.burmeseclassic.com

www.burmeseclassic.com

# (ဥပဒေ) စိုးထွန်း

## တစ်ပြည်သူရဲ့အိပ်မက်ဆန်း

နိုင်ငံရပ်ခြား တိုင်းတစ်ပါးရဲ့ မြို့ကြီးများမှာ ကျုပ်မသိတဲ့လူတစ်ယောက်က ကျုပ်အကြောင်းကို အိပ်မက်နဲ့သိတယ်ဆိုရင် ယုံနိုင်ပါ့မလား။ ကျုပ်ကတော့ လက်တွေ့ကြုံနေပါပြီ။ ဒီလိုထူးထူးခြားခြား ကြုံတာဆိုရင် ကျုပ်အဘများ စီစဉ်သလား မသိဘူး။ ဖြစ်ဖို့များတာလောက် သိတာပါ။ ကျုပ်က သွားပြီးတော့ မမေးရဲပါဘူး။ ဒါက ကျုပ်ဘာသာ စဉ်းစားဆင်ခြင်ကြည့်တဲ့ သဘောပေါ့။

ကျုပ်နဲ့ အဘ ဆက်သွယ်မှုကလည်း အဆန်းသားဗျ။ ကျုပ်လိုမျိုး ကြုံတဲ့သူမရှိဘူးလို့ ထင်တာပါပဲ။ ပထမပိုင်းမှာ ကျုပ်က အဘကို လုံးဝမသိပါဘူး။ အဘက ကျုပ်ကို အိပ်မက်နဲ့ ဆက်သွယ်တာပါ။ ကျုပ်က အဘနဲ့ စကားပြောချင်ရင် ညဘက် အိပ်ရာဝင်ခါနီးမှာ အဘပေးထားတဲ့ ဓာတ်ပုံကို ကြည့်ပြီး စကားပြောလိုက်။ အဲဒီညမှာပဲ ကျုပ်မေးတဲ့ပြဿနာအားလုံးကို အဘက အိပ်မက်ထဲမှာ အလုံးစုံ ရှင်းလင်းပြောတော့တာပဲ။ အဘ ဆိုတာ ဘိုးတော်အောင်မင်းခေါင်ကို ပြောတာပါ။

အခုလို အဘနဲ့ အဆက်အသွယ်ရပြီးတော့ ကျုပ်ဘဝမှာ ထူးခြားဖြစ်စဉ်လေးတွေလည်းရှိလာတယ်။ ကျုပ်က ရွှေမုဋ္ဌောဘုရားမှာ ဘုရားဂုဏ်တော် (၉) ပါး ပုတီး(၉)ပတ် သွားစိပ်တယ်။ အခုလို တစ်ယောက်တည်း ပုတီးစိပ်နေချိန်မှာ ကျုပ်ကို အချဉ်ဖမ်းချင်လို့ ကျုပ်ဘေးနားကို လူတစ်ယောက် ရောက်လာတယ်။ ကျုပ်စိတ်ထဲမှာ ဒီလူဟာ အကြံအဖန်ဆိုတာကို အလိုလိုသိနေတယ်ဗျ။ သက်သေတော့မပြတတ်ပါဘူး။ ဒါနဲ့ ကျုပ်က သူ့မျက်နှာကြည့်ပြီး အဘရှေ့က ကျောက်တုံးကို အဓိဋ္ဌာန်တင်ပြီး မ,ကြမယ်လို့ စကားစလိုက်တယ်။ ကျုပ်က အရင်မ,ပြရတာပေါ့။ အဓိဋ္ဌာန်ကတော့ -

"အဘရဲ့သားသမီးအစစ်ဖြစ်ရင် ပေါ့ပါစေ"

ဆိုပြီး မ,လိုက်တာပါ။

ဒီလူ မ,မယ့် အလှည့်မှာ -

'အဘရေ ဒီလူဟာ အဘရဲ့သားသမီးအဖြစ် အယောင်ဆောင်တာ ဆိုရင် ဘယ်လိုမှ မ,လို့မရအောင် ဆုံးမပေးပါအဘ'

လို့ စိတ်နဲ့ တိုင်တည်လိုက်တာဗျ။

ဒီနေရာမှာ တစ်ခုရှင်းရဦးမယ်။ ကျုပ်က အဘနဲ့ စကားပြောချင်ရင် ညအိပ်ရာဝင်ခါနီးမှာ အဘဓာတ်ပုံကြည့်ပြီး ပြောချင်တာတွေပြော။ အိပ်တော့မှ အိပ်မက်နဲ့ ပြောသမျှကို ဖြေရှင်းပေးတယ်လို့ ပြောပြခဲ့တယ် မဟုတ်လား။ အခုလို အရေးပေါ်အခြေအနေဆိုရင်လည်း ပြဿနာပေါ်တဲ့အချိန်မှာပဲ တ,လိုက်။ အဘကလည်း လိုအပ်ရင် လိုအပ်သလို အသိအမှတ်ပြုပါတယ်။

ဒါနဲ့ ဒီလူက ကျောက်တုံးကို မ,ရော ဆိုပါတော့။ ကျောက်တုံးက နည်းနည်းလေးတောင်မကြွပါဘူး။ တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲနစ်နေတာပဲ။ ရှက်တာလည်း ဖြစ်ပါလိမ့်မယ်။ ဘေးကကြည့်နေတဲ့ ကျုပ်တောင် ကြည့်ရင်းအားနာလာတယ်။

နောက်တော့ ကျုပ်ကပဲ တစ်မျိုး





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပြီး စီစဉ်ပေးပါတယ်။ ဒါက တော့ -

"ခင်ဗျား မ,တဲ့ ကျောက်တုံးက နည်းနည်းကြီးနေတယ်။ဘေးကကျောက် တုံးကို ပြောင်းပြီးမ,ကြမယ်"

ဆိုပြီး ကျောက်တုံးအသေးကို ပထမအစီအစဉ်ရှိပဲ ကျုပ်က မ, ပြတယ်။ ဒီလူက ဒုတိယကျောက်တုံးကိုတော့ တော်တော်လေး အထင်သေးတဲ့ပုံပဲ။ ကလေးတွေ မ,ဖို့ထားတဲ့ ကျောက်တုံး ကိုး။ ဒီလူ ညာလက်နဲ့ဆွဲပြီး မ,လိုက်တာ သူ့မျက်နှာနဲ့ညီအောင် မြောက်လာတယ် ဗျ။ သူ့မျက်နှာကြည့်ရတာ 'တွေ့တယ် မဟုတ်လား၊ ဒါမျိုးက အသေးအဖွဲ့ပါ။ ရပါတယ်' ဆိုတဲ့ မျက်နှာပေးနဲ့၊ ကျုပ်ကို သရော်ပြုံးလေးနဲ့ ပြုံးတောင်ပြလိုက်ပါ သေးတယ်။

ဒီလူက အခုလို မ,ပြီးမြှောက်လိုက် တဲ့အချိန်မှာ သူ့လက်ထဲက ကျောက်တုံး က လွတ်ကျသွားတယ်ဗျ။ လွတ်ကျတဲ့ နေရာက ဘုရားဝတ်ပြုတဲ့ ကွပ်ပျစ်ပေါ် ကျတာပါ။ သူ့မျက်နှာနဲ့ တစ်ပြေးညီ အမြင့် ဆိုတော့ တစ်တောင်နဲ့ တစ်ထွာ လောက် မြင့်ပါလိမ့်မယ်။ ဒါပေမယ့် ကွပ်ပျစ်ရဲ့ လျှာထိုးပျဉ်ကျိုးသွားတယ် ဗျ။ ကျုပ်အမြင်ပြောရရင် ဒီလောက် အမြင့်ကကျရုံနဲ့ ဒီလျှာထိုးပျဉ်ဟာ မကျိုး သင့်ပါဘူး။ ဒီလူဆိုတာ ဘုရားစောင့်တဲ့ တာဝန်မျိုးတွေမြင်ခဲ့ရင် အလျော်ပေးရ မယ်ဆိုတာ သိနေတယ်။ ဒါကြောင့် ဟိုကြည့်ဒီကြည့်ပြီး တစ်ချိုးတည်းလစ် တော့တာပါပဲ။ လျော်ရမှာစိုးလို့လေ။

ခုလို ပထမကျောက်တုံးကတော့ လုံးဝ မ,လို့မရ၊ ဒုတိယကျောက်တုံးက သေးနေလို့ အထင်သေးပြီးမြှောက်လိုက် တာ လေးပြီးပြုတ်ကျတဲ့ အဖြစ်ပဲ။ ဒီလို ဖြစ်တယ်ဆိုတာ ကျုပ်စွမ်းလို့မဟုတ်ပါ ဘူး။ ကျုပ်နောက်ကွယ်မှာ အဘရှိနေ တယ်လေ။ ပြီးတော့ အဘရုပ်တုရှိတဲ့ အဘဓာတ်ခန်းမှာ လာပြီး အာကျယ်နေ တော့ အဘက ပညာပေးလိုက်တာဖြစ် မယ်။

ဒါက အဘနဲ့ကျုပ်နဲ့ ဆက်သွယ်မှု





www.burmeseclassic.com

www.burmeseclassic.com

မှာ ထူးခြားဖြစ်စဉ်လေးတစ်ခု တင်ပြလိုက်တာပါ။ ဒါကြောင့် ထူးထူးဆန်းဆန်းဖြစ်တာဆိုရင် ကျုပ်က အဘကိုပြေးပြီး သတိရနေတယ်။

အခုလည်း ကြည့်ပါဦး။ ကျုပ်က ညတစ်ညမှာ အဘဓာတ်ပုံကြည့်ပြီး ချူသံပါအောင်ညည်းမိတယ်။ ငိုတဲ့ကလေးဟာ မုန့်ပိုပြီးစားရတယ် မဟုတ်လား။ ကျုပ်ညည်းတာကို ပြန်ပြီးဖော်ပြပေးပါ့မယ်။

"အဘရယ်၊ လောကကြီးမှာ မဟာဘုတ်တောင် ကောင်းတဲ့အိမ်က(၄)အိမ်၊ မကောင်းတဲ့အိမ်က(၃)အိမ်ရှိတယ်လေ။ ကျွန်တော့်ဘဝက မရဏအိမ်ကို မွေးနံရောက်ပြီဆိုရင် ဘယ်လိုမှထိန်းလို့သိမ်းလို့မရဘူး အဘ။ ရှာလို့ဖွေလို့မရဘူးဆိုမှ နေမကောင်းကဖြစ်လိုက်သေးတယ်။ တစ်ခါတလေ ဆေးထိုးဖို့ ပိုက်ဆံတောင်မရှိဘူး။ အိမ်သားတွေလည်း ထိုက်ပောင်းလောင်းဖြစ်နေတယ် အဘ။ ကျွန်တော်လေ မွေးနံ မရဏရောက်မှာ သိပ်ကြောက်တာပဲ။ အခုတည့်တည့်ကြီးရောက်နေပြီ။ အဆင်မပြေအားကြီးလို့ နားပူနားဆာလုပ်မိတာပါ။ သင့်တော်သလို စောင့်ရှောက်ပေးပါ အဘ"

လို့ ကျုပ်ကပြောလိုက်တာ။ ပြောသင့်သလား၊ မပြောသင့်ဘူးလားလည်း စဉ်းစားမနေတော့ပါဘူး။ ဆူလည်းခံလိုက်မယ်။ ဒဏ်ပေးလည်းခံလိုက်မယ်ပေါ့။ ဒါကြောင့် ဖြစ်ချင်တာဖြစ်ဆိုပြီး စိတ်တိုးတိုးချပြီးပြောလိုက်တဲ့ကိစ္စကြီးပဲ။ ဘာပဲဖြစ်ဖြစ် အခုမှ ရင်ထဲမှာပေါ့သွားတယ်။

စိတ်အထင် (၃) ရက်လောက်ကြာမယ်ထင်တယ်။ ကျုပ်ဆီကို ကျုပ်မသိတဲ့သူက ဖုန်းနဲ့ ဆက်သွယ်လာတယ်။

ပထမတစ်ခါ နံပါတ်ကြည့်လိုက်တယ်။ ဖုန်းမှားဝင်တာဆိုပြီး ပိတ်လိုက်တယ်။ ဒုတိယအကြိမ်လည်း ပိတ်လိုက်တယ်လေ။ တတိယအကြိမ်မှာတော့ ကျုပ်ကစဉ်းစားခန်းဝင်လာတယ်။ ဒီဖုန်းဟာ (၃) ကြိမ်တိတိ ငါ့ဆီဆက်နေတာ နည်းနည်းတော့ ထူးခြားနေတယ်။ အကြောင်းသိရအောင် စကားပြောကြည့်မှဆိုပြီး ဖုန်းခလုတ်ကို ဖွင့်လိုက်တယ်။ သူနဲ့ ကျုပ်နဲ့ အပြန်အလှန်စကားပြောတာကို နားထောင်ကြည့်ပါဦး။

"ဟဲလို - ဒီဖုန်းဟာ ဦးဇော်သိန်းဖုန်းလားဟင်"

"ဟုတ်ပါတယ်"

"အမလေး၊ ကျွန်မ အစ်ကိုကြီးဖုန်းကို ခေါ်တာ (၁၀) ခါလောက် ရှိနေပြီ။ သုံးခါက ဖုန်းကိုပိတ်ထားတယ်။ အခုမှပဲ ခေါ်လို့ရတော့တယ်"

"နေပါဦး၊ ခင်ဗျားဘယ်သူလဲ"

"နန်းစောခင်ပါ။ မွေးတာက ရှမ်းပြည်နယ်၊ အခုနေတာက ဗန်းမော်မြို့"

"စိတ်မရှိပါနဲ့၊ ခင်ဗျားဖုန်းမှားပြီးဆက်နေတယ်"

"နေပါဦး၊ ဖုန်းကို မချလိုက်ပါနဲ့နော်။ အခုပြောနေတာ ဦးဇော်သိန်းဟုတ်တယ်နော်"

"နာမည်ကတော့ ဟုတ်ပါတယ်။ ခင်ဗျားကျုပ်ဖုန်းနံပါတ်ကိုဘယ်လိုလုပ်ပြီးသိသလဲ"

"အိပ်မက်နဲ့ရတာရှင့်"

"ဟာ - မဖြစ်နိုင်တာဗျာ"

"အို - ဖြစ်နိုင်လို့ပဲ အစ်ကိုကြီးဖုန်းကိုနှိပ်လိုက်ပြီး အခု ဦးဇော်သိန်းကိုယ်တိုင် စကားပြောနေတယ်လေ။ နာမည်လည်း မှန်တယ်၊ နံပါတ်လည်း မှန်တယ်။ ဘယ်မှာလွဲတာရှိလို့လဲ"

"အေးလေ၊ နံပါတ်နဲ့ လူနာမည်တော့ မှန်နေပါပြီ။ အခု ဖုန်းဆက်ရတဲ့ကိစ္စက"

"ကျွန်မက လူဝင်စားရှင့်။ အရင်ဘဝက အကြောင်းတွေကို အကုန်မှတ်မိနေတယ်။ အရင်ဘဝတုန်းက ဦးဇော်သိန်းက ကျွန်မအစ်ကိုကြီးတော်တယ်။ မောင်နှမနှစ်ယောက်ပဲ အမေက မွေးခဲ့တာ။ အဖေ ဆုံးတော့ အစ်ကိုကြီးက ဖခင်လို စောင့်ရှောက်ခဲ့လို့ ကျွန်မလူဖြစ်လာခဲ့တာပါ။ အစ်ကိုကြီးကျေးဇူးတွေက ဆပ်လို့မကုန်ဘူး။

ကျွန်မက ဒီဘဝမှာ အရင်ဘဝက အစ်ကိုကြီးကို အမြဲသတိရပြီး မှတ်မိနေတယ်။ ဒီဘဝမှာ အစ်ကိုကြီး ဘယ်ရောက်နေမှန်းသာ မသိတာ။ အခုတော့ မထင်မှတ်ဘဲ အိပ်မက်ရဲ့ကျေးဇူးကြောင့် အားလုံးကို သိလိုက်ပြီလေ။ ဒါကြောင့် အခုဆက်သွယ်တာပေါ့"

"နေပါဦးဗျ၊ ကျုပ်က အရင်ဘဝက အစ်ကိုကြီး ဝင်စားတယ်ပဲထားပါတော့။ အခုလက်ရှိဘဝမှာ ကျုပ်က ခင်ဗျားရဲ့ အစ်ကိုကြီး ဝင်စားတာပါလို့ ဘာအထောက်အထားနဲ့ပြောတာလဲ"

"အထောက်အထားမရှိဘဲ ကျွန်မက ဘယ်လာဆက်သွယ်ပါမလဲ။ စံ (၅) ချက်နဲ့တိုင်းတာပြီး ကျွန်မအစ်ကိုကြီးဖြစ်ကြောင်း သိတာပါ။ ဒီစံ (၅) ချက်က ဘာတွေလဲဆိုရင် (၁) လူဟောင်းဖြစ်ရမယ်။ (၂) ခြင်းပညာရှင်ဖြစ်ရမယ်။ (၃) စာပေပညာရှင်ဖြစ်ရမယ်။ (၄) ဗေဒင်ပညာရှင်ဖြစ်ရမယ်။ (၅) သောကြာသားဖြစ်ပြီး သိန်းဆိုတဲ့ စကားလုံးပါရမယ်။ အဲဒါတွေနဲ့ စိစစ်ပြီး ကျွန်မအစ်ကိုကြီးလို့ အသေအချာပြောတာပါ"

"လူဟောင်း ဆိုတာ ဘာလဲဗျ။ ရှင်းပြပါဦး"

"အစ်ကိုကြီးမှာ ပင်စင်ကိစ္စအခက်အခဲဖြစ်နေချိန် အစ်မတော် ဒေါ်မြနန်းနွယ်က သူ့မောင်လေးဖြစ်တာသိလို့ အစ်ကိုကြီးကို ကူညီလိုက်တယ်လေ။ (၁၅) ရက်အတွင်းမှာ ပင်စင်ကျလာတယ်။ အဲဒါ ရှမ်းပြည်နယ်ဘက်က လူဟောင်းဖြစ်တာကို အစ်မတော် ဒေါ်မြနန်းနွယ်က သိပြီး ကူညီလိုက်တာပေါ့။ အစ်ကိုကြီးက ဆောင်းပါးလိုလို၊ ဝတ္ထုလိုလို ရေးခဲ့တယ်လေ။ မဟုတ်ဘူးလို့ ငြင်းမလား"

"အင်း- ဒါတော့ငြင်းလို့မရပါဘူး။ ခြင်းပညာအကြောင်းရှင်းပြပါဦး"

"အစ်ကိုကြီးက အရင်ဘဝတုန်းက ခြင်းမှာ ဆရာကြီးပဲ။ အသက် (၇၀) အထိ ခြင်းကိုခတ်ခဲ့တာ။ ဟော - ဒီဘဝလည်းရောက်ရော ဧရာဝတီတိုင်းဒေသကြီးရဲ့ ခြင်းနည်းပြအဖြစ် နှစ်တိုင်း ကြီးကြပ်ရတယ်မဟုတ်လား။ ဒီနှစ် ဆီးဂိမ်းမှာ အစ်ကိုကြီးကို ခေါ်ပေမယ့် အစ်ကိုကြီးက မလိုက်ဘူး ငြင်းခဲ့တယ်။ ကျွန်မပြောတာတွေ ဟုတ်၊ မဟုတ် ဖြေပါဦး"

"အေး - ဒါလည်းဟုတ်တာပါပဲ။ စာပေပညာရှင်အကြောင်းရှင်းပြပါဦး။ တော်တော်လေး စိတ်ဝင်စားဖို့ကောင်းနေပြီဗျ"

"အစ်ကိုကြီးရော ကျွန်မပါ ဘုရင့်စာတော်ဖတ်မျိုးရိုးကနေ ဆင်းသက်လာတာလေ။ ဒီဘဝမှာလည်း အစ်ကိုကြီးက စာပေနဲ့ပတ်သက်လို့ ကဗျာဆရာ၊ စာရေးဆရာဖြစ်နေတယ် မဟုတ်လား။ မျိုးရိုးကို သတိရလို့ ကလောင်အမည်ကို 'စာပလွေ' လို့တောင် မှည့်ခဲ့သေးတယ်၊ ဟုတ်တယ်နော်။ စာနယ်ဇင်းလောကမှာလည်း အစ်ကိုကြီးက စာနယ်ဇင်းအတွင်းရေးမှူးတာဝန်ကို (၄) နှစ် ထမ်းဆောင်ခဲ့တယ်။ မဟုတ်ဘူးလို့ငြင်းမလား"

"အင်း - ငြင်းစရာကို မရှိပါဘူး။ သိတာတွေဆက်ပါဦး"

"နောက်တစ်ချက်က ဗေဒင်ပညာရှင်ပဲ ဖြစ်ပါတယ်။ အရင်ဘဝက ဟူးရား



www.burmeseclassic.com

www.burmeseclassic.com

ပေဒင်နဲ့နက္ခတ္တဗေဒပညာကို အစ်ကိုကြီး ကတတ်မြောက်တယ်လေ။ ဒီပညာတွေ က ပျောက်မသွားပါဘူး။ အစ်ကိုကြီး ကလောင်အမည်မှာ နက္ခတ္တဗေဒပညာ ရှင်လို့တောင်ထည့်ခဲ့သေးတယ်မဟုတ် လား။ ရန်ကုန် ရွှေတိဂုံဘုရားမှာ အစ်ကို ကြီးဗေဒင်ဟောခဲ့တဲ့အကြောင်း 'အရေး ကြုံ သက်လုံကောင်းလိုက်ပုံ' ဝတ္ထုတိုကို ဖတ်ရပါတယ်နော်။ ကျွန်မကို ငြင်းလို့ မရနိုင်ပါဘူး။

"ကဲ - နောက်ဆုံးအချက်ကတော့ အစ်ကိုကြီးဟာ သောကြာသား ဖြစ်ရ မယ်။ သိန်းဆိုတဲ့ စကားလုံးကို နာမည် မှာ ထည့်ပြီး မှည့်ရမယ်။ ဒါဆိုရင် ကျိန်းသေပဲလို့ အိပ်မက်က ပေးထား တော့ ဘယ်လာလွဲပါတော့မလဲ"

"တော်တော်ထူးဆန်းတဲ့ အိပ်မက် ပဲ။ နောက်ဘာတွေသိထားတာရှိသေး သလဲ။ ကျုပ်တစ်သက်မှာ ခင်ဗျားအိပ် မက်က အထူးဆန်းဆုံးပါပဲ"

"အင်း-အစ်ကိုကြီးအမေးရှိတော့ အဖြေလည်း ရှိရတော့မှာပေါ့။ အစ်ကို ကြီး (၁၂) နှစ်သားလောက်မှာ (၁၁)နှစ် အရွယ် မြမာလာဆိုတဲ့ ကလေးမလေး ဟာ အစ်ကိုကြီးရှေ့မှာ သေသွားတယ်။ အစ်ကိုကြီးရဲ့ ချစ်ခြင်းမေတ္တာတွေဟာ မြမာလာနဲ့အတူ ပါသွားသလို (၁၀) တန်းကျောင်းသားအထိ ရည်းစားမထား ခဲ့ဘူး။ ကောလိပ်ဘွဲ့ရတဲ့အထိလည်း ချစ် သူမရှိဘူး။ ဘယ်လာရှိပါမလဲ၊ မြမာလာ ကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ် ဘူးလို့ အစ်ကိုကြီး ဆုံးဖြတ်ထားတာ ကိုး။ ဒီအကြောင်းအပြည့်အစုံကို 'ပူဆွေး သော အတိတ်ဖြစ်ရပ်များ' ဝတ္ထုတိုမှာ အစ်ကိုကြီးရင်ဖွင့်တာတွေ ဖတ်ရပါတယ် နော်။ မဟုတ်ပါဘူးလို့ မငြင်းနိုင်ပါဘူး။

အစ်ကိုကြီး တကယ်ယူတော့ အပျိုမဟုတ်ဘူး၊ တစ်ခုလပ်နဲ့ရတယ် မဟုတ်လား။ ဒါပေမယ့် နတ်ဖက်တဲ့ စုံတွဲပါပဲ။ ဒီအမျိုးသမီးကြီးက သေသွား တာတောင် အစ်ကိုကြီးတစ်သက် ပင်စင် ရနေတယ် မဟုတ်လား။

ဟော အခု အသက် (၆၀) ကျော် (၇၀)နားနီးမှ တတိယအရွယ်မှာ ဒုတိယ ဝေဒနာကို ခံစားကြည့်နေတယ် ဟိဟိ။ အခုမှ အပျိုလေးစစ်စစ်နဲ့ အိမ်ထောင် ကျတယ်မဟုတ်လား။ တစ်ယောက်စာ ကနေ နှစ်ယောက်စာ ရှာဖွေရတော့ နည်းနည်းတော့ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေမှာပေါ့။ သိတာတွေ ဆက်ပြောရ

ဦးမလား"

"အမလေး - တော်ပါတော့ နန်း စောခင်ရယ်။ နင့်ရဲ့အိပ်မက်ကလည်း အမေရိကန် ထောက်လှမ်းရေးထက် ကောင်းနေပါလား။ ကျုပ်တောင် ဆက် ပြီး နားမထောင်ရဲတော့ဘူး။ အခုမှ ဆက်သွယ်ပြီး ဖုန်းနဲ့ စကားပြောရတဲ့ ကိစ္စက ဘာလဲ။ အဲဒါလေး သိချင်ပါ တယ်"

"အစ်ကိုကြီးက မယုံသလိုဖြစ်နေ လို့ ရှင်းပြနေရတာပါ။ လိုရင်းကို ပြောရ ရင် အခု အစ်ကိုကြီး စီးပွားရေးအခက် အခဲကြုံနေတာ ကျွန်မသိတာပေါ့။ မနက် ဖြန်မှာ ရန်ကုန်မြို့ကို ကျွန်မကုမ္ပဏီက အတွင်းရေးမှူး မစ္စည်းတွေလာပို့လိမ့် မယ်။ ဒါကြောင့် ပုသိမ်က ရိုးမဘဏ်ကို ရန်ကုန်ကနေ ငွေ (၃) သိန်း လွှဲပေးလိုက် မယ်။ အစ်ကိုကြီး မနက်ဖြန် နေ့လယ် (၁၂)နာရီလောက်သွားထုတ်ပါ။ နောက်

မှ စကားတွေတဝကြီးပြောဦးမယ်။ ဖုန်းနံပါတ် သိနေပြီပဲ။ နွေရာသီမှာ ဇန်ကောက်ကို အလည်လိုက်ဖို့ လာ ခေါ်မယ်နော်"

ကဲ - အဲဒါပဲကြည့်ပါတော့။ ကျုပ် က အဘကို ညည်းလိုက်တယ်။ အဘ က ကောင်းသည်၊ ဆိုးသည် ဘာမှပြန် မပြောဘူး။ သိပ်မကြာလှပါဘူး။ (၃) ရက်လောက်ပဲရှိလိမ့်မယ်။ ပိုက်ဆံပြတ် နေတုန်း ငွေ (၃) သိန်းပို့တဲ့သတင်းတ ရောက်လာတယ်။ ဒါဟာ အဘရဲ့ စွမ်း ဆောင်ချက်ကလွဲလို့ အခြားတော့ ဖြစ် နိုင်မယ် မထင်ပါဘူးဗျာ။

*(ကဗျာဆရာ စာပေလွှမ်း ဖြစ်ရပ် မှန်ကို စာပန်းချီ ခြယ်မှုန်းခြင်း ဖြစ်ပါ သည်။)*

**စိုးထွန်း (ဥဒေါ)**

---

ပေါက်ပေါက်(နတ်မောက်)

## ဖောက်၊သန်းကင်းစင် စိတ်ကြည်လင်

ကျွန်ုပ်တို့ အမြတ်တနိုး တသသ သနေသော ဦးခေါင်းအရေပြားတွင် မှို ရောဂါဟု ဆိုနိုင်သော 'ဖောက်' များနှင့် သန်းကောင်များရှိနေပါလျှင် အလွန်ပင် ယားယံပြီး တဖြင်းဖြင်းကုတ်ခြစ်ရပါ သည်။ အလွန်ပင် စိတ်အနှောင့်အယှက် ဖြစ်ပြီး စိတ်ညစ်ညူးရှုပ်ထွေးရပါသည်။ ဦးခေါင်းတွင် ဖောက်၊ သန်းကင်းစင်မှ သာလျှင် စိတ်ကြည်လင်လန်းဆန်းနိုင်ပါ သည်။ သို့အတွက် ဦးခေါင်းပေါ်တွင် ဖောက်၊ သန်းများ ကင်းစင်နေဖို့ လိုပါ သည်။

ဦးခေါင်းမှ ဖောက်၊သန်းများကင်း စင်စေရန်အတွက် အလွယ်ကူဆုံးနှင့် အရိုးရှင်းဆုံးနည်းလမ်း တင်ပြအပ်ပါ သည်။

စျေးထဲမှ အဝါရောင်သန်းပြီး ရင့် မှည့်နေသော ရှောက်သီးတစ်လုံးဝယ်ယူ ပါ။ ထို့နောက် လေးစိတ်စိတ်ပြီး ဆံပင် နှင့် ဦးရေပြားထိအောင် ရှောက်သီးစိတ် များနှင့် ပွတ်တိုက်ပေးပါ။ ဖြည်းဖြည်း ချင်း ပွတ်တိုက်ပြီးနောက် ဦးခေါင်းတစ် ခုလုံး နှံ့ပြီဆိုလျှင် ခေါင်းပေါင်း ပေါင်းထားပေးပါ။

ထို့နောက် ရှောက်သီးခွံများနှင့် ကင်ပွန်းသီးလေး၊ ငါးတောင့်ကို ရေမတ် ခွက်သုံးခွက်နှင့် ပြုတ်ကျိုပါ။ ၎င်းပြုတ် ရည်နှင့် အအေးခံပြီး ဦးခေါင်းကိုလျှော် ပေးပါ။

အထက်ပါအတိုင်း သုံးရက်တစ် ကြိမ်မှ (၅) ကြိမ်ထိ လျှော်ပေးလိုက်ပါ။ တစ်သက်လုံး ဦးခေါင်းတွင် ဖောက်ထ ခြင်း၊ သန်းများ ရှင်သန်ပေါက်ပွားခြင်း မဖြစ်တော့ပါ။

မူလကပင် ဦးခေါင်းအရေပြား ရောဂါ၊ မှိုရောဂါကပ်နေလျှင် တစ်ပတ် တစ်ခါလျှော်ပေးသွားပါ။ တဖြည်းဖြည်း ဖောက်ရောဂါ ကင်းစင်သွားပါမည်။

ဦးခေါင်းတွင် ဖောက်၊ သန်းကင်း စင်ခြင်းသည် စိတ်ကြည်လင် လန်းဆန်း စေသည်မှာ အမှန်ပင်မဟုတ်ပါလား။ သို့ အတွက် ဘေးထွက်ဆိုးကျိုးမရှိသော နည်းမှန်လမ်းမှန်ကို တင်ပြ ရေးသားပါ သည်။

*ကြည်လင်လန်းဆန်းကြပါစေ*

ပေါက်ပေါက် (နတ်မောက်)

www.burmeseclassic.com

# ဝင်းထွန်းအောင် (စပ်/အေး)

## တိုက်သစ်ထဲက အဘိုးအို



"ဘယ်လိုလဲ ကိုသိန်းထွန်း၊ ခင်ဗျားလိုက်မှာမို့လား"

ကိုမင်းလှိုင်၏ အမေးကို သူခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်သည်။

"လိုက်မှာပေါ့ဗျာ၊ လောလောဆယ်အလုပ်ကပြတ်နေတဲ့ဟာ။ နောက်တစ်ရက်၊ နှစ်ရက်ဆို အိမ်မှာ စားစရာမရှိတော့ဘူး"

သူ့စကားကြောင့် ကိုမင်းလှိုင်ကျေနပ်သွားသည်။

"ဒါဆို မနက်ဖြန်မနက် ကားဂိတ်ကစောင့်၊ ကျွန်တော်လာခဲ့မယ်။ ကဲရော့ ဒါက စရန်ငွေ"

ကိုမင်းလှိုင်ပေးသော ငွေကို ကမန်းကတန်း လှမ်းယူလိုက်သည်။ ကိုမင်းလှိုင်ကိုလည်း ကျေးဇူးအရမ်းတင်မိသည်။ သူသာ အလုပ်မခေါ်လျှင် မလွယ်။

သိန်းထွန်းက ပန်းရန်ဆရာတစ်ယောက်ဖြစ်သည်။ ပန်းရန်ဆရာဆိုတော့ အဆောက်အအုံလေးဘာလေးဆောက်ရမှ ဝင်ငွေရှိသည်။ အဆောက်အအုံ မဆောက်ရတောင် စည်းရိုးခတ်၊ ရေလောင်းအိမ်သာလေးဘာလေးဆောက်ရလျှင်လည်း အလုပ်ဖြစ်သေးသည်။

ပြောရလျှင် သူနှင့်သက်ဆိုင်သည့် အလုပ်ကလေးရမှ ဝင်ငွေရှိသည်။ သူ့အိမ်မှာက သူအပါအဝင် မိသားစု (၄) ယောက်၊ သူရယ်၊ သူ့မိန်းမရယ်၊ (၁၀) နှစ်အရွယ် သမီးတစ်ယောက်ရယ်၊ သူ့မိန်းမအမေ သူ့ယောက္ခမကြီးရယ် ဖြစ်သည်။

ဆိုရလျှင် သူ့ကို မှီခိုနေသူက (၃) ယောက်ရှိသည်။ ထို့ကြောင့် ပုံမှန်ဝင်ငွေရှိနေမှ ဖြစ်မည်။ ယခု သူအလုပ်မရှိသည်မှာ တစ်ပတ်ကျော်ပြီမို့ အိမ်မှာရှိသည့် အဝတ်အထည်အသစ်လေးများနှင့် ဒန်အိုးဒန်ခွက်များ ပေါင်နှံစားနေရသည်။ နောက်တစ်ရက်၊ နှစ်ရက်ဆို မလွယ်ပေ။

ထို့ကြောင့် သူအလုပ်ရဖို့ အပူတပြင်းလိုက်စပ်နေရသည်။ ထိုစဉ်မှာပင် ကိုမင်းလှိုင်နှင့်တွေ့ဆုံစကားပြောမိခြင်းဖြစ်သည်။ ကိုမင်းလှိုင်သည်လည်း ပန်းရန်ဆရာတစ်ယောက်ပင်။ သူနှင့်သိပ်မရင်းနှီးသော်လည်း အလုပ်သဘောအရ (၂)၊ ခါ (၃) ခါလောက် ဆက်ဆံဖူးသည်။

ယခု ကိုမင်းလှိုင်က မြို့သစ်တွင် အဆောက်အအုံသစ်များအား ကန်ထရိုက်ယူ၍ ဆောက်လုပ်နေသည်ဟု သိရသည်။ သူတာဝန်ယူဆောက်လုပ်နေသည့်အပိုင်းအတွက် လူလို၍ ခေါ်လူပြန်ရှာခြင်းဟု ဆိုသည်။

သိန်းထွန်းအတွက် ကိုမင်းလှိုင်နှင့် တွေ့ရသည်မှာ ကံကောင်းသည်ဟု ဆိုရမည်။ သူ့အတွက် အလုပ်ရပေပြီ။ ကိုမင်းလှိုင်ပေးလိုက်သည့်ငွေကို အိတ်ကပ်ထဲသို့ သေချာထည့်ရင်း ဝမ်းသာအားရဖြင့် အိမ်ပြန်ခဲ့တော့သည်။

◆

နောက်နေ့မနက် သူတို့ကားစီးပြီး မြို့သစ်သို့ ထွက်ခဲ့ကြသည်။ မြို့သစ်က သူတို့မြို့လေးနှင့် သိပ်မဝေး၊ နာရီဝက်သာသာခန့်သာ ကားစီးရသည်။

သူတို့အလုပ်သမားများနေရသည့် နေရာမှာ တောင်ကုန်းတစ်ခုပေါ်ရှိ ဆောက်လက်စ အဆောက်အအုံတစ်ခုပေါ်တွင် ဖြစ်သည်။ သူ့အတွက်ပေးထားသည့်နေရာတွင် အထုပ်အပိုးများချပြီးသည်နှင့် သူအလုပ်ဆင်းရန်ပြင်တော့သည်။ ကိုမင်းလှိုင်က နားလိုလျှင် နားဦးဟု ပြောသော်လည်း သူမနားတော့။

ညနေစောင်း အလုပ်သိမ်းတော့ သူတို့တစ်ဖွဲ့လုံး ရေချိုးဖို့ပြင်ကြသည်။ မချိုး၍မဖြစ်၊ တစ်နေကုန် ထုံး၊ ဘိလပ်မြေတို့ဖြင့် လုပ်ကိုင်ကြရ၍ သူတို့တစ်ကိုယ်လုံး ဖွေးဖွေးလှုပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူက လူသစ်ဆိုတော့ ရေချိုးရန် နေရာမသိသေး။ လူဟောင်းများနောက်မှ အသာလိုက်သွားသည်။ သူတို့နေသည့် အဆောက်အအုံ၏ အနောက်ဘက် ကုန်းဆင်းလေးအတိုင်း ဆင်းသွားတော့ အနိမ့်ပိုင်းတစ်နေရာတွင် တစ်ထပ်တိုက်လေးတစ်လုံး တွေ့ရသည်။ ခြံစည်းရိုးတော့ခတ်ထားသည်ကို မတွေ့ရ။

တိုက်ကလေးမှာ ဆောက်ပြီးခါစ အသစ်ကလေး ဖြစ်သည်။ လူတွေကိုတော့ မတွေ့ရ။ ရှေ့တံခါးကို သော့ခတ်ထား၍ အိမ်သားများ အပြင်သွားနေသည်ဟု သူထင်မိသည်။ တိုက်ဘေးတစ်နေရာတွင် ရေချိုးအုတ်ကန်တစ်ခု တွေ့ရသည်။

ကျန်သူများ ရေချိုးရန်ပြင်ဆင်နေစဉ် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ အဓိက သူရှာနေသည်က အိမ်သာ။ သူတို့နေရာတွင် အိမ်သာမရှိ။ အလုပ်သမားများက အဆောက်အအုံနှင့်ဝေးရာ ကြုံသလိုနေရာများတွင်သာ အခင်းကြီးသွားကြသည်။

သူက လူတစ်မျိုး။ ထိုသို့မသွားတတ်။ ငယ်စဉ်ကတည်းက အိမ်သာကိုသုံးနေကျမို့ ရောက်လေရာတွင် အိမ်သာကို အရင်ရှာထားတတ်သည်။ အိမ်သာမတွေ့မချင်း သူဝမ်းမသွားတော့။

သူလျှောက်ကြည့်နေစဉ်မှာပင် တိုက်နောက်ခပ်လှမ်းလှမ်း၌ အိမ်သာတစ်လုံးတွေ့လိုက်ရ၍ သူဝမ်းသာသွားသည်။ တစ်နေ့လုံးအောင့်ထားသမျှ ယခုမှ အိမ်သာတက်ခွင့်ရတော့သည်။ ထို့နောက် ရေမိုးချိုးပြီး သူတို့အဖွဲ့ ပြန်ခဲ့ကြတော့သည်။

◆

ယနေ့ သူတို့အဖွဲ့ လုပ်လက်စကလေးများကို ပြီးအောင် အဆုံးသတ်နေသဖြင့် အလုပ်သိမ်းချိန်နည်းနည်းနောက်ကျသွားသည်။ မိုးချုပ်လုချုပ်ခင်မှ အလုပ်သိမ်းဖြစ်တော့သည်။ သူတို့နေရာပြန်ရောက်တော့ ထုံးစံအတိုင်း ရေချိုးဖို့ သူပြင်တော့သည်။

လိုအပ်သောပစ္စည်းများယူပြီးမှ သူ့လူများကို ကြည့်လိုက်တော့ တုံးလုံးလှဲနေသူနှင့် ရေနွေးထိုင်သောက်၊ ဆေးလိပ်ထိုင်ဖွာနေသူနှင့် တစ်ယောက်မှ ရေချိုးမည့်ပုံမပေါ်။

"ဟေ့ - ရေချိုးသွားရအောင်လေ၊ မင်းတို့မချိုးဘူးလား"

သူမေးတော့ ခေါင်းခါပြသူနှင့် လက်ခါပြသူနှင့်။

"မချိုးတော့ပါဘူး ကိုသိန်းထွန်းရာ။ မိုးချုပ်နေပြီ"

အလုပ်သမားလေးတစ်ယောက်က ဖြေသည်။ ကျန်သူများက ခေါင်းညိတ်ပြကြသည်။

"ဟ - မိုးချုပ်လည်းဘာဖြစ်လဲကွ၊ ပေနေလို့ ရေချိုးတာပဲ"

တစ်ယောက်မှမလှုပ်။ သူတို့တစ်တွေ တကယ်မချိုးတော့မှန်း သူနား





www.burmeseclassic.com

www.burmeseclassic.com

လည်လိုက်သည်။ သူကတော့ မနေနိုင်။ ပေပေကျံကျံကြီးဖြင့်မအိပ်တတ်။ ကိုယ့်ဘာသာသွားချိုးတာပဲ ကောင်းပါတယ်ဟု ဆုံးဖြတ်ပြီး သူတစ်ယောက်တည်း ထွက်လာခဲ့တော့သည်။

မိုးချုပ်သွားသော်လည်း မမှောင်။ လရောင်ကလေးဖြင့် လင်းနေသည်။ သူ အုတ်ကန်နားမရောက်ခင် လှမ်းကြည့်လိုက်တော့ လူတစ်ဦးရေချိုးနေသည်ကို လှမ်းမြင်ရသည်။ အနားရောက်၍ သေချာကြည့်လိုက်တော့ အသက် (၇၀) ခန့်ရှိ အဘိုးအိုတစ်ဦးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

သူစိတ်ထဲတွင် ဤတိုက်မှ အဘိုးကြီးဖြစ်မယ်ဟု မှတ်ချက်ချမိသည်။ အုတ်ကန်ပေါင်ပေါ် ရေခွက်နှင့်ဆပ်ပြာခွက်တို့တင်ပြီး ထုံးစံအတိုင်း သူအိမ်သာပြေးတက်လိုက်သေးသည်။ သူပြန်လာတော့ အဘိုးကြီး ရေချိုးကောင်းတုန်းပင်။ သူ ရေတစ်ခွက်ကို ကမန်းကတန်းလောင်းချလိုက်သည်။ ဆောင်းဦးပေါက်ညချမ်းမို့ ရေမှာအေးစက်လွန်းလှသည်။

"အား - အေးလိုက်တာ၊ အဘက သွေးသားကောင်းပုံရတယ်"

စကားပြောဖော်ရရန်အတွက်ရောသူပိုင်နက်တွင် ရေလာချိုးရ၍ မျက်နှာချိုသွေးသည့်သဘောနှင့်ပါ အဘိုးကြီးကို စကားလှမ်းပြောလိုက်မိသည်။

ထိုစဉ် အဘိုးကြီး၏ အမူအရာကြောင့် သူအောင့်သက်သက်ဖြစ်သွားရသည်။ သူ့ကို စကားမပြန်ရုံသာမက အစောပိုင်းဘေးတိုက်ရေချိုးနေရာမှ သူ့ကို ကျောပေးလိုက်ပြီး နောက်ပြန်ရေခပ်၍ချိုးနေလေသည်။

ရေလာချိုးတာ သိပ်မကြိုက်ချင်ဘူးနှင့်တူတယ်ဟုတွေးရင်း အဘိုးကြီးနှင့် စကားဆက်ပြောရန် မကြိုးစားတော့ဘဲ ရေကိုသာ ခပ်မြန်မြန်ချိုးနေလိုက်တော့သည်။ ထို့နောက် သူထိုင်၍ ကြေး(ကျီး)တွန်း၊ဆပ်ပြာတိုက်နေစဉ် ရေသံရပ်သွားပြီး အဝေးသို့ ထွက်ခွာသွားသည့်ထွက်ခွာသွားသည့်ခြေသံကြားရသဖြင့် သူခေါင်းထောင်ကြည့်လိုက်တော့ အဘိုးကြီး ရေခွက်ကိုင်၍ တိုက်ထဲပြန်ဝင်သွားသည်ကို တွေ့လိုက်ရသည်။

အခြားသူများ၏ လှုပ်ရှားမှုနှင့်အသံတို့ကို မတွေ့မကြားရခြင်းဖြင့် အဘိုးကြီးတစ်ယောက်တည်းသာ နေသည်ဟု သူအကဲခတ်မိသည်။ ရေချိုးပြီးသူပြန်လာတော့ ကျန်သူများက သူ့ကို အကဲခတ်သလို ကြည့်နေသည်ဟု သူ ထင်မိသည်။

"ဟာ - ကိုသိန်းထွန်း၊ ခင်ဗျားတကယ်သွားချိုးတာပဲ။ အကြောက်အလန့်မရှိ"

အလုပ်သမားတစ်ဦး၏ အပြောကို သူနားမလည်သလိုဖြစ်ရသည်။

"ဟ - ဘာကြောက်စရာရှိလို့လဲ"

"အဖော်မပါဘဲတစ်ယောက်တည်း သွားလို့ပြောတာပါ"

"ဒီကသွားတုန်းက အဖော်မပါပေမယ့် ရေချိုးတော့ အဖော်ရှိပါတယ်ကွ"

"ဗျာ- ရေချိုးတော့အဖော်ရှိတယ်ဟုတ်လား"

သူ့စကားကို အလုပ်သမားလေး သဘောပေါက်ပုံမရ။

"အေး- ဟိုရောက်တော့ တိုက်ထဲက အဘိုးကြီး ရေထွက်ချိုးနေတယ်ကွ။ ဒါကြောင့် ရေချိုးတော့ အဖော်ရှိတယ်လို့ ပြောတာ"

"ဗျာ-တိုက်ထဲက အဘိုးကြီးရေချိုးနေတယ်"

"ဟာ"

"အမလေး"

နားထောင်နေကြသည့် အလုပ်သမားများထအော်၍ သူကြောင်သွားသည်။

ထိုစဉ် ကိုမင်းလှိုင်ရောက်လာပြီး အကျိုးအကြောင်းမေး၍ သူပြန်ပြောပြတော့ ကိုမင်းလှိုင်ပါ မျက်လုံးပြူးသွားသည်။

"မင်းတို့ကွာ၊ ကိုသိန်းထွန်းကို မသွားဖို့မတားကြဘူး။ ငါလည်း အဲဒီအကြောင်းပြောပြထားလို့ မေ့နေတယ်"

မပြည့်မစုံပြောနေသည့် ကိုမင်းလှိုင်စကား၏ အဓိပ္ပာယ်ကို သူနားမလည်။

"အင်း - ဒီလိုဗျ ကိုသိန်းထွန်းရဲ့။ အဲဒီတိုက်သစ်ထဲမှာ အရင်က မိသားစု (၅) ယောက်ရှိတယ်ဗျ။ အဘိုးကြီးရယ်၊ သူ့သမီးလင်မယားရယ်၊ ကလေး (၂) ယောက်ရယ်ပေါ့။ အရင်က အဲဒီနေရာက ပျဉ်ထောင်အိမ်အမြင့်ပေါ့။ နောက်ပိုင်း အဘိုးကြီး စုဆောင်းထားတာလေးတွေနဲ့ အခုတိုက်သစ်လေးဆောက်လိုက်တယ်ပေါ့ဗျာ။ တိုက်လေးပြီးလို့မှ မကြာသေးဘူး၊ အချိန်မတော်ရေချိုးလို့ အဘိုးကြီး လေဖြတ်ပြီးဆုံးသွားတယ်"

"ဗျာ - ဒါဆို ကျွန်တော်တွေ့ခဲ့တဲ့ အဘိုးကြီးက"

"ဟုတ်တယ် ကိုသိန်းထွန်း။ အဘိုးကြီးက သူ့တိုက်ကို စိတ်စွဲပြီး မကျွတ်ဘူးဖြစ်နေတယ်။ ဘယ်လောက်ထိစွဲသလဲဆိုရင် သူနဲ့မတည့်တဲ့ သူ့သမက်မနေနိုင်လောက်အောင် ခြောက်လှန့်နေလို့ ကျန်ရစ်ခဲ့တဲ့မိသားစု မြို့ထဲကို ပြောင်းနေကြရတယ်။ ဒီက အလုပ်သမားတွေလည်း နေ့ပိုင်းသွားရင် မထူးခြားပေမယ့် ညပိုင်းသွားရင် အဘိုးကြီး ရေထွက်ထွက်ချိုးပြနေလို့ ဘယ်သူမှမသွားရဲကြဘူး"

"ဗျာ"

◆

ကိုမင်းလှိုင် ပြောပြပြီးသည့်နေ့မှစ၍ သူတစ်ယောက်တည်း မသွားရဲတော့။ ညနေပိုင်းတိုင်း သူတို့လူစု၍ ရေသွားချိုးတော့လည်း ဘာမှမထူးခြား။ အိမ်ရှေ့တံခါးအား သော့ခတ်ထားသည်ကိုသာ တွေ့ရသည်။

ကိုမင်းလှိုင်ပြောပြီး ငါးရက်မြောက်နေ့ညပိုင်း ထုံးစံအတိုင်း ထမင်းစားသောက်ပြီး ဘုရားရှိခိုး၊ ဂုဏ်တော်ပုတီး (၉) ပတ်စိပ်ကာ အိပ်ရာဝင်ခဲ့သည်။ တစ်နေကုန်ပင်ပန်းထား၍ အိပ်လို့ကောင်းတုန်း ပြဿနာတစ်ခုကြောင့် သူလန့်နိုးသွားခဲ့ရသည်။ပြဿနာက အခြားတော့မဟုတ်၊ ဝမ်းသွားချင်လာခြင်းပင် ဖြစ်သည်။

ယခင်က သူညဥ့်နက်သန်းခေါင် ဝမ်းသွားလေ့မရှိ။ ယနေ့မှဘာအစားမှားခဲ့သည်မသိ၊ ဆောင်းတွင်းမို့ ချမ်းသည့်အပြင် အချိန်မတော်တစ်ယောက်တည်း မသွားဝံ့၍ သူအောင့်ထားမိသေးသည်။ အတန်ကြာတော့ သူမနေနိုင်တော့။ ဝမ်းသွားချင်လွန်း၍ ချွေးများပင်စို့လာသည်။

သူထထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို ဓာတ်မီးလိုက်ထိုးကြည့်လိုက်တော့ အားလုံး အိပ်မောကျနေသည်မှာ တုတ်တုတ်မျှမလှုပ်ကြ။ တစ်ဦးတစ်ယောက်နိုးနေလျှင်ဖြင့် အဖော်ခေါ် သွားရန် ရည်ရွယ်ဖြင့် လိုက်ကြည့်မိသော်လည်း မည်သူမှ နိုးနေသည်ကို မတွေ့ရ၍ သူစိတ်ဓာတ်ကျသွားသည်။

တစ်ယောက်ယောက်ကို နှိုး၍ အဖော်ခေါ် သွားရန်လည်း အားလုံးပင်ပန်း ထားကြသူချည်းမို့ သူအားနာမိသည်။ နောက်ဆုံး မနေနိုင်တော့၍ သူတစ်ဦးတည်းသာသွားရန် ဆုံးဖြတ်ပြီး အရဲစွန့်ထလာခဲ့တော့သည်။ အစပိုင်းကတော့ သူများတွေလိုပင် အနီးအနားတစ်ဝိုက် သင့်တော်သလို သွားရန်ပြ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း တကယ်တမ်းကျတော့ သူမသွားတတ်ပြန်။

ဆောင့်ကြောင့်ထိုင်နေသော်လည်း ဝမ်းကမသွား။ ဇီဇာကြောင်လွန်းသည့် သူ့ကိုယ်သူစိတ်တိုနေမိသည်။ ဝမ်းသွားလိုစိတ် အတော်အတန်လျော့နည်းသွားသဖြင့် ပြန်အိပ်ရန်ဆုံးဖြတ်ပြီး အဆောင်ဘက်ပြန်လှည့်ခဲ့တော့၏။

ဒုက္ခရောက်ပြန်ချေပြီ။ အဆောင်ထဲဝင်ရန် ပြင်လိုက်စဉ်မှာပင် ဝမ်းသွားလိုစိတ်က မနေနိုင်မထိုင်နိုင်ပြန်ပေါ်လာပြန်သည်။ မထူးတော့ ဖြစ်လိုရာဖြစ် အိမ်သာဆီသို့ အရောက်ပြေးမိတော့သည်။

ထိန်လင်းနေသည့်လရောင်ကြောင့် ယနေ့ လပြည့်နေ့မှန်း သူသတိရလိုက်သည်။ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်နေ၍ သူသိပ်မကြောက်တော့။အိမ်သာပေါ် ကမန်းကတန်းလှမ်းတက် တံခါးဆွဲပိတ်ပြီး ကိစ္စကိုရှင်းနေလိုက်သည်။

"ကျွီ"

ရုတ်တရက် တံခါးဟသွား၍ သူမျက်လုံးပြူးသွားသည်။ သူတက်နေသည့်အိမ်သာမှာ အိမ်သာဟောင်းဖြစ်၍ နောက်သို့အနည်းငယ်လန်နေသည်။ တော်ရုံလေးတိုးရုံဖြင့် မပွင့်နိုင်။ လေတိုး၍ ပွင့်သည်ဆိုလျှင်လည်း အဆုံးထိလန်သွားဖွယ်ရှိသည်။ ယခုတော့ တစ်ဝက်ခန့်သာပွင့်ပြီး ရပ်သွားသည်။

သူ ထိတ်လန့်တကြားဖြင့် အပြင်သို့ လှမ်းကြည့်လိုက်စဉ် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကြက်သေသေသွားသည်။ မလှမ်းမကမ်းတွင် ရေချိုးစဉ်က သူမြင်ခဲ့သည့် အဘိုးကြီးက ခါးထောက်ပြီး သူ့ကိုရပ်ကြည့်နေသည်ကို မြင်လိုက်ရခြင်းကြောင့်တည်း။

သူ့တစ်ကိုယ်လုံး တဆက်ဆက်တုန်သွားသည်။ အော်ရန် ပါးစပ်ကိုဟ,လိုက်သော်လည်း အသံကမထွက်။ ထပြေးရန် ကြံလိုက်သော်လည်း ထ၍မရတော့။ တစ်ကိုယ်လုံး ပျော့ခွေသလိုဖြစ်နေသည်။

သူဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပင် အထက်လမ်းဆရာတစ်ယောက်၏ စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရမိလိုက်သည်။

"ပရလောကသားဆိုတဲ့မကောင်းဆိုးဝါးတွေနဲ့ တွေ့ကြုံလာခဲ့ရင် မေတ္တာကို အရင်ပို့ကြည့်။ တချို့က မေတ္တာပို့ အမျှဝေတာလိုချင်လို့ ကိုယ်ယောင်ပြတာ။ ဒီလိုမှ မရဘူးဆိုရင်တော့ ခြောက်လှန့်တာပဲ။ အဲဒီအခါကျရင် သူ့ကို လက်ညှိုးနဲ့ထိုးပြီး ပဋ္ဌာန်းရွတ်လိုက်။ မခံနိုင်ဘူး၊ ပြေးတော့တာပဲ"

ထိုဆရာ၏ စကားအတိုင်း စမ်းကြည့်ရန် သူဆုံးဖြတ်လိုက်ပြီး မေတ္တာပို့ အမျှဝေပေးလိုက်သည်။ အဘိုးကြီးကတော့ မလှုပ်။ (၃) ကြိမ်၊ (၃) ခါပြုလုပ်သော်လည်း မထူးခြား။ ဒုတိယနည်းကို သုံးကြည့်ရပေတော့မည်။ သူအဘိုးကြီးကို လက်ညှိုးထိုး၍ ပဋ္ဌာန်းကို စတင်ရွတ်လိုက်သည်။

"ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိ ပစ္စယော. . ."

သူ ပဋ္ဌာန်း (၃)၊ (၄) ခုလောက် ရွတ်လိုက်စဉ်မှာပင် အဘိုးကြီး နောက်ဆုတ်သွားသည်ကို တွေ့လိုက်ရ၍ သူ့အားတက်သွားသည်။ ကြောက်စိတ်အနည်းငယ်လျော့ပါးသွား၍ ကိုယ်လက်သုတ်သင်ပြီး အိမ်သာပေါ်မှ ဆင်းလိုက်သည်။ ဒုတိယမြောက်အဖြစ် အဘိုးကြီးအား လက်ညှိုးထိုးကာ ပဋ္ဌာန်းကို အသံခပ်မာမာဖြင့် ရွတ်လိုက်တော့သည်။

". . . အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော. . ."

ပဋ္ဌာန်းပင်မဆုံးသေး၊ အဘိုးကြီးအသံနက်ကြီးဖြင့် အော်၍ ပြေးတော့သည်။ အတန်ကြာသည်အထိ သူရပ်ကြည့်နေသော်လည်း မည်သည့်အရိပ်အယောင်မျှ မတွေ့ရတော့။

"ဟင်း - လူကို ဘာမှတ်သလဲ။ မလုပ်ချင်လို့ကြည့်နေတာကို အကောင်းမှတ်နေတယ်။ နောက်တစ်ခါ ခြောက်ရဲခြောက်ကြည့်၊ ဒီထက်ပိုဆိုးသွားမယ်"

သူ ကျယ်လောင်စွာကြိမ်းဝါးလိုက်ပြီး တစ်ချိုးတည်းလစ်ခဲ့တော့သည်။ အိပ်ရာထဲရောက်သည်နှင့် ခေါင်းမြီးခြုံပြီး အမောဖြေနေမိတော့သည်။

◆

နောက်ရက်များတွင် ထုံးစံအတိုင်း ရေချိုး၊ အိမ်သာသွားတက်သော်လည်း ထူးခြားမှုမတွေ့ရတော့။ အဖွဲ့နှင့်သွား၍လည်း ဖြစ်နိုင်သည်။ ထိုစဉ်မှာပင် သူတို့မြို့လေးသို့ခေတ္တပြန်သွားသည့် ကိုမင်းလှိုင်ပြန်ရောက်လာပြီး -

"ကိုသိန်းထွန်းရေ၊ ခင်ဗျားယောက္ခမကြီးနေမကောင်းလို့ ဆေးရုံတင်ထားရတယ်တဲ့။ ဖြစ်နိုင်ရင် ခင်ဗျားကို ခဏလောက်ပြန်လာပါဦးလို့ ခင်ဗျားမိန်းမကမှာလိုက်တယ်။ ကျွန်တော်လည်း ပြန်လွှတ်လိုက်ပါ့မယ်လို့ ပြောခဲ့တယ်။ ခင်ဗျားခဏလောက်ပြန်လိုက်ဦးပေါ့"

"ဟုတ်ကဲ့- မနက် ကျွန်တော်ပြန်လိုက်ပါ့မယ်"

ညနေပိုင်း အလုပ်သိမ်းတော့ သူတို့အဖွဲ့ရေချိုးသွားကြသည်။ အဖွဲ့သားများ ရေချိုးနေသော်လည်း သူမချိုးသေး။ အိမ်လေးကို သေချာကြည့်နေမိသည်။ လှုပ်ရှားမှုတစ်စုံတစ်ရာမတွေ့ရဘဲ ငြိမ်သက်တိတ်ဆိတ်နေလေသည်။

ဟိုတစ်နေ့ညက သူ့လုပ်ရပ်နှင့်ပတ်သက်ပြီး သူစိတ်မကောင်းဖြစ်နေမိသည်။ သူများပိုင်နက်သို့ ဝင်ရောက်ပြီး ပိုင်ရှင်ကို နှိပ်စက်သလိုဖြစ်သွားသည်ဟု သူထင်မိသည်။ကြောက်စိတ်ကြောင့်သာ သူပြုမိသော်လည်း သူ့ကိုယ်သူအပြစ်ရှိသည်ဟုထင်နေမိသည်။ ထိုအပြစ်အတွက် တောင်းပန်ရမှ သူစိတ်ရှင်းပေမည်။

ထို့ကြောင့် ပြတင်းပေါက်တစ်ခုနားသူကပ်လိုက်၏။ မှန်ပြတင်းဖြစ်သည့် အပြင် လိုက်ကာချမထား၍ အထဲသို့ မြင်နေရသည်။ တစ်စုံတစ်ခုကို တွေ့ရလိုငြားရှာဖွေကြည့်ရင်းမှ နှုတ်မှ -

"အဘရေ၊ ဟိုတစ်နေ့က ကျွန်တော့်လုပ်ရပ်အတွက် အဘကို ထိခိုက်သွားရင် ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော် အစိုးရိမ်လွန်ပြီးပြုခဲ့တာပါ။ တကယ်တော့ ဒီနေရာ၊ ဒီပစ္စည်းတွေကလည်း အဘမပိုင်တော့ပါဘူး။ အဘတကယ်ပိုင်တော့တာက အဘ လူ့ဘဝတုန်းကပြုခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုလေးတွေပါပဲ။ ဒါတွေကို ပြန်အာရုံပြုပြီး ကျွန်တော်ပေးပို့တဲ့ကောင်းမှုကုသိုလ်တွေရဲ့ အဖို့ဘာဂကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ အဘ။ အမျှ၊ အမျှ၊ အမျှ အဘရေ"

ထိုစဉ် အခန်းထောင့်တစ်နေရာမှ မသဲမကွဲအရိပ်တစ်ခုကို သူမြင်လိုက်သလိုရှိသည်။ ထိုအရိပ်ရှင်သည် သူ့ကိုညှိုးငယ်စွာ ကြည့်နေသည်ဟု သူထင်မိသည်။

သူကတော့ အဘိုးအိုသည် သူပေးပို့သည့် အမျှဝေမှုကို ဝမ်းမြောက်စွာ သာဓုခေါ်ပါကြောင်း အသိပေးသည့်အနေဖြင့်အရိပ်ယောင်ပြခြင်းဟု တထစ်ချယုံကြည်မိပါတော့သည်။

မှတ်ချက်။ ။ ၁၉၉၀ ပြည့်နှစ်မှ ကိုယ်တွေ့အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ဝင်းထွန်းအောင် (စစ်/ဆေး)



www.burmeseclassic.com

www.burmeseclassic.com

ပွင့်လင်းပြီး ခြောက်သွေ့တဲ့အချိန်မှာ ဥသြငှက်လေးတွေရဲ့ တွန်ကျူးသံဟာ ကြားရသူအဖို့ လွမ်းမောဖွယ်ရာပါပဲ။ ကျောက်စရစ်ရွာစခန်းပွဲအတွက် ပင့်ဖိတ်လာတာကြောင့် မြိတ်ကနေ တနင်္သာရီကို အမြန်ယာဉ်နဲ့ လိုက်ခဲ့ပါတယ်။ တနင်္သာရီမြို့ကို ရောက်တယ်ဆိုရင်ပဲ လာကြိုတဲ့ လှေကလေးနဲ့ စာရေးသူတို့ လိုက်ပါလာခဲ့ပါတယ်။ မြစ်ကမ်းရဲ့ တစ်ဖက်တစ်ချက်ကိုကြည့်လိုက်တဲ့အခါ ထူးထူးထွေထွေ ပြောင်းလဲမှုသိပ်မရှိလှ။ တစ်ချိန်တုန်းက ဒီနေရာတွေဟာ စာရေးသူ သွားလာခဲ့ဖူးတဲ့ နေရာတွေပါ။ ကောင်းကင်ပေါ်မှာ ပျံသန်းနေကြတဲ့ ငှက်ကလေးတွေကိုကြည့်ရင်း မိမိနေရာအသိုက်အမြုံကို ပျံသန်းနေကြတဲ့ ငှက်ကလေးတွေရဲ့ဘဝကိုလည်း တွေးနေမိပါတော့တယ်။

ထိုငှက်ကလေးတွေရဲ့ ဘဝဟာ မနက်ပိုင်းမှာ အစာရှာဖွေဖို့ အဝေးကြီးကို ပျံသန်းကာ အစာရှာဖွေကြတယ်။ အစာရှာဖွေတဲ့အခါမှာလည်း ကောင်းတာ၊ မကောင်းတာ နားမလည်။အစာရဖို့သာ လုံးပန်းကြရတယ်။ အိပ်တန်းပျံတဲ့အခါ ကျန်ရစ်ခဲ့တဲ့ သားသမီးများအတွက် အစာလေးတွေ ပါသွားစမြဲ။ ဒါဟာ သူတို့ နေ့စဉ်လုပ်နေကျ အလုပ်တွေမို့ ရိုးနေပြီလို့ ဆိုရမလားဘဲ။ ဒီလိုနဲ့ သူတို့ဘဝ အချိန်တန်တော့ အိပ်တန်းပျံသလို အစာ ရှာရင်း ဘဝကို အဆုံးသတ်ကြရရှာတယ်။ ဒီငှက်ကလေးတွေမှာ နောင်ဘဝအတွက် မျှော်လင့်စရာတွေ ဘာများပါသွားနိုင်မလဲလို့ တွေးတောနေမိပါတယ်။ တကယ်တော့ ကုသိုလ်၊ အကုသိုလ် ဘာမှနားမလည်တဲ့ အဟိတ်တိရစ္ဆာန်ဘဝမှာ ကြီးနိုင်ငယ်ညှဉ်း သတ်ဖြတ် စားသောက်ကြရင်းနဲ့ ဘဝကို အဆုံးသတ်ကြတာ ဆိုတော့ နောင်ဘဝအတွက် မျှော်လင့်ချက်မရှိသလောက်ပါဘဲ။

ဒီလိုပါပဲ၊ လောကလူသားများမှာလည်း အရွယ်ရောက်တဲ့အချိန်ကနေ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ငွေရရှိဖို့ အလုပ်လုပ်ကြရတာဟာလည်း ဘဝသမိုင်းကပေးတဲ့တာဝန်တစ်ရပ်လို့ ပြောရမှာပါပဲ။ ဝမ်းရေးအတွက် အချိန်ရှိသလောက် ဥစ္စာရှာဖွေနေကြရတယ်။ တကယ်တော့ လူ့ဘဝရတဲ့အချိန်မှာ ကုသိုလ်၊ ပညာ၊ ဥစ္စာ တစ်ခုခုရဖို့ အရေးကြီးပါတယ်။ ဒီလိုမှမဟုတ်ရင် အချည်းနှီး ဘဝနေဝင်ချိန်ရောက်သွားရမယ်ဆိုရင် ထိုသူအတွက် လူ့ဘဝဖြစ်ရတာ ဖြစ်ရကျိုးမနပ်နိုင်ပါ။

ကျောက်စရစ်ရွာ တရားစခန်းမှာ ညနေဘက် ယောဂီများကို တရားဟောပေးရပါတယ်။ တရားပွဲမှာ အခြားရွာကသူတွေရော ရွာထဲကသူတွေပါ တရားလာနာကြတာ တွေ့ရပါတယ်။ တရားပွဲအပြီး ခေတ္တနားနေခိုက် အသက်သုံးဆယ်ကျော်အရွယ် ဒကာတစ်ယောက် စာရေးသူကို ဝတ်ဖြည့်ပါရစေဆိုပြီး လာရောက် ဝတ်ဖြည့်ရာက ထိုသူနဲ့ စကားပြောဖြစ်ပါတယ်။ သူ့နာမည်က မောင်သိန်းဝင်းလွင်လို့ ခေါ်ပါတယ်။

အခုလို ကျောက်စရစ်ရွာမှာ နေရတာ အေးချမ်းလှတဲ့အတွက် စာရေးသူအတွက် တွေးလို့လည်း ကောင်းသလို စာရေးလို့လည်း ကောင်းလှတယ်ဆိုတဲ့အကြောင်း ထိုဒကာအား ပြောလိုက်ပါတယ်။

ဒကာက သူငယ်ငယ်က နေခဲ့ရတဲ့ မွေးရပ်မြေမှာ ထူးဆန်းတဲ့ ဖြစ်ရပ်များအကြောင်းကို ပြောလာပါတယ်။

“တပည့်တော် ရေနံချောင်း ဇာတိ





www.burmeseclassic.com

www.burmeseclassic.com

ပါဘုရား။ တပည့်တော်ငယ်ငယ်က ရေနံချောင်းမြို့မှာပဲ ပညာရင်နို့သောက်စို့ ရင်း ကြီးပြင်းလာခဲ့ရပါတယ် ဘုရား"

ဆိုပြီး ဆက်လက် ပြောဆိုလာမယ့် စကားကို နားထောင်နေလိုက်ပါတယ်။

တစ်ခါက ရေနံချောင်းမြို့ကလေးမှာ မောင်ဖြူမဲလို့ခေါ်တဲ့သူတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူဟာ ငယ်ရွယ်စဉ်တုန်းကလည်း မိဘစကားနားထောင်ပြီး လိမ္မာရေးခြားရှိတဲ့သူတစ်ယောက် ဖြစ်ခဲ့တယ်။ အရွယ်ရောက်လာတဲ့အခါ သမဝါယမဆိုင်မှာ ဆိုင်စာရေးအလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်။ မောင်ဖြူမဲဟာ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို အာရုံပြုပြီး သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ် ပူဇော်ခဲ့ပါတယ်။ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ ခံယူဆောက်တည်ပါတယ်။ ဝါတွင်းမှာမှမဟုတ်ဘဲ တစ်နှစ်ပတ်လုံးဆောက်တည်ခဲ့တဲ့အပြင် အခွင့်အခါသင့်တိုင်း စေတီဘုရားများမှာ အမိဋ္ဌာန်ဝင် ပုတီးစိပ်ခဲ့ပါတယ်။

ဒီလိုနဲ့ ဦးဖြူမဲဟာ အိမ်ထောင်ရက်သားကျလို့ သမီးနှစ်ယောက်နဲ့ သားတစ်ယောက် ထွန်းကားခဲ့ပါတယ်။ ဇနီးသည်ကတော့ ရေနံချောင်းမြို့ရဲ့ ရေနံ့သာဈေးကြီးမှာ ဆိုင်ခန်းဝယ်ပြီး ဆန်ရောင်းခဲ့ပါတယ်။တစ်ဖက်ကလည်း ဆန်စက်နဲ့ ဆက်သွယ်ကာ ဆန်ကုန်သည်ပွဲစားပြုလုပ်ပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရအောင် ရှာဖွေနိုင်ခဲ့တယ်။ အိမ်မှာ အိမ်ဆိုင်ကလေးတစ်ခုကိုလည်း ဖွင့်ထားပါတယ်။ အိမ်ဆိုင်ကိုတော့ သမီးကြီးကို ရောင်းစေခဲ့ပါတယ်။ ဒီလိုနဲ့ အိမ်ထောင်သက်တမ်းတစ်လျှောက် တရားမျှတတဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ ရှာဖွေလုပ်ကိုင်စားသောက်ရင်း သူတို့မိသားစု ပျော်ရွှင်စွာနဲ့ နေထိုင်လာခဲ့ကြတယ်။

အချိန်တွေ ကြာလာတာနဲ့အမျှ သားသမီးများလည်း အိမ်ထောင်ရက်သားကျတာ တစ်အိုးတစ်အိမ်ထူထောင်ပြီး သမီးကြီးကတော့ အခြားမြို့တစ်မြို့မှာ သွားရောက် နေထိုင်ပါတယ်။ သမီးကြီးက အိမ်ထောင်ခွဲထွက်ပြီ ဆိုတော့ အိမ်ဆိုင်ကို ကျန်တဲ့ သမီးအငယ်ကို ရောင်းခိုင်းရပြန်တယ်။ အဲဒီမှာ မမျှော်လင့်ဘဲ ဦးဖြူမဲရဲ့ဇနီး သေဆုံးသွားခဲ့တယ်။ ဇနီးသည် သေဆုံးပြီးလို့ သုံးလလောက်ကြာတဲ့အခါ ဦးဖြူမဲဟာ ရေတွင်းမှာ ရေချိုးရင်း လဲကျကာ သတိမေ့မြောသွားခဲ့ပါတယ်။ သားသမီးတွေလည်း ဖခင်ကို ဆေးရုံအမြန်ပို့ခဲ့တယ်။ ဆေးရုံရောက်တော့လည်း ဖခင်ကြီးမှာ သတိလစ်နေဆဲပဲ ဖြစ်နေတယ်။

ဦးဖြူမဲဟာ တစ်ခါမှ မရောက်ဘူးသေးတဲ့နေရာကို ရောက်သွားပါတယ်။ အဲဒီအချိန်မှာ အမည်မသိလူတွေရောက်လာပြီး ဦးဖြူမဲမျက်နှာကို စေ့စေ့ကြည့်ကာ -

"အာ - တို့ခေါ်တာ ဒီဦးဖြူမဲမဟုတ်ဘူး။ ဒီဦးဖြူမဲက ကောင်းမှုကုသိုလ်တွေလုပ်နေတဲ့သူ ဖြစ်တယ်။ ဝမ်းရေးလုပ်ကိုင်တာတောင်မှ မတရားတာ မလုပ်ဘူး။ ဦးဖြူမဲဟာ သူတော်ကောင်းပါ။ သူတော်တောင်း ဦးဖြူမဲနေတဲ့အိမ်နဲ့ ကျောချင်းကပ်အိမ်မှာ ဦးဖြူမဲတစ်ယောက် ရှိသေးတယ်။ သူက အကုသိုလ် ဒုစရိုက်တွေ ကျူးလွန်နေတဲ့သူပါ။ ဒါ့ပြင် မယားသားတွေအပေါ်မှာလည်း တာဝန်မကျေ။ ရေနံချောင်းမြို့ရဲ့ ဧရာဝတီမြစ်ကမ်းနံဘေးမှာ ကုန်တင်ကုန်ချအလုပ်လုပ်ခဲ့တယ်။ ရတဲ့ပိုက်ဆံနဲ့ သားမယားကို မပေးတဲ့အပြင် အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်နေတဲ့သူ ဖြစ်တယ်။ ငါတို့ ခေါ်လာတဲ့ ဦးဖြူမဲက သူတော်ကောင်းကြီးပါ။ လူမှားပြီး ခေါ်ခဲ့မိပြီ"



# (မြိတ်) ဦးကောဝိဒ
## အဖြူနဲ့အမည်း

လို့ သူတို့အချင်းချင်း ပြောဆိုနေသံကို ကြားနေရပါတယ်။

သူတို့အထဲက လူတစ်ယောက်က -

"ဦးဖြူမဲရေ၊ အသင်က သူတော်ကောင်းဖြစ်တဲ့အတွက် ရောက်တုန်းရောက်ခိုက် ငရဲပြည်လိုက်ပြမယ်"

လို့ ပြောပြီး သူတော်ကောင်း ဦးဖြူမဲကို ငရဲပြည်ခေါ်ဆောင်သွားပါတယ်။ ငရဲပြည်မှာ 'အလိုလေး၊ အမေလေး' နာကျင်လွန်းလို့ ငယ်သံပါအောင် အော်ဟစ်ပြီး ငရဲခံနေကြရတဲ့ ငရဲသားများကို တွေ့ရတော့ ဦးဖြူမဲဟာ သူကိုယ်တိုင် ဒီလိုများခံရလို့ရှိရင် ဘယ်လိုနေမလဲလို့တွေးပြီး အကြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကြောက်နေရှာတယ်။ ငရဲသားတွေခံစားနေရတာတွေကို နေရာအနှံ့ လိုက်လံပြသပေးပါတယ်။ ဘယ်နေရာပဲကြည့်ကြည့် အားလုံးဟာ အော်ဟစ်ညည်းညူပြီး ငရဲခံနေကြရတဲ့နေရာတွေချည်းပါပဲ။ ပြီးတဲ့အခါ ငရဲပြည်ကနေ အထက်ဘက်ကို ခေါ် သွားပြန်တယ်။ အဲဒီနေရာက ရွှေရောင်တဝင်းဝင်းနဲ့ တောက်ပြောင်နေတဲ့ ဘုံနန်းပြာသာဒ်ကြီးတစ်ခု အတွင်းမှာလည်း အမျိုးသမီးတွေ အရေအတွက် မနည်းလှဘူး။ အားလုံး အပြစ်ပြောစရာမရှိအောင် ချောမောလှပကြတယ်။ ထူးခြားတာက အမျိုးသားတစ်ယောက်မှ မရှိဘူး။ လိုက်ပြတဲ့သူများက-

"ဦးဖြူမဲ၊ နောက်သင်လာရမယ့် နေရာက ဒီနေရာပဲ"

လို့ ပြောပြီး ဦးဖြူမဲကို အိမ်ပြန်ပို့ခဲ့ပါတယ်။

သူတော်ကောင်း ဦးဖြူမဲဟာ ဆေးရုံပေါ် မှာ သတိလစ်ပြီး မေ့မြောနေတာ လေးရက်ခန့်ရှိနေပြီ။ ဆေးရုံရှိ ဆရာဝန်များကလည်း ဦးဖြူမဲကို သေပြီလို့တောင် ထင်လိုက်ပါပြီ။ ဒါပေမယ့် အဝေးရောက်နေတဲ့ သမီးကြီးကို စောင့်ဦးမယ်လို့ဆိုကာ ဦးဖြူမဲကို ဆေးရုံက မယူချသေးဘဲ နှစ်ရက်၊ သုံးရက်ခန့်လောက် စောင့်ကြည့်နေလိုက်တယ်။ သမီးကြီးလာမှပဲ စီစဉ်စရာရှိတာစီစဉ်ပြီး အလောင်းမြေချကြမယ်ဆိုပြီး တိုင်ပင်ကြပါတယ်။

သူတော်ကောင်းဦးဖြူမဲဟာ ငရဲပြည်ကနေ အိမ်ကို ပြန်လာခဲ့တယ်။ အဲဒီမှာ ဦးဖြူမဲ သတိပြန်လည်လာပါတယ်။ ရေငတ်လွန်းလို့ -

"ရေသောက်ချင်တယ်၊ ရေသောက်ချင်တယ်"

ပြောပြီး ရေတောင်းသောက်ပါတယ်။ ဦးဖြူမဲ သတိကောင်းကောင်းရလာတဲ့အခါကျတော့မှ သားသမီးများက -

"အဖေရေ၊ အဖေ သတိလစ်နေတာ (၄) ရက်ရှိပြီ။ သမီးတို့ အဖေသေပြီဆိုပြီး စိတ်မကောင်းလည်းဖြစ်၊ ငိုတဲ့သူလည်း ငိုကုန်ကြပြီ။ အခု ရုတ်တရက်ပြန်ပြီး သတိရလာတော့ သမီးတို့ ဘယ်လိုဝမ်းသာမှန်းတောင် မသိဘူး အဖေရယ်"

လို့ ပြောကာ ဝမ်းသာအားရဖြစ်နေကြရှာတယ်။

အဲဒီမှာ ဦးဖြူမဲက -

"သားတို့၊ သမီးတို့ - အဖေ့ကို နောက်ကျောအိမ်က ဦးဖြူမဲအိမ်ကို လိုက်ပို့ပေးပါ။ ငါအမြန်သွားပြောမှဖြစ်မယ်။ မဟုတ်ရင် ဦးဖြူမဲ ငရဲကို ရောက်လိမ့်မယ်။ သူတို့တစ်တွေ လာခေါ်ဖို့လုပ်နေကြပြီ။ မဖြစ်ဘူး၊ ငါအခုပဲ သွားပြောမှဖြစ်မယ်"

ဆိုပြီး သားသမီးတွေကို အိမ်ရာထဲကနေ ပြောနေပါတယ်။

အနီးရှိ သားသမီးများက -

"အဖေ၊ ဦးဖြူမဲကို သမီးတို့ပဲ သွားပြောပေးပါ့မယ်"

ဆိုပြီး တစ်ဖက် ဦးဖြူမဲအိမ်ကို သွားခဲ့ပါတယ်။ ဒါပေမယ့် အိမ်မရောက်ခင်မှာဘဲ ဦးဖြူမဲ လေဖြတ်လို့ ဆုံးပြီလို့ ကြားလိုက်ရတယ်။ သူတော်ကောင်း ဦးဖြူမဲလည်း အချိန်မီမတားလိုက်ရတာကို စိတ်မကောင်းဖြစ်ရှုမှုတစ်ပါး ဘယ်လိုမှ မတတ်နိုင်ရှာတော့ပါ။

ဦးဖြူမဲသာမဟုတ်၊ တန်ခိုးကြီးတဲ့ နတ်ပြဟ္မာများတောင် မကာယ်နိုင်ပါ။ ဒါကြောင့်လည်း သတ္တဝါတွေဟာ ဘဝသံသရာမှ ကံပစ်ချရာကို ခံနေကြရပါတယ်။ ဒါကြောင့်လည်း ဦးဖြူမဲက -

"သားတို့၊ သမီးတို့ရေ - အဖေ သတိလစ်နေတုန်းက အဖေလေ သူတို့လိုက်ပို့လို့ ငရဲပြည်ရောက်ခဲ့တယ်။ ငရဲပြည်မှာ ငရဲခံနေကြတဲ့ ငရဲသားတွေ အလိုလေး၊အမယ်လေး အသံကုန်အော်ဟစ် ညည်းညူပြီး အဆင်းရဲခံနေကြရတယ်။ သူတို့နေရာမှာ ငါသာဆို ဘယ်လိုနေမလဲလို့တောင်တွေးပြီး ကျောချမ်းမိပါသေးတယ်။ ပြီးတော့ အဖေသွားရမယ့် ရွှေရောင်ဝင်းနေတဲ့ဘုံနန်းပြာသာဒ်ကြီးကိုလည်း ရောက်ခဲ့တယ်။ ဒါကြောင့် သားတို့၊ သမီးတို့ကလည်း မသေခင်မှာ ကုသိုလ်ကောင်းမှုတွေကိုများများပြုလုပ်ကြ။ ပြီတော့ အခါခွင့်သင့်တယ်ဆိုရင်လည်း တရားရိပ်သာတွေဝင်ပြီး တရားအားထုတ်ဖို့လည်း မမေ့ကြနဲ့နော်။ ဟိုဘက်အိမ်က ဦးဖြူမဲကိုကြည့်ကြ။ အချိန်တိုင်းလိုလို အရက်မူးပြီး မကောင်းမှုဒုစရိုက်တွေနဲ့တင် အချိန်ကုန်လာခဲ့တာ။ မိသားစုတာဝန်ဆိုလည်း ဘာမှတာဝန်မယူ၊ သူ့မိန်းမကပဲ သားသမီးတွေရဲ့ စားဝတ်နေရေးနဲ့ ကျောင်းစရိတ်အတွက် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ရှာဖွေနေရတယ်။ ဒါလည်း သမီးတို့အသိပဲ။ အခုလောက်ဆို ဦးဖြူမဲငရဲမှာခံနေရလောက်ပြီ။ ပြောချင်တာက သားတို့၊ သမီးတို့လူ့ဘဝမှာ လိမ်လိမ်မာမာနေကြ။ ဘုရားမကြိုက်တဲ့ အလုပ်တွေကို မလုပ်ကြနဲ့။ ကိုယ့်ကြောင့်လည်း သူတစ်ပါး ထိခိုက်နစ်နာတာမျိုးမဖြစ်စေနဲ့။ အတတ်နိုင်ဆုံး မသေခင် ကုသိုလ်နဲ့ နေနိုင်အောင် ကြိုးစားကြ ဟုတ်လား"

ထိုနေ့မှစပြီး သူတော်ကောင်း ဦးဖြူမဲရဲ့ အဆုံးအမ ဩဝါဒကြောင့် သားသမီးများဟာ အခွင့်သင့်တဲ့အခါ နည်းတာ၊ များတာ ပမာဏမဟုတ်။ ကုသိုလ်တွေဖြစ်ဖို့က အဓိကကျတယ်လို့ ခံယူကာ ကုသိုလ်အလုပ် ကြိုးစားအားထုတ်ကြပါတယ်။ အားရင်အားသလို တရားရိပ်သာတွေမှာ တရားစခန်းမကြာမကြာဝင်ပြီး တရားအားထုတ်ကြရှာတယ်။ ဒီလိုနဲ့ သူတော်ကောင်း ဦးဖြူမဲတို့မိသားစုလည်း တရားတွေနဲ့သာ အချိန်တွေကို ကုန်လွန်စေကာ အသက်ထက်ဆုံးဘဝမှာ တန်ဖိုးရှိအောင် နေထိုင်သွားပါတော့တယ်။သူတော်ကောင်း ဦးဖြူမဲရဲ့ သားသမီးများ အခုအချိန့်ထိ ရန်ကုန်မှာ အသက်ရှင်လျက်ရှိနေကြပါသေးတယ်။ ဦးဖြူမဲလည်း ထိုအချိန်ကစလို့ အရင်ကထက် ကုသိုလ်လုပ်ငန်းကို ပိုမို လုပ်ကိုင်လာပါတယ်။ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် မလုပ်မဖြစ်လို့သာ လုပ်နေရတယ်။ ဒီလို အလုပ်ကို လုပ်ကိုင်တဲ့အခါမှာလည်း မိသားစုအတွက် ဆိုတဲ့ အသိကို ဘေးဖယ်ကာ ငါလုပ်နေတဲ့အလုပ်ဟာ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးအတွက် အလုပ်လုပ်တာ ဖြစ်တယ်ဆိုပြီး ဘဝမှာ တန်ဖိုးရှိအောင် နေထိုင်သွားပါတယ်။

နောက်ဆုံး ပြောလိုတာက ဦးဖြူမဲတို့နှစ်ဦးဟာ နာမည်တူပေမယ့် လျှောက်လှမ်းတာချင်း မတူပါ။ တစ်ယောက်က အဖြူလမ်းလျှောက်ပေမယ့် တစ်ယောက်ကတော့ အမည်းလမ်းကို လျှောက်နေပါတယ်။ ဘဝဇာတ်ဆရာအလိုကျ က,ကြရတယ်ဆိုပေမယ့် ကိုယ်ကြိုက်တဲ့ လမ်းကို ကိုယ်ရွေးချယ်သွားနေကြတာ ဖြစ်တယ်။ ဒါကြောင့် စာချစ်သူများလည်း အရင်တုန်းက အမည်းလမ်းကို ယောင်ယောင်မှားမှား လျှောက်မိကြတယ်ပဲထားလိုက်ပါတော့။ အခုချိန်မှာ အဖြူလမ်းကို ရွေးချယ်လျှောက်လှမ်းဖို့ အကောင်းဆုံးပါ။ ထိုအကောင်းဆုံးအချိန်ဆိုတာ အခုစာဖတ်နေအချိန်ပါပဲဆိုတာ သတိပေးရင်း -

ရှင်လန်းချမ်းမြေ့ကြပါစေ

ဦးကောဝိဒ (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခါးပတ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခါးပါဒ်နက္ခတ်ဇယားကို ပြုစု ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ပြာသို ၁လဆန်း | ၄ဟူး | ၁၉<br>၂၀ | ၁၂း၃၃း၁၄ | * သိဒ္ဓိ<br>□ ဝရ |
| ၂ | ၂ | ၅တေး | ၂၀<br>×<br>၂၁ | ၅း၁၅း၀၀<br>၁၆း၃၀း၀၀ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၃ | ၃ | ၆ကြာ | ၂၁<br>၂၂ | ၉း၂၂း၃၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၄ | ၄ | စနေ | ၂၂<br>၂၃ | ၇း၅၂း၃၀ | * လာဘ<br>* သိဒ္ဓိ |
| ၅ | ၅ | ၁နွေ | ၂၃<br>၂၄ | ၆း၂၈း၃၅ | △ မိတ္တု<br>△ ကာဏ |
| ၆ | ၆ | ၂လ်ာ | ၂၄<br>၂၅ | ၅း၂၀း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၇ | ၇ | ၃ဂါ | ၂၅<br>၂၆ | ၄း၁၅း၂၉ | △ ကာဏ<br>* အမြိတ္တ |
| ၈ | ၈ | ၄ဟူး | ၂၆<br>၂၇ | ၃း၃၆း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၉ | ၉ | ၅တေး | ၂၇<br>၁ | ၃း၃၆း၀၀ | * အမြိတ္တ<br>* လာဘ |
| ၁၀ | ၁၀ | ၆ကြာ | ၁<br>၂ | ၃း၄၃း၂၇ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၁ | ၁၁ | စနေ | ၂<br>၃ | ၄း၃၇း၅၄ | * လာဘ<br>* သိဒ္ဓိ |
| ၁၂ | ၁၂ | ၁နွေ | ၃<br>၄ | ၆း၀၀း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၁၃ | ၁၃ | ၂လ်ာ | ၄<br>၅ | ၇း၄၂း၅၁ | * သိဒ္ဓိ<br>□ ဝရ |
| ၁၄ | ၁၄ | ၃ဂါ | ၅<br>၆ | ၉း၄၆း၄၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၅ | ○ | ၄ဟူး | ၆<br>၇ | ၁၂း၁၃း၀၆ | □ ဝရ<br>△ ဥပါဒ် |

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁၆ | ပြာသို ၁လဆုတ် | ၅တေး | ၇<br>၈ | ၁၄း၄၁း၀၀ | * အမြိတ္တ<br>* လာဘ |
| ၁၇ | ၂ | ၆ကြာ | ၈<br>၉ | ၁၇း၂၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၈ | ၃ | စနေ | ၉<br>၁၀ | ၁၉း၃၈း၁၁ | * လာဘ<br>* သိဒ္ဓိ |
| ၁၉ | ၄ | ၁နွေ | ၁၀<br>၁၁ | ၂၁း၄၉း၀၅ | △ မိတ္တု<br>△ ကာဏ |
| ၂၀ | ၅ | ၂လ်ာ | ၁၁<br>၁၂ | ၂၃း၃၄း၁၇ | * သိဒ္ဓိ<br>□ ဝရ |
| ၂၁ | ၆ | ၃ဂါ | ၁၂ | မပြောင်း | ကာဏ |
| ၂၂ | ၇ | ၄ဟူး | ၁၂<br>၁၃ | ၀း၄၈း၄၉ | * သိဒ္ဓိ<br>□ ဝရ |
| ၂၃ | ၈ | ၅တေး | ၁၃<br>၁၄ | ၁း၁၃း၁၃ | ကာဏ<br>* အမြိတ္တ |
| ၂၄ | ၉ | ၆ကြာ | ၁၄<br>၁၅ | ၁း၃၄း၂၆ | ဝရ<br>ဥပါဒ် |
| ၂၅ | ၁၀ | စနေ | ၁၅<br>၁၆ | ၁း၁၀း၄၉ | * အမြိတ္တ<br>* လာဘ |
| ၂၆ | ၁၁ | ၁နွေ | ၁၆<br>၁၇<br>၁၈ | ၀း၄၅း၄၃<br>၂၃း၃၇း၀၉ | △ ဥပါဒ်<br>△ မိတ္တု<br>△ ကာဏ |
| ၂၇ | ၁၂ | ၂လ်ာ | ၁၈<br>၁၉ | ၂၂း၂၈း၃၄ | * သိဒ္ဓိ<br>□ ဝရ |
| ၂၈ | ၁၃ | ၃ဂါ | ၁၉<br>၂၀ | ၂၀း၁၅း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၂၉ | ၁၄ | ၄ဟူး | ၂၀<br>× | ၁၃း၃၉း၄၂ | □ ဝရ<br>△ ဥပါဒ် |
| ၃၀ | ● | ၅တေး | ×<br>၂၁<br>၂၂ | ၀း၄၅း၀၀<br>၁၇း၃၇း၃၀ | * အမြိတ္တ<br>* လာဘ<br>* သိဒ္ဓိ |
| ၃၁ | တပို့တွဲ ၁ဆန်း | ၆ကြာ | ၂၂<br>၂၃ | ၁၅း၁၀း၃၅ | △ မိတ္တု<br>△ ကာဏ |

၂၀-နက္ခတ် = ၄၅ ယဋ္ဌိ
×- နက္ခတ် = ၃၀ ယဋ္ဌိ  ဖြင့် တွက်သည်
၂၁ -နက္ခတ် = ၄၅ ယဋ္ဌိ

* = အဝင်နက္ခတ်    ○ = လပြည့်နေ့
□ = ခါးပတ်နက္ခတ်    ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၁၆-၁-၂၀၁၄ ညနေ ၁၁း၂၀း၄၄ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောမိုင် (ဗုဒ္ဓမိ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မြေလတ်မြို့ကလေးသို့ မြို့နယ်မန်နေဂျာအဖြစ်ရောက်ရှိလာမှ အထူးအဆန်းများ ကြုံရသည်။ နယ်မြေဒေသချင်းမတူသဖြင့် မြင်ဖူးသည်များကို မြင်ရကြားရခြင်းသည် သဘာဝဖြစ်သည်။ အထူးသဖြင့် ဘိုးတော်ဆိုသူနှင့် တွေ့ရခြင်း ဖြစ်ပါသည်။ ဘိုးတော်တုဘိုးတော်ယောင်ဘိုးတော်လိမ်များအကြောင်းကြားရဖန်များသဖြင့် ထိုပုဂ္ဂိုလ်မျိုးကို ဝေးဝေးကရှောင်ခဲ့သော်လည်း ဒီမြို့ရောက်မှ ဘိုးတော်နှင့် ထိပ်တိုက်တွေ့နေရသည်။ မြို့နယ်မန်နေဂျာအသစ် ရောက်ရှိလာသဖြင့် မြို့ခံဝန်ထမ်းများက နွေးထွေးစွာကြိုကြပါသည်။ ရုံးနှင့်တွဲလျက် မန်နေဂျာနေရန် သီးသန့်အိမ်ရှိသဖြင့် နေထိုင်ရေးအဆင်ပြေပါသည်။ အလုပ်လက်ခံပြီး ရုံးတွင်းကိစ္စများ လေ့လာရသည်။ မြို့နယ်မန်နေဂျာ၏တာဝန်မှာ ရုံးတွင်းကိစ္စများသာမက ပြင်ပလုပ်ငန်းများဖြစ်သည့် ကုန်ဝယ်ဒိုင်များ၊ ကြိတ်ခွဲစက်များကိုပါ ကြီးကြပ်ရပါသည်။ ရုံးတွင်းလုပ်ငန်းများလေ့လာပြီး တစ်ရက်၊ နှစ်ရက်အကြာတွင် ပြင်ပလုပ်ငန်းများ လေ့လာရန် စီစဉ်ခဲ့သည်။

မြို့မကုန်ဝယ်ဒိုင်သို့ သွားရောက်ကြည့်ရှုရန် နေ့လယ်စာစားအပြီး ဂျစ်ကားဖြင့် ထွက်ခဲ့သည်။ မြို့မကုန်ဝယ်ဒိုင်သို့ရောက်သည်နှင့် ဝန်ထမ်းများက လှိုက်လှဲစွာ ကြိုဆိုကြပါသည်။ ဝန်ထမ်းများနှင့် ပထမဆုံးတွေ့ဆုံခြင်းဖြစ်၍ မိတ်ဆက်သည့်အနေဖြင့် ရုံးတက်၊ ရုံးဆင်းမှတ်တမ်းကိုကြည့်၍ တစ်ဦးချင်း မိတ်ဆက်စေခဲ့ပါသည်။

အကြီးအကဲဒိုင်မှူးမှ အောက်ဆုံးဒိုင်စောင့်အထိ တစ်ဦးချင်းနာမည်ခေါ်၍ မိတ်ဆက်ခဲ့ရာ ကုန်စာရေး ဦးမြတ်ကောင်းကို မတွေ့ရပါ။ ဒိုင်မှူးက ဦးမြတ်ကောင်းအတွက် ကူညီဖြေရှင်းပေးသည်။

"ဆရာ၊ ဦးမြတ်ကောင်း ဘုရားပေါ်မှာ ရှိပါတယ်"

"ဘုရားပေါ် ဘာကိစ္စသွားတာလဲ"

"ဒီအချိန်ဆို သူပုတီးသွားစိပ်နေပါတယ်"

"ဒီအချိန်က အလုပ်ချိန်လေ။ ပုတီးစိပ်ရင် အလုပ်ဆင်းတဲ့အချိန်မှာ စိပ်နိုင်တာပဲ။ အလုပ်ချိန်ဆိုတော့ မသင့်တော်ဘူးပေါ့ဗျာ"

ဦးမြတ်ကောင်းဆိုသူကို မမြင်ဘူးသေးသော်လည်း အလုပ်ချိန်တွင် လုပ်ငန်းခွင်၌ မတွေ့ရသဖြင့် မကျေနပ်မိပါ။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ဘာသာရေးလိုက်စားခြင်းသည် ကောင်းသောအလုပ် ဖြစ်ပါသည်။ သို့သော် ဝန်ထမ်းတစ်ဦးအနေဖြင့် ရုံးစည်းကမ်းက ပို၍အရေးကြီးပါသည်။ ဒေါသမဖြစ်စေရန် ထိန်းရင်း ဒိုင်မှူးကို မေးလိုက်သည်။

"ဒိုင်မှူးကြီးကကော သူ့ကို စည်းကမ်းတွေ ပြောမထားဘူးလား"

"ဘိုးတော်က အလုပ်တာဝန်ကို အလွန်ကျေပွန်တဲ့လူပါ ဆရာ။ တာဝန်ကျေတဲ့လူအပေါ် မတင်းကျပ်ချင်လို့ပါ။ နေ့စဉ် တစ်နာရီပဲ သူသွားတာပါ။ ကောင်းတဲ့အလုပ်သွားလုပ်တာဆိုတော့ မတားမိတာပါ"

"ကျုပ်သူ့ကိုတွေ့ချင်တယ်"

"ဟုတ်ကဲ့၊ သူလာတော့မှာပါ။ ရှေ့က မြင်နေရတဲ့ တောင်ကုန်းပေါ်က ဘုရားမှာပါ။ ခဏပဲစောင့်ရတော့မှာပါ"

မြို့နယ်သစ်ရောက်ရောက်ချင်း ဝန်ထမ်းများနှင့် ပြဿနာမဖြစ်လိုပါ။ ပြဿနာမဖြစ်ချင်သော်လည်း ဘိုးတော်ဆိုသူနှင့်မှ တိုးရခြင်းဖြစ်၍ စိတ်ထဲခံပြင်းနေပါသည်။ ဘိုးတော်ကို မမြင်ဘူး၍ သူ့အကြောင်းလည်း မသိသေးပါ။ အလုပ်ချိန်တွင် ပုတီးစိပ်ရန် အကြောင်းပြပြီး ကိုယ်ရေးကိုယ်တာကိစ္စများ ဆောင်ရွက်နေခြင်းကော မဖြစ်နိုင်ဘူးလား၊ ဒိုင်မှူးကို လှည့်ပတ်ခြင်းလည်း ဖြစ်နိုင်သည်ဟု အမျိုးမျိုးတွေးနေမိသည်။ ဝန်ထမ်းများချပေးသည့် ရေနွေးကြမ်းကိုသောက်ရင်း စောင့်နေခဲ့သည်။

တစ်နာရီကျော်စတွင် ဘိုးတော်ပြန်ရောက်လာသည်။ အင်္ကျီအဖြူ၊ လုံချည်အဖြူနှင့် အသက် (၅၀) ကျော်အရွယ်၊ အရပ်ရှည်ရှည် ဥပဓိရုပ်ကောင်းကောင်းနှင့်ဝင်လာသူကို မြင်ရသည်။ ဒိုင်မှူးက ထိုသူကိုခေါ်၍ သူ့ဘေးတွင် ထိုင်စေကာ မိတ်ဆက်ပေးပါသည်။

"ဘိုးတော်၊ ဒါ အသစ်ရောက်လာတဲ့ မြို့နယ်မန်နေဂျာပါ။ ဆရာ၊ သူက ကုန်စာရေး ဦးမြတ်ကောင်းပါ"

ဘိုးတော်ကို စေ့စေ့ကြည့်၍ မေး





www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"ဦးမြတ်ကောင်း၊ အခု ဘယ်က ပြန်လာတာလဲ"

"ဘုရားပေါ်မှာ ပုတီးသွားစိပ်တာပါ ဆရာ"

"ဒါအလုပ်ချိန်လေ"

"အလုပ်ချိန်ဆိုတာ မှန်ပါတယ် ဆရာ။ ဒါပေမယ့် ဒိုင်မှာက (၁၂) နာရီက (၁) နာရီအထိ နေ့လယ်စာစားချိန်ပါ။ ဝန်ထမ်းအားလုံး ထမင်းစားနေချိန်မှာ ပုတီးသွားစိပ်တာပါ။ တစ်နာရီအရောက်ပြန်ခဲ့ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ တာဝန်ချိန်မှာမရှိတဲ့အတွက် တာဝန်ပျက်ကွက်ရာရောက်တာပါပဲ"

"မှန်ပါတယ် ဆရာ၊ အရေးယူအပြစ်ပေးရင်လည်း ခံယူဖို့အသင့်ပါ ဆရာ"

ဘိုးတော်၏ပြောစရာအရ ဒေါသထွက်မိသော်လည်း သူ၏ပုံစံမှာ ရိုးရိုးသားသားပြောပြနေပုံရသဖြင့် စိတ်ကိုထိန်းထားရသည်။ ပထမဆုံးတွေ့သည့်အခိုက် ပြဿနာမဖြစ်ချင်သဖြင့် ထိုကိစ္စကို ထိုနေရာတွင်ရပ်၍ ရုံးသို့ပြန်ခဲ့သည်။ စိတ်ထဲတွင် မကျေနပ်ခဲ့ပါ။ ဘာသာရေးကို ခုတုံးလုပ်ပြီး အစားချောင်အောင်လုပ်လေ့ရှိသောသူများကို မုန်းတီးပါသည်။ ပုတီးလည်ပင်းဆွဲပြီး လိမ်ညာစားနေသူများကို မကြာခဏတွေ့ခဲ့ဖူးရာ လုံးဝ ကြည့်မရပါ။ ယခုတွေ့ရသောဘိုးတော်မှာ မိမိလက်အောက်မှ ဝန်ထမ်းဖြစ်၍ မည်သို့ပညာပေးရမည်ကို စဉ်းစားရသည်။ ဘိုးတော်ကို နှိပ်ကွပ်မှ ဖြစ်မည်ဟု တွေးတောနေမိသည်။

တစ်နေ့ ညဘက် ဆန်စက်တစ်စက်ကို စစ်ဆေးရာ မမျှော်လင့်ဘဲ မိုးချုပ်ခဲ့ရသည်။လမ်းမီးများလာမှ ဝန်ထမ်းတစ်ဦးနှင့်အတူ လမ်းလျှောက်၍ပြန်ခဲ့သည်။ အိမ်တစ်အိမ်ရှေ့အရောက် ဝန်ထမ်းလေးက သတိပေးပါသည်။

"ဆရာ၊ ဒါ ဘိုးတော်ရဲ့အိမ်ပဲ။ ဆရာဝင်ချင်ဝင်ပါလား"

ထိုအိမ်၏ဘုရားခန်းတွင် ရောင်စုံမီးများ ထိန်လင်းနေပါသည်။ ဘုရားဖူးနေသူများကိုလည်း တွေ့ရသည်။

"ဘိုးတော်အလှူလုပ်နေတာလား"

"အလှူမဟုတ်ပါဘူး ဆရာ။ ဘိုးတော်ထံလာတဲ့လူတွေပါ။ အခက်အခဲတွေဖြေရှင်းပေးဖို့ ယတြာတောင်းကြတာပါ။ ဒါဟာလည်း ညစဉ်ပါပဲ"

"နေပါဦး မောင်ချို၊ မင်းတို့ဘိုးတော်က ဘာတွေစွမ်းလို့လဲ"

"စွမ်းတာပေါ့ ဆရာရယ်၊ ဘိုးတော်က အကြားအမြင်ရနေတာ။ လူတစ်ယောက်ကို မြင်လိုက်တာနဲ့ သူဘာဖြစ်တော့မယ်ဆိုတာ ချက်ချင်းသိတယ်။ ဗေဒင်မတွက်ဘဲ ရှေ့ဖြစ်နောက်ဖြစ်အကုန်မြင်တယ်"

"ဒါတွေကို မင်းက တကယ် ယုံသလား"

"မယုံလို့မရဘူး ဆရာ။ သူပြောရင် မှန်တာချည်းပဲ။ ဝန်ထမ်းတွေအလာများတယ်။ ရာထူးတိုးဖို့၊ နေရာပြောင်းရွှေ့ဖို့ကိစ္စတွေ အမြဲလာမေးနေကြတာပဲ"

"ရာထူးတက်အောင်ကော သူက လုပ်ပေးနိုင်သလား"

"လူတစ်ယောက်ကိုကြည့်လိုက်လို့ ရာထူးတက်မယ့်လူဆိုရင် ရာထူးတက်မယ် ပြောတယ်။ မြန်မြန်ရာထူးတက်အောင် ယတြာလုပ်ပေးတယ်။ သူက ရာထူးတက်မယ်လို့ပြောလိုက်ရင် ရာထူးတက်တဲ့လူချည်းပါပဲ။ သူ့ဆီကိုလာကြတာ ဒီမြို့ပေါ်တွင်မက အခြားမြို့နယ်တွေကပါ လာမေးကြတယ်။ ဒီမြို့မှာတော့ ဘိုးတော် နာမည်ကြီးနေတာပေါ့"

အံ့သြစရာကောင်းပါသည်။ တိုးတက်နေသောခေတ်ကြီးဝယ် ထိုအယူအဆမျိုးကို လက်ခံသူရှိသည်။ ထိုဆရာမျိုးကို ကိုးကွယ်သူရှိသည်။ ထိုသို့ ယုံကြည်တတ်သူများရှိ၍လည်း ထိုပုဂ္ဂိုလ်များ ဝင့်ကြွားနေနိုင်ခြင်း ဖြစ်သည်။ ထိုဘိုးတော်ကို မည်သို့ချတ်ရမည်နည်း။ သူ့ကို နှိပ်ကွပ်ရပေတော့မည်။

အကြံတစ်ခုရသည်။ ဘိုးတော်သည် နေ့လယ် (၁၂) နာရီမှ (၁) နာရီအထိ တောင်ပေါ်မှာ ပုတီးစိပ်နေကျဖြစ်သည်။ (၁၂) နာရီမထိုးမီ သူတို့ဒိုင်သို့ အရောက်သွားပြီး အစည်းအဝေးလုပ်ရန် တွေးမိသည်။ ထိုအကြံအတိုင်း အကောင်အထည်ဖော်ရန် နေ့လယ်စာစောစောစားပြီး ဒိုင်သို့ထွက်ခဲ့သည်။

"ကဲ- ဒိုင်မှူးကြီး၊ ဒိုင်ဝန်ထမ်းတွေအားလုံးခေါ်လိုက်ဗျာ။ လုပ်ငန်းနဲ့ပတ်သက်လို့ ဆွေးနွေးရအောင်"

ဒိုင်သို့ရောက်သည်နှင့် ဒိုင်မှူးကို ပြောလိုက်သည်။ ဒိုင်မှူးကလည်း ဝန်ထမ်းများကိုပြောလိုက်ရာ မကြာမီ ဝန်ထမ်းအားလုံး ရောက်လာပြီး နေရာယူကြသည်။ ဝန်ထမ်းများတွင် ဘိုးတော်လည်းပါသဖြင့် ဘိုးတော်ကို ကြည့်၍ပြောလိုက်သည်။

"ဦးမြတ်ကောင်း၊ ဒီနေ့ ခင်ဗျားပုတီးမစိပ်ရတာအတွက် စိတ်မကောင်းပါဘူး"

ဘိုးတော်မှာ မည်သို့မျှ မထူးခြားဘဲ တည်ငြိမ်စွာ ပြန်ပြောပါသည်။

"အဓိဋ္ဌာန်ဝင်ထားတာ ဆိုတော့ မပျက်နိုင်ပါဘူး ဆရာရယ်"

"ကျုပ်ဆွေးနွေးပွဲက နည်းနည်းတော့ ကြာမယ်နော်"

"ဆရာလုပ်စရာရှိတာသာ လုပ်ပါ။ ကျွန်တော်က အဓိဋ္ဌာန်မပျက်ဘူးလို့ ယုံကြည်ထားပါတယ်"

သူက ကျွန်တော့်ကို စိန်ခေါ်နေသကဲ့သို့ရှိသဖြင့် 'ကြည့်ကြသေးတာပေါ့ ဘိုးတော့်ရယ်' ဟု စိတ်ထဲက မှတ်ယူရင်း ဆွေးနွေးပွဲစတင်ရန် စီစဉ်လိုက်သည်။

"ကဲ- ဒိုင်မှူး၊ အသင့်ဖြစ်ရင် ဆွေးနွေးပွဲစ,မယ်"

"အားလုံးအသင့်ပါပဲ ဆရာ။ စ,လို့ရပါပြီ"

ကျွန်တော်က ဆွေးနွေးပွဲကို စ,လိုက်သည်။ ဝန်ထမ်းစည်းကမ်းပိုင်းကို အရင်စ,ပြောပါသည်။ စည်းကမ်းပိုင်းကို ပြောလိုက်ရာ နာရီဝက်ကျော်အချိန်ကုန်သွားသည်။ ဝန်ထမ်းစည်းကမ်းပိုင်းအပြီး လုပ်ငန်းကိစ္စများပြောရင်း နာရီကြည့်လိုက်ရာ (၁၂) နာရီသို့ နီးလာပြီ ဖြစ်ကြောင်း သိရသည်။ နောက်ထပ်တစ်နာရီခန့် ပြောလိုက်လျှင် ဘိုးတော်၏အခြေအနေကိုကြည့်လိုက်ရာ ထူးခြားမှုမရှိဘဲ ကျွန်တော်ပြောသမျှ စာတစ်အုပ်ဖြင့် မှတ်သားနေသည်ကိုသာ တွေ့ရသည်။ ထိုအချိန် ကျွန်တော်၏ရုံးမှ စာရေးမောင်ချို စက်ဘီးနှင့်ရောက်လာပြီး ကျွန်တော့်အနားကပ်၍ ပြောလိုက်ပါသည်။

"ဆရာ၊ တောင်ညိုမှာ မီးလောင်နေတယ်လို့ သတင်းရတယ်။ မ-ဝ-တ ဥက္ကဋ္ဌက အခုသူ့ကားနဲ့သွားတော့မယ်၊ ဆရာ့ကို တစ်ပါတည်းလိုက်ခဲ့ဖို့ပြောလို့ ကျွန်တော်လာခေါ်တာပါ"

မောင်ချိုက အမူအရာ ပျာပျာသလဲဖြစ်နေသဖြင့် ဝန်ထမ်းများက သိချင်နေကြသည်။ ကျွန်တော်လည်း ဆွေးနွေးပွဲကို ချက်ချင်းရပ်ပြီး ခရီးထွက်ရန်စီစဉ်ကာ ဒိုင်ဝန်ထမ်းများကို နှုတ်ဆက်ခဲ့ရသည်။

"ကဲ- အရေးပေါ်ကိစ္စပေါ်လာလို့ တောင်ညိုကို သွားလိုက်ဦးမယ်။ အလ

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စတော့ နောက်မှ ဆက်ဆွေးနွေးကြတာပေါ့"

ဝန်ထမ်းများကိုနှုတ်ဆက်ပြီးထွက်ခဲ့ရသည်။ တောင်ညိုသည် မြို့မှ (၆) မိုင်ခန့်ဝေးပြီး ကုန်ဝယ်ဒိုင်နှင့် ဆန်စက်များရှိသဖြင့် သွားရမည် ဖြစ်ပါသည်။ မ-ဝ-တဉက္ကဋ္ဌကိုယ်တိုင် ခေါ်သဖြင့် လိုက်ခဲ့ရပါသည်။ လမ်းတွင် စဉ်းစားမိသည်မှာ ယခုအချိန်ဆို ဘိုးတော်တစ်ယောက် အဓိဋ္ဌာန်ပုတီးစိပ်နေလောက်ပြီ။ ယခုတစ်ကြိမ်လည်း ဘိုးတော်ကို အရှုံးပေးလိုက်ရပြန်သည်။

ထိုနေ့က တောင်ညိုတွင် တစ်နေကုန်နေခဲ့ရသည်။ မိမိလုပ်ငန်းနှင့် ပတ်သက်သည့်အဆောက်အအုံများ၊ ပစ္စည်းများ မီးဘေးတွင် မပါဝင်သော်လည်း မီးဘေးသင့်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီခဲ့ရသည်။ မိုးချုပ်မှ ပြန်ခဲ့ရသည်။ အပြန်တွင် ဘိုးတော်၏အိမ်ရှေ့မှ ဖြတ်၍ပြန်ခဲ့ရသည်။ ထုံးစံအတိုင်း ဘိုးတော်၏အိမ်တွင် မီးများလင်းပြီး လူများဖြင့် စည်ကားနေသည်ကို မြင်ခဲ့ရသည်။ ဘိုးတော်အိမ်တွင် လူအဝင်အထွက်များပြီး ရရှိသည့် လက်ဆောင်ပစ္စည်းများဖြင့် ဘိုးတော်ကျေနပ်နေမည်ထင်သည်။ ထိုဘိုးတော်ကိုနှိမ်နင်းရန် ကြိုးစားခဲ့သော်လည်း (၆) လကျော်သည့်တိုင် အဆင်မပြေခဲ့ပါ။ ဝန်ထမ်းများအားလုံးနီးပါးဖြင့် ရင်းနှီးစပြုနေသော်လည်း ဘိုးတော်ကိုမူ ခပ်ခွာခွာနေခဲ့ပါသည်။

◆

မကြာမီ ရာသီအသစ် ပြန်လည်စတင်တော့မည်ဖြစ်၍ ပြင်ဆင်စရာများကို ပြင်ဆင်ရသည်။ ဒိုင်ဝန်ထမ်းများကို ရာထူးတိုးပေးရေးနှင့် သင့်တော်ရာတွင် နေရာချထားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရတော့မည်။ ရာထူးတိုးပေးရေးအတွက် တိုက်ရိုက်ချဉ်းကပ်လာသူများ မရှိသော်လည်း နေရာပြောင်းရွှေ့ရေးအတွက် လာရောက် တောင်းဆိုသူများ ရှိပါသည်။ ထိုသို့တောင်းဆိုသူများတွင် ဘိုးတော် မပါရှိပါ။ ဘိုးတော်ကလည်း သူ့ဂုဏ်သိက္ခာနှင့်သူ မည်သူ့ကိုမျှ အောက်ကျို့လိုဟန်မရှိဘဲ ဆရာကြီးတစ်ဆူလိုနေခဲ့ပါသည်။ အလုပ်တာဝန်ကျေပွန်စွာဆောင်ရွက်သူ၊ အလုပ်ကြိုးစားသူများကို ရာထူးတိုးပေးရန် ဇယားဆွဲ၍ ခရိုင်ရုံးသို့ ပို့ရသည်။ ခရိုင်ရုံးမှစိစစ်ပြီး အမိန့်ထုတ်ပေးခြင်းဖြစ်ပါသည်။ ရာထူးတိုးအမိန့်များထွက်ပါက အပြောင်းအရွှေ့ကိစ္စများ ဆက်လက် ဆောင်ရွက်ရပါမည်။

ရုံးပိတ်ရက်တစ်ရက်တွင် တစ်ယောက်တည်း တောင်ပေါ်ဘုရားပေါ်သို့ တက်ခဲ့ပါသည်။ ဘုရားပေါ်တွင် မမျှော်လင့်ဘဲ ဘိုးတော်နှင့် တွေ့လိုက်ရသည်။ ရုံးပိတ်ရက်ဖြစ်သဖြင့် ဘိုးတော်နှင့်အတူထိုင်ကာ စကားပြောခွင့်ရခဲ့ပါသည်။

"ဆရာလည်း မိသားစု ပါမလာတော့ တစ်ကိုယ်တည်း ပျင်းနေမှာပေါ့"

ဘိုးတော်က စတင်ပြောပါသည်။

"ဝန်ထမ်း ဆိုတာ တာဝန်ကျရာနေရတာပေါ့။ ပျင်းတယ်၊ ပျော်တယ် ဘယ်ရှိပါ့မလဲ"

"ကျွန်တော်လည်း မိသားစုက တောင်ညိုမှာ။ မြို့ပေါ်ကိုရောက်နေတာ (၅) နှစ်ပြည့်တော့မယ်။ (၅) နှစ်ကျော်ရင်တော့ ပြန်ပြောင်းရတော့မှာပါ"

ဘိုးတော်ကို တောင်ညိုကမှန်း မသိပါ။ ပြန်ပြောင်းပေးဖို့လည်း အစီအစဉ်မရှိပါ။ ယခုလို ဘိုးတော်က သူပြန်ပြောင်းရမည်ပြောသဖြင့် ရုတ်တရက် အံ့သြမိပါသည်။

"ခင်ဗျား တောင်ညိုပြောင်းရမယ်လို့ ဘယ်သူကပြောသလဲ"

"ဘယ်သူပြောပြော၊ မပြောပြော ကျွန်တော့်ကိုယ်ကျွန်တော် သိနေပါတယ်။ (၅) နှစ်ပြည့်ရင် ရာထူးတိုးမယ်။ နေရပ်ကို ပြန်ပြောင်းရမယ် ဆိုတာ ဒီမြို့ကိုရောက်ကတည်းက သိနေတာပါ ဆရာ"

"ရာထူးလည်းတိုး၊ ပြောင်းလည်း ပြောင်းရမယ်ဆိုတော့ သေချာလှချေလား"

"သေချာပါတယ် ဆရာ"

ကျွန်ုပ် ပြုံးမိသည်။ ဘိုးတော်မှာ ရာထူးတိုးမည့်စာရင်းတွင် မပါသလို ပြောင်းရွှေ့စာရင်းတွင် မပါကြောင်း ကျွန်ုပ် အသိဆုံး ဖြစ်ပါသည်။ ကျွန်တော်က သိထားပြီးဖြစ်သဖြင့် မပြောဘဲ နေချိန် ဘိုးတော်က ပြောပြန်သည်။

"ဆရာက ကျွန်တော့်ထက် ပိုသိနေမှာပါ။ ကျွန်တော်ပြောတာ မလွဲပါဘူး"

ဘိုးတော်က ကျွန်တော့်ဆီက စကားသံကို နှိုက်ထုတ်နေပါသည်။ သူ[illegible] သည်။ သူ[illegible] [illegible]ညည့်မှုတွင်သည်ကို [illegible] မည်။ ဘိုးတော်က သူ့ညာကို သူ ကြည်သလို ဘိုးတော်အပေါ် ထိုသို့ ဖန်တီးနိုင်သည့် ကျွန်ုပ်တလည်း သူ့ကို ကြည့်ကာ ကျေနပ်နေပါသည်။ ပြန်ခါနီး နှုတ်ဆက်စကားဖြင့် လွှတ်ခနဲ ထွက်သွားပါသည်။

"စောင့်ကြည့်ကြရသေးတာပေါ့ဗျာ"

ထိုသို့ပြောသည်ကို ဘိုးတော်တလည်း ချက်ချင်းတုံ့ပြန်ပါသည်။

"ကျွန်တော်ပြောတာတွေ ဆရာ မယုံမှန်း သိပါတယ် ဆရာ။ ဒါပေမယ့်လည်း ဆရာလည်း စောင့်ကြည့်ပါ။ တစ်နေ့တော့ ဆရာ ယုံကြည်လာမှာပါ"

နှုတ်ဆက်ထွက်ခွာလာသည့်ကျွန်ုပ်ကို နောက်က လှမ်းပြောလိုက်ခြင်း ဖြစ်ပါသည်။ စောင့်ကြည့်ပါဟု ပြောလိုက်ချင်သော်လည်း မကြာမီရက်ပိုင်းအတွင်း ရုံးမိန့်များထွက်လာတော့မည်ဖြစ်၍ ကြာကြာ စောင့်ကြည့်စရာ မလိုတော့ပါ။ ဘိုးတော်သည် သူမှန်းသည့်အတိုင်းဖြစ်မလာမှ ဘဝအကြောင်းသိတော့မည်။ ဘိုးတော်ကိုကြည့်၍ ဝမ်းသာရတော့မည်။ အပြောကြီးလှသောဘိုးတော်ကို အပေါင်းအသင်းများက ကဲ့ရဲ့စရာဖြစ်တော့မည်။ ဘိုးတော်ကို ပညာပေးနိုင်ပြီဖြစ်၍ အတွေးနှင့်ပင် ကျေနပ်နေခဲ့ပါသည်။

တစ်ည အိပ်ရာဝင်စအချိန် တယ်လီဖုန်းလာသဖြင့် ကိုင်လိုက်ရသည်။ ခရိုင်မန်နေဂျာကြီးကိုယ်တိုင် ဆက်နေခြင်း ဖြစ်သည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ခင်ဗျား"

"ခင်ဗျားတို့ ဘိုးတော်ကို ဘယ်လိုလုပ်လိုက်ကြတာလဲ"

"ဗျာ - ဆရာ၊ ကျွန်တော်တို့ဘာလုပ်မိကြလို့လဲ"

"ရာထူးတိုးတဲ့စာရင်းမှာ ဘိုးတော်ဘာလို့မပါရတာလဲ။လုပ်သက်အရကြည့်ကြည့်၊ ရိုးသားကြိုးစားမှုအရကြည့်ကြည့် သူက ရသင့်တဲ့လူပဲ"

"သူက တာဝန်မကျေပွန်လို့ပါ ဆရာ"

"သူကဘာတွေလုပ်နေလို့လဲ"

"တာဝန်ချိန်မှာ ဘုရားသွားပြီး ပုတီးစိပ်နေတာတို့၊ အကြားအမြင်ရပြီဆိုပြီး အပြင်မှာဟောတာပြောတာတွေ



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေပါတယ်"

"ဒါအပြစ်လားဗျ။ သူ့ပါရမီနဲ့သူ ဖြစ်တာ။ သူ့အတွက် ဂုဏ်တောင်ယူရဦးမယ်။ အရက်သောက်၊ မိန်းမ နှစ်ယောက်ယူတဲ့လူကို ရာထူးတိုးပေးပြီး ဘိုးတော်လို စင်ကြယ်တဲ့လူကို ချန်ခဲ့ရင် ဘယ်မှာ တရားမျှတမှုရှိမလဲ။ ဘိုးတော်ဟာ လူတော်နော်။ အားကိုးထိုက်တဲ့လူ။ ကျွန်တော့်သား ဆယ်တန်းမှာ အကြိမ်ကြိမ်ကျနေတာ။ ဘိုးတော် ယတြာလုပ်ပေးလိုက်တော့မှ အောင်သွားတယ်။ ကျုပ်ကတော့ သူ့ကို ရာထူးတိုးပေးသင့်တယ်ထင်လို့တိုးပေးလိုက်တယ်။ နောက်ပြီး သူက မိသားစုနဲ့ခွဲနေရတာ (၅) နှစ်ရှိပြီ။ ကိုယ်ချင်းစာကြည့်ပေါ့ဗျာ။ ကျုပ်တောင်ညိုကို ပြောင်းပေးလိုက်တယ်။ ဒါတွေကိုသိအောင် ပြောပြတာပါ။ ကျုပ်လုပ်လိုက်တာအတွက် ပြောစရာရှိသလား။ ရှိရင်ပြောပါ"

"ဆရာက ကျွန်တော့်ထက်ပိုပြီး မြင်တတ်ပါကယ်။ ပြောစရာမရှိပါဘူး။ ကျေနပ်ပါတယ် ဆရာ"

ခရိုင်မန်နေဂျာ ဖုန်းချသွားသည်။ မိမိအထက်လူကြီးကို ပြန်မပြောလိုပါ။ သူပြောသည်မှာလည်း တရားနည်းလမ်းကျသည်ထင်ပါသည်။ ဘိုးတော်အတွက် ဘဝင်မကျသော်လည်း ကျေနပ်လိုက်ရသည်။ ယခုတစ်ကြိမ်တွင်လည်း ဘိုးတော်က အနိုင်ယူသွားပြန်သည်။ မိမိထက် ပို၍တော်သော၊ မိမိထက် ရာထူးကြီးသော၊ မိမိထက် ပို၍တာဝန်ယူရသော အထက်လူကြီး၏ စကားကြောင့် မိမိက အလျှော့ပေးလိုက်ရပါသည်။ ဘိုးတော်ကိုယှဉ်တိုင်း မိမိ လက်လျှော့ခဲ့ရသည်ချည်း ဖြစ်သည်။ ဘိုးတော်ဆန္ဒပြည့်ဝပေလိမ့်မည်။ ဒါကြောင့် ဘိုးတော်က စောင့်ကြည့်ပါဟု ပြောခဲ့ခြင်း ဖြစ်သည်။ ဘိုးတော်ကိုနှိပ်ကွပ်ရန် ထပ်မံစဉ်းစားရပေတော့မည်။

နောက်ထပ် (၃) ရက်အကြာတွင် ဝန်ထမ်းများ ရာထူးတိုးသည့်အမိန့်စာများ ထွက်လာပါသည်။ ဘိုးတော်မှအပ ကျွန်တော်ထောက်ခံတင်ပြလိုက်သူအားလုံး အစီအစဉ်အတိုင်း အမိန့်ထွက်လာပါသည်။ နောက်နေ့တွင် ရာထူးတိုးသူဝန်ထမ်းများက ကုန်ဝယ်ဗိုင်တွင် ကျွေးမွေးရန် ဖိတ်ကြားသဖြင့် သွားရောက်ခဲ့ပါသည်။ လူငယ်များမှာ အသောက်အစားပါသဖြင့် ပျော်ပျော်ပါးပါး ကျွန်တော်နှင့်ဝေးရာတွင် သောက်စားနေကြသည်။



ကျွန်တော့်အနီးသို့ ဘိုးတော်ရောက်လာပြီး ဧည့်ခံစကားပြောပါသည်။

"ဝမ်းသာပါတယ် ဦးမြတ်ကောင်း၊ ရာထူးတိုးရုံသာမက နေရပ်ကိုပါ ပြန်ပြောင်းခွင့်ရလို့ အဆင်ပြေပြီ ထင်ပါတယ်"

"ကျွန်တော် အခုလို အလိုဆန္ဒပြည့်ဝရတာ မည်သူတစ်ဦးတစ်ယောက်ရဲ့အကူအညီ မပါပါဘူး ဆရာ။ ကျွန်တော့်ရဲ့ကျင့်ကြံအားထုတ်မှုအရ အောင်မြင်ခဲ့တာပါ။ ကျွန်တော့်ရဲ့အောင်မြင်မှုကို ဆရာ လက်ခံပါပြီလား"

ဘိုးတော်က သူ့ပညာကို ကြွားဝါခြင်းအပေါ် ခံပြင်းမိပါသည်။

"ကျွန်တော်ကတော့ လက်မခံသေးပါဘူး"

"ဆရာလက်ခံအောင် ကျွန်တော် ဘာလုပ်ပြရမလဲ ဆရာ"

"ထင်ရှားတဲ့သာဓကပြပေါ့"

"ထင်ရှားတဲ့သာဓကပြရင် ဆရာ ယုံမှာလား"

"ယုံသင့်ရင် ယုံရမှာပေါ့"

"ဆရာ့ကို စတွေ့ကတည်းက ဆရာ့မှာ ထူးခြားချက်တွေ တွေ့ရပါတယ်။ ဆရာဟာ တစ်နေ့ ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်မှာ သေချာပါတယ်။ ဒီကြားထဲမှာ ဒုက္ခတွေတော့ခံရမှာပေါ့။ အနီးစပ်ဆုံးသာဓကပြရရင် ဆရာမကြာခင် ဒီနေရာကပြောင်းရလိမ့်မယ်"

"မဖြစ်နိုင်တာဗျာ။ ကျုပ်ရောက်တာ တစ်နှစ်တောင်မပြည့်သေးဘူး"

"သွားရမယ့်နေရာက ဆရာမသွားချင်တဲ့နေရာမျိုးပါ"

"တော်ပါတော့ဗျာ။ မဖြစ်နိုင်တာတွေ"

"ကျွန်တော်ပြောတာမှန်ရင် ဆရာ ယုံမှာလား"

ကျွန်တော် ဘာမှပြန်မပြောခဲ့ပါ။ သူ၏စကားကို မမျှော်လင့်ဘဲကြားလိုက်ရ၍ စိတ်မချမ်းသာခဲ့ပါ။ မသွားချင်သည့်ဒေသကို ပြောင်းရမည်ဖြစ်၍ ရင်ထိတ်သွားမိသည်။ ဘိုးတော်ပြောစကားကို မယုံကြည်သော်လည်း အကယ်၍များ ပြောင်းရပါကဟု တွေးရုံနှင့် လန့်နေမိသည်။ ထိုညက အိပ်၍ပင်မပျော်ပါ။

ညက အိပ်မပျော်သဖြင့် နောက်နေ့တွင် နေမြင့်မှ အိပ်ရာက နိုးပါသည်။ ရုံးပိတ်ရက်ဖြစ်၍ အိပ်ရာမှမထသေးဘဲရှိနေစဉ် သူငယ်ချင်းဦးကျော်လွင်ရောက်လာသည်။ ဦးကျော်လွင်သည် အခြားမြို့နယ်တစ်ခုမှ မြို့နယ်မန်နေဂျာတစ်ဦး၊ ကျွန်တော့်သူငယ်ချင်းလည်း ဖြစ်သည်။ (၈) မိုင် ကွာဝေးသော သူ၏ မြို့နယ်မှ ဂျစ်ကားဖြင့် ရောက်လာခြင်း ဖြစ်သည်။ အလုပ်ကိစ္စများကို အမြဲ ညှိနှိုင်းနေကျ ဖြစ်သည်။

"သူငယ်ချင်း၊ မင်းနဲ့ငါရခိုင်ပြည်နယ်ကို ပြောင်းရမယ်လို့ သတင်းတွေထွက်နေတာ မင်းမကြားဘူးလား"

ဦးကျော်လွင်စကားသည် ဘိုးတော်၏စကားနှင့်တူနေသဖြင့် ရင်ထိတ်သွားမိသည်။

"ငါတော့ဘာမှမကြားဘူး"

"အဲဒီကိစ္စကြောင့် ငါလာခဲ့တာ။ မင်းတပည့် ဘိုးတော်ဆီ ယတြာတောင်းဖို့ လာခဲ့တာ"

"ဒါဆို ဘိုးတော်အိမ်ကို မင်းသိသားပဲ၊ သွားလိုက်ပါ။ ဒီအချိန် ဘိုးတော်အိမ်မှာရှိနေမှာပါ"

"မင်းလည်းလိုက်ခဲ့လေ"

"မလိုက်ပါဘူးကွာ။ ငါက ဘိုးတော်နဲ့ မပတ်သက်ချင်ဘူး"

"ဒါဆို ငါသွားလိုက်တော့မယ်"

ဦးကျော်လွင် သူ့ဂျစ်ကားဖြင့် မောင်းသွားပါတော့သည်။ ရခိုင်ပြည်နယ်သည် မန်နေဂျာများ မသွားချင်သောဒေသဖြစ်သည်။ အထက်မှပြောင်းခိုင်းလျှင်လည်း သွားရတော့မည်။ ကံကြမ္မာကိုသာ အားကိုးရချေတော့မည်။ မကြာခင် ဦးကျော်လွင် ပြန်ရောက်လာသည်။

"ဘိုးတော်နဲ့ တွေ့ခဲ့ရဲ့လား"

"တွေ့ပါတယ်။ မပြောင်းရအောင် ယတြာလုပ်ပေးလိုက်တယ်။ အခုဆိုတ်



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာရာရတော့တယ်။ မင်းလည်း ယတြာလုပ်ထားပါလား"

"နေပါစေတော့ကွာ။ တော်ကြာ သူပေးတဲ့ယတြာအစွမ်းကြောင့် ရခိုင်ကို မပြောင်းရတာပါလို့ လာကြွားနေပါဦးမယ်"

ဦးကျော်လွင် နှုတ်ဆက်ပြီး ပြန်သွားသည်။ မြတ်ဗုဒ္ဓမှ ဒိဗ္ဗစက္ခုဉာဏ်ရသည်ဟု ကြားဖူးသော်လည်း ဘိုးတော်လို လူသားတစ်ဦးက အကြားအမြင်ရပြီး ရှေ့ဖြစ်နောက်ဖြစ်မြင်သည်ကို လက်မခံနိုင်ပါ။ ဒီမြို့နယ်သို့ရောက်ရှိသည်မှာ တစ်နှစ်ပင်မပြည့်သေးဘဲ ပြောင်းရမည်ဆိုသည်မှာလည်း ဖြစ်နိုင်ဖွယ်မရှိပါ။ သို့သော် ဘိုးတော်ပြောပြီး မကြာခင် ဦးကျော်လွင်ထံမှ ထပ်မံကြားရသဖြင့် ရင်ထိတ်၍ စိတ်လှုပ်ရှားနေမိပါသည်။

ညဘက်တွင် ဖုန်းမြည်လာသည်။ ညဘက်ဖုန်းဝင်လာပါက ရင်ခုန်ရသဖြင့် ရုတ်တရက် မကိုင်ရဲအောင်ရှိပါသည်။ ကိုင်လိုက်သည်နှင့် ရင်ခုန်စရာသတင်းကို ကြားလိုက်ရသည်။ ခရိုင်မန်နေဂျာကြီးက ဆက်ခြင်း ဖြစ်သည်။

"ခင်ဗျားအတွက် စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျား ရခိုင်ကို အမြန်ဆုံးပြောင်းရမယ်လို့ အမိန့်စာရောက်လာပြီ"

"ဦးကျော်လွင်ကော ပါပါသလား ခင်ဗျား"

"ပထမကြားတုန်းက ဦးကျော်လွင်နဲ့ ခင်ဗျား နှစ်ယောက်ပြောင်းရမယ်လို့ ကြားခဲ့တာ။ အမိန့်ထွက်လာတော့ ဦးကျော်လွင် မပါဘူး။ အားမငယ်ပါနဲ့ဗျာ၊ အတွေ့အကြုံအသစ်တွေရတာပေါ့။ ဝန်ထမ်းဆိုတော့ တာဝန်အရသွားလိုက် ပါဗျာ"

ထိုညက အိပ်၍ပင်မပျော်ခဲ့ပါ။ နောက်နှစ်ရက်အကြာတွင် ရုံးမိန့်ကို လက်ခံရရှိပါသည်။ အမိန့်စာတွင် လက်အောက်ဝန်ထမ်းကို အလုပ်လွှဲပြောင်းပေးပြီး အမြန်ဆုံးပြောင်းရမည်ဟု ပါရှိပါသည်။ မပြောင်းမီ တစ်နေ့ ဝန်ထမ်းများက နှုတ်ဆက်ပွဲလုပ်ပါသည်။ နောက်နေ့ အဝေးပြေးကားဖြင့် ရန်ကုန်သို့လိုက်ရန် စီစဉ်ရသည်။ ကားမထွက်မီ ဝန်ထမ်းများက တစ်ယောက်ပြီးတစ်ယောက် လာရောက်နှုတ်ဆက်ကြပါသည်။ ကားထွက်ခွာရန် ခရာမှုတ်မှ ဝန်ထမ်းများ နှုတ်ဆက်ပြီး ပြန်သွားကြပါသည်။ ကားမထွက်မီ ဝန်ထမ်းတစ်ဦး အပြေးအလွှားရောက်လာပြီးစာတစ်စောင်ပေးပါသည်။ စာမှာ ဘိုးတော်ဆီမှစာဖြစ်၍ ကားထွက်သည်နှင့် စာအိတ်ကိုဖောက်၍ဖတ်လိုက်ပါသည်။

*ဆရာခင်ဗျား-*

*ကျွန်တော့်ကို အယုံအကြည်မရှိသေးပေမယ့် နောက်တော့ ဆရာ ယုံကြည်လာမှာပါ။ ဆရာ့ကို အရေးတကြီးမှာချင်တာ အချက်သုံးချက်ရှိလို့ ဒီစာကို ရေးလိုက်ရတာပါ။ ပထမအချက်က ရခိုင်ကိုရောက်ရင် သူတို့ စီစဉ်ပေးတဲ့ အိမ်မှာ မနေပါနဲ့။ အဲဒီအိမ်နဲ့ဝေးရာမှာ အိမ်ရှာပြီးနေပါ။ ဒုတိယအချက်က တနင်္ဂနွေသားကို ဝေးဝေးရှောင်ပါ။ တတိယအချက်က တစ်နှစ်တိတိကြာရင် ဆရာ ရန်ကုန်ကို ပြန်ပြောင်းရမှာပါ။ ဒီအချက်သုံးချက်မှန်ပြီဆိုရင် ဆရာ ကျွန်တော့်ကို ယုံတော့မှာပါ။ ဆရာ့ကို ကျွန်တော် နောက်ဆုံးပြောချင်တာက ကျွန်တော်ဟာ ဆရာကြားဖူးတဲ့ ဘိုးတော်လို ဘိုးတော်လိမ် မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်လို့ ဒီအဆင့်ရောက်လာတာပါပဲ။*

*ဆရာ့တပည့် ကောင်းမြတ်*

ကားက တရိပ်ရိပ်ပြေးနေသလို မိမိစိတ်များကလည်း ပြေးနေပါသည်။ ဒီမြို့ကိုရောက်ခဲ့ပုံ၊ ဘိုးတော်ကို စတင်တွေ့သည်မှစ၍ သူ့ကိုကြည့်မရခဲ့ပုံများကို မြင်ယောင်နေသည်။ ဘိုးတော်ကို ကြည့်မရ၍ ဘိုးတော်ကိုနှိပ်ကွပ်ရန် ကြံစည်ခဲ့သော်လည်း နှိပ်ကွပ်ခွင့်မရခဲ့ပါ။ ဘိုးတော်သည် လူတိုင်းအပေါ် စေတနာထားသူ၊ မဟုတ်မမှန်မပြောဘဲ သူ့တရားကိုသူကျင့်နေသူ သူတော်ကောင်း ဖြစ်သည်။ သူနှင့်တွေ့သည့်ကာလများတွင် သူပြောသမျှ အကုန်မှန်နေခဲ့သည်။ မိမိက သူ့အပေါ် အမြင်စောင်းခဲ့သည်။ ဘိုးတော်အပေါ် အမြင်မှားခဲ့၍ ယခုမှ နောင်တရနေမိသည်။ ဘိုးတော်ကို ယုံကြည်မိတော့သည်။ ဘိုးတော်က စေတနာဖြင့် မှာလိုက်သည့် အချက်သုံးချက်ကိုလည်း တိတိကျကျ လိုက်နာရန် ဆုံးဖြတ်လိုက်ပါသည်။

◆

တစ်ပတ်အတွင်း စစ်တွေသို့ ရောက်ပါသည်။ မန်နေဂျာကြီးက မြို့ငယ်လေးတစ်မြို့တွင် မြို့နယ်မန်နေဂျာအဖြစ် တာဝန်ပေးသဖြင့် ခရီးဆက်ခဲ့ရပြန်သည်။ တာဝန်ကျသည့်မြို့သို့ရောက်သည့်အခါ ဝန်ထမ်းများက နွေးထွေးစွာ ကြိုဆိုပါသည်။ ယခင် မန်နေဂျာ နေသွားသည့်အိမ်တွင် ဆက်လက် နေထိုင်ရန် စီစဉ်ပေးကြပါသည် ။ ထိုအိမ်မှာ ကောင်းမွန်သော်လည်း ဘိုးတော်၏ စကားကြောင့် ထိုအိမ်ကို ငြင်းပယ်ရပါသည်။ ဝန်ထမ်းတစ်ဦးက သူ၏အိမ်တွင် ယာယီနေရန် စီစဉ်ပေးသဖြင့် သူ၏အိမ်တွင် နေခဲ့သည်။ ထိုဝန်ထမ်းမှာ အစစကောင်းမွန်လှပါသည်။ လိုလေသေးမရှိ ပြုစုပါသည်။ ထိုဝန်ထမ်းမှာ အောင်ကျော်ဇံအမည်ရှိ ဆန်စက်တာဝန်ခံ ဖြစ်သည်။ ရုံးအုပ်ကြီးထံ စုံစမ်းကြည့်ရာ အောင်ကျော်ဇံမှာ တနင်္ဂနွေသား ဖြစ်ကြောင်းသိရ၍ အိမ်အမြန်ရှာရာ မြို့အစွန်ရှိ ခြံကျယ်ကျယ်အိမ်တစ်လုံးကို တွေ့ရသဖြင့် ပြောင်း၍နေခဲ့ပါသည်။ အောင်ကျော်ဇံကိုလည်းအကပ်မခံတော့ဘဲ သူကျွေးသည်များကို ငြင်းဆန်ခဲ့ရသည်။ အစားအသောက်မျိုးစုံ၊ လက်ဆောင်မျိုးစုံပေးသော်လည်း လက်မခံဘဲ နောင်မပေးရန်ကို သတိပေးလိုက်ရပါသည်။ခပ်ပြတ်ပြတ်ပြောမှ အောင်ကျော်ဇံ မလာရဲတော့ပါ။

ထိုမြို့သို့ရောက်ပြီး တစ်လခန့်အကြာတွင် မီးလောင်မှုဖြစ်၍ အိမ်ခြေ (၂၀၀) ကျော် မီးထဲသို့ ပါသွားပါသည်။ ရုံးမှစီစဉ်ပေးသော မန်နေဂျာအဆက်ဆက်နေခဲ့သည့်အိမ် မီးထဲပါသွားပါသည်။ (၆) လအကြာ အောင်ကျော်ဇံ တာဝန်ယူရသောဆန်စက်မှ ပစ္စည်းမြောက်မြားစွာ လျော့နည်း ပျောက်ဆုံးသဖြင့် အောင်ကျော်ဇံသာမက သူနှင့် ပတ်သက်သူအားလုံး အချုပ်ထဲရောက်ရသည်။ ကျွန်ုပ် ဘိုးတော်ကို အထူးသတိရမိပါသည်။ ဘိုးတော်ကို အထင်သေးမိခဲ့ခြင်းအတွက် နောင်တရမိပါသည်။ မိမိသည် ဘိုးတော်အစစ်အမှန်ကို တွေ့ရှိခဲ့ပါလျက် မချဉ်းကပ်ခဲ့မိခြင်းများအတွက် ကြေကွဲမဆုံးအောင်ရှိရပါတော့သည်။ တတိယအချက် မှန်ကန်လာသည်အထိမစောင့်ဘဲ နှစ်ချက်မှန်ရုံဖြင့် ဘိုးတော်အစစ်ဟု အသိအမှတ်ပြုလိုက်ပါသည်။ တတိယအချက်ကိုလည်း မလွဲမသွေ မှန်ကန်လာမည်ဟု ယုံကြည်ထားသဖြင့် ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့ရမည့်အချိန်ကို စောင့်မျှော်လျက်ရှိနေပါတော့သည်။

ကောင်းသောဘီ



www.burmeseclassic.com

www.burmeseclassic.com

"ကိုမြင့်ဝေ၊ ရှင်တို့အမျိုးက အတူတူအတတကဆိုတာ ဟုတ်မှာပါ။ ကြည့်ပါဦးတော်၊ စုတ်ပြတ်သတ်နေတဲ့ ပန်းချီကားကိုမှ ငါးထောင်ဝယ်လာခဲ့ရတယ်လို့ အံ့ပါရဲ့"

အိမ်ပြန်ရောက်သောအခါ ထုံးစံအတိုင်း ရှေးဟောင်းပစ္စည်းတစ်ခုခုဝယ်လာတိုင်း အမြဲတမ်းရန်တွေ့ ပူညံပူညံလုပ်တတ်တဲ့ဇနီးနဲ့ ကိုမြင့်ဝေတို့ အကြီးအကျယ် စကားများကြရပါတယ်။ 'ငွေကြေး ဒါလောက်ရှားပါးနေတဲ့ခေတ်ကြီးထဲမှာ ငါးထောင်ဆိုတဲ့ငွေက နည်းရောသလား။ အဲဒါ ကိုမြင့်ဝေ ရှင်ရူးလို့သာ ဝယ်ခဲ့တာ၊ မရူးတဲ့လူဆို ဘယ်သူမှဝယ်မှာမဟုတ်ဘူး' နဲ့ ခုနစ်အိမ်ကြားရှစ်အိမ်ကြား အော်ဟစ်ရန်တွေ့တာကို ခံရပါတော့တယ်။

၂၀၀၃ ခုနှစ်လောက်က ကိုမြင့်ဝေဟာ ပြင်ဦးလွင်မြို့ရဲ့ မြောက်ဘက်ရွာသစ်ကလေး ဆိုတဲ့ ရွာကို အလည်ရောက်တုန်းက အင်္ဂလိပ်ခေတ်က စစ်တပ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အသက် (၉၀) ကျော် စစ်ပြန်စစ်မှုထမ်းဟောင်းကြီးတစ်ယောက်နဲ့ တွေ့ကြုံခင်မင်ခွင့်ရခဲ့ပါတယ်။ အဲဒီအဘိုးကြီးဆီက မန္တလေးနန်းတော်ပုံရေဆေးပန်းချီကား

(ကျော်ကာ)

# မောင်သင်းထုံ

## ပြီးဆုံးသွားခဲ့ပြီဖြစ်သော ရှေးဟောင်းပန်းချီကားနစ်ချပ်





www.burmeseclassic.com

www.burmeseclassic.com

တစ်ချပ်က နှစ်ပေ-တစ်ပေခွဲပါ။ အဲဒါကို ငွေငါးထောင်ကျပ်ပေးဝယ်ယူလာခဲ့ပါတယ်။ စစ်မှုထမ်းဟောင်းကြီးမှာ သူ့ဆီက ပန်းချီကားအဟောင်းကြီးကို ငွေငါးထောင်ကျပ်တောင် ပေးဝယ်တာမို့ အံ့ဩဝမ်းသာ ကိုမြင့်ဝေကို ကျေးဇူးတင်နေတာပါ။

"မောင်ရင်ရာ၊ ပန်းချီကားတစ်ချပ်က အဟုတ်ပဲ ဒါလောက်တန်သတဲ့လားကွာ ဟေ"

အဲဒီတုန်းက ကိုမြင့်ဝေရဲ့ ပင်စင်လစာငွေက (၃၇၇၅) ကျပ် ရပါတယ်။ တကယ်တော့ ကိုမြင့်ဝေက သူ့ပင်စင်လစာရဲ့ ထက်ဝက်မကတန်ဖိုးရှိတဲ့ ပန်းချီကားတစ်ချပ်ကို ဝယ်ယူလိုက်တာပါ။ အဲဒီအတွက် အိမ်ရောက်တော့ လင်မယားစကားများကြတာပါ။

"မင်းကွာ တိုးတိုးပြောလည်း ဒီစကားပါပဲ၊ ကျယ်ကျယ်ပြောလည်း ဒီစကားပါပဲ။ ပတ်ဝန်းကျင်တွေတောင် အားနာစရာ ကောင်းပါတယ်"

လို့ ကိုမြင့်ဝေက ဖျောင်းဖျပြောပေမယ့် မရပါဘူး။ ပြောကာမှ ပိုဆိုး။ ပြောမပြီးနိုင်အောင် ဆူဆဲနေတော့တာပါ။

ကိုမြင့်ဝေက သူ့ဇနီးကို အကျိုးအကြောင်းပြောပြရပါတယ်။

"မင်းလည်း နှစ်စဉ်နှစ်တိုင်း မိုးကုတ် ဝိပဿနာတရားစခန်းဝင်နေတဲ့သူပဲဟာ။ အခုဆိုရင် (၁၀)နှစ် (၁၀)ကြိမ်တောင် မကတော့ပါဘူး။ ဒီမယ် ယောဂီသူတော်စင်တွေဆိုတာ နူးညံ့သိမ်မွေ့ရတယ်။ စကားကိုသတိနဲ့ထိန်းပြီးမှပြောရတယ်။ သတိလက်လွတ်ဘယ်တော့မှ မပြောရဘူးသိလား။ မင်းကိုယ့်ကိုတရားပြပေးတဲ့ ဆရာတော်ကြီးတွေကို အားမနာဘူးလားဟင်"

လို့ မေးတော့ ကိုမြင့်ဝေရဲ့ဇနီးက ပြန်ပြောတယ်မှတ်လို့တုန်း -

"ဟုတ်တယ်၊ တရားစခန်းကရခဲ့တဲ့တရားတွေက တရားစခန်းက ထွက်တဲ့နေ့မှာပဲ ကျောင်းပေါက်ဝတံခါးမှာ ကျန်ခဲ့ပြီ၊ အိမ်အထိပါမလာဘူး။ ဒီတော့ ပြောစရာရှိတာပြောတော့ ပြောရမှာပဲ"

နဲ့ ကိုမြင့်ဝေကို သက်သက်အရွဲ့တိုက်ပြန်ချေပနေပါတော့တယ်။

ဒီတော့လား ကိုမြင့်ဝေလား။ ဘယ်ကလာ စိတ်ကောင်းနိုင်ပါတော့မလဲ။ ရှေးဟောင်းပန်းချီကား တစ်ချပ်ကောန်ဖြစ်ရမည်။ ဝယ်သူရှိလို့ ပြန်ရောင်းရင် ဒီထက်မက အများကြီးမြတ်စရာရှိတယ်။ နောက်ပြီး ကိုမြင့်ဝေကိုယ်တိုင်က ဒီလိုရှေးဟောင်းပစ္စည်းတွေ စုတာဝါသနာပါလို့ ဝယ်လာခဲ့ပြီးမှ အခုလို ပူညံပူညံလုပ်တာခံရတော့ မဖြစ်သေးပါဘူး။ ဒီပန်းချီကားနဲ့ ပတ်သက်လို့ တတ်သိနားလည်တဲ့ ပန်းချီဆရာတစ်ယောက်ဆီမှာပြ။ သူ့ရဲ့အဆုံးအဖြတ်တော့ ခံယူဦးမှပါဆိုပြီး ထွက်လာခဲ့ပါတယ်။

ကိုမြင့်ဝေရဲ့အဖြစ်က ဘာနဲ့တူနေသလဲဆိုတော့ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုတာနဲ့ ကြုံရတော့တာပါပဲ။ ပန်းချီဆရာအိမ်ကိုရောက်တော့ -

"ဆရာရယ်၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ဟောဒီပန်းချီကားဟာ ရှေးခေတ် မန္တလေးနန်းတွင်းရတနာပုံခေတ်က ပန်းချီကားဟုတ်၊မဟုတ် ဆန်းစစ်ပေးပါဦးဆရာ"

လို့ အကူအညီတောင်းပါတယ်။

"ဟား ဟား ဟား ကိုမြင့်ဝေရာ၊ ဘယ်ကလာ နန်းတွင်းပန်းချီကားဟုတ်ရမှာလဲ လက်ရာကိုလည်း ကြည့်ရှုပါဦး။ ဒီကားမျိုး ဘယ်ပန်းချီဆရာများ ဆွဲခိုင်း ဆွဲခိုင်း ဆွဲလို့ရတဲ့ဟာ။ ဇီးကွက်လောက်တော့ငှက်တိုင်းလုပါတယ်ဗျာ ဟားဟား ဟား"

ပန်းချီဆရာက ရယ်လိုက်တာ၊ ရယ်လိုက်တာမှ ပြောလည်းပြော၊ ဟောဒီက ကိုမြင့်ဝေရဲ့ မျက်နှာကို စေ့စေ့ကြည့်၊ ဟက်ဟက်ပက်ပက်နဲ့ကို ရယ်နေတော့တာပါပဲ။

"ခင်ဗျားက ကြုံကြုံဖန်ဖန်ဗျာ။ တွေ့လည်းတွေ့တတ်၊ ဝယ်လည်းဝယ်တတ်ပါပေရဲ့ အံ့ပါ"

လို့လည်း ဆိုပါတယ်။ ပြီးတော့ လူကို သရော်တဲ့အကြည့်မျိုးနဲ့ ကြည့်တော့ ကိုမြင့်ဝေ ဆိုတာ ခံရခက်လိုက်သမှလေ။ ရှက်လည်းရှက်မိပါရဲ့။ တကယ်ပါ။ ဒီတော့လား ကိုမြင့်ဝေဆိုတာ ဒီပန်းချီကားကိုမြင်ရင် ကေဝဋ္ဋ ပုဏ္ဏားက မဟော်သဓပညာရှိကို သတိရသလိုပဲ ဖြစ်နေမှာစိုးတော့ အိမ်မှာမထားတော့ဘဲ သူအလုပ်လုပ်တဲ့ဆီ ဂိုဒေါင်လူသူအရောက်အပေါက်နည်းတဲ့နေရာ ချောင်ထိုးထားလိုက်ပါတော့တယ်။ အေးကြရော့ပေါ့။

ဒီလိုနဲ့ ၂၀၀၃ ခုနှစ်မှာတော့ ကိုမြင့်ဝေ အလုပ်လုပ်နေတဲ့ ဂိုဒေါင်ကို ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတဲ့ ကုန်သည်ကြီး ဦးထွန်းလှ ဆိုတာ ပေါက်ချလာပါတော့တယ်။ ဂိုဒေါင်ရောက်တော့ ချောင်ကြိုချောင်ကြားထိုးထားတဲ့ ပန်းချီကားလေးကို တွေ့ပြီးမေးပါတော့တယ်။

"ကိုမြင့်ဝေ၊ ခင်ဗျားဒီပန်းချီကားကို ဘယ်ကရခဲ့တာလဲ။ ဘယ်လောက်ပေးဝယ်ခဲ့ရသလဲ။ ခင်ဗျားဒီပန်းချီကားကိုဝယ်ခဲ့ရတဲ့ ဈေးထက်နှဆပိုပေးမယ်။ ကျုပ်ကို ဒီပန်းချီကား ပြန်ရောင်းပေးပါဗျာ"

ဒီတော့လား၊ ကိုမြင့်ဝေမှာက ဒီပန်းချီကားကြောင့် အိမ်ကဇနီးနဲ့ စကားတွေများရ၊ ပူညံပူညံတွေဖြစ်ခဲ့ရပါပကော။ နောက်ပြီး အားကိုးတကြီးနဲ့ ပန်းချီကားပြတော့ လူကိုကြည့်ပြီး ဟားတိုက်လှောင်ပြောင်တာတွေခံခဲ့ရတော့ ပြောရရင် ကိုမြင့်ဝေကိုယ်တိုင်က ဒီပန်းချီကားအပေါ် စိတ်ကုန်နေတာလည်း ပါပါတယ်။ လူလိုသာဆိုရင် သင်းမျက်နှာစိတ်နာလွန်း ကြည့်တောင်မှ မကြည့်တော့တဲ့ အဖြစ်ပါ။ ဒီတော့ အခု ဦးထွန်းလှက ဝယ်မယ်ဆိုတော့ ဝမ်းသာအားရနဲ့ ငွေတစ်သောင်းဆိုပြီး ပြန်ရောင်းပစ်လိုက်ပါတော့တယ်။ စိတ်ထဲကတောင်မှ လူတကာ အကဲ့ရဲ့ခံ၊ အဆူအဆဲခံရတဲ့ ဘဝကလွတ်သွားလို့ ကိုမြင့်ဝေရဲ့ စိတ်ထဲပျော်တောင်မှပျော်နေမိပါသေးတယ်။

ဒါပေမဲ့ ကိုမြင့်ဝေရဲ့ အပျော်က ကြာရှည်ခံတာလိုက်လို့။ ဩော် - ဒါကြောင့်လည်း ရှေးလူကြီးတွေက ပြောကြတာနေမှာပေါ့။ ဘာတဲ့၊ ခေတ်ကြီးကိုက မသိသူကျော်သွား၊ သိသူဖော်စားတဲ့ခေတ်တဲ့၊ ဟုတ်လောက်မှာ။ ဘာလို့လဲဆိုတော့ ကိုမြင့်ဝေလက်ထဲတုန်းက စိတ်အပျက်ကြီးပျက်ခဲ့ရတဲ့ ပန်းချီကားရဲ့နောက်ဆက်တွဲသတင်းတွေမှပြန်ကြားလိုက်ရတာ။ ကိုမြင့်ဝေဆီက ဝယ်သွားတဲ့ ဦးထွန်းလှက အဲဒီပန်းချီကားကို ပေါင်ကနေထုတ်ကြည့်တော့ ပန်းချီကားရဲ့နောက်ကျောဘက်လှန်ကြည့်တဲ့အခါ-

'မန္တလေးနန်းတော်ကြီးကို အရှေ့တောင်ထောင့်မှ ရေးဆွဲထားပုံ။ ရေးဆွဲသူ ဆရာခ *(Saya Kha)* ကွမ်းခြံကုန်းရပ်ကွက်'

လို့ ခဲတံနဲ့ ရေးထားတာ တွေ့လိုက်ရသတဲ့။ အဲဒီပန်းချီကားကို ဦးထွန်းလှက ပြင်ဦးလွင်မြို့၊ မြို့မဈေးကြီးထဲက ပန်းချီဆရာတစ်ယောက်ဆီမှာ ငွေခုနစ်သောင်းကျပ်နဲ့ ပြန်ရောင်းလိုက်ပါတယ်။ မှတ်မိပါရဲ့နော်။ ကိုမြင့်ဝေ၊ ဦးထွန်းလှကြီးကိုရောင်းတာ တစ်သောင်းပဲ ရတယ်။ ဒီသတင်းကို ကြားတော့ ကိုမြင့်ဝေတစ်ယောက် မဆင်မခြင်နဲ့ ရောင်းခဲ့ပြုခဲ့တာကို နောင်တရမှုဖြစ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မပြီးသေးပါဘူး။ ဈေးကြီးထဲက ပန်းချီဆရာက အဲဒီပန်းချီကားကိုပဲ ပြင်ဦးလွင်မြို့ မြို့ပတ်လမ်း ကန်တော်ကြီးအဝိုင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ Wood Land စားသောက်ဆိုင်ကို ပြန်ရောင်းလိုက်တာ ဆယ်သိန်း ရပါတယ်။ ပြင်ဦးလွင်မှာ ဒီစားသောက်ဆိုင်ဟာ နာမည်ကြီးစားသောက်ဆိုင်မို့ မြန်မာပြည်အရပ်ရပ်က လူတွေအရောက်အပေါက်များတဲ့ ဆိုင်ပါ။ အဲဒီထဲကမှ ရှေးဟောင်းပစ္စည်းဝါသနာရှင်တစ်ယောက်က အထက်က ပန်းချီကားကိုရောင်းမယ်ဆိုရင် သိန်း(၅၀) အထိတောင် ပေးပြီးဝယ်ယူမလို့ စကားကမ်းလှမ်းခဲ့ပါတယ်။ စား သောက်ဆိုင်ပိုင်ရှင်ကလည်း ရှေးဟောင်းပစ္စည်းမြတ်နိုးတဲ့သူမို့လို့ပေ့ါ။ အဲဒီပန်းချီကားကို ဈေးဘယ်လောက်ပဲပေးပေး ရောင်းဖို့အစီအစဉ်မရှိဘူးဆိုတာ သိရပါတယ်။ အဲဒီမန္တလေးနန်းတော်ပုံပန်းချီကားကို သိန်း(၁၀၀) နဲ့ ရောင်းမည်ဆိုရင်တောင် ဝယ်မယ့်သူရှိနေမှာ သေချာပါတယ် ခင်ဗျား။

ကိုမြင့်ဝေလား။ ခုမှတော့ ဘာမှမတတ်နိုင်တော့ပါဘူး။ ကိုယ်ထံ သိန်း(၁၀၀) တန် ပန်းချီကား ရောက်လာခဲ့ပေမယ့် ကိုယ်က အတွေ့အကြုံနုသေးတာရယ်။ အကြံဉာဏ်တောင်းတော့ အကြံဉာဏ်ကောင်းမရတဲ့အပြင် ကပျက်ယပျက်တောင်အလုပ်ခံရသေးတာရော။ အရေးထဲ အတူနေတဲ့ဇနီးကပါ ပူညံပူညံလုပ်ပြန်တော့ တန်ဖိုးကြီးလှတဲ့ အခွင့်အရေးတွေလက်လွတ်ဆုံးရှုံးရပါပကော။ လွတ်တဲ့ငါးကြီးတယ်ဆိုတာ ကိုမြင့်ဝေအတွက် မှန်ပါတယ်။ နောင်တတွေလည်း တစ်လှေကြီးရလိုက်တယ်။ အဲဒီနောက်တော့ ကိုမြင့်ဝေတစ်ယောက် မြန်မာ့ပန်းချီရာဇဝင်သမိုင်းကို စနစ်တကျ လေ့လာပါတော့တယ်။

မန္တလေးရတနာပုံခေတ် နန်းတွင်းပန်းချီကျော် ပန်းချီဆရာတွေဆိုတာက ဆရာပုံ၊ဆရာချိုတဲ့။ အဲဒီကမှ ဆရာချိုရဲ့သားများဖြစ်ကြတဲ့ ဆရာမြတဲ့၊ ဆရာခတဲ့ ရှိခဲ့ကြတယ်။ တစ်ခါ ဆရာချိုရဲ့တူတွေဆိုတာကလည်း ရှိသေးတယ်။ အဲဒါတွေကတော့ ဆရာကျောက်၊ ဆရာပုတဲ့။ ဆရာချိုရဲ့ တပည့်တွေထဲမှာလည်း ဆရာစော၊ ဆရာအေး၊ ဆရာမျိုး၊ ဆရာမြကြီးဆိုတဲ့ ပန်းချီဆရာတွေရှိခဲ့ကြဖူးတယ်။

အခုခေတ် ပန်းချီဆရာတွေများ ပန်းချီကားတစ်ချပ်ဆွဲတော့မယ်ဆိုရင် ကံကောင်းကြပါရဲ့။ ဘောင်ကြက်ပြီးသား၊ ကင်းပတ်အဆင်သင့်၊ ဆေးအဆင်သင့်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တဲ့။ ရယ်ဒီမိတ် ပန်းချီဆွဲစရာ ဆေးတွေမှပြည့်လို့ ကံကောင်းကြပုံများပြောပါတယ်။

ရှေးခေတ်က ပန်းချီဆရာတွေမှာက ကိုယ်ပိုင်ဆေးစပ်နည်းတွေ ရှိခဲ့ကြသတဲ့။ မြေနီ၊ မြေဝါ၊ မြေဖြူ၊ မြေညိုစတဲ့ ဆေးတွေကို ရေနဲ့ဖျော်၊ ရောစပ်၊ အင်တုံတွေထဲထည့်၊ ရောနဲ့ရောမွှေ၊ နောက်တော့ အဲဒီဆေးစပ်တဲ့အင်တုံကို တစ်နေကုန်နေမှာလှန်း၊ နောက်တစ်နေ့ရေခန်းတော့ ရေထပ်ရောမွှေ၊ နောက်တစ်နေ့နေကုန်နေပြ၊ အဲဒီလိုလုပ်ရတာ။ တစ်ပတ်၊နှစ်ပတ်မကဘူးဆိုဘဲ။ သဘောကတော့ ပန်းချီမဆွဲခင် ဆေးကို နေစားခံအောင် အရောင်မပြောင်းအောင် လုပ်ခဲ့ကြတဲ့သဘောတဲ့။ ကိုမြင့်ဝေ မှတ်ခဲ့ရဖူးတယ်။ သူတို့ဆွဲတဲ့ ပန်းချီတွေ နောင်ကာလရှည်ကြာရင်လည်း အရောင်မမှိန်အောင်လုပ်တဲ့သဘောပါ။

ကြည့်ပါလား၊ ဒါကြောင့်မို့ ရှေးခေတ်က မြန်မာပန်းချီဆရာကြီးတွေဆွဲခဲ့ကြတဲ့ ပန်းချီကားတွေဆိုတာ သက်တမ်း ဘယ်လောက်ကြာကြာ အရောင်မမှိန်တဲ့ဟာ။ နှစ်ကြာလို့ အသုံးပြုခဲ့တဲ့ ပိတ်စ၊ စက္ကူ၊ ဂျပ်စက္ကူတွေရဲ့ အသားတွေသာ ဆွေးမြည့်ပေါက်ပြကုန်ချင်ကုန်ကြမယ်။ ကြည့်၊ ဆေးရောင်ဆိုတာ မှန်သွားပျက်သွားတယ်လို့မှမရှိတဲ့ဟာ။ သေချာကြည့်ရင် ပန်းချီကားဆိုတာ မနေ့တစ်နေ့ကမှ ဆွဲထားသလိုမျိုး။ အဲဒါကိုက ရှေးဟောင်းပန်းချီကားတွေရဲ့ ထူးခြားချက်ပဲပေ့ါ။

ရှေးခေတ်က ပန်းချီဆရာကြီးတွေမှာ သူတို့ကိုယ်ပန်းချီဆေးစပ်နည်းဆိုပြီးတော့လည်း ရှိကြသတဲ့။ပန်းချီကားမှာ စုပ်ထားတဲ့ဆေးရောင်အနုအရင့်ကိုကြည့်ပြီးမှ ဒီကားဖြင့် ဆရာချိုကား၊ ဒီဆေးမျိုးဆိုရင်က ဆရာမြ၊ ဒီဆေးရောင်ဆိုရင် ဆရာခ။ အဲဒီလို ဆေးရောင်ကိုကြည့်ပြီး ရေးဆွဲတဲ့ပန်းချီဆရာရဲ့ အမည်ကို အတိအကျ ဖော်ထုတ်နိုင်ကြတဲ့အကြောင်း ကိုမြင့်ဝေ သိရပါတယ်။ နောက်ပြီး အဲဒီရှေးခေတ်ပန်းချီဆရာကြီးတွေဟာ ကိုယ်တိုင်ဆေးရောင်တွေဖော်စပ်ဆေး၊ စုတ်တံ၊ကိရိယာများကိုလည်း ကိုယ်တိုင်လုပ်ကိုင်တတ်ပါမှ ပန်းချီလုပ်ငန်းနဲ့ အသက်မွေးကြကြောင်းလည်း ကိုမြင့်ဝေ သိရပါတယ်။

ပန်းချီဆရာတွေက အဲဒီခေတ်က စုတ်တံလုပ်ကြတော့မယ်ဆိုရင် ယုန်နားရွက်မွေး၊ နွားနားရွက်မွေး၊ ပြီးတော့ နူးညံ့တဲ့ ရှဉ့်မွေး၊ ခါမွေး၊ ငှက်ကြီးဝံပိုရဲ့ အမွေးအတောင်တွေနဲ့ စုတ်တံလုပ်ကြရတာတဲ့။ ပထမရေဆေးတွေပဲ ပန်းချီဆွဲကြရာက နောင်တော့ ဆီဆေး၊ သဘောဆေးတွေအထိကို တက်လာကြတာပါလားနော်။

ဒီလိုနဲ့ ကိုမြင့်ဝေတစ်ယောက် (၆) လလောက်ကြာတဲ့အခါ အစောကပြောတဲ့ ရွာသစ်ကလေးရွာကို ရောက်ပြန်တယ်။ ရောက်တော့ ထုံးစံအတိုင်း အသက် (၉၀) အရွယ် အင်္ဂလိပ်တပ်မှာ စစ်မှုထမ်းခဲ့တဲ့ စစ်မှုထမ်းဟောင်းကြီးနဲ့ တွေ့ဖြစ်ပြန်တာပေ့ါ။ အဲဒီအတောအတွင်းမှာ စစ်မှုထမ်းဟောင်းကြီးရဲ့ အိမ်ခေါင်မိုးထုပ်တန်းတွေပေါ်မှာ ဘယ်အချိန်ကတည်းက တင်ထားမှန်းမသိတဲ့ ပန်းချီကားလိပ်တစ်လိပ်ဟာ အောက်ကိုဘုတ်ခနဲ ပြုတ်ကျလာခဲ့ပါတယ်။ ကြည့်တော့ မိုးရေတွေစိုကွက်ပြီးမှဆွေးတောင်မှဆွေးနေလေပေ့ါ။

ဂျပ်စက္ကူအညိုရောင်ပေါ်မှာ ရေဆေး(မြေဆေး)နဲ့ ရေးဆွဲထားတဲ့ မန္တလေးကျုံးမြို့ရိုး၊ နောက်ပြီးတော့ မန္တလေးတောင်ရဲ့ပုံရိပ်ပါတဲ့ ပန်းချီကားပါ။ သေချာကြည့်တော့ အဲဒီပန်းချီကားဆွဲတုန်းစောင်းတန်းမဆောက်ရသေးလို့ ပန်းချီကားထဲမှာ လူသွားလမ်းမှန်မှန်လေးသာပါပါတယ်။ အဲဒီပန်းချီကားရဲ့ အရွယ်ကအလျားနှစ်ပေ၊ အနံကတော့ ထုံးစံအတိုင်း တစ်ပေခွဲပါ။ နှစ်ပေါင်းများစွာ ဒီအတိုင်း အိမ်ခေါင်မိုးပေါ် လိပ်ပြီးမှထိုးထားတော့ မိုးရေတွေကစို ကျပ်ခိုးတွေကြောင့် အမည်းကွက်တွေကစွဲ၊ ဘယ်ညာအထက်အောက်ပန်းချီကားရဲ့ ဘေးသားတစ်မိုက်လောက်စီတော့ စုတ်ပြနေကြပါပြီ။ အရေးထဲ ဟိုတစ်ကွက်ဒီတစ်ကွက်အကွက်ကြီးတွေကြောင့် ကြည့်မကောင်းအောင် ဖြစ်နေပါပေ့ါ။

ပန်းချီကားပိုင်ရှင် အင်္ဂလိပ်စစ်တပ်ထွက် အသက်(၉၀)အရွယ် အဘိုးကြီးဟာ ကြည့်တော့ တုန်တုန်ချည့်ချည့်အားအင်ပြတ်၊ မနာမကျန်းဖြစ်နေတာမို့ ကိုမြင့်ဝေက အဲဒီပန်းချီကားကို ငွေခုနစ်ထောင်ပေးဝယ်လိုက်ပြန်ပါတယ်။

ဖြစ်ချင်တော့ အဲဒီစက္ကူပန်းချီကားအစုတ်ကြီးကို ငွေခုနစ်ထောင်တောင်ပေးလို့ ဝယ်ရသတဲ့လားဆိုပြီး အိမ်နီးနားချင်း အဘိုးကြီး၊ အိမ်နံဘေးကလူတွေက တအံ့တသြဝိုင်းကြည့်ကြတာကို ခံရပါတယ်။ ကိုမြင့်ဝေရဲ့ လက်ထဲမှာတော့ ဒုတိယအကြိမ် ပန်းချီကားအစုတ်တစ်ချပ် ရခဲ့ပြန်ပါပြီကော။



www.burmeseclassic.com

www.burmeseclassic.com

### စတိဂုဏ်-မျိုးမြင့်အောင်

# အဖုအကျိတ်ကြေ ဓော်ဂနီပင်

မြန်မာ့ကျေးလက် တောရွာတို့၌ ခေါ်ဝေါ်လေ့ရှိကြသော ဆေးမြီးတိုများသည် တစ်ခါတစ်ရံ အလွန်အစွမ်းထက်လှသည်ကို တွေ့ကြုံဖူးကြပါလိမ့်မည်။ ရောဂါတစ်မျိုးအတွက် တစ်ပင်တည်းနှင့် အစွမ်းထက်မြက်သော ဆေးဖက်ဝင်အပင်တို့သည် မြန်မာ့မြေပေါ်ဝယ်တည်ရှိနေသည်သာ ဖြစ်၏။ အသုံးပြုနည်းကို မသိကြရ၍ လည်းကောင်း၊ တိုက်ဆိုင်မှု မရှိကြသဖြင့်လည်းကောင်း ထိုဆေးဖက်ဝင်အပင်တို့၏ အစွမ်းသတ္တိတို့သည် ငုပ်လျှိုးပျောက်ကွယ်နေကြရခြင်းသာဖြစ်၏။ သိရှိကြပြီးသော အစွမ်းသတ္တိထက်မြက်သည့်ဆေးပင်များအား ခေတ်မီ၍ ကျယ်ပြန့်သော သုတေသနများပြုလုပ်နိုင်ကြပါက လူသားများအတွက် အဖိုးတန်လှသောကုထုံးများ ပိုမိုထွက်ပေါ်လာနိုင်လိမ့်မည်ဟု မျှော်မှန်းရပေသည်။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရှေးရိုးစဉ်ဆက် ယုံကြည်စွာ သုံးစွဲလာခဲ့ကြသော ဆေးဖက်ဝင်အပင်တစ်မျိုး ရှိပါ



ဓော်ဂနီပင်၏ ပင်စည်နှင့်အရွက်များ တည်နေပုံကို တွေ့မြင်ရပုံ



ဓော်ဂနီပင်၏အမြစ်ဆုံမှဖြတ်ထားပြီးသော အမြစ်များကို မြင်တွေ့ရပုံ

"ကိုမြင့်ဝေ၊ ရှင်ရူးနေပြီလား။ စိတ်မှကောင်းသေးရဲ့လား။ ဘယ်ကမှန်းမသိတဲ့ ဒါလောက် စုတ်ပြတ်နေတဲ့ ဂျပ်စက္ကူပန်းချီကားကိုများ ခုနစ်ထောင်ပေးဝယ်ခဲ့ရတယ်လို့အံ့ပါရဲ့။ ကျွန်မသာဆိုရင် ဒီလိုစက္ကူစုတ်ကို အိမ်မှာအမှိုက်ရှုပ်ခံ အလကားပေးတောင်မယူဘူးမှတ်ပါ။ ဒါပဲနော်၊ ဒါလောက် ကျက်သရေမရှိစုတ်ပြတ်နေတဲ့ အဟောင်းအမြင်းကြီးကို အိမ်ထဲလုံးဝသွင်းမလာပါနဲ့။ ကျက်သရေတုံးတယ်၊ လာဘ်တိတ်တယ်"

ထုံးစံအတိုင်း ကိုမြင့်ဝေဇနီးကတော့ အရင်အခါတွေတုန်းကလို ခုနစ်အိမ်ကြားရှစ်အိမ်ကြား ဆူပူနေပြန်ပါပြီ။ ခက်လိုက်တာ။ အဲဒီလိုအပြောခံရတော့ ကိုမြင့်ဝေလား၊ အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်နေမှုဟာ ရှက်တာပေါ့။ နောက်တော့ ကိုမြင့်ဝေလည်း စိတ်ပျက်လက်ပျက်နဲ့ အဲဒီပန်းချီကားကို ရှေးဟောင်းပစ္စည်းတွေဝယ်စုတဲ့ ကုလားတစ်ယောက်ဆီ တစ်သောင်းနှစ်ထောင်နဲ့ ပြန်ရောင်းလိုက်တော့ မဆိုးပါဘူး။ ငါးထောင်တောင်မှ မြတ်ပါသေးတယ်။ အဲဒီသတင်းကြားတော့ ထုံးစံအတိုင်း မြို့မဈေးကြီးမှာ ပန်းချီဆိုင်ခန်းဖွင့်ထားတဲ့ ပန်းချီဆရာက ကုလားဆီကနေ ခုနစ်သောင်းဈေးနဲ့ ပြန်ဝယ်လိုက်တဲ့ သတင်းကြားရပါတယ်။ ဟုတ်ပြီပေါ့။

ကိုမြင့်ဝေ အဲဒီပန်းချီကားကို မှတ်မိနေပါတယ်။ ပန်းချီဆရာက သူ့ကားထဲမှာ ကောင်းကင်ကြီးကို (အပြာရောင်) နောက်ခံ၊ တိမ်တွေကိုတော့ (အဖြူရောင်)။ မန္တလေးကျုံးကို (အနီရောင်) မြို့ရိုးကိုလည်း (အနီရောင်)၊ မန္တလေးတောင်ကြီးကိုတော့ (အစိမ်းရောင်) နဲ့ပြီးတော့ အဲဒီတုန်းက မန္တလေးတောင်တက်တဲ့လမ်းမှာ ဘုရားဖူးတောင်တက်နေကြတဲ့လူတွေနဲ့ အတော့်ကို အသေးစိတ် ရေးဆွဲခြယ်မှုန်းထားတာ တွေ့ရပါတယ်။ ကြည့်ရတာ ဒီပန်းချီကား ဘယ်လောက်များ ရှေးကျသလဲဆိုရင် အဲဒီတုန်းက ခုလို ဘုရားစောင်းတန်းတွေ တောင်မှ မ ဆောက်ရသေးတဲ့ ပုံစံပါ။ ကြည့်နော်။ အဲဒီပန်းချီကားရဲ့ လက်ရာပိုင်ရှင်ကတော့ ဆရာခ (Saya Kha) ပဲ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ကိုမြင့်ဝေတစ်ယောက်၊ နစ်နာဆုံးရှုံးမှုကြီးနဲ့ ထပ်ပြီးကြုံဆုံလိုက်ရပြန်ပါပကော။ နောင်တတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ပေါ့။ တော်ပါပြီ။ နောက်များမှာတော့ ကိုမြင့်ဝေတစ်ယောက် ဘာပဲလုပ်လုပ် ခုနစ်အိမ်ကြားရှစ်အိမ်ကြား ပူညံပူညံလုပ်တတ်တဲ့ ဇနီးသည်ကိုလည်း ပြောမနေတော့ပါဘူးလေ။ အတွေ့အကြုံနုနယ်တဲ့ ပွဲစားတွေ၊ နောက်ပြီး ပန်းချီရဲ့အတိမ်အနက်ကို တကယ်မသိတဲ့ ပန်းချီဆရာတွေ၊ လူတချို့ရဲ့ ကဲ့ရဲ့သဂြိုဟ်စကားတွေကို နားမယောင်တော့ဘဲ ကိုယ်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ပဲ ဆုံးဖြတ်ပြီးတော့ လုပ်စရာရှိတာ လုပ်ရပါတော့မယ်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်လိုအပ်ချက်တွေကသာ ကိုမြင့်ဝေအတွက် အဖော်ကောင်း အဖော်မွန်တွေမဟုတ်ပါလား။

တစ်ခါသေဖူး၊ ပျဉ်ဖိုးနားလည်ဆိုပေမယ့် ကိုမြင့်ဝေ သိလိုက်ရတဲ့ အသိကတော့ ကိုမြင့်ဝေအတွက် အသိနောက်မကျလောက်သေးဘူးရယ်နဲ့ တူပါရဲ့။

*(ကိုမြင့်ဝေရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းများမှ)*

မောင်သင်းထုံ (ကျောက်ဆည်)




www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုဆေးပင်၏အမည်ကို အရပ်ဒေသ အခေါ်အဝေါ်အားဖြင့် ဇော်ဂနီပင်ဟု ခေါ်ဆိုကြ၏။ နွယ်ယောင်ပင်ယောင်အမျိုးအစားဖြစ်၍ အရှည်မှာ (၅) ပေ၊ (၁၀) ပေကြားအထိရှိတတ်၏။ လူတို့၏ခန္ဓာကိုယ်ပေါ်တွင် ကိုင်ကြည့်၊ စမ်းကြည့်လိုက်လျှင် မာနေသောအဖုအကျိတ်များထွက်ပေါ်လာသော ရောဂါတစ်မျိုးရှိပါသည်။ ထိုအဖုအကျိတ်များကို လက်ဖြင့်ဖိကြည့်လိုက်လျှင် တချို့အဖုအကျိတ်များမှာ မနာမကျင်ရှိတတ်၏။ တချို့ကား နာကျင်သည်ကိုလည်း တွေ့ရ၏။

ထိုကဲ့သို့သော အဖုအကျိတ်များအား ကုသရန်မှာ ဇော်ဂနီပင်၏ အမြစ်ကို ရေဖြင့်သွေး၍ လိမ်းပေးရုံသာလျှင် ဖြစ်၏။ မနာမကျင်ဘဲ မာနေသော အဖုအကျိတ်များကို ရေဖြင့် ပျစ်ပျစ်သွေး၍ လိမ်းရပါသည်။ ထိုအဖုအကျိတ်သည် တဖြည်းဖြည်းနှင့် ပျော့၍ပျော့၍လာပြီးလျှင် သေးငယ်၍သွားပါလိမ့်မည်။ ထိုအခါ နာကျင်၍လည်းလာပါလိမ့်မည်။ နောက်ဆုံးတွင် ထိုအဖုအကျိတ်မျိုးသည် ပိန်၍ပိန်၍သွားပြီးနောက် ပျောက်ကွယ်သွားပြီ။ မူလအသားအရေအတိုင်း ဖြစ်သွားပါလိမ့်မည်။ အဖုအကျိတ်၏ အကြီးအငယ်ပေါ်တွင် မူတည်၍ (၁၅) ရက်၊ (၁) လအထိ ကြာမြင့်တတ်ပါသည်။

ပျော့၍နာကျင်မှုရှိသော အဖုအကျိတ်များအတွက် တစ်ပတ်မျှဖြင့် ပျောက်ကင်းစေနိုင်သည်ကို တွေ့ရ၏။ ထိုအကျိတ်အဖုများကိုလိမ်းရာတွင် ရေဖြင့် ကျဲကျဲသာလျှင် သွေး၍လိမ်းရပါသည်။ အသားနုသော နေရာများတွင်ရှိသော အဖုအကျိတ်များကို လိမ်းပါက ဆန်ဆေးရည်ဖြင့် သွေး၍လိမ်းရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုဇော်ဂနီမြစ်သည် တမျှဉ်းမျှဉ်းပူသောကြောင့်ဖြစ်၏။ ပျော့၍ နာကျင်မှုရှိသော အဖုအကျိတ်များကို ကုသရာတွင် တစ်ခါတစ်ရံ အဖုအကျိတ်မှ အနာအဖြစ်သို့ပြောင်းသွားတတ်၏။ ထိုအခါတွင် အနာ၏အဝကိုချန်ထား၍ ဘေးပတ်ပတ်လည်ရှိ ရိုးရိုးအသားပေါ်တွင် ကွက်၍ လိမ်းပေးရပါသည်။ လျင်မြန်စွာ အသားနုတက်လာပြီး ပျောက်ကင်းသွားသည်ကို တွေ့ရပါလိမ့်မည်။ ထိုအရပ်ဒေသရှိ လူအများပင်လျှင် ထိုဇော်ဂနီမြစ်ကို တရိုတသေသိမ်းဆည်းထားတတ်ကြ၏။



အမြစ်များဖြတ်ထားပြီးနောက် ကျန်ရှိနေသော အမြစ်ဆုံ

ငင်းအပြင် အခြားအကြောင်းတစ်ခုလည်း ရှိသေး၏။ အရပ်ဒေသ၏ ယုံကြည်မှုတစ်ခုဟု ဆိုရပါမည်။ ထိုဇော်ဂနီမြစ်ကို အိမ်တွင် ဆောင်ထားလျှင် စုန်း၊ နတ်၊ ပယောဂမပြုစားနိုင်ဟု ပြောကြ၏။

ဤဆေးပင်သည် အခြားသော ဆေးပင်များကဲ့သို့ ပေါပေါများများ ပေါက်ရောက်သောအပင်မျိုး မဟုတ်ပါ။ တစ်ပင်နှင့်တစ်ပင် ကပ်လျက်ပေါက်ရောက်သည်ကိုလည်း မတွေ့ရပါ။ အခြားသောဆေးပင်အမျိုးအစားများကဲ့သို့ တသီတတန်းပေါက်ရောက်ရန် ဝေးစွ။ တစ်ပင်တွေ့ပြီး နောက်ထပ်တစ်ပင်တွေ့ရန် အတော်ပင် ရှာရ၏။

ယခုဓာတ်ပုံဖြင့်ဖော်ပြထားသော ဇော်ဂနီပင်ကို ရှာဖွေခဲ့စဉ်က (၅) ဖာလုံခန့်အတွင်း ထိုတစ်ပင်ကိုသာ တွေ့ရ၏။ စလင်းမြို့နယ်အတွင်းရှိ ဂုဏ်ကုန်းရွာနှင့် ရွှေဘုံသာရွာကြားတွင် တွေ့ခဲ့ရ၏။ ယခုအခါတွင် လယ်မြေ၊ ယာမြေများ တိုးချဲ့မှုများပြားလာကြခြင်းကြောင့် ထိုဆေးပင်ရှာဖွေရာတွင် ပိုမိုခက်ခဲလာပြီဖြစ်၏။ ကျွန်ုပ်ထံ ဆက်သွယ်တောင်းခံနေကြသူများကိုပင်လျှင် စေ့ငှအောင်ပေးဝေခြင်း မပြုနိုင်တော့ပါ။ ယခုအခါ ကျွန်ုပ်ထံ၌ မြစ်ဆုံတစ်ခုသာလျှင် အဆောင်အဖြစ် ကျန်ရှိတော့၏။ ထိုအမြစ်ဆုံကိုလည်း ဓာတ်ပုံဖြင့် ဖော်ပြထားပါသည်။ ထိုဒေသသို့ မရောက်ခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် ကျွန်ုပ်ထံ၌ အမြစ်များကုန်သွားသည်မှာ ကြာပေပြီ။

ဇော်ဂနီပင် ပေါက်ရောက်ပုံမှာ မြစ်ဆုံတစ်ခုမှ စပါးပင်များကဲ့သို့ အမြစ်များ ဖြာထွက်လျက်ရှိပြီး (၉) လက်မနှင့် (၁၈) လက်မအရှည်ရှိတတ်၏။ ဇော်ဂနီပင်သည် အရွက်ထွက်သော အဆစ်နေရာ၌ အနီရောင်ရှိ၏။ ထိုအနီရောင်သည် အရွက်၏အောက်ဘက် အညှာအခြေမှ ထိုအရွက်ထွက်လာသော အဆစ်နေရာမျှသာရှိခြင်း ဖြစ်၏။ ရိုးတံတစ်ခုလုံး မနီပါ။ ရိုးတံတစ်ခုလုံးမှာ အစိမ်းရောင်ဖြစ်ပြီး အဆစ်နှင့် အရွက်အညှာရင်း၌သာလျှင် နီနေခြင်း ဖြစ်ပါသည်။ အသုံးပြုလိုသောသူများရှိခဲ့ပါက ရှာဖွေရာတွင် အထောက်အကူဖြစ်စေရန် ရေးသားခြင်း ဖြစ်ပါသည်။ ထိုဆေးမြစ်သည် ကျွန်ုပ်မသိသေးသော အခြားရောဂါများအတွက်လည်း အသုံးတည့်လာနိုင်သည်ဟု ထင်မြင်ယူဆမိပါသည်။

လူတို့၏ခန္ဓာကိုယ်ပေါ်တွင် ပေါ်ပေါက်လာလေ့ရှိသော အဖုအကျိတ်များအား ခွဲစိတ်စရာမလိုဘဲ သက်သောင့်သက်သာ ပျောက်ကင်းစေနိုင်သော အစွမ်းသတ္တိရှိသည့် ဤဇော်ဂနီပင်အား တိုက်ဆိုင်တာတွေ့ရှိသူများနှင့် အသုံးချလိုသူများအတွက် တင်ပြ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်းမာခြင်း...
ဘဝမြှင့်နိုင်ကြပ...

ဇာတိဂုဏ်-မျိုးမြင့်အောင်





www.burmeseclassic.com

www.burmeseclassic.com

သံသရာခရီးသွား (၇) ရက်သား သမီးတို့အား ဘဝတစ်သက်တာတွင် စိတ်အစဉ်သည် မိုးတိမ်ကဲ့သို့ လွတ်လပ်ပေါ့ပါးကာ စမ်းရေကဲ့သို့ အေးချမ်းကြည်လင်စွာဖြင့် ပန်းခင်းသောလမ်းအပေါ် သာသာလေး လျှောက်လှမ်းသွားနိုင်အတွက် ဤယတြာအစီအရင်များကို ရေးသားလိုက်ရပါသည်။ အသုံးပြုထားသောပညာရပ်မှာ အင်္ဂဝိဇ္ဇာတိုင်စဉ်တစ်ခုရှိ နဝင်းကြီးလေးကြီးကို အသုံးပြုကာ နှစ်အလိုက်၊ နေ့သားအလိုက် သက်ဆိုင်ရာ နဝင်းကြီးများဖြင့် တိတိကျကျပြုလုပ်ရသော ယတြာအစီအရင်များဖြစ်ပြီး ရိုးရှင်းလှသော်လည်း အလွန်အစွမ်းထက်လှသောအစီအရင်များ ဖြစ်ပါသည်။

**နဝင်းကြီး (၄) ကြီး**




ဤယတြာခန်းများကို အစဉ်အမြဲဆောင်ရွက်သွားခြင်းဖြင့် ဘဝခရီးလမ်းတစ်လျှောက်တွင် ရန်၊ အပြိုင်အဆိုင်များ၊ အနှောင့်အယှက်၊ အတိုက်အခံများ၊ရောဂါဝေဒနာ၊ ဘေးဥပဒ်အန္တရာယ်များ၊ ပြဿနာအမှုကိစ္စများ အစရှိသော အနိဋ္ဌာရုံများမှ ကင်းစင် ကင်းဝေး ကင်းလွတ်ကာ ကျော်စောထင်ရှားအောင်မြင်ခြင်း၊ စီးပွားဥစ္စာ ဒီရေအလား တိုးတက်ခြင်း၊ လာဘ်လာဘရွှင်လန်းခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ အကူအညီအထောက်အပံ့များ များစွာ ရရှိခြင်း အစရှိသော ဣဋ္ဌာရုံ ကောင်းကျိုးအဖြာဖြာတို့ကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားသုံးဆောင်ရမည် ဖြစ်ပါသည်။

**သတိပြုရန်**

၁။ ယတြာများကို အမှတ်စဉ်အတိုင်း တစ်ခုပြီးတစ်ခု ဆောင်ရွက်ပါ။

၂။ 'တစ်လလျှင် (၁)ကြိမ် အနည်းဆုံးထား၍ ဆောင်ရွက်ပါ။'

၃။ ယတြာများကို စေတနာပါပါ ယုံယုံကြည်ကြည်ဖြင့် အလေးအနက်ထား ဆောင်ရွက်ပါ။

၄။ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းရာတွင် အိမ်ဘုရား၊ ဆိုင်ဘုရား၊ တန်ခိုးကြီးဘုရားတစ်ဆူဆူ အဆင်ပြေရာကို ဆက်ကပ် လှူဒါန်းနိုင်ပါသည်။

၅။ ယတြာတစ်ခုပြုပြီးတိုင်း ပြုခဲ့ပြီးသောကုသိုလ်ကို တိုင်တည်၍ သစ္စာဆိုကာ အလိုရှိရာဆုတစ်ဆုတည်းကို (၃)ကြိမ်တောင်းပါ။

ဥပမာ (က) သင်သည် ဂန္ဓမာပန်းများကို ဘုရားရှင်အား ဆက်ကပ်လှူဒါန်းသော ကုသိုလ်ကို ပြုပြင်ပြီးပြီ ဆိုပါစို့။ အေးချမ်းတိတ်ဆိတ်သော တစ်နေရာတွင် ဂန္ဓာမာပန်းများကို ဘုရားရှင်အား လှူဒါန်းခဲ့သည်ကို ပြန်လည်အာရုံပြုကာ 'ကျွန်ုပ်သည် ယခုဘုရားရှင်အား ဂန္ဓမာပန်း (၁၅) ပွင့်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်ုပ်သည် ----- ဖြစ်ပါစေ' ဟု (၃)ကြိမ်တိတိဆိုပြီး ဆုတောင်းပါ။

(ခ) သင်သည် လိပ်များကို အစာကျွေးပြီးပြီဆိုပါစို့။ အေးချမ်းတိတ်ဆိတ်သော တစ်နေရာတွင် လိပ်များအား အစာကျွေးခဲ့သည်များကို ပြန်လည်အာရုံပြုကာ 'ကျွန်ုပ်သည် ယခုလိပ်များကို ကန်စွန်းရွက်များကျွေးခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်ုပ်သည် ---- ဖြစ်ပါစေဟု (၃)ကြိမ်တိတိဆိုပြီး ဆုတောင်းပါ။

၆။ အသက်ကို တွက်ချက်ရာတွင် မွေးလ၊ မွေးနေ့ကို တစ်ရက်ကျော်သည်နှင့် တစ်နှစ်တိုး၍ ယူရမည်။ ဥပမာ အသက် (၂၀)နှစ် ပြည့်ပြီး၍ တစ်ရက်ကျော်သွားသည်နှင့် (၂၁) နှစ်ဟု ယူဆကာ တွက်ချက်ရပါမည်။

**အသက်ကိုတည် (၇) ဖြင့်စားပါ။**

**(၁) ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၈ နှစ်၊ ၁၅ နှစ်၊ ၂၂ နှစ်၊ ၂၉ နှစ်၊ ၃၆ နှစ်၊ ၄၃ နှစ်၊ ၅၀ နှစ်၊ ၅၇ နှစ်၊ ၆၄ နှစ်၊ ၇၁ နှစ်၊ ၇၈ နှစ်၊ ၈၅ နှစ်၊ ၉၂ နှစ် ရောက်ရှိနေသူများအတွက်)



စာရေးသူ (ကျော်လတ်)

# အေးချမ်းကြည်သာ ချမ်းမြေ့ပါစေ

## (တစ်သက်တာအသုံးချယတြာများ)



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများအတွက်**

၁။ အင်္ဂါနေ့ညနေ (၄)နာရီမှ (၆) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

၂။ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁၂) နာရီမှ (၂) နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

၃။ တနင်္လာနေ့နံနက် (၈)နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ကုံ့ကော်၊ ဂန္ဓမာအဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး'ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၂)ပတ် နေ့စဉ် စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ တနင်္လာနေ့ နံနက်(၈)နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ကုံ့ကော်၊ ဂန္ဓမာ အဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ်လှူဒါန်းပါ။

၂။ စနေနေ့ မွန်းလွဲ (၂) နာရီမှ (၄)နာရီအတွင်းတွင် နွား၊ ဒရယ်၊ ဒုက္ခိတ အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး' ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၂)ပတ်နေ့စဉ်စိပ်ပါ။

**အင်္ဂါသားသမီးများ**

၁။ အင်္ဂါနေ့ညနေ (၄)နာရီမှ (၆) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

၂။ သောကြာနေ့ နံနက် (၁၀) နာရီမှ (၁၂)နာရီအတွင်းတွင် ဘုရားရှင်အား သပြေ၊ သစ်ခွ၊ သစ္စာ အဆင်ပြေရာ (၂၁)ညွန့်နှင့် မျိုးမတူ သစ်သီး (၆) မျိုးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'သမ္ဗုဒ္ဓေ'ဂါထာကို သက်စေ့ရွတ်ဖတ် ပူဇော်ပါ။ 'သုဂတော သိဒ္ဓိ' ကို တစ်လုံးချတစ်နေ့လျှင် ပုတီး (၆)ပတ် နေ့စဉ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁၂)နာရီမှ (၂)နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ ကြာသပတေးနေ့ နံနက် (၆) နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့၊ ပိန်း၊ ပျဉ်းမ အဆင်ပြေရာ (၁၉) ပွင့်နှင့် ပန်းသီး (၅)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ပထမံ'ဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

၁။ ကြာသပတေးနေ့ နံနက် (၆) နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့၊ ပိန်း၊ ပျဉ်းမအဆင်ပြေရာ (၁၉)ပွင့်နှင့် ပန်းသီး (၅)လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ ဗုဒ္ဓဟူးနေ့ နေ့လယ် (၁၂)နာရီမှ (၂)နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'ပထမံ'ဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။

**သောကြာသားသမီးများ**

၁။ သောကြာနေ့နံနက် (၁၀) နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား သပြေ၊ သစ်ခွ၊ သစ္စာ အဆင်ပြေရာ (၂၁) ညွန့်နှင့် မျိုးမတူသစ်သီး (၆) မျိုးကို ဆက်ကပ်လှူဒါန်းပါ။

၂။ အင်္ဂါနေ့ညနေ (၄)နာရီမှ (၆) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

တစ်နှစ်လုံး 'သမ္ဗုဒ္ဓေ'ဂါထာကို သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'သုဂတော သိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၆) ပတ် နေ့စဉ်စိပ်ပါ။

**စနေသားသမီးများ**

၁။ စနေနေ့မွန်းလွဲ (၂)နာရီမှ (၄) နာရီအတွင်းတွင် နွား၊ ဒရယ်၊ ဒုက္ခိတ အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

၂။ တနင်္လာနေ့ နံနက်(၈)နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ကုံ့ကော်၊ ဂန္ဓမာ အဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ် လှူဒါန်းပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး' ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၂) ပတ်နေ့စဉ် စိပ်ပါ။

**အသက်ကိုတည် (၇)ဖြင့် စားပါ။**

**(၂) ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၉ နှစ်၊ ၁၆ နှစ်၊ ၂၃ နှစ်၊ ၃၀ နှစ်၊ ၃၇ နှစ်၊ ၄၄ နှစ်၊ ၅၁ နှစ်၊ ၅၈ နှစ်၊ ၆၅ နှစ်၊ ၇၂ နှစ်၊ ၇၉ နှစ်၊ ၈၆ နှစ်၊ ၉၃ နှစ် ရောက်ရှိနေသူများအတွက်)

**တနင်္ဂနွေသားသမီးများအတွက်**

၁။ တနင်္ဂနွေနေ့ မွန်းလွဲ (၂) နာရီမှ (၄)နာရီအတွင်း ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။

၂။ အင်္ဂါနေ့နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဇိနော မယှံ ဇယံဒေတု' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၃)ပတ်နေ့စဉ်စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီမှ (၆)နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ ကြာသပတေးနေ့ နေ့လယ် (၁၂)နာရီမှ (၂)နာရီအတွင်းတွင် ဘဲ၊ ဖွဲ မျောက် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြေပြင်



www.burmeseclassic.com

www.burmeseclassic.com

မြက်နုတ်ခြင်းတို့ကို ဆောင်ရွက်ပါ။

၃။ အင်္ဂါနေ့နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဇိနော မယုံ ဇယံဒေတု' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီ (၃) ပတ် နေ့စဉ်စိပ်ပါ။

**အင်္ဂါသားသမီးများ**

၁။ အင်္ဂါနေ့နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃)လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ တနင်္ဂနွေနေ့ မွန်းလွဲ (၂) နာရီမှ (၄)နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။ (သို့) အုတ်ကျိုးများ လမ်းခင်းပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဇိနော မယုံ ဇယံဒေတု'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီ (၃)ပတ် နေ့စဉ် စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီမှ (၆)နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ စနေနေ့ နံနက်(၁၀)နာရီမှ (၁၂)နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက်(၇)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီ ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'နမောဗုဒ္ဓါယ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇)ပတ် နေ့စဉ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

၁။ ကြာသပတေးနေ့ နေလယ် (၁၂)နာရီမှ (၂)နာရီအတွင်းတွင် ဘဲ၊ ပူး၊ မျောက် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြေဖို့ခြင်း၊ မြက်နုတ်ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ သောကြာနေ့နံနက် (၆)နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား သပြေ၊ သစ်ခွ၊ သစ္စာ အဆင်ပြေရာ (၂၁) ညွန့်နှင့် မျိုးမတူသစ်သီး (၆)မျိုးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'သမ္ဗုဒ္ဓေ' ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'သုဂတောသိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် (၆) ပတ် နေ့စဉ်စိပ်ပါ။

**စနေသားသမီးများ**

၁။ စနေနေ့ နံနက် (၁၀) နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက် (၇) လုံးကို ဆက်ကပ်လှူဒါန်းပါ။

၁။ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီ ဂါထာကို နေ့စဉ်သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'နမောဗုဒ္ဓါယ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇) ပတ် နေ့စဉ်စိပ်ပါ။

**အသက်တည် (၇)ဖြင့် စားပါ။**

**(၃) ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၁၀ နှစ်၊ ၁၇ နှစ်၊ ၂၄ နှစ်၊ ၃၁နှစ်၊ ၃၈ နှစ်၊ ၄၅ နှစ်၊ ၅၂ နှစ်၊ ၅၉ နှစ်၊ ၆၆ နှစ်၊ ၇၃ နှစ်၊ ၈၀ နှစ်၊ ၈၇ နှစ်၊ ၉၄ နှစ် ရောက်ရှိနေသူများအတွက်)

**တနင်္ဂနွေသားသမီးများ**

၁။ တနင်္ဂနွေနေ့နံနက် (၁၀)နာရီမှ (၁၂)နာရီအတွင်းတွင် အိမ်ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အက်စတာ အဆင်ပြေရာ (၆)ပွင့်နှင့် အာလူးကြော် တစ်ပန်းကန်ကို ဆက်ကပ်လှူဒါန်းပါ။

၂။ ကြာသပတေးနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဘဲ၊ ပူး၊ မျောက် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြက်နုတ်ခြင်း၊ မြေဖို့ခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'အောင်စကြာ'မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'အရဟံသိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ တနင်္လာနေ့မွန်းလွဲ (၂)နာရီမှ (၄)နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွက်လှ အဆင်ပြေရာ (၁၇)ညွန့်နှင့် လိမ္မော်သီး (၄)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဝစကြာ'ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဝရဒေါ ဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၄)ပတ် နေ့စဉ်စိပ်ပါ။

**အင်္ဂါသားသမီးများ**

၁။ ကြာသပတေးနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဘဲ၊ ပူး၊ မျောက် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြက်နုတ်ခြင်း၊ မြေဖို့ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ သောကြာနေ့ နေလယ် (၁၂) နာရီမှ (၂) နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋီရေဆေးပါ။

၃။ ဗုဒ္ဓဟူးနေ့ နံနက် (၈)နာရီမှ (၁၀)နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွက်လှ အဆင်ပြေရာ (၁၇)ညွန့်နှင့် လိမ္မော်သီး (၄)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဝစကြာ' ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဝရဒေါ ဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၄)ပတ် နေ့စဉ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွက်လှ အဆင်ပြေရာ (၁၇) ညွန့်နှင့် လိမ္မော်သီး (၄) လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ တနင်္လာနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းလှူဒါန်းခြင်းကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'ဝစကြာဂါထာ' ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဝရဒေါ ဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၄) ပတ်နေ့စဉ်စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

၁။ ကြာသပတေးနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဘဲ၊ ပူး၊ မျောက်အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြက်နုတ်ခြင်း၊ မြေဖို့ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ တနင်္ဂနွေနေ့ နံနက် (၁၀)နာရီမှ (၁၂) နာရီအတွင်းတွင် အိမ်ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အက်စတာ အဆင်ပြေရာ (၆) ပွင့်နှင့် အာလူးကြော် တစ်ပန်းကန်ကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'အောင်စကြာ' မန္တန်ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'အရဟံသိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**သောကြာသားသမီးများ**

၁။ သောကြာနေ့နံနက် နေ့လယ် (၁၂) နာရီမှ (၂)နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋ္ဌိရေဆေးပါ။

၂။ စနေ့နေ့ နံနက် (၆) နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက် (၇) လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီ ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'နမောဗုဒ္ဓဿ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇)ပတ် နေ့စဉ်စိပ်ပါ။

**စနေသားသမီးများ**

၁။ စနေနေ့နံနက် (၆)နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက်(၇)လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ သောကြာနေ့ နေ့လယ် (၁၂) နာရီမှ (၂)နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋ္ဌိရေဆေးပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီ ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'နမောဗုဒ္ဓဿ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇) ပတ် နေ့စဉ်စိပ်ပါ။

**အသက်တည် (၇) ဖြင့် စားပါ။**

**(၄)ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၁၁ နှစ်၊ ၁၈ နှစ်၊ ၂၅ နှစ်၊ ၃၂ နှစ်၊ ၄၆ နှစ်၊ ၅၃ နှစ်၊ ၆၀ နှစ်၊ ၆၇ နှစ်၊ ၇၄ နှစ်၊ ၈၁ နှစ်၊ ၉၅ နှစ် ရောက်ရှိနေသူများအတွက်)

**တနင်္ဂနွေသားသမီးများ**

၁။ တနင်္ဂနွေနေ့နံနက် (၁၀)နာရီမှ (၁၂)နာရီအတွင်းတွင် အိမ်ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အက်စတာ အဆင်ပြေရာ (၆)ပွင့်နှင့် အာလူးကြော် တစ်ပန်းကန်ကို ဆက်ကပ်လှူဒါန်းပါ။

၂။ စနေနေ့ နေ့လယ် (၁၂)နာရီမှ (၂)နာရီအတွင်းတွင် နွား၊ ဒရယ်၊ ဒုက္ခိတ အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

တစ်နှစ်လုံး 'အောင်စကြာ'မန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'အရဟံ သိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ တနင်္လာနေ့ နံနက်(၁၀)နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား ကံ့ကော်၊ ဂန္ဓမာ အဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ်လှူဒါန်းပါ။

၂။ သောကြာနေ့နံနက် ညနေ(၄) နာရီမှ (၆) နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋ္ဌိရေဆေးပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး' ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၂) ပတ် နေ့စဉ်စိပ်ပါ။

**အင်္ဂါသားသမီးများ**

၁။ အင်္ဂါနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

၂။ ကြာသပတေးနေ့ နံနက် (၈) နာရီမှ (၁၀)နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့၊ ပိန်းပန်း အဆင်ပြေရာ (၁၉) ပွင့်နှင့် ပန်းသီး (၅) လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ပထမံ'ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ သောကြာနေ့ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋ္ဌိရေဆေးပါ။

၂။ စနေနေ့ နေ့လယ်(၁၂)နာရီမှ (၂)နာရီအတွင်းတွင် နွား၊ ဒရယ်၊ ဒုက္ခိတ အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

၃။ ကြာသပတေးနေ့ နံနက် (၈) နာရီမှ (၁၀)နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့၊ ပိန်း၊ ပျဉ်းမအဆင်ပြေရာ (၁၉)ပွင့်နှင့် ပန်းသီး (၅)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ပထမံ'ဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

၁။ ကြာသပတေးနေ့ နံနက် (၈) နာရီမှ (၁၀)နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့၊ ပိန်း၊ ပျဉ်းမ အဆင်ပြေရာ (၁၉)ပွင့်နှင့် ပန်းသီး (၅)လုံးကို ဆက်ကပ်လှူဒါန်းပါ။

၁။ အင်္ဂါနေ့ မွန်းလွဲ (၂)နာရီမှ (၄) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

တစ်နှစ်လုံး 'ပထမံ'ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။

**သောကြာသားသမီးများ**

၁။ သောကြာနေ့ညနေ (၄)နာရီမှ (၆)နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋ္ဌိရေဆေးပါ။

၂။ တနင်္လာနေ့ နံနက်(၁၀)နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား ကံ့ကော်၊ ဂန္ဓမာ အဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး' ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဒုတိ



www.burmeseclassic.com

www.burmeseclassic.com

ယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၂)ပတ် နေ့စဉ် စိပ်ပါ။

**စနေသားသမီးများ**

၁။ စနေနေ့ နေ့လယ် (၁၂)နာရီမှ (၂)နာရီအတွင်း ဒုက္ခိတ၊ နွား၊ ဒရယ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

၂။ တနင်္ဂနွေနေ့နံနက် (၁၀)နာရီမှ (၁၂)နာရီအတွင်းတွင် အိမ်ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အင်္ကစတာ အဆင်ပြေရာ (၆) ပွင့်နှင့် အာလူးကြော် တစ်ပန်းကန်ကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'အောင်စကြာ'မန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'အရဟံ သိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**အသက်ကိုတည် (၇) ဖြင့် စားပါ။**

**(၅) ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၁၂ နှစ်၊ ၁၉ နှစ်၊ ၂၆ နှစ်၊ ၃၃ နှစ်၊ ၄၀ နှစ်၊ ၄၇ နှစ်၊ ၅၄ နှစ်၊ ၆၁ နှစ်၊ ၆၈ နှစ်၊ ၇၅ နှစ်၊ ၈၂ နှစ်၊ ၈၉ နှစ်၊ ၉၆ နှစ် ရောက်ရှိနေသူများအတွက်)

**တနင်္ဂနွေသားသမီးများ**

၁။ တနင်္ဂနွေနေ့ နေ့လယ် (၁၂) နာရီ မှ (၂) နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။

၂။ တနင်္လာနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်အား ကံ့ကော်၊ ဂန္ဓမာ အဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး' ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၂)ပတ် နေ့စဉ် စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ တနင်္လာနေ့ နံနက်(၆)နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား ကံ့ကော်၊ ဂန္ဓမာ အဆင်ပြေရာ (၁၅)ပွင့်နှင့် ကိတ်မုန့် (၂)ခုကို ဆက်ကပ်လှူဒါန်းပါ။

၂။ တနင်္ဂနွေနေ့ နေ့လယ် (၁၂) နာရီ မှ (၂)နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။

တစ်နှစ်လုံး 'ဂုဏ်တော်ကိုးပါး' ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၂) ပတ်နေ့စဉ် စိပ်ပါ။

**အင်္ဂါသားသမီးများ**

၁။ အင်္ဂါနေ့နံနက် (၁၀) နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃)လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ စနေနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဒုက္ခိတ၊ နွား၊ ဒရယ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဇိနော မယှံ ဇယံ ဒေတု' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၃)ပတ် နေ့စဉ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ သောကြာနေ့နံနက် (၈)နာရီမှ (၁၀)နာရီအတွင်းတွင် ဘုရားရှင်အား သပြေ၊ သစ်ခွ၊ သစ္စာ အဆင်ပြေရာ (၂၁)ညွန့်နှင့် မျိုးမတူသစ်သီး (၆)မျိုးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'သမ္ဗုဒ္ဓေ' ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'သုဂတော သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် (၆) ပတ် နေ့စဉ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

၁။ စနေနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဒုက္ခိတ၊ နွား၊ ဒရယ်အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေးတစ်ခုခုကို လှူဒါန်းပါ။

၂။ တနင်္ဂနွေနေ့ နေ့လယ် (၁၂) နာရီ မှ (၂) နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။ (သို့) အုတ်ကျိုးများလမ်းခင်းပါ။

၃။ သောကြာနေ့နံနက် (၈)နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား သပြေ၊ သစ်ခွ၊ သစ္စာ အဆင်ပြေရာ (၂၁) ညွန့်နှင့် မျိုးမတူသစ်သီး (၆) မျိုးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'သမ္ဗုဒ္ဓေ' ဂါထာကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'သုဂတောသိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် (၆) ပတ် နေ့စဉ်စိပ်ပါ။

**သောကြာသားသမီးများ**

၁။ သောကြာနေ့နံနက် (၈)နာရီမှ (၁၀)နာရီအတွင်းတွင် ဘုရားရှင်အား သပြေ၊ သစ်ခွ၊ သစ္စာ အဆင်ပြေရာ (၂၁) ညွန့်နှင့် မျိုးမတူသစ်သီး (၆)မျိုးကို ဆက်ကပ်လှူဒါန်းပါ။

၂။ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် ရေမြောင်းဖော်ခြင်း၊ ရေညှိခွာခြင်း၊ လမ်းပြင်ခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'သမ္ဗုဒ္ဓေ' ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'သုဂတော သိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် (၆) ပတ် နေ့စဉ်စိပ်ပါ။

**စနေသားသမီးများ**

၁။ စနေနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဒုက္ခိတ၊ နွား၊ ဒရယ် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းကို ထင်း၊ တံမြက်စည်း၊ မီးသွေး တစ်ခုခုကို လှူဒါန်းပါ။

၂။ အင်္ဂါနေ့နံနက် (၁၀) နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဇိနော မယှံ ဇယံ ဒေတု' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီ (၃) ပတ် နေ့စဉ် စိပ်ပါ။

**အသက်ကိုတည် (၇)ဖြင့် စားပါ။**

**(၆) ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၁၃ နှစ်၊ ၂၀ နှစ်၊ ၂၇ နှစ်၊ ၃၄ နှစ်၊ ၄၁ နှစ်၊ ၄၈ နှစ်၊ ၅၅ နှစ်၊ ၆၂ နှစ်၊ ၆၉ နှစ်၊ ၇၆ နှစ်၊ ၈၃ နှစ်၊ ၉၀ နှစ်၊ ၉၇ နှစ် ရောက်ရှိနေသူများအတွက်)

**တနင်္ဂနွေသားသမီးများ**

၁။ တနင်္ဂနွေနေ့ ညနေ (၄) နာရီ



www.burmeseclassic.com

www.burmeseclassic.com

မှ (၆) နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။ (သို့) အုတ်ကျိုးများ လမ်းခင်းပါ။

၂။ ဗုဒ္ဓဟူးနေ့ နံနက် (၁၀) နာရီမှ (၁၂) နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွှက်လှ အဆင်ပြေရာ (၁၇)ညွန့်နှင့် လိမ္မော်သီး (၄)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဝစကြာ'ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဝရဒေါဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၄) ပတ် နေ့စဉ်စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ တနင်္လာနေ့ နေ့လယ်(၁၂) နာရီမှ (၂) နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ အင်္ဂါနေ့နံနက် (၆) နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဇိနော မယုံ ဇယံ ဒေတု'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီ (၃) ပတ် နေ့စဉ် စိပ်ပါ။

**အင်္ဂါသားသမီးများ**

၁။ အင်္ဂါနေ့နံနက် (၆) နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား ဇီဇဝါ၊ ဇလပ်၊ စံပယ် အဆင်ပြေရာ (၈) ပွင့်/ကုံးနှင့် ဆီးသီး (၃) လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ တနင်္လာနေ့ နေ့လယ် (၁၂) နာရီမှ (၂) နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'စိန္တာမဏိ' မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ပါ။ 'ဇိနော မယုံ ဇယံဒေတု' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီ (၃) ပတ် နေ့စဉ် စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ နံနက် (၁၀) နာရီမှ (၁၂)နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွှက်လှ အဆင်ပြေရာ (၁၇)ညွန့်နှင့် လိမ္မော်သီး (၄)လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ တနင်္ဂနွေနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။ (သို့) အုတ်ကျိုးများ လမ်းခင်းပါ။

တစ်နှစ်လုံး 'ဝစကြာ'ဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဝရဒေါ ဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၄) ပတ် နေ့စဉ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

၁။ ကြာသပတေးနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် ဘဲ၊ ပူး၊ မျောက် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြေဖို့ခြင်း၊ မြက်နုတ်ခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ စနေနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက် (၇) လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'နမောဗုဒ္ဓဿ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇) ပတ် နေ့စဉ်စိပ်ပါ။

**သောကြာသားသမီးများ**

၁။ တနင်္ဂနွေနေ့ ညနေ (၄) နာရီမှ (၆) နာရီအတွင်းတွင် ဦးခေါင်းမကောင်းသူ၊ အ,နေသောသူတို့ကို အစားအစာကျွေးမွေးပါ။ (သို့) အုတ်ကျိုးများ လမ်းခင်းပါ။

၂။ တနင်္လာနေ့ နေ့လယ် (၁၂) နာရီမှ (၂) နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

၃။ စနေနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက်(၇)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီဂါထာကို နေ့စဉ်သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'နမောဗုဒ္ဓဿ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇)ပတ်နေ့စဉ် စိပ်ပါ။

**စနေသားသမီးများ**

၁။ စနေနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား နှင်းဆီ၊ ဒေလီယာ အဆင်ပြေရာ (၁၀) ပွင့်နှင့် ထန်းလျက် (၇) လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ ကြာသပတေးနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် ဘဲ၊ ပူး၊ မျောက် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ဘုန်းကြီးကျောင်းတွင် မြေဖို့ခြင်း၊ မြက်နုတ်ခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'ဒိဝါတပတိ' အစချီဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'နမောဗုဒ္ဓဿ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၇)ပတ် နေ့စဉ်စိပ်ပါ။

**အသက်ကိုတည် (၇)ဖြင့် စားပါ။**

**(၀)ကြွင်းသောနှစ်တွင် ပြုလုပ်ရမည့် ယတြာများ -**

(၇ နှစ်၊ ၁၄ နှစ်၊ ၂၁ နှစ်၊ ၂၈နှစ်၊ ၃၅ နှစ်၊ ၄၂ နှစ်၊ ၄၉ နှစ်၊ ၅၆ နှစ်၊ ၆၃ နှစ်၊ ၇၀ နှစ်၊ ၇၇ နှစ်၊ ၈၄ နှစ်၊ ၉၁ နှစ် ရောက်ရှိနေသူများအတွက်)

**တနင်္ဂနွေသားသမီးများ**

၁။ တနင်္ဂနွေနေ့နံနက် (၈) နာရီမှ (၁၀)နာရီအတွင်းတွင် အိမ်ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အက်စတာ အဆင်ပြေရာ (၆) ပွင့်နှင့် အာလူးကြော် တစ်ပန်းကန်ကို ဆက်ကပ်လှူဒါန်းပါ။

၂။ သောကြာနေ့မွန်းလွဲ(၂)နာရီမှ (၄)နာရီအတွင်းတွင် ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋ္ဌိရေချေးပါ။

တစ်နှစ်လုံး 'အောင်စကြာ'မန္တန်ကို နေ့စဉ်သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'အရဟံသိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**တနင်္လာသားသမီးများ**

၁။ တနင်္လာနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ ကြာသပတေးနေ့ နံနက် (၁၀) နာရီမှ (၁၂)နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့၊ ပိန်းပန်း အဆင်ပြေရာ (၁၉) ပွင့်နှင့် ပန်းသီး (၅) လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ပထမံ' ဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

၁။ အင်္ဂါနေ့ နေ့လယ် (၁၂)နာရီမှ (၂) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

၂။ ဗုဒ္ဓဟူးနေ့ နံနက် (၆)နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွက်လှ အဆင်ပြေရာ (၁၇)ညွန့်နှင့် လိမ္မော်သီး (၄)လုံးကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'ဝစကြာ'ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဝရဒေါ ဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၄) ပတ် နေ့စဉ်စိပ်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

၁။ ဗုဒ္ဓဟူးနေ့ နံနက် (၆) နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်အား ရွှေပန်း၊ ရွက်လှ အဆင်ပြေရာ (၁၇) ညွန့်နှင့် လိမ္မော်သီး (၄) လုံးကို ဆက်ကပ်လှူဒါန်းပါ။

အင်္ဂါနေ့ နေ့လယ် (၁၂) နာရီမှ (၂) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

တစ်နှစ်လုံး 'ဝစကြာ'ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။ 'ဝရဒေါ ဒေတု မေ ဝရံ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၄)ပတ် နေ့စဉ်စိပ်ပါ။

**ကြာသပတေးသားသမီးများ**

၁။ ကြာသပတေးနေ့ နံနက် (၁၀) နာရီမှ (၁၂)နာရီအတွင်းတွင် ဘုရားရှင်အား မေမြို့ ပိန်းပန်း အဆင်ပြေရာ (၁၉) ပွင့်နှင့် ပန်းသီး (၅) လုံးကို ဆက်ကပ်လှူဒါန်းပါ။

၂။ တနင်္လာနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

တစ်နှစ်လုံး 'ပထမံ'ဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'ဗုဒ္ဓေါ သိဒ္ဓိ'ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး(၅) ပတ် နေ့စဉ်စိပ်ပါ။

**သောကြာသားသမီးများ**

၁။ သောကြာနေ့ မွန်းလွဲ (၂)နာရီမှ (၄) နာရီအတွင်းတွင် ခန္ဓာကိုယ် အောက်ပိုင်းမကောင်းသူ၊ သမင်၊ သိုး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) သဲလမ်းခင်းပါ။ ကုဋီရေဆေးပါ။

၂။ တနင်္ဂနွေနေ့နံနက် (၈) နာရီမှ (၁၀)နာရီအတွင်းတွင် အိမ်ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အက်စတာ အဆင်ပြေရာ (၆) ပွင့်နှင့် အာလူးကြော်တစ်ပန်းကန်ကို ဆက်ကပ် လှူဒါန်းပါ။

တစ်နှစ်လုံး 'အောင်စကြာ'မန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'အရဟံ သိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**စနေသားသမီးများ**

၁။ တနင်္လာနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ကျီးကန်း၊ ခို၊ ခွေး အဆင်ပြေရာကို အစာကျွေးပါ။ (သို့) ကျောက်ခဲလမ်းခင်းခြင်း၊ ကျောက်ပြားခင်းခြင်းတို့ကို ဆောင်ရွက်ပါ။

၂။ အင်္ဂါနေ့ နေ့လယ် (၁၂)နာရီမှ (၂) နာရီအတွင်းတွင် စာကလေး၊ ဆိတ်၊ စင်ရော် အဆင်ပြေရာကို အစာကျွေးပါ။ (သို့) နွမ်းပါးသူများကို ဆန်၊ ဆီ၊ ဆေး လှူပါ။

၃။ တနင်္ဂနွေနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုရားရှင်အား အုန်းညွန့်/ဖူး၊ အက်စတာ အဆင်ပြေရာ (၆) ပွင့်နှင့် အာလူးကြော်တစ်ပန်းကန်ကို ဆက်ကပ်လှူဒါန်းပါ။

တစ်နှစ်လုံး 'အောင်စကြာ'မန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ 'အရဟံ သိဒ္ဓိ' ကို တစ်လုံးချ တစ်နေ့လျှင် ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပါ။

**ဂါထာမန္တန်များ**

**အောင်စကြာမန္တန်**

ဥုံ- မဟာဒယံ မဟာပညံ၊
မဟာတေဇံ မဟာဝီရံ၊
ဂုဏာလယံ ကတပုညံ၊
ဓမ္မရာဇံ နမေ ဇိနံ။

**ဂုဏ်တော်ကိုးပါး**

ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

**စိန္တာမဏိမန္တန်**

(၁) စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝသမိဇ္ဈတု။

(၂) စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

(၃) စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

**ဝစကြာဂါထာ**

ဝရ - ဗုဒ္ဓေါ၊ ဝရ - ဓမ္မော၊ ဝရ - သံဃော။
ဝရိယသရော၊ ဝရစေတော၊ ဝရံ ဒေတု။
ဝရေဟိမေ၊ ဝရံ ဝရံ။

**ပထမံဂါထာတော်**

ပထမံ သကလက္ခဏာ မေကပဒံ၊
ဒုတိယာဒိ ပဒသ နဒဿနတော၊
သ, မ, နိ, ဒု, နိ, မာ၊ သ, မ, ဒု၊
သ, နိ, ဒု၊ ကမတော ဝိဘဇေ
ပထမေန ဝိနာ။

**သမ္ဗုဒ္ဓေဂါထာ**

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**သမ္ဗဓယမင်္ဂလာဂါထာတော်**

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ။
ဈာယီ တပတိ ဗြာဟ္မဏော။ ။

(၂) အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။ ။

ကောင်းမှု အကြောင်းပြု
တောင်းဆုပြည့်ပါစေ

သုခစုံ (ကိုကြံသာ)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် အဝဖြစ်စဉ်များ



**CAPRICORN**
DECEMBER 22ND - JANUARY 19TH

## Capricorn (The Goat)

မကာရရာသီ (ဆိတ်)

**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၀) ရက် အတွင်း မွေးဖွားသူများ**

အလုပ်အကိုင်၊ မိခင်နှင့် ပတ်သက်၍ဖော်ပြသည်။ ပထဝီ (မြေဓာတ်) ကို ကိုယ်စားပြု၍ ရာသီရုပ်မှာ ဆိတ်ဖြစ်သည်။ စိတ်ရှုးပေါက်သလိုလုပ်ကိုင်ဆောင်ရွက်တတ်ခြင်း၊ စိတ်အပြောင်းအလဲမြန်ဆန်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းနှင့် ဩဇာရှိန်ဝါကြီးမားမှုအပေါ် လိုလားသည့် သဘောလက္ခဏာများကို ကိုယ်စားပြု ဖော်ပြသည်။ အပျော်အပါးနှင့် စည်းစိမ်အပေါ် လိုက်စား(ယစ်မူး)တတ်သည်။ လောကဓံ၏ လက်ရည်စမ်းမှုကို ခံရတတ်သည်။ အခန်းထောင့်တစ်နေရာရှိ ပင့်ကူတစ်ကောင်၏ တိတ်ဆိတ်လျှို့ဝှက်စွာ ဗျူဟာခင်းလျက် ၎င်း၏ သားကောင်အား ဖမ်းဆီးရမိရန် ကြိုးစားနေပုံကို ပမာထား၍ လေ့လာ ဆည်းပူးပါ။ မိမိကြိုတင်စီမံထားသော အကွက်အတွင်းသို့ ဝင်ရောက်ငြိတွယ်လာသူမှန်သမျှအား မလွတ်စတမ်းဖမ်းမိနိုင်စေရန် စိတ်ရှည် သည်းခံ အချိန်ပေး၍ စောင့်ကြည့်နေရပေမည်။

မကာရရာသီဖွားတို့၏ စရိုက်လက္ခဏာကား အပူအပင်ကင်းလျက် လွတ်လပ်စွာမနေနိုင်သူများပင် ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းရာသီဖွားများသည် အချိန်မရွေး ပေါ်ပေါက်လာနိုင်သည့် ယှဉ်ပြိုင်မှုအမျိုးမျိုး စိန်ခေါ်မှုအမျိုးမျိုးအတွက် ကြိုတင်ပြင်ဆင်ထားလေ့ရှိသည်။

မကာရရာသီဖွားများသည် အများအားဖြင့် ခန္ဓာကိုယ်တည်ဆောက်ပုံတောင့်တင်း သန်မာတတ်ကြသည်။ တချို့ကလည်း ကောက်ကွေးသောရွှေရောင်ဆံပင်နှင့် ပြာသောမျက်လုံးကို ပိုင်ဆိုင်ထားကြသည်။ တချို့မှာ ညိုမှောင်သောအသားအရေရှိကြသည်။ရှူးဖိနပ်အပါးကို ဝတ်ဆင်တတ်ကြသည်။ ခြေထောက်များ သန်မာကြသည်။ လက်ဝဲစွန်း (သို့) လက်ယာစွန်းတစ်ဖက်ဖက်ဆီသို့ အစွန်းမရောက်တတ်ကြသူ အလယ်အလတ်ဝါဒီသမားများ ဖြစ်ကြသည်။ မျက်လုံးများ၏လှုပ်ရှားမှုသည် တစ်နေရာတည်း၌ အသေမထားတတ်ကြပေ။ တစ်ခါတစ်ရံ၌ မိမိရည်မှန်းချက်များကို သိုသိပ်လျှို့ဝှက်ထားရန် မေ့လျော့တတ်ကြသည်။

မကာရရာသီဖွား လူကြီးပိုင်းများထက် လူငယ်ပိုင်းများက အရာရာကို စိန်ခေါ်ဝံ့ကြသူများဖြစ်သည်။ ၎င်းရာသီဖွားများသည် နှာတံဖြောင့်စင်းတတ်ကြသည်။ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်တတ်ကြသည်။ ၎င်းရာသီဖွားတို့အတွက် ကံကောင်းခြင်းများက အခွင့်အရေးတစ်ရပ်အနေဖြင့် တံခါးနှစ်ခါလာမခေါက်တတ်ပေ။အခွင့်အရေးပေးသည်နှင့် အမိအရ ဆုပ်ကိုင်ထားနိုင်ဖို့သာ အရေးကြီးသည်။ မကာရရာသီဖွားတို့ကိုယ်တိုင်ကလည်း အခွင့်အရေးက တံခါးလာခေါက်သံကို (တံခါးကိုမှီ၍) နားစွင့်စောင့်ဆိုင်းနေတတ်ကြသည်။ အသက်အရွယ်ကြီးရင့်မှုရှိလာသည်နှင့် ၎င်းရာသီဖွားများ ကျန်းမာရေး ချို့တဲ့လာတတ်ကြသည်။ အထူးသဖြင့် ရောဂါပိုးမွှားကြောင့်ဖြစ်သည်ထက် စိုးရိမ်ပူပန်သောကများကြောင့် ရောဂါဖြစ်ပွားမှုကို ဖြစ်တတ်သည်။ ထိုသို့သော အခြေအနေဆိုးများမှ ရှောင်ရှားနိုင်ရန် ပုံမှန်အားကစားတစ်ရပ် လေ့ကျင့်ပေးသင့်သည်။ အစားအသောက် မှားယွင်းမှုကြောင့် ဝမ်းဗိုက်ဆိုင်ရာပြဿနာပေါ်တတ်ပြီး စိတ်ဖိစီးမှုကြောင့်လည်း ဖြစ်တတ်ကြောင်း ကြိုတင် သိရှိပြီး ဆင်ခြင်သင့်ပါသည်။ လှပညီညာ၍ ဖြူဖွေးသောသွားများကို ပိုင်ဆိုင်တတ်ကြသည်။ သို့သော်လည်း ၎င်းလှပသောသွားများ ပိုးစားခြင်းကြောင့် သွားဆရာဝန်ထံသို့ မကြာခဏ သွားရောက်ပြသရတတ်သည်။ တစ်ခါတစ်ရံ ယားနာပေါက်ခြင်း၊ အရေပြားအပေါ် အစက်အပြောက်များ ထွက်လာခြင်း၊ အဖုအကျိတ်များ ပေါ်လာခြင်းများနှင့် ကြုံတွေ့ရတတ်သည်ကို ကြိုတင် သတိချပ်ရပါမည်။

**မကာရရာသီဖွား(အမျိုးသား)**

မိမိကိုယ်မိမိ (ကိုယ့်နည်းကိုယ့်ဟန်ဖြင့်) လုံခြုံမှုအပြည့်ရှိအောင် ကာကွယ်ထားတတ်ကြသည်။ရှက်တတ်သည့်သဘောရှိသော်လည်း စိတ်ရှူးပေါက် လျှင်ပေါက်သလို ခက်ထန်ကြမ်းတမ်းတတ်သည်။ အများအားဖြင့် နှစ်လိုဖွယ် အပြုံးဖြင့် ရင်းနှီးစွာဆက်ဆံတတ်ပြီး စိတ်အတွင်း၌ကြီးမားသောရည်မှန်းချက်ထားရှိတတ်သည်။ မကာရရာသီဖွား အမျိုးသားတိုင်းလိုလို တစ်ဦးတည်း အထီးကျန်နေရခြင်းကို မလိုလားကြပေ။ ၎င်းတို့အပေါ် လိုလိုလားလား ချီးမြှင့်မြှောက်စားနေရာပေးခြင်းကို လိုလားကြသည်။ စိတ်လှုပ်ရှားမှုများစွာပါသော (သို့) စွန့်စားမှုပါသောအလုပ်ကိစ္စတိုင်းကို စိတ်ပါဝင်စားစွာ လုပ်ကိုင်လိုကြသည်။

မကာရရာသီဖွားများသည် ပြီးပြည့်စုံခြင်းလုံးဝမရှိဘဲ မရပ်တည်နိုင်ကြသည့်ပုံ ဟန်ဆောင်တတ်ကြသည်။ သို့သော် မထင်မှတ်သည့်တစ်ချိန်ချိန်တွင် မိသားစုသံယောဇဉ် အနှောင်အဖွဲ့မှပင် ရုန်းထွက်သွားတတ်ကြသည်ကို တွေ့ရသည်။

အိမ်ထောင်ရေးအပိုင်းတွင် ၎င်းရာသီဖွားများအဖို့ ခိုင်မြဲမှုရှိကြ၏။ မကာရရာသီဖွား၏ဇနီးဖြစ်သူမှ အခွင့်အရေးနှစ်ခါမပေးတတ်သည့်အလျောက် ၎င်းရာသီဖွားအမျိုးသားများ အမှားမကျူးလွန်မိစေရန် ဂရုပြုရပါမည်။

**မကာရရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားအမျိုးသမီးများသည် အများအားဖြင့် ရာဇဝင်တွင်လောက်အောင် အိမ်ထောင်လစ်ဟင်းသူများ ဖြစ်ကြသည်။ အချစ်ရေးကိစ္စတွင် လည်းကောင်း၊ အိမ်ထောင်ရေးတွင် လည်းကောင်း အလေးအနက် အတည်တကျမထားတတ်ပေ။ ဒုတိယရွေးချယ်မှု အဆင့်၌သာ ထားရှိတတ်သည်။ လူအများ၏ ကြည်ညိုလေးစားခြင်းခံရမှု ဩဇာရှိန်ဝါကြီးမြင့်မှုနှင့် လုံခြုံစိတ်ချရမှု ရှိရေးတို့အတွက် လိုလိုလားလား ကြိုးစားရယူတတ်သည်။ ကုမ္ပဏီကြီးတစ်ခု၏ အမှုဆောင်ဒါရိုက်တာအဖြစ် လည်းကောင်း၊ ကျောင်းဆရာ, ဆရာများ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် လည်းကောင်း ရပ်တည်လိုကြသည်။ ၎င်းအပြင် အနုပညာရပ်များ၌လည်း ကျွမ်းကျင်လိမ္မာမှုရှိကြသည်။

မကာရရာသီဖွားအမျိုးသမီးများသည် အိမ်ထောင်ရေးအတွက် ၎င်းတို့ရပ်တည်ရှင်သန်နေသော အလုပ်အကိုင်အား မထိခိုက်စေလိုကြပေ။ သူမ(တို့)နှင့် ထိတွေ့ဆက်ဆံခွင့်ရသော အမျိုးသားတို့အနေဖြင့် သူမတို့၏ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို လေ့လာတွေ့ရှိနိုင်သည်။


အချို့မှာ အတိတ်ကာလမှအဖြစ်အပျက်များအပေါ် ပြန်ပြောင်းတွေးတောသတိရလျက်ရှိမိခြင်း၊ လက်ရှိကာလတွင် စိုးရိမ်ပူပန်တတ်ခြင်းနှင့် အနာဂတ်တွင်ရင်ဆိုင်ရမည့် အခြေအနေများအတွက် ကြိုတင် ကြောက်အားပိုနေတတ်သော စရိုက်လက္ခဏာလည်း ရှိတတ်ကြသည်။ မကာရအမျိုးသမီးများတွင် သာမန်ထက် ဆွဲဆောင်မှုရှိသော လက္ခဏာများကို တွေ့ရသည်။

နှလုံးသားမာကျောသူများဟု ဆိုကြသော်လည်း သူမ၏ မိသားစုအရေးအတွက် စွန့်လွှတ်အနစ်နာခံရမှုများကနူးညံ့မှုကို ပြသနေပါသည်။ မကာရရာသီဖွားအမျိုးသမီးတို့၏ ပင်ကိုသဘာဝအရ တာဝန်သိမှု၊ တာဝန်ယူရဲမှု၊ ကျေပွန်အောင်ထမ်းဆောင်နိုင်မှုတို့က သူမ(တို့) အား သက်ဆိုင်ရာလောကအသိုင်းအဝန်းမှ အလွယ်တကူ ရှုန်းထွက်လွတ်မြောက်ခွင့် မပေးတတ်ပေ။ အရည်အချင်းပြည့်ဝပြီးသူများပီပီ အမျိုးသမီးများနှင့်သာဆိုင်သော အဖွဲ့အစည်းများ၌ ခေါင်းဆောင်အကြီးအကဲအဖြစ် တာဝန်ပေးခြင်းခံရလေ့ရှိသည်။

မကာရရာသီဖွား အမျိုးသမီးများတွင် ဆတ်ဆတ်ထိမခံနိုင်သော ပါးလွှာသောအရေပြားပါရှိကြသည်။ မိတ်ကပ်လိမ်းခြယ်ခြင်းနှင့် မတည့်သူများပင် ဖြစ်သည်။ ထိုအရေပြားပိုင်ရှင်ဖြစ်သူ ၎င်းရာသီဖွားအမျိုးသမီးအချို့ မိတ်ကပ်လိမ်းခြယ်ခြင်းကြောင့် အဖုအပိမ့်များထွက်လာတတ်သည်။ မိတ်ကပ်မလိမ်းခြယ်ပါက နှစ်လိုဖွယ်အသားအရေအဖြစ် ရပ်တည်နိုင်ပါသည်။ အသက် (၈၀) နှင့် (၈၀) ကျော်သည့်တိုင် အဆိုပါအမျိုးသမီးတို့၏ မျက်လုံးများ တောက်ပရွှန်းလဲ့နေတတ်သည်။

## မကာရရာသီဖွား (ကလေးငယ်)

မကာရရာသီဖွား ကလေးတို့၏ ထူးခြားချက်မှာ ငယ်ရွယ်စဉ်အခါ၌ လူကြီးပုံပေါက်နေတတ်ပြီး အသက်ကြီးလာသောအခါ လူငယ် (ကလေး) ပုံစံပြန်ပေါက်သွားတတ်သည်။ ငယ်ရွယ်သူ မကာရရာသီဖွားများသည် စိတ်မာတတ်ခိုင်မာပြီး အရာရာကို အပြုသဘောဖြင့် ရှုမြင်သုံးသပ်နိုင်စွမ်းရှိကြသည်။ မိမိတို့ဖြစ်စေချင်သည့်အရာမှန်သမျှဖြစ်အောင် လုပ်တတ်ကြသည်။ ကလေးဘဝပင်ဖြစ်သော်လည်း ရည်ရွယ်ချက်ကြီးသူများပီပီ ကျောင်းဆရာအသွင်၊ ဆရာဝန်ပုံစံနှင့် အမှုဆောင်အရာရှိတို့ဂိုက်ဖမ်းပြီး လိုက်လှဲ့နှစ်သက်စွာ ကစားတတ်၊ သရုပ်ဆောင်တတ်ကြသည်။




ကျောင်းနေစဉ်ကာလ ဆရာ၊ ဆရာမများကိုယ်တိုင်ကပင် ၎င်းရာသီဖွားကလေးများအပေါ် မျှော်လင့်ချက်ကြီးကြီးထားတတ်ကြသည်။ အသိပညာ၊ အတတ်ပညာပေါင်းစုံ လက်ဆင့်ကမ်း သင်ကြားပေးလိုစိတ်ရှိကြသည်။ ၎င်းကလေးငယ်တို့ဘက်ကလည်း ဆရာသမားများ၏ ဆိုဆုံးမမှုအဝဝအပေါ် ရိုသေစွာ လိုက်နာမှတ်သားတတ်ကြသည်။ ထို့ကြောင့်လည်း ပညာရည်တိုးတက်မှုမှတ်တမ်းကတ်ပြား၌ ဘာသာရပ်တိုင်းလိုလို အမှတ်ကောင်းကြသည်ကို တွေ့ရှိရသည်။

## မကာရရာသီဖွား (သူဌေး)

၎င်းရာသီဖွားသူဌေးများအနေဖြင့် နံနက်အရုဏ်တက်မိုးသောက်ချိန်မှစ၍ ညဉ့်နက်သန်းခေါင်အချိန်အထိ အလုပ်များနေတတ်သည်။ အိမ်ထောင်မိသားစုနှင့် အချိန်အတော်ကြာခွဲခွာ၍ အလုပ်ထဲ စိတ်နှစ်မြှုပ်ထားတတ်ကြသည်။ စီးပွားရေးလောက၌ သူမတူအောင်အောင်မြင်လိုသော၊ ဘုရင်တစ်ဆူဖြစ်လိုသော ဆန္ဒများသည် ၎င်းတို့၏ တစ်သက်တာရည်ရွယ်ချက်ပန်းတိုင်များပင် ဖြစ်သည်။ အမိန့်ပေး ညွှန်ကြားစရာများအတွက် စကားပြောသည်မှလွဲ၍ ကျန်ရှိသောအချိန်တိုင်းလိုလို တိတ်ဆိတ်စွာအလုပ်လုပ်နေတတ်သည်။

မကာရရာသီဖွားသူဌေးတို့၏ခေါင်းထဲ၌ ငွေကြေးပမာဏ သန်းချီသော စာရင်းအင်းများမှအပ အခြားအပိုကိစ္စများ ထည့်မထားတတ်ကြပေ။ ထိုအခြေအနေများကြောင့်ပင် အိပ်စက်အနားယူရေးနှင့် နေ့လယ်စာပုံမှန် စားဖြစ်ရေးအတွက် မကြာခဏ သတိပေးခံရတတ်သည်။ လုပ်ငန်းအပေါ် တာဝန်ယူထားသလောက် ကျေပွန်အောင် ထမ်းဆောင်နေခြင်းက ၎င်းသူဌေးတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များအား ဖြည့်စွမ်းခွင့်မသာခဲ့ပေ။

## မကာရရာသီဖွား (အလုပ်သမား)

၎င်းရာသီဖွားအလုပ်သမားတို့၏ သဘာဝအရ ပေးအပ်သော တာဝန်ကို ကျေအောင်ထမ်းတတ်ကြသည်။ ဘဝတိုးတက်မှုအတွက် ရည်မှန်းချက်ကြီးတတ်ကြသည်။ ၎င်းရာသီဖွားအများစုသည် တာဝန်သိတတ်သည့်အလျောက် အပြစ်အနာအဆာကင်းအောင် အလုပ်လုပ်တတ်ကြသည်။ ၎င်းတို့၏ ရည်မှန်းချက်များ ပျက်ပြားအောင် မည်သည့်အရာကမျှ မစွမ်းဆောင်နိုင်ကြပေ။ အမျိုးသမီးအလုပ်သမားဖြစ်ပါက မိမိအလုပ်ရှင်(သူဌေး)နှင့် လက်ထပ်နိုင်ရန်နှင့် ဩဇာရှိန်ဝါကြီးမားရန်အတွက် ကြိုးစားအားထုတ်တတ်ကြသည်။

အချို့သော မကာရရာသီဖွားအလုပ်သမားများသည် မိမိတို့၏အလုပ်အပေါ် သစ္စာစောင့်သိတတ်မှုနှင့် နှိုင်းယှဉ်၍ အလုပ်ခွင်အတွင်းတွင် ပျင်းရိအချောင်ခိုနေသူများ၊ စကားများနေသူများ၊ အလုပ်ဝန်ချိန်နောက်ကျတတ်သူများအပေါ် မနှစ်မြို့တတ်ကြပေ။ ရည်ရွယ်ချက်အတိုင်း ပြည့်မီအောင် ကြိုးစားနိုင်ခဲ့ကြခြင်းကြောင့်လည်း အလုပ်သမားဘဝမှာတင် ရာသက်ပန်တည်ရှိမနေဘဲ နောင်တစ်ချိန်၌ သုတေသနပညာရှင်၊ သွားဆရာဝန်၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်တို့အဖြစ် ရပ်တည်နိုင်သည်အထိ တိုးတက်မှုများအဆင့်ဆင့် မြင့်တက်လာသည်ကို တွေ့ရတတ်သည်။ ကျားဖြစ်စေ၊ မဖြစ်စေ တန်းတူရည်တူ လုပ်ကိုင်ရဲသည့်သဘာဝကြောင့်လည်း ယခုကဲ့သို့ ဘဝအဆင့်အတန်း တိုးတက်လာခြင်း ဖြစ်သည်။

ဦးအောင်ထိုက် (သုဝဏ္ဏ)




www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင်းရှု (B.Sc)



**ဇန်နဝါရီလ (၁) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း ၁၊ ၄၊ ၆။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းနုရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း ၂၊ ၉၊ ၀။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၃) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၃၊ ၉၊ ၆။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၄) ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း ၁၊ ၇၊ ၉။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါ၊ နံ့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၅) ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း ၂၊ ၄၊ ၈။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ(၆)ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း ၃၊ ၆၊ ၉။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အပြာရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၇) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း ၁၊ ၂၊ ၅။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၈) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း ၃၊ ၅၊ ၀။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အနက်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၉) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်နှင့် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၀) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း ၂၊ ၄၊ ၈။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါ၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၁) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း ၄၊ ၅၊ ၇။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနက်ရောင်၊ ခရမ်းနုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၂) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၁၊ ၆၊ ၉။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်၊ အနီရောင်။အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၃) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း ၂၊ ၇၊ ၈။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က ခရမ်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သားမှာ အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၄) ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း ၁၊ ၄၊



www.burmeseclassic.com

www.burmeseclassic.com

၅။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း ၃၊ ၅၊ ၉။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ၊ အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၆) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်း၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုသာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၇) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း ၁၊ ၂၊ ၇။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်သို့လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၈) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း ၃၊ ၅၊ ၉။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၁၉) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဝါ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၀) ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း ၁၊ ၃၊ ၇။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၁) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၂၊ ၄၊ ၈။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၂) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း ၂၊ ၇၊ ၉။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အဖြူ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၃) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း ၅၊ ၇၊ ၈။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အပြာနု၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၄) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း ၂၊ ၅၊ ၉။ လာဘ်နေအရပ်က အရှေ့။ လာဘ် အရောင်က အဝါ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၅) ရက်၊ စနေနေ့-** လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း ၃၊ ၆၊ ၇။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနက်၊ မီးခိုးရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၆) ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း ၁၊ ၄၊ ၈။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၇) ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း ၃၊ ၆၊ ၉။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဖြူရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၈) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း ၂၊ ၄၊ ၇။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ နံ့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၂၉) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း ၃၊ ၅၊ ၀။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ (၃၀) ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၃၊ ၆၊ ၇။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ'(၉) ခါ ရွတ်ဆိုပါ။


**ဇန်နဝါရီလ (၃၁) ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း ၁၊ ၂၊ ၈။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ တနင်္ဂနွေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (...)



www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ချေးကျေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုခါတ်မရိုက်ပါနှင့်။ တနင်္လာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္ဂနွေနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားကျောင်းကန်များသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေးများ ဆောင်ရွက်ခြင်းပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ ရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင်နှစ်ဆိုင်ခွဲ၍ထိုးပါ။ မင်္ဂလာစုံတွဲ၊ နှစ်စောင်တွဲများ နိုင်သလောက် ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ဆေးများလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများတွင် ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ တံမြက်စည်းလှူခြင်းများပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအနက်ရောင် မဝတ်ပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသောသူများကို ဆေးဝါး၊ အာဟာရ၊ ဓာတ်စာများ တတ်အားသရွေ့လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - 'အင်္ဂါနံ' ထီဆိုင်များတွင် (၇) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်များ လှူဒါန်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့် (၆) ညွန့်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အလှပြင်ပစ္စည်းအဟောင်းများ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈)ခေါက် နေ့စဉ် ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဓာရဏပရိတ်ရွတ်ရင်း လမ်းလျှောက်ပါ။
**ထီးကံကောင်းလိုသူများ** - ထီလှည်းလေးများ အိမ်ရှေ့လာရပ်ပြီး ရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ ကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့် (၁၅) ညွန့်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ မကြာမကြာ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင် မဝတ်ပါနှင့်။
**ကျန်းမာရေး** - ခို၊ ခွေး၊ ကျီးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ထီးကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီကားလေးများနှင့်ဆုံပါက (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာနေအောင် ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ် လှူဒါန်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ပလတ်စတစ်ပစ္စည်းအဟောင်းများ ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ခြင်း၊ အမှိုက်များကောက်ခြင်း ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့် စကားများ မပြောပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဿဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အဖြူရောင်ပန်းကလေးများဖြင့် ဝေဝေဆာဆာ ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးနှင့် ဝတ္ထုငွေများ တတ်အားသရွေ့လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား(၅)ဆူလှည့်၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအနက်ရောင် မဝတ်ပါနှင့်။
**ကျန်းမာရေး** - လေရောဂါဝေဒနာရှင်များကို ဆေး၊ အာဟာရ၊ ငွေ ကြံ့သလိုလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီကားများနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံပါက (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ တနိုင်ကံစမ်းထားလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်လည်ပြီး ရေသပ္ပာယ်ပါ။ ပြီးလျှင် တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းများ ရှာဖွေရှင်းလင်း စွန့်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံတိုင်း အဆင်ပြေအောင် စကားများပြောပါ။ ဆန့်ကျင်ဘက် မဖြစ်ပါစေနှင့်။
**ကျန်းမာရေး** - ဦးခေါင်းမကောင်းသော ဝေဒနာရှင်များကို ဆေးဝါး၊ ငွေကြေး ပံ့ပိုးပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများနှင့် ကြုံပါက ၃၊ ၀၊ ၄၊ ၇ ဂဏန်းများပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

---

ယခုလတွင်-

သောကြာစ- တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါ။

ဥပမာ- ဟန်ခ၊ သုချစ်၊ သုခက်၊ သော်ကံ၊ သင်းကို

---

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com




# ခုနစ်ရက်သားသမီး ဟောစာတမ်း ဆကျဉ်းမောင်မောင်သန်း

## တနင်္ဂနွေသားသမီးများ

မထင်မှတ်သော အကြောင်းလေးများနှင့် မကြာခဏတွေ့ရတတ်သည်။ အလုပ်တစ်ခုလုပ်လျှင် တစ်ခါတည်းနှင့် မပြီးပြန်ဘဲ နောက်တစ်ကြိမ်ထပ်လုပ်ကိုင်မှ အဆင်ပြေသွားမည်။ စကားပြောမှားတတ်၍ အလောတကြီးစကားမပြောပါနှင့်။ သူတစ်ပါးအတွက် ကြားကအာမခံရသောကိစ္စမျိုး သတိထားဆင်ခြင်ပါ။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရယူပါ။ အကောင်းဆုံးအဆင်ပြေသွားမည်။ (၆)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအသောက်များ၊ ဧလချုပ်၊ လေအောင့်စေတတ်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ပရိမိတ္တဇာလသုတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ ပရိတ်မရွတ်တတ်သူများ ဖုဿဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကျန်းမာရေးကောင်းလာပါလိမ့်မည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အပြောက်အပြောက် ပုလဲပေါက်အကျီဒီဇိုင်းမဝတ်ပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ကိုယ့်ဘက်က စကားပြောလျှော့ပါ။ ငယ်ရွယ်သူများ၏ နှလုံးသားရေးရာကိစ္စများ အဆင်ပြေနေမည်။ တန်ဖိုးမရှိသောကျောက်များဝင်လာပါက ငွေကြေးကုန်ကျများတတ်၍ မဝင်ပါစေနှင့်။ စက်ပစ္စည်းအကျိုးမပေးသောကာလ ဖြစ်သည်။ ပညာရေးကောင်းမည်။ ထီထိုးရန်အတွက် ကားနှင့်လှည့်ရောင်းသော ထီသည်ထံမှ (၂၊ ၁၊ ၅) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။** *အသက်အရွယ်ကြီးရင့်နေသော အဘိုးအဘွားတစ်ဦးဦးကို ငွေကြေး၊ အားဆေး၊ အာဟာရ လှူဒါန်းလိုက်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

ယခုလဝင်ငွေကောင်းမည်။ မင်္ဂလာနှင့်ဆိုင်သောကိစ္စများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ပေးရတတ်ပါသည်။ စက်ပစ္စည်းအကျိုးပေးမည်။ ရပ်ဝေးမှာရှိသောစက်ရုံများအောင်မြင်မှုရရှိမည်။ နိုင်ငံခြားခရီးကံများကောင်းမည်။ နိုင်ငံရပ်ခြားနှင့် ကုန်သွယ်ရသောလုပ်ငန်းများ အကျိုးအမြတ်ရရှိမည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရရယူပါ။ အောင်မြင်သွားပါမည်။ (၄)ဂဏန်း၊ (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အစိမ်းရောင်၊ ရွှေအိုရောင်အင်္ကျီများ ဝတ်ဆင်အကြံမပြုပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ အပူအစပ်များ၊ လေချုပ်စာများ လွန်ကဲစွာမစားပါနှင့်။ ရင်၊ ဝမ်းရောဂါရှိသူ၊ လူမှုရေးအတိုက်အခံများသူများ ရေသတ္တဝါလေးများကို မကြာမကြာဘေးမဲ့ပေးပါ။ အစာကျွေးပါ။ လက်ဝတ်ရတနာပစ္စည်းတစ်ခုအတွက် စကားစမြည်ပြောရတတ်သည်။ အိုးအိမ်ကိစ္စများ ပြဿနာရှိတတ်ပါသည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေမည်။ ဖွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ပါနှင့်။ ရာထူးနှင့်ဆိုင်သောကိစ္စများအတွက် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို အမိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ အာနာပါနကမ္မဋ္ဌာန်းကို အချိန်ရတိုင်း အချိန်ယူစီးဖြန်းပါ။ အလှူကြီးတွေလှူရတတ်ပါသည်။ ချစ်သူကို စမိနောက်မိရင်း လမ်းခွဲစကားများ မပြောမိပါစေနှင့်။ ထိထိုးရန်အတွက် (၇၊ ၃၊ ၆၊ ၂ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ထီပေါက်ကိန်းရှိနေပါသည်။ ဆုသေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေပေါက်ပါလိမ့်မည်။

*ယတြာ ။ ။ အသက်အရွယ်ကြီးသော အဘိုးအဘွားတစ်ဦးဦးအား မျက်လုံးနှင့်ဆိုင်သောအားဆေး၊ မျက်စဉ်း၊ မျက်မှန်များ လှူပေးပါ။*

## အင်္ဂါသားသမီးများ

လုပ်ငန်းခွင်အတွင်း အောင်မြင်မှုရရှိမည်။ လုပ်ငန်းကိစ္စများ စုပေါင်းလုပ်ကိုင်ရင်း အောင်မြင်တိုးတက်မှုရှိလာမည်။ မူလနေရာက တခြားနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး မူလနေရာသို့ ပြန်ရောက်ချင်နေသူများအတွက် ဆန္ဒများပြည့်လာမည်။ မသင်ရသေးသော ပညာရပ်များလည်း သင်ကြားခွင့်ရမည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ အကြံဉာဏ်များရယူပါ။ အကူအညီများတောင်းပါ။ အောင်မြင်လာပါလိမ့်မည်။ (၆)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ တရားဥပဒေကို ဆန့်ကျင်သည့်ကိစ္စမှန်သမျှ ရှောင်ပါ။ မကြာခဏပြဿနာဖြစ်တတ်သူကို အာမခံပေးခြင်းရှောင်ပါ။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ အပူအစပ်များရှောင်ပါ။ ပညာရေးနှင့်ဆိုင်သောကံများကောင်းမည်။ လူငယ်တို့သဘာဝ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် တစ်ဦးနှင့်တစ်ဦး နားလည်မှုများထားပါ။ လူမှုရေးကိစ္စများအဆင်မပြေဖြစ်နေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ လာဘ်လာဘအတွက်လည်း ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အပြောက်အပြောက်ပုလဲပေါက်အဆင်အင်္ကျီမဝတ်ပါနှင့်။ ထိထိုးမည်ဆိုပါက (၇၊ ၂၊ ၉၊ ၁၊ ၅) ဂဏန်းများ ဝေဆာမြိုင်ဆိုင်နေအောင် ရွေးချယ်ကံစမ်းပါ။ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ကြံ့တိုင်းလှူပါ။ အညံ့များလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။

*ယတြာ ။ ။ တန်ခိုးကြီးဘုရားတစ်ဆူဆူသို့သွား၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကိုရွတ်ပြီး အမျှဝေပါ။ ယခုလတွင်း (၃)ကြိမ်ပြုလုပ်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

ငွေဝင်ပြီး အကုန်အကျများနေတတ်၍ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။ အနုပညာနှင့်ဆိုင်သော အလှအပပစ္စည်းလေးများ လက်ဆောင်ရရှိတတ်သည်။ မင်္ဂလာနှင့်ဆိုင်သောကိစ္စများ စီစဉ်ဆောင်ရွက်ပေးနေရတတ်သည်။ သူတစ်ပါးအတွက် အိမ်ပေါင်ပေးခြင်းမျိုး၊ အရှုပ်အရှင်းရှိသောအိမ်၊ လက်ဝတ်ရတနာဝယ်ယူခြင်းမျိုးများရှောင်ပါ။ ရပ်ဝေးမှာရှိသော အင်္ဂါနံလုပ်ငန်းများ၊ အင်္ဂါနာမည်ရှင်များ အကျိုးပေးမည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များယူပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ (၄)ဂဏန်း၊ (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း ရွှေအိုရောင်၊ အဝါရောင်၊ အစိမ်းရောင်အင်္ကျီများ ဝတ်ဆင်အကြံမပြုပါနှင့်။ အောင်မြင်မှုအတွက် အကြောင်းကြီးငယ်ရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင်(၇)တိုင်ထွန်းညှိပူဇော်ပြီးမှသွားပါ။ ပညာရေးနှင့်ဆိုင်သောကံများ တောက်လျှောက်ကောင်းနေပါသည်။ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါ။ လူငယ်တို့သဘာဝ ချစ်သူတွေအဆင်ပြေနေစေရန် တစ်ယောက်နှင့်တစ်ယောက်ဆုံတိုင်း ကျန်ခဲ့သော အတိတ်ကဇာတ်ကြောင်းတွေပြန်ပြောပြီး စိတ်ကသိကအောက်မဖြစ်ကြပါစေနှင့်။ ထီထိုးဖြစ်အောင်ထိုးထားပါ။ (၂၊ ၉၊ ၇၊ ၅) ဂဏန်းများ ပြည့်နေအောင် ရွေးချယ်ပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေအလုံးအရင်းဝင်လာပါလိမ့်မည်။

*ယတြာ ။ ။ ဘုရားစေတီတစ်ဆူဆူသို့သွား၍ ပြိုပျက်ရှစ်ခွင်တိုင်းတွင် ကံကော်ညွန့်များ ဝေနေအောင် လှူပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေဝင်မည့်ကာလ ဖြစ်ပါသည်။ မိတ်ဆွေများ ကိုယ့်အပေါ် ဆက်ဆံရေးကို တစ်မျိုးမြင်ပြီး မကျေမနပ်ဖြင့် စကားပြောကြမ်းတတ်မှုများတတ်ပါသည်။ ဘာမဆိုသည်းခံပါ။ စိတ်ရှည်ပါ။ နားထောင်တတ်အောင်ကျင့်ပါ။ အောင်မြင်နေပါလိမ့်မည်။ အောင်မြင်လိုသောကိစ္စများ သို့မဟုတ် အခက်အခဲရှိသောကိစ္စများ၊ ကောင်းသောအကြံဉာဏ်များအတွက် စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများ၊ အကြံဉာဏ်များ ရယူပါ။ (၅)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဂုဏ်တော်ကွန်ချာကို နှုတ်ကမပြတ်ရွတ်နေပါ။ အရေးကြီးသောကိစ္စများရှိပါက တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကို သွားပြီး ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိစ္စပြုပါ။ အောင်မြင်ပါလိမ့်မည်။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။ နတ်ချစ်ဂါထာများရွတ်ပါ။ နတ်ကောင်းနတ်မြတ်များကို မေတ္တာပို့အမျှဝေပါ။ လူမှုရေးအတိုက်အခံများအတွက် ဂုဏ်တော်ကွန်ချာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။ အောင်မြင်သွားမည်။ ပညာရေးများကောင်းနေသော်လည်း အပျော်အပါးလျှော့ပြီး ဇွဲ လုံ့လဖြင့် စာကြိုးစားလိုက်ပါ။ လူငယ်တို့အတွက် အချစ်ရေးကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် စကားပြောအထူးဆင်ခြင်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အပြောက်အပြောက် ပုလဲပေါက်အင်္ကျီ ဝတ်မသွားပါနှင့်။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၀၊ ၇၊ ၉ ၄) ဂဏန်းများစွာပါအောင် ကံစမ်းထားပါ။ ထီကံကောင်းနေပါသည်။

ယတြာ ။ ။ *ရေသတ္တဝါလေးများကို မကြာခဏအစာကျွေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးပေးဆုံးသောနံသင့်ပုဂ္ဂိုလ်မှာ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ တိုင်ပင်ခြင်း၊ အကူအညီတောင်းခြင်း၊ အကြံဉာဏ်များရယူခြင်းများဖြင့် အောင်မြင်လာပါလိမ့်မည်။ (၃)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေနံကောင်းသောကာလ ဖြစ်ပါသည်။ တန်ဖိုးမရှိသောကျောက်ဝင်လာလျှင် လာဘ်များပိတ်သွားတတ်သဖြင့် သတိထားရှောင်ပါ။ ထီကံကောင်းသောကာလဖြစ်၍ ထီလည်းထိုးဖြစ်အောင် ထိုးထားပါ၊ ရပ်ဝေးမှာရှိသော အရှုပ်အရှင်းဖြစ်နေသည့် စက်၊ စက်ရုံများ အကျိုးမပေးပါ။ ဆိုင်ကယ်စီးလုံးဝမကြမ်းပါစေနှင့်။ ကျန်းမာရေး စီးပွားရေးကိစ္စများ အကြောင်းကြီးငယ်ရှိပါက ဘုရားစေတီတစ်ဆူဆူကို အရင်သွားပြီး ဖယောင်းတိုင် (၇)တိုင်ထွန်းညှိပူဇော်ပြီးမှ လိုရာခရီးသွားပါ။ စာကလေးများကို မကြာခဏဘေးမဲ့လွှတ်ပေးပါ။ ရေသတ္တဝါလေးများ၊ စာကလေးများကို အစာကျွေးပါ။ လေရောဂါဝေဒနာရှင်တွေကို ကြုံသလို ဆေး၊ ငွေ၊ အာဟာရလှူပါ။ သံဃာတော်အရှင်သူမြတ်များကို လိုအပ်တဲ့ ထီး၊ ဖိနပ်၊ စာအုပ်၊ သင်္ကန်း၊ ဝတ္ထုငွေများလှူပါ။ ပညာရေးကံများကောင်းနေပါသည်။ ချစ်သူမရှိသေးသူများ စန်းပွင့်နေမည်၊ ချစ်သူစုံတွဲများအနေဖြင့် တစ်ယောက်နှင့်တစ်ယောက်အကျီစားမသန်ပါနှင့်။ လမ်းခွဲစရာကိစ္စများကြုံတတ်သဖြင့် သတိထားရပါလိမ့်မည်။ တနင်္လာနံထီဆိုင်တွင် (၂၊ ၉၊ ၇၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဦးခေါင်းကျန်းမာရေးမကောင်းသောများကို ဆေးလှူပေးပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး မည်သည့်ကိစ္စဆို ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ အကူအညီပေးနိုင်သူများမှာ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အင်္ကျီအနီရဲရဲများမဝတ်ပါနှင့်။ ရတနာ(၃)ပါးဂုဏ်ကျေးဇူးတော်ကြောင့် အောင်မြင်မည့်ကာလဖြစ်၍ ဘုရားရှင်ကို ပူဇော်လှူဒါန်းခြင်း၊ တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သံဃာတော်အရှင်သူမြတ်များကို လိုအပ်သမျှ လှူဒါန်းခြင်းများပြုပါ။ ဦးခေါင်းမကောင်းသောဝေဒနာရှင်များကို ငွေကြေး၊ ဆေး၊ အာဟာရများလှူပေးပါ။ ထီးတော်၊ စိန်ဖူးတော်အတွက် လျှပ်စစ်မီးများလှူပေးပါ။ ထီကံကောင်းသောကာလ ဖြစ်သည်။ လူမျိုးကွဲအကျိုးပေးမည်။ ရပ်ဝေးမှာရှိသော အင်္ဂါနံလုပ်ငန်းများ၊ စက်ရုံများ၊ စက်ပစ္စည်းများ ပြန်လည်ဦးမော့လာမည်။ ပညာရေးကံများကောင်းနေပါသည်။ အိပ်ရေးပျက်လုံးဝမခံပါနှင့်။ အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက်၊ အုန်းထမင်းစသော တက်စာများကို အလွန်အကျွံမစားဖို့လိုပါသည်။ ကျန်းမာရေးအတွက် လိုအပ်ပါက ခါရဏပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပြီး လမ်းများများလျှောက်ပေးပါ။ အချစ်ရေးကိစ္စများ အဆင်ပြေနေမည်။ မင်္ဂလာမရှိသော စကားအသုံးအနှုန်းများ ရှောင်ပါ။ ထီထိုးရန်အတွက် စနေနံထီဆိုများတွင် (၂၊ ၉၊ ၇၊ ၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *နေ့စဉ် တစ်နာရီ(သို့)နာရီဝက်ခန့် အာနာပါနရှုမှတ်ပါ။ ဘယ်လိုမှအချိန်မပေးနိုင်လျှင် (၁၅)မိနစ် ရှုမှတ်ပါ။*


ရ င် ကို ဒေ အး မြ ဝေ သ ား

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ ၆ ရပ်ကွက်

တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေးစောင့်ရှောက်လိုသူများ အတွက်

# သူရဋ္ဌလက်ဆောင်

၂။ ငှ (ရှင်ကိုအေးမြ ဝေသား)

## သရက်ခိုးမောင်မောင်သန်း

မာတ်ရိုက်နည်းပေါင်းများစွာရှိကြသည့်အထဲမှ ယခုလတွင် စတုရန်းနှင့်မာတ်ရိုက်ပုံများကို ပြသလိုက်ပါမည်။

အုန်းကိုထွက်ချင်လျှင် သံချောင်းနှင့်ရိုက်၍ထွက်သလို ဆီးနှင့်ရိုက်၍လည်း ထွက်ပါသည်။

ဆပွတ်သတ္တိ၊ တြိရန်းသတ္တိနှင့်ရိုက်လိုက်လျှင် မူလအလယ်အချာထွက်ပါသည်။

သို့သော် စီရင်ပုံများမှာ အချိန်ပေးရသည်များရှိနေ၍ လွယ်ကူရှင်းလင်းလှသော စတုရန်းရိုက်နည်းကိုသာ ပြသလိုက်ပါမည်။

အရောင်းထိုင်းနေသော တနင်္ဂနွေနံပစ္စည်း အိုး၊ အုန်း၊ အုတ်တို့ကို ရောင်းစွံစေချင်လျှင် -


ထိုပစ္စည်းများအောက်၌ ဗုဒ္ဓဟူးနံအရွက်အခက်တို့ကို ထည့်ထားရမည်ဖြစ်၏။

လဲလူ၊ ရွက်လှ၊ ဝါးကြိုက်နှစ်သက်ရာကို ထည့်ပါ။

သို့သော် အညွန့်မသုံးရပါ၊ အရွက်အခက်ကိုသာသုံးရပါမည်။

သုံးလျှင် ဗုဒ္ဓဟူးဂြိုဟ်သက်အတိုင်း (၁၇) ရွက် သုံးရပါမည်။

ထည့်ရမည့်အချိန် - သောကြာနေ့မနက် (၆) နာရီမှ (၇) နာရီခွဲအချိန်





www.burmeseclassic.com

www.burmeseclassic.com

တွင် ထည့်ရပါမည်။

အရွက်အဖျားပိုင်းများကို ဆိုင်ရှေ့ဘက် မျက်နှာလှည့်ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ မှောက်ခြင်း၊ လှန်ခြင်းကို မစဉ်းစားပါနှင့်။

ငင်းအချိန်မှာထည့်ပါ။

အိုးဖြစ်စေ၊ အုန်းဖြစ်စေ၊ အုတ်ဖြစ်စေ တစ်မျိုးမျိုး၏ အောက်ဘက်မှာ ထားလိုက်ပါ။ ပစ္စည်းများ၏အောက်ဖြစ်ရပါမည်။

ဗုဒ္ဓဟူးနံ အရွက်များပေါ်တွင် တနင်္ဂနွေနံများရှိနေရမည် ဖြစ်၏။

အိုးများရောင်းကောင်းပါစေ ဟူသော စိတ်နှလုံးဖြင့်သာ အေးချမ်းစွာ ထည့်ပါ။ ဗုဒ္ဓဟူးနံရွက်များထည့်နေစဉ် ဒေါသတကြီး ပြောဆိုဟစ်အော်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ မသန့်သော အပြုအမူပြုလုပ်ခြင်းများ ရှောင်ရပါမည်။

မသန့်သောအပြုအမူဆိုသည်မှာ ဥပမာ အုတ်ကို ရောင်းစွံအောင် အုတ်ပုံကြီးများအောက်တွင် ရွှတ်လှရွက်များ ထည့်ပြီ ဆိုပါစို့။

ထိုအုတ်ပုံကြီးများဘေးတွင် အပေါ့အပါးသွားခြင်း ပြုလုပ်၍မရတော့ပါ။ သွားမိလျှင်လည်း အုတ်မထွက်ပါ။ ဆုံးရှုံးသောထွက်ခြင်းဖြင့်သာ ထွက်သွားတတ်ပါသည်။ အိုး၊ အုန်း ထို့အတူပင် ဖြစ်၏။

အရွက်များကို အထပ်လိုက်ထပ်၍ တနင်္ဂနွေနံအောက်တွင် ထိုးသွင်းထား၍ရပါသည်။

သောကြာနေ့ပြန်ရောက်လာလျှင် အသစ်လဲလှယ်ပြီးထည့်၍ရပါသည်။

ခြောက်ကြိမ်ပြည့်လျှင် ရပါပြီ။

အမြဲတမ်း ပြုလုပ်နေလျှင်လည်း ဘာမှမဖြစ်ပါ၊ ရပါသည်။

သို့သော် -

ဓာတ်ရိုက်ခြင်း ဟူသည် လိုမှရိုက်ပါ။

တစ်ကြိမ်၊ နှစ်ကြိမ်ရိုက်လိုက်ပြီး ရောင်းကောင်းနေပြီဆိုလျှင် ရပ်ထားလိုက်ပါ။ ဆက်မရိုက်ပါနှင့်။ အရောင်းထိုင်းမှ ဆက်ရိုက်ပါ။

အရေးကြီးသည်မှာ -

တနင်္ဂနွေနံကိုထွက်ချင်သောဆန္ဒပြင်းပြစွာနှင့် ဓာတ်ရိုက်ထုတ်သည်ဖြစ်၍ ကိုယ်၏ မိခင်၊ ဖခင်၊ သားသမီးများထဲတွင် တနင်္ဂနွေသားသမီးရှိနေလျှင် လုံးဝ မပြုလုပ်ပါနှင့်။

ဓာတ်သဘောမှာ လျှပ်စစ်စီးသလို တိုက်ရိုက်ရောက်သွားတတ်ပါသည်။ မိဘနှစ်ပါးနေထိုင်မကောင်းဖြစ်နေချိန်ဆိုလျှင်လည်း မရိုက်ပါနှင့်။ ဆင်ခြင်ရပါမည်။

တနင်္ဂနွေနံသင့်ပစ္စည်းမှန်သမျှကို ပြုလုပ်ရာတွင် အိမ်ကို ဤနည်းနှင့် ဓာတ်ရိုက်၍ မရပါ။

ရသော်လည်း လိုက်နာရန် များစွာရှိနေသောကြောင့် ပေါ့ပေါ့ပါးပါး တနင်္ဂနွေနံရောင်းကုန်ပစ္စည်းများကိုသာ အဓိကထားစီရင်ပါ။

အင်ဥရောင်းနေသူများ 'ဥ' (ဘဲဥ၊ ကြက်ဥမရွေးပါနှင့်) ရောင်းနေသူများ၊ အာဒါလွတ်ရောင်းနေသူများရပါသည်၊

ဤနည်းသည် -

ရွှတ်ဖတ်မှု နည်းပါးကြသူများအတွက် အဓိကရည်ရွယ်ပါသည်၊ ရွှတ်ခြင်းဖတ်ခြင်း အချိန်မပေးနိုင်ကြသူများ ပြုလုပ်၍ ရပါသည်။ အချို့ဘာသာတရားကိုင်းရှိုင်းကြသော်လည်း ရွှတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ်ရန် အချိန်မပေးနိုင်သူများရှိကြပါသည်။

ဈေးရောင်းမှ ပြန်လာပြန်လျှင်





www.burmeseclassic.com

www.burmeseclassic.com

လည်း ပင်ပန်းကြပြီး ရွတ်ဖတ်အား ထုတ်မှုမပြုနိုင်ကြပါ။

ထိုသူတို့ပြုလုပ်ပါ။

ဤနည်းသည် ဓာတ်ရိုက်ခြင်း သက်သက်သာ ဖြစ်ပါသည်။

(အိမ်ကို ဓာတ်ရိုက်ထုတ်နည်းအား သီးခြားပြဆိုထားပြီဖြစ်၍ ဤ သူရဇ္ဇလက်ဆောင်တွင် မပြတော့ပါ။)

ဓာတ်ရိုက်ခြင်းသည် ဓာတ်ထိရန် လိုပါသည်။

အာရုံစူးစိုက်၍ အေးချမ်း တည်ငြိမ်စွာပြုလုပ်ရန်သာ လိုပါသည်။

ရောင်းကောင်းနေသူများ ပြုလုပ်ရန် မလိုပါ။

အရောင်းထိုင်းသူများအတွက်ကိုသာ ရည်ညွှန်းပါသည်။

တနင်္ဂနွေနံများ ရောင်းဝယ်ဖောက်ကားရင်း အရောင်းထိုင်း၍ စိတ်ညစ်နေကြသူများအတွက်သာ ဖြစ်ပါသည်။

ရောင်းကောင်းနေသူများအနေနှင့် 'ဟာ - တို့လည်းလုပ်ကြည့်လိုက်ဦးမယ်' ဟု ဆိုပြီး လုပ်ကြည့်လျှင် ဘာမှပိုထူးလာမည်မဟုတ်ပါ။ အကျိုးမဲ့အချည်းနှီး မပြုလုပ်စေချင်ပါ။

အမှန်တကယ် လိုအပ်သူများအတွက် ဖြစ်ပါသည်။

(အဘယ်ကြောင့်ဆိုသော် အမှန်တကယ်အရောင်းထိုင်းနေကြသူများ၏ ရင်ထဲတွင် ရောင်းကုန်ပစ္စည်းအား အလွန်ရောင်းထွက်ချင်လွန်းလှသောဆန္ဒ ပြင်းပြ၍သာ ဖြစ်ပါသည်။)

သို့မှသာ ဓာတ်ထိပါသည်။

ငွေကုန်ကြေးကျ မရှိသော်လည်း အလွန်ဓာတ်ထိလှသော ရှေးနည်းပညာများ ဖြစ်ပါသည်။

'အုန်းကို ရောင်းချင် ဗုဒ္ဓဟူးနံအောက်မှာ ထိုးထည့်လိုက်' ဟူသော သဘောသိရုံနှင့် တစ်ရွက်၊ နှစ်ရွက် ထိုးထည့်၍မရပါ။ ဓာတ်မထိနိုင်ပါ။ အမှိုက်ရှုပ်ရုံသာ အဖတ်တင်ပါမည်။

ယခုပြသခဲ့သည့်အတိုင်း ပြုလုပ်ပါ။

ဤနည်းဖြင့် 'အနီးဆင်ဝေ့ပြန်' တည်းဟူသော အင်္ဂဝိဇ္ဇာပညာခန်းလာ- 'အောင်-လံ-တေ-ဇ-သ-ကျ-မို အုံး' တည်းဟူသော စတုရန်းရိုက်ပညာခန်းမှ ကုန်စွံအောင် ဓာတ်ရိုက်သောနည်း ဖြစ်ပါသည်။ အလွန်ထိရောက်ပါသည်။

လူသက်ရှိကို မပြုလုပ်ရပါ။

သစ္စာရှိရပါသည်။

သစ္စာမရှိပါက၊ လူကိုပြုလုပ်မိပါက ထိုသူ ဘာမှမဖြစ်ခင် ကိုယ်ဖြစ်သွားတတ်ပါသည်။

လောကတွင် အစားပေးခြင်းတည်း ဟူသောသဘောရှိပါသည်။

သူ့ကို ပျက်စီးစေလိုလျှင် ကိုယ်လည်း ပျက်စီးရမည်သာ ဖြစ်ပါသည်။ ဤသည်မှာ သဘာဝဖြစ်ပါသည်။

တူသောအကျိုးပေးပါသည်။

ကိုယ်ပြုလုပ်လိုက်လျှင် ကိုယ့်ကံကို ကိုယ်တိုင် ညစ်နွမ်းအောင် ဖန်တီးလိုက်ခြင်းသာဖြစ်၍ ကံ၏အကျိုးကို ပြန်ခံစားရမည်သာ ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က -

လူတစ်ယောက်သည် သူ့အား လူပုံအလယ်တွင် ဆဲရေးတိုင်းထွာသွားသူအား မကျေနိုင်မချမ်းနိုင်ဖြစ်ပြီး မကောင်းသောအကြံကို ကြံ၏။

ဖြစ်ရမည်မှာ သူ့နှုတ်နှင့်ရှင်းလင်းလျှင် ကိုယ်လည်း နှုတ်နှင့်သာရှင်းရမည် ဖြစ်၏။ တစ်ဖက်သားအထင်လွဲနေလျှင် အမြင်ရှင်းအောင်ရှင်းပြရမည်သာ ဖြစ်၏။

ယခု -

သူ၏လုပ်ရပ်မှာ အတော်ကြောက်စရာကောင်းသွား၏။

ပညာများတတ်ထားသူတစ်ဦးထံ သွားပြီး သူနှင့်ရန်ဖြစ်ခဲ့သူအား အပြတ်ရှင်းခိုင်းတော့၏။ ငွေပုံပေး၏။

ပညာများတတ်ထားသူက သူ့အား မသန့်သောပစ္စည်းများပေးလိုက်ပြီး တစ်ဖက်သား၏အိမ်အောက်သို့ရအောင် ထည့်ခိုင်း၏။

ထိုသူသည် ခက်ခက်ခဲခဲနှင့် ကြိုးစားရင်း သူနှင့် ရန်ဖြစ်ထားသူ၏ အိမ်အောက်သို့ ပစ္စည်းများရအောင်ထည့်လိုက်၏။

မကြာပါ၊ ထိုအိမ်မှ လူများသည် တစ်ယောက်ပြီးတစ်ယောက် ဆေးရုံရောက်နေကြပါတော့သည်။ လူရုပ်ပင် မပေါ်ကြတော့။

နှစ်လလောက်အကြာတွင် ထိုပညာများနှင့် ဖန်တီးသူ၏ မိသားစုအလှည့်သို့ ရောက်လာ၏။ သူတို့သည်လည်း တစ်ဦးပြီးတစ်ဦး ဆေးရုံရောက်ကြရပြီး ထိုသူတွင် နာတာရှည်ရောဂါစွဲကပ်တော့၏။

နောက်ပိုင်း လူလုံးမလှတော့။

တစ်နှစ်၊ နှစ်နှစ်ခန့်အကြာတွင် ထိုလူဆုံးသွားတော့၏။

ထိုလူပြုလုပ်ခဲ့သော မိသားစုမှာ ကျန်းမာရေးတွေ ထိခိုက်ရုံမှလွဲပြီး ဘာမှမဖြစ်ခဲ့။

ပြုလုပ်ခဲ့သူသာလျှင် လူ့လောကကြီးကို ကျောခိုင်းသွားရပြီ ဖြစ်၏။

ထိုသို့ တွေ့ရ၊ မြင်ရ၊ ကြားရသည်များမှာ မနည်းလှ။

တန်ပြန်ခံရပြီဆိုလျှင် ကိုယ်ပြုလုပ်ထားသောအချိန်ထက် နှစ်ဆပြင်းသောအရှိန်လာရောက်တော့မည်သာဖြစ်၏။ ဤသည်မှာ ထုံးစံဖြစ်၏။

တွေ့နေရသည်များမှာ -

တစ်ဖက်သားကို ပညာနှင့်ပြုလုပ်လိုက်သူတို့၏ သွားရာလမ်းမှာ တော်တော်ကို ကြောက်စရာကောင်းလှ၏။

အချို့အိမ်ထောင်ကွဲကုန်၏။

အချို့ သားသမီးများ၏သောကကို ရင်ဝယ်ပိုက်ရ၏။

အချို့ နာတာရှည်ဖြစ်ကုန်၏။

အချို့ စီးပွားပျက်ကုန်၏။

အချို့ အသက်ဆုံးသည်ထိ ထိခိုက်ကုန်ကြ၏။

ဘယ်ဘက်ကမှကြည့်၍မကောင်းပါ။

ထို့ကြောင့် လူသက်ရှိကို မပြုလုပ်ရပါ။

ရှေးရှေးကပညာများသည် ပညာခန်းများရှိနေခြင်းကိုသာ ပြသသွားခြင်းဖြစ်ပါသည်။

လုပ်သင့်၊ မလုပ်သင့်ကို ချင့်ချိန်ရပါမည်။

လုပ်၍ရပါသည်။

မရဘူးမရှိပါ။

အင်္ဂဝိဇ္ဇာပညာသည် အခြားပညာနှင့်မတူပါ။

ရောက်စေ၊ ပျောက်စေ၊ သွားစေ၊ လာစေ၊ ချစ်စေ၊ မုန်းစေ၊ ကွဲစေ၊ ဆင်းရဲစေ၊ ချမ်းသာစေ စီရင်၍ မြန်ဆန်လွန်းလှသောပညာ ဖြစ်၏။

အလွန်မှလေးနက်လှပါသည်။

ဆရာထံတွင် ပညာသင်စဉ်က အသက် (၂၀) နှစ်အရွယ်ရောက်ချိန်တွင် သင်သက် (၂) နှစ်ရပြီ ဖြစ်၏။ တိုင်များသာသင်နေရသည်။ လက်တွေ့မမြင်သေးသောကြောင့် လူငယ်ပီပီ တွေ့ချင်နေ၏။ ရန်ခဏခဏဖြစ်တတ်သောကြောင့် ကိုယ်နှင့် ရန်ဖြစ်ဖော်များကို ဘယ်လိုလုပ်ရရင်ကောင်းမလဲ၊ ဘယ်လိုအနိုင်ဆင်ရင်ကောင်းမလဲဟု ကလေးတွေးတွေးနေသောကာလ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ဆရာသည် ဇဟိုရ်ဈေး လမ်းဆုံမှ ဗိုလ်အုန်းသီးကွေ့ဘက်သို့ လမ်းလျှောက်သွားရင်း အနားရှိသစ်ပင်လေးတစ်ပင်မှ အကိုင်းတစ်ကိုင်းမှ ဖြုက်ခနဲ ချိုးလိုက်ပြီး ဆက်လျှောက်၏။ ကျွန်ုပ်ကလည်း အကဲခတ်နေ၏။ တော်တော်လေးလျှောက်လာမိသော် အရှိန်ပြင်းစွာမောင်းလာသော လေးဘီးကားတစ်စီးသည် ဆရာနှင့် ကျွန်ုပ် လမ်းလျှောက်နေသည့်ဘက်အခြမ်းသို့ တစ်ရှိန်ထိုးဝင်လာ၏။ ကားသည် ဘယ်ဘက်လမ်းကြောဆီ လှည့်လာခြင်း ဖြစ်၏။ အလွန်သတိကောင်းလှသောဆရာသည် ကျွန်ုပ်အား ဆောင့်တွန်းလိုက်ပြီး သူပါ ဆတ်ခနဲ ဘေးဘက်ခုန်ဆုတ်လိုက်၏။ ကားမှာ ကျွန်ုပ်တို့ဆရာတပည့် လမ်းလျှောက်လာရာနေရာတွင် ထိုးရပ်သွားတော့၏။

မောင်းသူမှာ အသက်ကြီးနေပြီး ဘာဖြစ်မှန်းမသိ၍ ဆင်းကြည့်နေ၏။ ဘေးမှလူများလည်း အလန့်တကြား အော်သံ နှစ်သံ၊ သုံးသံခန့်ထွက်လာပြီး လာဝိုင်းကြည့်နေကြ၏။

ဆရာသည် ဘာမှမပြောဘဲ ဆက်လျှောက်သွားသောကြောင့် ကျွန်ုပ်လည်း လိုက်လျှောက်လိုက်၏။

ဆရာသည် သူ၏လက်ထဲမှ သစ်ကိုင်းလေးအား ပြုံးကြည့်၍ ကျွန်ုပ်အား ပြလိုက်ပြီး-

"ဒါဟာ တနင်္လာနံသစ်ပင်ကိုင်းပဲ"

"ဟုတ်ကဲ့"

"အေး - ဒီအချိန်မှာ တနင်္လာနံ သစ်ပင်ကို သွားချိုးခူးလိုက်တာနဲ့ ပြဿနာတစ်ခုခုဖြစ်နိုင်တယ်ဆိုတာ မင်းတွေ့ပြီမို့လား"

"ဟုတ်ကဲ့"

"ငါက ဒီသစ်ကိုင်းကို ဘာလုပ်ရမှာလဲ။ မင်းကို လက်တွေ့ပြချင်လို့ ခူးလိုက်တာ။ မှတ်ထား၊ လောကမှာ အကြောင်းနဲ့အကျိုးဆိုတာရှိတယ်။ ဒါလုပ်ရင် ဒါဖြစ်မယ်ဆိုတာ အင်္ဂဝိဇ္ဇာမှာရှိပြီးသား။ ဒီလိုသစ်ပင်တစ်ပင်ကိုတောင် အချိန်အခါတစ်ခုနဲ့ရွေးပြီး ဒီလိုလုပ်ရင် ဒီလိုဖြစ်နိုင်တာ မင်းတွေ့ပြီဆိုတော့ မင်းနဲ့ ရန်ဖြစ်ဖော်ရန်ဖြစ်ဖက်တွေကို 'ဟာ- ငါတော့ ဘာနဲ့ ဘယ်လိုလုပ်လိုက်ရင် ဘယ်သူဘာဖြစ်သွားနိုင်လို့' မင်းခဏ ခဏပြောနေတာ။ ဘယ့်နှယ် - လုပ်ရဲသေးလား"

"မလုပ်ရဲတော့ပါဘူး ဆရာ"

"အေး-အစားပေးခြင်းအကြောင်း တရားဆိုတာရှိတယ်၊ အစားပေးရတယ်။ မင်း သူများကိုချူချာစေချင်ရင် မင်းချူချာမှာပဲ။ မင်း သူများကို ဆင်းရဲစေချင်ရင် မင်းပြန်ခံရမှာပဲ။ မင်းသူများကိုသေစေချင်ရင်တော့. . . အေး - အဲဒါပဲကွ။ မင်းပြုတဲ့ကံဟာ မင်းဆီပြန်လာမှာပဲ။ ဘယ်ဟာမှ အလကားမရဘူး၊ ပေးဆပ်ရတာချည်းပဲ မှတ်ထား။ ပညာကိုချစ်လို့ ပညာသင်တာပဲကောင်းပါတယ်ကွာ"

ထိုအချိန်မှစ၍ ကျွန်ုပ်၏ နှလုံးသားထဲဝယ် ဆရာ့စကားကို ပဲ့တင်ထပ်သွားသည်မှာ ယခုထိပင်ဖြစ်တော့၏။ ဆရာသည် လူတစ်ဖက်သားကို ပညာနှင့် နှိပ်စက်လျှင် လုံးဝ မကြိုက်။

တပည့်ကိုအကုသိုလ်မဖြစ်အောင် အမြဲဆုံးမလေ့ရှိသောဆရာ ဖြစ်၏။

ကိုယ်ချင်းစာတရားထားနိုင်အောင် အမြဲလေ့ကျင့်ပေး၏။

တပည့်၏ဦးခေါင်းအတွေးထဲတွင် အကုသိုလ်အတွေးဝင်လာလျှင်တောင် လုံးဝလက်မခံသည့်ဆရာ ဖြစ်၏။

ထို့ကြောင့် -

ကျွန်ုပ်သည် အင်္ဂဝိဇ္ဇာပညာများ သင်ကြားခဲ့ရသော်လည်း ယနေ့အထိ အကုသိုလ်မများခဲ့။ ကုသိုလ်နှင့်ယှဉ်သော အစီအရင်များနှင့်သာ ပျော်မွေ့ခဲ့ရ၏။

BURMESE CLASSIC .com

ဤသည်မှာ -

ပညာအပေါ်တွင် သစ္စာရှိရန်ကို အမြွက်မျှပြသလိုက်ခြင်း ဖြစ်ပါသည်။

◆

တနင်္လာနံကုန်ပစ္စည်းများကိုရောင်းစွံချင်လျှင် -

ဥပမာ ကြိမ်၊ကြိုး၊ကျောက်၊ကြေး ပစ္စည်းများ၊ ငှက်ပျောသီး (အရင်းနံသင့်ကောက်ယူပါ) စသည်တို့ရောင်းကောင်းချင်လျှင် -

စနေနေ့မနက် (၆) နာရီနှင့် (၇) နာရီခွဲကြားတွင် ထိုတနင်္လာနံကုန်ပစ္စည်းများအောက်တွင် ပျဉ်းမ (၁၉) ရွက် ထည့်ထားရပါမည်။

ကြက်မွေးမြူလျှင် ကြက်ကို ဤနည်းနှင့် ခတ်ရိုက်၍မရပါ။ ကြက်များ ကြက်နာကျ၍ ဒုက္ခသာ တတ်ပါသည်။

သက်မဲ့ တနင်္လာနံ ရောင်းကုန်ပစ္စည်းများအရောင်းထိုင်းမှသာ ပြုလုပ်ပါ။

ကားကိုလည်း ဤနည်းဖြင့် မရိုက်ပါနှင့်။

(ကားထွက်အောင် ခတ်နိုက်နည်းကို သီးသန့်ပြထားပြီးဖြစ်၍ ဤသူရဋ္ဌလက်ဆောင်တွင် မပြတော့ပါ။)

အင်္ဂါနံ ကုန်ပစ္စည်းများရောင်းစွံချင်လျှင် -

ဆန်၊ ဆား၊ ဆီ၊ စောင်၊ စက် (အသေးစား) စသည့် အင်္ဂါနံများကို ရောင်းကောင်းလိုလျှင် -

တနင်္ဂနွေနေ့မနက် (၆) နာရီနှင့် (၇)နာရီခွဲကြားတွင် အင်္ဂါနံများအောက်၌ သီဟိုဠ်(၂၁)ရွက်ထည့်ထားရပါမည်။

(စက်ရုံကြီးများ ရောင်းချင်လျှင် ဤခတ်နှင့်မဆိုင်ပါ။)

(ဆိတ်မွေးမြူသူများ ဆိတ်ကို ဤနည်းနှင့် မရိုက်ပါနှင့်။ ဒုက္ခတတ်ပါသည်)

ဗုဒ္ဓဟူးနံ ကုန်ပစ္စည်းများ ရောင်းစွံချင်လျှင် -

၎င်းနံများအောက်မှာ ထန်းတစ်ထွာခန့် (၁၀) ရွက်ထည့်ထားပါ။ နာနတ်ရွက်လည်း ရပါသည်။ တယ်(တည်)ရွက်လည်း ရပါသည်။

ဝါး၊ လက်ဖက်၊ လမုန့်၊ လိမ္မော် စသည့်ပစ္စည်းများအောက်တွင် စနေနံအရွက်များထားပါ။ တနင်္လာနေ့မနက် (၆) နာရီနှင့် (၇) နာရီခွဲကြားမှာထားပါ။

ရွှေ (ရတနာဆိုင်) ကို ဤနည်းနှင့် ခတ်မရိုက်ပါနှင့်။

ကြာသပတေးနံကုန်ပစ္စည်းများ ဖြစ်သည့်-

မာလကာသီး၊ ဖရဲသီး၊ ပိန္နဲသီး၊ ဖျာ၊ မှန် စသည့်ပစ္စည်းများ ရောင်းစွံလိုလျှင် ထိုပစ္စည်းများအောက်၌ အုန်းလက်တစ်ထွာခန့် (၆) လက်ကို ထည့်ထားပါ။

စထည့်ရမည့်အချိန်သည် အင်္ဂါနေ့မနက် (၆) နာရီနှင့် (၇) နာရီခွဲအချိန်မှာ ဖြစ်ပါသည်။

မြေရောင်းချင်ရင်၊ မြ၊ မဟူရာ ပတ္တမြားရောင်းချင်ရင် ဤအစီအရင်နှင့် မဆိုင်ပါ။

သောကြာနံ သစ်၊ သံ၊ သဲ၊ သွပ် စသောကုန်ပစ္စည်းများ အရောင်းထွက်လိုလျှင် -

၎င်းသောကြာနံပစ္စည်းများအောက်၌ ကြံရွက်တစ်ထွာခန့် (၁၅) ရွက်ထည့်ထားပါ။

ထည့်ရမည့်အချိန်မှာ ဗုဒ္ဓဟူးနေ့မနက် (၆) နာရီနှင့် (၇) နာရီခွဲကြားတွင် ဖြစ်ပါသည်။

စနေနံ ဓား၊ ထီး၊ ထုံး၊ ဆေးဘက်ဝင်



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါ ကင်းဝေးအောင်

မုံရွာဆရာမိုး

အမှတ်တံဆိပ်

အမောလုံ

နှလုံးအားဆေးကိုဆောင်

မှတ်ပုံတင် - ၀၁၃၄၅၀၁၀၇၃၅ လိုင်စင် ၇၂၀၁၁၊ တဆထလ၊အမှတ် (၁၁၁၂)

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဈ - ၃၅၆၊ ပေမာဝီလမ်းမကြီး၊ ဈ - ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဉက္ကလ

ဖုန်း - ၀၁ - ၉၆၉၀၅၇၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁


BURMESE CLASSIC .com

နို့၊ နာနုတ် စသည်များ ရောင်းစွဲလိုလျှင် ၎င်းစနေနံများ၏အောက်တွင် ဆီးရွက်ကြီး (၈) ရွက်ထည့်ထားပါ။

ထည့်ရမည်မှာ ကြာသပတေးနေ့မနက် (၆) နာရီနှင့် (၇) နာရီခွဲခြား ဖြစ်ပါသည်။

တိုက်ကို ဤနည်းဖြင့် ဓာတ်မရိုက်ပါနှင့်။

ဤနေရာတွင်ပြောစရာရှိပါသည်။

ကြီးကြီးမားမားပစ္စည်းများကို ဤနည်းနှင့် ဓာတ်မရိုက်ပါနှင့်ဟုဆိုခြင်းမှာ ဓာတ်ရိုက်သူလိုက်နာရန် စည်းကမ်းချက်များ များပြားနေ၍ ဖြစ်ပါသည်။ ယခုရောင်းကုန်များလို ခပ်လွယ်လွယ်လုပ်၍ မရပါ။ ယခုလို ခပ်လွယ်လွယ်နှင့်မထွက်လျှင် ပညာအား အမြင်တစ်မျိုးဖြစ်သွားတတ်ပါသည်။ ခပ်ပေါ့ပေါ့နှင့် ပြောတတ်ပါသည်။

အမှန်မှာ နံကြိုက်ချင်း ဓာတ်ရိုက်သည်ဖြစ်၍ မည်သည့်ပစ္စည်းမဆို မထွက်မရှိပါ။ သို့သော် ဟိတ်အားကွာသွား၍ ဖြစ်ပါသည်။

ဟိတ်အားကွာသွားသည်နှင့် ပြုလုပ်ရန်များ၊ စောင့်ထိန်းရန်များ၊ အချိန်အခါရွေးရန်များ၊ အကြိမ်အရေအတွက်များကွာသွားပြီ ဖြစ်ပါသည်။

ယခု ပြသလိုက်သည်များမှာ နေ့စဉ် ရောင်းကုန်များအား အရောင်းထိုင်းနေပါက ခပ်လွယ်လွယ် ရိုက်ထုတ်၍ရသောနည်းများသာ ဖြစ်ပါသည်။

ရှေးပညာရှိကြီးများသည် -

'အောင်လံ - ခိုပြီး - ဇံသီး - လှနော် - ပန်းအုံ - သော်က - တောစကုန်တိုက်ခေါ်'ဟု ပြသခဲ့ကြသည်မှာလည်း -

ဤနည်းပင်ဖြစ်ပါသည်။

အင်ဂိဇ္ဇာပညာကြီးသည် အလွန်မှ ကျယ်ပြန့်လှပါသည်။

ကျယ်ပြန့်သလောက် အလွန်ထိရောက် အစွမ်းထက်လှပါသည်။

လစဉ်ပေးနေသော သူရဇ္ဇလက်ဆောင်များနှင့် အောင်မြင်နေကြသူများ ရှိနေကြသလို ယခု ပြသလိုက်သော သူရဇ္ဇလက်ဆောင်အတိုင်း ရောင်းကုန်များ အရောင်းထိုင်းလျှင် ပြုလုပ်ပါ။

ရောင်းသွက်ပြီး ရောင်းထွက်ကုန်ပါလိမ့်မည်။

အရောင်းခက်မှသာ ပြုလုပ်ပါ။

အရောင်းသွက်နေလျှင် ပြုလုပ်စရာမလိုပါ။

ကုန်စိမ်းအစုံရောင်းသူများဆိုလျှင် မည်သည့်နည်းကိုမျှ ပြုလုပ်ရန်ပင် မလိုပါ။

အဘယ်ကြောင့်ဆိုသော် -

ကုန်ပစ္စည်းတစ်ခု၏နံနှင့်တစ်ခု၏နံ မတူရာများပေါင်းစည်းထားပြီး ရောင်းနေသည်ဖြစ်၍ တစ်ခုနှင့်တစ်ခု ဓာတ်ရိုက်ထုတ်သလိုဖြစ်နေတတ်ပြီး ရောင်းကောင်းနေပါလိမ့်မည်။ ဓာတ်ရိုက်ရန်မလိုပါ။

ဖြစ်နိုင်သည်များကိုသာပေးလေ့ရှိသော သူရဇ္ဇ၏ထုံးစံအတိုင်း -

ယခုပြသလိုက်သော ရောင်းကုန်စွံစေသည့်နည်းဖြင့် -

အရောင်းသွက်၍ စီးပွားတက်ကြပါစေ။

ဘုန်းကောင်းလာဘ်လာဘတွေ ပွင့်လန်းကြပါစေ။

ဆရာဦးမောင်မောင်သန့်

(ငုံကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

*ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကို မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ်*

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီး များအနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်း ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်း ဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုး ဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ်စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက်ပတ်ဝန်းကျင် စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလို ဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများအနေနဲ့ မကာင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်မမှတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက်အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ်ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခုမဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေအနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ်ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေဖို့ လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်း ဟာ အဓိကဖြစ်ပါ တယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေး သုံးသူတွေရော၊ တားဆေးမသုံးသူတွေပါ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိ ခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောထာက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ် ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ် ပေါ်လာ စေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါ မယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစား ကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင် ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူ ခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်း ညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွား မလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူ ညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ် ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီး ကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ် နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူ များကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာ တွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီး အောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်း တိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးမာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွား များလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရော ဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ် များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ် ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန် ကန် စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေး ဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရ မယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁ ၉၇၂၄၊

www.burmeseclassic.com